Straits Times Interview

HAN FOOK KWANG | ZURAIDAH IBRAHIM | CHUA MUI HOONG | LYDIA LIM
IGNATIUS LOW | RACHEL LIN | ROBIN CHAN

ဒီကွမ်းယူ

စင်ကာပူ

ဘက်လက်ချိတက်နေမည့် ခက်ထန်သော အမှန်တရားများ

HARD TRUTHS

TO KEEP SINGAPORE GOING

မောင်မြတ်မိုး



Scanned by CamScanner

မာတိကာ

နိဒါန်း ၁၄
အသိအမှတ်ပြုလွှာ ၁၇
အမှာစာ ၁၈

အပိုင်း [၁]
ခက်ထန်သော အမှန်တရားများကို ရင်ဆိုင်ခြင်း
(၁) ခွဲခွန်မြေပေါ်မှ အထပ် ၈၀ အဆောက်အဦးတစ်လုံး ၁၆
(၂) PAP ကြာရှည်ခံမည်လား ၁၁၁
စင်ကာပူကတိ ၁၆၀
(၃) ထိပ်ဆုံးပေါက် မလိုင် ၁၆၂
ပညာသင်ဆု အသေးစိတ်စစ်ဆေးခြင်း ၁၉၂
(၄) စီးပွားရေးကံကောင်းပွဲများ ရှင်သန်နေခြင်း ၁၉၄
စီးပွားရေးကို ဘာကြောင့် ဒီလောက်အများအပြား ထိန်းချုပ်နေရတာလဲ ၂၃၁
(၅) ခိုင်ခံ့သော ချစ်ခြင်း ၂၃၆
ကြီးထွားပါ၊ တန်းတူဖြစ်အောင် မလုပ်ပါနှင့် ၂၆၁
(၆) လူမျိုး၊ ဘာသာစကား၊ ဘာသာရေးတို့နှင့် စပ်လျဉ်း၍ ၂၆၅
(၇) လူစိပ်းများမှ စင်ကာပူသားများသို့ ၃၀၇
တံခါးဖွင့်ပေါ်လစီသမိုင်း ၃၃၄
(၈) ဘိလူးကြီးများအကြား၊ တွင် ရပ်တည်ခြင်း ၃၄၅
(၉) စင်ကာပူ စိပ်းလန်းစိုပြည်စေခြင်း ၃၆၇

အပိုင်း [၂]
ငယ်ရွယ်သော ရွေးစပ်းလိုသူများအတွက် ထိုးထွင်းသိမြင်သူများ
(၁၀) သင်၏ သာမန်အဘိုးမဟုတ်ပါ ၃၈၆

အပိုင်း [၃]
ကိုယ်ပိုင်အငြွေးများ
(၁၁) ခင်ပွန်း ဇနီး၊ အဘိုး သူငယ်ချင်း ၄၂၃
အချစ်ပုံပြင် ၄၆၆

Scanned by CamScanner

နိဒါန်း

ဤစာအုပ်ကို ကောက်ကိုင်သောအခါ စာဖတ်သူအနေဖြင့် "ဘာကြောင့် လီကွမ်ယုအကြောင်း နောက်ထပ်တစ်အုပ် ရှိနေရတာလဲ" ဟု မေးကောင်းမေးလိမ့်မည်။ ၁၉၉၈ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေသော သူ၏ အိုင်းနှစ်ပိုင်းပါဝင်သည့် ကိုယ်တွေ့မှတ်တမ်းအပါအဝင် စင်ကာပူ၏ အကျော်ကြားဆုံးခေါင်းဆောင်အကြောင်း စာအုပ်များစွာတို့က စာအုပ်စင်များပေါ်တွင် တန်းစီနေကြပြီးဖြစ်သည်။ သူ့အား စွဲလမ်းနှစ်သက်ကြသူများက သူ၏အမွေအနှစ်ကို သူတို့၏ စာအုပ်များထဲတွင် အရောင်တင်ခဲ့ကြသည်။ သူ၏ရန်သူများက သူ၏အမွေအနှစ်ကို သူတို့၏စာအုပ်များထဲတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြီးစားခဲ့ကြသည်။ သို့လင့်ကစား လမ်းညွှန်ဝန်ကြီးအကြောင်း နောက်ထပ် စာအုပ်တစ်အုပ်အတွက် နေရာအနည်းငယ် ရှိနေဟန်တူသည်။

စင်ကာပူတွင် အုပ်ချုပ်ရေး၌ ကျယ်ပြန့်စွာ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်မှုရှိသော်လည်း အစိုက်အားဖြင့် များစွာသော ပြဿနာများက အခြေအတင် ဆွေးနွေးပွဲများကို ဆက်လက်လုံ့ဆော်နေသောကြောင့် ဤစိမ်ကိန်းကို ကျွန်တော်တို့ ပြုလုပ်ခဲ့ကြသည်။ ယခင်စာအုပ်များထဲတွင် ဤပြဿနာများထဲမှ အရေးပါသော များစွာတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဂိုင်တွယ်ထားခြင်း မရှိဟု ကျွန်တော်တို့ ခံစားမိကြသည်။ ဤသို့ဖြင့် ပိုမိုအငြင်းပွားဖွယ်ဖြစ်သော အကြောင်းအရာများအပေါ် အထူးသိသန်းအာရုံစူးစိုက်ကြရန် ကျွန်တော်တို့ ဆုံးဖြတ်ကြပြီး သံသယနှင့် သဘောထားကွဲလွဲမှုကို အများဆုံး လုံ့ဆော်သော၊ လိင်ထိုအယူအဆများကို ပိုမိုစေ့စပ်သော အသေးစိတ်စိစစ်မှုများဖြင့် စစ်ဆေးကြသည်။

အမှန်ပင် စင်ကာပူသားများ၏ ငယ်ရွယ်သောမျိုးဆက်များက သူ၏အတွေးအမြင်များကို နိုင်ငံဖြစ်ခြင်းဆီသို့ တိုင်းပြည်သွားနေသော ဝရုန်းသုန်းကားခရီးတွင် သူ့အား မယိုင်မလဲ ပိုင်းခုံထောက်ခံကြသော အသက်အရွယ်ကြီးရင့်သည့် နိုင်ငံသားများကဲ့သို့ တူညီသော အလေးထားမှု၊ တူညီသော စပ်အပ်မှတို့ဖြင့် မရှုမြင်ကြတော့သည်ကို လိုက်ပိုင် သိရှိလာခဲ့သည်။ ၎င်းတို့ကို ကိုယ်တွယ်စိုအတွက် သူ နည်းလမ်းတစ်ခု ရှာချင်သည်။

၂၀၀၈ ခုနှစ်၊ ဩဂုတ်လကုန်ပိုင်း တစ်ညနေတွင် စထရိတိုင်း အယ်ဒီတာ ဟန်ဖွတ်ကွမ်ကို သူခေါ်ပြီး သူ စာအုပ်အစ်အုပ်ခရေးတော့မည့်အကြောင်း ပြောပြသည်။ ၎င်းက အတွဲနှစ်တွဲပါသော သူ၏ ကိုယ်တွေ့မှတ်တမ်းအတွက် အိုင်း (၃) နှင့် တူလိမ့်မည်။ သူရေးခဲ့ပြီးသော အခန်းအနည်းငယ်ထဲမှ စောစောပိုင်းမူကြမ်းတစ်ခုအပေါ် ဟန်၏အမြင်ကို သူမေးသည်။

Scanned by CamScanner

သူဆွေးနွေးချင်သောအရာထဲမှ များစွာတို့က အယူအဆနှင့် ထိုးထွင်းသိမြင်မှုအပေါ် ဝဟိုပြုနေကြသောကြောင့် ဟန်နှင့်လုပ်ဖော်ကိုင်ဖက်တစ်စုက ကိုယ်တွေ့မှတ်တမ်းရေးသားခြင်းအတွက် အစားထိုးတစ်ခုကို အဆိုပြုကြသည်။

စင်ကာပူအား သူခေါင်းဆောင်ခဲ့ခြင်းအပေါ် ဩဇာလွှမ်းမိုးခဲ့သော အဓိက အယူအဆများနှင့် ပတ်သက်၍ သူနှင့် အင်တာဗျူးစီးရီးတစ်စုပြုလုပ်လျှင် မကောင်းပေဘူးလား။ အသက်ဝင်သောချဉ်းကပ်မှုက ထိုအယူအဆများကို ပိုမိုဂျပ်ဒ်ကြွေစေလိမ့်မည်။ အတိတ်က ထူထောင်ထားခဲ့သော တစ်စိတ်တစ်ဝမ်းတည်းရှိမှုက နေရာရွှေ့ပြောင်းနေသော ပြဿနာများအပေါ်ကိုလည်း ကျွန်တော်တို့ အာရုံစူးစိုက်နိုင်ကြသည်ဟု သူ့ကို ကျွန်တော်တို့ ပြောပြသည်။ လိုက လိုလိုလားလား သဘောတူသည်။ သူ စိတ်ထက်သန်နေလွန်းသဖြင့် ဟန်က အဆိုပြုချက် အသေးစိတ်အပေါ် အချိန်တစ်ပတ် ယူ၍ စဉ်းစားနေသောအခါ လိုက ပြန်ပြန်လုပ်ရန် အီးမေးလ်ဖြင့် တိုက်တွန်းသည်။ "ခင်ဗျားခြေထောက်အောက်က ပြက်ပင်တွေ ရှည်မလာစေပါနဲ့" ဟု သူရေးသည်။

လိုက မကြုံစဖူးသော အတိုင်းအတာဖြင့် အချိန်ခွင့်ပြုချက်ပေးသည်။ စထရိတ်တိုင်းမှ သတင်းစာဆရာ ၇ ယောက် ဖြစ်ကြသော စာရေးဆရာများက ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလအကြား ရှည်လျားလှသော ဆွေးနွေးပွဲ ၁၆ ကြိမ်တွင် သူ့ကို မျက်နှာချင်းဆိုင် တွေ့ဆုံကြသည်။ အစည်းအဝေးတိုင်းကို အစအဆုံး ဗီဒီယိုရိုက်ကူးသည်။ သူ့အိမ်အပြင်နှင့်ပတ်သက်၍ သူ့ကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းရန်အတွက် ၎င်းက ရှားပါးသော အခွင့်အလမ်းတစ်ခုဖြစ်သည်ကို ကျွန်တော်တို့ သိရှိကြသည်။ ကျွန်တော်တို့၏ မေးခွန်းများကို ထက်မြက်စေရန်အတွက် ယခင် စာရေး ဆရာများပြောခဲ့သော အချက်အလက်များကို စစ်ဆေးရုံသာမကဘဲ စင်ကာပူအကြောင်း ကျမ်းကျင်လေ့လာသုံးသပ်သူများနှင့် အင်တာဗျူး စီးရီးတစ်ခုနှင့် အုပ်စုလိုက် ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ကြသည်။

လိနှင့်ပြုလုပ်သော အင်တာဗျူးများက စိန်ခေါ်မှုများ ပြည့်နေသည်။ ဆွေးနွေးပွဲများက မကြာခဏ မတိုးသာ မဆုတ်သာဖြစ်၍ နာရီများစွာကြာသည်။ လိက သူ၏ထင်မြင်ယူဆချက်ကို စွဲစွဲမြဲမြဲ ဆုပ်တွယ်ထားပြီး ရံဖန်ရံခါ၌ ကျွန်တော်တို့၏ ပိုမိုဝေဖန်ရေးအမြင်ရှိသော မေးခွန်းများကို ကျွန်တော်တို့သည် သူ၏အမွေအနှစ်အား ဘက်လိုက်သော ဝေဖန်သူများဖြစ်သည်ဟူသော သက်သေအထောက်အထားအဖြစ် မှတ်ယူသည်။ ထိုအခါများတွင် သူ ရန်လိုလာသည်။ စူးစမ်းလေ့လာသော မေးခွန်းများကို ပိုမိုလက်ခံသည်။ သို့သော်လည်း တစ်လျှောက်လုံး၌ သူ ပွင့်လင်းပြီး ကွယ်ဝှက်ခြင်းမရှိချေ။ သူဖျော်ဖြောင်းခြင်းမရှိသကဲ့သို့ နိုင်ငံရေးသိမ်ဖိရိမ့်စရာ ပုဂ္ဂိုလ်ရေးအသေးအဖွဲအထိ မေးခွန်းပုံစံမျိုးစုံကိုလည်း တက်တက်ကြွကြွ လက်ခံသည်။ ("ဖုန်းရွေကို ခင်ဗျား ယုံကြည်သလား" က နမူနာတစ်ခုဖြစ်သည်) စာရေးဆရာများဆီသို့ ပို့သော အီးမေးလ်တစ်ခုတွင် သူ ဤကဲ့သို့ရေးသည်။ "ခက်ခဲတဲ့ မေးခွန်းတွေမေးဖို့အတွက် မကြောက်ပါနဲ့။ ခင်ဗျားတို့ရဲ့ အဆိုပြုချက်ကို ကျွန်တော် သဘောတူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအသက်ဝင်တဲ့ ချဉ်းကပ်မှုက လူများစွာတို့ ဖတ်ရှုကြမယ့်အရာ ဖြစ်နေတာကြောင့်ပို့ပါ။ သူတို့ ကျွန်တော်နဲ့ သဘောတူတူ၊ မတူတူ နှစ် ၅၀ အတွေ့အကြုံက မွေးဖွားလာတဲ့ ကျွန်တော့်ရဲ့အမြင်တွေကို ဖတ်ရှုပြီး နားလည်စေချင်တယ်"

ထို့နောက်တွင် အချက်အလက်များကို အခန်း ၁၁ ခန်းထဲသို့ ပေါင်းစပ်ဖွဲ့စည်းပြီး အင်တာဗျူးများကို ၎င်းတို့၏ မူလ အမေးအဖြေပုံစံအတိုင်း ကောက်နှုတ်ဖော်ပြသည်။ သို့သော် ရှင်းလင်းမှုနှင့် ပြေပြစ်မှုအတွက် တည်းဖြတ်ထားသည်။ သူကိုယ်ပိုင်စကားလုံးများဖြင့် လီ လွတ်လပ်စွာ ပြောစေလိုသော စိတ်ကူးဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ် လီ၏ မှတ်တမ်းစာအုပ်ထုတ်ဝေပြီးကတည်းက ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများကို ထင်ဟပ်စေရန်လည်း ကြိုးစားထားသည်။ မှတ်တမ်းစာအုပ်တွင် မပါဝင်ခဲ့သော အရာများကို ဤစာအုပ်တွင် သူ၏ ကိုယ်ပိုင်စကားလုံးဖြင့် လိက စကား ပြောရန် ဖြစ်သည်။

Scanned by CamScanner

လီ၏ အတွေးအခေါ်အယူအဆကို ပိုမိုနှိုးဆွသော ရွှေထောင့်အမြင်တစ်ခု ပိတ်ဆက်ရန်ကိုလည်းကောင်း၊ လီကို ဝန်ကြီးချုပ်အဖြစ် မမှတ်မိလောက်အောင် ငယ်ရွယ်သောမျိုးဆက် (တစ်နည်းပြောရလျှင် သူ၏အမွေခံများ) ကို ထင်ဟပ်ပြရန်ကိုလည်းကောင်း ကျွန်တော်တို့ ကြိုးစားထားကြသည်။

ဤစာအုပ်ကို ပညာရပ်ဆိုင်ရာ စာအုပ်အဖြစ် မရည်ရွယ်ပါ။ စုံစုံစေ့စေ့ရှိသည်ဟုလည်း မကြွေးကြော်ပါ။ ၎င်းက လီ၏ကိုယ်ပိုင်စကားဖြင့် သူ၏အတွေးအမြင်ကို သမာသမတ်ရှိစွာ မှတ်တမ်းတင်ရန် ရည်ရွယ်သည်။ လွန်ခဲ့သော ၁၀ နှစ်က လီ၏ကိုယ်တွေ့မှတ်တမ်းများကို ပုံနှိပ်ဖော်ပြပြီးကတည်းက ဖြစ်ပေါ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများကို ထင်ဟပ်ပြရန်လည်း ကြိုးစားထားသည်။ ၎င်းတို့ကို ထောက်ရှု၍ ဤစာအုပ်က သူ၏ကိုယ်တွေ့မှတ်တမ်းများတွင် ချန်ထားခဲ့သည်များကို အစကောက်ဖော်ပြထားသည်။

ရာသီဥတုအပြောင်းအလဲ၊ တရုတ်ပြည် ဖြင့်တက်လာမှုနှင့် အစွန်းရောက် ဘာသာရေးပြဿနာကဲ့သို့ ကမ္ဘာကို ရုတ်တရက်တိုက်ခိုက်လာသော ကိစ္စအသစ်များဖြင့် လီကို ကျွန်တော်တို့ စိန်ခေါ်ကြသည်။ ဤမေးခွန်းများက လွန်ခဲ့သော ၁၀ နှစ်က ပြည်သူတို့၏ စိတ်ထဲတွင် မရှိကြချေ။ သို့သော် ယခုအခါတွင်မူ အကြီးအကျယ် အရေးကြီးလာသည်။ အလားတူစွာပင် စီးပွားရေးတိုးတက်မှု၊ စင်ကာပူ၏ သက်သာချောင်ချိရေး အခြေခံအလုပ်နှင့် နိုင်ငံခြားသားများ တိုးတက်များပြားမှုတို့ကဲ့သို့ အချို့သောကိစ္စများအပေါ် သမဂ္ဂီးကျအမြင်က ပြောင်းလဲသွားသည်။ လီ၏အတွေး အမြင်များကို ဤအနေအထားအသစ်တွင် လေ့လာစစ်ဆေး မေးမြန်းရမည်။

သူ၏အဖြေအချို့က ထိတ်လန့်စရာ ဖြစ်ကောင်းဖြစ်နိုင်သည်။ အချို့အဖြေများက ကောင်းစွာသိရှိပြီး အခိုင်အမာ လက်ခံထားကြသော သဘောပေါက်နားလည်မှုကို အကြိမ်ကြိမ်ကွဲပြားခြားနားအောင် ပြုလုပ်ခြင်းများဖြစ်သည်။ လီက သူ၏ ပင်မယုံကြည်ချက်များနှင့် ပတ်သက်၍ မယိမ်းယပိုင်ချေ။

သူ့အဖို့ စင်ကာပူနိုင်ငံ၏ အမျိုးသားနိုင်ငံအဖြစ် မလုံခြုံမှုက ၎င်း၏ ရပ်တည်မှုအတွက် ခိုင်မာသော အစိုးရကို လိုအပ်နေကြောင်းမှာ သိသာထင်ရှားနေသည်။ နိုင်ငံအပေါ် ယုံကြည်အားထားမှုပြင်းထန်လွန်းခြင်းသည် ပုဂ္ဂိုလ်ရေးကြိုးဝိုင်းအားထုတ်မှုကို စိတ်ပျက်အားပျော့စေပြီး အောင်မြင်မည့် အားမာန်စွမ်းပကားကို တိုက်စားပစ်သည်။ တို့ကြောင့် နိုင်ငံသည် လွန်ကဲထောက်ပုံခြင်း မပြုလုပ်ရချေ။ သို့သော် ပြိုင်ဆိုင်မှုကို အသွားထက်နေစေမည့် မူဝါဒများ အပြတ်မီး ရှိနေရမည်။ ဤအရာများသည် စင်ကာပူ၏ မူဝါဒရွေးချယ်မှုကို အခြေခံထောက်ပံ့မှုပေးသော "ခက်ထန်သည့် အမှန်တရားများ" ဖြစ်ကြသည်။ ၎င်းအပြင် ဤအရာများသည် စင်ကာပူ ဆက်လက်ရှင်သန်နေစေရန်အတွက် ငယ်ရွယ်သောမျိုးဆက်တစ်ခု ဆုပ်ကိုင်ရမည့် ဘဝအချက်အလက်များဖြစ်ကြသည်။

သို့သော် အားလုံးကိုခြုံလျှင် စာဖတ်သူအနေဖြင့် သူ၏အယူအဆက အတွေးအခေါ်လှံ့ဆော်ပြီး ရဲနဲ့လိုနေသည်ကိုပင် တွေ့မြင်လိမ့်မည်။ သူ၏မိသားစုဘဝကို သူ ပွင့်ပွင့်လင်းလင်း ပြောသည့်အတိုင်း ဤစာအုပ်က လီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သမိုင်းကိုလည်း တူးဖော်ပြလိမ့်မည်။ လီ၏ အယူအဆများထဲမှ အငြင်းပွားဖွယ်ဖြစ်သော အသွင်အပြင်များကို ရှေ့ပို့ဝိုင်းသို့ သယ်ဆောင်လာပြီး တစ်ချိန်တည်း၌ နိုင်ငံရေးသမားအဖြစ်၏ နောက်ကွယ်မှ လူကို မီးမောင်းထိုးပြခြင်းဖြင့် ဤစာအုပ်က လီ၏ဘဝနှင့် ထင်မြင်ယူဆချက်များထဲသို့ အတုမရှိသော ချဉ်းနှင်းဝင်ရောက်မှုကို ကမ်းလှမ်းထားသည်။

နောက်ဆုံးအနေဖြင့် ဤစာအုပ်ကို ဖတ်ရှုဖို့အတွက် ပိုမိုအရေးကြီးသော နောက်ထပ်အကြောင်းပြချက် ရှိသည်။ လီကို နားလည်ခြင်းသည် စင်ကာပူ၏အတိတ်နှင့် ပစ္စုပ္ပန်ကို နားလည်ခြင်းဖြစ်ပြီး ကျွန်တော်တို့ ထင်မြင်ယူဆရဲကြလျှင် အနာဂတ်ကိုလည်း နားလည်ခြင်းဖြစ်လိမ့်မည်။

✧ ✧ ✧

Scanned by CamScanner

အသိအမှတ်ပြုလွှာ

ဤစာအုပ်သည် ၇ ယောက်ထက်မကသော စာရေးဆရာများ၏ ပူးပေါင်းလုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ဤလုပ်ဆောင်ချက်ထဲတွင် စင်ကာပူနိုင်ငံသား ၂၀၀ ကျော် ပါဝင်သည်။ သူတို့က စင်ကာပူတွင် ယနေ့အချိန်၌ ပတန်ကျသည် ဟု သူတို့ယုံကြည်သော ကိစ္စများကို ကျွန်တော်တို့နှင့် အခြေအတင်ဆွေးနွေးရန် သူတို့၏အချိန်နှင့် အင်အားကို လိုလို လားလား ပေးခဲ့ကြသည်။ သူတို့က အတွေးစုံလင်၊ စိတ်အားထက်သန်ပြီး ပွင့်လင်းကြသည်။ သူတို့၏တာဝန်ခံချက်က စင်ကာပူအတွက် အတိတ်နိမိတ်ကောင်းနေသည်၊ လိုက်မ်ယုနှင့်ပတ်သက်၍ ဖေးခွန်းများမေးရန် ရာချယ်နှင့် ရော်ဘင်တို့ ချဉ်းကပ်ခဲ့ကြသော ငယ်ရွယ်သည့် ပြည်သူများအပါအဝင် သူတို့အားလုံးကို ကျွန်တော်တို့ ကျေးဇူးတင်ချင်ပါသည်။

ဤစီမံချက်အား အထောက်အကူပေးသည့်အတွက် စင်ကာပူသတင်းစာ အာဏာပိုင်အဖွဲ့အား ကျွန်တော်တို့ ကျေးဇူးတင်သည်။ ဤစာအုပ်အပေါ်အာရုံစိုက်ရန်အတွက် သတင်းစာဌာနနှင့် ဝေးလံသောနေရာ၌ ကျွန်တော်တို့ အချိန်ဖြုန်းနေကြစဉ်အတွင်း စထရိတ်တိုင်းမှ ကျွန်တော်တို့၏တာဝန်များကို ကူညီပခုံးထမ်းပေးရန် ကျွန်တော်တို့၏ လုပ်ဖော်ကိုင်ဖက်များ ပွန်လှတ်မှုများ ပြုလုပ်ခဲ့ရခြင်းကို ကျွန်တော်တို့ အထူးတန်ဖိုးထား လေးစားပါသည်။ သူတို့ထဲမှ များစွာတို့က စောစောပိုင်းမှာ စာမူကြမ်းများကို ဖတ်ရှုပြီး အကူအညီရသော မှတ်ချက်များပေးကြသည်။ လိုက်မ်ယု ကိုယ်တွေ့မှတ်တမ်းများတွင် ပါဝင်ခဲ့သော ကျွန်တော်တို့၏ ယခင်အယ်ဒီတာချုပ် ချောင်ယီဆင်က ကျွန်တော်တို့၏ စာအုပ်အခြေအနေသစ်ဖြင့် စခန်းသွားနိုင်သေးပုံကို ကျွန်တော်တို့အား ထင်မြင်သုံးသပ်ချက်ပေးခဲ့သည်။

ဒီဇိုင်နာ ဆာလီကမ်၊ စာတ်ပုံအယ်ဒီတာ စတက်ဖာနီယို၊ ကော်ပီအယ်ဒီတာ လင်ဒါကောလင်းနှင့် စာတ်ပုံဆရာများဖြစ်ကြသော ကင်ဘူရာဂျူဆန်ဂါရာဂျန်နှင့် တီကူမာတို့၏ မြင်ကွင်းနောက်ကွယ်မှ မမောမပန်းနိုင်သော အဖွဲ့ကို ကျွန်တော်တို့ လွှိက်လွှိက်လဲလဲ ကျေးဇူးဥပကာယတင်ရှိပါသည်။ ဤစီမံချက်ကို နှစ်ဆမြန်သော အချိန်ဖြင့် ပြုလုပ်သည့်အတွက် စထရိတ်တိုင်က ပုံနှိပ်စက်အဖွဲ့၊ ရာလီဟုနှင့် ရှိတာလိုကိုလည်း ကျေးဇူးတင်ပါသည်။

မိသားစုတတ်ပုံများပေးခြင်းနှင့် ယခင်က တစ်ခါမှ လူသိရှင်ကြားမပြသသော မိသားစုဓာတ်ပုံများကို အထူး သီးသန့်သုံးစွဲခွင့်ပြုခြင်းအတွက် လီဝေကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ချင်ပါသည်။

အားလုံးတို့ထက် လမ်းညွှန်ဝန်ကြီးလိုက်မ်ယုကသာ ရဲရဲဝံ့ဝံ့ ယုံကြည်မှုရှိပြီး ဤစာအုပ်ကို အမေး - အဖြေပုံစံဖြင့် ဆွေးနွေးပွဲတစ်ခုအဖြစ် ပြုလုပ်မည့် ကျွန်တော်တို့၏ အဆိုပြုချက်ကို သဘောတူခြင်းမရှိခဲ့လျှင် ဤစီမံချက် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။

ပူးပေါင်းဆောင်ရွက်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤစာအုပ်၏ အပြစ်အနာအဆာအတွက် တာဝန်ရှိမှုသည် စာရေးဆရာများနှင့်သာ လုံးဝ သက်ဆိုင်ပါသည်။

✧ ✧ ✧

Scanned by CamScanner

အမှာစာ

စင်ကာပူအတွက် အခွန်ကြာရည်စွာ တည်ပြဲနေသော ကျွန်တော်တို့၏ စိုးရိမ်ပူပန်မှုက ငယ်ရွယ်သော မျိုးဆက်သည် အထူးသဖြင့် အသက် ၃၅ နှစ်အောက်လူများသည် ကြမ်းတမ်းသော စီးပွားရေးအခြေအနေများကို မည်သည့်အခါမှ တွေ့မြင်ခဲ့ဖြင်းမရှိဟူသော ကျွန်တော်၏ ယုံကြည်ချက်မှ ပေါ်ထွက်လာသည်။ တို့ကြောင့် (အိမ်နီးချင်းတိုင်းပြည်များမှ ကျွန်တော်တို့ ရင်ဆိုင်နေရသော) ခြိမ်းခြောက်မှုများကို သူတို့ မသိကြချေ။ ဥပမာအားဖြင့် ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ဖြစ်သော ကျွန်တော်တို့၏ အမျိုးသားနေ့တွင် မလေးရှားနှင့် အင်ဒိုနီးရှား လက်နက်ကိုင်တပ်ဖွဲ့များက ကိုတာတင်ဂီတွင် လေထီးခုန်ခြင်းနှင့်အတူ၊ ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အမျိုးသားနေ့ အခမ်းအနားကျင်းပခြင်းအတွက် စစ်ရေးပြချီတက်ခြင်းအပြင် ကျွန်တော်တို့၏တပ်များကို ကျွန်တော်တို့ စုရုံးလှုပ်ရှားကြသည်။ ကျွန်တော်တို့ကို သူတို့ ကျူးကျော်တိုက်ခိုက်ချင်ကြသည်ဟု ကျွန်တော် မယုံကြည်ချေ။

သို့သော် ဒေသတွင်းရှိ ကြီးနိုင်ငယ်ညှဉ်းစနစ်ထဲမှ ကျွန်တော်တို့၏နေရာကို ကျွန်တော်တို့ သိရှိစေရန်အတွက် ကျွန်တော်တို့ကို သူတို့ဖြောက်လှန်ပြီး လှည့်ဖျားချင်နေကြသည်။ စင်ကာပူကိုကာကွယ်ရုံအတွက်သာလျှင်မကာဘဲ၊ လိုအပ်လျှင် လက်သီးကို လက်သီးဖြင့် တုံ့ပြန်ရန်အတွက် ကြံ့ခိုင်သန်စွမ်းသော၊ အစွမ်းအစရှိသော SAF (စင်ကာပူ လက်နက်ကိုင်တပ်ဖွဲ့) တစ်ခု လိုအပ်သည်။ ကျွန်တော်တို့တွင် သန်စွမ်းသော ဤ SAF မရှိလျှင် မလေးရှားနှင့် အင်ဒိုနီးရှား နှစ်ဦးစလုံးတို့၏ အမျိုးမျိုးသော ဖိအားများမှ ကျွန်တော်တို့ မလုံခြုံကြတော့ချေ။

တိုကဲ့သို့ SAF တစ်ခုရရှိရန်အတွက် ပြင်ပမှ လှုပ်ခါမှုများကြောင့် အလွယ်တကူ လမ်းကြောင်းလွဲမသွားနိုင်သော ကြံ့ခိုင်သန်စွမ်းသည့် စီးပွားရေးတစ်ခု ကျွန်တော်တို့လိုအပ်သည်။ စီးပွားရေးသည် ၎င်း၏ အဆောက်အအုံအား မပြတ်တမ်း အသစ်ပြောင်းလဲခြင်း လိုအပ်သည်။ ၎င်းတို့သည် ပိုမိုပညာတတ်သော လူများနှင့် လိုက်ဖက်မည့် ပိုမိုမြင့်မားသော ကျွမ်းကျင်မှုများကို လိုအပ်ကြသည်။ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာ၌ လောလောဆယ်တွင် ကျွန်တော်တို့ အောင်မြင်နေကြသည်။

Scanned by CamScanner

လို့ကြောင့် မလေးရှား၊ တရုတ်၊ အင်ဒိုနီးရှားနှင့် အနီးဒေသတို့မှ ပြောင်းရွှေ့အခြေချသူများနှင့် နိုင်ငံခြားအလုပ်သမားများကို ကျွန်တော်တို့ သွင်းယူခဲ့ကြသည်၊ ကျွန်တော်တို့တွင် ဤပြောင်းရွှေ့အခြေချများနှင့် နိုင်ငံခြားအလုပ်သမားများမရှိလျှင် စီးပွားရေး အဖွင့်အလပ်များက ကျွန်တော်တို့ကို ကွေ့ရှောင်သွားကြလိမ့်မည်၊ ဤရင်းနှီးမြှုပ်နှံမှုများကို လက်လွတ်စံခြင်းသည် မိုက်မဲခြင်းဖြစ်လိမ့်မည်၊ ရင်းနှီးမြှုပ်နှံမှုကြီးတိုင်းသည် ကျွန်တော်တို့ စီးပွားရေး၏အောက်ခြေကို ချဲ့တွင်ပြီး နိုင်မာစေဖို့ အထူးဟာလယ်ကလာတစ်ခုမှ ကျဆင်းမှုတစ်ခုကြောင့် ကျွန်တော်တို့ ဆိုးဝါးစွာ ထိခိုက်ခံရမည်ကို အလားအလာနည်းပါးအောင် လုပ်သည်၊

စီးပွားရေးနှင့် ကာကွယ်ရေးက ပူးပူးကပ်ကပ် အပြန်အလှန် ချိတ်ဆက်နေကြသည်၊ သန့်စွမ်းသော စီးပွားရေးတိုးတက်မှုမရှိလျှင် 3 G SAF များကို ကျွန်တော်တို့ ထိန်းထားနိုင်ကြလိမ့်မည်မဟုတ်ချေ၊ ဤ 3 G SAF က နစ်အနည်းငယ်ကြာတိုင်း ၎င်း၏ပစ္စည်းကိရိယာများကို မျိုးဆက်သစ်ခုံးကျည်များ၊ သင်္ဘောများ၊ လေယာဉ်များ၊ ရေငုပ်သင်္ဘောများဖြင့် အသစ်ပြန်လုပ်ရသည်၊ စင်ကာပူသို့လာသော ပင်လယ်လမ်းများကို ကျွန်တော်တို့ ဖွင့်ထားကြရမည်၊ ထို့ကြောင့် အစွမ်းအစရှိသော ရေတပ်က အရေးတကြီးကိစ္စဖြစ်နေသည်၊

ဤအရာများက ကျွန်တော်တို့ လွတ်လွတ်လပ်လပ် မပြောနိုင်သော အထိမခံသည့် အကြောင်းအရာများ ဖြစ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရာများက ကျွန်တော်တို့ အိမ်နီးချင်းများကို မျက်စိစပါးမွေးစေကြမည် ဖြစ်သောကြောင့်တည်း၊ သို့သော် ကျွန်တော်တို့ ပိုပိုကြီးမားချမ်းသာလာပြီး ပိုမိုတောက်ပလေ ကျွန်တော်တို့ဒေသတွင်းမှ လူများ၏ တွေးတောမှုပင်မှ ပိုမိုကြီးမားလာလေဖြစ်သည်ကို မည်သည့်အခါမှ မမေ့လျော့ပါနှင့်၊ ကျွန်တော်တို့ပြို့တော်၏ ကောင်းကင်နောက်ခံမြင်ကွင်းသည် အမြဲတမ်း ပြောင်းလဲနေသည်၊ ကျွန်တော်တို့၏ ဆိပ်ကမ်းသာက ဝင်းနစ်မှ ပြည်သူ့ရင်ပြင်နှင့် အဆင့်တူသည်၊ ၎င်းက ကျော်ကြားသော မြို့တော်စီမံကိန်း ရေးဆွဲသူနှစ်ယောက်၊ ကျွန်တော်တို့ကို အကြံပေးသောအရာဖြစ်သည်။ သူတို့က ဂျပန်မှ ကင်ဇိုတန်နှင့် တရုတ်ပြည် (နှင့် အမေရိကန်ပြည်ထောင်စု) မှ အိုင်အမ်ပေတို့ ဖြစ်ကြသည်။ သူတို့၏ လွတ်လပ်သော သီးခြားအကြံပေးဆွက်ကြောင့် ပင်လယ်ဝကို ကျွန်တော်တို့ ပြန်လည်သိမ်းပိုက်ပြီး ဆိပ်ကမ်းသာကို အဘက်ဘက်မှ အခြားတစ်ဖက်အား တွေ့မြင်နိုင်စေရန်အတွက် ပိုမိုသေးငယ်အောင် ပြုလုပ်သည်၊ ထို့ကြောင့် ၎င်းက ကြီးမားသော ပင်လယ်အော်တစ်ခု မဟုတ်တော့ဘဲ ဆွဲဆောင်မှုရှိသော ပြည်သူ့ရင်ပြင်တစ်ခု ဖြစ်လာသည်၊

ကျွန်တော်တို့ စီးပွားရေးတွင်လည်းကောင်း၊ ကျွန်တော်တို့၏ လက်နက်ကိုင်တပ်ဖွဲ့များတွင်လည်းကောင်း တစ်ခုခု၌ ကျွန်တော်တို့ ချည့်နဲ့နေကြလျှင် ကျွန်တော်တို့ ဝွန့်စားရာကျကြောင်း ငယ်ရွယ်သော မျိုးဆက်များကို အသိပေးရန်အလို့ငှာ ကျွန်တော်၏ ကိုယ်တွေ့မှတ်တမ်းများ တတိယတွဲအတွက် အခန်းအနည်းငယ် ကျွန်တော် ရေးသား သည်၊

ကျွန်တော်ရေးခဲ့သော ဤအခန်းအနည်းငယ်ကို ဟန့်ဖွက်ဆီသို့ပေးပို့သည်၊ ကျွန်တော်၏အတွေးများကို ကျွန်တော် ဤပုံစံအတိုင်းရေးလျှင် မျိုးဆက်သစ်များက "ဟာ . . . ဒါ သီချင်းဟောင်းကြီးပါလား" ဟု ပြောကြလိမ့်မည်ဖြစ်ကြောင်း သူက အကြောင်းပြန်သည်၊ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များက ကျွန်တော့်ကို သူတို့ ခက်ခဲသောမေးခွန်းများပေးမည်ဟု အကြံပြုသည်၊ ၎င်းတို့က မျိုးဆက်သစ်များထဲမှ သတင်းအချက်အလက်အဖြစ် သူတို့ကောက်ယူခဲ့ကြသော သံသယများနှင့် မယုံကြည်မှုမျိုးနှင့် သူတို့ကိုယ်တိုင် မေးချင်ကြသည့် မေးခွန်းများဖြစ်ကြသည်၊ ဤခက်ခဲသော မေးခွန်းများနှင့် ကျွန်တော့်ကို သူတို့ ထိပ်တိုက်ရင်ဆိုင်ကြပြီး ၎င်းတို့အပေါ်မှ ကျွန်တော်၏အဖြေကိုယူမည်ဟု သူတို့က အကြံပြုကြသည်၊

ဤစာအုပ်က ထိုရည်ရွယ်ချက်ကို ပြီးမြောက်ခဲ့သည်ဟု ကျွန်တော် မျှော်လင့်သည်၊ လပေါင်းများစွာကြာ၊ အချိန်နာရီပေါင်းများစွာကို ကျွန်တော် ဖြန့်ကျက်ကုန်လွန်ခဲ့သည်၊ ကျွန်တော့်စကားလုံးများကို သူတို့ ပြန်လည်ပြင်ဆင်ခြင်း မပြု

Scanned by CamScanner

လုပ်ရစေရန်အတွက် စာရေးဆရာများက ၎င်းတို့ကို မေးခွန်းနှင့် အဖြေပုံစံဖြင့် တင်ပြထားကြသည်။ ကျွန်တော်၏ အဓိက တင်ပြချက်က ဤသို့ဖြစ်သည်။ ကွဲနေသော ဓာတ်ပြားတစ်ချပ်ကိုသာ ကျွန်တော် ဖွင့်နေခြင်းဖြစ်သည်ဟု သင်ထင်လျှင် ဤအတွက် နောင်တရစေရန် သင်ရှင်သန်နေရကောင်း နေရလိမ့်မည်။ ဒေသတွင်းနှင့် ကမ္ဘာမှ စီးပွားရေးနှင့် နိုင်ငံရေး အကြောင်းအတည်းများစွာကို ကျွန်တော် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ ဤအရာများက ကျွန်တော်တို့ အန္တရာယ်ဖြစ်သောအခါ မေမေးလျှင် သို့မဟုတ် လျစ်လျူရှုကြသော အခြေခံ အမှန်တရားအချို့ကို ကျွန်တော့်အတွက် ပိပိပြင်ပြင် အကောင်အထည်ဖော်ပေးကြသည်။


ခိုင်မာတောင့်တင်းသော စီးပွားရေးမရှိလျှင် ခိုင်မာတောင့်တင်းသော ကာကွယ်ရေးမရှိနိုင်ချေ။ ခိုင်မာတောင့်တင်းသော ကာကွယ်ရေးမရှိလျှင် စင်ကာပူ ရှိလိမ့်မည်မဟုတ်ချေ။ ၎င်းသည် အိမ်နီးချင်းများ၏ ခြောက်လှန့်မှုကိုခံရသော နောက် လိုက်နိုင်ငံ ဖြစ်လာလိမ့်မည်။ ပြည်သူ ၄ သန်းကျော်နှင့်အတူ ဆေးငယ်သော ကျွန်း၏ ကျဉ်းမြောင်းသော အခြေခံတွင် ခိုင်မာတောင့်တင်းသော စီးပွားရေးနှင့် ခိုင်မာတောင့်တင်းသော ကာကွယ်ရေးတို့အား ထိန်းသိမ်းထားရန်အတွက် အစိုးရကို အစွမ်းဆောင်နိုင်ဆုံး၊ အမြုပ်နုနိုင်ဆုံးနှင့် အမာကြောဆုံးလူများက ဦးဆောင်ရမည်။ ကြံခိုင်သန်မာသော အခြေခံကို စင်ကာပူဖန်တီးခဲ့ပြီး ယခင်ကကဲ့သို့ မလုံခြုံမှု မဖြစ်တော့ကြောင်းကို ပိုမိုပညာတတ်ပြီး၊ ပိုမိုယုံကြည်စိတ်ချကြသော မဲဆန္ဒရှင်များက ယုံကြည်ကြသောကြောင့် ဤလုပ်ငန်းစဉ်က ပိုမိုရှုပ်ထွေးလာလိမ့်မည်။ မည်သည့်အခါမှ မပြောင်းလဲသောအရာက ခေါင်းဆောင်ကောင်းသာလျှင် စင်ကာပူလို နိုင်ငံအား ဦးဆောင်ပြီး လုံခြုံအောင်ပြုလုပ်နိုင်လိမ့်မည်ဖြစ်ခြင်းပင်တည်း။

လီကွမ်ယု
စင်ကာပူ
၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ

Scanned by CamScanner

အပိုင်း (၁)

ဘက်ထန်သော အမှန်တရားများကို ရင်ဆိုင်ခြင်း



Scanned by CamScanner

[၁]

ရုံးညွှန်မြေပေါ်မှ အထပ် ၈၀ အဆောက်အဦးတစ်လုံး

အစွတာနာမှ စိမ်းလန်းစိုပြည်သော မြေပြင်ပေါ်တွင် မုခ်ဝများနှင့် ဘေးပတ်ပတ်လည်တွင် ဝရံတာများရှိ
ဟာလာဟင်းလင်းဖြစ်နေသည့် အိမ်တစ်လုံးရှိသည်၊ နန်းတော်နှင့်မတူသလောက်ဖြစ်သော်လည်း စင်ကာပူရှိ သန်း
သူဌေးတစ်ယောက်ယောက်၏ အိမ်ကြီးရခိုင်တို့ မယှဉ်နိုင်ကြသော ခြံဝင်းထဲ၌တည်ရှိသော "ဆရီတဲမာဆက်က" ဝ
ချုပ်၏ တရားဝင်နေအိမ်ဖြစ်သည်၊ သို့သော်လည်း စင်ကာပူဓနိုင်ကြီးချုပ် ဉ ဦးထဲမှ မည်သူကမှ ၎င်းကို အိမ်ဟု မည်
အခါမှ မခေါ်ခဲ့ချေ၊

လီကွမ်ယုက ၁၉၅၉ ခုနှစ်တွင် တိုင်းပြည်၏ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်လာသောအခါ ပြောင်းရွှေ့နေ
စဉ်းစားသည်၊ ထိုအချိန်က သူ၏ကလေး ၃ ယောက်က အသက် ၇ နှစ်၊ ၄ နှစ် နှင့် ၂ နှစ် အသီးသီးရှိနေကြသည်၊
"အဲဒီနေရာက အိမ်အမှုထမ်းတွေ ပြည့်နေတယ်"

သူက ပြန်လည်ပြောပြသည်၊ "ဒါကြောင့် တောင်ကုန်းပေါ်ကနေ ရေမြောင်းထဲကို ဘောလုံးလိမ့်ကျသွားတဲ့
အိမ်အမှုထမ်းက အဲဒါကို ပြေးကောက်ပေးတယ်၊ ဒီအခါ ကျွန်တော့်ဇနီးက ...

"မလုပ်နဲ့၊ မလုပ်နဲ့၊ သူတို့ကောက်ကြလိမ့်မယ်၊ ဒီနေရာကို မပြောင်းဘဲနေကြရအောင်၊ သူတို့၊ ဘဝရဲ့မှားယွင်
အသိစိတ်တွေ ရကုန်ကြလိမ့်မယ်"

လို့ ပြောတယ်၊ ဒါက၊ "စင်ကာပူ ဘောလုံးကစားရုံပဲ၊ တစ်ယောက်ယောက်က ဘောလုံးကို ပြန်ကောက်ပေး
မယ်" ဒီလိုအတွေးမျိုးကလေးတွေ ခေါင်းထဲရောက်မှာကိုပြောတာပါ၊

မိသားစုက သူတို့၏ ဇအောက်ဖ်လီလမ်းမှအိမ်တွင် ဆက်လက်နေထိုင်ကြသည်၊ သို့သော်လည်း အစွတာနာ
ဆီသို့ သူတို့ မကြာခဏ အလည်အပတ်သွားကြပြီး စာဖတ်ခြင်း၊ သို့မဟုတ် ရေကူးခြင်းဖြင့် မွန်းလွဲပိုင်းကို သူတို့ အချိန်
နေကြစဉ် လီက ရှေးယခင်ကတည်းကရှိသော ကျင်း ၉ ကျင်းရှိသည့် ဂေါက်ကွင်းထဲတွင် ဂေါက်ရိုက်လေ့ကျင့်သ
မလေးရှားမှ စင်ကာပူ ခွဲထွက်ပြီးနောက်တွင် လုံခြုံရေးကိစ္စကြောင့် ဆရီတဲမာဆက်ထဲသို့ သူတို့ ပြောင်းရွှေ့လာခဲ့
၁၉၆၅ ခုနှစ်၏ ရက်သတ္တပတ်အနည်းငယ်သာ ခြွင်းချက်ဖြစ်လျက် ကလေးများက သူတို့၏အိမ်တွင်သာ ကြီးပြင်းခဲ့ကြသ

Scanned by CamScanner

တွင် သမ္မတရုံး၊ ဝန်ကြီးချုပ်ရုံးနှင့် ကက်ဘိနက်ရုံးတို့ ပါရှိနေသည်။ ၎င်းက နိုင်ငံတော်အဆင့် အသွင်အပြင်ရှိပြီး ၎င်း၏ အပြင်အနာအဆာကင်းသော ဥယျာဉ်ခြံများက ပြည်သူ့အားလပ်ရက်များတွင် ခြံဝင်းကို ဖွင့်လှစ်သောအခါ စင်ကာပူနိုင်ငံသားများအဖို့ တတ်ပုံရိုက်ရန် အလွန်ကောင်းမွန်သောနေရာ ဖြစ်သည်။ ဤအဆောက်အအုံဝင်းက ၂၁၀၉ ခုနှစ် တွင် လျှောက်လုံးခြင် (၃၂) နာရီကျော်ကြာ လီကွမ်ယုနှင့် အင်တာဗျူး အစီအစဉ်များပြုလုပ်သော အစည်းအဝေးနေရာလည်း ဖြစ်သည်။ အခြားသူများထက် စင်ကာပူအပေါ် ပိုမိုနက်ရှိုင်းသော မြုပ်နှံမှုပြုလုပ်သောလူအတွက် စိတ်အာရုံ ပိုမိုစိုစေရန် အတွက် အင်တာဗျူးများကို ထိုနေရာ၌ ပြုလုပ်ခြင်းဖြစ်သည်။

တစ်နေ့ကာ၏နောင်းပိုင်း အချိန်နာရီများတွင် ကျင်းပပြီး မကြာခင်က ပိုးဝှေ့သွားသော ထိုအစည်းအဝေးပွဲများ အတွင်း၌ လီက အနစ်စိမ်းပွားရေး ယုဉ်ပြိုင်မှုမှစ၍ လူမှုရေးစရိုက်၊ အိမ်ထောင်ရေးနှင့် သားသမီးမွေးဖွားခြင်းအထိ အရာရာပင်၊ ဂဠုံးစားခြင်းအား သူ့အလုပ်ဟု နှစ် ၅၀ ကြာ မှတ်ယူနေခဲ့သော ခေါင်းဆောင်တစ်ယောက်ထံမှ လူတစ်ယောက် မျော်လင့်နိုင်သည့်အတိုင်း ထိတ်လန့်အံ့သြဖွယ်ကောင်းစွာ နယ်ပယ်ကျယ်ပြန့်သော အကြောင်းအရာများကို ဆွေးနွေးသည်။ သူ့ဘက်မှ တွေ့မြင်ရခဲလှသော အမိုင်းများကိုလည်း သူ ထုတ်ဖော်ပြသည်။ သူ၏ နေ့ကာလများအကြောင်း သူ ပြန်လည် ပြောပြသောအခါ ဇနီးသည်ကျန်းမာရေး ယုတ်လျော့လာသော နေ့ရက်များတွင် သူမ၏ ချစ်ခင်ရာကောင်းသော ဘဝတစ် သက်တာ ပေါင်းဖော်မှုအတွက် ကြွေးများ ပြန်လည်ပေးဆပ်ရန် ကြိုးစားနေသော ယုယလွန်းသည့် ခင်ပွန်းတစ်ယောက် ပေါ်ထွက်လာသည်။

ရံဖန်ရံခါ၌ သူက ပြေး ၇ ယောက်၏ ငယ်ရွယ်သော ပူပန်စိတ်နှင့် လိုဘရိုမူတို့ကြောင့် စိတ်ရှုပ်ထွေးနေသော အဘိုးတစ်ယောက်ဖြစ်နေတတ်သည်။ တခြားအရိုန်၌မူ၊ ဗျားနာနေကြသော၊ ရှည်လျားသော အတိတ်မှ အပေါင်းအဖော်များကို နှစ်သိမ့်စကားများ ရေးသားပေးပို့နေသေးသော သစ္စာရှိသည့် မိတ်ဆွေတစ်ယောက်ဖြစ်တတ်သည်။ လီက ခေါင်းဖော သော ပဆစိနိုင်ငံရေးဆိုင်ရာ သရုပ်မှန်ဝါဒီတစ်ယောက်လည်း ဖြစ်သည်။ သူက ကမ္ဘာ့သမိုင်းနှင့် နိုင်ငံရေးအား မြုပ်ကွယ်ထား သော အင်အားများကို သိမြင်တတ်သော နိုင်ငံရေးခေါင်းဆောင်ဖြစ်သည်။ ၎င်းနောက်တစ်ဖန်၊ လီသည် လူမှုရေး သက်ရောက် အင်အားများကို မကြောက်မရွံ့မတွန့်မဆုတ် ခွဲခြမ်းစိတ်ဖြာစိစစ်သူ ဖြစ်လာသည်။

သို့သော် ၎င်းတို့၏ မူလလမ်းကြောင်းက မည်သို့ပင်ဖြစ်စေ၊ စကားပြောပွဲများက သူ၏ အဓိက ပူပန်မှုအခြေ ပေါ်ထွက်လာမည့်အရာဆီသို့ တစ်သမတ်တည်း ပြန်ခုန်သွားလိမ့်မည်။ တည်ငြိမ်အောင်မြင်သော ပြိုကွေ်ကိုင်ငံ၏ အသက် ၈၆ နှစ်အရွယ်ရှိ ကြည်ညိုလေးစားရသော အဘိုးအိုအဖြစ် သူ၏ အဓိက စိုးရိမ်ပူပန်မှုက ကောင်းမွန်သောဘဝသည် သူတို့၏ ရပိုင်ခွင့်မဟုတ်ကြောင်းကို စင်ကာပူနိုင်ငံသားများအား မည်သို့ နားလည်အောင် ပြုလုပ်ရမလဲဆိုခြင်းပင်ဖြစ်သည်။ အမျိုး သားနိုင်ငံများ၏ အစစ်အမှန်ကမ္ဘာတွင် သူတို့နောက်သို့ လိုက်ကောက်ပေးမည့် အိမ်အမှုထမ်း မရှိကြကြောင်းကို သူ နားလည် စေမြင်သည်။

"မဟုတ်ဘူး၊ ခင်ဗျားရဲ့ဘောလုံးကို ခင်ဗျား သွားယူရမည်၊ ခင်ဗျားမယူရင် ဆုံးသွားမယ်"

သူကပြောသည်။ ဆရိတဲမာဆက်၌ သူ၏ကလေးများ ခံစားတည်းခိုနေခဲ့ခြင်းကို သူ ညွှန်းဆိုနေသည်။ သို့သော် စင်ကာပူအတွက် သူ၏ စိုးရိမ်မှုအကြောင်းကိုလည်း သူပြောနေသည်။

ကျွန်တော်တို့၏ မေးခွန်းများက သူ၏နေရာကိုဆက်ခံမည့် သူနှင့်ပတ်သက်၍ သူ၏ထင်မြင်ယူဆချက်မှစ၍ သူ အာဏာရှင်ဖြစ်သည်ဟူသော ပြည်တည်နေသည့် စွပ်စွဲချက်အထိ အစုံအလင်ပါဝင်သည်။ သူက ၎င်းတို့အားလုံးကို လက်ခံ

Scanned by CamScanner

ဖြေရှင်းသည်၊ သို့သော် မကြုံစဖူးသော ဤအင်တာဗျူးစီးရီးကို သူ သဘောတူခဲ့သော အဓိကအကြောင်းရင်းက သူတို့လို ဆောင်ချက်အောင်ပြင်မှုများဖြင့် ခြိမ်းခြောက်ခံနေကြရသည်ဟု စိုးရိမ်ပူပန်သော စင်ကာပူနိုင်ငံသားတို့၏ရပ်တည်ရှင်သန်ခြင်း သဘာဝစိတ်ကို ခိုင်မာအောင် ကူညီလုပ်ဆောင်ပေးရန်ဖြစ်သည်။

စင်ကာပူသည် ပထမကမ္ဘာနိုင်ငံဖြစ်သည်၊ သို့သော် ၎င်းသည် အမြဲတမ်း ပျော့ကွက်ဟာကွက် ရှိနေလိမ့်မည်၊ သူ ပြောသကဲ့သို့ ရှဲညွှန်မြေပေါ်၌ ရပ်တည်နေသော အထပ် ၈၀ အဆောက်အဦးတစ်လုံး ဖြစ်နေလိမ့်မည်။ အမှန်ပင် ဤအရာသည် ယခင်က မရေတွက်နိုင်အောင် အကြိမ်ပေါင်းများစွာ သူ နှိက်နှိက်ခွတ်ခွတ် လေ့လာခဲ့သော အကြောင်းအရာတစ်ခုဖြစ်သည်။ သို့သော် ၂၀၀၉ ခုနှစ်တွင် သူတို့ဘိုင်းပြည်၏ မနှစ်လိုဖွယ်ရာဖြစ်သော ပျော့ကွက်ဟာကွက်ကို စင်ကာပူနိုင်ငံသားများအား နားလည်စေလိုရာတွင် အရေးတကြီးနိုင်လာဟန်တူသည်။

ထိုစဉ်က စီးပွားရေးကျဆင်းမှုထဲ၌ စင်ကာပူရှိနေသော်လည်း လီ၏ စိုးရိမ်ပူပန်မှုက ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကြပ်အတည်းကြောင့် ဖြစ်ပေါ်ခဲ့ခြင်းမရှိချေ။ အမှန်ပင် ထိုနှစ်တွင် ကမ္ဘာ့ယှဉ်ပြိုင်မှုနှစ်ပတ်လည်အညွှန်းစာအုပ်က လေ့လာစစ်ဆေးကြည့်သည့် နိုင်ငံ ၅၇ နိုင်ငံထဲတွင်၊ စီးပွားရေးကျဆင်းမှုထဲ၌ ဖိစီးမှုကို ကြုံကြံခံရန် အကောင်းဆုံး ပြင်ဆင်ရာတွင် ဒိန်းမတ်ပြီးလျှင် စင်ကာပူက ဒုတိယအဆင့်ရှိကြောင်းကို တွေ့ရှိသည်။ ထိုးနက်မှုကို ပျော့ပျောင်းစေရန်အတွက် အစိုးရတွင် ငွေကြေးအင်အားရှိပြီး ၎င်း၏ ထုထည်ကြီးမားသော အရံငွေကြေးကို တို့ထိရုံမျှသာ လိုအပ်သည်။ ရှည်လျားစွာ ရှုမြင်သုံးသပ်ကြည့်သောအခါ စင်ကာပူပုံပြင်က ဆန်းကြယ်သော တိုးတက်မှုဇာတ်လမ်းတစ်ပုဒ် ဖြစ်နေသေးသည်။

လူတစ်ဦးချင်း၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၃၆၅၃၇ ရှိသောကြောင့် ဝယ်လိုအားစွမ်းအင်ကို ထည့်သွင်းတွက်ချက်လျှင် စင်ကာပူသည် ကမ္ဘာ့အချမ်းသာဆုံး ထိပ်သီး ၁၀ နိုင်ငံထဲတွင် ပါဝင်လျက် ရှိနေသည်၊ ၎င်း၏ အိမ်ထောင်စု ၉၀ ရာခိုင်နှုန်းနီးပါးက သူတို့၏ ကိုယ်ပိုင်အိမ်များတွင် နေထိုင်ကြပြီး သူတို့ထဲမှ ၄ ပုံ ၃ ပုံ နီးပါးက အိမ်ခန်း ၄ ခန်းရှိသော၊ သို့မဟုတ် ၎င်းထက် ဗိုလိုကြီးမားသော မြည်သူတိုက်ခန်းများနှင့် ကိုယ်ပိုင်အိမ်များတွင် နေထိုင်ကြသည်။

စင်ကာပူသည် ကြီးမွားချမ်းသာနေသော မြို့တော်တစ်ခုဖြစ်ပြီး ပြောင်းလွှဲအခြေချများကို စံချိန်တင်သော အဆင့်ဖြင့် အမျိုးအစားစုံလင်သော နေရာများမှ ဆွဲဆောင်လေရာ အရည်အသောကျောင်းများတွင် လူမျိုးပေါင်း ၃၀ လောက် အထိ များပြားစွာ ကျောင်းတက်နေကြသည်ကို တွေ့မြင်နိုင်သည်၊ စင်ကာပူ၏ ပျော့ကွက်ဟာကွက်နှင့် ပတ်သက်၍ လီ၏ ပူပန်မှု မရှိချေ၊ ဤစာအုပ်၏ မူလအစက လေမန်ဘရားသားပြိုကွဲခြင်းမတိုင်မီနှင့် ကူးစက်ပြန့်ပွားခြင်းကို တိုင်းပြည်လွတ်မြောက်နိုင်မည်မဟုတ်ကြောင်း စင်ကာပူအစိုးရ သိရှိလာခြင်းမတိုင်မီကတည်းက ဖြစ်ပေါ်ခဲ့သည်။

၂၀၀၈ ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းတွင် စထရိတ်တိုင်းအယ်ဒီတာ ဟန်ဖွတ်ကွမ်နှင့် စာအုပ်အကြောင်း ထွေးနွေးရာတွင် လီက စင်ကာပူ၏ တိုးတက်ကြီးထွားမှုနှင့် အသွင်ကူးပြောင်းမှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော အုပ်ချုပ်မှုစံနှုန်းမြင့်မားခြင်းနှင့် အစိုးရအရည်အသွေးရှိခြင်းတို့ကိုအောင်ပြင်ပြီးမြောက်စေရန် သူတို့ရည်မှန်းရမည့်အပေါ် စင်ကာပူစိတ်ဓာတ်ကို သူ စူးစိုက်ထားချင်ကြောင်း ပြောသည်။ သူ နှစ်ပေါင်းမည်မျှနေရဦးမည်ကို မသိကြောင်း ဟုတ်တိုင်းမှန်ရာ ပြောသည်၊ ဟန်က စာအုပ်အတွက် စိတ်ကူးအကြံအစည်ကို အဆိုပြုသောအခါ လီက အလွယ်တကူ သဘောတူသည်။ တစ်ပတ်ခန့်ကြာသောအခါ သူကဟန်ကို မြန်မြန်ဆန်ဆန်လုပ်ဖို့ ဤသို့ တိုက်တွန်းသည်၊

Scanned by CamScanner

"ခင်ဗျားခြေထောက်အောက်က မြက်ပင်တွေ ရှည်မလာပါဖူးနဲ့"

စိတ်အာရုံစူးစိုက်ခြင်းအလုပ်က အရေးတကြီးဖြစ်လာသည်၊

လိအဖို့မှ ထိပ်သီးအရည်အချင်းရှိသော အစိုးရ၏ အရေးပါမှုနောက်ကွယ်မှ အခြေခံအမှန်တရားက ပျော့ကွက်ဟာကွက် ဖြစ်နေခြင်းဖြစ်သည်၊ ဤအရာသည် လွတ်လပ်သော ရီပတ်ဘလစ်နိုင်ငံအဖြစ် စင်ကာပူ၏ မလွတ်မြောက်နိုင်သော၊ အမြဲတမ်းဖြစ်နေသော အခြေအနေပင်ဖြစ်သည်၊ ယခင်အင်ဒိုနီးရှားသမ္မတ ဘိဂျေဟာဘီဘီက မြေပုံပေါ်မှ အနီရောင်အစက်ကလေးဟု ခေါ်ဆိုသော အရာဖေါ်မှ ဥစ္စာဓနအတွက် တိုးဝှေ့နေကြသော စင်ကာပူ၏ လူမျိုးပေါင်းစုံ ပြည်သူလူထုက အဘူနေလူမျိုးစု ပြိမ်းချမ်းရေးကို မည်သည့်အခါမှ ပေါ့ပေါ့တန်တန် သဘောထားလို့မရကြောင်း ဆိုလိုနေသည်၊ ၎င်း၏ နယ်စပ်များအလွန်မှ ၎င်း၏ အိမ်နီးချင်းများက ၎င်းအောင်မြင်မှုကို သတိထားနေကြသည်၊ ဆက်ဆံရေးများက သူတို့၏ညီရင်းအစ်ကိုကဲ့သို့ အကောင်းဆုံးအနေအထား ရှိနေကြသော်လည်း သူတို့က စင်ကာပူကို သူ့နေရာအား သတိပေးဖို့ လိုအပ်နေသော ညီငယ်ကလေးတစ်ယောက်ထက် ပိုမစဉ်းစားနိုင်ကြချေ၊ လိက ၎င်းကို ပိုမိုတုံးတိတိနိုင်စွာဖြင့် တင်ပြသည်၊ သေးငယ်သော်လည်း ခွဲနုပဲကြီးသော စင်ကာပူကို ဒေသထဲတွင် "အဖွင့်ပရိဘဲ ကျူးကျော်သူ" အဖြစ် တွေ့မြင်ကြသည်၊

ဆယ်စုနှစ်များစွာကြာ ရေအတွက် မလေးရှားအပေါ် စင်ကာပူ မှီခိုအားထားနေရခြင်းက အမြင်သာဆုံး ကျွန်း၏ ပျော့ကွက်ဟာကွက် အမှတ်လက္ခဏာဖြစ်သည်၊ ပြန်လည်သန့်စင်သောရေ အသစ်ပေါ်ထွန်းလာခြင်းက ကျွန်တော်တို့၏ အစည်းအဝေးများတွင် ကျေနပ်နှစ်သက်စွာဖြင့် လိဖော်ပြမည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်၊ ရေအသစ်စိမ်ချက်၌ ပါဝင်သော အစိုးရအင်ဂျင်နီယာ ဟာရီဆီးက ဖြစ်ပေါ်တိုးတက်မှု၏ အရေးကြီးမှုကို ကျွန်ုပ်သို့ ဖော်ပြသည်၊

"ကျွန်တော်တို့ လွတ်လပ်နိုင်တာကို ဒါနဲ့အတူ သိရှိလာတယ်"

ကျွန်တော်တို့ကို လိ ထောက်ပြသည့်အတိုင်း ထိုလွတ်လပ်မှုကို ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ထုထည်ကြီးမားသော ရင်းနှီးမြှုပ်နှံမှုဖြင့် အာမခံထားသည်၊ သို့တိုင်အောင် စင်ကာပူ၏ ပျော့ကွက်ဟာကွက် လက္ခဏာများက အဆိုန့်မှန်ပေါ်ထွက်လာသည်၊ ဆောက်လုပ်ရေးအလုပ်နှင့် မြေပြုပြင်ခြင်း လုပ်ငန်းအစီအစဉ်အတွက် စင်ကာပူ၏ သဲလိုအပ်မှုက အိမ်နီးချင်းတို့ အပြတ်ထုတ်သော နောက်ထပ်အားနည်းချက်ဖြစ်သည်၊ ၎င်း၏ ဒေသငယ်သောထုထည်က ကန့်သတ်ထားသော လေကြောင်းပိုင်နက်ကို ဆိုလိုနေသည်၊ အိမ်နီးချင်းများက စင်ကာပူလေတပ်ကို အဆို့သော ပံ့သန်းရေးဇုန်များအား အသုံးပြုခွင့် မပေးလိုကြချေ၊

လိပြောသည့်အတိုင်း စင်ကာပူက နယူးဇီလန်မဟုတ်ချေ၊ အသုံးစရိတ်ဖြတ်တောက်မှုနှင့် မဟာဗျူဟာ ပြန်လည်နေရာချထားမှုတို့ကြောင့် နယူးဇီလန်က အဓိကအားဖြင့် ပင်လယ်ရေကြောင်း ကင်းလှည့်ခြင်းနှင့် ဒေသယူပို့ဆောင်ရေးအတွက် ၎င်း၏လေတပ်ကို လေယာဉ်အစီး ၅၀ ကျော်ရုံလောက်အထိ လျော့ချခဲ့ပုံကို သူ ပြန်လည်ပြောပြသည်၊ ယခုအခါတွင် နယူးဇီလန်၌ တိုက်ခိုက်ရေးလေတပ် မရှိချေ၊ ဆန့်ကျင်ဘက်အားဖြင့် စင်ကာပူရီပတ်ဘလစ်လေတပ်က စတုရန်းကီလိုမီတာ ၇၁၀ ရှိသော ကုန်းမြေကို ကာကွယ်ရန် လေယာဉ်အစီး ၄၀၀ ကျော်ရှိသည်၊ နယူးဇီလန် နိုင်ငံရေးသမားများက သူတို့တိုင်းပြည်ကို တိုက်ခိုက်ရန် ကြံရွယ်သော တစ်စုံတစ်ယောက်သည် တာဝမန်ပင်လယ်ကို ကျော်ဖြတ်ပြီး ဩစတြေးလျကို အရင်ဦးဆုံး တိုက်ခိုက်ရမည်ဟု သူ့ကို ရှင်းပြကြသည်၊ "သူတို့က ဖယ်ထွက်ထားကြတယ်" ကာကွယ်ရေးအင်အားအဖြစ် ပထဝီဆိုင်ရာ သီးခြားရှိနေခြင်းကို နယူးဇီလန်တို့၏ အသုံးချနိုင်စွမ်းအကြောင်း လိက ပြောပြသည်၊

စင်ကာပူ၏ ပထဝီအနေအထားက ထိုကဲ့သို့ လုံခြုံမှုကို ထောက်ပံ့မပေးချေ၊ ၎င်း၏ မဟာဗျူဟာမြောက် တည်ရှိနေမှုက ၎င်းကို ကမ္ဘာပေါ်၌ အလုပ်အများဆုံး ဆိပ်ကမ်းတစ်ခုနှင့် ထိုဒေသ၏ စီးပွားရေးအချက်အချာ ဖြစ်စေသော်လည်း

Scanned by CamScanner

ကျွန်ကောင်းဦးပေးမှုက ဝန်ထုပ်ဝန်ပိုးတစ်ခုလည်း ဖြစ်စေသည်၊

"စင်ကာပူမှာ ကျွန်တော်တို့ဟာ အလွန်ဝရုန်းသုန်းကား ဖြစ်တဲ့ ဒေသထဲမှာ ရှိနေကြတယ်"

သူက ကျွန်တော်တို့ကို သတိပေးသည်၊

"သူတို့ကိုယ်သူတို့ ကျန်ရှိတဲ့ အိမ်နီးချင်းတွေနဲ့ ကွဲပြားခြားနားအောင်လုပ်တဲ့ အစိုးရနဲ့ ပြည်သူမရှိရင် စင်ကာ
ရပ်တည်မှု ချုပ်ငြိမ်းသွားလိမ့်မယ်"

နယူးဇီလန်သို့ အလည်အပတ်သွားပြီးနောက် ၁၉၈၈ ခုနှစ်တွင် သူ၏ ဩစတြေးလျ ခရီးစဉ်အတွင်း ကျွန်ကဲ့သို့
မှတ်ချက်ချခဲ့ပုံကို ပြန်ပြောပြသည်။

"နောက်နှစ် ၁၀၀ ကြာတဲ့အခါ ကျွန်တော် အဲဒီနေရာကို ပြန်ရောက်ရင် မြက်ပင်တွေစိမ်းလန်းနေဆဲ၊ သိုးတွေ
နွားတွေ၊ ဂျုံခင်းတွေ၊ သစ်သီးအပင်တွေ ရှိနေဆဲဖြစ်တဲ့ အဲဒီနေရာကို ကျွန်တော်တွေ့မှာ သေချာတယ်။ စင်ကာပူအတွ
ကျွန်တော့်ကိုယ်ကျွန်တော် ရှေ့ကို နှစ် ၁၀၀ လောက် မီးမောင်းထိုးကြည့်တဲ့အခါ စင်ကာပူတည်ရှိနေမယ်ဆိုတာ ကျွန်တ
မပြောနိုင်ဘူး"

ကျွန်တော်တို့ထဲမှ တစ်ယောက်က ထိုအမြင်ကို အတော်စိတ်ဓာတ်ကျစရာကောင်းသည်ဟု သူမြင်ကြောင်း
ပြောသောအခါ လီက မျက်လုံးများပြူးသွားပြီး မျှော်လင့်ချက်ကိုလည်း သူ ကမ်းလှမ်းဖို့လိုအပ်ကြောင်း သိရှိလျက် ဧ
တံ့ဆိုင်းသွားသည်၊

"ဟုတ်တယ် . . . ကျွန်တော်တို့ဟာ အဖြောင်းအလဲမြန်တဲ့ ဒေသတစ်ခုရဲ့ အလယ်မှာ ရှိနေကြတယ်။ ဒါပေမဲ့
ကျွန်တော်တို့ဟာ အိန္ဒိယနဲ့ တရုတ်နဲ့အတူ အလျင်အမြန်ဆုံး တိုးတက်ကြီးထွားနေတဲ့ ကမ္ဘာ့ဒေသရဲ့ဗဟိုမှာ ရှိနေတယ်
ကျွန်တော်တို့ မတိုးတက်မကြီးထွားရင် ဖိုက်မဲတာပဲ"

ဟု သူက ပြန်လည်အာမခံသောပုံစံဖြင့် ပြောသည်၊

စင်ကာပူ၏ လူမျိုးပေါင်းစုံ ပေါင်းစပ်ဖွဲ့စည်းမှုက စိုးရိမ်ပူပန်စရာ နောက်ထပ်ဇာစ်မြစ်တစ်ခု ဖြစ်သည်။ လူဦးရေ၏
၇၄ ရာခိုင်နှုန်းက တရုတ်၊ ၁၃ ရာခိုင်နှုန်းက မလေး၊ ကျန်ရှိသော ရာခိုင်နှုန်းက အိန္ဒိယနှင့် အခြားလူမျိုးများဖြစ်သောကြောင့်
လူမှုရေးသဟဇာတဖြစ်မှုကို စီမံရန် အစိုးရက အမြဲအာရုံစိုက်နေရသည်။ တရုတ်ပြည်၊ အိန္ဒိယနှင့် အခြားနေရာများမှ ပြောင်း
ရွှေ့အခြေချသူများ အလုံးအရင်း ရောက်ရှိလာခြင်းနှင့်အတူ၊ စိန်ခေါ်မှုများက မကြာသေးခင် နှစ်များတွင် ပိုမိုရှုပ်ထွေးခဲ့သည်၊
၂၀၁၁ ခုနှစ်တွင် အစွလာမ်အကြမ်းဖက် ကလပ်စည်းတစ်ခုကို ဂျာဖွေတွေ့ရှိကြသောအခါ ၎င်းက လူမျိုးပေါင်းစုံ
ငြိမ်းချမ်းရေးကိုထိန်းသိမ်းမည့် မဆုတ်မနစ်ကြိုးစားမှုဟွင် စွန့်စားရမှု ကြီးမားနေကြောင်းကို နောက်တစ်ကြိမ် သတိပေးခြင်း
ဖြစ်သည်၊ အားလုံးကိုပြုရလျှင် လူမျိုးပေါင်းစုံ တစ်စည်းတစ်လုံးတည်းဖြစ်ခြင်းအပေါ် စင်ကာပူသားများ၏ သဘောထားနှင့်
ပတ်သက်၍ မကြာသေးခင်က လေ့လာစစ်ဆေးမှုထက် လီက အကောင်းမြင်မှု ပိုပိုနည်းသည်။ ကျွန်တော်တို့၏ အစည်း
အဝေးတစ်ခုတွင် သူက လူမျိုးပေါင်းစုံ ကမြဲဖြင်းများပါဝင်သော ပဲဆွယ်ပွဲတစ်ခုအား သူ တက်ရောက်ခဲ့ပုံအကြောင်း ပြန်ပြော
ပြသည်၊ ၎င်းတို့ကို ကြုံဖန်ပြုလုပ်ထားသည်မှာ သူတွေ့မြင်သည်၊ ၎င်းက သရုပ်မှန်ကို ထင်ဟပ်မြင်ခြင်းထက် လှုံ့ဆော်မှု
ပြုလုပ်သည့် မစ်မှတ်တစ်ခုဖြစ်သည်၊

"ဒါဟာ ကျွန်တော်ကို ဘယ်တော့မှ အပြည့်အဝမရောက်နိုင်တဲ့ စံပုံစံတစ်ခုပါ၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ဒီစံပုံစံ နှိ
တာကြောင့် ကျွန်တော်တို့ တိုးတက်မှု ဆက်လက်ပြုလုပ်လိမ့်မယ်"

Scanned by CamScanner

ဟု သူကပြောသည်၊ ဝန်ကြီးချုပ်အဖြစ် တရုတ်လူမျိုးမဟုတ်သူ တစ်ယောက်မှ မရှိခြင်းနှင့်ပတ်သက်၍ စင်ကာပူ သားများ ဒွိဟစိတ်မရှိကြောင်း ပြသသည့် လေ့လာစစ်တမ်းများတွင် လိုက မယုံသက်ဖြစ်နေသည်၊

"လုံးဝ အဲဒီဟာယ်မရှိဘူး"

၂၀၀၇ ခုနှစ်က အပြည်ပြည်ဆိုင်ရာ လေ့လာသင်ကြားမှု အက်ရာဂျာရက်နမ်ကျောင်းတော် လူမျိုးရေးနှင့် ဘာသာရေးလေ့လာစစ်းစစ်မှု တစ်ခုအကြောင်းကို သူပြောသည်၊ ထိုလေ့လာဆန်းစစ်မှုထဲတွင် တရုတ်လူမျိုး ရာခိုင်နှုန်း ၉၀ ကျော်က အိန္ဒိယတစ်ယောက်၊ သို့မဟုတ် မလေးတစ်ယောက်ကို ဝန်ကြီးချုပ်အဖြစ် သူတို့ လက်ခံနိုင်ကြောင်း ဖဲပေးကြသည်၊

"ဒီပဲတွေကို ခင်ဗျား ယုံသလား၊ နိုင်ငံရေးအရ မှန်ကန်တာကို သူတို့ပြောတယ်"

ဖြုံကြည့်လျှင် စင်ကာပူ၏ အရှယ်အစား၊ ပထဝီဆိုင်ရာ အနေအထားနှင့် လူမျိုးပေါင်းစုံ၊ ဘာသာရေးပေါင်းစုံ ပေါင်းစပ်ဖွဲ့စည်းမှုတို့ကြောင့် အုပ်ချုပ်မှုကို အများနှင့်မတူဘဲ ရှုပ်းကပ်ဖို့လိုအပ်သည်၊

"စင်ကာပူဟာ သာမန်နိုင်ငံတစ်ခုဖြစ်တယ်၊ ကျွန်တော်တို့ကို ဒိန်းမတ်နဲ့ နယူးဇီလန်၊ ဒါမှမဟုတ် လီဗျက်စတိန်နဲ့ လူဇင်ဘတ်နဲ့တောင် နှိုင်းယှဉ်နိုင်တယ်လို့ စင်ကာပူသားတွေ မှတ်ယူနေကြတာကို ကျွန်တော် စိုးရိမ်ပူပန်တယ်"

ဟု သူက ကျွန်တော်တို့ကို အကြိမ်ပေါင်းများစွာ ပြောပြသည်၊ စမ်းသပ်လေ့လာခြင်းအတွက် ကျယ်ပြန့်သော လုပ်ဆောင်ပိုင်ခွင့်၊ သို့မဟုတ် ကျေနပ်ဂုဏ်ရဲမှု၊ စင်ကာပူပေးစွမ်းနိုင်ခြင်းမရှိဟု သူက အကျိုးကြောင်းသင့်ပြောသည်၊

"ဒီအခြေအနေတွေကို ကျွန်တော်တို့ လျစ်လျူရှုရင် ကျွန်တော်တို့ ပြောင်းတဲ့ ရောက်သွားကြလိမ့်မယ်"

သူကပြောသည်၊

ဒိန်းမတ်၊ သို့မဟုတ် ဆွီဒင်က အလယ်အလတ်တန်းစား အစိုးရနှင့် အလုပ်ဖြစ်အောင် လုပ်နိုင်သည်၊ သို့သော် စင်ကာပူအတွက်မူ အလယ်အတန်းစားဖြစ်ခြင်းက ကျဆုံးခြင်းနှင့် မဆီလျော်ခြင်းဆီသို့ ဦးတည်နေသော ကုန်းလျှောကို ဆိုလိုသည်၊ လိအဖို့မူ သာမန်ထက်ထူးခြားသော ပင်ကိုယ်အရည်အချင်းအား ချုပ်ထိန်းထားခြင်းက အကြပ်အတည်း ဖြစ်နေသည်၊ အဓိက အဖွဲ့အစည်းများနှင့် အစိုးရကို ပဲ့ကိုင်နိုင်သော အရည်အချင်းနှင့် ရိုးသားဖြောင့်မတ်မှုရှိသော လူများမရှိလျှင် ထိုနေရာသည် နိမ့်ဆင်းကျသွားလိမ့်မည်၊

"ထိပ်ပိုင်းမှာ ရည့်နဲ့တဲ့လူတွေရှိတာနဲ့တစ်ပြိုင်နက် စနစ်တစ်ခုလုံးဟာ တဖြည်းဖြည်း နိမ့်ကျလာလိမ့်မယ်၊ အဲဒါဟာ မလွဲမသွေဖြစ်လိမ့်မယ်"

ပျော့ကွက်ဟာကွက်နှင့် ပတ်သက်၍ ဤစိုးရိမ်ပူပန်မှုက နောက်ဆုံး၌ PAP ပါတီ၏ အာဏာလက်ဝဲကြီးအုပ်ခြင်းနှင့် နိုင်ငံရေးပြိုင်ဆိုင်မှု လိုအပ်ချက်ကို တရားမျှတစေမည့် နည်းလမ်းတစ်ခု ဖြစ်လာမည်လား၊ လိက ဤမြော်ဆိုမှုကို ဒေါသဖြစ်သည်၊ PAP အတွက် ပိုပိုကောင်းမွန်သော အစားထိုးတစ်ခုကို သူတို့ ကမ်းလှမ်းနိုင်ကြလျှင် သူတို့ကို ကြိုဆိုကြလိမ့်မည်၊ PAP ၏ အနာဂတ်ကို သူ စိတ်မဝင်စားချေ၊ တိုင်းပြည်၏ အနာဂတ်နှင့် ငင်းကို သူတတ်နိုင် သောနည်းဖြင့် ကြံခိုင်အောင် ပြုလုပ်ခြင်းတို့ကို သူ စိတ်ဝင်စားသည်၊

"ဒါဟာ PAP လား၊ တခြားအစိုးရလားဆိုတာကို ကျွန်တော် စိတ်မဝင်စားဘူး၊ ကျွန်တော်က ဒီသွင်ပြင်ရှုထောင့်ထက် သာလွန်တယ်"

သူကပြောသည်၊

Scanned by CamScanner

"တကယ်စွမ်းဆောင်နိုင်တဲ့လူတစ်ယောက်က ကျွန်တော်တို့နဲ့ တူညီတဲ့ အစားထိုးတစ်ခုကို ဖော်ဆောင်နိုင
"ကောင်းတယ်" လို့ ကျွန်တော်ပြောမယ်၊ အဲဒီအခါကျရင် သင့်တင့်လျောက်ပတ်တဲ့ အစားထိုးတစ်ခုကို ကျွန်တော်
ရနေပြီ"

နှစ်ကာလကြာသောအခါ စင်ကာပူ၏လုံခြုံရေးက ပညာရှင်တို့ စူးစမ်းလေ့လာရသောကိစ္စ ဖြစ်လာသ
စင်ကာပူ-မလေးရှား ပူးပေါင်းမှုက အိမ်နီးချင်းဆက်ဆံရေးကိစ္စထက် များစွာ ပိုမိုသာလွန်နေသည်။ ယင်းတို့က ပြည်တ
နိုင်ငံရေးအပေါ် အကျိုးသက်ရောက်မှု ရှိနေသည်၊ အဘယ်ကြောင့်ဆိုသော် အသီးသီးက အခြားသူ၏ ဖြစ်တည်မှုထဲ
ဖယ်ရှားရန် ခက်ခဲနေကြသောကြောင့်ဖြစ်သည်၊

မလေးရှားနှင့် ဒက်ရာဒက်ချက်များသော ၂၃ လကြာပူးပေါင်းမှု အဆုံးသတ်ပြီးနောက်၌ ၁၉၆၅ ခုနှစ်၊ ဩဂုတ်
၉ ရက်နေ့တွင် စင်ကာပူ လွတ်လပ်ရေးရခဲ့သည်၊ စင်ကာပူနိုင်ငံရေး သိပ္ပံပညာရှင် ဘေဝီယာဆင်းက စင်ကာပူနှင့် မလေး
၏ဆက်ဆံရေးကို "အကြီးအကျယ် ပျက်စီးခြင်းလက္ခဏာ" သို့မဟုတ်၊ "တံခါးဝမှ ရန်သူ" သဘောထားအနည်းငယ် ရှေ
နေသည်ဟု ရှုမြင်သည်၊ ပြီးတိုသျှပညာတတ် မိုက်ကယ်လေဖာက နှစ်ဖက်စလုံးမှ ခေါင်းဆောင်မျိုးဆက်များ၏ စိတ်ဓာ
ချက် သဘောထားများမှာ နိုင်ငံရေးဒဏ္ဍာရီဖြစ်လာနိုင်ကြောင်းနှင့် ၁၉၆၅ ခုနှစ် အဖြစ်အပျက်များနှင့် အရင်းနှီးဆုံး ဆက်နွယ
ခဲ့ကြသူများ မရှိကြတော့ခြင်းက နှစ်ဦးနှစ်ဖက်ဆက်ဆံရေးတွင် စိတ်ဓာတ်စားချက်များကို လျော့ချခဲ့နိုင်ကြောင်း သုံးသပ်သည်

တိုင်းပြည်၏ ပျော့ကွက်ဟာကွက်ဆိုသည် ချဲ့ကားခြင်းဖြစ်သည်ဟူသော ထင်မြင်ချက်နှင့် ပတ်သက်လျှင် ဂ
ထင်ထင်ရှားရှား ဒေါသဖြစ်သည်၊

"လူဝယ်လူရွယ်တိုင်းရဲ့ ၂ နှစ် (အရွယ်ရောက်သူတိုင်း လက်နက်ကိုင်အဖွဲ့အစည်းများတွင် ၂ နှစ် အမှုထမ်းဆော
ရခြင်း)၊ GDP (စုစုပေါင်း ပြည်တွင်းထုတ်ကုန်) ရဲ့ ၅ ရာခိုင်နှုန်းနဲ့ ၆ ရာခိုင်နှုန်း၊ ခြင်းချင်းမှတွေ့ စုဆောင်းတဲ့၊ စိစစ်တဲ့ အစိုး
ဒါတွေကို ကျွန်တော်တို့ ထင်ယောင်ထင်မှား လုပ်နေကြတာလား"

သူက အမျိုးသားတာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်၍ စင်ကာပူ၏ ခေါင်းမာသော မူဝါဒ၊ ကာကွယ်ရေးအသုံ
စရိတ်နှင့် အခွန်ဘဏ္ဍာဆိုင်ရာ သတိပေးထောင်ရွက်ခြင်းတို့ကို ညွှန်းဆိုလျက် အာမေဋိတ်သံဖြင့် ပြောသည်၊

"ဒါကြောင့် ကျွန်တော်တို့မှာ ပျော့ကွက်ဟာကွက်မရှိဘူးလို့ ခင်ဗျား ကျွန်တော့်ကို ပြောပြတဲ့အခါ "ဘုရားရေ" လို့
ကျွန်တော်ပြောမယ်"

ဤအင်တာဗျူးများတွင် စင်ကာပူ၏ ပျော့ကွက်ဟာကွက်အပေါ် လိုရင်း စိတ်အာရုံဝင်စားမှုအတွက် ထင်ရှားစွာ လ
မှုန်၊ သူ အသိပေးရမည်ဟု ဆိုသော ဆိုလိုရင်းပင်ဖြစ်သည်၊ များစွာတို့ကို အနိုင်အမာအခြေစိုက်ပြီး ဖွဲ့စည်းတည်ထောင်နိုင်သော် ဤအပြု
လည်း အချို့သော သတ်မှတ်ချက်များက လုံးဝ ကွဲပြားခြားနားသော ဘဝအတွေ့အကြုံရှိသည့် မျိုးဆက်များဆီသို့ လက်
ဆင့်ကမ်းရန် ခက်ခဲသည်၊ ၎င်းအပြင် အချိန်ကာလသည် ကုန်လွန်နေသည်၊ အသက် ၈၆ နှစ်အရွယ်၌ သူ၏ သေခြင်း
တရားကို သူကောင်းကောင်း သိရှိနေသည်၊ သူ ကျန်းမာရေးကောင်းနေပြီး သွားနိုင်လာနိုင် ဖြစ်နေသေးသော်လည်း
သူ၏ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဘက်များနှင့် သက်တော်ရွယ်အမတ်များ (oldgurad generatin)မျိုးဆက်မှ လူယုံများ
က ကွယ်လွန်ကြကုန်ပြီ၊ ၂၀၁၀ ဆို ရောက်သောအချိန်တွင် သူ၏ အတွင်းစည်းအသိုင်းအဝိုင်းသည် ကာလကြာရှည်
ကတည်းက ပျောက်ကွယ်သွားခဲ့ပေပြီ၊ သူတစ်ယောက်တည်းသာ ရှိလုမတတ်ဖြစ်နေသည်

Scanned by CamScanner

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် နှစ် ၆၀ ကျော် လူယုံတော်ဖြစ်ခဲ့သူ သူဇနီး ကွယ်လွန်ခဲ့သည်၊ သူမ၏ နာမကျန်းဖြစ်မှုက စောစောပိုင်းကာလ၊ ၂၀၀၃ ခုနှစ်ကတည်းက အစပြုခဲ့သည်၊ တိုးဝင်ကာ လန်ဒန်သို့ အလည်အပတ် ခရီးသွားနေစဉ် သူမ လေသင်တုန်းဖြတ်ခဲ့သည်၊ သူမ ပြန်လည်သက်သာလာပြီး၊ ပြည်တွင်း ပြည်ပသို့ သူနှင့်အတူ ခရီး ဆက်လက်ထွက်နေစဉ် အခြားအဖြစ်အပျက်များက လိုက်ပါလာသည်၊ ၂၀၀၈ ခုနှစ်တွင် သူမ အိပ်ရာထဲ ဘုံးဘုံးလဲပြီး စကားပြောဆိုရန် အကြီးအကျယ် ခက်ခဲလာသည်၊ ကျွန်တော်တို့ အင်တာဗျူးပြုလုပ်နေစဉ် ကာလအတွင်း၌ လီက သူမကို ညဘက်တွင် နောက်ဆုံးသတင်းများနှင့် သူမအကြိုက် ကဗျာများ သူ ဖတ်ပြကြောင်း ကျွန်တော်တို့ကို ပြောပြသည်၊

သူမ၏ နာမကျန်းဖြစ်မှုကြောင့် အိပ်ထောင်ထိန်းသိမ်းရသော ကိစ္စများ၊ (အိပ်ဖော်များကို လစာပေးခြင်းကဲ့သို့ ကိစ္စများ) ပြုလုပ်ရခြင်းနှင့် တစ်ဦးတည်း စားသောက်ရခြင်းတို့ကဲ့သို့ သူ၏ လုပ်ရိုးလုပ်စဉ်များ ပြောင်းလဲခဲ့ပုံကို အမှုမဲ့ အမှတ်မဲ့ သူဖော်ပြသည်၊ အတူတကွနေထိုင်ခဲ့ကြသော သူတို့၏ ကိုယ်ပိုင်ဘဝကို အသေးစိတ် ထုတ်ဖော်ပြသောအခါ သူ စိတ်ခံစားမှု အနည်းငယ်သာပြသသော်လည်း သူခံစားနေရသော ဟာလာဟင်းလင်းဖြစ်မှုနှင့် ရှည်လျားခြင်္အဖြစ်အပျက်စုံလင်သော ဘဝ၏ နောက်ဆုံးအချိန်သို့ ရောက်လာခြင်းကို သိသာထင်ရှားစွာ ခံစားရမှုတို့က သံသယဖြစ်စရာ မလိုချေ၊

၂၀၀၆ ခုနှစ်တွင် သူက သူ စုဆောင်းရယူခဲ့သော ပညာဗဟုသုတကို ကျဉ်သို့ ညွှန်းဆိုပြသည်၊

"ငယ်ရွယ်တဲ့ ဝန်ကြီးတစ်ယောက်အနေနဲ့ ကောင်းကောင်းနားလည်ဖို့ အဆိုန်အတော် ယူရမယ်လို့ ကျွန်တော်ထင်တဲ့ အချက်အလက်ဒေတာဘင့်စ်တွေ ဒီမှာရှိတယ်၊ ကွန်ပျူတာတစ်ခုလို အဲဒါကို သမ့်ဒရိုက်ထဲ ကျွန်တော် ထည့်နိုင်တယ် ဆိုပါစို့၊ ဒါဆိုရင် သူတို့အဲဒါကို အဆက် (သုံးစွဲခွင့်) လုပ်နိုင်ကြလိမ့်မယ်"

သူ၏ ကက်ဘိနက် လုပ်ဖော်ကိုင်ဖက်များပင်လျှင် သူ၏အတွေးအကြုံများကို ချက်ချင်း ဒေါင်လုပ်ကူးမယူနိုင် ကြ-လျှင် အစိုးရအပြင်ဘက်မှ ငယ်ရွယ်သော အခြားစင်ကာပူသားများ (သူတို့အတွက် အတိတ်မှ ဂျန်းကန်တိုက်ခိုက်မှုများ ကဗတ်စာအုပ်များထဲမှ အကြောင်းအချက်များလောက်သာ ဖြစ်နေကြသည်) ဘာလုပ်နိုင်ကြမည်နည်း၊

ဤစာအုပ်အတွက် သုတေသန အစိတ်အပိုင်းအဖြစ် ငယ်ရွယ်သော ပူးပေါင်းဆောင်ရွက်သူများက ငယ်ရွယ်သော ပြည်သူ ၁၅၀ ကို အင်တာဗျူးပြုလုပ်ကြရာ လူများစွာတို့က လီကို အခြားခေတ်ကာလမှ ဒဏ္ဍာရီဆန်သော ပုဂ္ဂိုလ်တစ်ယောက် အဖြစ် မှတ်ယူကြသည်ကို တွေ့ရှိကြသည်၊ ဝေးလံသော၊ တသီးတခြားတည်ရှိသော၊ ကြောက်လန့်စရာကောင်းသော၊ ကြည်ညိုမြတ်နိုးဖွယ် အစရှိသည့် ဤအရာများအားလုံးက စဉ်းစား၍ရရှိသော နာမဓိဿနများဖြစ်ကြသည်၊ သူက သက်ကြီးရွယ်အိုများထံမှ သူတို့ကြားဖူးခဲ့ဖော်လည်း မည်သည့်အခါမှ မဆုံတွေ့ခဲ့ဘူးသော၊ သို့မဟုတ် သူတို့၏ဘဝတွင် သိရှိနိုင်မလိုအပ်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်၊

စင်ကာပူနိုင်ငံသားများအကြားမှ မျိုးဆက်ဆိုင်ရာ လုံးလုံးလျားလျား ကွဲပြားခြားနားမှုကို ကျွန်တော်တို့၏ အဝေးများတွင် လီ အသိအမှတ်ပြုသည်၊ သူ၏ ကိုယ်ပိုင်မျိုးဆက် အတွေ့အကြုံကို ပြန်လည်မထုတ်လုပ်နိုင်တော့ချေ၊ စင်ကာပူ၏ အထူးသီးသန့်ဖြစ်နေသော အခြေအနေကို သူတို့ နားလည်ကြသည်၊ ငယ်ရွယ်သော မျိုးဆက်ကလည်း ထိုသို့ သိရှိလိမ့်မည်၊ ထိုသိရှိနားလည်မှုက သူတို့ကို အလုပ်ကြိုးစားရန်နှင့် တိုင်းပြည်အတွက် အမှုထမ်းဆောင်ဖို့အတွက် ပြင်ဆင် ထားရန် အလန်တကြားဖြစ်စေသည်၊ တိုင်းပြည်ရေမှ အကန့်အသတ်ဖြစ်နေသော ရွေးချယ်စရာများကို အသိအမှတ်ပြုခြင်းက အစားထိုး အနောက်တိုင်း လူ့အဖွဲ့အစည်းပုံစံများကို ထောက်ခံရန် သူတို့မစဉ်းစားကြပေ၊ ရှေ့နောက်မျှော်တွေး စဉ်းစားမှုကိုလည်း ပမာဏအနည်းငယ် ဖွံ့ဖြိုးတိုးတက်စေလိမ့်မည်၊

Scanned by CamScanner

အင်တာဗျူးထဲမှ အချို့သော နေရာများတွင် လီက ဖြစ်ပေါ်နေသော ဘက္ကာရေးဆိုင်ရာ ကျဆင်းမှုကဲ့သို့သ
အတည်းအသစ်များက အဖြစ်မှန်သဘော၊ စင်ကာပူ၏ ထူးခြားသော အခြေအနေသဘောကို ထုရိုက်ပုံဖော်ကူညီမည်ဟု
အသံထွက်လျက် တွေးတောစဉ်းစားချင်သည်၊ သို့သော် အလားတူ အရိပ်အမြွက်ဖြင့်ပင် သူက အစိုးရပြုမူဆောင်ရွက်
အကြပ်အတည်း၏ အကျိုးသက်ရောက်မှုကို အတော်သက်သာအောင် အမှန်တကယ်ပြုလုပ်နေကြောင်းကို လက်ခံပုံ
ငင်းသည် အစိုးရ၏ ရှောင်လွှဲ၍မရသော အကြပ်အတည်းဖြစ်ခဲ့သည်၊ အစိုးရက စင်ကာပူ၏ အကျိုးစီးပွားကို အမှုဆောင်
ပေးရန် ကြံရွယ်ခဲ့သည်၊ သို့သော် ၎င်း၏ မဆုတ်မနစ်ပြုလုပ်သော အောင်မြင်မှုကြောင့် နိုင်ငံသားများက အစိုးရအ
ရောက်စွာ အရေးယူဆောင်ရွက်နိုင်အောင် ပြုလုပ်သော အထူးတလယ် အခြေအနေများကို ပေါ့ပေါ့တန်တန် သဘော
ကြဖို့ ပိုမိုဖြစ်လာနိုင်သည်၊ တိုင်းပြည်၏ ရွေးချယ်မှုများသည် ၎င်း၏ ထူးကဲသော အခြေအနေများကြောင့် အပြတ်မ
အသက်ရှိနေမည်ဆိုသည်ကို စင်ကာပူသားများ သိရှိကြစေရန် သူ၏ အကျင့်သိက္ခာအာဏာကို အသုံးပြုလျက် သူ့အမြဲ
သူပြုလုပ်ရန် လီက သံန့်ပြန်ချထားသည်၊

လီက အင်တာဗျူးပြုလုပ်ဖို့အတွက် အလွယ်ကူဆုံး လူတစ်ယောက် မဟုတ်ချေ။ ရံဖန်ရံခါ၌ သူက တုံးတိတိ
မကြာခဏ စိတ်တိုရှိ၍ ရန်လိုတတ်သည်၊ အတားအဆီးမရှိသော အင်တာဗျူးပုံစံကို သူ သဘောတူခဲ့သော်လည်း
များက သူ စိတ်မရှည်သော ရှုထောင့်အမြင်များကို ထင်ဟပ်ပြသည်ဟု ခံစားမိသောအခါ စိတ်အနောင့်အယှက်ဖြစ်ခြင်း
သူ ဖုံးကွယ်မထားချေ၊ ထိုအခါများတွင် သူ့ရှေ့မှ သတင်းစာဆရာများက သူ၏ မျက်လုံးထဲ၌ သူ၏ သဘောတရား
ပြိုင်ဘက်များ၏ ကိုယ်စားလှယ်များဖြစ်လာကြပြီး ထိုသို့ဖြစ်လာသည်နှင့်အညီ သူတို့ ပြစ်တင်ဝေဖန်ခံကြရတော့သည်
သို့သော် အခြားသော အချိန်များတွင် လုပ်ကိုင်ဆောင်ရွက်မှုကို သူ သဘောကျနှစ်ခြိုက်ပြီး တစ်ခါတစ်ရံ၌ ကျယ်ပြန့်
ဟောပြောချက်ကို ...

"ဒီဇာတ်လမ်း ခင်ဗျားကို ကျွန်တော် ပြောပြီးပြီလား"

ဟူသောစကားဖြင့် နိဒါန်းပို့သည်၊

အသက်အရွယ်ကြောင့် ဖြစ်ပေါ်လာသော ချည့်နဲမှုကို နိုင်နင်းစွာ ရင်ဆိုင်နေရသော လူတစ်ယောက်၏ လက္ခ
အမှတ်အသားများကလည်း ထင်သာမြင်သာဖန်သည်၊ တစ်ဖန်တွင် ဖြည့်ပြည်ဖိနှိပ်မှုများစီးလျက် သူ ရှုပ်တိုက်လာသည်၊
ခြေချောင်းများက ရောဂါပိုး ကူးစက်ခံရသည်၊ မလေးရှားသို့ သူ ခရီးသွားခဲ့ပြီးနောက် (ထိုနေရာတွင် ကွပ်တန်မှ သူ
ဟိုတယ်ခန်း၌ လေ့ကျင့်ခန်းလုပ်ဖော စက်ဘီးပေါ်မှ သူ ပြုတ်ကျခဲ့သည်) ကြံဖန်ပြုလုပ်ထားသော ကုထုံးဆိုင်ရာ ကိရိ
ပစ္စည်းတစ်ခုဖြင့် သူ ပေါ်ထွက်လာသည်၊ ၎င်းက နှိပ်ယွန်အရောင်ရှိသော ကြိုးခုန်သည့်ကြိုးဖြင့် သူ့ခြေထောက်ကို ပတ်
ဝသော အပူပေးအပြားတစ်ပြားဖြစ်သည်၊

ကြမ်းပြင် စက်ဘီးစီးခြင်းဆီသို့ ပြောင်းလဲပြီးနောက်တွင် သူ၏ အကြောအချဉ်တောင့်တင်းမှုက နောက်တ
ဆီသို့ ရောက်လာသည်၊ အပူပေးအပြားကလည်း ထိုနေရာသို့ လိုက်ပါလာရသည်၊ ခြောက်ကပ်နေသော လည်ပျိုကို အ
တတ်ရစေရန်အတွက် စပရစ်ဇာအရည်ဖန်ပုလင်းကို အကြိမ်ပေါင်းများစွာ သူ အသုံးပြုရသည်၊ တစ်ခါ၌ အာမေနီယား
ခရီးသွားနေစဉ်အတွင်း အဆုတ်ရောင်ရောဂါဖြစ်သဖြင့် သူ အတန်ငယ်ရှုံးနိုင်သောအခါ အစာကို ပိုက်ဖြင့်သွင်းရသည်၊
သို့ဖေသော်လည်း ပင်ပန်းခွန်းနယ်ခြင်းနှင့် ပတ်သက်၍ သူ တစ်ကြိမ်တစ်ခါပင်လျှင် ညည်းညူခြင်းမရှိချေ။ အင်တာ
ဗျူးများက ဝန်းပေါလေအောများပြားလှသော သူ၏ မှတ်ဗိသိရှိမှုများမှ သာမကဘဲ အာရှနှင့် ကမ္ဘာမှ နောက်ဆုံးဖြစ်ပေါ်
တိုးတက်မှုများမှလည်း ထုတ်နှုတ်ယူကြသည်၊ တရုတ်တို့၏ အစိုးရောင်စွမ်းအင် လိုဘများပါဖြစ်ဖြစ်၊ ကျပန်မှ ရွေးကောက်ပွဲ

Scanned by CamScanner

ဖြစ်ဖြစ် အခြေအနေနှင့် ထင်ရှားစွာသူ ရင်ဘောင်တန်းနေသည်။ ပြည်တွင်းမူဝါဒ အသေးစိတ်ကို သူနိုင်နင်းကျွမ်းကျင်မှုနည်းနေသော အချိန်တွင် ၎င်းတို့၏ ယေဘုယျတွန်းအားကို သူ ပိုမိုရင်းနှီးကျွမ်းဝင်သည်။ ကမ္ဘာအဖြစ်အပျက်များနှင့် အချိန်တစ်ပြေးညီ ဖြစ်နေစေရန် သူကိုယ်သူ အသေးစိတ် ဂရုစိုက်ထားရှိသည်။ သတင်းစာများကို နေ့စဉ် သူတော်ရပြီး သူ၏ ရုံးခန်းထဲတွင် ရေဒီယိုက ဘီဘီစီကမ္ဘာသတင်းကို အမြဲတမ်း ကြေညာနေသည်။

နောက်ဆုံးအင်တာဗျူးတွင် သူသဘောကျအနုပ်ပြိုက်ဆုံးဖြစ်သော ခေါင်းဆောင်များအကြောင်း သူ့ကို ကျွန်တော်တို့ မေးကြသည်။ အတိတ်ကမိန့်ခွန်းများနှင့် သူ၏ ကိုယ်တွေ့မှတ်တမ်းများတွင် တိန့်ကျောင်ဖိန်ကို သူ ဖော်ပြခဲ့သည်။ ကျွတစ်ကြိမ်၌မူ ပြင်သစ်ပဉ္စမရီပတ်ဘလစ်သမ္မတ ချားလ်ဒီဂေါလ်နှင့် ငြိတိန်စစ်အတွင်း ဝန်ကြီးချုပ် ဝင်စတန်ချာချီတို့ကိုလည်း သူ အမည်ဖော်ပြသည်။ ချာချီ၏ ကျော်ကြားသော "ကမ်းခြေပေါ်မှာ ကျွန်တော်တို့ တိုက်ခိုက်သင့်တယ်" မိန့်ခွန်း စကားကို သူကိုးကားသည်။

ကျဆုံးခါနီးအချိန်တွင် သူ၏ပြည်သူများကို လုံခြုံစေစုစည်းရန်အတွက် အခွင့်မသာမှုများကို ဒီဂေါလ် မည်ကဲ့သို့ တိုက်ခိုက်ပုံကို သူ ပြန်လည်ပြောပြသည်။ သူစကားပြောသောအခါ သူ့မျက်လုံးများက တောက်လက်နေကြပြီး သွားများက တဂျစ်ဂျစ် ကြေတ်နေသည်။ လက်နှစ်ဖက်စလုံးကို သူ လက်သီးဆုပ်ပြီး သူ့အသံက အပြင်သို့ ကန်ထွက်မလာစင် လည်ချောင်းထဲတွင် အင်အားစုနေသည်။ ထိုအခိုက်အတန့်တွင် ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များက ငယ်ရွယ်သော ခေါင်းဆောင်အဖြစ် သူ၏ပြည်သူများကို သူ စုစည်းစဉ်အခါက သူဖော်ပြခဲ့သော ခက်ထန်သည့် ထိုသံနှိုင်္ဂါန်က သူ့မျက်နှာပေါ်၌ ပေါ်ထွက်လာသည်။

တိုက်ခိုက်ရေးသမားတစ်ယောက်အဖြစ် လီ နောက်တစ်ကြိမ် ပြန်လည်မွေးဖွားလာသည်ကို သူတို့ အမှတ်ရမိကြသည်။ ကျွန်လူသည် တိုင်းပြည်တစ်ခု၊ ပြည်သူတစ်စု၏ ဂုဏ်သန်ခြင်းနှင့် သေဆုံးခြင်း၊ အန္တရာယ်နှင့် လွတ်မြောက်ခြင်း၊ အောင်မြင်ခြင်းနှင့် ကျဆုံးခြင်း အစရှိသည့် အဖြစ်အပျက်များကို ကြီးကျယ်ခမ်းနားစွာ ဖွင့်ဟပြခဲ့ရာတွင် ကြီးကြပ်ကွပ်ကဲခဲ့သော ခေါင်းဆောင်ဖြစ်သည်။ စင်ကာပူသည် မော်ကွန်းတင်လောက်သော ထိုအပြောင်းအလဲ အခိုက်အတန့် တွင် မရှိတော့ချေ၊ သို့သော် ထိုအချိန်ပြန်ရောက်လာသောအခါ ၎င်း၏ တည်ထောင်သူဖခင်ကဲ့သို့ အလားတူ တိုက်ခိုက်လိုသော စိတ်တတ်သည် ၎င်း၏ အထောက်အပံ့အင်အားများထဲတွင် ရှိနေမည်လား။ ကျွန်မေးခွန်းကို ငယ်ရွယ်သူသာ အဖြေပေးနိုင်လိမ့်မည်။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

ကျွန်တော်တို့မှာ ပျော့ကွက်ဟာကွက်မရှိရင်
ကာကွယ်ရေးအတွက် စုစုပေါင်း ပြည်တွင်းထုတ်ကုန်ရဲ့
၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းကို တစ်နှစ်ပြီးတစ်နှစ်
ဘာကြောင့်သုံးစွဲနေကြမှာလဲ။
ကျွန်တော်တို့ ရှုံးနေကြလို့လား။

Scanned by CamScanner

ဖေး - ဘေးဒုက္ခဆိုးကြီးကို ကြောက်ရွံ့ရင်း၊ အပြတ်မီးဝန်းထိုင်ရတာ အပါအဝင်၊ စင်ကာပူကို စင်ကျားရဲ့ စိတ်ကူးထဲမှာ ရုတ်တရက် ကျရောက်လာနိုင်တဲ့ ဘေးဒုက္ခကို အပြေကြောက်ရွံ့ပြီးနေရမယ့် နိုင်ငံအဖြစ် ဖန်တီးထားတယ်လို့ သတင်းဝေဖန်သူအချို့က ပြောကြတယ်၊ အလုံးစုံကို ထုံးရိုးသွားနိုင်တယ်လို့ စင်ကျားဘက်ကပြန်ဝန်ခံရသလဲ၊ စင်ကာပူလုံးဝကျဆုံးသွားနိုင်တယ်လို့ စင်ကျား ဘာကြောင့် ဒီလောက် ဝိုးရိပ်မှုပန်ဝန်ရတာလဲ၊

ဖြေ - စင်ကာပူဟာ သာမန်တိုင်းပြည်တစ်ခုဖြစ်ပြီး ကျွန်တော်တို့ကို ဒိန်းမတ်နဲ့ နယူးဇီလန်၊ အီမာဟုတ် လီဝှင်းတင်နဲ့ လူဇင်ဘတ်တို့နဲ့တောင် နိုင်းယှဉ်နိုင်တယ်လို့ စင်ကာပူသားတွေ မှတ်ယူဝန်ကြတာကို ကျွန်တော် ဝိုးရိပ်မှုပန်တယ်၊ ကျွန်တော်တို့ဟာ အလွန် ဝရုန်းသုန်းကားနိုင်တဲ့ဒေသမှာ ရှိနေကြတယ်၊ အကောင်းမြင်တဲ့နည်းလမ်းနဲ့ သူတို့ကိုယ်သူတို့၊ ကျန်ရှိတဲ့ အိမ်နီးချင်းတွေနဲ့ ကွဲပြားခြားနားအောင်လုပ်ပြီး ကျွန်တော်တို့ကိုယ်တိုင်ကို ကာကွယ်ပေးနိုင်တဲ့အစိုးရတစ်ခုနဲ့ပြည်သူတစ်ဝက ကျွန်တော်တို့မှာမရှိရင် စင်ကာပူဟာ ရပ်တည်မှု ဆုံးပြတ်သွားလိမ့်မယ်၊ အဲဒါဟာ ကျွန်တော့်ဖျိုးဆက်ရဲ့ အမြင်သာလျှင်မဟုတ်ဘူး၊ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေထဲကို ရောက်လာကြတဲ့ လူတွေ၊ အဲဒီရာထူးကို လေ့လာသင်ကြားကြတဲ့လူတွေရဲ့ အမြင်လည်း ဖြစ်တယ်၊ ခွဲစိတ်ဆရာဝန်ဖြစ်တဲ့ "အေင်ဟင်း" ပဲဖြစ်ဖြစ်၊ အရင်က ပညာတတ်တစ်ယောက်နဲ့ ရှေ့နေတစ်ယောက်ဖြစ်တဲ့ ရေမွန်လင်ပဲဖြစ်ဖြစ်၊ မျက်စိခွဲစိတ်ကုဆရာဝန် "ဝီဝီယန်ဘာလာကရှစ်ရှနန်" ပဲဖြစ်ဖြစ် သူတို့အားလုံးဟာ အဝ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခြေအနေကို နားလည်ကြတယ်၊ ဒီအခြေအနေကို ကျွန်တော်တို့ လွှစ်လျူရှုရင် ပြောင်းဆဲရောက်သွားကြလိမ့်မယ်၊

ကျွန်တော်တို့မှာ ကျွန်တော်တို့ကို ကြီးပွားချမ်းသာအောင် ကူညီရင်တဲ့ အိမ်နီးချင်းဝတွေ မရှိဘူး၊ ကျွန်တော်တို့ကြီးပွားချမ်းသာကြတဲ့အခါ သူတို့ရဲ့ဥစ္စာဝနဝတွေကို ကျွန်တော်တို့ ရယူနေတယ်လို့ နစ်ပေါင်းများစွာ သူတို့ယုံကြည်နေကြတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုကြိုဆိုတဲ့ ကျွန်တော်တို့ရဲ့ဝီးပွားရေးမူဝါဒက သူတို့နဲ့ ကွဲပြားခြားနားတာကို သိလာကြတော့ သူတို့လည်း အလားတူမြှုပ်နှံမှုအတွက် စိတ်ပါဝင်စားကြတယ်၊ ကျွန်တော်တို့ ကာလရှည်ကြာရှည်စွာ ရှင်သန်ရပ်တည်နေတာကြောင့် ဒီဒေသမှာ ရွှေကြာပင် ဖြစ်နေကြတယ်၊ ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေကို အများဆုံးဖြစ်အောင်လုပ်ပေးနိုင်မယ့် သန့်ရှင်းတဲ့ စနစ်တစ်ခု ကျွန်တော်တို့မှာရှိရင် အခြည်နှီးခြည်ဆိုင်ရာ မတ်တန်းကွင်းအခြေအနေကြောင့် ကျွန်တော်တို့ နောက်ထပ် နှစ် ၅၀ - ၁၀၀ အေးအေးဆေးဆေး ရှင်သန်ရပ်တည်နေနိုင်တယ်လို့ ကျွန်တော် ယုံကြည်တယ်"

ဖေး - "ဝိုင်မာသန့်ရှင်းတဲ့စနစ်" ဆိုတာ စင်ကျား ဘာကိုဆိုလိုတာလဲ၊ အဲဒါက အင်အား ဆက်လက်ရှိနေမယ့် PAP အတွက် နောက်ထပ်အမည်တစ်ခုလား၊

ဖြေ - အဲဒါက PAP လား၊ ဒါမှမဟုတ် အခြားအစိုးရလားဆိုတာကို ကျွန်တော် စိတ်မဝင်စားဘူး၊ ကျွန်တော် ဆိုလိုချင်တာက အဲဒီစကားစုထက် ဝိုပါတယ်၊ ကျွန်တော် ဒီဇနရာကိုရောက်နေတာက PAP ၊ ဒါမှမဟုတ် လက်ရှိအစိုးရကို တရားမျှတအောင်လုပ်ဖို့ မဟုတ်ဘူး၊ ခေါင်းဆောင်မှုနဲ့ ပြည်သူရယ်၊ ပြီးတော့ ခေါင်းဆောင်နဲ့ ပြည်သူတွေရဲ့ စာရိတ္တဆိုင်ရာနဲ့ အတွေးအခေါ်အယူအဆဆိုင်ရာ ယုံကြည်ချက်တို့နဲ့ ပတ်သက်တဲ့ ဒီဝေးခွန်း ဘယ်လောက်လေးနက်တယ်ဆိုတာကို နားလည်စေချင်တယ်၊

Scanned by CamScanner

ဃး - ကျွန်တော်တို့နိုင်ငံဟာ သာမန်အခြေအနေမှာ ရပ်တည်နိုင်တဲ့ နိုင်ငံမဟုတ်ဘူးဆိုတာကို ပြည်သူအများအပြားက နားမလည်နိုင်ကြဘူး။

ဖြ - ဒီနှစ်မတိုင်ခင်ကတော့ အလယ်အလတ်တန်းစား အစိုးရတွေနဲ့ စခန်းသွားနိုင်ကြတယ်။ စင်ကာပူက မသွားနိုင်ဘူး အခုနှစ်ဘက်အစိုးရပြောနေတဲ့ကျွမ်းသွားလိမ့်မယ်။ ဝင်ငွေရှိနိုင်မှာ အရည်အချင်းကျဆင်းသွားရင် ငွေကြေးအတောအတွ အပုံဝယ်တဲ့ အဖွဲ့အစည်းတွေမှာလည်း အရည်အသွေး ကျဆင်းသွားလိမ့်မယ်။ ခင်ဗျား အသက်ရှူနိုင်တော့မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာ ပုဂ္ဂိုလ်တစ်ဦးကို အဲဒီပုဂ္ဂိုလ်ဟာ သူ့ထက် ပိုမိုသာလွန် ကောင်းမွန်သလားဆိုတာကို မဆုံးဖြတ်နိုင်တာကြောင့်ပို့လို့ပဲ။ ဒီလိုပဲ ကျွန်တော်တို့ဟာ အဆင့်အတန်းနိမ့်ကျတဲ့ လူတစ်ယောက်ကို ဘယ်တော့မှ ဆုံးဖြတ်ချက်မချနိုင်ကြဘူး။ အဆင့်အတန်းနိမ့်ကျတဲ့ လူတစ်ယောက်ဟာ "သူက ကျွန်တော့်ထက် ပိုကောင်းတယ်" လို့ အင်မတန် ပြောခဲလှတယ်။ ထိပ်ပိုင်းမှာ ချည့်နဲ့တဲ့လူတွေ ရှိနေတာနဲ့ တစ်ပြိုင်နက် စနစ်တစ်ရပ်လုံး တဖြည်းဖြည်း ကျဆင်းသွားလိမ့်မယ်။ ဒါဟာ ရှောင်လွှဲလို့မရဘူး။

ဃး - ကျွန်တော်တို့ဟာ ခင်ဗျား ထင်မြင်ချက်ပေးသလို အမှန်တကယ်ကို မလုံခြုံဘူးလား။ ခင်ဗျားဟာ အခြေအနေတွေကို ကြောက်မက်ဖွယ်ကောင်းလွန်းအောင် ပြုလုပ်တာကြောင့် သေးငယ်တဲ့နိုင်ငံတွေအပါအဝင် အချို့နေရာတွေမှာ ကုန်ကြမ်းပြုလုပ်ကြတဲ့ နိုင်ငံရေးယုဉ်ပြိုင်မှုတွေလိုအရာတွေ အများအပြားကို ဒီမှာ ရနိုင်တော့မှာမဟုတ်ဘူးလို့ ထေန ကြသူတွေက မြောကြတယ်။

ဖြ - မဟုတ်ပါဘူး ယှဉ်ပြိုင်မှုကို ကျွန်တော်တို့ မတားဆီးပါဘူး။ ကျွန်တော်တို့ တားဆီးနေကြတာက အသုံးမကျတဲ့ လူတွေ ပါဝီမန်နဲ့ အစိုးရထဲ ရောက်လာနေတာတွေကိုပါ။ အရည်အချင်းရှိတဲ့လူ ဘယ်သူ့ကိုမဆို ကျွန်တော်တို့ ကြိုဆိုတယ်။ ဒါပေမဲ့ အသုံးမကျတဲ့လူတွေကို ကျွန်တော်တို့ မလိုချင်ဘူး။ ချီးဆွန်းပျန်၊ ဒါမှမဟုတ် ဂျေဆီ ဂျယ်ရာရက်နမ်ကို ကျွန်တော်တို့ မလိုချင်ဘူး။ သူတို့က တိုင်းပြည်ကို တည်ဆောက်ကြမှာ မဟုတ်ဘူး။ ဒါပေမဲ့ ပွမ်းဆောင်နိုင်တဲ့ လူတစ်ယောက်ယောက် ပေါ်ထွက်လာပြီး ကျွန်တော်တို့နဲ့တူညီတဲ့ အစားထိုးအရာတစ်ခု ဖန်တီးခေးရင် "ကောင်းတယ်" လို့ ကျွန်တော်ပြောမယ်။ အဲဒါဆိုရင် ကျွန်တော်တို့ သင့်တော်တဲ့ အစားထိုးတစ်ခု ရအောမယ်။ ဒါပေမဲ့ သူတို့တင်သွင်းတဲ့ ကိုယ်စားလှယ်လောင်းတွေကို ကြည့်ပါ။

အရ ကျွန်တော်တို့ ပျော့ကွက်ဟာကွက် မရှိဘူးလား။ ကျွန်တော်တို့ ပျော့ကွက်ဟာကွက်မရှိရင် ကာကွယ်ရေး အတွက် ဒုရဝေါင်း ပြည်တွင်းထုတ်ကုန်ရဲ့ ၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းအထိ တစ်နှစ်ပြီးတစ်နှစ် ဘာကြောင့် သုံးစွဲနေကြမှာလဲ။ ကျွန်တော်တို့ ရှုံးနေကြလို့လား။ ဒီအစိုးရက စိစစ်ဆွဲတာတဲ့အစိုးရပါ။ ခင်ဗျား ဒါကို ကောင်းကောင်း သိပါတယ်။

လွတ်လပ်ရေးအောင်ရေးအသင်းအတွက် မိသွားရေတွေကို အသုံးပြုနိုင်ဖို့အတွက် ကုန်ကျစရိတ်ဒေါ်လာ ၃၂၅ ဘီလီယံနဲ့ မိလ္လာဥမင်လိုက်မခေါင်းတစ်ခု ကျွန်တော်တို့ တူးကြတယ်။

ကျွန်တော်တို့ ပျော့ကွက်ဟာကွက် မရှိဘူးလား။ ခင်ဗျားကို သူတို့ ဝိုင်းဝန်းပိတ်ဆို့နိုင်ကြတယ်။ ခင်ဗျား သေ လိမ့်မယ်။ ခင်ဗျားရဲ့ ပင်လယ်ရေလမ်းတွေကို ဖြတ်တောက်ကြရင်၊ ခင်ဗျားရဲ့စီးပွားရေး ရပ်တန့်သွားလိမ့်မယ်။ ခင်ဗျားရဲ့ တို့ပြန်မှုက ဘာဖြစ်မလဲ၊ ကျွန်တော်တို့ရဲ့ ကိုယ်ဝိုင်းကာကွယ်ရေး အစွမ်းအစရယ်၊ အမေရိကန်နိုင်ငံနှ

Scanned by CamScanner

လုံခြုံရေးအခြေခံဖွဲ့စည်းပုံ သဘောတူချက်ရယ် ပေါင်းစပ်တဲ့ လုံခြုံရေးကောင်စီဖြစ်မယ်။ သူတို့ သဲတွေပို့ပေးတာ ရပ်တန့်လိုက်တယ်။ ဘာကြောင့်လဲ၊ ကျွန်တော်တို့ကို အကြပ်ကိုင်ဖို့ပေါ့။ မဟာသီက - "သူတို့ လက်ရှိအရှယ်အစားနဲ့တောင် ဒုက္ခပေးနေရင် သူတို့ကို နောက်ထပ် ပိုမိုကြီးတွားခွင့်ပြုရင် ပိုပြီးဒုက္ခပေးလိမ့်မယ်" လို့ ပြောတယ်။ ကျွန်တော်တို့မှာ ပိတ်ဆွေဆန့်တဲ့ အိမ်နီးချင်းတွေရှိသလား၊ နားလည်ပါ။ အရေးမကြီးလို့ရှိရင် မာကျောတဲ့ဝန်ကြီးတစ်ယောက်ကို ကာကွယ်ရေးမှာ ကျွန်တော်တို့ ဘာကြောင့်ထားမလဲ၊ အမာကြောဆုံးနဲ့ အစွမ်းအစအရှိဆုံး ဝန်ကြီးချုပ်ပြီးရင် သူဟာ ကက်ဘိနက်ထဲမှာ အမာဆုံးဝန်ကြီးပါ။ အဲဒီနေရာမှာ မာကျောတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့ အပြတမ်းထားတယ်။ ကျွန်တော်တို့ရဲ့ ပျော့ကွက်ဟာကွက်တွေကို ကျွန်တော်တို့ ထုတ်ကြားနေကြတာလား။ ကျွန်တော်တို့ဟာ အရှယ်ရောက်နေတဲ့ ကမ္ဘာမှာ နေထိုင်ကြတယ်၊ ကျွန်တော်တို့ ဘာကြောင့် ငြိမ်းချမ်းရေးရကြသလဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကို တိုက်ခိုက်ချင်တယ်ဆိုတိုင်း တိုက်လို့မရလို့ပဲ။ ကျွန်တော်တို့ကို တိုက်ခိုက်ချင်တယ်ဆိုရင် ကျွန်တော်တို့က ပြန်တိုက်မယ်၊ သူ့ဘက်က ထိခိုက်ပျက်စီးမှု ပိုပြီးလို့တောင် ပိုများချင် များနေဦးမယ်။

မေး - ဒါပေမဲ့ သာမန်တိုင်းပြည်တစ်ခု မဟုတ်ဘူးဆိုတာက ...

ဖြေ - ကျွန်တော် ဒီလိုပြောတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်ဟာ ခင်ဗျားလောက်နီးနီးသာ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်လို့ မှတ်ယူပါ။ ဒါပေမဲ့ ကျွန်တော်က ၈၅ နှစ်ကျော် နေထိုင်ခဲ့ပြီးပြီ၊ ဒီအတက်အကျတွေ အားလုံးကို ကျွန်တော် ဖြတ်သန်းခဲ့ပြီးပြီ။ အသက် ၃၂ နှစ်အရွယ်ကတည်းက ဒီနေရာကို ဘယ်လိုအလုပ်ဖြစ်အောင် လုပ်ရမလဲဆိုတာ တွက်ချက်ရင်းနဲ့ ကျွန်တော့်ဘဝတစ်ခုလုံးကို ကျွန်တော် ကုန်လွန်ခဲ့တယ်၊ ဟုတ်တယ်မဟုတ်လား။ ပထမ၊ အလုပ်ဖြစ်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းက မလေးယား (မလေးရှား) နဲ့ ပူးပေါင်းဖို့ဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပြီး ပြောခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တခြားနည်းနဲ့ မနေထိုင်နိုင်လို့ပါ။ ကျွန်တော်တို့ရဲ့ ရေ၊ ကျွန်တော်တို့ရဲ့ ကုန်ကြမ်းပစ္စည်း၊ သွင်းကုန်နဲ့ ပို့ကုန်အများစုတို့က မလေးယားက လာတယ်။ အဲဒီအချိန်တုန်းက အဲဒီလိုဖြစ်နေတယ်။ တွန်ကူ (မလေးရှားဝန်ကြီးချုပ်) က တရုတ်လူဦးရေ မလိုချင်တာကြောင့် ကျွန်တော်တို့ မလေးယားကို မရောက်နိုင်ကြဘူး၊ ကျွန်တော်တို့ အဲဒီတစ်ဝိုက်မှာ အလုပ်လုပ်ကြပြီး မလေးရှားနဲ့ ပူးပေါင်းကြတယ်။ အဲဒီနောက် ကျွန်တော်တို့ ချောင်ပိတ်ခံရတာကို တွေ့ရတယ်၊ ကွန်မြူနစ်စင်ကာပူက မလေးအစွန်းရောက်မလေးရှား ဖြစ်သွားတယ်၊ မလေးရှားပြောင်းလဲသွားပြီလား။ သူ ဘယ်လိုပြောင်းလဲခဲ့သလဲ၊ ဩဂုတ်လ ၉ ရက်နေ့မှာ ကျွန်တော်တို့ ခွဲထွက်သွားတဲ့အခါ ကျွန်တော် ဘာကြောင့် ယူကျွံးမရ ဖြစ်ခဲ့ရသလဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ လူထုအစည်းအဝေးပွဲတွေမှာ ပူးပေါင်းပါဝင်ခဲ့ကြတဲ့ ပြည်သူ သောင်းပေါင်းများစွာကို ကျွန်တော် ထားခဲ့ရလို့ပါ။ သူတို့ တပန်းရှုံးသွားပြီ။ လူနည်းစုနဲ့ ခေါင်းဆောင်မဲ့ပြန်ဖြစ်တော့မှာကို ကျွန်တော် သိနေတယ်။ ကျွန်တော်တို့ ခေါင်းဆောင်မှုပေးကြတယ်၊ ဒါကြောင့် ကျွန်တော်တို့ ပျော့ကွက်၊ ဟာကွက်မရှိဘူးလို့ ခင်ဗျားပြောရင် "အို ... ဘုရားရေ" လို့ပဲ ကျွန်တော်ပြောမယ်။ SAF (စင်ကာပူလက်နက်ကိုင်တပ်ဖွဲ့များ) ဦးစီးမှူးတွေကို ခင်ဗျားစကားပြောတယ်။ ယေဘုယျတဲ့လူတိုင်းရဲ့ဘဝထဲက ၂၅နှစ်၊ စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ ၅၅ရာခိုင်နှုန်းကနေ၊ ၆၅ရာခိုင်နှုန်း၊ ခြွင်းချန်မှုတွေ စုဆောင်းတဲ့ စီစစ်တဲ့ အဝိုးရ - ဒါတွေကို သူတို့ ဘာကြောင့်လုပ်ကြသလဲ၊ ကျွန်တော်တို့ ကယောင်ကတမ်း ဖြစ်နေကြလို့ လုပ်ကြတာလား။

Scanned by CamScanner

ဒါမှမဟုတ် ကျွန်တော်တို့ တစ်ဦးတည်း ရှင်သန်ကျွန်ရစ်ပြီး ကြီးမားချမ်းသာခွင့်က ဒီတစ်နည်းပဲရှိလိုလား။
ကျွန်တော်တို့ ရေ မှာ အထူးကျွမ်းကျင်သူတွေ ဖြစ်လာလောက်အောင် ကျွန်တော်တို့ရဲ့ ရေပြေသနာကို ပြေရှင်းခဲ့
ဒီကြိုးစားအားထုတ်မှုအားလုံးကို ဘာကြောင့် ကျွန်တော်တို့လုပ်တယ်လို့ ခင်ဗျားထင်သလဲ၊ ဂျီဓာတုရော်
ကျွန်တော်တို့ လိုအပ်တယ်ဆိုတာ မဟာသိသိတယ်၊ ဒါကြောင့် ၂၀၁၁ ခုနှစ်မှာ တဲဘရောနဲ့ စကွဒိုင်အတွက်
ရေသေဘာသဘာဝကို အဆုံးသတ်ဖို့အခါ ကျွန်တော်တို့ ပြတ်လပ်ကြတော့မယ်ဆိုတာ သိတယ်၊ အဲဒီနောက်
ဒေးသစ်ကို ကျွန်တော်တို့ ရာဇဝတ်ခွင့်ရှိကြတယ်၊ ကျွန်တော်တို့ ဟန်ဆောင်လိမ်ညာနေတယ်လို့ သူထင်တယ်၊
ကျွန်ုပ်ကိုလို့ ပေးကွက်ဟာကွက်မရှိဘူးလို့ ခင်ဗျားပြောသလား။
ကျွန်ုပ်တော်တို့ ဝိုးတိုးမှုန်မှုန်းအပေါ် ကျွန်တော်တို့ မခဝဖန်သင့်ပါဘူး၊ အဲဒါတွေက တကယ်အစစ်အမှန် ပြဿနာ
တွေပါ၊ ပြီးတော့ ကျွန်တော်တို့ဟာ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်ကြတာကြောင့် ကျွန်တော်တို့ဖြစ်နေတာပဲ၊
လုံခြုံခွင့်ရေးကောင်စီက ဆုံးဖြတ်ချက်တွေ ချမှတ်နေတယ်၊ ဒီတော့ ဘာဖြစ်လဲ၊ ကုဝိတ်ကို ကယ်တင်ဖို့ ဘယ်သူသွား
သလဲ၊ အဓမ္မရိုက်နှက်သွားတယ်၊ ဘာကြောင့်လဲ၊ ဗရုန်းကြောင့်ပေါ့၊ ဘာကြောင့်လဲ၊ ဘာကြောင့်လဲလို့တော့
နောက်မတ်ကိုင်က ဆော်ဒီအာရေဗျ ဖြစ်နေလို့ပေါ့၊ ရေအတွက်ကြောင့် ကျွန်ုပ်တော်တို့ကို ဘယ်သူလာကယ်မလဲ၊
အဓမ္မရိုက်နှက်ခြင်းခံထောင်ရလာမလား၊ မလာဘူး၊ ကျွန်ုပ်တော်တို့ကိုယ် ကျွန်တော်တို့ ကယ်တင်ရမယ်၊ ဗီဒီယာတွေ
အဆုံးသတ်ခဲ့ရင် ပေါ်ရမယ်တဲ့ သတင်းထောက်တွေ ကြီးထွားဖွံ့ဖြိုးလာလျှင်လည်း ကြီးထွားဖွံ့ဖြိုး၊ ဒါမှမဟုတ် လုံခြုံရေး
မရှိတော့တဲ့အခါ လုံခြုံရေးစိတ်ကူးကမ္ဘာထဲမှာ နေထိုင်တဲ့ မျိုးဆက်တစ်ခုကို ကျွန်တော်တို့ဖော်ဆောင်ကြလှန်လည်း
ဖော်ဆောင်၊ တစ်ခုခုလုပ်ရမယ်။

ဇေး - မလေးရှားက သူရဲ့ ပြည်တွင်းရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းပုံဟာ ခွဲခွာခဲ့မှုနှင့် မနာလိုဖြစ်မှုအတွက် အတိတ်က
သဝဘာထားတွေ ရှိနေသေးတဲ့ အခုအချိန် ယှဉ်လိုက်တဲ့အခါ စင်ကာပူရဲ့အောင်မြင်မှုနဲ့ပတ်သက်လို့ သူ ဝံစားရမှု
ဆက်နွယ်မှု နည်းဆထက်နည်းလာလိမ့်မယ်လို့ ခင်ဗျား မထင်ဘူးလား။

ဇြ - မင်းမှား အဲဒါကို အမှန်တကယ် ယုံကြည်သလား၊ ဒီယယ် သူတို့က ကျွန်တော်တို့လေဆိပ်ရဲ့ အချက်အချာကျ
ဂုဏ်ဖြစ်ကို သိမ်းယူရင်နေကြတယ်၊ အပြည်ပြည်ဆိုင်ရာ တရားရုံးက ကျွန်တော်တို့ကို ပီဒရာဘရုန်းတ
ကွန်း ပိုင်တိုင်မှုကို ဖျိုးဖြင့်ပေးဝိုတယ်၊ မလေးရှားက မစ်ဒယ်ရောစ်ကျွန်းကို ရတယ် သူတို့နယ်နိမိတ်တွေ
မျဉ်းကြောင်းဆွဲရမှုပြီးမည်၊ ခုဝုဒ ခုနှစ် က ရက်ဇလက်ကောလိပ်မှာ ကဲ ခါက မလေးကောလိပ်ကျောင်းသား
တစ်ယောက် ကျွန်တော်တို့ကိုကြည့်ခဲ့တာကို ကျွန်တော် မမေ့နိုင်ဘူး သူက ...
"ခင်ဗျားတို့တယ်တော့ အရပ်မျမ်းမွန်းတယ်၊ ခင်ဗျားတို့ အရေပြားကို အရောအတွက်များတယ်" လို့ ပြောတယ်၊
ဒေးဆိုင်ပတ်အားပါးကို တရုတ်ဇာတ်ကြောင်ကြီးထားကြတယ်၊ ပြီးတော့ သူက တရုတ်ပေါ်ဒေ အနည်းအကျဉ်းသာရှိတဲ့
ကဲ ခါကဲ့ရှဉ်တယ်။
ကျွန်တော်တို့ မလေးရှားနဲ့ မူးယစ်ဆေးတဲ့အခါ ပြောင်းလဲထားတဲ့ လူဦးရေတိုးနှုန်းကောက်ပညာ ယုတ္တိဗေဒက ဒီအရပ်
သည်းမှုကို ကျော်ကျွားသွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်မှားတယ်၊ တွန်ကွမ်မှာ ရှည်ရွှမ်ချက်မရှိဆို
ဘာရှိဘာမှမရှိဘူး သူက နစ်လို့ဖွံ့ဖြိုးကောင်းတဲ့ လူတစ်ယောက်ပါ၊ သူမှာ တရုတ်မိတ်ဆွေတွေရှိတယ်၊ ဒါပေမဲ့

Scanned by CamScanner

သူနဲ့ မလေးတွေက ထိပ်ဆုံးမှာရှိရမယ်၊ ဒါဟာ သူ့ရဲ့လူမှုရေးဟန်ချက်အပြင်ပဲ၊

ငမး - ဒါဆို ဒီလိုအခြေအနေက ပြောင်းလဲမှာမဟုတ်ဘူးလို့ ခင်ဗျားပြောနေသလား။ ကျွန်တော်တို့ကို ဖိနှိပ်ချင်တဲ့ တခြားလူတွေရဲ့ဒီဆန္ဒဟာ ခင်ဗျားမှာ ပိုမိုငယ်ရွယ်တဲ့ ခေါင်းဆောင်မျိုးဆက်တစ်ခု ရှိတာကြောင့် အချိန်ကျလာတဲ့ အခါ လျော့ပါးသွားလိမ့်မယ်လို့ လူတချို့က ပြောကြတယ်၊

ငမြ - မလေးရှားခေါင်းဆောင်တွေရဲ့ မျိုးဆက်တစ်ခုခုက သူတို့တိုင်းပြည်ကို စည်းရုံးစုစည်းတဲ့နေရာမှာ အသုံးပြုတဲ့ အခြေခံအောက်ခြေဟာ ပြောင်းလဲမှာလား။

ငမး - အဲဒါက ဘယ်တော့မှ မပြောင်းလဲဘူးလား။

ငမြ - ထာဝရဆိုတာ အလွန်ရှည်လျားတဲ့ အချိန်ကာလတစ်ခုပါ၊ ဒါပေမဲ့ မလေးရှားကို စည်းရုံးစုစည်းထားတဲ့ အခြေခံက မကြာခင်တစ်ချိန်ချိန်မှာ ပြောင်းလဲတော့မယ်လို့ ခင်ဗျား အမှန်တကယ် တွေ့မြင်သလား။ ဧင်ကာပူဟာ လုံးဝကွဲပြားခြားနားတဲ့ အခြေခံတစ်ခုပေါ်မှာ စည်းရုံးစုစည်းထားတယ်၊ ကျွန်တော်တို့က လူမျိုးပေါင်းစုံပါဝင်တဲ့ အသိညာဏ်ပြင့်မားတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့် စီမံကွပ်ကဲတဲ့ အုပ်ချုပ်ရေးတစ်ခုပါ၊ လူမျိုးစုတွေအကြား၊ လူမှုရေး၊ စီးပွားရေး အတန်းအစားတွေကြားမှာ ဟန်ချက်ညီမှုကို ကျွန်တော်တို့ တွေ့ထားတယ်၊ ကျွန်တော်တို့ ပြောင်းလဲနိုင်မလား။ ကွာလာလမ်ပူက ကျွန်တော့်ဆွေမျိုးတွေအားလုံးက သြစတြေးလျကို ပြောင်းရွှေ့အခြေချကြတယ်၊ သူတို့ လက်လျှော့ခဲ့ကြတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဧင်ကာပူမှာရှိနေကြတယ်၊ ကျွန်တော်တို့ အမြဲတမ်း ဒီနေရာမှာရှိရှိရည်ရွယ် ထားကြတယ်၊ ကျွန်တော်တို့ လုံလုံလောက်လောက် သန့်စွမ်းမှုရှိပြီး အပြည်ပြည်ဆိုင်ရာ ဟန်ချက်ညီမှုတစ်ခုကို ရနေသမျှ ကာလပတ်လုံး ကျွန်တော်တို့ လုံခြုံစိတ်ချနေကြရလိမ့်မယ်၊

အခု ကျွန်တော်တို့ရဲ့လူအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေး အဆောက်အအုံတွေကြားက ဒီအခြေခံကွဲပြားခြားနားမှုကြောင့် ကျွန်တော်တို့ အတူတကွ အလုပ်မလုပ်နိုင်ဘူးလို့ ကျွန်တော် အတိုက်အခံပြောနေတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပူးပေါင်းလုပ်နိုင်ကြတယ်၊ နှစ်ဦးနှစ်ဖက်နဲ့ အာရှမှာလည်း လုပ်နိုင်ကြတယ်၊ ဝီဒရာဘရုန်ကာကျွန်းကိစ္စနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ တရားရုံးကိုသွားဖို့ ကျွန်တော်တို့ သဘောတူထားပြီး တိုက်ဒိုက်မှု မလုပ်ခဲ့ကြဘူး။ ဒီနေ့အထိ တည်မြဲ နေသေးတဲ့၊ ဒေါက်တာမဟာသီနဲ့ သဘောတူညီချက်များစွာကို ကျွန်တော် လက်မှတ်ရေးထိုးခဲ့တယ်၊ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ အဲဒါတွေက မလေးရှားအတွက်လည်း အကျိုးကျေးဇူးရှိနေလို့ပေါ့၊

ဒါဟာ ကျိုးကြောင်းဆင်ခြင်မှုရှိပြီး လက်တွေ့ကျတဲ့နိုင်ငံတွေ ပြုမူဆောင်ရွက်ပုံဖြစ်တယ်၊ ကျွန်တော်တို့ နှစ်ယောက်အတူတူ အလုပ်လုပ်ဖို့အတွက် တစ်ယောက်ကိုတစ်ယောက် ချစ်နေဖို့မလိုအပ်ဘူး၊ အကျိုးစီးပွားဆုံမိခြင်းဟာ စိတ်ခံစားချက်တွေကို တိုက်ဖျက်မပစ်ဘူး၊ ဒါပေမဲ့ အဲဒါတွေကို ပျော့ပျောင်းစေတယ်၊ ဝန်ကြီးဗျုပ်နာဂျစ်ရာဇက်က ကျိုးကြောင်းဆင်ခြင်မှုရှိတဲ့ ခေါင်းဆောင်တစ်ယောက်ပါ။ မလေးရှားအတွက် အကျိုးကျေးဇူးတွေကို သူ တွေ့မြင်တာကြောင့် ကျွန်တော်တို့နဲ့အတူ သူ ပူးပေါင်းအလုပ်လုပ်ချင်တယ်။ ဒါပေမဲ့ နေရာတိုင်းက နိုင်ငံရေးသမားတွေလိုပဲ သူရဲ့ပြည်တွင်း ပြေပေါ်က စိတ်ခံစားချက်တွေကို သူ ကိုင်တွယ်ရတယ်၊ ဒါကြောင့်

Scanned by CamScanner

မလေးရှားမြေဟာ စင်ကာပူနဲ့ ပေါင်းဆောင်ရွက်မှုကို ခွင့်ပြုမလား၊ မလေးရှားအတွက် အကျိုးရှိနေစဉ်မှာ စင်က
ကိုလည်း ကြိုးပမ်းဆုမ်းသာအောင် ကူညီမယ့်စိမ်ကိန်းတွေကို ဘယ်အတိုင်းအတာအထိ သူတို့ ထောက်ပံ့ကြမ
ဒီမေးခွန်းတွေကို မလေးရှားခေါင်းဆောင်တိုင်း အမှတ်ရကြလိမ့်မယ်၊ ဒါကို ကျွန်တော်တို့ မမေ့သင့်ဘူး။

ငမ - ဒါဟပဲ့ဖြစ်နေတဲ့အတိုင်း စင်ကာပူနဲ့ မလေးရှားကြားက ကွာဟချက် ကျယ်ပြန့်လာပြီး သူတို့နဲ့ယှဉ်လို့ ကျွန်တော်
ပိုပြီးသန်စွမ်းလာရင် ဒီပြဿနာကို ကျွန်တော်တို့ ပိုပြီးကိုင်တွယ်နိုင်လာမလား။

ငမြ - ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး။ ဟုတ်တာကတော့ ကျွန်တော်တို့ကို သူတို့ အနိုင်ကျင့်မှု ပို
နည်းသွားလိမ့်မယ်၊ မဟုတ်တာကတော့ သူတို့ ပိုပြီး နာကြည်းလာကြလိမ့်မယ်၊ "သူတို့ကို ငါတို့ လွှတ်မပေးသင့်
ဘူး" လို့ သူတို့ပြောနေကြပြီး အဲဒါကို သူတို့ရဲ့မလေးသတင်းစာတွေထဲမှာ ခင်ဗျားဖတ်ရလိမ့်မယ်။ စင်ကာပူကို တွန်
လက်လွှတ်ပေးလိုက်တာကို သူတို့ အကြီးအကျယ် နောင်တရကြောင်း မကြာခဏ ပွင့်ပွင့်လင်းလင်း ဖော်ပြ
ကြတယ်၊ စင်ကာပူဟာ သူတို့မြေရဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေတယ်၊
ကျွန်တော်တို့ အစပြုစဉ်အခါက ဒါကို ကျွန်တော် သိသလား၊ ၁၉၅၂ ခုနှစ်မှာ ကျွန်တော် အလွန်စိတ်လက်မပျ
နေစဉ်အခါက သိတယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော် နိုင်ငံရေးထဲကို ဝင်မယ်၊ ကျွန်တော်တို့ လွတ်လ
ရေးရတယ်၊ ဥပဒေနဲ့ ကျွန်တော် ပိုက်ဆံတွေ အတော်များများရှာပြီး ဆက်လုပ်မယ်။ အဲဒီနောက် ကျွန်တော် ပါ
ပတ်သက်လာတယ်၊ ကွန်မြူနစ်တွေရဲ့အဖမ်းဆီးကို ကျွန်တော်ခံရတယ်၊ ဒါကြောင့် ကွန်မြူနစ်တွေ မလှုပ်ရှားနိုင်တ
မလေးရှားထဲကို ကျွန်တော် ဝင်သွားတယ်၊ အဲဒီနောက် မလေးအစွန်းရောက်တွေရဲ့ ချုပ်ကိုင်မှုကို ကျွန်တော်တို
ခံရတယ်၊ ၂ နှစ်အတွင်းမှာ ကျွန်တော်တို့ကို ထွက်ခွာခိုင်းကြတယ်၊ လွတ်လပ်တဲ့စင်ကာပူကို အလုပ်ဖြစ်အော
ကျွန်တော်တို့ လုပ်ကြရတယ်၊
ဒီဝဂ္ဂန်းသုန်းကားဖြစ်မှုတွေအားလုံးကို ကျွန်တော်သိခဲ့ရင် နိုင်ငံရေးထဲကို ကျွန်တော် ဝင်ချင်မှဝင်လိမ့်မယ်၊ ၁၉၅၅ ခုနှစ်
ကနေ အခုအထိ ကျွန်တော်တို့လုပ်ခဲ့တဲ့ဟာတွေကို ခင်ဗျားကျွန်တော့်ကို ထပ်လုပ်ခိုင်းရင် "ဟင့်အင်း....ဟင်းအင်း
ဒီရလဒ်တွေကို ကျွန်တော်တို့ ထပ်မလုပ်နိုင်တော့ဘူး" လို့ ကျွန်တော်ပြောမယ်၊ ဒါဟာ များစွာသော အကြောင်း
အချက်တွေရဲ့ပေါင်းစုံမှတစ်ခုပါ၊ ဒီအကြောင်းအချက်တွေက - ၁၉၇၁ ခုနှစ်မှာ ကျွန်တော် လိုအပ်တဲ့အခါ ကျွန်တော်
ကို အချိန်ပေးခဲ့တဲ့ ငြိတိသျှလေဘာအစိုးရနဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေး၊ ပြီးတော့ ငြိတိသျှတပ်တွေ မဆုတ်ခွာ
၁၉၇၅ ခုနှစ်မှာ ကျွန်တော့်ကို အချိန်ပိုပေးတဲ့ ကွန်ဆာပေးတစ်အစိုးရနဲ့ ကျွန်တော့်ရဲ့ ဆက်ဆံရေးတို့ဖြစ်ကြတယ်၊
အဲဒီအချိန်မှာ သမ္မတဇာတိဟာတို့နဲ့ ကျွန်တော်တို့ ဆက်ဆံရေးတစ်ခု တည်ဆောက်ခဲ့ကြတယ်၊ ဆူဟာတိုက ကျွန်
တော်တို့ နေထိုင်ရှင်သန်ခွင့်ရရင် အင်ဒိုနီးရှားနဲ့ စင်ကာပူ ပိုပြီးကောင်းလာလိမ့်မယ်ဆိုတာကို နားလည်တယ်၊
ကျွန်တော့်ကို သူ ယုံကြည်စိတ်ချနိုင်တယ်လို့ ဆုံးဖြတ်ခဲ့တယ်၊
အဲဒီနောက် ရာဇက် (တွန်အပွဒုရာဇက် - ဒုတိယမြောက် မလေးရှားဝန်ကြီးချုပ်) နဲ့ အတူ အခြေအနေတွေကို
တည်ငြိမ်အောင် ကျွန်တော် ကြိုးစားတယ်၊ သူ ကွယ်လွန်သွားတယ်၊ ဟူစိန်အွန်း (တွန်ဟူစိန်ဘင်ဒါတွတ်အွန်း -
တတိယမြောက် မလေးရှားဝန်ကြီးချုပ်)၊ သူကလည်း ကြာကြာမခံဘူး။ အဲဒီနောက် မဟာသီ၊ သူ ကျွန်တော်

Scanned by CamScanner

ကို ဖိနပ်လို့မရဘူးဆိုတာ ကျွန်တော်သိတယ်။ ဘာကြောင့်လဲဆိုတော့ အရင်က မလေးရှားပါလီမန်မှာ ကျွန်တော်တို့ တိုက်ဖိုက်ခဲ့ကြတာကြောင့်ပဲပေါ့။ အဲဒီနေရာမှာ ကျွန်တော် မကြောက်ရွံ့ခဲ့ဘူး။ ဒါပေမဲ့ ဂိုဏ်းတောင် တာဝန်လွဲပြောင်းယူတဲ့အခါ မဟာသီက ကျွန်တော်နဲ့ ပြုလုပ်ထားတဲ့ သဘောတူညီချက်များစွာကို ပြောင်းလဲချင်တယ်။ အဲဒါတွေကို သူ ပြောင်းလဲဖို့သဘောတူရင် သူ့ဒုက္ခ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်ဘူးလို့ ဂျွမ်တောင်းကို ကျွန်တော် ပြောပြတယ်။ ဒီတော့ မဟာသီ ဒေါသဖြစ်လာတယ်။ ဒီတော့ ဂျွမ်တောင်းက ...

"ခင်ဗျား ... ဒါတွေ၊ ဒါတွေ ပြောင်းလဲချင်တယ်။ ကျွန်တော်တို့ တစ်လုံးတစ်ခဲ အပေးအယူလုပ်ကြမယ်" လို့ ပြောတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ရေအသစ်ကို မတွေ့သေးတာကြောင့် ရေကို နောက်ထပ်နှစ်တစ်ရာသူ သက်တမ်းတိုးတယ်။ ဒီအခါ မဟာသီက ဈေးနှုန်းကို ဂါလံတစ်ထောင် ၃ ဆင့်က ၃ ရင်းဂစ်ကို တိုးမြှင့်တယ်။ ဘာကြောင့်လဲဆိုတော့ ဟောင်ကောင်က တရုတ်ပြည်ကို ဂါလံတစ်ထောင်ကို ဂ ရင်းဂစ်ပေးနေတာကြောင့်ပဲပေါ့။ နှည်းပညာတိုးတက်နေတယ်။ ကျွန်တော်တို့ရဲ့ရေအဖွဲ့က အလုပ်ကြိုးစားကြတယ်။ ရေအသစ်နဲ့ဆိုရင် ကျွန်တော်တို့ကိုယ့်ဟာနဲ့ကိုယ် လုံလောက်နိုင်တယ်။ ဒါကြောင့် မဟာသီ စိတ်ပျက်သွားတယ်။ ကျွန်တော်တို့ကို ချစ်ညှစ်ပြီး ကြိုက်ဈေးယူမယ့် သူ့ရဲ့အစီအစဉ် နိဂုံးချုပ်သွားပြီ။

ငယ် - ကျွန်တော်နဲ့တွေ့ဆုံတဲ့ မလေးရှားသားတွေက စင်ကာပူဟာ အမျက်ထွက်စရာတစ်ခုဖြစ်နေတယ်၊ အဲဒီနေရာမှာရှိတဲ့ နိုင်ငံရေးသမားတွေနဲ့ ပီဒီယာတွေက စင်ကျားကို ဟိုကန်ဒီကန် လုပ်နိုင်တယ်။ ဒါပေမဲ့ မလေးရှားက စင်ကာပူနဲ့ စစ်တိုက်ဖို့ဆိုတာ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော့်ကို ပြောပြကြတယ်။

ဖြေ - ဒါ ကောင်းတယ်။

ငယ် - ဒါဆို အဲဒါက ကျွန်တော်တို့ကို နှည်းနှည်းသက်သောင့်သက်သာဖြစ်စေမှာပါ။

ဖြေ - ဒီလိုမှတ်ယူချက်ရှိတာကြောင့် စင်ကာပူဟာ သူ့ကိုယ်သူ ကာကွယ်နိုင်လောက်အောင် အင်အားရှိနေ တယ်။

ငယ် - မဟုတ်ဘူး၊ စင်ကာပူဟာ သူတို့ရဲ့ကမ္ဘာအမြင်နဲ့ လုံးဝ အဆက်အစပ်မရှိဘူးလို့ ပြောတာ။ သူတို့က ကျွန်တော်တို့ကို မျက်စိစပါးမွေးစရာ တစ်ခုအဖြစ် မြင်ကြတယ်။ ပြီးတော့ တခြားဟာတွေလည်း မြင်တယ်။

ဖြေ - မလေးရှား အလုပ်သမားဝန်ကြီး ဘာပြောတယ်ဆိုတာ ကြည့်ပါ။ "လိုတာထက်ပိုတာတွေ မဖြစ်ခင် - စင်ကာပူက လိုတာထက်ပိုနေတဲ့ မလေးရှားအလုပ်သမား ၃၀၀,၀၀၀ အတွက် ကျွန်တော်တို့ အလုပ်အကိုင်တွေ ပြင်ဆင်နေတယ်" လို့ သူပြောတယ်။ ဒါပေမဲ့ အလုပ်အကိုင်က ဘယ်မှာလဲ၊ သူတို့က "ငါက တိုင်းပြည်ကြီးပါ။ ပြဿနာလုံးဝ မရှိဘူး။ ငါလူတွေကို ငါပြန်ခေါ်သွားမယ်" ဆိုတာမျိုး ပြဿနာလို့ ဒီလိုပြောကြတယ်။ ဒီလို ထောင်လွှားတဲ့ အပြုအမူသဘောထားကို သူတို့ဘာကြောင့် ပြကြတာလဲ။

Scanned by CamScanner

ငယ - မလေးရှားအတွက် သောကရောက်နေတာဟာ ခင်ဗျားတို့ရဲ့ကိစ္စလို့ သူတို့က ကျွန်တော့်ကို တင်ပြကြတယ်။ သူတို့ရဲ့ စင်ကာပူအတွက် သောက သိပ်မရှိကြဘူး။

ငြေ - မဟုတ်ဘူး၊ သောကရောက်တာကို ဖော်ပြတဲ့ ပြောဆိုမှုမျိုး ကျွန်တော်တို့ မလုပ်ဘူး။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အတွေးတွေကို ကျွန်တော်တို့စိတ်ထဲမှာပဲ ထားကြတယ်။ သူတို့တွေက ရက်ခြားဆိုသလို အထူးသဖြင့် မလေးသတင်းစာတွေနဲ့ တစ်ခါတစ်ရံမှာ အင်္ဂလိပ်သတင်းစာတွေမှာ ထုတ်ဖော်ကြတယ်။

ငယ - စီးပွားရေးကံကောင်းခြင်းဟာ တကယ့်ကို ပျက်စီးလွယ်ပြီး အဓိကအရေးပါမှုအဖြစ် နိုင်ငံရေးနဲ့ ဒီမိုကရေစီ အဲဒီလိုမဟုတ်ဘူးလို့ ကျွန်တော် စဉ်းစားရင်း ကြီးပြင်းလာခဲ့တယ်။

ငြေ - အဲဒါတွေက မေးခွန်းတစ်ခုတည်းရဲ့ ဘက်နစ်ဖက်ပဲ။ ခင်ဗျားမှာ ခိုင်မာတဲ့ဘက္ခာရေးမရှိရင် တောင့်တင်းတဲ့ ကာကွယ်ရေးကို ခင်ဗျား မရနိုင်ဘူး။ ပြီးတော့ ခင်ဗျားမှာ သန်စွမ်း၊ ညီညွတ်၊ ပညာတတ်ပြီး၊ တိုး၍တိုး၍ စည်းလုံးလာနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုမရှိရင် တောင့်တင်းတဲ့ ကာကွယ်ရေးနဲ့ ခိုင်မာတဲ့ ဘက္ခာရေးကို ခင်ဗျား ရနိုင်မှာ မဟုတ်ဘူး။ အဲဒါတွေက တစ်ခုလုံးရဲ့အစိတ်အပိုင်းအားလုံးပဲ။

ခိုင်မာတဲ့စီးပွားရေးမရှိဘဲ တောင့်တင်းတဲ့ ကာကွယ်ရေးကို ခင်ဗျား ဘယ်လိုလုပ်ရနိုင်မလဲ။ ဒီလိုပဲ ခိုင်မာတဲ့စီးပွားရေးကို ခင်ဗျား ဘယ်လိုလုပ်ရမလဲ။ ခင်ဗျားရဲ့လူသားအရင်းအမြစ်ကို အများဆုံးဖြစ်အောင် လုပ်ရမယ်။ ခင်ဗျားရဲ့ပြည်သူတွေက သူတို့ကို လေ့ကျင့်သင်ကြားထားတဲ့ နည်းအတိုင်း စည်းရုံးပြီး ကမ္ဘာ့လိုအပ်ချက်ကို ဖြည့်စွမ်းပေးဖို့အတွက် ပညာသင်ကြားကြတယ်။ ဒီလိုအပ်ချက်တွေက အခြေခံအဆောက်အုံကို ဆိုလိုတယ်။ ဒုတိယကတော့ ပတ်ဝန်းကျင်ဒေသကို ကျွန်တော်တို့ ခုန်ကျော်တက်သွားကြတယ်။ သူတို့က ကျွန်တော်တို့ကို ဖ်ည့်စျင်နေတာကြောင့်မို့ပါ။ လူမျိုးပေါင်းစုံနိုင်ငံကို ကျွန်တော်တို့ ဖော်ဆောင်ကြတယ်။

၁၉၆၈ ခုနှစ်က အမေရိကန်ကို ကျွန်တော်သွားတယ်။ ဥရောပနောက်ဆုတ်နေတာကို ကျွန်တော် တွေ့ရတယ်။ ဒါပေမဲ့ အမေရိကန်က ချဲ့ထွင်နေပြီး သူတို့ရဲ့စက်ရုံတွေကို နိုင်ငံခြားမှာ ပြောင်းရွှေ့နေရာချနေကြတယ်။ ဒါကြောင့် တစ်ဝိုင်း လျှပ်ကူးပစ္စည်းတွေကို ကျွန်တော်တို့ စတင်ပြုလုပ်ကြတယ်။ တရုတ်ပြည်မှာ ယဉ်စကျားမှုတော်လှန်ရေးဖြစ်တာကြောင့် ထိုင်ဝမ်နဲ့ဟောင်ကောင်က အန္တရာယ်ရှိလာတယ်။ အဲဒါကြောင့် စင်ကာပူကို သူတို့ရွှေးချယ်ကြတယ်။ သူတို့ကို ကျွန်တော်တို့ အခြေခံလိုအပ်ချက်တွေ ပေးအပ်တဲ့နေရာမှာ အောင်မြင်တယ်။ ဒါကြောင့် ထပ်ပြီးလာကြတယ်။ နောက်ဆုံးမှာ ကမ္ဘာအတွက် ကွန်ပျူတာစင်တာနဲ့ ဟတ်ဒစ်စင်တာ ဖြစ်လာတယ်။ အဲဒီနေရာကစပြီး ရေနံတွေ လုပ်ငန်းထဲကို ကျွန်တော် တို့ ဆက်သွားကြတယ်။

ဒီလိုနဲ့ ဒီအရာတွေအားလုံးက ပေါင်းစုပြီး ယခုအချိန်မှာ ကျွန်တော်တို့မှာရှိနေတဲ့စီးပွားရေးကို ဖန်တီးတယ်။ မဟာသိုက်ဖို့အတွက် တန်ဂျန်းဝီလိပါ (ဆိပ်ကမ်း) ကို သူ စတင်ပြုလုပ်တယ်။ ရထားလမ်းတွေကို သူ တားဆီးချင်တယ်။ သာဓာဂန်နက သံရိုင်းတွေကို ပို့ကုန်ပို့ဖို့အတွက် ကျွဂန်ဆိပ်ကမ်းနဲ့ တန်ဂျန်ပါဂါကို ဆက်သွယ်ဖို့ ရထားလမ်းတစ်ခု ကျွန်တော်တို့ တည်ဆောက်ကြတယ်။

Quality Publ...

Scanned by CamScanner

၁၉၉၂ ခုနှစ်နောက်ပိုင်းမှာ ဒီရထားလမ်းအတွက် လုပ်ကိုင်ဆောင်ရွက်မှုတွေ ရပ်တန့်သွားတယ်။ သူတို့ ပိုကလန်ကို သွားကြတယ်။ အခု သူတို့ တန်ဂျန်းပီလီပါကိုသွားကြပြီ။ သူ့ရဲ့အောင်မြင်ရေးဆောင်ပုဒ်က "ငါနိုင်တယ်၊ မင်းရှုံးပြီ" ပေါ့။ အင်ဒိုနီးရှားတွေကလည်း ဒီလိုပဲ။ ဂျာကာတာအနီးက ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်တဲ့ ထရန်ဂျန်းပရီယောကို သူတို့ ပုဂ္ဂလိကပိုင်လုပ်ချင်တဲ့အခါ သူတို့က စင်ကာပူမရဘူးလို့ ပြောကြတယ်။ အဲဒါကို ဟောင်ကောင်က ဟော်ဒို့ ဆန်ကို သူတို့ပေးကြတယ်။ ကျွန်တော်တို့ရဲ့ကွန်တိန်နာဆိပ်ကမ်းကို လိုက်စားဖို့အတွက် ဘက်တမ်ကို သူတို့ တည် ထောင်ကြတယ်။ အဲဒါက ကျွန်တော်တို့ရဲ့အလုပ်ပမာဏကို မလျော့စေပါဘူး။

ကျွန်တော်တို့က ကျူးကျော်ဝင်ရောက်တဲ့လူတွေ ဖြစ်တာကြောင့် ကျွန်တော်တို့ကို ဖိနှိပ်ဖို့ ဒီတွန်းအားဖြစ်လာ တယ်။ ကမ္ဘာကြီးဟာ ကျူးကျော်ဝင်ရောက်သူတွေနဲ့ ပြည့်နေတယ်။ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ ကနေဒါတို့မှာ လူဖြူတွေရှိတယ်။ လူသားမြို့ပြယဉ်ကျေးမှုသမိုင်းဟာ အဆုံးမသတ်တဲ့ လူသား ပြောင်းရွှေ့အခြေချမှုတစ်ခု ဖြစ်တယ်။

တတိယအကြောင်းအချက်ကတော့ ကျွန်တော်တို့ပြည်သူတွေပါ။ ကျွန်တော်တို့တွေကြားထဲမှာ ရန်ဖြစ်နေကြ တယ်ဆိုပါစို့။ ကျွန်တော်တို့ တိုးတက်နိုင်ပါ့မလား။ အင်္ဂလိပ်စာကို ကျွန်တော်တို့ ဘာကြောင့် ရွေးချယ်ကြသလဲ၊ ကျွန် တော်တို့ လွတ်လပ်လာကြတဲ့အခါ တရုတ်ကုန်သည်ကြီးများအသင်းက (အဲဒါကို ကျွန်တော့်ရဲ့ကိုယ်တွေ့မှတ်တမ်း ထဲမှာ ကျွန်တော် ရေးခဲ့တယ်) တရုတ်စာကို ကျွန်တော်တို့ရဲ့အဓိကဘာသာစကားအဖြစ် လိုချင်တယ်၊ တရုတ်ပြည် ဟာ ကြီးကျယ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး၊ တရုတ်စာက အရေးကြီးတဲ့ ဘာသာစကားဖြစ်လာမယ်ဆိုတာကို သူတို့သိကြတယ်။ ကျွန်တော်က သူတို့ကိုကြည့်ပြီး ခင်ဗျားတို့ကို ကျွန်တော် ဆန့်ကျင်ရမယ်လို့ ပြောတယ်။ ဆိုင်လုံအနေအထားမျိုး ကျွန်တော် မလိုချင်ဘူး။ ကလောင်တံတစ်ချက် ရေးခြစ်လိုက်ရုံနဲ့ အင်္ဂလိပ်စာကို သူတို့ ဖျက်သိမ်းပြီး စင်ဟာလီစကားကို သူတို့ရဲ့တရားဝင်ဘာသာစကား လုပ်လိုက်တော့ အင်္ဂလိပ်စကားကို ကောင်း ကောင်းသင်ယူခဲ့ကြတဲ့ တမီးလ်တွေ ချည့်နဲ့ကုန်ကြတယ်။ အဆုံးမသတ်တဲ့ဒုက္ခတွေ လိုက်ပါလာတယ်။

ကျွန်တော်ရဲ့အကြောင်းပြချက်တွေက လုံးဝရိုးရှင်းပါတယ်။ ပထမ ပြည်တွင်းတည်ငြိမ်မှုပေါ့။ လူတိုင်း တူညီတဲ့ အခြေခံတစ်ခုပေါ်မှာ ရှိတယ်။ နိုင်ငံခြားဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာကို ကျွန်တော်တို့အားလုံး သင်ယူကြရ မယ်၊ ဘယ်သူမှ အခွင့်သာမှုမရဘူး။ ဒုတိယက အင်္ဂလိပ်စာဟာ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ဘာသာစကားဖြစ်တယ်။ တရုတ်စာက ဘာလဲ၊ ၁၉၆၀ ပြည့်နှစ်တွေမှာ တရုတ်ကုန်သွယ်မှု ဘာရှိသလဲ၊ တရုတ် ထုတ်ကုန်တွေ၊ ဆေးဝါးနဲ့ ဘယဆေး ထုတ်ကုန်သွင်းကုန်က တန်ဖိုးမရှိဘူး။ အဲဒီအချိန်မှာ အင်္ဂလိပ်စာက စန်းပွင့် နေတယ်။ အဖမရိကန်က အင်္ဂလိပ်စာကို ရှုပ်မြင်သံကြားပေါ်ကနေ ပျံနှံ့အောင်လုပ်တယ်။ အခု ကမ္ဘာတစ်ဝှမ်းကို အင်တာနက်ကနေ ပျံနှံ့အောင် လုပ်တယ်။ ကျွန်တော်တို့ ပညာရေး ဗဟိုတစ်ခုဖြစ်လာတယ်။ ကျွန်ရှိတဲ့ အာရှသား တွေက အင်္ဂလိပ်စာကို သင်ကြားချင်ကြတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အခွင့်သာမှုပဲ။ ဘာက ကျွန်တော်တို့ကို လှုံ့ဆော်သလဲ။ ပြည်တွင်းတည်ငြိမ်မှုနဲ့ ငြိမ်းချမ်းရေးပေါ့။ လူတိုင်းကို ကျွန်တော်တို့ ညီတူညီမျှ ပြုမူဆက်ဆံကြ တယ်။ ခင်ဗျားရဲ့ကုသိုလ်ကောင်းမှုနဲ့ ခင်ဗျားကို ကျွန်တော်တို့ သုံးသပ်ဆုံးဖြတ်တယ်။ ဒါဟာ တန်းတူရည်တူရှိတဲ့ ကစားကွင်းတစ်ခုပဲ။ ကျွန်တော်တို့ရဲ့ပြည်သူတွေကို လူမျိုး၊ ဘာသာစကား၊ ဘာသာအယူဝါဒအရ ခွဲခြားဆက်ဆံမှု ကျွန်တော်တို့ မပြုလုပ်ကြဘူး။ ခင်ဗျား လုပ်ကိုင်ဆောင်ရွက်နိုင်ရင် အလုပ်အကိုင်ရမယ်။

Scanned by CamScanner

ပြီးတော့ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်အကြောင်းရင်းတွေကြောင့် ဒါကို ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။ လွန်ခဲ့တဲ့ ၂ နှစ်က တိုင်းပြည်ကို ဘာက တိုးတက်ကြီးထွားအောင် ပြုလုပ်သလဲဆိုတာကို ဂါလွတ်က သုတေသနတစ်ခုပြုလုပ်တယ်၊ အဲဒါက အရည်အချင်းဖြစ်တယ်လို့ သူတို့ ဆုံးဖြတ်ကြတယ်။ ၁၉၈၀ ပြည့်နှစ်တွေမှာ စီးပွားရေးပညာရှင်တွေက အမေရိကန်ကို ဂျပန်နဲ့ ဂျာမနီတို့ ကျော်လွှားသွားကြလိမ့်မယ်လို့ မီးမောင်းထိုးပြခဲ့ကြတာကို သူတို့ သတိပြုဖို့ကြတယ်၊ သူတို့ ကျော်လွှားမသွားကြဘူး။ အကြောင်းရင်းက ဘာလဲ။ အမေရိကန်ဟာ တစ်ကမ္ဘာလုံးက အရည်အချင်းရှိသူတွေကို ဆွဲဆောင်နေတယ်၊ ဒါကြောင့် တရုတ်ပြည် အင်အားအကြီးဆုံးနိုင်ငံ ဖြစ်မလားဆိုတာဟာ နိုင်ငံခြားကျွမ်းကျင်သူတွေကို သူဆွဲဆောင်နိုင်မှုနဲ့ သူ့ရဲ့ကျွမ်းကျင်သူတွေကို ထိန်းသိမ်းနိုင်မှုအပေါ်မှာ မူတည်နေတယ်၊ ကျွမ်းကျင်သူတွေကို ကျွန်တော်တို့ ဆွဲဆောင်ပြီး ထိန်းသိမ်းထားကြရမယ်။ ကျွမ်းကျင်မှုဟာ ထက်မြက်တဲ့ပညာတတ်မြောက်ခြင်းကိုသာ မဆိုလိုဘူး၊ ကျွမ်းကျင်သူတွေထဲမှာ ဘောလုံးစတားတွေ၊ တင်းနစ်စတားတွေ၊ အဆိုတော်တွေ၊ ရောခံစတားတွေ အကုန်ပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ အာသက်ဝင်တက်ကြွမှုရှိတယ်။ တိုင်းပြည်တစ်ပြည်ဟာ တစ်ကြိမ်မှာ မြို့တော်တစ်ခု တည်ထောင်ခြင်းဖြင့် ကြီးထွားတိုးတက်တယ်။ မြို့တော်တစ်ခုဟာ တစ်ကြိမ်မှာ ကက္ကတစ်ခု တည်ထောင်ခြင်းဖြင့် တိုးတက်ကြီးထွားတယ်၊ ကျွမ်းကျင်မှု အမျိုးအစား ၄ ခုကို သူတို့ လေ့လာသုတေသနပြုခဲ့ကြတယ်၊ အဲဒီ ၄ ခုကတည်ထွင်ကြံဆသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လမ်းညွှန်သူတွေနဲ့ ထိပ်သီးလမ်းညွှန်သူတွေဖြစ်ကြတယ်။ အမေရိကန်က တခြားလူတွေကို အနိုင်ယူသွားတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်က ပုံစံ ၄ ခုစလုံးရှိ တာကြောင့်ပို့ပေါ့။ အရှည်အချင်းရှိတဲ့လူတွေကို သိမ်းသွင်းယူဆောင်တဲ့ ယဉ်ကျေးမှုတစ်ခုကို သူတို့ ထူထောင်ခဲ့ကြ တယ်။

ကျွန်တော် အစတုန်းက ဒါတွေအားလုံးကို နားမလည်ဘူး။ ကျွန်တော်က ဗြိတိသျှလေ့ကျင့်သင်ကြားမှုကို ခံခဲ့ရတယ်၊ ဗြိတိသျှက ကွဲပြားခြားနားတဲ့ပုံစံနဲ့ တည်ဆောက်ထားတယ်။ သူတို့က အပြောင်းအလဲနောက်ကို မလိုက်ဘူး။ အစဉ်အလာကိုပဲ တွယ်ကပ်နေကြတယ်။ အမေရိကန်တွေက တိထွင်ကြံဆကြတယ်။ ကျွန်တော် ဘာကြောင့် သိနားလည်ခဲ့သလဲ။ ဘာကြောင့်လဲဆိုတော့ ဒီလူ့အဖွဲ့အစည်းကို ရလဒ်တွေထွက်အောင် ကျွန်တော် လုပ်ရတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ ကြီးမွားချမ်းသာလာကြလိမ့်မယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ တောင့်တင်းတဲ့ ကာကွယ်ရေးရရှိလာပြီး ကမ္ဘာက ကျွန်တော်တို့ကို နေရာပေးလိမ့်မယ်။

ကျွန်တော်တို့ နော်ဝေး၊ ဆွီဒင်၊ ဒါမှမဟုတ် ဒိန်းမတ်နဲ့တူတယ်လို့ ခင်ဗျားယုံကြည်ရင် ကျွန်တော်တို့ ရပ်တည်ရှင်သန်မှာမဟုတ်ဘူး။ စင်ကာပူဟာ ရှဲ့ညွှန်မြေပေါ်မှာရှိတဲ့ အထပ် ၈၀ အဆောက်အဦးတစ်လုံးပါ။ ပန္နက်တိုင်တွေ ၂၀ လောက် တက်နိုင်တယ်၊ အထပ်တစ်ရာကျော်လောက် ကျွန်တော်တို့ တက်ကောင်း တက်နိုင်တယ်။ အောက်ခြေအုတ်မြစ် နိုင်မာတောင့်တင်းဖို့ကို ခင်ဗျားနားလည်ပြီး အဆေအဆာလုပ်နိုင်ရင် ဖြစ်တယ်။ လူမျိုးပေါင်းစုံနဲ့ ဘာသာပေါင်းစုံ သဟဇာတညီညွတ်မှုက မရှိမဖြစ် အရေးကြီးတယ်။ အဲဒါမရှိဘဲ တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်နေကြရင် ကျွန်တော်တို့ ကြမ္မာဝင်ပြီ။

Scanned by CamScanner

ေမး - ကျွန်တော်တို့အကြားမှာ ရန်မဖြစ်သင့်ဘူးလို့ ခင်ဗျားပြောတယ်၊ အဲဒါက သဘောထားကွဲလွဲမှုကို အောင့်ထားရမယ့် အကြောင်းပြချက်လား။

ေဖြ - မဟုတ်ဘူး၊ မဟုတ်ဘူး။ လူမျိုး၊ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ဘာသာစကားအကြားက ပဋိပက္ခမျိုး ကျွန်တော်တို့ မရှိရဘူး၊ နိုင်ငံရေး သဘောထားကွဲလွဲမှုက တခြားကိစ္စတစ်ခုဖြစ်တယ်။ ခင်ဗျားမှာ လူမျိုးရေး၊ ဒါမှမဟုတ် ဘာသာရေး ပဋိပက္ခတွေရှိရင် ကျွန်တော်တို့ ဘေးရွှေ့တစ်ပြို့အဖြစ်ကို အဆင့်လျော့ကျသွားလိမ့်မယ်။ မလေးတွေနဲ့ ပညာပိုမတတ်တဲ့ အိန္ဒိယတွေကို ဒီ လူ့အဖွဲ့အစည်းမှာ သူတို့ မျှဝေမှုတွေရရှိနေတယ်ဆိုတဲ့အသိ (သူတို့လည်း ကိုယ်ပိုင် တိုက်ခန်းတွေရတယ်၊ သူတို့လည်း အလုပ်အကိုင်ရတယ်၊ သူတို့လည်း သူတို့ရဲ့ ကလေးတွေအတွက် တူညီတဲ့ ကျောင်းမှာ နေရာရတယ်ဆိုတဲ့အသိ) ကျွန်တော်တို့ မပေးခဲ့ရင်၊ ကျွန်တော်တို့ ဘေးရွှေ့အခြေအနေတစ်ခု ရတော့ မယ်ဆိုတာ ကျွန်တော် ကျိန်းသေသိနေတယ်၊ ဝုံးတွေ ပေါက်ကွဲလိမ့်မယ်။

ေမး - မလုံခြုံတဲ့ နိုင်ငံတစ်ခုဟာ နိုင်ငံရေးသဘောကွဲလွဲချက်တွေ ဖြစ်နိုင်သလား။

ေဖြ - ကျွန်တော် အလျှော့ပေးပြီး အတိုက်အစံတစ်ခုကို ခွင့်ပြုသင့်တယ်လို့ ခင်ဗျားပြောတဲ့အခါ ခင်ဗျားရဲ့ပတ်ပတ်လည်ကို လှည့်ကြည့်ပါ။ အရှေ့တောင်အာရှမှာ၊ ဒါမှမဟုတ် တောင်အာရှမှာ ဘယ်တိုင်းပြည်က အစိုးရတွေကို အလဲအလှယ်တွေလုပ်ပြီး ဆက်လက်စခန်းသွားခဲ့တဲ့နေရာမှာ တည်ငြိမ်တဲ့ အခြေအနေကို ရောက်ကြသလဲ၊ ခင်ဗျား ကျွန်တော့်ကို တိုင်းပြည်တစ်ပြည် ပြစမ်းပါ။

ကျွန်တော်ရဲ့ ရည်ရွယ်ချက်က PAP ကို အရောင်တင်ဖို့မဟုတ်ဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် အရောင်တင်ဖို့ မဟုတ်ဘူး။ ခေါင်းဆောင်တစ်ယောက်ကိုလည်း အရောင်တင်ဖို့မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က စင်ကာပူရဲ့အနာဂတ် လုံခြုံစိတ်ချရဖို့နဲ့ စင်ကာပူရဲ့လုံခြုံရေးနဲ့ တည်ငြိမ်မှုကို နိုင်မာအောင်လုပ်နိုင်မယ့်၊ ဒါမှမဟုတ် တိုးမြှင့်နိုင်မဲ့ တစ်စုံတစ်ရာကို ရရှိဖို့ပါ။ ကျွန်တော့်ရဲ့ အလုပ်ကတော့ ပြီးစီးသွားပြီ၊ စင်ကာပူအတွက် နောက်ထပ် အောင်မြင်ပြီးပြောက်မှုတွေ ကျွန်တော် ဖလိုအပ်တော့ဘူး။

ကျွန်တော်လုပ်နိုင်တာ ဘာလဲ၊ ကျွန်တော့်ရဲ့ အတွေ့အကြုံကို ဖော်ဆောင်ရမယ်။ ကျွန်တော် စဉ်းစားတဲ့အရာတွေက စင်ကာပူနိုင်ငံနဲ့ စင်ကာပူနိုင်ငံသားတွေကို လုံခြုံစိတ်ချရတဲ့ အခြေအနေနဲ့ ဆက်လက်သွားဖို့အတွက် ကူညီလိမ့်မယ်၊ ဒါဟာ အစဉ်ထာဝရဖြစ်နိုင်မလား။ ဒါကို ကျွန်တော် မပြောနိုင်ဘူး။ ကျွန်တော်တို့ဟာ အရှေ့တောင်အာရှက တခြားနိုင်ငံတွေနဲ့ ကွဲပြားခြားနားနိုင်ကြသလား။ လောလောဆယ်တော့ ဟုတ်ကဲ့ . . . ကျွန်တော်တို့ ကွဲပြားခြားနားနိုင်ကြတယ်၊ ကျွန်တော်တို့ကို လူပ်ရှားမှုလွတ်လပ်ခြင်းနဲ့ ရွေးချယ်မှုလွတ်လပ်ခြင်း အများဆုံး ပေးဖို့အတွက် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ နေရာချထားကြရပြီး အဓိကအင်အားတွေကို ဒေသထဲက အာဏာနဲ့ သြဇာအရှိန်အဝါ ဟန်ချက်ညီမှုထဲမှာ ရှိနေအောင် အားပေးအားမြှောက် လုပ်ကြရတယ်။

ကျွန်တော်တို့ နယူးဇီလန်လို လုံခြုံစိတ်ချရသလား။ ကျွန်တော်တို့ရဲ့လေတပ် မရှိဘဲဖြစ်မလား။ ဟင့်အင်း . . .။ ကျွန်တော် နယူးဇီလန်လို ဖြစ်ချင်သလား။ အမှန်တကယ်ကို မဖြစ်ချင်ဘူး၊ အဲဒါက စိတ်လှုပ်ရှားစရာကောင်းတဲ့ စီးပွားရေး နိုင်ငံမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ဟုတ်တယ်၊ သူတို့က မြင်းတွေ၊ နွားတွေနဲ့ သိုးတွေအတွက် ကောင်းမွန်တဲ့ ကမ္ဘာအကောင်းဆုံး မြက်ပင်တွေကို စိုက်ကြတယ်၊ အဲဒီမဲ့ ပျင်းရိစရာကောင်းတဲ့ ဘဝတစ်ခုပါ။ ကျွန်တော်တို့က

Scanned by CamScanner

တိုးတက်ကြီးထွားမှုမရှိရင် မိုက်မဲလိုပဲဖြစ်ရမယ်။

ငယ - စင်ကာပူနဲ့ပတ်သက်တဲ့ ရပ်တည်ရှင်သန်မှု အချက်အလက်တွေအကြောင်း ခင်ဗျားပြောတာကို ကျွန်တော် နားထောင်တဲ့အခါ ကျွန်တော် သတိပြုမိတဲ့အရာတွေထဲက တစ်ခုက ဒီလိုရှုထောင့်အမြင်ကို ကျွန်တော့် အနည်းငယ်သာကြားရပုံရတယ်။ ပြီးတော့ ခင်ဗျားရဲ့လုပ်ဖော်ကိုင်ဖက်တွေထဲကို ဒီစဉ်းစားတွေးခေါ်မှု ဘယ်လောက် အတိုင်းအတာအထိ ခင်ဗျား သွတ်သွင်းပေးခဲ့တယ်လို့ ခင်ဗျားထင်သလဲ။

ငမြ - အို...လုံးဝခြွင်းချက်မရှိ၊ ဒါကို သူတို့နားလည်ကြတယ်။

ငယ - သာမန်မြည်သူတွေကရော ဘယ်လိုလဲ။

ငမြ - ကျွန်တော်တို့ရဲ့ လုံခြုံမှုမရှိခြင်းအကြောင်း ပြည်သူတွေကို အကြိမ်ဘယ်လောက်နဲ့ ဘယ်လောက်များ သတိပေးရမယ်ဆိုတာ ဆုံးဖြတ်ရမယ်။ အဲဒါက စိတ်ဓာတ်ကို မလိုအပ်ဘဲ အကျိုးသက်ရောက်မှု ဖြစ်နိုင်တာ ဒါတွေက ကျွန်တော့်ရဲ့ စိုးရိမ်ထိတ်လန့်မှုတွေပါ။ ဒီစိုးရိမ်ထိတ်လန့်မှုတွေက ၁၀ နှစ်ကာလအတွင်းမှာ မှန်ကန် လာမလား။ "ဟင့်အင်း...ကျွန်တော်တို့ လုံခြုံစိတ်ချရနေတယ်" လို့ ကျွန်တော်ပြောမယ်။ နှစ် ၂၀ မှာလည်း "ဟင့်အင်း" လို့ ကျွန်တော်ပြောမယ်။ ဒါပေမဲ့ အခြေချဖို့အတွက် ဒီကိုလာကြတဲ့သူတွေက အနှစ် ၂၀ လောက်ဘ နေမှာမဟုတ်ဘူး။ သူက ဒီမှာ အစဉ်ထာဝရနေဖို့ လာကြတာ၊ ဟုတ်တယ်မဟုတ်လား။ ပြီးတော့ သူတို့ရဲ့ကာလေးဝ ကလည်း ဒီမှာနေကြမယ်။

ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကို စင်ကာပူအပြင်ဘက်မှာ အမြဲတိုက်ဖိုက်ယူရမယ်လို့ ကျွန်တော် သတ်မှတ် တယ်ဆိုပါစို့၊ ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို ကျွန်တော် အလေးထားပြရမယ်ဆိုပါစို့။ တရုတ်နဲ့အိန္ဒိယ ပြောင်း အခြေချတွေက "ပြန်သွားတာပဲ ကောင်းပါတယ်ကွာ၊ ဒါမှမဟုတ် အမေရိကန်နဲ့ သြစတြေးလျတစ်ခုခုကို သွ မယ်။ သြစတြေးလျက အပြောင်းအလဲမြန်တဲ့ ဒီဒေသနဲ့ ပိုပြီး ဝေးနေတယ်ဆိုတော့ အကောင်းဆုံးက အမေရိက ကို သွားမယ်" လို့ စဉ်းစားကြလိမ့်မယ်။ စင်ကာပူသားတွေတောင်မှ ဒီလိုမျိုး စတင်စဉ်းစားကောင်း စဉ်းစားကြလိ မယ်။

ငယ - စင်ဗျားမရှိတဲ့နောက်မှာ ဒီနေရာနဲ့ပတ်သက်ပြီး စင်ဗျား စိုးရိမ်ပူပန်သလား။

ငမြ - ကျွန်တော် သေပြီးတဲ့နောက်မှာလား။

ငယ - ကျွန်တော်ဆိုလိုတာက ဒီတွက်ချက်မှုတွေ အားလုံး.....

ငမြ - ဟင့်အင်း...ဒီတွက်ချက်မှုတွေအားလုံးကို အပြန်အလှန် လှုပ်လှုပ် ဆွေးနွေးခဲ့ကြတယ်။

Scanned by CamScanner

ငယ - ဒါဖေမဲ့ အဲဒါတွေက ခင်ဗျားဆီက စတင်ပေါက်ဖွားလာတာပါ။

ဖြေ - ဟုတ်တယ် . . . ။ ဒါဖေမဲ့ ကက်ဘိနက်အဖွဲ့ဝင်တိုင်းနဲ့၊ တိတိကျကျပြောရရင်၊ ကာကွယ်ရေးဝန်ကြီးတိုင်းနဲ့ အရေးပါတဲ့ ဝန်ကြီးအားလုံးက ကျွန်တော်တို့ရဲ့အနေအထား ဘယ်လိုရှိတယ်ဆိုတာ အတိအကျ နားလည်ကြတယ်။

ငယ - အပြင်ဘက်အခြေအနေ ပြောင်းလဲလိမ့်မယ်။ စိန်ဝင်္ကပ်အသစ်တွေရှိလာပြီ၊ တွက်ချက်မှုအသစ်တွေ ပြုလုပ်ရလိမ့်မယ်။ အမှန်တကယ် စဉ်းစားတွေးတောမှုတွေ လိုအပ်လာမယ်။

ဖြေ - ဒါဖေမဲ့ သူတို့မှာ စွမ်းဆောင်နိုင်မှုတွေရှိတယ်။ ဒါတွေအားလုံးကို လူတစ်ယောက်တည်းမှာ တွေ့မြင်ရချင်မှ တွေ့မြင်ရလိမ့်မယ်။ ဒါဖေမဲ့ အဲဒါက ကျွန်တော့်တစ်ယောက်တည်းမှာ တွေ့ရတာမဟုတ်ဘူး။ ကျွန်တော့်မှာ ဘက်ပေါင်းစုံအမြင်ရှိတဲ့ လူတစ်စုရှိတယ်။ ရူးဝစ် ကုဗတုံးလိုပေါ့။

ငယ - တကယ့်တွေးခေါ်ခြင်းအတွက် သူတို့အရည်အချင်းတွေကို မစမ်းသပ်ရသေးဘူး။

ဖြေ - အဲဒါကို မစမ်းသပ်ဘူးလို့ ခင်ဗျား ဘယ်လိုပြောနိုင်သလဲ။ သူတို့တွေက ဒီလိုနားချိန်ကတည်းကနေ ကြီးကျယ်တဲ့ ကျွမ်းကျင်မှုနဲ့ ပေါ်ထွက်လာနေကြတယ်။ သူတို့ အဲဒါကို တကယ်ကျွမ်းကျင်မှုနဲ့ ကိုင်တွယ်နေကြတယ်။ ဒါတွေအားလုံး အဆင်ပြေတယ်ဆိုတာကို ကျွန်တော် ရပ်ကြည့်နေရုံပဲ။ သူတို့ ဖြေရှင်းချက်ထုတ်ကြတယ်။ ကျွန်တော် မထုတ်ဘူး။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့တို့က အချက်အလက်တွေနဲ့ ဂဏန်းတွေကို ကျွန်တော် အသေးစိတ် မဖတ်နိုင်ဘူး။ ကျွန်တော် ဝန်ကြီးချုပ်ဖြစ်စဉ်အခါတုန်းက အဲဒါတွေကို ဖတ်ရတယ်။ ဒါဖေမဲ့ ကျွန်တော် ဝန်ကြီးချုပ် မဟုတ်တော့ဘူး။ ကျွန်တော်က မိုးကုတ်စက်ပိုင်းပေါ်က ပြဿနာတွေနဲ့ အခွင့်အလမ်းတွေကို လှမ်းမျှော်ကြည့်တယ်။

ဒီမယ် . . . ကျွန်တော်ပြောမယ်။ တရုတ်နဲ့ဆက်ဆံရေးကို ကျွန်တော်တို့ ထူထောင်ကြစို့။ အိန္ဒိယနဲ့ ဆက်ဆံရေးကို ထူထောင်ကြစို့။ ပင်လယ်ကွေ့နဲ့ ဆက်သွယ်မှုကို တိုးမြှင့်ကြစို့။ ရုရှား၊ သူကတော့ ဝေးတယ်။ ဒါဖေမဲ့ ပိုမိုနီးကပ်အောင် ကြိုးစားကြစို့။ သူတို့မှာ ရေနံတွေရှိတယ်။ အဲဒါတွေက ကျွန်တော်တို့ကို ဂရုကို မဟုတ်နဲ့ပို့ဆောင်မယ့် နောက်ထပ် အပိုမော်တာတွေ ဖြစ်ကြတော့မယ်။ ဒီအခွင့်အလမ်းတွေ ကျွန်တော်ရထားတယ်လို့ မကြာသေးခင်က မလေးရှားတွေကို ကျွန်တော်ပြောခဲ့တယ်။ ဒါကြောင့် မလေးရှားမှာ ရင်းနှီးမြှုပ်နှံဖို့ကလွဲလို့ ကျွန်တော့်မှာ ရွေးချယ်စရာမရှိဘူးဆိုတာကို မယုံပါနဲ့။ စင်ကာပူသားတွေကို ခင်ဗျား အဲဒီနေရာမှာ ရင်းနှီးမြှုပ်နှံစေချင်တယ်။ ခင်ဗျား မသွေဖယ်ရဘူး၊ ခင်ဗျား ဒီနေ့ ရာသီဥတုမဂေကောင်းနိုင်ဘူး။ မနက်ဖြန် မိုးရွာမယ်။ သန်ဘက်ခါမုန်တိုင်းတိုက်မယ်။ အဲဒီနောက်တစ်ခါ ရာသီဥတု ပြန်ကောင်းလာမယ်။ ဒါတွေက ကာလရှည် ရင်းနှီးမြှုပ်နှံမှုတွေပါ။ သူတို့၊ ကျွန်တော့်ကို နားလည်တယ်။ မဟာသီက အမှန်ပဲ ကွဲပြားခြားနားတဲ့ စိတ်သဘောထားရှိတယ်။ ဝန်ကြီးတွေက ကျွန်တော့်ကို နားလည်ကြတယ်။ ဒီလိုနဲ့ မဟာသီက အစွက်နဲ့ဒါဒေသအကြောင်းကို ပြောတယ်။ သူတို့တွေကို စင်ကာပူတွေဆီက တရုတ်တွေ သိမ်းယူကြတော့မယ်။ သူတို့က မလေးတွေကို ဇယ်ရှားကြလိမ့်မယ်။ အဲဒါက စင်ကာပူသားတွေအတွက် အဓိပ္ပာယ်မရှိဘူး။

Scanned by CamScanner

မောင်မြတ်မိုး

နောက် ၁၀ နှစ်မှာ အသီးအပွင့်တွေပွင့်တော့မယ့် မြို့.ပြ ဖွံ့.ဖြိုးတိုးတက်ရေး အာဏာပိုင်အစီအစဉ်ကို ကြည့်ဖို့ မရီနာ၊ စင်ကာပူမြစ်၊ ကော်လီယာကီး၊ ဘုတ်ကီး၊ အောချတ်ရုတ်၊ အက်ဖ်ဝမ်း၊ ပေါင်းစပ်ထားတဲ့ အနားယူစခန်း နှစ်ခု စသဖြင့် ရှိတယ်။ ရင်းနှီးမြှုပ်နှံသူတွေက ကျွန်တော်တို့ကို အကြွင်းမဲ့ ယုံကြည်ကြတယ်။ ယုံကြည်ကြတော့ ကြောင့် ဒီနေရာဟာ တည်ငြိမ်နေတယ်။ အစိုးရ တည်ငြိမ်နေတယ်။ အလုပ်သမားနဲ့ စက်မှုလုပ်ငန်းအခြေအနေ တည်ငြိမ်နေတယ်။ အားလုံးကို ခြုံရင် နောက် ၁၀ နှစ်၊ အနှစ် ၂၀ အတွင်းမှာတောင် ဖြစ်ကောင်းဖြစ်စွာ ကျွန်တော် တို့ ရုတ်တရက် အကြီးအကျယ်တိုးတက်မှုကြီးတစ်ခု ပြုလုပ်နိုင်တယ်။ အနောက်တိုင်းမီဒီယာတွေက စင်ကာပူ အကြောင်းကို အကျိုးမဖြစ်ထွန်းတဲ့ နေရာအဖြစ် မပြောကြတော့ဘူး။ အဲဒါက ပျော်စရာကောင်းတဲ့ နေရာ ဖြစ်လာပြီ။ တဝီဝီမြည်နေတဲ့ ကူးသန်းရောင်းဝယ်ရေးနဲ့ စီးပွားရေးအချက်အချာတစ်ခု ဖြစ်လာပြီ။ တရုတ်၊ အိန္ဒိယ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျနဲ့ နယူးဇီလန်စတဲ့ အခြားဒေသက လူတွေနဲ့အတူ ကျွန်တော်တို့ဟာ အမျိုးသားရေးအယူအစွဲတွေ ပိုပြီး ကင်းရှင်းလာကြတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ကံကြမ္မာပဲ။

✧ ✧ ✧

Scanned by CamScanner

(၂)
PAP ကြာရှည်ခဲမည်လား

ကက်ဘိနက်အခန်းထဲရှိ တတ်လေ့ကားမှ ပိုးခနဲ ခပ်အုပ်အုပ်တွက်လာသောအသံက အပေါ်ထပ်များရှိ ရုံးခန်းများမှ လူတစ်ယောက်ရောက်လာကြောင်းကို အချက်ပြနေသည်။ အနက်ရောင်ဖိုင်နှစ်ခုကို ကိုင်ရင်း ပြူးယောင်ယောင် သန်းလျက် ဘတ်လေ့ကားထဲမှ လိကွမ်ယု ခြေလှမ်းထွက်လာသည်။ ထိုင်ခုံ၌ သူထိုင်သောအခါ ဖိုင်များကို ရှည်လျားသော ကျွန်းတားပွဲပေါ်မှ ကျွန်တော်တို့ဆီသို့ တွန်းပေးလိုက်သည်။ စင်ကာပူနှင့် ၎င်း၏ လမ်းညွှန်ဝန်ကြီးကို ရိုးကျူးသော ကမ္ဘာအနှံ့မှ စာများက ဖိုင်များထဲတွင် ရှိနေကြသည်။ လီအတွက်၊ စွဲလမ်းချစ်ခင်သူများထဲမှ စာများက သူ၏ချဉ်းကပ်မှုကို လွတ်လွတ်လပ်လပ် ထောက်ခံထားကြသည်။

"ဒါတွေကို ကျွန်တော် လုပ်ကြံဖန်တီးထားတာ မဟုတ်ပါဘူး"

သူက ပြောသည်။

မမျှော်လင့်သော ထိုအထောက်အထားက ဤတာအုပ်အတွက် ကျွန်တော်တို့၏ ပထမဦးဆုံး ဆွေးနွေးပွဲအစပြုပုံ ဖြစ်သည်။ နောက်ထပ် အုံသြစရာများ လာဖို့ရှိသေးသည်။ ထို "ထောက်ခံစာများ" ဖြင့် လီက ကျွန်တော်တို့၏ အင်တာဗျူးအတွက် အနေအထားကို မှန်ကန်အောင် ပြုလုပ်ချင်နေသည်။ အနောက်ဖက်ပိဒိယာတို့ ထောက်ပံ့ပေးသော မူဝေးများနှင့် ဆန့်ကျင်လျက် တစ်ကမ္ဘာလုံးက သဘောကျနှစ်သြက်ကြသော အောင်မြင်သောစနစ်တစ်ခုကို ကျွန်တော်တို့ အသေးစိတ် စိစစ်ကြည့်ကြတော့မည်။ ၎င်းက မတက်ကြွသော နိုင်ငံသားများနေထိုင်ပြီး သံသယစိတ်ဖြင့် အုပ်ချုပ်ခံရသော ရောဂါပိုးသတ်ထားသည့်ကျွန်း၊ သေဒဏ်ရှိသော ဒစ္စနေကမ္ဘာဖြစ်သည်။

သို့လင့်ကစား ထိုကဲ့သို့ ဖြစ်ရပ်မှတ်တမ်းတစ်ခုဖြင့် လီ ပြင်ဆင်လာသော အကြောင်းအချက်က စင်ကာပူအား ဝေဖန်ကြသူများကို ရိုးရိုးရှင်းရှင်း ဘေးဖယ်မထားနိုင်ကြောင်း အသိအမှတ်ပြုခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာလုံးဆိုင်ရာ ချုပ်ကိုင်မှုက လွတ်လပ်သော ဒီမိုကရေစီသည် တိုင်းပြည်အားလုံး အတူတူဖြစ်မတတ် တိုင်းတာမှုပြုလုပ်ရန် အသုံးပြုလေ့ရှိသည့် စံနမူနာအဖြစ် ပေါ်ထွက်လာကြောင်းကို ဆိုလိုနေသည်။ ထိုစံနမူနာအရ လွတ်လပ်သော ဒီမိုကရေစီကို ထောက်ခံကြသူများ၏ မျက်လုံးများထဲတွင် စင်ကာပူသည် လိုအပ်ချက်ရှိနေသူအဖြစ် အမြဲတမ်း အတွေ့ပြင်ခံနေရလိမ့်မည်။

Scanned by CamScanner

အချို့သော ခေါင်းဆောင်များက ဒီမိုကရေစီစကားလုံးများကို ဖွင့်ဟပြောခြင်းဖြင့် ကမ္ဘာ့ပြည်သူများ၏ ထင်ပြူးယူဆချက်ကို အကြိုက်လိုက်ကောင်း လိုက်ကြလိမ့်မည်။ သို့သော် ထိုကဲ့သို့သော အလံဖြူက လီ၏ သဘောတရားရေးရာ မြေကတုတ်များပေါ်တွင် မည်သည့်အခါမှ တလူလူမလွင့်ချေ။ ကျွန်တော်တို့၏ အစည်းအဝေးများတွင် သူက အနောက်တိုင်း လွတ်လပ်သော ဒီမိုကရေစီကို ခါတိုင်းကဲ့သို့ပင် ရွဲမုန်းနေသည်။ မဲပုံများက သူနှင့်ပါတီကို ထပ်ခါထပ်ခါ အကြီးအကျယ် ထောက်ခံခဲ့သည်ဟူသော အချက်ကို သူ မည်သည့်အခါမှ ခေါင်းထဲမထည့်ချေ။

အခြား ဒီမိုကရေစီများတွင် တောင့်တင်းခိုင်မာခြင်း စမ်းသပ်ချက်က အုပ်ချုပ်ရေးနှစ်ခု လွှဲပြောင်းခြင်း၊ သို့မဟုတ် အစိုးရနှစ်ခု ပြောင်းလွှဲခြင်းဖြစ်သည်။ စင်ကာပူတွင် တစ်ပါတီ PAP က ၅၁ နှစ်ဆက်တိုက် အာဏာစွဲကိုင်ခဲ့သည်။ စင်ကာပူ အတွက် တည်ငြိမ်မှုစမ်းသပ်ချက်က လီထက် စနစ်အသက် ပိုရှည်နိုင်မည်လား ဆိုခြင်းပင် ဖြစ်လိမ့်မည်။ လောလောဆယ် အထိမှ ၎င်းကအစိုးရ၏ ဗဟိုထိန်းချုပ်မှုတွင် မရှိတော့ဘဲ လမ်းညွှန်ကဏ္ဍကို ဆောင်ရွက်နေရသော လိနှင့်အတူ ဆက်လက် ရပ်တည်ဝန်သည်။

၁၉၉၀ ပြည့်နှစ်တွင် ရာထူးလွှဲပြောင်းပေးပြီးနောက် လီက ဝါရင့်ဝန်ကြီးအဖြစ်လည်းကောင်း၊ ၎င်းနောက်၌ လမ်းညွှန်ဝန်ကြီးအဖြစ်လည်းကောင်း ကက်ဘိနက်ထဲတွင် ဆက်လက်ရှိနေသည်။ ထိပ်သီးရာထူးတွင် ၃၁ နှစ်ကြာ ကာလ တစ်လျှောက်လုံး၌ ကုန်တွင်းပိုင်းနှင့် သဘာဝ သယံဇာတများမရှိဘဲ လူမျိုးရေးနှင့် ဘာသာရေး နောက်ကြောင်း ရာဇဝင် အမျိုးမျိုးရှိသည့် မဲဆန္ဒရှင်များနှင့်အတူ ပိတ်ဆွေမဆန်သော အိမ်နီးချင်းများကြားမှ သေးငယ်သော၊ လူဦးရေ မြွတ်သိပ်နေသော တိုင်းပြည်တစ်ပြည်၏ အနှိုင်းမရှိအခြေအနေမျိုးဖြင့် စင်ကာပူဖြစ်ဖန်သောအရာနှင့် သင့်တော်သည့် နိုင်ငံရေးစနစ်ကို ပြန်ပြင်ရာတွင် သူက အဓိက ဝိသုကာဖြစ်သည်။

လွတ်လပ်သော ရွေးကောက်ပွဲများရှိသော်လည်း စည်းလွတ်ဝါးလွတ် ပီဒီယာကဲ့သို့ အခြား ဒီမိုကရေစီ အဆောင် အယောင်များမရှိသော တစ်ပါတီလွှမ်းမိုးကြီးစိုးသည့်နိုင်ငံသည် တရားဥပဒေဆီလျော်ခြင်းကို ပျော်ရွှင်စွာ ခံစားနိုင်ကြောင်း လိနှင့် သူ၏နေရာကို ဆက်ခံကြသူများက ပြသခဲ့ကြသည်။ သို့လင့်ကစား အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင် ဆာမျူရယ် ဟန်တင်တန်ကဲ့သို့ ဝေဖန်ရေးသမားများက လီတည်ဆောက်ခဲ့သောအရာသည် ခိုင်မာသော အဖွဲ့အစည်းပေါ်၌မဟုတ်ဘဲ သူ၏အာဏာပေါ်တွင် အုတ်မြစ်ချခဲ့ကြောင်း သတိပေးကြသည်။ ဤစနစ်သည် သူနှင့်အတူ သူ၏သဏ္ဌိုင်းထဲသို့ လိုက်ပါသွားလိမ့်မည်ဟု ဟန်တင်တန်က တစ်ခါ၌ ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ နိဘယ်လ်ဆုရရှိသော စီးပွားရေးပညာရှင် အမာတိယာဆင်းကဲ့သို့ အခြားလူများက လူ့အဖွဲ့အစည်းအားလုံး ဒီမိုကရေစီကို ကောင်းကောင်း တုံ့ပြန်မှုမရှိဟူသော လိ၏ စိစစ်မှုရှိသည်ဟု ပြောသည်။

ဝေဖန်သူများသည် စင်ကာပူ၏ ထူးကဲသော ပျော့ကွက်ဟာကွက်များနှင့် တိုင်းပြည်ကို အုပ်ချုပ်ရသော တာဝန်ရှိမှုတို့ကို နားလည်ကြခြင်းမရှိကြကြောင်း လိက ထောက်ပြသည်။ စင်ကာပူအပေါ် အနောက်တိုင်းသားတို့၏ ရန်ထောင်မှုနှင့် မတ်သက်၍ ပိုမိုအတိတ်နိမိတ်ပကောင်းသော အကြောင်းရင်းတစ်ခုကိုလည်း သူ တွေ့မြင်သည်။ ၎င်းက စင်ကာပူသည် ပေါ်ထွက်လာနေသော တိုင်းပြည်များ၊ အထူးသဖြင့် တရုတ်ပြည်အတွက်၊ ရှင်သန်ရပ်တည်နိုင်သော အစားထိုးပုံစံ တစ်ခုအဖြစ် သက်သေထူနိုင်ကြောင်း ဖွင့်မပြောသည့် စိုးရိမ်ထိတ်လန့်မှုဖြစ်သည်။

အမှန်ပင် တောင်ပိုင်းတရုတ်ပြည်၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စပြုနေကြသော မြို့တော်များတွင် ရှင်ဇင်တက္ကသိုလ် နိုင်ငံရေးပါမောက္ခ လူရွှမ်လီရေးသားသော Why Can Singapore Do It ကဲ့သို့သော အုပ်ချုပ်ရေးလက်စွဲစာအုပ်များက

Scanned by CamScanner

အရောင်းရဆုံးစာအုပ်များ ဖြစ်ကြသည်။ ထိုနေရာ၌ ပါတီခေါင်းဆောင်များ၏ စင်ကာပူမှ သိနားလည်ရန် လွှပ်ရှားမှုများက အလှူးအရေးပါသောခေါင်းဆောင် ကွယ်လွန်သူ တိန့်ရှောင်ဖိန့်၏ တပ်လှန့်သံမှ နောက်ဆုံး ပဲ့တင်ထပ်မှုများသာဖြစ်ကြသည်။ ပုံပြင်ဆန်သော သူ၏ ၁၉၉၂ ခုနှစ် တောင်ပိုင်းခရီးအတွင်း၌ တိန့်ရှောင်ဖိန်က ပါတီကို ဤသို့ စွမ်းဆောင်ရန် စိန်ခေါ်သည်။

"လေ့လာဆည်းပူးပြီး စင်ကာပူကို ကျော်တက်ပါ"

ဥပမာအားဖြင့် လူရွှမ်လီ၏စာအုပ်က စင်ကာပူ၏ အောင်မြင်မှု လျှို့ဝှက်ချက်များကို ဤသို့ အမျိုးအစား ခွဲခြားထားသည်။ အဂတိကင်းရှင်းသောအစိုးရ၊ စွမ်းဆောင်နိုင်၍ ရိုးသားဖြောင့်မတ်သော ခေါင်းဆောင်များ၊ စည်းကမ်းသေဝပ်သော အလုပ်သမားအင်အားနှင့် ကာလတို အကျိုးကျေးဇူးထက် ကာလရှည်ကောင်းကျေးရေးအပေါ် အာရုံစူးစိုက်သော မူဝါဒဖန်တီးမှုတို့ ဖြစ်ကြသည်။ သူက PAP ၏ သက်တမ်းရှည်ကြာမှုကို ဟောင်းနွမ်းနေသော ဂျူဖိနပ်များဖြင့် ဤသို့ နှိုင်းယှဉ်သည်။

"လူတစ်ယောက်ဟာ ဂျူးဖိနပ်ကို ခဲ့လို့ရတယ်။ ပျော့ပျောင်းအောင် လုပ်နိုင်တယ်။ ဆိုးလ်ပြန်လဲနိုင်တယ်။ ပြင်ဆင်မှုတွေ ပြုလုပ်နိုင်တယ်။ ပြီးတော့ အဲဒီ ဂျူးဖိနပ်ဟာ အသစ်တစ်ရံထက် ပိုပြီးတော့ သက်သောင့်သက်သာ ဖြစ်နိုင်သေးတယ်"

အခြားလူများက သံသယရှိကြသည်။ သူ၏ ရှုပ်ရှုပ်ထွေပွေကို အိန္ဒိယပြည်ဖွား၊ အမေရိကန်ပညာတတ် ဇာရီး ဇကာရီယာ၏ ဝေဖန်ချက်နှင့် ဤသို့ ခြားနားချက် ဖော်ပြကြသည်။

"အမြင်ကျဉ်းမြောင်းခြင်းမရှိဘဲ အာဏာရှင်တွေဟာ လီလိုပဲ ခေတ်မီခြင်းကို သူတို့ အောင်မြင်ပြီးမြောက်အောင် မြှုပ်ပြီး ဒီမိုကရေစီကို ဆိုင်းငံထားနိုင်ကြတယ်လို့ ယုံကြည်ကြတယ်။ ဒါပေမဲ့ သူတို့ မလုပ်နိုင်ဘူး။ ရေနံချိုးသာတဲ့ ပင်လယ်ကွေ့တိုင်းပြည်တွေနဲ့မတူတဲ့ စင်ကာပူဟာ လူတစ်ဦးခြင်း ပြည်တွင်းထုတ်ကုန် ဒေါ်လာ ၁၀,၀၀၀ ကျော်ရှိတဲ့ ဒီမိုကရေစီမဟုတ်တဲ့ နိုင်ငံပဲဖြစ်တယ်။ ဒါဟာ ကြာရှည်ခံမာမဟုတ်တဲ့ အုပ်ချုပ်မှုအတွက် ရှင်းလင်းတဲ့ ခြွင်းချက်တစ်ခု ပဲ"

သို့ရာတွင် များစွာသော အခြားနယ်ပယ်များကဲ့သို့ပင် စင်ကာပူနိုင်ငံရေးအပေါ် လီ၏ ခွဲထင်မှုက ဇောက်ဖျက်မရနိုင်ကြောင်းကို ဝေဖန်သူများနှင့် သဘောကျနှစ်ခြိုက်သူများက တညီတညွတ်တည်း သဘောတူလက်ခံကြသည်။ ဇာကရီယာက ဤသို့ပြောသည်။

"ရှစ်ချတ်နစ်ကဆင်က သူ့ကို ဒစ္စရေလီ၊ ဘစ္စမတ်ခ်နဲ့ ချာချီတို့လို ဂန္ထဝင်ပြောက် နိုင်ငံခေါင်းဆောင်တွေနဲ့ တစ်ဆိုက်နိုင်းယှဉ်ခဲ့တယ်။ ဒါပေမဲ့ သူက သေးငယ်တဲ့အဆင့်ကို ယူထားတယ်လို့ နစ်ကဆင်ကပြောတယ်။ ဒီအဆင့်က ဒီလောက် သေးငယ်ပုံ မပေါ်တော့ဘူး။ လီကွမ်ယုဟာ အရှေ့တောင်အာရုက သေးငယ်တဲ့ မြေပြင်ကုန်းတန်းကလေးကို ရယူခဲ့တယ်။ အဲဒီကုန်းတန်းကလေးဟာ သံယံဇာတမရှိဘဲ တရုတ်၊ မလေးရှားနဲ့ အိန္ဒိယအလုပ်သမားတွေရဲ့ဘာသာ စကားများစွာပြောတဲ့ လူဦးရေတစ်ခုနဲ့အတူ ကြီးကျယ်တဲ့ ရုန်းကန်တိုက်ခိုက်မှုနဲ့ ပြင်းပြတဲ့ ဝေဒနာတွေဖြစ်ပြီးနောက် ၁၉၆၅ ခုနှစ်မှာ လွတ်လပ်ရေးရရှိလာပြီး ကမ္ဘာ့စီးပွားရေး ဗဟိုတစ်ခုဖြစ်လာတယ်"

ဩစတြေးလျပညာတတ်တစ်ယောက်နှင့် လီ၏အုပ်ချုပ်ရေးကို အဝေဖန်ဆုံးသော သုတေသီများထဲမှ စာရေးဆရာဖြစ်သော မိုက်ကယ်ဘားက ဤသို့ရေးသည်။ "၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များ၏ အကြီးအကျယ် ဝရုန်းသုန်းကားဖြစ်နေသော အခြေအနေမှ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုကို မစွတာလီထက် တခြား မည်သူပေးနိုင်မည်နည်း။ မစွတာလီ၏ အသိဉာဏ်ထက်မြက်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ ခေါင်းမာသော ရက်စက်ကြမ်းကြုတ်မှုကို ပြည်သူများ၏ ယုံကြည်အားထားမှုနှင့် သစ္စာရှိမှုအား အောင်နိုင်သော သူ၏စွမ်းဆောင်ချက်ဖြင့် အခြား မည်သည့်ကိုယ်စားလှယ်လောင်းမှ မပေါင်းစပ်နိုင်ချေ"

၂၀၀၉ ခုနှစ် ရောက်သောအချိန်တွင် လီက ဝန်ကြီးချုပ်အဖြစ်မှ နှစ် ၂၀ နီးပါးကြာ ကင်းကွာနေခဲ့ပြီးဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်တို့၏ အင်တာဗျူးက နိုင်ငံရေးစနစ်နှင့် ရှေ့တွင်ရှိနေသော စိန်ခေါ်မှုအပေါ် သူ၏ထင်မြင်ယူဆချက်အား

Scanned by CamScanner

ကျွန်တော်တို့ ထိုသို့ ယုံကြည်မိသည်၊ နိုင်ငံရေးကို ဖွေ
ရန် အင်အားဖြုန်းလုပ်မည့်နေရာက်ကို ကျွန်တော်တို့ ကြိုတင်မျှော်ဆက်ထားကြပြီး မေမွန်းတရင်းကို သူ့ဆီသို့ တစ်
ကြိုပို့ကြသည်၊

မိုးဆိုထားသောအဆိုန် သို့ ရောက်သောအခါ လိုက လမ်းလျှောက်ဝင်လာပြီး နောက်ထပ် "ထောက်ခံတ
ထုတ်ယူလိုက်သည်၊ ကျွန်တော်တို့၏ မေးမွန်းများအား ငယ်ရွယ်သော ကက်ဘိနက်လုပ်ဖော်ကိုင်ဘက်များ၏ စုပေါင်း
ကြားဖျောက်ကို အသံကျယ်ကျယ်ဖြင့် သုတ်ပြသည်၊ ကျွန်တော်တို့၏မေးမွန်းများကို သူက သူတို့ဆီသို့ ဆက်လက်ပို့
သည်၊ ငယ်ရွယ်သော ဝန်ကြီးများက ကျွန်တော်တို့၏ ရုံးစီးပေးပြန်းမှုများကို ဝေဖန်သူများထံမှ စံပစ္စည်းအဖြစ် တွေ့မြင်ကြ
သည်၊

လိုက မမျှော်လင့်သောအရာကိုနောက်တစ်ကြိမ်ပြုလုပ်သည်၊ နိုင်ငံရေးအကြောင်း စကားပြောခြင်းကို သူ
မတင်းစားဆွဲ မေးမွန်းစာရွက်ကို သူက စားပွဲပေါ်၌ ကျွန်တော်တို့ဆီသို့ ပြန်တွန်းပေးရင်း ဤသို့ လေးလေးနက်နက်မြ
သည်၊

"ကျွန်တော် တာဝန်ယူ မကြိုက်ကြပ်စတဲ့ဘူး ဒီမေးမွန်းစတွေကို ငယ်ရွယ်တဲ့ ဝန်ကြီးတွေကို မေးပါ"

သူက သက်ပြင်းချက်ပြီး ပါးစပ်မှ မှတ်ထုတ်လိုက်သည်၊ နှတ်ခမ်းကို လျှာဖြင့် သူသပ်ပြီး တိတ်ဆိတ်နေသည်၊ သူ
ကျွန်တော်တို့ကို ကျွန်းမြောင်းစသော မွက်လုံးများဖြင့် ဝိုက်ကြည့်နေသည်၊ သို့သော်ငြားဆရာ၊ ဗျူဟာတတ်ကျွမ်းသူ၊ လမ်
ညွှန်ကိန်းက အားလုံးထက် နိုင်ငံရေးအကြောင်းမပြောရန် ဂျပ်ထိန်းနေသော ရုပ်စရာကောင်းပုံကို သွေးသည်၊ သိရှိနေသော်ငြ
သူ့မျက်နှာပေါ်တွင် သစ္စာအာဏာသော အရိပ်အစဖောင်သန်းနေသည်၊

ကျွန်တော်တို့က ဝိုးတီးဝေးဆို ကြိုးစားကြသည်၊ လက်ရှိဝန်ထမ်းနှင့် ဝေါင်းဆောင်မှုအပေါ် သူတို့တွေးထင်မှုကို လ
ရွယ်သော စံကားသားများ သိရှိထိုက်သည်ဟု သူတို့ထဲမှ တစ်ယောက်ကပြောသည်၊

"နီး...နီး...ငယ်ရွယ်တဲ့ ဝန်ကြီးတွေကို ကျွန်တော် ဘယ်နည်းနဲ့မှ နိမ့်ချပြောဆိုလို့ မဖြစ်ဘူး ကျွန်တော်ရဲ့အလုပ်
သူတို့ကို ထောက်ပံ့ရမှာ"

သူက တိုးတိုးပြောသည်၊

ဤသို့ဖြင့် ဝေဖန်ခံရသည့် စောက်ခလျှောက်တွင် နိုင်ငံရေးဝေါင်းဆောင်မှုနှင့် အမြင်ကွဲများပြောင်းမှု လွတ်ကင်းခြင်း
တို့နှင့်မတ်သက်၍ သူ တုတ်ခတ်မပြောရဲ၊ သူ မကျေမပျောင်းလာခဲသောအခါ၌မဟုတ်လျှင် အတိတ်က သူ့ကိုကာကွယ်အကြောင်းပြ
စံကားများ၏ ကြာရည်ခံသော အခြေခံများအဖြစ် သူထင်မှတ်ခဲသောအရာများအကြောင်း ပြောခြင်းမှ သူ မည်သည့်အရာ
သွေဖယ်သွားမလဲ

ဤနေရာတွင် လိုက သူ့ကြွက်ဖယ်ထားသော အရာနှင့်သာလျှင်မကဘဲ သူ ထပ်ကာထပ်ကာ အလေးထားသော
အရာခြင်းပါ ကျွန်တော်တို့ကို ဝေနာက်တစ်ကိုယ် တာဝါတည်ခြင်းစသောင် လှုပ်ရှားသည်၊ မမျှော်လင့်သော အကြောင်းအရာ ဆီသို့
သူ အကြိမ်ကြိမ်ပြန်လှည့်လာသည်၊ ၎င်းက တစ်ခေတ်လုံး PAP အစိုးရကခံစားခဲ့ရမည့် မလွဲမရှောင်သာမှုဖြစ်သည်၊ ဤအရာသည်
စံကားများ၏ ကျယ်ပြန့်ကြီးမားနေသော ပါတီစနစ်တွင် ရှင်းလင်းခြင်းသာသော အကွဲအစအက်မရှိသော်လည်း ဖြစ်ပေါ်လိမ့်မည်၊

တော်ဘီကျယ်ရာယက်နမ်း အနီဆန်ကြားဖြတ်ဝင်ရောက်လာကို အနိုင်ရရှိသောအဆို့ ၁၉၈၁ ခုနှစ်အထိ PAP က
ပုံးနှစ်တောင်းအားလုံးပြည့်သော ပါလီမန် လက်ဝါးကြီးအုပ်မှုကို မည်သည့်အခါမှ ပြန်မရတော့သော်လည်း အတိုက်အစဉ်များ

ရရှိတော့သည်။ PAP ၏ ဒိုင်မာသော ခဲဝေစုက ၁၉၈၄ ခုနှစ်မှစ၍ အထွေထွေရွေးကောက်ပွဲ ၅ ခုတွင် သင့်တင့်သော ၆၁ ရာခိုင်နှုန်းမှ အလွန်အမင်းများပြားသော ၇၅ ရာခိုင်နှုန်းအထိ တာသွားသည်။

သို့လင့်ကစား လိုက PAP ၏ ဆက်လက်အောင်မြင်နေမှုကို ပေါ့ပေါ့တန်တန် သဘောမထားချေ။ PAP အစဉ်အမြဲ တည်ရှိနေမည်လားဆိုသည်ကို သူဂရုမစိုက်ကြောင်း ပြောသည်။ အရေးကြီးသောအရာက စင်ကာပူကိုယ်တိုင် ထာဝရတည်ရှိနေရန်ပင်ဖြစ်သည်။ မည်သည့်နည်းနှင့်မဆို PAP အောင်မြင်နေဖို့အတွက် သူ စိတ်မဝင်စားဟု ကျွန်တော်တို့ကို ပြောပြသည်။ မဲဆန္ဒရှင်များ၏ ယုံကြည်အားထားမှုကို ပါတီဆုံးရှုံးပြီး ပိုမိုအစွမ်းအစရှိသော အခြားအဖွဲ့က လွှဲပြောင်းယူသွားလျှင် ထိုအတိုင်းရှိပါစေ။ လိအဖို့မူ အကောင်းဆုံးလူများကို ထိပ်ဆုံးသို့ရောက်ရှိခြင်းမှ ပါတီက တားဆီးနေလျှင်၊ သို့မဟုတ် မဲဆန္ဒရှင်တို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ပျက်ကွက်လျှင် PAPကဂင်း၏ ပျက်စီးခြင်းမျိုးဧ့ကို စိုက်ပျိုးခြင်းဖြစ်မည်။

စင်ကာပူကို နှစ်ပါတီစနစ်ဆီသို့ တဖြည်းဖြည်း ရွေ့လျားစေပြီး လွှဲပြောင်းဖို့ဖြစ်လာလျှင် ပူဆွေးသောကနည်းပါးသော လွှဲပြောင်းမှုကိုရယူရန်မှာ ဂင်း၏အလုပ်မဟုတ်ကြောင်း သူ့အစိုးရ၏ လမ်းစဉ်ကိုလည်း လိ ဖက်တွယ်သည်။ အပြီးသတ်၌ သူ၏ပါတီသည် ဂင်း၏အသိုက်ထဲမှ ကိုလိုနီဝါဒီများနှင့် လက်ဝဲဝါဒီများကို အနိုင်ယူလျက် ပရမ်းပတာဆူညံသော အတိုက်အခံများထဲမှ အပေါ်သို့ ကုတ်ခြစ်တွယ်တက်ခဲ့သည်။

ယနေ့ စင်ကာပူတွင် အလားတူ နှစ်ဖက်ပြင်ဆင် တပ်စွဲ၍ တိုက်နိုက်သော တိုက်ပွဲမျိုးဖြစ်နိုင်သည်ကို လိ ယုံကြည်သည်။ အတိုက်အခံပါတီတစ်စုခုက PAP ကို စိန်ခေါ်ပြီး အာဏာရရှိလာနိုင်သည်။ ထူးခြားထင်ရှားသော အထင်ကရ ပုဂ္ဂိုလ်များက ပဋိပက္ခထဲတွင် သူတို့ကိုယ်သူတို့ သက်သေပြကြလိမ့်မည်။ ဝေဖန်သူများ ထုတ်ဖော်ပြောသောအရာနှင့် ဆန့်ကျင်လျက် အတိုက်အခံများ၏ အဓိကပြဿနာက အရပ်သားလွတ်လပ်မှု အခြေအနေနှင့် ဘာမှမသက်ဆိုင်ချေ။ ဂင်းသည် PAP က တစ်စုံတစ်ရာ အောင်မြင်ပြီးမြောက်ရန် ဖြစ်နိုင်သမျှ အရာတိုင်းကို ပြုလုပ်ခြင်းကြောင့်ဖြစ်သည်။ ယုံကြည်စိတ်ချရသော အတိုက်အခံတစ်စုခုသည် စစ်မှန်သော ပါတီမူဝါဒ အစားထိုးတစ်စုကို မဖော်ထုတ်နိုင်ကြချေ။ အဘယ်ကြောင့်ဆိုသော် စင်ကာပူအတွက် အကောင်းဆုံး ပြုလုပ်ချင်ကြသော ထက်မြက်သည့်လူများက မူဝါဒကို ဖန်တီးလျှင် ဂင်းသည် PAP ၏ မူဝါဒနှင့် အလားတူသော သုံးသပ်ချက်များဆီသို့ ရောက်ရှိလာသောကြောင့် ဖြစ်သည်ဟု သူကပြောသည်။

စင်ကာပူ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီ ဖြစ်ပြီလား၊ နှင့်ပြည့်ဝသော အရပ်သားလွတ်လပ်မှုကို ပြည်သူများ မျော်ရှင်စံစားရသလားတို့နှင့် ပတ်သက်၍ အခြားလူများ ဒုက္ခဖြစ်ကောင်း ဖြစ်နေကြသောအချိန်တွင် လိကမူ ပိုမို လက်တွေ့ကျသော စိုးရိမ်ပူပန်မှုများဖြင့် ဖိစီးခံနေရသည်။ ပြည်သူများ၏ဘဝသည် တစ်နှစ်ပြီးတစ်နှစ် ရွေးကောက်ပွဲ တစ်ခုပြီးတစ်ခုတို့တွင် တိုးတက်နေကြသလား။ စင်ကာပူသည် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်စွဲဆောင်နေပြီး ၎င်း၏ ပြည်သူများအတွက် လစာကောင်းသော အလုပ်အကိုင်များ ဖန်တီးနေသလား။ ပြည်သူများသည် ဘဝတွင် အောင်မြင်ဖို့အတွက် အခွင့်အလမ်းများရကြသလား။

လက်ရှိအစိုးရစနစ်တွင် ဆင့်ပွားဖြစ်ပေါ်မှုများဖြစ်ပေါ်နိုင်သည်။ သို့သော် အနောက်တိုင်းပုံစံ လွတ်လပ်သော ဒီမိုကရေစီဆီသို့ ဆင့်ပွားဖြစ်ပေါ်မည်မဟုတ်ချေ။ ၎င်းနှင့်ပတ်သက်၍ လိက ဤသို့မောကျောသည်။ အနောက်ဘက်က ကျွင့်သုံးသကဲ့သို့သော ဒီမိုကရေစီသည် အလုံးစုံကောင်းမွန်သော အရာမဟုတ်ချေ။

ထိုသို့ဆိုလျှင် ဒီမိုကရေစီတွင် ကောင်းမြတ်ခြင်းရှိရဲ့လား။ တစ်ခုသာရှိသည်ဟု သူ ဤကဲ့သို့တုံ့ပြန်သည်။ ဒီမိုကရေစီသည် အကြမ်းဖက်မှုမရှိဘဲ အစိုးရများကို ဖယ်ရှားခွင့်ပြုသည်။

Scanned by CamScanner

နစ်များကြောလာသောအခါ သတင်းဝေဖန်သူများက စင်ကာပူနိုင်ငံရေးတွင် လီ၏ ကိုယ်ပိုင် ပင်ကိုအကျင့်ပ
လက္ခဏာက အမှတ်အသားတစ်ခုထားခဲ့ပုံကို ဖော်ပြကြသည်။ ၎င်းက မာကျော်သော၊ ရှုံးနိမ့်ခြင်းကို ခွင့်မ
သော အမှတ်အသားဖြစ်သည်။ ရူးရှသောအရာများကို သူပြောကောင်း ပြောမည်။ လုပ်ကောင်းလုပ်မည်။ သို့သော် သ
တိုက်ပွဲက လူပုဂ္ဂိုလ်နှင့် မည်သည့်အခါမှ မဟတ်သက်ချေ။ သူရပ်တည်သော အရာအတွက်သာလျှင် တိုက်ခိုက်သည်၊ ၎
သေချာသည်။

လက်ရှိခေါင်းဆောင်မှုနှင့် ပတ်သက်၍ သူ အနည်းငယ်သာ ထုတ်ဖော်ပြောသော်လည်း သူ၏ အဓိပ္ပာယ် အ
အနက်ဆုံး လမ်းစဉ်များက သူလက်ရှိခေါင်းဆောင်များနှင့် အနာဂတ်ခေါင်းဆောင်မျိုးဆက်များနှင့် ပတ်သက်နေကြသည
နိုင်ငံရေးသမားတစ်ယောက်ဖြစ်ဖို့ ဘာလိုအပ်သနည်းဟု ကျွန်တော်တို့ မေးကြသည်။ တစ်ချက်မစဉ်းစားသော သူ
အဖြေကားက ဣန္ဒိသို့ ဖြစ်သည်။

"စင်ဂျားမှာ ခိုင်မာတဲ့ ယုံကြည်ချက်တွေရှိရမယ်။ စင်ဂျားမှာ ခိုင်မာတဲ့ ယုံကြည်ချက်မရှိရင် ထင်ရှားမှု လေးစားထိုက်
လူသိများမှု၊ ကျော်ကြားမှု စတာတွေအတွက် စင်ဂျား လိုက်နေလိမ့်မယ်။ အဲဒါကို မေ့ထားလိုက်ပါ"

လီ သိလိမ့်မည်၊ သူ ရာထူးရှိနေသော နစ်ကာလများတစ်လျှောက်၌ သူ့ပြည်သူများအတွက် သူ အကောင်းဆုံ
မြှုပ်ရန် ကြဆောင်ခဲ့သည်။ သို့သော် မော်ကွန်းတင်သော တိုက်ပွဲနစ်ခုကို အောင်နိုင်ရန် လိုအပ်ချက်ဖြင့်လည်း သူ တွန်
အားပေးခံရဟန်တူသည်။ ပထမ၊ အနောက်ဘက်ကို ဆန့်ကျင်လျက် လွတ်လပ်သော စင်ကာပူသည် သူ၏လမ်းကို သူရှေ့
ဇယားချသွားနိုင်ကြောင်း သူ ပြသချင်သည်၊ ကိုလိုနီခေတ်နောက်ပိုင်း နှိမ့်ချဆက်ဆံမှုပုံစံကို လည်းဖောင်း၊ အနောက်
ဘက် မိဒီယာများ၊ သို့မဟုတ် ကမ္ဘာ့ပြဿနာများဖြေရှင်းမည့် နိုင်ငံခြားအစိုးရများ ဟောပြောသော လွတ်လပ်ရေး လုပ်ဆ
စဉ်ကို လည်းကောင်း စင်ကာပူ ကြိတ်မိုတ်မျိုမချခဲ့ရချေ။

သို့သော် သူ အနိုင်ယူခဲ့ရသည့် ဝိုဝိုကြီးမားသော နောက်ထပ်ခြင်းခုန်ချက်တစ်ခု ရှိနေသည်။ ၎င်း၏ နိုင်ငံရေးစနစ်
အပါအဝင် စင်ကာပူသည် မလေးရှားမဖြစ်သော အရာများအားလုံးကို ဖြစ်လိမ့်မည်၊

အထူးသဖြင့် ဥက္ကာအစမျှော်အမြင်ရှိသောလူများ အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှု၊ လူမျိုးပေါင်းစုံဝါဒနှင့် လူနည်းစု
များအား ကာကွယ်ခြင်းတို့ကို ခိုင်လုံအောင်ပြုလုပ်ရာ၌ နှစ်ပေါင်းအတော်ကြာ လီပြောခဲ့သော မိန့်ခွန်းများကို လေ့လာစစ်ဆေး
ကြည့်ကြသောအခါ မလေးရှားအား အတိအလင်း ညွှန်းဆိုချက်များနှင့် ဖွင့်မပြောသော ညွှန်းဆိုချက်များ ပေါ်ထွက်လာသည်၊
စင်ကာပူသည် လူမျိုးရေးဆိုင်ရာ နိုင်ငံရေးကိစ္စနှင့်လွှတ်ပြီး အကျိုးမထင်အရာမရောက်သော ပြည်ထောင်စုကို အောင်မြင်အောင်
ပြုလုပ်ခဲ့လျှင် မလေးရှားနိုင်ငံဖြစ်ခဲ့သောအရာကို ဖြစ်လိမ့်မည်၊

သို့သော် နောက်ပိုင်း၌ ကျွန်တော်တို့ကို သူ ပြန်ပြောပြသည့်အတိုင်း သူ့ဘဝတွင် ဤအခြေအနေ ရောက်နေသော
အခါ သက်သေထူပြဖို့ သူ စိတ်မဝင်စားတော့ချေ။ အပြီးသတ်၌ သူသည် လမ်းညွှန်တစ်ယောက်သာလျှင် ဖြစ်သည်၊ ကျွန်
တော်တို့၏ ပထမအစည်းအဝေးပွဲများ အနည်းငယ်အတွက် ကျွန်တော်တို့ထိုင်ခဲ့ကြသော ကက်ဘိနက်အခန်းထဲတွင် လီက
ငယ်ရွယ်သောခေါင်းဆောင်များ လိုအပ်သည်ဟု သူယုံကြည်သော နိုင်ငံရေးဆိုင်ရာ သင်ကြားပြသမှုများကို ပြုလုပ်သည်၊
နောက်ပိုင်း၌ ကျွန်တော်တို့ကို သူပြောပြသည့်အတိုင်း သူ၏အလုပ်က ဆုံးဖြတ်ချက်များပြုလုပ်ခြင်း မဟုတ်တော့ချေ၊ ငယ်
ရွယ်သော သူ၏လုပ်ဖော်ကိုင်ဖက်များကို သူတို့ ဆုံးဖြတ်ချက်များ ပြုလုပ်သောအခါ "ဘေးလမ်းကြောင်း" များကို သတိပေးရန်
ဖြစ်သည်၊

Scanned by CamScanner

စင်ကာပူကို လမ်းပေါ်၌ ၁၅ နှစ်၊ အနှစ် ၂၀ လမ်းပြသွားရန် ထိုနေရာ၌ သူပရိုခဲ့ကြောင်းကို နည်းလမ်းအမျိုးမျိုးဖြင့် သူ ထပ်မံပြောသည်။ ယခု သူ၏အဓိကစိုးရိမ်ပူပန်မှုက ငယ်ရွယ်သောမျိုးဆက်ကို အနာဂတ်မသေချာကြောင်း၊ အစွမ်းအစ ရှိသော၊ မြူပ်နှံလုပ်ဆောင်သော ခေါင်းဆောင်များအား စင်ကာပူ လိုအပ်နေခြင်းကို သူတို့ နှလုံးသွင်းကြလျှင် အနာဂတ်ကို ရယူပိုင်ဆိုင်နိုင်ကြောင်း နားလည်သဘောပေါက်စေရန်ဖြစ်သည်။

"ဒီနေရာက ပင်လယ်ရေကြောင်းသုံး နာရီတစ်လုံးနဲ့တူတယ်"

သူက ပြောသည်။

"နာရီကို ခင်ဗျား လွှတ်ချလိုက်ရင် ခင်ဗျား အဲဒါကို ခွဲပစ်လိုက်ပြီ၊ နာရီကိစ္စ တုံးသွားလိမ့်မယ်။ တခြားတိုင်းပြည တွေကတော့ ဒုတိယအခွင့်အရေးရတယ်။ အပိုပစ္စည်းတွေပြန်ဝယ်ပြီး နာရီကို ပြင်လို့ရတယ်။ ကျွန်တော်တို့ကတော့ ဒုတိယ အခွင့်အရေး ရမလားဆိုတာကို ကျွန်တော် ကျိန်းသေမပြောနိုင်ဘူး"

အခွင့်အရေးတစ်ရပ် အချည်းအနီးမဖြစ်စေရန် အသေအချာပြုလုပ်ခြင်းက သူ၏ ဘဝပေးတာဝန်ဖြစ်ခဲ့သည်။ သူက ပိုမိုရှင်းလင်းစွာဖြင့် ဤသို့ တင်ပြသည်။

"စင်ကာပူဟာ ကျွန်တော့်ဘဝ နိုဂုံးချုပ်တဲ့အထိ ကျွန်တော့်ရဲ့စိုးရိမ်ပူပန်စရာပါ"

ၚင်းကို မည်သူမှ သံသယမဖြစ်ကြချေ။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"လွတ်လပ်တဲ့ ဒီမိုကရေစီဟာ
အရမ်းကို သာလွန်ကောင်းမွန်နေရင်
အဲဒါဟာ ဈေးကွက်စီးပွားရေးလို
ကမ္ဘာကို ထိန်းချုပ်သွားမှာပေါ့"

Scanned by CamScanner

မေး - နိုင်ငံရေးစနစ်ကို ဒီနေရာမှာ ပုံဖော်တဲ့အခါ ခင်ဗျားဟာ အခရာဖြစ်ခဲ့တယ်၊ ဘာတွေ အောင်မြင်ပြီးမြောက်ဖို့ ခင်ဗျားလုပ်သလဲ၊

ဖြေ - ကျွန်တော်တို့ ဖွဲ့ပြုးတိုးတက်ခဲ့ပုံက တစ်စိတ်တစ်ပိုင်းအားဖြင့် သပိုင်းရဲ့မတော်တဆဖြစ်မှုတစ်ခုပါ၊ အဲဒီအချိန်တုန်းက ဘာရိဆန် (ဆိုရှယ်လစ်ပါတီ)က နှုတ်ထွက်သွားပြီး ပါလီမန်ကို ကျွန်တော်တို့လက်ထဲ အပ်ခဲ့တယ်၊ ငါးဂဏ်ဆက်တွဲဖြစ်လာတဲ့အရာက စင်ကာပူအတွက် ဘာအကောင်းဆုံးဖြစ်တယ်ဆိုတာနဲ့ စင်ကာပူရဲ့ရွယ်ယူးချည်ကို ဘာက အများဆုံးဖြစ်စေအောင် လုပ်မလဲဆိုတာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြုလုပ်ကြတဲ့ ကြိုးတင်စဉ်းစားချက် ရလဒ်၊ ဖြစ်တယ်၊ ပြီတိသျှတို့လုပ်ထားတဲ့ အခြေခံဥပဒေနဲ့ ကျွန်တော်တို့ အစပြုတယ်၊ ကျွန်တော်တို့နဲ့ သင့်တော်ဖို့အတွက် များစွာသော အကြောင်းအချက်တွေမှာ အဲဒါကို ကျွန်တော်တို့ ပြင်ဆင်ရတယ်၊

ကျွန်တော်တို့ ဆက်လက်ထားရှိတဲ့ အဓိက ကြန့်အင်လက္ခဏာတွေကတော့ ပထမ - ဗျူရိုကရေစီနဲ့ ပါလီမန်နဲ့ နိုင်ငံရေးခေါင်းဆောင်မှုအကြား ခွဲခြားထားမှုပါ၊ ဒုတိယ - ၅ နှစ်တိုင်း လွတ်လပ်တဲ့ ဲပေးခွင့်ရှိတယ်၊ အကြောင့် ပါတီတစ်ခုခုဝင်လာရင် အဲဒီပါတီဟာ ဆောင်ရွက်မှုစနစ်တစ်ခု ရှိနေတာကို တွေ့လိမ့်မယ်၊ ကျွန်တော်တို့စနစ်တစ်ခု ဖန်တီးခဲ့ကြတယ်၊ အဲဒီစနစ်အရ စင်ကာပူသားတွေက ကျွန်တော်တို့အုပ်ချုပ်ဖို့ မသင့်တော်ဘူးလို့ ယုံကြည်ရင် ကျွန်တော်တို့ကို ဆန္ဒမဲနဲ့ ဖယ်ရှားပစ်တယ်၊ အဲဒါက သူတို့ရဲ့ရွေးချယ်မှုပါ၊ ဒါပေမဲ့ အဲဒါကို ကျွန်တော်တို့ ကြံဖန်လုပ်သင့်သလား၊ စင်ကာပူကို နောက်ပြန်သွားခိုင်းတာ အဓိပ္ပာယ်မရှိဘူး၊

ကျွန်တော့်ရဲ့ အချိန်ကာလအတွင်းမှာ တိုင်းပြည်ရဲ့ ပြောင်းလဲနေတဲ့ စိတ်ဓာတ်ကို ကျွန်တော် တိုးတက်အောင် ကိုက်ညီပြင်ဆင်သည်၊ လွတ်တော်မဲဆန္ဒနယ်ပြေနဲ့ မသက်ဆိုင်တဲ့ ပါလီမန်အဖွဲ့ဝင်တွေက ကျွန်တော်ရဲ့ဖန်တီးမှုပါ၊ အမည်တင်သွင်းခံရတဲ့ ပါလီမန်အဖွဲ့ဝင်တွေက ဂိုချုပ်တောင်ရဲ့ ဖန်တီးမှုပါ၊ နောက်ဆုံးပြင်ဆင်ချက်တွေကို အဆိုပြုတာကတော့ လီရှန်လွန်းနဲ့ သူ့ရဲ့ယေဘုယ်တဲ့ ဝန်ကြီးတွေရဲ့စိတ်ကူးပါ၊

ဒီလိုနဲ့ တဖြည်းဖြည်း အသားကျအောင်လုပ်ရတယ်၊ အစိုးရရဲ့တာဝန်က စနစ်ကို ဖျက်မပစ်တဲ့ ဒီလိုနည်းလမ်းနဲ့ အပြောင်းအလဲကို ခွင့်ပြုဖို့ဖြစ်တယ်၊

မေး - ဆိုရှယ်လစ်ဝါဒီတစ်ယောက်အဖြစ် ခင်ဗျားအစပြုခဲ့ပြီး အလွန်ပြန်ဆန်စွာနဲ့ သရုပ်မှန်ဝါဒီနဲ့ လက်တွေ့ဝါဒီတစ်ယောက် ဖြစ်လာတယ်၊ ခင်ဗျားရဲ့ နိုင်ငံရေးယုံကြည်ချက်ကို ဘာက ပုံသွင်းခဲ့သလဲ၊

ဖြေ - သဘာဝအားဖြင့်တော့ ကျွန်တော်က သီအိုရီတွေကို ဖက်တွယ်နေတဲ့လူတစ်ယောက် မဟုတ်ဘူး၊ သီအိုရီတွေဟာ လက်တွေ့ကျင့်ကြံမှုကနေ ဆင့်ပွားဖြစ်ပေါ်သင့်တယ်၊ သီအိုရီတစ်ခုကို စမ်းသပ်ရမယ်၊ ဒီမိုကရေစီဟာ တိုင်းပြည်အားလုံးအတွက် အကောင်းဆုံးအစိုးရပုံစံဖြစ်ပြီး တစ်ကမ္ဘာလုံး ဖြန့်သွားလိမ့်မယ်ဆိုတာကို ကျွန်တော် မယုံဘူး၊ အဲဒီအတိုင်းသာဆိုရင် အနောက်ဘက်တိုင်းပြည်တွေဟာ ပြည်သူတွေရဲ့လည်ပျိုကို ညှစ်ဖို့ ဘာကြောင့် ဒီလောက် စိတ်အားထက်သန်နေကြတာလဲ၊ လွတ်လပ်တဲ့ ဒီမိုကရေစီက သာလွန်ကောင်းမွန်ရင် ဈေးကွက်စီးပွားရေးက စီမံကိန်းစီးပွားရေးထက် အတိအကျ သာလွန်ကောင်းမွန်ပြီး တစ်ကမ္ဘာလုံးကို ထိန်းချုပ်သွားသလို၊ အဲဒါကလည်း ကမ္ဘာကို ထိန်းချုပ်သွားလိမ့်မယ်၊

Scanned by CamScanner

ကျွန်တော့်ရဲ့ အခြေခံယုံကြည်ချက်က ခင်ဗျားရဲ့ နောက်ကြောင်းရာဇဝင် ဘာပဲဖြစ်ဖြစ် ဘဝရယ်၊ ပညာရေးရယ်၊ ကျန်းမာရေးရယ်၊ အာဟာရပြည့်ဝမှုရယ်မှာ ခင်ဗျား တူညီတဲ့ အခွင့်အရေးရသင့်တယ်။ ဒါကြောင့် ချမ်းသာသူ လူတစ်ယောက်လို အသားနဲ့ဝီတာမင်ကို ခင်ဗျား ကောင်းကောင်းမစားသောက်ရပေမဲ့ ကြုံလိုပျော်ခွေမနေအေ အသေအချာလုပ်ဖို့ လုံလုံလောက်လောက်တော့ စားသောက်သင့်တယ်၊ ဒါမှ ခင်ဗျားရဲ့ဘဝမှာ အကောင်းဆုံး ခင်ဗျား ဆောင်ရွက်ပြီး အောင်မြင်ပြီးမြောက်နိုင်မယ်။ လူ့အဖွဲ့အစည်းတစ်ခု ကြီးထွားနိုင်တာ ဒီနည်းလမ်းတစ်ခုပဲ ရှိတယ်။ အကောင်းဆုံးကို ထိပ်ဆုံးရောက်အောင် ပြုစုပျိုးထောင်ပေးရမယ့် ဘဘောထားမရှိတဲ့ လူ့အဖွဲ့အစည်း တစ်ခုကို ကျွန်တော် ဆန့်ကျင်တယ်။

ကြီးနိုင်ငယ်ညှဉ်းစနစ်မှာ ခင်ဗျားရဲ့မွေးဖွားမှုက ခင်ဗျားနေရမယ့်နေရာကို ဆုံးဖြတ်တဲ့ ပဒေသရာဇ်လူ့အဖွဲ့အစည်းကို ကျွန်တော် ဆန့်ကျင်တယ်။ အဲဒါအတွက် ပြိုင်ဘက်ကင်းအောင် ကောင်းမွန်တဲ့နမူနာကတော့ အိန္ဒိယကတ်ဆို ဇာတ်မြင့်စနစ်ပဲ၊ သူတို့က ခင်ဗျားကို မိုးဆက်တွေအတွက် နေရာချပေးတယ်။ ခင်ဗျားပြဟ္မဏဖြစ်ရင်၊ ဘုရင်ကျောင်းရဲ့ ဘုန်းကြီးဖြစ်ပြီး ခင်ဗျားရဲ့ ကလေးတွေ ပြဟ္မဏဖြစ်လာတယ်၊ ခင်ဗျား ပြဟ္မဏကို လက်ထပ်တဲ့ အလုပ်ကိုလည်း ဇာတ်နိမ့်၊ ဇာတ်မြင့်အရ ခွဲခြားတယ်။ ခင်ဗျား ဇာတ်နိမ့်တစ်ယောက်အဖြစ် မွေးဖွားလာရင် ဇာတ်နိမ့်လို နေရမယ်။ အဲဒါကို တစ်သက်တာ တင်ကြိုပြဋ္ဌာန်းထားတယ်။

တရုတ်တွေကျတော့ ကွဲပြားခြားနားတဲ့ အနေအထားတစ်ခုရှိတယ်။ အရိုင်းကမ္ဘာမှာ ဖြစ်ပေါ်တဲ့အရာနဲ့ ပိုပြီးဆင်လျော်တယ်။ ကျွန်တော်အောင်မြင်ရင် ကျွန်တော် အာဏာရှိပြီး၊ ကျွန်တော်မွားများမယ်။ ခင်ဗျားချည့်နဲ့ရင် ဆင်းရဲမကောင်းဘူး။ ခင်ဗျား သားသမီး မဖြစ်ထွန်းဘူး။ ခင်ဗျားမှာ ဝိန်းမတွေမရှိဘူး။ ကျွန်တော့်မှာ ဆောင်ကြဉ်းပြီး ရှိတယ်။ အသားတင်ရလဒ်ကတော့ နောက်မျိုးဆက်ဟာ ထက်မြက်သူနဲ့ ခွန်အားပြည့်သူဆီက သူတို့ရဲ့မျိုးဗီဇကို ရရှိကြတယ်။ တရုတ်ဓလေ့ရာဇဝင်ဟာ အင်ပါယာစာပေးပွဲတိုင်းရဲ့ အပြီးသတ်မှာ ၃ နှစ်ကို တစ်ကြိမ်၊ သူ့သမီးကို လက်ထပ်ဖို့အတွက် ထိပ်သီးပညာတတ်ကို ရွေးချယ်တယ်။ အဲဒီပညာတတ်က အဲဒီနောက်ပိုင်းမှာ ကိုယ်လုပ်တော်တစ်ယောက်ယောက်ကို လက်ထပ်သလားဆိုတာက အကြောင်းမဟုတ်ဘူး။ ဇနရာဇ်က တော်ဝင်မိသားစုကို ကောင်းမွန်တဲ့ မျိုးရိုးဗီဇ သွတ်သွင်းချင်တယ်။

ခင်ဗျား ပိုမိုကောင်းမွန်တဲ့ ဒူးရင်းသီးကို တစ်ဖို့နှုန်းလုံး လိုချင်နေရင် ကိုင်းကူးစိုက်ရမယ်ဆိုတာ ဖွင့်မပြောတဲ့အမှန်တရားပဲ၊ ဒီအတွက် ခင်ဗျား အကောင်းဆုံး ဒူးရင်းသီးကို ရှာရမယ်၊ ဒါက လက်ရွေးစင်မွေးမြူခြင်းပဲ။ လူသားတွေလည်း ဒီလိုပဲ အတူတူဖြစ်ပေါ်တယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ဒါပေမဲ့ အမှန်ပဲ၊ ဒါက အနောက်တိုင်း လစ်ဘရယ် (ဒီမိုကရေ့) တွေအတွက် ရှုဒရာဖြစ်နေတယ်။ သူတို့က လူအားလုံးကို တူညီတယ်လို့ ဟန်ဆောင်ချင်ကြတယ်။ ဒါပေမဲ့ ခင်ဗျားက မျိုးရိုးဗီဇပညာရှင်တစ်ယောက်မဟုတ်ဘူး၊ မျိုးရိုးဗီဇတွေကို ခင်ဗျား မပြောင်းလဲနိုင်ဘူး။ ဒါကြောင့် ပြည်သူတွေကို ကျွန်တော်ပြောမှာကတော့ ကျွန်တော် ဘုရားမဟုတ်ဘူး၊ ခင်ဗျားတို့ ဖြစ်နေတဲ့ဟာကို ဘုရားလုပ်ခဲ့တယ်၊ ခင်ဗျားတို့ကို ကျွန်တော် မပြောင်းလဲနိုင်ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ပိုပြီးကောင်းကောင်းလုပ်အောင် ကျွန်တော် ကူညီနိုင်တယ် ဆိုတာပါပဲ။ လူအားလုံးကို ဘဝမှာ တူညီတဲ့အခွင့်အရေး ပေးသင့်တယ်။ ဒါပေမဲ့ တူညီတဲ့ရလဒ်ကို ထွက်ပေါ်မှုကို ကျွန်တော်တို့ မမျှော်လင့်ဘူး။

Scanned by CamScanner

မေး - အခုဆိုရင် နှစ် ၅၀ ကြာ နိုင်ငံရေးစနစ်၊ ဝန္ဒေကောက်ပွဲတွေနဲ့ လူတစ်ယောက် မဲတစ်ပြားကို ခင်ဗျား လုပ်ခဲ့တယ်၊ ခင်ကာပူမှာ အဲဒါကို အောင်မြင်အောင်မြှုလုပ်ရတာ ဘယ်လောက် ခက်ခဲသလဲ၊

ဖြေ - ကျွန်တော်က ကောင်းကောင်းဖျောင်းဖျနိုင်သူ မဟုတ်ခဲ့ရင် အဲဒါ အောင်မြင်မှာမဟုတ်ဘူး၊ အကြောင်းအရာနှစ်ခုက ကျွန်တော့်ကို ကူညီခဲ့တယ်၊ တစ်ခုက ကျွန်တော်တို့ရောက်နေတဲ့ အကြပ်အတည်းရဲ့ ပြင်းထန်မှုပါ၊ ဒါကြောင့် ကျွန်တော်တို့ ပြောင်းလဲရင်ပြောင်းလဲ၊ မပြောင်းလဲရင် သေရမယ်လို့ ကျွန်တော် ပြောခဲ့တယ်၊
ဒီလိုနဲ့ အလုပ်သမား ဥပဒေတွေ၊ အလုပ်အကိုင် အက်ဥပဒေ၊ ကုန်သွယ်သမဂ္ဂအက်ဥပဒေတွေကို ကျွန်ုပ်တို့ ပြောင်းလဲကြတယ်၊ ပြည်သူ့ဝါဒီတွေ အလုပ်လုပ်နိုင်တဲ့ ဖွဲ့စည်းမှုအဖြေခံတွေကို ကျွန်တော်တို့ ပြောင်းလဲတယ်၊ သမဂ္ဂတွေဟာ ဆန္ဒမပြခင်မှာ ဆန္ဒမဲယူကြရတယ်၊ ခေါင်းဆောင်ပိုင်းမှာ လျှို့ဝှက်မှုပေါင်းကြံစည်တဲ့ အုပ်စုကလေးသာ မဟုတ်တော့ဘူး၊ အဲဒါက အဖွဲ့ဝင်တွေ ဘာလိုချင်တယ်၊ ဘာမလိုချင်ဘူးဆိုတာကို အလေးမမူဘဲ ကွန်မြူနစ်တွေ လုပ်တဲ့ဟာ ဖြစ်နေတယ်၊ သူတို့က ဘယ်အချိန်မှာ ဆန္ဒပြမယ်ဆိုတာကို ဆုံးဖြတ်ကြတယ်၊ သူတို့နဲ့ ခင်ဗျားမှုးပေါင်းရင် ခင်ဗျားကို သူတို့ အပြစ်ပေးတယ်၊ ဒီအခက်အခဲကြောင့် ကစားကွင်းကို ကျွန်တော် ပုံစံပြန်ချနိုင်ခဲ့တယ်၊

ဒုတိယ - ပုံစံပြန်ချထားတဲ့ အဲဒီကစားကွင်းအတွင်းမှာ ဒါဟာ ဇရုကိုသွားတဲ့ လမ်းဖြစ်ကြောင်း လူတွေကို တိုက်တွန်းဖျောင်းဖျနိုင်တဲ့အစွမ်း ကျွန်တော် ရရှိတယ်၊ အဲဒါကို ကျွန်တော်တို့လုပ်ရင် သူတို့ အိမ်တွေရမယ်၊ ကျောင်းတွေရမယ်၊ အကူအညီတွေရမယ် စသဖြင့်ပေါ့၊ ပြီးတော့ ကျွန်တော်တို့ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်ကြတယ်၊

မေး - **အနာဂတ်မှာ ခင်ဗျားလို ထိရောက်တဲ့ တိုက်တွန်းဖျောင်းဖျသူတစ်ယောက်ကို ကျွန်တော်တို့ ရနိုင်ပုံ မပေါ်ဘူး၊ ဒါကြောင့် စနစ် အလုပ်လုပ်ဖို့ ပိုပြီး ခက်ခဲလာမလား၊**

ဖြေ - ဟုတ်တာပေါ့၊ ဒါပေမဲ့ အဲဒါက ကျွန်တော့်လို တိုက်တွန်းဖျောင်းဖျသူတစ်ယောက်ရရှိဖို့ ကိစ္စလောက် သာ မဟုတ်ဘူး၊ အဲဒါက ဘာကြောင့်လဲဆိုတော့ ယခုအခါ မဲဆန္ဒရှင်တွေဟာ အလုပ်သမားလူတန်းစား၊ အထက်တန်းအလုပ်သမားလူတန်းစား၊ အလယ်အလတ်လူတန်းစား၊ ပိုမိုနိမ့်ကျတဲ့ အလယ်အလတ်လူတန်းစား၊ အထက်တန်းကျတဲ့ အလယ်အလတ်လူတန်းစား၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အလွန်ချမ်းသာတဲ့သူတွေထဲမှာ အလွှာလိုက် တည်ရှိနေတာကြောင့် ဖြစ်တယ်၊ ဒါကြောင့် သူတို့ရဲ့ စိတ်ဝင်စားမှုတွေက ပိုပြီးတော့ အရောင်အသွေးစုံပြီး ကွက်တိကွက်ကြားဖြစ်နေတယ်၊ ဒါပေမဲ့ ဟိုအစွန်တုန်းက ရပ်တည်ရှင်သန်ဖို့က အဓိကကျတယ်၊ ဒါကြောင့် ဥပဒေတွေကို ကျွန်တော် ပြောင်းလဲနိုင်တယ်၊ ဥပမာအားဖြင့် ပင်လယ်ကမ်းခြေ နေရာအားလုံးကို ပိုင်ရှင်ကို လျော်ကြေးမပေးဘဲ ပြန်လည်တောင်းဆိုနိုင်တယ်လို့ ကျွန်တော် ဆုံးဖြတ်တယ်၊ နို့မဟုတ်ရင် ကျွန်ုပ်တော်တို့ရရှိခဲ့တဲ့ ပြန်လည်တောင်းဆိုမှုကို ကျွန်တော်တို့ရရှိမှာ မဟုတ် ဘူး၊ ပိုင်ရှင်တွေကို ကျွန်တော်တို့ လျော်ကြေးပေးရရင် ကျွန်တော်တို့ရဲ့ ဖွဲ့ပြီးတိုးတက်မှု အချည်းအနှီးဖြစ်လိမ့်မယ်၊
စည်းမျဉ်းဥပဒေတွေကို ကျွန်တော် ပြောင်းလဲတယ်၊ ဒါဟာ ဖွဲ့စည်းမှု အဖြေခံကို ပုံစံပြန်သွင်းပြီး စင်ကာပူကို ပြန်လည်တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ကို အခွင့်အလမ်းနဲ့ လူတိုင်းကို လောင်းကြေးတစ်ခုပေးမယ့် အခွင့်အရေး

Scanned by CamScanner

တစ်ခုဖြစ်တယ်ဆိုတာ သိရှိလောက်အောင် ဥပဒေအကြောင်း ကျွန်တော် သိနားလည်တယ်။ ကျွန်တော်တို့
တာက လူမှုရေးနဲ့ ဥပဒေရေးရာ စက်မှုပညာဖြစ်တယ်။ ပြီးတော့ မြေပိုင်ရှင်တွေဆီက အော်သံတွေမရှိဘူး။
ကြောင့်လဲဆိုတော့ သူတို့ ဒါကိုခွင့်ပြုပြီး သူတို့ရဲ့မြေတွေ နောက်ဆုံးမှာ တန်ဖိုးမြင့်တက်လာတာ ဖြစ်ချင်ဖြစ်
မဟုတ် အဲဒီနေရာ ပြုကွဲကျ သွားပြီး သူတို့ရဲ့မြေတွေ တန်ဘိုးမဲ့ချင်မဲ့၊ တစ်ခုခုကို လုပ်ရမှာကြောင့်ဖြစ်တယ်။ အဲ
သူတို့သိတယ်။ ကျွန်တော် အောင်မြင်ဖို့အတွက် သူတို့ ဆုတောင်းနေကြတယ်။

ငယ် - အဲဒီအချိန်ကာလအတွင်းက စင်ကာပူမှာ ထိရောက်တဲ့ အတိုက်အခံပါတီတစ်ခု မရှိခဲ့တာဟာ ကြီးမားတဲ့ အကြ
အချက်တစ်ခုလား။

ဖြေ - ထိရောက်တဲ့ အတိုက်အခံပါတီ မရှိတာကြောင့် ပိုပြီး လွယ်ကူလာတယ်။ ဒါပေမဲ့ ဘာရီဆန်ပါတီရှိနေရင်တော့
ဘာရီဆန်ရဲ့ တန်ပြန်ငြင်းခုန်မှုက ဘာဖြစ်မလဲ။ ဆင်းရဲသားတွေကို ဆန့်ကျင်ပြီး မြေပိုင်ရှင်တွေကို ကျွန်တော်
မျက်နှာသာပေးနေလို့လား။ ဒါမှမဟုတ် မြေပိုင်ရှင်တွေကို ဆန့်ကျင်ပြီး ဆင်းရဲသားတွေကို ကျွန်တော် မျက်နှာသ
ပေးနေလို့လား။ အမှန်ပဲ။ အတိုက်အခံတွေအတွက် အတိုက်အခံလုပ်ဖို့ ကွင်းထဲမှာ ဝင်ထအောင် သူတို့ လုပ်ကြ
လိမ့်မယ်။ ဒီလိုနဲ့ စကားလုံးကိစ္စတွေအပေါ် ငြင်းခုန်ကြရင်းနဲ့ အချိန်ကုန်သွားလိမ့်မယ်။
ဒါဖမဲ့ ကျွန်တော်တို့ ပိုမိုဖွဲ့ဖြိုးတိုးတက်လာကြတဲ့အခါ မြေယာသိမ်းယူခြင်း အက်ဥပဒေကို ကျွန်တော်တို့ ပြင်ဆင်
ပြီး လျော်ကြေးငွေအပြည့် ပေးရတယ်။ ပြည်သူတွေအတွက် ရည်ရွယ်ချက်နဲ့ မြေယာသိမ်းယူခြင်းက ပိုပြီးတော့
ရေးကြီးလာတယ်။ ဒီလိုပဲ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကလည်း ကုန်ကျတယ်။ အိမ်ရာနဲ့ ဖွံ့ဖြိုး
တိုးတက်မှု ဘုတ်အဖွဲ့ မြေဈေးနှုန်းတွေ တက်သွားရမယ်။ ဘာကြောင့်လဲဆိုတော့ အခုအချိန်မှာ မြေယာတွေကို
ဈေးကွက်ဈေးနှုန်းနဲ့ ကျွန် တော်တို့ ရယူနေကြတာကြောင့်ပို့ပါ။

ငယ် - အဲဒါက ပိုမိုသင့်မြတ်တဲ့ စနစ်တစ်ခုလား။

ဖြေ - ဟုတ်လား။ အိမ်တစ်လုံးနဲ့ အရင်းအနှီးငွေ လူတိုင်းရရှိတဲ့ အခြေခံတည်ငြိမ်မှုမရှိရင် ချိုးဖောက်မှုတွေနဲ့ ငြင်းခုံမှု
တွေ ဖြစ်နေတဲ့ အခြေအနေတစ်ခုအတွင်းမှာ ဝင်ဂျားရဲ့ ဥစ္စာပစ္စည်းတွေဟာ တစ်စုံတစ်ရာ တန်ဖိုးရှိပါ့မလား။
ပြီးတော့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ရပါ့မလား။ ဒါပေမဲ့ ဝင်ဂျားမှာ ပေါ်ထွက်လာနေတဲ့ အလယ်အလတ်
လူတန်းစားရှိတယ်။ သူတို့တွေက ပါလီမန်အဖွဲ့ဝင်တွေကို သြဇာလွှမ်းမိုးကြတယ်။ အလယ်အလတ်တန်းစား
မိသားစုတစ်စုအတွက် အလယ်အလတ်တန်းမဟုတ်တဲ့ မိသားစုတွေ ဘယ်လောက်များများ ကျွန်တော်တို့မှာ
ရှိသလဲ။ အနည်းဆုံး ၂ ခု ရှိတယ်လို့ ကျွန်တော်ထင်တယ်။ အခု အလုပ်သမားလူတန်းစား မိသားစုတစ်ရာက ပိုက်ဆံ
တွေ ပိုမိုပေးဆပ်ကြရတော့မယ်။ မြေယာတွေက ပိုပြီးကုန်ကျလာလို့ပေါ့။ ဒါကြောင့် ကုန်ကျစရိတ်ကို လျော့ချဖို့
အတွက် သူတို့ရဲ့ ပထမဦးဆုံး အိမ်ရာနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ တိုက်ခန်းအတွက် ဒေါ်လာ ၈၀,၀၀၀ အထိ
သူတို့ကိုပေးအပ်ပြီး ဝယ်သူအသစ်တွေကို ကျွန်တော်တို့ ဖန်တီးကြတယ်။

Scanned by CamScanner

ငယ - ခင်ဗျားရဲ့စောစောပိုင်း ကက်ဘိနက် လုပ်ဖော်ကိုင်ဖက်တွေထဲမှာ ဘယ်သူက ခင်ဗျားကို စိန်အခေါ်ဆုံးလဲ၊

ဖြေ - ဂိုကင်ဆွီ၊ ရာဂျာ၊ တိုချင်ရှီတို့ ရှိကြတယ်၊ တိုချင်ရှီက ကျွန်တော့်ကို သဘောတရားရေးအရ စိန်ခေါ်တာယ်၊ သူက "ဟင့်အင်း . . . ဆေးရုံးအခကြေးငွေကို ကျွန်တော်တို့ မလိုချင်ဘူး၊ တရုတ်ပြည်ကို ကြည့်ပါ၊ အားလုံး ညီတူညီမျှပဲ" လို့ ပြောတဲ့လူပါ၊ ကျွန်တော်က အဓိပ္ပာယ်မရှိဘူးလို့ ပြောတယ်၊ လယ်သမားတစ်ယောက်ဟာ ပေါ်လစ်ချုိကဲ့ကလူနဲ့ တူညီတဲ့ဆေးကုသမှုကို ခံယူရမယ်လို့ ခင်ဗျား ယုံကြည်သလား၊ ဒါပေမဲ့ သူက အဲဒါကို ယုံကြည်တာယ်၊ သူက သဘောတရားရေးရာမှာ အဲဒီလိုဖြစ်နေပြီး ဘယ်တော့မှ မပြောင်းလဲဘူး၊ လက်တွေ့အမှန်ကို သူ ရင်မဆိုင်ချင်ဘူး၊

ဒီမိုကရေစီအပေါ် သံသယများ

သရုပ်မှန်ဝါဒီတစ်ယောက်အဖြစ် ဒီမိုကရေစီအပေါ် လိုအပ်အပြင်များကို ၎င်းတို့ ရွယ်တွေးသောသဘိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်စပ်ခြင်းဝါဒတို့ဖြင့် တင်ပြသည်၊ ဒီမိုကရေစီသည် အလုံးစုံ ကောင်းမွန်သောအရာမဟုတ်ဟု သူ အကျိုးကြောင်းသင့် ပြောသည်၊ အခြေခံအားဖြင့် လွတ်လပ်သော ဒီမိုကရေစီသည် စင်ကာပူ၏ ယဉ်ကျေးမှု ပေါင်းစုံအနေအထားတွင် အလုပ်မဖြစ်နိုင်ဟု သူ ယုံကြည်သည်၊

ငယ - ခင်ဗျားရဲ့ဒီမိုကရေစီအမြင်က ဘာလဲ၊

ဖြေ - (အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင်) ဆာမျူရယ်ဟန်တင်တန်ကယဉ်ကျေးမှုတဲ့ဆိုဟာ ဒီမိုကရေစီကို ကောင်းကောင်းလက်မခံဘူးလို့ပြောတယ်၊ အော်သိုဒေါက်စရစ်ယာန်နဲ့ မူဆလင်ကို သူ ဝေဖန်ချယ်ထုတ်ပြတယ်၊ ဂျပန်ကတော့ ခြွင်းချက်တစ်ခုဖြစ်တယ်လို့ သူပြောတယ်၊ ဒါပေမဲ့ ဂျပန်ခြွင်းချက်ဖြစ်တယ်ဆိုတာကို ကျွန်တော် ကျိန်းသေမပြောနိုင်ဘူး၊ သူတို့ရဲ့ဒီမိုကရေစီက အထူးစပါယ်ရှယ်ဒီမိုကရေစီဖြစ်တယ်၊ ဖအေကနေ သားဆီကိုလိုက်သွားတယ်၊ ဆာမူရိုင်းထုံးတမ်းစဉ်လာအဟောင်းနဲ့ အရမ်းတူတယ်၊ ဒါကြောင့် ဂိုက်းခွဲခေါင်းဆောင်တွေက ဆာမူရိုင်းခေါင်းဆောင်ဟောင်းတွေနဲ့ တူကြတယ်၊ သူပြောသလို သူတို့တွေဟာ အမေရိကန်နိုင်ငံက လွတ်လပ်တဲ့ ဒီမိုကရေစီလို ဖြစ်လာကြမလားဆိုတာ ကျွန်တော် ကျိန်းသေမပြောနိုင်ဘူး၊ ကျွန်တော်တို့နဲ့သင့်တော်တဲ့ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့တည်ဆောက်ခဲ့ကြတယ်၊

လွတ်လပ်တဲ့ ဒီမိုကရေစီမှာ လူတစ်ယောက်ဟာ ရွေးချယ်စံလိုက်ရတာနဲ့ တစ်ပြိုင်နက် ပါတီဝင်းကမ်းတွေ အားလုံးကနေ လွတ်လပ်သွားတယ်၊ ခင်ဗျားမှာ အဲဒီလိုရှိတယ်၊ ခင်ဗျားမှာ မတည်ငြိမ်တဲ့ အစိုးရ ရှိတယ်၊ ဒါကြောင့် ခင်ဗျား ဘက်မပြောင်းနိုင်ဘူးလို့ ကျွန်တော်တို့ မပြောနိုင်ဘူး၊ ခင်ဗျား ဘက်ပြောင်းနိုင်တယ်၊ ဒါပေမဲ့ တခြားဘက်နဲ့ ပူးပေါင်းဖို့အတွက် ခင်ဗျားနေရာကို စွန့်လွှတ်ပြီး ကြားဖြတ်ရွေးကောက်ပွဲကို ရင်ဆိုင်ရမယ်၊ အဲဒါက မကြာခဏ ရာထူးပြောင်းလဲနေတဲ့ ဒီအခြေအနေကိုကာကွယ်တယ်၊မလေးရှားမှာ အဲဒါမရှိဘူး၊ အခု သူတို့ ညပ်နေကြပြီး၊ အတိုက်အခံတွေက အခြေခံဥပဒေအပြောင်းအလဲကို ခွင့်ပြုကြမှာမဟုတ်ဘူး၊

Scanned by CamScanner

ငယ - ဈေးကွက်စီးပွားရေးကိုအားလုံးလက်ခံတာရှိပေမဲ့ဒီမိုကရေစီအတွက်အကြီးအကျယ်အလုပ်ကြဘူးလို့ ခင်ဗျားပြောတဲ့အခါ...

ငဖြ - ဟုတ်တယ်၊ အဲဒါက ပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ တည်ငြိမ်မှုနဲ့ ကြီးပွားချမ်းသာမှုဆီကို ဦးမတည်လိုပါ၊ သိရိလင်္ကာကို ခင်ဗျား နမူနာယူပါ။ ဆင်ဟာလီမျိုးချစ်တွေဟာ တမီးလ်ကျားတွေကို အနိုင်ယူခဲ့တယ်။ တမီးလ်တွေကို သူတို့ကမ်းလှမ်းချင်တဲ့ အရာမှန်သမျှက အခုစားပွဲပေါ်မှာ မရှိတော့ဘူး။ လူတစ်ယောက် မဲတစ်ပြားက စင်ကာပူက လူနည်းစုတွေမှာ ဖြစ်ပျက်နိုင်သလို၊ လူနည်းစုတွေ ဖိနှိပ်ခံရတဲ့ အနေအထားမှာ ထားနေကြတယ်။ ကျွန်တော်တို့အဲဒါကို နားလည်တယ်၊ ကျွန်တော်တို့က အဲဒီလိုမဖြစ်အောင် အခြေခံဥပဒေနဲ့ မူဝါဒတွေနဲ့ ကာကွယ်ထားကြတယ်၊ နို့မဟုတ်ရင် ကျွန်တော်တို့တွေဟာ တမီလ်ကျားတွေနဲ့ တူညီတဲ့ အခြေအနေနဲ့ အဆုံးသတ်သွားလိမ့်မယ်၊ ဒါကျွန်မာလည်း အဲဒီလိုဖြစ်တာပဲ၊

ငယ - ဒါပေမဲ့ သမိုင်းမှာ အချိန်မရွေး ကမ္ဘာအနှံ့မှာ ဒီမိုကရေစီအရ ရွေးချယ်ထားတဲ့ အစိုးရတွေ အများကြီးရှိတယ်၊ အဲဒါက ဒီမိုကရေစီမှာ ဆွဲဆောင်မှုရှိတယ်လို့ မဆိုလိုဘူးလား။

ငဖြ - မဆိုလိုဘူး၊ အကြီးအကျယ်ဆုံး ဆွဲဆောင်မှုက အကြမ်းမဖက်ဘဲနဲ့ အစိုးရကို ပြောင်းလဲနိုင်တာပဲ ဖြစ်တယ်။ တရုတ်ပြည်မှာ အကြီးအကျယ်ဆုံး အခွင့်မသာမှုက တော်လှန်ပုန်ကန်မှု "ကျိုရိ" နဲ့သာ အစိုးရကို ခင်ဗျား ပြောင်းလဲနိုင်တယ်၊ "ကျိုရိ" ဆိုတာ တရားမျှတတဲ့ ပုန်ကန်ထကြွမှုကို ဆိုလိုတယ်၊ အဲဒါက အုပ်ချုပ်သူဟာ မဲဆန္ဒရှင်အပ်နှင်းတဲ့ အာဏာဆုံးရှုံးပြီး ဖြုတ်ချခံထိုက်တယ်လို့ ဆိုလိုတယ်၊ ဒီမှာကကျွန်တော်တို့အုပ်ချုပ်ဖို့ မသင့်တော်တော့ရင် မဲဆန္ဒနဲ့ ဖယ်ရှားခံရနိုင်တယ်၊ ကျွန်တော်တို့ မဲဆန္ဒနဲ့ ဖယ်ရှားခံရရင် စနစ်အောင်မြင်နေသေးတယ်။ အဲဒါကို အသေအရှာလုပ်ဖို့က ကျွန်တော်တို့ရဲ့တာဝန်ပါ၊ ပြီးတော့ ရွေးချယ်ခံရတဲ့ သမ္မတဟာ တိုင်းပြည်ကို နလန်ထူဖို့အတွက် အခွင့်အရေးပေးဖို့ နောက်ထပ်အကာအကွယ်အလွှာတစ်ခု ထပ်ထည့်ပေးရမယ်၊

ငယ - ဘယ်လို ထည့်ပေးရမလဲ၊

ငဖြ - အစိုးရသစ်ဟာ သမ္မတရဲ့ သဘောတူညီချက်မရဘဲ ထိပ်သီးလူတွေကို သူ့ရဲ့ကိုယ်ပိုင်စယ်ဝပ်တွားတဲ့ လူတွေနဲ့ ပေါ်ပေါ်တင်တင် မပြောင်းလဲနိုင်သလို တိုင်းပြည်ရဲ့ယခင် သယံဇာတတွေကိုလည်း မသုံးဖြုန်းနိုင်ဘူး။ ဒီစည်းမျဉ်းတွေထဲက သူတို့အုပ်ချုပ်ဖို့လိုအပ်တယ်။ ၃ပုံ ၂ပုံ မဲအများစုနဲ့ ဒုတိယရွေးကောက်ပွဲကို သူတို့အနိုင်ရရှိရင် စည်းမျဉ်းတွေကို သူတို့ပြောင်းလဲကောင်းပြောင်းလဲနိုင်တယ်၊ ဒါပေမဲ့ အဲဒါလွယ်ကူမယ်လို့ ကျွန်တော်မထင်ဘူး။ ပြီးတော့ သူတို့အရည်အချင်းမပြည့်မီရင် သက်တမ်းတစ်ကြိမ်ပြီးရင် ရှုံးနိမ့်သွားကြလိမ့်မယ်၊

ရှုံးနိမ့်မှုကို ကျွန်တော်တို့မမြင်ရင် ဒီအကာအကွယ်တွေကို ကျွန်တော်တို့ ဖန်ဆင်းထားဖို့မလိုဘူး။ လူတွေက တည်ငြိမ်တဲ့အစိုးရကို ညည်းငွေ့လာပြီး အတိုက်အခံပါတီကို စမ်းကြည့်ကြစို့လို့ ပြောကြမှာကို တရှိုးအခြေအနေတွေမှာ ကျွန်တော်မြင်မိတယ်၊ အဲဒါက တစ်ခါတစ်ရံဖြစ်တတ်တယ်၊ ဘယ်အချိန်ဆိုတာ[illegible]

Scanned by CamScanner

အရိုးရာရှိနေလို့ပေါ့။ ဒါပေမဲ့ ဒီစီးပွားရေးကျဆင်းမှုအတွင်းမှာ ကျွန်တော်တို့ အရည်အချင်းမပြည့်ပီတဲ့ အရိုးရာရှိနေပြီး အလုပ်အကိုင်တွေ အလုံးအရင်း ဆုံးရှုံးတယ်ဆိုပါစို့၊ အဲဒါဆိုရင် ခင်ဗျား တော်လှန်ပုန်ကန်မှု တစ်မျိုးမျိုးရတော့ မယ်။

မေး - နိုင်ငံရေးစနစ်ဟာ အပြန်အလှန်အားဖြင့် ယဉ်ကျေးမှုကို သြဇာအရှိန်အဝါ လွှမ်းမိုးနိုင်တယ်ဆိုတဲ့ သီအိုရီလည်း ဟန်တင်တန်မှာရှိတယ်။ ဆက်ဆံရေးဟာ နည်းလမ်းနစ်ခုစလုံးနဲ့ အလုပ်လုပ်တယ်လို့ ခင်ဗျား ယုံကြည်သလား။

ဖြေ - အနည်းအကျဉ်းလောက်ပဲ ယုံပါတယ်။ တရုတ်ယဉ်ကျေးမှုဟာ နှစ်ပေါင်း ၅၀၀၀ ကျော် ဆင့်ပွားဖြစ်ပေါ်ခဲ့တယ်။ တရုတ်တွေ လူတစ်ယောက်၊ ဓဲတစ်ပြားရှိတာ ကျွန်တော် မဇတ္တဘူး။ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ရဲ့ကိစ္စမှာတော့ ကျွန်တော်ဝို့က နေရာရွှေ့ပြောင်း အခြေစိုက်ထားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ ဒီတော့ အဲဒါက အနည်းငယ် ကွဲပြားခြားနား နေတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်နေတယ်။ ဒီနေရာမှာ ပြည်သူတွေဟာ ကိုက်ညီဖို့အတွက် ပြင်ဆင်ထားကြတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့တိုင်းပြည်က ခင်ဗျားထွက်ခွာတာနဲ့ တစ်ပြိုင်နက် တိုင်းပြည်အသစ်က ကွဲပြားခြားနားတဲ့ အခြေအနေတွေကို ခင်ဗျား လက်ခံရတာကြောင့်ပို့ပါ။

မေး - ဟန်တင်တန်ကို ခင်ဗျား ဒီနေ့တွေ့ရင် ခင်ဗျားရဲ့စနစ်ဟာ ခင်ဗျားနဲ့အတူ ခင်ဗျားရဲ့သချိုင်းဆီကို လိုက်လိမ့်မယ်ဆိုတဲ့ အဲဒီမုတ်ချက်နဲ့ပတ်သက်ပြီး သူ့ကို ဘာဖြေမလဲ။

ဖြေ - "ခင်ဗျား မှားတယ်" လို့ ကျွန်တော်ပြောမယ်။ ဒီမယ် ၁၉၉၀ ပြည့်နှစ်ကစပြီး ကျွန်တော် အာဂျာမရှိတော့ဘူး။ ကျွန်တော်တို့ မှားယွင်းသွားတော့မယ်ဆိုရင် အဲဒါဟာ နှစ် ၂၀ ရှိနေပြီး စနစ်မှားသွားလိမ့်မယ်။ ဒါပေမဲ့ မမှားခဲ့ဘူး။ ပြီးတော့ အဲဒါဟာ ကြီးကြပ်တဲ့လူတွေ၊ ကက်ဘိနက်မှာရှိတဲ့လူတွေ၊ ပါလီမန်မှာရှိတဲ့လူတွေ၊ အဂတိတိုက်ဖျက်ရေးမှာ ရှိတဲ့ လူတွေ၊ ဦးစီးနာယကထဲမှာ ရှိတဲ့လူတွေကို ဂရုတစိုက် ဖွေးချယ်ထားတာကြောင့် ဖြစ်တယ်။ ကျွန်တော်တို့ အဲဒါကို ဒီပုံစံ အတိုင်းထားဖို့ ကြံရွယ်ထားကြတယ်။

မေး - ဒါဆို လူအဖွဲ့အစည်းတချို့ဟာ ဒီမိုကရေစီကို ကောင်းကောင်းလက်မခံဘူးဆိုတာကို ဟန်တင်တန်နဲ့ ခင်ဗျား သဘောတူတယ်ပေါ့။

ဖြေ - ဟုတ်ကဲ့၊ ယဉ်ကျေးမှုပေါင်းစုံဝါဒဟာ အမေရိကန်နိုင်ငံကို ဘာကြောင့် ဖျက်ဆီးမယ်ဆိုတာကို သူ ချပြခဲ့တယ်။ ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်တွေကို သူချပြတယ်။ ကျွန်တော် ဒီလိုကိုးကားပြမယ်။ ပဋိပက္ခပြဿနာ၊ ဒါမှမဟုတ် ယဉ်ကျေးမှုတွေ ပေါင်းစုံခြင်းဟာ အမေရိကန် လူအဖွဲ့အစည်း ထိပ်တိုက်ရင်ဆိုင်နေရတဲ့ အဓိက ပြဿနာတစ်ခု ဖြစ်နေတယ်။ ကျွန်တော်တို့တွေဟာ ယဉ်ကျေးမှုတစ်ခုတည်းရှိတဲ့ တိုင်းပြည်လား။ ယဉ်ကျေးမှုတွေ အများကြီးရှိတဲ့ တိုင်းပြည်လား။ ကျွန်တော်တို့တွေဟာ ယဉ်ကျေးမှုတွေ အများကြီးရှိတဲ့ နိုင်ငံဖြစ်ရင် အမျိုးသားရေး စည်းလုံးညီညွတ်မှုအခြေခံက ဘာလဲ၊ သမိုင်းအရ အမေရိကန်နိုင်ငံဟာ တစ်ခုတည်းကြိုးစိုးတဲ့ ယဉ်ကျေးမှု ဖြစ်ခဲ့တယ်။

Scanned by CamScanner

မှလည်းကို သူအခြေခံတွေနဲ့ ဆက်တိုက်ဝင်လာတဲ့ ပြောင်းလွှဲအခြေခံတွေရဲ့ အကျိုးရလဒ်က ယဉ်ကျေးမှုအပြ
စုစည်းလာပြီး တစ်ချိန်တည်းမှာလည်း အဲဒါကို ပြုပြင်ပြောင်းလဲတယ်။ အဓိက ဝိသေသလက္ခဏာတွေကတော့
ဥရောပ အမွေအနှစ်၊ အင်္ဂလိပ်ဘာသာစကား။ ခရစ်ယာန်ဘာသာတို့ ဖြစ်ကြတယ်။ လူမျိုးစု၊ ဒေသဆိုင်ရာ၊ လူ
ရေးဆိုင်ရာနဲ့ တခြားယဉ်ကျေးမှုအပိုင်းငယ်တွေက အုပ်စုအားလုံး မျှဝေနေကြဟန်တူတဲ့၊ လွှမ်းမိုးနေတဲ့ ဒီယ
ကွေးမှုထဲမှာ ရှိနေကြတယ်။ ဒါပေမဲ့ အခုအခါမှာ ပင်မယဉ်ကျေးမှု တည်ရှိခြင်းနဲ့ တရားဥပဒေ ဘောင်ဝင်ခြင်း
ယဉ်ကျေးမှုပေါင်းစုံဝါဒကို ထောက်ခံသူတွေရဲ့ စိန်ခေါ်မှုနဲ့ သမ္မတနဲ့ ဒု - သမ္မတပါဝင်တဲ့ နိုင်ငံရေးပုဂ္ဂိုလ်တွေ
စိန်ခေါ်မှုအောက်ကို ရောက်နေတယ်။ (ဘေလ်ကလင်တန်နဲ့ အယ်လဂေါတို့ရဲ့ ခေတ်ကာလအချိန်က သူတို့
တယ်။) ကျွန်တော်တို့ဟာ လွှမ်းမိုးနေတဲ့ ဥရောပ ယဉ်ကျေးမှုမရှိဘဲ အတိအကျ နေထိုင်နိုင်တယ်ဆိုတာ သက်သ
မြင်ခဲ့အတွက် ကြီးကျယ်တဲ့ တော်လှန်ရေးတစ်ခု လိုအပ်တယ်လို့ သမ္မတ ကလင်တန်က အတိအလင်း ဖော်ပြခဲ့တယ်
ဒု - သမ္မတ ဂေါ်က ဟားဗတ်တက္ကသိုလ်ထွက်ပေမဲ့ ကျွန်တော်တို့ရဲ့ အမျိုးသားရေးဆောင်ပုဒ်ဖြစ်တဲ့ "များစွာတဲ့
တစ်ခု" ကို "တစ်ခုထဲမှ များစွာ"လို့ မှားယွင်းပြီး ဘာသာပြန်ဆိုတယ်။
အဲဒါဟာ သူရဲ့ပညာတတ်ဆိုင်ရာ ဝေဖန်ချက်ဖြစ်တယ်။ သူမှန်ကောင်းမှန်နိုင်တယ်။ မှားကောင်းလည်းမှားနိုင်တယ်
ဒါပေမဲ့ အဲဒါကို သူ ဆွေးလောက်အောင် ဖြူစင်ရိုးသားစွာ ယုံကြည်ခဲ့တယ်။
ဟန်တင်တန်ပြောတာက - အမေရိကန်နိုင်ငံဟာ အထင်အရှားကို လူမျိုးစုပေါင်းစုံ လူ့အဖွဲ့အစည်းတစ်ရပ်
လူမျိုးပေါင်းစုံ လူ့အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ လူမျိုးစုနဲ့ လူမျိုးအကြား ဘာကွာခြားသလဲဆိုတာ ကျွန်တော် မ
ဘူး။ အဲဒါက အားလုံးနဲ့ဆိုင်တဲ့၊ ပင်မယဉ်ကျေးမှုမရှိတဲ့ ယဉ်ကျေးမှုပေါင်းစုံ လူ့အဖွဲ့အစည်းဖြစ်လာရင်လည်
အဲဒါကို ဘာက တစ်စည်းတစ်လုံးတည်း ထိန်းချုပ်ထားမလဲ။ စံနမူနာအဖြေကတော့ အမေရိကန်နိုင်ငံဟာ လွတ်
လပ်ရေးကြေညာချက်၊ အခြေခံဥပဒေနဲ့ တခြား စာရွက်စာတမ်းတွေနဲ့ ထည့်သွင်းဖော်ပြပြီး အမေရိကန်အယူဆ
လွတ်လပ်မှု၊ လုပ်ငန်းစဉ်အဖြစ် မကြာခဏညွှန်းဆိုတဲ့ နိုင်ငံရေးအခြေခံမူတွေအပေါ် သူတို့ရဲ့ တာဝန်ခံချက်မှ
စည်းလုံးညီညွတ်နေတယ်ဆိုတာပဲ ဖြစ်တယ်။ အမေရိကန်အများစုဟာ သူတို့ရဲ့တန်ဖိုးတွေအပေါ်မှာ သစ္စာရှိ
တယ်။ ဒါပေမဲ့ အဲဒီတန်ဖိုးတွေဟာ မူလကစုစည်းထားတဲ့ ယဉ်ကျေးမှုတစ်ခုရဲ့ အကျိုးရလဒ်ဖြစ်တယ်။ အဲဒီယဉ်
ကွေးမှု ပျောက်ကွယ်သွားရင် ရုပ်အကောင် အထည်မရှိတဲ့ နိုင်ငံရေး အခြေခံမူတစ်ခုက ဒီအဖွဲ့အစည်းကို အ
တာကြာ စုစည်းထားနိုင်မလား။
ဆိုဒီယက်ယူနီယံနဲ့ ယူဂိုစလားဗီးယားတို့လို နိုင်ငံရေးအခြေခံမူတွေနဲ့ပဲ စည်းလုံးထားတဲ့ တခြားအဖွဲ့အစည်းတွေ
အတွေ့အကြုံက စိတ်မအေးရဘူး၊ အမေရိကန်တွေအတွက် ပြဿနာက ကျွန်တော်တို့ (အမေရိကန်)ကို နှိုး
တစ်ခုအဖြစ် သမိုင်းအရ အဓိပ္ပာယ်သတ်မှတ်တဲ့ ယဉ်ကျေးမှုတစ်ခုကို ပြန်လည်သစ်လွင်ပြီး၊ ခိုင်မာအောင်
လုပ်မလား၊ ဒါမှမဟုတ် လွတ်လပ်ခြင်း၊ ညီတူညီမျှဖြစ်ခြင်းနဲ့ ဒီမိုကရေစီတို့ရဲ့ ကြိုးကျယ်တဲ့ အခြေခံ သဘော
တရားတွေနဲ့ ကျွန်တော်တို့ရဲ့ အမျိုးသားရေး ကြွယ်ဝချမ်းသာမှုနဲ့ အင်အားတွေဖြစ်တဲ့ ဥရောပခရစ်ယာ
တိုတက်စ်တန့် အင်္ဂလိပ်ယဉ်ကျေးမှုကို အောက်ခြေပျက်အောင်လုပ်ပြီး ဗျက်ဆီးဖို့ဆုံးဖြတ်ထားတဲ့ လူတွေ
ဒီတိုင်းပြည်ကို တစ်စစီ ကျိုးပဲ့ကွဲအက်သွားအောင် လုပ်မလားဆိုတာပဲ ဖြစ်မယ်။ ဒါဟာ ၂၁ ရာစုနှစ်ရဲ့ပထမဦးပိုင်
နှစ်တွေမှာ ကျွန်တော်တို့ ထိပ်တိုက်ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတစ်ခု ဖြစ်တယ်။

Scanned by CamScanner

ဟစ္စပန်နစ်တွေကို သူမဖော်ပြဘူး။ ဒါပေမဲ့ ဒီမိုကရက်တွေဖြစ်ကြတဲ့ အယ်လ်ဂေါနဲ့ ကလင်တန်ကို ...
"ခင်ဗျားတို့ အယူအဆတွေ မှားနေကြတယ်။ ဒီပြည်သူတွေကို ခင်ဗျားတို့ရဲ့ ယဉ်ကျေးမှုထဲမှာ ရောစပ်ပေးရမယ်။ ယဉ်ကျေးမှုပေါင်းစုံကို ခွင့်မပြုရဘူး။ ယဉ်ကျေးမှုပေါင်းစုံခွင့်ပြုရင် သူတို့က ခင်ဗျားထက် အရေအတွက် သာလွန်သွားလိမ့်မယ်" လို့ သူ သတိပေးနေတယ်။

အခု အဲဒါက ကျွန်တော်တို့အတွက် ဘာဆိုလိုနေသလဲ။ ကျွန်တော်တို့ ယဉ်ကျေးမှုတစ်ခု အမြဲတမ်း ရနိုင်မလား။ ရမယ်လို့ ကျွန်တော်မထင်ဘူး။ ကျွန်တော်တို့ ဘာသာရေးတစ်ခုပဲရှိမလား။ မရှိဘူး။ အမြဲတမ်း ပိုမိုကြီးထွား နေပေမဲ့ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ကွဲပြားခြားနားမှုနဲ့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ရှိနေမယ့် ဘုံနေရာတစ်ခု ကျွန်တော်တို့ ရမလား။ အဲဒါက အလွန်အလွန် အရှိန်ကြောလိမ့်ဦးမယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် ကျွန်တော်တို့ကို ဘာက စုစည်း ဆုပ်ကိုင်ထားမလဲ။ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းနဲ့ ကြီးထွားခြင်းတို့ရဲ့ စီးပွားရေးလိုအပ်ချက်ကို ကျွန်တော် ယုံကြည်တယ်။ အဲဒါဟာ ပြည်သူတွေရဲ့စိတ်ထဲကို စိမ့်ဝင်နေတယ်။ ကွဲပြားခြားနားတဲ့ ဘာသာရေး၊ ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှု၊ ကွဲပြား ခြားနားတဲ့လူမျိုး စတာတွေနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ရုန်ဖြစ်နေကြရင် နေရာတစ်ခုလုံး ပြိုကွဲကျသွားလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ်ချင်းစာတရားနဲ့ နေကြပါစို့။

(အက်စ် ရာဂျာရက်နမ် အပြည်ပြည်ဆိုင်ရာ လေ့လာသင်ကြားမှုကျောင်း) ဆန္ဒမဲတစ်ခုက စင်ကာပူ တရုတ် ဂုဝ ရာခိုင်နှုန်းက တရုတ်မဟုတ်သူတစ်ယောက်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်မယ်လို့ ပြောထားတဲ့ မေးခွန်းအကြမ်းတစ်ခု ခင်ဗျား ကျွန်တော့်ဆီကို ဖိုလိုက်တယ်။ အဲဒီမဲဆန္ဒတွေကို ခင်ဗျား ယုံသလား။ လုံးဝ အဓိပ္ပာယ် မရှိဘူး။ နိုင်ငံရေးအရ မှန်ကန်တာကို သူတို့ပြောတယ်။ အမတ်နေရာ တစ်ခုသာရှိတဲ့ မဲဆန္ဒနယ်တိုင်းမှာ တရုတ်ကိုယ်စားလှယ်လောင်းတွေကို ကျွန်တော်တို့ ယှဉ်ပြိုင်ခိုင်းတယ်။ (အမတ်နေရာတစ်ခုသာရှိတဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဟိုဂန် အတွက် အတိုက်အခံဝန်ကြီးချုပ်) လိုသီယာချန်းကို မေးကြည့်ပါ။ ခင်ဗျား လို့က်လို့က်လဲလဲ ဘာခံစားနေရသလဲ။ ခင်ဗျား မခံစားရရင် ရှုံးနိမ့်မယ်ဆိုတာ သိရလိမ့်မယ်။

ငေး - စင်ကာပူမှာ အဲဒါက အမြဲတမ်းဖြစ်နေမယ့် ကိစ္စတွေလို့ ခင်ဗျား ယုံကြည်သလား။

ဖြေ - အဲဒါ အစဉ်အမြဲဖြစ်နေမလားဆိုတာ ခင်ဗျားကို ကျွန်တော် မပြောနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အစဉ်အမြဲဆိုတာက အလွန်ရှည်ကြာတဲ့ကာလ ဖြစ်နေလို့ပါ။ ဒါပေမဲ့ ကျွန်တော့်ဘဝ သက်တမ်းကာလမှာ၊ ခင်ဗျားရဲ့ ဘဝသက်တမ်းကာလမှာလည်း ဖြစ်ကောင်းဖြစ်စွာ၊ အဲဒါ ဖြစ်ပေါ်မှာမဟုတ်ဘူးဆိုတာ ခင်ဗျားကို ကျွန်တော် ပြောမယ်။

ငေး - ခင်ဗျားဖော်ပြခဲ့တဲ့ လေ့လာသုံးသပ်ချက်က စင်ကာပူရဲ့ပိုမိုငယ်ရွယ်တဲ့ မျိုးဆက်ဟာ ပိုပြီး အကူအညီရနိုင်တာကို ပြသနေဟန်တူတယ်။

ဖြေ - ခင်ဗျား အဲဒါကို ယုံသလား။

Scanned by CamScanner

ပေါင်းရဲ့ စံပုံစံကို သူတို့ပြောင်းပြတဲ့ အာသီသရှိတယ်လို့ ခင်ဗျားကို ဖျော်လင့်ဖျက် မဖေးဘူးလား။

ကြေ - အခြားအဆောတစ်ခုကို အခြေခံမှုအခြေခံ ခင်ဗျားပြောနိုင်တဲ့ နယ်ပယ်တစ်ခုရှိတယ်ဆိုတာ ကျွန်တော် သို့
ခင်ဗျားလည်း သိတယ်၊ ခင်ဗျား ပွေးခွေ သမ္မာဒ်ရှာ ပြုလုပ်ရတဲ့အခါ ဝန်ကော်သည် ပြဿနာတစ်ခုဖြစ်လာတယ်ဆို
က မကွဲပဲသူး

ဖေး - ဒီနေ့ကိုယ်ရာထက်နှစ်က အမတ်အတွင်းနေရာပြိုင်တဲ့ ဝဲဆန္ဒနယ်မှာ ပွေးကောက်ပွဲဝင်ပြိုင်ပြီး အနိုင်ရနိုင် တယ်၊
ဘာသာ သူတို့ အမတ်နေရာ အနိုင်ရရှိနိုင်ကြတဲ့ PAP လူနည်းစု ကိုယ်စားလှယ်လောင်းတွေကိုလည်း ပြည်သူ
က ဘယ်လိုကူးကောင်းပါသလဲ

ကြေ - ခင်ဗျားမှတ်မိပေလောက်ပေါင် အရွယ်ရောက်ခဲ့ သလားဆိုတာကို ကျွန်တော် မသိဘူး၊ ဘိုးပမဲ့ ကျွန်တော်
ဘာခြောင့် မပြောင်းလဲခဲ့ဘာလဲ၊ စောစောကိုင်းရက်တွေက ကိုယ်စားလှယ်လောင်းကို အလေးမမှတဲ့ PAP
သူတို့ ဝဲဝေးခြင်းပါမှုမယ်၊ အဲဒီနောက် နည်းနည်းကြာလာတဲ့အခါ ဝဲဆန္ဒရှင်တွေက အသိအမြင်ရှိလာခြင်
PAP အစိုးရတစ်ရပ်ကို ဘယ်လိုပြစ်ပြစ် သူတို့ ရင်းခြေတော့မယ်၊ ဒါပေမဲ့ကြောင့် ကျွန်တော်နဲ့ပိုတူတဲ့ ကိုယ်စားလှ
လောင်းတစ်ယောက်ကို သူတို့ ပိုပို့နှစ်သက်တယ်လို့ ပြောခြင်းတယ်၊ အဲဒါကို ကျွန်တော် သိဝန်တယ်၊ ကျွန်တော်
ခုကဲ့သို့ရောက်ခြင်းတော့မယ်၊ ကျွန်တော်တို့ရဲ့ မဝေးကိုယ်စားလှယ်လောင်းတချို့နဲ့ ကျွန်တော်တို့ ခုကဲ့သို့ရော
ဟာကို ကျွန်တော် ဆိုလိုတာပါ၊ နာမည်ကြီးတွေကိုတော့ ကျွန်တော် မဖော်ပြချင်ပါဘူး၊ နောက်ဆုံးအနိုက်အ
မှာ သူတို့ တပြေးညီဆန္ဒနယ်မြေဆီကို ကျွန်တော်တို့ ပြောင်းရွှေ့ပေးရမယ်၊ ဘာကြောင့်လဲဆိုတော့ သူရဲ့ဝေ
ဆန္ဒရှင်တွေကို သူ မထိန်းချုပ်နိုင်လို့ပါ၊ သူတို့ သူတို့ ဝဲဝေးခြင်းမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သိကြ
အဲဒါကြောင့် သူတို့ တပြေးညီဆန္ဒနယ်မြေဆီကို ဝင်္ဂဝေပြောင်းပေးရတာပေါ့၊ အဲဒါမျိုးတွေ့နောက်မှာတော့ သူတို့ ကျွန်တော်
တို့ ဖယ်ရှားပိုက်ခံကြတာပေါ့၊
ယခုနေ့အထိမှာတော့ ဝန်ကြီးကို ကောင်းစောက်ခြင်းမြင်ခြင်းထားတာကြောင့် အရည်အချင်းရှိတဲ့ မဝေးဝတွေကို နှိုင်းယှ
ဝန်ကြီးဖြစ် ကျွန်တော်တို့ ထည့်သွင်းစဉ်းစားခြင်းတယ်၊ သူတို့ အကိုက်အစဉ်တွေနဲ့ မူးယစ်ဆေးမြီး ဖောက်ကြီးမှောက်ပြည်းထဲမှာ ဝန်
မဟုတ်ဘူး ဟုတ်ဘူးဆိုး . . . ကျွန်တော် အဲဒီလို မထင်ဘူး၊ PAP နဲ့ သူတို့ မူးယစ်ဆေးနှိုင်းတဲ့အခါ အဲဒီလိုလုပ်မှာ မဟုတ်ဘူ
ဟုတ်ဘယ် မဟုတ်ဘူးဆိုတာတော့ ကျွန်တော်တို့ကလည်း သူတို့ကို အားသွန်ခွန်စိုက် ရှာဖွေခဲ့ကြတယ်၊ ဘာမြင်လို့
ထိုမတော့ ကတ်ဘိန်းကဲ့နဲ့ မူးယစ်ဆေးမြီးအတွက် အရည်အချင်းရှိတဲ့ မဝေးဝတွေကို ကျွန်တော်တို့ ပိုပြီး လိုချင်လို့ပါ

ဖေး - ကျွန်ုပ်တို့ဖြစ်ရပ်နဲ့ တိုင်းယောက်ယှဉ်ယဉ် ကျွမ်းကျင်မှုနောက်မှာ အာရုံတန်ဖိုးတွေနဲ့ ဘိုမိုကရေစီတန်ဖိုးတွေ နဲ့ ပတ်သက်
ဒီအခြေအတင်ထွေးနေသလဲမှာ ခင်ဗျား ယောင်ပတ်သက်ခဲ့တယ်၊

ကြေ - အင်း . . . သူတို့က ဘိုမိုကရေစီတစ်ခုမှာ ဘာကြောင့်သင့်သလဲဆိုတာနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ပြောချက်ကို ကျွန်တော်
မလိုက်နာတဲ့အတွက် ကျွန်တော်တို့ကို လှုန်ကဲ့ခြင်းတယ်၊ အဲဒီပြောချက်က အာရုံတန်

Scanned by CamScanner

တဲ့ ဒီမိုကရေစီပါ။ ဒါကြောင့် ဒီမိုကရေစီပုံစံတွေ အများကြီးရှိတယ်ဆိုတာကို ကျွန်တော် အခြေပေးတယ်၊ ကျွန်တော်တို့နဲ့ သင့်တော်တဲ့၊ ကျွန်တော်တို့ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ သူတို့ရဲ့ အခြေခံတန်ဖိုးတွေနဲ့ သင့်တော်တဲ့ အခြေခံဥပဒေဆိုင်ရာ ဖွဲ့စည်းမှု အခြေခံတစ်ခုကို ကျွန်တော်တို့ ဖန်တီးကြတယ်၊ ကွန်ဖြူးရှပ် လူအဖွဲ့အစည်းတွေကို ကျွန်တော် ဆိုလိုတာပါ။

အိန္ဒိယမှာ တစ်စုံတစ်ယောက်နဲ့ လူတိုင်းကို ခင်ဗျား ဝေဖန်တယ်၊ ခင်ဗျား သတင်းတွေဖတ်တယ်၊ တစ်ဦနှံလုံးပြင်းခံနေတာတွေရှိတယ်၊ တရားယှဉ်ပြိုင်သူ အိန္ဒိယနှစ်ယောက်က တရားရုံးမှာ ရှိနေကြတယ်၊ သူတို့ အဲဒီနေရာမှာ အချိန်ကြာရှည်စွာ ရှိနေတယ်ဆိုတာ ခင်ဗျား ကိုန်းသေပြောနိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒါကယဉ်ကျေးမှု အစိတ်အပိုင်းဖြစ်နေတာကြောင့်မို့ပေါ့၊ တစ်ပတ်ကြာ အမှုရင်ဆိုင်နေတဲ့ တရားယှဉ်ပြိုင်သူ တရုတ်နှစ်ယောက်ရှိတယ်။ ဒုတိယနေ့ရောက်တဲ့အခါ သူတို့က အမှုဖြေရှင်းပြီးပြီလို့ ပြောတယ်။ ဒါကြောင့် တရုတ်ပြည်မှာ ခေါင်းဆောင်တစ်ယောက်ကို ခင်ဗျား ဂုဏ်သိက္ခာကျအောင်လုပ်ပြီး အဲဒီခေါင်းဆောင်က အဲဒါကို သည်းခံနေရင် ဒါဟာ သူမကောင်းဘူးလို့ ဆိုလိုနေတယ်။

ဒါကြောင့် ကွန်ဖြူးရှပ်ဝါဒကို ဇလ့်ကျင့်သင်ကြားထားတဲ့ လူတစ်ယောက်အဖြစ် ကျွန်တော် စတင်မပြုလုပ်ဘူး၊ ပိုပိုနိမ့်ကျတဲ့အဆင့်နဲ့ ကွန်ဖြူးရှပ်ဝါဒကို ကျွန်တော် ဆည်းပူးတယ်၊ ကျွန်တော့်ရဲ့ လူကြီးဖိဘတွေကို ကျွန်တော် လေးစားရတယ်၊ မိသားစုအပေါ်မှာ သတ္တိရှိရမယ်၊ ကျွန်တော့်သူငယ်ချင်းတွေကို ကျွန်တော် ဘာမလုပ်ရဘူး၊ အိုးရုံကို ကျွန်တော် မရွှတ်ချချင်ဘူး၊ စတာတွေကို ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့တရုတ်အခြေခံနဲ့ ကျွန်တော့်ကို သူတို့နာမည် ဖျက်ကြလို့ ကျွန်တော့်ကိုယ်ကျွန်တော် စုခံကာကွယ်မှုမလုပ်ရင် ကျွန်တော် သိက္ခာကျမယ်။ ဒါပေမဲ့ စောဒကတက်နေကြတဲ့ လူတွေက ဘယ်သူတွေလဲ၊ အနောက်တိုင်း ပိဒီယာတွေနဲ့ (စင်ကာပူ ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး) ချီးဆွန်းဂျမ်လို လူတွေပေါ့။ သူ ဘာကြောင့် စောဒကတက်သလဲ၊ ဘာကြောင့်လဲဆိုတော့ သူ လိမ်ညာမပြောဘဲနဲ့ ကျွန်တော်တို့ကို နေရာဖယ်ရှားမယ့်နည်းလမ်း မရှိလို့ပေါ့။ ဒါပေမဲ့ သူ့ကို ကျွန်တော်တို့ စွပ်စွဲတဲ့အခါ သူအပေါ် ကျွန်တော်တို့ စွဲစွဲမြဲမြဲလုပ်မယ်။ ခင်ဗျားကို ကျွန်တော် လူလိမ်လူညာလို့ခေါ်တယ်။ ခင်ဗျားက ကျွန်တော့်ကို တရားစွဲတယ်။ ကျွန်တော်က အဲဒါကို သက်သေပြတယ်။ သူ ကျွန်တော့်ကို တရားမစွဲရဲဘူး။ ဘာကြောင့်လဲဆိုတော့ သက်သေခံဝက်ခြံထဲကို သူ ဝင်ရပြီး ကျွန်တော်တို့က သူ လူလိမ်ဖြစ်တဲ့အကြောင်း သက်သေပြမှာကြောင့် ဖြစ်တယ်။

ခင်ဗျား ကြောက်လန့်တတ်သလား

စင်ကာပူမှ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေး၏ လက်တွေ့အခြေခံအသေးစိတ်ကို တစ်စုံတစ်ယောက် သိရှိမည်ဆိုလျှင် ထိုသူသည် လီဖြစ်သည်။ စနစ်၏ မည်သည့်အသွင်အပြင်များက အလုပ်လုပ်ပုံအကြောင်း၊ စင်ကာပူ၏ အခြေခံဥပဒေဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျင့်ဆန်းများအကြောင်းနှင့် အတိုက်အခံများ ခြေကုတ်ပိုမိုရရှိနေသော အခွင့်အလမ်းများအကြောင်း သူပြောသည်။

Scanned by CamScanner

မေး - အတိုက်အခံတွေအကြောင်း ကျွန်တော်တို့ စကားပြောကြတဲ့အခါ စနစ်ကို ဖွင့်ဟပြဖို့ ခင်ဗျားဘာကြောင့် စိတ်မပါဘူး လဲဆိုတာ ကျွန်တော် မေးပါရစေ၊ နှစ်ပါတီစနစ်အတွက် လိုအပ်ချက်ကို ခင်ဗျားဘာကြောင့် မတွေ့မြင်တာလဲ၊

ဖြေ - ကျွန်တော်တို့ အတိုက်အခံပါတီတစ်ခု လိုအပ်တယ်၊ အဲဒါမှ အစိုးရကို သူ သိမ်းပိုက်နိုင်လိမ့်မယ်ဆိုတဲ့ အနေအထား တိုင်းပညာတတ် လူတန်းစားရဲ့ အမြင်တွေကို ခင်ဗျား ထင်ဟပ်ပြနေတယ်၊ အတိုက်အခံပါတီအနေနဲ့ သိမ်းပိုက်နိုင်ဖို့ အတွက် အဝွမ်းအစကျိတဲ့လူ အလုံအလောက်ရရှိမဲ့ အခွင့်အရေးမရှိဘူး၊ ဒါက အဲဒီလို ရိုးရှင်းပါတယ်၊ အစိုးရလုပ်နေ့ မယ့် ကောင်းမွန်တဲ့ လူအလုံအလောက်ကို ကျွန်တော် မတွေ့ဘူး၊ အဲဒီလို ကိုယ်စားလှယ်လောင်းတွေကို ကျွန်တော်တို့ မမြင်တတ်မ: ရှာဖွေနေကြတယ်၊ ကိုသီရာချန်တွေ့ရှိတဲ့ လူတွေရဲ့ အရည်အသွေးကို ခင်ဗျား တွေ့မြင်နိုင်တယ်၊ သူ အရမ်းကို ကြိုးစားခဲ့တယ်၊ ကျွန်တော်တို့ မပြတ်တမ်း ဝေဖန်မှုတွေခံရတယ်၊

"ကဲ...အတိုက်အခံ ပါတီတစ်ခု ဖွဲ့ကြမယ်၊ ကားလျှောက်မောင်းကြမယ်၊ လူတွေကို လိုက်တွေ့ပြီး သူတို့ကို ခင်ဗျား စည်းရုံးနိုင်မလားဆိုတာ ကြည့်ကြမယ်" လို့ ကျွန်တော်ပြောတယ်၊ ခင်ဗျားပို့လိုက်တဲ့ မေးခွန်းအကြမ်းတွေကို ကျွန်တော်ယူပြီး မှတ်ချက်ချဖို့အတွက် အဲဒါတွေကို တခြားဝန်ကြီးတွေဆီ ကျွန်တော် ပို့ပေးတယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော် အခုပြောင်းလဲမှုတွေ မြှု လုပ်မှာမဟုတ်လို့ပဲ၊ သူတို့ရဲ့ပူးတွဲမှတ်စုက ဒီလိုပါ၊

SPII က ဝေဖန်သူတွေဖော်ထုတ်တဲ့ စံနမူနာ ပြဿနာတွေကို နှိပ်ကွပ်ခဲ့တယ်၊ အဲဒီ ဝေဖန်ချက်အားလုံးကို သူတို့ မယုံကြည်ကြဖူး၊ ဒါဖမဲ့ ခင်ဗျားရဲ့ တုံ့ပြန်မှုကို ထုတ်ဖော်ဖို့အတွက် အဲဒီဝေဖန်ချက်တွေကို သူတို့ လုပ်ကြတာ ဖြစ်တယ်၊ ကျွန်တော်တို့ရဲ့ လက်ရှိအနေအထားကို ပုံသေထားပြီး ဘယ်တော့မှ မပြောင်းလဲဘူးလို့ ကျွန်တော်တို့ ဘယ်တော့မှ မပြောဘူး၊ အဲဒါက ခေါင်းဆောင်တွေနဲ့ မဲဆန္ဒရှင်တွေရဲ့ မျိုးဆက်သစ်တွေနဲ့အတူ အဆိုးနဲ့ကြောက်စရာ အခါ ဆင့်ပွားဖြစ်ပေါ်မှုတွေ ဖြစ်လာလိမ့်မယ်၊ ခေါင်းဆောင်တွေနဲ့ မဲဆန္ဒရှင်တွေဟာ စနစ်ကို သူတို့နည်းသူတို့ဟန်နဲ့ အလုပ်လုပ်ကြရမယ်၊ ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲစနစ် စမ်းသပ်ချက်က လွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင် ရှိမလားဆိုတာမဟုတ်ဘူး၊ မဲပေးမှုကို ရိုးသားစွာ စီပံခန့်ခွဲသလားနဲ့ မဲပေးမှုက တရားမျှတမှုကို ပျော်ရွှင်ခံစားပြီး တိုင်းပြည်ကို ကောင်းစွာအုပ်ချုပ်တဲ့ အစိုးရ ထုတ်လုပ်ပေးသလားဆိုတာ ဖြစ်တယ်၊

မေး - ဟုတ်ကဲ့၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်အတွက် တောင်းဆိုချက်ကို ဝေဖန်သူတွေက လုပ်ခဲ့တယ်၊

ဖြေ - မြဝတီနိုမှာ လွတ်လပ်တဲ့ ရွေးကောက်ပွဲနယ်နိမိတ်ကော်မရှင် မရှိဘူး၊ ကျွန်တော်တို့ အဲဒါကို အမွေရခဲ့တယ်၊ မလေးရှားလည်း အဲဒီလိုပဲ၊ တခြားလူတွေပြုလုပ်တဲ့ မဲဆန္ဒနယ်မြေ မမှန်မကန်ခွဲခြားမှုကို ကျွန်တော်တို့က ဆယ်ပုံတစ်ပုံလောက်ပဲလုပ်တယ်၊ ကျွန်တော်တို့လုပ်တာက အုပ်စုမဲဆန္ဒနယ်မြေ လွတ်တော်အဖွဲ့ဝင်တွေ ပိုရှိ ရရှိဖို့ပါ၊ အဓိကအကြောင်းရင်းကတော့ လူနည်းစုကိုယ်စားပြုမှုကို ကျွန်တော်တို့ ရရှိတာကြောင့်ပို့ပါ၊ PAP လူနည်းစု အစိုးရထဲမှာ ရှိလာမယ်ဆိုတာကို သူတို့သိတာကြောင့်ပို့ပါ၊ မဲဆန္ဒရှင်က...

"ငါ့ကိုနားလည်မဲ့ ကိုယ်စားလှယ်လောင်းတစ်ယောက် ငါလိုချင်တယ်၊ လူမျိုးစုစကားပြောတဲ့ တရုတ်လိုချင်တယ်" လို့ ပြောတယ်၊ ဒီတော့ ရွေးကောက်ပွဲကော်မရှင်တစ်ခုကို ရရှိတာဟာ တစ်စုံတစ်ရာကို မဖြေရှင်းဘူး၊ ခင်ဗျားမှာ ဥပဒေညီညွတ်မှုရှိသလား၊ အရေးကြီးတာက အဲဒါပဲ၊

Scanned by CamScanner

ကြွေကြွံခဲနိုင်ဟန်တူတဲ့ PAP ကို ဖြိုခွဲဖို့အတွက် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို သူတို့ စဉ်းစားကြတယ်၊ စာနယ်ဇင်းတွေကို ဖွင့်ဟပြတယ်၊ NTUC (အမျိုးသားကုန်သွယ်သမဂ္ဂကွန်ဂရက်) ကို ဖျက်သိမ်းတယ်၊ သဟဇာတညီညွတ်စွာ မူးယစ်နေထိုင်မှုမရှိဘူး၊ စင်ကာပူကို အောင်မြင်အောင်ပြုလုပ်တဲ့၊ ကျွန်တော်တို့ ဖန်တီးခဲ့တဲ့ အဖွဲ့အစည်းတွေကို သူတို့ဖျက်သိမ်းရင်းနဲ့ အဆုံးသတ်ကြတယ်၊ အာဏာလွှဲပြောင်းယူတဲ့လူဟာ ဒီအဖွဲ့အစည်းတွေကို အောင်မြင်အောင် ပြုလုပ်သင့်တယ်၊ အဲဒီအလုပ်ကို လုပ်နိုင်လောက်အောင် အစွမ်းအစရှိတဲ့ အတိုက်အခံအဖွဲ့ နောက် ရွေးကောက်ပွဲမှာ ပေါ်ထွက်လာမှာကို ကျွန်တော် မမြင်ဘူး၊ အဲဒါကို ကျွန်တော် မမြင်ဘူး၊ လက်ရှိခေါင်းဆောင်ဝိုင်းလည်း မမြင်ကြဘူး၊

ေမး - အခုလာမယ့် ရွေးကောက်ပွဲမှာလား၊ နောက် အများကြီးကြာမယ့် ရွေးကောက်ပွဲတွေမှာလား၊

ေျဖ - ငယ်ရွယ်တဲ့ဝန်ကြီးတွေရဲ့အမြင်က ဒီလိုရှိပါတယ်၊

မကြာသေးခင်က အထွေထွေရွေးကောက်ပွဲမှာ အမတ်နေရာ အများအပြား မပြိုင်ကြဘူး၊ PAP က ပါလီမန်မှာ မဲအပြတ်အသတ်နဲ့ အနိုင်ရတယ်၊ ဒါဟာ အမြဲတမ်းဖြစ်နေမဲ့ ကိစ္စတစ်ခုလို့ ကျွန်တော်တို့ မမှတ်ယူသင့်ဘူး၊ အစမှာတော့ NCMP အဖွဲ့ဝင်တွေ တိုးမြင့်လာမှုဟာ ပိုမိုများပြားတဲ့ အတိုက်အခံကိယ်စားလှယ်လောင်းတွေကို အထူးသဖြင့် GRC ထဲမှာ ရပ်တည်ပြီး သူတို့ရဲ့ကုသိုလ်ကို စမ်းကြည့်ဖို့ ပိုပြီး အားပေးအားမြှောက်ပြုလိမ့်မယ်၊ မဲဆန္ဒရှင်တွေက အတိုက်အခံပါလီမန်အမတ်တွေကို ပိုပြီးရွေးချယ်ရင် ဒီအတိုင်းပဲရှိပါစေ၊ ဒါပေမဲ့ PAP ကျဆုံးခဲ့ရင် အာမခံရဖို့အတွက် အတိုက်အခံပါတီတည်ထောင်ဖို့ ကူညီခြင်းဟာ အလုပ်ဖြစ်မယ်လို့ ကျွန်တော်တို့ မယုံကြည်ဘူး၊ အဲဒီအစား အဲဒါကြောင့် ပါတီနိုင်ငံရေးပြုလုပ်မှုတွေ ပိုဖြစ်လာပြီး ကာလရှည်ပြဿနာတွေကနေ အာရုံလွှဲသွားတာတွေ ဖြစ်လိမ့်မယ်၊

အဲဒါက သူတို့ရဲ့ယူဆချက်ပါ၊ အဲဒါက ကျွန်တော်ရဲ့ယူဆချက်နဲ့ သိပ်မဖေးပါဘူး၊ ဒါပေမဲ့ အဲဒီနောက်မှာတော့ အဲဒီနှစ်တွေအားလုံးမှာ စိမ့်ဝင်ပြီး အရည်အချင်းရောနေတဲ့ သတ္တို့ (osmosis) ရှိခဲ့တယ်၊ စနစ်ကို သူတို့ လည်ပတ်နေကြတယ်၊ သူတို့ မြေပြင်ပေါ်ကို ပြိုလဲကျခဲ့ကြတယ်၊ သူတို့အယူအဆတွေ ဆက်လက်ဖက်တွယ်ထားကြတယ်၊ ခင်ဗျားရဲ့မေးခွန်းတွေက သူတို့ကို ဖမ်းသင့်တယ်၊

အနာဂတ်ကို ကျွန်တော့်ရဲ့ ဘဝတစ်သက်တာအတွင်းမှာပဲ ကျွန်တော် ဆုံးဖြတ်နိုင်တယ်၊ ဒီကိစ္စမှာတော့ ကျွန်တော့်ရဲ့နိုင်ငံရေး ဘဝတစ်သက်တာအတွင်းမှာပေါ့၊ ခင်ဗျား ကျွန်တော့်ကို ယုံချင်မှယုံမယ်၊ ဒါပေမဲ့ ကျွန်တော်က ဆုံးဖြတ်ချက်ပြုလုပ်တဲ့လူ မဟုတ်တော့ဘူး၊ ဟုတ်တယ်၊ ကျွန်တော့်မှာ ဩဇာအရိုန်အဝါ ရှိတယ်၊ ဟုတ်တယ်၊ သူတို့ကို ကျွန်တော် ဆိုင်းငံ့ခိုင်းပြီး နောက်တစ်ကြိမ် ထပ်စဉ်းစားခိုင်းတယ်၊ ဒါပေမဲ့ သူတို့ ဆုံးဖြတ်ချက် လုပ်တယ်၊ ဘာကြောင့်လဲဆိုတော့ အကြောင်းယုတ္တိကို ဆက်လက်သယ်ဆောင်ပြီး အနာဂတ်အတွက် တာဝန်ရှိတဲ့လူက သူတို့တွေ ဖြစ်နေတာကြောင့်မို့ပါ၊ ကျွန်တော် နှုတ်ခံစားချက်တွေ မရှိတော့ဘူးဆိုတာ သူတို့ကို ပြောပြတယ်၊ အတိတ်ကဆိုရင် မဲဆန္ဒနယ်မြေတွေဆီကို ကျွန်တော် ဆင်းသွားရုံမကဘဲ အိမ်ယာမြေအသစ်တွေဆီကိုလည်း အလည်အပတ်သွားတယ်၊ အမျိုးသား ကုန်သွယ်သမဂ္ဂကွန်ဂရက် (NTUC) ဆီကိုလည်း လည်ပတ်တယ်၊ သူတို့နဲ့ စကားပြောတယ်၊ ဒီဝန်၊ ပြီးတော့ အွန်တင်ချောင်တို့ အဲဒီမှာရှိကြတယ်၊ (နှစ်ဦးစလုံးက NTUC

Scanned by CamScanner

ခေါင်းဆောင်များဖြစ်ကြသည်။) အရာရာတိုင်းမှာ ကျွန်တော် ပါဝင်ပတ်သက်တယ်။ အဖြေခံ စံစားချက် ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်သိတယ်။

မေး - အရှု ခင်ဗျား ဘယ်လို အဆက်အသွယ်လုပ်နေသလဲ။

ဖြေ - အရှ ကျွန်တော် တစ်နှစ်လုံးတင်ကြိပ် ဆန်တက်စီတီမှာ ပြည်သူ့နှစ်ထောင်နဲ့ ပွင့်လင်းတဲ့စကားပြောပွဲလုပ်ရင်း NTUC နဲ့ တွေ့ဆုံတယ်။ အဲဒါက နဂိုအတိုင်းတော့ မဟုတ်ဘူး။ သူတို့ကို အုပ်စုကဇလေးတွေနဲ့ စကားပြောတယ်။ ပြီးတော့ တစ်ယောက်ချင်းစီပြောတယ်။ သူတို့က သူတို့ရဲ့ပြဿနာတွေ အကြီးကြီးဖြစ်မလာခင် အဲဒါတွေအကြောင်း ပြောနေကြတာပေါ့။ NTUC နဲ့ အောက်ခြေလူတန်းစား ခေါင်းဆောင်တွေနဲ့ လူတိုင်း အလုပ်မလုပ်နိုင်ကြဘူး။ သူတို့ကို ကိုယ်ချင်းစာနိုင်တဲ့ ပါလီမန်အဖွဲ့ဝင်တွေကို ကျွန်တော်တို့ ရှာဖွေကြရတယ်။ လင်ဘွန်းဟင်က ကိုယ်ချင်းစာတာရှိတယ်။ သူကို သူတို့ ယုံကြည်ကြတယ်။ လင်ဝီးဆေးက အရည်အချင်းပြည့်တဲ့သူတစ်ယောက် ဖြစ်တယ်။ သူတို့အတွက် သူမှာ စံစားချက်ရှိတယ်။ သူတို့အတွက် သူ စဉ်းစားတယ်။ သူတို့ရဲ့အမြင်တွေကို ကက်ဘိနက်စီ သူ ပြန်ပုလာတယ်။ အဲဒါတွေက ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ပြုလုပ်မှုအပေါ် သြဇာလွှမ်းမိုးတယ်။

အလုပ်သမားတွေကို ကျွန်တော်တို့ အပြတ်မီး ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နေနိုင်မယ်လို့ ခဏတဖြုတ်တောင် မယုံကြည်ပါနဲ့။ စီးပွားရေးကျနေတဲ့ အခါပဲဖြစ်ဖြစ်၊ စီးပွားရေးတက်နေတဲ့ အခါပဲဖြစ်ဖြစ်၊ သူတို့မျှတတဲ့ အပေးအယူ ရရှိတယ်လို့ သူတို့ထင်ရင် သူတို့ကို ကျွန်တော်တို့ ဆွဲဆောင်လို့ရလိမ့်မယ်။ ဒီစီးပွားရေးအကျမှာ NTUC ကို အပြည့်အဝ တိုင်ပင်ဆွေးနွေးကြတယ်။ ကျွန်တော်တို့ ဘာလုပ်ဖို့ ကြိုးစားနေတယ်ဆိုတာ သမဂ္ဂတွေ သိကြတယ်၊ အထိတ်အလန့်တွေ မရှိဘူး၊ ဒီဆက်ဆံရေးက ပြုစုပျိုးထောင်ဖို့ လိုအပ်တယ်။ သူတို့တွေ အမှန်တကယ်ကို အကျိုးခံစားရရှိရမယ်။ အခြေခံတွေအားလုံးနဲ့လည်း ဒီလိုပဲဖြစ်ရမယ်။ ကျွန်တော်တို့က လိုလားဖွယ်ကောင်းတဲ့အရာတွေ ပေးတယ်လို့ သူတို့ ပြောကြတယ်။ ရွေးကောက်ပွဲအချိန်နီးကပ်လာရင် အစိုးရတိုင်းက မဲတွေ အနိုင်ရဖို့အတွက် သူတို့လုပ်နိုင်တဲ့အရာတွေကို လုပ်ကြတယ်။ လူတွေက မေ့လျော့တတ်ကြတာကြောင့် ကျွန်တော်တို့ အဲဒါကို အခေတကြီး မလုပ်ချင်ကြဘူး။ ဒါပေမဲ့ ခင်ဗျား သူတို့ကို ပိုမိုကောင်းမွန်တဲ့ဘဝနဲ့ သူတို့ရဲ့ကလေးတွေကို ပိုမို ကောင်းမွန်တဲ့ အနာဂတ် ဖမျှော်လင့်ချက်မပေးရင် ကျွန်တော်တို့ကို ထောက်ခံဖို့အတွက် သူတို့ကို ကျွန်တော်တို့ တိုက်တွန်းနိုင်မှာမဟုတ်ဘူး။ ဒါက ဒီလို ရိုးရိုးရှင်းရှင်းလေး ပါ။

ငယ်ရွယ်တဲ့ ဝန်ကြီးတွေကို ဒီဖေးခွန်းတွေဖေးပါ။ ဘာကြောင့်လဲဆိုတော့ အနာဂတ်မှာ ဘာတွေဖြစ်ပေါ်မလဲဆိုတာ ကို သူတို့ တုံ့ပြန်တတ်ကြမှာ မို့လို့ပါ။ ကျွန်တော်က အဆိုန်မရွေး လဲကျသေဆုံးနိုင်တယ်။ ကျွန်တော့်ရဲ့လုပ်ငန်းစဉ်တွေကို ကျွန်တော် လုပ်ပြီးသွားပြီ၊ အရှ ကျွန်တော်ရဲ့အလုပ်က လက်ရှိအဖွဲ့ကို ထောက်ပံ့ဖို့ပါပဲ။ ခင်ကာမူရဲ့အကျိုးအမြတ်ကို မိုင်မာစေဖို့ပါ၊ အဲဒါပဲ။

မေး - ဝန်ကြီးတွေကို ခင်ဗျားတားဆီးပြီး ထပ်မံစဉ်းစားဖိုင်းတဲ့ ဒီဇဇရီယာတွေထဲကတချို့က ဘာတွေလဲ၊

ဖြေ - မဟုတ်ဘူး၊ သူတို့ဆုံးဖြတ်ချက်တွေ လုပ်ကြတယ်။ ကျွန်ုတော်က သူတို့ကို ပြောပြတယ်။ ဒီလိုဖြစ်နိုင်တာတွေရှိတယ်၊ ခင်ဗျားတို့ကို အတားအဆီးလုပ်နိုင်တဲ့၊ မမျှော်လင့်တဲ့ အခက်အခဲတွေနဲ့ ဘေးလမ်းကြောင်းရှိတယ်။ ဒီအတွက် ခင်ဗျားတို့ ပြင်ဆင်ရမယ်၊ အဲဒီလိုပဲပြောတယ်။

Scanned by CamScanner

ငယ - ဒီဘေးလမ်းကြောင်းတွေထဲက တချို့က ဘာတွေလဲ။

ငပြု - ကျွန်တော့်အလုပ်က ယေရှုယ်တဲ့ဝန်ကြီးတွေကို ထောက်ပံ့ပေးဖို့ပါ။ ဝေဖန်အပြစ်ရှာတာတွေ ကျွန်တော် မလုပ်တယ်။ ဂိုချုပ်တောင်နဲ့ လီရှန်လွန်းတို့ နှစ်ဦးစလုံးဖြစ်ကြတဲ့ ဝန်ကြီးချုပ်က သူတို့ကို ဝန်ကြီးတွေခန့်ဖို့ ဆုံးဖြတ်တဲ့အခါ ကျွန်တော် ကလွဲတစ်ခု မပါဝင်ဘူး။ အမှန်တော့ များစွာသောအမှုတွေမှာ ကျွန်တော်က ... "ဟင့်အင်း ... ဒီလူကို ကျွန်တော်တို့ ဝန်ကြီးခန့်နိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ သူက ထင်သလောက် မကောင်းဘူး" လို့ ပြောတယ်။ ဒါပေမဲ့ သူတို့က ရှေ့ဆက်လုပ်ကြတယ်။ ဒါပေမဲ့ အဲဒီလူတွေက စိတ်သဘောရင်း မကောင်းကြဘူး။ လူတစ်ယောက်က ငါစိမ်းသည်တွေနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ သူ့လက်ကို ဆေးကြောပစ်တယ်။ ခင်ဗျား မဲဆွယ်နေတယ်။ ခေါင်းရွက်ဖျက်ထိုးဈေးတန်းထဲကို ခင်ဗျားသွားပြီး လက်ဆွဲနှုတ်ဆက်တယ်။ တစ်နေကုန်တဲ့အခါ ခင်ဗျားရဲ့လက်တွေကို ဆပ်ပြာနဲ့ ခင်ဗျား ဆေးကြောပစ်ရတယ်။ ဒါပေမဲ့ ခင်ဗျား အဲဒါကို လူရှေ့သူရှေ့မှာလုပ်ရင် ခင်ဗျားမှာ စာနာစိတ် မရှိတော့ဘူး။

ငယ - ဒါပေမဲ့ စနစ်ရဲ့ ဗိသုကာဖော်အဖြစ် ဝန်ကြီးတွေကို ခင်ဗျား သတိပေးရင်တဲ့ စနစ်ရဲ့ အားနည်းချက်တချို့က ဘာတွေလဲ။

ငပြု - အားနည်းတဲ့အချက်ကတော့ နိုင်ငံရေးထဲကိုဝင်ချင်တဲ့ လူကောင်း အလုံအလောက်မရှိတာပါပဲ။ ဒါပေမဲ့ နိုင်ငံခြားအရင်းအနှီးတွေ စီးဝင်လာမှုနဲ့ ပတ်သက်လို့ကတော့ စီးပွားရေးလုပ်ကိုင်ဖယ် ကောင်းမွန်တဲ့ လူအလုံအလောက်ကို ကျွန်တော်တို့ မရသေးဘူး။ စီမံခန့်ခွဲရေးလုပ်ငန်း၊ ကာကွယ်ရေး၊ ရဲနဲ့ ပညာရပ်ဆိုင်ရာ လုပ်ငန်းတွေမှာ ပျံနှံ့နေတဲ့ လူဒုပ်စုအသီးသီးမှာ လူတစ်ထောင်လောက်ပဲ ကျွန်တော်တို့မှာရှိတယ်။ သူတို့ ပျံနှံ့မှုအရမ်းနည်းပါးတယ်။ ဘာကစကားပြောသလဲ။ ပထမ - ရိုးသားဖြောင့်မတ်မှု၊ ဒုတိယ - တာဝန်ခံချက်၊ တတိယ - စွမ်းဆောင်နိုင်မှု။ ပြီးတော့ စတုတ္ထနဲ့ အရေးအကြီးဆုံးကတော့ အဓိပ္ပာယ်ဖွင့်ရှင်းလင်းတင်ပြပြီး လူတွေကို ခင်ဗျားနဲ့အတူ ခေါ်ဆောင်သွားနိုင်မယ့် အစွမ်းဖြစ်တယ်။

ဆရာဝန်တွေကို နိုင်ငံရေးထဲဝင်ဖို့ ကျွန်တော်တို့ ခေါ်ကြရတယ်။ ဒေါက်တာ ဂျွန် ဇုသူဈီရိုလို့ခေါ်တဲ့ လူတစ်ယောက် ရှိတယ်။ ဒွတ်တက္ကသိုလ် မဟာဌာနမှူးက ...

"ဒီလူကို ဒီဆေးကောလိပ်ရဲ့ မဟာဌာနမှူးအဖြစ် ကျွန်တော် မှန်းတယ်" လို့ ပြောတယ်။ အိုင်ယာလန်၊ အင်္ဂလန်နဲ့ ဩစတြေးလျမှာ သူဆေးကုခဲ့တာ ၁၅ နှစ်ရှိပြီ။ သူက လုံးဝကို ထူးချွန်တယ်။ သူက အခု KK (အမျိုးသမီးနဲ့ ကလေးဆေးရုံ)မှာ ရှိနေတယ်။ ကျွန်တော်တို့ သူ့ကို ဆွဲခေါ်ကြရတယ်။ ဘာလာဂျီကိုလည်း ကျွန်တော်တို့ ဆွဲခေါ်ကြတယ်။ သူ လုံးဝ မအောင်မြင်ဘူး။ ဒါပေမဲ့ သူက ...

"ကျွန်တော် ဆက်လုပ်မယ်" လို့ပြောတယ်။ ဒေါင်ဟင်နဲ့ ဖီဖီယန် ဘလာကရစ်ရှ်နန်ကို ကျွန်တော်တို့ ခေါ်ကြတယ်။ သူတို့ ဒေါင်မြင်ကြတယ်။ ဒါပေမဲ့ ဘယ်လောက်အချည်းအနှီးဖြစ်သလဲ။ ကင်ဆာခွဲစိတ်ကုဆရာဝန်နဲ့ မျက်စိခွဲစိတ်ကုဆရာဝန်အဖြစ် သူတို့ နှစ်ပေါင်းများစွာ အချိန်ဖြုန်းခဲ့ကြတယ်။ သူတို့ အစကတည်းက စီးပွားရေးနဲ့ လုပ်ငန်းစီမံခန့်ခွဲမှုကို လုပ်ခဲ့ကြရင် အများကြီး ပိုကောင်းမယ်။

Scanned by CamScanner

လမ်းပေါ်ကို ၁၅ နှစ်၊ အနှစ် ၂၀ လောက် ပြန်ကြည့်ပါ။ ကျွန်တော်တို့မှာ အသက်ကြီးတဲ့ ပြဿနာတစ်ခုရှိနေတယ်။ အဲဒါက လေးနက်တဲ့ ပြဿနာတစ်ခုပါ။ ကျွန်တော်တို့မှာ စီးပွားရေး လည်ပတ်မှုမရှိရင် အလုပ်လုပ်နေကြတဲ့ စင်ကာပူသားတွေပေါ်က ဝန်ထုပ်ဝန်ပိုး လေးလွန်းတာကြောင့် ပင်ကိုယ်အစွမ်းရှိတဲ့ လူအများအပြားတို့ ပြောင်းလွှဲသွားကြလိမ့်မယ်။

အတိုက်အခံပါတီ (စိတ်ကူးထဲက အတိုက်အခံပါတီ) က စင်ကာပူရဲ့ ရွေးချယ်မှုတွေကို အကန့်အသတ်ရှိတယ်လို့ မြင်လိမ့်မယ်။ လူဦးရေနဲ့ သယ်ဇာတအချိုးမှာ ကျွန်တော်တို့ဟာ အမေရိကန်၊ ဒါမှမဟုတ် ဩစတြေးလျတို့နဲ့မတူဘူး။

မေး - ဒါဆို အတိုက်အခံပါတီတစ်ခုခုဟာ အစားထိုးတစ်ခုကို ကမ်းလှမ်းနိုင်လိမ့်မယ်လို့ ခင်ဗျား မမြင်ဘူးပေါ့။

ဖြေ - အစားထိုးတစ်ခုရှိသလား။ ကျွန်တော် မမြင်ဘူး။ နည်းလမ်းတစ်ခုကတော့ PAP နှစ်ပိုင်းကွဲသွားတာဖြစ်မယ်။ အဲဒါက အကူအညီရမလား။ တစ်ခုအတွက်၊ ရွေးကောက်ပွဲ နှစ်ခုဖြစ်မလား။ ဖြစ်ရင် ဘာဖြစ်လာမလဲ။ အဲဒီအဝါကျလှုံ့ဆော်မရတဲ့ အတိုက်အခံပါတီက PAP ကို ငါးပြန်လာချင်တယ်လို့ ပြောလိမ့်မယ်။ အတိုက်အခံအဖွဲ့ခွဲတွေထဲမှာ ထိုင်စောင့်နေတာကို ကျွန်တော် မလိုချင်ဘူး။ အဓိပ္ပာယ်မရှိဘူး။ ဟုတ်တယ် မဟုတ်လား။ ကျွန်တော်တို့ဟာ အကန့်အသတ်ဖြစ်နေတဲ့ ဒီပင်ကိုအစွမ်းတွေကို အသုံးချကြတော့မယ်။

မေး - နိုင်ငံရေးစနစ်ရဲ့ ဘယ်လိုအသွင်အပြင်တွေက မပြောင်းလဲသင့်ဘူးလို့ ခင်ဗျား ထင်သလဲ။

ဖြေ - အခြေခံအသွင်အပြင်တွေ - လူမျိုးပေါင်းစုံဝါဒကို ထောက်ခံအားပေးခြင်း၊ အခွင့်အလမ်းတူညီခြင်း၊ ဆုလစ်တူညီတာမဟုတ်ဘူး၊ ပညာရေး၊ ဒိမ်ရာနဲ့ ကျန်းမာရေး ဝန်ဖြင့်တို့မှာ အခွင့်အလမ်း တူညီတာတွေပေါ့။ ပြီးတော့ အသိဉာဏ်မြင့်မားတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့် စီမံကွပ်ကဲမှုအပေါ် အခြေခံတဲ့ စနစ်တစ်ခု၊ အဲဒါတွေဟာ အပြန်အလှန် ဆက်နွယ်နေတဲ့ အတူနေလူမျိုးစု သဟဇာတဖြစ်မှုနဲ့ အပြန်အလှန် ဆက်နွယ်နေတဲ့ ဘာသာရေးသည်းခံမှုတွေကို ကျွန်တော်တို့ရရှိကြတဲ့ အခြေခံဖြစ်တယ်။

မေး - ကိုးကွယ်စောင့်ရှောက်အပ်တယ်လို့ ခင်ဗျားမှတ်ယူတဲ့ တန်ဖိုးတွေရှိသလား။

ဖြေ - လူနည်းစုတွေကို ခင်ဗျား ရွေးကောက်ရမယ်။ အဲဒါကို နည်းလမ်းနှစ်ခုနဲ့ ခင်ဗျား ဒီလို အောင်မြင်နိုင်တယ်။ (မလေးပေါ်ထွက်လာခွင့်တို့ ဖြစ်ကြတယ်။ ဒါက စိတ်ဝမ်းကွဲစေတယ်။ ဒါမှမဟုတ် သူတို့ကို ခင်ဗျား စိတ်ပြောင်းတဲ့အတွေ့ခံစားချက်တွေကို ဖော်ဆောင်နေတဲ့ ပါတီတွေကို ခင်ဗျား အားပေးအားမြှောက်ပြုနေတဲ့) အချိုးကျ ကိုယ်စားပြုမှုနဲ့ ဖြစ်စွဲခွင့်ပြုသင့်တယ်။ အဲဒါက ပိုပြီးကောင်းတဲ့ တွက်လမ်းလို့ ကျွန်တော်ထင်တယ်။ အဲဒါက မလေးရှားတွေ သွားနေတဲ့ နည်းလမ်းမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က တရုတ်နဲ့ အိန္ဒိယတွေထက် မလေးတွေက အရေအတွက် ပိုများအောင် တရားမဝင်တဲ့ ပြောင်းရွှေ့အခြေချမှုဆလင်တွေကို ဝင်လာခွင့်ပြုနကြလို့ပေါ့။ ပြီးတော့ အဲဒီနောက်မှာ မလေးမဲဆန္ဒရှင်တွေကိုပဲ ဆွဲဆောင်ကြတယ်။ သူတို့ရဲ့ တရုတ်တွေနဲ့ အိန္ဒိယတွေက ဝိုင်းပြည်က ထွက်ခွာကြပြီး ပြန်မလာကြတော့ဘူး။

Scanned by CamScanner

ကျွန်တော်တို့က အဲဒါကို မလုပ်ဘူး။ အဝိုက်အခံပါတီထဲမှာ ညာက်အမျှော်အပြင်ရှိတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့် စီမံကွပ်ကဲမှု ကြီးစိုးရတာကို အသေအချာပြုလုပ်ဖို့အတွက် အနေအထားကို အကျိုးသက်ရောက်မှုဖြစ်စေမယ့် အပြောင်းအလဲတစ်ခုခုကို ဝိုင်ဝိုင်းပဲပေးဖို့ ဥက္ကဋ္ဌကို ကျွန်တော်တို့ အရဲအာဏာပေးထားတယ်။ ကျွန်တော်တို့ကိုယ်တိုင်အတွက် ရွေးချယ်မှုတွေကို ကျွန်တော်တို့ ကန့်သတ်ထားကြတယ်။

ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် မဲဆန္ဒရှင်တွေက အိုဇော၊ တခြားလူတွေကို စမ်းကြည့်ကြရအောင်လို့ ပြောမယ့် မဲဆန္ဒနယ်မြေတစ်ခုအတွက်လည်း ကျွန်တော်တို့ ပြင်ဆင်နေကြတယ်။ စီးပွားရေးကို ဖြိုလဲမချဘဲ ၂ နှစ်၊ ၃ နှစ်၊ ၄ နှစ် အတွင်းမှာ အဝိုက်အခံပါတီပေါ်လာရင် ရှိပါစေတော့။ ဒါပေမဲ့ အဲဒါက ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းမှာ အကြီးအကျယ် မငြိမ်သက်မှုဖြစ်ပေါ်စေလိမ့်မယ်။ အစိုးရအသစ်က ကျွန်တော်တို့ရဲ့မူဝါဒတွေကအနေ သွေဖယ်မသွားရင်တောင်မှ ကျွန်တော်တို့ အကြပ်အတည်းတွေ့ဆုံကာလို အလားတူဖြေရှင်းချက်ကို သူ ထုတ်နိုင်မှာ မဟုတ်ဘူး၊ အလွန်ဂရုစိုက်ပြီး အလွန်အရွဲ့မ်းအဝရှိတဲ့လူတွေ ထိုင်ကြပြီး ဒီစီးပွားရေးကျဆင်းမှုကတော့ အိုကေတယ်၊ အဲဒါ ဘယ်လောက်ကြာမယ်ဆိုတာ ငါတို့မသိဘူး၊ အရေးအကြီးဆုံးအရာက ဘာလဲလို့ပြောဖို့လိုတယ်။ အလုပ်အကိုင်ဖေါ်၊ သူဘို့ အလုပ်အကိုင်ရှိရင် သူတို့လစာရမယ်။ အဲဒါ အိုကေတယ်။ ဒီတော့ စင်ကာပူသားတွေ အလုပ်ရရှိနေအောင် ကျွန်တော်တို့ ဘယ်လိုကူညီကြမလဲ။ ကျွန်တော်တို့မှာ ငွေကြေးရှိတယ်။ ဒါကြောင့် သူတို့ကို ကျွန်တော်တို့ ထောက်ပံ့ပြီး ဒီကာလထဲမှာ ကူညီကြရမယ်။

လိုအပ်ရင် အဲဒါကို ကျွန်တော်တို့ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် လုပ်နိုင်ကြတယ်။ ဒီကိစ္စတွေကို ကိုင်တွယ်တဲ့သူတွေက အရပ်ဘက် အစိုးရဝန်ထမ်းတွေလား။ မဟုတ်ဘူး။ ဝန်ကြီးတွေလုပ်ကြတယ်။ ဒီအခါ သူတို့က အဲဒါကို လင်ဆွီဆေးနဲ့ ဆွေးနွေးကြတယ်။ သမဝါယမဆောင်တွေနဲ့ ဆွေးနွေးကြတယ်။ အဲဒါက အောင်မြင်သလား။ ဒါက အလုပ်သမားတွေကို စိတ်အေးစေသလား။ ပြန်သွားပြီး စဉ်းစားကြည့်ပါ။ သူတို့က လုပ်ကြစို့လို့ပြောတယ်။ ဒကောင်းပြီ။ ခင်ဗျားအလုပ်က ဖယ်ရှားခံရတယ်။ ပြန်ပြီးလေ့ကျင့်ရတယ်။ ပြန်လည်လေ့ကျင့်မှုအတွက် ကျွန်တော်တို့ ပိုက်ဆံပေးတယ်။ နေ့ရက်တွေ ကုန်ဆုံးတဲ့အချိန်မှာ ပိုပြီးကောင်းတဲ့ အလုပ်အင်အားစုတစ်ခုကို ကျွန်ုတော်တို့ရတယ်။ သာမန်အဖွဲ့တွေ အဲဒီလိုလုပ်နိုင်လိမ့်မယ်လို့ ခင်ဗျားထင်သလား။ မလုပ်နိုင်ဘူး။

ေမး - **ဒါဆို ဖြစ်နေတဲ့အတိုင်းစနစ်ကို ပြင်ဆင်ဖို့ PAP ပြုလုပ်ခဲ့တဲ့အရာထက် အရည်အချင်းရှိတဲ့လူတွေ မရှိတာကြောင့် အစားထိုးခေါင်းဆောင်မှုတစ်စုကို စင်ကာပူမရနိုင်ဘူးလို့ ခင်ဗျား ယုံကြည်သလား။**

ေျြ - အဲဒီနေရာတွေမှာ အရည်အချင်းမရှိလို့ပါ၊ အတိုက်အခံတွေထဲမှာ ခင်ဗျား ဖေးခွန်းတွေမေးပြီး ဆန့်ကျင်ဖေးတယ်။ စသဖြင့် အဲဒီလိုလုပ်ပြီး ဟန်ပြလုပ်တယ်။ အစားထိုးက ဘာလဲ၊ အဲ . . . သူတို့က အစားထိုးတစ်ခုကို ဖော်ထုတ်နိုင်ကြမလား။ အဓိပ္ပာယ်မရှိဘူး၊ သူတို့ အဲဒါကို သိကြတယ်။ (မဲဆန္ဒနယ်မြေကမဟုတ်တဲ့ ပါလီမန်အဖွဲ့ဝင်) ဆစ်ဒီယာလင်က သူတို့ အစိုးရလုပ်ဖို့ အခွန်အထားမှာမရှိတာကို အသိအမှတ်ပြုတယ်။

Scanned by CamScanner

ငယ် - မလေးရှားက နိုင်ငံရေးအပြောင်းအလဲတွေကို မြေမျက်နှာပြင် ဖွဲ့စည်းမှုနဲ့ပတ်သက်တဲ့ အပြောင်းအလဲတစ်ခုအဖြစ် စင်ကျား ဖော်ပြခဲ့တယ်။ ဒီအပြောင်းအလဲရဲ့ အစိတ်အပိုင်းကို ကျွန်တော်တို့ သိကြတယ်။ ဘာကြောင့်လဲဆိုတော့ ငယ်ရွယ်တဲ့လူတွေက အတိုက်အခံပါတီကို မဲပေးကြလို့ပါ။ ကမ္ဘာတစ်ဝှမ်းမှာလည်း အပြောင်းအလဲကိုလိုချင်တဲ့ ငယ်ရွယ်တဲ့ ပြည်သူတွေရဲ့ ဒီလိုင်းဂယက်ကို စင်ကျားသိပါတယ်။ အဲဒီလို လိုင်းဂယက်က စင်ကာပူအပေါ် ရိုက်ခတ်နေတာကို စင်ကျား တွေ့သလား။

ငြေ - စင်ကာပူမှာ ဘာကိုပြောင်းလဲမလဲ၊ အဲဒါက အချိန်နဲ့အတူလာတယ်။ အပြောင်းအလဲတစ်ခုရှိရင် ဆီလျော်သလိုရှိတဲ့ အစားထိုးတစ်ခုရှိတယ်။ ဒါပေမဲ့ အစားထိုးဆိုတာဟာ အကျိုးအကြောင်း မဆီလျော်ဘူးဆိုတာ စင်ကျား တွေ့မြင်နိုင်ပါတယ်။ လူတွေ နိုင်ငံခြားက ပြန်လာကြတယ်။ အဲဒီအစီရင်ခံစာတွေအားလုံးကို ကျွန်တော်ဖတ်ခဲ့တယ်။ "ဝန်ကြီးတွေကို ဒီလောက်လစာတွေ အများကြီးပေးတာ ဖိုက်မဲတယ်" လို့ သူတို့ပြောကြတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ သူတို့ အေးအေးဆေးဆေးဖြစ်သွားကြတယ်။ ဘာကြောင့်လဲ။ ပဂ္ဂလိက ကဏ္ဍမှာ ဒါကို သိပ်များအောင် စင်ကျား လုပ်နေတယ်။ ဒီဝန်ကြီးတွေကို နှစ် ၂၀ နေပြီး သူတို့ရဲ့ မိသားစုတွေကို စွန့်လွှတ်နေမယ်လို့ စင်ကျား မျှော်လင့်နေသလား။ သူတို့ကိုယ်သူတို့ စွန့်လွှတ်ကြမလား။ သူတို့ စွန့်လွှတ်ဖို့ပြင်ဆင်နေကောင်းပြင်ဆင်နေနိုင်တယ်။ ဒါပေမဲ့ သူတို့ရဲ့မိသားစုကို စွန့်လွှတ်မလား။ သူတို့ရဲ့မိသားစုကို ထောက်ပံ့ဖို့ သူတို့လိုအပ်တယ်။ ကျွန်တော်တို့လက်တွေ့ကျဖို့လိုတယ်။ ကျွန်တော်တို့ဟာ ကွဲပြားခြားနားတဲ့ဧတ်ကာလမှာ နေထိုင်နေကြတယ်။ ကျွန်တော့်ရဲ့ မျိုးဆက်ကို ပြန်လည်မွေးဖွားလို့ မရနိုင်ဘူး။

ငယ် - လူအဖွဲ့အစည်းဟာ ပိုပြီး အစိတ်စိတ်အမြွာမြွာ ဖြစ်လာတဲ့အခါ စင်ကာပူမှာ လူတစ်ယောက် မဲတစ်ပြား လုပ်ဖို့ ပိုပြီး ခက်ခဲလာလိမ့်မယ်လို့ စင်ကျား ဖော်ပြခဲ့တယ်။

ငြေ - ကျွန်တော် အလယ်အလတ်နေရာကို ဆုတ်တွယ်နေခဲ့တယ်။ အလတ်အလတ်နေရာက အလုပ်သမားလူတန်းစား၊ သမဂ္ဂစသဖြင့်တို့ရဲ့ ကြီးမားတဲ့ အစိတ်အပိုင်း။ အလယ်အလတ် လူတန်းစားရဲ့ကြီးမားတဲ့ အစိတ်အပိုင်းနဲ့ ဒါကို သူတို့အတွက် အခွင့်သာတယ်လို့ တွေ့မြင်တဲ့ အထက်ပိုင်း အလယ်အလတ်တန်းစားတွေကို ဆိုလိုတယ်။ အဲဒါ ဖြစ်နေသမျှကာလပတ်လုံးဆက်လက်အောင်မြင်နေလိမ့်မယ်။ ပြီးတော့အထက်ပိုင်းအလယ်အလတ်တန်းစားတွေရဲ့ အကျိုးစီးပွားတွေ ခွဲဖြာထွက်သွားတဲ့အချိန်နဲ့ အနိမ့်လူတန်းစားကို သူတို့ ငွေကြေးထောက်ပံ့ပေးသင့်တယ်လို့ မထင်တော့တဲ့ အချိန်ရောက်လာနိုင်တယ်။ "ဟင့်အင်း . . . ဒီအခွန်ကောက်ခံမှုကို မှန်ကန်တယ်လို့ ငါမထင်ဘူး၊ အိမ်ခန်း ၂ ခန်း၊ ၃ ခန်း၊ ၄ ခန်းရှိတဲ့ တိုက်ခန်းတွေထဲက လူတွေကို ငါ ဘာဖြစ်လို့ ထောက်ပံ့ရမှာလဲ" လို့ ပြောတဲ့ ပါတီတစ်ခုခုကို သူတို့ကောင်းကောင်းထောက်ပံ့ကောင်းထောက်ပံ့ကြလိမ့်မယ်။ ကျွန်တော်တို့လူအဖွဲ့အစည်းထဲက ကွာဟချက်ကို ကျွန်တော်တို့ ပိုပြီး ကျယ်ပြန့်အောင် လုပ်လိုမ်မယ်။ ဘယ်အချိန်လဲဆိုတာကိုတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ အဲဒါ လာလိမ့်မယ်။

Scanned by CamScanner

ငယ - ဘယ်လိုလာနိုင်သလဲ၊

ငမြ - အဲဒါက လူ့အဖွဲ့အစည်းတိုင်းမှာ ဖြစ်ပေါ်တဲ့ အောင်မြင်တဲ့ လူတွေနဲ့ အောင်မြင်မှုနည်းပါးတဲ့ လူတွေကြားက ကွာဟချက် ဖြစ်တယ်၊ အောင်မြင်တဲ့လူတွေက သူတို့ရဲ့ ပညာရေး၊ သူတို့ရဲ့ အလုပ်အကိုင်၊ ဒါမှမဟုတ် လုပ်ငန်းအခွင့်အရေးတွေကို ဖြစ်ပေါ်အောင်လုပ်ပေးနေတဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုမရှိရင် သူတို့ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူးဆိုတာကို မေ့လျော့ကြတယ်၊ ဒါပေမဲ့ အောင်မြင်ပြီးတဲ့အခါကျရင် သူတို့ဘာသာ အောင်မြင်တယ်လို့ ထင်ကြတယ်၊ ရတ်ဖလက်အင်စတိကျူးရင်း၊ ဒါမှမဟုတ် ဟွာချောင်တို့လို ထိပ်သီးကျောင်းတွေက ကျောင်းသားတွေက နိုင်ငံခြားကို သွားကြပြီး၊ အဲဒါကို သူတို့ဟာ သူတို့လုပ်ကြတာလို့ ထင်ကြတယ်၊
လူ့အဖွဲ့အစည်းအပေါ်မှာ၊ ဒါမှမဟုတ် အစိုးရအပေါ်မှာ သူတို့ တစ်စုံတစ်ရာ ကျေးဇူးမတင်ကြဘူး၊ သူတို့က ထက်မြက်တဲ့ လူတွေပါ၊ ဒါပေမဲ့ သူတို့ ဘယ်လိုလုပ် အောင်မြင်ခဲ့ကြသလဲ၊ လူ့အဖွဲ့အစည်းထဲက ဟန်ချက်ကို ကျွန်တော်တို့ ထိန်းထားလို့ပါ၊ ငြိမ်းချမ်းရေးနဲ့၊ တည်ငြိမ်မှုနဲ့ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို ကျွန်တော်တို့ တည်ဆောက်ပြီး ထက်မြက်တဲ့လူတွေကို ထိပ်ဆုံးရောက်အောင် လုပ်ပေးခဲ့တယ်၊ ထက်မြက်မှုနည်းတဲ့ လူတွေကိုတောင်မှ သူတို့တတ်နိုင်သမျှ ဝေးဝေးရောက်နိုင်အောင် အခွင့်အလမ်းတွေ ပေးခဲ့ကြတယ်၊

ငယ - PAP အစိုးရကို လူတွေ ညည်းငွေ့လာတဲ့ အချိန်တစ်ချိန် ရောက်လာလိမ့်မယ်လို စောစောက ခင်ဗျား ပြောတုန်းက ခင်ဗျား ဘာကို ဆိုလိုတာလဲ၊

ငမြ - နောက်ဆုံးမှာ ပြည်သူတွေက ဒီမယ်ဟေ့ . . . ငါတို့ တခြားတစ်ဖက်ကို စမ်းကြည့်ကြရအောင်၊ PAP အရည်အသွေးကျလာတာကြောင့်လား၊ ဒါမှမဟုတ် အတိုက်အခံတွေက PAP နဲ့ တူညီတဲ့ အဖွဲ့ကို ဖွဲ့လိုက်တာကြောင့်လား၊ တစ်ခုခုကြောင့် ငါတို့ တစ်ဖက်အခြမ်းကို စမ်းကြည့်ကြရအောင်လို့ ပြောလာကြလိမ့်မယ်၊ အဲဒီလိုပြောတဲ့အချိန် ရောက်လာလိမ့်မယ်၊
ဂျပန်က လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ၁၉၅၁ ပြည့်နှစ်ကနေ အခုအထိ ဆက်လက်စခန်းသွားနေတာကို ကျွန်တော် ဆိုလိုတယ်၊ ၁၉၅၅ ခုနှစ်မှာ သူတို့ လွှဲပြောင်းယူတယ်လို့ ကျွန်တော်ထင်တယ်၊ အဲဒါက ကျွန်တော်တို့ လွှဲပြောင်းမယူခင် ၄ နှစ်ကာဖြစ်မယ်၊ ဒါပေမဲ့ သူတို့အယူအဆဟောင်းတွေနဲ့ ဆက်လက်လုပ်ကြတဲ့ တစ်စိတ်တစ်ပိုင်းကြောင့် ကွဲပြဲလာကြတယ်၊
ဘယ်စနစ်မှ ထာဝရ မတည်တံ့ပါဘူး၊ ဒါသေချာတယ်၊ ဓနာဂ် ၁၀ နှစ်နဲ့ အနှစ် ၂၀ အတွင်းမှာ အဲဒါဖြစ်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး၊ အဲဒီထက်ပိုပြီးတော့ ကျွန်တော် မပြောနိုင်ဘူး၊ သူတို့ရဲ့ဘာဝကို ဒီအတွက်ပြုပြင်နုလုပ်ဆောင်မယ့် ရိုးသားဖြောင့်မတ်မှုနဲ့အတူ အနှစ်နာအခံဆုံးလူ၊ အစွမ်းဆောင်နိုင်ဆုံးလူကို ကျွန်တော်တို့ အမြဲတမ်း ရနိုင်ပါ့မလား၊ ရမယ်လို့တော့ ကျွန်တော် မျှော်လင့်တယ်၊ ဒါပေမဲ့ အစဉ်အမြဲဖို့ကတော့ ကျွန်တော် မသိဘူး၊
ကျွန်တော့်မြေးတွေရဲ့မျိုးဆက်ထဲမှာ အပြောင်းအလဲကို ကျွန်တော် တွေ့မြင်တယ်၊ အဲဒါက ကွဲပြားခြားနားတဲ့ မျိုးဆက်တစ်ခုရဲ့ တန်ဖိုးတွေနဲ့ အပြုအမူသဘောထားတွေထဲက အပြောင်းအလဲတစ်ခုဖြစ်နေတယ်၊ ကျွန်တော်ဟာ ကျွန်တော့်အဖေလို့ ဒါမှမဟုတ် ကျွန်တော့်ဦးလေးလို ပြည်သူ့လုပ်ငန်းမှာ ဘဝမြှုပ်နှံတော့မယ်လို့ အဲဒီမျိုးဆက်က စံစားနေတယ်၊ အဲဒီအတွက် ကျွန်တော် အပြောင်းပြောက်မမြင်ဘူး၊ ဒီနေရာက လည်ပတ်နေတယ်၊ တခြားတစ်ယောက်ကို

Scanned by CamScanner

လုပ်ကိုင်ခွင့်ပြုပါ။ အဲဒီ တခြားတစ်ယောက်က ဘယ်သူဖြစ်မလဲ။ ကျွန်တော်တို့မှာ ကျွမ်းကျင်သူတွေ စွမ်းဆောင်ချက်တွေ၊ ရိုးသားဖြောင့်မတ်မှုတွေ၊ မြှုပ်နှံလုပ်ဆောင်မှုတွေ ဝုံးပေါလအော ရှိနေကြသလား။ ကျွန်တော်တို့မှာ မရှိဘူး။

ဒါဆို နှစ် ၃၀ ကြာရင် ဘာဖြစ်မယ်ဆိုတာ ခင်ဗျားကို ကျွန်တော် မပြောနိုင်ဘူး။ ဒီနေရာပြုကွဲသွားပြီးနောက်၊ ဒါမှမဟုတ် ပြိုကွဲပို့ခြမ်းခြောက်နေပြီးနောက်မှာ ဒီအထဲမှာ စွန့်စားနေကြရတဲ့လူတွေက အထုပ်အပိုးထုပ်ပြီး ထွက်သွားချင်လည်း ထွက်သွားကြလိမ့်မယ်၊ ဒါမှမဟုတ် လွှဲပြောင်းယူကြပြီး ဒီမယ်ဟေ့ ... ဒါကို ငါတို့ လည်ပတ်ကြရအောင်လို့ ပြောလည်း ပြောကြလိမ့်မယ်။

မေး - လူအဖွဲ့အစည်းကို အကျိုးဖြစ်ထွန်းစေမယ့် လိုအပ်ချက်တွေကို သူတို့ မခံစားရတာဟာ အခွင့်အလမ်းတွေနဲ့သာ ပတ်သက်သလား၊ ဒါမှမဟုတ် ယေဘုယ်တဲ့ မျိုးဆက်ကို ကျွန်တော်တို့ ပြုစုပျိုးထောင်ပုံမှာ ကျွန်တော်တို့ ပြုလုပ်ခဲ့တဲ့ တစ်စုံတစ်ရာရှိနေမလား။

ဖြေ - အဲဒါက လူအဖွဲ့အစည်းတစ်ခုလုံးရဲ့ စိတ်အခြေအနေပြောင်းလဲမှုတစ်ခု ဖြစ်တယ်။ ကျွန်တော့်သားတွေနဲ့ သမီးကို မွေးထုတ်တဲ့မျိုးဆက်ဟာ ကျွန်တော်တို့ အဲဒါအားလုံး ဆုံးရှုံးနိုင်တာကို နားလည်တဲ့ မျိုးဆက်တစ်ခုဖြစ်တယ်၊ ဟားဗတ်မှာ ကျွန်တော် ၂ လနေထိုင်တဲ့အခါက ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ခဲ့တဲ့ အဲဒီနေရာက အဲလီရော့အဆောင်မှာ ကို ကျွန်တော် မှတ်မိတယ်။ သူက (၃) နှစ်တိုင်း ကျွန်တော်တို့ မျိုးဆက်သစ်တစ်ခု၊ သဘောထား အပြောင်းအလဲတစ်ခု ရှာနေတယ်လို့ ပြောတယ်။ အဲဒါက အမေရိကန်ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ သူက အမြဲနေပြောင်းလဲနေတဲ့ လူအဖွဲ့အစည်းတစ်ခု ဖြစ်နေတာကြောင့်ပေါ့။ ကျွန်တော်တို့ကိုကြွယ်မှာတော့ ၁၀ နှစ်တိုင်း တစ်ကြိမ်ဖြစ်နိုင်တယ်၊ လူတွေဟာ အခြေခံအသစ်အဖြစ် သူတို့ရှိတဲ့ဟာတွေကို ယူကြတယ်။ အခုအချိန်ကစပြီး နောက် ၁၀ နှစ် အချိန်မှာ သူတို့ဘဲ့ကြမယ်၊ ဆိပ်ကမ်းသာပြီးဝီးသွားမယ်။ ပြီးပြည့်စုံတဲ့ အနားယူစခန်း အဲဒီနေရာမှာ ရှိတော့မယ်။ တူးမြောင်းတွေက မြစ်တွေဖြစ်လာမယ်။ အဲဒါတွေအားလုံးကို စံနမူနာတစ်ခုအဖြစ် သူတို့ လက်ခံကြတယ်။ အဲဒါတွေက အဲဒီနေရာမှာ အမြဲတမ်းရှိနေလိမ့်မယ်။ သူတို့ ကြိုးစားအားထုတ်မှု တစ်စုံတစ်ရာမလိုဘူးလို့ ယုံကြည်ကြတယ်၊ ကျွန်တော် တို့ အဲဒီနေရာကိုမရောက်ခင် ပင်ပင်ပန်းပန်း လုပ်ကိုင်စိမ်ရတာတွေ အတော်များများရှိပြီး အဲဒါကို ဒီပုံစံအတိုင်းဖြစ်နေဖို့ အတွက် ကြိုးစားအားထုတ်မှုတွေ အတော်လုပ်ရတယ်ဆိုတာကို သူတို့နားလည်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။

မေး - စင်ကာပူ လူအဖွဲ့အစည်းဖြစ်သင့်တဲ့ အရာထဲမှာ ဧရရှည်တည်တံ့တဲ့ တန်ဖိုးတွေ ကျွန်တော်တို့ ရရှိထားကြသလား။ ဥပမာအားဖြင့် သန့်ရှင်းတဲ့ အဂတိကင်းစင်တဲ့အစိုးရ၊ လူမျိုးပေါင်းစုံဝါဒတို့လိုမျိုးပေါ့။

ဖြေ - အဲဒါ ဘယ်လောက်နက်နဲသလဲ၊ ဘယ်လောက်နက်နဲသလဲဆိုတာ ခင်ဗျားကိုယ်ခင်ဗျား မေးပါ။ အမေရိကန်ဟာ စစ်ပွဲဆီကို သွားတယ်၊ ကမ္ဘာစစ်နှစ်ခုပေါ့။ ပထမကမ္ဘာစစ်မှာ လူမည်းတွေက ခဲယမ်းမီးကျောက် စသဖြင့် တို့ကို သယ်ဆောင်သူတွေဖြစ်ကြတယ်၊ ဒုတိယကမ္ဘာစစ်မှာ သူတို့ အတူတူတိုက်ခိုက်ကြတယ်။ သူတို့ အမေရိကန်ကို ပြန်လာကြတယ်၊ လူမည်းတွေက ဆင်းရဲသားရပ်ကွက်တွေဆီကို ပြန်ကြတယ်၊ လူဖြူတွေက မြို့ပြရပ်ကွက်တွေကို

Scanned by CamScanner

ပြန်ကြတယ်၊ အဝ သူတို့ ကြိုးမားတဲ့ တိုးတက်မှုလုပ်ခဲ့ကြသလား။

ဃး - ရှေ့ဆက်သွားနေတဲ့ စနစ်တည်ငြိမ် တည်တံ့ဖို့အတွက် ဆင့်မွားဖြစ်စဉ် တဖြည်းဖြည်း ဖြစ်ပေါ်အောင် အခြေအနေ ဖန်တီးထားတာဟာ ခင်ဗျားအတွက် အကျိုးရှိတယ်လို့ ခင်ဗျားမမြင်ဘူးလား။

ဖြေ - ၂ ယောက်၊ ၃ ယောက်အုပ်စုကလေးတစ်စု ကျွန်တော်တို့ရရင် အဲဒါ ကြိုးထွားလိမ့်မယ်လို့ ကျွန်တော် နည်းနည်း ကလေးမှ မယုံကြည်ဘူး။ သူတို့ ဘယ်လိုလုပ်ပြီး ကြိုးထွားကြမလဲ၊ ချမ်ဆီတောင်က ဆီဆွမ်းဂျွမ်းကို တည်ထောင်တယ်၊ အဲဒါ ပြုလဲကျသွားတယ်၊ ဂျယ်ရာရက်နမ်က ဖရန့်စစ်ဆောင်ကို တည်ထောင်တယ်၊ တခြား ဘယ်သူ တည်ထောင်သလဲ၊ လိုသီရာချိုင်က ဘယ်သူ့ကို တည်ထောင်သလဲ၊ ဆီဇိယာလင်ကို တည်ထောင်တယ်၊

ဃး - ယှဉ်ပြိုင်နေတဲ့ ရွေးကောက်ပွဲတွေအတွက် အတားအဆီးတွေက အရမ်းမြင့်လွန်းတယ်လို့ လူတချို့က ပြောကြတယ်၊

ဖြေ - ခင်ဗျားလိုအပ်တဲ့ အရာအားလုံးက အာမခံစောင့်ခွေနဲ့ ခွေးထွက်သံပဲမှ အတော်များများပါ။

ဃး - နိုင်ငံရေးစနစ်ကို ဒီဇန် ခင်ဗျားကြည့်ရင် အခုရှိနေတဲ့ ယှဉ်ပြိုင်မှုအဆင့်ကို ခင်ဗျား ကျေနပ်နှစ်သက်ရဲ့လား။

ဖြေ - ကျွန်တော်တို့ကို ယှဉ်ပြိုင်နေတဲ့၊ တူညီတဲ့ အရည်အချင်းရှိတဲ့ အုပ်စုကလေးတစ်စုကို ကျွန်တော်တို့ရရင် တကယ်ကို ဝမ်းသာမှာပါ။ ကျွန်တော်တို့ဆိုလိုတာက NMP ကို ခင်ဗျားကြည့်ပါ။ သူတို့က အတိုက်အခံ နိုင်ငံရေးသမားတွေထက် ပိုပြီး အဓိပ္ပာယ်ရှိရှိ စကားပြောကြတယ်၊ သူတို့ ရွေးကောက်ပွဲဝင်ကြသလား။ မဝင်ဘူး။ ဘာကြောင့်လဲ၊ သူတို့မှာ ဦးနှောက်စွမ်းအင်ရှိတယ်၊ သူတို့မှာ ပညာတတ်သုတရှိတယ်၊ ဒါပေမဲ့ ကြမ်းတမ်းတဲ့ ပင်လယ်ထဲကို ခုန်ဆင်းဖို့ သူတို့ ပြင်ဆင်မထားကြဘူး။

ဃး - လူအများအပြားက PAP ရဲ့ ခြောက်လှန့်မှုကို သူတို့ ခံကြရတယ်လို့ ပြောတယ်၊ သဘောထားကွဲလွဲသူတွေကို နှိပ်ကွပ်မှုတွေလိုမျိုး ကြောက်လန့်စရာ အခြေအနေရှိနေတယ်၊

ဖြေ - မဟုတ်ဘူး၊ မဟုတ်ဘူး၊ ခင်ဗျား ခြောက်လှန့်ခံရလို့လား။

ဃး - ခင်ဗျားကို ကျွန်တော် ဒီမေးခွန်းမေးတဲ့ အချိန်ကတည်းက ကျွန်တော် လုံးဝအခြောက်လှန့်မခံရပါဘူး၊ ဒါပေမဲ့ ထိတ်လန့်မှုက တကယ်ကို အစစ်အမှန်ဖြစ်နေတယ်၊ လူတွေကို ကျွန်တော်တို့ အင်တာဗျူးလုပ်တဲ့အခါ သူတို့က အဲဒါကို ပြောကြတယ်၊ အဲဒီအသိက ပညာရှင်တွေကြားထဲမှာတောင် ထင်ထင်ရှားရှား ပုံနှံ့ရောက်ရှိနေတယ်၊

ဖြေ - ခင်ဗျားကောင်းတယ်လို့ ယုံကြည်နေရင် ဘာကြောင့် ခင်ဗျား ခြောက်လှန့်ခံရမှာလဲ၊ ဂေးအခွင့်အရေးအတွက် ရပ်တည်ခဲ့တဲ့လူ ဆုကမ်ဖဟောင် ခြောက်လှန့်မခံရဘူး။ အလုပ်သမားပါတီနဲ့ သူ သွားရောက်ပူးပေါင်းတဲ့အခါ ကျွန်

Scanned by CamScanner

တော်တို့ မကန့်ကွက်ဘူး၊ ကျွန်တော်တို့ကို သူ တိုက်ခိုက်ရင် သူ့ကို ကျွန်တော် တိုက်ခိုက်မယ်။ ဒါဟာ နိုင်ငံအပိုင်းတစ်ခုပဲ၊ ဒါ ခြောက်လှန့်ခံရတာလို ခင်ဗျားပြောတယ်၊ အင်း... ဂျောဂျ်ဒဗလျူဘွတ်ရှ်ဟာ ခြောက်လှန့်ခံရမှုကြုံကြုံခဲ့ခဲ့တယ်၊ အယ်လ်ဂေါ်ကို သူကြုံကြုံခဲ့ခဲ့တယ်၊ ဒုတိယအကြိမ်မှာ ဂျွန်ကယ်ရီကို သူကြုံကြုံခဲ့ခဲ့တယ်၊ ဂျွန်ကယ်ရီနဲ့ အလယ်လ်ဂေါတို့နှစ်ဦးစလုံးက သူ့ထက်ပိုပြီး ထက်မြက်ကြတယ်၊ ဒါပေမဲ့ သူမှာ ကောင်းမွန်တဲ့နည်းပြ ကာလိုမျိုး ရှိတယ်၊ ဒီလိုနဲ့ သူ အောင်နိုင်သွားတယ်၊

ငမး – ခင်ဗျားနေရာချပေးထားတဲ့ စနစ်ဟာ၊ လူတွေက၊ ဟုတ်တယ်၊ PAP အစိုးရကို သူတို့ ညည်းငွေ့နေပြီလို့ ပြောကြဲ့ အခိုက်အတန့်ကာလကို ကျော်လွန်ရှင်သန်မယ်လို့ ခင်ဗျား ဘယ်လိုလုပ် ယုံကြည်စိတ်ချနေသလဲ၊

ငမြ – အဲဒါက ဒါ ဘယ်အချိန်မှာဖြစ်မလဲ၊ ရုတ်တရက်ဖြစ်မှာလား၊ တဖြည်းဖြည်း ဖြစ်လာမှာလား၊ ဆိုတာအပေါ် မူတည်တယ်၊ စံသတ်မှတ်ချက်ကျဆင်းမှု တဖြည်းဖြည်းဖြစ်လာရင် အရည်အသွေးရှိတဲ့ အတိုက်အခံပါတီကို စတင်ထူထောင်ကြလိမ့်မယ်၊ ပြည်သူက ဒါကို ခံစားသိရှိနိုင်တယ်၊ ရုတ်တရက်ဖြစ်ပေါ်လာရင် ခင်ဗျား အရေးပေါ်ကိစ္စတစ်ခုနဲ့ ကြုံတွေ့ရလိမ့်မယ်၊ ယုံကြည်စိတ်ချရတဲ့ အဖွဲ့တစ်ဖွဲ့ ပေါ်ထွက်မလာရင် တိုင်းပြည် မြောင်းထဲ ရောက်သွားလိမ့်မယ်၊

ငမး – အဲဒါက ရုတ်တရက် ဘယ်လိုဖြစ်နိုင်မလဲ၊

ငမြ – ကျွန်တော် မပြောနိုင်ဘူး၊ ခေါင်းဆောင်ဝိုင်းမှာ ပြိုကွဲမှုကို ခင်ဗျားတွေ့လာမယ်၊ အခြေခံမူ စည်းမျဉ်းအကြောင်းရင်းတွေကြောင့်ဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ရေး အကြောင်းရင်းတွေကြောင့်ဖြစ်ဖြစ် သူတို့ နက်နက်ရှိုင်းရှိုင်း သဘောကွဲလွဲလာကြပြီး ရုတ်တရက် အစိတ်စိတ်အမြှာမြှာ ကွဲသွားလိမ့်မယ်၊ ၁၉၆၁ ခုနှစ်မှာ ဘာရီဆန် (မလေးရှားပါတီ)နဲ့ ကွန်မြူနစ် ထောက်ခံသူတွေ အဲဒီလိုဖြစ်ကြတယ်၊ နှစ် ၂၀၊ ၃၀၊ ၄၀ အတွင်းမှာ ဘာဖြစ်မယ်ဆိုတာ ခင်ဗျားကို ကျွန်တော် မပြောနိုင်ဘူး၊ ပြောလို့မဖြစ်နိုင်ဘူး၊ အနာဂတ် ဘယ်လိုဖြစ်မလဲ၊ အဲဒီအနာဂတ်မှာ စင်ကာပူ ဘယ်လိုပုံစံမျိုးနဲ့ ရပ်တည်ရှင်သန်ပြီး ကြီးပွားတိုးတက်မလဲဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ အစစ်အမှန် ကွဲပြားခြားနားတဲ့ အဖြစ်တစ်ခု ရှိကောင်းရှိနိုင်တယ်၊ ကျွန်တော်မသိဘူး၊ ဒီမယ် ဘယ်သူမှ သူ့တိုင်းပြည်ရဲ့ အနာဂတ်ကို ဆယ်စုနှစ်တစ်ခု၊ ဒါမှမဟုတ် သူ့အသက်ထက် ကျော်လွန်ပြီး အတည်တကျမထားဘူးဆိုတာ ကျွန်တော် သိနားလည်လောက်အောင် အသက်ရှည်ရှည် နေခဲ့ပြီးပြီ၊

စကာလင်က ဥရောပ အရှေ့ဘက်အဝိုင်းတစ်ခုလုံးကို ဆုပ်ကိုင်ယူခဲ့တယ်၊ တောင်နဲ့ အရှေ့ဘက်ကစပြီး ဆိုက်ဘေးရီးယားအထိ အာရှရီပတ်ဘာလစ်တွေအားလုံးကို ဆုပ်ကိုင်ယူခဲ့တယ်၊ တရုတ်ဗတ္တိုင်ဆိုင်တဲ့ မွန်ဂိုလီယာကိုလည်း သူ့ရဲ့နယ်ပယ်ထဲ ဆွဲသွင်းခဲ့တယ်၊ အဲဒါ ၁၉၄၅ ခုနှစ်က ဖြစ်တာတွေပါ၊ သူ သေဆုံးသွားတယ်၊ စနစ်က နောက်ဝိုင်းမှာ ဂေါ်ဘာချက်ဆိုတဲ့ လူတစ်ယောက်ကို အံထုတ်လိုက်တယ်၊ သူက တော်လှန်ရေးကို တစ်ခါမှ မဖြတ်သန်းဘူးဗျ၊ ဆူပွက်နေတဲ့ ဒယ်အိုးကြီးထဲမှာ သူထိုင်စနတယ်ဆိုတာ မသိဘူး၊ တိန့်ကျောင်ဖိန်က တော်လှန်ရေးကို ဖြတ်သန်းခဲ့တယ်၊ တရုတ် ပြိုကွဲရင် ပွဲသိမ်းသွားမယ်ဆိုတာ သူသိတယ်၊ ဒါကြောင့် သူက...

Scanned by CamScanner

"သူတို့ကို ဘေးဖယ်ထုတ်လိုက်၊ နို့မဟုတ်ရင် (ကျွန်နမင်မှာ) သူတို့ကို ငါပစ်ခတ်မယ်" လို့ ပြောတယ်၊ အပြင် ဘက်က သွေးထိုးလှဲ့ဆော်သူတွေရဲ့ လေပင့်ဖမ်းတာကိုခံရတဲ့ ကျောင်းသားတွေကြားထဲက သွေးထိုးလှဲ့ဆော်သူ ရာပေါင်းအနည်းငယ်ကြောင့် သူ့ဘဝတစ်သက်လုံး လုပ်ထားတဲ့အလုပ်ကို သူ ဘာကြောင့် စွန့်လွှတ်မလဲ၊ ကျောင်းသားတွေ အနိုင်ရခဲ့ရင် ကျွန်တော်တို့ ဒီနေ့ တရုတ်ပြည်ကို ရလိမ့်မယ်လို့ ခင်ဗျားထင်သလား။

ကျွန်တော် ထန်ကုန်ပြောနိုင်တာက နောက် ၁၀ နှစ်အတွက် စင်ကာပူ လုံခြုံစိတ်ချရနေရလိမ့်မယ်လို့ ကျွန်တော် ထင်တာပါပဲ၊ စင်ကာပူကို အရည်အချင်းပြည့်မီစွာနဲ့ အုပ်ချုပ်မယ့် အဖွဲ့တစ်ဖွဲ့ နေရာတကျရှိနေတာကြောင့် ပြဿနာ မရှိဘူး၊ အဲဒါ ၁၅ နှစ်၊ နှစ် ၂၀၊ နှစ် ၃၀ ကြာ ဆက်လက်ဖြစ်နေမလားဆိုတာက ၁၀ နှစ်အတွင်းမှာ သူတို့ အစွမ်းအစရှိတဲ့ နေရာ ဆက်ခံသူအဖွဲ့တစ်ဖွဲ့ ရရှိမှုအပေါ်မှာ မူတည်တယ်၊ အဖွဲ့ရဲ့ အစိတ်အပိုင်းကတော့ နေရာတကျရှိနေတယ်၊ ဒါပေမဲ့ ခင်ဗျား ခေါင်းဆောင်တစ်ယောက်လိုတယ်၊ ဆက်သွယ်စကားပြောနိုင်မယ့် လူတစ်ယောက်ကို ခင်ဗျား လိုတယ်၊ ပြည်သူတွေကို ရွေးချယ်အောင်လုပ်နိုင်တဲ့ လူတစ်ယောက်လိုတယ်၊ ကောင်းမွန်တဲ့ မူဝါဒတွေရှိရုံနဲ့ မလုံလောက်ဘူး၊ ပြည်သူတွေကို ခင်ဗျားတို့ကိုတွန်းရမယ်၊ ဒါဟာ ကျွန်တော် မိန့်ခွန်းပြောနေတာတွေကို လျော့ချနေတဲ့ အကြောင်းရင်းတစ်ခုပါ။ သူတို့ တွေကို ကျွန်တော် ကွက်လပ်ဖြည့်စေချင်တယ်၊

မေး - အစိုးရထဲမှာ ရုတ်တရက် အပြောင်းအလဲရှိလာရင် အရွေးချယ်ခံ သမ္မတရာထူးဟာ ဆေဖ်ဂတ်တစ်ခု၊ ဒါမှမဟုတ် ဆားကစ်ဘရိကာတစ်ခု ဖြစ်မလား။

ဖြေ - ဟုတ်ကဲ့ . . . ဖြစ်မှာပါ။ PAP ရုံးနိုပ်ရင် စင်ကာပူအတွက် အရာရာတိုင်း မဆုံးရှုံးဘူးလို့ ကျွန်တော် မျှော်လင့်နေတဲ့ စနစ်တစ်ခုကို ကျွန်တော် လည်ပတ်နေတယ်၊ အမြဲတမ်း အတွင်းဝန်တွေ၊ စစ်ဦးစီးမှူးတွေ၊ ရဲမင်းကြီး၊ ဥပဒေပြု လုပ်ထားတဲ့ ဘုတ်အဖွဲ့ခေါင်းဆောင်တွေ အားလုံးကို စင်ကျား ပြောင်းလဲရင် စနစ်ကို စင်ကျား ပျက်စီးလိမ့်မယ်၊ သမ္မတက အဲဒါကို ၅ နှစ်ကြာ ကာကွယ်နိုင်တယ်၊ ပြီးတော့ ကျွန်တော်တို့ရဲ့ အတိတ်က သယ်ဇာတတွေ တိုက်ခိုက်မခံရနိုင်ဘူး၊ ခင်ဗျား လိမ္မာပါးနပ်ပြီး ခုတိယသက်တမ်းကို ဆဲ ၃ ပုံ၊ ၂ ပုံ အများစုနဲ့ အနိုင်ရရှိရင် အခြေခံဥပဒေကို ပြင်ဆင်နိုင်ပြီး ဆလုတ်နှစ်ချက်ရှိတဲ့ ဆေဖ်ဂတ်ကို စီစဉ်နိုင်လိုမ်မယ်၊ ဘေးဒုက္ခတစ်ခု မဖြစ်ပေါ်အောင် ကာကွယ်ဖို့က ပညာတတ်ဆဆ္ဒရှင်တွေပေါ်မှာ မူတည်လိမ့်မယ်၊

ဒါကြောင့် ဒီဆေဖ်ဂတ်တွေနဲ့ဆိုရင် ရွေးကောက်ပွဲ တစ်ခု၊ နှစ်ခုမှာ စင်ကာပူ မှားယွင်းသွားတောင်မှ သူ့အတွက် အခြေအနေကို ဆယ်တင်ဖို့ ဖြစ်နိုင်ကောင်း ဖြစ်နိုင်လိမ့်မယ်၊ ကျွန်တော်တို့မှာ ဒီလိုခြုံရေး ပိုက်တွန်မရှိရင် ကြောင် တောင်တောင် ရွေးကောက်ပွဲတစ်ခုပြီးတဲ့အခါ တိုင်းပြည်ပြိုလဲကျသွားနိုင်တယ်၊ အဲဒါဟာ စင်ကာပူ မတွန့်စားနိုင်တဲ့ အန္တရာယ်ပဲ။

မေး - ဒါက ကျိုးပဲ့လွယ်တဲ့ စက်ယန္တရားတစ်ခု ဖြစ်ပုံပေါ်နေတယ်၊ အဲဒါက ပိုမိုနိုင်မာနိုင်သလား။

ဖြေ - ဘယ်လိုလုပ်ရမယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပြောပြမယ်၊ အဲဒါကို အခြေခံဥပဒေဆိုင်ရာ ရှုထောင့်တွေဆီကို တင်ပြပြီး ရွေးချယ်ခံထားရတဲ့ အစိုးရတစ်ခုကို အခြေခံဥပဒေ ပျက်ပြယ်စေခြင်းကနေ ခင်ဗျား ဘယ်လိုကာကွယ်နိုင်မလဲဆိုတာမေးပါ။ ၃ ပုံ၊ ၂ ပုံ ဆဲအများစု သူတို့ရရှိရင် အဲဒါကို သူတို့လုပ်နိုင်တယ်၊ တရုံးအရာတော်တ

တို့ ဆန္ဒခံယူပွဲ ပြုလုပ်ဖို့လိုအပ်တယ်။ သူတို့မှာ သွေးဆောင်နိုင်တဲ့ အင်အားရှိပြီး ဆန္ဒခံယူပွဲတစ်ခုပြုလုပ်နိုင်လျှင်
စည်းမျဉ်းတွေကို သူတို့ ပြောင်းလဲနိုင်တယ်။ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုကို ကျွန်တော်တို့ ခွင့်မပြုရင် ကျွန်
တော်တို့ တော်လှန်ရေးတစ်ခု ရရှိလိမ့်မယ်။ လန်ဒန်မှာ ကျွန်တော်ရှိနေစဉ်အခါက ကျွန်တော်သိနားလည်ခဲ့ရတဲ့
ပထမဦးဆုံးအရာတွေထဲက တစ်ခုက (အင်္ဂလိပ်နိုင်ငံရေး သိဒ္ဓိရိပညာရှင်နှင့် လေဘာပါတီခေါင်းဆောင်) ဟာရိုလဲ
ကီကို ကျွန်တော် နားထောင်ခဲ့တာဖြစ်တယ်။ တော်လှန်ရေးကို ခင်ဗျား သဘောတူခွင့်ပြုချက်နဲ့ ရချင်ရ၊ ဒါမှမဟုတ်
အကြမ်းဖက်မှုနဲ့ ရချင်ရ၊ တစ်ခုခုနဲ့ ရရမယ်လို့ သူပြောတယ်။

ခင်ဗျား တရုတ်ကို နမူနာယူပြီး အိန္ဒိယနဲ့ နှိုင်းယှဉ်ကြည့်ပါ။ သူတို့တွေက အစွန်းနစ်ဖက်ဖြစ်ကြတယ်။ တရုတ်က
တော်လှန်ရေး အပြောင်းအလဲ ဘယ်တုန်းကမှ မရှိခဲ့တာကြောင့် အာဏာဆုံးရှုံးရမှာကို စဉ်းစားတဲ့အခါ သူဟာသူ
အသွင်ပြောင်းတဲ့ ကွန်မြူနစ်ပါတီကို ကျွန်တော် မတွေ့ခဲ့ဘူး။ တိန်ရှောင်ဖိန်က ခေါင်းဆောင်ပိုင်း အစီအစဉ်တကျ
ပြောင်းလဲတာကို ပါတီအတွင်းမှာ ပုံစံထုတ်ဖို့ ကြိုးစားခဲ့တယ်။ ဂုရှမှာလိုပဲ၊ တရုတ်မှာလည်း အစဉ်အလာအားဖြင့်
အဲဒါဟာ အာဏာဆက်ခံဖို့အတွက် အကြမ်းဖက်ကလိန်ကျတဲ့ ရုန်းကန်တိုက်ခိုက်မှုတစ်ခုဖြစ်တယ်။ တည်ရှိနေတဲ့
အခြေအနေ အရ အာဏာကို ဆန္ဒခံယူပွဲနဲ့ဖြစ်ဖြစ်၊ ရွေးကောက်ပွဲနဲ့ဖြစ်ဖြစ် သူတို့ လွှဲပြောင်းပေးမှာကို ကျွန်တော်
မမြင်ဘူး။ အိန္ဒိယက အခြားအစွန်းတစ်ဖက်ပါ။ သဘောထားကွဲလွဲတဲ့ပြည်နယ်တိုင်းကို သူ့လမ်း၊ သူသွားခွင့်ပြုတယ်၊
တူညီတဲ့ ဘာသာစကားရှိတဲ့လူဗေတွေကို ပြည်နယ်ထဲ ပါဝင်စေဖို့အတွက် ငြိတိသျှ အချိန်ကာလကတည်းကစပြီး
ပြည်နယ်နယ်နိမိတ်တွေကို အဆက်မပြတ် ပြန်လည်ရေးဆွဲနေရတယ်။ တခြားနည်းလမ်းလုပ်ရင် အိန္ဒိယ ပြိုကွဲ
ကျသွားလိမ့်မယ်။

အဲဒါတွေက အစွန်းနစ်ဖက်တွေပါ။ ကျွန်တော်တို့က ကြားတစ်နေရာရာမှာ ရှိတယ်။ ကျွန်တော်တို့အတွက်က
ဇတ္တ ရွေးကောက်ပွဲနဲ့ ပြောင်းလဲခြင်းကိုဖြစ်ဖြစ်၊ ဆန္ဒခံယူပွဲနဲ့ ပြောင်းလဲခြင်းကိုဖြစ်ဖြစ် တစ်ခုကို ကျွန်တော်
တွေ့ ပြင်တယ်။ ခင်ဗျား အဲဒါကို သွေးဆောင်တိုက်တွန်းမှုနဲ့ ပြောင်းလဲနိုင်တဲ့အချိန်မှာ ဘာကြောင့် လက်နက်
ကောက်ကိုင်မလဲ။ ခင်ဗျားရဲ့အရေးတော်ပုံ မှန်ကန်တယ်လို့ ခင်ဗျားယုံကြည်ရင် စင်ဗျားကို ကျွန်ုတော်တို့ မတား
ဆီးဘူး။ သတင်းဖြန့်စာတွေ ခင်ဗျား ပုံနှိပ်ထုတ်ဝေနေတာကို ကျွန်တော်တို့ မတားဆီးဘူး။ ခင်ဗျား တံခါးဝိတ်
အစည်းအဝေး ကျင်းပနေတာကို ကျွန်တော်တို့ မတားဆီးဘူး။

"ကျွန်တော် ဘာစွန့်လွှတ်ခဲ့သလဲ။ ကျွန်တော့်ဘဝပါ"

ခေါင်းဆောင်တစ်ယောက်၏စစ်မှန်သောဇွဲသတ္တိကို အကြပ်အတည်းထဲတွင်စမ်းသပ်မှုပြုလုပ်သည်ဟုလိုယုံကြည်
သည်။ သူ၏ နိုင်ငံရေးအတွေ့အကြုံ၊ သူ၏လမ်းညွှန် အခြေခံမူစည်းမျဉ်းများနှင့် သူ၏ အဖွဲ့အနှစ်အကြောင်းကို သူ ပွင့်ပွင့်

Quality Publishing

Scanned by CamScanner

ငပး - စင်ကာပူအတွက် ခင်ဗျားရဲ့အကြိုးအကျယ်ဆုံး စိုးရိမ်ထိတ်လန့်မှုက ဘာလဲ၊

ငပြ - ဝမ္မလျော့နေကြတဲ့ ခေါင်းဆောင်တွေနဲ့ ပြည်သူတွေကို ကျွန်တော် စဉ်းစားမိတယ်၊ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အတင်းအကြပ်လုပ်ရှုတွေကို နားမလည်ဘဲ မျက်စိလည်နေတဲ့သူတို့တွေကို ကျွန်တော် စဉ်းစားမိတယ်၊ သေးငယ်တဲ့ အခြေခံ၊ အဆင့်မြင့်မြင့် စဉ်းစုံးပြီး အလွန် အရည်အချင်းပြည့်မီတဲ့သူတွေ၊ ပြီးပြည့်စုံတဲ့ အပြည့်အပြည့်ဆိုင်ရာ ယုံကြည်စိတ်ချရမှု၊ နိုင်ငံကြီးတွေနဲ့ ဆက်ဆံလုပ်ကိုင်နိုင်တဲ့ အရည်အချင်း။ အဲဒါတွေကို ကျွန်တော်တို့ ဆုံးဂုံးတယ်၊ ကျွန်တော်တို့ ကျဆင်းနေတယ်၊ အလွှင်အပြန်ကို ကျဆင်းနိုင်တယ်၊

ငပး - နိုင်ငံရေးထဲမှာ ၅၇ နှစ်ကြာပြီးတဲ့နောက်မှာ စင်ကာပူက ဆန္ဒပြင်းပြတဲ့ နိုင်ငံရေးသမားတစ်ယောက် အတွက် ခင်ဗျား သန့်စင်ထုတ်ပေးမယ့် အရေးကြီးဆုံးသင်ခန်းစာတွေက ဘာတွေလဲ၊

ငပြ - ခင်ဗျားမှာ ခိုင်မာတဲ့ ယုံကြည်ချက်တွေရှိတယ်၊ ခင်ဗျားမှာ ခိုင်မာတဲ့ ယုံကြည်ချက်မရှိရင် ပုဂ္ဂိုလ်ရေး ဂုဏ်ရောင် တောက်ပြောင်မှု၊ ဂုဏ်သိက္ခာ၊ လူသိများမှု၊ ဒါမှမဟုတ် ကျော်ကြားမှုတွေအတွက် ခင်ဗျားလုပ်နေလိမ့်မယ်၊ အဲဒါကို မေလိုက်ပါ၊ တခြားတစ်ပုံတစ်ရာကို လုပ်ပါ၊ နိုင်ငံရေးထဲကို ခင်ဗျားဝင်ချင်ရင် ဒီအလုပ်ကို ကျွန်တော့်ရဲ့ မူလအဖွဲ့ လုပ်သလိုမျိုးလုပ်ပါ၊ ဒါဟာ ဘဝအတွက်ဖြစ်တယ်၊ ကွန်ပြူနှစ်တွေကို ကျွန်တော်တို့ တိုက်ဝိုက်နေကြတုန်းက ကျွန်တော်တို့ အသက်အန္တရာယ်ရှိနေကြတယ်၊ ကျွန်တော်တို့ရုံးနိမ့်သွားရင် သူတို့က ကျွန်တော်တို့ရဲ့လက်သည်းတွေကို ဆွဲနှုတ်ပြီး ကျွန်တော်တို့ကို ဦးနှောက်ဆေးကြောပေးလိမ့်မယ်၊ ကျွန်တော်တို့ အဲဒါကိုသိတယ်၊ သူတို့က အဲဒါနဲ့ ပတ်သက်လို့ တုံ့ဆိုင်းနေကြမှာမဟုတ်ဘူး၊ ဒါက နံပါတ်တစ်ပေါ့၊ နိုင်ငံရေးလုပ်ချင်တဲ့ ခိုင်မာတဲ့ ယုံကြည်ချက်တွေ ခင်ဗျားရှိရမယ်၊ အဲဒါကို ဂုဏ်ရောင်ထွန်းပြောင်ဖို့အတွက် မလုပ်ရဘူး၊ ဒါကို လုပ်ရမယ်လို့ ခင်ဗျား ခံစားမိတာ ကြောင့်သာ လုပ်ရမယ်၊

ကျွန်တော် စတင်လုပ်စဉ်အခါက အဲဒါကို ကျွန်တော့်ဘဝအတွက် လုပ်မယ်လို့ ကျွန်တော် စိတ်မကူးဘူး၊ ဒါပေမဲ့ စင်ကာပူကို မလေးရှားထဲ သိမ်းယူနေတဲ့ အဲဒီအချိန်ကာလကို ကျော်ဖြတ်နေပြီး ကျွန်တော်တို့ ဆုံးခိုအတိုက်ခံနေရတာကို တွေ့မြင်နေရတဲ့အချိန်မှာ တွန်ကူက ကျွန်တော့်ကို သူ့ရဲ့သံအမတ်အဖြစ် ကုလသမဂ္ဂဆိုင်ရာ ရာထူးတစ်ခု ကမ်းလှမ်းတယ်၊ ကျွန်တော် အဲဒါကို ဘယ်လိုလုပ်နိုင်မလဲ၊ တာဝန်ရှိမှုကနေ ကျွန်တော် ထွက်ပြေးနေသလို ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် ကျွန်တော် တွယ်ကပ်နေတယ်၊ သူက ကျွန်တော့်ကို ကန်ထုတ်တယ်၊ သယ်ဇာတမရှိတဲ့ ကျွန်း တစ်ကျွန်းကို ကျွန်တော်တို့ရတယ်၊ "ကျွန်တော် ပင်ပန်းနေပြီ၊ ဒါကိုလုပ်ဖို့အတွက် တခြားလူတစ်ယောက်ကို ရှာကြပါ" လို့ ပြည်သူတွေကို ကျွန်တော် ဘယ်လိုပြောနိုင်မလဲ၊ ဒီအတွက် ကျွန်တော် တာဝန်ရှိတယ်၊ ဒါကို ကျွန်တော် ဖြစ်အောင်လုပ်ရတယ်၊ ကျွန်တော် ဖြစ်အောင်လုပ်ခဲ့တယ်၊

ကျွန်တော်တို့အရှေ့အောင်မြင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ခဲ့သလား၊ မမျှော်လင့်ခဲ့ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ကမ္ဘာကြီး ဘယ်လိုဖြစ်ပေါ်တိုးတက်မလဲဆိုတာ ကျွန်တော် မခန့်မှန်းနိုင်လို့ပါ၊ ဒါပေမဲ့ အခွင့်အရေးတိုင်းကို ကျွန်တော်တို့ ဆုပ်ယူရင် ကမ္ဘာကြီးနဲ့အတူ ကျွန်တော်တို့ တိုးတက်မယ်ဆိုတာကို ကျွန်တော်သိတယ်၊ ပြင်ပကမ္ဘာမရှိဘဲ ဒေသအပေါ်မှာ ကျွန်တော်တို့ မိုမိုအားထားနေမယ်ဆိုရင် များစွာသော အဆင့်တွေမှာ ကျွန်တော်တို့ ကျရှုံးလိမ့်မယ်၊ ဒါပေမဲ့ ပထမဦးဆုံး မြိတိန်၊ ဥရောပ၊ အမေရိကန်၊ ဂျပန်တို့နဲ့ ချိတ်ဆက်ပြီး ကျွန်တော်တို့ အဆင့် ခုနှစ်ကျော် တက်ကြတယ်၊

Scanned by CamScanner

ခြင်တယ်။ ဒါကြောင့် တရုတ်နဲ့ဆက်သွယ်မှုကို ကျွန်တော်တို့ စတင်ပျိုးထောင်ပြီး ထူထောင်ကြတယ်။ ကြီးငယ်အားထုတ်မှုက အကန့်အသတ်ရှိတယ်။ အိန္ဒိယလည်း အတူတူပါပဲ။ သူက နိုင်ငံကြီးတစ်နိုင်ငံ။ ကျွန်တော်တို့ ဟန်ချက်တစ်ခုရအောက် ပိုကောင်းတယ်။

အိန္ဒိယသားစွဲကို ကျွန်တော်တို့ ပြုစုပျိုးထောင်ပြီး သူတို့ကို အရှေ့တောင်အာရှဒေသဆိုင်ရာ ဖိုရမ်နဲ့ အရှေ့အလယ်ပိပ်သီးအစည်းအဝေးမျိုးတွေလဲ ထည့်တယ်။ ကျွန်တော်တို့ဟာ သူတို့ရဲ့ ဝန်ကြီးတွေအများအပြားရဲ့ ဆန့်ကျင်မှုကို ရင်ဆိုင်ပြီး သူတို့နဲ့ လွတ်လပ်ကုန်သွယ်ရေးကို လက်မှတ်ရေးထိုးတဲ့ပထမဦးဆုံးတိုင်းပြည်ပါ။ ဒါကြောင့် ကျွန်တော်တို့မှာ မြင့်တင်ပေးတဲ့အရာ အပိုနှစ်ခုရှိတယ်။ အဲဒီနောက် အရှေ့အလယ်ပိုင်းမှာ ရေနံနိုင်ငံတွေ ကျွန်တော်တို့ရတယ်။ ဆေးငယ်တဲ့နည်းလမ်းနဲ့ ရုရှားကို ကျွန်တော်တို့ စတင်ဆက်ဆံနေကြတယ်။ ဒီ၊ အပြင်ချိတ်ဆက်မှုတွေအားလုံး မရှိဘဲနဲ့ ကျွန်တော်တို့ အခုဖြစ်နေတဲ့အရာ ဖြစ်နိုင်မယ်လို့ ကျွန်တော် မထင်ဘူး။

ငမး - ဒီမိုင်ဟာတဲ့ ယုံကြည်ချက်အင်အား၊ အဲဒါဟာ လက်ရှိခေါင်းဆောင်မျိုးဆက်နဲ့ ဒီဇလာက် မနိုင်မာနိုင်ဘူး၊ ဟုတ်တယ် မဟုတ်လား၊ အဲဒါ မဖြစ်နိုင်ဘူး။

ငမြ - ခင်ဗျား မခြားနိုင်ဘူး၊ ဒီမယ် . . . ကျွန်တော့်မြေးတွေ ဘာနဲ့တူမယ်ဆိုတာ ကျွန်တော် ကျိန်းသေမပြောနိုင်ဘူး။ လိုလှန်လွန်း ကလေးငယ်ဘဝက ပဲဆွယ်ပွဲတွေမှာ သူ့ကို ကျွန်တော် ခေါ်သွားတယ်။ ကျွန်တော့်မှာ ကလေးတွေကို ကြည့်ရှုတဲ့ အချိန်မရှိဘူး။ ဒါကြောင့် မင်းလိုက်ခဲ့လို့ ကျွန်တော်ပြောတယ်။ သူ စိတ်ဝင်စားတယ်၊ သူ လိုက်လာတယ်၊ ပိန်ခွန်းအားလုံးကို သုံးကြားတယ်။

ရုန်ရုံးဆန်တော်မြစ်မှ (၂) ဝက သူ့ကို ကွက်ကွက်ကွင်းကွင်း ရိုက်ခတ်ခဲ့တယ်လို့ ကျွန်တော် ထင်တယ်။ ခုဖြင့် ခုနစ်လွန်လာက တယန်တော် မိဟာမက်ဆိုးမွေးငန္ဒမှာ ကျွန်တော် အဝေးကိုရောက်နေတယ်။ ဒါကြောင့် တိုချင်ချို စိတ်လှုပ်ရှားသွားတယ်။ သူ အထိတ်တလန့်ဖြစ်ပြီး ကာဇူး ချက်ချင်းထုတ်တယ်။ ဒီတော့ မြို့တော်တစ်ဝုလုံး အထိတ်တလန့်ဖြစ်ကုန်တယ်။ ရုတ်တရက် ကျောင်းတွေအားလုံး ပိတ်သွားတယ်။ ဘတ်စ်ကားတွေက ရွှမ်ယွက်ခတ်ပြီး လမ်းတွေပေါ်ကျော်တက်မောင်းကြတယ်။ ကျွန်တော့်လိုးက ရုန်လွန်းကို ရှာဖွေဖို့အတွက် ဒရိုင်ဘာကို ကျွန်တော့်အဖေရဲ့ဟောလိမ်ဘူး ပိန်ကျဆက် ကျောင်းနောက်ဘက်မှာရှိတဲ့ ကက်သလစ်ဘုရားကျောင်းအိမ်ကို သူ တစ်လမ်းလုံး လမ်းပေလျှောက်လာတယ်။ အဲဒီနောက် စက်တင်ဘာလမှာ ဒုတိယအကြိမ် အလန့်တကြားဖြစ်တယ်။ နောက်ထပ် ရုန်ရင်းဆန်ခတ်တစ်ဝုစေပဲ။ သူ အသက် ၁၂ နှစ်ရှိနေပြီ၊ ဘာတွေဖြစ်နေတယ်ဆိုတာ နားလည်နိုင်လောက်အောင် အရွယ်ရောက်နေပြီ။ သူက ထူးခြားတဲ့ သမိုင်းယဉ်ကျေးမှုဆန်းကြယ်ဖွယ်ရာကြောင့် သူတို့က သူ့ကို ကိန်းဘရစ်ဂျ်တက္ကသိုလ်မှာ နေစေမှုခဲ့ကြတယ်။ ဒါကြောင့် သူက ကျောင်းဆရာဆီကို ဒီဇာတစ်ဖောင်ရေးပြီး . . .

"ဟင့်အင်း . . . ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မြန်ရမယ်၊ ဒါက တစ်

Scanned by CamScanner

SAF မှာ အမှုထမ်းထောင်ဖို့အတွက် သူပြန်လာတယ်။ သူ့ကို SAF ထဲဝင်ဖို့ ကျွန်တော် တစ်ခါမှ မပြောခဲ့ဘူး။ သူ့ဆန္ဒနဲ့သူ ဝင်ခဲ့တယ်။ သူ့ရဲ့ဘာဝနခံချက်က ကျွန်တော့်လောက်နီးပါး ခိုင်မာတယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော် ဆိုလိုတာက တူညီတဲ့ အနောင့်အယှက်တွေနဲ့ ဒုက္ခတွေကို သူ မဖြတ်သန်းခဲ့ရဘူး။ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော် ဖြတ်သန်းခဲ့တာ သူတွေ့မြင်ပြီး သူကိုယ်တိုင် ဒီဖြတ်သန်းမှုကို ခံစားခဲ့ရတယ်။ ဒါကြောင့် သူ အဲဒီလို လုပ်ခဲ့တဲ့အတွက် ကျွန်တဲ့ ကျွန်တော့်သားက မလုပ်ဖို့ ဆုံးဖြတ်ချက်ချတယ်။ မလုပ်ဘူး။ တစ်ယောက်ဆို လုံလောက်တယ်။ ကျွန်တော်တို့ မင်းဆက်တစ်ခုဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော့်သမီးနဲ့ ဒုတိယသားက နိုင်ငံရေးနဲ့ ဝေးဝေးနေကြတယ်။

မျိုးဆက်အသီးသီးဟာ ကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်အခြေအနေ၊ ကွဲပြားခြားနားတဲ့ နောက်ခံရှုခင်း၊ ကွဲပြားခြားနားတဲ့ ပြဿနာအစုံကို ရင်ဆိုင်ကြရတယ်။ ပြည်သူတွေအတွက် တစ်စုံတစ်ရာပြုလုပ်ချင်တယ်လို့ ခင်ဗျားအခိုင်အမာ ခံစားရတာကြောင့် ခင်ဗျား ဒါကို လုပ်ချင်တယ်ဆိုတဲ့ ခိုင်မာတဲ့ ယုံကြည်ချက် ခင်ဗျားမှာမရှိရင် ဒါကို မလုပ်ပါနဲ့။

ပ - ခင်ဗျားရဲ့ ခိုင်မာတဲ့ ယုံကြည်ချက်တွေကို အမှန်တကယ် အစမ်းသပ်ခံနေရတဲ့အခါ၊ ခင်ဗျားမှာ အလုံအလောက်ရှိတယ်လို့ အကြိမ်တိုင်း ခင်ဗျား ခံစားနေရသလား။

ပြ - ကျွန်တော်တို့ ပိုမိုအစမ်းသပ်ခံနေရလေ၊ စမ်းသပ်ချက်ကို ကျွန်တော်တို့ အောင်မြင်အောင် အသေအချာလုပ်ဖို့အတွက် ကျွန်တော် ပိုပြီးသိနားလည်လာလေပါပဲ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါက တစ်သက်တာရှည်ကြာတဲ့ တာဝန်ခံချက်တစ်ခုပါ။ ကျွန်တော့်ဘဝမှာ အဖေးကြီးတဲ့အရာဖတွက ဘာတွေလဲ။ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့် တိုင်းပြည်ပါ။ ကျွန်တော့်မိသားစုကို ကျွန်တော့်ဇနီးက ကြည့်ရှုစောင့်ရှောက်တယ်။ ကလေးတွေကို သူမ ပြုစုပျိုးထောင်တယ်။ သူတို့နဲ့အတူ ကျွန်တော် အချိန်တချို့ဖြုန်းပြီး တန်ဖိုးတချို့ဖြန့်ဝေပေးတယ်။ ကျွန်တော် ခွင့်ယူနိုင်တဲ့အခါ တစ်နှစ်ကိုနှစ်ကြိမ် တောင်ပေါ်မြို့တွေကို သွားတယ်။ သူတို့ မှန်ကန်တဲ့တန်ဖိုးတွေနဲ့ ကြီးပြင်းလာခဲ့ကြတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ စင်ကာပူက အမြဲတမ်း စိုးရိမ်ပူပန်စရာတစ်ခုပါ။ စင်ကာပူဟာ ကျွန်တော့်ဘဝ နိုဝုံးချုပ်တဲ့အထိ ကျွန်တော့် ရဲ့ပူပန်စရာပါ။ စင်ကာပူ ဆက်လက်အောင်မြင်ဖို့ ကျွန်တော် ဘာကြောင့် မလိုချင်ရမှာလဲ။

အနောက်တိုင်း သတင်းထောက်တစ်ယောက်က ငြိတိသျှဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာကို ဒီလိုတင်ပြတယ်။ (သူက ဒီကို အကြိမ်ပေါင်းများစွာ လာခဲ့တယ်) "မာဂရက်သက်ချာဟာ ဘေးကနေပြီး ခင်ဗျားကို ဘဝခက်ခဲအောင် လုပ်နေတယ်။ ဒါကြောင့် သူမကြောင့် ခင်ဗျားမအောင်မြင်ဘူးလို့ ပြောနိုင်တယ်။ ဒါပေမဲ့ လိမ္မော်ယုကို ကြည့်စမ်းပါ။ သူ အစိုးရထဲမှာ ရှိနေပြီး ဝန်ကြီးချုပ်အသစ် အောင်မြင်နေတယ်" သူ့ရဲ့အဖြေကို ခင်ဗျား တွေ့မြင်နိုင်ပါတယ်။ "သူက ဝန်ကြီးချုပ်အသစ် အောင်မြင်အောင် အသေအချာလုပ်နေတယ်။" အဲဒီလို သူ အဖြေပေးတယ်။ ဒါဟာ ကျွန်တော်ရဲ့ ရည်ရွယ်ချက်ပါ။ ဝန်ကြီးချုပ်အသစ်ကျဆုံးရင် ကျွန်တော်ကျဆုံးပြီ။ မဟာသီက ဒီနည်းလမ်းအတိုင်း ဘယ်တော့မှ မစဉ်းစားဘူး။ သူက သူ့နေရာဆက်ခံတဲ့လူတွေကို အောက်ခြေပျက်အောင်လုပ်တယ်။

Scanned by CamScanner

ကျွန်တော့်မှာ ဒေနာင်တရစရာမရှိပါဘူး။ ဒီတိုင်းပြည်ကို တည်ထောင်ရင်းနဲ့ ကျွန်တော့်ရဲ့ဘဝကို ကျွန်တော် ကုန်
ဝေခဲ့တယ်။ ကျွန်တော် ဒီထက်ပိုလုပ်စရာ မရှိတော့ဘူး။ လက်ရှိဝန်ကြီးတွေကို အဖွဲ့တစ်ဖွဲ့ရရှိဖို့အတွက် အကြံပေး
ကလွဲလို့ စတုတ္ထမျိုးဆက်ခေါင်းဆောင်တွေနဲ့ ပတ်သက်ပြီး ကျွန်တော် စိုးရိမ်မပူပန်နိုင်တော့ဘူး။ ဘာဖြစ်လို့
ဆိုတော့ ခေါင်းဆောင်သစ်တွေကို ဖော်ဆောင်ဖို့အတွက် သူတို့ အချိန်လိုအပ်တာကြောင့်ဖြစ်တယ်။ ခေါင်းဆော
သင်တန်းကို ဖြေလကြာလောက်နဲ့ သူတို့မသင်ယူနိုင်ဘူး။ စင်ကာပူမှာ အလုပ်ဖြစ်တဲ့နည်းလမ်းက ဒီလိုရှိတယ်ဆိုတ
သူတို့ အတူတကွ အလုပ်လုပ်ပြီး နားလည်ရမယ်။ ဒါကြောင့် ခေါင်းဆောင်ဖြစ်ခြင်း အသွင်ကူးပြောင်းမှု ဖြစ်
ဝနေတဲ့အခါ အဖုအထစ်ကလေးတွေ မရှိတော့ဘူး။ ဒါပေမဲ့ သူတို့ကို ကျွန်တော် မွှင့်မွှင့်လင်းလင်း ပြောပြတယ်
ပြောင်းလဲနေတဲ့ အပြည်ပြည်ဆိုင်ရာ အခြေအနေ၊ ပြည်တွင်းက စိတ်နေစိတ်ထား၊ ကွဲပြားခြားနားတဲ့ ငယ်ရွယ်
မျိုးဆက်စတာတွေကို စဉ်းစားပြီးမှ သူတို့ ဆုံးဖြတ်ချက်ချကြရတယ်။

ငမး - အဲဒါတွေဟာ ခင်ဗျားရဲ့ ဝိုင်မာတဲ့ ယုံကြည်ချက်တွေ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမဲ့ တခြားလူတွေက ခင်ဗျားကို
အဲဒီလိုမျိုးအမြင်နဲ့ အမြဲတမ်းမမြင်ဘူး။

ငမြ - ဟင့်အင်း . . . တခြားလူတွေ၊ ကျွန်တော့်ကို ဘာမြင်တယ်၊ မမြင်ဘူးဆိုတာ ကျွန်တော် စိတ်မဝင်စားဘူး။ အဲဒါက
ကျွန်တော်နဲ့ ပတ်သက်ဆက်စပ်မှုမရှိဘူး။

ငမး - အပြောခံရတဲ့အထဲမှာ တရားမမျှတဆုံး အရာတွေထဲက တချို့က ဘာတွေလဲ။

ငမြ - အဲဒါကို ကျွန်တော် စိတ်မဝင်စားဘူး။ အဲဒါနဲ့ ကျွန်တော့်ကိုယ် ကျွန်တော် ထိခိုက်ခွင့်ပြုရင် ကျွန်တော့်အလုပ် ထိခိုက်
လိမ့်မယ်၊ သူတို့တွေကို ကျွန်တော် လျစ်လျူရှုထားတယ်။ သူတို့ ဘာသိကြသလဲ၊ စင်ကာပူအကြောင်း သူတို့ ဘာသိ
ကြသလဲ၊ ကျွန်တော့်အကြောင်း သူတို့ ဘာသိကြသလဲ။ ဒါကြောင့် သူတို့ကို ကျွန်တော် မျက်နှာချင်းဆိုင် တွေ့တဲ့အခါ
ခင်ဗျားတို့ စင်ကာပူမှာ ဘယ်လောက်ကြာကြာ ဖနခဲ့သလဲ၊ စင်ကာပူအကြောင်း ခင်ဗျားတို့ ဘာသိသလဲလို့ ကျွန်
တော် ပြောမယ်။ ကျွန်တော်က ဒီနေရာမှာမွေးပြီး ဒီနေရာမှာ ကြီးပြင်းတယ်။ ကျွန်တော် ဒီနေရာမှာနေတယ်။ ဒီတိုင်း
ပြည်အတွက် ဘာက အလုပ်ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ဖို့အတွက် ခင်ဗျား ကျွန်တော့်ထက် အရည်အချင်း ပိုရှိနေ
သလား။ ခင်ဗျား တစ်နေ့ကို ဘယ်နှစ်နာရီ စင်ကာပူအတွက် စဉ်းစားရင်း အချိန်ဖြုန်းသလဲ၊ ကျွန်တော့်ကို ဘယ်သူမ
မတိုက်ဖိုက်ချင်ကြဘူးဆိုတာ ခင်ဗျားကို ကျွန်တော် တစ်ခါပြောခဲ့ပြီးပြီ။ အခုလည်း တစ်ခါပြောဦးမယ်။ မဟုတ်ဘူး
ကျွန်တော်က မရိုင်းပြဘဲနဲ့၊ အင်တာဗျူးလုပ်တဲ့လူကို ဝါးစားတာပါ။ သူက အင်တာဗျူးထဲမှာ ကျွန်တော်တို့ အလေထိုးနှံ
အတွက် အပေါ်ယံနည်းနဲ့ စိတ်ဝင်စားနေတယ်။ ဒါက ကျွန်တော့်ရဲ့ဘဝ၊ ကျွန်တော့်ကို ဒီတာဝန်ရှိမှုတွေ ယုံကြည်
အပ်နှံထားတဲ့ ပြည်သူတွေရဲ့ ဘဝပါ။

ဒါကို ခင်ဗျား ယုံကြည်သလား။ လင့်ဒန်တိုင်း၊ နယူးယောက်တိုင်း၊ ဒါမှမဟုတ် ဝီလီယံ စဖိုင်ယား (လီကိုဝေဖန်သော
နိုင်ငံရေးသတင်းစာဆရာ) ယုံကြည်သလားဆိုတာက ကျွန်တော်နဲ့ မပတ်သက်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို တွေ့ရ
ကြတဲ့ ခေါင်းဆောင်အားလုံးက သူတို့ကို ကျွန်တော် ဖြောင့်မတ်တဲ့အပြုမူတာကြောင့် ကျွန်တော့်ကို လေးစားကြ
တယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါကြောင့် သူတို့ ကျွန်တော့်ကို တစ်စုံတစ်ရာပေးကြရင်း သူတို့ကို ကျွန်တော်

Scanned by CamScanner

ပွင့်ပွင့်လင်းလင်း အဖြေပေးတယ်။ ကျွန်တော် ပေါက်တတ်ကရတွေ မပြောဘူး။ အထူးသဖြင့် ကျွန်တော် ဝန်ကြီးချုပ် မဖြစ်တော့တဲ့အချိန်မှာ တခြား ဘာအကြောင်းကြောင့် သူတို့ ကျွန်တော့်ကို တွေ့ကြမှာလဲ။

ငယ - ဒါပေမဲ့ သမိုင်းက စင်ချားကို ဘယ်လိုသုံးသပ်ချက်ချစေချင်သလဲ။

ငြေ - အဲဒီအချိန်ကျရင် ကျွန်တော် သေနေပြီ။ ကွဲပြားခြားနားတဲ့အသံတွေ၊ ကွဲပြားခြားနားတဲ့ ရှုထောင့်အမြင်တွေ ရှိလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် မှတ်တမ်းနဲ့ ကျွန်တော် ရပ်တည်နေမယ်။ အခြေအနေတွေ မှန်ကန်ဖို့အတွက် စူးစုံပြီး မာကြောတဲ့အရာတွေတချို့ ကျွန်တော်ပြုလုပ်တယ်။ လူတချို့က အဲဒါကို မထောက်ခံဘဲ နေကောင်းနေနိုင်တယ်။ ခက်ထန်လွန်းတယ်။ ဒါပေမဲ့ အတော်များများဟာ အန္တရာယ်ရှိနေတယ်။ ဒီနေရာကို ကျွန်တော် အောင်မြင်ဝေချင်တယ်။ ဒါပါပဲ။ နေ့ကာလကုန်ဆုံးတဲ့အခါ ကျွန်တော် ဘာရသလဲ။ အောင်မြင်တဲ့ စင်ကာပူပေါ့၊ ကျွန်တော် ဘာစွန့်လွှတ်ခဲ့သလဲ၊ ကျွန်တော့်ဘဝပေါ့။

ဒါပေမဲ့ ကျွန်တော် ကံကောင်းတယ်။ ကျွန်တော့်ဖနီးက အလွန်အစွမ်းအစရှိတဲ့ ရှေ့နေတစ်ယောက်ပါ။ ပိုက်ဆံကို ကျွန်တော် စိတ်မဝင်စားဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူမမှာ လုံလုံလောက်လောက်ရှိတယ်။ ကလေးတွေကြီးပြင်းလာကြတဲ့အခါ သူမက သူတို့ကို ကောင်းကောင်း ဂရုစိုက်တယ်။ အခု သူတို့ကိုယ်သူတို့ ကြည့်ရှုစောင့်ရှောက်နေကြပြီ။ ဒီစာအုပ်ကို ဘာအတွက် ကျွန်တော် လုပ်နေတာလဲ။ ခင်ဗျားတို့ စာဖတ်သူတွေကို ခက်ထန်တဲ့ အမှန်တရားတွေ ကျွန်တော် သိစေချင်တယ်။ ဒီအပေါ်ထပ်အဆောက်အအုံက ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာထဲမှာရှိတဲ့ တခြားတိုင်းပြည်တွေလို အတူတူဖြစ်တယ်လို့ ခင်ဗျားယုံကြည်ရင် ခင်ဗျား လုံးလုံးလျားလျား မှားနေပြီ။ လုံးဝကို မှားနေပြီ။ ရိုးသားဖြောင့်မတ်ပြီး အစွမ်းအစရှိတဲ့ အစိုးရနဲ့ကျမှသာ ကျွန်တော်တို့ အဲဒီလိုဖြစ်လိမ့်မယ်။ ကျွန်တော်တို့ အောင်မြင်တာကို မတွေ့မြင်ချင်တဲ့ အိမ်နီချင်းတွေနဲ့ ဆက်ဆံရာမှာ အစွမ်းအစရှိတဲ့ အစိုးရပေါ့။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို ကျွန်တော်တို့ ဂရုတစိုက် ရွေးချယ်ကြတယ်။

တိုချီဟန်က မြူနစ်လုံခြုံရေး ညီလာခံကိုသွားတယ်။ ကာကွယ်ရေးဝန်ကြီးတွေနဲ့ သတင်းထောက်များစွာကို ကျွန်တော် တွေ့ဆုံတယ်။ သူတို့က သူဟာ ကောင်းမွန်တဲ့ လူတစ်ယောက်ဖြစ်ကြောင်း ပြောကြတယ်။ သူတို့က သူပြောတာကို နားထောင်ကြတယ်။ သူ အများကြီး သိပ်မပြောဘူး။ ဒါပေမဲ့ သူစကားပြောတဲ့အခါ သူတို့ နားထောင်ကြတယ်။ ပြီးတော့ သူတို့က ဒီလူဟာ လုံခြုံရေးကိစ္စအကြောင်း ပထမတန်းစား နားလည်တာကြောင့် သူ ပြောနေတဲ့ဟာကို သူ သိတယ်လို့ ပြောကြတယ်။ ဂျော့ဂ်ပုိကလည်း အဓိပ္ပာယ်မရှိတာတွေ မပြောဘူး။ ဒီတော့ နိုင်ငံခြားဧခါင်းဆောင်နဲ့ ဝန်ကြီးတွေက သူ့ကိုတွေ့ ကြပြီး သူ့ကို လေးလေးနက်နက် သဘောထားကြတယ်။

ငယ - နောက်ရွေးကောက်ပွဲကို ခင်ဗျား ယှဉ်ပြိုင်မလား။ နောက် ရွေးကောက်ပွဲနောက်ပိုင်းတောက်လျှောက်မှာ နိုင်ငံရေးထဲက ခင်ဗျားရဲ့ကလွှာအတွက် ခင်ဗျားရဲ့အစီအစဉ်တွေက ဘာတွေလဲ။

ငြေ - ကျွန်တော် ကျန်းမာနေပြီ။ ဝန်ကြီးချုပ်က ကျွန်စတော် အခွင့်အရေးရနိုင်တယ်လို့ထင်ရင် ဟုတ်ကဲ့ . . . ပြုံင်မယ်။ တစ်ကြိမ်ကို ရွေးကောက်ပွဲတစ်ခု ဝင်မယ်။ နောက် ရွေးကောက်ပွဲပြီးတဲ့အချိန်ကျရင် ကျွန်တော့်အသက် ၉၃ နှစ် ဖြစ်နေလိမ့်မယ်။ မဲလိုက်ဆွယ်နိုင်မယ့်ပုံ မပေါ်ဘူးဘူး။

Scanned by CamScanner

ဃး - ခင်ဗျား အနားယူမှာမဟုတ်ဘူးလို့ ပြောခဲ့တယ်၊ အဲဒါက နိုင်ငံရေးထဲမှာ ခင်ဗျား ဆက်လက်လှုပ်ရှားနေမယ်လို့ ဆိုလို တာလား။ ဆိုကြပါစို့၊ နယ်ဆင်မင်ဒေလာရဲ့ပုံစံမျိုးလို ဝါရင့် နိုင်ငံခြေခြင်းဆောင်ကက္ကာကို ခင်ဗျားယူပြီး တရားမျှတမှု ဩဇာအာဏာစွဲကိုင်ရင်း နိုင်ငံရေးအထက်မှာရှိနေရင် ပိုမကောင်းဘူးလား။

ဇမြ - ဝါရင့်နိုင်ငံခြေခြင်းဆောင်ဖြစ်ဖို့က ခင်ဗျားကို ခင်ဗျားဖြစ်နေတဲ့ အရာအားလုံးက လက်ခံရမယ်၊ ကျွန်တော် က PAP တည်ထောင်သူမဟုတ်ဘူး၊ ပါတီဘက်မလိုက်တဲ့ လူတစ်ယောက်အဖြစ်လည်း ကျွန်တော် ဟန်ဆောင်မနေဘူး

လမ်းပေါ်တိုက်ပွဲ - "ခင်ဗျားရှုံးချင် ရှုံး၊ ဒါမှမဟုတ် ကျွန်တော် ရှုံးချင် ရှုံး"

"တိုင်းပြည်အတွက် သူတော်တော်ကို အများအပြား အလုပ်လုပ်ခဲ့တယ်" ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်အဖြစ် လီကွမ်ယု မန္တလေးတွင် သူအတွက် နှုတ်ဆက်အခမ်းအနားပွဲ၌ နိုင်ငံရေးသမားတစ်ယောက်က ပြောသည်၊

"ပါလီမန်ဆိုင်ရာ အဖြေအတင် ဆွေးနွေးပွဲနဲ့ ပတ်သက်လာရင် ဘယ်သူမှ မစွတ်လီထက် ပိုပြီးကောင်းတဲ့ ဆရာ တစ်ယောက် မဖြစ်နိုင်ဘူး၊ သူ့ကို ကမ္ဘာ့အကောင်းဆုံး စကားပြောသူတွေထဲက တစ်ယောက်လို့ ကျွန်တော်ထင်တယ်"

ဟု အခြားပါလီမန် အဖွဲ့ဝင်တစ်ယောက်က ပြောသည်၊

လီအတွက် ကျီချီးကျူးစကားများက ထောက်ခံအားပေးကြသူများထဲမှ မဟုတ်ဘဲ ရန်သူများထဲမှ ဖြစ်ကြသည်။ နှုတ်ဆက်ပွဲအခမ်းအနားတွင် ရှိနေသောလူက လီဆွယ်ချိုဖြစ်သည်၊ သူက လီကို ပြစ်ဒဏ်ခတ်သူတစ်ယောက်ဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် အတိုက်အခံ ဘာရိဆန်ဆိုရှယ်လစ်ပါတီကို တည်ထောင်ရန် PAP ခွဲထွက်အဖွဲ့ကို ဦးဆောင်ခဲ့သည်၊ လီကြောင့် သူ၏ စကားအငြင်းအခုံပြောဆိုမှုကို တိုးတက်အောင်မြှင်လုပ်ခဲ့သူက ဝါရင့်အတိုက်အခံ ပါလီမန်အဖွဲ့ဝင် ချမ်ဆီတောင် ဖြစ်သည်၊

၁၉၈၄ ခုနှစ်တွင် လူအများရှေ့၌ ပထမဦးဆုံးပြောသော သူ၏ပါလီမန်ပိန့်ခွန်းတွင် လီထံမှ ကြမ်းတမ်းသော သင်ခန်းစာကို ပထမဦးဆုံးအကြိမ် သူ လက်ခံရရှိခဲ့သည်၊ ထိုစဉ်က လီက သူ့ကို မြေယာတန်ဖိုးများ မသိရှိမှုအတွက် အပြင်းအထန် ပြစ်တင်ကြိမ်းမောင်းခဲ့သည်၊ ထိုလွှတ်တော်ကာလ ဆယ်စုနှစ်များစွာကြာ လီ တိုက်ခိုက်ခဲ့သော အတိုက်အခံများ၏ ရှည်လျားသော စာရင်းထဲတွင် ပါဝင်ခဲ့ကြသည်၊ သူတို့က အမာကြောဆုံးရန်သူများ မဟုတ်ကြချေ၊ သို့သော် သူက တူညီသော သန့်ရှင်းမှု ရှင်သော လီ၏ ကျင့်အကျင့်အစရိုက်ကို မကြာခဏ ရှုံ့ကြသည်၊

ဃး - ကွဲပြားခြားနားတဲ့ နိုင်ငံရေးပြိုင်ဘက်များစွာနဲ့ နှစ်ပေါင်းအတော်ကြာ ခင်ဗျား ဆက်ဆံခဲ့တယ်၊ သူတို့နဲ့ ဆက်ဆံရာ မှာ ခင်ဗျား၏ အခြေခံချဉ်းကပ်မှုက လုံးဝ ပြောင်းလဲသွားသလား။ ဒါမှမဟုတ် တစ်နည်းနည်းနဲ့ မယုတ်မလွဲ ရှိသလား။

ဇမြ - အင်...လိုသီရာဗျန်ကို ကြည့်ပါ၊ သူက ဟိတ်ဟန်ထုတ်ပြောဆိုခြင်း မရှိဘူး၊ သူ မအော်ဟစ်ဘူး၊ သူက ကျွမ်းကျင်တယ်၊ အယူအဆ ဝဟုသုတနယ်ပယ်မှာ သူ အနိုင်ရချင်တယ်၊ အသုဘတိုင်း၊ လက်ထပ်မင်္ဂလာပွဲတိုင်းကို သွား တက်ရောက်တယ်၊ မကျေနပ်ချက်တိုင်းကို သူ ဂရုစိုက်တယ်၊ ပြီးတော့ သူက အမြဲတမ်း လေ့လာသုံးသပ်သူ တစ်

Scanned by CamScanner

ယောက်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ မူဝါဒတွေကို နည်းနည်းစီ ဖဲ့ယူနေတယ်၊ အစားထိုး ကြည်ချက်တစ်ခုနဲ့ သူ ပေါ်ထွက်လာပြီး ကျွန်တော်တို့က အဲဒါက ဖျက်ဆီးတဲ့အခါကျမှသာလွဲလို့ သူ ဘယ်တော့မှ ထိပ်တိုက်ရင်ဆိုင် မလုပ်ဘူး၊ အဲဒီအစားထိုး ကြည်ချက်က NTUC ကို ပြင်ဆင်ချက်လုပ်တယ်၊ ဟိုဟာဒီဟာတွေကို ပြင်ဆင်ချက် လုပ်တယ်လို့ ပြောတယ်၊ ကောင်းပြီ၊ ပဲဆန္ဒရှင်တွေဆီကို သွားပါ၊ ပွေးကောက်ပွဲရောက်လာတဲ့အခါ အဲဒီအရာတွေ ကို သူ ပြောသလား၊ မပြောဘူး၊ သူ ဘာပြောသလဲ၊ အစိုးရမှာ ပိုက်ဆံရှိတယ်၊ ကျွန်တော်တို့မှာ ပိုက်ဆံမရှိဘူးလို့ ပြောတယ်၊ ဒီတော့ ခင်ဗျား သိပါတယ်၊ သူ စိတ်ခံစားချက်တွေကို ကစားနေတယ်၊ သူ့ကို ကျွန်တော်တို့ ရင်ဆိုင်ရင် အဆင်ပြေတယ်၊

ေး - အဲဆို ခင်ဗျားရဲ့ရည်ကမ်းမှာက အမှန်တကယ်တော့ ပြိုင်ဘက်ရဲ့သဘာဝအပေါ်မှာ မူတည်ပြီး အနည်းငယ် ပြောင်းလဲ သွားတယ်လို့ ခင်ဗျား ပြောနေတာလား၊

ဖြ - ဟုတ်တာပေါ့၊ ယုံကြည်ထိုက်တဲ့ ကမ္ဘာ့ပထမဦးဆုံး အတိုက်အခံအဖွဲ့တစ်ဖွဲ့.ကျွန်တော်တို့ ရရှိမယ်ဆိုရင် သူတို့ကို ကျွန်တော်တို့ ကမ္ဘာ့ပထမဦးဆုံး ယဉ်ကျေးပျူငှာမှုနဲ့ ဆက်ဆံမယ်၊ ဒါပါပဲ၊ ဒါပေမဲ့ ဒါက ခင်ဗျားကို ကျွန်တော်တို့ ရေမှုန်းပစ်တယ်လို့ မဆိုလိုဘူး၊ ကျွန်တော်ဆိုလိုတာက တိုနီဘလဲန်ဲ့ ဒေးဗစ်ကင်မရွန်းကို ကြည့်ပါ၊ အသီးသီးက တစ်ယောက်ကိုတစ်ယောက် ယဉ်ယဉ်ကျေးကျေးနဲ့ ဖျက်ဆီးဖို့ ကြိုးစားနေကြတယ်၊ ပြီးတော့ ဂေါ်ခွန်ဘရောင်းကို ခင်ဗျားကြည့် ပါ၊ ဝေးဒစ်ကင်မရွန်းကို သူ တွေ့ဆုံတဲ့အကြိမ်တိုင်း လက်သီးနဲ့ ဆက်တိုက်အထိုးခံနေရတယ်၊ ဒါပေမဲ့ ယဉ်ကျေးတဲ့ပုံစံနဲ့ အထိုးခံနေရတယ်၊

ေး - PAP ရဲ့သက်တမ်းကြာရှည် တည်တံ့မှုရဲ့နောက်ကွယ်က အကြောင်းအချက်တစ်ခုက PAP ဟာ အတိုက်အခံတွေကို အလွန်ထိရောက်စွာနဲ့ စနစ်တကျ ဖျက်ဆီးနေတဲ့အချက်ဖြစ်တယ်လို့ လူတစ်ချို့က ပြောကြတယ်၊

ဖြ - ဘယ်နိုင်ငံရေးပါတီက အတိုက်အခံတွေကို အာဏာရရှိအောင် ကူညီသလဲ၊ သူတို့အစမြစ်ကတည်းက သူတို့ကို ကျွန်တော်တို့ ဘာကြောင့် မချေမှုန်းသင့်မှာလဲ၊ သူတို့အစပြုတာနဲ့တစ်ပြိုင်နက် သူတို့ကိုဖျက်ဆီးဖို့ ပိုပြီးခက်ခဲ လာတယ်၊

ခင်ဗျား ကျွန်တော့်အပေါ်ယဉ်ကျေးပျူငှာရင် ခင်ဗျားအပေါ်ကျွန်တော်ယဉ်ကျေးပျူငှာမယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ပေါ်လစီ ကိုတော့ ကျွန်တော် ဖျက်ဆီးမယ်၊ ခင်ဗျားအာဏာ ဆက်လက်ရရှိနေချင်ရင် ဒါဟာ အစိုးရတိုင်းပြုလုပ်တဲ့အလုပ်ပဲ၊ အခု ဂျပန်က LDP ပါတီကို ကြည့်ပါ၊ အတိုက်အခံတွေကို သူတို့ မဖျက်ဆီးနိုင်ကြတော့ဘူး၊ သူတို့ယုံကြည်စံတိုက်မှု ဆုံးဖျံးဘွားတာကြောင့် သူတို့ရဲ့အဘိုးတွေ၊ ဒါမှမဟုတ် အဖေတွေလောက် သူတို့ မကောင်းကြတော့ဘူး၊

ေး - ဒါပေမဲ့ ဂျယ်ယာရက်နမ်လို့ လူတွေကို ဖျက်ဆီးဖို့လိုအပ်တယ်လို့ ခင်ဗျားခံစားခဲ့မိတဲ့ အတိတ်က နမူနာတွေ ရှိခဲ့ တယ်၊

ဖြ - အင်း . . . ဟုတ်တယ်၊ ဂျယ်ယာရက်နမ်နဲ့ စတယ်၊ ချီဆွန်ဂျမ်က နောက်တစ်ယောက်ပေါ့၊ သူတို့ အဖျက်ဆီး ခံထိုက်တယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော် ဝမ်းမနည်းဘူး၊ ဂျယ်ယာရက်နမ်က အူကြောင်ကြောင်နိုင်တယ်၊

Scanned by CamScanner

လမ်းထောင့်မှာ ပစ္စည်းတွေရောင်းနေတယ်။ ဒါက သူ့ကို ဘယ်လိုလုပ် အကူအညီပေးမလဲ။ ပြီးတော့ သူရေ့ အလုပ်ပြုတ်သွားတယ်။ ကျန်တော်ဆိုလိုတာက အနောက်တိုင်းပုံစံကို သူစဉ်းစားနေတယ်။ တိုင်းပြည်အတွက် စွန့်လွှတ်နေတယ်၊ မဟုတ်ဘူး ကျန်တော့်ကို အလေထိုးဖို့က သူရဲ့ကိုယ်ရေးကိုယ်တာ လိုဘဖြစ်နေတယ်၊ ကျန်တော့် ဆိုလိုတာက သူ့ကို ကျန်တော်ရယ်မောပြပြီး အသာကလေးခါချလိုက်တယ်။ အဲဒါက သူ့ကို စိတ်အနောင့်အယှက် ပေးတယ်၊ မဟုတ်ဘူး ကျန်တော် နောင်တမရဘူး။ မျိုးဆွေနွယ်နဲ့ ပတ်သက်လို့လည်း ကျန်တော် ဝမ်းမနည်းဘူး၊

ငမး - နိုင်ငံရေးကို စိတ်ဝင်စားကောင်း စိတ်ဝင်စားပေမဲ့ ကြောက်လန့်နေတဲ့ တခြားသူတွေအပေါ် အေးစက်တဲ့ အကဲ့ သက်ရောက်မှုဖြစ်တာတွေကို ခင်ဗျားသိသလား။

ငမြ - အင်း ...ခင်ဗျား တူညီတဲ့အရာကို ပြုလုပ်ရင်း တူညီတဲ့ ပြုစုဆက်ဆံမှုကို မျှော်လင့်ရမယ်။ ဒါကြောင့် လိုသီယာချုန် ဒါမှမဟုတ် ချိုင်တို့လို ပိုမိုယဉ်ကျေးတဲ့ပုံစံနဲ့ ခင်ဗျား ပြုမူဆောင်ရွက်တယ်။ ချိုင်နဲ့ ကျန်တော် ဘယ်တော့မှ ကြိုး ကြမ်းတမ်းတမ်းမဖြစ်ဘူး၊ သူ လူကြိုးလူကောင်းဆန်တယ်၊ ကျန်တော် လူကြိုးလူကောင်းဆန်တယ်။ သူက နစ်သက် စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒီအတွက် သူ့ကို ကျန်တော်လေးစားတယ်။ သူ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု မရှိပေမဲ့ ဟန်မပျက်နေနိုင်တယ်။

ငမး - နိုင်ငံရေးပြိုင်ဘက်တွေအပေါ် ထားရှိတဲ့ ခင်ဗျားရဲ့အမြင်ပြတ်ရေမှန်းချင်စိတ်ကို ငယ်ရွယ်တဲ့ဝန်ကြီးတွေ မျှော် ယူကြသလား။

ငမြ - အင်း...သူတို့ ယူကြသလား၊ မယူကြဘူးလားဆိုတာ ကျန်တော်မသိဘူး၊ သူတို့ကို တီးခေါက်မကြည့်ရသေးပါဘူး၊

ငမး - ပေါ်တွက်လာနေတဲ့ အတိုက်အခံ နိုင်ငံရေးပါတီတစ်ခုရှိနေရင် လက်ရှိဝန်ကြီးတွေကြားထဲမှာ ဘယ်သူက ခင်ဗျား လုပ်သလို နည်းလမ်းနဲ့ သူတို့ကို ကိုင်တွယ်နိုင်မလဲ၊

ငမြ - မဖြစ်နိုင်ဘူး၊ ကျန်တော် လုပ်သလိုနည်းလမ်းနဲ့ သူတို့ကို ကိုင်တွယ်ချင်မှ ကိုင်တွယ်ကြလိမ့်မယ်၊ ဒါပေမဲ့ သူတို့ကို ထိထိရောက်ရောက် ကိုင်တွယ်ကြလိမ့်မယ်၊ လူတိုင်းဟာ သူတို့ပုံစံနဲ့ သူတို့ ရှိကြတယ်။ အဲဒီပုံစံက တစ်စိတ် တစ်ပိုင်းအားဖြင့် မွေးရာပါဖြစ်သလို တစ်စိတ်တစ်ပိုင်းအားဖြင့် ခင်ဗျား ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံဖြစ်တယ်၊ ကျန်တော့်မှာ ယုဉ်ပြိုင်ဖို့အတွက် ကွန်မြူနစ်တွေမရှိခဲ့ရင် ကျန်တော် ဒီလောက်ကြံ့ခိုင် မာကျောမှာ မဟုတ်ဘူး၊ လုံးဝရက်စက်ကြမ်းကြုတ်တဲ့ လူတွေနဲ့ ကျန်တော် တွေ့ဆုံခဲ့ရတယ်၊ ကျန်တော်ပြောမယ် ကောင်းပြီ၊ ဒါလမ်းပေါ်က တိုက်ပွဲပဲ၊ ခင်ဗျားနဲ့ကျန်တော် တစ်ယောက်ယောက်ရှုံးမယ်၊ ဒါပါပဲ၊

Scanned by CamScanner

မီဒီယာဝေပန်ချက်များကို အရှုယ်အစားလျှော့ချခြင်း

စင်ကာပူမီဒီယာမြင်ကွင်းကိုယနေ့တည်ရှိနေသည့်အတိုင်း လိုက်ပြယုံသွင်းခဲ့သည်၊ ပုံစံက ၎င်း၏အလုပ်ကို စတုတ္ထမဏ္ဍိုင်မဖြစ်ရဟု နားလည်သော စည်းကမ်းဥပဒေ သတ်မှတ်ထားသည့် သတင်းစာနယ်ဇင်း လုပ်ငန်းတစ်ခု၏ ပုံစံဖြစ်သည်၊ ၎င်းက အစိုးရသတင်းများကို အစီရင်ခံပြီး နိုင်ငံတည်ဆောက်ရေးတွင် ၎င်းကိုယ်၎င်း အကောင်းဖြင်သော ကိုယ်စားလှယ်တစ်ယောက်အဖြစ် တွေ့မြင်သည်။

လိကာမီဒီယာတို့၏ကလ္လာကို သူရာထူးရရှိစဉ်စောစောပိုင်းကတည်းက အဓိပ္ပာယ်သတ်မှတ်ခဲ့သည်၊ ၁၉၇၁ ခုနှစ်တွင် သတင်းစာနှစ်စောင်ကို သူပိတ်သိမ်းပြီး တတိယသတင်းစာ၏အမှုဆောင်ကို ဖမ်းဆီးပြီးနောက် ရက်သတ္တပတ်ပိုင်း သာကြာဝဉ်ဟယ်ဆင်ဂိမှအပြည်ပြည်ဆိုင်ရာ သတင်းစများအသင်းနှစ်ပတ်လည်ညီလာခံ၌ သူက မီဒီယာလွတ်လပ်မှုသည် စင်ကာပူ၏ အဓိကကျသော လိုအပ်ချက်နှင့် အရွေးချယ်ခံအစိုးရ၏ ရည်ရွယ်ချက် ထူးကဲမှုအောက်တွင် ရှိရမည်ဟု ပြောသည်။

၁၉၇၇ ခုနှစ်တွင် ပဂ္ဂိုလ်တစ်ဦးဦးက သတင်းစာတစ်စောင်၏ သာမန်ရှယ်ယာများကို ၃ ရာခိုင်နှုန်းထက် ပိုမိုဆုပ်ကိုင်ထားခြင်းမှ တားဆီးရန် သတင်းစာဥပဒေကို ပြင်ဆင်သည်၊ ဤအများဆုံး သတ်မှတ်ချက်ကို ၂၀၀၂ ခုနှစ်တွင် ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သည်၊ ၁၉၇၄ ခုနှစ်တွင် စီပံခန့်ခွဲရေးရှယ်ယာများကို ဖန်တီးခဲ့ပြီး ဒေသအတွင်းဘက်များကို ပေးအပ်သည်၊ ထိုရှယ်ယာများကို နိုင်ငံရေးအရ ကြားနေပြီး တည်ငြိမ်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုအတွက် အကျိုးရှိသည်ဟု မြင်ကြသည်၊ ဤသို့ဖြင့် သတင်းစများသည် သတင်းစာလုပ်ငန်းရှင်ကြီးများ၏ စိတ်ကူးပေါက်ရာ အလုပ်ခံရမည့်အရာ မဟုတ်တော့ချေ။

ယခုအခါတွင် ပြည်တွင်းမီဒီယာအခြေအနေက သူ၏ကိုယ်တွေ့မှတ်တမ်းများ တုတ်ဝေစဉ်အဝါကထက် ပိုမိုချို့ယိုင်ဆိုင်မှုရှိနေသည်၊ ၎င်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် အင်တာနက်ဝင်ရောက်နိုင်မှု အလွန်များပြားလာသောကြောင့် ဖြစ်သည်၊ ပင်မရေစီးကြောင်းမီဒီယာကို အင်တာနက်က မည်ကဲ့သို့ အကျိုးသက်ရောက်မည်နည်း၊ စင်ကာပူမှ မီဒီယာ အခြေအနေကို ပုံသွင်းသောလူက သူ၏အမြင်များကို တင်ပြသည်။

ေမး - မီဒီယာအသစ်က စကာပူက နိုင်ငံရေးနဲ့ အစိုးရလည်ပတ်လုပ်ကိုင်ပုံကို ဘယ်လိုပြောင်းလဲစေမလဲ၊ အစိုးရဟာ ပိုပြီးတော့ ပွင့်လင်းရမလား။

ေဖြ - ဒါဟာ တရုတ်တွေ အခုရင်ဆိုင်နေကြရတဲ့အရာပဲ၊ ဇီချွမ်မြေငလျင်တုန်းကလည်း ဒီလိုပဲ၊ သတင်းတွေ ချက်ချင်းထွက်ပေါ်လာတယ်၊ ဇင်ကျန် အဓိကရုဏ်းအတွင်းကလည်း ချက်ချင်း ထွက်လာကြတယ်၊ ဆဲလ်ဖုန်း၊ ဗီဒီယို၊ ဒါမှမဟုတ် တတ်ပုံတွေထဲက ပုံတွေအားလုံးက အင်တာနက်ပေါ် ချက်ချင်းရောက်သွားတယ်။ သူတို့ အဲဒါကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ကြရတယ်၊ ဒါပေမဲ့ အဲဒါက သူတို့ရဲ့စနစ်ကို အခြေခံကနေ ပြောင်းလဲတော့မယ်လို့ မဆိုလိုဘူး။

ေမး - သတင်းစာလွတ်လပ်မှုဟာ ရွေးချယ်ခံအစိုးရတစ်ခုရဲ့ ရည်ရွယ်ချက်ထူးကဲမှု အောက်မှာရှိရမယ်လို့ ခင်ဗျားပြောတယ်၊ ဒါပေမဲ့ မလေးရှားတို့ရဲ့ကိစ္စမှာလို၊ မီဒီယာကုမ္ပဏီတွေရဲ့ပိုင်ဆိုင်မှုကို ထိန်းချုပ်ပြီး သတင်းစာကို အမျိုးသားပိုင်လုပ်တာမျိုး ခင်ဗျား ဘယ်တော့မှမလုပ်ခဲ့ဘူး၊ ခင်ဗျား အဲဒါကိုစဉ်းစားမိရဲ့လား။

ေဖြ - ဟင့်အင်း... သတင်းစာကိုပိုင်ဆိုင်ဖို့လိုအပ်တယ်လို့ ကျွန်တော် မထင်ဘူး။ [illegible]

Scanned by CamScanner

မြင်သံကြားလို ဖြစ်လာလိမ့်မယ်။ မီဒီယာအားလုံးကို အစိုးရထိန်းချုပ်ထားတယ်။ အဲဒါကောင်းတယ်လို့ ကျွန်တော့်
မထင်ဘူး။ အမှန်တော့ မီဒီယာ၊ ရုပ်မြင်သံကြားကိုတောင်မှ ဂျာနယ်တွေတချို့ကို SPH က လည်ပတ်ဖို့ ကျွန်တော့်
ခွင့်ပြုချင်တယ်။ Media Corp က လည်ပတ်ဖို့ တချို့ကိုလည်း ခွင့်ပြုချင်တယ်။ Media Corp ကို နောက်ဆုံးမှ
ပုဂ္ဂလိကပိုင်ပြုလုပ်နိုင်တယ်။ သတင်းစာကိုအကန့်အသတ်အတွင်းမှာလွတ်လပ်တဲ့အမြင်ယူခွင့်ပြုတာဟာ တန်ဖိုးရှိ
တယ်လို့ ကျွန်တော်ထင်တယ်။ အစိုးရပေါ်လစီကို အောက်ခြေပျက်အောင် လုပ်ဖို့တော့ ကျွန်တော်တို့ ခွင့်မပြုဘူး။
အနောက်တိုင်း မီဒီယာတွေနဲ့ အဖြေခံအားဖြင့် ကွဲပြားခြားနားတဲ့ အဖြေအမြစ်နဲ့ ကျွန်တော်တို့ အစပြုခဲ့ကြတယ်၊
အားလုံးထဲမှ ပထမဦးဆုံးကတော့ အနောက်တိုင်းမီဒီယာတွေဟာ ဒီလိုနည်းလမ်းမျိုးနဲ့ တစ်ခါမှ အစမပြုခဲ့ကြဘူး၊
ပိုင်ရှင်က သူရဲ့အမြင်တွေကို ဖြန့်ဖြူးဖို့အတွက် လူတွေကို အလုပ်ခန့်နိုင်၊ အလုပ်ဖြုတ်နိုင်တဲ့ လွတ်လပ်မှုရှိတယ်။
ဒီနေ့အရိုန်မှာတောင် ရှုပတ်မာဒဲ့ (ဝေါစထရိဂျာနယ်ပိုင်ရှင်) လက်မခံတဲ့ လပ်းစဉ်တစ်ခုကို ခင်ဗျားယူရင် အလုပ်
ဖြုတ်ခံရလိမ့်မယ်။ ဒီတော့ ဝေါစထရိဂျာနယ်ရပ်တည်မှု သဘောထား တဖြည်းဖြည်းပြောင်းလဲနေတာ ခင်ဗျား တွေ့
လိမ့်မယ်။

လွတ်လပ်တဲ့ မီဒီယာအကြောင်း သူတို့ ပြောကြတဲ့အခါ ဒါဟာ ပုံကြီးချဲ့နေတာပါ။ ရှုပတ်မာဒဲ့ကတိုနီဘလဲကို
ထောက်ခံဖို့ ဆုံးဖြတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကတစ်ဦးတည်းပိုင်လုပ်ငန်းတွေကို ထောက်ခံပြီး တစ်ဦးတည်း
ပိုင်လုပ်ငန်းတွေကို အစိုးရထိန်းချုပ်တာကို ဆန့်ကျင်လို့ပေါ့။ ဒီတော့ မာဒဲ့ရဲ့သတင်းစာတွေအားလုံးက တိုနီဘလဲကို
မျက်နှာသာပေးကြတယ်။ ဒါက ရွှေကောက်ပွဲရဟန်ကို ကွဲပြားခြားနားမှုဖြစ်စေတယ်။ ဂေါဒန်ဘရောင်းက အစိုးရကို
ပိဉိုးစားဖေးပြီး ဆိုရှယ်လစ်စိတ် ပိုရှိတယ်။ ဒီတော့ မားဒဲ့အုပ်စု (New Corp) က ပိုပြီး ကြားနေတဲ့ ရပ်တည်မှုကိုယူပြီး
လေဘာအစိုးရကို ဦးမှပ်းခန်းတွေ မခွင့်တော့ဘူး။ ပြီးတော့ ရွှေကောက်ပွဲတွေလာတဲ့အခါကွန်ဆာဗေးတစ်ပါတီကို
သူတို့ ဦးမှပ်းခန်းဖွင့်ကြလိမ့်မယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကွန်ဆာဗေးတစ်ပါတီက
ရှုပတ်မာဒဲ့ မြင့်တင်ချင်တဲ့ ပေါ်လစီမျိုးကို ထောက်ခံမှာဖြစ်လို့ပေါ့။

ကျွန်တော်တို့က စင်ကာပူမှာ ဒါမျိုးကို ခွင့်ပြုမှာမဟုတ်ဘူး။ သတင်းဖြစ်ပေါ်တဲ့အဝိုင်း ခိုင်မာတဲ့ အချက်အလက်
တွေကို ဖြောင့်ဖြောင့်တန်းတန်း သတင်းအစီရင်ခံစာကို ကျွန်တော်တို့ လိုချင်တယ်။ မကောင်းမှုဖယ်ရှားတဲ့စစ်ပွဲကို
ခင်ဗျား တိုက်ချင်ရင် အယ်ဒီတာအာဘော်နဲ့ သတင်းဝေဖန်ချက်တွေရှိတယ်။ အဲဒါတွေက သတင်းအစီရင်ခံစာနဲ့
ရှင်းရှင်းလင်းလင်း ကွဲပြားခြားနားတယ်။ အဲဒီအထဲမှာ တန်ဘိုးရှိနေတယ်လို့ ကျွန်တော်ထင်တယ်။
ဒါမေမဲ့ အခုအခါ အင်တာနက်ပေါ်က အများတွေနဲ့ အမှိုက်သရိုက်သတင်းတွေ ကျွန်တော်တို့ အတော်များများ ရှက်
တော့မယ်။ ဘာကမှန်ကန်ပြီး ဘာကအဓိပ္ပာယ်မရှိဘူးဆိုတာကို သိရှိနိုင်လောက်အောင် လူတွေဆင်မြင်စိမ်းလာကြသ်
အချိန်ဆယ်လောက်ကြာဦးမယ်ဆိုတာ ကျွန်တော် ကျိန်းသေမြောနိုင်ဘူး။ ဒီစွန့်စားမှုကိုတော့ ကျွန်တော်တို့ ယူရ
မည်။ ဒါဟာ စင်ကာပူသားတွေကြုံတွေ့ခံစားရတဲ့ မီဒီယာအစိတ်အပိုင်းဖြစ်နေပြီ။

ဃ။ - အိမ်နီးချင်းမလေးရှားမှာလို မီဒီယာအသစ်က အစိုးရတွေကို မြိမ်းခြောက်နေတယ်။

ငြ - မလေးရှားလို ပြဿနာမျိုးကျွန်တော်တို့ကြုံတွေ့ရလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့
သတင်းစာနယ်ဇင်းတွေကယုံကြည်စံထိုက်မှု ထုံးဖွဲ့နေကြလို့ပါ။ ရုပ်မြင်သံကြားပေါ်က မီဒီယာနဲ့ ပုံနှိပ်စာတွေထဲက

Scanned by CamScanner

မိဒီယာတို့ရဲ့အနေအထားက အစစ်အမှန်နဲ့ ကွဲကွာလွန်းကြတာကြောင့် လူတွေက အစားထိုးဂျာနယ်တွေကို ရှာနေကြတယ်။ ဒါကြောင့် ဘလောဂါတွေ၊ မလေးရှားကိန်၊ ဟာရာကာ၊ အတိုက်အခံ သတင်းစာတွေက လိုအပ်ချက်ကို ဖြည့်ကြတယ်။

ကမး - ဒါဆို စင်ကာပူမှာ ဖြစ်နေတဲ့ ဟန်ချက်ညီမှုနဲ့ ပတ်သက်ပြီး ခင်ဗျား လုံးဝယုံကြည်သလား။

ကဖြ - ဟုတ်ကဲ့ . . . ပြောင်ဆိုင်ခြင်းအားဖြင့် အဲဒါဟာ Media Corp ရဲ့တူဒေးပဲဖြစ်ဖြစ် SPH ရဲ့သတင်းစာတွေပဲဖြစ်ဖြစ် သူတို့တွေဟာ ဒီအကန့်အသတ်ထဲမှာ ရှိသင့်တယ်။ သတင်းအတွက် သူတို့ ယှဉ်ပြိုင်နိုင်ကြတယ်။ ဒါပေမဲ့ နိုင်ငံရေးပဲဆွယ်မှုတွေကို သတင်းစာတွေနဲ့ ရုပ်မြင်သံကြားတွေကနေ ဖယ်ရှားထားရမယ်။

ကမး - ရှေ့ကိုဆက်သွားတဲ့အခါ ပိုမိုပွင့်လင်းပြီး လွတ်လပ်တဲ့ သတင်းစာနယ်ဇင်းတစ်ခု တည်ဆောက်ဖို့အတွက် ဖိအားတွေကို ခင်ဗျားမြင်သလား။

ကဖြ - ဘာက ပိုမိုပွင့်လင်းသလဲ။ အင်တာနက်ပေါ်ကို သွားပါ။ ခင်ဗျားရဲ့ပါတီအမြင်တွေကို ခင်ဗျား ပုံနှိပ်ဖော်ပြနိုင်တယ်။ ခင်ဗျားရဲ့ပါတီမဂ္ဂဇင်း၊ ခင်ဗျားရဲ့သတင်းစာကို ခင်ဗျားထုတ်လုပ်နိုင်တယ်။ ဒါတွေအားလုံးပြုလုပ်ဖို့အတွက် ခင်ဗျားကို ဘာမှ တားဆီးမထားဘူး။ ဒါပေမဲ့ အသားရေဖျက်တဲ့ တစ်စုံတစ်ရာကို ခင်ဗျားကျူးလွန်ရင် ခင်ဗျားကို ကျွန်တော်တို့ တရားစွဲမယ်။ မမှန်မကန်တဲ့အရာတွေ သွားပုပ်လေလွင့်မှုတွေရှိရင် ကျွန်တော်တို့ အရေးယူမယ်။

ကမး - သွားပုပ်လေလွင့်မှုတွေနဲ့ ပတ်သက်ပြီး ဒီအနေအထားက ဘယ်တော့မှ မရှောင်းလဲဘူးပေါ့။

ကဖြ - ဒီအနေအထားက ဘယ်တော့မှမပြောင်းလဲဘူး။ ဘာကြောင့်လဲဆိုတော့ မမှန်ကန်တာကို ခင်ဗျားပြောဆိုပြီး အပြစ်မပေးခံရဘဲနေတာနဲ့ တစ်ပြိုင်နက် မမှန်ကန်တာတွေ အများအပြား ခင်ဗျား ရရှိတော့မှာဖြစ်ပြီး အဲဒါတွေကို ထပ်ကာထပ်ကာ ညွှန်းဆိုလာတဲ့အခါ ဂိုယက်ဘဲ (နာဇီဝါဒဖြန့်ဝန်ကြီး) ပြောသလို အဲဒါကို စတင်ယုံကြည်လာကြမှာ ဖြစ်လို့ပဲ။

ကမး - အင်တာနက်ပေါ်မှာ ပြောနေကြတဲ့ အကြောင်းအရာအမျိုးမျိုး ရှိနေကြတာတောင်မှ ကျွန်တော်ဆိုလိုတာက ဒီနေ့အခြေအနေဟာ လွန်ခဲ့တဲ့ နှစ် ၂၀ က အခြေအနေနဲ့ ကွဲပြားခြားနားနေတယ်။

ကဖြ - မဟုတ်ဘူး။ ပင်မရေစီးကြောင်း မီဒီယာထဲမှာရှိတဲ့အရာဟာ ယုံကြည်ခံထိုက်ပြီး အဲဒီအတိုင်းရှိနေသင့်တယ်။ အဲဒီအနေအထားကနေ ကျွန်တော်တို့ ရွေ့ပြောင်းသွားမှာမဟုတ်ဘူး။ ဒါကြောင့် သတင်းစာဖတ်ကြတဲ့ ပြည်သူတွေ၊ ရုပ်မြင်သံကြားပေါ်က၊ ဒါမှမဟုတ် အစိုးရဝက်ဆိုက်ပေါ်က သတင်းတွေကို ကြည့်ကြတဲ့ပြည်သူတွေက ဒါတရားဝင် အနေအထားဖြစ်တယ်ဆိုတာ သိကြလိမ့်မယ်။ ဒါတွေဟာ ကျွန်တော်တို့ဖော်ပြနေတဲ့ အချက်အလက်တွေပါ။ ကျွန်တော်တို့ အမှန်ကို ဖော်ပြတာကြောင့် ရေရှည်ကာလမှာ ကျွန်တော်တို့ ယုံကြည်ခံထိုက်မှု ရရှိလာကြလိမ့်မယ်။ ပင်မရေစီးကြောင်း မီဒီယာပေါ်မှာ၊ ဒါမှမဟုတ် အစိုးရဝက်ဆိုက်ပေါ်မှာ မမှန်ကန်တဲ့အရာတွေ ကျွန်တော်တို့ မထည့်ဘူး၊ ကျွန်တော်တို့ထည့်ရင် ယုံကြည်ခံထိုက်မှု ဆုံးရှုံးသွားလိမ့်မယ်။

Scanned by CamScanner

ငမး - ယုံကြည်ခံထိုက်မှုရှိတဲ့ မီဒီယာတစ်ခုကို ခင်ဗျားတန်ဖိုးထားတယ်လို့ပြောတယ်။ ဒါပေမဲ့ ဒီမှာရှိနေတဲ့ မီဒီယာတွေက ကျွန်တော်တို့ဟာ အစိုးရထောက်ခံသူတွေဖြစ်တယ်၊ ကျွန်တော်တို့ ယုံကြည်ခံထိုက်မှုမရှိဘူးဆိုတဲ့ သိမြင်မှုကိုခံစား နေရတယ်။

ငမြ - အနောက်တိုင်းမီဒီယာက အဲဒီလမ်းကြောင်းကို အမြဲတမ်းယူလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ဟာတွေ ပြီးပြည့်စုံခြင်းရဲ့အထွတ်အထိပ်လို့ သူတို့ယုံကြည်နေကြသလို အဲဒါကနေသွေဖယ်ပြီး အောင်မြင်နေတဲ့အရာတွေကို ဖယ်ရှားပစ်ရမယ်လို့ယုံကြည်နေကြတာကြောင့်ဖြစ်တယ်။ ကျွန်တော်တို့ ကျဆုံးနေကြရင် သူတို့ဘာကြောင့် ဝိုင်းပြုပြုပန်နေကြတာလဲ။ ဒါပေမဲ့ကျွန်တော်တို့အောင်မြင်တယ်။ ကျွန်တော်တို့ပြည်သူတွေက သတင်းမချိုတဲ့ဘူး။ သတင်း စာဆိုင်တွေမှာ ရနိုင်တဲ့ မဂ္ဂဇင်းအားလုံးကို ခင်ဗျားကြည့်နိုင်တယ်။ ဒါပေမဲ့ သူတို့ ဒီနေရာမှာ ရောင်းချပြီး မမှန်မကန် တွေကို ဖော်ပြရင် ကျွန်တော်တို့မှာ တုံ့ပြန်ဖို့ အခွင့်အရေးရှိတယ်။ အဲဒါက အသရေဖျက်မှုဖြစ်နေရင် သူတို့ကို ကျွန် တော်တို့ တရားစွဲတယ်။ ကျွန်တော်တို့မှာ တရားစွဲခွင့်ရှိတယ်။

ပထမတော့ သူတို့က ကျွန်တော်တို့ ဟန်ဆောင်လိမ်လည်နေတယ်လို့ ထင်မှတ်ကြတယ်။ ဒီလိုနဲ့ (အိကောနမ် အင်တာနေရှင်နယ်ဟာရယ်ထရစ်ဘွန်း) သူတို့က ရှောင်ထွက်နိုင်လောက်အောင် သူတို့ကိုယ်သူတို့ကြီးမားတယ်လို့ ထင်ကြတယ်။ သူတို့ကို ကျွန်တော်တို့တရားစွဲတယ်။ သူတို့ရှေ့နေတွေငှားရမ်းရတယ်။ သူတို့ရှုံးသွားတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ တုံ့ပြန်ဖို့ အခွင့်အရေးရှိတယ်၊ ခင်ဗျားတုံ့ပြန်ခွင့်ရှိတာနဲ့ တစ်ပြိုင်နက် သတင်းစာဆရာတွေဟာ သိပ်လိမ္မာပါးနပ်လှပုံ မပေါ်တော့ဘူး။ သူတို့ တစ်စုံတစ်ရာရေးကြပြီး အခြားတစ်ဖက်က မတုံ့ပြန်နိုင်ကြရင် သူတို့ အလွန်တော်နေပုံပေါ်ကြတယ်။ ဒါပေမဲ့ သူတို့ရေးသားကြပြီး ထိရောက်တဲ့ပုံစံနဲ့ ပြန်လည်ချေပခံကြရတဲ့အခါ သူတို့ အပြီးကုတ်နေပုံ ပေါ်သွားကြတယ်။

အဖြစ်မှန်အချက်တွေကို ရင်ဆိုင်ကြစို့။ အဲဒါက စထရိတ်တိုင်း သတင်းဝေဖန်သုံးသပ်ချက်ပဲဖြစ်ဖြစ်။ ဘာပဲဖြစ်ဖြစ် အဲဒါက တစ်ဖက်ဆောင်းနင်းဖြစ်နေတယ်၊ မမှန်ကန်ဘူးလို့ ကျွန်တော်တို့ထင်ရင် ပြန်လှန်ချေပချက်နဲ့ ကျွန်တော် တို့ရောက်လာတယ်။ အဲဒီချေပချက်က စာရေးဆရာကိုယည်ယည်ကျေးကျေးအပိုးကျိုးအောင် လုပ်ဖို့ရည်ရွယ်တယ်၊ ဒါကြောင့် နောက်တစ်ကြိမ် သူရေးသားဖော်ပြရတဲ့အခါ သတိထားလိမ့်မယ်။ ပုံမှန်စာရေးနေတဲ့ စာရေးဆရာတွေ ရှိတယ်။ သူတို့က အသေးအဖွဲအရာတွေနဲ့ပတ်သက်ပြီး သတင်းစာထဲမှာ သူတို့ရဲ့နာမည်ကို တွေ့မြင်ချင်တယ်၊ သူတို့ကို ကျွန်တော်တို့ လျစ်လျူရှုထားကြတယ်။

ငမး - စကားပူမှာ မီဒီယာလွတ်လပ်မှုမရှိဘူးဆိုတဲ့ ဒီအမြင်ဟာ ကမ္ဘာလုံးဆိုင်ရာမြို့တော်အဖြစ် စင်ကာပူရဲ့လိုဘကို ခံနိုင် တယ်လို့ ခင်ဗျားထင်သလား။

ငမြ - ဒါ အဓိပ္ပာယ်မရှိဘူး။ နိုင်ငံခြားမီဒီယာတွေက ကျွန်တော်တို့ကို ထုံထိုင်းတယ်၊ အကျိုးမဖြစ်ထွန်းဘူး၊ ပျော်စရာမရှိ ဘူးလို့ ပြောလေ့ရှိကြတယ်။ အခု ဒီဇော်ပြချက်တွေကနေ သူတို့ ရှောင်ဖယ်သွားကြပြီ။ ဒါပေမဲ့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အခြေခံအနေအထားကနေ နေရာဒေသသွားကြဘူး။ သူတို့ရဲ့စွဲမြဲနေတဲ့ တိုက်ခိုက်မှုတွေအောက်မှာ ကျွန်တော်တို့ ကြောက်ရွံ့တုန်လှုပ်မှု မရှိကြဘူး။ ခင်ဗျား ကြောက်ရွံ့တုန်လှုပ်ရင်၊ ခင်ဗျား ချည့်နဲ့ပြီး လူပိုက်ဖြစ်လိမ့် မယ်။

Scanned by CamScanner

ငမး - အစိုးရကို ဆန့်ကျင်လှုပ်ရှားမှုတွေမလုပ်တဲ့ မီဒီယာတွေရဲ့လွတ်လပ်မှုကို ခင်ဗျားတန်ဖိုးထားတယ်လို့ အစုတင်ပြောခဲ့တယ်၊ ဒါဆို အစိုးရအတွက် မီဒီယာတွေမဲဆွယ်ရင်၊ ဒါဟာ လွတ်လပ်မှုမရှိတာလား။

ငမြ - ကျွန်တော်တို့အတွက် မဲဆွယ်ပေးဖို့ မီဒီယာတွေကို ကျွန်တော်တို့ မလိုအပ်ဘူး၊ မဲဆွယ်တာကို ကျွန်တော်တို့ ကိုယ်တိုင်လုပ်တယ်၊ ကျွန်တော်တို့အတွက် မဲဆွယ်ဖို့အတွက် မီဒီယာတွေကို ကျွန်တော်တို့ ဘာကြောင့်လိုမှာလဲ၊ မီဒီယာတွေအားလုံး ကျွန်တော့်ကို ဆန့်ကျင်နေကြချိန်၊ ၁၉၅၉ ခုနှစ်မှာ ပထမဦးဆုံး ဝွေးကောက်ပွဲကို ကျွန်တော် အနိုင်ရတယ်၊ ပြီးတော့ ကျွန်တော်အနိုင်ရရင် သူတို့နဲ့ စာရင်းရှင်းမယ်လို့ စထရိတ်တိုင်းကို ကျွန်တော်ပြောခဲ့တယ်၊ ဒါနဲ့ သူတို့ KL (ကွာလာလမ်ပူ) ကို လစ်ပြေးကြတယ်၊ အဲဒီနောက် KL ရဲ့အနေအထားက ပိုပြီးလို့တောင် ခုခံကာကွယ်ဖို့ မဖြစ်နိုင်တာကို သူတို့ တွေ့ရှိကြတယ်၊ သူတို့ ဒီနေရာကို ပြန်လာကြတယ်၊ ဒီတော့ ကျွန်တော်တို့ ဒီလောက်မဆိုးသေးပါဘူး၊

နယူးစထရိတ်တိုင်းနဲ့ စထရိတ်တိုင်းတို့ ဘာဖြစ်သွားတယ်ဆိုတာ ခင်ဗျားကြည့်ပါ၊ တစ်ခုက ယုံကြည်စံထိုက်မှုဆုံးရှုံးသွားတယ်၊ တစ်ခုက မဆုံးရှုံးဘူး၊ စထရိတ်တိုင်းနဲ့ပတ်သက်လို့ သူတို့ဘာပြောပြော တစ်ကမ္ဘာလုံးကလူတွေက အဲဒါကို ဘာကြောင့်ကြည့်ကြတာလဲ၊ သူတို့ ဘာကြောင့်ကြည့်ကြတာလဲ၊ ယုံကြည်စံထိုက်မှုရှိတာကြောင့်ပို့လို့ပေါ့၊ ဒေသတွင်းမှာ စင်ကာပူ၊ မလေးရှား စသဖြင့်တို့ဆဲမှာဖြစ်ပျက်နေတယ်လို့ သူတို့ပြောတဲ့ဟာတွေက မှန်ကန်တယ်၊ မမှန်ကန်တာတွေကို ကျွန်တော်တို့ မဖြန့်ဖြူးဘူး၊ ဒါကြောင့် ယုံကြည်ရတဲ့ သတင်းအစ်မြစ်အဖြစ် စထရိတ်တိုင်းကို ကျွန်တော်တို့ ကြည့်ကြတယ်၊ ပြီးတော့ Zimbabwe ကို တရုတ်ပြည်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ကြတယ်၊ စောင်ရေ ၆ သန်းရှိတယ်၊ သူတို့အကြိုက်ကို ကျွန်တော်တို့လိုက်ရေးလို့ မဟုတ်ဘူး၊ အဖြစ်မှန်အချက်တွေကို ကျွန်တော်တို့ ဖော်ပြတယ်၊ တရုတ်သတင်းစာတွေက အစီရင်ခံစဉ်တဲ့အရာတွေကို ကျွန်တော်တို့ ဖော်ပြကြတယ်၊

ငမး - ဒါဟာနိုင်ငံခြားသတင်းစာတွေအပေါ်အလွန်သန်မာကြံခိုင်တဲ့ ရပ်ဦးကပ်မှုတစ်ခုဖြစ်တယ်လို့ ကျွန်တော် ဆိုလိုတယ်၊ သူတို့ကို တိုက်ခိုက်ဖို့ အစွမ်းအစ ခင်ဗျားရှိပြီး သူတို့ကို တိုက်ခိုက်နိုင်တာကြောင့်သာ အဲဒါကို ခင်ဗျား အောင်မြင်နိုင်တာလို့ လူတချို့က ပြောကြတယ်၊

ငမြ - မဟုတ်ဘူး၊ နောက်မျိုးဆက်က ဒါကိုလုပ်နေတယ်၊ သူတို့ရဲ့ပြန်ကြားချက်တွေကို ကျွန်တော်မရေးတော့ဘူး၊ သူတို့ရေးကြတယ်၊ စည်းမျဉ်းတွေရှိနေတယ်၊ ကျွန်တော်မရှိရင် ဒီအရာတွေအားလုံး အထိန်းအချုပ်လွတ်သွားမယ်လို့ ခင်ဗျားယုံကြည်နေရင် မှားတယ်၊ စည်းမျဉ်းတွေကို သူတို့နားလည်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဘာက အလုပ်လုပ်တယ်၊ ဘာက အလုပ်မလုပ်ဘူး၊ ဘာတွေပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာ သူတို့နားလည်လိမ့်မယ်၊ အကျိုးဆက်တွေနဲ့ သူတို့နေထိုင်ရမှာဖြစ်တာကြောင့် ဒါဟာ သူတို့ရဲ့ရွေးချယ်မှုပဲ၊

ငမး - ပင်မရေစီးကြောင်း မီဒီယာတွေက မမှန်ကန်တာတွေကို ဆက်လက်ပုံနှိပ်ထုတ်ဝေနေလို့ အဲဒါတွေက အသားရေဖျက်တာတွေဆိုရင် သူတို့နောက်ကို ခင်ဗျားဘယ်လို လိုက်မယ်ဆိုတာ စောစောက ခင်ဗျားပြောခဲ့တယ်၊

ငမြ - ဟုတ်ကဲ့...ပြောခဲ့တယ်၊

Scanned by CamScanner

ငမ - ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ အင်တာနက်ပေါ်မှာ ရှိတာတွေက သွားပုပ်လေလွင့်တွေဖြစ်ပြီး ပိုပြီးလို့တောင် ထိုးကို ဖျက်ဆီးနေတယ်၊

ငမြ - အင်တာနက်ပေါ်မှာရှိတာတွေက လုံးဝအယုတ်တမာတွေဖြစ်နိုင်တယ်ဆိုတာ လူတိုင်းသိကြတယ်။ အဲဒါက အရှုံးခက်ခဲတာကြောင့် အရေးယူဆောင်ရွက်နိုင်မှာမဟုတ်ဘူး။

ငမ - အဲဒါတွေထဲက တချို့က သူတို့ ဘယ်သူဘယ်ဝါဆိုတာ အရမ်းပွင့်လင်းကြတယ်၊

ငမြ - ဒါပေမဲ့ သူတို့က တန်ဖိုးမရှိတဲ့ လူတွေပါ။ သူတို့ ပိုက်ဆံမရှိကြဘူး။ သူတို့ကို ခင်ဗျား တိုက်ခိုက်နိုင်တယ်၊ ခင်ဗျား ပိုက်ဆံတွေဖြုန်းတာပဲ၊ ပြီးတော့ လျော်ကြေးအနေနဲ့ ခင်ဗျား ဘာရသလဲ ဘာမှမရဘူး။

ငမ - ဒါပေမဲ့ သူတို့ပြောတဲ့ဟာတွေက အစိုးရရဲ့ ယုံကြည်ခံထိုက်မှုနဲ့ ရိုးသားဖြောင့်မတ်မှုကို တိုက်စားမပစ်ဘူးလား၊

ငမြ - ဟင့်အင်း...ကျွန်တော် အဲဒီလိုမထင်ဘူး။ ခဏကြာပြီးတဲ့နောက်မှာ အဲဒါက အင်တာနက်ပေါ်မှာ တောင်စဉ်ရေမရ ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေတာတွေသာ ဖြစ်တယ်ဆိုတာ လူတွေ နားလည်လာကြတယ်။

ငမ - PAP အစိုးရရဲ့မှတ်တမ်းကို လူတွေကောင်းကောင်း သိနေကြတာကြောင့် ခင်ဗျားရဲ့ဂုဏ်သိက္ခာကို ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ကာကွယ်ဖို့အတွက် လိမ်ညာမှုတိုင်းကို ခင်ဗျား ဖမ်းဆီးပြီး အပြစ်ပေးဖို့လိုသလား။

ငမြ - ဒီမေးခွန်းကို ခေါင်းဆောင်သစ်တွေကိုမေးပါ။ ကျွန်တော့်ရဲ့အနေအထားကို ကျွန်တော် အစွမ်းကုန် ကာကွယ်ခဲ့ပြီးပြီ၊ ကျွန်တော်အောင်မြင်ခဲ့တယ်။ စင်ကာပူက မီဒီယာတွေနဲ့ နိုင်ငံတကာက မီဒီယာတွေကို ကျွန်တော် တိုက်ခိုက်ခဲ့တယ်၊ ကျွန်တော့်မှာ သွေးဆောင်နိုင်တဲ့ အစွမ်းတွေရှိတာကြောင့် ကျွန်တော်နိုင်ခဲ့တယ်။ မီဒီယာတွေ အဓိပ္ပာယ် မရှိပြောနေ တာတွေနဲ့ပတ်သက်လို့ပြည်သူတွေကို ကျွန်တော် စကားပြောနိုင်တယ်။ တစ်နည်းအားဖြင့် ကျွန်တော်ကပြည်တွင်းက ရော်နယ်ရီဂင်တစ်ယောက်နဲ့တူတယ်။ ပြီးတော့ ကျွန်တော်တူအောင်လည်း လုပ်တယ်။ ကျွန်တော် တစ်စုံတစ်ရာလုပ်တော့မယ်လို့ပြောတဲ့အခါ အဲဒါကို ကျွန်တော်လုပ်တော့မယ်ဆိုတာ သူတို့သိကြတယ်၊ ဒါကြောင့် ဒီကောင်ကို ကျွန်တော်ဆုံးမတော့မယ်လို့ပြောရင် သူဆုံးမခံရလိမ့်မယ်။ အဲဒါနဲ့ပတ်သက်ပြီး အချိန်မဆိုင်း ငံ့ပဲနေကြပို့၊ ကျွန်တော် လက်နက်ဆောင်တားတယ်။ ခင်ဗျား ကျွန်တော့်ကို အဖရာတဝင် ရောင့်တက်ရင် ခင်ဗျားကို ကျွန်တော် ကိုင်တွယ်မယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ကြည့်ရှုစောင့်ရှောက်တယ်။ ဘာကြောင့်လဲဆိုတော့ ကွန်မြူ နစ်တွေနဲ့အတူ တစ်ဖက်ဝိတ်လမ်းထဲကို ကျွန်တော်ဝင်သွားတဲ့အခါ လူတစ်ယောက်တည်းသာ အသက်ရှင်လျက် မြန်ထွက်လာခဲ့ပြီး အဲဒီလူက ကျွန်တော်ဖြစ်နေတာကြောင့်ပါ။ ဒါကြောင့် နိုင်ငံခြားသတင်းဌာနတွေကို မပြောနဲ့၊ တစ်ရုံ တစ်ယောက်နဲ့ လမ်းကြားတစ်ခုထဲကို ဝင်သွားဖို့ ကျွန်တော်မကြောက်ဘူး။ သူတို့ ကျွန်တော့်ကို ဘာလုပ်နိုင်မှာလဲ၊ ကျွန်တော်ရဲ့ပဲဆန္ဒရှင် တွေကို သူတို့ ဩဇာလွှမ်းမိုးနိုင်မလား။ သူတို့ မလွှမ်းမိုးနိုင်ဘူး။

✧ ✧ ✧

Scanned by CamScanner

နိုင်ငံရေးစနစ်ကို ဆင့်ပွားဖြစ်ပေါ်စေခြင်း

စင်္ကာပူ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသည့် ခုဋ္ဌဂ္ဂ ဝုန်စ်တွင် လီကွမ်ယူနှင့် သူ့ခဲ့ဘက်များတည်ထောင်ကြသော ပြည်သူလွှတ်ရှားမူပါတီ (People's Action Party - PAP) သည် ခုဋ္ဌဂ္ဂ ဝုန်စ် မဟတ္တင် အစိုးရအဖဲ့ဖဲ့၌ အစားအစိုးခံခဲ့သည်။ လီက စင်ကာပူ၏ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်လာသည်။ လက်ဝဲသမားများနှင့် ပါတီတွင်း ဂုန်းကန်တိုက်ခိုက်မှုကြောင့် ခုဋ္ဌဂ္ဂ ဝုန်စ်တွင် အကွဲအပြဲတစ်ခုဖြစ်ပြီး တစ်ဖို့နှင့်တစ်ဖက်က ခဲ့ခဲ့ဘက်များက ဘာဒီဆန်ဆိုရှယ်လစ်ပါတီကို ထည်ထောင်ကြသည်။ အထူးပါလီမန် ရွာန်းကန်တိုက်ခိုက်ပွဲကို ဆင်နွှဲရန်အတွက် ခုဋ္ဌဂ္ဂ ဝုန်စ်တွင် ပါလီမန်မှနှတ်ထွက်သည့် ဘာဒီဆန် ပါလီမန်အဖွဲ့ဝင်များ၏ မဟာဗျူဟာမြောက်အများအယွင်းက ခုဋ္ဌဂ္ဂ ဝုန်စ် အထူးထူးခြားခြားကောက်ပွဲတွင် လွှတ်တော်ကို PAP တို့ အလုံးစုံ ထိန်းချုပ်နိုင်ဖို့အတွက် လမ်းဝင်းပေးခဲ့သည်။ ပါလီမန်တွင် စိတ်ကြိုက်လုပ်ဆောင်ပိုင်ခွင့် ရရှိခြင်းနှင့် ထိန်းသိမ်းရခက်သော အလုပ်သမားလှုပ်ရှားမှုကို ယဉ်ပါးစေပြီး ဝန်ကြီးတွင် စက်ရုံလုပ်သားများနှင့် ပြန်းရွမ်းစေရေး ရရှိခြင်းတို့နှင့်အတူ PAP အစိုးရက စီးပွားရေးကြီးထွားစေပြီး အလုပ်အကိုင်များ ဝန်တီးရန်အတွက် လူမျိုးပေါင်းစုံအား စင်ကာပူသို့ဖွဲ့ဆောင်မည့် မဟာဗျူဟာကို အတားအဆီးမရှိ ဆောင်ရွက်ခဲ့သည်။ ခုဋ္ဌဂ္ဂ ခုဋ္ဌဂ္ဂ နှင့် ခုဋ္ဌဂ္ဂ ပြည့်နှစ် အထူထူ ရွေးကောက်ပွဲများတွင် PAPက ဒိုင်မာသော မဲ ဂုဝဂ္ဂ ရာခိုင်နှုန်းနှင့် ဧရာ ရာခိုင်နှုန်းအကြားတွင် အနိုင်ရခဲ့သည်။ ဘု နှစ်ကြာ ကာလ၌ ၎င်းက လွတ်တော်တွင် အတိုက်အခံပါတီမရှိဘဲ အုပ်ချုပ် ခဲ့သည်။

အလုပ်သမားပါတီမှ ကျိုးဘင်ကွမ် ကွယ်ယာဆုက်နမ်က အင်ဆန်တွင် ကြာရြာတ်ရွေးကောက်ပွဲကို အနိုင်ရခဲ့သော အခါ ကျိုလက်ဝါးကြီးအုပ်မှက ခုဋ္ဌဂ္ဂ ဝုန်စ်၌ ပျက်ဆီးသွားသည်။ ခုဋ္ဌဂ္ဂ နှစ် အထူထူရွေးကောက်ပွဲတွင် အတိုက်အခံ ပါတီက ဒုတိယနေရာရရှိပြီး ချမ်ဆီတောင်ကဝိတောင်ပါတီယာကို အနိုင်ရခဲ့သည်။ အင်ဆန်ကြာရြာတ်ရွေးကောက်ပွဲက နိုင်နင်း၍ မရနိုင်သော PAP ဒဏ္ဍာရီကို ဖျက်ဆီးခဲ့သည်။ ၎င်းသည် မမျှော်လင့်ဘဲ ကံကောင်းခြင်းမဟုတ်ကြောင်း ခုဋ္ဌဂ္ဂ ဝုန်စ် မဲရွေးပွဲက အတည်ပြုနေသည်။ ပါတီမှာ ပြည်သူ့မဲမူဝေမှုတွင် ဝ၂၉ ရာခိုင်နှုန်း ကျဆင်းသွားမှုကို ဖံတားရသည်။

ခုဋ္ဌဂ္ဂ ပြည့်နှစ်များ စောစောပိုင်းမှစ၍ အစိုးရသည် နိုင်ငံရေးနှစ် ပြန်ပြင်ပြောင်းလဲမှုများကို အစီအရီ ဆက်တိုက် ပြုလုပ်ခဲ့သည်။ ပင်ကိုယ်အသိစိတ်နှစ်ခုက တိုထွင်စမ်းသပ်ချက်များကို လမ်းညွှန်ခဲ့သည်။ ပထမ၎င်းက တိုင်ပင်ဆွေးနွေးမှုနှင့် အစားတိုးအသံများအတွက် ပိုမိုပညာတတ်သော မဲဆန္ဒရှင်များ၏ တောင်းဆိုချက်ကို စတင်အသိအမှတ်ပြုလာသည်။ ဒုတိယ ဆန့်ကျင်ကန့်ကွက်မဲများမြင့်တက်လာခြင်းက ရွေးကောက်ပွဲသည် တိုင်းပြည်ကို လက်မပံနိုင်စရာကောင်းသော အန္တရာယ်များ တွေ့ကြုံစေမည့် ဆင်ခြင်တုံတရားကင်းမဲ့သော လူအုပ်စုတစ်စုကို ပါဝင်စေလိမ့်မည်ဖြစ်ကြောင်း အလားအလာတိုကို သိမြင် စေသည်။ ထို့ကြောင့် လီက ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးတွင် အရွေးခရောက်ဆုံးသော ဝေါက်ရောက်မှုနှင့်အတူ မကြိုက်သော အခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲ စီးရီးတစ်ခုကို ရေဖွဆောင်ခဲ့လုပ်ခဲ့သည်။

Scanned by CamScanner

၁၉၈၄ ခုနှစ်တွင် ပါလီမန်က မဲဆန္ဒနယ်မြေမှမဟုတ်သော ပါလီမန်အဖွဲ့ဝင် အစီအစဉ်ကို အတည်ပြုသည်၊ ဒုံ
အစီအစဉ်အရအတိုက်အခံကိုယ်စားလှယ်လောင်းများထဲမှ "အကောင်းဆုံးအရှုံးသမား" သည် လွှတ်တော်တွင် အမတ်နေရာ
ရရှိလိမ့်မည်၊ လိုက အစီအစဉ်ကို အခြေအတင်ဆွေးနွေးခြင်း အရည်အသွေးအား မြှင့်တင်ပေးသော ပွင့်လင်းမှုကို တိုးတက်
စေသော၊ (အတိုက်အခံပါတီမလိုအပ်ကြောင်း ငယ်ရွယ်သော) မဲဆန္ဒရှင်များအား ဖျောင်းဖျသော အစီအစဉ်အဖြစ် တရား
မျှတအောင် ပြုလုပ်သည်၊ ဝေဖန်ကြသူများက ၎င်းကို "ဒုတိယတန်းစား ပါလီမန်အဖွဲ့ဝင်များ" အစီအစဉ်ဟူ၍ လည်းကောင်း၊
အတိုက်အခံပါတီသည် ပိုမိုအများစုဖြစ်လာရန်အတွက် ပါလီမန်ကို အနှိုင်ရရှိရန်မလိုကြောင်း မဲဆန္ဒရှင်များကို သွေးဆောင်
ခြင်းဖြင့် တစ်ပါတီကြီးစိုးမှုကို အခွန့်ရည်ဧမည့် လှည့်ကွက်ဟူ၍လည်းကောင်း ပျက်ရယ်ပြုကြသည်၊

"အစားထိုးအမြင်များ" အတွက် ပိုမိုကြီးမားသော လုပ်ဆောင်မှုနယ်ပယ်ကို နောက်ဝိုင်းတွင် ၁၉၉၀ NMP ဥပဒေ
ကြမ်းဖြင့် ဖိတ်ဆက်ပေးသည်၊ အမည်တင်သွင်းသော ပါလီမန်အဖွဲ့ဝင်များကို အမျိုးမျိုးသော ပညာတတ်အုပ်စုများမှ ထုတ်ပို့
သည်၊ တစ်ဖန်၊ ဝေဖန်ကြသူများက ဤအရာကို မဆင်မခြင်ပြုလုပ်သော အတိုက်အခံတစ်မျိုးအဖြစ်လည်းကောင်း၊ ရွေးကောက်
ပွဲဆိုင်ရာ ဒီမိုကရေစီစည်းမျဉ်းများကို ချိုးဖောက်မှုအဖြစ်လည်းကောင်း တွေ့မြင်ကြသည်၊

သို့သော် အငြင်းပွားစရာ အကောင်းဆုံးအပြောင်းအလဲက အဖွဲ့ဝင်တစ်ယောက်ရှိသော မဲဆန္ဒနယ်မြေများ (SMC)
ကို အုပ်စုကိုယ်စားပြု မဲဆန္ဒနယ်မြေများ (GRC) အဖြစ်သို့ ပေါင်းစပ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းများအဖွဲ့ကို အနည်းဆုံး
လူနည်းစုလူမျိုးတစ်ယောက် ပါဝင်စေခြင်းဖြစ်သည်၊ ဤအရာက စင်ကာပူကို အုပ်ချုပ်မည့် ရည်ရွယ်ချက်ရှိသော ပါတီတစ်ခု
အား လူမျိုးပေါင်းစုံသော ကိုယ်စားလှယ်လောင်းများကို ယှဉ်ပြိုင်စေဖို့အတွက် အသေအချာ ပြုလုပ်ပေးလိမ့်မည်၊ ၎င်းဖြစ်မလာ
အစက ၁၉၈၂ ခုနှစ်၊ ဇူလိုင်လတွင် လီ ပထမဦးဆုံးတင်ပြခဲ့သော "ပါလီမန်အဖွဲ့ဝင်များအဆင့်" စိတ်ကူးထဲတွင် ရှိနေခဲ့သည်၊
ထိုစဉ်က လိုက ငယ်ရွယ်သော မဲဆန္ဒရှင်များသည် လူမျိုးရေးဟန်ချက်ညီထားသော ပါလီမန်ကိုယ်စားလှယ်များ အရောအနှော
ရှိနေခြင်းကို တန်ဖိုးမဖြတ်နိုင်ဟန် တူကြသည်ဟု ပြောခဲ့သည်၊ သူ၏ စိုးရိမ်ထိတ်လန့် မှုက လူမျိုးစုအခြေခံသော ပါတီများက
မဲဆန္ဒရှင်များ၏ အစကနဦးကရှိခဲ့သော သဘာဝစိတ်ကို အမြတ်တုတ်နိုင်ခြင်းပင် ဖြစ်သည်၊

ပါလီမန်က GRC ဥပဒေကြမ်းကို ၁၉၈၈ ခုနှစ်တွင် အတည်ပြုခဲ့သည်၊ ၃ လကြာ၍ အထွေထွေရွေးကောက်ပွဲ
ခေါ်ယူသောအခါ SMC မဲဆန္ဒနယ်မြေ (၃၉) ခုက အသစ်တီထွင်ပြုလုပ်ထားသော GRC မဲဆန္ဒနယ်မြေ (၁၃) ခုထဲသို့ အုပ်စုခွဲ
ကြသည်၊ ထိုကတည်းကစ၍ GRC မဲဆန္ဒနယ်မြေအသီးသီး၏ အရွယ်အစားက မြှင့်တက်လာခဲ့ရာ ၁၉၉၇ ခုနှစ် တွင် ပါလီမန်
အဖွဲ့ဝင် ၆ ဦး ရရှိလာခဲ့သည်၊ GRC စနစ်က ပြိုင်ပွဲအတားအဆီးများကို ထိရောက်စွာ မြှင့်တင်ခဲ့သည်၊ ဝေဖန်ကြသူများက
၎င်းသည် အဓိက ရည်ရွယ်ချက်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြသည်၊

မဲဆန္ဒနယ်မြေ ခွဲဝေပိုင်းခြားမှု မမှန်မကန်ပြုလုပ်ကြောင်း စွပ်စွဲချက်များက ဆက်လက်ဖြစ်ပေါ်နေရာ အထူးသဖြင့်
ဆက်တိုက်ဖြစ်လာသော ရွေးကောက်ပွဲများ၌ GRC မဲဆန္ဒနယ်ပြေထဲသို့ အစွန်းထွက် အမတ်နေရာများ စုပ်ယူသိမ်းသွင်း
သောအခါတွင် ထိုစွပ်စွဲချက်များ ဖြစ်ပေါ်သည်၊ ဥပမာအားဖြင့် ၁၉၈၈ ခုနှစ် မဲရွေးပွဲများတွင် ၁၉၈၄ ခုနှစ်က အပြင်းထန်ဆုံး
ယှဉ်ပြိုင်ခဲ့ရသည့် SMC နယ်မြေ ၁၀ ခုထဲမှ ၈ ခုကို လုံခြုံစိတ်ချရသော PAP အမတ်နေရာအတွက် အခြေ ခံသော GRC
နယ်မြေများထဲသို့ စုပ်ယူသိမ်းသွင်းခဲ့ကြသည်၊

၂၀၀၉ ခုနှစ်တွင် ဝန်ကြီးချုပ် လီရှန်လုန်းကကြီးလွန်းသော GRC နယ်မြေတစ်ခုသည် မဲဆန္ဒရှင်များအတွက် GRC
တစ်ခုလုံး၊ သို့မဟုတ် တစ်ဖွဲ့လုံးဖြင့် အတူရပ်တည်ရန် ပိုမိုခက်ခဲအောင် ပြုလုပ်သည်ဟု ပြောဆိုလျက်၊ GRC ၏ ပျမ်းမှု
အရွယ်အစားကို ပါလီမန်အဖွဲ့ဝင် ၅.၄ ယောက်မှ ၅ ယောက်ကိုလျော့ချမည့် လွှတ်ကျားမှုများကို ကြေညာသည်၊ (မဲဆန္ဒနယ်မြေမှ

Scanned by CamScanner

ယဟုတ်သော) NCMP ပါလီမန်ကိုယ်စားလှယ် အရေအတွက်ကို အများဆုံး ၉ဦးအထိ တိုးမြှင့်ရန်ကိုလည်း သူကြံစည်သည်၊ ထိုအပြောင်းအလဲကို ၂၀၁၀ ပြည့်နှစ်၊ ဖေဖြေလတွင် ပါလီမန်က အတည်ပြုသည်၊

နိုင်ငံရေးစနစ်က အခြားပြုပြင်ပြောင်းလဲမှုများကိုလည်း တွေ့ကြုံခံစားရသည်၊ ၁၉၈၄ ခုနှစ်တွင် လီက အစိုးရကို မှုမမှန်သော အတိုက်အခံတို့ သိမ်းပိုက်ခြင်းကြောင့် ပုံမှန်ပြန်ကောင်းကောင်းလုပ်၍မရသော တိုင်ိုက်မှုဖြစ်ပေါ်ခြင်း မရှိအောင် အသေအချာပြုလုပ်ဖို့အတွက် အရွေးချယ်ခံ သမ္မတစိတ်ကူးကို ဖော်ထုတ်သည်၊ တို့နောက်တွင် ၁၉၉၁ ခုနှစ်၌ အခြေခံဥပဒေ ဆိုင်ရာ အပြောင်းအလဲတစ်ခုက အတိတ်မှ သယံဇာတများ အစိုးရအသုံးပြုခြင်းနှင့် အဓိက ပြည်သူ့ကဏ္ဍ ခန့်အပ်မှုများကို တားဆီးနိုင်သော ဝိတိုအာဏာများကို သမ္မတအား ပေးအပ်သည်၊

သမ္မတအာဏာသိက္ခာအာဏာကို မြှင့်တင်ရန်အတွက် ၎င်းက တိုက်ရိုက်ရွေးချယ်သော ရာထူးဖြစ်လာသည်၊ ဝေဒန်ကြသူများက ၎င်းကို ဒီမိုကရေစီဆန်ဆန် ရွေးချယ်ထားသော ပါလီမန်အား အကြည်ညှိပွက်စေပြီး တရားဝင်သော အတိုက်အခံအုပ်ချုပ်မှုကို ပျက်ပြားစေမည့် နည်းလမ်းအဖြစ် တွေ့မြင်ကြသည်၊ ကိုယ်စားလှယ်လောင်းများကို တူထောင်ရေးအခွင့်အများပါဝင်သော ကော်မတီတစ်ခုက ကြိုတင်ထောက်ခံအတည်ပြုရခြင်းကလည်း အကျအညီမရချေ၊

၁၉၉၃ ခုနှစ်တွင် ပထမဦးဆုံးရွေးကောက်ပွဲကို PAP မှ ဘိသိက်လောင်းထားသော ကိုယ်စားလှယ်လောင်း၊ ယခင် ဒုတိယဝန်ကြီးချုပ် အွန်တင်ချောင် အနိုင်ရရှိသည်၊ ရွေးချယ်မှုက စိတ်သဘောထားကွဲမည့် ဖော်မျူလာတစ်ခု ဖြစ်ဟန်မတူချေ၊ သို့သော် အွန်က နောက်ပိုင်း၌ ဂျူရိုကရေစီအဖွဲ့ကို သူ့အား တားဆီးနောင့်ယှက်နေသည်ဟု မှင့်မှင့်လင်းလင်း စွပ်စွဲသည်၊ သူ၏ကလ္လာကို အွန် အဓိပ္ပာယ် မှားယွင်းဖွင့်ဆိုနေသည်ဟု လီက ပြောသည်၊ နောက်ပိုင်း ဝဒရွေးပွဲအား လုံးကို ယှဉ်ပြိုင်ခြင်း မပြုလုပ်ခဲ့ကြချေ။

✧ ✧ ✧

Scanned by CamScanner

စကားပုံကတိ

နိုင်ငံရေးထောက်ကွက်ပြုလုပ်ရန် ပုဂ္ဂိုလ်ရေးဘဝများကို အသုံးပြုခြင်းက လီ၏သွေးဆောင်ခြင်းလက်နက်တိုက်ဖဲ့လက်ရွေးစင်လက်နက်တစ်ခုဖြစ်သည်။ နိုင်ငံရေးနှင့်ပတ်သက်သော ကျွန်တော်တို့၏ အင်တာဗျူးများအတွင်း၌ ကင်မရာအဖွဲ့သားဘက်ဆီသို့ သူလှည့်လာသောအခါ ငြင်းလက်နက်ကို သူထိရောက်စွာ အသုံးချပြီး သူတို့ကို ဤသို့မေးသည်။

"ခင်ဗျားတို့မှာ အိမ်ရှိကြသလား"

ကင်မရာဆရာတစ်ယောက်က...

"ဟုတ်ကဲ့"

ဟု ပြောသည်။ ၅ နှစ် ချေးငွေဖြင့် သူ အိမ်ဝယ်ထားသည်။ ဤပြန်ကြားချက်က ဥစ္စာပစ္စည်းပိုင်ဆိုင်သော ဒီမိုကရေစီသည် အောင်မြင်ကြောင်း သက်သေပြလောက်အောင် မတိကျချေ။ ထိုကြောင့် လီက နောက်ပစ်မှတ်တစ်ခုကို ရှာကြံသည်။

"ခင်ဗျားကရော"

ဓာတ်ပုံဆရာမစတက်ဖနီယိုကို မေးခြင်းဖြစ်သည်။ ဤတစ်ကြိမ်တွင်တော့ ပစ်မှတ်ဇာတိကို သူထိမှန်သွားသည်။ သူကပြန်လည်ပေးဆပ်ဖို့အတွက် နှစ် ၂၀ ကျွန်သေးသည်။ သို့သော် သူ၏ CPF ကလစဉ်ပေးချေမှုကို တာဝန်ယူထားသည်။ ထိုနေရာ၌ပူပန်စရာမရှိချေ။ ပိုလို့ပင်ကောင်းသည်မှာ ၉ နှစ်ကြာသူနေထိုင်နေသောတိုက်ခန်းက အဆင့်မြင့်စီမံကိန်းများပြည့်လျှံနေသောမြို့သစ်ဖြစ်သည့် ဆင်ကိုင်တွင်ရှိသည်။

သူ၏တိုက်ခန်းက တန်ဖိုးတက်လာခဲ့သလား။ ဟုတ်ကဲ့။ ဒေါ်လာ ၆၀၀၀၀ တက်လာခဲ့သည်။ သူ၏လုံခြုံရေးအရာရှိတစ်ယောက်က သူ၏ဆင်ကိုင်တိုက်ခန်းကို ဒေါ်လာ ၂၀၀၀၀၀ တန်ဖိုးတက်လာအောင် လုပ်ခဲ့သည်ဟု လီကပြောသည်။

ထို့နောက် ဤသို့ထောက်ပြသည်။ "ကမ္ဘာပေါ်က ဘယ်တိုင်းပြည်တွေက ခင်ဗျားရဲ့ပိုင်ဆိုင်ပစ္စည်းတွေကို အဆင့်မြှင့်ပြီး ခင်ဗျားရဲ့အသားတင်တန်ဖိုးတွေကို တိုးမြှင့်ပေးသလဲ။ ဒါပေမဲ့ ကျွန်တော်တို့လုပ်ပေးတယ်။ ဘာကြောင့်လဲ။ ဒါဟာ ကျွန်တော်တို့ရဲ့နိုင်ငံရေးအတိုင်းအတာပဲ။ လူတိုင်းကို ပိုင်ဆိုင်ပစ္စည်းတစ်ခုပေးတယ်"

အမှန်ပင် PAP က ငွေကြေးထောက်ပံ့သော ပြည်သူ့အိမ်ယာများ ဝယ်ယူရန် စဉ်းသပ်ဂရုစိုက်မှုများပေးခြင်းဖြင့် လည်းကောင်း၊ ဝယ်သူ၏ဇာတိထောက်ပံ့ရေးရန်ပုံငွေ ငွေစုငွေချေးမှုအကြွေးပေးချေမှုကို ခွင့်ပြုခြင်းဖြင့်လည်းကောင်း အိမ်ပိုင်ရှင်များ

Scanned by CamScanner

နိုင်ငံတစ်ခုကို ဖန်တီးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် HDB နေထိုင်သူ စင်ကာပူသားများ၏ ၉၃ ရာခိုင်နှုန်းမှာ ၎င်းတို့၏ တိုက်ခန်းများကို ပိုင်ဆိုင်နေကြသည်။

ပေါ်လစီနောက်ဘက်မှ သီအိုရီက ကျိုသို့ ရှိုးရှင်းသည်။ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုကို ပျံ့နှံ့စေခြင်းသည် အစိုးရအပေါ် ပိုမိုခြေးမရှိဘဲ ကြွယ်ဝချမ်းသာမှုကို စုစည်းရန်နည်းလမ်းနှင့် တိုင်းပြည်ထဲမှ အရင်းအနှီးတစ်ခုကို နိုင်ငံသားများအား ပေးအပ်သည်။

(ကျွန်တော်တို့ တတ်ပုံဆရာမ၏ ဆင်ကိုင်ပြီတွင်ကဲ့သို့) အိမ်ရာအဆင့်မြှင့်ခြင်းက အရောင်းအဝယ်ကို ပိုမိုနှစ်သက်စရာကောင်းအောင် ပြုလုပ်သည်။

လီက ကျွန်တော်တို့နှင့် အလဲအလှယ်ပြုလုပ်ဖို့အတွက် နောက်ထပ်အိမ်ရာ အောင်မြင်မှု ဇာတ်လမ်းတစ်ပုဒ် ရှိနေသည်။ ကလေးငယ်ဘောက် မိခင်တစ်ယောက်ဖြစ်သော သူ၏ လုံခြုံရေးအရာရှိများထဲမှ တစ်ယောက်က နစ်ကြိမ်မရွေ့ပြောင်းခင် ဂျူရုန်ဝက်၌ အခန်း ၃ ခန်းပါ တိုက်ခန်းတစ်ခုဖြင့် အစပြုခဲ့ပြီး နောက်ဆုံး၌ အားလုံး ၃ ဆရှိသော ငွေကြေးထောက်ပံ့မှုကို ခံစားရလျက် ရီယိုဒူးကန်မှ အခန်း ၅ ခန်းပါ တိုက်ခန်းတွင် အခြေချသည်။ ဝယ်သူများမှာ ယခုအခါတွင် ငွေကြေးထောက်ပံ့မှု အခွင့်အလမ်းကို ၂ ကြိမ်သာ ရရှိတော့သဖြင့် ထိုအခွင့်ထူးကို ထိုအချိန်ကတည်းက ပြတ်တောက်ခဲ့သည်။ သို့သော် အခြေအနေက ကျိသို့ရှိနေသည်။ ဂျူရုန်ဝက်တိုက်ခန်းကို သူ ဒေါ်လာ ၇၀၀၀ ပေးခဲ့ရပြီး ဒေါ်လာ ၁၀၀,၀၀၀ ဖြင့် ရောင်းချခဲ့သည်။

ၾင်းက PAP ၏ အောင်မြင်မှုနောက်ကွယ်မှ အကြောင်းရင်းဖြစ်သည်ဟု လီက ပြောသည်။

"အခု ကျွန်တော်တို့ရဲ့ အသက်ရှူသံမှုကို ခင်ဗျားသိချင်ရင် ဒီအသက်ရှူသံမှဟာ ဘယ်အပေါ်မှ အခြေတည်နေသလဲ။ ယုံကြည်ခံထိုက်မှုပေါ့။ ပြီးတော့ လူတိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတစ်ခုရှိတယ်"

တတ်နိုင်သော အိမ်ရာရရှိမည်ကတိက နိုင်ငံတွင် အိမ်ပိုင်ရှင်များ ထုတ်ဖော်ခဲ့သည်။

✧ ✧ ✧

Scanned by CamScanner

(၃)

ထိပ်ဆုံးပေါ်က မလိုင်

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နှလုံးခုန်စက် ခွဲစိတ်တပ်ဆင်ပြီး ၄၈ နာရီသာကြာစဉ် ကမ္ဘာ့ပြဿနာများ အေးချမ်း အတွက် ဟောင်ကောင်ကို လိုက်ပယ် လေယာဉ်စီးသွားသည်။ သူ၏အိမ်ရှင်ဖြစ်သော ယခင် အမေရိကန်သမ္မတဟောင်း ဘေလ်ကလင်တန်က သူ့ကို အဆင့်အမြင့်ဆုံး လူအဖွဲ့အစည်းမှ ပရိသတ်များအား နောက်ဆုံး နှစ် ၅၀ ကာလ၌ ကမ္ဘာ့ အရေး အပိုင်းတစ်ခုခုရှိ ဉာဏ်ပညာအရှိဆုံး၊ ဗဟုသုတအရှိဆုံး၊ အထိရောက်ဆုံး ခေါင်းဆောင်များထဲမှ တစ်ယောက်အဖြစ် မိတ်ဆက် ပြသည်။

သို့သော်လိုက လူသိရှင်ကြား ချီးကျူးခံရရန်အတွက် ထိုနေရာသို့ ရောက်နေခြင်းမဟုတ်ဟု ယခင် သမ္မတကလေး နှင့် ကောင်းမွန်သော ဆက်ဆံရေးကို စင်ကာပူထိန်းသိမ်းထားရန် အရေးကြီးသည်ဟု ခံစားမိသောကြောင့် ထိုနေရာသို့ သွားခြင်းဖြစ်သည်။ ကလင်တန်၏ဇနီး ဟီလာရီရောဟန်ကလင်တန်က ထိုအချိန်က အမေရိကန်ကက်ဘိနက်တွင် ရာထူးအမြင့်ဆုံး ဝန်ကြီးအဖြစ် နိုင်ငံခြားရေးဝန်ကြီး ဖြစ်တော့မည်။

စင်ကာပူအပေါ် သူ၏တာဝန်ခံချက်က "ကျွန်တော် အိပ်ရာထဲမှာ ဖျားနာနေရင်တောင်၊ ဒါမှမဟုတ် ခင်ဗျားကို ကျွန်တော့်ကို ကျွန်တော့်သမ္ဘော်ဖြေကျင်းထဲ ပြုပ်နေရင်တောင်၊ တစ်ခုခုများယွင်းနေတယ်လို့ ကျွန်တော်ထင်ရင် ထလာခဲ့မယ်" ဟု တစ်ချိန်က သူ ကြေညာခဲ့သကဲ့သို့ ဖြစ်နေသောကြောင့် ဤခရီးကို သူတစ်နေ့တာ အလုပ်မျှလောက်သာ ခံစားမိကောင်း ခံစားမိလိမ့်မယ်။ ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်အဖြစ်မှ သူနှုတ်ထွက်ခဲ့ကတည်းက စင်ကာပူသားများကပြည်သူ့ကိစ္စများကို လီ အသက်ကို အမှုမထားဘဲ ရံဖန်ရံခါ ပေါ်ထွက်လာတတ်ပုံကို အကျယ်တဝင် ဖြစ်လာခဲ့ကြသည်။ ဤအရာက အစိုးရသည် သူ၏အတွေးအကြံမှ အကျိုးကျေးဇူးဆက်လက်ရရှိနေကြောင်းကို သူတို့နှင့် နိုင်ငံခြားဝိတ်ဆွေများကို အတူတူ အာမခံ သည်။ သို့ရာတွင်ငင်းက စင်ကာပူ၏ခေါင်းဆောင်အမွေလက်ခံခြင်း ပြီးပြည့်စုံမှုနှင့်ပတ်သက်၍ သံသယရှိသူတို့အား သံသယ ဖျောက်ဖျက်ဖို့ ပိုမိုခက်ခဲအောင် ပြုလုပ်နေသည်။

သို့သော် လီ ပါဝင်ပတ်သက်မှုကို တိုင်းပြည်ထဲမှ ခေါင်းဆောင်၏ အဓိက ကြွန်အင်လက္ခဏာအဖြစ် ရှုမြင်ခံ ထောက်ပြခြင်းက ရှင်းလင်းလွန်းလှသည်။ ငင်းက လွန်ခဲ့သော နှစ် ၃၀ ကြာကာလတွင် သူသည် ပင်ကိုအစွမ်းအသစ် ရှာဖွေ တွေ့ရှိရန် စိတ်စွဲလမ်းခဲ့သော ပင်ကိုအစွမ်းပရိသော လူတစ်ယောက်ဖြစ်ခဲ့သည်ဟူသောအချက်ကို လျစ်လျူရှုနေသည်။ ဤစိတ် စွဲလမ်းမှုက နိုင်ငံရေးအကြောင်း ကျွန်တော်တို့၏ အင်တာဗျူးများကာလအတွင်းနှင့် ယခင်အခန်းတွင် ပြောခဲ့သည့်အတိုင်း

Scanned by CamScanner

တစ်နေကျလျှင် PAP အာဏာဆုံးရှုံးရမည့် မလွှဲမရောင်းသာမှုအကြောင်းဆီသို့ သူ ထပ်ကာထပ်ကာ ပြန်သွားနေသောအခါ များတွင် ရှင်းလင်းနေသည်၊ ထိုဟောကိန်းနောက်ကွယ်မှ တွန်းအားပေးနေသော အင်အားတစ်ခုက အရည်အသွေးကျဆင်း လာသော PAP၊ သို့မဟုတ် ပင်ကိုအစွမ်းတူညီသည့် အတိုက်အခံပါတီကို ရင်ဆိုင်နေရသော PAP တစ်ခု ဖြစ်လိမ့်မည်၊

သို့လင့်ကစား နိုင်ငံရေးစနစ်သည် အကောင်းဆုံးလူများကို သူတို့ဘဝ၏ အကောင်းဆုံးအချိန်တွင် စိပ်ကွပ်ကဲနိုင် ရန် အသေချာပြုလုပ်ဖို့ ကြိုးစားသော ခေါင်းဆောင်အသစ်ပြုလုပ်ခြင်း လုပ်နည်းကိုင်နည်းပေါ်မှိုနိုအားထားနေသည်၊ ခေါင်း ဆောင်များ မလွှဲမရောင်သာ အသက်ကြီးရင့်လာခြင်းနှင့် မဲဆန္ဒရှင်များ၏ ပြောင်းလဲနေသော လိုအပ်ချက်တို့ကို တုံ့ပြန်သော အားဖြင့် ပြန်လည်နှုိုသစ်လွင်ခြင်းက PAP အသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်ဖြစ်သည်၊ ထို့ကြောင့် ဤပျူဟာနှင့် ဤ PAP ကို တုံ့ဆိုင်းပြီး ကျဆုံးအောင် မည်သည့်အရာက ပြုလုပ်မည်နည်း၊ ဂရုစိုက်ရမည့် သတိပေးလက္ခဏာများ ရှိနေသလား၊ အမှန်ပင် အရည်သွေးကောင်းမွန်သော ပင်ကိုနိုင်ငံရေးစွမ်းရည်ကို ဘာကပြုလုပ်ပေးကြောင်း မည်သို့ အဓိပ္ပာယ်သတ်မှတ် မည်နည်း၊

ကိုယ်ပိုင်စွမ်းရည်ရှိသော ခေါင်းဆောင်များရှာဖွေတွေ့ရှိရန် လိ စိတ်ခွဲလမ်းနေခြင်းက စင်ကာပူ၏ ထူးခြားသော အခြေအနေများ၊ သို့မဟုတ် မျော့ကွက်ဟာကွက်များကဂင်းတို့ကိုကိုင်တွယ်နိုင်မည်၊ သို့မဟုတ်ဂင်းတို့ကိုကျော်ဖင်ကျော်လွှားနိုင် မည့် မြင့်မားသော အရည်အချင်းရှိသည့်လူများကို လိုအပ်သည်ဟူသော ယုံကြည်ချက်မှ ဆင်းသက်လာသည်၊ ပထမမျိုးဆက် ခေါင်းဆောင်များအား မြန်မြန်ဆန်ဆန် အနားယူနိုင်ခြင်းကြောင့် ထိုစဉ်က သူ၏ ရဲဘော်များ နာကျင်နေကြသော အချိန် ဖြစ်သည့် ၁၉၈၂ ခုနှစ်တွင် သူပြောခဲ့သလိုပင် စင်ကာပူကို အလယ်အလတ် အရည်အချင်းရှိသူများ၏ လက်ထဲ၌ ထားခဲ့ ခြင်းက မြစ်မှကျွေးလွန်းခြင်းဖြစ်လိမ့်မည်၊ နောက် ၂၅ နှစ်ကျော်ကြာသောအခါ သူက ဂင်းကို ကျွန်တော်တို့၏ အင်တာဗျူးများ ထဲတွင် ဤကဲ့သို့ တင်ပြပြန်သည်၊ "အကောင်းမြင်တဲ့နည်းလမ်းနဲ့ သူတို့ကိုယ်သူတို့ ကျန်ရှိတဲ့ အိမ်နီးချင်းတွေနဲ့ ကွဲပြားခြား နားအောင် ပြုလုပ်ပြီး စင်ကာပူနဲ့ စင်ကာပူရဲ့အခွင့်အရေးကို ကာကွယ်နိုင်တဲ့ ပြည်သူနဲ့ အစိုးရ ကျွန်တော်တို့မှာမရှိရင် စင်ကာပူရပ်တည်မှု ဆူပင်ပြိမ်းသွားလိမ့်မယ်"

ပင်ကိုစွမ်းရည်နှင့်ပတ်သက်၍ လက်တွေ့ကျသော ထင်မြင်ယူဆချက် အရှိဖြင့် လိ အစပြုခဲ့သည်၊ တွက်ချက်ကြည့် ဖို့ခဲသန်းရှိသော လူဦးရေ၏ အရည်အချင်းရှိသော ၁၀ပုံ၁ပုံက သန်းတစ်ထောင်ရှိသော နိုင်ငံတစ်နိုင်ငံမှ ရယူသော တူညီသည့် အချိုးအစားထက် ပိုမိုနည်းပါးသော ထူးချွန်သည့် လူပုဂ္ဂိုလ်အသီးသီးကို ဖမ်းထုတ်သည်၊ တရုတ်တို့တွင် အစိုးရအလုပ်အတွက် တန်းစီနေကြသော ငယ်ရွယ်ထက်မြက်သည့် မျော်လင့်ချက်ရှိသူ ဆယ်ဂဏန်းများစွာရှိကြောင်း လိက အကျိုးကြောင်း သင့်ပြော သည်၊ သူတို့အားလုံးက အပြစ်ကင်းစင်သော ပညာတတ်မျိုးရိုးနှင့် အတတ်ပညာဆိုင်ရာ ဖွဲ့၊ သတ္တိ ရှိကြသူများဖြစ်ကြသည်၊

စင်ကာပူတွင် ထိုကဲ့သို့ အရည်အချင်းရှိသူ တစ်ယောက်နှစ်ယောက်သာရှိသည်၊ စွမ်းဆောင်နိုင်သော ဝန်ကြီးများ အဖွဲ့နှစ်ဖွဲ့ပြုလုပ်ဖို့မှာ လုံဖလောက်သော အရည်အချင်းပြည့်ဝသူမရှိချေ၊ ဂင်းက လိ၏အဆိုအရ စင်ကာပူတွင် ယုံကြည်ခံထိုက် သော အတိုက်အခံပါတီမရှိခြင်း၏ နောက်ကွယ်မှ အရေးပါအရာရောက်သော အကြောင်းရင်းတစ်ခုဖြစ်သည်၊ ဂင်းကြောင့် လည်း PAP အတွင်း၌ အတွင်းပိုင်းအတိုက်အခံတစ်ခုဖန်တီးရန်၊ သို့မဟုတ် ပြိုင်ဆိုင်မှုကို စီစဉ်ဖို့အတွက် ပါတီကို နှစ်ပိုင်း ခွဲရန် တစ်ချိန်က အကြံပြုချက်ကို မည်သည့်အခါမှ လေးလေးနက်နက် လိုက်မလုပ်ကြခြင်းဖြစ်သည်၊

အရည်အချင်းပြည့်ဝသူမလုံလောက်ခြင်းအတွက် လိ ကိုးကားသော နောက်ထပ်အကြောင်းအချက်တစ်ခုမှာ ငယ် ရွယ်သော စင်ကာပူသားများက ပြည်သူ့အမှုထမ်းဆောင်ခြင်းကို စက်ဆုပ်မုန်းတီးဖွယ်ရာလို့သော အလားအလာဖြစ်သည်၊ သူ၏ မြေများအတွင်း၌ပင် လွှတ်တော်နိုင်ငံရေးနှင့်ပတ်သက်၍ နက်ရှိုင်းသော မျိုးဆက်ဆိုင်ရာ စိတ်ပဓိစစ်မှုရှိနေသည်ဟု သူခံစားမိသည်၊

Scanned by CamScanner

သဘာဝအားဖြင့် ဆွဲဆောင်နေလိမ့်မည်၊ လှပ်ရှားမှုတိုင်းကပြည်သူတို့၏ မျက်လုံးဒေါက် ထောက်ကြည့်ရှုမှုနှင့် ဝေဖန်မှုမှုန်း
စံနေရသောအချိန်တွင် အဘယ်ကြောင့် နိုင်ငံရေးဇာတ်ခုံပေါ်တွင် စွန့်စားမှုပြုလုပ်နေမည်နည်း၊ ထိုအကြောင်းကြောင့်လည်း
ဌာနတစ်ခုထဲသို့ဝင်ရန် အဘယ်ကြောင့် ဖြတ်တောက်ထားသော လစာအား ယူမည်နည်း။

လီကိုယ်တိုင်ပင်လျှင် သူ့ကိုယ်သူ ထိုကဲ့သို့ ယုတ္တိဗေဒဖြင့် ကျိုးကြောင်းဆင်ခြင်ကြည့်ခဲ့သည်၊ ယခု သူ ငယ်နှုန်း
သော ရှေ့နေဖြစ်လျှင် နိုင်ငံရေးထဲဝင်ဖို့ အကြောင်းအနည်းငယ်သာ ရှိလိမ့်မည်၊ အခြားသက်တော်ရှည်ဝန်ကြီးများ၏ ဆုံးဖြတ်
ချက်များကဲ့သို့ပင် သူ၏ဆုံးဖြတ်ချက်က တော်လှန်ရေးခေတ်ကာလထဲတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်၊ ၎င်းက ကိုလိုနီခေတ်
နောက်ပိုင်း ရန်းကုန်တိုက်နိုက်မှု၏ ဝိုးတဝါးထဲတွင် ပုံသွင်းခဲ့သော ဘဝပြောင်းလဲသည့် အပြုအမူတစ်ခုဖြစ်သည်၊ သူ
သောင့်သက်သာရှိသောဘဝတွင် များပြားလှသော လစာငွေ ချက်လက်မှတ်များရှိနေသော ယနေ့ စင်ကာပူသားများက
ခေါင်းဆောင်အဆောင်အယောင်တုတ်အား ကောက်ယူရမည့်လိုအပ်ချက်ကို အနည်းငယ်သာ တွေ့မြင်ကြသည်၊

သို့သော် အရေးပါသော ပေးဆွဲနိုင်းက ကျွန်သို့ ရှိနေသည်၊ စင်ကာပူခေါင်းဆောင်များ ပိုင်ဆိုင်ရမည့် ကျွန်အစွမ်းအဝ
ဘာလဲ၊ အမေရိကန်အရှေ့ပိုင်းရှိ အကောင်းဆုံးတက္ကသိုလ် ၈ ခုမှ အဆင့်အမြင့်ဆုံးဖြင့် ဘွဲ့ရရှိခဲ့သောလူများ၊ သို့မဟုတ်
ထိပ်သီးခွဲစိတ်ဆရာဝန်များနှင့် ရှေ့နေများကို ရှာဖွေရုံဖြင့် မလုံလောက်ကြောင်းကို လီ ချက်ချင်းဝန်ခံသည်၊ ၎င်းက ပဲခွေး
တွင် စကားပြောကောင်းခြင်း၊ သို့မဟုတ် လူကြိုက်များခြင်းဖြစ်ရုံဖြင့် မလုံလောက်ဟု၊ အစိုးရက ကုမ္ပဏီ၏ အမှုဆောင်မှူး
ရွေးချယ်သည့် နည်းလမ်းကို အသုံးပြုပြီး၊ အကျင့်စရိုက်၊ ရည်ရွယ်ချက်ရှိမှုနှင့် "ဟယ်လီကော်ပတာကွာလတီ"၊ သို့မဟုတ်
ခွဲခြားစိတ်ဖြာခြင်း လက်တွေ့အမှန် သိနားလည်ခြင်း၊ စိတ်ကူးယဉ်ခြင်းတို့ဖြင့် အခြေအနေကို လေ့လာသုံးသပ်နိုင်သော
အရည်အချင်းတို့ကို ရှာဖွေသည်၊ ထို့ကြောင့် အရည်အချင်းရှိသူသည် ပညာရှိခြင်း၊ သို့မဟုတ် ပညာတတ်ခြင်းအားဖြင့် အော်
မြင်မှုကို ရယူသလို မှန်ကန်သော အကျင့်စရိုက်နှင့် အမြင်ရှိသော ပိုပိုဝေဝါးသည့် သဘောတရားကိုလည်း ရယူသည်၊ ဦးဆော
ဖြူစင်ခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းတို့လည်း လိုအပ်သည်၊

မှတ်ကျောက်နောက်တွင် လုပ်နည်းအစဉ်ပါလာသည်၊ ၎င်းအပြင် ကျွန်ရာဌာန အရည်အချင်းရှိသူများကို အစိုးရဌာန
ဖွေနေခြင်းက စည်းကမ်းကြီးပြီး စနစ်ကျကြောင်း၊ သို့သော် အမှန်တကယ် ခြေလှမ်းများက ပိတ်ထားသောတံခါးများ နောက်
ကွယ်၌ရှိနေကြောင်းကို ဝေဖန်သူများပင်လျှင် လက်ခံကြသည်၊ ပြည်သူကလွှဲနှင့် ပုဂ္ဂလိကကလွှတို့မှ အလွန်အောင်မြင်
သော အတတ်ပညာရှင်များကို ဂရုတစိုက်ရွေးချယ်ပြီး "လက်ဖက်ရည်သောက်ဖိတ်ခေါ်"ကြသည်၊ လက်ဖက်ရည်သောက်
ဖိတ်ခေါ်ခြင်းဆိုသည်က လူတစ်ယောက်၏ အတွင်းပိုင်း အနစ်သာရများကို ဆွဲထုတ်ယူသော ခက်ခဲပင်ပန်းသည့် အင်တာ
ဗျူးအစီအစဉ်၏ ပထမဦးဆုံးခြေလှမ်းအတွက် စကားလှအောင် သုံးစွဲထားခြင်းဖြစ်သည်၊

အရပ်ဘက် အစိုးရဌာနဝန်ထမ်းဟောင်းများ၊ စံပုံစံအားဖြင့် ဂုဏ်သိက္ခာရှိသော ပြည်သူအမှုထမ်းကော်မရှင်
ကျောင်း အောင်မြင်ပြီးသူများအနေဖြင့် ထိပ်သီး PAP ခေါင်းဆောင်များနှင့် နီးနီးကပ်ကပ် အလုပ်လုပ်ကြလျှင် ကျွမ်းဖြစ်ဝင်ရ
ဖြတ်လမ်းဖြင့် ကျော်ဖြတ်နိုင်ကြသည်၊ ခေါင်းဆောင်ဖြစ်ဖို့ မျှော်လင့်ရသူများကို ၎င်းတို့၏ ခွဲ၊ သတ္တိအား စမ်းသပ်ကြည့်ရုံ
ကတ်ဘိနက်ဝန်ကြီးများနှင့် ပါတီဝဟိုအလုပ်မှုဆောင်ကော်မတီ (၎င်းအထဲတွင် လီက အဖွဲ့ဝင်ဖြစ်သည်) နှစ်ခုစလုံးတို့ရှေ့မှ
ခေါ်ဆောင်ကြသည်၊ များပြားလှသော ကိုယ်ရေးမှတ်တမ်းများကို အားလုံး စုပုံထားကြသည်၊

အဆို့က ၆ နာရီကြာသော စိတ်ပညာဆိုင်ရာ စမ်းသပ်ချက်များ ပြုလုပ်ခံကြရပြီး သူတို့၏ ယုံကြည်ကိုးကွယ်မှုနှင့်
အိမ်ထောင်ရေးကဲ့သို့ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများတွင် စူးစမ်းမေးမြန်းခံကြရသည်၊ သူတို့ အလေးအနက်အထားဆုံးဖြစ်သော
တန်ဖိုးများနှင့်ပတ်သက်၍ အကျင့်သိက္ခာဆိုင်ရာ အကြပ်အတည်းများအား မည်ကဲ့သို့ ချွပ်ကိုင်မည်ကို သူတို့အား ပြောပြီး

Scanned by CamScanner

ကြသည်၊ စိတ်ခံစားချက်ဆိုင်ရာ စုံစမ်းမေးမြန်းမှုက အလွန်ခဲ့ဒိုးဆန်သည်ဟု မအောင်မြင်သော ကိုယ်စားလှယ်ဟောင်း တစ်ယောက်က ပြောသည်၊ သူ ဇော်ထုတ်ခံလိုက်ရသည်ဟု ခံစားကျန်ရစ်ခဲ့သည်၊

ၾင်းက ကယ္ဂက်ကချော်ပြုလုပ်ကြသော ကံစမ်းသမားများကို တားဆီးရန် ကြံရွယ်သော စနစ်တစ်ခုဖြစ်သည်၊ သို့သော် မြင့်မားသော တိုက်စားနှုန်းကလည်း အလားအလာရှိသော ခေါင်းဆောင်များကို သတိရှိအောင် လုပ်နိုင်သည်၊ ပြည်သူ့အထက်တန်းလူတန်းစားကို နိုင်ငံရေးစွန့်ပယ်သော လူသေအလောင်းများနှင့် ပုံနှံ့နေအောင်လုပ်သည်ဟု တင်ဖားပြောလောက်အောင်ဖြစ်ခဲ့ကြောင်း၊ တိုင်းပြည်၏အထက်တန်းလွှာထဲမှများစွာတို့က အစိုးရနှင့် ပါဝင်ပတ်သက်ရမည်ကို အနှုန်းဖြင့် ရန်လိုနေကြကြောင်း ထုတ်ဖော်ပြောသည်၊

ခံနိုင်ရည်စွမ်းအားကို သူတို့ အပြင်းအထန် စမ်းသပ်ရပြီးနောက်တွင် ရုပ်တည်ကျန်ရစ်ခဲ့သူများက စင်ကာပူလို ရှင်သော ခေါင်းဆောင်အမျိုးအစား ဖြစ်ကြသလား၊ အချို့အတွက် အရေးတကြီး ရှိတဲ့နေသော အရာတစ်ခုက ရွေးကောက်ပွဲဆိုင်ရာ စမ်းသပ်မှုဖြစ်သည်၊ ထိုနေရာတွင် ကိုယ်စားလှယ်လောင်းများက မဲပေးသော ပြည်သူများရှေ့တွင် သူတို့ကိုယ် သူတို့ သက်သေပြကြရသည်၊

လိနှင့် သူ့နေရာ ဆက်ခံကြသူများက သဘောတရားရေးရာမပါဘဲ ပြည်သူနှိုင်ငံရေးဖြင့် အစီအစဉ်တကျ တာဝန်ဆက်ခံကြခြင်းအတွက် သူတို့ကိုယ်သူတို့ ဂုဏ်ယူကြသည်၊ အပြောင်းအလဲအတွက် တွန်းအားက၊ ဥပမာအားဖြင့်၊ တည်ရှိနေသော ခေါင်းဆောင်၏ အဆက်အသွယ်ကဲ့သို့ အတွင်းဝိုင်းမှလာသည်၊ ယခုအခါ PAP နိုင်ငံရေးသမားများက ရာထူးသက်တမ်း ၃ကြိမ် ရရှိလေ့ရှိကြပြီး ရွေးကောက်ပွဲတိုင်း၌ ၃ ပုံ ၁ ပုံ အနားယူကြသည်၊ အစီအစဉ်တကျလုပ်ထားသော ကျွန်စနစ်တွင် ဝန်ကြီးချုပ်နှစ်ယောက်က သူတို့၏အမွေခံများကို လမ်းဖွင့်ပေးရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အင်အားများ ရှိနေစဉ်ကာလအတွင်း၌ ဘေးဖယ်ပေးကြပြီး မြင်ကွင်းထဲမှ လုံးလုံးမထွက်စွာဘဲ သူတို့ကို သင်ကြားပြသကြသည်၊

ခြွင်းချက်အချို့ဖြင့် စင်ကာပူ၏ ပထမဦးဆုံး ကက်ဘိနက်က ဝိုမိုငယ်ရွယ်သော သူတို့၏ လုပ်ဖော်ကိုင်ဖက်များတာဝန်လွှဲယူကြသောအခါ စင်ပေါ်မှ ဓားဆေးစွာ ဆင်းသွားကြသည်၊ အနာဂတ်ဝန်ကြီးချုပ် ဂိုချုပ်တောင် အပါအဝင် ပထမ "ဒုတိယမျိုးဆက်" ခေါင်းဆောင်များကို ၁၉၇၆ ခုနစ်တွင် စည်းရုံးသိမ်းသွင်းခဲ့ကြသည်၊ နိုင်ငံရေး သိပ္ပံပညာရှင် ဒီယဲနီ မော်ဇီက ဤသို့ ဖော်ပြသည်၊ "စင်ကာပူ၏ စနစ်ကျပြီး ဒုက္ခခံစိစဉ်ထားသော နိုင်ငံရေးအမွေဆက်ခံမှုသည် တတိယကမ္ဘာ အများဝုမှ အမွေဆက်ခံမှုများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်၊ တတိယကမ္ဘာတွင် နိုင်ငံရေးအဖွဲ့အစည်း ဖော်ဆောင်ခြင်း၊ နိုင်ငံရေးသေတမ်းစာနှင့် အစီအမံမရှိခြင်းကြောင့် အမွေဆက်ခံမှုအပြောင်းအလဲက ကြီးတင်မခန့်မှန်းနိုင်သော ရလဒ်များဖြင့် မကြာခဏ ရုတ်တရက်ဖြစ်ပေါ်ပြီး အစီအစဉ်မကျသလို တည်ငြိမ်မှုမရှိချေ"၊

သို့သော် အချို့က နိုင်ငံရေးအမွေဆက်ခံခြင်းသည် အစဉ်အလာ လုပ်ငန်းတစ်ခုသာ မဖြစ်သင့်ကြောင်း အကျိုးအကြောင်းသင့် ပြောကြသည်၊ အမေရိကန်သမ္မတ အခြေခံရွေးကောက်ပွဲများ၊ ဗြိတိသျှ ပါတီညီလာခံများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ လုပ်နည်းကိုင်နည်းများကို ညွှန်းပြကြသောအခါ ဝေဖန်ကြသူများက စင်ကာပူ၏ အနာဂတ်ခေါင်းဆောင်များအား ဆုံးဖြတ်ရာတွင် ဒီမိုကရေစီဆန်သော ရွေးချယ်မှုမရှိခြင်းအတွက် ဝမ်းနည်းကြေကွဲကြသည်၊ ၂၀၀၈ ခုနစ်ကက်ဘိနက်တွင် ဝန်ကြီးအယောက် ၂၀ ထဲမှ ၂ ယောက်က ရွေးကောက်ပွဲ မဝင်ခဲ့ကြချေ၊ အောင်ဟင်နှင့် ဒီဝီယံဘာလာကရစ်ရှနန်တို့၏ မဲဆန္ဒနယ်မြေများက ၂၀၁၁ ခုနစ်နှင့် ၂၀၁၆ ခုနစ်တို့တွင် မဲရွေးပွဲ မလုပ်ခဲ့ကြချေ၊ ၎င်းက သူတို့ မဲရရှိဖို့အတွက် တိုက်ခိုက်စရာမလိုဘဲ ဆရာဝန်များအဖြစ်မှ PAP အရေးကြီးအစိုးရအဖွဲ့ဝင်များ ဖြစ်လာကြောင်းကို ဆိုလိုနေသည်၊

Scanned by CamScanner

လက်ရွေးစင်လုပ်နည်းအစဉ်သည် ပြည်သူများကို ကိုယ်ချင်းစာနိုင်သော ရိုးသားဖြောင့်မတ်သည့် ခေါင်းဆောင်များထက် ကျွမ်းဆတ်သော ပညာတတ်များကို ပိုမို မှက်နာသာပေးကြောင်း ရှည်ကြာနေသည့် ဝေဖန်ချက်လည်း ရှိနေသည်ကို ခက်ထန်သော ကျွဲဝေဖန်မှုကို ဓာရေးဆရာမ ကက်သရင်းလင်းက သူမ၏ အငြင်းပွားဖွယ်ဖြစ်သော ၁၉၉၄ ခုနှစ် ဆောင်းပုံတစ်ပုဒ်တွင် ထင်ထင်ရှားရှား ဖော်ပြခဲ့သည်၊

ခေါင်းဆောင်များနှင့် ခေါင်းဆောင်ခြင်းခံရသူများအကြားတွင် စိတ်ခံစားချက်ဆိုင်ရာ ကွဲကွာနေမှုများ ဖြစ်ပေါ်လာသည်ဟု သူမခံစားမိသည်၊ သို့သော်လည်း နောက် ၁၅ နှစ်အကြာတွင် အင်တာဗျူးအလုပ်ခံရသောအခါ သူမက စင်ကာပူ ခေါင်းဆောင်များသည် ယခုအခါ၌ သာမန်ပြည်သူများအပေါ် အလွန်ထင်သာမြင်သာစွာ ပိုမိုဝိတ်ဆွေဆန်ပြီး ပိုမိုညှဉ်သာလာခဲ့ကြောင်းကို ဝန်ခံသည်၊

"ကျွန်မ ဆောင်းပါးရေးတဲ့ အချိန်တုန်းက အထက်စီးနင်းနိုင်ပုံတစ်ခုက သူတို့ရဲ့မူလရုပ်တည်ချက် သဘောထားဖြစ်ခဲ့တယ်၊ အခု အဲဒါတွေမရှိတော့ဘူး၊ နိုင်ငံရေးအရဆိုရင်လည်း အဲဒီလိုမျိုးတွေ မရှိတော့ဘူး"

ဟု သူမက ပြောသည်၊

ဤအရာက အခြားဝေဖန်ချက်နှင့် ဆက်နွယ်နေသည်၊ ထိုဝေဖန်ချက်က ပညာတတ်ဆိုင်ရာ ထူးချွန်သူများနှင့် အစိုးရပညာရှင်များကို ရွေးချယ်သော ပေါ်လစီသည် ရေပေါ်ဆီများအဖြစ် အတွေ့ပြင်ခံရသော ခေါင်းဆောင်များကို တုတ်လုပ်ခြင်းပင် ဖြစ်သည်၊ ဤရေပေါ်ဆီများက အထက်တန်း - အလယ်အလတ် လူတန်းစား၊ သို့မဟုတ် အထက်တန်းလူတန်းစားထဲမှ အပြစ်ကင်းစင်သော ပညာအဆင့်အတန်းရှိသော်လည်း သူတို့အမှုထမ်းရမည့် ပြည်သူများနှင့် ထိတွေ့မှုမရှိသော ပြည်သူ့အမှုထမ်းများဖြစ်ကြသည်၊

အောက်ခြေလူတန်းစားမှ လုပ်ရှားကြသူများမှာ သူတို့ထဲမှ အများစုတို့ ပါလီမန်အဖွဲ့ဝင် ဖြစ်ကြလျှင်တောင်မှ PAP ရေတန်းခုံနေရာများဆီသို့ မည်သည့်အခါမှ မရောက်ရှိကြချေ၊ ကျွန်တော်တို့အင်တာဗျူးပြုလုပ်ကြစဉ်အချိန်က ကက်ဘိနက် ဝန်ကြီး ၂၀ထဲမှ ၁၂ယောက်က အစိုးရပညာရှင်များ ဖြစ်ကြသည်၊ ၂၀၀၈ ခုနှစ်တွင် သာမန်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသော ပညာရှင်များ၏ တစ်ဝက်ကျော်က ကိုယ်ပိုင်ပစ္စည်းဖြင့် နေထိုင်ကြသည်၊ နိုင်ငံရေးသိပ္ပံပညာရှင် ကင်နက်ဝေါလ်တန်က ရေပေါ်ဆီ လူတန်းစားသည် ပုံကြီးခွဲသော အတွင်းပိုင်းအုပ်စု၏ ထူးကဲကောင်းမွန်ခြင်းအဓိပ္ပာယ်တစ်ခု ဖော်ဆောင်လာနိုင်ကြောင်း သတိပေးသည်၊ ၎င်းက ဤအတွင်းပိုင်းအုပ်စုမှ ပ.ထုတ်ထားသော လူများ၏ စွမ်းဆောင်ရွက်ကို ဂရုမစိုက်သော အပြုအမူဖြစ်သည်၊

PAP ခေါင်းဆောင်သစ်ပြုလုပ်ခြင်းစနစ်အတွက် နောက်ထပ်စိုးရိမ်ပူပန်စရာက ရွေးချယ်ခြင်းလုပ်နည်းအစဉ်သည် ကြိုက်ရာကို ရွေးချယ်ခြင်းကဲ့သို့ ရလဒ်ထွက်မလားဆိုခြင်းပင်ဖြစ်သည်၊ ကြွယ်ဝချမ်းသာသော ပညာတတ်များသည် သူတို့၏ အမြင်နှင့် စွဲလမ်းမှုအား မှုဝေယှဉ်ကြသော အခြားလူများအား ရွေးချယ်နေကြသည်၊ ဒီဗီယံဘာလာကရစ်ရှိန်နှင့် ရေမွန်လင်တို့ကဲ့သို့ PAP နှင့် မူးပေါင်းခဲ့ကြသော မွှင့်မွှင့်လင်းလင်း ပြောဆိုကြသည့် ယခင် ပါရှိုလ်ကျော်များမှာ အရှင်းရှင်း သဘောတူရွေးကောက်ခံရပြီး ရှုပ်ချယ်စံနေကြရသည်ဟု စွပ်စွဲစံကြရသည်၊

သူ၏ မဟာဌာနတွင် ရှိခဲ့သော စကားပုခေါင်းဆောင်များကို သူ အလွန်သဘောကျခဲ့သည်ဟု ဝန်ခံခဲ့သော ဟားဗတ်သော၊ ခွဲဖြာထွက်သောအမြင်များကို ကိုယ်စားမပြုခြင်းဖြစ်ကြောင်းနှင့် ၎င်းက ဒီဗိုက်ရေဒီအတွက် [illegible]

Scanned by CamScanner

ငှင်းတို့ ရာထူးအဆင့်များထဲသို့ PAP ဆွဲခေါ်ခေါ်ယူသော လူများ၏ အမြင်မည်သို့ ကွဲပြားခြားနားနေကြစေကာမူ သူတို့သည် တူညီသော PAP လူများအဖြစ် အသွင်ပြောင်းလဲခြင်းကို ခံကြရသည်။

အမှန်ပင် လီ၏ ပထမကက်ဘိနက်ထဲမှ အချို့က တိုင်ကြောင်းရင်းများကြောင့် ပြန်လည်အသစ်ပြုလုပ်ခြင်း၏ သဘာဝနှင့် မြန်နှုန်းကို ပြဿနာလုပ်ကြသည်။ သူတို့က အကျိုးလက်ပင့်တင်ပြီး အောက်ခြေလူတန်းစားနှင့် အခွင့်နှုန်းကြသော ပါတီလုပ်ရှားသူများကို လိုချင်ကြပြီး မသိရှိသူများကို မရွေးချင်ကြပေ။ အများစုတို့က အွန်ပင်ဘွန်း၊ ဂျက်ယွန်သောင်နှင့် ဟွန်စစ်ဆို့တို့ကဲ့သို့ ပါတီစည်းရုံးသူ လူဖောင်းများဖြစ်ကြပြီး သူတို့က အောက်ခြေလူတန်းစား အတွေ့အကြုံ၊ အထူးသဖြင့် တရုတ်ဆန္ဒရှင်များနှင့် အတွေ့အကြုံအတော်ရှိကြသည်။ ဝါရင့်ပန်ကြီးဟောင်း လီဒွန်ရှိုင်က ၁၉၉၁ ခုနှစ် မဲရွေးပွဲတွင် PAP တို့ မမျော်လင့်ဘဲ အမတ်နေရာ ရုံးနိမ့်ပြီးနောက်တွင် ဤသို့ ထုတ်ဖော်ပြောသည်။

"အစတုန်းက ၁၉၅၉ ခုနှစ် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပထမဦးဆုံး ပါဝင်ကြတဲ့အခါ ဆံပင်ညှပ်တဲ့သူတွေ၊ ကစားစရာ အရုပ်ရောင်းတဲ့လူတွေ၊ အထမ်းရွေးသည်တွေ စသဖြင့် ရှိကြတယ်။ အောက်ခြေလူတန်းစားကနေ သူတို့လာကြတယ်။ နောက်ပိုင်းမှာ အထက်တန်းလွှာဆီကို ဦးတည်တဲ့ အလားအလာတွေ ပိုတိုးလာတယ်။ ကျွန်တော်တို့ လူဦးရေရဲ့ (၈၀) ရာခိုင်နှုန်းက လူမျိုးစုစကားတွေနဲ့ တရုတ်စကားကို ပြောကြတယ်။ ဒါပေမဲ့ ရွေးချယ်ခံရတဲ့အထက်တန်းလွှာတွေအဖို့ကတော့ - သူတို့အားလုံးက အင်္ဂလိပ်ပညာတတ်တွေ ဖြစ်ကြပြီး တရုတ်စကားကိုတောင် မပြောနိုင်ကြဘူး၊ တချို့က ပြောနိုင်တယ်။ ဒါပေမဲ့ မရေးနိုင်ကြဘူး။ အဲဒီလို ကိုယ်စားလှယ်တွေဟာ လူထုနဲ့ ဆက်သွယ်စကားပြောနိုင်ပါ့မလား"

အဓိက သဘောထားကွဲလွဲသူက PAP တည်ထောင်သူအဖွဲ့ဝင် တိုချင်ဆိုဖြစ်သည်။ သူက ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာ အထွေထွေရွေးကောက်ပွဲပြီးသောအခါ ကက်ဘိနက်မှ ဖြုတ်ချခံခဲ့ရသည်။ လီက သူ၏ ကိုယ်တွေ့မှတ်တမ်းတွင် အဟင်းအကြပ်အနားယူခိုင်းခြင်းသည် ခေါင်းဆောင်ပိုင်းမှ အကွဲအပြဲကို ကြိုတင်ရှင်းလင်းခြင်းဖြစ်သည်ဟု ပြောသည်။ တိုက လွှတ်တော်တွင် အရေးမပါသောနေရာ ပြန်လည်ရရှိပြီး အလားအလာရှိသော ခေါင်းဆောင်များ ချို့တဲ့ခြင်းနှင့် ပတ်သက်၍ ကွဲပြားခြားနားသော အမြင်များကိုတင်ပြရာ ၁၉၉၇ ခုနှစ် အင်တာဗျူးတစ်ခုတွင် ဤသို့ ပြောသည်။

"ဒီနေ့မျိုးဆက်ကယဉ်ကျေးမှုမရှိဘူး။ နိုင်ငံရေးခွန်အားမှ လုပ်ရမှာကိုလည်း မနှစ်သက်ဘူး။ ဒါပေမဲ့ လက်ရှိမျိုးဆက်ကို ကျွန်တော် အပြစ်မတင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သဘောထားကွဲလွဲတဲ့ အမြင်တွေအပေါ် အစိုးရရဲ့ လက်လွန်ခြေလွန် တုံ့ပြန်မှုတွေကို သူတို့တွေ မြင်နေကြရလို့ပါ"

သို့သော် လီက နိုင်ငံရေးမလိုင် ထိပ်ဆုံးသို့ တက်မလာကြောင်းကို ရှင်းရှင်းလင်းလင်း လုပ်သည်။ မလိုင်များကို ပါတီဒယ်အိုကြီးထက် များစွာပိုပိုကြီးမားသော ဇလားကြီးထဲမှ စစ်ယူဝပ်ထုတ်ပစ်ဖို့ လိုအပ်သည်။ ၎င်းကို စနစ်တကျပြုလုပ်ရန် လိုအပ်သည်။ ၎င်းအတွက် ပညာသည်များကို ပိုက်စိပ်တိုက်ရာဒွေဖို့ လိုအပ်သည်။ ဤနည်းဖြင့် အတိုက်အခံများမှလည်း ဤမလိုင်ကို ရှင်းပစ်ရမည်။ အမွေဆက်ခံခြင်းကို အန္တရာယ်မရှိအောင် လုပ်ရမည်။ စီစဉ်ရမည်။ အိမ်နီးချင်း တိုင်းပြည်များမှ ဒီမိုကရေစီဘေးဒုက္ခဆိုးများမှ ပုံစံပြသင်ခန်းစာတစ်ခုကို လီ ထုတ်နှတ်ယူသည်။ ထိုနိုင်ငံများမှ အဂတိ လိုက်စားမှုများ၊ ကမ်းကုန်နေသော ပေါ်ပြူလစ်ဇင်ဝါဒနှင့် ပြည်သူများအကြားမှ နက်ရှိုင်းသော စိတ်ဝမ်းကွဲမှုများက ချည့်နဲ့သော အစိုးရများ၊ မူဝါဒ ခွေယိုင်မှုများနှင့် အချို့သောကိစ္စများတွင် လုံးဝပြိုကွဲကျမှုများကို ဖြစ်ပေါ်စေခဲ့သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းတွင် စင်ကာပူခေါင်းဆောင်များ ရရှိခဲ့သော မြင့်မားသည့် ချီးကျူးမှုများကို ၎င်းနှင့် ကွဲပြားခြားနားကြောင်း နှိုင်းယှဉ်ပြလျက် လီက အကျိုးကြောင်းသင့်ပြောသည်။ ဤနှစ်ခြိုက်သဘောကျမှုက အစစ်အမှန်ဖြစ်ပြီး ၎င်းကို ကျယ်ကျယ်ပြန့်ပြန့် ခံစားမိကြသည်။ စာရေးဆရာမ ကက်သရင်းလင်ကပင်လျင် စင်္ကာပူခေါင်းဆောင်များကို သူမ ဝေဖန်

Scanned by CamScanner

မှာပြောတဲ့သူ လုပ်ငန်းရှင်တစ်ယောက်က မတ်တပ်ထရပ်ပြီး...

"ကျွန်တော်တို့ကို ခင်ဗျားဝို့ရဲ့လီကွမ်ယုပေးပါ၊ ကျွန်တော်ဝို့ ခင်ဗျားတို့ကို ကျွန်တော်တို့ရဲ့တိုနီဘလဲ ပေးလို့ရ
မယ်၊ ချယ်ရီဘလဲကိုပါအစစ်ထည့်ပေးလိုက်ဦးမယ်"

လို့ ပြောတယ်၊"

ဝေဖန်ချက်များ သူတစ်လှည့်ကိုယ်တစ်လှည့် ရွတ်ဆိုနေခြင်းကို လီကလည်း စိတ်မရှည်ဘဲ အထူးတလည် ရွံမုန်း
ချက်တစ်ခုတွင် သူ စိတ်အနောင့်အယှက်ဖြစ်ပုံကို ဤသို့ ဖော်ပြသည်၊

"ကျွန်တော်တို့ဟာ ရေပေါ်ဆီအဖွဲ့ဖြစ်တယ်လို့ လူပြောများနေကြတဲ့ ယုံကြည်ချက်က မိုက်မဲတယ်" PAP ၏ခွင့်
ဆောင်ရွေးချယ်ခြင်းပုံစံသည် လူလူချင်း တန်းတူရည်တူရှိရန်အတွက် ပါးစပ်နှင့်အမှုထမ်းနေသော၊ အလွန်အပြစ်ရှာတတ်
သည့် စနစ်မဟုတ်ကြောင်း သူ အကျိုးကြောင်း သင့်ပြောသည်၊ ဖွဲ့ပြိုးတိုးတက်သော လူ့အဖွဲ့အစည်းများကဲ့သို့ တကယ့်အစုံ
အမှန် သည် တူညီသော လူမှုရေးအသိုင်းအဝိုင်းများ၊ ပညာရေး နောက်ကြောင်းရာဇဝင်များနှင့် ညီမျှသော မိသားစု ဆွေရင်
မျိုးဆက်များမှ ခေါင်းဆောင်များ မကြာခဏလာကြခြင်းပင်ဖြစ်သည်၊ အခြားတိုင်းပြည်များ၏ အတွေ့အကြုံများကို လို
ထောက်ပြသည်၊ ထိုနေရာများတွင် ခေါင်းဆောင်ရွေးချယ်ခြင်းက အလားတူ ရေပေါ်ဆီဆန်သော်လည်း လူလူချင်း တန်းတူ
ရည်တူရှိရေးဝါဒ မျက်နှာဖုံးအောက် တွင် ရုပ်ဖျက်ထားခြင်းဖြစ်သည်၊

မြောက်နိုင်ငံတွင် အောက်စ်ဖို့ဒ်နှင့် ကိန်းဘရစ်တက္ကသိုလ်ဘွဲ့ရများက အစိုးရဌာနများကို ဖြည့်တင်းထားကြသည်၊
အမေရိကန်ပြည်ထောင်စုတွင် အရှေ့ပိုင်းဒေသမှ အစဉ်အလာရှိသော တက္ကသိုလ် ဓာတု ဘွဲ့ရများက အစိုးရဌာနများကို
အင်အားပြည့်နှက်ကြသည်၊ တန်းတူညီမှုကို ဦးစားပေးသော တရုတ်နိုင်ငံ၌ပင် ဒုတိယမျိုးဆက်မှ များစွာသော ခေါင်းဆောင်များက
တိုင်းပြည်စီးပွားရေးဘဝင်များ၏ဆွေမျိုးများနှင့် အသိမိတ်ဆွေများဖြစ်ကြသည်၊ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှ စစ်မှန်သော
တန်းတူရည်တူရှိရေးဝါဒ လက်ခံသည့်ခေါင်းဆောင်မရှိကြောင်း လီက မြတ်မြတ်သားသား ဖော်ပြသည်၊

တို့အပြင် စစ်မှန်သော ပညာတတ် အဆင့်အတန်း၊ သို့မဟုတ် ကောင်းမွန်သော မျိုးရိုးရှိခြင်းဖြင့် မလုံလောက်ဟု
သူ အခိုင်အမာပြောသည်၊ စင်ကာပူခေါင်းဆောင်များ၏ ရေပေါ်ဆီ အကျဆုံး အဖွဲ့ဝင်ပင်လျှင် ပြုမူဆောင်ရွက်ခြင်းဖြင့် အစိမ်း
သပ်ခံရမည်၊ အဆုံးသတ်၌ ခေါင်းဆောင်များသည် စီးပွားရေးကုန်ပစ္စည်းများ ဖြန့်ဖြူးပေးရပြီး မဲဆန္ဒပေးပွဲများတွင် သူတို့၏
တရားဝင်မှုကို ရယူရသည်၊ ခေါင်းဆောင်အား မဲဆန္ဒရှင်အပ်နှင်းသောအကြောက ဘာဖြစ်သည့်အပေါ် မူတည်လျက် အမွေ
ဆက်ပံခြင်းအဓိပ္ပာယ်ကွဲပြားခြားနားမှုလည်းရှိသည်၊ အောက်ခြေလူတန်းစားခေါင်းဆောင်သည် အောက်ခြေနှင့် အထိအတွေ့
ရှိရသည်၊

ဝန်ကြီးချုပ်တစ်ယောက်သည် ကောင်းမွန်သော ပြောဆိုဆက်ဆံသူတစ်ယောက်ဖြစ်ရသည်၊ အောက်ခြေလူတန်း
စားကို ကောင်းစွာအုပ်ချုပ်ရန်၊ ပြောဆိုဆက်ဆံရန်၊ သို့မဟုတ် အလုပ်လုပ်ပေးရန် သူတို့မှာက်ကွက်လျှင် သူတို့ နှင်ထုတ်ခံကြ
ရသည်၊ အမှန်ပင် ဩဇာတြေးလျပညာရှင် မိုက်ကယ်ဘားက လီ၏ လက်ရွေးစင်လူတော် ဖေမွးထုတ်ရေးဝါဒ အမှတ်တံဆိပ်ကို
အထက်မှ တန်းတူရည်တူရှိရေးဝါဒ လိုလားသော လူ့အဖွဲ့အစည်းတစ်ခုကို ပိတ်ဆက်ရန် ရှာကြံသောအရောအဖြစ် ဖော်ပြ
သည်၊

သို့သော် စင်ကာပူခေါင်းဆောင်များအတွက် စမ်းသပ်သော လုပ်နည်းအစဉ်၏ အရေးပါသော အစိတ်အပိုင်းက
ဝိရောဓိဖြစ်နေသည်ကို လီ ဝန်ခံသည်၊ သူတို့၏ အတွေးအခေါ် စိတ်ကူးများကို ထက်အောင် ဆွေးနွေးဖို့လိုအပ်ပြီး ၎င်းကို
ပြုလုပ်ရန် အကောင်းဆုံးနည်းလမ်းက သဘောထားကွဲလွဲသူများကို သေချာစွာ စီစစ်လေ့လာခြင်းဖြင့်ပြုလုပ်ခြင်းပင်ဖြစ်သည်၊
ပါလီမန်တွင် သန်စွမ်းသော အတိုက်အခံမရှိသဖြင့် ဤအတိုက်အခံဆွေးနွေးပွဲကို ထောက်ခံဖေးသူက ကက်ဘိနက်ဖြစ်သည်

Scanned by CamScanner

ဟု လီက ပြောသည်။ စင်ကာပူတွင် ကက်စီနို လောင်းကစားဝိုင်းများခွင့်ပြုရန် ဆုံးဖြတ်ချက်နှမြောကို သူ ထုတ်ဖော်ပြသည်။ လိုဆုံးဖြတ်ချက်က ဝန်ကြီးများကို ပြင်းပြင်းထန်ထန် စိတ်ဝမ်းကွဲစေသည်။ ကနဦး၌ အကြံအစည် စိတ်ကူးကို သူ ဆန့်ကျင်သော်လည်း သူ့ကို ဝိုင်း၍ လှည့်ပတ်နားချကြသည်။ နောက်ထပ် နှမြောတစ်ခုက ပုဂ္ဂလိကဝိုင်ပြုလုပ်ခြင်းကိစ္စဖြစ်သည်။ ထိုကိစ္စတွင် ပို့ဆောင်ရေးဝန်ကြီး ရေမွန်လင်းက သူ့ကို တိုက်တွန်းသွေးဆောင်ရာ၌ အဓိက ကဏ္ဍမှ ပါဝင်ခဲ့သည်။

သို့သော် စင်ကာပူ ခေါင်းဆောင်ရွေးချယ်ခြင်း လုပ်နည်းအစဉ်သည် အုပ်စုလိုက် စဉ်းစားခြင်းဖြစ်ပေါ်မည့် အန္တရာယ်ရှိသည်ကို သူမခံစားမိဘူးလား။ သူက ဤသို့ တုံ့ပြန်သည်။ ဝန်ကြီးများကိုယ်တိုင်ကို မေးကြည့်ပါ။ ဝန်ကြီးများက တိုအယူအဆညွှန်ဝန်ကြီးဌာနတယူသန်အမြင်ရှိပေမဲ့ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှာ ကျွန်တော် ရှိနေတဲ့အခါကျွန်တော် အပါအဝင် ဝန်ကြီးအချို့က အဲဒါကို တင်ပြကြတယ်။ လမ်းညွှန်ဝန်ကြီးက နားထောင်တယ်။ နောက်ဆုံးတော့ သူ စိတ်ပါလာတယ်။ ဝန်ကြီးချုပ်အပါအဝင် တခြားဝန်ကြီးတွေက ဆန့်ကျင်နေကြသေးတယ်။ နောက်ဆုံးမှာ ကျွန်တော်တို့ တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီချက်ရသွားကြတယ်" ဝန်ကြီးများအနေဖြင့် ကွဲပြားခြားနားသော အုပ်စုများနှင့် ရောနှောပြီး မကြာခဏ ခရီးသွား၍ တခြားနေရာများမှ အတွေ့အကြုံအယူအဆများနှင့် ထိတွေ့ခြင်းလည်း အကူအညီ ရသည်ဟု သူပြောသည်။

ကျွန်းမာရေးဝန်ကြီး ခေါ်ဘွန်ဝမ်ကလည်း မူဝါဒ ချမှတ်ခြင်း၏ ဒုက္ခကြီးသော သဘာဝကို နားလည်သည်။ မူဝါဒ သည် အစိုးရထဲမှ အရာရာခေါင်းညိတ်သူများနှင့် ဖော်ထုတ်နိုင်သော အရာမဟုတ်ဟု ဆို၊ ၎င်းက အရပ်ဘက် အမှုထမ်းများအကြား နှင့် မကြာခဏဆိုသလို များစွာသော ဝန်ကြီးဌာနများအကြား အတွင်းပိုင်း အခြေအတင်ဆွေးနွေးမှုကို ကာလကြာရှည်စွာ တွေ့ကြုံရသည်။

"စိတ်ကူးအကြံအစည်ဆိုတာဟာ ၂ ပဲ တစ်ပြားကိစ္စပါ။ ဒါပေမဲ့ စိတ်ကူးအကြံအစည်တစ်ခုကို ရည်ရွယ်ချက် ပြီးမြောက်စေမယ့် ထိရောက်တဲ့ မူဝါဒတစ်ခုအဖြစ် အသွင်ပြောင်းဖို့က ဂရုတစိုက် ခွဲခြားစိတ်ဖြာမှုတွေ၊ ရွေးချယ်စရာတွေကို လေ့လာသုံးသပ်မှုတွေ၊ ဝေဖန်ပိုင်းခြားဆန်းစစ်မှုတွေ၊ အကြိမ်ကြိမ်အထပ်ထပ် သန့်စင်မှုတွေကို လူအင်အားအများအပြားနဲ့ အချိန်အကြာကြီး လုပ်ရတယ်"

ဟု သူက ပြောသည်။

သို့သော် ဝေဖန်သူအချို့က ပုဂ္ဂိုလ်ရေးပိုဆန်သော ပစ်မှတ်တစ်ခုကို ချိန်ရွယ်ကြသည်။ လက်ရှိခေါင်းဆောင်များကို သူပိုမိုကြိုက်နှစ်သက်သော မူဝါဒများဆီသို့ တွန်းပို့လျက် ကန့်လန့်ကာ နောက်ကွယ်မှ အခြေအနေများကို လမ်းညွှန်ဝန်ကြီးထိန်းချုပ်နေသေးသလား။ ခေါင်းဆောင်အသစ် ပြုလုပ်ခြင်းနှင့် ပြန်လည်နပျိုခြင်းတို့နှင့်ပတ်သက်၍ စကားကြီး စကားကျယ်များ ရှိနေသကဲ့သို့၊ သူ၏ သက်တော်ရှည်လုပ်ဖော်ကိုင်ဖက်များ စင်မြင့်ပေါ်မှ အားလုံး ဆင်းသွားကြသော်လည်း လီရာထူးရှိနေဆဲဖြစ်နေခြင်းမှာ အဘယ်ကြောင့်နည်း။ သူ၏အခြေကတ္တီကဲ့သို့ ဘွင်းဘွင်းရှင်းရှင်းရှိသည်။ သူက တန်ဖိုးရှိနေဆဲဖြစ်ပြီး သူ၏အမြင်များကို ထုတ်ဖော်ပြောခြင်း၊ အခြေအတင်ဆွေးနွေးပွဲများကို လှုံ့ဆော်ခြင်းတို့မှလွဲ၍ တခြားအရာကို သူမပြုလုပ်နိုင်ချေ။

သို့တိုင်အောင် ပြိုင်ဆိုင်မှုမရှိခြင်းကြောင့် ဂုဏ်သရေမဲ့မိန်သွားလောက်အောင် အောင်မြင်သော စနစ်တစ်ခုအတွက် စိုးရိမ်ထိတ်လန့်သော အသံများက အဖွဲ့အစည်း၏ အောက်ခြေအဆင့်များထဲ၌ပင်လျှင် ပေါ်ထွက်နေသည်။ အနားယူသွားသော ထိပ်သီးအရပ်ဘက်မှထမ်း ညမ်တုန်ဒိုက လက်ရှိခေါင်းဆောင်များကို နိုးနိုးကြားကြားရှိစေပြီး မရောင်လွှဲနိုင်သော ကျဆင်းမှုမှ လွှဲဖယ်စေမည့် အစားထိုးခေါင်းဆောင်မှုကို တစ်ကြိမ်က တောင်းဆိုခဲ့ဘူးသည်။ အရပ်ဘက်အစိုးရဌာနအမှုထမ်းများကို စင်ကာပူ ရေဖေါ်ဆီတို့၏ အပေါ်ဆီးဆက်ဆံခြင်း အထူးတလည် တံဆိပ်တစ်မျိုးဖြင့် စွပ်စွဲသောအခါ သူက

Scanned by CamScanner

အစားထိုးရပေါ်ဆီအဖွဲ့မှ လေးနက်သော နိုင်ငံရေးစိန်ခေါ်မှု ပေါ်ထွက်လာခြင်းကို လီ ခွင့်မပြုလျှင် လက်ရှိရပေါ်ဆီအစိုးရသည် မြောရှာသာလိုက်နေလိမ့်မည်ဟု ပြောသည်။ အောက်ခြေလူတန်းစား တော်လှန်ပုန်ကန်ခြင်း လက္ခဏာ ပထမဦးဆုံး ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သူတို့ ပြိုကွဲကျသွားနိုင်သည်ဟုလည်း သူကပြောသည်။

သို့သော် လီက စင်ကာပူကို စီမံအုပ်ချုပ်မည့် မှန်ကန်သောလူများကို ရှာဖွေရန် လောလောဆယ်၌ သူနှင့် သူနှင့် ဆက်ခံသူများသည် အကောင်းဆုံးနည်းလမ်းကို ပြုလုပ်ခဲ့သည်ဟူသော နိုင်မာသည့် ယုံကြည်ချက်ဖြင့် မတုန်မလှုပ် ရှိနေသည်။ PAP ခေါင်းဆောင်များက အထွေထွေရွေးကောက်ပွဲ (၁၁) ခု၌ သူတို့၏ အကြိမ်ကြိမ်အောင်မြင်မှုနှင့် တိုင်းပြည်ကို စစ်မှန်သောစီးပွားရေးနှင့် လူမှုရေး အောင်မြင်ပြီးမြောက်မှုများကို မငြင်းဆန်နိုင်သော သက်သေအထောက်အထားအဖြစ် ညွှန်ပြကြသည်။

"လွန်ခဲ့တဲ့ နှစ် ၃၀ အတွင်းမှာ ကျွန်တော်တို့အတွေ့အကြုံအရ လုပ်ခဲ့ကဲ့အရာထက် ကျွန်းမြို့တော်နိုင်ငံတစ်ခုအတွက် ရှင်သန်ရပ်တည်နိုင်မယ့် တခြားအစားထိုးအစီအစဉ် မရှိဘူး"

မိန့်ခွန်းတစ်ခုတွင် လီက ပြောသည်။

"ဒါကြောင့် ပင်ကိုအစွမ်းအစရှိတဲ့ လူတွေဟာ ယုံကြည်ခံထိုက်တဲ့ အစားထိုးအဖွဲ့တစ်ခုဖွဲ့စည်းပြီး PAP ကို စိန်ခေါ်အတွက် ရှေ့ကို ထွက်မလာခဲ့ကြဘူး"

အဆုံးသတ်၌ ၎င်းက ခဲ့ဲလ်ကုမ္ပဏီနှင့် PAP အစိုးရတို့ သူတို့၏ ခေါင်းဆောင်ခန့်အပ်ခြင်း အင်တာဗျူးများတွင် ရှားသော သဘောထားနှစ်မဲ့သည့် ထိုအရာပေါ်၌ အားလုံး အနှစ်ချုပ်သွားလေသည်။ ၎င်းက "အမှန်တကယ် သိမြင်ခြင်း" ဖြစ်သည့် စင်ကာပူ၏အမွေခံများကို လက်ရှိခေါင်းဆောင်များကဲ့သို့ တူညီသော အမှန်တကယ်သိမြင်မှု အနည်းအများ ရှိခြင်းအပေါ်မူတည်လျက် ရွေးချယ်ကြသည်။ ထိုအချက်၌ PAP ခေါင်းဆောင်လက်ရွေးစင် စွပ်စွဲခံရမှုကို ကြုံကြုံခံရပ် တည်ခဲ့သော အခြေအကျသည့် အုပ်စုဖွဲ့စဉ်းစားခြင်း တည်ရှိနေသည်။ လီ အဖို့မူ ဤအရာက ပြဿနာမဟုတ်ချေ။ လူမျိုးနှင့်ဆိုင်သော အပြစ်အနာအဆာများ၊ ပထဝီနိုင်ငံရေးဆိုင်ရာ မလုံခြုံမှုနှင့် ပွင့်လင်းသော စီးပွားရေး အစရှိသည့် တိုင်းပြည်၏ တည်ရှိနေသော အမှန်ဖြစ်နေမှုများကို မည်ကဲ့သို့ ကိုင်တွယ်ထိန်းချုပ်ရမည်နှင့်ပတ်သက်၍ တူညီသော အမြင်များ မျှဝေမယူသော ခေါင်းဆောင်များကို စင်ကာပူ မရွေးချယ်နိုင်ချေ။

၎င်းကလည်း သူ၏ "သရိုင်းမှထလာမယ်" မိန့်ခွန်းကို ရှင်းပြနေကောင်း ရှင်းပြနေသည်။ လီ (နှင့် သူ့နေရာဆက်ခံကြသူများ) ၏ ပင်ကိုအစွမ်းရှိသော ခေါင်းဆောင်အသစ်များ ရှာဖွေမှုကို မျိုးဆက်သစ်တစ်စုရှာဖွေသော ကြိုးစားချက်တစ်ခုအဖြစ်သာ ရှုမြင်နိုင်သည်။ ထိုမျိုးဆက်သစ်သည် စင်ကာပူနိုင်ငံကို သူနှင့် သူ၏ သက်တော်ရှည် လုပ်ဖော်ကိုင်ဖက်တို့ နည်းတူညီသော ယုံကြည်ချက်များဖြင့် ကောင်းစွာခေါင်းဆောင်ကြလိမ့်မည်။ သူ၏ ပင်ကိုအစွမ်း စုံစမ်းထောက်လှမ်းသော စနစ်မှ ရလဒ်ကို သဘောမတူကြသူများအနေဖြင့် အစားထိုး လုပ်ထုံးလုပ်နည်းတစ်ခုထက်မကသော အရာပေါ် ထွက်လာဖို့ လိုအပ်ကောင်း လိုအပ်နိုင်သည်။ "အစစ်အမှန်သိမြင်ခြင်း" အသစ်တစ်ခုကို သူတို့ချပြဖို့ လိုအပ်ကောင်း လိုအပ်နိုင်သည်။ ထိုအသစ်ထဲမှ ပင်ကိုအစွမ်းအစားထိုးပုံစံနှင့် ခေါင်းဆောင်တို့ ထွက်ပေါ်လာကြလိမ့်မည်။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"ကျွန်တော်တို့ဟာ ရေပေါ်ဆီအဖွဲ့ဖြစ်တယ်လို့
လူပြောများနေတဲ့ ယုံကြည်ချက်က
လုံးဝ မှိုက်မဲတယ်"

Scanned by CamScanner

ငပ: - စင်ကာပူရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုက ဘာလဲ။

ငပြ - ကျွန်တော်တို့မှာ ခု သန်းကျော်လောက်သာရှိတဲ့ လူဦးရေရှိတယ်။ ခေါင်းဆောင်ဖြစ်နိုင်တဲ့ အရည်အချင်းတွေနဲ့ အရည်အချင်းရှိတဲ့ လူတစ်ရာကျော်ကို ကျွန်တော်တို့ နှစ်စဉ်ရှာရှိတယ်။ သူတို့တွေထဲက ၂၀၊ ခု၀ အရွယ်တွေနဲ့ စခန်းသွားရလိမ့်မယ်။ ပညာရှင်တိုင်း၊ စီးပွားရေးလုပ်ငန်းရှင်တိုင်းကို ကျွန်တော်တို့ပိုက်စိပ်တိုက် ရှာကြတယ်။ နိုင်ငံရေးမှာအောင်မြင်ဖို့ကတော့ ခင်ဗျားအသက် ၃၀၀ နှင့်ကျင်၊ ဒါမှမဟုတ် ၄၀၀ နှင့်အရွယ်ရှိနေတုန်းမှာလာခဲ့ရမယ်။ အဲဒီအရွယ်မှာ ခင်ဗျားအမှုအကျင့်တွေ ပြောင်းဖို့လွယ်တယ်။ နို့မဟုတ်ရင် လူတွေကို ခင်ဗျား ကိုယ်ချင်းစာတတ်မဟုတ်ဘူး၊ ခင်ဗျား မဲဆွယ်ထွက်ရမယ်၊ လက်ဆွဲနှုတ်ဆက်ရမယ်။ ကလေးတွေကို နမ်းရှုတ်ရမယ်၊ စသဖြင့်လုပ်ရမယ်။

ကျွန်တော်တို့မလုံလောက်လွန်းတာကြောင့် ၂၀၀၁ ခုနှစ်မှာ ဆရာဝန် ၃ ယောက်ကိုခေါ်ရတယ်။ သူတို့ထဲက အသိဆုံး သူတို့ရဲ့ ပညာသည်အလုပ်တွေမှာ ထိပ်ဆုံးရောက်နေကြတယ်။ သူတို့က ငအောင်ဟင်၊ ဗီဗီယံ ဘာလာကရစ်နဲ့ ဘာလာဂျီဆာဒါဆီဝန်တို့ပါ။ ဘာလာဂျီက ထိပ်သီးဦးနှောက်ခွဲစိတ်ဆရာဝန်တစ်ယောက်ပါ။ ဒါပေမဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အဖြစ် လိုးဖြတ်တာတွေ သူမလုပ်နိုင်ပါဘူး။

ငပ: - တိုင်းပြည်ကို ခင်ဗျားပိုက်စိပ်တိုက်ရှာဖွေနေတယ်လို့ ခင်ဗျားပြောတဲ့အတိုင်း၊ ခင်ဗျားရဲ့ဟာက အပေါ်ကနေအောက်ချဉ်းကပ်နည်းဖြစ်နေတာကြောင့် ခေါင်းဆောင်ဖြစ်မယ့်လူတွေကို ခင်ဗျား ရွေးချယ်နေတယ်လို့ ဝေဖန်ခဲ့တယ်။

ငပြ - မဟုတ်ပါဘူး၊ ထိပ်သီးဆရာဝန်၊ ထိပ်သီးခွဲစိတ်ကု၊ ဒါမှမဟုတ် ထိပ်သီးစာရင်းကိုင်အဖြစ် တက်လာကြတဲ့လူတွေကို ကျွန်တော်တို့ မရွေးချယ်ပါဘူး၊ ဒါက သူတို့ကို အံထုတ်လိုက်တဲ့ စနစ်တစ်ခုပါ။ ကျွန်တော်တို့ အဲဒီနေရာကို ထူထောင်ထိပ်ဆုံးက လူအနည်းငယ်ကို ကြည့်တယ်။

ငပ: - ဒါက ကော်ပိုရေးရှင်းလုပ်ငန်းနယ်ပယ်နဲ့ စစ်ဘက်ဆိုင်ရာ နယ်မြေတွေမှာ တစ်ချိန်လုံး ဖြစ်ပျက်နေတယ်။ အဲဒီခေါင်းဆောင်တွေကို ရွေးချယ်ရာမှာ မဲဆန္ဒရှင်တွေ ပိုမိုကျယ်ပြန့်စွာ ပါဝင်မှုကို ခင်ဗျားလိုချင်တဲ့နေရာမှာ နိုင်ငံရေးနယ်ပယ်ကို ကွဲပြားခြားနားချက်တစ်ခုအဖြစ် ခင်ဗျားမြင်သလား။

ငပြ - ဟင့်အင်း . . . အစိုးရကို တစ်ယောက်ယောက်က လည်ပတ်ရမည်။ ကံကောင်းရင် ဝန်ကြီးချုပ်ဟာ အစိုးရကိုလည်ပတ်ပြီး ဝန်ကြီးတွေကို ရွေးချယ်နိုင်ရုံတင်မကဘူး၊ ပြည်သူတွေကိုလည်း တိုက်တွန်းဆွေးဆောင်နိုင်လိမ့်မည်။ ဒါပေမဲ့ ပါတီထဲမှာ လူအမျိုးမျိုးကို စင်ဗျားလိုအပ်တယ်၊ လက်ဖက်ရည်ဆိုင်တွေမှာ အချိန်ဖြုန်းတဲ့လူတွေ အောက်ခြေလူတန်းစား ခေါင်းဆောင်ကောင်းတွေဖြစ်ကြပြီး သူတို့တွေကို ခင်ဗျားလိုအပ်တယ်၊ အွန်အာဟယ်ကျွန်တော်ရဲ့ဘုန်ခွဲအတွင်းရေးမှူးပါ။ ဒါပေမဲ့ သူက အလုပ်လုပ်တဲ့ အောက်ခြေလူတစ်ယောက်ပါ။ အဲဒါကြောင့် သူကျွန်တော်တို့ အမျိုးသား သယ်ယူပို့ဆောင်ရေး အလုပ်သမားသမဂ္ဂဆီ စေလွှတ်ကြပြီး နီဘွန်မဲဆန္ဒဝတ်ကို နယ်ချဲ့ယုဉ်ပြိုင်ခိုင်းကြတယ်။ နောက်တစ်ယောက်က အန်မွန်ဆင်ပါ။

Scanned by CamScanner

ပါတီတစ်ခုတည်ထောင်ဖို့မှာ ခင်ဗျားပုံစံအားလုံးလိုအပ်တယ်၊ ဒါပေမဲ့ဝန်ကြီးဌာနတစ်ခုကို သူလည်ပတ်နိုင်မလား၊ PAP တည်ထောင်သူ အဖွဲ့ဝင် တို့ချင်ချီက...

"ဟင့်အင်း...စိတ်မပူနဲ့၊ သူ့ရဲ့အပြုတမ်း အတွင်းရေးမှူးကို သူမှီခိုအားထားလိမ့်မယ်" လို့ ပြောတယ်၊ ဒါ အဓိပ္ပာယ် မရှိဘူး၊ ခင်ဗျား အဲဒီလိုမလုပ်နိုင်ဘူး၊

- ပါတီဟာ ပုံစံမျိုးစုံကို လိုအပ်တယ်လို့ ခင်ဗျား ပြောပေမဲ့ တနည်းအားဖြင့်တော့ လူတွေက ပညာရပ်ဆိုင်ရာ အောင်မြင်ပြီးမြောက်မှုအပေါ် ခင်ဗျား ပွင့်ပွင့်လင်းလင်း အာရုံစူးစိုက်တယ်လို့ ထင်နေကြတယ်၊

- ဒီအစိုးရဟာ ပညာရပ်ဆိုင်ရာ အရည်အချင်း ဖြည့်ဆည်းချက်ပေါ်မှာ သွားနေတယ်ဆိုတဲ့ အယူအဆက မှားတယ်၊ လုံးဝမှားတယ်၊ ဟုတ်တယ်၊ ကျွန်တော်တို့ အဲဒါကို အာရုံစိုက်တယ်၊ ဒါက ပထမဦးဆုံး ဝေဖန်ချက်ဖြစ်နေလို့ပါ၊ နှစ်ကြာလာတဲ့အခါ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ်၊ ဂျင်နရယ်အီလက်ထရစ်ပဲဖြစ်ဖြစ်၊ အိုင်ဘီအမ်ပိုက်ကရိဆော့ပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ဟာ အခြေခံ အရည်အချင်းများစွာရှိတဲ့ တစ်ဝုံတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ တွေ့လာကြတယ်၊ မြင့်မားတဲ့ IQ ဟုတ်တယ်၊ လိုအပ်တယ်၊ ဒါပေမဲ့အဲဒါက အစိတ်အပိုင်းတစ်ခုသာပဲဖြစ်တယ်၊ EQ (စိတ်ခံစားချက်ဆိုင်ရာအတိုင်းအတာ)၊ ခေါင်းဆောင်ရဲ့ သတ္တိ၊ သန့်ဌာန်ခိုင်မာခြင်း၊ ကြံရည်ဖန်ရည်ရှိခြင်းနဲ့ တခြားကြန်အင်လက္ခဏာတွေဟာ နောက်ဆုံးမှာတော့ ခင်ဗျားရဲ့ပညာရပ်အိမှုမဟုတ် ခင်ဗျားရဲ့အလုပ်မှာ သူတို့ဟာသူတို့ ပြသလာကြလိမ့်မယ်၊

ဒါကြောင့် SIA ရဲ့အမှုဆောင်အရာရှိချုပ် ချွေခွန်ဆင်ဟာ စက်ာပူတက္ကသိုလ်က ပထမတန်းစားဘွဲ့နဲ့ အင်ဂါရိုလယ် ကောလိပ်က မဟာဘွဲ့ရခဲ့ပေမဲ့ ပညာတတ်မဟုတ်ဘူး၊ ဒါပေမဲ့ သူက ဝိုင်လုံတဲ့ လူတစ်ယောက်ဖြစ်တယ်၊ လူတွေကို သူနားလည်တယ်၊ သူတို့ကို ခေါင်းဆောင်တယ်၊ လုပ်ငန်းတွေကို နားလည်တယ်၊ SIA အောင်မြင်နေတယ်၊

- ယနေ့အခါမှာတောင် စင်ကာပူသားတွေ အချို့ဟာ ဒေါက်တာတိုးရဲ့အမြင်ကို ပိုပြီး စိတ်ညှတ်နေကြတယ်၊ သူတို့တွေဟာ ခေါင်းဆောင်တွေကို ထိပ်သီးရာထူးယူဖို့ ကောက်ယူရွေးချယ်စံရခြင်း၊ ဒါမှမဟုတ် လေထီးနဲ့ ဆင်းလာခြင်း မရှိဘဲ၊ သူတို့ဟာသူတို့ ကြိုးစားပြီး အောက်ခြေက တက်လာတာကို ပိုပြီး တွေ့မြင်ချင်နေကြတယ်၊

- လုံးလုံးလျားလျားအောက်ကနေတက်လာတဲ့ခေါင်းဆောင်ကမ္ဘာပေါ်မှာ မရှိပါဘူး၊ ခင်ဗျားကျွန်တော့်ကိုတစ်ယောက် ယောက်ပြစမ်းပါ၊ အမေရိကန် သမ္မတလောင်းတွေကို ဘယ်လိုရွေးချယ်ကြသလဲ၊ အောက်ခြေကနေစရွေးတာလား၊ မဟုတ်ဘူး၊ ဒီမိုကရက်ပါတီရဲ့လက်ရွေးစင်အကျော်အမော်တွေနဲ့ ရီပတ်ဘလစ်ကန်ရဲ့လက်ရွေးစင် အကျော်အမော်တွေအထဲကနေ ရွေးတယ်၊

ဘာရက်အိုဘားမားဝင်လာတယ်၊ သူက သူ့အခွင့်အရေးဘာလဲဆိုတာကိုဂရုတစိုက်ရွေးချယ်တယ်၊ သူက သူခဲ့လမ်းကို အခြေခံတွေကြားမှာ ဇယားချပြီး ဆန္ဒပဲပေးပွဲနဲ့ မဆုံးဖြတ်ဘဲ ကော်မတီအစည်းအဝေးနဲ့ ဆုံးဖြတ်တဲ့နေရာပေါ်ကို အာရုံစူးစိုက်ထားတယ်၊ ကော်မတီဆုံးဖြတ်ချက်တွေမှာ သူ အနိုင်ရတယ်၊ ဟီလာရီကလင်တန်က သူ့ကို အလေးအနက် မထားတဲ့ အမှားပြုလုပ်ခဲ့တယ်၊ သူဖြတ်ကျော်သွားပြီးအမည်တင်သွင်းပွဲကို အနိုင်ရရှိတယ်၊ နောက်ဆုံးမှာတော့ အမေရိကန်တွေက...

Scanned by CamScanner

"အင်း . . . ကောင်းပြီလေ၊ ဒီလူမည်းကို ငါတို့ စပ်းကြည့်ကြရအောင်၊ ဒါက လူဖြူနိုင်ငံအဖြစ် ငါတို့ရဲ့ပုံရိပ်ကို အား
ဆယ်ပေးကောင်း ဆယ်ပေးလိမ့်မယ်၊ သူက အရှမ်းတော်တဲ့ လူမည်းပဲ" လို့ ပြောကြတယ်၊
ဂီပတ်ဘလစ်ကန်ပါတီကိုကြည့်ပါ၊ သူတက်မလာနိုင်ဘူးလား၊ မတက်နိုင်ဘူး၊ ဂျွန်မက်ကိန်းက စစ်သူရဲကောင်း
ယောက်ပါ၊ သူ့အဖေက ကြယ် ၄ ပွင့်ရှိတဲ့ ရေတပ်ဗိုလ်ချုပ်ကြီး။ ဆိနိတ်အမတ်နေရာကို သူ အနိုင်ရပြီး ရေ
ဒဇလူဘတ်ရှ်ကို တိုက်ခိုက်ခဲ့တယ်၊ ဒါပေမဲ့ ရှုံးနိမ့်ပြီး နောက်ဆုံးမှာတော့ ၂၀၀၈ ခုနစ်မှာ သမ္မတလောင်း ဖြစ်
တယ်၊
ဖြတိန် ကွန်ဆာဇေးတစ်ပါတီခေါင်းဆောင် ဒေးဗစ်ကင်မရွန်ကို ခင်ဗျားကြည့်ပါ၊ သူက အီတန်နဲ့ အောက်စ်ဖို့တွဲ
ခဲ့တယ်၊ အထက် - အလယ်အလတ်လူတန်းစားထဲက အများအပြားဖြစ်ကြတဲ့ အပေါင်းအပါ ကွန်ဆာဇေး
ပါလီမန်အဖွဲ့ဝင်တွေရဲ့ရွေးချယ်မှုကို ခံရတယ်၊ အပေါ်ကနေ အောက်ကိုလား၊ အောက်ကနေ အပေါ်ကိုလား၊
တရုတ်ကွန်မြူနစ်ပါတီမှာ၊ အောက်ကနေ အပေါ်ဖြစ်သလား၊ တော်လှန်ရေးသမားတွေရဲ့ပထမဦးဆုံး မျိုးဆက်က
ဟုတ်တယ်၊ အောက်ကနေအပေါ်ကို လာတယ်၊ ဒါပေမဲ့ ကွန်မြူနစ်ပါတီရဲ့ ၇ ကြိမ်မြောက် အမျိုးသားကွန်ဂရက်ဆိုး
မော်စီတုန်းဝင်လာတဲ့အခါတော့ပြား လူတွေကို သူကန်ထုတ်ပြီး အဲဒီနောက်မှာ တစ်ဦးတည်းသော ခေါင်းဆောင်ဖြစ်လာ
တယ်၊ သူသေတဲ့အထိ အရာရာတိုင်းကို ဆုံးဖြတ်တယ်၊
အကြောင်းအချက်တွေ မှန်မှန်ကန်ကန်လုပ်ကြဖို့၊ ANC (အာဖရိကန် အမျိုးသားကွန်ဂရက်) အောက်ခြေကတော်
လာသလား၊ အာဖရိကန်လူထုက ဆုံးဖြတ်ချက်ချခဲ့ကြသလား၊ မဟုတ်ဘူး၊ နယ်ဆင်မင်ဒဲလားက သူတို့လွှတ်
လပ်ရေးရဲ့ကိုးကွယ်ရာမှတ်ရိပ်လ်၊ ထောင်ထဲကို နှစ် ၂၀ ကျော် ကြာ သွားနေခဲ့တဲ့ တိုက်ခိုက်ရေးသမား ဖြစ်လာတယ်
သူအနားယူတဲ့အခါ သူ့ပတ်ပတ်လည်က လူအုပ်က သိမ်းပိုက်ကြတယ်၊ အဲဒါ အောက်ခြေက တက်လာတာလား

ငယ - ဒါပေမဲ့ အမြင်တစ်ခုက ပင်ကိုအစွမ်းရှားပါးတဲ့အကြောင်း ခင်ဗျားပြောတဲ့အခါ PAP နဲ့ ပတ်သက်ရသလောက် အဲဒီ
ကိုယ့်အကျိုး ကိုယ်ကြည့်တာဖြစ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက စင်ကာပူမှာ တစ်ပါတီ အုပ်ချုပ်မှုကို
တရားမျှတစေတာကြောင့်ဖြစ်တယ်၊

ငြေ - အင်း . . . ဒါဖြင့်ရင် ပင်ကိုအစွမ်းရှိသူတွေကိုရှာပြီး သူတို့ကို ရွေးကောက်ပွဲ ဝင်ပြိုင်ခိုင်းပေါ့၊ ဒါဟာ ကျွန်တော့်ရဲ့ စိန်
ခေါ်သံပဲ၊ PAP ပါလီမန်အဖွဲ့ဝင်တွေ အပြင်ဘက်မှာ ပင်ကိုအစွမ်းရှိတဲ့ လူတွေသာပဲ အများစုဖြစ်တဲ့ ပါလီမန်
အဖွဲ့ဝင်ထဲမှာ ရှိကြတယ်၊ သူတို့တွေက ကောင်းကြတာကြောင့် သူတို့ထဲကတချို့ကို ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်
လောင်းတွေအဖြစ် ရွေးကောက်ပွဲ ယှဉ်ပြိုင်ခိုင်းဖို့ကိုတောင် ကျွန်တော်တို့ စဉ်းစားခဲ့ကြတယ်၊ ဒါပေမဲ့ ကျွန်တော်တို့
အဲဒါကို ဆန့်ကျင်ဆုံးဖြတ်ခဲ့ကြတယ်၊ ပြည်သူတွေအပေါ် သူတို့ ကိုယ်ချင်းစာစိတ် ရှိသလားဆိုတာ မသေချာဘူး၊

ငယ - ဒိန်းမတ်နဲ့ နော်ဝေတို့လို လူဦးရေနည်းနည်းကလေးရှိတဲ့ တခြားတိုင်းပြည်တွေက ယှဉ်ပြိုင်မှုရှိတဲ့ ပါတီစုံ နိုင်ငံရေးကို
ဘာကြောင့် ထောက်ပံ့နိုင်ကြတာလဲ၊

ငြေ - ကျွန်တော်တို့ဟာ နော်ဝေ၊ ဆွီဒင်၊ ဒါမှမဟုတ် ဒိန်းမတ်နဲ့တူတယ်လို့ ခင်ဗျား ယုံကြည်ရင် ကျွန်တော်တို့ ရပ်တည်
ရှင်သန်မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့က သူတို့နဲ့မတူဘူး၊ ဒိန်းမတ်နဲ့ ဆွီဒင်က အလယ်

Scanned by CamScanner

အလေတဲ့ဘုန်းတော်ကြီးလို့လဲ ပြန်ခေါ်ကြတယ်။ စင်ကာပူက မနေနိုင်ဘူး၊ စင်ကာပူနဲ့ဝမ်းပူးပေါင်း
အရိုးရောနတွေ နစ်မြုပ်သွားလိမ့်မယ်၊
ပေါ်ကျွိန်းက အရည်အသွေးကျဆင်းသွားတာနဲ့ တစ်ပြိုင်နက် ငွေကြေးထောက်ပံ့နေတဲ့အဖွဲ့အစည်းတွေအားလုံးမှာ
အရည်အသွေးကျဆင်သွားလိမ့်မယ်၊ လူတစ်ယောက်ဟာ တခြားလူတစ်ယောက်ထက် သာလွန်ကောင်းမွန်နေရင်
အဲဒီတခြားလူက ပထမလူကို တိတိကျကျ သုံးသပ်ချက်ချနိုင်မှာ မဟုတ်ဘူး။

ေမး - **ထိပ်သီးအလုပ်အကိုင်တွေအတွက် ပိုမိုပြင်းထန်တဲ့ ယှဉ်ပြိုင်မှုရှိတဲ့ နိုင်ငံရေးစနစ်တွေဟာ စင်ကာပူရဲ့နိုင်ငံရေးစနစ်
ထက် ပိုပြီးသန့်ရှင်းမှု မရှိဘူးလား။**

ေဖြ - ကျွန်တော်တို့မှာပြည်သူ ၃ သန်းရှိတယ်၊ ကြီးမားတဲ့အဲဒီထိုင်ခုံတွေပေါ်မှာ ထိုင်ဖို့လုံလောက်အောင်ကြီးမားတဲ့တင်ပါး
တွေရှိတဲ့လူတွေကို ကျွန်တော်တို့ ဘယ်နေရာမှာ ရှာရမလဲဆိုတာ ခင်ဗျား ကျွန်တော့်ကို ပြောပြသလား၊ တိုမာဆက်
အမှုဆောင်ဒါရိုက်တာ ဟိုချင်က သူပ ရွေးပြောင်းဖို့ အချိန်ကြပြီလို့ပြောတယ်၊ နေရာဆက်ခံသူက ဘယ်သူလဲ၊ ဒီလို
အခြေအနေမှာ ကုမ္ပဏီတွေရဲ့ရှုပ်ထွေးတဲ့ ရှယ်ယာအရင်းအနှီးတွေကို ထိန်းသိမ်းတဲ့အလုပ်ကို လွှဲပြောင်းပယ်ဖို့ အဖွဲ့.
အရည်းဆိုက ဘယ်သူမှ အဆင်သင့်ဖြစ်ကြမှာ မဟုတ်ဘူး၊ ဒီတော့ တိုမာဆက်က ရာထူးဆက်ခံမယ့်လူတစ်ယောက်
ကို အပြင်ဘက်မှာ ရှာဖွေရမယ်၊
တင်တယ်ကို ခင်ဗျားကြည့်ပါ၊ ကျွန်တော့်သား (အမှုဆောင်ချုပ်ဟောင်း လီရှင်ယောင်) က "ငါထွက်တော့မယ်" လို့
ပြောတယ်၊ ဂ်အားလျော်စွာ သူ့ရဲ့နေရာကို ဆက်ခံတဲ့လူချာဆွတ်ကွန်းက ဆိုးဆိုးဝါးဝါးမလုပ်ဘူး၊ ခေါင်းဆောင်အရည်
အချင်းရှိတဲ့လူတွေ ရှားပါးနေတယ်၊ တရုတ်ပြည်ဆိုင်ရာ သံအမတ် ချင်ရှုမ်ယွန်အတွက် အစားထိုးဖို့လူကို ကျွန်တော်
တို့ ရှာမတွေ့ဘူး၊ သူက "ကျွန်တော် ဒီလောက်လုပ်ရင် တော်လောက်ပြီ" လို့ပြောတယ်၊ တရုတ်စာနဲ့ အင်္ဂလိပ်စာ
နှစ်ဘာသာ တတ်ကျွမ်းပြီး လူတွေနဲ့ ဆက်ဆံဖို့ ထက်မြက်တဲ့အသိရှိတဲ့ လူတစ်ယောက်ကို ခင်ဗျား ဘယ်နေရာမှာ
ရှာမလဲ၊ ငဆောမြောင်ဆိုရင် ဘယ့်နယ်လဲ၊ ဒါပေမဲ့ အဲဒီလိုဆိုပြန်တော့လည်း ငဆောမြောင်ကို ကျွန်တော်တို့ အိုလံပစ်
ကော်မတီကနေ ရွေးပြောင်းရတော့မယ်၊
တရုတ်ပြည်မှာ လူတစ်ယောက်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် သူတို့ရာထူးတိုးပေးရမယ်ဆိုရင် သူတို့မှာ ကိုယ်စား
လှယ်လောင်း ၃ ယောက်၊ ၄ ယောက်ရှိတယ်၊ အားလုံးက အညီအမျှကြီးကျယ်တဲ့ အရည်အချင်းတွေရှိကြတယ်၊
ဒါပေမဲ့ ဒါက ၁.၃ ဘီလီယံရှိတဲ့ ပြည်သူတွေလေ၊ ဘေဂျင်တက္ကသိုလ်က အပယ်ခံရတဲ့လူတွေက ကျွန်တော်တို့
တက္ကသိုလ်မှာ ပထမတန်းဖြစ်နိုင်ကြတယ်၊

ေမး - **ဒါဖြင့်ရင် ပေးခွန်းက - စင်ကာပူမှာ (နိုင်ငံရေးယှဉ်ပြိုင်မှု မရှိတာကြောင့်) ဆိုကြပါစို့၊ ယှဉ်ပြိုင်မှုရလဒ်အဖြစ် သူတို့
မြင့်တက်ခဲ့ကြတဲ့ တရုတ်ပြည်နဲ့ နိုင်းယှဉ်ရင် ကွဲပြားခြားနားတဲ့ ခေါင်းဆောင်လူစုတွေကို ခင်ဗျား တွေ့မှာလား။**

ေဖြ - ဟင့်အင်း . . . အဲဒါက ကွဲပြားခြားနားမှုဖြစ်တယ်လို့ ကျွန်တော် မထင်ဘူး၊ တရုတ်တွေရဲ့စနစ်က ကျွန်တော်တို့စနစ်
ထက်တောင် ပိုမိုရွေးချယ်စိစစ်မှုရှိတယ်၊ ဘာကြောင့်လို့လဲဆိုတော့ သူတို့က ရွေးကောက်ပွဲတွေ မလုပ်ကြလို့ပေါ့၊
ဒီတော့ EQ အပိုင်းကို သူတို့ လျစ်လျူရှုကြတယ်၊ ကျွန်တော်တို့က ရွေးကောက်ပွဲယှဉ်ပြိုင်ပြီး အနိုင်ရတဲ့လူတွေကို

Scanned by CamScanner

ယူကြရတယ်၊ ခေါင်းဆောင်မဲ့အဲဒီအရည်အချင်းတွေအားလုံးကို ခင်ဗျား ရနိုင်တယ်၊ ဒါပေမဲ့ ခင်ဗျား ရွေးကောက်ခံ
ယှဉ်ပြိုင်ပြီး အနိုင်မရနိုင်ရင် ခင်ဗျားရဲ့ ပဲဆန္ဒရှင်တွေအနားမှာ ကပ်နေပြီး နောက်တစ်ကြိမ် အနိုင်ယူပါ၊ ခင်ဗျား
သိပ်တန်ဖိုးရှိလှမှာ မဟုတ်ဘူး။

ဒါကြောင့် ခင်ဗျား စောစောရောက်လာရပြီး လူတွေနဲ့ ဘယ်လိုအဆင်ပြေအောင် နေရမယ်ဆိုတာ သင်ယူရတာပဲ၊
ကျွန်တော်တို့ရဲ့ဝန်စက သူတို့ကို ရေဒီဝင်ရဲ့အနက်ဆုံးထဲကို ပစ်ချလိုက်တယ်၊ သူတို့ မအောင်မြင်ရင် သူတို့ကိုတွန်း
တော်တို့ ဆယ်ထုတ်လိုက်ကြတယ်၊ ကုမ္ပဏီပိုင်းကလည်းမှာ ကျွန်တော်တို့ ရွေးကောက်ပွဲ အနိုင်ရရှိဖို့ မလိုဘူး၊ ဒီဆူး
အထက်ကလူတွေကို ခင်ဗျား ကျေနပ်အောင်လုပ်တာနဲ့ တစ်ပြိုင်နက် ခင်ဗျား အိုကေပြီး တရုတ်မှာလည်း ဒီအတိုင်း
လုပ်တယ်၊ သူတို့အောင်မြင်ကြတဲ့ စုဂိုမှာ ကျွန်တော်တို့နဲ့အတူ အလုပ်လုပ်ကြတဲ့ လူတွေအားလုံးဟာ အခုဆိုရင်
ဘောဂျင်နဲ့ အခြားပြည်နယ်အဝိုးရတွေထဲမှာ မြင့်မားတဲ့ရာထူးတွေ ရနေကြပြီး ဒါဟာ ခင်ဗျားရဲ့လုပ်ကိုင်ဆောင်ရွက်
က စကားစပြောတာပဲ။

ငေး - များစွာသော သာမန်စင်ကာပူသားတွေ၊ PAP ရဲ့အောင်မြင်ပြီးမြောက်မှုတွေကို သဘောကျ၊ လေးစားကြတဲ့
လူတွေဟာ ခင်ဗျားရဲ့ခေါင်းဆောင်ရွေးချယ်ခြင်းစနစ်ကို ရေပေါ်ဆီဆန်လွန်းတယ်လို့ မခံစားမိဘဲ မနေနိုင်ကြဘူး
ဒီစနစ်က၊ အခွင့်ထူးရရှိတဲ့ နောက်ကြောင်းရာဇဝင်က လာတဲ့လူတွေကို အခိုင်အမာ ပိုမိုနစ်သက်မှုရှိတာကိုပြသနေ
ပေါ်တယ်၊ အဲဒီလူတွေဟာ ထိပ်သီးကျောင်းတွေမှာ လေ့လာသင်ကြားခဲ့ကြပြီး နာမည်ကြီးတဲ့ တက္ကသိုလ်တွေမှာ
ပညာသင်ဆု ရရှိကြတယ်၊

ငမြ - ကျွန်တော်တို့တွေဟာ ရေပေါ်ဆီအဖွဲ့ဖြစ်ကြတယ်ဆိုတဲ့ လူပြောများတဲ့ ယုံကြည်ချက်က လုံးဝမှိုက်မဲတယ်၊ သူတို့
နားမလည်ကြဘူး၊ ခေါင်းဆောင်ခြင်းဟာ အရည်အချင်းတွေ တစ်လုံးတစ်ခဲစုဝေးထားတာဖြစ်ပြီး ဝိုလ်ဆူပ်၊ နိုင်ငံရေး
သမား၊ အမှုဆောင်အရာရှိဆူပ်၊ ဒါမှမဟုတ် အယ်ဒီတာဆူပ်၊ ဘယ်သူပဲဖြစ်ဖြစ် အဲဒီနယ်ပယ်အားလုံးနီးပါးမှာ ခေါင်း
ဆောင်တွေဟာ တူညီတဲ့အရည်အသွေးတွေ လိုအပ်တယ်ဆိုတဲ့ နားလည်မှုဆီကို အတွေ့အကြုံက ကျွန်တော်တို့ကို
တဖြည်းဖြည်း တွန်းပို့ပေးခဲ့တယ်၊

လက်တွေ့အမှန်ဖြစ်နေတာက ခင်ဗျား ဘယ်လိုပဲ အစပြုပြု၊ စနစ်က ဘယ်လောက်ပွင့်လင်းပြီး ဘယ်လောက်ညှာ
အမျော်အမြင် အတွေ့အကြုံရှိတဲ့ ခေါင်းဆောင်တွေနဲ့ အဆင့်ဆင့်ကွပ်ကဲ၊ ကွပ်ကဲ ခင်ဗျားဖွဲ့ပြိုးတိုးတက်လာတဲ့
အခါ ပြည်သူတွေဟာ ရောစပ်ပြီး အလှာတွေ ဖွဲ့လာကြတယ်၊ ပြည်သူတွေဟာ ပညာတတ်မြောက်လာကြတယ်၊
ထက်မြက်တဲ့ လူတွေက မြင့်တက်လာကြတယ်၊ အဆင့်တူ၊ ကောင်းစွာ ပညာတတ်မြောက်တဲ့ ကြင်ဖော်တွေကို
သူတို့လက်ထပ်ကြတယ်၊ ရလဒ်ကတော့ သူတို့ရဲ့ကလေးတွေဟာ ဥယျာဉ်မှူးတွေဖြစ်ကြတဲ့ လူတွေရဲ့သားသမီးတွေ
ထက်ပိုပြီး ထက်မြက်ကြဟန်တူတယ်၊ ဥယျာဉ်မှူး၊ ဒါမှမဟုတ် အလုပ်သမားတွေရဲ့ကလေးအားလုံး အသုံးမကျတဲ့
သူတွေဖြစ်ကြတယ်လို့တော့ မဟုတ်ပါဘူး၊ ရံဖန်ရံခါမှာ ဝီးခိုးရောင်မြင်းနှစ်ကောင်က မြင်းဖြူတစ်ကောင် မွေးထုတ်
နိုင်တယ်၊ ဒါပေမဲ့ အလွန်နည်းပါတယ်၊ ခင်ဗျားမှာ မြင်းဖြူနှစ်ကောင်ရှိရင် ခင်ဗျား မြင်းဖြူတွေ မွေးဖြူနိုင်မယ်
အခွင့်အရေးရှိတယ်၊

ဒါကို လူသိရှင်ကြား ထုတ်ဖော်ပြောခဲလုတယ်၊ ဘာကြောင့်လဲဆိုတော့ မြင်းဖြူမဟုတ်တဲ့လူက "မင်း . . . ဦးကို

Scanned by CamScanner

နိမ်နေတယ်" လို့ ပြောမှာမို့လို့ပါ၊ ဒါပေမဲ့ ဒါက ဘဝရဲ့အဖြစ်မှန်ပဲ၊ ခင်ဗျားမှာ ကောင်းမွန်တဲ့ပြင်းမတစ်ကောင်ရှိတယ်၊ ကောင်းမွန်တဲ့ ခင်ဗျားရဲ့ပြင်းမနဲ့ သားစပ်ဖို့အတွက် အသုံးမကျတဲ့ပြင်းသိုးတစ်ကောင်ကို ခင်ဗျား မလိုချင်ဘူး၊ ညည့်ဖျင်းတဲ့ပြင်းကလေးတစ်ကောင် ခင်ဗျားရသွားလိမ့်မယ်၊

ခင်ဗျားရဲ့ စိတ်စွမ်းအင်၊ ခင်ဗျားရဲ့ EQ နဲ့ ခင်ဗျားရဲ့ကျန်ရှိတဲ့အရာတွေဟာ ၇၀ ကနေ ၈၀ ရာခိုင်နှုန်းအထိက မျိုးရိုးဗီဇနဲ့ဆိုင်တယ်၊ ခင်ဗျား ရင့်မှည့်လာဖို့ အချိန်ယူတယ်၊ ဒါပါပဲ၊ ၂၀ ကနေ ၃၀ ရာခိုင်နှုန်းက ပြုစုပျိုးထောင်ရတယ်၊ ဘဝဟာ ဒီလိုသဘောရှိတယ်၊

ပေး - လက်ရွေးစင် အကျော်အမော် မွေးထုတ်ရေးဝါဒနဲ့ မျိုးရိုးဗီဇကိစ္စကို ဘေးဖယ်လိုက်တဲ့အခါ၊ ဒီနေ့ ခင်ဗျားမှာရှိနေတဲ့ အဆင့်ရောက်အောင် ခင်ဗျား အနစ်စိတ်ပြောင်းလဲထားတဲ့ ခေါင်းဆောင်တွေကို သွန်သင်ထိန်းကျောင်း၊ ရွေးချယ်၊ တံဆိပ်ကပ်တဲ့ လက်ရှိစနစ်နဲ့ဆိုရင် သူတို့ရဲ့လှုပ်စီးပွားရေး နောက်ကြောင်းရာဇဝင်နဲ့ ပတ်သက်တဲ့ကိစ္စမှာ အလွန်အလား သဏ္ဌာန်တူတဲ့ လူတွေနဲ့ ခင်ဗျား အဆုံးသတ်သွားနိုင်တယ်လို့ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား မစိုးရိမ်ဘူးလား။

ပြေ - ခင်ဗျား စင်ကာပူသားဖြစ်နေပြီး သူတို့အားလုံး တူညီတဲ့ ပညာရေးစနစ်ကို ဖြတ်သန်းကြရတာနဲ့ တစ်ပြိုင် နက် တစ်ခု တည်းသော ကွဲလွဲလာခြင်းကတော့ သူတို့နိုင်ငံခြားက တက္ကသိုလ်တွေဆီကို သွားကြသလား၊ ဒါမှမဟုတ် စင်ကာပူက တက္ကသိုလ်တွေဆီကို သွားကြသလားဆိုတာနဲ့ သူတို့ကို ကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်၊ ကွဲပြားခြားနားတဲ့ အတွေ့ အကြုံတွေနဲ့ တွေ့ထိစေတဲ့ ဘာပညာရပ်ကို သူတို့ ရွေးချယ်သလဲဆိုတာပဲ ဖြစ်တယ်၊

ပြင်သစ် ရေပေါ်ဆီတွေအားလုံးဟာ တူညီတဲ့ ကျောင်းတွေကို တက်ကြတယ်၊ လူတိုင်းဟာ အပျိုသားစားမေးပွဲတွေကို ဖြေဆိုကြတယ်၊ တစ်ဖန် ထိပ်သီးလူတွေဟာ ဇရပေါ်ဆီပညာရေးဌာနတွေထဲကို ဝင်ကြတယ်၊

ဂျာမန်ဝိုလ်ချုပ်အဖွဲ့ကလည်း အားလုံး အလားတူလမ်းစဉ် မူဝါဒတွေ သင်ယူကြတယ်၊ သူတို့ ဝိုလ်ချုပ်အဖွဲ့အလွန် အောင်မြင်တယ်လို့ ဂျာမန်တွေယုံကြည်တဲ့ အကြောင်းရင်းတွေထဲက တစ်ခုကတော့ ရေတန်းမှာ ခင်ဗျား တာဝန်ချ ထား တဲ့ ဝိုလ်ချုပ်ဟာ တခြားဝိုလ်ချုပ်တွေနဲ့ အဆင်ပြေနေတာကြောင့် ဖြစ်တယ်၊

ဂျာမန်မှာ တိုကျိုတက္ကသိုလ်ဟာ ထိပ်သီးရေပေါ်ဆီတက္ကသိုလ်ပဲ၊ ဘောဂျင်းမှာ တိုင်းပြည်အဝှမ်းက ထိပ်သီးအရည် အသွေးရှိတဲ့လူတွေဟာ ဘောဂျင်းတက္ကသိုလ်၊ ဒါမှမဟုတ် ကျင်ဟွာထဲကို ရောက်ဖို့အတွက် အပြင်းအထန် ပြိုင်ဆိုင် ကြတယ်၊ အဲဒါတွေကိုမရရင် ဖူဒန်ကိုတက်ဖို့ ပြိုင်ကြတယ်၊

ခင်ဗျားရရှိတဲ့ တစ်ခုတည်းသော ကွဲပြားခြားနားမှုကတော့ အမေရိကန်ပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့က အနောက်ဘက်ကမ်းရိုးတန်း၊ အနောက်အလယ်ပိုင်း၊ တောင်၊ မြောက်၊ အရှေ့ကမ်းရိုးတန်းတွေ ရှိတာကြောင့်ပို့ပေါ့၊ ရှေးယခင်အဓိန်ကတော့ အရှေ့ကမ်းရိုးတန်းကို ရောက်ကြလေ့ရှိတယ်၊ အခု သူတို့ စတန်ဖော်ဒ်၊ တက္ကဆပ်၊ အနောက် မြောက်ပိုင်း စသဖြင့် တည်ဆောက်ခဲ့ကြတယ်၊ သူတို့မှာ ကွဲပြားခြားနားတဲ့ ကျောင်းတွေရှိတယ်၊ ဆိုကာဂိုက မေလ

Scanned by CamScanner

ဃး - "နိုင်ငံရေးနဲ့ ကျွန်တော် မပတ်သက်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ PAP နဲ့ ကျွန်တော် ပူးပေါင်းရင် သူတို့လို စဉ်း
ရလိမ့်မယ်၊ သူဝို့နဲ့ကျွန်တော် တစ်ရာရာနိုင်နှုန်း သဘောမတူရင် စနစ်ထဲမှာ ကျွန်တော် အသက်ရှင်မှာ မဟုတ်ဘူး
သူတို့ပြောမယ့် အချက်ရှိပေမဲ့ ကြီးကျယ်တဲ့ ဝန်ကြီးတွေဖြစ်နိုင်မယ့် အလွန်ထက်မြက်တဲ့ လူပုဂ္ဂိုလ်တွေရှိသလ

ဇြ - မရှိပါဘူး၊ ဒါ လုံးဝ မမှန်ဘူး၊ ရေမွှန်လင်းဟာ အတင်းအကြပ်လုပ်ခိုင်း မခံရပါဘူး၊ ကျွန်တော်တို့ သူ့ကို အတ
အကြပ်လုပ်လို့ သူ့ရဲ့အမြင်တွေကို သူပြောင်းလဲရသလားဆိုတာ ခင်ဗျား အခု သူ့ကို စကားပြောနိုင်ပါတယ်၊
မဟုတ် ဝီဝီယံဘာလာကရစ်ရှ်နန်ကို ပြောပါ၊ ဒါမှမဟုတ် ဖြစ်ပျက်တဲ့အရာတွေ သူ့ကိုပြသပြီး ဆောင်ရွက်ဖို့အတွ
အလုပ် တစ်ခုပေးတဲ့အခါ အဲဒီကိစ္စကို ပြေလည်စေဖို့အတွက် သူ့ရဲ့အတွေးအခေါ်စဉ်းစားမှုတွေကို သူ ပြန်ပြင်ဆို
ရသလားဆိုတာ မေးကြည့်ပါ၊

ဃး - ဒါပေမဲ့ လူတွေကို နိုင်ငံရေးထဲဝင်ဖို့ ခင်ဗျား ပထမဦးဆုံး တောင်းဆိုတဲ့အခါ ဘယ်လို စိုးရိမ်မှုပန်မှုမျိုးနဲ့ ခင်ဗျား
ကြုံရင်ဆိုင်ရသလဲ၊

ဇြ - မဟုတ်ဘူး၊ သူတို့ရဲ့စိုးရိမ်မှုပန်မှုက "ငါရှိနေတဲ့နေရာမှာ ငါမျော်တယ်၊ ငါ့ကလေးတွေ ကြီးပြင်းပြီး တက္ကသိုလ်သွ
ခဲ့ကြတဲ့ ၄ နှစ်အချိန်အတွင်းမှာ ဖြစ်ကောင်းဖြစ်နိုင်တယ်" လို့ ဖြစ်လိမ့်မယ်၊ သူတို့ရဲ့ စိုးရိမ်မှုပန်မှုက အဲဒီလို
လွန်ခဲ့တဲ့ ၁၅ နှစ်၊ နှစ် ၂၀ က ဝမ်သလမ်းနဲ့အတူ ဂိုဘွန်းဝိုးရှိနေစဉ်အခါက သူ့ကို ကျွန်တော်တို့ ရဖို့ ကြိုးစားခဲ့ကြ
တယ်၊ သူနဲ့အတူ ကျွန်တော် နေ့လယ်စာ စားခဲ့တယ်၊ ချုပ်တောင်ကလည်း အဲဒီလို လုပ်ခဲ့တယ်၊ "ကျွန်တော်
အောင်မြင်တဲ့ ကော်ပိုရေးရှင်း လုပ်ငန်းခေါင်းဆောင်တစ်ယောက် ဖြစ်ချင်တယ်" လို့ သူက ကျွန်တော်တို့ကို မှ
မှုံ့လင်းလင်း ပြောပြတယ်၊ သူဖြစ်လာတယ်၊ ဒါက သူ့ရဲ့ရွေးချယ်မှုပါ၊ သူ ဝန်ကြီးကောင်းတစ်ယောက် ဖြစ်မှာ
ဒါပေမဲ့ အခုတော့ သိပ်နောက်ကျသွားပြီ၊ အခု မဲဆန္ဒနယ်ပြတစ်ခုဆီကို သွားပြီး ပြည်သူတွေနဲ့ တွေ့ဆုံစကားပြော
တွေ မလုပ်နိုင်တော့ဘူး၊ ခင်ဗျား အသက် ၃၁ ဝန်းကျင်အစ၊ ဒါမှမဟုတ် ၄၀ ဝန်းကျင်အစလောက်မှ စလုပ်ရမယ်၊ ဂု
ကော် ၅၀ နားကပ်သွားရင်း မပြောင်းလဲနိုင်တော့ဘူး၊

ဃး - နိုင်ငံရေးသမားကောင်းတွေ ဖြစ်နိုင်တဲ့လူတိုင်းရဲ့ပင်ကိုအစွမ်းတွေ ခင်ဗျားဘီးစိတ်တိုက်ရာဖွေခဲ့ပြီးတာ သေ
ရဲ့လား၊ ခင်ဗျားနဲ့ ပြင်းပြင်းထန်ထန် သဘောကွဲလွဲတဲ့လူတွေကရော ဘယ်လိုလဲ၊

ဇြ - သူတို့ ကျွန်တော်တို့နဲ့ သဘောထားကိုက်ညီသလား၊ မညီသလားဆိုတာက မှတ်ကျောက်မဟုတ်ပါဘူး၊ ခင်ဗျားမှာ
မှတ်ကျောက်တင်တာရှိသလား၊ ခင်ဗျားမှာရှိရင် ခင်ဗျားကို ကျွန်တော်တို့ တွေ့ချင်တယ်၊ ခင်ဗျားကို ကျွန်တော်တို့
ဘေးဆောင်တိုက်တွန်းချင်တယ်၊ ခင်ဗျားကျွန်တော်တို့နဲ့ သဘောကွဲလွဲတာက အဆက်အစပ်မရှိပါဘူး၊ ခင်ဗျားကျွန်
တော်တို့ကို ပြောင်းလဲနိုင်တယ်၊ ကျွန်တော်တို့က ကျိုးကြောင်းဆင်ခြင်တတ်တဲ့ ဆင်ခြင်တုံတရားရှိတဲ့ လူတွေမို့
ကျွန်တော်တို့မှားနေရင် ခင်ဗျား ကျွန်တော်တို့ကို အသိပေးပါ၊ ကျွန်တော်တို့ ပြောင်းလဲမယ်၊

Scanned by CamScanner

မေး - အပေါ်ယံကိစ္စတွေလောက်မှာသာမဟုတ်ဘဲ အရေးကြီးပြီး အခြေခံကျတဲ့ ပြဿနာတွေပေါ်မှာ စင်ဂျားရဲ့တွေးခေါ်စဉ်းစားမှုတွေကို ငယ်ရွယ်တဲ့ဝန်ကြီးတွေက ပြောင်းလဲခဲ့တဲ့ နမူနာကောင်းတွေ အများကြီးရှိသလား။

ဖြေ - ၁၉၉၀ ပြည့်နှစ်ကတည်းကစပြီး ကျွန်တော် ဝန်ကြီးချုပ် မဟုတ်တော့ဘူး။ ဒါကြောင့် သူတို့နဲ့ ကျွန်တော် အပြောအဆို ပြောဆိုဆက်ဆံမှု မရှိတော့ဘူး။ သူတို့နဲ့ကျွန်တော့်ရဲ့ပြောဆိုဆက်ဆံမှုက ပါလီမန်နဲ့ ကက်ဘိနက်မှာ လူမှုရေးအရရှိတယ်၊ သူတို့ရဲ့ဝန်ကြီး အလုပ်တွေက ဝန်ကြီးချုပ်ဆီကို သွားကြတယ်။ ကျွန်တော့်ဆီကို မလာကြဘူး၊ အဲဒီအလုပ်တွေကို ကျွန်တော် သုံးသပ်ချက်မချဘူး။

မေး - စင်ဂျားရဲ့ပြောဆိုဆက်ဆံမှုကို အခြေခံတဲ့အခါ စင်ဂျားရဲ့အတွေးအခေါ်တွေကို သူတို့ ပြောင်းလဲခဲ့တဲ့ နမူနာတွေ ကျွန်တော်တို့ကို စင်ဂျား ပြသနိုင်မလား။

ဖြေ - ရေမွှန်လင်းကဖြစ်နိုင်သမျှ ကျွန်တော်တို့ရဲ့ကုမ္ပဏီများစွာကို ပုဂ္ဂလိကပိုင် လုပ်သင့်တယ်လို့ ကျွန်တော့်ကို အသိပေးခဲ့တယ်။ ဒါပေမဲ့ ပြဿနာက လွှဲပြောင်းယူမယ့်လူတွေကို ကျွန်တော်တို့ ဘယ်လိုရှာမလဲ၊ SIA ကို ပုဂ္ဂလိကပိုင်လုပ်ပါ။ PSA ကို ပုဂ္ဂလိကပိုင်လုပ်ပါလို့ ပြောတယ်။ စင်ဂျား ပုဂ္ဂလိကပိုင်လုပ်ရင် အဲဒါကို အဓိကအစုရှယ်ယာဝင်တစ်ယောက်ဆီ လွှဲပေးရလိမ့်မယ်။ သူက အရောရှိတွေ၊ ဝန်ထမ်းတွေ ခန့်အပ်မှုကို ကြီးကြပ်ရလိမ့်မယ်။ စင်ဂျား ဘယ်သူ့ကို လွှဲပေးရမလဲ။ OCBC၊ DBS၊ UOB၊ ဒါမှမဟုတ် တဲမာဆက်ကို လွှဲပေးမလား။ ဒါက ပြဿနာပဲ၊ လူတွေ ရှားပါးနေတယ်။

မေး - ကက်ဘိနက်ထဲမှာ အုပ်စုဖွဲ့စဉ်းစားမှု ရှိသလား။ အခြေအတင်ဆွေးနွေးပွဲမှာ ဘယ်လိုကြံ့ခိုင်မှုရှိသလဲဆိုတာ စင်ဂျား ကျွန်တော်တို့ကို ပြောပြနိုင်မလား။

ဖြေ - ကျွန်တော်တို့မှာ လွတ်လပ်တဲ့စိတ်ရှိတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အကြံအစည်စိတ်ကူးတွေကို တစ်ဦးကို တစ်ဦး ရောင်းချကြတဲ့လူတွေ မဟုတ်ဘူး။ ခက်ခဲတဲ့ အရှင်မေးခွန်းထဲက အများအပြားကို ဆွေးနွေးပွဲများစွာမှာ ကျွန်တော်တို့ စေ့စေ့စပ်စပ် ပြန်လှန်သုံးသပ်ကြပြီး ဆုံးဖြတ်ချက်ကို ဖွင့်ထားကြတယ်။ ငယ်ရွယ်တဲ့ ဝန်ကြီးတွေကို စင်ဂျား မေးပါ။ ကျွန်တော့်ကိုမေးတာ အလကားပဲ။

တခြားဝန်ကြီးတွေက ကျွန်တော်မပါဘဲ ဆွေးနွေးကြတယ်။ သူတို့ကို ကျွန်တော့်ဩဇာလွှမ်းမိုးခြင်းမဖြစ်အောင် သူတို့အရင်ဦးဆုံး ဆွေးနွေးကြပြီး ဘာလုပ်ကြမယ်ဆိုတာ ဆုံးဖြတ်ကြတယ်။ အဲဒီနောက် ကျွန်တော်နဲ့သူတို့ ဆွေးနွေးကြတယ်။ နွေလယ်စာစားချိန်မှာ သူတို့ အတွင်းကက်ဘိနက်အကြို ဆွေးနွေးပွဲလုပ်ကြတယ်။ အဲဒီနေရာမှာ သူတို့လွတ်လွတ်လပ်လပ် စကားပြောကြတယ်။ အဲဒါကို ဂိုဏ်းတော်နဲ့ သူတို့ စလုပ်ကြတယ်။ ပြီးတော့ လီရှန်လွန်းအောက်မှာ ဆက်လုပ်ကြတယ်။ ဂိုဏ်းချုပ်တောင်ဝန်ကြီးချုပ်ဖြစ်လာတဲ့ ၁၉၉၀ ပြည့်နှစ်ကစပြီး ဝန်ကြီးတွေကို ကျွန်တော် မခန့်အပ်တော့ဘူးဆိုတာ အမှတ်ရကြပါ။

ပထမပိုင်း နှစ်အနည်းငယ်အတွင်းမှာ "အင်း . . . ဒီလူက ဟိုလူထက်ပိုကောင်းတယ်လို့ ကျွန်တော်ထင်တယ်" လို့ ကျွန်တော်ပြောတယ်။ ဒါပေမဲ့ပထမပိုင်းနှစ်အနည်းငယ်ကုန်ပြီးနောက်ပိုင်းမှာ သူ့ရဲ့အဖွဲ့ထဲမှာ ရိုးဖို့အတွက် ဘယ်သူ့ကို

Scanned by CamScanner

သူလိုအပ်တယ်၊ ဘယ်သူ့ကို သူယုံကြည်တယ်ဆိုတာ သူဆုံးဖြတ်တယ်။ ကျွန်တော် သူနဲ့ သဘောတူချင်မှတူမယ့် အမှန်ပဲ၊ အမှုကိစ္စ အနည်းငယ်မှာ ကျွန်တော်က ဆိုင်းငံ့နေမယ်လို့ပြောတယ်။ ဒါပေမဲ့ သူက ဆက်လုပ်တယ်၊

ငမ း - အမြင်တစ်ခုက ဒီလိုရှိတယ်၊ ကက်ဘိနက်မတိုင်မီ အစည်းအဝေးက ခင်ဗျားရဲ့သြဇာအရှိန်အဝါဟာ အင်အားတော့ လွန်းနေသေးပြီး ခင်ဗျား အလွန် လွှမ်းမိုးကြီးစိုးနေတာကြောင့် ခင်ဗျားမပါဘဲ သူတို့ ဆွေးနွေးကြဖို့ လိုအပ်တယ်၊ ဒါမှသာ လွတ်လပ်ပြီး ဈေးကွက်ကို ဆွေးနွေးပွဲရှိလိမ့်မယ်ဆိုတဲ့ သက်သေဖြစ်နေတယ်၊

ငဖြ - ကျွန်တော် အခုဖြစ်နေတာထက် တခြား ဘာဖြစ်နိုင်မလဲ၊ ထင်ပြောရက်တစ်ခုကို ကျွန်တော်ဖော်ပြတဲ့အခါ ဂရုတစိုက် မစဉ်းစားဘဲ အလျင်အမြန် တုံ့ပြန်တာမျိုးမလုပ်ဘူး။ အဲဒါဟာ ကျွန်တော်စဉ်းစားထားတဲ့အရာ၊ ကျွန်တော့်ရဲ့ယုံကြည်အတွေ့အကြုံတွေ သြဇာလွှမ်းမိုးထားတဲ့ အရာဖြစ်တယ်၊

ကျွန်တော့်ရဲ့အမြိန်လွန်သွားပြီလို့ ဘယ်သူပြောရဲသလဲ၊ ကျွန်တော်ဟာ ဂျေပီမော်ဂန်ဘုတ်အဖွဲ့၊ ပြင်သစ်ကုမ္ပဏီကြီး တိုတယ်ဘုတ်အဖွဲ့နဲ့ တခြားဘုတ်အဖွဲ့ အနည်းငယ်ထဲမှာရှိနေတယ်၊ သူတို့ ကျွန်တော့်ကို ပြန်လည်ခန့်အပ်ကြတဲ့အခါ ကျွန်တော်က သူတို့ကို "ဒီမယ်...ကျွန်တော်လွဲချော်သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်ကို ပြောပြကြပါ။ ကျွန်တော် အသက် ၈၀ ကျော်နေပြီ" လို့ ပြောတယ်၊

ဘေလ်ကလင်တန်က ကျွန်တော့်ကို ဘာကြောင့် သူ့ရဲ့ဟောင်ကောင်က ဆွေးနွေးပွဲဆီကို လာစေချင်တာလဲ၊ သူ့အလှူငွေကောက်ခံမှုကို အာရုံအလှူရှင်တွေ လှူတန်းအောင် သွေးဆောင်ဖို့အတွက် ကျွန်တော့်ကို သူလိုချင်တာ သူ့ကို ကျွန်တော် ဆန့်ကျင်ပြောဆိုဖို့ ပြင်ဆင်ထားတာကြောင့် ကျွန်တော့်ကို သူ ခေါ်တယ်၊ သူက ထက်မြက်တယ်၊ ဒါပေမဲ့ ကျွန်တော် မမိုက်မဲဘူး၊ ကျွန်တော့်မှာ အတွေ့အကြုံရှိတယ်၊ "ကျွန်တော် သဘောမတူဘူး၊ ဒါက ကျွန်တော်ရဲ့ အကြောင်းပြချက်" လို့ ကျွန်တော်ပြောဖို့ ပြင်ဆင်ထားတယ်၊ ဒါက အသက်ဝင်တဲ့ အခြေအတင် ငြင်းခုံပွဲတစ်ခု ဖြစ်ဖေတယ်၊

ကျွန်တော် စောစောပိုင်းတစ်ရက်ကပဲ နလုံးခုန်စက် ထည့်ဖို့အတွက် ခွဲစိတ်ထားပြီးရုံဖြစ်ပေမဲ့ ကျွန်တော်သွားတယ်၊ သူ့ရဲ့ဇနီး နိုင်ငံခြားရေးဝန်ကြီးမဖြစ်ခင် ကျွန်တော်လာမယ်လို့ သူ့ကို ကတိပေးခဲ့တယ်၊ တွေ့ဆုံပွဲအပြီးမှာ သူက... "ခင်ဗျား ကျွန်တော့်အဖေပါ အကြွေးတင်သွားပြီ" လို့ ပြောတယ်၊ ကျွန်တော်က "တရားဝင်တဲ့ဟာကိုပဲ ကျွန်တော် တောင်းဆိုပါမယ်" လို့ တုံ့ပြန်ပြောတယ်၊

ဒီစက် (သူဦးခေါင်းကိုညွှန်ပြလျက်) သွားနေသရွေ့ကျွန်တော်ကောင်းနေတယ်၊ ဒီစက် (သူနလုံးကိုညွှန်ပြလျက်) က အရင်ဦးဆုံး ရပ်တန့်ကောင်း ရပ်တန့်နိုင်တယ်၊ ဘာလုပ်ရမလဲ၊ ဘဝဆိုတာ ဒီလိုပဲ၊ ကျွန်တော့်တို့ ဘယ်တော့သွား ရမလဲဆိုတာ ကြိုတင်မခန့်မှန်းနိုင်ဘူး၊ ဒါပေမဲ့ ကျွန်တော် စွမ်းဆောင်နိုင်သရွေ့ကတော့ ကျွန်တော့်ရဲ့ စွမ်းဆောင်မှုက စင်ကာပူမှာ ကျွန်တော်တို့ ဇအောင်မြင်ပြီးမြောက်ခဲ့တဲ့အရာကို ခိုင်မာအောင် ကြိုးစားလုပ်ကိုင်ဖို့ပဲ၊ ခေါင်းဆောင်တစ်ယောက်၊ ဒါမှမဟုတ် စနစ်တစ်ခုခုကို ခိုင်မာအောင်မြှင့်လုပ်ဖို့ ကျွန်တော် စိတ်မဝင်စားဘူး၊ ဒီနေရာမြင့်တက်လာတာကို မြင်ခဲ့တဲ့နောက်တော့၊ မြေတံကျသွားမှာကို ကျွန်တော် မတွေ့မြင်ချင်ဘူး၊ ရှင်းရှင်းကဇလးပါ၊

Scanned by CamScanner

ခွ - ဖိအားတွေကတော့ တစ်ပုံစံတည်း ဖြစ်ချင်မှဖြစ်မယ်၊ အဲဒါတွေက သေရေးရှင်ရေးတော့ မဟုတ်ဘူး၊ ကျ ရောက်လာ ဆဲဆဲလည်း မဟုတ်ဘူး၊ အဲဒေမဲ့အပြာတစေ့ပြောင်းလဲမှုကကြီးမားတဲ့စိတ်ဖိစီးမှုကိုဖြစ်ပေါ်စေတယ်၊ (ကမ္ဘာလုံးဆိုင်ရာ ကြားပြီအကြပ်အတည်းရဲ့) လက်ရှိအခြေအနေကို ကြည့်ပါ၊ ကျွန်တော် ဝန်ကြီးချုပ်ဖြစ်နေရင်၊ အချက်အလက် တွေထဲမှာ နှစ်မြှုပ်နေပြီး ကိန်းဂဏန်းတွေကိုကြည့်ရင်း "ဒါငါတို့တတ်နိုင်ပါ့မလား" လို့ ပြောနေလိမ့်မယ်၊ ဒါမှမဟုတ် "ဒီလိုသာ ခုနှစ်၊ ငှနှစ်ခန်းသွားနေရင် ဘာတွေဖြစ်လာမလဲ" လို့ ပြောနေလိမ့်မယ်၊ လတ်တလောဖြစ်လာတဲ့ဖိအား တွေက အရင်နဲ့မတူတော့ဘူး၊

အစောတည်းကစပြီး ရေအသစ်မရခင်အထိ ရေအတွက် စိတ်ဖိစီးမှုနဲ့ ကျွန်တော် နေခဲ့ရတယ်၊ ရေအသစ်ရတဲ့အထိ ကျွန်တော်ဝိုင်ရေရှိနိုင်မှုကို လုံခြုံစေဖို့အတွက် ကျွန်တော် အာရုံစိုက်နေခဲ့တယ်၊ ကျွန်တော် ဝန်ကြီးချုပ်မဖြစ်တော့ တဲ့အခါမှာတောင်မှ တိုးတက်မှု ဘယ်လိုရှိသလဲဆိုတဲ့ အစီရင်ခံစာအပြည့်အစုံကိုတောင်းတယ်၊ ရေနဲ့ပတ်သက်တဲ့ အခြေအနေကို ဘယ်သူမှ ကျွန်တော့်လောက် ကောင်းကောင်းမသိဘူး၊

ဒါပေမဲ့ လက်ရှိအဖွဲ့ထဲက ဗဟိုအဖွဲ့ဝင်တွေဟာ အသိပညာပိုင်းမှာ ကျွန်တော့်အဖွဲ့ထက် ပိုပိုနိမ့်ကျတယ်လို့ ကျွန် တော် မထင်ဘူး၊ တွန်းကန်ထွက်လာတဲ့ ပြင်းပြတဲ့စိတ်တွေ သူတို့ လိုအပ်ကောင်း လိုအပ်နိုင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီလောက်အထိ ပြင်းထန်တဲ့ ဖိအားတစ်ခုအောက်ကို တစ်ခါမှ သူတို့ မရောက်ခဲ့ကြဘူး၊

ေမး - အဲဒါပြဿနာတစ်ခု မဟုတ်ဘူးလား၊

ခြ - ဟင့်အင်း . . . ကျွန်တော် အဲဒါကို မပြောနိုင်ဘူး၊ သူတို့အားလုံး စီးပွားရေးကျောင်း တက်ခဲ့ကြတယ်၊ ဒါမှမဟုတ် ပြည်သူ့စီမံခန့်ခွဲရေးကို လေ့လာသင်ကြားခဲ့ကြတယ်၊ သူတို့မဖတ်ဘူးတဲ့ စနစ်တွေက အနည်းအကျဉ်းပဲရှိတယ်၊ ဒါပေမဲ့ ကျွန်တော့်သင်ခန်းစာက လမ်းပေါ်မှာ သင်ကြားခဲ့ရတယ်၊ ဒါဟာ ကွဲပြားခြားနားတဲ့ မျိုးဆက်ပဲ၊ ဒါပါပဲ၊ ဂေါ့ဒွန် ဘရောင်းဟာ ကလေမင်အက်တလီတစ်ယောက်၊ ဒါမှမဟုတ် ဟူရိုက်စကဲလ် (ပြိတိန်ဘဏ္ဍာရေးဝန်ကြီးနှင့် အတိုက် အခံခေါင်းဆောင်) တစ်ယောက်ဖြစ်မှာမဟုတ်ဘူး၊ သူက ကွဲပြားခြားနားတဲ့ပုံစံ၊ ကွဲပြားခြားနားတဲ့ နောက်ခံကြောင်း ရာဇဝင်၊ ကွဲပြားခြားနားတဲ့ အခြေအနေတစ်ခုဖြစ်တယ်၊ ဝင်စတန်ချာချီရဲ့သားနဲ့ဖြေးတွေက သူ့ကို မမီကြဘူး၊

ေမး - အဲဒေမဲ့ သူတို့ရဲ့သမိုင်းမှာ သူတို့ရဲ့ သမရိုးကျ အကျင့်စရိုက်နဲ့ ဆန့်ကျင်လုပ်ဆောင်ကြတဲ့ ခေါင်းဆောင်တွေ ထွက် ပေါ်ခဲ့ကြတယ်၊ မာဂရက်သက်ချာလိုမျိုးပေါ့၊ ဝင်ချားရဲ့ ဝေးရျယ်ခြင်းစနစ်မှာ အများနဲ့ အယူအဆကွဲလွဲသူတွေ ပေါ် ထွက်လာနိုင်ဖို့အတွက် ဖန်ရာရှိမလား၊

ခြ - ဝင်ချားဟာယွင်းတဲ့လားရာကို သိတဲ့အခါအဲဒါနဲ့ဆန့်ကျင်ဘက်ဆီကို သွားဖို့အတွက် ပြင်ဆင်ထားရမယ်၊ "မဟုတ်ဘူး ...ဒါမှားတယ်၊ ငါတို့ ပြောင်းပြန်သွားရမယ်" လို့ ပြောဖို့အတွက် ဝင်ချား ပြင်ဆင်ထားရမယ်၊

Scanned by CamScanner

အခြေခံအားဖြင့် မှားယွင်းနေတဲ့ လားရာဘက်ဆီကို ကျွန်တော်တို့သွားနေတာ ကျွန်တော် မမြင်ဘူး၊ မြင်လို့လဲ
"ဒီမယ် . . . မင်းတို့ လမ်းမှားဆီကို ဦးတည်နေတယ်လို့ ငါထင်တယ်" လို့ သူတို့ကို ကျွန်တော် ပြောပြမယ်၊ အဲဒီ
ကျွန်တော် မမြင်ဘူး။ ကျွန်တော့်မှာရှိတဲ့ ရွေးချယ်စရာတွေကို အတွင်းဝိုင်းအရ၊ ဒေသဆိုင်ရာအရ၊ နိုင်ငံတကာအ
ဂရုတစိုက် တွက် ချက်ခဲ့ကြတယ်၊ ပြောင်းလဲကောင်း ပြောင်းလဲနိုင်တဲ့ အရာတွေက နိုင်ငံတကာ အခြေအနေ
ဆိုင်ရာ အခြေအနေ တွေဖြစ်လိမ့်မယ်၊ အဲဒီအခါကျရင် ပြဿနာကို ခင်ဗျား ပြန်စဉ်းစားရလိမ့်မယ်၊

F-15 တိုက်လေယာဉ်တစ်စင်းထက် ပိုမိုစွေးချိုသော

"ဒါက ကျွန်တော့်ရဲ့ရွေးကွက်တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတဲ့ အထင်အမြင်တစ်ခု ခင်ဗျားကိုပေးရမယ်" ဟု
ကွမ်ယုက ကျွန်တော်တို့ကို စာရွက်စာတမ်းတချို့ကမ်းပေးရင်း ပြောသည်၊ ကွန်ပျူတာပရင့်ထုတ်ထားသော စာရွက်များထဲတွ
စာရင်းသွင်းထားသောအရာများက ၁၉၉၀ ပြည့်နှစ်၊ နိဝင်ဘာလတွင် ဝန်ကြီးချုပ်အဖြစ် သူ နှုတ်ထွက်ပြီးကတည်းက သူ
ကိုယ်တွေ့မှတ်တမ်းများ၊ ပိန်ခွန်းပြောပွဲများနှင့် အကြံပေးဘုတ်အဖွဲ့အမျိုးမျိုးနှင့် တွေ့ဆုံပွဲများမှ သူရရှိသော အခကြေးငွေမှ
ဖြစ်ကြသည်၊ ၎င်းတို့အားလုံးကို အခွန်ဖြတ်တောက်ခြင်းမပြုဘဲ ပညာရေးရန်ပုံငွေ ၃ ခုကို ဦးစားပေးဖျော လှူဒါန်းခဲ့သည်၊

၁၉၉၁ ခုနှစ်ကတည်းကစ၍ စင်ကာပူဒေါ်လာ ၁၃ သန်းနီးပါး (စင်ကာပူဒေါ်လာ ၁၂ သန်းနှင့် ငွေကြေးအမျိုးမျိုးပြ
ကျွန်ငွေများ)ကို သူ လှူဒါန်းခဲ့သည်၊ "ကျွန်တော် ပိုးရွာချသူတစ်ယောက်ဖြစ်ဖို့အတွက် လိအင်လိဆီသွားဖို့ မလိုဘူး" ဟု
ခုနစ်ကတည်းက သူတည်ထောင်ခဲ့သော ဥပဒေကုမ္ပဏီကို ရည်ညွှန်းလျက် သူကပြောသည်၊ ကျွဲထုတ်ဖော်ပြမှုက သူ့အတွက်
ပိုက်ဆံအရေးကြီးသည်ဟု သံသယစိတ် ရေးတေးတေးရှိသူများကိုလည်း လမ်းမှန်ပေါ်သို့ရောက်စေကောင်း ရောက်စေလိ
မည်၊ ဝန်ကြီးလစာနှင့် ပတ်သက်၍ အငြင်းအခုံဖြစ်နေသော ပေါ်လစီ၊ သူ အစပျိုးခဲ့သောပေါ်လစီကို ကျွန်တော်တို့ ဆွေးနွေး
ကြတော့မည်၊

၁၉၉၃ ခုနှစ်တွင် လီက သူတို့၏လစာများကို ပုဂ္ဂလိကကဏ္ဍမှ လစာနှင့် ကန့်သတ်ထားမည့် ဖော်ပြမှုလာတစ်ခု
အဆိုပြုပြီး ဤသို့ဖြင့် လစာက ဈေးကွက်နှင့်အတူ အတက်အကျရှိမည်ကို ဆိုလိုနေသည်၊ ပါလီမန်က ၎င်းကို ၁၉၉၄ ခုနှ
တွင် အတည်ပြုသည်၊ နိုင်ငံရေးရာထူးရယူထားသူများနှင့် ထိပ်သီးအစိုးရ အရာပိုဘက်အမှုထမ်းများအတွက် စံနှုန်းလစာ
ရှေ့နေများ၊ ဘဏ်လုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ စာရင်းကိုင်များ၊ လူမျိုးပေါင်းစုံအကြီးအကဲများနှင့် ဒေသတွင်းကုန်ထု
လုပ်သူများ စသည့်အသက်မွေးလုပ်ငန်း ၆.၃ မှ ထိပ်သီးအခကြေးငွေရရှိသူ ဧဉီးတို့၏ တစ်ဝက်ဝင်ငွေ ၃ ပုံ ၂ ပုံ၌ သတ်မှတ်သည်
၂၀၀၉ ခုနှစ်တွင် ဝန်ကြီးတစ်ယောက်၏ နှစ်စဉ် လစာဝင်ငွေက ဒေါ်လာ ၁.၅ သန်းသို့ ရောက်ရှိနိုင်ပြီး ဝန်ကြီးချုပ်၏လစာက
ဒေါ်လာ ၃ သန်းကျော်သွားသည်၊

ပေါ်လစီ၏ ဉာဏ်အမြော်အမြင်ပြည့်ဝမှုကို ထပ်ဆိုးတလည်းတည်း ရှင်းပြခဲ့သည်၊ သို့သော် ဤပြဿနာက အရာ
သဖြင့် ထိပ်သီးအရာရှိတစ်ယောက် မှောက်မှားသောအခါ ရုတ်ခနဲ့ရုံခါ ပေါ်ထွက်လာတတ်သည်၊ ဝန်ကြီးများကို လစာကောင်
စွာပေးရန် လိုအပ်ကြောင်းကို လူများစွာတို့က လက်ခံကြသည်၊ သို့သော် မည်မျှပေးရမည်နှင့် ဝန်ကြီးတိုင်း ထိုကဲ့သို့သော
လစာနှင့် တိုက်တန်သလားဆိုသည်တို့နှင့် ပတ်သက်၍ သဘောမတူကြချေ၊ အတိုက်အခံများက ပြည်သူများကို ၎င်းတို့
ဆန့်ကျင်ရန် နှိုးဆော်ကြသည်၊ ၂၀၀၆ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အလုပ်သမားများ၏ ပါတီက ၎င်း၏ကိုယ်ပိုင်ဝေါ်

Scanned by CamScanner

လာတို့ ကမ်းလှမ်းသည်။ ဝန်ကြီးများ၏လစာကို အောက်ခြေဝန်ထမ်းလစာ၏ ၂၀ ရာရိုင်နှုန်းကို ၁၀၀ ဖြင့် မြှောက်ရန် ဖြစ်သည်။

လိက ပေါ်လစီကို အကျင့်ပျက်ချစားမှုအား တားဆီးပြီး ရာထူးရရှိထားသူများ၏ စွန့်လွှတ်ရမှုကို ကာဗိုအောင် ပြုသော်ကြောင်း။ ပိုက်ဆံနှင့် မယတ်သက်ကြောင်း ငြင်းခုံမှုနှင့် စပ်လျဉ်း၍ ၎င်းအတွက် သူတွင် စကားတစ်ခွန်းရှိသည်၊ ၎င်းက "သူတော်ကောင်းယောင်ဆောင်ထားခြင်း" ဟုဆိုသည်။ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုမှ နိုင်ငံရေးသမားများက စာအုပ်များ စီဝင်ခြင်း၊ သင်ကြားပို့ချခြင်းနှင့် အကြံပေးအကျိုးဆောင်ခြင်းတို့ဖြင့် နောက်ပိုင်း၌ အကျိုးအမြတ် လုလုယယရရှိရန် သူတို့ကိုယ်သူတို့ နေရာချထားကြသည်။ ၎င်းက ခေါင်းဆောင်များကို "ထွက်ပေါက်ဗျူဟာများ" ဖန်တီးခြင်းဖြင့် မကြာခဏ စိတ်အာရုံများစေသည်။ "ဝင်ငွေး အဲဒီဝန်စ်ကို လိုချင်သလား" သူကမေးသည်။

မေး - ဝန်ကြီးလစာတွေနဲ့ပတ်သက်တဲ့ အခြေအတင်းထွေးနွန်းပွဲက ဘာကြောင့် အသံထွက်ပေးတာလဲ။

ဖြေ - လစာတွေမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် လုံးဝကျေနပ်ပါတယ်။ အနှောက်မှာ သူတို့ ဘာလုပ်ကြမယ်ဆိုတာကို လက်ရှိခေါင်းဆောင်တွေ ဆုံးဖြတ်ကြရမယ်။ ဒါပေမဲ့ ကျွန်တော်သာ သူတို့ဖြစ်မယ်ဆိုရင် ဇော်ပြုလာကို ကျွန်တော် တွယ်ကပ်ထားမယ်။ ဇော်ပြုလာကို အဆင့်မြှင့်ကောင်း မြှင့်မယ်။ လူတွေက ကျွန်တော်တို့စနစ်ကို သိတယ်။ ဝင်ငွေးကောင်းနေရင် ဝင်ငွေးကို နေခိုင်းကြလိမ့်မယ်။ ဝင်ငွေးနေတဲ့အခါ သက်တမ်း ၃ ကြိမ်၊ ၄ ကြိမ်၊ ၅ ကြိမ် ထမ်းဆောင်မယ်။ အဲဒီအချိန်ကျရင် ဝင်ငွေးမှာ အတွေ့အကြုံကြွယ်ဝချမ်းသာမှုနဲ့ တော်သင့်အောင် ပြုလုပ်ထားတဲ့ သုံးသပ်ချက်တွေရှိတာကြောင့် ဝင်ငွေး အမှန်တကယ်ကို ဝန်ကြီးကောင်းတစ်ယောက် ဖြစ်လာတယ်။ ဝင်ငွေးပထမဦးဆုံးအကြိမ် ဝန်ကြီးဖြစ်လာတဲ့အခါ ဝန်ကြီးကောင်းတစ်ယောက် ဖြစ်မလား။ မဖြစ်ဘူး။ ဝင်ငွေး သက်တမ်းနှစ်ကြိမ်ပြီးမှ ဝန်ကြီးကောင်းဖြစ်မယ်။ အဲဒီအခါကျမှ ဝင်ကာပူကို ဝင်ငွေး နားလည်မယ်။ ပြည်သူတွေကို ဝင်ငွေး နားလည်မယ်။ အစိုးရလုပ်ငန်းကို နားလည်မယ်။ ဘာဖြစ်နိုင်တယ်ဆိုတာကို နားလည်မယ်။ သူတို့ကို ကျွန်တော်တို့ ဘာကြောင့် လုပ်ခဲ့အများကြီးပေးသလဲ။ ဘာကြောင့်လဲဆိုတော့ မပေးရင် ဝင်ငွေး သက်တမ်းတစ်ဝက်ပဲ အမှုထမ်းဆောင်ပြီး "ငါသွားတော့မယ်ဟေ့" လို့ ပြောလိမ့်မယ်။

ဒီလိုအခြေအနေမှာ သူတို့ဝင်လာကြမလား။ ဗီဒီယိုဘာလာတရစ်ရှိနှုန်ဝင်လာမလား။ အောင်ဟင်ဝင်လာတယ်။ သူတကယ်ဆာခွဲစိတ်ကု ဆရာဝန်တစ်ယောက်အဖြစ် ဒေါ်လာ ၃ သန်း ဝင်ငွေရနေတယ်။ ရှန်မွက်က အလုပ်ကောင်းတဲ့နစ်တွေမှာ ဒေါ်လာ ၅ သန်း ဝင်ငွေရနေတယ်။ ဝင်ငွေး သူ့ကို ဒေါ်လာ ၃ သိန်းပေးမလား။ ဝင်ငွေး သူ့ကို တစ်သန်းကျော်ပေးရမယ်။ သူကပိုက်ဆံနောက်လိုက်တဲ့လူမဟုတ်တော့ ကျေနပ်တယ်။ ကောင်းမွန်တဲ့အလုပ်ကို သူလုပ်ချင်တယ်။ သူ့အတွက် လုံလောက်တယ်လို့ သူထင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့က သူတို့ကို အလုပ်မှာ ဆက်လက်နေပြီး သင်ယူကြီးထွားစေချင်တယ်။ သက်တမ်း နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် လုပ်စေချင်တယ်။ အဲဒီအခါကျရင် သူတို့ အမှန်တကယ်ကို အစေတွဲအကြုံရှိလာလိမ့်မယ်။

ဝန်ကြီးချုပ်က ဝန်ကြီးတစ်ယောက်ကို ပုဂ္ဂလိကကဏ္ဍက လစာတွေရဲ့ ၉၀ ရာခိုင်နှုန်း လစာပေးနိုင်ဖို့အတွက် ဥပဒေမှာ ပြင်ဆင်ချက်တစ်ခု ကျွန်တော်လုပ်ခဲ့တာ ဝင်ငွေး သတိပြုမိလိမ့်မယ်။ ဒါပေမဲ့ အဲဒါကို သူ မကျင့်သုံးဘူး။ ဘာမှာ ပြင်ဆင်ချက်တစ်ခု ကျွန်တော်လုပ်ခဲ့တာ

Scanned by CamScanner

ကြောင့်လဲဆိုတော့ အဲဒါက ဝန်ကြီးတွေကြားမှာ မညီမျှမှုတချို့ဖန်တီးတာကြောင့်ဖြစ်တယ်။ သူတို့လာခဲ့တဲ့နေ့
သူတို့မလာခင်က သူတို့ ဝင်ငွေကောင်းကောင်းရရှိတဲ့အရာတွေမှာ မညီမျှဘူး။ ဒါကြောင့် သူက သူတို့တွေကြားမှ
ဟန်ချက်တချို့ထိန်းထားဖို့ ကြိုးစားတယ်။ သူတို့အားလုံးကို လစာတပြေးညီမပေးဘူး။ ဘာကြောင့်လဲဆိုရင်
သူတို့ရဲ့အကူအညီပေးမှုကလည်း မတူညီတာကြောင့်ဖြစ်တယ်။ ဒါကို ကျွန်တော် ဒီလိုမြင်တယ်။ ဝန်ကြီးချုပ်ဟာ
အဖွဲ့တစ်ဖွဲ့ရဲ့အမှုဆောင် အရာရှိချုပ်ဖြစ်တယ်။ ဒီအဖွဲ့ကို အလုပ်လုပ်အောင် သူလုပ်ရတယ်။ ပြီးတော့ ဒီအဖွဲ့က
စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ 0.02 ရာခိုင်နှုန်းထက် ပိုနည်းတယ်။ ဒါမှမဟုတ် F-15 လေယာဉ်တစ်စင်းအတွက်
ကာကွယ်ရေးဝန်ကြီးဌာနက ပေးရတာထက် ပိုနည်းတယ်။

cu: - ခင်ဗျားရဲ့ဝန်ကြီးလစာပေါ်လစီက တော်တော့်ကို လူကြိုက်မများဘဲရှိနေတာကို ခင်ဗျား မစိုးရိမ်ဘူးလား။

cြ - ရာထူးဟာ ဂုဏ်သိက္ခာအတွက်ဆိုတာ ပြည်သူတွေ မျော်မှန်းထားတာတွေပါ။ အဲဒီလိုမဟုတ်ဘူး။ သက်တမ်းတို့
ကြိမ် ရာထူးထမ်းဆောင်တာဟာ ဂုဏ်သိက္ခာတစ်ခုပါ။ အဲဒါက ဘော့ရော်ဘင် (အမေရိကန် ဘဏ္ဍာရေးဝန်ကြီး
ဟောင်း) နဲ့တူတယ်။ သူက သက်တမ်းတစ်ကြိမ်နဲ့ တစ်ဝက်လုပ်တယ်။ ထားလိုက်ပါတော့။ စီးတီးဂရုနဲ့ သူပူးပေါင်းပြီး
အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ယူတယ်။ ဒါမှမဟုတ် အလန်ဂရင်းစပန်း (ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း) ရှိတယ်။
သူက ဘဏ္ဍာရေးသုတေသီအဖြစ် ကြီးပွားချမ်းသာခဲ့တယ်။ သူသက်တမ်း ၃ ကြိမ်၊ ၄ ကြိမ်လုပ်ခဲ့ပြီး သူ့အတွက်
ကြီးကျယ်တဲ့နာမည်တစ်ခုထားခဲ့တယ်။ သူ့ရဲ့ကျမ်းကျင်မှုအမျိုးမျိုးနဲ့ သူဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်စဉ်အခါက သူလုပ်ခဲ့တဲ့
ကွန်ဂရက်ကြောင့် အပြင်မှာ ကြွယ်ဝချမ်းသာနေတယ်။
ဒီလိုပဲ (အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဟောင်း) ဟန်ရီပေါ်ဆန်က ရွေးကောက်ခံ သက်တမ်းတစ်ဝက်စာ အလုပ်လုပ်
ခဲ့တယ်။ သူက Goldman Sachs ရဲ့အမှုဆောင်အရာရှိချုပ်ဖြစ်တယ်။ သူ့ရဲ့ရှယ်ယာတွေကို သူရောင်းချလိုက်တယ်။
ဒါပေမဲ့ သူရဲ့ orput then inem eseron တန်ဖိုးက ဘဏ္ဍာရေးဝန်ကြီးအဖြစ် သူရဲ့ပြုမူဆောင်ရွက်ချက်နဲ့အညီ
အတက်အကျဖြစ်ပေါ်တယ်။ လယ်ရီဆမ်ဟတို့ တင်ဂိတ်နာ (အမေရိကန်ဘဏ္ဍာရေးဝန်ကြီးများ) တို့ကလည်း
ဒီအတိုင်းပဲ။
ပေါလ်ဗော်ကာ (စီးပွားရေးပြန်လည်နလန်ထူရေးအကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အိုဘားမားအုပ်ချုပ်ရေးယခင်ဗဟိုဘဏ်
ဥက္ကဋ္ဌ 1979, 1987)က တစ်မူထူးတဲ့လူတစ်ယောက်ဗျ။ သူက အလွန်စွမ်းဆောင်နိုင်တဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့
လစာက အလွန်နည်းပါးတယ်။ တစ်ခါက သူ့ကိုကျွန်တော်မေးဖူးတယ်။
"ခင်ဗျားဘာကြောင့် ဒါကို လုပ်ရတာလဲ"
လို့ သူ့ကို ကျွန်တော်တစ်ခါမေးဖူးတယ်။
"ပရင်စတန်မှာ ကျွန်တော်တို့ကို လူအဖွဲ့အစည်းအတွက် တန်ဖိုးရှိအောင် ပြုစုပျိုးထောင်ပေးတယ်"
လို့ သူကပြောတယ်။ နောက်ပြီး သူအနားယူတဲ့အခါမှာတောင်မှ သူပိုက်ဆံသွားမရှာဘူး။ LKY ကျောင်းဘုတ်အဖွဲ့
မှာ အစဉ်အလုပ်လုပ်နေတယ်။ အင်ဒိုနီးရှားမှာ အကြံပေးကောင်စီ ဥက္ကဋ္ဌပေါ့။ ကျွန်တော်နဲ့အတူ အစဉ်ပေါ့။ အစုံ
အလုပ်ကို အိုဘားမားအတွက် သူ လုပ်ပေးခဲ့တယ်။ ဥက္ကဋ္ဌကော်ခ အနည်းအကျဉ်းပဲ ရကောင်းရနိုင်တယ်။ သူက
အထူးကဲထုံး လူတစ်ယောက်ပဲ။ ဒါပေမဲ့ သူအလုံအလောက်ရနေပြီလို့ထင်တယ်။ သူ ငွေကြေးတချို့ရှာဖွေတဲ့တစ်ခု

Scanned by CamScanner

တည်းဆောသော အလုပ်အကိုင်က အလွန်ကုန်ပစ္စည်းရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုမှာ (ကမ္ဘာဘက်ခွဲကွင်းဖြစ်ခဲ့သူ) ဂိမ်းဝိုင်ဆင်ဆွန်နဲ့ မူးပေါင်းတဲ့အဖိုန်ကဖြစ်တယ်။ ဒါပေမဲ့ သူပဲရှိတယ်။ အမေရိကန်မှာ ပေါလ်တောကာတွေ အများကြီး ခင်ဗျား ရှာတွေ့မှာမဟုတ်ဘူး၊ သူတို့ ဘာတွေလုပ်နိုင်တယ်ဆိုတာ သူတို့အားလုံး သိကြတယ်။ ပိန်ခွန်းပြောတာတွေ၊ ကွန်ယက် အလုပ်တွေ စသဖြင့် ပေါ့ဗျာ။

ေမး - ဒီလစာပေါ်လစီက ခင်ကာပူ အောင်မြင်မှုအတွက် ခင်ဗျားထောက်ခံတဲ့အတိုင်း အရေးတကြီးနိုင်ငံခြားရင် ဒီလောက် များများတဲ့ ခင်ကာပူသားတွေက အဲဒါကို ဘာကြောင့် ကန့်ကွက်ကြတာလဲ၊

ြေ - ခင်ဗျား ကွဲပြားခြားနားတဲ့ တိုင်းပြည်တစ်ပြည်မှာရှိဖို့ လိုအပ်တယ်။ အဲဒါဆိုရင် ဒါဟာ ဘယ်လောက် တစ်မူထူးခြား သလဲဆိုတာ ခင်ဗျား နားလည်လာလိမ့်မယ်။ ငွေကြေးနိုင်ငံရေးက ယဉ်ကျေးမှုဖြစ်နေတဲ့ကမ္ဘာဒီဘက်အပိုင်းမှာ ကျွန်တော်တို့ရှိနေတယ်။ ကျွန်တော်တို့ ရှိနေတာ ဥရောပမှာမဟုတ်ဘူး။ ဩစတြေးလျမှာ မဟုတ်ဘူး၊ ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေ ကြီးစိုးတဲ့ လူဦးရေနဲ့ သယံဇာတအရှိုရှိုတဲ့ ဒေသမှာ မဟုတ်ဘူး။ ကျွန်တော်တို့ ဒီစနစ်ကို ထိန်းသိမ်းနိုင်မလား ဟုတ်လား။ ခင်ဗျားလိုလူတွေကို ခင်ဗျားမြင်နိုင်တယ်။ သူတို့ရဲ့နှိုးတွေက ရွှေသီးနေကြတယ်။ ခင်ဗျားရဲ့ ဇနီးကရော ဘယ်လိုလဲ၊ ခင်ဗျားတို့ ပြိုင်ဆိုင်နေကြတာမဟုတ်ဘူး။ ကျွန်တော့်ဇနီးက ရတနာတွေ မဆင်မြန်းဘူး။ ရွှေနာရီတစ်လုံးနဲ့ ပုလဲလည်ဆွဲတစ်ကုံးလောက်ပဲ ဝတ်ကောင်းဝတ်မယ်။ ပြီးတော့ ဝန်ကြီးတွေအားလုံးလည်း ဒီအတိုင်းသွားကြတယ်။ ကျွန်တော်တို့ ဒီစနစ်ကို ထိန်းနိုင်မလား။ ဟုတ်ကဲ့ ... မြင့်မြတ်တဲ့ရည်ရွယ်ချက်နဲ့ ရိုးသားဖြောင့်မတ်မှုရှိတဲ့လူတွေကို ကျွန်တော်ရရင် ထိန်းနိုင်တယ်။

နှစ်အနည်းငယ်ကြာတိုင်းအစိုးရကို ခင်ဗျားပြောင်းလဲရင် ဒီစနစ်ကို ခင်ဗျားထိန်းနိုင်မလား။ မထိန်းနိုင်ဘူးလား။ မထိန်းနိုင်ဘူး၊ တူညီတဲ့လမ်းကြောင်းဆီကို ခင်ဗျား မလွှဲမရှောင်သာ ဆင်းသွားရလိမ့်မယ်။ စင်ကာပူမှာ ခင်ဗျားကို ကျွန်တော် ဒီလိုမျက်နှာသာပေးပြီး ဒီလိုခွင့်မြှုချက်လိုင်စင်ပေးရင် ခင်ဗျားက ကျွန်တော့်ကို ခင်ဗျားရဲ့တိုင်းပြည်မှာ ဒီလိုခွင့်မြှုချက် လိုင်စင်ပေးမယ်။ ဒါမှမဟုတ် အသုံးချခွင့်ပေးမယ်။ လာဘ်ထိုးတာကို ခင်ဗျား ဘယ်လိုသက်သေပြမလဲ၊ ခင်ဗျားက ကျွန် တော့်ကို မျက်နှာသာပေးမယ်။ ကျွန်တော်က ခင်ဗျားကို မျက်နှာသာပေးမယ်။ ဒါပါပဲ၊

ကျွန်တော်တို့ ဒီဒေသပတ်ဝန်းကျင်မှာ ရှိနေကြတယ်။ ဒါပေမဲ့ ဝိုင်းရပ်ဝိုးတွဲကပ်နေတဲ့ဒေသမှာ ကျွန်းကျွန်းမာမာ နေရသလိုမျိုး သန့်သန့်ရှင်းရှင်းနေကြရမယ်။ ဒါက မလွယ်ဘူး။ အဂတိလိုက်စားမှု ကာကွယ်ဆေးထိုးထားတဲ့ လူတွေကို ခင်ဗျား လိုအပ်တယ်။ ခေါင်းဆောင်တွေရဲ့ ဒီဝဲန္ဒန်းကို ကျွန်တော်တို့ ဆုံးရှုံးတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ရဲ့ရပ်တည်မှုပြိုလဲကျပြီး PAP ထွက်သွားရလိမ့်မယ်။

ေမး - ဝန်ကြီးလစာတွေကို ပုဂ္ဂလိကကဏ္ဍပိုင် ထိပ်သီးငွေတွေနဲ့ ကန့်သတ်တဲ့စနစ်ကို အစိုးရပြန်လည်လုပ်ဆောင်လာကတည်းက ၁၄ နှစ်ကြာကာလကို မြန်ကြည့်တဲ့အခါ ရလဒ်ကို ခင်ဗျား ကျေနပ်ရဲ့လား။

ြေ - အဲဒီအချိန်ကတည်းကစပြီး ရွေးကောက်ပွဲ ၃ ကြိမ် ဖြစ်ခဲ့တယ်။ ရွေးကောက်ပွဲတိုင်းမှာ မြင့်မားတဲ့လစာ ပြဿနာ ပေါ်ထွက်လာတယ်။ အဲဒါက ဒီလောက်ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်ပြီး ကျွန်တော်တို့ မဖြေရှင်းနိုင်ရင် ရွေးကောက်ပွဲတွေမှာ တခြားလမ်းကို သွားကြလိမ့်မယ်။ PAP ထွက်သွားရလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဖြေရှင်းနေတယ်။

Scanned by CamScanner

စနစ်အောင်မြင်နေတယ်။ အဲဒါ စာက်လက်အောင်မြင်မလား။ အောင်မြင်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။ ဒါ
မြို့ပြင် ညှိနှိုင်းမှုလိုမလား။ လိုတယ်။ စီးပွားရေးနဲ့ ပုဂ္ဂလိကပိုင်ကလ္ပာ ဘယ်လိုသွားမလဲဆိုတာ ကျွန်တော်မသိ
တချို့ကလ္ပာတွေက တခြားဟာတွေထက် ပိုမို မြန်မြန် ဆန်ဆန် ကြီးထွားကောင်း ကြီးထွားလိမ့်မယ်။ ဖော်ပြလာ
ကျွန်တော်တို့ ကိုက်ညီ မြှုပြင်ရတယ်။

ကွန်မြူနစ်တွေလို ခင်ဗျား တွေးကြည့်လေ။ ခင်ဗျား အဆင့်ဘယ်လောက်ဆိုတာ သတ်မှတ်ထားတယ်။ ခင်ဗျား
ကေဒါအဆင့် ၁၊ ကေဒါအဆင့် ၂၊ ကေဒါအဆင့် ၃၊ ကေဒါအဆင့် ၄ စသဖြင့် ဖြစ်တယ်လို့ ကျွန်တော် ဆုံးဖြတ်အ
ကေဒါအဆင့် ၁ အဖြစ် ခင်ဗျားဟာ ဒီထိပ်သီးဈေးဆိုင်၊ ဒီထိပ်သီးဆေးရုံ စသဖြင့်ကို သွားပိုင်ခွင့်ရှိတယ်။ ဒီဆိုင်
တွေအားလုံး ကုန်ပစ္စည်းတွေ ပြည့်လျှံနေပေမဲ့ ခင်ဗျား ဝယ်ယူဖို့ ပိုက်ဆံလိုအပ်တဲ့အခါ အဲဒီစနစ် ကျဆုံးသွားတ
ခင်ဗျားလိုချင်တဲ့အရာကို ခင်ဗျား ရသလား၊ မရဘူးလားဆိုတာဟာ ပိုက်ဆံက အဆုံးအဖြတ်ပေးမယ့် အကြော
ချင်းရာပါ။ အရာရှိတွေက "မင်းကို ငါ ဒီလိုင်စင်ပေးမယ်။ မင်း သန်းပေါင်းများစွာ ရှာနိုင်တယ်။ မင်း ငါ့ကို အဲဒီ
တချို့တစ်ဝက်ပေး" လို့ ချက်ချင်းပြောကြတယ်။ ဒီတော့ အကျင့်ပျက်ချစားတာတွေ ဝင်လာတယ်။ ရုရှားအာရှ
အကျင့်ပျက်ချစားတာဟာ ဒီလိုမျိုးနဲ့ ဖြစ်လာတယ်။ တရုတ်နဲ့ ဗီယက်နမ်အရာရှိတွေကလည်း ဒီလိုဖြစ်လာ
တယ်။

ကျွန်တော်တို့ အဂတိမလိုက်စားရဘူး။ ကျွန်တော့် အဂတိလိုက်စားတာနဲ့တစ်ပြိုင်နက် ပွဲသိမ်းသွားလိမ့်မယ်
စီးပွားရေးကျဆင်းမှုဖြစ်ဖြစ်၊ မဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်။ ဘာကြောင့်လဲဆိုတော
စီးပွားရေး ကျဆင်းနေစဉ်အတွင်းမှာ သူတို့က "အိုကေ . . . ဈေးပေါနေတုန်းမှာ ငါ စင်ကာပူကိုသွားမယ်။ တ
ဆောက်မှုတွေပြီးစီးတဲ့အခါ စီးပွားရေး နလန်ထူမှုဖြစ်ပေါ်နေပြီး ဒေသမှာ ငါနောက်တစ်ကြိမ် စီးပွားရေးလုပ်မယ်
ပြောကြလိမ့်ပါ။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ထိရောက်မှုရှိပြီး ရိုးသားဖြောင့်မတ်သလို
ယုံကြည်အားထားရမှုလည်း ရှိတာကြောင့်ပို့ပေါ့။ ကျွန်တော်တို့ရဲ့ပေါ်လစီတွေကို ကျွန်တော်တို့ ဈေးဈေး မပြော
လဲဘူး။

မေး - စိုးရိမ်ပူပန်စရာတစ်ခုက ဒီလိုမြင့်မားတဲ့လစာနဲ့ဆိုရင် ဝန်ကြီးဧတွေက ဝန်ကြီးချုပ်ကို ကျေးဇူးတင်လာကြပြီး
ဆုံးရှုံးစရာတွေ များလွန်းလာတာကြောင့် ဝန်ကြီးချုပ်ရဲ့ဆန္ဒကို လွန်ဆန်ဖို့ ကြောက်ရွံ့လာကြတယ်။

ဖြေ - ရှန်မွက်ဟာ ဥပဒေလောကဆီကို ပြန်သွားဖို့ ကြောက်ရွံ့နေသလား။ သူ အချိန်မရွေး ပြန်သွားနိုင်တယ်။ သူရဲ့ဂုဏ်
သိက္ခာကို သူ တည်ဆောက်ခဲ့တယ်။ ဇအင်ဟင်က သူ့ရဲ့လက်တွေ့ လေ့ကျင့်မှုပျက်ကောင်း ပျက်နိုင်တယ်။ အဲဒါမျိုး
သူဟာ ထိပ်တန်းခွဲစိတ်ကုဆရာဝန်တစ်ယောက် ဖြစ်နေတုန်းပဲ။ သူတို့ကို ဘာမျှ ရှုပ်ကိုင်မထားပါဘူး။ ဒါဟာ
အဓိပ္ပာယ်မရှိဘူး။ ခင်ဗျားမပြည့်မီရင် ပြုတ်ကျသွားမယ်။ ခင်ဗျား ပြည့်မီရင် အစားထိုးတစ်ယောက်ရှာဖွေဖို့ စက်ဒ
တယ်။ ဒါ ရိုးရိုးရှင်းရှင်းကလေးပါ။ ဝန်ကြီးချုပ်တစ်ယောက်ဟာ ဝန်ကြီးတစ်ယောက် အမိန့်နာခံနေအောင် သူ့ကို
ကြည့်ရှုစောင့်မမှုကို အသုံးချနေရင် သူဟာ အသုံးမကျတဲ့ ကက်ဘိနက်အဖွဲ့နဲ့ ကတ်သိမ်းသွားရလိမ့်မယ်။

Scanned by CamScanner

ပေး - သူတို့မှာ ရွေးချယ်စရာတွေရှိပြီး သူတို့ ထွက်သွားနိုင်ကြတာကြောင့် ကက်ဘိနက်ထဲမှာ ခေါင်းညိတ်နေတဲ့လူတွေ မရှိဘူးလို့ ခင်ဗျားပြောနေတယ်၊ ဂျန်မှဂပ်နဲ့ ငအင်ဟင်လိုလူတွေကို ခင်ဗျား ဖော်ပြခဲ့တယ်၊ ဂျန်မှဂပ်လို လူတစ်ယောက်အနေနဲ့ ရွေးချယ်စရာရှိတယ်ဆိုတာ လူအများစုက လက်ခံကြလိမ့်မယ်၊ ဒါပေမဲ့ တခြားကက်ဘိနက်အဖွဲ့ဝင်တွေ၊ အထူးသဖြင့် ဆိုကြပါစို့၊ စစ်တပ်၊ ဒါမှမဟုတ် အရပ်ဘက်အစိုးရဌာနကနေ ကူးပြောင်းလာကြတဲ့လူတွေနဲ့ အစကတည်းက ပညာတတ်တွေဖြစ်ကြတဲ့ လူတွေအတွက် အဲဒါကသိပ်မမှန်ဘူးမဟုတ်လား။

ပြေ - သူတို့ အရည်အချင်းရှိကြတဲ့လူတွေဖြစ်ရင် ထွက်သွားလို့ ပြဿနာမရှိပါဘူး။ ခင်ဗျား ဝန်ကြီးတစ်ယောက်အဖြစ် အောင်မြင်ရင် ထွက်သွားဖို့ပြဿနာမရှိပါဘူး။ ဒီဟာက သေးငယ်တဲ့အသိုင်းအဝိုင်းတစ်ခုပါ။ ထိပ်တက်ထိပ်ဆုံးမှာ၊ ဆိုကြပါစို့၊ အမှုဆောင်ချုပ်တွေ၊ အရာရှိချုပ်တွေ၊ ဥက္ကဋ္ဌတွေ၊ ဒု - ဥက္ကဋ္ဌတွေ ဘယ်သူက ဘယ်သူလဲဆိုတဲ့စာရင်းကို ခင်ဗျားရမယ်ဆိုရင် ခင်ဗျား လူ ၃၀၀၀ လောက်ထက် ပိုပြီး မရနိုင်ဘူး။ ခင်ဗျား တယ်လီဖုန်းကောက်ကိုင်လိုက်ပြီး "ဒီလူကို မင်းသိလား။ သူက ဘယ်လိုလဲ" လို့မေးတယ်၊ ထူးချွန်တဲ့လူတိုင်းရဲ့အရည်အသွေးကိုသိရှိတဲ့အလုပ်သမားရှာဖွေတဲ့ လူတွေရှိတယ်၊

များပြားတဲ့လစာပြဿနာကို ဘယ်တော့မှ အပြည့်အဝ ဖြေရှင်းနိုင်မှာမဟုတ်ဘူး၊ တရိုင်ကာမူသားတွေက ဝန်ကြီးတွေဟာ ဂုဏ်သိက္ခာနဲ့ ဂုဏ်ရောင်ထွန်းပြောင်မှုအတွက် လုပ်သင့်တယ်လို့ ယုံကြည်နေကြတယ်၊ ဒါပေမဲ့ လူဘယ်လောက်များများက သက်တမ်းတစ်ကြိမ်ထက် ပိုပြီး လုပ်မှာလဲ၊ ကျွန်တော်တို့မျိုးဆက်ကလုပ်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေက အရာရာတိုင်းကို စွန့်လွှတ်ဖို့အတွက် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြင်ဆင်ခဲ့ကြတာကြောင့် ဖြစ်တယ်၊ ကျွန်တော်တို့ ယုံကြည်တာကိုလုပ်ဖို့အတွက် ကျွန်တော်တို့ရဲ့အသက်ကို ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံခဲ့ကြတယ်၊

အမွေဆက်ခံမယ့် မျိုးဆက်တစ်ခုက အဲဒါကို လုပ်နိုင်ပါ့မလား။ သူတို့မှာက အခုဆိုရင် ရွေးချယ်စရာတွေ အများကြီးရှိတယ်။ ကျွန်တော်သာ အခု အသက် ၃၀ အရွယ်ရှိရင် မလွဲမသွေနိုင်ငံရေးထဲကိုဝင်မလား။ မဝင်ဘူး၊ ကျွန်တော် ဘာကြောင့် မဝင်သလဲ၊ ကျွန်တော့်ရဲ့ကိုယ်ပိုင်လွတ်လပ်မှု ကျွန်တော် ဆုံးရှုံးတယ်၊ နိုင်ငံရေးထဲက ကျွန်တော် ဘာရမလဲ။ ပစ်ပစ်ခါခါ ဝေဖန်ချက်တွေပေါ့၊ ကျွန်တော် အတတ်ပညာတစ်ခုထဲကို ဝင်နိုင်တယ်၊ ကျွန်တော့်ညီက ရှေ့နေအဖြစ် ဒေါ်လာ သန်း ၁၀၀ ကျော် ရှာခဲ့တယ်။ ဥပဒေကနေ အိမ်ပြဲပြေနဲ့ သဘောလုပ်ငန်းထဲကို သူဝင်တယ်၊ ကျွန်တော် ဒါကို ဘာကြောင့် လုပ်နေသလဲ၊ ဂုဏ်ရောင်ထွန်းပြောင်မှု မရှိဘူး၊ ဒါက ရွေးထွက်ရတဲ့ဟာ၊ ခင်ဗျားမှာ ဒီဝန်ထုပ်ဝန်ပိုးကြီးရှိတယ်၊ ရေရှိရှိရေးအတွက် ပူရတယ်၊ နောက်နှစ် ဝီးပွားရေးတွက် ရတက်မအေးရဘူး၊ သံမဏိစက်ရုံတွေလို ညစ်ညမ်းမှုဖြစ်တဲ့ စက်မှုလုပ်ငန်းတွေက ကျွန်တော်တို့ရဲ့အနီးပတ်ဝန်းကျင်မှာ အဝီအစဉ်တွေ ချမှတ်နေကြတယ်၊ ပြီးတော့ မုတ်သုန်လေကလည်း ကျွန်တော်တို့အပေါ် မီးခိုးမြှုတွေ တိုက်ခတ်နေတယ်၊ ဒီဖြစ်နိုင်တဲ့ပြဿနာတွေအားလုံးအတွက် ခင်ဗျား စိုးရိမ်ပူပန်ရတယ်၊

ဒီတော့ ငယ်ရွယ်တဲ့မျိုးဆက်က "ငါ နိုင်ငံရေးနဲ့ ဝေးဝေးနေလို့ အခြေအနေတွေ ဆိုးဝါးလာရင် အထုတ်အပိုးပြင်ပြီး သွားမယ်၊ ငါ့မှာ အမေရိကန်ဂရင်းကဒ်ရှိတယ်" လို့ စဉ်းစားတယ်၊ ဒါတွေဟာ အခုအခါမှာ ပညာကောင်းကောင်းတတ်တဲ့ စင်ကာပူသားတွေအတွက် ပွင့်နေတဲ့ အစားထိုးအရာတွေပေါ့၊

Publishing House

Scanned by CamScanner

ကျွန်တော့်ရဲ့ပျိုးဆက်ကို ဆက်ခံဖို့အတွက် ခင်ဗျား နောက်ထပ်တော်လှန်ရေး လိုအပ်တယ်။ ကျွန်တော် နှုံးသွ
ထဲကို ဝင်တဲ့အခါတုန်းက ကျွန်တော် သက်စွန့်ဆဲဖျား လုပ်ခဲ့ရတယ်။ ကျွန်တော့်ကုသိုလ်ကံကြောင့်သာ မဟုတ်ဘဲ
ကျွန်တော် ရုံးနိမ့်သွားရင် ကွန်မြူနစ်တွေက ကျွန်တော့်ကို ဖမ်းဆီးပြီး ဦးနှောက်ဆေးကြောပေးကြလိမ့်မယ်။ ကျွ
တော့်ရဲ့ပျိုးဆက်က ထပ်ထုတ်လို့ ရနိုင်တာ မဟုတ်ဘူး။

ငမး - ၁၉၉၄ ခုနှစ်က မိန့်ခွန်းနှစ်ခုမှာ ဝန်ကြီးလစတပေါ်လစီ ချမှတ်တာဟာ ပဂ္ဂလိကကက္ကာ အတွေ့အကြုံရှိတဲ့ ဝန်ကြီး
လိုအပ်နေတဲ့ ပြဿနာ ဖြစ်ပေါ်လာတဲ့အတိုင်း လင်ကင်ဆန်လိုအပ်ချက်တစ်ခုကို ဖြေရှင်းပေးလိမ့်မယ်လို့ ဖော်
ပြောခဲ့တယ်။ ကက်ဘိနက်မှာ အခု ခင်ဗျားရရှိနေတဲ့ ဝန်ကြီးမျိုးစုံနဲ့ ခင်ဗျား စိတ်ချမ်းသာရဲ့လား။

ငဖြ - ဒီနေ့ လင်ကင်ဆန်ကတော့ ဝင်လာချင်မှ ဝင်လာလိမ့်မယ်။ ကျွန်တော် ခက်ခဲတဲ့ အခြေအနေမှာ ရှိနေတယ်ဆိုတာ
သိလို့လင်ကင်ဆန်ဝင်လာခဲ့တယ်။ သူကဂိုကင်ဆွိုးနဲ့ရင်းနှီးတဲ့သူငယ်ချင်းဖြစ်တယ်။ သူကျွန်တော့်ကိုသိတယ်။ သူ
အစွမ်းအစရှိတဲ့လူတွေဝင်မလာခဲ့ရင် စင်ကာပူပြုကွဲကျနိုင်တယ်ဆိုတာ သူသိတယ်။ အဲဒီအခါကျရင် သူရဲ့ဂိုဏ်း
လုပ်ငန်း ဘာဖြစ်သွားမလဲ။ ဒါပေမဲ့ ဒီနေ့အခြေအနေမှာ လင်ကင်ဆန်တစ်ယောက်က "ဟင့်အင်း...ဟင့်အင်း...ဘ
တော် ဒီအထဲမှာ မပါပါရစေနဲ့။ ကျွန်တော်က မိန့်ခွန်းပြောတတ်တဲ့ လူမဟုတ်ဘူး။ ကလေးတွေကို လိုက်နမ်းရှုတ်ရင်း
ကျွန်တော် မလုပ်ချင်ဘူး" လို့ ပြောလိမ့်မယ်။ ဒါပါပဲ။ အခြေအနေက ပြောင်းလဲသွားပြီ။ ကျွန်တော်တို့ လူအခွဲအလိုက်
ပြောင်းလဲသွားပြီ။ ရှေ့ကိုဆက်သွားရမယ့် နိုင်ငံရေးဇာတ်ညွှန်းက ပြောင်းလဲသွားပြီ။ ဒီလို စွန့်လွှတ်စွန့်စားမှုတွေ
သူတို့ဘာကြောင့်လုပ်ရမလဲဆိုတဲ့ အကြောင်းရင်းကို သူတို့ မမြင်ကြတော့ဘူး။
အက်ဒီဘာလာကို ကျွန်တော် ရှေ့နေအလုပ်စွန့်လွှတ်ခိုင်းခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ "အက်ဒီဟာ ပြီးလဲကျွမ်းကျ
မင်း ရှေ့နေလိုက်နိုင်လိမ့်မယ်လို့ ထင်သလား။ ကွန်မြူနစ်တွေ သိမ်းပိုက်ရင် ဥပဒေဘာဖြစ်သွားမလဲ" လို့ သူက
ကျွန်တော် ပြောခဲ့တာကြောင့်ပို့ပေါ့။
သူက အဲဒါကို ဇသသေချာချာ စဉ်းစားတယ်။ ကျွန်တော်မှန်တယ်။ ဒါကြောင့် သူဝင်လာတယ်။ ဒါပေမဲ့ စင်ကာပူ
ရှိတက်နေပြီး အခြေအနေတွေ တည်ငြိမ်နေပုံပေါ်တာနဲ့တစ်ပြိုင်နက် သူက "ဒီမယ်...ကျွန်တော် အိမ်အပြေးခံထား
တာပြန်မဆပ်ရဘေးဘူး" လို့ပြောတယ်။ ဒီအခါမှာကျွန်တော်လစာနှုန်းတွေကိုစတင်ပြင်ဆင်တယ်။ သက်တမ်းမူကြမ်း
ကြာပြီးတဲ့နောက် သူ အနားယူတဲ့အချိန်မှာ ရှေ့နေပြန်လိုက်ဖို့ စွပ်းအင်တွေ ကုန်ဆုံးသွားပြီ။
အခုတည်ရှိနေတဲ့ အခြေအနေဟာ အနာဂတ်မှာ ဆက်လက်တည်ရှိနေမယ်လို့ ကျွန်တော်တို့ မှတ်ယူလို့ မရဘူး
စထရိတ်တိုင်းကို ကြည့်ပါ။ ခင်ဗျားတို့ SPH ပညာသင်ဆုပေးတယ်။ ဘယ်လောက်များများ နေကြသလဲ။ အလားတူ
ပြဿနာကို ခင်ဗျားတို့ ရင်ဆိုင်နေကြရတယ်မဟုတ်လား။ ကော်ပိုရေးရှင်းတစ်ခုအတွက် ပြောဆို ဆက်ဆံရေး
ဒါရိုက်တာတစ်ယောက် ကျွန်တော်ဖြစ်နိုင်နေတဲ့အချိန်မှာ ဒီလို အတည်တကျမရှိတဲ့ အချိန်နာရီတွေမှာ အလုပ်လုပ်
နေရတဲ့ သတင်းစာဆရာတစ်ယောက် ဘာကြောင့်လုပ်ရမှာလဲ။
ကျွန်တော့်သားတောင်မှ အမြဲတမ်း အသက်မွေးဝမ်းကျောင်းအဖြစ် SAF မှာ မနေချင်ဘူး။ သူ နေရင် သူ့မှာ အဆင့်
အချင်းရှိတာကြောင့် ကာကွယ်ရေးဦးစီးချုပ်ဖြစ်နိုင်တယ်လို့ သူတို့က ပြောကြတယ်။ "ဟင့်အင်း...ကျွန်တော်
စင်တယ် (Singtel) ထဲကိုဝင်မယ်" လို့ပြောတယ်။ စင်တယ်ကို ဝင်သွားပြီးနောက်မှာ ဖရေဆာအင်နီးဝ် (Fras
& Neave)ဆီကို ပြောင်းရွှေ့တယ်။ အခု သူရဲ့အရင်းအနှီးတွေကို သူ ကြည့်ရှုစောင့်ရှောက်နေပြီး

Scanned by CamScanner

ဒါက ကွဲပြားခြားနားတဲ့ မျိုးဆက်ဖြစ်နေပြီ၊ ဘုရင့် ဝန်စံမှာ ရုတ်တရက် ကာဗျူးကဘယ်လို၊ အဓိကရုန်းက ဘယ်လို ဆိုတာကို တွေ့ကြုံသိနားလည်ခြင်းမရှိလောက်အောင် သူငယ်ရွယ်လွန်းခဲ့တယ်၊ ကျွန်တော့် သားအကြီးက အဲဒီအထဲမှာ ပါခဲ့တယ်၊ ကျွန်တော် ဝဲဆွယ်တဲ့အခါ သူလိုက်ပါလာနိုင်လောက်အောင် အရွယ်ရောက်နေပြီ၊ ကျွန်တော်ပြုလုပ်ခဲ့တဲ့ တိုက်ပွဲကို သူသိတယ်၊ သူက ဝင်ပါဖို့ ဆုံးဖြတ်တယ်၊ တည်ရှိနေခဲ့တဲ့ အခြေအနေတွေ ပြောင်းလဲခဲ့တာကြောင့် နောက်မျိုးဆက်မှာ အလားတူ လှုံ့ဆော်မှုကို ခင်ဗျားမြန်လည်မနိုင်တော့ ဘူး၊ မျိုးဆက်တိုင်းဟာ ကွဲပြားခြားနားကြတယ်၊

ပြုပြုဆောင်ရွက်ခြင်း၊ မျိုးရိုးမဟုတ်

ပညာရှင်အရည်အသွေးသည် ၎င်း၏ဝန်ကြီးများထဲတွင် PAP ရာဇဝင်သည့် တစ်ခုတည်းသော ဂုဏ်အဂါမဟုတ်ဟု ဆို၊ ဘိန်ဂ်ထဲတွင် "ဝေါင်ကန်ဆင်"၊ "သာမန်ရွှန်မူဂါရက်နမ်" နှင့် ဒုတိယဝန်ကြီးချုပ် "အက်စ်ဂျရာကူမား" တို့ကဲ့သို့ ပညာတတ်မဟုတ်သူများ ပေါ်ထွက်လာခြင်းသည် ပြုပြုဆောင်ရွက်ခြင်းက စကားပြောကြောင်းအထောက်အထားဖြစ်သည်၊ ပညာတတ်ကြွယ်မှုင့်များမှာလည်း ပြုပြုဆောင်ရွက်မှု မဖောင်မြင်သောကြောင့် စောစောစီးစီး နှင့်ထုတ်ခံကြရသည်၊

အောင်မြင်သော ဝန်ကြီးတစ်ယောက်ဖြစ်စေသောအရာမှာ ပညာရေးရှုတ်မဟုတ်ဘဲ ပွင့်ဆောင်ချက်များ ပေါင်းစပ်ခြင်းဘင်ခုဖြစ်သည်ကို လုပ်ရင်းကိုင်းရင်း အမှားများကြားမှ PAPက အသိအမှတ်ပြုလာရသည်ဟု လီကွမ်ယုက ပြောသည်၊ ဤသုံးသပ်ချက်သည် မကြာသေးခင်က လူသိများသော ပညာတတ်များစွာတို့ တင်ပြသော လူသားအသိဉာဏ်နှင့် ခေါင်းဆောင်ခြင်းနှင့်ပတ်သက်သော သီအိုရီများနှင့် စပ်ဟပ်နေသည်၊

ထိုကဲ့သို့သော သီအိုရီက သူ၏ ၂၀၀၈ ခုနှစ်စာအုပ်ဖြစ်သော The Powers to Lead ထဲတွင် ပါမောက္ခ "ကျိုးဇက် အက်စ်ညှ" တင်ပြသော သီအိုရီဖြစ်သည်၊ ၎င်းက ခေါင်းဆောင်များလိုအပ်သောအရာသည် ကျိုးကြောင်းဆက်စပ်ခြင်းကို သိမြင်ခြင်းဖြစ်ကြောင်း ဖော်ပြသည်၊ ဤအရာက အလုပ်ခွင်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံမှ စုစည်းလာသော ပညာတတ်သုတ IQ နှင့် EQ တို့ ပေါင်းစပ်ထားခြင်းဖြစ်သည်၊

လီက ထိုစာအုပ်ကို အကြိမ်ပေါင်းများစွာ ကိုးကားပြသည်၊ ထိုစာအုပ်ကို ပါမောက္ခညွှတ်မှ သူ လက်ဆောင်ရရှိထားပြီး ပါမောက္ခညွှက စာအုပ်ပေါ်တွင် "ကြီးကျယ်သော ခေါင်းဆောင်တစ်ယောက်အား သဘောကျလေးစားခြင်း၊ ချစ်ခင်ရင်းနှီးခြင်းများဖြင့်" ဟု ရေးသားဖော်ပြထားသည်၊ လီက ကျွန်တော်တို့အား စာအုပ်ကို ငှားရမ်းရန် ကမ်းလှမ်းစဉ် ပြောပြသည်၊ သူတို့နှစ်ဦးလုံးက မြင်သစ်ရေနံကုမ္ပဏီကြီး "တိုတယ်" ၏ အကြီးပေးဘုတ်အဖွဲ့ဝင်များဖြစ်ကြသည်၊

မေး - အစိုးရရဲ့ပိုမိုမြင့်မားတဲ့ရာထူးတွေထိကို ပညာတတ်တွေသာ ရောက်ကြတယ်ဆိုတဲ့ ဝေဖန်ချက်ကို ခင်ဗျား ဘာပြောမလဲ၊

ဖြေ - ဒီစဉ်နှစ်မှာသွေးသစ်လောင်းတာကိုကျွန်တော်တို့စလုပ်ကြတယ်၊ ချန်ဟိုင်ခင်၊ဝေါင်လင်ကင်၊ဗီအိုပ်ဆိုဒီတွေစသဖြင့် တို့ကို ကျွန်တော်တို့ရတယ်၊ အလုပ်မဖြစ်ဘူး၊ တန်အင်လျှမ်းကRohodes ပညာတတ်၊ ပြီးတော့ ကျွန်တော်တို့ ပိုပြီးနက်နက်ရှိုင်းရှိုင်း စတင်သွားကြတယ်၊ အောင်မြင်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်အောင် ဘာတွေက လုပ်

Scanned by CamScanner

တော်တို့သန့်စင်ပြီး ခေါင်းဆောင်တွေ ဘယ်လိုရွေးချယ်ရမယ်ဆိုတာ တခြားအဖွဲ့အစည်းတွေကနေ ကျွန်တော်
သင်ယူကြဘယ်၊ ပြီးတော့အဲဒါက နိုင်ငံရေးခေါင်းဆောင်တွေလောက်သာမဟုတ်ဘူး၊ ပညာရေးလောကမှာပဲဖြစ်
ကော်ပိုရေးရှင်းလောကမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ခင်ဗျား ခေါင်းဆောင်တွေလိုအပ်တယ်၊
နှစ်ကြာလာတဲ့အခါ ဝန်ကြီးတွေကို ခင်ဗျားကြည့်ရင် ပညာတတ်တွေ ဘယ်နှစ်ယောက်ရှိပြီး ဘယ်နှစ်ယောက်
အောင်မြင်ကြသလဲ၊ SAF ပညာတတ်တွေ ဘယ်နှစ်ယောက် အောင်မြင်ကြသလဲ၊ ဒေသတွင်းက ချီးမွမ်းခံထိုက်တဲ့
ပညာတတ်တွေ၊ ပင်လယ်ရပ်ခြားက ချီးမွမ်းခံထိုက်တဲ့ ပညာတတ်တွေ ဘယ်နှစ်ယောက် အောင်မြင်ကြသလဲ
ကျွန်တော်က ပညာရှင်မဟုတ်ဘူး၊ ဂျာရာမူလာက ပညာရှင်မဟုတ်ဘူး၊ ဝေါင်ကန်ဆင်က ဒေသတွင်း ပညာ
ထောက်ပံ့ကြေးရတယ်၊ သာမန်ရှန်မူဂါရက်နမ်က မရဘူး၊ ကျွန်တော်တို့ ဘာကြောင့် သူ့ကို ရွေးချယ်ကြသ
သူက LSE မှာ ပထမ မရခဲ့ဘူး၊ အထက်ဆင့် ဒုတိယပဲရခဲ့တယ်၊ ဒါပေမဲ့ MAS မှာ သူ့ရဲ့ပြုမူဆောင်ရွက်ချ
ကျွန်တော်တို့ တွေ့ပြင်တယ်၊ သတင်းတွေကို သူစိမ့်ထုတ်ပေမဲ့ သူ့ကို ကျွန်တော်တို့ ဖြုတ်မပစ်သင့်ဘူးလို့ ဆုံး
ကြပြီး သတိပေးတယ်၊ နောက်ဆုံးမှာတော့ သူ အရမ်းကောင်းတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပြီး သူ့ကို နှုတ်
ရေးထဲ ဆွဲထည့်ကြတယ်၊ အလွန်နှစ်ပေါ်တဲ့ ဘဏ္ဍာရေးဝန်ကြီးနဲ့ ပညာရေးဝန်ကြီးအဖြစ် သူ ထက်ထက်မြက်မြ
လုပ်နေတယ်၊ ဒါဖယဲ့ သူ ပညာရှင်မဟုတ်ဘူး။

အခု ကျွန်တော်တို့ဒီသုံးသပ်ချက်ထီကို ဘယ်လိုရောက်လာကြသလဲ၊ စမ်းသပ်လုပ်ဆောင်ချက်နဲ့ အတွေ့အကြုံ
နဲ့ ရောက်လာတယ်၊ ပညာအရည်အချင်းတွေနဲ့ ကျွန်တော်တို့ အစပြုခဲ့ကြတယ်၊ လုံးပါးပါးတဲ့နှုန်းက အရင်မြ
နေတယ်၊ သူတို့မှာ တခြားအရည်အသွေးတွေမရှိဘူး၊ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချကြတယ်
ဒီလုံးပါးပါးတဲ့နှုန်းကို ကျွန်တော်တို့ ဘယ်လိုလျော့ချကြမလဲ၊

နှစ်ကြာလာတဲ့အခါ ဘယ်လိုနယ်ပယ်မှာပဲဖြစ်ဖြစ် ကွင်နရယ်အီလက်ထရစ်၊ အိုင်ဘီအမ်၊ မိုက်ကရိုဆော့ဖ်၊ ဘ
ဖြစ်ဖြစ်၊ ခေါင်းဆောင်ဟာဒီအခြေခံအရည်အချင်းတွေ ရရှိထားတဲ့တစ်စုံတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်
တွေ့ရှိလာကြတယ်၊

မြင့်မားတဲ့ IQ ၊ ဟုတ်တယ်၊ လိုအပ်တယ်၊ ဒါပေမဲ့ ဒါက အစိတ်အပိုင်းတစ်ခုသာပဲ ရှိသေးတယ်။ EQ ခေါင်းဆော
ရဲ့သတ္တိ၊ သန္ဓိဋ္ဌာန်၊ ကြံရည်ဖန်ရည်စတဲ့ တခြားအရာတွေ အများအပြားဟာ ခင်ဗျားရဲ့အတတ်ပညာ၊ ဒါမှမဟုတ်
ခင်ဗျားရဲ့လုပ်ငန်းအောင်မြင်မှုထဲမှာ နောက်ဆုံးမတော့ သူ့အလိုလို ပေါ်ထွက်လာတယ်၊

ကျွန်တော်တို့ဝင်လာကြတဲ့အခါကျွန်တော်ရဲ့ပထမဦးဆုံးကက်ဘိနက်က ထူးချွန်တဲ့သူ ၅ ယောက်လောက်ပဲရှိတယ်
ကျွန်တဲ့လူတွေက ဒုတိယတန်းစားတွေဖြစ်ကြတယ်၊ ဒါကြောင့် ထူးချွန်တဲ့သူ ၅ ယောက်ကို လေးလံတဲ့ ဝန်ထု
ဝန်ပိုးတွေ ကျွန်တော်ပေးတယ်၊ ခင်ဗျားကြည့်လေ၊ ဂိုကင်ဆို့း၊ ဟွန်ဆူဆင်၊ လင်ကင်ဆန်၊ အက်စ်ရာနမ်၊ နော
တစ်ယောက်၊ နှစ်ယောက်ဖယ်ပါ၊ ကျန်တဲ့လူတွေက သာမန်တွေ၊ တို့ချင်ချီက ပီအိပ်ချီဒဲ့ဘွဲ့ရတယ်။ သူက သုတေသ
အလုပ်မှာ ကောင်းတယ်၊ ဒါဖယဲ့ သူ့မှာ မိုးမျဲ့တဲ့ အရည်အသွေးရှိသလား။ အဲဒါကြောင့် သူ့ကို ဒု - ဝန်ကြီးချုပ်က
ကျွန်တော်ရွေးပြောင်းရတယ်၊ သူဟာပါတီတည်ထောင်သူတစ်ယောက်ဖြစ်ပေမဲ့အဲဒီဟန်ချက်ဆိုးယွင်းနေတာကြော
အကြပ်အတည်းတစ်ခုဖြစ်ရင် ပရမ်းပတာတွေ လုပ်တတ်တယ်၊

ကျွန်တော် အဝေးကိုရောက်နေပြီမင့် ခုနစ်၊ စက်တင်ဘာလမှာ ဒုတိယအကြိမ်အထိကရွန်းဖြစ်တော့ အက်ဒီတာ
က "သူကြီးကြပ်နေရင် ကျွန်တော် အစိုးရထဲက ထွက်မယ်" လို့ ကျွန်တော့်ကို ပြောပြတယ်၊ ဒါကြောင့် သူ့ကို မျက်

Scanned by CamScanner

ပျက်ရအောင်မလုပ်ဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဂိုကင်ဆွိုးကို အဲဒီနေရာ ကျွန်တော်ရွှေလိုက်တယ်။ ဘာကြောင့်လဲ ဆိုတော့ ဂိုကင်ဆွိုးက အကြပ်အတည်းကို ရင်ဆိုင်နိုင်တဲ့အင်အားတွေ ရှိတာကြောင့်မို့ပေါ့။ ကျွန်တော် အဲဒါကို လူသိရှင်ကြား ထုတ်ဖော်ပြခဲ့သလား။ ဟင့်အင်း။ ဒါပေမဲ့ သူ အဲဒါချိုယွင်းနေတယ်လို့ နစ်အတော်ကြာတဲ့အခါ ကျွန်တော် မှတ်ချက်ချခဲ့သလား။ ဟုတ်ကဲ့။ ကျွန်တော်မပြောခဲ့ရင် ကျွန်တော်တို့ ဒုက္ခရောက်မှာကြောင့်ပါ။ ဒါကြောင့် သူ့ကို ကျွန်တော်ပေးတဲ့ တာဝန်ပေးချက်တွေက အကန့်အသတ်ဖြစ်နေတာကို ခင်ဗျား တွေ့မြင်နိုင်တယ်။ သူ့ရဲ့ အထောက်အကူပေးမှုကို ကျွန်တော် မလျော့မချချင်ဘူး။ ဒါပေမဲ့ သူမှာ အကန့်အသတ်တွေရှိနေတယ်။

ဝေါင်ကန်ဆင်ဟာ ပညာတတ်တစ်ယောက် မဟုတ်ဘူး။ ဂျာရာကူမာက ပညာတတ်မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ သုံးသပ်နိုင်ကြတယ်။ လူတွေကို သူတို့ ကိုင်တွယ်နိုင်ကြတယ်။ ဝေါင်ကန်ဆင်ကို ကျွန်တော် ဘာကြောင့် ရွေးချယ်သလဲ။ ဘာကြောင့်လဲဆိုတော့ ဝီယက်နမ်က လေစီးပြည်သူတွေ ဒီနေရာကို လာကြတဲ့အခါ ဂိုကင်ဆွိုးက "သူတို့ အားလုံး အဝေး ကိုပို့လိုက်" လို့ ပြောတယ်။ ဒါနဲ့ သူ အရူးတစ်ယောက်လို အလုပ်လုပ်ပြီး သူတို့ရဲ့မော်တော်တွေကို ပြင်ဆင်ပေးတယ်။ သူတို့ ကို ရေနဲ့ အစားအစာတွေပေးပြီး မောင်းထုတ်လိုက်တယ်။ နို့မဟုတ်ရင် ကျွန်တော်တို့ကို သူတို့ လွှမ်းမိုးသွားကြလိမ့်မယ်။ သူက တကယ်လုပ်တဲ့လူ။ သူမှာ အဲဒီအရည်အချေးရှိတယ်။ သူ လစာ ဘယ်လောက်ယူခဲ့သလဲ။ ၂ပုံ ၁ပုံလား၊ ၂ပုံ ၂ပုံ လားဆိုတာ ကျွန်တော်မသိဘူး။

အဲဒါကြောင့်မဟုတ်ဘူး။ ဒါပေမဲ့ သူမှာ လုံလောက်တဲ့ သိမြင်မှု၊ မြင့်မားတဲ့ အဖြစ်မှန် သိနားလည်မှုနဲ့ စိတ်ကူးတွေ ရှိတယ်။ အလုပ်ဖြစ်တယ်။

: - တိုင်းပြည်ကို ခင်ဗျားပိုက်စိတ်တိုက်ရာဖွေရင် နိုင်ငံရေးအရဦးဆောင်နိုင်မယ့်အရည်အသွေးရှိတဲ့လူတွေအားလုံးကို တွေ့ရှိရမယ်လို့ ခင်ဗျား ဘယ်လိုသိသလဲဆိုတာ သိချင်နေကြတဲ့ ဝယ်ရွယ်တဲ့ သာမန် စင်ကာပူသားတွေကို ခင်ဗျား ဘယ်လိုသွေးဆောင်တိုက်တွန်းသလဲ။

ဒ - တိုင်းပြည်ကို ဦးဆောင်နိုင်တဲ့ စွမ်းဆောင်နိုင်သူအားလုံးကို ကျွန်တော်တို့ တွေ့ရှိခဲ့တယ်လို့ ကျွန်တော် ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောနေတာက ခေါင်းဆောင်ဖြစ်နိုင်တဲ့ အရည်အသွေးတွေပြသတဲ့ လူတွေကို ကျွန်တော်တို့ ရှာဖွေနေကြတယ်။ သူတို့ကို ကျွန်တော်တို့ စမ်းကြည့်ကြရတယ်။ ချန်ပင်ဒင်က ထူးချွန်တဲ့ သမိုင်းပညာရှင်တစ်ယောက်ပါ။ အဆုံးမှာတော့ သူ့ကို ကျွန်တော်တို့ သံအမတ်ခန့်အပ်ရတယ်။ သူမထက်မြက်ဘူး။ ဝေါင်လင်ကင်ကို ကျွန်တော်တို့ ဝန်ကြီးခန့်တယ်။ ဒါပေမဲ့ သူမထက်မြက်ဘူး။ တန်အင်လျမ်ကို ကျွန်တော်တို့ ထုတ်ပစ်ရတယ်။ နောက်ဆုံးမှာတော့ ဒါဟာ ပြုမူဆောင်ရွက်ချက်ပဲ။ ဂျာရာကူမာ၊ ဝေါင်ကန်ဆင်၊ ဒါမှမဟုတ် သာမန်ရှန်မုဂါရက်နမ်တို့က အဲဒီလိုလုပ်ခဲ့ကြတယ်။ ပညာအရည်အချင်းနဲ့ ဘာမှလုပ်လို့မရဘူး။ ပညာအရည်အချင်းရှိသလား။ ဒါပေမဲ့ အခွင့်အရေးက - အမှုကိစ္စတွေရဲ့၅၀ ရာခိုင်နှုန်းကျော်မှာ ထက်မြက်တဲ့လူတွေက သူတို့ ထိပ်သီး၅ ရာခိုင်နှုန်းထဲမှာ ရှိကြကြောင်း သူတို့ရဲ့အသက်မွေးဝမ်းကျောင်းတစ်လျှောက်မှာ ပြသကြတယ်။ ခင်ဗျား အဲဒီအဆင့်ထဲကို ရောက်သွားတာဟာ IQ လောက်သာမဟုတ်ဘူး။ ဒါဟာ ခင်ဗျားကိုယ်ခင်ဗျား အသုံးချနိုင်တဲ့အစွမ်းပဲ။

✧ ✧ ✧

Scanned by CamScanner

ပညာသင်ဆု အသေးစိတ် စိစစ်ခြင်း

ပြည်သူ့ဝန်ထမ်းကော်မရှင် ပညာသင်ဆုရရှိသူသည် ကမ္ဘာပေါ်တွင် ဂရုအစိုက်ဆုံး အသေးစိတ် စိစစ်ထားသူ အသက် ၁၈ နှစ်အရွယ်ရှိသူများထဲမှ တစ်ယောက်ဖြစ်သည်။ ထူးချွန်သော ပညာရေးရလဒ်များကြောင့် လျှောက်ထားသူ တစ်ယောက်သည် တိုင်းပြည်အဂုဏ်သိက္ခာအရှိဆုံးပညာသင်ဆုများအတွက် ပြိုင်ပွဲဝင်ရန် တာဆူလာသည်။ သို့သော် တိုးတက်ကျလျှင် လျှောက်ထားကြသူအသီးသီးသည် သူတို့ကို တိုင်းတာတွက်ချက်မည့် စမ်းသပ်ချက်အမြောက်အများကို ကျော်ဖြတ်ကြရသည်။ နောက်ဆုံးပိတ်ရည်မှန်းချက်က အနာဂတ်ပြည်သူ့အမှုထမ်းခေါင်းဆောင်အဖြစ် သူတို့၏အစွမ်းအစကို သုံးသပ်ခြင်း ဖြစ်သည်။

ဤလုပ်နည်းအစဉ်၏ပြင်းထန်ကြမ်တည်းမှုက စင်ကာပူနိုင်ငံရေးခေါင်းဆောင်၏အရည်အသွေးအပေါ်အကျိုးသက် ရောက်မှုတစ်ခုရှိသည်။ ပညာသင်ဆုရရှိသူများက ရှေ့ဆုံးခုံတန်းကို လွှမ်းမိုးကြီးစိုးတတ်ကြပြီး ၂၀၁၀ ပြည့်နှစ်ကတည်းက ဝန်ကြီးအယောက် ၂၀ ထဲမှ ၁၂ ယောက်က ပညာသင်ဆုဂုဏ်များ ဖြစ်ကြသည်။

အသေးစိတ်စိစစ်ခြင်းကို ဂျူနီယာကောလိပ်တွင် အစပြုကြသည်။ ကျောင်းအုပ်များနှင့် ကျောင်းဆရာများက ထူးချွန်သော ကျောင်းသားများနှင့်ပတ်သက်သည့် အစီရင်ခံစာများကို ပြင်ဆင်ပြီး လေ့လာကြည့်ရှုကြသည်။ သူတို့ကို 'A' Level ရလဒ်မကြေညာခင်ကပင် PSC သို့ပို့ကြသည်။ ဤအစီရင်ခံစာများက ပင်ကိုအကျင့်စရိုက် ထူးခြားချက်များ၏အဆုံးမ အမှတ် ၁၂ မှတ်စကေးဖြင့် တိုင်းတာသည်။ ထိုပင်ကိုယ်အကျင့်စရိုက် ထူးခြားချက်များက ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ခံစား ဆိုင်ရာ ရင့်ကျက်ခြင်း၊ ခေါင်းဆောင်တတ်ခြင်း၊ မြောဆိုဆက်ဆံမှုကျွမ်းကျင်ခြင်း၊ ဇနီတီးတတ်ခြင်း၊ အကူအညီရှာခြင်းဝန်ဖြစ် ကြသည်။ ကျောင်းအုပ်များကလည်း ကျောင်းသားများကို အဆင့်သတ်မှတ်ကြသည်။ ကျောင်းဆရာတစ်ယောက်က သုံး သပ်ချက်တစ်စောင်ရေးသားပြီး သူ၏ သင်ခန်းစာများကို ပူးပေါင်းဆောင်ရွက်မှုများ (CCA) ၊ အပြုအမူနှင့် အားနည်းချက် များကို စာရင်းသွင်းရသည်။ အခြားအစီရင်ခံစာက CCA နှင့် လူမှုရေးအလုပ်များတွင် သူ၏အောင်မြင်ပြီးမြောက်မှုများ ပါဝင်သည်။

ထို့နောက်တွင် လျှောက်ထားသူမှာစကားအရ၊ အတွက်အချက်အရ၊ နေရာအကျယ်အဝန်းအရ ကျိုးကြောင်းဆင်ခြင် နိုင်သော သူ၏အရည်အချင်းကို တိုင်းတာမည့် စိတ်ကြိုက်ရွေးချယ်နိုင်သော မေးခွန်းများစွာကို ဖြေဆိုရသည်။ သူ၏ အမြင်

Scanned by CamScanner

ယုံကြည်ချက်နှင့် တန်ဖိုးများအကြောင်း စာစီစာကုံးတစ်ပုဒ် သူရေးရသည်။ တစ်ယောက်က သူ၏အားကစားအသင်းကို စုစည်းထားရန် သူ၏ ရုန်းကန်တိုက်ခိုက်မှုနှင့် တာဝန်ရှိမှုအကြောင်း ရေးသည်။ အခြားတစ်ယောက်က ဒုက္ခသည် များနှင့် မသန်စွမ်းသူများအတွက် သူ အလုပ်လုပ်ပုံအကြောင်း ရေးသည်။ စိတ်ကြိုက်ရွေးချယ်နိုင်သော မေးခွန်းများ ၂၀၀ နီးပါး ပါဝင်သော အကျဉ်းစရိုက် စစ်ဆေးချက်ကိုလည်း သူ ဖြေဆိုရသည်။ ထိုမေးခွန်းများက သူ၏နွေးထွေးမှု၊ စိတ်ခံစားချက် တည်ငြိမ်မှု၊ ခံစားနားလည်တတ်မှု၊ ချွတ်ယွင်းချက်မရှိအကောင်းဆုံးနေထိုင်ခြင်းဝါဒနှင့် လွှမ်းမိုးကြီးစိုးမှုတို့နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရှာဖွေသည်။

ဒုတိယစမ်းသပ်ချက်က သူ့ဘဝမှ စိတ်ဖိစီးစရာကောင်းသော အဖြစ်အပျက်ကို ပြန်လည်ထင်ဟပ်ပြခိုင်းသည်။ နောက်တစ်ခုက သူ၏ရည်မှန်းချက်များ၊ မိသားစုကိစ္စ၊ ဆက်ဆံရေးများ၊ အပြုအမူသဘောထားတို့နှင့် ပတ်သက်၍ PSC စိတ်ပညာရှင်တစ်ယောက်နှင့် အင်တာဗျူး ပြုလုပ်ခြင်းဖြစ်သည်။ စိတ်ပညာရှင်က မျက်လုံးချင်းဆုံးတွေ့မှက်သို့ လေ့လာသုံးသပ်စရာများကိုပင် ကိုးကားလျက်၊ ရှည်လျားသော အစီရင်ခံစာကို တင်ပြရသည်။ အမျိုးသားလျှောက်လွှာရှင်များမှာ သူတို့၏ အမျိုးသားရေး ဆောင်ရွက်ချက်များနှင့်ပတ်၍လည်း အစီရင်ခံစာတစ်ခု ရယူရသည်။

ပညာသင်ဆု ဆီးမြှင့်သော PSC ခုံအဖွဲ့ဖရှဲသို့ လျှောက်လွှာရှင် ရောက်လာသောအချိန်တွင် သူနှင့်ပတ်သက်သော ကိုယ်ရေးမှတ်တမ်းများက တစ်ပုံတစ်ခေါင်း စုပုံနေသည်။ သို့စေကာမူ ဤ နောက်ဆုံးအင်တာဗျူးအတွင်း၌ မေးခွန်းများက ဆက်လက်ဝင်လာနေဆဲဖြစ်သည်။ ပညာသင်ဆုရရှိသူ ဘွဲ့ရရှိ၍ အစိုးရထဲတွင် အမှုထမ်းဆောင်ရန် ပြန်သွားပြီးနောက်တွင် သုံးသပ်ချက်က ဆက်လက်ဖြစ်နေသည်။ လီပြောသကဲ့သို့ပင် - "အသက် ၂၅၊ ၃၀ မှာ ဘယ်လိုလူတစ်ယောက်ဖြစ်မယ်ဆိုတာ အသက် ၁၈၊ ၁၉ မှာ ခင်ဗျား မပြောနိုင်ဘူး"

✧ ✧ ✧

Scanned by CamScanner

(၄)

စီးပွားရေးကံကောင်းမှုများ ရှင်သန်နေခြင်း

Warfarin သည် သွေးကိုကြဲစေသော ဆေးဝါးဖြစ်ပြီး နလုံးရောဂါရှိသောလူများကို အကူအညီပေးသည်၊ သူ့
နလုံးခုန်နှုန်းကို မှန်ကန်စေရန် ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နလုံးခုန်စက်ကို သူတပ်ဆင်သောအခါ ထိုဆေးကို လိက္ခမ်ယူ
စတင်သောက်သည်။ ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုတွင် စင်ကာပူ၏ ကလာနင်ပတ်သက်၍ မေးကြသောအခါ သူက ထိုကံ
ကို ဖော်ထုတ်သည်။ "ကျွန်တော့်ရဲ့နလုံးအထူးကုဆရာဝန်တွေနဲ့ အမေရိကန်တွေ ကျွန်တော့်ရဲ့နလုံးခုန်စက်အကြောင်း
ဆွေးနွေးကြတဲ့အခါ သူတို့ကြားက အငြင်းအခုံကို ကျွန်တော်ကြားတယ်။ သူတို့က Warfarin ဆေးတစ်ခွက်စာ အပြည့် ပေး
ပြောကြတယ်။ ကျွန်တော့်ရဲ့နလုံးအထူးကုဆရာဝန်အဖွဲ့က အထိတ်တလန့်နဲ့ လက်တွေ့မြောက်ကြပြီး "သူ သွေး ထွက်ပြီ
သေလိမ့်မယ်" လို့ ပြောကြတယ်။ "ခင်ဗျား အိန္ဒိယတွေ၊ ဒါမှမဟုတ် ကော်ကေးရှပ်တွေကို ဒီဆေးပေးရင် ရတယ်၊ ခင်ဗျား
တရုတ်ကိုပေးရင် မရဘူး" သူက ပြန်ပြောပြသည်။

Warfarin ကို ဆေးညွှန်းပေးကြသောအခါ ဆရာဝန်များက သွေးမပြစ်စေသော ကုထုံးက ပြင်းထန်မှု မည်မျှကို
အပ်မည်ကို ဆုံးဖြတ်ကြသည်။ ဤသည်က အင်တာဇနရှင်နယ် ပုံမှန်အခြေအနေသို့ ရောက်သောအချိုး (INR) ဟုခေါ်သော
တစ်စုံတစ်ရာအပေါ် မူတည်နေသည်။ ၎င်းက Warfarin ဆေးမသောက်သော သာမန်လူတစ်ယောက်နှင့် နှိုင်းယှဉ်လျှင် လူနာ၏
သွေးများခဲသွားဖို့ အချိန်ယူသော အချိုးဖြစ်သည်။ အိန္ဒိယသားတစ်ယောက်အား ပေးသော တူညီသည့် ဆေးတစ်ခွက်စာကို
တရုတ်တစ်ယောက်အား သင်ပေးလျှင်၊ သူ၏ DNA က ကွဲပြားခြားနားသော DNA ဖြစ်ပြီး INR အရေအတွက် မတူညီသော
ကြောင့် သူ သွေးထွက်၍ သေဆုံးသွားမည်ဖြစ်ကြောင်း ပေါ်ထွက်လာသည်။

နှစ် ၅၀ မရှိတရှိအတွင်း၌ စင်ကာပူသည် မလက်ကာရေလက်ကြားရှိ ဆိပ်ကမ်းအချက်အချာတစ်ခုမှ နိုင်ငံတကာ
စီးပွားရေးနှင့် ဘဏ္ဍာရေးဝဟိုတစ်ခုသို့ ရောက်ခဲ့သလို အသွားထက်သော ထုတ်လုပ်ရေးပန်းတိုင်လမ်းဆုံးလည်း ဖြစ်ခဲ့
သည်။ Warfarin ကို တီထွင်ခဲ့သော ဓရာမဆေးဝါးလုပ်ငန်းကြီးကို စင်ကာပူက မွေးဖွားနိုင်သလား။ မွေးဖွားနိုင်ချင်မှ မွေးနိုင်
နိုင်လိမ့်မယ်ဟု လိကပြောသည်။ သို့သော် ၎င်းက ဆေးဝါးထုတ်ကုန်ပစ္စည်းများအတွက် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး ကြီး
ထွားနေသော ဈေးကွက်တစ်ခုဖြစ်သည့် အာရှတွင် အသုံးပြုရန် ဆေးဝါးကို လိုက်လျောညီညွတ်အောင် ပြုပြင်နိုင်သည်၊
ထွားနေသော ဈေးကွက်အပ်ပေးနိုင်သော နယ်ပယ်များဖြစ်သည်ဟု သူသုံးသပ်ခဲ့ကြောင်း ဆက်လက်သည်။

Scanned by CamScanner

ရင်းဈေးပွားရေး အရွယ်အစားမသေးငယ်မှုနှင့် ကန့်သတ်ထားသော သယ်ဇာတတို့၏ လက်တွေ့ကျသော အကန့်အသတ်များကို သိရှိသင့်သည်။

ကမ္ဘာလုံးဆိုင်ရာ ထောင်စုနှစ်အသစ်ထဲသို့ ဝင်ကာပူဝင်လာစဉ် စီးပွားရေးပညာရှင်နှင့် သုတေသီမျိုးဆက်သစ်က အဆိုပြုနေသော မလွှဲမရှောင်သာမှုအသစ်များကို သူဆွေးနွေးသောအခါ လက်ငင်းအကျိုးကြည့်ဝါဒက သူ မကြာခဏ လှည့်လာသော အကြောင်းရာတစ်ခုဖြစ်နေသည်။ သို့သော် ထောင်စုနှစ်အသစ်တွင် စီးပွားရေးပညာရှင်များက ဤသို့မေးခဲ့ကြသည်၊ တိုင်းပြည်သည် တိုးတက်ကြီးထွားဖို့အတွက် အနောက်တိုင်းစီးပွားရေးနိုင်ငံများနှင့် နိုင်ငံပေါင်းစုံကုမ္ပဏီများ (MNCS) အပေါ် မှီခိုအားထားမှုနည်းသော ပိုမိုဟန်ချက်ညီသည့် စီးပွားရေးပုံစံတစ်ခုကို ဖော်ဆောင်သင့်သလား။ ဝင်ကာပူသည် ကျယ်ပြန့်နေသော ဝင်ငွေကွာဟချက်ကို ရင်ဆိုင်လျက် ၎င်း၏စီးပွားရေးကို တတ်နိုင်သမျှ အမြန်ဆက်လက်ကြီးထွားနေစေရန် လုပ်နိုင်မည်လား။ ၎င်းအပြင် စင်ကာပူလေကြောင်းလိုင်း (SIA) ကဲ့သို့ ဝင်ကာပူ၏အစိုးရနှင့် မျိတ်ဆက်သော ကော်ပိုရေးရှင်းများကို အဘယ်ကြောင့် အပြည့်အဝ ပုဂ္ဂလိကပိုင် မလုပ်သင့်သနည်း။

လီ၏ တိုတိုပြတ်ပြတ်အဖြေက လက်တွေ့အမှန်ကျသည်။ "အဲဒါတွေကို မြောကြတဲ့ စီးပွားရေးပညာရှင်တွေဟာ ကျွန်တော်တို့လို အနည်းဆုံး နှစ် ၄၀ လောက်ထိုင်ပြီး ကွဲပြားခြားနားတဲ့ အမျိုးအစားများပြားမှုတွေ၊ ကျွန်တော်တို့ရဲ့ဈေးကွက်အရွယ်အစား၊ ကျွန်တော်တို့ရဲ့နည်းပညာအဆင့်၊ ရရှိနိုင်မယ့် လုပ်ငန်းကျွမ်းကျင်မှုတွေကို တွက်ချက်မကြည့်ကြဘူး" သူက ကျွန်တော် မေးခွန်းမေးမပြီးခင်ကပင် စကားဖြတ်တောက်လျက် ပြောသည်။

စွမ်းဆောင်နိုင်သော ကျွန်းကလေး၏ စီးပွားရေးဇာတ်လမ်းကြောင့် စိတ်တက်ကြွလာသော်လည်း နာရီများစွာကြာသောအခါ ကျွန်တော် စိတ်ပျက်အားလျော့လျက် အင်တာဗျူးမှ တွက်ခွာသွား သည်။

လီ၏အဆိုအရ သေးငယ်ခြင်းက ကြီးမားသော ပြဿနာတစ်ခုဖြစ်နေသည်။ ဝင်ကာပူနှင့် အခြားနိုင်ငံငယ်များပြီးမြောက်အောင်နိုင်မှုအတွက် အကန့်အသတ်တစ်ခုရှိသည်။ စီးပွားရေးဆိုင်ရာ ကမ္ဘာအဝှမ်းလာတွင် သူတို့၏နေရာကို သူတို့သိရှိရမည်။ သေးငယ်သော လူဦးရေရှိသောကြောင့် ဝင်ကာပူသည် ကုန်စည်ထုတ်လုပ်သော ကမ္ဘာ့ဈေးပေါ် ယံတစ်ယောက်ကို မွေးထုတ်နိုင်ချေ။ သို့မဟုတ် ပင်ကိုယ်အစွမ်းရှိသော ပုဂ္ဂလိက ကဏ္ဍအမှုဆောင်အရာရှိဈေးများအလုံအလောက်ရရှိနိုင်မည် မဟုတ်ချေ။

ပြည်တွင်းမှ မိုက်ကရိုဆော့ဖ်လို၊ သို့မဟုတ် ဆိုနီလို ကြီးထွားလိုခြင်းကို မေ့လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် ဝင်ကာပူကဲ့သို့ နေရာတစ်ခု အောင်မြင်ဖို့က ပြင်ပကမ္ဘာအပေါ် မှီခိုနေရမည်ဖြစ်သောကြောင့်တည်း။ ဤအရာက စိတ်ဓာတ်ကျစရာကောင်းနေသည်ဟု လီကို ကျွန်တော်ပြောပြသည်။ သို့သော် သူက...

"ဒီဟာကြောင့် ကျွန်တော် စိတ်ဓာတ်မကျဘူး။ ကျွန်တော်က လက်တွေ့သမား။ ဒါတွေဟာ ကျွန်တော်တို့ရဲ့စွမ်းဆောင်နိုင်မှုတွေပါ။ ဒါဟာ ကျွန်တော် တို့ ရင်ဆိုင်နေရတဲ့ ယှဉ်ပြိုင်မှုပဲ။ ကျွန်တော်တို့မှာရှိတဲ့ဟာကို စဉ်းစားကြတဲ့အခါ ကျွန်တော်တို့လက်တွေ့ကျရင် ကောင်းမွန်တဲ့ အသက်မွေးဝမ်းကျောင်းမှုကို လုပ်နိုင်ကြသေးတယ်"

ဟု ထုတ်ဖော်ပြောသည်။

ၚင်းတို့က ပြဿနာအသစ်များ မဟုတ်ကြချေ။ သို့သော် ထိုအရာများက အညိုးတကြီးဖြင့် ပြန်လာကြသည်။ အဘယ်ကြောင့်ဆိုသော် အတိတ်မှ စီးပွားရေးကျဆင်းမှုက အခြား အာရှတိုင်းပြည်များစွာတို့ထက် စင်ကာပူကို ပိုမိုပြင်းထန်စွာ ရိုက်ခတ်ခဲ့သောကြောင့် ဖြစ်သည်။ အဓမ္မရိုကန်ပြည်ထောင်စုနှင့် ဥရောပတို့ကဲ့သို့ ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးနိုင်ငံ

Scanned by CamScanner

များက စင်ကာပူ၏ စီးပွားရေးအောင်မြင်မှုတွင် ပါဝင်နေကြသော အချက်အချာကြသည့်ကဏ္ဍကို တိုင်းပြည်၏ အဓိကအားနည်း ချက်များထဲမှ တစ်ခုအဖြစ် အပြုတပ်း ကိုးကားကြသည်။

အာရှမှ များစွာဝို့နှင့်အတူ စင်ကာပူသည် ၎င်း၏ ကုန်စည်များနှင့် ဝန်ဆောင်မှုအတွက် ဝယ်လိုအားဖန်တီးရန် ကျ အနောက်တိုင်း မဟာအင်အားကြီးများအပေါ် ကိုမှီများပြားလှစွာ ဆက်လက်မှီခိုအားထားသင့်သလားဟု ဝေဖန်သုံးသပ် မေးကြသည်။ ၎င်း၏ ပို့ကုန်များအတွက်ပြင်ပဝယ်လိုအားအပေါ်စင်ကာပူ၏မှီခိုအားထားမှုသည် နောက်ဆုံး ၁၀ နှစ်အတွင်း ၇၀ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းသို့ ကြီးထွားခဲ့ပြီး ၎င်း၏ ပို့ကုန်တစ်ဝက်ကျော်မှာ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသို့ သွားနေဆဲဖြစ်ကြောင်း အစိုးရသစ်၏ အချက်အလက်များက ပြသနေသည်။ ဤဒေသနှစ်ခုစလုံး ၂၀၀၈ ခုနှစ် ဘဏ္ဍာရေး အကြပ်အတည်း၏ နောက်ဆက်တွဲအကျိုးဆက်တွင် ကြာရှည်နက်ရှိုင်းသော စီးပွားရေးကျဆင်းမှုကို ကြုံတွေ့ကြရဆဲ စင်ကာပူသည် (ထိုင်ဝမ်နှင့် ကိုးရီးယားကဲ့သို့ ပို့မို့ပွင့်လင်းသော အာရှစီးပွားရေးနိုင်ငံများနှင့်အတူ) ပြင်းထန်စွာ အရိုက်မခံခံရလိမ့်မည်။ စီးပွားရေးကျဆင်းမှုက ကာလတိုဖြစ်ခဲ့သည်။ သို့သော် ဤနိုင်ငံများ၏ စီးပွားရေး မလုံခြုံမှုများနှင့်ပတ်သက်၍ စီးပွားရေးကျဆင်းမှုက ထပ်ပံသင်ကြားပြသခဲ့သော သင်ခန်းစာက ယောင်လည်ဖယောင်လည် လုပ်နေသည်။

ပို့မို့ကြီးပွားတိုးတက်သော ပြည်တွင်းရေးကွက်ကို ဖော်ဆောင်ရန် စင်ကာပူ ပို့မိုတစီးစွာ ရွေ့လျားနိုင်မည်လား ပို့ကုန်ကြီးထွားမှုဇာစ်မြစ်အသစ်အဖြစ် အာရှမှကျန်ရှိသော နိုင်ငံများနှင့်၊ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယတို့ကဲ့သို့ ပေါ်ထွက်လာ နေသော အင်အားကြီးများနှင့် အာရှတွင်း ကုန်သွယ်ရေးကို စင်ကာပူ စတင်ထူထောင်သင့်ပြီလား။

နောက်ထပ်ကြာရှည်နေသော မုန်းတီးစရာကြီးက – စီးပွားရေးနိုင်ငံသည်ဖိလစ်နှင့်မော်တော်ရိုလာတို့ကဲ့သို့အနောက် တိုင်း MNCS (နိုင်ငံပေါင်းစုံကုမ္ပဏီများ) အပေါ်မှီခိုအားထားမှုအဘယ်ကြောင့် မလျော့နိုင်သနည်း။ လွတ်လပ်ရေး တောင်ပိုင်း နှစ်များတွင် နိုင်ငံပေါင်းစုံကုမ္ပဏီများက ကြီးမားသော မလေးရှားကုန်းတွင်းပိုင်းနှင့် ရှတ်တရက် ဖြတ်တောက်ခံလိုက်ရသော သဘာဝသယံဇာတပရိသည့် ကျွန်းနိုင်ငံကလေး၏ စီမွားရေးအောင်မြင်မှုအတွက် အရေးပါခဲ့ကြသည်။ နိုင်ငံပေါင်းစုံ ကုမ္ပဏီများက အလုပ်အကိုင်များ ထောင်ချီ၍ ဖန်တီးပေးပြီး တိုင်းပြည်၏ စီးပွားတိုးတက်မှုများစွာကို တွန်းအားပေးခဲ့သည်။ ယနေ့အခါတွင် ထုတ်လုပ်ရေးကဏ္ဍက အရေးကြီးလှပြီး စင်ကာပူ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် ၄ ပုံ ၁ ပုံကို အထောက် အကူပြုနေ၍ ၎င်း၏ အလုပ်သမားအင်အား ၅ ပုံ ၁ ပုံကျော်ကို အလုပ်အကိုင်များ ပေးနေသည်။

သို့သော် ထုတ်လုပ်ရေးကဏ္ဍ၏ ကြီးမားသော အစိတ်အပိုင်းကို ဖွဲ့စည်းထားသော အနောက်တိုင်း နိုင်ငံပေါင်းစုံ ကုမ္ပဏီများက ယခင်ကထက် ပို့မိုအမြစ်တွယ်ခြင်းမရှိတော့ဘဲ ထုတ်လုပ်ရေးလုပ်ငန်းကို ကုန်ကျစရိတ် ပို့မိုသက်သာသော နေရာများဆီသို့ မပြတ်တမ်း ပြောင်းရွေ့နေကြသည်။ စီးပွားရေးကျဆင်းသော ပတ်ဝန်းကျင်ဒေသများတွင် နိုင်ငံပေါင်းစုံ ကုမ္ပဏီများက လုပ်ငန်းလည်ပတ်မှုကို လျော့ချရာ၌လည်း လျင်မြန်ကြသည်။ ထို့ကြောင့် ထုတ်လုပ်မှုများ ရုပ်သိမ်းသွားမည့် နောက်ထပ်အန္တရာယ်ကို စင်ကာပူတွေ့ကြုံနေရပြီး အလုပ်အကိုင်ဆုံးရှုံးမှုအပေါ် ထိန်းချုပ်မှုလည်း မပြုလုပ်နိုင်ချေ။ ထုတ်လုပ်မှုများကို အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် ကျူပန်ရှိ ရုံးချုပ်များက ထိန်းချုပ်ကြသည်။

၁၉၈၀ ပြည့်နှစ်တွင် စင်ကာပူ၏ အလေးစားရဆုံး စီးပွားရေးပညာရှင်နှင့် ပညာရှင်ထဲမှ တစ်ယောက်ဖြစ်သော ပါမောကွ လင်ချောယာက စင်ကာပူ၏ပြဿနာသည် နိုင်ငံပေါင်းစုံကုမ္ပဏီဆရာကြီးများအား အကျိုးဆောင်ခြင်းအပေါ် အခြေခံသော စီးပွားရေးအား တည်ဆောက်လျက် စင်ကာပူ လုပ်ငန်းထွန်းကားစေခြင်းနှင့် တူသောအရာကို ဖြတ်သန်းလွှားခြင်းသာဖြစ်သည်ဟု ပြောသည်။ ယနေ့အခါတွင် စီးပွားရေးပညာရှင်အချို့က တိုအချက်ကို မြန်လည်ပဲ့တင်ထပ်ကြပြီး နေ့မြင့် ညဖျော်က ကွဲရှလွယ်သော စင်ကာပူစီးပွားရေး အခြေခံကို ပြောကြသည်။

Scanned by CamScanner

နောက်ဆုံးဦးဝင်းက ဟန်ချက်ညီပြဿနာဖြစ်သည်ဟု စီးပွားရေးပညာရှင်များက အကဲဖြတ်ကြောင်းသင့်ပြောကြသည်။ အချို့က တောင်ကိုးရီးယား၏ အထိုက်အလျောက်အောင်မြင်မှုကို ထောက်ပြကြသည်။ တောင်ကိုးရီးယားက ၁၉၇၀ ပြည့်နှစ်များလွန် ဆယ်စောင်းနှင့် LG ကဲ့သို့သော ဝင်းပိုင် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံပေါင်းစုံကုမ္ပဏီများကို ပေါ်ထွန်းစေခဲ့သော ဒေသတွင်း လုပ်ငန်းများ၏ ရှုပ်ကိုင်မှုမှလွတ်အောင် ပြုစုပျိုးထောင်ခဲ့သည်။ အလားတူပင် တရုတ်(တိုင်ပေ)တွင် ရန်ပုံငွေစိုက်ထုတ်ပေးသော အစိုးရက TSMC နှင့် UMC ကဲ့သို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းကိုလည်းကောင်း၊ Acer ကဲ့သို့ တံဆိပ်ရှိသော ဦးဆောင်ကွန်ပျူတာများကိုလည်းကောင်း ကူညီတည်ဆောက်ပေးခဲ့သည်။

ဤနေရာ၌ ပိုမိုအမြစ်တွယ်လာမည့် ဒေသတွင်းထုတ်လုပ်ရေး အရေးပါသောအဖွဲ့ကို ကြီးထွားစေရာတွင် ငွေကြေးနှင့်ရင်းမြစ်များကို စင်ကာပူလျာထားသတ်မှတ်ပေးနိုင်မည်လား။ ၎င်းအပြင် နိုင်ငံပေါင်းစုံကုမ္ပဏီများအပေါ်၎င်း၏ပိုမိုအားထားမှုသည် လိုအပ်ချက်ကြောင့် ဖြစ်လျှင်တောင် ယခု လမ်းကြောင်းပြောင်းဖို့ စင်ကာပူ အဘယ်ကြောင့် မကြိုးစားခဲ့သနည်း။

၂၀၁၀ ပြည့်နှစ် တောတောပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုမှ အနည်းငယ် ပြန်လည်သက်သာလာမှုကြား၌ စင်ကာပူ၏ အင်အားကောင်းသော စီးပွားရေးမဟာဗျူဟာကော်မတီက စင်ကာပူစီးပွားရေးကို ပိုမိုထိန်းသိမ်းနိုင်သောကြီးထွားမှုလမ်းကြောင်းပေါ်သို့ တင်ပေးရန်အတွက် ရဲရင့်သော ဗျူဟာအသစ်တစ်ခုကို ထုတ်ဖော်ပြသည်။ အစိုးရက လိုက်နာကျင့်သုံးသော အဓိကထောက်ခံအကြံပြုချက်များထဲမှ တစ်ခုက သေးငယ်သော လုပ်ငန်းများနှင့် အလယ်အလတ်လုပ်ငန်းများ (Small and medium enterprises) ၁၀၀၀ ကို နောက်ဆယ်စုနှစ်အကြာတွင် နှစ်စဉ်လွှဲပြောင်းငွေအဲလာ သန်း ၁၀၀ ကျော်ဖြင့် ပြုစုပျိုးထောင်ရန်ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ထိုကဲ့သို့ ကုမ္ပဏီများ ၅၃၀ ရှိသည်။ ထို့ကြောင့် နိုင်ငံပေါင်းစုံကုမ္ပဏီများက စင်ကာပူတွင် အရေးပါသောထုထည်ကို ဆက်လက်ဖွဲ့စည်းနေစဉ် အစိုးရက စင်ကာပူ၏စီးပွားရေးအစိတ်အပိုင်းအဖြစ် နိုင်ငံခြားအတော်အတန်ကြီးမားသော SME အခြေခံအား ဖွံ့ဖြိုးအောင် ပြုလုပ်ရာတွင် ရည်ရွယ်ချက်ကို ပြသလာသည်။

ဤအရာအပေါ် ထိုနှစ်နောက်ပိုင်းတွင် မှတ်ချက်ချသောအခါ လီက အီးမေးလ်ဖြင့် အကြောင်းပြချက်၌ သူ၏မှတ်ချက်သည် SME ကဏ္ဍအား ပြုစုပျိုးထောင်ခြင်းကို မဟားဆီးခဲ့ကြောင်း ပြောသည်။

"နောက်ဆုံးမှာတော့ အဲဒါတွေထဲက တချို့ဟာ ကမ္ဘာနဲ့အဝှမ်း ယှဉ်ပြိုင်နိုင်ရမှာဖြစ်ပြီး နိုင်ငံပေါင်းစုံ စင်ကာပူ ကုမ္ပဏီ တစ်ခုဖြစ်ရမယ်"

သို့သော် သူက ဤသို့ ဆက်ပြောသည်။

"နိုင်ငံပေါင်းစုံ ကုမ္ပဏီတွေဟာ စင်ကာပူစီးပွားရေးကို အမြဲတမ်း အားမန်စွမ်းပကားတွေ ပေးလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သေးငယ်တဲ့လုပ်ငန်းတွေနဲ့ အလယ်အလတ်လုပ်ငန်းတွေ (SMEs) ၁၀၀၀ ဟာ နိုင်ငံပေါင်းစုံကုမ္ပဏီ တွေ (MNCs) ၁၀၀၀ ဖြစ်လာနိုင်ဖို့ သိပ်မရှိတာကြောင့် ဖြစ်တယ်"

အရွယ်အစားက ပမာနကျလာသောအခါ

စင်ကာပူနှင့် မကြာခဏ အုပ်စုဖွဲ့သော အခြား "အာရုက္ခများ" နှင့် မျှော်နှာသာမရသော ထိုနိုင်းယှဉ်မှုများကို တွဲပြန်ရန် မေးမြန်းသောအခါ လီက ဂေါ်စတရိတ်ဂျာနယ်မှ မကြာသေးခင်က တရုတ်(တိုင်ပေ)တွင် ဖြစ်ခဲ့သောအရာအပေါ် အယ်ဒီတာဝေဖန်ချက်ကို ထုတ်ယူသည်။ တရုတ်(တိုင်ပေ)တွင် အစိုးရက ၎င်း၏မိုက်ကရိုချစ်ကုမ္ပဏီများကို ကယ်ဆယ်ခဲ့ရသည်။ သူက အယ်ဒီတာဝေဖန်ချက်ကို ကျွန်တော့်အား အပြီးအပိုင်ပေးဟန်ဖြင့် ကမ်းပေးလိုက်သည်။ ၎င်းက မလေးရှားကားထုတ်လုပ်သူ

Scanned by CamScanner

ပရိုက်တွန်ကဲ့သို့ ကုမ္ပဏီများ၏ မလွဲမရှောင်နိုင်သော အဆုံးသတ်မှုကို သူကြိုတင်စဉ်မှန်းသကဲ့သို့သော ယုံကြည်စိတ်ချမှုရှိ
ပေးလိုက်ခြင်း ဖြစ်သည်။

မေးခွန်းအပေါ် သူ၏ ဒါဝင်အယူအဆမျိုးဖြင့် ကမ္ဘာနှင့်အဝှမ်း လုပ်ကိုင်ဆောင်ရွက်ခြင်း အင်အားများကြီးမ
ကြီးမားပြီး ပိုမိုအင်အားကောင်းသော နိုင်ငံပေါင်းစုံကုမ္ပဏီများက အချိန်တန်လျှင် ပိုမိုသေးငယ်သော ပြိုင်ဘက်များကို သ
သင်ပစ်ခြင်းများ ဖြစ်ပေါ်လိမ့်မည်ဟု အကျိုးအကြောင်းသင့် ပြောသည်။ အလွန်အကျွံ အရွယ်အစားကြီးမားသော ကုမ္ပဏီသ
ကြီးများ၏ အောင်မြင်မှုတွင် အဓိကပါဝင်ပစ္စည်းများက ဆန်းသစ်တီထွင်မှုနှင့် ပင်ကိုအစွမ်းတို့ဖြစ်ကြသည်။ ၎င်းတို့နှစ်ခုမ
တိုင်းပြည်လူဦးရေ အရွယ်အစား၏ လုပ်ဆောင်ချက်များဖြစ်ကြသည်။

၎င်းကြောင့် စင်ကာပူကဲ့သို့ နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းထုတ်လုပ်သော ချန်ပီယံများကို မွေးထုတ်
အရေးပါသော လူထုချို့တဲ့ဝန်ပြီး ကြီးစားကြည့်၍ပင် မသင့်ဟု သူကပြောသည်။ ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းများ
Fortune 500 စာရင်းထဲတွင်ပါရှိသော ကုမ္ပဏီများကို အိမ်တွင်း၌ ကြီးထွားအောင် ပြုလုပ်ခဲ့ကြသော၊ သေးငယ်သော အရွ
အစားရှိသည့် နိုင်ငံများနှင့် အလယ်အလတ် အရွယ်အစားရှိသည့် နိုင်ငံများ၏စာရင်းကို ကြည့်ရှုနေသောအခါလိုက ၎င်းတို့
လူဦးရေကိန်းဂဏန်းများကို တိုးတိုးရေရွတ်နေပြီးနောက် စည်းမျဉ်းဥပဒေသအတွက် ၎င်းတို့ အဘယ်ကြောင့် ခြွင်းချက်ခံ
နေပုံနှင့်ပတ်သက်၍ ရှင်းပြသည်။

နော်ဝေး (လူဦးရေ - ၅ သန်း)၊ ဆွီဒင် (၉ သန်း) နှင့် ဖင်လန် (၅ သန်း) တို့အား လုံး စာရင်းထဲတွင် ကုမ္ပဏီမှ
ကြောင်းကို သူထောက်ပြသည်။ သို့သော် ဤစကင်ဒီနေဗီယံတိုင်းပြည်များသည် အမှန်တကယ်ကို တစ်စည်းတစ်လုံးတည်း
သော ပိုမိုကြီးမားသည့် ဒေသတစ်ခုဖြစ်သည်ဟု သူအဖြေပေးသည်။

အခြားတစ်ဖက်ကလည်း ကမ္ဘာအကြီးဆုံး စီးပွားရေးနိုင်ငံများအချို့၏ သက်ဝင်အင်အားက လိအတွက် အ
အသတ်ရှိပါနှင့်မတူချေ။ ဂျပန် (၁၂၇ သန်း) နှင့် တောင်ကိုရီးယား (၄၉ သန်း) တို့က အသင်းအဖွဲ့ကြီးတွင် ပြိုင်ဆိုင်ရန် ကံ
ဂဏန်း တချို့ရှိကြသည်။ အဓမရိကန်ပြည်ထောင်စု (သန်း ၃၁၀) သည် ၎င်း၏ လက်ရှိစီးပွားရေးဒုက္ခမှ ပြန်လည်နှလုံထူး
မည်ကို သူသိရှိသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စုက ကြီးမားသော လူ့အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေ
ရှိသကဲ့သို့ တီထွင်စမ်းသစ်ပြီး ရှာဖွေတွေ့ရှိမှုများ ဖန်တီး၍ ပြန်ကန်တက်နိုင်သော ပင်ကိုယ်အစွမ်းရှိသောကြောင့် ဖြစ်သည်
အလားတူစွာပင် တရုတ် (၁.၃ ဘီလီယံ) က အမေရိကန်၊ ဥရောပနှင့် ဂျပန်တို့မှ နိုင်ငံပေါင်းစုံ ကုမ္ပဏီများအတွက် တံခါး
ထားပြီး Lexus နှင့် မာစီးဒီးဘင့်ကဲ့သို့ ဖိမ်ခံကားများထုတ်လုပ်ရန် နှစ် ၂၀ သာ ဝေးကွာတော့သည်။

ထို့ကြောင့် လက်တွေ့အမှန်က စင်ကာပူ၏ကုန်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍကို နိုင်ငံခြားမှ နိုင်ငံပေါင်းစုံ ကုမ္ပဏီများ
လွှမ်းမိုးကြီးစိုးနေခြင်းဖြစ်လိမ့်မည်ဟု လိကပြောသည်။ အကြံအစည်စိတ်ကူးက သူတို့၏ သက်ဆိုင်ရာ နယ်ပယ် အသီးသီ
တွင် နောက်ဆုံး အနိုင်ရရှိသူများကို ကြိုးစားရွေးချယ်ပြီး ၎င်းတို့ကို ဖြန့်ခိုင်သမျှကြာရည်စွာ စင်ကာပူတွင် ထားရှိရန်ဖြစ်သည်
စင်ကာပူသည် ညှိနှိုင်းတိုင်ပင်သူတစ်ယောက် ဖြစ်ခဲ့သလို အပြုတမ်းလည်း ဖြစ်နေလိမ့်မည်ဟု သူကပြောသည်။ "သင်
ကောင်းမွန်တဲ့ ပတ်ဝန်းကျင်နဲ့ သာလွန်ကောင်းမွန်တဲ့ ဝန်ဆောင်မှုကို ကျွန်တော်တို့ ထောက်ပံ့ပေးတယ်။ အဲဒါတွေမရှိ
ကျွန်တော်တို့ ပွဲသိမ်းပြီ"

ထိုအကြောင်းရင်းကြောင့် နိုင်ငံတကာ ငွေကြေးဗဟိုတစ်ခု ကြီးထွားလာစေခြင်းနှင့် ပိုမိုကောင်းမွန်သော ဘေ
ရေဆက်သွယ်မှုနှင့် သတင်းဆက်သွယ်ရေးပံ့ပိုးမှုတို့အား အာမခံခြင်းတို့ကဲ့သို့ ၎င်း၏ အထောက်အကူပြုနေသော ဝန်ဆော
ကဏ္ဍမှ အဓိကအပိုင်းများတွင် ခွဲ၊ လုံလရှိစွာဖြင့် ရင်းနှီးမြှုပ်နှံရန် စင်ကာပူ ရွေးချယ်ခဲ့သည်။

Scanned by CamScanner

ရင်းနှီးမြှုပ်နှံခြင်း ယန္တရားဖြစ်သော တီမာဆက်ဦးပိုင်ဖြင့် စင်ကာပူ၏ အကြီးတုံး ကော်ပိုရေးရှင်းများအတွင်းသို့ အစိုးရ လိုအပ်နေသေးသည်ဟု လီ သုံးသပ်ချက်ချခြင်းက စင်ကာပူ၏ အရွယ်အစားကနဲ့ သက်ဆိုက်ဖြစ်နေမှုနှင့် ပတ်သက်သော အလားတူ ယုတ္တိဗေဒကြောင့်ပင်ဖြစ်သည်၊

သီအိုရီဆိုင်ရာ အငြင်းအခုံများကို လီ ကောင်းစွာ သိရှိသည်၊ ၎င်းတို့ကို ကျွန်တော်ကြုံခဲ့ဖူးသောအခါ သူက ပညာရှိဆန်စွာ ခေါင်းညိတ်သည်၊ အငြင်းအခုန်များက မှုဂ္ဂလိကပိုင်ဆိုင်၊ လုပ်ကိုင်သော ကော်ပိုရေးရှင်းများက ယေဘုယျကွာခြားခဲ့ပုံဆိုရောက်ပြီး တီထွင်ဆန်းသစ်မှုရှိကြောင်း၊ အစိုးရ ကျောထောက်နောက်ခံပြုသော ကော်ပိုရေးရှင်းများ၏ ဈေးကွက်အင်အားက အားနည်းနေပြီဖြစ်သော မှုဂ္ဂလိက ကဏ္ဍကို ဘေးသို့ဖယ်ထုတ်နေကြောင်း၊ စင်ကာပူအစိုးရက ၎င်းပိုင်ဆိုင်သော ကုမ္ပဏီများကို လည်ပတ်ရန် ယုံကြည်အပ်နှံထားသော လူတစ်ဦးခြင်း အုပ်စုကလေးများအကြား၌ ပေါ်ပွန်းနေသော "အုပ်စုစဉ်းစားခြင်း" အန္တရာယ်ရှိနေကြောင်း အစရှိသည့် ဆင်ခြေများဖြစ်ကြသည်၊

သို့သော် အစားထိုးတစ်ခုအမှန်တကယ်ရှိသလားဟု သူမေးသည်၊ "ကျွန်တော်တို့ မှုဂ္ဂလိကပိုင်လုပ်ချင်ကြတယ်၊ ဒါပေမဲ့ လောလောဆယ်မှာ ဘယ်သူ့ကို ၎င်းများပုဂ္ဂလိကပိုင် လုပ်မလဲ၊" အဖြေက စင်ကာပူ၏ သေးငယ်သော အရွယ်အစား ပြဿနာထဲတွင် တစ်ခါရှိနေပြန်သည်ဟု လီက ကျိုးကြောင်းသင့်ပြောသည်၊ တိုင်းပြည်ကမွေးထုတ်နိုင်သော အရည်အချင်းရှိသူများ အနည်းငယ်ကပြည့်သုပိုင်ကဏ္ဍ (ထိုနေရာ၌အကောင်းဆုံးဦးနှောက်များကို လိုအပ်နေသည်) ဆီသို့လည်းကောင်း၊ ဘိုမဟုတ်ဆေးပညာ၊ ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းနှင့် ဥပဒေကဲ့သို့ လစာမြင့်မားသော အတတ်ပညာအလုပ်များဆီသို့ လည်းကောင်း သွားကြသည်၊ ရလဒ်က စင်ကာပူ၏ သေးငယ်သော ကုမ္ပဏီများနှင့် အလည်အလတ်အရွယ်အစားရှိသော ကုမ္ပဏီများမှာ ပင်ကိုအရွယ်းဒုတိယ၊ သို့မဟုတ် တတိယအဆင့်ဖြင့် အဓိက အားဖြည့်နေကြရခြင်းဖြစ်သည်ဟု သူက ပြောသည်၊

လီက သူဆိုလိုသော အရာကို နောက်ထပ်ဥပမာတစ်ခုပေးသည်၊ "သေးငယ်တဲ့ တိုင်းပြည်တွေကို စင်ကာပြည်နဲ့ပြီး သူတို့လုပ်နိုင်တဲ့ဟာက ဘာလဲဆိုတာမေးပါ၊ ကျွန်တော်တို့ရဲ့အနီးဆုံးက ဟောင်ကောင်ပါ၊ သူတို့မှာ ကျွန်တော်တို့ထက် လူဦးရေနှစ်ဆရှိတယ်၊ ကုန်းမကြီးက အလွန်ထက်မြက်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရှိတယ်၊ ကျွန်တော်တို့မှာ အဲဒါမရှိဘူး၊ ဒါပေမဲ့ သူတို့ရဲ့ကလေးတွေ ဘာလုပ်နေကြသလဲ၊ အိမ်ပြဲမြေတွေ လုပ်ကြတယ်၊ အခု သူတို့ တရုတ်ပြည်ကို ပြန်ဘွားကြပြီ"

သို့သော် ရုံးခန်းရုံခါတွင် သေးငယ်သော ဒေသတွင်းဧရိယာ၌ မှုဂ္ဂလိကကဏ္ဍ ပင်ကိုအစွမ်းကို ရှာဖွေရာတွင် "အဲဒီးတန်ရတနာ" တစ်ခုကို ကောက်ရတတ်သည်ဟု လီကပြောသည်၊

"စင်ကူး ကောက်ရရင် အဲဒါကို သေသေချာချာ ဆုပ်ကိုင်ပြီး၊ အပြည့်အဝ အသုံးချပါ"

သူက ဆက်ပြောပြီး (စင်ကာပူဆက်သွယ်ရေး၊ စင်ကာပူလေကြောင်းလိုင်းနှင့် စရောမ ဘဏ်လုပ်ငန်း DBS Group Holdings၊ တို့၏ ဥက္ကဋ္ဌဖြစ်ခဲ့သော) ဒီဘွန်ဝိုးနှင့် (PSA International နှင့် စင်ကာပူလေကြောင်းလိုင်းတို့ကို ပဲ့ကိုင်ခဲ့သော) စတီဝင်လီတို့ကို နမူနာကိုးကားပြသည်၊

ကြီးထွားခြင်းပုံစံသစ်များ

ပေါ်ထွက်လာနေသော ပြဿနာအသစ်တစ်ခုဆီသို့ နောက်ဆုံး၌ ကျွန်တော်တို့ လှည့်လိုက်ကြသည်၊ ၎င်းက စင်ကာပူ၏ စီးပွားရေးကြီးထွားမှု မည်မျှခြင်းဖြစ်သည်၊ စိုးရိမ်မှုပန်ဝေရာက မြင့်မားသော ကြီးထွားခြင်းနောက်ကိုလိုက်ခြင်းက တင်းကျပ်မှုမှ ကျယ်ပြန့်လာခြင်းကို မလွဲမသွေ ဦးတည်ဝန်ခြင်းဖြစ်သည်၊

Scanned by CamScanner

စင်ကာပူက ဂိန်နီသဘောင်္ကြိန်း (အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုဝင်ငွေမညီမျှမှုအတိုင်းအတာ) က လေ့လာ
ဆယ်စုနှစ် ကမ္ဘာပေါ်၌ အပြင့်ဆုံးထဲမှ တစ်ခုဖြစ်နေသည်၊ ၂၀၀၈ ခုနှစ်တွင် ၎င်းက 0.425 ဖြစ်သည်၊ ဂိန်နီသဘောင်္ကြိန်း
တင်ငွေကုဟာများကို တိုင်းတာသည်၊ ပြည့်စုံကောင်းမွန်သော ညီမျှမှုက 0 ဖြစ်ပြီး လုံးဝမညီမျှမှုက 1 ဖြစ်သည်၊ နိုင်းယုံကြည်
ရာတွင် ဂိန်းမတ်၊ ဟိုင်၊ ဖင်လန်နှင့် နော်ဝေးတို့ဖြစ်ကြသော စကင်ဒီနေဗီယံတိုင်းပြည်များအတွက် ဂိန် သဘောင်္ကြိန်း
0.247 နှင့် 0.269 ကြားတွင် ပြေးနေသည်၊ ၂၀၀၆ ခုနှစ်တွင် စီတီဂရု စီးပွားရေးပညာရှင် ချာဟက်ဘင်က ဤအရာသည်
"ယုံကြည်ပြန်နှန်း" စီးပွားရေးတစ်မျိုးထဲသို့ ဝင်ကာပူဖြစ်ပေါ်တိုးတက်ခဲ့သော ရလဒ်ဖြစ်နိုင်သည်ဟု မှတ်ချက်ချသည်၊ အ
တရားသူကြီးများက အများအားဖြင့် တည်ငြိမ်ခဲ့သောကြောင့် မြင့်မားသော အခကြေးငွေ ရရှိနေသူများမှာ ဝင်ငွေနည်း
သောအလွှာနှင့် အလုပ်နဲ့ခြားသိသာသော ဆယ်ဂဏန်းအထိ များပြားသော ဝင်ငွေကြီးထွားမှုကို မျော်ရှုခံစားနေကြသည်

များစွာတို့က ဤသုံးသပ်ချက်ကို လက်ခံကြပြီး စီးပွားရေးကျဆင်းမှုမတိုင်မီ နောက်ဆုံး ၄ နှစ်၌ ၆ ဂဏိုင်နှုန်း
ရာဖိုင်နှုန်းသို့ စင်ကာပူ တိုးတက်ကြီးထွားနေသော်လည်း သာမန်ပြည်သူများမှာ မြေပြင်ပေါ်မှ ကြီးထွားမှုကို ခံစားကြုံ
မတွေ့ဟု မှတ်ချက်ချကြသည်၊

အစိုးရသည် ကွယ်ပြန်နေသော ဆင်းရဲ-ချမ်းသာကွာဟမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ပြီး ၎င်းကိုထိန်းချုပ်ရန်အရေ
ယူ ဆောင်ရွက်ချက်များ ပြုလုပ်သင့်သလား၊

အပြားနဲ့ပြိုကြီး နိုင်ငံများဝိုက်သော လမ်းကြောင်းက လူအဖွဲ့အစည်းညီမျှစေရန်အတွက် စီးပွားရေးတိုးတက်မှုအရှိ
ကို စွန့်လွှတ်ပြောင်းခြင်းဖြစ်သည်၊ ဥပမာအားဖြင့် စကင်ဒီနေဗီယံတိုင်းပြည်များနှင့် ကျပန်တွင် လူအဖွဲ့အစည်းသည် ပင်လယ်ရပ်ခြား
ရေးပေါ်သော အလုပ်သမားများအား တင်သွင်းမည့် ဝိုဗိုလွယ်ကူသော ရွေးချယ်မှုကို ဆန့်ကျင်လျက် ဝိုမိုရွေးကြီး သောအေ
တွင်း အလုပ်သမားများအား ငှားရမ်းခလွတ်ကင်းပေးသည့် စီးပွားရေး GDP ကုန်ကျစရိတ်ကို လက်ခံကြဟန်တူ သည်၊ သို့လုံး
ကစား အထိုသော စကင်ဒီနေဗီယံ တိုင်းပြည်များက စီးပွားရေးအရ ယှဉ်ပြိုင်နေကြသည်၊

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဂိုရမ်၏ ဩဂုတ်အရိန်အဝါရှိသော ယှဉ်ပြိုင်မှုအဆင့်သတ်မှတ်ချက်၌ ဒိန်းမတ်က
တတိယအဆင့်ရပြီး စင်ကာပူရတွင် ရှိနေသည်၊ စင်ကာပူက ပဉ္စမအဆင့်ရှိသည်၊ ဆွီဒင်က ဇဝတ္ထု၊ ဖင်လန်က ဆဋ္ဌမနှင့်
နော်ဝေးက ဒသ အဆင့်ရှိကြသည်၊ သို့သော် စင်ကာပူက တစ်ကမ္ဘာလုံး အတူတကွ လုပ်ကိုင်ဆောင်ရွက်နေကြပြီး အပြည်သူ
တိုးတက်ပြောင်းလဲနေသော ကမ္ဘာတွင် သူလိုသေးငယ်ပြီး မှင့်လင်းသောတိုင်းပြည်အနေဖြင့် ဖြစ်နိုင်သမျှ အလျင်အမြဲ
တိုးတက်ကြီးထွားရှိ ရည်ရွယ်ချက်ထားရမည်ကို အမြဲတမ်းပြောသည်၊ ဤကိစ္စနှင့်ပတ်သက်လျှင် ထုတ်လုပ်ရေးနှင့် ဆော်
လုပ်ရေးကဲ့သို့ ကဏ္ဍများ၏ တိုးတက်ကြီးထွားမှုအတွက်၊ အထူးသဖြင့်၊ စင်ကာပူသားများ မလုပ်ချင်ကြသော အလုပ်မျိုး
ပြုလုပ်ရန်အတွက် ကုန်ကျစရိတ်နည်းပါးသော နိုင်ငံခြားအလုပ်သမားများ လိုအပ်သည်၊

တို့ကြောင့် အစိုးရ၏ မဟာဗျူဟာက လသာတံတိုင်းဝင်ရန်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် တိုးတက်ကြီးထွားမှု
တိုင်းပြည်တွင်းရှိနေရာသမျှကလေးတက်လုံးဝတ်နေသော လူမှုရေးပြဿနာများကို ကိုင်တွယ်ရန် လိုအပ်သော ငွေကြေးမျိုး
ရရှိလိမ့်မည်၊ ဤသည်းကမ်းမှာက သဘာဝသယံဇာတနှင့် ကြီးမားသော ပြည်တွင်းစျေးကွက်မရှိသော တိုင်းပြည်တစ်ပြည်သို့
နှစ်ပေါင်းများစွာကြာ သဘာဝကျွယ်ကောင်းသော စီးပွားရေးတိုးတက်ကြီးထွားမှုဆီသို့ ဦးတည် ပေးခဲ့သည်၊

တစ်နည်းအားဖြင့် ဤအရောက စင်ကာပူအစိုးရနှင့် ၎င်းအပြည်သူများ (ဆိုကြပါစို့) နိုင်ငံရေးစီးပွားရေးသမားများ
အကြားရှိ သဘောထားကိုပြုဖြစ်သော လူမှုရေးသဘောတူညီမှုက်ကို ထင်ဟပ်ပြနေသည်၊ စီးပွားရေးတိုးတက်မှုကို အရိုး
[illegible] လူအဖွဲ့အစည်းတိုင်းရှ ပြဿနာများကို

Scanned by CamScanner

သည်းခံပြီး အကျိုးအမြတ်အချို့ကို ပြန်လည်ဖြန့်ဝေခြင်းဖြင့် ကျွဲဘေးထွက်ဆိုးကျိုးများကို အသက်မဝင်အောင် ပြုလုပ်ဖို့ အတွက် အစိုးရအား ယုံကြည်စိတ်ချကြလိမ့်မည်။ သို့တိုင်အောင် အစိုးရနှင့် စင်ကာပူ ပြည်သူများအကြား ပြုလုပ်ထားသော ဤလွှမ္မရေး သဘောတူညီချက်တစ်မျိုးက ပြုကွဲကျနိုင်ကြောင်း ဝေဖန်သူများက ထင်မြင်ချက်ပေးကြသည်။ ၎င်းသည် ပိုမို ရင့်ကျက်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်ထဲသို့ စင်ကာပူဝင်လာသောအခါကြီးထွားမှုကာမလွဲမသွေ နှေးကွေးသွားမည် ဖြစ်သောကြောင့်ပင်တည်း။

ဒုတိယ ရွှေထောင့်အမြင်က စင်ကာပူမျိုးဆက်သစ်များသည် အတော်အသင့် ပေါ်ကြွယ်ဝနေသော ပတ်ဝန်းကျင်တွင် မွေးဖွားနေကြသည်ဟူသော အချက်ကို ကိုင်တွယ်ရန်ဖြစ်သည်။ ပညာပိုမိုတတ်မြောက်ပြီး လူမှုရေးအသိစိတ် ပိုမိုရှိကြသော သူတို့က လူအဖွဲ့အစည်းထဲ၌ ကြွယ်ဝချမ်းသာမှုကို ပိုမိုညီမျှစွာ ခွဲဝေပေးမည့် လုံခြုံစိတ်ချမှုအတွက် သူတို့၏ လူတစ်ဦးချင်း ဝင်ငွေမှ အစွန်းထွက်တိုးမြင့်လာမှုကို ညှိပေးရန် ပိုမိုလိုလားကောင်း လိုလားနိုင်ကြသည်။

စီးပွားရေးပညာရှင် လင်ဒါဆင်က ကျွဲခံစားချက်ကို သုံးသပ်မိသောအခါ စီးပွားရေးတိုးတက်မှုသည် ပြည်သူများ အတွက် တိုးတက်မှုဖြစ်သင့်ပြီး တိုးတက်မှုအတွက် ပြည်သူများမဖြစ်သင့်ဟုပြောသည်။ ကာလရှည်တွင် စင်ကာပူသားများ၏ အကျိုးကျေးဇူးရရှိမှုအချိုးကို မြင့်မားအောင်ဆောင်ရွက်ပေးသော နိုပ်ကျသည့် တိုးတက်နှုန်းသည် မတည်ငြိမ်သော၊ ညီမျှမှုမရှိသော ပိုမိုမြင့်မားသည့် တိုးတက်နှုန်းထက် ပိုမိုသဘောကျစရာကောင်းနိုင်သည်ဟု သူမက ထင်မြင်ချက်ပေးသည်။

ကျွဲမေးခွန်းများကို ကိုင်တွယ်သောအခါ လီက စီးပွားရေးသိအိုရီနှင့် မြေပြင်ပေါ်မှ တကယ်အဖြစ်မှန်အကြားမှ ကွဲပြားခြားနားမှုကို နောက်တစ်ကြိမ် ဆွဲထုတ်ပြသည်။ သူတို့၏ စွမ်းဆောင်နိုင်မှုနှင့် ကြီးစားအားထုတ်မှုတို့ကြောင့် ကောင်းစွာအလုပ်လုပ်နိုင်ကြသော စင်ကာပူမှ "ရှိသူများ" က "မရှိသူများ" ကို အစိုးရအကူအညီပိုမိုပေးနိုင်ရန်အတွက် နှေးကွေးသော စီးပွားရေးတိုးတက်မှု၊ သို့မဟုတ် ပိုမိုမြင့်မားသော အခွန်အခများကို အမှန်တကယ် လက်ခံလိုမည်လားဟု သူက မေး သည်။

အများဆုံး တိုးတက်ကြီးထွားမှုဆီသို့ စင်ကာပူ သွားနေခြင်းအတွက် အမှန်တကယ် မကျေနပ်ချက်က ဝင်ငွေမညီမျှမှုများကဲ့သို့ပြန့်နေခြင်းကြောင့်ထက် စီးပွားရေးကြီးထွားမှုကိုတွန်းအားပေးနေကြသော ကုမ္ပဏီများ၏အလုပ်သမားလိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် နိုင်ငံခြားသားများ ရောက်လာနေခြင်းကြောင့်ဖြစ်သည်ဟု လီကပြောသည်။ ကျွန်ုပ်ငံခြားသားများ ဝင်ဆာင်လာသော လူမှုရေးဖွဲ့စည်းပုံထဲမှ အပြောင်းအလဲများကို စင်ကာပူသားများက သက်သောင့်သက်သာ မဖြစ်ကြချေ။

သို့တိုင်အောင် အမြဲတမ်း လက်ငင်းအကျိုးကိုကြည့်သော လီက ကျွဲသို့ပြောလျက် ရှည်လျားသော အင်တာဗျူးနှစ်ခုနှင့် ပတ်သက်သော ဆွေးနွေးပွဲကို ဆက်လက်၍ အာရုံစူးစိုက်သည်။ "ဒီမယ် . . . ကျွန်တော်တို့က သရုပ်မှန်ဝါဒီတွေပါ။ စီးပွားရေးပညာရှင်တွေ ကျွန်တော်တို့ကို ပြောပြနိုင်တဲ့၊ ကျွန်တော်တို့ စုံစမ်းမစစ်ဆေးရတဲ့အရာ အနည်းအကျဉ်းပဲရှိတယ်။ ကျွန်တော်တို့ရဲ့အလုပ်က ကျွန်တော်တို့ကြိုးကြပ်အုပ်ချုပ်နေတဲ့ပြည်သူတွေရဲ့ကောင်းစားရေးကို ထိန်းသိမ်းပြီး မြှင့်တင်ပေးဖို့ပါ။ နည်းလမ်းရှိရင် ကျွန်တော်တို့ တိုးတက်နိုင်တယ်။ ကျွန်တော်တို့ တိုးတက်လိမ့်မယ်"

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"ကျွန်တော်တို့ ကွဲပြားခြားနားရမယ်။
နို့မဟုတ်ရင် ကျွန်တော်တို့ ကိစ္စတုံးလိမ့်မယ်လို့
ကျွန်တော်ဆုံးဖြတ်တယ်"

Scanned by CamScanner

ပေး - ယုံကြည်ခံထိုက်တဲ့ ဒေသတွင်းကုန်ထုတ်လုပ်ရေးလက်ရွေးစင်အထက်တန်းစားတစ်ခုတည်ထောင်ဖို့ ခင်ဗျားဆုံး
ဖြတ်ပြီးပြီလား။

ပြ - ကမ္ဘာနဲ့အဝှမ်းလုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဒီကမ္ဘာမှာ ခင်ဗျားဟာ ဒီအထူးတလွယ်စက်မှုလုပ်ငန်းထဲက အစုအပုံရဲ့ ထိပ်ပေါ်မှာ ရှိနေလောက်အောင် မကြီးမားရင် ခင်ဗျား ဒုတိယတန်းစား ကလွှာလောက်ကပဲ ပါဝင်ရလိမ့်မယ်။ ၁၉၉၂ ခုနှစ်မှာ (ဂျာမန်ကားထုတ်လုပ်သူ) ဒိန်းမလားဘင့်ဇ်ရဲ့ဘုတ်အဖွဲ့ထဲမှာ ကျွန်တော်ပါဝင်တဲ့အခါအဲဒီတုန်းက ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်တဲ့ ဂျာဂျင်ရှရင်က ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ တံဆိပ်တွေများစွာဟာ အရေအတွက် လျော့ချ ပြီး ၁၀ ခု၊ ၁၂ ခုလောက်အထိ ဖြစ်ကောင်းဖြစ်စွာ ပေါင်းစည်းလာလိမ့်မယ်လို့ ကျွန်တော့်ကို ပြောပြတယ်။ မာစီဒီး ဘင့်ဇ်ဟာ အဲဒါတွေထဲက တစ်ခုဖြစ်လိမ့်မယ်လို့ သူ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် ကမ္ဘာနဲ့အဝှမ်း သူသွားရတော့ မယ်လို့ ခံစားမိတယ်။ (အမေရိကန်ကားထုတ်လုပ်သူ) ခရိုက်စလာကို သူရယူတယ်။ ဒါပေမဲ့ယဉ်ကျေးမှုတွေ မပေါင်း စပ်နိုင်တာကြောင့် အဲဒါ မအောင်မြင်ဘူး။ ဂျပန်နဲ့ ကိုးရီးယားကို သူသွားတယ်။ ဒါပေမဲ့လည်း သူ မအောင်မြင်ဘူး။ ဒီမယ် ခင်ဗျား လုံလုံလောက်လောက် မကြီးမားရင် အထူးတလွယ် စက်မှုလုပ်ငန်းထဲက ချန်ပီယံတွေဟာ သူတို့ရဲ့ နယ်ပယ်မှာ အကောင်းဆုံးဖြစ်ကြတဲ့လူတွေ ဖြစ်လိမ့်မယ်။ ထိုင်ဝမ်ကို ခင်ဗျားကြည့်ပါ။ အဲဒါက လူဦးရေ သန်း ၂၀ ကျော်လောက် အရွယ်အစားရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဒီတော့ သူက သွင်းကုန်တွေကို ပိတ်ဆို့ပြီး သွင်းကုန်အစားထိုးဖို့ ကြိုးစားလုပ်တယ်။ ကနဦးအဆင့်တွေမှာတော့ သူက လက်တော့ကွန်ပျူတာတွေ၊ လျှပ်တစ် ပိုင်း ကူးပစ္စည်းတွေ ကွန်ပျူတာမိုက်ကရိုချစ်တွေနဲ့ အောင်မြင်တယ်။

ဒါပေမဲ့ အခု မကြာသေးခင်က ဝေါစထရိဂျာနယ်ဆောင်းပါးက သူတို့ပြတ်ကျန်ခဲ့တယ်လို့ပြောတယ်။ ဂျပန်နဲ့ ကိုရီး ယားကို သူတို့ မယှဉ်ပြိုင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတိုင်းပြည်စတွေက ပိုမိုကြီးမားတဲ့ လူဦးရေအခြေခံနဲ့ ပိုမိုပင်ကိုအစွမ်းရှိတဲ့လူတွေ ရှိတာကြောင့်မို့ဖြစ်တယ်။ တရုတ်(တိုင်ပေ) (သမ္မတ) မရင်ဂျူဟာ ငွေတွေ လောင်း ထည့်ပေးခြင်းအားဖြင့် ကြီးမားတဲ့ ထိုင်ဝမ်ကုမ္ပဏီကြီးတွေကို ဆက်လက်ရှိတက်နေအောင် ကြိုးစားနေတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ ဒါက ကာလတိုဆောင်ရွက်ချက်ပါ။ ဖေးခွန်းက အမိလိုက်ဖို့အတွက် ခင်ဗျား R & D (သုတေသနနဲ့ ဖွံ့ဖြိုးမှု) ရှိသလားဆို တာပဲ။

ဟောင်ကောင်က ဂု သန်းဖြစ်ပြီး ယှဉ်ပြိုင်ဖို့ အရေအတွက်မရှိဘူး။ ဟောင်ကောင် ဘာရသလဲ။ အိမ်ယာဆောက်သူ တွေနဲ့ ဈေးကွက်ကစားတဲ့လူတွေရတယ်။ ကမ္ဘာအနှံ့ရောင်းချတဲ့ ထုတ်ကုန်တစ်ခုကို လိကာရှင်ပြုလုပ်နေသလား။ မလုပ်ဘူး။ အိမ်ခြံမြေတွေ၊ ဆိပ်ကမ်းတွေ၊ လက်လီရောင်းတဲ့စတိုးဆိုင်တွေနဲ့ ဆက်သွယ်ရေးကုမ္ပဏီတွေပဲ သူရယူနေ တယ်။ သူ ဈေးကွက်ကစားနေတယ်။ ဟောင်ကောင်မှာ အအောင်မြင်ဆုံး ကုမ္ပဏီကဘာလဲ။ လိန်ဗန်။ ထက်မြက်တဲ့ ညီအစ်ကိုနှစ်ယောက်ပေါ့။ ဒါပေမဲ့ သူတို့က ကုမ္ပဏီတိုင်းအတွက် ထောက်ပံ့ပြည့်တင်းပေးနေကြတယ်။ သူတို့ ယှဉ်ပြိုင်မှုမရှိတာကြောင့် ကုန်ပစ္စည်း မထုတ်လုပ်ကြဘူး။ တရုတ်က ကုန်ပစ္စည်းထုတ်လုပ်ရေးထဲကို ဝင်လာပြီး အဲဒါတောင်မှ ဟောင်ကောင်က ကုန်းမကြီးက အဆင့်သင့်စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစပြုခဲ့ကြတယ်။ ကျွန် တော်တို့မှာ အဲဒါမျိုးတောင် မရှိဘူး။ ကျွန်တော်တို့က လယ်သမားမျိုးရိုးတွေနဲ့ အစပြုခဲ့တယ်။ သူတို့ထဲက တချို့က ကုန်သည်တွေ ဖြစ်လာကြတယ်။ ပြီးတော့ လူများစွာတို့အဖို့ နောက်ဆုံးမှာ အတတ်ပညာရှင်တွေနဲ့ စီးပွားရေး လုပ်ငန်းရှင်တွေ ဖြစ်လာဖို့ အချိန်ယူရတယ်။

Scanned by CamScanner

ငမး - ဒါပေမဲ့ (ဒစ်ဂျစ်တယ် ဇော်ဖြေရေးပစ္စည်းထုတ်လုပ်သူ) Creative လို စင်ကာပူကုမ္ပဏီတစ်ခုက ကမ္ဘာ့ကို
ကျက်တဲ့ လုပ်ငန်းမဖြစ်နိုင်ဘူးလား။ သူက အသံကတ်ပြားတွေ (sound cards) မှာ ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်
တစ်ယောက် တစ်ခါဖြစ်ခဲ့ဖူးတယ်။

ငမြ - ဟုတ်ကဲ့...စင်ကာပူမှာ Creative Technology ဟာ ပထမဦးဆုံး စံနှုန်းကျပြုလုပ်သူတွေဖြစ်ကြတဲ့ ကုမ္ပဏီအနေနဲ့
ငယ်ထဲက တစ်ခုပါ။ ဒါပေမဲ့ သူတို့ဖြတ်သန်းရတဲ့ လမ်းကြောင်းတွေနဲ့ ဆင်းရဲဒုက္ခတွေကို ကြည့်ပါ။ စင်ကာပူ
ကျမ်းကျင်သူ အလုံအလောက်မရှိတာကြောင့် ယှဉ်ပြိုင်မှုကို အဓိကလိုက်နိုင်အောင် ဆီလီကွန်ဝယ်လီကားလုပ်တဲ့
သူတို့ စုဆောင်းကြရတယ်။ ပြီးတော့ အဆုံးသတ်မှာတော့ Creative အခုရရှိခဲ့တဲ့ အရာတွေကတော့ M
ဖွင့်စက်တွေပဲဖြစ်တယ်။ သူတို့ကို ဆောင်းဘလတ်စတာလို တခြားကုမ္ပဏီတွေက အဓိကလိုက်လာကြတယ်။
အစားအစာနဲ့ ယမကာမှာ တီယီဂျာက အားဆေးပြေနေတယ်။ ဒါပေမဲ့ အမေရိကန်မှာ သူ စတင်အောင်မြင်လာ
တစ်ပြိုင်နက် ပက်ပစ်ကိုလာလို ကုမ္ပဏီကြီးတွေက သူ့ကို သိမ်းပိုက်သွားလိမ့်မယ်။ ကျွန်တော် ဘယ်လိုကြည့်
သိသလဲ။ ဘာကြောင့်လဲဆိုတော့ ပက်ပစ်ကိုလာ ဆွေးနွေးပွဲတွေကို ကျွန်တော် တက်ခဲ့လို့ပေါ့။ ကမ္ဘာအနှံ့က
အသောက်တွေကို သူတို့စုဆောင်းပြီး လက်တင်အမေရိကနဲ့ ကမ္ဘာအနှံ့မှာရှိတဲ့ ရုပ်ရှင်ရုံတွေအားလုံးမှာရှိတဲ့ သူ့
အရောင်းဆိုင်တွေမှာ အဲဒါတွေ ကို ရောင်းချကြတယ်။ တီယီဂျာကို သူတို့ ဝယ်ကြလိမ့်မယ်။ တီယီဂျာက သူတို့
မယှဉ်ပြိုင် နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူရဲ့အရောင်းဆိုင်တွေက ဘယ်နေရာတွေမှာ ရှိလို့လဲ၊
ဒါကြောင့် မူသေပုံမှန်ရှိနေကြတဲ့ စီးပွားရေးပညာရှင်တွေဟာ ထိုင်ပြီးမစဉ်းစားခဲ့ကြဘူးဆိုတာ ကျွန်တော်တွေ့ဖူး
ခင်ဗျားရဲ့ ဈေးကွက်ပွင့်နေတဲ့ ကမ္ဘာနဲ့အဝှမ်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ္ဘာမှာ (ပြီးတော့ ခင်ဗျား ကြိုက်ကြိုက်
မကြိုက်ကြိုက် ဒီအတိုင်းပဲဖြစ်လာတော့မယ့် ကမ္ဘာမှာ) ကျွန်တော်တို့ရဲ့ အနာဂတ်ကဘာလဲ၊ ကြီးစားပြီး ယုံကြည်
ရမလား။ ဘယ်နေရာမှာလဲ၊ ဘာလုပ်ရမလဲ။ ပစ္စည်းကလေးလား။ ဘာပစ္စည်းကလေးလဲ၊ ကျွန်တော်တို့လုပ်ငန်း
အရာတစ်ခုခုကို တရုတ်တွေ၊ အိန္ဒိယတွေနဲ့ ဝီယက်နမ်တွေကလည်း နောက်ဆုံးမှာ အဲဒါမျိုး လုပ်ကြလိမ့်မယ်၊

ငမး - ဒါပေမဲ့ ကုန်ပစ္စည်းထုတ်လုပ်တဲ့ အဆက်အချာတစ်ခုအဖြစ် ကျွန်တော်တို့အတွက် ကျွန်တော်တို့ အမည်တစ်ခုကို
အောင် ကြိုးစားနေကြတုန်းပဲ၊ ပြီးတော့ ကျွန်တော်တို့ဟာ ဇီဝသိပ္ပံလို နယ်မြေအသစ်တွေထဲကို ဝင်နေကြတယ်၊

ငမြ - အမှန်ပဲ၊ ကျွန်တော်တို့ဟာ ဇီဝသိပ္ပံလို ကြီးထွားမှုနယ်မြေတစ်ခုကို တွယ်ကပ်နေကြတယ်။ ဒါပေမဲ့ ဇီဝသိပ္ပံရဲ့
တွေ့ရှိမှုမှာ ကျွန်တော်တို့ ခေါင်းဆောင်တွေဖြစ်ကြမလား။ မဖြစ်ဘူး။ ကုမ္ပဏီတွေကို ကျွန်တော်တို့ ထောက်ပံ့ပေး
အရာက ရှာဖွေတွေ့ရှိမှုတွေအတွက် လုံခြုံစိတ်ချရမှု၊ မူပိုင်ခွင့်ကာကွယ်မှု၊ သူတို့ရဲ့ သုတေသီတွေနဲ့ သိပ္ပံပညာရှင်
တွေအတွက် ဆွဲဆောင်မှုရှိတဲ့ နေထိုင်ရမှုအခြေအနေနဲ့ သုတေသနအတွက် ပံ့ပိုးပစ္စည်းတွေဖြစ်ကြတယ်၊ ပြီးတော့
ကျွန်တော်တို့ရဲ့ဆေးရုံတွေက ကောင်းမွန်တဲ့ မှတ်တမ်းတွေထားပြီး ကျွန်တော်တို့မှာ ကွဲပြားခြားနားတဲ့ လူမျိုးစုတွေ
များစွာရှိနေတာကြောင့် ထုတ်ကုန်အသစ်ကို ကျွန်တော်တို့ရဲ့ပြည်သူတွေအပေါ် အသုံးချဖို့အတွက် အဆောင်
အကူတွေပေးတာလည်း ရှိတယ်။

ဒါပေမဲ့ ဒီနေရာမှာတောင် ကျွန်တော်တို့ မပြင်မဆင်းနဲ့ မသွားကြဘူး၊ ကျွန်တော်တို့ အကျိုးအကြောင်းသင့် တွေ့
ကြတယ်၊ အိုကေ...တရုတ်တွေက နောက်ဆုံးမှာ သူတို့ရဲ့

Scanned by CamScanner

တရက်လုနာတွေအပေါ်မှာ ဆေးဝါးစမ်းသပ်ဖို့အတွက် ကုမ္ပဏီတွေက တရုတ်ပြည်ကို သွားကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာက ပိုပြီးကြီးမားတဲ့ တရုတ်ရျိုးရိုးဝိဇ္ဇာထောက်အပံ့တစ်ခု ရှိနေတာကြောင့်ဖြစ်တယ်၊ ဒါပေမဲ့ သူတို့က ပညာရပ်ဆိုင်ရာ မူပိုင်ကာကွယ်မှုမရှိဘူး၊ ပြီးတော့ သူတို့ကလည်း ကျွန်တော်တို့မှာရှိတဲ့ အိန္ဒိယ၊ မလေးကော်ကေးရှန်း တခြားလူတွေ မရှိတာကြောင့် ကျွန်တော်တို့ ဒီ ၂၀၊ ၃၀ ဒါမှမဟုတ် ဒီထက်များတဲ့နှစ်တွေမှာ နေနှင့်ကြလိမ့်မယ်၊ အိန္ဒိယတွေဟာ ဒီအချိန်အတွင်းမှာ သူတို့ရဲ့ဆေးရုံတွေကို ကမ္ဘာ့အဆင့်မီအောင် လုပ်နိုင်မှာကို ကျွန်တော် မမြင်ဘူး၊ ဒါမှမဟုတ် ပညာရပ်ဆိုင်ရာ မူပိုင်ခွင့်ကို ကာကွယ်နိုင်မှာကိုလည်း မမြင်ဘူး၊ ကမ္ဘာ့ဆဲအဝှမ်း နည်းပညာတွေလုပ်ကိုင်နေတဲ့ ကမ္ဘာမှာ လွတ်လပ်တဲ့စွေးကွက်ဟာ ခင်ဗျားရင်ဆိုင်ရမယ့်အရာပဲ၊ တိုင်းပြည်တိုင်းဟာ အဲဒါကို ရင်ဆိုင်ကြရတယ်၊ တရုတ်(တိုင်ပေ) အဲဒါကိုမလုပ်နိုင်ဘူး၊ ဟောင်ကောင်မလုပ်နိုင်ဘူး၊ ဒါပေမဲ့ ရှင်ဇန်လုပ်နိုင်တယ်၊ သူတို့က ၇ သန်းရှိလို့ မဟုတ်ဘူး၊ ဒီ ၇ သန်းက သန်း ၁၃၀၀ ထဲက ထုတ်နှုတ်ယူထားတာကြောင့်ဖြစ်တယ်၊ ကျွန်တော်က ၃.၂ သန်းရှိတဲ့ စင်ကာပူသားတွေထဲက ဘာထုတ်နှုတ်ယူမလဲ၊ ကျမ်းကျင်မှုတွေ သယ်ဆောင်လာတဲ့ နိုင်ငံခြားအလုပ်သမားတွေမရှိရင် ကျွန်တော်တို့ ဒါကို လုပ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် စားလရှည်မှာ ကျွန်တော်တို့ဟာ နောက်ထပ် ပင်ကိုအစွမ်းတွေကို ဆက်လက်ဆွဲယူနေကြရမယ်၊ ပင်ကိုအစွမ်းတွေ အပေါ် ကျွန်တော်တို့ ဒေသဝင် မကျေမပွန်ရင် ကျွန်တော်တို့ နိုင်ငြခြရှိမှာ မဟုတ်ဘူး၊ ဘဝဆိုတာ ဒါပဲ၊

ဆ - ဒါဆို ခင်ဗျားပြောနေတာက နည်းပါးတဲ့ လူဦးရေနဲ့ ကန့်သတ်ထားတဲ့ အရင်းအမြစ်ရှိတဲ့ နိုင်ငံကလေးတစ်နိုင်ငံဟာ ကုန်ပစ္စည်းထုတ်လုပ်ရေးမှာ ကမ္ဘာ့ချန်ပီယံတစ်ယောက် မွေးထုတ်ဖို့အတွက် သက်ရောက်ပမာဏ လိုအပ်နေတယ်၊ ဒါကြောင့် ကြိုးစားမကြည့်ပါနဲ့ ဟုတ်လား၊

ခ - ဟုတ်တယ်၊ ခင်ဗျားအောင်မြင်ရင် သိပ်ဝိုက်ခံရလိမ့်မယ်၊ ကမ္ဘာ့အဆင့်အတန်းရောက်အောင်လုပ်ပါ၊ ဒီဖြစ်နိုင်သမျှ သိပ်ဝိုက်မှုတွေအားလုံးကို ကြည့်ရှုနေတဲ့ ကုမ္ပဏီတစ်ခု ရှိနေလိမ့်မယ်၊

ဆ - ဒီဇယဲ့ ဖင်လန်က Nokia ကို ထုတ်လုပ်ခဲ့တယ်၊ ဆွီဒင်က IKea လို ကုမ္ပဏီတွေရှိတယ်၊ အဲဒါတွေဟာ တိုင်းပြည်ရဲ့ မျိုးဆိုင်ရာ အရွယ်အစားက တည်ဆောင်းစဉ်းစားရမယ်ဆိုတဲ့ အချက်ကို ဖောက်ထွက်သွားတဲ့ ကုမ္ပဏီတွေပါ၊

ဂ - ဆောင်းပြီး၊ ဆွီဒင်က IKea ၊ ကျွန်တော်တို့ ဒီအထဲကို ဝင်ချင်ကြသလား။ ကျွန်တော်တို့မှာ သစ်တောနဲ့ ဒီဇိုင်နာတွေ ရှိသားလား။ ဆွဲပေးတွေက ကောင်းမွန်တဲ့ ဒီဇိုင်နာတွေ၊ ဟုတ်တယ်မဟုတ်လား။ သမိုင်းမှာ Nokia ရဲ့ဇာစ်မြစ်က [illegible] ကနဦး သန်းငါးဆယ်ကြဲ ကြည့်ဘူးတွေပါ။ ကာလရှည်မှာ ကိုးရီးယားနဲ့ ဂျပန်က ယှဉ်ပြိုင်မှုကို သူတို့ အမီလိုက်နိုင်မလား၊ [illegible] ကျွန်တော်တို့ ဒီအထဲကို ဝင်ချင်ကြသလား။ ကျွန်တော်တို့မှာ သစ်တောနဲ့ ဒီဇိုင်နာတွေ ရှိသားလား။ ဆွဲပေးတွေက ကောင်းမွန်တဲ့ ဒီဇိုင်နာတွေ၊ ဟုတ်တယ်မဟုတ်လား။ သမိုင်းမှာ Nokia ရဲ့ဇာစ်မြစ်က [illegible] ကနဦး သန်းငါးဆယ်ကြဲ ကြည့်ဘူးတွေပါ။ ကာလရှည်မှာ ကိုးရီးယားနဲ့ ဂျပန်က ယှဉ်ပြိုင်မှုကို သူတို့ အမီလိုက်နိုင်မလား၊ [illegible] ကျွန်တော်တို့ ဒီအထဲကို ဝင်ချင်ကြသလား။ ကျွန်တော်တို့မှာ သစ်တောနဲ့ ဒီဇိုင်နာတွေ ရှိသားလား။ ဆွဲပေးတွေက ကောင်းမွန်တဲ့ ဒီဇိုင်နာတွေ၊ ဟုတ်တယ်မဟုတ်လား။ သမိုင်းမှာ Nokia ရဲ့ဇာစ်မြစ်က [illegible] ကနဦး သန်းငါးဆယ်ကြဲ ကြည့်ဘူးတွေပါ။ ကာလရှည်မှာ ကိုးရီးယားနဲ့ ဂျပန်က ယှဉ်ပြိုင်မှုကို သူတို့ အမီလိုက်နိုင်မလား၊ [illegible] ကျွန်တော်တို့ ဒီအထဲကို ဝင်ချင်ကြသလား။ ကျွန်တော်တို့မှာ သစ်တောနဲ့ ဒီဇိုင်နာတွေ ရှိသားလား။ ဆွဲပေးတွေက ကောင်းမွန်တဲ့ ဒီဇိုင်နာတွေ၊ ဟုတ်တယ်မဟုတ်လား။ သမိုင်းမှာ Nokia ရဲ့ဇာစ်မြစ်က [illegible] ကနဦး သန်းငါးဆယ်ကြဲ ကြည့်ဘူးတွေပါ။ ကာလရှည်မှာ ကိုးရီးယားနဲ့ ဂျပန်က ယှဉ်ပြိုင်မှုကို သူတို့ အမီလိုက်နိုင်မလား၊

Scanned by CamScanner

ကျွန်တော် တို့မဝယ်ကြတော့ဘူး။ ဒါပေမဲ့ သူတို့က ဒီအပေါ်မှာ တစ်ချိန်လုံးအလုပ်လုပ်နေကြတယ်။ တရုတ်ကနဲ့ တွက်ပေးသီးကို ကြည့်ပါ။ တရုတ်တွေက ၂ လုံးနဲ့ ၅ လုံးရှိတယ်။ (အပေါ်အကန့်မှ အတံအသီးသီးတွင် ပေသီး ၂ လုံး၊ အောက်အကန့်မှ အတံအသီးသီးတွင် ပေသီး ၅ လုံး)။ ဒါပေမဲ့ ဂျပန်တွေက ၁ လုံးနဲ့ ၄ လုံးရှိတယ်။ သူတို့ အဲဒါကို အသံမထွက်အောင် မြုံမြင်ကြတယ်။ သူတို့က ထမင်းစားတဲ့တူကနေ မော်တော်ကားအထိ အရာရာတိုင်းမှာ ပိုကောင်းအောင် လုပ်ကြတယ်။

အခြားတစ်ဖက်မှာကျွတော့ အမေရိကန်ယဉ်ကျေးမှုက တာထွက်မျဉ်းကနေ စပြေးပြီး ခင်ဗျားတို့ကို အနိုင်ယူအံ့ ဒါကြောင့် အမေရိကန်စီးပွားရေးဟာ ပြန်ပြီး နလန်ထူလာမယ်ဆိုတာကို ကျွန်တော် ယုံကြည်တယ်။ ထုတ်လုပ်ရေးမှာ သူတို့ဟာ ဂျပန်နဲ့ ဂျာမနီကိုယှဉ်ရင် ကျဆင်းနေတယ်။ ဒါပေမဲ့ အင်တာနက်၊ မိုက်ကရိုဆော့နဲ့ ဘေဂိတ်တို့ သူတို့တက်နေကြတယ်။ ရုတ်တရက် သူတို့က ဈေးကွက်ကိုလွှမ်းမိုးပြီး ကုန်ကျစရိတ်တွေကို ဖြတ်တောက်ကြတယ်။ ဒါကြောင့် ဥရောပနဲ့ ဂျပန်က အပီလိုက်ကြရတယ်။

ဂျပန်တွေက ခါတော်မီတီထွင်မှုလုပ်တဲ့နေရာမှာ ပထမပဲ။ သူတို့က အပိုဆုဆောင်းကြတယ်။ ဒါပေမဲ့ အမေရိကန်တွေက တစ်စုံတစ်ရာအသစ်နဲ့ လုံးလုံးလျားလျား ဖောက်ထွက်ကြတယ်။ ဒီအတွက် ခင်ဗျား ဘယ်လိုအယူအဆ သဘောထားလိုအပ်သလဲ။ ဒါဟာ သမိုင်းရဲ့အစိတ်အပိုင်းပဲ။ သူတို့ဟာ ဘာမှမရှိတဲ့ တိုက်ကြီးတစ်ခုထဲကို ဝင်သွားကြပြီး အဲဒီတိုက်ကြီးကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ ရက်အင်ဒီယံတွေကို သတ်ဖြတ်ပြီး မြေယာနဲ့ ကုန်းတွေကို သိမ်းပိုက်ကြတယ်။ ဒါကြောင့် ဒါဟာ သူတို့ အဆုံးသတ်သွားပုံဖြစ်တယ်။ ခင်ဗျား ဒီနေရာမှာ မြင်ပြီးသား တည်တယ်။ ခင်ဗျားက ရဲမှူးဖြစ်မယ်။ ကျွန်တော်ကတော့ သူကြီးဖြစ်မယ်။ ပြီးတော့ ခင်ဗျား ဘက်လုပ်ငန်းရှင်ဖြစ်မယ် စကြရအောင်။ ဒီယဉ်ကျေးမှုက ဒီနေ့အထိ ဆက်လက်ဖြစ်နေတယ်။ ခင်ဗျား အဲဒါကို ဖြစ်အောင်လုပ်နိုင်တဲ့ ယုံကြည်ချက် ရှိတယ်။

ေမး - Fortune 500 ကုမ္ပဏီတွေ စာရင်းထဲမှာ ဒေသငယ်တဲ့ ဥရောပနိုင်ငံတွေ အတော်များများ ပါဝင်တယ်။ စင်ကာပူ ကုမ္ပဏီ မပါဘူး။ ဒါပေမဲ့ ဓင်လန်က ၂ ခု၊ ဆွီဒင်က ၆ ခု၊ ဆွစ်ဇာလန်က ၁၄ ခု ရှိတယ်။

ေျဖ - ပထမ - သူတို့ရဲ့အခွင့်သာချက်ကို ကျွန်တော် ပြောပါရစေ။ သူတို့မှာ ဥရောပဈေးကွက်ရှိတယ်။ ဟုတ်တယ်မဟုတ်လား။ ဥရောပသမဂ္ဂက သူတို့ကို အဲဒီဈေးကွက် အသုံးချခွင့်ပေးထားတယ်။ ဒီတော့ သူတို့မှာ ပိုပြီးကြီးမားတဲ့ အခြေခံရှိတယ်။ ဥရောပသမဂ္ဂနိုင်ငံသားတွေဟာ နယ်စပ်တွေကို ဖြတ်ကျော်နိုင်ကြတယ်။ အဲဒီအတွက် နိုင်ငံကူးလက်မှတ် တစ်စုံတစ်ရာမလိုဘူး။ ဒါကြောင့် ခင်ဗျား ဆွီဒင်အကြောင်းပြောရင် ဆွစ်က စီးပွားရေးလုပ်ငန်းရှင်ဖြစ်တယ်လို့ မဆိုလိုဘူး။ တစ်ယောက်ယောက်က အဲဒီအထဲကို ဝင်သွားနိုင်တယ်။ နောက်ဒစ်တိုင်းပြည်တွေဟာ သူတို့နဲ့ ချိတ်နေကြတယ်။ သူတို့ ဆွစ်အခြေပိုက်ကို သွားရောက်အသုံးပြုကြပြီး အဲဒီနေရာကနေ တည်ထောင်ကြတယ်။ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေး... သူတို့ကွေဟာ တူညီတဲ့လူမျိုးစုတွေဖြစ်ကြတယ်။ အိုင်ယာလန်က အဲဒီနေရာမှာ ပြောင်းလဲခဲ့ အခြေချတွေ အတော်များများနဲ့အတူ စင်ကာပူထက် ပိုပြီးလူမျိုးပေါင်းစုံတယ်။ အဲဒီမှာ သူတို့ အသိုင်းအဝိုင်းကြီး စွန့်ခွာလာကြတဲ့ အိုင်ယာလန်တွေလည်း အများအပြားရှိကြတယ်။ ဒီတော့ ပိုမိုကြီးမားတဲ့လူအင်အား အခြေခံကနေ ပင်ကိုအစွမ်းတွေကို ခင်ဗျား ထုတ်ယူနေတယ်။ ဒါဟာ ကြီးကျယ်တဲ့အခွင့်သာချက်ပဲ။ စင်ကာပူမှာ ခင်ဗျား

Scanned by CamScanner

အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနဲ့ ဖိလစ်ပိုင်တို့ရဲ့ချွေးချယ်မှုကို ရင်ဆိုင်ရတယ်။ ခင်ဗျားရဲ့ချေးကွက်က ဘယ်မှာလဲ။ ဒါကြောင့် စင်ကာပူမှာနေပြီး ဒီပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါ ကျွန်တော်တို့ နောက်ပြန်ဆုတ်ပြီး အဲဒါတွေကို စဉ်းစားရတယ်။ စီးပွားရေးပညာရှင်တွေနဲ့ တခြားလေ့လာသုံးသပ်ကြသူတွေက ဝင်လာကြပြီး တခြားနေရာမှာ ဖြစ်ပျက်နေတဲ့ဟာတွေနဲ့ ထင်မြင်ယူဆချက်ထုတ်ကြတယ်။ ကျွန်တော်တို့စီးပွားရေးလုပ်ငန်းရှင်တွေ မွေးထုတ်ဘူးလို့ သူတို့ပြောတယ်။ မေးခွန်းက - ကျွန်တော်တို့ရဲ့ စီးပွားရေးကို ဆက်လက်ချီတက်နေဖို့အတွက် လုံလောက်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ မွေးထုတ်ပေးနိုင်မလား။ ဟောင်ကောင်နဲ့ တရုတ်(တိုင်ပေ) မလုပ်နိုင်ဘူး၊ အလားတူ သက်ရောက်ပမာဏမရှိဘဲ R & D (သုတေသနနဲ့ ဖွံ့ဖြိုးမှု)ထဲက ကြိုးမားတဲ့ စီးပွားရေးနိုင်ငံတွေနဲ့ ကျွန်တော်တို့ ယှဉ်ပြိုင်နိုင်မလား။

ကျွန်တော်တို့အားလုံးဂျူးတွေဖြစ်ကြရင် အဲဒါကိုလုပ်နိုင်ကောင်းလုပ်နိုင်လိမ့်မယ်၊ ဂျူးတွေဟာ လူဦးရေတစ်ထောင်မှာကမ္ဘာပေါ်မှာရှိတဲ့တခြားလူမျိုးတွေထက်ဦးနှောက်စွမ်းအားပိုရှိကြတယ်၊ ရုရှားဂျူးတွေအစွဲရေးကိုသွားကြတဲ့အခါ လူတွေက လေယာဉ်ဆင်းလာရင် သူတို့ကို သတိထားကြည့်ဖို့ပြောကြတာ အီကောနမစ်မဂ္ဂဇင်းမှာ ကျွန်တော် ဖတ်လိုက်ရတယ်။ လူတစ်ယောက် ဝန်စည်စလှယ်အိတ်ကြီးတစ်လုံး သယ်ဆောင်လာရင် သူ့မှာ ဘေစ်ဂိတာကြီး တစ်လုံး ရှိရမယ်၊ အိတ်ကဒေးနေရင် အဲဒါက တယောဖြစ်ဖယ်၊ အိတ်က ပိုပြီးလိုတောင်သေးနေရင် အဲဒါထရမ်ပက် ဖြစ်မယ်၊ သူ ဘာမှသယ်ဆောင်မလာရင် သူဟာ စန္ဒယားဂီတပညာရှင်သော်လည်းကောင်း၊ သိပ္ပံပညာရှင်သော်လည်းကောင်း ဖြစ်ရမယ်။ ဘာကြောင့်လဲဆိုတော့ သူ စာရွက်စာတမ်းတွေပဲ သယ်ဆောင်လာတာကြောင့်ဖို့ဖေါ်။ ဒါဟာ ရုရှားတွေ မိုက်မိုက်မဲမဲနဲ့ မောင်းထုတ်လိုက်ကြတဲ့ ပြည်သူတွေရဲ့အရည်အချင်းပဲ။ သူတို့ဟာ ရုရှားတွေကို အကျိုးဆောင်ပေးနိုင်ခဲ့ကြတယ်။

ကံအားလျော်စွာ ကျွန်တော်တို့ရဲ့ မဟာဗျူဟာက အိုကေတယ်။ ကျွန်တော်တို့က ဖွင့်ပေးပြီး အကောင်းဆုံးကို ယူကြရအောင်လို့ ပြောခဲ့ကြတယ်။ အခု တရုတ်က ဂျပန်နဲ့ ကိုရီးယားပုံစံမျိုး ပြုလုပ်ဖို့ စက်မှုထွန်းကားရေးကို စတင်ပြုလုပ်တဲ့အခါ ဒီရွေးချယ်မှုကို ရတယ်။ တရုတ်က ဖမိုက်မဲဘူး။ သူတို့မှာ သက်ရောက်ပမာဏနဲ့ ဦးနှောက်စွမ်းအား ရှိတယ်ဆိုတာ သူတို့သိတယ်။ သူတို့က သူတို့ရဲ့လူတွေကိုလေ့ကားတဆုံးရောက်အောင် လေ့ကျင့်ပေးကြတယ်။ ထိပ်သီးကျောင်းတွေ၊ ထိပ်သီးတက္ကသိုလ်တွေ၊ R & D နေရာတိုင်းမှာရှိတယ်။ သူတို့ ဘာလုပ်ကြသလဲ။ သူတို့ရဲ့ ကိုယ်ပိုင်ချွန်ပီယံကား ပြုလုပ်ဖို့ ကြိုးစားနေကြသလား။ ဟောင်နွမ်းတဲ့ ခင်ဗျားရဲ့ပုံစံတွေကို ခင်ဗျားယူလာတယ်။ ကိစ္စမရှိဘူး၊ ဒါပေမဲ့ ကျွန်တော့်ရဲ့အင်ဂျင်နီယာတွေ၊ ဒီဇိုင်နာတွေနဲ့ အလုပ်သမားတွေအကုန်လုံးကို ခင်ဗျား အသုံးချနေတယ်။ တရုတ်က ဟွန်ဒိုင်နဲ့ တိုယိုတာကို သူတို့ဟာသူတို့ အမိမလိုက်နိုင်ဘူး။ ဒါပေမဲ့ နိုင်ငံပေါင်းစုံအတွက် အလုပ်လုပ်နေကြတဲ့ ထိပ်သီးအဆင့်ရှိသူတွေ၊ ထိပ်သီးဦးနှောက်ရှိသူတွေ ဒီလို အလျှံပယ်ရှိနေတာကြောင့် သူတို့ရဲ့ Lexus ကို ပေါင်းစပ်ထုတ်လုပ်ကြတော့မယ်။ ဒီနေ့ သူတို့ ချယ်ရီကားလေးတွေရပြီ၊ သူတို့ကို ကျွန်တော် နှစ် ၂၀ ပေး တယ်၊ သူတို့ လဲဇပ်နဲ့ မာစီဒီဘင့်ဇ် ထုတ်ကြလိမ့်မယ်။ နောက်ဆုံးမှာ ကျန်ဘိုလေယာဉ်အတွက် သူတို့ ဆက်လုပ်ကြတယ်၊ သူတို့ လဲဇပ်နဲ့ မာစီဒီဘင့်ဇ် ထုတ်ကြလိမ့်မယ်။ နောက်ဆုံးမှာ ကျန်ဘိုလေယာဉ်အတွက် သူတို့ ဆက်လုပ်ကြတော့မယ်။

Scanned by CamScanner

ဃး - ဒါဆို စင်ကာပူကိစ္စမှာ ကုန်ပစ္စည်းထုတ်လုပ်ဖို့အတွက် နိုင်ငံပေါင်းစုံကမ္ဘာကြီးတွေအပေါ် ကျွန်တော်တို့ အမြင်တွေ အားထားနေကြမလား။

ဖြေ - ဟုတ်တာပေါ့။

ဃး - ပြီးတော့ ကျွန်တော်တို့ဟာ ကြီးမားတဲ့ နိုင်ငံပေါင်းစုံကမ္ဘာကြီးက ထုတ်လုပ်သူတွေကို အကျိုးဆောင်ပေးမဲ့ စီးပွားရေးနိုင်ငံ ဖြစ်လာမလား။

ဖြေ - ခင်ဗျားရဲ့ အိမ်နီးချင်းပတ်ဝန်းကျင်ကို ကြည့်ပါလို့ ကျွန်တော်ပြောမယ်။ ခင်ဗျားရဲ့ သုံးသပ်ချက်ကို ခင်ဗျား ရရှိလာလိမ့်မယ်။ ခင်ဗျား ဥရောပမှာ ရှိသလား။ ခင်ဗျား ပစိဖိတ်မှာရှိသလား။ ခင်ဗျား ပစိဖိတ်မှာရှိရင် ကျွဲဆုံးမှာပဲ၊ ကျွဲတော်တို့ ဖီဂျီမှာရှိတယ်ဆိုပါစို့၊ ဘယ်သူက ဖီဂျီကို လေယာဉ်စီးကြမလဲ။ ဟိုခေတ်တုန်းက ခင်ဗျား သြစတြေးလျသွားဖို့ ဖီဂျီကို လေယာဉ်စီးတယ်၊ အခု ခရီးဝေးသွားတဲ့လေယာဉ်တွေရှိလာတော့ ဈေးပေါတဲ့ အားလပ်ရက်နဲ့ ခင်ဗျား သွားချင်မှပဲ ဖီဂျီကို သွားတော့မယ်။ ခင်ဗျား ဖီဂျီမှာရှိနေရင် ဘယ်လိုလုပ် အောင်မြင်မလဲ၊ ဒီတော့ အဲဒီက အမေရိကန်တွေအတွက် အားလပ်ရက် ခရီးထွက်မယ့်နေရာဖြစ်လာတယ်။ ဖြူးဖွေးတဲ့ပင်လယ်ကမ်းခြေတွေ၊ သန့်သောင့်သက်သာနေကြတဲ့လူတွေ၊ အုန်းပင်တွေရှိတယ်။ အမေရိကန်တွေဆောက်ထားတဲ့ နှစ်သက်စရာကောင်းတဲ့ ဟိုတယ်တွေရှိတယ်၊ ကမ္ဘာလှည့်ခရီးသည်တွေကို ခင်ဗျား ဝန်ဆောင်မှုပေးနိုင်တယ်။

ကျွန်တော်တို့ စင်ကာပူမှာရှိတယ်၊ လေကြောင်းနဲ့ရောက်လာတဲ့ ပြည်သူသန်းနှစ်ထောင်ကျော်ရဲ့ ဈေးကွက်ရှိတယ်။ ကျွန်တော်တို့ မျိုးဆက်တစ်ခုအတွင်းမှာ လေကားပေါ်ကို တက်ခဲ့ကြတယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြသလဲ၊ ကျွန်တော်တို့က အပြင်ကိုကြည့်ပြီး၊ ကြည့်စမ်း ...ဒါဟာ ငါတို့သွားမဲ့လမ်းပဲလို့ ပြောကြတယ်။ ကျွန်တော်တို့ အင်အား အများဆုံးစိုက်ထုတ်ပြီး ဒီကိုရောက်လာကြတယ်။ ရှေ့ဆက်ပြီး ကျွန်တော်တို့ ဘယ်လိုထပ်တက်ကြမလဲ၊ တရုတ်ရဲ့ အိန္ဒိယတွေကို သူတို့ကြီးမားတဲ့လမ်းတစ်ခုထဲဝင်ကြတော့မယ်လို့ ကျွန်တော်တို့ သိရှိတဲ့နေရာတွေမှာ မယှဉ်ပြိုင်ဘဲ ထပ်တက်ကြမယ်၊ ယုံကြည်စံထိုက်မှု၊ ယုံကြည်စိတ်ချမှု၊ ပညာရပ်ဆိုင်ရာ မူပိုင်ခွင့်နဲ့ ဥပဒေစည်းမျဉ်းတွေလို သူတို့ မယှဉ်ပြိုင်နိုင်တဲ့ အရည်အသွေးတွေကို ရယူထိန်းသိမ်းပြီး သင့်လျော်တဲ့ အလုပ်အကိုင်ကလေးထဲမှာ နေရင်း ကျွန်တော်တို့ အောင်မြင်မယ်၊ အဲဒါတွေကို ကာလရှည်မှာ သူတို့ မယှဉ်နိုင်ကြဘူး။

ရှင်ဇန်ကို ကျိုးဟောဘာဂူးမှာ ကျွန်တော်ရရင် ကျွန်တော်တို့ ထိုင်ပြီး သူတို့ကို ကျွန်တော်တို့ ပူးပေါင်းသင့်သလား၊ ကျွန်တော်ပြောမယ်ထင်တယ်၊ ရယ်စရာကိစ္စမဟုတ်ဘူး၊ ရှင်ဇန်ဆီကိုသွားဖို့ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော် မဆိုလိုဘူး၊ ဒါပေမဲ့ အကောင်းဆုံးတွေ အဲဒီမှာ အများကြီးရှိတယ်။ ပြီးတော့ ရှင်ဇန်က မန်ဒရင်စကားပြောတယ်၊ ကန်တုန်စကား မပြောဘူး၊ ၁၉၈၀ ပြည့်နှစ်မှာ တိန့်ရှောင်ဖိန် ဖွင့်လှစ်ခဲ့ကတည်းက ဒီနေရာက တိုတောင်းတဲ့ ကာလအတွင်းမှာ အသွင်ကူးပြောင်းခဲ့တယ်။ (၁၉၈၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့တွင် ရှင်ဇန်က အထူးစီးပွားရေးဇုန် တစ်ခု ဖြစ်လာသည်။) ကျေးရွာကလေးတစ်ရွာကနေ အခု လူ ၇ သန်းရှိတဲ့ မြို့တော်ကြီးဖြစ်လာတာဟာ နှစ် ၂၀ ကျော်ပဲကြာတယ်။ ဟောင်ကောင်သားတွေဟာ ဆံပင်ညှပ်ဖို့၊ လက်သည်းအလှပြင်ဖို့နဲ့ တရုတ်အကျီတွေ ဝယ်ဖို့ အတွက် အဲဒီနေရာကို သွားကြတယ်။ ဟောင်ကောင်အထည်ချုပ်တွေ မယှဉ်နိုင်ကြဘူး။ ကျွန်တော်တို့ အဲဒီလို မျိုးရရင် ထိုင်စဉ်းစားကြပြီး၊ အိုကေ ...ငါတို့ အခု ဘယ်ကိုသွားကြမလဲလို့ ပြောကြလိမ့်မယ်၊

Scanned by CamScanner

မေး - ခင်ကာပူက အိမ်တွင်းကုန်ထုတ်လုပ်မှုရဲ့အကန့်အသတ်ဖြတ်အပေါ် ခင်ဗျားရဲ့အမြင်တွေက....ခင်ကာပူအစိုးရဟာ နိုင်ငံပေါင်းစုံကုမ္ပဏီတွေကို အထောက်အပံ့ပေးသလောက် ဒေသတွင်းစက်မှုလုပ်ငန်းကို အလုံအလောက် ထောက်ပံ့မပေးဘူးလို့ ပြည်သူတွေပြောနေတဲ့ အကြောင်းရင်းလား။

ဖြေ - မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒီမယ်...အမေရိကန်တွေရဲ့သေးငယ်တဲ့လုပ်ငန်းတွေနဲ့ အလယ်အလတ်လုပ်ငန်းတွေဟာ အထောက်အပံ့အတွက် အစိုးရဆီကို မသွားကြဘူး။ ဆီလီကွန်ဝယ်လီမှာ သူတို့ မော်တော်ကားပြင်တဲ့ အလုပ်လုပ်ပြီး စီးပွားဖြစ်ကြတယ်။ သူတို့ အစိုးရအထောက်အပံ့ ရှာဖွေပြီး စီပံခန့်ခွဲရေးအလုပ်တွေ သင်ကြား၊ ချေးငွေရရှိ၊ ဖြစ်ပြီးတဲ့အချိန်မှာ သူတို့ အလုပ်ကောင်းကြတော့မှာမဟုတ်ဘူး။

ဒါကို မုတ်ထားပါ။ ထိပ်ဆုံးပေါ်ကလူတွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေချည်းသာ ဖြစ်ကြတယ်ဆိုတာကို မယုံပါနဲ့။ သူတို့အားလုံးဟာ အင်အားကြီးတဲ့ ဦးနှောက်သမားတွေ၊ ဘေလ်ဂိတ်၊ မိုက်ကယ်ဒဲလ်၊ စတွကိုက ဂျွန်ချိန်ဘာ... သူတို့အားလုံးကို ကျွန်တော် တွေ့ဆုံခဲ့တယ်။ သူတို့တွေက အလွန်စွမ်းဆောင်နိုင်တဲ့ လူတွေပါ။ ကျွန်တော်တို့ရဲ့ စွမ်းဆောင်နိုင်တဲ့ လူတွေက ဘယ်မှာလဲ၊ သေးငယ်တဲ့ လုပ်ငန်းတွေနဲ့ အလယ်အလတ်လုပ်ငန်းတွေထဲမှာလား။ မရှိဘူး။ ဒီလုပ်ငန်းတွေက ဒုတိယ၊ တတိယအဆင့်ရှိတဲ့ပင်ကိုအင်္ဂမ်းတွေကို စုဆောင်းနေကြတယ်။ ပထမအဆင့်က သူတို့အတွက် အလုပ်မလုပ်ကြဘူး။ ဒါဟာ ကျွန်တော်တို့ ကံကောင်းတာပဲ။ ဟုတ်တယ် မဟုတ်လား။

မလေးရှားက အဲဒါကို ဘယ်လိုလုပ်သလဲ။ သွင်းကုန်တွေကို ပိတ်ဆို့ပြီး ဒုိကေ (ရေနံနှင့် တတ်ငွေ့ကုမ္ပဏီ) ပက်ထရိုနာ့စ်ကို ငါတို့လည်ပတ်မယ်။ ပရိုတွန်(ကား)ကို ငါတို့ လည်ပတ်မယ်လို့ ပြောပြီးလုပ်ကြတယ်။ ဒါပေမဲ့ ပရိုတွန်ကို သူတို့စတင်ပြုလုပ်ကြတဲ့အခါ ကွာချင်ရှုရင်၊ ကျွန်တော့်ကိုပြောခဲ့တဲ့ဟာ ကျွန်တော် မှတ်မိတယ်။ "အဲဒါကြမ္မာငင်မှာပါ" လို့ သူ ပြောတယ်။ ဟုတ်တာပေါ့၊ ကြမ္မာငင်သွားတယ်။ အခွင့်အရေး မရှိတော့ဘူး။ ကမ္ဘာကြီးဟာ ပေါင်းစည်းနေပြီး ကုန်သွယ်ရေး ကန့်သတ်ချုပ်ချယ်မှုတွေ ပွင့်လာတဲ့အခါမှာ ခင်ဗျားရဲ့ကိုယ်ပိုင်ကုန်ထုတ်လုပ်ရေး အုပ်စုကလေးကို ခင်ဗျား စတင်ပြုလုပ် ချင်နေသလား။

ထိုင်းနိုင်ငံက အရှေ့တောင်အာရှမှာ ဒက်ထရွိုက်တစ်ခုဖြစ်လာပြီ။ အပိုပစ္စည်းတွေအားလုံးအဲဒီနေရာမှာ ပြုလုပ်နေပြီး ကားတွေကို တပ်ဆင်နေပြီး ခင်ဗျား ဘယ်လိုယှဉ်ပြိုင်နိုင်မလဲ။ ဒီတော့ ပရိုတွန်ကို ကာကွယ်ဖို့အတွက် မလေးရှားတွက "သွင်းကုန်ကိုပိတ်" လို့ပြောကြပြီး လွတ်လပ်တဲ့ကုန်သွယ်သဘောတူညီချက်ကို ဆိုင်းငံ့ထားကြတယ်။ အဲဒါက အမျိုးသားရေးဂုဏ်ယူစရာပေါ့။ ဒါပေမဲ့ ပရိုတွန်ကို ကယ်တင်နိုင်သလား။ တောက်ဝင်ဂွန်က သိမ်းယူချင်တယ်။ ဒါပေမဲ့ သူတို့က ဟင့်အင်းလို့ပြောကြတယ်။ မလေးရှားတွေ ကြိုးကြပ်ရမယ်။ အခု အဲဒါက အရှုံးပေါ်နေတုန်းပဲ။ "ဒါကို ဖြတ်တောက်ပစ်လိုက်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက မော်တော်ကားစက်မှုလုပ်ငန်းရဲ့အနိမ့်ဘက်အဖျားမှာ တွယ်ကပ်နေပြီး ကျဆုံးသွားမှာကြောင့်ဖြစ်တယ်" လို့ ကျွန်တော်တို့ ပြောခဲ့ကြတယ်။

မေး - လုပ်ငန်းသေး လုပ်ငန်းလတ်ပုံစံကို ဝေဖန်ကြတဲ့လူတွေ ပြောချင်ကြတာက အဲဒါဟာ ဟန်ချက်ညီခြင်း ပြဿနာတစ်ခု ဖြစ်တယ်။ အစိုးရက ကာလရှည်အတွက် နိုင်ငံပေါင်းစုံ ကုမ္ပဏီတွေကို မျက်နှာသာပေးဟန်တူပြီး သူတို့က ခင်ဗျား ကျွန်တော်တို့ကို ဒီလို အာရုံစိုက်မှုတချို့ပေးခဲ့လို့ ကျွန်တော်တို့ ယှဉ်ပြိုင်နိုင်တဲ့နေရာကို ကျွန်တော်တို့ကို မမျှနောက် ဘေးတွေကောထုတ်ခွင့်ပြုရင် ကျွန်တော်တို့ ပိုပြီး သန်စွမ်းလာနိုင်တယ်လို့ ပြောကြတယ်။ ကိုကာကိုလာနဲ့ ဆမ်ဆောင်း

Scanned by CamScanner

တို့ကို ကျွန်တော်တို့ ယုဉ်ပြိုင်ချင်စေကာင်း၊ ယုဉ်ပြိုင်ချင်ကြလိမ့်မယ်၊ ဒါပေမဲ့ အာရုံမှာ ပိုမိုသေးငယ်တဲ့ အတိုင်းအတာ
ကောင်းတာ တစ်စုံတစ်ရာကို ကျွန်တော်တို့ လုပ်နိုင်ကြတယ်၊

ဖြေ - လုပ်ငန်းသေး၊ လုပ်ငန်းလတ်တွေက အခြေခံအားဖြင့် နိုင်ငံပေါင်းစုံ ကုမ္ပဏီတွေအတွက် ဖြည့်ဆည်း
တွေ ဖြစ်လာရင်းနဲ့ ကြီးမွားကြရတယ်၊ ဒါကြောင့် နိုင်ငံပေါင်းစုံ ကုမ္ပဏီတွေ နိုင်ငံခြားကို သွားကြရင် သူတို့
လိုက်ကြရတယ်၊ နိုင်ငံပေါင်းစုံကုမ္ပဏီတွေ မတုတ်လုပ်ချင်တဲ့ အလယ်အလတ်ပစ္စည်းတွေကို သူတို့ထုတ်
ဒီလိုနဲ့ သူတို့ သိနားလည်ကြပြီး အဲဒီနေရာကနေ ကြီးထွားကြတယ်၊ နိုင်ငံပေါင်းစုံကုမ္ပဏီတွေက ကျွန်တော်တို့
လုပ်ငန်းသေး၊ လုပ်ငန်းလတ်တွေကို ကုန်ထုတ်လုပ်မှုစွမ်းအားရှိလာအောင် လုပ်ပေးတယ်၊
ဒီမယ် ... ကျွန်တော်တို့ ကုန်ထုတ်လုပ်မှုမရှိဘဲနဲ့ အစပြုခဲ့ကြတယ်။ ကုန်သည်တွေက၊ ကုန်ထုတ်လုပ်မှုကို
မဝင်ချင်ကြဘူး။ ဒါကြောင့် ကျွန်တော်တို့ စင်ကာပူ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (DBS) ရှိလာတာပေါ့၊ ဘဏ်
ဒီနေရာက ကုန်သည်တွေကို ပိုက်ဆံမချေးငှားချင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ ထုတ်လုပ်ရေးအကြောင်း
ကုန်သည်တွေက ဘာသိမှာမို့လို့လဲ၊ အဲဒါ အောင်မြင်လား။ အောင်မြင်တယ်။ ဒါကြောင့် ကျွန်တော်တို့ နက်စ်
(ကုမ္ပဏီ)ကို ရလာတယ်။ ကျွန်တော်တို့ ဘာလုပ်နိုင်သလဲ၊ ကုန်ကြမ်းပစ္စည်းတွေဝယ်ပြီး စီးပွားရေးလုပ်ငန်းကို
ထွားစေအောင်လုပ်တယ်၊ ဒါပေမဲ့ ဘာအတွက်လဲ၊ ဆောက်လုပ်ရေးအတွက်၊ တခြားဘာအတွက်ရှိသေးလဲ၊
ကိုးရီးယား၊ ဒါမှမဟုတ် တရုတ်ရဲ့သံနဲ့ သံမဏိ စီးပွားရေးလုပ်ငန်းနဲ့ ခင်ဗျား နှိုင်းယှဉ်နိုင်သလား။ တရုတ်က
အကြီးဆုံးသံနဲ့ သံမဏိထုတ်လုပ်သူဖြစ်နေတယ်၊ ဂျပန်မှာ သူတို့နည်းပညာအဆင့်မြင့် သံမဏိစက်ရုံတွေရှိကပ်
ဘယ်လိုပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကတော့ ကြီးမားမှာ ပဲ။ ကျွန်တော် ပါသ်ကို သွားတယ်၊ အဲဒီအနား
ကြီးမားတဲ့ သံသတ္တုတွင်းရှိတယ်။ ဒါနဲ့ အဲဒါကို ကျွန်တော် သွားကြည့်တယ်။ သြစတြေးလျလုပ်ငန်း ထူထောင်
တစ်ယောက်ရှိတယ်၊ သူက မိုင်းတူးသမားတစ်ယောက်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးသက်သာဖို့အတွက် ယူကေ
ဒါမှမဟုတ် တက်ကောင်က စဆန်းတစ်ခုရရှင်နေတယ်၊ ကျွန်တော်က အဲဒါကို တစ်ချက်ကြည့်ပြီး ချွန်ဂီတစ်ခုလုံး
ဒီဖုန်မှုန့်တွေနဲ့ ဖုံးလွှမ်းသွားလိမ့် မယ်လို့ပြောတယ်၊ ဒါကြောင့် ကျွန်တော်က "ဟင့်အင်း ... မလုပ်ဘူး" လို့ငြင်း
တယ်၊
အရာရာတိုင်းကို ကျွန်တော်တို့ စူးစမ်းရှာဖွေတယ်၊ ခင်ဗျား ဓမ္မတော်ကားလုပ်ငန်းတွေထဲ ဝင်ချင်သလား။ ကျွ
တော်တို့ ဓမ္မတော်ကားတွေ တပ်ဆင်တယ်၊ ရေခဲသေတ္တာနဲ့ လေအေးစက်တွေ ကျွန်တော်တို့ တပ်ဆင်တယ်
များ ရေခဲသေတ္တာလုပ်ပြီး ဂျပန်တွေလုပ်သလို တီတွင်ချင်သလား။ ဒီ အဝေးထိန်းခလုတ် ... အရှိန်ထိန်းခလုတ်
ကြည့်ပါ၊ ကလစ်၊ ကလစ်၊ ကလစ်၊ ပန်ကာတွေမြန်လိုက်၊ နှေးလိုက် လည်တယ်၊ ခင်ဗျား အဲဒါကို လုပ်နိုင်သ
မရဘူး။ ဖန်တီးမှုကဖြစ်တဲ့ ဒုက္ခကိုကြည့်ပါ၊ (စင်ကာပူ လက်ဖက်ခြောက်ထုတ်သူ) ရီယိုတီယတ်ဆင်က တ
ပြည်ကို သွားပြီး ကြေပ်တည်းတဲ့ အဆို့နှိပ် နဲ့ တွေ့ခဲ့ရတယ်။ ယုဉ်ပြိုင်မှုကို သူတို့ ရင်ဆိုင်ကြရလို့ပေါ့၊ သူတို့က ...
"အိုး ... မင်းတို့ရဲ့ပန်းလက်ဖက်ခြောက်က ဒီလိုမျိုးလား။ ဒါကို ငါတို့ အဆင်မြှင့်ပြမယ်" ပြောတယ်၊ ဒါနဲ့ သူ
လက်ဖက်ခြောက်လုပ်ပြီး အဲဒီကိုတင်ပို့တဲ့အခါ ကုန်ကျစရိတ် ပိုများသွားတယ်။ သူတို့ ယုဉ်ပြိုင်နိုင်သလား။ သူ
R & D ဘယ်မှာလဲ၊ အဲဒါကို မလုပ်နိုင်ဘူး၊ လက်တွေ့အမှန် ဖြစ်ကြပါစို့၊

Scanned by CamScanner

မေး - ငင်ဗျား ကျွန်ုပ်တော်တို့အားလုံးကို အရမ်းစိတ်ဓာတ်ကျစေအောင် လုပ်ခဲ့တယ်။

ဖြေ - မဟုတ်ဘူး။ ကျွန်တော် စိတ်ဓာတ်မကျပါဘူး။ ကျွန်တော်က လက်ခံတွေ့အမှန်ကျတာယ်။ ဒီဟာတွေက ကျွန်တော်တို့ရဲ့ ရွမ်းဆောင်နိုင်မှုတွေပါ။ ဒါဟာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ယှဉ်ပြိုင်မှုပါ။ ကျွန်တော်တို့မှာရှိတဲ့ဟာတွေ၊ ကျွန်တော်တို့ရဲ့ပိုင်ဆိုင်ပစ္စည်းတွေ၊ ကျွန်တော်တို့ရဲ့အစွမ်းအစတွေကို စဉ်းစားကြည့်တဲ့အခါ ကျွန်တော်တို့ လက်တွေ့အမှန် ရင်ဆိုင်ရင် ကောင်းကောင်းမွန်မွန် နေထိုင်နိုင်ကြသေးတယ်။

မေး - အိုကေ ... ဒါဆို ကမ္ဘာပေါ်မှာ အကောင်းဆုံးပစ္စည်း ထုတ်လုပ်သူတွေဖြစ်ဖို့၊ ဒါမှမဟုတ် ထိပ်သီးတီတွင် စမ်းသပ်သူတွေဖြစ်ဖို့ ကျွန်တော်တို့မှာ သက်ရောက်ပမာဏ မရှိဘူး၊ ဒါဖြင့်ရင် ကျွန်တော်တို့ရဲ့ယှဉ်ပြိုင်မှုအစွွင့်သာမျက်ကဘာဖြစ်မလဲ၊ မှန်ကန်တဲ့ အခြေခံအဆောက်အုံ၊ ဥပဒေစည်းမျဉ်းနဲ့ အုပ်ချုပ်ရေးစနစ်တွေကို စုစည်းနိုင်တာက ကျွန်တော်တို့ရဲ့ ရွမ်းဆောင်နိုင်မှု ဖြစ်နေပုံပေါ်တယ်။ ဒါပေမဲ့ ဒီဂုဏ်အင်္ဂါတွေက ကျွန်တော်တို့ကို ဗီတက်နေစေဖို့အတွက် လုံလောက်မလား။

ဖြေ - ကျွန်တော်တို့မှာ ဒီဂုဏ်အင်္ဂါတွေ မရှိဘူးလို့ မှတ်ယူနေကြရင် ကျွန်တော်တို့ ဘာဖြစ်လာကြမလဲ။

မေး - ဟုတ်ကဲ့ ... ဒါပေမဲ့ အခု ကျွန်တော်တို့မှာ ဒီဂုဏ်အင်္ဂါတွေ ရှိလာပြီဆိုတော့ အဲဒါတွေက ကျွန်တော်တို့ ဗီတက်နေဖို့ အတွက် လုံလောက်ပါ့မလား။

ဖြေ - ဒါတွေက ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့အိမ်နီးချင်းတွေနဲ့ ကွဲပြားစေတဲ့ အခြေခံတွေပါ။ ကျွန်တော် အစမြဲစဉ်အဆိတုန်းက မေးခွန်းက ပိုမိုကြီးမားတဲ့ သယံဇာတ၊ လူသားအရင်းအမြစ်နဲ့ နေရာအကျယ်အဝန်းရှိတဲ့ အိမ်နီးချင်းတွေကို ရင်ဆိုင်ပြီး စင်ကာပူ ဘယ်လိုရှင်သန်နေထိုင်နိုင်မလဲဆိုတာပါ။ ပြီးတော့ ကျွန်တော်တို့က သွင်းကုန်ပို့ကုန် စုစည်း ဖြန့်ဖြူးရေး ဗဟိုဌာနဖြစ်နေတာကြောင့် ကျွန်တော်တို့ရဲ့ကုန်သွယ်ရေးအတွက် သူတို့အပေါ် မှီခိုအားထားနေကြရတယ်။ ဒါကြောင့် ဒီကိစ္စကို စဉ်းစားပြီး လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေးနွေးတဲ့အခါ ကျွန်တော်တို့ ကွဲပြားခြားနားမှုရှိမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ သူတို့နဲ့ကွာခြားအောင် လုပ်ရမယ်။ နို့မဟုတ်ရင် ကျွန်တော်တို့ ပွဲသိမ်းသွားလိမ့်မယ်။

ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ သူတို့နဲ့ကွာခြားအောင် ဘယ်လိုလုပ်ကြမလဲ၊ သူတို့က သန့်ရှင်းတဲ့စနစ်မဟုတ်ဘူး၊ ကျွန်တော်တို့က သန့်ရှင်းတဲ့စနစ်ကို သုံးတယ်။ သူတို့ရဲ့ဥပဒေစည်းမျဉ်းက စိတ်မချရဘူး၊ ကျွန်တော်တို့က ဥပဒေကို လိုက်နာတယ်။ ကျွန်တော်တို့က သဘောတူညီချက်တစ်ခုရတာနဲ့၊ ဒါမှမဟုတ် ဆုံးဖြတ်ချက်တစ်ခုလုပ်တာနဲ့ အဲဒါကို တွယ်ဖက်ထားတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် ယုံကြည်စိတ်ချရပြီး အားကိုးထိုက်တယ်။ ကမ္ဘာ့အဆင့်အတန်းမီ အခြေခံအဆောက်အအုံတွေ၊ ကမ္ဘာ့အဆင့်မီထောက်ပံ့ရေးအမှုထမ်းတွေ၊ အားလုံးအင်္ဂါလိပ်စာတတ်ကြတယ်၊ လေ၊ ရေ၊ ကြေးနန်း၊ ဂြိုဟ်တု၊ (အခု) အင်တာနက်နဲ့ ဆက်သွယ်ရေးကောင်းတယ်။ ဒါကြောင့် ဒီဒေသမှာ တခြားသူတွေနဲ့ ကွဲပြားခြားနားတာကတော့ တည်ငြိမ်ရာပေါ့။ ခင်ဗျားဘန်ကောက်မှာ အလုပ်လုပ်ချင်သလား။ လေဆိပ်ဖွင့်ထားတယ်လို့ ခင်ဗျားကို အာမခံကြသလား။ ခင်ဗျား KL ကို သွားချင်သလား။ ဂျကာတာလား။ မနီလာလား။ ခင်ဗျားမှာ အဲဒီးတန်းမီဒီကိရိယာ ပစ္စည်းရှိတယ်။ အဲဒါကို ဘယ်နေရာမှာ ထားချင်သလဲ။

Scanned by CamScanner

(ရေနံတာတု အဆွက်အဆာနေရာ) ကျွန်ုပ်ကျွန်းကို ကြည့်ပါ၊ ကျွန်တော်တို့ ကုန်းပြင်ရှားပါးနေတာပဲ၊ အဲဒီနေရာက ကုန်းမြေနဲ့ ကျွန်တော်တို့ မူးပေါင်းတယ်၊ ကျွန်တော်တို့ လှပ်ပြီးရင်ပဲရှိသေးတယ်၊ အဲ့ ကျွန်တော် မြေကြီးပေါ်မှာ (ရေနံတွေတူးကြတော့မယ်၊ ဘာကြောင့်လဲ၊ ကျွန်တော်တို့ကပဲကြည့်နိုင်တာ ဝိုင်းအားထား ရတဲ့နေရာ ဖြစ်နေလို့ပါ၊ ဥပဒေကြီးမှုံးရှိတယ်၊ ကျွန်တော်တို့ တယ်တော့မှ ကတိုးထိုးနေတာ ကော်မရှင်နဲ့ဆိုင်ရာ ပြဿနာရှေ့ဖြစ်တဲ့ တည်ငြိမ်မှုကို ကျွန်တော်တို့ ထိန်းသိမ်းတယ်၊ ကျွန်တော်တို့ ကြည့်အားထားရတယ်၊ ဒါကြောင့် အဲဒီပိုက်ဆံကို တရုတ်ပြည်ထဲ ငင်ထားထည့်ချင်တယ်၊ ဟုတ်ကဲ့ တရုတ်က တစ်ဝက်ထည့်မှသာ ငင်ထား ထည့်မယ်၊ ငင်ထား ထိန်းချုပ်ထားမယ်၊ ဒါပေမဲ့ ဒီမှာက လုပ်သားမှု သူတို့ဟာတွေ ရှည်သေး၊

လွန်ခဲ့တဲ့ဘိုင်းကာရေနံထုတ်ကုန်တွေ (ရေနံစာတု) တည်ဆောက်ဖို့အတွက် နှောက်ထပ်အမေရိကန်အောင်ဘာ တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ထည့်နေတယ်၊ အဲဒါရဲ့အမှုဆောင်အရာရှိချုပ် ရက်တောလာဆင်က ဒေသခံ ဖို့အတွက် သူခဲ့ဘူတ်အခွဲတစ်ခွဲလုံးကို ဒီကိုခေါ်လာတော့မယ်၊ ကျွန်တော်ကို ဘုတ်အခွဲနဲ့ သူ တွေ့ဆုံမိုးပဲ ဘာအတွက်လဲ၊ သူ့ရဲ့ဆုံးဖြတ်ချက် မှန်တယ်ဆိုတာ ဘုတ်အခွဲသိရအောင်လေ၊ စင်ကာပူကို ထပ်ပေးမှုသေ မလွယ်ဘူး၊ အဲဒါကို ငင်ထား ဖျက်ဆီးလိုက်ရင် ဘယ်တော့မှ ပြန်လည်တည်ဆောက်နိုင်မှာ မဟုတ်တော့ဘူး

ေမး - တီထွင်ဖန်းသစ်မှုနဲ့ R & D (သုတေသနနဲ့ဖွံ့ဖြိုးတိုးတက်မှု) ဟာတိုင်းပြည်တိုးတက်ပုံအတွက် လုံးဝအရေးကြီး ငင်ထား ထင်မြင်ချက်ပေးခဲ့တယ်၊

ေဖြ - ဟုတ်ကဲ့...လုံးဝကို အရေးပါတယ်၊

ေမး - ပြီးတော့ အဲဒါကို စင်ကာပူအတွက် တစ်နည်းတစ်ဖုံ ရွေးချယ်မှုအဖြစ် ငင်ထား ပယ်ချခဲ့ပုံပေါ်တယ်၊

ေဖြ - ကုန်ထုတ်လုပ်ရေးမှာပါ၊

ေမး - ဒါပေမဲ့ R & D နဲ့တီထွင်ဆန်းသစ်မှုကို အလေးထားတဲ့ဒီတတ်ညွှန်းက အစိုးရကိုယ်တိုင်ပြုလုပ်ဖို့ကြိုးစားနေတဲ့အ နဲ့ လုံးဝအလုပ်မဖြစ်ဘူး၊ တီထွင်ဆန်းသစ်မှုမှာ စင်ကာပူ ထိပ်ဆုံးရောက်နေတဲ့ မကြာသေးခင်က လေ့လာစစ်တ ချက် ၂ ခုရှိတယ်၊ R & D နဲ့တီထွင်ဆန်းသစ်မှုကို ကျွန်တော်တို့ အလေးထားချင်ရင် နည်းလမ်းတစ်ခုက ကျွန်တော် တို့ရဲ့ကိုယ်ပိုင်ကုမ္ပဏီတွေဖြစ်တဲ့ လုပ်ငန်းခေး လုပ်ငန်းလတ်တွေကို အာဏာအပ်နှင်းဖို့ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊

ေဖြ - ဒါပေမဲ့ သုတေသနပြုနေတဲ့ စိတ်တွေ ဘယ်မှာလဲ၊ (ဒတ်ချ်အီလက်ထရောနစ်ကုမ္ပဏီကြီး) ဖိလစ် အတွက် R & ခေါင်းဆောင်ကို ကျွန်တော် တစ်ခါ စကားပြောခဲ့တယ်၊ လွန်ခဲ့တဲ့ ၁၅ နှစ်၊ အနှစ် ၂၀ လောက်က သူ ဒီကို လာတယ် ကျွန်တော်ကို သူပြောခဲ့တဲ့ဟာကို ကျွန်တော် ဘယ်တော့မှ မမေ့ဘူး၊ သူအရှုံးကို စကားပြောပွင့်လင်းတယ်၊ ဝန်ထ သုတေသနလုပ်တဲ့အခါ ဥမင်လိုက်ခေါင်းအဆုံးက အလင်းရောင်ကို တွေ့တဲ့အထိ ထိုးဖောက်သွားရဲ့အကြံ

Scanned by CamScanner

သန့်ရှင်းချပြီး အာရုံစူးစိုက်တဲ့စိတ် ရှိရမယ်လို့ သူပြောတယ်။ ခင်ဗျား ရှေ့ကို တူးထုတ်ပြီးရင်း တူးထုတ်သွားရမယ်။ ဘယ်တော့မှ လက်မလျှော့ရဘူး။

အဲဒီလိုလုပ်တဲ့ စင်ကာပူသားတစ်ယောက်ကို ခင်ဗျား တွေ့ဖူးသလား။ သူ့အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ ဦးလေး ကဗ္ဗကြွေးစီးပွားရေးလုပ်ကြတယ်။ သူက သူတို့နဲ့နှိုင်းယှဉ်ရင်ပိုက်ဆံအတော်များများရှာဖွေသလား။ တချို့က ဆရာဝန်ဘွဲ့နဲ့ ရေနေတွေဖြစ်ကြတယ်။ သူတို့က "ဒါဆို ခင်ဗျား R & D လုပ်တာပေါ့။ အဲဒါ ဘာလဲ" လို့ ပြောကြလိမ့်မယ်။ Pfizer, Merck, Glaxo Smith Kline တွေကို ယှဉ်ပြိုင်တဲ့ ဆေးဝါးတွေကို ခင်ဗျားတွေ့သလား။ တစ်ကမ္ဘာလုံးအနှံ့မှာ သုတေသီတွေ သောင်းပေါင်းများစွာရှိနေတဲ့ သူတို့ကို ခင်ဗျား အနိုင်ယူနိုင်မလား။

(ဆေးဝါးကုမ္ပဏီ) နော်တာတစ်ရဲ့အကြီးအကဲကို ကျွန်တော်တွေ့တယ်။ သူက ဆွစ်တစ်ယောက်ဖြစ်ပြီး စင်ကာပူကို အကြီးအကျယ် ယုံကြည်စိတ်ချတယ်။ ဒါနဲ့ ကျွန်တော်က...

"ခင်ဗျားသိလား။ ကျွန်တော်တို့ R & D ထဲကိုဝင်ဖို့ကြိုးစားနေကြတယ်" လို့ ပြောတယ်။ သူက...

"အရမ်းခက်ခဲတယ်။ ခင်ဗျား ကြိုးမားတဲ့ ကျွမ်းကျင်သူ အရင်းအမြစ်လိုတယ်။ ဆွစ်ဇာလန်ကနေ ကျွန်တော်တို့ ဘောစ်တန်မှာ R & D ထားခဲ့ကြတယ်။ တစ်ချိန်ချိန်မှာ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ တက္ကသိုလ်တွေ အဲဒီနေရာမှာ ဂု ခု၊ ဈ ခု လောက်ရှိတယ်" လို့ ပြောတယ်။ ကျွမ်းကျင်သူအရင်းအမြစ်က နော်တာတစ်မှာဘာ ရှိတာမဟုတ်ဘူးဘော်စတန်အသိုင်းအဝိုင်းမှာလည်းရှိတယ်။ အဲဒီနေရာမှာဉာဏ်ထက်မြက်တဲ့လူတွေက သင်ကြားပြသပြီး သုတေသနပြုလုပ်နေကြတယ်။

ဒါကြောင့်ဇီဝသိပ္ပံထဲကိုဝင်ဖို့အတွက်ဒီအဆိုပြုချက်ကို သူတို့တင်ပြကြတဲ့အခါကျွန်တော်အလွန်လေးလေးနက်နက် သံသယဖြစ်မိတယ်။ အဲဒါက (ဝန်ကြီးချုပ်ရုံး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအကြံပေး) ဖီလစ် ရီယိုရဲ့ အစီအစဉ်ပါ။ ကျွန်တော်က...

"ဒီမယ်...ဦးနောက်စွမ်းအားက ဘယ်မှာလဲ။ ကျွန်တော်တို့ ဘာလုပ်လုပ်၊ တရုတ်နဲ့ အိန္ဒိယတို့ လုပ်ကြလိမ့်မယ်။ ဗီယက်နမ်တို့ လုပ်လိမ့်မယ်။ ကျွန်တော်တို့ ဘယ်လိုယှဉ်ပြိုင်မလဲ" လို့ ပြောတယ်။

ဒီတော့ ဖီလစ်ရီယိုက နိုင်ငံခြားက ထက်မြက်တဲ့ ဒီလူတွေအားလုံးကို ဒီနေရာ ကျွန်တော်တို့ခေါ်လာပြီး ပညာသင်ဆုပေးနိုင်တယ်လို့ ပြောတယ်။ သူတို့ နေမလား။ အင်း...ကြိုးစားကြည့်ကြတာပေါ့။ ဒါက သိပ်ကြီးကျယ်လှတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီကိုလာကြမယ့် ထင်ရှားတဲ့ သိပ္ပံပညာရှင်တွေက နေချင်လည်းနေမယ်။ မနေချင်လည်း မနေဘူး။ ဒါပေမဲ့ သုတေသနကို ကျွန်တော်တို့ရန်ပုံငွေထောက်ပံ့ရင် သူတို့နေကြလိမ့်မယ်။ ဒါပေမဲ့ တစ်ကမ္ဘာလုံးအနှံ့က အထူးသဖြင့် အာရှကလာကြတဲ့ ပီအိပ်ချ်ဒီအတွက် ကျွန်တော်တို့ခေါ်တဲ့ ပညာသင်ဆုရတဲ့လူတွေ သူတို့ရဲ့ဝိုင်းပြည့်ကို ပြန်သွားကြရင် ကျွန်တော်တို့ ဒုက္ခရောက်ပြီ။

ဒါကြောင့် သူတို့တွေ ဒီမှာ အမြစ်တွယ်ကြပြီး၊ ဒေသတွင်းလူတွေ၊ ဒါမှမဟုတ် သူတို့လူမျိုးတွေကို လက်ထပ်ကြပြီး ဒီနေရာမှာ မိသားစုဘဝ စကြလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက တရုတ်၊ အိန္ဒိယ၊ ဒါမှမဟုတ် ဗီယက်နမ်မှာထက်ပိုကောင်းနေလို့ပေါ့။ သူတို့ကို ကျွန်တော်တို့ လိုအပ်တယ်။ ပြီးတော့ သူတို့ အဲဒီလို လုပ်ကြလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူဝင်ငွေအတွက် အစားထိုးနည်းလမ်းက ဘာရှိလို့လဲ။ အခု စင်ကာပူသားတွေက ဒီအစားထိုးနည်းကို ရနေပြီ။ သူ ရှေ့နေဖြစ်နိုင်တယ်။ ဆရာဝန်ဖြစ်နိုင်တယ်။ စာရင်းကိုင်ဖြစ်နိုင်တယ်။ ဘင်္ကာလုပ်ငန်းရှင်၊ ပွဲစားဖြစ်နိုင်တယ်။ အိမ်ခြံမြေ အလုပ်လုပ်နိုင်တယ်။ သူက "ခင်ဗျား ကျွန်တော့်ကို

Scanned by CamScanner

ဦးရောဂါအတွက် ကုသချက်တစ်ခု သွားရှာစေချင်သလား။ ကျွန်တော် အဲဒါလုပ်ရင်း တစ်သက်တာ အဖြုန်ဖြုန်ဆို ဘာမှမတွေ့ဘဲ နေနိုင်တယ်" လို့ ပြောလိမ့်မယ်။

မေး - ဒါပေမဲ့ ဒီအုပ်စု ဒီနေ့ ဒီမှာနေထိုင်ပြီး အမြစ်တွယ်လိမ့်မယ်လို့ မျှော်လင့်နေရပေမဲ့လည်း ပညာဗဟု သုတလွန်ကြွယ်ပေးမှု၊ ဒါမှမဟုတ် တစ်ခုခုနဲ့ပတ်သက်လို့ ပိုလျှံဖိတ်ကြားခြင်း အကျိုးသက်ရောက်မှုကလည်း လူအင်အားအတွက်အားမဟုတ်ဘဲ ကုမ္ပဏီကလွှာအတွက်ပါ ဖြစ်လာရအောင် ကျွန်တော်တို့ရဲ့ကုမ္ပဏီတွေကိုထောက်ပံ့ဖို့ ပိုပြီးလုပ်ပေးနိုင်မလား။

ဖြေ - လျှံကျဖို့ကတော့ ဖိတ်ကြားမှုတွေကို စုပ်ယူမယ့် ဦးနှောက်ရှိတဲ့လူတွေ ခင်ဗျားမှာရှိရမယ်။ လုပ်ငန်းသေး လုပ်ငန်းလတ် ကလွဲကို တည်ထောင်ဖို့အတွက် ဖိလစ်ရီယိုကို (လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ) စပရင်းစင်ကာပူဆီကို ဆင်လွှတ်ကြတယ်။ သူပြုလုပ်ရမဲ့ပထမဦးဆုံးအရာက လုပ်ငန်းတစ်ခုကို ကောင်းစွာ လည်ပတ်ပုံနဲ့ စီမံခန့်ခွဲရေးအပြင် တွေကို ကိုင်တွယ်ဖို့ဖြစ်တယ်။ စင်ကာပူသားတွေ စီးပွားရေးလုပ်ငန်းထဲကို ဝင်လာကြတဲ့အခါ သူတို့လုပ်တဲ့ဟာက ဘာလဲ၊ သူတို့ ဈေးဆိုင်တစ်ဆိုင်ဖွင့်တယ်၊ စီးပွားရေးလုပ်ငန်းလို့ သူတို့ထင်တဲ့ဟာက ဒါပဲလေ၊ ဈေးဆိုင်တစ်ဆိုင် ဒါမှမဟုတ် စားသောက်ဆိုင်တစ်ဆိုင် ထူထောင်ပြီး ရောင်းတယ်၊ ဝယ်တယ်။ သူတို့ တခြားဘာလုပ်သလဲ၊ ကျွန်တော်တို့ရဲ့သမိုင်းကို ခင်ဗျား ကြည့်ပါ၊ ကျွန်တော်တို့ ဘာလုပ်ကြသလဲ၊

တရုတ်(တိုင်ပေ)တွေက ကြိုးစားခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့လက်လျှော့လိုက်ကြတယ်။ မယုဉ်ပြိုင်နိုင်ကြဘူး၊ ဒါပေမဲ့ ကိုးရီးယားတွေက ကြိုးစားနေကြတယ်။ သူတို့တွေက သန်း ၅၀ လောက်ရှိတယ်။ သူတို့က မမိုက်မဲကြဘူး၊ ကုန်ကျစရိတ်သက်သာတဲ့ ဂျပန်ကျပ်ကြိုးကျင်သူတွေ၊ ဒါမှမဟုတ် တက္ကသိုလ်က သူတို့တွေခဲ့ကြရတဲ့ ဂျပန်ကျပ်ကြိုးကျင်သူတွေကို သူတို့ ငှားရမ်းကြတယ်၊ အခု သူတို့ တိုးတက်မှုတချို့ ရနေကြပြီ။ ဒီလိုနဲ့ ကားတွေ၊ ဖန်သားပြင်ပြားတွေ၊ ရုပ်မြင်ကြားတွေနဲ့ ဆဲလ်ဖုန်းတွေ သူတို့ ကြိုးစားလုပ်တယ်။ ဧရာမကုမ္ပဏီကြီးတွေရဲ့အကြီးအကဲတွေနဲ့ ကျွန်တော် တွေ့ဆုံပြီး သူတို့ ဘယ်လိုလုပ်ကြသလဲလို့မေးတယ်။ သူတို့က ကျွန်တော့်ကို ရှင်းပြကြတယ်၊ ဂျပန်က တက္ကသိုလ်တွေဆီကို သူတို့သွားကြတယ်၊ သူတို့နဲ့ ခေတ်ပြိုင်လူတွေက အဲဒီမှာ အလုပ်လုပ်နေကြတယ်။ ဒါနဲ့ သူတို့က အဲဒီဂျပန်တွေကို လစာပိုပေးကြပြီး သူတို့ရဲ့ပညာဗဟုသုတကို လွှဲပြောင်းပေးဖို့အတွက် သူတို့ကို ကိုးရီးယားဆီ ခေါ်လာကြတယ်။

ကျွန်တော်တို့ ဒီလိုလုပ်နိုင်ကြသလား။ ကျွန်တော်တို့ရဲ့လုပ်ငန်းသေး၊ လုပ်ငန်းလတ်တွေက အဲဒါ ရှိနိုင်သလား။ လွှဲပြောင်းပေးဖို့ ခင်ဗျားပြောတဲ့အခါ အဖေါ်ယဲလောက်ကိုပဲ ခင်ဗျားပြောတယ်။ ဘယ်သူ့ကို လွှဲပြောင်းပေးမလဲ၊ အစွမ်းအစရှိတဲ့ တခြားလက်ခံသူတစ်ယောက်ယောက်ကို ခင်ဗျား လွှဲပြောင်းပေးရမယ်။ ဟုတ်တယ်မဟုတ်လား (ငိုဆောင်ရေးဝန်ကြီး) ရေမွန်လင်းက "SIAကိုပုဂ္ဂလိကပိုင်လုပ်ပါ" လို့ပြောတယ်၊ ကျွန်တော်က "သဘောတူတယ်" လို့ပြောတယ်၊ ဒါပေမဲ့ ဘယ်သူ့ကို ရောင်းမလဲ၊ SIA ထဲက ခေါင်းဆောင်ပိုင်း အပြတ်မြောင်းကောင်းနေပြီ၊ SIA ဒွေကြီးမဆုံးရှုံးဘူးလို့ ဘယ်ကော်ပိုရေးရှင်းက အာမခံပြီး ထိန်းသိမ်းနိုင်မလဲ။ အရှေ့ဖျား ဦးပိုင်လား၊ အတွေ့အကြုံမရှိဘူး ဟိုတယ် ပရော်ပါတီ အွန်ဘင် ဆင်လား၊ မရဘူး၊ ဘဏ်တွေလား၊ မဖြစ်ဘူး၊ ဒီတော့ အဲဒါကို ခင်ဗျား ဘယ်သူ့ကို လွှဲပေးမလဲ၊

Scanned by CamScanner

ကာလရှည်မှာ ကျွန်တော်တို့က ဟောင်ကောင်ထက် ပိုကောင်းသွားတယ်၊ [illegible]
အလုပ်သမားအင်အားနဲ့ အခြေခံအဆောက်အအုံတွေရဲ့ အရည်အသွေးမှာ ကျွန်တော်တို့ကို မကျော်လွန်နိုင်ပဲရှိ
မတူတဲ့ အိမ်နီးချင်းတွေကို ကျွန်တော်တို့ ရရှိထားကြလို့ပါ၊ ဂျန်ဟိုင်းက သူ့ရဲ့ အခြေခံအဆောက်အအုံမှာ ပေးဆ
ကောင်နဲ့တူညီနေပြီး သူတို့လိုအပ်နေတာက အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုနဲ့ အဆောက်အအုံပေးတဲ့အမှတ်အသ
ဖြစ်တယ်၊ သူတို့ကို နောက်ထပ် ၁၅ နှစ်၊ အနှစ် ၂၀ ခင်ဗျားပေးလိုက်ရင် သူတို့ အဲဒါတွေ ရသွားလိုမ်မယ်၊ ဂျင်ရန်
အဲဒီလိုဖြစ်နေတယ်၊

ကျွန်တော်နဲ့တွေ့ဆုံတိုင်း ဟောင်ကောင်အလုပ်သမားအတွင်းဝန်တစ်ယောက်က "ခင်ဗျားတို့ရဲ့ကုန်ထုတ်လုပ်ရေး
ခင်ဗျားတို့ ဘာကြောင့် လုပ်နေကြတာလဲ" လို့ ကျွန်ကော့်ကိုမေးတယ်၊ ကုန်ထုတ်လုပ်ရေးကတော့ အလုပ်အ
တွေထောက်ပံ့ပေးတာကြောင့်လို့ သူကကျွန်တော်ပြောပြတယ်၊ ဟောင်ကောင်ကိစ္စမှာ ခင်ဗျားရဲ့ကုန်ထုတ်လုပ်မှု
ကနေ တစ်ဆင့်အမြတ်မိုးတိုးတက်နေပြီး ခင်ဗျားထက် ပိုကောင်းအောင်လုပ်နေတဲ့ အိမ်နီးချင်းတွေ ခင်ဗျားမှာရှိ
တယ်လို့ ကျွန်တော်ပြောတယ်၊ ကျွန်တော်တို့က ကျွန်တော်တို့ အလုပ်သမားအင်အားရဲ့ပညာရေးနဲ့ ကျွမ်းကျင်မှု
အဝိလိုက်ဖို့ ခက်ခဲနေတဲ့ အိမ်နီးချင်းတွေကို ရရှိထားကြတယ်၊

ငယး - စင်ကာပူရဲ့တိုးတက်မှုပုံစံကိုလောက်သာမဟုတ်ဘဲ အာရှတိုးတက်မှုပုံစံကို နောက်ထပ် ဝေဖန်ချက်က ကျွန်
တို့ဟာ ကျွန်တော်တို့ရဲ့ထုတ်ကုန်တွေအတွက် စားသုံးသူအဖြစ် အဓနာက်ဘက်ကို အားကိုးအားထားပြုလွန်း
တယ်၊ အမေရိကန်ဟာ အရင်ကလို ကမ္ဘာစားသုံးသူမဖြစ်နိုင်တော့ဘူးဆိုတာကို စဉ်းစားတဲ့အခါ လက်ရှိစီးပွားရေ
အကြပ်အတည်းက စင်ကာပူ စီးပွားရေးပုံစံရဲ့တည်ငြိမ်မှုကို ဘယ်လို အကျိုးသက်ရောက်သလဲ၊

ငြေ - အခြေခံတွေဆီကို ကျွန်တော် ပြန်သွားပါရစေ၊ ကမ္ဘာကြီးဟာ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒနဲ့ တစ်ကမ္ဘာလုံ
မှာ ကျဆင်းနေတဲ့ စီးပွားရေးတွေနဲ့အတူ အရှုပ်ဆိုးပြီး အဖိနှိပ်ခံနေရတဲ့ နေရာတစ်ခုဖြစ်တော့မလား၊ ဖြင့်လုံ
ကျွန်တော်တို့အားလုံးပွဲသိမ်းပြီ၊ အမေရိကန်က အဲဒါကိုလုပ်တော့မလား၊ မလုပ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သုတ်ရိ
ဘက္ကာရင်္ဂ ၅၀ ရာခိုင်နှုန်းကျော်အတွက် သူတို့ရဲ့ကုမ္ပဏီကြီးတွေဟာ ပြင်ပစျေးကွက်အပေါ် မှီခိုအားထား
ရတာကြောင့် ဖြစ်တယ်၊

ကျွန်တော် လုံးဝ အဆိုးမမြင်ပါဘူး၊ ဒီစီးပွားရေးကျဆင်းမှုက ဘယ်လောက်ကြာမယ်ဆိုတာ ကျွန်တော် မသိဘူ
အမေရိကန် ဗဟိုဘဏ် အရန်အကြိုးအကဲ ဘင်ဘာနန်ကို မှန်ကန်ပြီး၊ ဘဏ်တွေကို သူတို့ သန့်ရှင်းနိုင်ရင် ၂၀၁
ပြည့်နှစ် အချိန်မှာ နလန်ပြန်ထူလာနိုင်ပြီး တိုးတက်မှု အနည်းငယ်ရကောင်း ရနိုင်တယ်၊ ဘာနန်ကိုမှားရင် စီးပွ
ရေးကျဆင်းမှုက ၂၀၁၂ ခုနှစ်၊ ဒါမှမဟုတ် ၂၀၁၃ ခုနှစ်အထိ ဆက်လက်သွားနေနိုင်တယ်။ ဒါပေမဲ့ အမေရိကန်
ပြန်နလန်ထူလိမ့်မယ်၊ ဒါကြောင့် အလုပ်အကိုင်တွေကို အကာအကွယ်ပေးဖို့အကြောင်း သူတို့ စကားပြောကြ
တယ်၊ ခင်ဗျားက ခင်ဗျားရဲ့အလုပ်အကိုင်တွေကို ကာကွယ်တယ်၊ အမေရိကန်တွေက သူတို့ရဲ့အလုပ်အကိုင်တွေကို
ကာကွယ်တယ်၊ ဂျပန်တွေကလည်း ဒီလိုပဲ၊ စသဖြင့်ပေါ့။ အမေရိကန်ဧတွက အမှန်တကယ်ကို ကွဲပြားခြားနားတဲ့
ပုံစံတစ်ခုထဲဝင်ပြီး သူတို့ရဲ့ဒေသတွင်း ထောက်ပံ့သူ ကုမ္ပဏီတွေနဲ့ ပြည်တွင်းစျေးကွက်ပေါ် မှီခိုအားထားကြတော့
မလား၊ ဟင့်အင်း၊ နည်းပညာရှာဖွေတွေ့ရှိပြီး ပျံနှံနေပြီ၊ ဒီနည်းပညာနဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေးရဲ့အကျိုးကျေးဇူး
ကို ခင်ဗျား ထုတ်ပယ်အသုံးမပြုရင် ခင်ဗျားရဲ့ပြိုင်ဘက်တွေက အသုံးပြုပြီး [illegible]

Scanned by CamScanner

မေး - နောက်နှစ်အနည်းငယ်ကြာမှာ အမေရိကန်နဲ့ ဥရောပအနှိမ်နင်းခံရတော့မယ်ဆိုတော့ လူတွေ အတော်များများက အာရုတွင်းကုန်သွယ်ရေးအတွက်ဖြစ်နိုင်ချေနဲ့ အာရုအတွက် အရှုံးပြုလုပ်မယ်ဆုတ်ကပ်တွေအကြောင်း ပြောနေကြတယ်၊ အာရုတွင်းကုန်သွယ်ရေးဖြစ်နိုင်ခြေနဲ့ ပတ်သက်ပြီး ခင်ဗျား သုံးသပ်ချက်က ဘာလဲ၊ အဲဒါ ဟာ ကျွန်တော်တို့ အာရုံစူးစိုက်ရမယ့်အရာလို့ ခင်ဗျား ထင်သလား။

ဖြေ - အင်း....ဒါက ကျွန်တော်တို့ရဲ့လေးမြားအတွက် အပိုကြွေးတစ်ချောင်းပဲ၊ ဒါပေမဲ့ အာရုဆိုက သာမန် စားသုံးသူတွေက ချမ်းသာတဲ့၊ ဒါမှမဟုတ် အလျှံပယ်ပေါများတဲ့ စားသုံးသူမဟုတ်သေးဘူးဆိုတာကို အမှတ်ရပါ၊ တရုတ်တွေက ကျွန်တော်တို့ထက်တောင် ပိုပြီး စုချင်ဆောင်းချင်စိတ် ရှိကြတယ်၊ ကျွန်တော်တို့က ဆယ်စုနှစ်များစွာကြာ လုပ်ကိုင်ရရှိမှုရဲ့၅၀ ရာခိုင်နှုန်းနီးပါးကို စုဆောင်းနေခဲ့ကြတယ်၊ ဒါကြောင့် ဒီနေ့ရောမှာ ဒီဝဋ်ကြွေးတွေကို ကျွန်တော်တို့ ရရှိနေတာပေါ့၊ တရုတ်တွေက ပိုပြီးစုဆောင်းကြတယ်၊ ဘာကြောင့်လဲဆိုတော့ ရေကြီးတာတို့ မတော်တဆ ဖြစ်တာတို့၊ မြေငလျင်လှုပ်တာတို့၊ ပျက်စီးမှုတို့၊ စစ်ဖြစ်တာတို့ကို ကိုင်တွယ်ဖို့အတွက် သူတို့ရဲ့ ဝင်ငွေကြေးအပေါ် မှီခိုအားထားနေကြရတယ်။

ခင်ဗျားကို ကျွန်တော် ဒီအဖြစ်အပျက်တစ်ခုပြောပြမယ်၊ သူတို့ရဲ့စိတ်နေစိတ်ထားကို ခင်ဗျား နားလည်လိမ့်မယ်၊ ကျွန်တော် ဂေါက်ရိုက်တာကြောင့် ဘယ်ဘက်ပခုံး ကိုက်နေတယ်၊ အာကာသခန့်ကြီးနဲ့အတူ တရုတ်ပြည်ဒေသတစ်ခုထဲမှာ ကျွန်တော် လျှောက်သွားနေတယ်၊

"ကျွန်တော် ဂေါက်ရိုက်တာ ရပ်ထားတယ်" လို့ ကျွန်တော် ပြောတယ်၊ သူက...

"ခင်ဗျားဆီ ကျွန်တော် လူတစ်ယောက်လွှတ်ပေးမယ်၊ ခင်ဗျားပခုံးကို သူ ကုသပေးလိမ့်မယ်" လို့ ပြောတယ်၊

"ရတယ်...ရတယ်...စိတ်မပူပါနဲ့၊ ကျွန်တော့်ရဲ့အရိုးခွဲစိတ်ဆရာဝန်က အဲဒါကို ကုသလို့မရဘူးလို့ ပြောတယ်" လို့ ကျွန်တော် ပြောတယ်၊ ဒါပေမဲ့ သူက ဆက်လုပ်တယ်၊ အဲဒီလူကို လွှတ်လိုက်တယ်၊ (သူ အခု သေပြီ)၊ ဒါနဲ့ ကျွန်တော် ရုံးခန်းထဲက ခုံတန်းလျားပေါ်မှာ နေ့တိုင်း ၄၅ မိနစ်ကြာအောင် ၆ ပတ်လောက် ကျွန်တော် ထိုင်ရတယ်၊ သူက ကျွန်တော့်ကို ကုသပေးတယ်၊ ဒီတော့ ကျွန်တော် ဘာလုပ်သလဲ၊ သူ့ကို စကားပြောတယ်၊ ဒီအချိန်မှာ ရှန်ဟိုင်းအနားမှာ ရေကြီးနေတယ်၊ ကျွန်တော်က...

"အိုး... ဒုက္ခပဲ၊ ခင်ဗျားတို့ အပြင်က အကူအညီယူရမယ်" လို့ ပြောတယ်၊ သူက...

"အပြင်က အကူအညီလား။ အဲဒါ ဘယ်တော့ရောက်မလဲ၊ အဲဒါ ရှန်ဟိုင်းကို ရောက်နိုင်တယ်၊ ဒါပေမဲ့ ဒီအကူအညီကို ရေဆန်အထက်က ကျေးရွာတွေဆီ ခင်ဗျား ဘယ်လိုရောက်အောင်လုပ်မလဲ" လို့ ပြောတယ်၊ တရုတ်ပြည်မှာ မြို့တိုင်း၊ ကျေးရွာတိုင်းမှာ တောင်ကုန်းကလေးတစ်ခု ရှိကြတယ်၊ အဲဒီနေရာမှာ လိုအပ်တဲ့ အစားအစာတွေအားလုံး သူတို့ ထားကြတယ်လို့ သူပြောတယ်၊ ဆား၊ ဆန်၊ စောင် စသဖြင့် ထားရှိကြတယ်၊ ဒီ တော့ ဘေးဒုက္ခဆိုးကို သူတို့ ရင်ဆိုင်ရပ်တည်နိုင်ကြတယ်။

"ကျွန်တော်တို့ဒီဘေးဒုက္ခဆိုးတွေ တွေ့ကြုံရင် ကျွန်တော်တို့ဆီကို အစိုးရက ဖျက်ချင်းမရောက်နိုင်ဘူး၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကူညီကြရတယ်၊ ကံဆိုးမိုးမှောင်ကြီးကျရင် ကျွန်တော်တို့ရဲ့ ရှင်သန်ရပ်တည်မှုကို ကြည့်ရှုစောင့်ရှောက်ဖို့ ကျွန်တော်တို့ သိနားလည်ထားကြတယ်" လို့ သူကပြောတယ်၊

တရုတ်တွေက ပိုက်ဆံရှိရင် ဘာလုပ်ကြသလဲ၊ သူတို့ စုဆောင်းကြတယ်၊ ဆိုကြပါစို့၊ သူတို့ မျိုးဆက်နှစ်ဆက်၊

Scanned by CamScanner

သုံးဆက်လောက် ချမ်းသာကြွယ်ဝနေကြရင် ပိုမိုသုံးဖြုန်းချင်တဲ့ မိုးဆက်သစ်တစ်ဝက်ကို သူတို့ မွေးထုတ်နိုင်တယ်၊ ဒါပေမဲ့ နောက်နှစ် ၃၀၊ ၄၀ ကြာမှာတော့ သူတို့ အမေရိကန်တွေလို သုံးဖြုန်းကြတော့ ကျွန်တော် မယုံကြည်ဘူး၊ သူတို့ စုဆောင်းကြတော့မယ်၊ သူတို့အိပ်တွေ ဆောက်ကြတော့မယ်၊ အမျှ တန်ဖိုးတက်လာမယ့် ပစ္စည်းတွေကို သူတို့ ဝယ်ကြတော့မယ်၊ ဟုတ်ကဲ့၊ သူတို့ စားသုံးကြပါမယ်၊ အများအားဖြင့် မရှိမဖြစ်လိုအပ်တဲ့ အရာတွေအတွက်သာ သုံးစွဲကြလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ တရုတ်နဲ့ အိန္ဒိယတို့လုပ်ပေးနိုင်တဲ့ အကန့်အသတ်တစ်ခု ရှိတယ်၊ အာရုံမှာ တရုတ်မဟုတ်တဲ့ များများ ပိုမိုသုံးစွဲကြတာကို ငါတွေ့ရမယ်၊ ဒါပေမဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားက တရုတ်တွေကို မဲ့ကြည့်ပါ၊ ရုတ်တရက်ဖြစ်ပေါ်တဲ့ ဘေးဒုက္ခတွေနဲ့ အစိုးရဆီက အကူအညီမရတဲ့ သမိုင်းကြောင်း သူတို့ မနေကြတယ်၊

နောက်ဆက်မှတ်ချက်

ကျွန်တော်တို့ အင်တာဗျူးများ အဆုံးသတ်ပြီးနောက်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုမှ အကြွေးပြန်ကန်တက်မှုကို စင်ကာပူ တွေ့ကြုံပြီး ၂၀၁၀ ပြည့်နှစ်တွင် မျက်လုံးပြူးစရာကောင်းသော ၁၅ ရာခိုင်နှုန်း တိုးတက်မှုပြသခဲ့သည်၊ ၎င်းက ကမ္ဘာပေါ်တွင် အပြင့်ဆုံး တိုးတက်နှုန်းဖြစ်နိုင်သည်၊ အာရုံမှ ကြုံခိုင်သော တိုးတက်ကြီးတွေ့နေရပုံ ဖွဲ့ပြီးတိုးတက်နေသော ဈေးကွက်များကလည်းကောင်း၊ ပေါင်းစပ်ထားသော အပန်းဖြေစခန်းအသစ်နှစ်ခု ဖွင့်လှစ်ပြီးပြည်တွင်း အကြောင်းအရာကိုများကလည်းကောင်း စီးပွားရေး နလန်ထူမှုကို မြှင့်တင်ပေးကြသည်၊ သို့သော် အနောက်တွင် တိုးတက်ကြီးထွားမှုက ဆက်လက်အားနည်းနေသည်၊

အမေရိကန်ပြည်ထောင်စုက ၎င်းတို့ဘေးဒုက္ခအတွက် တရုတ်ကို အပြစ်တင်နေသည်၊ တရုတ်က ၎င်းတို့ငွေယုဉ်ပြိုင်မှုကို မြှင့်တင်ရန် ၎င်းတို့ငွေကြေးကို စွဲစွဲမြဲမြဲ တန်ဖိုးမဲ့ခဲ့သည်ဟု အမေရိကန်က အတိုက်အခံပြောသည်၊ ထိုအတွင်း တရုတ်နှင့် အခြားပေါ်ထွက်လာနေသော စီးပွားရေးနိုင်ငံများက အမေရိကန်ပြည်ထောင်စုကို၊ ဈေးကွက် ပေါသော ပိုက်ဆံများပြည့်လျှံစေခြင်းဖြင့် တိုးတက်ကြီးထွားမှုကို မြှင့်တင်ရန်ကြိုးစားကြောင်း၊ ကျော်သိမ်းဖြင့် ၎င်းတို့ငွေကြေးနည်းစေပြီး အာရုံနှင့် အခြားပွဲပြိုးဆဲဈေးကွက်များကို တည်ငြိမ်မှုမျက်မြားဝေနိုင်သည့် ကြီးမားသော အရင်းအနှီးဆင်မြှင့်တင်ခဲ့ကြောင်း စွပ်စွဲကြသည်၊ ဤအခြေအနေနှင့်ယှဉ်လျက် လီကို ကျွန်တော်တို့ နောက်ထပ် မေးခွန်းများ မေးကြည့်

မေး - အဓနာက်ဘက်ရဲ့စီးပွားရေးတိုးတက်မှုနှုန်းက သုညရောက်လုနီးပါး နေးကွေးနေပြီး ပေါ်ထွက်လာနေတဲ့ နိုင်ငံတွေက စံချိန်တင်တဲ့နှုန်းနဲ့ပြန်ကန်တက်နေတဲ့အခါ၊ အခုလူတွေက "အမြန်နှုန်းပေါင်းစုံ" စီးပွားရေးရဲ့အနှစ်ဟန်ချက်မညီမှုအကြောင်းကိုပြောနေကြတယ်၊ ဒီအပေါ်ဝင်ထားရဲ့မုတ်ယူချက်က ဘယ်လိုလဲ၊ စီးပွားရေးဆိုးနိမ့်ရှိမလား၊ ပြီးတော့ ဒီအမြန်နှုန်းဝေါင်းစုံ ကမ္ဘာ့စီးပွားရေးဟာ ကမ္ဘာ့ပထဝီနိုင်ငံရေး အစဉ်အလာကို လေးစားအနှောရယ်ဖြစ်စေမလား၊

ဖြေ - အဓနာက်ဘက်က သုညရောက်လုနီးပါး နေးကွေးနေတယ်ဆိုတာ ကျွန်တော် ကိုန်းဘေးမပြုနိုင်ဘူး၊

Scanned by CamScanner

ပဲမှန်နှုန်း ၃ - ၄ ရာခိုင်နှုန်းနဲ့ကြီးထွားတိုးတက်နေတုန်းပဲ၊ ၂၀၁၀ ပြည့်နှစ်၊ ဧပြီတင်ဘာလ ၃၀ ရက်နေ့မှာပြင်သစ်က ဂရင်းဇယားနဲ့ စီးပွားရေးလေ့လာမှု အဖျိုးသားဌာနက ၂၀၁၀ ပြည့်နှစ်မှာ ပြင်သစ်စီးပွားရေးဟာ ၁.၆ ရာခိုင်နှုန်းနဲ့ တိုးတက်ကြီးထွားလိမ့်မယ်လို့ခန့်မှန်းခဲ့တယ်။ ပေါ်ထွက်လာနေတဲ့စီးပွားရေးနိုင်ငံတွေဟာစံချိန်တင်တဲ့နှုန်းနဲ့သွားနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ငိုပိုနိမ့်ကျတဲ့အခြေခံကြီးမားတဲ့လူဦးရေနဲ့ ဒါကြောင့်မို့ဆာဇေတ်နေတဲ့ ပြည်တွင်းဈေးကွက်နဲ့ အစပြုနေတာကြောင့်ဖြစ်တယ်။ "အမြန်နှုန်းပေါင်းစုံ" ကမ္ဘာတစ်ခုဟာ ရာစုနှစ်များစွာကြာ မဟုတ်ရင်တောင်မှ ဆယ်စုနှစ်များစွာကြာ ဒီအတိုင်း ရှိနေတယ်။ အဲဒါက ကမ္ဘာ့ပထဝီနိုင်ငံရေးအစဉ်အလာကို ဘာကြောင့် လေးလေးနက်နက် အန္တရာယ်ဖြစ်နေရမလဲ၊

ေမး - ယှဉ်ပြိုင်တန်ဖိုးလျော့ချခြင်းပုံစံနဲ့ ဖြစ်ပေါ်နေတဲ့ "ငွေကြေးစစ်ပွဲ" ကို စင်ဂျား ဘယ်လိုနားလည်သလဲ၊

ေဖြ - "ငွေကြေးစစ်ပွဲ" ဆိုတာက အမေရိကန်ပိဒီယာတွေမှာ ပုံကြီးချဲ့ထားတာပါ။ ပြဿနာအခက်အခဲဆုံးအပိုင်းက တရုတ်ယွမ်ကို ငွေကြေးလဲလှယ်နှုန်း အဟောင်းနဲ့ထားရှိပြီး အမေရိကန်ဒေါ်လာက တန်ဖိုးကျနေတာဖြစ်တယ်။ ပြီးတော့ တရုတ်ငွေကြေး ဆက်လက်တန်ဖိုးမတက်ရင် အမေရိကန်နဲ့ တရုတ်အစိုးရတွေကြားမှာ လေးနက်တဲ့ပြဿနာတစ်ခု ဖြစ်လိမ့်မယ်၊

ေမး - သူတို့ရဲ့ဆက်ဆံရေးမှာ ဒီဟာနဲ့ တခြားစီးပွားရေးဟန်ချက်မညီမှုမှုတွေကို အမေရိကန်နဲ့တရုတ် ဖြေရှင်းနေကြတာကို စင်ဂျား ဘယ်လိုမြင်သလဲ၊

ေဖြ - တရုတ်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ခက်ခဲတဲ့ ဆက်ဆံရေး အမြဲတမ်း ရှိနေလိမ့်မယ်၊ အမေရိကန်က တရုတ်ကို နှစ် ၂၀ အတွင်းစုစုပေါင်းပြည်တွင်းထုတ်ကုန်မှာ နောက်ဆုံး သူတို့ကို ကျော်တက်သွားပြီး နိုင်ငံတကာဟစ်တိုင်တွေမှာ အထူးသဖြင့် တရုတ်နဲ့ အမေရိကန်ကြားက ပြဿနာတွေပေါ်မှာ ပိုမိုသန့်စွမ်းတဲ့ အသံရရှိလာမယ့် အင်အားကြီးတစ်ခုအဖြစ် မြင်တယ်၊

ေမး - ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုရဲ့နောက်ဆက်တွဲရလဒ်က ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒလှိုင်းဂယက်အသစ်ကို တွေ့မြင်ခဲ့တယ်၊ ပို့ကုန်သွင်းကုန် အကောက်ခွန်နှုန်းတချို့မြင့်တက်ခဲ့ပြီး တချို့နိုင်ငံတွေက အခုနောက်ဘက်က "ငွေမူ" တွေကို သူတို့မြင်တဲ့အရာကို ဆန့်ကျင်ပြီးငွေလုံးငွေရင်းထိန်းချုပ်မှုတွေပြုလုပ်နေကြတယ်၊ အခုလို ကိုယ်ကျိုးစီးပွားကာကွယ်လိုတဲ့ သဘာဝစိတ်တွေ ဖြစ်ပေါ်ခဲ့တဲ့ အတိတ်က အကြပ်အတည်းတွေနဲ့ နှိုင်းယှဉ်တဲ့အခါ လက်ရှိအဖြစ်အပျက် အခြေအနေကို စင်ဂျား ဘယ်လိုသုံးသပ်သလဲ၊

ေဖြ - တိုင်းပြည်တွေကြားထဲမှာ၊ ဒီအထူးတလှယ်ကိစ္စမှာတော့ အမေရိကန်နဲ့ တရုတ်အကြားမှာ ကုန်သွယ်ဟန်ချက်မညီမှုရှိနေရင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒက အမြဲတမ်း အသံထွက်လာတယ်၊ ၂၀၀၈ ခုနှစ် သက္ကရာဇ်က ကိုယ်ကျိုးစီးပွားကာကွယ်ရေး လှိုင်းဂယက်အသစ်တစ်ခုကို တွေ့မြင်နေတယ်လို့ ပြောကြတာကို မုန်တယ်လို့ ကျွန်တော် မထင်ဘူး၊

Scanned by CamScanner

ဒေါ် - စင်ကာပူရဲ့စီးပွားရေး ပြန်လည်နာလန်ထူလာတဲ့နှုန်းကို စင်ဂျား အံ့သြသလားဟေ့ စင်ကာပူ ဘာကို မှန်မှန်ကန်ကန် လုပ်ခဲ့တယ်ဆို စင်ဂျားထင်သလဲ ဒီဝန်ရုံတာ ဖေဘီလစ်ဇရောဆွဲတဲ့လူတွေက ဘယ်လောက် စပ်ဆိုင်မှုရှိတယ်ဆို မှုံ့ယူနိုင်မလဲ ပြီးတော့ အာရုံက ဇလုံတွေအားလုံးကို ဆယ်တင်ပေးခဲ့ဟန်တူတဲ့ ကမ္ဘာလုံးဆိုင်ရာ ပြန်လည်နာလန်ထူလာ မှုရဲ့မြင့်တက်နေတဲ့ ဒီဝန်ရုံက ဘယ်လောက် စပ်ဆိုင်မှုရှိတယ်လို့ မှတ်ယူနိုင်မလဲ။

ဇြ - စင်ကာပူက စီးပွားရေးတိုးတက်နှုန်းက ကျွန်တော်မျှော်လင့်ထားထက် နည်းနည်းကလေးပဲ ပိုကောင်းတယ်။ ဝင်ကား ဘက်ခွဲနဲ့ သူ့ရဲ့စီးပွားရေးအခြေခံတွေက ဒိုင်မာတယ်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး နာလန်ထူမှု ဒီရေမြင့်တက်မှုက အာရုံထဲတဲ့ဇလုံတွေအားလုံးကို ဆယ်တင်ပေးခဲ့တယ်ဆိုတာကို ကျွန်တော် ကိုနိန်းဇသဖြောနိုင် ဘူး တရုတ်ရဲ့ အိန္ဒိယက သူတို့ရဲ့ အိမ်နီးချင်းတချို့ကို ဆယ်တင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ရဲ့ အိမ်နီးချင်းအားလုံးကိုတော့ မဆယ် တင်ခဲ့ဘူး။

ဒေါ် - စီးပွားရေး မဟာဗျူဟာကောက်ဆင်တာ ကမ္ဘယ်ပြန်တဲ့ ထောက်ခံအကြံပြုချက်တွေ လုပ်ခဲ့တယ်။ အဲဒါတွေ ထဲက တချို့ ကတော့ နောက်ဆယ်စုနှစ်ကြာကာလမှာ ဒေါ်လာ သန်း ၁၀၀ ကျော် နှစ်စဉ်လွှဲပြောင်းပေးမှုနဲ့အတူ လုပ်ငန်းသေး လုပ်ငန်းလတ် ၁၀၀၀ ကို ကြီးထွားတိုးတက်စေခဲ့ပြီးတယ်။ စင်ကာပူစီးပွားရေးကို အားပေးနေတာဟာ နိုင်ငံခြားကုမ္ပဏီတွေဖြစ်တယ်ဆိုတဲ့ စင်ဂျားရဲ့အမြင်နဲ့ ယှဉ်တဲ့အခါ အဲဒါဟာ လုပ်ဆောင်သင့်တယ်လို့ စင်ဂျားထင်သလား။

ဇြ - ကျွန်တော်တို့ရဲ့ လုပ်ငန်းခသေး လုပ်ငန်းလတ်တွေကို ကြီးထွားအောင် လုပ်ဖို့ ကျွန်တော်တို့ ကြိုးစားသင့်သေးသယ် နောက်ဆုံးမှာ သူတို့ထဲကတချို့က ကမ္ဘာနဲ့အဝှမ်း ယှဉ်ပြိုင်လာနိုင်ပြီး စင်ကာပူရဲ့ နိုင်ငံပေါင်းစုံ ကုမ္ပဏီတစ်ခုဖြစ် လာရမယ်။ နိုင်ငံပေါင်းစုံကုမ္ပဏီတွေဟာ စင်ကာပူစီးပွားရေးကို အပြိုတမ်း တွန်းအားပေးလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ လုပ်ငန်းခသေး လုပ်ငန်းလတ် ၁၀၀၀ က နိုင်ငံပေါင်းစုံကုမ္ပဏီ ၁၀၀၀ ဖြစ်လာဖို့ အလွန်မဖြစ်နိုင်တာကြောင့် ဖြစ်တယ်။

ဒေါ် - အကြပ်အတည်းတစ်ခုကနေ စီးပွားရေး နာလန်ပြန်ထူလာတဲ့အခါ သင်ခန်းစာတွေကို ချက်ချင်းဆိုရမလောက် စမ်းကျော်သွားကြတယ်လို့ လူတွေ အပြိုတမ်း ပြောကြတယ်။ မကြာခဏဆိုသလို ဒီအကြပ်အတည်းကနေ ဝင်ကာ ထိန်းလည်ရမယ့် သင်ခန်းစာတစ်ခုက ဘာလဲ ပြီးတော့ ဒီအကြပ်အတည်းက ရုန်းထွက်လာတဲ့အခါ ဘာအပြောင်း အလဲတွေကို မကွဲမစသူလုပ်ရမှဲ အရာအခြေခံ စင်ဂျား ဝဲ့ဖားမလဲ။

ဇြ - ဒီအကြပ်အတည်းကနေ စင်ကာပူကိုမဲ့ သင်ခန်းစာတစ်ခုမှတော့ ရှိသူးအကြပ်အတည်းအသီးသီးဟာ ကွဲပြားခြားနားတဲ့ မူလာတစ်မြစ်တွေ ပိုကြတယ်။ နောက်အကြပ်အတည်းက တိတိကျကျ တစ်ပုံစံတည်းတိုင်း မဖြစ်နိုင်ဘူး။

ဒေါ် - ပေါင်းစပ်ထားတဲ့ အဖန်းခြေဖန်းခတွေက စင်ဂျားမျှော်လင့်ထားတာထက် ပိုမိုကြီးမားတဲ့ အကျိုးသက်ရောက်မှု ရှိသလား သူတို့ရဲ့ မဖောင်းတဲ့ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်လို့ စင်ဂျား စိတ်မှုသလား ပြီးတော့ စီးပွားအကြပ် အတွက် နောက်ထပ်ကြိုးမားတဲ့အရာတစ်ခု ရှိသလား။

Scanned by CamScanner

ဖြေ - ပေါင်းစပ်ထားတဲ့ အပန်းဖြေစခန်းတွေဟာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပြီး ကမ်ဘိုဒီးယားတွေကနေ ဘဏ္ဍာရေးဝင်ငွေကို တိုးမြှင့်စေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ခဲ့တယ်။ စင်ကာပူသားတွေနဲ့ အမြဲတမ်း နေထိုင်သူတွေအတွက် ပေါ်လာ ၁၀၀ ဝင်ကြေးကောက်ပြီး မိသားစုတွေကို ကမ်ဘိုဒီးယားမှာနဲ့ အခမဲ့ခံရတဲ့ အခြားမိသားစုဝင်ကိုတားဆီးပိတ်ပင်ခွင့်ပြုမြင်းအားဖြင့် ဆိုးကျိုးအတွက် ကျွန်တော်တို့အကောင်းဆုံးကြိုတင်လုပ်ဆောင်ထားကြတယ်။ ဒါပေမဲ့ မတော်တဆ ထိခိုက်မှုကတော့ အမြဲတမ်းရှိတယ်။

စီးပွားရေးတနေလာတဲ့ နောက်ဆယ်ကြိမ်းမားတဲ့ အရာတစ်ခုကတော့ အမြဲတမ်း ရှိနေလိမ့်မယ်။ အဲဒါက အခွန်ဘိုင်းကိစ္စသာဖြစ်တယ်။

စင်ကာပူဟာ လျှင်မြန်လွန်းလှစွာ ကြီးထွားနေသလား

မေး - လွန်ခဲ့တဲ့ ၁၀ နှစ်က၊ စင်ကာပူ လျှင်မြန်လွန်းလှစွာ ကြီးထွားနေတယ်ဆိုတဲ့ ဝေဖန်ချက်ကို ကျွန်တော် ကြားဖူးတယ်လို့ မထင်ဘူး။ ဒါပေမဲ့ တိုးတိုးပြီးဖြစ်နေတဲ့ ငြင်းခုံမှုကတော့ နိုင်ငံခြားအလုပ်သမားတွေနဲ့ နိုင်ငံခြား ကျွမ်းကျင်သူတွေ အတော်များများ တင်သွင်းတာကြောင့် အဲဒါနဲ့ဆက်နွယ်နေတဲ့ လူမှုရေးကုန်ကျစရိတ်နဲ့အတူ ပေးဆပ်ရမယ့် ကြေးနန်းတစ်ခုရှိနေတာ ဖြစ်တယ်။ အစိုးရပေါ်လစီတစ်ခုဖြစ်ဟန်တူတဲ့ "ဖြစ်နိုင်သမျှအမြန်" ကြီးထွားလိုခြင်းဟာ တာရှည်ခံနိုင်ပါ့မလား။

ဖြေ - အဲဒီကြီးထွားမှုကို ကျွန်တော်တို့ တည်တံ့အောင် လုပ်နိုင်သလောက် မြန်မြန် ကျွန်တော်တို့ ကြီးထွားသင့်တယ်။ အဲဒီကြီးထွားမှုကို ကျွန်တော်တို့ လုပ်နိုင်လျက်နဲ့မလုပ်ဖို့ ရွေးချယ်ရင် ကျွန်တော်တို့ မိုက်မဲတာပဲ။ တချို့စင်ကာပူသားတွေက နေးကွေးတဲ့ကြီးထွားမှုက ဘာကိုဆိုလိုတာလဲဆိုတာ နားမလည်ကြဘူး။ ကျွန်တော်တို့ နေးကွေးတဲ့ ကြီးထွားမှုရပြီး နည်းပါးတဲ့ အလုပ်အကိုင်နဲ့ နည်းပါးတဲ့လစာရမယ်။ ဟိုဟာနည်းမယ်၊ ဒီဟာနည်းမယ်။ အရာရာတိုင်း နည်းမယ်။ ခင်ဗျားဟာခင်ဗျား တမင်သက်သက် ဖြတ်တောက်ထားတဲ့လစာကို ခင်ဗျားယူမလား။ ဒါမိုက်မဲတာပဲ။ ဟုတ်တယ်မဟုတ်လား။ ခင်ဗျားကြီးထွားအောင် ပြုလုပ်နိုင်လျက်သားနဲ့ မလုပ်ဘူးဆိုရင်တော့ ခင်ဗျား တစ်ခုခုမှားယွင်းနေပြီ။

မေး - ဒါပေမဲ့ တချို့လူတွေဟာ မြင့်မားတဲ့ကြီးထွားမှုနဲ့ သူတို့ဆက်နွယ်ရတဲ့ လူမှုရေးပြဿနာတွေအတွက် အလွန် မပျော်မရွှင်ဖြစ်လွန်းတာကြောင့် နေးကွေးတဲ့ လုပ်ခတိုးတက်မှုကို စိတ်ထဲ မထည့်ကြတာ နားလည်နိုင်စရာကောင်းပါတယ်။

ဖြေ - ကောင်းပြီ။ ဒါဆို ဘာကြောင့် ဒီလို ညည်းတွားနေတာလဲ။ MRT ရထားနဲ့ ဘတ်စ်ကားတွေ ပိုမိုလူကြပ်လာကြတာကြောင့် ကျွန်တော်တို့ရဲ့ပြည်သူတွေက နိုင်ငံခြားသားတွေဟာ နေရာရဖို့အတွက် သူတို့ကိုဖြစ်ညစ်နေကြတယ်လို့ ခံစားမိကြတယ်။ ပြီးတော့ ဈေးဆိုင်တွေနဲ့ စားသောက်ဆိုင်တွေဆီကို သူတို့သွားကြတဲ့အခါ အလုပ်သမားတွေ အင်္ဂလိပ်စကားမပြောနိုင်ကျရင် သူတို့မကြိုက်ကြဘူး။ အစားအစာတွေပြင်ဆင်ပြီး စားပွဲတွေကို သန့်ရှင်းဖို့အတွက် နိုင်ငံခြားအလုပ်သမားတွေ ဒီနေရာမှာ မရှိဘူးဆိုရင် စားသောက်ဆိုင်တွေ ဆက်လက်လည်ပတ်နိုင်ပါဦးမလား။

Scanned by CamScanner

အစစ်အမှန်၊ အမှန်တရားက စင်ကာပူသားတွေဟာ ပြောင်းလွှေ့အခြေချသူအသစ်တွေကို စော်ကြည့်ကြတဲ့ သူတို့ရဲ့ကလေးတွေက ကျောင်းနေရာ၊ ပညာသင်ဆုနဲ့ အလုပ်အကိုင်တွေအတွက် ငါ့ကလေးတွေနဲ့ ပြိုင်ရ ကြမှာကတော့မယ်" လို့ ပြောတာပဲဖြစ်တယ်။ သူတို့ရဲ့ကလေးတွေက စကြိုးစားကြပြီး ကျောင်းမှာ တစေ့တစ်ကြည့် သူတို့ အင်္ဂလိပ်စာ များများစားစားမတတ်ဘဲ စင်ကာပူကို လာကြတယ်။ ၄ နှစ် ၅ နှစ်ကြာရင် အများအပြား အင်္ဂလိပ်စာမှာ အတန်းထိပ်ကို ရောက်နေကြတယ်။ ဒါ့အပြင် နိုင်ငံခြားသားအများစုက အလုပ်ကြမ်းတွေလုပ်ရမယ့် ဝင်ပါမစ်ကိုင်ထားကြတဲ့ လူတွေဖြစ်ကြတယ်။ သူတို့တွေက PR (အမြဲတမ်းနေထိုင်သူ)၊ ဒါမှမဟုတ် နိုင်းသား ဖြစ်ဖို့ အရည်အချင်းတွေ မရှိကြဘူး၊ ဝင်ပါမစ် အလုပ်သမားတွေအတွက် စိုးရိမ်ပူပန်စရာက လုံခြုံရေးနဲ့ နောင့်ယှက်မှုတွေကို ကိုင်တွယ်ရတဲ့ ကိစ္စဖြစ်တယ်။ ဒီအလုပ်သမားတွေက ဒီမှာ ယာယီသာရှိနေကြတယ်ဆိုတော့ စင်ကာပူသားတွေ သိကြတယ်။ သူတို့ဟာ ပိုဂိုသူတွေကို သူတို့နဲ့အတူ ခေါ်ဆောင်မလာနိုင်ကြဘူး၊ ယုံကြည်မှုအားပြ မပျော်ရွှင်မှုကတော့ နိုင်ငံသားအသစ်တွေနဲ့ သူတို့ရဲ့ကလေးတွေနဲ့ ပတ်သက်နေတယ်။

ဒေး - အလုပ်အကိုင်တွေနဲ့ ကျောင်းနေရာတွေကို မတရားသိမ်းယူနေကြတဲ့ နိုင်ငံခြားသားတွေနဲ့ ပတ်သက်တဲ့ ဒေါ်ဒေး ပူပန်မှုတွေကို ဘေးဖယ်ထားတဲ့အခါပြဿနာက ကုန်ကျစရိတ်နည်းတဲ့ အလုပ်သမားတွေ စုပြုံအောတိုက်လာမှု ကြောင့် ဝင်ငွေနိမ့်ကျသူတွေအတွက် လုပ်ခတွေကျဆင်းပြီး အဲဒါကြောင့် စင်ကာပူက ဆင်းရဲသူနဲ့ ချမ်းသာသူ အကြား ကွာဟချက် ပိုမိုမြင့်မားလာတယ်။

ဖြေ - ဒါက ကမ္ဘာနဲ့အဝှမ်း ထင်ဟပ်နေတဲ့ အသွင်အပြင်တစ်ခုပါ။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လုပ်ကိုင်ဆောင်ရွက် လာတဲ့ ပထမအဆင့်မှာ ဈေးပေါတဲ့ အလုပ်သမားတွေ သန်းရာပေါင်းများစွာ ပြည့်နေတဲ့ အလုပ်သမား ဈေးကွက် တစ်ခုကို ခင်ဗျား ချဉ်းကပ်ခွင့်ရလိမ့်မယ်။ ဒါပေမဲ့ ဒါက အမြဲတမ်း ဖြစ်နေမှာလား။ နှစ် ၃၀ အတွင်းမှာ ကွဲပြားခြား နားတဲ့ တိုင်းပြည်တွေထဲက ပြည်သူတွေဟာ ပညာပိုမိုတတ်မြောက်ပြီး လစာ ပိုမိုကောင်းလာကြလိမ့်မယ်။ နှစ်ဝဉ်နှစ်ပုံတဲ့ တရုတ်ပြည်မှာ ပညာရေးစနစ်က တိုင်းပြည်ရဲ့စာမတတ်မြောက်မှုနှုန်းကို လျော့ချနေတယ်။ သူတို့ အဆင့်အတန်း တိုးမြှင့်နေကြတယ်။ ဒါကြောင့် သူရဲ့ကိုယ်ပိုင်အဆင့်ကို သူတွေ့တော့မယ်။ ကျွန်တော်ဆိုလိုတာက ဒီနေ့ တရုတ်ရဲ့ လွန်ခဲ့တဲ့ နှစ် ၂၀ က တရုတ်ကို ခင်ဗျားကြည့်ပါ။ အင်ဂျင်နီယာတွေနဲ့ သိပ္ပံပညာရှင်တွေ ထွက်ပေါ်လာတဲ့ ပမာဏကို ကြည့်ပါ၊ တက္ကသိုလ်တွေကို သွားတဲ့သူတွေရဲ့အရေအတွက်ကိုကြည့်ပါ။ ဒါကြောင့် ဝင်ငွေမညီမျှမှုက အစဉ်ထာဝရ ကျယ်ပြန့်နေမှာ မဟုတ်ပါဘူး၊

နိမ့်ကျတဲ့ဝင်ငွေနဲ့ မြင့်မားတဲ့ဝင်ငွေအကြားက ကွဲပြားခြားနားမှုကို ကျွန်တော်တို့ တတ်နိုင်သလောက် ခံသာအောင် လုပ်ထားကြတယ်။ မြင့်မားတဲ့ ဝင်ငွေရရှိသူတွေဆီက အများအပြား ခင်ဗျားနှုတ်ယူရင် သူတို့ ထွက်သွားကြလိမ့်မယ်။ သူတို့ ဘာကြောင့်နေမှာလဲ၊ နိုင်ငံခြားသားတွေ အတိုအကျကို ထွက်စွာသွားကြလိမ့်မယ်။ ခင်ဗျား ဝင်ငွေခွန်ကို တိုးမြှင့်တယ်၊ သူတို့ ဟောင်ကောင်ကို သွားကြတယ်။ တချို့က တခြားနေရာကိုသွားကြပြီး အဲဒီနေရာက ညစ်ညမ်းမှုတွေကို သည်းခံနေကြတယ်။ ကျွန်တော်တို့ပြည်သူကိုယ်တိုင်တချို့ကတောင် "ဒီလောက်အဆင့်ရှိတဲ့ ဝင်ငွေခွန်အကြွေး မပေးရတဲ့ နေရာကို ငါသွားတော့မယ်" လို့ ပြောကြတယ်။ ဒါကြောင့် ဒါတွေအားလုံးကို ခင်ဗျား ချိန်ခွင်လျှာညီရမယ်၊ အဆုံးသတ်မှာတော့ အောင်မြင်ဖို့အတွက် လုံခြုံဆော်မှုတွေရှိနေရအောင် သူတို့ကို သူတို့ရဲ့ရှာဖွေရရှိမှုထဲက များပြားတဲ့ အစိတ်အပိုင်းရယူထားဖို့ အခွင့်အရေး ခင်ဗျားပေးရမယ်။

Scanned by CamScanner

ပြီးရင် အလုပ်ကို ရာသီမမှန်းခြေခင့်တာရင်းနဲ့၊ ထောက်ပံ့ဖို့နဲ့ ပြန်လည်ဖြန့်ဖြူးပေးဖို့ နည်းလမ်းတစ်ခု ခင်ဗျား ရှာဖွေ ရမယ်။ ဒေါ်နဲ့ လွှမ်းမိုးသူများအတွက် ထောက်ပံ့ခွင့်၊ S & C (အကျိုးဆောင်နဲ့ ထိန်းသိမ်းခြင်း) ကျသင့်ငွေ၊ ပညာ ရေး၊ ဆိပ်ကမ်း၊ ကျွန်းမာရေးစောင့်ရှောက်မှုတွေနဲ့ လုပ်ပေးရမယ်။ ပြီးတော့ ပိုပြီးအရေးကြီးတာက နောက်မျိုးဆက်ကို ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကနေ အဆင့်မြှင့်အခွင့်အရေးရအောင် အသေအချာလုပ်ပေးပါ။ ခင်ဗျားရဲ့မိသားစုအောင် မြင်တဲ့အနေအထားနဲ့ အလုပ်မလုပ်ရသည်ဖြစ်ပြီး၊ ဘယ်လိုပဲဖြစ်ဖြစ်၊ စင်ကာပူမှာ ဘယ်သူမှ ဘယ်ကလေးမှ တပန်း မွဲမနေကြဘူး။ ခင်ဗျားကို ကြည့်ရှုစောင့်ရှောက်ပြီး သင့်တော်တဲ့ ပညာရေးရရှိမယ့် အခွင့်အလမ်းအားလုံး ခင်ဗျား လက်ခံရရှိခဲ့အောင် အသေအချာပြုလုပ်ပေးမယ့် အုပ်စုတချို့ ခင်ဗျားမှာရှိတယ်။ ခင်ဗျားတွက်သွားဖို့ ရွေးချယ်ခဲ့တော့ ဒါက ခင်ဗျားရဲ့ဆုံးဖြတ်ချက်ပါ။ ပညာရေးမှာတော်ကြတဲ့ အိမ်နီးချင်းကလေးတွေဟာ ပိုပြီးကောင်းတဲ့ တိုက်ခန်းတွေ ဆီ ရွှေ့ပြောင်းသွားကြပုံကို မိဘတွေ တွေ့မြင်ကြတာကြောင့် ထွက်သွားကြတဲ့လူတွေ ပိုပြီး နည်းလာတယ်။

တန်ဖိုးတက်တော့မယ်ဆိုတာကို ကျွန်တော်ဝို့သိနေကြတဲ့ အိမ်တစ်လုံးဝယ်ဖို့အတွက် များပြားတဲ့ ပမာဏတစ်ခု လည်း သူတို့ကို ကျွန်တော်ဝင်ပေးတယ်။ အဲဒါဟာ သူတို့အနားယူတဲ့အခါ ရရှိမယ့် အများဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တယ်။ အဲဒါကို သူတို့လယ်ရင်ဒေါ်လာနှစ်သိန်းလောက်ကုန်ကျနိုင်တယ်။ သူတို့အနားယူတဲ့အချိန်ကျရင်ဒါဟာအတော်ကိုပိုပြီး တန်ဖိုးရှိလိမ့်မယ်။ ကျွန်တော်ဝင်ရဲ့စီးပွားရေးကကြီးထွားနေပြီး အစိုးရက အခြေခံအဆောက်အအုံနဲ့ ဧနထိုင်မှုပတ်ဝန်း ကျင်ကို ပံ့မှန်မြဲ့ဝင်တင်နေတာကြောင့် အိမ်ခြံမြေတွေဟာ တန်ဖိုးတက်ရမယ်။ ကျွန်တော်တို့မှာ ဖြေအောက်ရထားနဲ့ မြေပေါ်ရထားတွေ၊ လှပတဲ့ ပန်းခြံတွေနဲ့ တူးမြောင်းတွေများပြားသထက် များပြားစွာ ရှိလာနေပြီ။ ဒါဟာ လူတိုင်းကို တိုင်းပြည်ရဲ့ တိုးတက်ကြီးထွားမှုမှာ ရင်းနှီးမြှုပ်နှံခွင့်ပေးမယ့် သေသေချာချာ ပြုလုပ်ထားတဲ့ ပေါ်လစီတစ်ခုပါ။

ေမး - ဒါပေမဲ့လည်း စင်ကာပူ မည်မျှမှုက ဂိနီသဘာဝပြကိန်းနဲ့ တိုင်းတာတဲ့အတိုင်း တခြားတိုင်းပြည်တွေမှာထက် ပိုပြီး ပြင်းထန်နေတယ်။ အဲဒါက၊ ဆိုကြပါစို့၊ ကျပန်ထက် ပိုပြီးပြင်းထန်နေတယ်။ ကျပန်မှာ သူတို့က နိုင်ငံခြားအလုပ်သမား အများအပြားကိုခေါ်ယူတဲ့ တံခါးဖွင့်ပေါ်လစီ မရှိဘူး။

ေြဖ - မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျပန်က ကျွန်တော်တို့အတွက် စံပြပုံစံမဟုတ်ဘူး။ ကျပန်ဟာ အလွန်တင်းကြပ်တဲ့ အချိန် ကာလတစ်ခုကို ဖြတ်သန်းရတော့မယ်။ အလျင်အမြန် အသက်ကြီးနေပြီး၊ ကျဲ့နေတဲ့ လူဦးရေတစ်ခုကို ဖြတ်ကျော် ရတော့မယ်။ သူတို့က ပြောင်းရွှေ့အခြေချတွေကို မလိုချင်ကြဘူး။ သူတို့တွေထဲမှာ နိုင်ငံခြားသားတွေကို မကြိုက်တဲ့ အကျင့်စရိုက်တချို့ ရှိကြတယ်။ ဒါပေမဲ့ သူတို့ နက်နက်ရှိုင်းရှိုင်း ဒုက္ခရောက်နေကြတယ်လို့ ကျွန်တော်ထင်တယ်။ မဟုတ်ဘူး၊ ခင်ဗျား စင်ကာပူကို ဟောင်ကောင်၊ KL (ကွာလာလမ်ပူ)၊ ဘန်ကောက်၊ မနီလာ၊ ဂျကာတာတို့နဲ့ နှိုင်းယှဉ်ရမယ်။ ခင်ဗျားကိုယ်ခင်ဗျား ကျပန်နဲ့ ဘယ်လိုနှိုင်းယှဉ်နိုင်မှာလဲ။ ကျပန်က အလွန်ကွဲပြားခြားနားတဲ့ လူအဖွဲ့အစည်း နဲ့ ယဉ်ကျေးမှုရှိတဲ့၊ လုံးဝ ကွဲပြားခြားနားတဲ့ တိုင်းပြည်တစ်ပြည်ပဲ။

ေမး - အဓိက ဆိုလိုတာက သူတို့ရဲ့ပုံစံနဲ့ ပိုမိုညီမျှတဲ့ လူအဖွဲ့အစည်းတစ်ခု ကျွန်တော်တို့ ဖြစ်စေ ချင်တာပါ။

ေြဖ - ညီမျှတဲ့ဆုလာဘ်နဲ့ ညီမျှတဲ့ လူအဖွဲ့အစည်းတစ်ခုကို ခင်ဗျား လိုချင်တယ်ဆိုရင်တော့ ဒေါင်းလန်နဲ့ ထပင်းစားတဲ့ ဓနတ်ဆီကို ခင်ဗျား ပြန်သွားပေတော့၊ မဟုတ်ဘူး။ ခင်ဗျားရဲ့အပြုအမူပေါ်မူတည်ပြီး ခင်ဗျားအခကြေးငွေ

Scanned by CamScanner

ရရှိတဲ့ တရားမျှတမှုရှိတဲ့ စနစ်တစ်ခုကို ကျွန်တော်တို့ ဖန်တီးခဲ့ကြတယ်။ ပြီးတော့ ခင်ဗျားရဲ့ပြုမူဆောင်ရွက်ချက်တွေ၊ ခင်ဗျားရဲ့ ပညာရေးကျွမ်းကျင်မှုနဲ့ စွမ်းဆောင်ချက်တို့အပေါ်မှာ မူတည်တယ်။ ဒါပါပဲ။ လူတိုင်း ညီတူညီမျှမဖြစ်ပေမဲ့ အမိုန်မှာ သူတို့ ညီတူညီမျှဖြစ်နေကြတယ်လို့ ကျွန်တော်တို့ ဟန်ဆောင်နေကြရင် စနစ်ချို့ယွင်းနေလိမ့်မယ်၊ ဒါနဲ့ ဘဝရဲ့အမှန်တရားပဲ။

စောစောပိုင်းကာလက ကျွန်တော့်ရဲ့အဓိကရည်ရွယ်ချက်ပန်းတိုင်က CPF (ဗဟိုထောက်ပံ့ရန်ပုံငွေ) နဲ့ Medisave (ကျန်းမာရေးစုဆောင်းငွေ) အတွက် လူတစ်ဦးချင်း ငွေမာရင်းတွေရရှိမယ့် အကြံအစည်စိတ်ကူးကို ဘယ်သူမှ လုံမလဲအောင် အသေအချာပြုလုပ်ဖို့ဖြစ်တယ်၊ ခင်ဗျားရှာဖွေရရှိသမျှဟာ ခင်ဗျားရဲ့ဟာပဲ။ ဘာကြောင့်လဲဆိုတော့ လူတစ်ဦးချင်း ငွေစာရင်းကို ခင်ဗျားရရှိတာနဲ့တစ်ပြိုင်နက် အဲဒီငွေစာရင်းကို အားလုံးအသုံးပြုဖို့အတွက် ပုံပေးထည့်ပြီး လူတိုင်းက အဲဒီအထဲကနေ (တခြား သက်သာချောင်ချိရေးစနစ်လို) ထုတ်ယူမယ့် အကြံပြုချက်ဟာ ခံစားမှုကို ဆန္ဒပဲတွေ ဆုံးရှုံးစေလိမ့်မယ်။

ဒီငွေစာရင်းတွေ ကြီးမားများပြားမလာခင် အကြံ စည်စိတ်ကူးကို လက်ခံကောင်း လက်ခံနိုင်ကြတယ်။ အဲကြောင့် လိုသီယာချိုင်က အများပိုင် ထောက်ပံ့ရေးရန်ပုံငွေတစ်ခု တည်ထောင်ဖို့ ပြောတဲ့အခါ နောက်ရွေးကောက်ပွဲမှာ သူ မဲရှုံးလိမ့်မယ်လို့ ကျွန်တော်တွေးမိတယ်၊ ခင်ဗျားရဲ့ပိုက်ဆံတွေကို အများပိုင် ထောက်ပံ့ရေးရန်ပုံငွေထဲထည့်ဖို့ ခင်ဗျား ပြင်ဆင်ထားသလား။ ဒီပိုက်ဆံက ခင်ဗျားရဲ့ပိုက်ဆံပဲ။ ခင်ဗျား အဲဒါကိုမသုံးချင်ရင် ခင်ဗျားရဲ့ကလေးတွေ၊ ခင်ဗျားရဲ့ဆွေမျိုးတွေ၊ ဒါမှမဟုတ် ခင်ဗျားကြိုက်တဲ့ လူတစ်ယောက်ယောက်အတွက် ထားရစ်ခဲ့နိုင်တယ်။ ဘာပဲလို့ အဲဒါကို ခင်ဗျား အများပိုင် ထောက်ပံ့ရေး ရန်ပုံငွေထဲထည့်ပြီး တခြားလူတွေက ထုတ်ယူနေကြမှာလဲ၊ ဒါဟာ အနောက်နိုင်ငံတွေမှာ ဖြစ်နေတဲ့အရာပဲ၊ စနစ်ပြီးလဲကျသွားတယ်၊ တိုနီဘလဲကာ ငြိတိန်မှာ လူတစ်ဦးချင်း ငွေစာရင်းတွေ ဖန်တီးချင်တယ်။ သူ ဒီကိုလာပြီး ကျွန်တော် တို့ကို ဖလှယ်တယ်။ ဒါဖေမဲ့ ပြည်သူတွေဆီက ကြီးမားတဲ့ ဆန္ဒကျင်မှုတွေ ဖြစ်တယ်၊ ဒါကြောင့် သူ လုပ်လို့မရဘူး။

ငမး - ဒါဆို ဝင်ငွေမညီမျှမှုကို ကျဉ်းမြောင်းအောင် လုပ်မဲ့ကိစ္စမှာ နိုင်ငံခြားအလုပ်သမားတွေနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ပေါ်လစီကို မပြောင်းလဲသင့်ဘူးလို့ ခင်ဗျား ပြောနေသလား။

ဖြေ - နိုင်ငံခြားအလုပ်သမားတွေကို တင်သွင်းပြီး အလုပ်တွေလုပ်ခိုင်း။ ပြီးတော့ ပိုမိုမြင့်မားတဲ့ ဝင်ငွေရရှိသူတွေနဲ့ ကွာဟချက်ကို ပိတ်ဖို့အတွက် ဝင်ငွေနိမ့်တဲ့ တစ်စုံတစ်ရာပေးတာဟာ ပိုမိုအကုန်အကျသက်သာပြီး ထိရောက်မှု ရှိတယ်၊ ဆာလောင်နေတဲ့ အလုပ်သမားတွေကို ခင်ဗျားရဲ့ကုန်ကျစရိတ် အပိုင်းအစတစ်ခုနဲ့ အသုံးပြုနိုင်မယ့် အခွင့်အရေး ရှိတယ်၊ အဲဒါကို ခင်ဗျား မလိုချင်ဘူးလား။ ငြိတိသျှကို ခင်ဗျားကြည့်ပါ။ သူတို့ရဲ့စီးပွားရေးကို သူတို့ ဘယ်လို ရိုက်ခတ်နိုင်းနေသလဲ၊ နိုင်ငံခြား အလုပ်သမားတွေကို သူတို့ ဖိတ်ခေါ်နေကြတယ်။ အသားတင်ရလဒ်ကတော့ အခုဘာသာစကားမျိုးစုံ သုံးစွဲတဲ့ အသိုင်းအဝိုင်းတစ်ခု သူတို့ရရှိလာတယ်။ အရှေ့ဥရောပသားတွေ၊ တောင်အာရှသားတွေ၊ မြောက်အာဖရိကသားတွေ၊ ဆာဟာရတောင်ဘက်က အာဖရိကသားတွေ၊ ကာရစ်ဘီယံသားတွေ - အားလုံးဟာ ငြိတိသျှသားတွေ မလုပ်ချင်ကြတဲ့အလုပ်တွေကို သူတို့ လုပ်ချင်ကြလို့ အဲဒီမှာ ရှိနေကြတယ်။ ကျွန်တော်တို့မှာ ကျွမ်းကျင်သူတွေ လွတ်လွတ်လပ်လပ် စီးဆင်းမှုရှိတယ်။ အဲဒါက ကျွန်တော်တို့ရဲ့စီးပွားရေးနဲ့

Scanned by CamScanner

ကြီးထွားမှုကို ကူညီတယ်။ ကျွန်တော်တုံးက အသိဉာဏ်မကင်းမဲ့ဘူး။ ဒါမှမဟုတ် မဝိုက်မဲကြဘူး။ စင်ကာပူပြည်သူတွေရဲ့ အကျိုးကို နှလုံးသွင်းပြီး ဒါကို ကျွန်တော်တို့ လုပ်နေကြတာပါ။ တခြားနည်းလမ်းနဲ့သွားတာက ပိုပြီးကောင်းနေရင် အဲဒါကို မကျင့်သုံးလောက်အောင် ကျွန်တော်တို့ မိုက်မဲကြမှာလား။ ဒီ ဝပ်ပါမစ် ကိုင်ဆောင်ထားသူတွေကို ဝင်မလာရအောင် ကျွန်တော်တို့တားဆီးခဲ့ရင် ဒီနေ့ ကျွန်တော်တို့ ဒီနေရာကို ရောက်နေပဲ့မလား။ ဆောက်လုပ်ရေးမှာ HDB အဆောက်အဦးတွေအတွက် ကျွန်တော်တို့ အဝိုင်းခွဲ လုပ်နေကြတယ်။ နိုင်ငံခြားအလုပ်သမားတွေအပေါ် မှီခိုအားထားနေရမှုကို လျော့ချဖို့အတွက် တခြားနည်းလမ်းကို ကျွန်တော်တို့ ရှာဖွေနိုင်တယ်။ ဒါပေမဲ့ ဘာလုပ်နိုင်တယ်ဆိုတာကတော့ အတိုင်းအတာ ရှိတယ်။

မေး - ဒါကို ကွဲပြားခြားနားစွာ ပြုလုပ်တဲ့အကျိုးကျေးဇူးတစ်ခုကတော့ ဒေသတွင်းအလုပ်သမားတွေရဲ့ထုတ်ကုန်စွမ်းဆောက်လုပ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ တခြားနေရာတွေမှာပဲဖြစ်ဖြစ် မြင့်တက်လာရမယ်။ ကျပန်နဲ့ စင်ကာပူကြားက ကွဲပြားခြားနားမှုနဲ့ပတ်သက်လို့ ခင်ဗျားပြောနေတဲ့ဟာကို ကျွန်တော်သိတယ်။ ကျွန်တော်တို့ဟာ ထင်ထင်ရှားရှားကို ကျပန်မဟုတ်ကြဘူး။ ဒါပေမဲ့ လူ့အဖွဲ့အစည်းကို စည်းရုံးတဲ့ သူတို့နည်းလမ်းရဲ့အကျိုးဆက်တစ်ခုကတော့ နိမ့်ကျတဲ့ အဆင့်က လုပ်ခတွေ မြင့်တက်လာခဲ့တာဖြစ်တယ်။

ဖြေ - ဒါပေမဲ့ တစ်ခုလုံးအနေနဲ့ စီးပွားရေး ဘာဖြစ်နေသလဲ။ ကျွန်တော်ဆိုလိုတာက အဆုံးသတ်ရလဒ်ကို ကြည့်ပါ။ ကျပန်ပိုပြီးကောင်းလာသလား။ ကျပန်ပြည်သူတွေ ပိုပြီး ကောင်းလာကြသလား။ ရွေးကောက်ပွဲအရဆိုရင် နိုင်ငံရေးသမားတွေက "အင်း . . . မဲတွေကို ကျွန်တော် ဒီနည်းနဲ့ အနိုင်ယူမယ်လို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ဒါက ကျပန်အတွက် အနာဂတ်လား။ အတော်စိတ်ပျက်၊ စိတ်အားငယ်စရာ မကောင်းဘူးလား။ သူတို့ ပြောင်းလဲရမယ်။

ကျပန်ပုံစံကို ကျွန်တော်တို့ကျင့်သုံးပြီး ပြောင်းရွှေ့အခြေချသူတွေနဲ့ နိုင်ငံခြား အလုပ်သမားတွေကို တံခါးပိတ်ရင် စင်ကာပူ ဘယ်လိုဖြစ်မယ်ဆိုတာ ခင်ဗျား ရှုမြင်ကြည့်ပြီးပြီ။ ကျွန်တော်တို့ ဒီနေ့ စင်ကာပူကိုရမလား။ ဘဝအပေါ် စင်ကာပူသားတွေရဲ့အမြင်ကို နားလည်ရအောင် ခင်ဗျားကို ကျွန်တော် ပုဂ္ဂိုလ်ရေးအရ ဆုံတွေ့ရမှု အနည်းငယ် အကြောင်း ပြောပြပါရစေ။ ကျွန်တော့်မှာ ရှူးဖိနပ်လုပ်တဲ့ လူတစ်ယောက်ရှိတယ်။ သူက ဟက်ကာတစ်ယောက် ဖြစ်တယ်။ သူက အသက် ၄၀ ကျော်နေပြီး၊ ကျွန်တော့်ကို ရှူးဖိနပ်လုပ်ပေးလေ့ရှိသူဖြစ်တဲ့ သူ့အဖေဆီကနေ အလုပ်အကိုင်ကို လွှဲယူတယ်။ ဒါပေမဲ့ အဲဒါက ရပ်နားတော့မယ့် အလုပ်အကိုင်တစ်ခုဖြစ်နေတယ်။ သူ ပိုက်ဆံမရလို့တော့ မဟုတ်ဘူး။ ရှူးဖိနပ်တစ်ရံအတွက် သူ့ကို ဒေါ်လာ ၃၀၀ ကျွန်တော်ပေးရတယ်။ ကျွန်တော့်ခြေထောက်ကို သူ အတိုင်းအတာပယ်ပြီး ကျွန်တော့်ကို ရှူးဖိနပ်တွေ စီးကြည့်ခိုင်းတယ်။ ကျွန်တော်က မဟုတ်ဘူး၊ နှုးညံ့တဲ့ သားရေနဲ့လုပ်စသဖြင့် ပြောရတယ်။ ဒီတော့ သူက ကျွန်တော့်ကို ဒေါ်လာ ၃၅၀၊ ၄၀၀ ထောင်းတယ်။မတတ်နိုင်တော့ဘူး။ ဒါပေမဲ့ အဲဒါကို သူ့သားလုပ်ချင်သလား၊ မလုပ်ချင်ဘူး။ သူ့သားက တက္ကသိုလ်တက်ပြီး လေအေးစက်တပ်ထားတဲ့ ရုံးခန်းထဲမှာ အလုပ်လုပ်ချင်နေတယ်။

အလုပ်အကိုင်က ကျဆင်းနေပြီ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ငြိမ်းစင်ပေါ်ဘယ်သူတက်မလဲ။ ဘယ်သူက သဘော်ကျင်းကို သွားပြီး မီးမှုတ်တဲ့ဘူးကို ကောက်ကိုင်ချင်မလဲ။ စင်ကာပူသားတွေက ဒီအလုပ်တွေကို လုပ်ချင်ပါ့မလား။ ခင်ဗျား သူတို့ကို လစာ ၂ ဆပေးနိုင်တယ်။ သူတို့ မလုပ်ဘူးလို့ ပြောလိမ့်ဦးမယ်။

Scanned by CamScanner

ကြီးသွားမှာကို [illegible]
တွေရဲ့အကျိုးကို နှလုံးသွင်းပြီး ဒါကို ကျွန်တော်တို့ လုပ်နေကြတာပါ။ [illegible]
နေရင် အဲဒါကို မကျင့်သုံးလောက်အောင် ကျွန်တော်တို့ မိုက်မဲကြမှာလား။ ဒီ ဝပ်ပါမစ် ကိုင်ဆောင်ထားသူတွေကို
ဝင်မလာရအောင် ကျွန်တော်တို့ကားဆီးခဲ့ရင် ဒီနေ့ ကျွန်တော်တို့ ဒီနေရာကို ရောက်နေပဲမလား။ ဆောက်လုပ်ရေးမှာ
HDB အဆောက်အဦးတွေအတွက် ကျွန်တော်တို့ အပိုင်းခွဲ လုပ်နေကြတယ်။ နိုင်ငံခြားအလုပ်သမားတွေအပေါ်
မှီခိုအားထားဖန်ရမှုကို လျော့ချဖို့အတွက် တခြားနည်းလမ်းကို ကျွန်တော်တို့ ရှာဖွေနိုင်တယ်။ ဒါပေမဲ့ ဘာလုပ်
နိုင်တယ်ဆိုတာကတော့ အတိုင်းအတာ ရှိတယ်။

မေး - ဒါကိုကွဲပြားခြားနားစွာမြင်လုပ်တဲ့အကျိုးကျေးဇူးတစ်ခုကတော့ ဒေသတွင်းအလုပ်သမားတွေရဲ့ထုတ်လုပ်နိုင်စွမ်းဟာ
ဆောက်လုပ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ တခြားနေရာတွေမှာပဲဖြစ်ဖြစ် မြင့်တက်လာရမယ်။ ကျပန်နဲ့ စင်ကာပူကြားက
ကွဲပြားခြားနားမှုနဲ့ပတ်သက်လို့ ခင်ဗျားပြောနေတဲ့ဟာကို ကျွန်တော်သိတယ်။ ကျွန်တော်တို့ဟာ ထင်ထင်ရှားရှားကို
ကျပန်မဟုတ်ကြဘူး။ ဒါပေမဲ့ လူ့အဖွဲ့အစည်းကို စည်းရုံးတဲ့ သူတို့နည်းလမ်းရဲ့အကျိုးဆက်တစ်ခုကတော့ နိမ့်ကျတဲ့
အဆင့်က လုပ်ခတွေ မြင့်တက်လာခဲ့တာဖြစ်တယ်။

ဖြေ - ဒါပေမဲ့ တစ်ခုလုံးအနေနဲ့ စီးပွားရေး ဘာဖြစ်နေသလဲ။ ကျွန်တော်ဆိုလိုတာက အဆုံးသတ်ရလဒ်ကို ကြည့်ပါ။ ကျပန်
ပိုပြီးကောင်းလာသလား။ ကျပန်ပြည်သူတွေ ပိုပြီး ကောင်းလာကြသလား။ ရွေးကောက်ပွဲအရဆိုရင် နိုင်ငံရေး
သမားတွေက "အင်း . . . မဲတွေကို ကျွန်တော် ဒီနည်းနဲ့ အနိုင်ယူမယ်လို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ဒါက ကျပန်အတွက်
အနာဂတ်လား။ အတော်စိတ်ပျက်၊ စိတ်အားငယ်စရာ မကောင်းဘူးလား။ သူတို့ ပြောင်းလဲရမယ်။
ကျပန်ပုံစံကို ကျွန်တော်တို့ကျင့်သုံးပြီး ပြောင်းရွှေ့အခြေချသူတွေနဲ့ နိုင်ငံခြား အလုပ်သမားတွေကို တံခါးပိတ်ရင်
စင်ကာပူ ဘယ်လိုဖြစ်မယ်ဆိုတာ ခင်ဗျား ရှုမြင်ကြည့်ပြီးပြီ။ ကျွန်တော်တို့ ဒီနေ့ စင်ကာပူကိုရမလား။ ဘဝအပေါ်
စင်ကာပူသားတွေရဲ့အမြင်ကို နားလည်ရအောင် ခင်ဗျားကို ကျွန်တော် ပုဂ္ဂိုလ်ရေးအရ ဆုံတွေ့ရမှု အနည်းငယ်
အကြောင်း ပြောပြပါရစေ။ ကျွန်တော့်မှာ ရှူးဖိနပ်လုပ်တဲ့ လုတစ်ယောက်ရှိတယ်။ သူက ဟက်ကာတစ်ယောက်
ဖြစ်တယ်။ သူက အသက် ၄၀ ကျော်နေပြီး၊ ကျွန်တော့်ကို ရှူးဖိနပ်လုပ်ပေးလေ့ရှိသူဖြစ်တဲ့ သူ့အဖေဆီကနေ အလုပ်
အကိုင်ကို လွှဲယူတယ်။ ဒါပေမဲ့ အဲဒါက ရပ်နားတော့မယ့် အလုပ်အကိုင်တစ်ခုဖြစ်နေတယ်။ သူ ပိုက်ဆံမရလို့တော့
မဟုတ်ဘူး။ ရှူးဖိနပ်တစ်ရံအတွက် သူ့ကို ဒေါ်လာ ၃၀၀ ကျွန်တော်ပေးရတယ်။ ကျွန်တော့် ခြေထောက်ကို သူ
အတိုင်းအတာယူပြီး ကျွန်တော့်ကို ရှူးဖိနပ်တွေ စီးကြည့်ခိုင်းတယ်။ ကျွန်တော်က မဟုတ်ဘူး၊ နှုးညံ့တဲ့ သားရေနဲ့လုပ်
စသဖြင့် ပြောရတယ်။ ဒီတော့ သူက ကျွန်တော့်ကို ဒေါ်လာ ၃၅၀၊ ၄၀၀ တောင်းတယ်။ မတတ်နိုင်တော့ဘူး၊ ဒါပေမဲ့
အဲဒါကို သူ့သားလုပ်ချင်သလား၊ မလုပ်ချင်ဘူး။ သူ့သားက တက္ကသိုလ်တက်ပြီး လေအေးစက်တပ်ထားတဲ့ ရုံးခန်း
ထဲမှာ အလုပ်လုပ်ချင်နေတယ်။
အလုပ်အကိုင်က ကွဲဆင်းနေပြီ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာငြမ်းစင်ပေါ်ဘယ်သူတက်မလဲ။ ဘယ်သူက သဘော
ကျင်းကိုသွားပြီး ပီးမှုတ်တဲ့ဘူးကို ကောက်ကိုင်ချင်မလဲ။ စင်ကာပူသားတွေက ဒီအလုပ်တွေကို လုပ်ချင်ပါ့မလား။
ခင်ဗျား သူတို့ကို လစာ ၂ ဆပေးနိုင်တယ်။ သူတို့ မလုပ်ဘူးလို့ ပြောလိမ့်ဦးမယ်။

Scanned by CamScanner

အမေဆောက်အဦးတွေ ဆောက်နေတာကို ဝင်ကျားကြည့်နေတယ်။ အဲဒါတွေ အလုံးအထည်ပေါ်လာတဲ့အခါမှာ
သားတွေက ဝင်လာပြီး အကာအကွယ်ရနေတဲ့ အခြေအနေအောက်မှာ လျှပ်စစ်ကြိုးနဲ့ တခြား ဟိုဟာဒီဟာ
လိုက်တပ်ကြတယ်။ ရာသီဥတုဒဏ်ကို ခံနေရတဲ့ အပြင်နံတုန်းကဆိုရင် တရုတ်ပြည်နဲ့ တခြားနေရာတွေက
အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တွေကို ခင်ဗျား တွေ့ရလိမ့်မယ်။ ဝင်ကာမူသားတွေကို ကျွန်တော် လေတပိုပေးနိုင်
ဒါပေမဲ့ အဲဒါကို သူတို့ လုပ်ကြမလား၊ မလုပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီး ဆွဲဆောင်မှုရှိတယ်လို့ သူတို့ခံစား
တခြားအလုပ်အကွင့်အလမ်းတွေ ရှိလို့ပေါ့။ ဒါဟာ စွဲမြဲနေတဲ့ အယူအဆပဲ။ သူတို့ စဉ်းစားတဲ့အရာက ဘဝမှာ
ဂုဏ်ပြုခြင်းဖြစ်သင့်တယ်။

ဩစကြားလျှ ဆောက်လုပ်ရေးလုပ်ငန်းက အဲဒါကို အတင်းအကြပ် လုပ်နိုင်းတယ်။ ဘာကြောင့်လဲဆိုတော့ အ
အလုပ်သမားတွေကို သူတို့မခေါ်ချင်ကြလို့ပေါ့။ အဲဒါကြောင့် သူတို့က ကောင်းပြီ...ငါတို့ ဆောက်လုပ်ရေးအလုပ်
အတွက် အများအပြားပိုမိုပြင်မားတဲ့ ကုန်ကျစရိတ်ကို ငါတို့ပေးမယ်လို့ ပြောကြတယ်။ ဒါပေမဲ့ အခု အရှားအ
ဝင်လာနေပြီ၊ သူတို့ရဲ့စနစ် ပြိုကွဲကျတော့မယ်။ အဲဒါက တရုတ်မှာတောင် ဖြစ်နေပြီ။ ကျွန်တော်တို့ အနက်နဲ့အဓိ
"အမ" (အလုပ်တွင် အနက်ရောင်ဘောင်းဘီနဲ့ အဖြူရောင်ဝတ်စုံ ဝတ်ဆင်သော အိမ်ရှင်မများ) တွေ ရှေ့လုံး
တယ်။ အခု သူတို့ ပညာတတ်ကုန်ကြပြီ။ သူတို့ ဒီကိုလာပြီး ခင်ဗျားရဲ့ "အမ" မလုပ်ကြတော့ဘူး။ သူတို့ စက်ရုံတွေ
ဟိုတယ်တွေမှာ အလုပ်လုပ်ကြတော့မယ်။

ဒီတော့ ကမ္ဘာကြီးဟာ လူအဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲတွေကို ဖြတ်သန်းနေတယ်။ ခင်ဗျား အင်ဒိုနီးရှား ခံ
ပိုင်၊ အိန္ဒိယ၊ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်တစ်ယောက်ဖြစ်နေရင် ခင်ဗျားမှာ ဈေးချိယ်စရာမရှိဘူး။ ဒါကြောင့် ခင်ဗျား
ညီမတွေနဲ့ ဝမ်းကွဲအမျိုးတွေ၊ အိမ်ဖော်တွေအဖြစ် အလုပ်မလုပ်ရတာကို ကျေးဇူးတင်ပါ။ ဒါပေမဲ့ ခင်ဗျား ဒီနေ့ကဲ
မှား ယွင်းပြီး စီပံခန့်ခွဲအုပ်ချုပ်ရင် ထက်မြက်တဲ့လူတွေ ထွက်ခွာသွားကြလိမ့်မယ်။ သိပ်မထက်မြက်တဲ့လူ၊ သိပ်ပညာ
မတတ် တဲ့လူတွေက မထွက်ခွာနိုင်ကြဘူး။ ဒါဆိုရင် သူတို့ဟာ ဖီလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ ဘင်္ဂလားဒေ့ရှ်တို့ရှိနေကြ
အနေ အထားမှာ ရှိနေကြလိမ့်မယ်၊ ဒါပါပဲ။

ငမး - ဒါပေမဲ့ အဲဒါက နိုင်ငံရေး ကုန်ကျစရိတ်ရှိတယ်ဆိုတဲ့ အချက်ကို မပြောင်းလဲဘူး၊ ပိုမိုနိမ့်ကျတဲ့ အစွန်းဘက်မှာရှိ
လူတွေက စနစ်ဟာ အတိုင်းအတာတစ်ခုအထိ သူတို့ကို အကျိုးဆုတ်ယုတ်စေတယ်လို့ ခံစားမိကြတယ်၊ တိုးတက်
ကြီးထွားမှုရဲ့ကြီးမားတဲ့အစိတ်အပိုင်းက ထိပ်ဆုံးကလူတွေကို အကျိုးပြုတယ်။ အဲဒါက ပိုမိုနိမ့်ကျတဲ့ အစွန်းဘက်မှ
ပိုမိုအပြစ်မြင်တတ်တဲ့လူ့အဖွဲ့အစည်းတစ်ခုကိုလည်း ပြုလုပ်တယ်။ အဲဒီစနစ်အတွက် ဆုံးရှုံးမှုတစ်ခုရှိတယ်ဆိုတာ
ခင်ဗျား လက်ခံသလား၊

ငဖြ - မနာလိုစိတ်ဖြစ်တဲ့ ဖိအားကတော့ မလွဲမသွေရှိတယ်။ ဒါပေမဲ့ နေးကွေးတဲ့တိုးတက်မှုဖြစ်တဲ့ အစားထိုးနည်းလ
စဉ်းစားကြည့်ပါ၊ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် အပြင့်က အစွန်အဖျားနဲ့ အနှိမ့်
အစွန်အဖျားကြားမှာ မညီမျှမှုရှိနေလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး ပိုပြီး ဆင်းရဲလာကြလိမ့်မယ်၊ ဟုတ်တယ်
မဟုတ်လား။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားအလုပ်သမားတွေမရှိဘဲ ကျွန်တော်တို့လုပ်ကြရင် ကျွန်တော်တို့
စုစုပေါင်း ပြည်တွင်းထုတ်ကုန်ဟာ အနည်းဆုံး ၂ ရာခိုင်နှုန်း၊ ဒါမှမဟုတ် ၂.၅ ရာခိုင်နှုန်း ကျဆင်းသွားလိမ့်မယ်

Scanned by CamScanner

အလုပ်သမားတွေနဲ့ သူတို့ရဲ့ပြည်နယ်ပွဲမီးပေးတဲ့ မှုမ်းအင်းကို အခြေခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။
စင်ကာပူကမ္ဘာ့ဂီဟစ်ရုပ်ကလေးအင်မြင်ပြီး ကားတွေကို သွားမယ်။ အဲဒီနေရာကို ကျွန်မတို့ကုမ္ပဏီတွေရဲ့ ဝေါ
ဆောင်သွားမြင်း စံကြရတော့မယ်လို့ မတွေးဘဲ ပတ်ဝန်းကျင်းပေးခဲ့မှု အတွက် သည်းခံခိုးတွေကို လေးစားတွေ
ပိုမိုရရှိကြတော့မယ်။ ဒီမှာရှိတဲ့ သူရဲ့လေးစားအနည်းဆုံး အရာ ရာဇဝင်နှံနှံကို သူ လေးစားရှိတော့မယ်။ ကိုးဆယ်ရဲ့
နေဒီမ်၊ ရှားပါးစရိတ်နဲ့ ကလေးပညာရေးစရိတ်ကို လည်း ရရှိပါမယ်။ တရုတ်၊ ဒီယက်နမ် အမှတ်တရ ဘဲဥနဲ့
သူသွားရင်လည်း အလားတူပဲ။

ကျွန်တော်က အလုပ်သမားတစ်ယောက်၊ ကျွန်တော်ရဲ့ကြိုးကြိုးရေးမှု နိုင်ငံခြားကို သွားတာ ကျွန်တော်အမြင်တာ၊
နိုင်ငံခြားမှာ အလုပ်သမားတွေကို ကြိုးကြိုးကွယ်ကယ်နဲ့ သူတို့ ကလိန်ကစားခံရတာကြုံဖူးပါ။ အဲဒါမဲ့
အဲဒီနေရာမှာ မကျွမ်းကျင်တဲ့ အလုပ်သမားတွေနဲ့ အသစ်အဆန်း ကျွမ်းကျင်တဲ့ လုပ်သားတွေကို သင်တန်းပို့ပေးခဲ့ပြီး
တာကြောင့် ကျွန်တော်ကိုဖေါ်ပြသွားကြတာ၊ ကျွန်တော်ဟာ တောင်ကိုရီးယားမှာတွဲ့ ဝန်ထမ်းရေးမန်နေဂျာအဖြစ်
ကျွန်တော်ပြောတယ်။ ဒါပေမဲ့ ကမ္ဘာကြီးက မတရားဘူး။

ဒါကြောင့် ကြီးထွားမှုကို ရပ်တန့်ရာမှာ အကျိုးကျေးဇူးကို ကျွန်တော်မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ မနှာလို စိတ်
တွေက အဲဒီနေရာမှာ ရှိနေတုန်းပဲ။ ဒီအစားတိုးတက်ကြီးထွားမှုကို ကျွန်တော်တို့ အနှစ်သက်ဆုံးတဲ့ နိမ့်ကျတဲ့ အစွန်
အဖျားကို ထောက်ပံ့ပေးဖို့အတွက် ခပ်တုတ်တားတာတွေကို ပြန်လည်ဖြန့်ဝေပေးရမယ်။ ပြီးတော့ လုံခြုံဆော်မှုကို
ဖယ်ရှားပစ်ခြင်းမပြုတဲ့ နည်းလမ်းတွေနဲ့ သူတို့ကို ခင်ဗျား တောက်ပံ့ရမယ်။

ေမး - **ဝင်ငွေမညီမျှမှုက ကျယ်ပြန့်လာတဲ့အခါ၊ ဝိုင်နိုမ့်ကျတဲ့ ဝင်ငွေရှိသူတွေကို ပိုမိုများပြားသာထက်များပြားစွာ ပြန့်ဝေပေးဖို့ စင်ကာပူအစိုးရအပေါ် နိုင်ငံရေးဖိအားတွေ ဖြစ်မလာဘူးလား။**

ေဖြ - ခင်ဗျား ကျွန်တော့်ကို ဖြောပုံအရဆိုရင် အောက်ခြေကလူတွေဟာ အစိုးရဆန့်ကျင်သူတွေ ဖြစ်လာကြလိမ့်မယ်။
ဒါကြောင့် ကျွန်တော်တို့ ဖြောင်းလဲကြသလား။ ဒါမှမဟုတ် "ကောင်းပြီး၊ ငါတို့ အကြိမ်တိုင်းမှာ ဒီမဲအရေအတွက်ကို
ဆုံးရှုံးကြတော့မယ်။ ဒီတော့ အလယ်ကနေစပြီး အပေါ်အထက်ပိုင်းကို ငါတို့ အနိုင်ရရှိမှဖြစ်မယ်လို့ ကျွန်တော်
တို့ ဖြောကြသလား။ ကျွန်တော်တို့လိုတာက ဒါဟာ နိုင်ငံရေးပဲ။ အလယ်ကနေ အပေါ်အောက်တာက အလယ်ကနေ
အောက်ဆင်းတာထက် နည်းနေရင် အလယ်နေရာကို ကျွန်တော်တို့ နိမ့်ချပေးရမယ်။ ဒါကို ကျွန်တော်တို့ အလွန်
ဂရုတစိုက်နဲ့ကြည့်နေကြတယ်။ ကိုယ်ပိုင်ဒေါ်လာတွေမှာ ဘယ်လောက်ရှိကြသလဲ။ စွေးကြိုးတဲ့အခန်း ၅၅ ခန်းပါတိုက်ခန်းနဲ့
အခု အခန်းလေးခန်းပါ တိုက်ခန်းတွေမှာ ဘယ်လောက်ရှိကြသလဲ။ အခန်း ၄ ခန်းပါတိုက်ခန်းမှာနေတဲ့ လူတွေဟာ
အလယ်ရဲ့အထက်မှာ ရှိကြလေ့ ရှိတယ်။ ဒါပေမဲ့ လူတိုင်းက သူတို့ ပိုမိုကြီးမားတဲ့ ငွေလုံးငွေရင်း အမြတ်တွေ ရရှိနိုင်
တယ်လို့ ယုံကြည်ကြတာကြောင့် အခန်း ၃ ခန်းပါ တိုက်ခန်းလောက်သာ သူတို့တတ်နိုင်ကြတဲ့အချိန်မှာ အခန်း ၄
ခန်းပါ တိုက်ခန်းကို ဝယ်ကြတယ်။

ဒါဖေပမဲ့ လုံခြုံဆော်ချက်ကို ဖယ်ရှားမယ့်ပုံစံနဲ့ များသထက်များပြားစွာ ကျွန်တော်တို့ ဖြန့်ဝေပေးသင့်တယ်လို့ ကျွန်တော်
မထင်ဘူး။ ကျွန်တော်တို့ရဲ့အကြီးဆုံးဖြန့်ဝေဖေပးမှုက ပြည်သူ့အိမ်ယာပြုလုပ်ခြင်းဖြစ်တယ်။ စင်ကာပူသားတိုင်း အိမ်
တစ်လုံးရကြတယ်။ ရက်ရောတဲ့ ထောက်ပံ့ငွေတွေနဲ့ ခင်ဗျားကို အိမ်ရောင်းကြတယ်။ နောက် နှစ် ၃၀ ကြာလို့ ခင်ဗျား

Scanned by CamScanner

• ဆက်ဖြေကြမယ်

အခုအားပုဂ္ဂိုလ်ရေးဆိုင်ရာအခွန်ဆိုင်ရာကိစ္စတွေအကြောင်းပြောကြတာပေါ့။ အခုဆိုရင် ကျွန်တော်တို့ဟာ CPF ထဲကိုရောက်ရှိသွားတဲ့ ငွေကြေးတွေကို ပိုက်ဆံသုံးခွင့်ပြုမယ်ဆိုတာဟာ သူတို့ရဲ့ပင်စင်ကျန်းမာရေးအတွက် ရည်ရွယ်ချက်နဲ့ကိုက်ညီသလား၊ ပြည်သူတွေအတွက် ပိုကောင်းသွားအောင်ကို ထပ်ဆင့်ပြုပြင်ပြောင်းလဲပေးနေတယ်။ အဲဒီအကြောင်းကို ဆွေးနွေးသွားမှာပေါ့။ ပြီးတော့

ေမး - အဲဒါက ဆလုပ်လျော့လုပ်ဖို့အတွက် မက်လုံးတစ်ခုဖြစ်လာနိုင်သလား။

ေျဖ - ဟင့်အင်း . . . ကျွန်တော် အဲဒီလိုမထင်ဘူး။ ကျွန်တော်တို့ သိပ်အများကြီးဖေးရင် အဲဒါက မက်လုံးတစ်ခု ဖြစ်လာ လိမ့်မယ်။ လူတွေက အလုပ်မလုပ်ချင်ကြဘူး။ ဒါပေမဲ့ သူ့ကို ခင်ဗျား ဖြေလည်လောက်ငရဲလောက်သာပေးပြီး သူက ကျွမ်းကျင်မှုအသစ်တစ်ခု သင်ယူရမယ်ဆိုတာသိရင် သူ ပိုပြီး ရာဖွေရရှိလာလိမ့်မယ်။ ဒါပေကြောင့် (နိုဂိုအခြေအနေပြန်ရောက်ခြင်းနှင့် အဆင့်မြှင့်ခြင်းအတွက် ကျွမ်းကျင်မှုများအစီအစဉ်) SPUR နဲ့တခြား အဆင့်မြင့်လေ့ကျင့်မှု အစီအစဉ်တွေထဲကို ကျွန်တော်တို့ ကြိုးစားအားထုတ်မှုတွေ အများကြီးလုပ်နေကြတယ်။ အလုပ်သမားတွေကို ပြန်လည်လေ့ကျင့်မှုတွေ ပြုလုပ်ဖို့အတွက် ကျွန်တော်တို့ အားဖေးအားမြှောက်လုပ်ကြတယ်။ ဒါမှ စီးပွားရေး အရှိန်ရလာတဲ့အခါ သူတို့ ပိုမိုပြင်မားတဲ့ အဆင့်ထဲကို ရောက်လာကြပြီး သူတို့ရဲ့ဝင်ငွေရရှိမှု မြင့်တက်လာလိမ့်မယ်။ ဒီနေ့ကမ္ဘာမှာ ခင်ဗျားရဲ့တန်ဘိုးကို ခင်ဗျားရဲ့ကျွမ်းကျင်မှုနဲ့ ပညာဗဟုသုတနဲ့ ဆုံးဖြတ်တယ်။ ခင်ဗျားဟာ ပါရဂူရှင်တစ် ယောက် ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ဈေးကွက်ထဲမှာ ဈောင်းချဖို့အတွက် ခင်ဗျားမှာ ဘာမှမရှိရင် ခင်ဗျား ဘယ်လောက် တန်ဘိုးရှိမလဲ။

ေမး - ကျယ်ပြန့်လာနေတဲ့ဝင်ငွေမညီမျှမှုနဲ့ပတ်သက်ပြီး လူတွေခံစားနေရတဲ့တွေးတောမှုပင်တတ်စိတ်ကိုစဉ်းစားကြည့်တဲ့ အခါ ပြဌာန်းထားတဲ့ ပေါ်လစီရည်မှန်းချက်အဖြစ် ဂိန်သဘာဝပြကိန်း၊ ဒါမှမဟုတ် မညီမျှမှု အရွယ်အစားကို အစိုးရ ထိန်းချုပ်တာကောင်းတယ်လို့ နိုင်ငံရေးအရ ခင်ဗျားထင်သလား။ ယခုအခါမှာ အရပ်ဘက်အစိုးရအမှုထမ်းတွေဟာ စုဝေပေါင်းပြည်တွင်းထုတ်ကုန်နဲ့ ဆက်နွယ်နေတဲ့အပိုဆုကြေးတွေ ရရှိနေကြပြီး ကျွန်တော်တို့ အဲဒါကို ဝင်ငွေမညီမျှမှု ဆောင်ရွက်ချက်နဲ့ ဒါမှမဟုတ် အနိမ့်ဆုံးဝင်ငွေအဆင့်နဲ့ အတိုင်းအတာတစ်ခုအထိ ဆက်နွယ်သင့်တယ်လို့ တချို့က အကြံပြုခဲ့ကြတယ်။

ေျဖ - ပြည်သူပိုင်ကဏ္ဍမှာပြိုင်ဆိုင်မှုရှိတဲ့လစာတွေကျွန်တော်တို့ပေးဖို့လိုအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ပင်ကိုအစွမ်း အတွက် ပုဂ္ဂလိကကဏ္ဍနဲ့ ကျွန်တော်တို့ ယှဉ်ပြိုင်နေကြရတာကြောင့်ပဲမဟုတ်လား။ ဒီနေ့အချိန်မှာ ဥက္ကဋ္ဌပညာသင်ဆု၊ ပင်လယ်ရပ်ခြား အလှူအတန်း၊ SAF၊ ရဲတပ်ဖွဲ့အစရှိတာတွေရဲ့အရေအတွက်ကို ကျွန်တော်တို့ လေ့လာကြည့်တဲ့ အခါ အရေအတွက်က ဂျွန်ယာကောလိပ်ကထွက်လာတဲ့ ထက်မြက်တဲ့ ကလေးတွေနဲ့ မကိုက်ညီဘူး။ ဘာကြောင့် လဲဆိုတော့ သူတို့က မိမိဘာသာမိမိ ရန်ပုံငွေထောက်ပံ့ပေးတာကြောင့်၊ ဒါမှမဟုတ် ကိုယ်ပိုင် ပညာသင်ဆုနဲ့ သွားတာကြောင့်ဖြစ်တယ်။ အရေးအကြီးဆုံးအချက်က၊ ကျွန်တော်တို့ဟာ စင်ကာပူက ကုမ္ပဏီတွေသာ မဟုတ်ဘူး၊ ကမ္ဘာအနှံ့က ကုမ္ပဏီတွေပါဖြစ်တဲ့ ပုဂ္ဂလိက ကဏ္ဍနဲ့ ယှဉ်ပြိုင်နေရတယ်။ ဒီအဖြစ်မှန်ကို ခင်ဗျား ရင်ဆိုင်ရမယ်။

ေမး - အရပ်ဘက်အမှုထမ်းဟာ ဝင်ငွေကွာဟချက်ကို အောင်မြင်စွာ ကျဉ်းပေးနိုင်ရင် သူ အပိုဆုကြေးရလိမ့်မယ်လို့ ကျွန်တော် ထင်ဟယ်။

ေျဖ - (ရယ်မောလျက်) ဝင်ငွေကွာဟချက်ကို ကျဉ်းမြောင်းဖို့က အစိုးရယန္တရားတစ်ခုလုံးကို ခင်ဗျားလိုအပ်တယ်။ ခင်ဗျား အောင်မြင်ချင်မှ အောင်မြင်လိမ့်မယ်။ ဒီမယ် . . . ဂျပန်ဟွာဟာ ဖွံ့ဖြိုးပြီး တိုင်းပြည်အားလုံးထဲမှာ လူလူချင်း

Scanned by CamScanner

တန်းတူရည်တူရှိမှုကို အလိုလားဆုံးထဲက တစ်ယောက်ဖြစ်တယ်။ ဟုတ်တယ်မဟုတ်လား။ သူတို့ရဲ့ကော်ပို
ခေါင်းဆောင်တွေနဲ့တစ်သက်တာအလုပ်အကိုင်အတွက် အခွန်ပြတ်တောက်ပြီး လစာငွေက အတော်အသင့်ရှိ
ကမ္ဘာနဲ့အဝှမ်း လုပ်ကိုင်ဆောင်ရွက်မှုကြောင့် နိုင်ငံတကာ ဖိအားပေးမှုအောက်မှာ သူတို့ ပြောင်းလဲနေကြ
ဆိုနီနဲ့ နစ်ဆန်နစ်ဦးစလုံးက အနောက်တိုင်းသားတွေကို ယူနေကြတယ်။ ဟုတ်တယ်မဟုတ်လား။ သူတို့
ထိပ်သီး ပင်ကိုအစွမ်းအတွက် ပြိုင်ဆိုင်နေကြတယ်။ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်ဖို့အတွက် သူတို့ရဲ့စနစ်တဲ
ချီးဖောက်ထွက်ရတယ်။ ဒါကြောင့် များပြားသထက် များပြားတဲ့ နိုင်ငံခြားသားတွေဟာ သူတို့ရဲ့ကော်ပို
စနစ်ထဲကို ဝင်လာကြပြီး စနစ်ကို ပြောင်းလဲနေကြတယ်။

ဒါက ဂျပန်မှာ တည်ငြိမ်နေတဲ့အခြေအနေမဟုတ်ဘူး။ အခုဆောင်းရာသီမှာ တံတားတွေအောက်မှာ အိပ်နေကြ
လူတွေရဲ့ဓာတ်ပုံတွေကို ခင်ဗျားကြည့်ပါ။ ဟိုးရှေးခေတ်တုန်းက ဒါဟာ ဘယ်တော့မှ မဖြစ်ဘူး။ သူတို့ စစ်ပွဲတဲ့
ဖြတ်သန်းကြတယ်။ အဲဒီစစ်ပွဲထဲမှာ လယ်သမားတွေထဲက အဆင်းရဲဆုံးလူတွေဟာ သူတို့ရဲ့သားတွေနဲ့ အိမ်ပေ
ဆုံးရှုံးရတာကြောင့် အကျိတ်အခဲတစ်ခုကို သယ်ဆောင်ခဲ့ကြတယ်။ ဒါကြောင့် သူတို့တွေဟာ ဒီလူတွေကို တစ်
တစ်ရာပေးဆပ်စရာရှိတယ်လို့ ကြီးမားတဲ့ ခံစားချက်ကြီးတစ်ခု ရှိနေတယ်။

ပြီတိသျှကလည်း အလားတူပဲ။ သူကအပြစ်တွေ ဖွဲ့စည်းထားမှုကနေ လာတယ်။ အသက်အိုးအိမ် ဆုံးရှုံးရတဲ့
တွေဟာ အောက်စဖို့ဒ်နဲ့ ကိန်ဘရစ်တက္ကသိုလ်သွားကြတဲ့ အရောရှိတွေ မဟုတ်ဘူး။ သာမန်အကြပ်တပ်သားတ
မဝင်မနေရ စစ်ထဲဝင်ရတဲ့လူတွေ ဖြစ်ကြတယ်။ ဒါကြောင့် ချမ်းသာတဲ့လူတွေဟာ လေဘာပါတီကထောက်ခံ
ကွန်ဆာ ပေးတစ်ပါတီကကျင့်သုံးတဲ့ စနစ်တစ်ခုနဲ့ ထွက်လာတယ်။ ပုခက်တွင်းကနေ သချိုင်းအထိ အထက်တန်
လူတန်းစားဟာ ဒီစနစ်အတွက် သူတို့ကို ကျေးဇူးတင်ရမယ်။

စနစ်မကျဆုံးခင်အထိ လုံခြုံဆော်ချက်အပေါ်အကျိုးသက်ရောက်မှုနဲ့ အကျိုးဆက်ဖြစ်ပေါ်မှုကို သူတို့ မစဉ်းစားကြဘူ
အဲဒီနောက် မာဂရက်သက်ချာက လုပ်နည်းကိုင်နည်းကို ပြောင်းပြန်၊ ပြန်စလုပ်တယ်။ တိုနီဘလဲက အဲဒီလုပ်နည်
ကိုင်နည်းကို ဆက်လုပ်တယ်။ အခုဂေါဒန်ဘရောင်းက ဝင်ငွေနိမ့်ကျတဲ့အုပ်စုဆီက မဲတွေအနိုင်ရရှိဖို့အတွက် အဲဒါ
ပြောင်းပြန်လုပ်ဖို့ စိတ်ညွှတ်နေတယ်။

ဒီဝင်ငွေမညီမျှမှုအခြေအနေထဲမှာ ကျွန်တော်တို့အကန့်အသတ်မရှိနေရတော့မှာမဟုတ်ဘူးဆိုတာ ခင်ဗျားနားလည်
ထားရမယ်။ ဒီအခြေအနေ ဘယ်လောက် ကြာကြာခံမလဲ၊ ၁၀ နှစ်၊ နှစ် ၂၀၊ နှစ် ၃၀။ ပြီးရင် ဘာဖြစ်မလဲ၊ အဲဒီအခ
ကျရင် နည်းပညာသစ်တွေ၊ ပြိုင်ဆိုင်မှုအသစ်တွေ၊ အလုပ်ပုံစံအသစ်တွေနဲ့ ဘဝပုံစံတွေက ကျွန်တော်တို့အား
စတင် အကျိုးသက်ရောက်လာလိမ့်မယ်။

✧ ✧ ✧

Scanned by CamScanner

စီးပွားရေးကို ဘာကြောင့် ဒီလောက်အများအပြား ထိန်းချုပ်နေရတာလဲ

မေး - အစိုးရဟာ စီးပွားရေးကို များပြားလွန်းလှစွာ ထိန်းချုပ်နေတယ်ဆိုတဲ့ အမြင်အဖေါ် ခင်ဗျားရဲ့တုံ့ပြန်မှုက ဘာလဲ၊ အစိုးရထိန်းချုပ်ဖို့ လိုအပ်တယ်လို့ လူတွေ နားလည်ခံယူကြတဲ့ စောစောပိုင်းနှစ်တွေက ဇဝေဖန်မှု ဒီလောက် မများဘူးလို့ကျွန်တော်ထင်တယ်။ ဒါပေမဲ့ အစိုးရလွှမ်းမိုးချုပ်ကိုင်မှုက လုံးလုံးလျားလျား ခေတ်စားပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့နေတယ်။ ဒါကို ရှေ့ဆက်သွားခဲ့နေတဲ့ ပြဿနာတစ်ရပ်၊ ဒါမှမဟုတ် ကိစ္စတစ်ခုအဖြစ် ခင်ဗျား မြင်သလား။

ဖြေ - ကျွမ်းကျင်သူ များစွာသထက် များစွာတို့က အစိုးရနဲ့မပူးပေါင်းဘဲ ပုဂ္ဂလိကကဏ္ဍကို ပူးပေါင်းတာကြောင့် (သူတို့ ပြန်လာကြပြီး နိုင်ငံခြားကို ယိုစီးထွက်မသွားရင်) ပုဂ္ဂလိက ကဏ္ဍဟာ အရှိန်ကြာလာရင် ကျွန်တော်တို့ဆီက အဲဒီကော်ပိုရေးရှင်းကြီးတွေကို သိမ်းယူဖို့အတွက် ဉာဏ်ပညာအစွမ်းအစတွေ ရရှိလာလိမ့်မယ်။ ကျွန်တော် ပြောတဲ့ အတိုင်း ကျွန်တော်တို့ ပုဂ္ဂလိကလုပ်ဆင်ကြတယ်။ ဒါပေမဲ့ လောလောဆယ်တော့ ဘယ်သူ့ကို ခင်ဗျား ပုဂ္ဂလိကပိုင် လုပ်မလဲ။

DBS နဲ့ OCBC (ဘဏ်များ) ကို ခင်ဗျားကြည့်ပါ။ နိုင်ငံခြား ကျွမ်းကျင်သူနောက်ကို သူတို့ လိုက်ခဲ့ရတယ်။ UOB က (ငှင်းဏ်ဥက္ကဋ္ဌ) စီချီယော်အဖေါ် မိုခိုအားထားနေရတယ်။ ဒါပေမဲ့ ဘယ်သူက ဘယ်သူ့ဆီက လွှဲပြောင်းယူမလဲ။ သန့်စွမ်းတဲ့ အမှုဆောင်အရာရှိချုပ်တစ်ယောက် ရွေးချယ်ဖို့အတွက် UOB ထဲက ကျွမ်းကျင်သူ အထောက်အပံ့ ဘယ်မှာရှိသလဲ။ တန်းစီစောင့်နေဟန်တူတဲ့လူးအာနက်ဝေါင်က ဒီအလုပ်ကို မရေတွေ့ဘူးဆိုတာသိလို့ထွက်သွားပြီ။ စီချီယော်က သူ့ရဲ့သားကို ပြင်ဆင်ထိန်းကျောင်းပေးနေတယ်။

အခု နိုင်ငံခြားကို သွားနေကြပြီး၊ ပညာသင်ဆုမယူကြတဲ့ ထက်မြက်တဲ့ ဒီဇကျောင်းသားတွေ နိုင်ငံခြားမှာ အမြဲတမ်း မနေကြရင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်းမှာ ပြည်သူပိုင်ကဏ္ဍ ကျွမ်းကျင်သူကို ယှဉ်ပြိုင်နိုင်တဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍတစ်ခု ကို ခင်ဗျား ရနိုင်တယ်။ ပြည်သူပိုင်ကဏ္ဍ ကျွမ်းကျင်သူ အထောက်အပံ့ဟာ လွန်ခဲ့ ၁၀ နှစ်၊ ၁၅ နှစ်က ကျွန်တော်တို့ စုဆောင်းရရှိခဲ့တာနဲ့ နှိုင်းယှဉ်ရင် ကျဲသွားတာကို ကျွန်တော်တို့ တွေ့နိုင်တယ်။ ဝန်ကြီးတွေရဲ့သားတွေ ဘယ်နယောက် ပညာသင်ဆု ရရှိခဲ့ကြသလဲဆိုတာ ကျွန်တော်ဆိုလိုတာပါ။ လင်ဟန်ကျန်းရဲ့သားတွေ ပညာသင်ဆု မ ကြဘူး။ ကျိုချီမြဟင်ရဲ့သားက ရတယ်။

Scanned by CamScanner

ဝေး - ဒါပေမဲ့ ဒီအတောအတွင်းမှာ ဖြေရှင်းချက်က ဘာလဲ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီဟာ ချည့်နဲ့ဖို့ ကံကြမ္မာပါလာ သလား။

ဖြေ - မဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော်ပြောတဲ့အတိုင်းပဲ၊ ပင်ကိုယ်အစွမ်းက အဲဒီကိုသွားမလား။ ဒီမယ်...ကျွန်တော့်အနေနဲ့ (သဘောလိုင်း) NOL ကို လုပ်ကိုင်ဆောင်ရွက်ရတယ်၊ ဒီတော့ ကျွန်တော်တို့ ဘယ်သူ့ကိုရသလဲ၊ ချင်ဝေခွန်း၊ ဒါ (လေကြောင်းလိုင်း) အတွက် ဘယ်သူ့ကိုရသလဲ၊ စတီဗင်လီ၊ DBS အတွက် ခိုဘွန်ပိုး၊ တခြား ဘယ်သူရှိလဲ၊ ဆံပင်ရှည် ကျွန်တော့်ကိုပြောစမ်းပါ၊ တခြား ဘယ်သူ့ကို ကျွန်တော်တို့ ကော်ပိုရေးရှင်းကြီးတွေ ယုံကြည်အပ်နှံရမလဲ၊

ဝေး - တောတောက SIA ကို ခင်ဗျား ဇော်ပြခဲ့တယ်၊ အွန်ဘင်ဆင်ဟာ စတီဗင်လီနဲ့မတူဘဲ SIA ကို မထိန်းချုပ်နိုင်ဘူးလို့ ခင်ဗျား ဘယ်လိုသုံးသပ်ချက်ချသလဲ၊

ဖြေ - အွန်ဘင်ဆင်ကို ကျွန်တော်သိပြီး၊ သူ လုပ်ကိုင်ဆောင်ရွက်ပုံကို ကျွန်တော် သိနေလို့ပါ၊ သူက အဖွဲ့အစည်းနဲ့ လူ့ တတ်တဲ့လူမဟုတ်ဘူး၊ သူက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး ရေနံအရောင်းဝယ်လုပ်တဲ့လူ ဖြစ်တယ်၊ သူက ဟိုအရောင်းအဝယ်၊ ဒီအရောင်းအဝယ်တွေကို လိုက်တယ်၊ ပြီးတော့ အဲဒါကို လည်ပတ်နိုင်တဲ့ တစ်ယောက်ကို ယောက်ကို လွှဲပေးတယ်၊

ဝေး - အဖွဲ့အစည်းဆိုင်ရာ အစိတ်အပိုင်းတွေကို ဂရုစိုက်ဖို့အတွက် အွန်ဘင်ဆင်က အဖွဲ့အစည်းတစ်ခုကို ငှားရမ်းနိုင်သလား။

ဖြေ - ဟုတ်ကဲ့ ... သူ ငှားရမ်းနိုင်တယ်၊ ဒါပေမဲ့ အဖွဲ့အစည်းတစ်ခုကို သူ လုပ်ကိုင်ဆောင်ရွက်ချင်သလား။ ကျွန်တော် နိုင်ငံခြားကိုသွားပြီး သူ့ကို ခေါ်လာခဲ့မယ်။ သူ ဝိတ်ဆွေတွေဖွဲ့ပြီး အပေးအယူတွေလုပ်တယ်။ သူရဲ့ရည်မှန်းချက်က သူ့သဘောနဲ့သူ လုပ်ဖို့ပဲ၊ ဒါက သူ့ရဲ့အရည်အချင်းပဲ၊ သူဟာ သူ့ယောကျမအတွက် ရေနံရောင်းဝယ်သူတစ်ယောက် အဖြစ် ဘဝစခဲ့တယ်၊ အဆုံးမှာတော့ သူ့ယောကျမထက် ပိုကောင်းအောင် သူလုပ်ခဲ့တယ်။ အဲဒီနောက် ဟိုတယ်တွေ သူ လုပ်တယ်၊ သူ့နှိုးက အလှကုန်ဆိုင်တွေလုပ်တယ်။ နိဘူဂျပန်စားသောက်ဆိုင်နဲ့အတူ လန်ဒန်မှာ သူရှိနေတယ်၊ ကာနာရီဝါဖြက ဟိုတယ်တစ်ခုမှာ သူ အစုရှယ်ယာ တစ်စိတ်တစ်ပိုင်း ပါဝင်တယ်။ လုပ်ငန်းသေးသေးကလေးတွေ အများကြီးထဲကို သူ ဝင်နေတယ်၊ ပြီးရင် အမြတ်နဲ့သူ ရောင်းထုတ်တယ်၊

ဒါပေမဲ့ စတီဗင်လီက သူ့အဖေရဲ့အထည်အလိပ်ကုမ္ပဏီကို လည်ပတ်ပြီး ရှေ့ဆက်လုပ်တယ်၊ ပြီးတော့ တခြားကဏ္ဍ တွေထဲကို ပြောင်းရွေ့သွားတယ်၊ သူက မန်ဒရင်တရုတ်စကားပြောတယ်။ အွန်ဘင်ဆင်က မပြောဘူး။ ဒီတော့ သူ တရုတ်ပြည်မှာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး သူတို့ရဲ့ကော်ပိုရေးရှင်းခေါင်းဆောင်တွေနဲ့ အစိုးရခေါင်းဆောင်တွေကို စကား ပြောနိုင်တယ်၊ အလုပ်သမားသမဂ္ဂတွေနဲ့ ဆက်ဆံရာမှာလည်း ကြီးကျယ်တဲ့အတွေ့အကြုံသူရှိတယ်၊ ဒါတွေက ရတနာတွေပဲ၊ ဒါပေမဲ့ သူတို့တွေ အများကြီးကို ခင်ဗျား ဘယ်နေရာမှာ ရှာမလဲ။ သူတို့တွေကို ကျွန်တော် တို့ အသုံးပြုတယ်။ အလွန်အကျွေးသုံးတယ်။ ပတရားသုံးတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေက နည်းနည်း ကလေးပဲ ရှိတာကြောင့်ပို့ပေါ့။ တရုတ်ပြည်မှာ အရည်အချင်းရှိတဲ့လူတွေ အများကြီးရှိတယ်။ ဒါတောင်မှ ထိပ်ဆုံးမှာ ကြီးမားတဲ့ တာဝန်တွေ သူတို့ ယုံကြည်အပ်နှံနိုင်တဲ့လူတွေက နည်းနည်းကလေးပဲရှိတယ်။

Scanned by CamScanner

မေး - အဲဒါ သူတို့တွေက စင်ကာပူလုပ်ငန်းအဆင့်နှုန်းတဲ့လူတွေ ခြွင်းချက်ပေးတယ်။ ဝေလီဝင်းလီကို စင်ကာပူလုပ်ငန်းသည် လား။

ဖြေ - သူတို့နဲ့ သူတို့ရဲ့ဝန်ထမ်းတွေကို ကျွန်တော်ယုံကြည်တယ်။ အကြံပြုချင်တာလုပ်တဲ့ ဆရာဇနဂဲ့ဝေလူမှာ သူတောကွဲ သိက္ခာခြောင့်မတ်တာကို ကျွန်တော် ဝတ္တရားယ်။ သူနဲ့ အလုပ်အတူလုပ်တဲ့ ဝန်ကြီးအချို့ကလည်း အသိုက်ဒို အပြင် ဖြစ်ကြတယ်။

မေး - သူတို့တွေကို စင်ကာပူ အမှန်တကယ် အလွန်အကျွေးသဲ့ခဲ့နေတဲ့ အန္တရာယ်နိုင်သလား။ စီးပွားရေးမှာ အစိုးရဖွဲ့ပံ့ပိုး လွန်းနေတာကြောင့် "အုပ်စုခွဲခြင်း" အန္တရာယ်နိုင်သလား။ စီးပွားရေး အယ်လိုလည်ပတ်နေပြီး အားလုပ်နိုင်လို့အပ် သလဲဆိုတာနဲ့ ပတ်သက်ပြီး အထူးတလဲယ် ရည်စားနေတာ တစ်ခုရှိတယ်။ အဲဒီတွေအားလုံးဟာ ပုဂ္ဂလိကပိုင်ကဏ္ဍနဲ့ လုံးဝ ကွဲပြားခြားနားတဲ့ အမှုဆောင်အရာရှိချုပ်တွေ ကွဲပြားခြားနားတဲ့ စီးပွားရေးကဏ္ဍတွေကို လုပ်ကိုင်နေတဲ့ ကွဲပြား ခြားနားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်ကြရင် ကျွန်တော်တို့မှာ စင်ကာပူတဲ့ အမျိုးအစားစံလင်မှုမျိုး မရှိဘူး။

ဖြေ - စင်ကာပူမှာ ကွဲပြားခြားနားတဲ့ စီးပွားရေးကဏ္ဍတွေက ဘာတွေလဲဆိုတာ စင်ကာပူ ကျွန်တော်တို့ကို ပြောပြတယ်။ ကုန် ပစ္စည်းထုတ်လုပ်မှုတွေကို အများအားဖြင့် နိုင်ငံခြားက ကုမ္ပဏီတွေက ပြုလုပ်ကြတယ်။ ထောက်ပံ့ပြုပြင်ရေးမှာ ကျွန်တော်တို့ မှုပ်မှုပ်လင်းလင်း ယှဉ်ပြိုင်နေကြတယ်။ တန်ချိန်ပမာဏအရေမှာ PSA က Maersk ကို ယှဉ်ပြိုင်နေတယ် ဖြစ်ပြီး ရှိတယ်။ SIA က တခြားလေကြောင်းလိုင်းကြီးတွေကို ယှဉ်ပြိုင်နေတယ်။ ရွှေဂီလေဆိပ်က KL၊ ဘန် ကောက်၊ အင်ဒိုယွန်နဲ့ ဟောင်ကောင်တို့ကို ယှဉ်ပြိုင်နေတယ်။ နေရာတိုင်းမှာ ယှဉ်ပြိုင်မှုတွေကို စင်ကာပူ ရင်ဆိုင်ရ တယ်။ အခုဒူဘိုင်းဖြစ်နေပြီ။ ကျွန်တော်တို့ "အုပ်စုခွဲခြင်း" တွေရှိနေတယ်လို့ စင်ကာပူစံစားမိတဲ့ ကဏ္ဍတွေကို စင်ကာပူ ကျွန်တော့်ကို နာမည်ခေါ်ပြတယ်။ ကမ္ဘာအသီးသီးဟာ လုံးဝ ကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်အခြေအနေတစ်ခုကို ရင်ဆိုင်နေရတယ်။

မေး - ထိပ်သီးနိုင်ငံခြား ကျွမ်းကျင်သူတွေ ငှားရမ်းမယ့် စင်ကာပူရဲ့ကြီးစားအားထုတ်မှုဟာ ကျွန်တော်တို့ကုမ္ပဏီတွေရဲ့ ကျဆုံးမှုတွေကြောင့်လား။

ဖြေ - ဂျွန်အိုကျဆုံးတယ်လို့ သူတို့ပြောကြတယ်။ တခြားဘယ်သူရှိသလဲ။ ဖိလစ်ပေလတ်၊ ဇလင်မင်ဂျူကောတို့လား။ သူတို့ ကျဆုံးကြသလား။ ဟင့်အင်း . . . ကျွန်တော် အဲဒီလိုမထင်ဘူး။ ဂျွန်အိုက DBS ရဲ့အားနည်းချက်က ဘာလဲ ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော့်ဆီ စာရွက်စာတမ်းတွေ ပို့ပေးတယ်။ စာရွက်စာတမ်းတွေက ထိုးထွင်းသိမြင်မှုတွေ ရှိနေတယ်။ ကျွန်တော်က DBS ကို အဲဒါတွေကြည့်ခိုင်းပြီး ပြောင်းလဲခိုင်းတယ်။ သူ ဘာကြောင့် ထွက်သွားသလဲ။ သူ့ကို ကျွန်တော်တို့ကန်မထုတ်ခဲ့ကြဘူး။ DBS ကိုကြီးမားတဲ့ ဒေသဆိုင်ရာ ဘဏ်တစ်ခုအဖြစ် သူ မမြင်တာကြောင့် ထွက်သွားခဲ့တယ်။ အလယ်အလတ်အရွယ်အစားရှိတဲ့ စင်ကာပူဘဏ်တစ်ခုကို သူ မကိုင်တွယ်ချင်တာကြောင့် ဆန်ဖရန်စစ္စကိုကို သူ ပြန်သွားတယ်။

ဇလင်မင်ဂျူကောကိစ္စမှာတော့ NOL ဟာ တစ်နည်းနည်းနဲ့ ဒုက္ခရောက်နေတယ်။ ဒိန်းမတ်က Maersk ကိုကြည့်ပါ။ အမှုဆောင်အရာရှိချုပ်ကို အလုပ်ထုတ်ပစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူက P & O ကို သိမ်းယူပြီး အကြီးအကျယ်

Scanned by CamScanner

ရှုံးသွားလို့ပေါ့၊ နောက်ဆုံးမှာတော့ APL နဲ့ ကျွန်တော်တို့ ပူးပေါင်းတဲ့အခါ အဝမရိကန်တစ်ယောက်ကြွက် APL အမှုဆောင်အရာရှိချုပ်ကို NOL ကြီးကြပ်ရေးတာဝန်ပေးရတယ်၊ ပေါင်းစပ်ထားတဲ့ ကုမ္ပဏီယင်မကျူမွေ့ပတ်သက်တဲ့ ကုမ္ပဏီပြဿနာကို ကျွန်တော်တို့ ရင်ဆိုင်ရတယ်၊ APL ကို ကျွန်တော်တို့ စင်ကာပူပဲရှိခဲ့မလုပ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ စနစ်တစ်ခုလုံးကို အမေရိကန်တွေ လည်ပတ်နေကြလို့ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့က "ကောင်းပြီ...အမေရိကန်တွေကို APL အခြေမဟုတ်တဲ့ NOL ကို ကြီးကြပ်ခိုင်းရင် သူ ဘာလုပ်နဲ့တယ်ဆိုတာ တွေ့မြင်လိမ့်မယ်" လို့ ပြောကြတယ်၊ ဒါဟာ ကျွန်တော်ဝင်ကိုပေးတဲ့ ချင်ဝေငွန်ရဲ့ဗျောက်ပဲ အနိုင်ရှိက်ပေါ့၊ သူက ကျမ်းကျင်လိမ္မာတဲ့ ပုဂ္ဂလိကကလွဲက အမှုဆောင်တစ်ယောက်ပါ၊

အောင်မြင်တဲ့အမှုဆောင်အရာရှိချုပ်တွေဟာကမ်းခြေပေါ်မှာ ခင်ဗျားတွေ့ရတဲ့ကျောက်မျက်ရတနာတွေနဲ့ကုန်းကျောက်စရစ်ခဲတွေ အများကြီးရှိတယ်၊ လှပတဲ့အရောင်ရှိတာတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒါတွေအားလုံးကျောက်ခဲတွေပဲ၊ ရံဖန်ရံခါ တကယ်တန်ဘိုးရှိတဲ့ ကျောက်မျက်တစ်ခု၊ တကယ့်မြဲကျောက်တစ်လုံးကို ရံဒိုးတွေ့ရှိပြီး ကောက်ယူပွတ်တိုက်တယ်၊ သူမှာ အလုပ်အကိုင်နဲ့ သင့်တော်တဲ့ အရည်အသွေးတစ်စုံရှိရမယ်၊ လူးလှိမ့်ပြောဆိုဆက်ဆံနိုင်တဲ့အစွမ်း၊ အင်အား၊ လူတွေကို သူနဲ့အတူ အသင်းအဖွဲ့လိုမှာ အလုပ်လုပ်နိုင်းနိုင်တဲ့ အရည်ရှိတယ်၊

ငယ - ကျွန်တော်တို့မှာ တဲမာဆက်ဦးပိုင်နဲ့ GIC ရှိပြီး အဲဒါတွေက ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု အသုံးချကိရိယာတွေပြုကြတာကြောင့် စင်ကာပူထဲက အကြီးဆုံး ပေါ်ထွက်လာနေတဲ့ ပုဂ္ဂလိကပိုင် ကုမ္ပဏီတွေထဲက ၁၀ ခုထဲကို သုတ်ပုံကျွန်တော် ဘာကြောင့် ပိုက်ဆံတွေ ပိုထည့်ခိုင်းပြီး ကုမ္ပဏီတွေကို ကမ္ဘာလုံးဆိုင်ရာ ကြီးထွားလာအောင် မကူညီတာလဲ၊ အဲဒါဆိုရင် သူတို့ ယှဉ်ပြိုင်နိုင်တာပေါ့၊

ငမြ - ဒါကရင်းနှီးမြှုပ်နှံမှုတွေဟာ ကောင်းမွန်တဲ့အမြတ်အစွန်းထွက်နိုင်မလားဆိုတာအပေါ်မူတည်နေတယ်၊ ဘယ်ကျွန်း ၁၀ ခုလဲဆိုတာ စင်ဗျား ကျွန်တော့်ကို ပြောပြပါ၊

ငယ - ကျွန်တော်တို့ လုံလုံလောက်လောက် ဝိုင်မာနေပုံမပေါ်ဘဲ ရှိကောင်းရှိနိုင်တယ်၊ အလားအလာရှိတဲ့ ကုမ္ပဏီတွေနဲ့အရင်ကအဲဒါကိုကျွန်တော်တို့လုပ်ခဲ့ကြတယ်၊ တဲမာဆက်ကဟိုင်ဖလပ်ထဲမှ ရင်းနှီးမြှုပ်နှံခဲ့ပြီး သူ့ကိုကြီးထွားအောင် ကူညီခဲ့တယ်၊

ငမြ - ပထမ GIC ဟာ စင်ကာပူထဲမှာ လုံးဝရင်းနှီးမြှုပ်နှံမှုမလုပ်ဘူး၊ ဒီဟာက ကျွန်တော်တို့ရဲ့ငွေကြေးတွေကို ကာကွယ်ဖို့ အတွက် သေသေချာချာပြုလုပ်ထားတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်၊ ကျွန်တော်တို့ရဲ့ရပိုင်ခွင့်တွေ နိုင်ငံခြားမှာရှိနေကြတဲ့ စင်ကာပူစီးပွားရေးကျသွားရင် ကျွန်တော်တို့ရဲ့ရပိုင်ခွင့်တွေအားလုံး ကျဆင်းသွားမှာပဟုတ်ဘူး၊ တဲမာဆက်က ကွဲပြားခြားနားတယ်၊ ကုမ္ပဏီတစ်ခုကို သူတို့ သိမ်းပိုက်၊ လုပ်ကိုင်ပြီး အမြတ်အစွန်းနဲ့ ပြန်ရောင်းတယ်၊ အင်ဒိုနီးရှားထဲက အင်ဒိုဆက်ကုမ္ပဏီကို သူတို့သိမ်းယူတယ်၊ ရှိရှားတွေဝင်လာကြပြီး ကျွန်တော်တို့ဆီက ဝယ်ချင်တယ်၊ ကျွန်တော်တို့က ငြင်းတယ်၊ ဒီအခါအင်ဒိုနီးရှားအရာရှိတွေကို သူတို့လာတွေ့ပြီး ကျွန်တော်တို့ကို ဖိအားပေးကြတယ်၊ ကာတာကို [illegible]

Scanned by CamScanner

ကမ္ဘာအဆင့်အထိသွားနိုင်ပြီး နိုင်ငံပေါင်းစုံကမ္ဘာကိုအဖြစ် အောင်မြင်နိုင်တဲ့ စင်ကာပူကဲ့သို့ ဒေသကြေးထွေကွက်တွေကနေ အရင်းအနီးထူထောင်ဖို့ ပြဿနာမရှိဘူး၊ အဲဒီအထဲမှာ တဖြာဆက်ရင်းနှီးမြှုပ်နှံဖို့ အတွက် စောင့်နေဖို့မလိုဘူး၊

မေး - နောက်ဆုံးအနေနဲ့ ခင်ဗျားထွက်သွားပြီးတဲ့နောက် ကာလကြာရှည်မှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ စင်ကာပူ စီးပွားရေးကို ခင်ဗျား ဘယ်လိုမြင်သလဲ၊

ဖြေ - နောက် ၁၀ နှစ်အတွင်းမှာ၊ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ ရှေ့ကို သွားနေကြလိမ့်မယ်၊ အသီးအပွင့်တွေ ခြစ်လာနေတဲ့ URA အစီအစဉ်တွေကို ခင်ဗျားကြည့်ပါ၊ မရင်နာဘေး၊ စင်ကာပူဂီးတား၊ ကိုလီယာဂီး၊ ဘုတ်ဂီး၊ အောချတ်ရုတ်၊ ဖော်မြူလာဝမ်း၊ ပေါင်းစပ်ထားတဲ့ အပန်းဖြေစခန်းနှစ်ခု၊ ပြီးတော့ ကျွန်တော်တို့အပေါ်မှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ခိုင်မာတဲ့ ယုံကြည်မှုရှိတယ်၊ အက်ဖ္ဘန်ပိုဘိုင်က သူတို့ရဲ့ဘုတ်အဖွဲ့တစ်ခုလုံးကို ကျွန်တော်နဲ့ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဖို့အတွက် ခေါ်ဆောင်လာကြတယ်၊ ဒီစီးပွားရေးကျဆင်းမှုမှာ အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ကော်တန်ဖိုးရှိတဲ့ ဘီစကွတ်မုန့်စက်ရုံ အသစ်တစ်ခုနဲ့ စင်ကာပူမှာ သူတို့ ဆက်လက်အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊ ဘာကြောင့်လဲ၊ စင်ကာပူ တည်ငြိမ်ပြီး ယုံကြည်စိတ်ချရလို့ပေါ့၊ အစိုးရက ခိုင်မာတယ်၊ အလုပ်ရှင် - အလုပ်သမား အဖြေအနေကောင်းတယ်၊ ကမ္ဘာအနှံ့က အဓိကပြိုတော်ကြီးတွေနဲ့ ကျွန်တော်တို့ အဆက်အသွယ်ရှိတယ်၊ နည်းပညာနိမ့်တဲ့ စက်မှုလုပ်ငန်းတွေ ကျွန်တော်တို့ မလုပ်တော့ဘူး၊ အဲဒီကဏ္ဍတွေမှာ ကျွန်တော်တို့ မယှဉ်နိုင်ဘူး၊

အခု ကျွန်တော်တို့ရဲ့ စိန်ခေါ်ချက်က အသက်ကြီးတဲ့ အလုပ်သမားတွေ၊ အသက် ၄၀ အထက်တွေနဲ့ အဲဒီအချိန်တုန်းက ကျွန်တော်တို့မှာ ITE နဲ့ စက်မှုကျောင်းတွေ မရှိတာကြောင့် ပညာမတတ်ခဲ့တဲ့လူတွေကို ဘယ်လို ပြန်လည်လေ့ကျင့်ပြီး အဆင့်မြှင့်ပေးရမလဲဆိုတာပါ၊ အဲဒါက ကြီးမားတဲ့ စိန်ခေါ်ချက်ပဲ၊ ယေရှုယတဲ့ အလုပ်သမားတွေက ဝိုပြီး ပညာတတ်ကြတယ်၊ သူတို့တွေက တက္ကသိုလ်တွေမှာ ၂၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းရှိတယ်၊ စက်မှုကျောင်းတွေမှာ ၄၀ ရာခိုင် နှုန်းရှိတယ်၊ ITE တွေမှာတော့ ၂၀ ရာခိုင်နှုန်းကျော်တယ်၊ ဒါပေမဲ့ အသက်ကြီးတဲ့ အလုပ်သမားတွေက ပညာကောင်းကောင်းမတတ်ကြဘူး၊ ဒါကြောင့် လူစွမ်းအားဝန်ကြီးနဲ့ NTUC က ကျွမ်းကျင်မှုမြှင့်မံပေးလေ့ကျင့်သင်ကြားခြင်းနဲ့ အလုပ်အကိုင် အဆင့်မြှင့်ခြင်းကို အတော်ကလေး အလေးထားနေကြတယ်၊ နောက် ၁၀ နှစ်၊ ဒါမှမဟုတ် နောက် နှစ် ၂၀ ဟာ စင်ကာပူစီးပွားရေးအတွက် ရုတ်တရက် အကြီးအကျယ် တိုးတက်မှုတစ်ခုဖြစ်နိုင်တယ်၊

✧ ✧ ✧

Scanned by CamScanner

(၅)

ဦးခုံသော ချစ်ခြင်း

အစ္စတာနာ၏ အနောက်သက်ခည်နန်းထဲမှ တိတ်ဆိတ်မှုဆီတွင် ချစ်ကြည်ရေး အလည်အပတ်ခရီးမှ ပြန်ရောက်
လာကြဆောင်များဖြစ်ကြသော ကမ္ဘာ့ဂုဏ်သရေရှိ ပုဂ္ဂိုလ်များနှင့် လှပသော ဇနီးများ၏ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း ခံရ
သွင်းထားသော တေးပုံများကို နှစ်ပိုဒ်ပိုစားပွဲပေါ်တွင် ပြသထားသည်။ ထိုးတို့က ၂၀၀၉ ဒုနှစ်၊ ဧပြီလတွင် လူမှုရေးခံယူ
သက်သာစေမှောင်ချီရေးတိုးနှင့် သူနှစ်သက်သော အကြောင်းအရာ (အသိညာဏ် အစေမှမဆက်စံနိုင်ခြင်း) တို့နှင့်ပတ်သက်၍
ကေားပြောပွဲနှစ်ခုတွင် လီ ပေးပြောမည့်အရာအတွက် သင့်တော်သော သတ်သေများဖြစ်ကြသည်။

အသိညာဏ်သည် တောက်နေသောဆီပင်၊ ညီးမှောင်သောမျက်လုံးတို့သို့ ကူးပြောင်းသော ရှပ်ပိုင်းဆိုင်ရာ ပြဿ
အင်လကွေကာတစ်ခု ဖြစ်နေသကဲ့သို့ ၎င်းအကြောင်း သူပြောပေးသည်ကို ကြားရသောအခါ အင်တာဗျူးပြုလုပ်ပြီး
များ၏ စိတ်ရှုပ်ထွေးမှုကို လီ သတိပြုမိလျှင်၊ သူဆက်ပြောမည်မဟုတ်ဟု ခန့်မှန်းရသော မမှန်ကန်သော သူ၏ အဆိုးအ
ပြောဆိုချက်များနှင့် ပတ်သက်၍လည်း သူတောင်းပန်မည်မဟုတ်ဟု၊ အမှန်ပင် မျိုးရိုးဗီဇနှင့် အသိညာဏ်အကြား ဆ
နှယ်မှုနှင့်ပတ်သက်၍ သူ ဝိုင်မာဗွာ ဆုပ်ကိုင်ထားသော ဤအမြင်ကို အထောက်အပံ့ပေးရန် အဖြစ်အပျက်တစ်ခုခုရှာ
စွာထဲမှ သူ ဆက်လက်ထုတ်နှုတ်ယူနေသည်။

အကျိုးရှုပ်အားခြင့် သူ၏ယုံကြည်ချက်များကဤသို့ဖြစ်သည်။ လူသားများကို မည်မမျှဖန်တီးထားသည်၊ လူ
စိမ်ဖန်တီးမှုများ မည်မျှပင်လှပလှပ၊ သို့မဟုတ် အစိုးရဝင်ရောက်စွက်ဖက်မှု မည်မျှပင်ရှိရှိ၊ လူတစ်ယောက်၏ ဘဝကိုကြွေ
ထူးထူးခြားခြား မပြောင်းလဲနိုင်ဟု၊ အလွန်ဆုံး၊ အစိုးရပေါ်လစီများသည် တာအထွက်၌ အခွင့်အလမ်းများကို ညီတူညီမျှ
အောင် ကူညီနိုင်သည်။ သို့သော် တူညီသော ရလဒ်များကို သူတို့ အာမခံနိုင်ကြဟု၊ လူ့အဖွဲ့အစည်းသည် မတူညီ
ရလဒ်များဖြင့် အဆုံးသတ်ဖို့သေချာသည်။ ပိုမိုအစွမ်းအစရှိသူများက ပိုမိုအစွမ်းအစနည်းသူများထက် စီးပွားရေး လူမှုရေ
ပိုမိုကောင်းမွန်စွာ အဆုံးသတ်လိမ့်မည်။

လီအဖို့မူ ဤအရာသည် အစွမ်းအစရှိသူများကို ထိန်းချုပ်ထားဖို့ အကြောင်းပြချက်မဟုတ်ဟု၊ ထိုအစား ခြွ
ချက်က အစွမ်းအစရှိသူများဝေးဝေးသွားနိုင်ဖို့အတွက် အခြေအနေများဖန်တီးပေးရန်ဖြစ်သည်။ ထိုအခါ သူတို့က လူထုအ
အလုပ်အကိုင်များ ပေးဆောင်ပေးနိုင်လိမ့်မည်။ ထို့နောက်တွင်၊ အစွမ်းအစနည်းသူများကို ကူညီရန်အတွက် အပိုအလုံ

Scanned by CamScanner

ပြန်လည်ဖြန့်ဖြူးပေးနိုင်လိမ့်မည်၊ ကြွယ်ဝချမ်းသာမှုကို လူအဖွဲ့အစည်းတွင် ဖြန့်ဝေပေးခြင်းနှင့် မရှိသူများအား အကူအညီ မည်မျှပေးသင့်သနည်းဆိုသည်တို့က တိုင်းပြည်ခေါင်းဆောင်များဆွေးနွေးပို့ အငြင်းပွားဖွယ် အကြောင်းအရာဖြစ်သည်၊

လီနှင့်ဂ်စ်တွင် သူဆုပ်ကိုင်ထားသော နိုင်ငံသည့် အမြင်များကြောင့် ၎င်းက ပို၍မင် ဆိုးနေသည်၊

သူ၏ထောက်ခံသူများကို အကျိုးကြောင်းသင့်ပြောရန်အတွက် ငယ်ရွယ်သော နိုင်ငံရေးခေါင်းဆောင်တစ်ယောက် အဖြစ် သူ၏ အခြေတည်ကာလများသို့ လီ ပြန်သွားသည်၊ ၎င်းက ၁၉၆၀ ပြည့်နှစ်များ စောစောပိုင်းဖြစ်သည်၊ စင်ကာပူ၏ စောင်ဘက်ကျန်းများမှ ပြဿနာများက လီကို စိုးရိမ်ပူပန်အောင်လုပ်နေကြသည်၊ ၎င်းတို့က မလေးရှားကျန်းဆွယ်တွင် လွှမ်းမိုးကြီးစိုးနေပြီး စင်ကာပူထဲသို့ ချဲ့နှင်းဝင်ရောက်ရန် ကြိုးစားနေသော မလေးအခြေစိုက် UMNO ပါတီ၏ အဟာခံ ခြေကုတ်နေရာများ ဖြစ်ကြသည်၊ ပြည်သူ့လွှမ်းရှားမှုပါတီ (PAP) က ၎င်း၏ ကိုယ်စားလှယ်အဖြစ် ပါလီမန် အတွင်းရေးမှူး ရာကွတ်မိုဟာမက်ကိုသုံးပြီး တောင်ပိုင်းကျန်းများထဲသို့ဩဇာအရိန်အဝါလွှမ်းမိုးရန်ကြိုးစားနေသည်၊ ရာကွတ်ကို နောက်ပိုင်း၌ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ တောင်ပိုင်းကျန်းများမှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ကြလိမ့် မည်၊

ကျန်းများမှ လူမှုရေးအခြေအနေက ဆိုးဝါးနေသည်၊ အစာအာဟာရ ပြည့်ဝရေးကပင်လျှင် ပြဿနာတစ်ခု ဖြစ်နေသည်၊ PAP အစိုးရက ပြည်သူများအတွက် ပိုမိုတည်တံ့မှုရှိသော အသက်မွေးဝမ်းကျောင်းတစ်ခုကို ဖန်တီးပေးရန်အတွက် ကျန်းများပေါ်တွင် ဆိတ်မွေးမြူရေးကို အစဖော်ပေးခဲ့ကြသည်၊ ၎င်းက လုပ်အားဖေး အလုပ်သမားများနှင့် အရာရှိများကို ကုန်းမြေအား ရှင်းလင်းခိုင်းပြီး ဆိတ်များအတွက် ကောင်းမွန်သောအစာအဖြစ် အထူးတလှယ် ရွေးချယ်ထား သောမြက်များကို စတင်စိုက်သည်၊ ၁၉၆၁ ခုနှစ်တွင်ကလင်တန်းမှဆိတ်အကောင် ၂၀၀ကိုယူဆောင်ပြီးမီသားစုဂိုဏ်းစုကို ပေးအပ်သည်၊ သို့သော် ကြောခင်၌ ဆိတ်များ ပျောက်ဆုံးသွားကြသည်၊ (အသားအတွက် သတ်ဖြတ်ခံကြရဟန်တူ သည်၊)

လီက သူ့ကို ဆေးကုသနေသော ဆရာဝန်တစ်ယောက်အား အဖြစ်အပျက်ကို ပြောပြသောအခါ အရိုးခွဲစိတ်ကု ဆရာဝန်က ပိုမိုကြီးမားသော ပြဿနာများကို ကျွန်းသားများ ရင်ဆိုင်နေရသည်ဟု ပြောသည်၊ သွေးနီးသူချင်း လက်ထပ်ထိမ်းမြားခြင်းက သူတို့၏ မျိုးရိုးဗီဇအထောက်အပံ့ကို ကျဲသွားစေခဲ့ပြီး သူတို့တွင် အရိုးအဆစ်ပြဿနာ မျိုးစုံရှိနေကြသည်၊ ပြဿနာသည် သူတို့၏ဦးနောက်ဖွဲ့စည်းမှုအထိ ကျယ်ပြန့်သည်ဟု ဆရာဝန်က သံသယဖြစ်သည်၊

နောက်ပိုင်း၌ လီက ဆရာဝန်၏စကားကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားသည်၊ ပိတ်ဆို့နေသော အသိုင်းအိုင်းတစ်ခုအတွင်း သွေးနီးသူချင်း လက်ထပ်ခြင်းသည် အရိုးနှင့် အရိုးစုဖွဲ့စည်းပုံနှင့် ပတ်သက်၍ ပြဿနာများဖြစ်ပေါ်စေ လျှင် ၎င်းသည် အမှန်တကယ်ပင် ဦးနောက်ဖွဲ့ပြုံးမှုကိုပါ ထိခိုက်စေနိုင်သလား၊ ထိုသို့ဖြစ်လျှင် ဤအသိုင်းအိုင်းကို ပိုမို ကြီးမားသော ကုန်းမကြီးထဲသို့ ထည့်သွင်းပေါင်းစည်းပြီး ပိုမို အမျိုးအစားများပြားသော မျိုးရိုးဗီဇ အထောက်အပံ့ဖြင့် ထိမ်း မြားလက်ထပ်ခိုင်းလျှင် ပိုမကောင်းဘူးလား၊ ဟု လီ တွေးမိသည်၊ တစ်ဦးနှင့်တစ်ဦး သွေးနီးသူချင်း လက်ထပ်နေကြသော ပိတ် ဆို့နေသည့်အသိုင်းအိုင်းထဲမှ အရိုးအဆစ်ပြဿနာများအကြောင်း ဆရာဝန်၏လေ့လာသုံးသပ်ချက်အရ လီက ကောက်ချက် နှစ်ခုဆွဲသည်၊ နံပါတ်တစ်က – အမျိုးအစားများပြားခြင်းသည် မျိုးရိုးဗီဇ အထောက်အပံ့ကို ကြွယ်ဝစေသည်၊ နံပါတ်နှစ်က – အသိဉာဏ်ကဲ့သို့ သိမ်မဟုတ် အရိုးဖွဲ့စည်းပုံကဲ့သို့ ဂုဏ်သတ္တိများသည် မျိုးရိုးဗီဇအမွေအနှစ်၏ကြီးမားသော သြဇာလွှမ်းမိုးမှုကို ခံရသည်၊

အသိဉာဏ်ကို မျိုးရိုးဗီဇအရ အဆုံးအဖြတ်ပေးသည်ဟူသော လီ၏ယုံကြည်ချက်ကို ကောင်းစွာ လူသိရှိကြပြီး ဝေဖန်ထင်မြင်ချက်ပေးကြသည်၊ အံ့ဖွယ်ကောင်းသောအရာမှာ အသက် ၈၆ နှစ်၌ သူ၏အမြင်ကို ပျောပြောင်းဖို့အတွက် သူ အရိပ်လက္ခဏာ မပြခြင်းပင်ဖြစ်သည်၊

Scanned by CamScanner

သို့သော် ဤအလိုလိုထိုးထွင်းသိမြင်မှုဖြင့် သူအစပြုခဲ့ချေ၊ ၎င်းအစား ၁၉၃၀ပြည့်နှစ်များနှင့် ၁၉၄၀ပြည့်နှစ်မှ
ကြီးပြင်းလာခဲ့သော သူမျိုးဆက်မှစိတ်ဝါဒဆန်သော အခြားလူငယ်များကဲ့သို့ပင် လူများသည် မွေးရာပါအရည်မျှကြေကြေ
အချို့က အခြားသူများထက် ပိုပိုကောင်းမွန်နေသော ရလဒ်ထွက်ခြင်းမှာ အခွင့်အရေး မညီမျှမှုကြောင့် သာလွန်ဖြစ်ကြ
ကြီးစိုးနေသော ဆိုရှယ်လစ်သိဒ္ဓိဂိုများကို သူယုံကြည်သည်၊

အင်္ဂလန်တွင် ထင်ရှားသော အင်္ဂလိပ်နိုင်ငံရေးသိဒ္ဓိဂိုများတွေးအခေါ်ရှင်နှင့် လေဘာပါတီခေါင်းဆောင်ဟာရိုလ်
၏ ဟောပြောပွဲအချို့ကို သူတက်ရောက်ပြီး လာစကီ၏ အတွေးအခေါ်များက ဆွဲဆောင်မှုရှိသည်ကို သူတွေ့ရသည်၊ သူ
ကိုယ်တွေ့မှတ်တမ်း The Singapore Story ထဲတွင် သူရေးခဲ့ပုံက ဤသို့ဖြစ်သည်၊ "ဤကမ္ဘာမှ လူတိုင်းကို ဘဝ၌ တူညီသော
အခွင့်အရေးပေးသင့်ကြောင်းနှင့် တရားမျှတ၍ ကောင်းစွာ အစီအစဉ်တကျရှိသော လူ့အဖွဲ့အစည်းတွင် သူတို့၏ ရာထူး
သို့မဟုတ် ဂုဏ်ဒြပ်၊ သို့မဟုတ် သူတို့မိဘများ၏ ထိုအရာများကြောင့် လူများကြားထဲ၌ ကြွယ်ဝချမ်းသာခြင်း အကြီးအကျယ်
မညီမျှမှုမရှိသင့်ကြောင်းတို့မှာ အထင်အရှား သင့်မြတ်နေသည်ကို ကျွန်တော် တွေ့ရှိလာသည်၊"

ညီမျှသော၊ တရားမျှတသော၊ သင့်တင့်လျောက်ပတ်သော လူ့အဖွဲ့အစည်းတစ်ခု၏ စံပုံစံကို လိုအာရုံစူးစိုက်သည်
အတန်းအစားမရှိသော လူ့အဖွဲ့အစည်းတစ်ခုကို ဖန်တီးရန် အရင်းအနှီးပိုင်ဆိုင်သော လူတန်းစားကို ဖြုတ်ချမည့် လိုး
တော်လှန်ရေးနည်းလမ်းများကို သူ မထောက်ခံချေ၊ တရားမျှတသော လူ့အဖွဲ့အစည်းတစ်ခု ဖန်တီးခြင်းကို၊ ဥပမာအားဖြင့်
အမျိုးသားပိုင် ပြုလုပ်ထားသော ကျွန်းမာရေးစောင့်ရှောက်မှုနှင့် အားလုံးအတွက် ပညာရေးတို့ကို ထောက်ပံ့ပေးခြင်းဖြင့်
တစ်ဆင့်ပြီးတစ်ဆင့် ဆင့်မှားဖြစ်စဉ်ဖြင့် ချဉ်းကပ်မည့် ပိုပိုပြုပြင်ရေးဆန်သော ဖေဘီယံဆိုရှယ်လစ်ကို သူ သဘောကျသည်
ဖေဘီယံမဂ္ဂဇင်းများနှင့် စာစောင်ကလေးများဆီသို့ နှစ်ပေါင်းများစွာကြာ ဆောင်းပါးများ သူရေးသားပေးပို့သည်၊

The Man and His Ideas စာအုပ်အတွက် အင်တာဗျူးတစ်ခုတွင် သူ ကျွန်ုပ်သို့ပြောသည်၊

"၁၉၄၀ပြည့်နှစ်တွေမှာ ကျွန်တော်တို့စတွက်လာကြတဲ့အခါ လူတစ်ဦးချင်း၊ လူတစ်ဦးချင်းရဲ့ပြုမူဆောင်ရွက်ချက်
ရလဒ်တွေကြားက ကွဲပြားခြားနားမှုတွေဟာ အဓိကအားဖြင့် အခွင့်အလမ်းတွေကြောင့်ဖြစ်တယ်လို့ ကျွန်တော်တို့ အားလုံး
ယုံကြည်ကြတယ်၊ အာဟာရ၊ အစားအစာ၊ အဝတ်အစား၊ လေ့ကျင့်သင်ကြားမှု၊ အိမ်ရာရရှိမှုနဲ့ ကျန်းမာရေး စတာတွေအတွက်
အခွင့်အလမ်းတွေပိုကောင်းလာရင် ကွဲပြားခြားနားမှုဟာ ကျဉ်းမြောင်းသွားလိမ့်မယ်၊ များစွာကြာပြီး နောက်ပိုင်းပဲဝင်ပြည့်နှစ်ကြ
နဲ့ ၇၀ပြည့်နှစ်တွေမှာ ဒီပေါ်လစီတွေနောက် ကျွန်တော်တို့ လိုက်ကြတဲ့အခါ လက်တွေ့အမှန်ကို တွေ့မြင်လာကြတယ်"

လက်တွေ့အမှန်နှင့် ရင်ဆိုင်ရသောအခါ စိတ်ခံစားချက်အရ ဆွဲဆောင်နေသော စံပုံစံတစ်ခုအား စွန့်လွှတ်ခြင်းက
ကြေကွဲခြင်း အရိပ်အယောင်ရှိနေသည်၊ "စင်ကာပူက ကွဲပြားခြားနားတဲ့ လူမျိုးတွေအကြား၊ နဲ့ တူညီတဲ့လူမျိုးထဲက ကွဲပြ
ခြားနားတဲ့ အမျိုးအစားတွေထဲမှာ၊ ပြုမူဆောင်ရွက်ချက် အများကြီး ခြားနားနေတာကို ကျွန်တော် ရာထူးရရှိခဲ့ပြီး နှစ်အော
ကြာမှသာ အသိအမှတ်ပြုလာမိတယ်၊ မညီမျှမှုကို လျော့ချဖို့ နည်းလမ်းအတော်များများ ကြိုးစားပြီး မအောင်မြင်တဲ့အ
အဆုံးအဖြတ်ပေးတဲ့ အကြောင်းအချက်တွေဟာ လူ၊ သူတို့ရဲ့သဘာဝစွမ်းဆောင်ချက်၊ ပညာရေးနဲ့ လေ့ကျင့်သင်ကြ
မြစ်တယ်ဆိုတာကို ကျွန်တော် တစ်စတစ်စနဲ့ သုံးသပ်ချက်ချလာရတယ်"

ဟု Singapore Story ထဲတွင် သူပြောခဲ့သည်၊

၂၀၀၉ ခုနှစ်၊ ဧပြီလ အင်တာဗျူးများကို နားထောင်သောအခါ လူတစ်ယောက်အနေဖြင့် လူများကို အညီအ
ဖန်တီးမထားကြောင်း သုံးသပ်ချက်ချရန်နှင့် အားလုံးအတွက် ညီမျှသော ဆုလဒ်ရရှိစေမည့် လူ့အဖွဲ့အစည်းဖန်တီးမည့်
စွန့်လွှတ်ရန် သူ့ကို ဦးဆောင်ခဲ့သော အဖြစ်အပျက်များစွာနှင့် ဩဇာအရိုန်အဝါလွှမ်းမိုးမှုများကို တွေ့မြင်နိုင်သည်၊

Scanned by CamScanner

ပထမဦးဆုံးက ၁၉၅၉ ခုနှစ်တွင် သူ ဝန်ကြီးချုပ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် တိုင်းပြည်ကို အမှန်တကယ် စီမံအုပ်ချုပ်ရသော ဗိအားဖေးမှု သက်သက်ဖြစ်သည်။ အလုပ်အကိုင်များ ဝန်တီးပြင်းနှင့် အိမ်များ၊ ကျောင်းများဆောက်ခြင်း ပြဿနာများက ဖိစီးနေသောကြောင့် ခွဲဝေဖြန့်ဖြူးပေးရန် ဝင်ငွေမရှိလျှင် ညီမျှသော လူအဆွဲအစည်းနှင့် ညီမျှသော ဝင်ငွေ ခွဲဝေပေးမှုအကြောင်း စကားပြောပွဲများက အသံဟောင်းလောင်းသာရှိကြောင်း လို အလျှော်အပြန် သိနားလည်လာသည်။ ကြွယ်ဝချမ်းသာမှုကို အရင်ဦးဆုံးဖန်တီးပြီး ၎င်းအား မည်သို့ခွဲဝေမည်နှင့်ပတ်သက်၍ နောက်ပိုင်းမှစိစဉ်မှုပန်းရန် ပိုမိုအရေးကြီးသည်ကို သူ သိရှိလာသည်။

စင်ကာပူမှ ကွဲပြားခြားနားသော အသိုင်းအဝိုင်းများ ရင်ဆိုင်ရသော ပြဿနာများကို ကြုံတွေ့ခဲ့ခြင်းကြောင့် ဒွန်းဆောင်ချက်များသည် လူမျိုးအသီးသီး၏ မျိုးရိုးဗီဇအပေါ်အနှစ်ခြုံ ဆုံးဖြတ်လွှက် ကွဲပြားခြားနားသော လူမှုရေးအုပ်စုများထဲတွင် ခြားနားကြသည်ဟု သူ သုံးသပ်ချက်ချလာရသည်။ အခြေစိုအနှက်နှစ်ခုက သူ၏ အမှတ်ရမှုများထဲတွင် အထင်အရှား ရှိနေသည်။ တစ်ခုက တန်ဂျုန်ပါဂါရှိ သူ၏ရပ်ကွက်မှ မဲဆန္ဒရှင်တစ်ယောက်နှင့် အပြန်အလှန် စကားပြောခြင်းခဲ့ခြင်းသည်။ သူက တရုတ်ဆရာတစ်ယောက်ဖြစ်ပြီး ပါဆာဖန်ကွန်ကျောင်းတွင် အင်္ဂလိပ်စာ သင်ကြားသည်။ ကျောင်းသားများအကြား တွင် တဖီးလ်ကလေးများ (လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အလုပ်လုပ်ရန် ပြိတိသျှကို ဖေါ်ဆောင်လာသော တဖီးလ်သန့်ရှင်းရေးသမားများ၏ သားသမီးများ) ရှိကြသည်။

တစ်နေ့မှာ အစည်းအဝေးပြီးတဲ့အခါ ကျွန်တော်က "ဆင်ဖျားခဲ့ကျောင်း ဘယ်လိုနေသလဲ"

လို့ မေးတယ်။ သူက -

"အင်း...မဆိုးပါဘူး"

လို့ပြောတယ်။ ဒါပေမဲ့ သူက ဆက်ပြောတယ်။

"အိန္ဒိယကလေးတွေ၊ ပါဆာပန်ကွန် လျှပ်စစ်ဓာတ်အားပေးရုံက တဖီးလ်ကလေးတွေ၊ သူတို့ ဂဏန်းမမြောင်းတာတဲ့ဘူး ဂဏန်း မမြှောက်တတ်ကြဘူး"

ကျွန်တော်က...

"ဘယ်လိုကြောင့်လဲ"

လို့ ပြောတယ်။ သူက...

"မသိဘူး"

လို့ပြောတယ်။ ဒါနဲ့ ကျွန်တော်က အာရုံကြောပါရဂူတစ်ယောက်ကို...

"ဘာကြောင့် အဲဒီလို ဖြစ်ရတာလဲ"

လို့ မေးတယ်။ သူက...

"အင်း...တရုတ်လူတွေဟာ ဂဏန်းတွက်တတ်ကြဘူး"

လို့ ပြောတယ်။

"ဆင်ဖျား ဂဏန်းတွေကို မကိုင်တွယ်နိုင်ဘူးလို့ ပြောတဲ့စကားတစ်လုံးရှိတယ်။ အဲဒါက dyscalculia ပေါ့"

လူ့အဖွဲ့အစည်းမှ သီအိုရီများအပေါ် စိတ်ဝင်စားမှုရှိခြင်းကြောင့် လိက သူ့ကိုယ်သူ ဂုဏ်ယူပြီး သူ၏သီအိုရီများကို လက်တွေ့အမှန် ဂေလာသုံးသပ်ချက်များဖြင့် တိုက်ဆိုင်စမ်းသပ်သည်။

Scanned by CamScanner

"အိန္ဒိယသားတွေကို ကျွန်တော် စတင်စောင့်ကြည့်လာတယ်။ သူတို့မှာ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားတဲ့စနစ်ရှိတာနဲ့ ဆင်ချားရဲ့ဇာတ်ထက်နိမ့်တဲ့သူကို ဆင်ချားလက်ထပ်ရင် မင်ချားရဲ့ကလေးတွေဟာ ဇာတ်နိမ့်ထဲကို ပါသွားလိမ့်မယ်။ ဒါကြောင့် ဇာတ်နိမ့်တွေကို သူတို့ ဘယ်တော့မှ လက်မထပ်ကြဘူး"

တရုတ်ဘုရားကျောင်းမှ ဘုန်းတော်ကြီးချုပ်၏သားဖြစ်ပြီး ဗြဟ္မဏဇာတ်မှဖြစ်သော အတွင်းရေးမှူးတစ်ယောက်ကို သူတွင် ရှိခဲ့သည်ကို သူ ပြန်လည်အမှတ်ရမိသည်။ "သူက စိပ်ခန့်ခွဲရေး အရာရှိတစ်ယောက်လို ထက်မြက်တယ်။ ဒါပေမဲ့ သူ့ဆေတ်ကာလအချိန်က ပညာသင်ဆုမရှိဘူး။ သူ တက္ကသိုလ်မသွားခဲ့ဘူး။ ဒါကြောင့် သူ IAS (ကိုယ်ရေးအရာရှိ) တစ်ယောက် ဖြစ်လာတယ်။ ဒါပေမဲ့ သူက အလွန်အစွမ်းအစရှိတဲ့ လူတစ်ယောက်ပါ။ ပြီးတော့ အမှန်ပဲ။ တခြား ဗြဟ္မဏတစ်ယောက်နဲ့ သူ့ကို လက်ထပ်တယ်။

"ဒါကြောင့် ဂုဏ်မြေးမြန်းမှုတွေ လုပ်တယ်။ ဗြဟ္မဏတွေဟာ ဘာကြောင့် ဒီလောက် ထက်မြက်ကြတာလဲ" လို့ ကျွန်တော်မြေးမိတယ်။ ပြီးတော့ အိန္ဒိယတွေကို မေးတယ်။ သူတို့က ...

"အင်း ... ဘုန်းကြီးတွေဟာ ဗြဟ္မာဝတ္ထုဖြစ်ကြရပြီး၊ သူတို့ဟာ ထွတ်မြတ်တဲ့ ကျမ်းစာအုပ်တွေကို ဖတ်ရှုနိုင်တဲ့အတွက် သူတို့မြေးဆိုနေတဲ့ ဘာသာစကားကို တတ်ကျွမ်းရတယ်။ ပြီးတော့ သက္ကတဘာသာစကားကိုလည်း တတ်ကျွမ်းရတယ်"

လို့မြေးကြတယ်။ ဒါကြောင့် သူတို့ရဲ့ စာပေဆိုင်ရာ အရည်အသွေးတွေက အရမ်းမြင့်တယ်။ သခ်ျာတွက်ချက်မှု အရည်အသွေးတွေကလည်း အရမ်းမြင့်တယ်။ ပြီးတော့ ချမ်းသာတဲ့ ဗြဟ္မာဝတွေအားလုံးဟာ သူတို့ရဲ့ကလေးတွေကို ဘုန်းကြီးတွေရဲ့သားတွေ၊ သမီးတွေနဲ့ လက်ထပ်စေချင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ မျိုးရိုးဝိဇ္ဇကောင်းမယ်ဆိုတာ သူတို့ အသေအချာ သိနေကြတာကြောင့်ပို့ပေါ့"

အခြားဇာတ်နိမ့်များ ချဉ်းကပ်နိုင်ခြင်းမရှိသော၊ ပိတ်ဆို့နေသော မျိုးရိုးဝိဇ္ဇအထောက်အပံ့တစ်ခု ရလဒ်ထွက်လာခဲ့ ဗြဟ္မဏဇာတ်မြင့် အိန္ဒိယများ တစ်ဦးကိုတစ်ဦး အတယ်ကြောင့် လက်ထပ်ကြပုံနှင့် ပတ်သက်၍ ဤရှင်းလင်းချက်ကို သူမှတ်ယူသောအခါ လို ဤကဲ့သို့ တွေးမိသည်။ "အံ့သြစရာ မဟုတ်ပါဘူး၊ အစုအပုံအောက်ခြေကလူတွေ ဒီမျိုးရိုးဝိဇ္ဇတွေရဲ့အကျိုးကျေးဇူးကို ဘယ်တော့မှ ရမှာမဟုတ်ဘူး"

ဤအရာက (ဆိုကြပါစို့) တရုတ်နှင့် ကွဲပြားခြားနားသည်။ တရုတ်ပြည်တွင် ကောင်းမှုအခြေခံသော ဇာတိစနစ်မျိုးမရှိနှင့်ပြင် ရွေးချယ်ခံရသည့် အစွမ်းအစရှိသော ပညာတတ်အရာရှိမျိုးဆက်များက ဇာတိ၏ အိမ်ထောင်ရေးဆိုင်ရာ ဝင်ရောက်ထိမ်းမြား လက်ထပ်ကြပုံ ဇနီးများ၊ သို့မဟုတ် ကိုယ်လုပ်တော်များကို ပွားများကြသည်။ "သူတို့ ပင်စင်ယူကြတဲ့အခါ ဆူဆိုက်ကို သွားကြတာပဲ၊ ..... ပြီးတော့ ဇနီးတွေ အများအပြားယူကြတယ်။ ဒါကြောင့် သားမြေးတွေ တစ်ပုံတစ်ခေါင်း ရှိတာပဲ။ ဒီတော့ မျိုးရိုးဝိဇ္ဇတွေ ဆင်းသက်လာတယ်။ ..... ဒါဟာ မတော်တဆဖြစ်တာ မဟုတ်ဘူး"

လီတွေ့မြင်ပုံနည်းလမ်းအရ ထက်မြက်သောကလေးများ ဖန်တီးဖို့အတွက် အကောင်းဆုံးဖြစ်နိုင်သော မျိုးရိုးဗီဇမျိုးရင်းကို ရှာဖွေရန်အလို့ငှာ၊ အသိဉာဏ်ကို မြှုပ်မြှုံးထောင်မည့် အကောင်းဆုံးနည်းလမ်းသည် မျိုးဆက်များတစ်လျှောက်၌ လက်ထပ်ကြမှုများ ပေါများခြင်းဖြစ်သည်။ သို့သော် ယခုနေ့ လူ့အဖွဲ့အစည်းတွင် ဤအရာက မဖြစ်နိုင်သည်ကို လီ လက်ခံသည်။ သို့သော်လည်း ၎င်းကြောင့် အတိတ်က အစိုးရပေါလစီများထဲသို့ လူမျိုးဆက်ကောင်း ပေါက်ဖွားရေးနည်းလမ်း ပညာ အချို့ကို ဝိတ်ဆေးတစ်အုပ်မြုံရန် အခန့်အယှက်မဖြစ်စေရ။

IQ အဓမ္မဆက်ခံနိုင်မှုနှင့် ပတ်သက်၍ သူ၏အမြင်က ဤမြဿနာအပေါ် စိတ်ဝင်စားကွဲပြားမှုများကြောင့် ရန်ဖွားဖွယ်ရာ ဖြစ်နေသည်။ လူမျိုးများအကြား၌ IQ ရမှတ် ကွဲပြားခြားနားခြင်းသည် မျိုးရိုးဗီဇကြောင့် ဖြစ်သည်

Scanned by CamScanner

ဟူသောအယူအဆကိုစိတ်ပညာရှင်ရစ်ချတ်ကျေဟာရင်စတိန်နှင့်နိုင်ငံရေးသိပ္ပံပညာရှင်ချာလ်မူရေတို့က သူတို့၏စာအုပ် The Bell Curve ထဲတွင် သာမန်လူများ ဇတ်ရှုနားလည်လွယ်အောင် ရေးသားတင်ပြထားကြသည်။ စာအုပ်ကို ၁၉၉၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေသောအခါ လီက ၎င်းကို အလွန်တန်ဖိုးထားသည်။

ပြုမူဆောင်ရွက်ချက်သည် လူမျိုးအရ ကွဲပြားခြားနားကြောင်းနှင့် အချို့သော လူမျိုးရေးဆိုင်ရာ အုပ်စုများက အခြားအုပ်စုများထက် သိနားလည်မှုအစွမ်းဝိုမိုကောင်းမွန်ကြသည်ဟု ဟာရင်စတိန်နှင့် မူရေတို့က အကျိုးကြောင်းသင့်ပြောကြသည်။ စိတ်ပညာရှင် ရစ်ချတ်လင် ဆက်လက်ပြုလုပ်သော လေ့လာစမ်းသပ်ချက်က အာရှအရှေ့သားများသည် အမြင့်ဆုံးမှတ်မှု IQ အမှတ် ၁၀၅ မှတ်ရှိသည်ကို တွေ့ရှိရသည်။ အရှေ့နှင့်အနောက် အာဖရိကန်များ၊ ဩစတြေးလျ အဘော်ရိဂျင်နှင့် ဘွတ်ရှ်မင်တို့က IQ အနိမ့်ဆုံးအမှတ်ရှိကြသည်။ ဟာရင်စတိန်နှင့် မူရေတို့၏ရလဒ်များကို ဆင့်ပွားဖြစ်စဉ်ဝိုင်ရာ ဇီဝဗေဒပညာရှင် စတီဝင်ဂျေရှိလ်က အပြင်းအထန် ငြင်းခုန်သည်။ သူက အသိဉာဏ်ညွှန်ကိန်းအဖြစ် စံသတ်မှတ်ထားသော စိတ်ပွမ်းအင်ဆိုင်ရာ စမ်းသပ်ချက်များ အသုံးပြုခြင်းကို ဝေဖန်ရန် The Mismeasure of Man ကို ရေးသားခဲ့သည်။

အခြား စီးပွားရေး ပညာရှင်များ၊ ဇီဝဗေဒပညာရှင်များနှင့် စာရင်းအင်း ပညာရှင်များက ဟာရင်စတိန်နှင့် မူရေတို့၏ တွေ့ရှိမှုနှင့် နည်းစနစ်ဝေဖန်မှုတို့ကို မေးခွန်းထုတ်ကြသည်။ IQ က အမွေဆက်ခံနိုင်မှုအတွက် ခိုင်မာသော အမှတ်လက္ခဏာများ ဖော်ပြနေလျှင်တောင်မှ ဝေဖန်ကြသူများက ထက်မြက်သော မိဘများသည် ထက်မြက်သော ကလေးများ မွေးဖွားကြောင်း သုံးသပ်ချက်ချရန် ရှိုးရှင်းသည်ဟု ပြောကြသည်။ IQ က လူပုဂ္ဂိုလ် တစ်ဦးတစ်ဦးချင်း၏ ဘဝတစ်သက်တာ လုံးဝ်ဒ အသေးစိတ်ပြမနေချေ။ မြင့်မားသော IQ ကလည်း အသက်မွေးဝမ်းကျောင်းအောင်မြင်မှုကို အမြဲတစေကြိုတင်ဟောကိန်းမထုတ်နိုင်ချေ။ အသိဉာဏ်ကဲ့သို့ ဂုဏ်သတ္တိများက သင်ယူနာကြားခြင်းနှင့် ပတ်ဝန်းကျင်ပေါ်တွင်လည်း များစွာ မှီခို အားထားနေသည်။

ဥပမာအားဖြင့် ဆင်းရဲသော ပတ်ဝန်းကျင်သည် ထက်မြက်သော လူပုဂ္ဂိုလ်အသီးသီးကို တစ်နည်းတစ်လမ်းဖြင့် ဖိနှိပ်သည်။ ဆင့်ပွားဖြစ်ပေါ်မှုဆိုင်ရာ မျိုးရိုးဗီဇပညာရှင် ရစ်ချတ်လဲဝင်တင်နှင့် စိတ်ပညာရှင် လီယွန်ကျေကာမင်တို့က အသိဉာဏ် အမွေဆက်ခံနိုင်မှုသည် ပညာရေးနှင့် လူမှုရေးအတန်းအစားနှင့်အတူ တိုးမြှင့်ကြောင်းကို တွေ့ရှိကြသည်။ ဆင်းရဲသော ကျောထောက်နောက်ခံမှ မွေးစားထားသောကလေးများအား မြင်သစ်တို့၏ လေ့လာစစ်ဆေးချက်အရ၊ လယ်သမားများနှင့် အလုပ်သမားများမွေးစားသော ကလေးများသည် အလယ်အလတ် လူတန်းစားဓိဘများ မွေးစားသော ကလေးများထက် ၉ နှစ်ကြာပြီးနောက်တွင် IQ တိုးတက်မှုပိုမိုနည်းသည်ကို တွေ့ရှိရသည်။

မျိုးရိုးဗီဇနှင့်ပတ်သက်၍အလျှော့မပေးသော လီ၏အမြင်ကခိုင်မာလွန်းသဖြင့် တရားသေဖြစ်လာပြီး လူတချို့အတွက် ရွံမုန်းစရာဖြစ်လာသည်။ သူ မှန်ကန်ကြောင်းကို သိလွန်းသဖြင့် ၎င်းကို သူ ဂရုမစိုက်ချေ။

ဆိတ်များ၊ ခွေးများနှင့် အိန္ဒိယကျောင်းသားများကို လေ့လာကြည့်ရှုပြီးသောအခါ အမေရိကန်ပါမောက္ခများကို သူ ဆက်လက်လေ့လာကြည့်ရှုသည်။ ၁၉၆၈ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ၉ နှစ်မြောက်နှစ်၌ အတွေးအခေါ်သစ်များ ပြန်လည်ဒွတ်သွင်း ရရှိရန်အတွက် မာဆာချူဆက်ပြည်နယ်၊ ကိန်ဘရစ်ဂျ်မှ ဟားဗတ်တက္ကသိုလ်၌ အထူး လေ့လာသင်ကြားမှု တစ်ခု သူပြုလုပ်သည်။ သူတို့၏ ဇနီးများကလည်း ပါမောက္ခများဖြစ်ကြသော ဟားဗတ်ပါမောက္ခများတွင် အလွန်ထက်မြက်သော ကလေးများရှိကြပြီး သူတို့က အိုင်စိလိဂ်တက္ကသိုလ်များသို့ တက်ရောက်ကြသည်ကို သူ သတိပြုမိသည်။ သူတို့၏ ဘွဲ့ရကျောင်းသားများကို လက်ထပ်ကြသော ပါမောက္ခများကမူ အချို့က ထက်မြက်ပြီး အချို့က မထက်မြက်ကြသော ကလေးများကို ရရှိကြသည်။ ဤသို့ဖြင့် လီက ထက်မြက်သော အမျိုးသမီးကို လက်ထပ်သည့် ထက်မြက်သော အမျိုးသားသည် ထက်မြက်သော ကလေးများကို ပိုမိုပေါက်ဖွားပေးလိမ့်မည်ဟု ကောက်ချက်ချသည်။

Scanned by CamScanner

ဂါမင်းကပ် ဂုဏ်ဝေဆောင်ရင်ခေါင်းဆောင် ကိုဇော်မိုးကမှ ၁၀ အဆမတက်ခံရတဲ့နှုန်း ဟတ်သက်စသော သီတင်းပိုများကို မသိ
သေး "ဆင်းသည် အဆိုးသမီး ဝေယာဝစ္စကိုယ်စားလှယ်ကို ဖမ်းဆီးခံရတယ်" ဟု ဖြေကြားတော်မူခဲ့သည်။ ဘုရား
သို့ "ဆင်းသည် အဆိုးသမီး ဝေယာဝစ္စကိုယ်စားလှယ်ကို ဖမ်းဆီးခံရတယ်" ဟု ဖြေကြားတော်မူခဲ့သည်။ ဘုရား
ဂါမင်းကပ် ဂုဏ်ဝေဆောင်ရင်ခေါင်းဆောင် ကိုဇော်မိုးကမှ ၁၀ အဆမတက်ခံရတဲ့နှုန်း ဟတ်သက်စသော သီတင်းပိုများကို မသိ
သေး "ဆင်းသည် အဆိုးသမီး ဝေယာဝစ္စကိုယ်စားလှယ်ကို ဖမ်းဆီးခံရတယ်" ဟု ဖြေကြားတော်မူခဲ့သည်။ ဘုရား
ဂါမင်းကပ် ဂုဏ်ဝေဆောင်ရင်ခေါင်းဆောင် ကိုဇော်မိုးကမှ ၁၀ အဆမတက်ခံရတဲ့နှုန်း ဟတ်သက်စသော သီတင်းပိုများကို မသိ
သေး "ဆင်းသည် အဆိုးသမီး ဝေယာဝစ္စကိုယ်စားလှယ်ကို ဖမ်းဆီးခံရတယ်" ဟု ဖြေကြားတော်မူခဲ့သည်။ ဘုရား

လိလန်ကျင်က ဘက်ပညာရှိပြီး သိပ်မွေ့ယှင်ကျေးသော ပြည်သူများကြောင့် ကျော်ကြားသော ဆုဖျိုဒေသအနီးရှိ ရင်ကွန်မှပြန်သည်၊ ဆုဖျိုက တရားရုံးအရာရှိများ တစ်ဖိုနှက အလုပ်မှ အနားယူခဲ့သော ဒေရာလည်းဖြစ်သည်၊

"ခင်ဗျား သူ့ကို ယှဉ်ချင်သလား၊ ကျွန်တော် ယှဉ်နိုင်သလား၊ ကျွန်တော် သစ္စာတွက်တတ်တယ်၊ ကျွန်တော် အခြေအတင် ငြင်းနုံတတ်တယ်၊ ခင်ဗျား ကျွန်တော့်ကို "မင်း စွန့်ရား တီးတတ်သလား" လို့မေးမယ်၊ ကျွန်တော် မတီးတတ်ဘူး၊ သူတီးတတ်တယ်၊ မိုးဇတ်နဲ့ဘီသိုဝင်ကို သူသိတယ်၊ သူတို့တွေအကြောင်းကို သူရေးတယ်၊ သူ့စာအုပ်ကို ကျွန်တော်ဖတ်တယ်၊ ကျွန်တော် တအံ့တသြဖြစ်သွားတယ်။ သူနဲ့ကျွန်တော် တွေ့ဆုံတဲ့အခါ သူဟာ ကျွန်တော်တို့ပေါ်ပြစ်နေကြသလိုပုံမျိုးနဲ့ ဝန်ကြီးတစ်ယောက်သာဖြစ်တယ်လို့ ကျွန်တော် တွေးမိတယ်၊ မဟုတ်ဘူး၊ သူက များစွာသော အစိတ်အပိုင်းတွေမှာ သိပ်မွေ့ယှင်ကျေနေတဲ့ လူတစ်ယောက်ဖြစ်နေတယ်၊

"ဘာကြောင့်လဲ၊ မျိုးဆက်တွေရဲ့ပင်ကိုအစွမ်းကြောင့်ပေါ့၊ တရုတ်ပြည်မှာ ယဉ်ကျေးမှုအတွက်၊ လက်ရေးလှအတွက် အရည်အချင်းရှိသူတွေ ခင်ဗျား မွေးမြူတယ်၊ လက်ရေးလှတွေ သူရေးတယ်၊ တံဆိပ်တွေ သူထွင်တယ်၊ စွန့်ရားနဲ့ သီချင်းတွေ သူတီးခတ်တယ်၊ ပြီးတော့ သူက ဦးနှောက်တွေလည်းရှိတယ်၊ အဲဒါကို စဉ်းစားကြည့်စမ်းပါ၊ ဒါဟာ ရာစုနှစ်ပေါင်းများစွာကြာ လက်ရွေးစင်မွေးမြူခြင်းပဲ"

ဇလိက သူကိုယ်တိုင် ပိုပိုနိပ်ကျသောမျိုးဝိုးမှ လာသည်ဟုပြောသည်၊ တရုတ်ပညာတတ်များက သူ၏မျိုးဝိုးစဉ်ဆက်ဇယားကို ရေးဆွဲကြသည်၊ "သူတို့က ဒါမှက ကျွန်တော့်မိဘသားရဲ့မျိုးဝိုးစဉ်ဆက်ဇယားကို ကျွန်တော်ကို ပေးကြတယ်၊ ထူးခြွန်တဲ့ တစ်ဦးတည်းသော ဘိုးဘေးတစ်ယောက်က အဆင့် ၆ ဆင့်အထက်မှာရှိတယ်၊ သူ ဂေါင်ဇီ စစ်အုပ်ချုပ်ရေးမှူးဖြစ်တယ်၊ သူတစ်ယောက်တည်းကိုပဲ သူတို့ အလေးထားပြတယ်"

ဤအရာက မျိုးဝိုးဗီဇဆိုင်ရာ အသိဉာဏ်အဖြေခံနှင့်ပတ်သက်၍ သူ၏သိဇိုရိကို မှားယွင်းကြောင်း မထင်ရှားဝေဘူးလား၊

"ဟုတ်ကဲ့၊ ဒါပေမဲ့ တရုတ်တွေက အမျိုးသားလမ်းကြောင်းကိုပဲ သွားကြတယ်၊ လမ်းကြောင်းတစ်နေရာရာမှာ အမျိုးသမီးတစ်ယောက်ယောက်က မျိုးဝိုးဗီဇကို ကျွန်တော့်ဆီ လွှဲပေးတယ်၊ ကျွန်တော့်အဖေလား၊ ကျွန်တော်မသိဘူး၊ အမျိုးသားတွေကို တရုတ်တွေ မူသေထားတာဟာ မှားတယ်၊ လုံဝမှားတယ်၊ အဲဒါဟာ နှစ်ပေါင်းများစွာကြာ ဆက်လက် ဖြစ်နေတယ်၊ နှစ်ထောင်ပေါင်းများစွာ ကြာနေပြီ၊ သူတို့ မပြောင်းလဲနိုင်ကြဘူး၊ ဒါဟာ မူသေအယူအဆတစ်ခုဖြစ်တယ်၊ ဒါပေမဲ့ အမှန်တကယ် လက်တွေ့လုပ်ကိုင်မှုအရ သူတို့သိတယ်၊ ခေါင်းဆောင်တွေကို စောင့်ကြည့်ပါ၊ ခေါင်းဆောင်တွေရဲ့ကလေးတွေကို စောင့်ကြည့်ပါ။ သူတို့လက်ထပ်တဲ့လူတွေကို စောင့်ကြည့်ပါ၊ ဒီလူတွေဟာ အောက်ခြေအဆင့်က တက်လာကြတဲ့လူတွေ ဖြစ်ကြတယ်၊ သူတို့တွေဟာ အညွှန်းစား၊ အကောင်းစား၊ လူတန်းစားအသစ်တစ်ခုကို ဖန်တီးထုတ်လုပ် နေကြတယ်"

လိအဖို့မူ လူတစ်ယောက်၏ နောက်ဆုံးဝွမ်းဆောင်ချက်ကို ပုံသွင်းရာတွင် ပတ်ဝန်းကျင်နှင့် ပြုရုတောင့်ရွှောက်မှုက များစွာပိုမိုသေးငယ်သောကဏ္ဍမှပါဝင်သည်၊ "ကျွန်တော် ကြီးပြင်းလာတဲ့အခါတုန်းက ကျွန်တော့်အဖေက အိမ်မှာ စာအုပ်တွေ မရှိဘူး၊ သူက စာဖတ်တဲ့လူမဟုတ်ဘူး၊ သူက ချမ်းသာတဲ့ လူတစ်ယောက်ရဲ့သားဖြစ်ပြီး ဂျွန်လစ်တဲအင်ရော် ဘင်ဆန်ကုန် တိုက်မှာ စာရင်းဖွင့်ထားတယ်၊ သူ့အဖေက စာရင်းထဲက ကျသင့်ငွေကို ပေးချေတယ်၊ သူမှာ စာအုပ်တွေမရှိဘူး၊ အဘိဓာန်တွေ မရှိဘူး၊

"ကျွန်တော့်အဖေက ၂ တန်း၊ ၃ တန်းလောက် ပညာတတ်တယ်၊ ဒါပေမဲ့ သူမက အလွန်းအစရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ သူမက ကျွန်တော်တို့ရှေ့ဆက်သွားဖို့ တွန်းအားပေးတယ်၊ ပြီးတော့ ကျွန်တော့်ညီတွေနဲ့ ညီမတွေကိုလည်း

Scanned by CamScanner

တွန်းထားဝယ်ပေးတယ်၊ သူမရဲ့မျိုးဆက်မှာ မိန်းကလေးတွေက အဝတ်ကြောင်းမဟုတ်ဘူး၊ သူတို့ကို လက်ထပ်ခဲ့ကြတဲ့ယောကျ်ားလေးတွေရဲ့ အဝတ်ကြောင်းတွေ အဲဒီဝတ်နှင်းက အဲဒီလိုပဲ၊

"တအုပ်တွေ၊ ဂန္ဓဝင်တေးဂီတတွေ ဝသန်ဖြင့် ရှိတဲ့ အိမ်တစ်အိမ်မှာ ကျွန်တော်နေရရင် ကျွန်တော် ပိုပြီးကြာကြာ ရှင်သန်ပြီး ပျော်ရွှင်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်လာခဲ့မလား။ သိပ်ဖြစ်မှာမဟုတ်ပါဘူး၊ ကျွန်တော် အစွမ်းကုန် ဝေဘာ်မြင်ဖို့ ပြင်နေတာတောင် တစ်ခါတစ်ခါ ကျွန်တော်ပျင်းနေစိတ်တွေက ကျွန်တော်မရခဲ့တဲ့ အရာတွေကို ဇနာဂ်ပိုင်းနှစ်တွေမှာ ကျွန်တော်ကအမြဲဆောင် လှမ်းခဲ့ဖူးသဲ့ သဘောပဲ"

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"အစိုးရအတွက် ပြဿနာက
နှိမ့်ကျတဲ့အလှာက ဘယ်တော့မှ
အဓိမလိုက်နိုင်တဲ့အချိန်မှာ လူ့အဖွဲ့အစည်းတစ်ခုကို
ခင်ဗျား ဘယ်လိုပေါင်းစည်းထားရမလဲ ဆိုတာပဲပေါ့"

Scanned by CamScanner

မေး - စင်တာမူအတွက် မှန်ကန်တဲ့ လူမှုစရေးလေ့လာနိုင်ပေတဲ့သက်ဝင်ရာဝါဒနဲ့ စင်ဗျားရဲ့အမြင်ကို စင်ဗျား ဘယ်လိုခံစားရသလဲဆိုတာ နှစ်သွေးကြားတဲ့အခါ ဒီအမြင်တွေက ဘယ်လိုမြောင်းလဲခဲ့သလဲ၊ အဲ့မဟုတ် မမြောင်းလဲဘဲ နေသလားတော့

ဒါကြောင့် အဆုံးသတ်မှာတော့ လူ့အခွဲအစည်းတိုင်းမှာ ဘီဟာ သဘာဝလွှဲနည်းဆောင်တစ်ခုပဲ၊ လူ့အခွဲအစည်း တည်ငြိမ်လာပြီး ခင်များရဲ့အရေအတွေး၊ ခင်များရဲ့ပြန့်ထောင်ရွက်ရွက်အရေးပညာရေးအဆင့်တွေကို သတ်မှတ်တဲ့ အခါ၊ လူတွေဟာ တူညီတဲ့လူတန်းစားထဲမှာ စောင်လက်ထပ်လာကြတယ်။ ဒါကြောင့် အခု ဆရာဝန်တွေကို ခင်များ စောင့်ကြည့်ရင်း၊ ရွေးခေတ်ကာလက၊ ဆရာဝန်တွေဟာ သူနာပြုမတွေကို လက်ထပ်ကြလေ့ရှိတာ ခင်များ တွေ့ရ လိမ့်မယ်။ ကလေးတွေက တချို့က ဆရာဝန်တွေဖြစ်လာကြတယ်။ တချို့က မဖြစ်ကြဘူး။

ဆရာဝန်တွေက ဆရာဝန်တွေကို လက်ထပ်ပြီး ကလေးတွေအားလုံးက သူတို့ဖြစ်ချင်ရာ ဆရာဝန်တွေဖြစ်လာကြတဲ့ ယနေ့အခါမှာ - တချို့က NUS (စင်ကာပူအမျိုးသားတက္ကသိုလ်) ကိုမရောက်ဘဲ နိုင်ငံခြားကို သွားနိုင်အောင်က်ပိုက်ဆံ ပေးကြရတဲ့အခါ၊ အရမ်းဒေါသဖြစ်ကြတယ်။ ဘာကြောင့်လဲ (DNA ရဲ့) double helix ကြောင့် နှစ်ဖက်စလုံးက မြင့်မားတဲ့ ဒီစွမ်းအင်အဆင့်၊ မြင့်မားတဲ့ IQ ကို ရရှိကြတာကြောင့်ဖြစ်တယ်။

တစ်ခါက ဗြိတိသျှတွေ၊ ကျွန်တော့်ကို လှပတဲ့ခွေးတွေပေးတယ်။ ဒီခွေးတွေက အမဲလိုက်ခွေးတွေဖြစ်ရဲ့ ခွေး တွေ။ ဒါပေမဲ့ ကျွန်တော့်ကို သူတို့ပေးတဲ့ခွေးတွေ၊ ဒါမှမဟုတ် ကာကွယ်ရေးဝန်ကြီးဌာနကို သူတို့ပေးတဲ့ခွေးတွေက အလှ ပြတဲ့ခွေးတွေဖြစ်နေတယ်။ ဒီတော့ (ဝန်ကြီး) ရိုကင်ဆွီးက သူတို့အတွက် အသုံးဝင်တာတွေကို မတွေးဘူး။ သူတို့ကို ရဲလေ့ကျင့်ရေးကျောင်းဆီ ပို့တယ်။ သူတို့က အလှပြိုင်တဲ့ခွေးတွေ။ သူတို့လှတယ်။ သူတို့ အိမ်မွေးတိရစ္ဆာန်ကောင်း တွေ ဖြစ်တယ်။ ဒါပေမဲ့ စကော့တလန်က ဒီခွေးတွေဟာ ခင်များကို ငါးဖမ်းပေးတယ်။ ငှက်တွေ ကောက်ပေးတယ် ဆိုတာ ကျွန်တော် စာထဲမှာ ဖတ်နေရတယ်။ ခင်များ ငှက်တွေ၊ ရစ်ငှက်တွေပစ်တယ်။ သူတို့ အဲဒီငှက်တွေကို အသာအယာငုံပြီး ခင်များဆီ ပြန်ယူလာတယ်။ ငှက်အသားကို သူတို့မကိုက်ဘူး။

၁၉၇၀ ပြည့်နှစ်မှာ အဲလက်ဇေါက်ဂလပ်ဟုမ်းက အဲဒီတုန်းက (ဗြိတိသျှ) အတိုက်အစံထဲမှာ ရှိနေတယ်။ သူဝန်ကြီး ဖြစ်လာတဲ့အခါ သူ့ကို ကျွန်တော်သိလာတယ်။ သူက ပြန်အလာမှာ သြစတြေးလျကာနေ လေယာဉ်စီးလာတယ်။ ဒါနဲ့ သူ့ကို ကျွန်တော် အိမ်မှာတည်းခိုခိုင်းတယ်။ ကျွန်တော်က...

"ခင်များရဲ့ခွေးတွေက ငါးဖမ်းနိုင်ပြီး ငှက်တွေကို ပြန်ရှိလာနိုင်တယ်လို့ ကျွန်တော် ဝေဖန်ရေးတယ်"

လို့ ပြောတယ်။ သူက...

"အို...မဟုတ်ဘူး။ သူတို့ကို အထူးတလှယ် လေ့ကျင့်ပေးထားပြီး၊ သူတို့အသိုးသီးက မျိုးရိုးရှိကြတယ်"

လို့ ပြောတယ်။ ကျွန်တော်က...

"ကျွန်တော့်ခွေးကတော့ အလှမွေးတာပါ။ ဒါကြောင့် သူများကို ပေးလိုက်ပြီ"

လို့ ပြောတယ်။ သူက...

"အို...ခင်များ ခွေးကို စိတ်ဝင်စားသလား"

လို့ပြောတယ်။ ၁၉၇၀ ခုနှစ်ရောက်တဲ့အချိန်မှာ သူ ဝန်ကြီးဖြစ်လာတယ်။ ကျွန်တော်တို့ ဒီမှာ ဓနသဟာယ ကွန်ဂရိုင့် တစ်ခုလုပ်တယ်။ သူက ကျွန်တော့်သမီးအတွက် ခွေးကလေးတစ်ကောင် ယူလာတယ်။ အဲဒါက ကျွန်တော်ရသမျှထဲ မှာ အသိဉာဏ်အရှိဆုံး ခွေးတစ်ကောင်ပဲ။ သူ့ကို ကျွန်တော်တို့ ရဲဌာနလေ့ကျင့်ရေးကျောင်းကို ပို့ပြီး အားလုံး လေ့ ကျင့်သင်ကြားခိုင်းတယ်။ အချိန်အတန်ကြာပြီးတဲ့နောက်မှာ သူ့ကို သင်ကြားထားတာတွေ၊ ကျွန်တော် လုပ်ခိုင်းတယ်။ ပြက္ခဒိန်တွေ သူလုပ်ရလွန်းလို့ ပျင်းရိလာတယ်။ သူ ထိုင်ပြတယ်။ လဲပြတယ်။ တွားသွားပြတယ်။ စသဖြင့် လုပ်ပြတယ်။ ပြီးတော့ သဘာဝစိတ်က သူ့ကိုပြောပြတယ်။ ခင်များ ရေထဲဆင်းတယ်။ ဒီလိုနဲ့ သူကလည်း အစွတ်နာရောဂါထဲကို

Scanned by CamScanner

ဆင်းတယ်၊ ကျွန်တော် တို့ သူ့ကို ရေချိုးပေးကြရတယ်၊
ဒါပေကြောင့် ဈေးတွေ ဒီလိုဖြစ်ကြရင် လူတွေလည်း ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော် ဆိုးဖြတ်တယ်၊
ဒါဝင်ရဲ့အယူအဆကို ယုံကြည်ပြီး သမ္မာကျမ်းစာနဲ့ ဖန်တီးခြင်းကို ယုံကြည်တဲ့ အမေရိကန်အခြေပြ
မဟုတ်ဘာကြောင့် ဒီဝါရင်္ဂာန်တွေနဲ့ ကျွန်တော်တို့အကြားမှာ အထူးသဖြင့် လူဝံနဲ့ ချင်ပန်ဇီတွေအကြား
ဆက်နွယ်မှုရှိရမယ်လို့ ကျွန်တော်ထင်တယ်၊

ပေး - လူအဖွဲ့အစည်း ဖွဲ့ဖြိုးတိုးတက်ပုံနည်းလမ်းနဲ့၊ ခင်ဗျားတွေ မြင်တဲ့အတိုင်း၊ လုပ်နည်းအစဉ် အမျိုးအစား
မလွှဲရှောင်သာမှုကို စဉ်းစားတဲ့အခါ ဒီကိစ္စမှာ အစိုးရရဲ့ကလွှက ဘာလဲ၊

ဖြေ - အစိုးရအတွက် ပြဿနာက နိမ့်ကျတဲ့အလွှာ ဘယ်တော့မှ အဝိမလိုက်နိုင်တဲ့အချိန်မှာ လူအဖွဲ့အစည်း
ခင်ဗျား ဘယ်လိုပေါင်းစည်းထားရမလဲဆိုတာပေါ့၊ ဒါကြောင့် နိမ့်ကျတဲ့ အစွန်အဖျားကလူတွေကို ကျွန်
ဒီလိုကမ်းလှမ်းတယ်၊ ခင်ဗျား ကလေးနစ်ယောက်မြောလို့၊ သားကြောဖြတ်ရင်၊ ခင်ဗျားကို ကျွန်တော်တို့ တိုက်
တစ်ခန်း အခမဲ့ပေးမယ်၊
ဘယ်သူမှမယူဘူး၊ ဘာကြောင့်လဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့သားကြောဖြတ်ပြီး၊ ခင်ပွန်းတွေက သူတို့
ခွာသွားကြတဲ့အခါ သူတို့ နောက်ယောက်ျားရှာကြရတာကြောင့်ပို့ပေါ့၊ ဒါပေမဲ့ ခင်ပွန်းအသစ်နဲ့ ကလေးမရှိ
အခြေမနိုင်တော့ဘူး၊ ဒါကြောင့် သူတို့ ကလေးတွေထပ်မွေးကြတယ်၊ ဒီလိုဆက်ဖြစ်နေရင်၊ ကျွန်တော်တို့မှာ
မကျတဲ့လူတွေများသထက်များလာပြီး၊ လူအဖွဲ့အစည်းတစ်ခုလုံးက သူတို့ကို သယ်ဆောင်ကြရတော့မယ်၊ ပို်
ဒီအမှန်တရားတွေအကြောင်းကို ဘယ်သူမှ မပြောချင်ကြဘူး၊

ပေး - ဒါက ဘဝအကျိုးပေးကြောင့် ဖြစ်ရသလို ပုံပေါ်လွန်းနေပြီ၊ စိတ်ဓာတ်ကျစရာကောင်းနေတယ်၊ အောက်ခြေ
ရာနိုင်နှုန်းထဲမှာရှိတဲ့ သူတို့ထဲကတချို့ဟာ၊ ပိုမိုကောင်းမွန်တဲ့အိမ်တွေမှာ မွေးဖွားတဲ့လူတွေထဲက တချို့လို တူညီ
အခွင့်အလမ်းမရှိတာကြောင့် အဲဒီနေရာကို ရောက်နေကြတယ်ဆိုတာ မဖြစ်နိုင်ဘူးမဟုတ်လား၊

ဖြေ - (ကုမ္ပဏီဥက္ကဋ္ဌ) လင်ဘီအုန်းရဲ့အဖေဟာ တက္ကဆိဒဂိုင်ဘာတစ်ယောက်အဖြစ် အစပြုခဲ့ရတယ်၊ သူမှာ အခွင့်အလမ်
မရှိခဲ့ဘူး၊ ဒါပေမဲ့ သူသားက အခွင့်အလမ်းရပြီး တက္ကသိုလ်ကိုသွားတယ်၊ ပြီးတော့ မြင့်တက်လာခဲ့တယ်၊

ပေး - လုပ်နည်းအစဉ်မျိုးစုံ ရှိပေမဲ့ ဒီဝန့် အောက်ခြေမှာရှိတဲ့ လူတွေကြားမှာ သူတို့ထဲကအချို့ဟာ သူတို့ကို ကူညီမြှင့်တင်
ပေးမယ့် အဝိကြီးစားအားထုတ်မှုကနေ အကျိုးကျေးဇူးရရှိဖို့ ဖြစ်နိုင်မလား၊

ဖြေ - ဘုရားသခင်ဟာ ခင်ဗျားတို့ကို အဲဒီပုံစံအတိုင်းဖန်ဆင်းခဲ့တယ်လို့ပြည်သူတွေကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပြော
ပြတယ်၊ ကျွန်တော်က ဘုရားသခင်မဟုတ်ဘူး၊ ခင်ဗျားတို့ကို ကျွန်တော် ထပ်မံဖန်ဆင်းနိုင်ဘူး၊ ခင်ဗျားတို့ကို အ
သင်ကြားပြသမှုနဲ့ ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင် ကျွန်တော်ပေးနိုင်တယ်၊ ဒါပေမဲ့ တိုးတက်ရရှိလာမယ့် အကျိ
ကျေးဇူးကတော့ ဒီလောက်သိပ်မများဘူး၊ ပြီးတော့ ပိုမိုကြီးမားတဲ့ ယန္တရားရှိတဲ့ တန်းတူရည်တူလူတွေကလည်း
တက်မှုတွေ မြှုပ်ကြလိမ့်မယ်၊ ဒီတော့ ကွာဟချက်က ဘယ်တော့မှစေ့မှာမဟုတ်ဘူး၊

Scanned by CamScanner

ဒါတောင်မှ ကျွန်တော်တို့ ကြိုးစားနေကြတယ်။ ကျွန်တော်တို့ အပြတမ်း ကြိုးစားနေကြတယ်။ သူတို့တွေကို အပို သင်ကြားပြသမှုတွေပေးတယ်။ သူတို့ကို အထူးတလုယ် ဂရုစိုက်တယ်။ သူတို့ကို အားပေးအားမြှောက်လုပ်တယ်။ ဒါပေမဲ့ ဟောပြောခဲ့တွေအတွက် ကျွန်တော် ဉာဏ်ပူဇော်ခရရင် အနိမ့်ပိုင်းအစွန်အဖျားကလူတွေကို ITE (နည်းပညာဆိုင်ရာ ပညာရေးသိပ္ပံ) ကနေ သိပ္ပံနဲ့ နည်းပညာတက္ကသိုလ်တွေ စသဖြင့်ဆီကို မြှင့်တင်ပေးနိုင်အောင်၊ ပညာသင်ဆုတွေပေးဖို့ လှုံ့ဆော်နိုးတယ်။ ဓဲ့ဖန်ရံခါမှာ တချို့က အောင်မြင်ကြတယ်။

ဒါပေမဲ့ သူတို့အောင်မြင်အောင် ကူညီဖို့အတွက် အပိုဝေငွေးနဲ့ ထောက်ပံ့မှုတွေ ကျွန်တော်တို့ ဆက်လက် ပေးနေမယ်။ ဒါပေမဲ့ ပွတ်တိုက်လိုက်ရင် ကျောက်စရစ်ခဲတစ်လုံးထက် ပိုမိုကောင်းမွန်လာနိုင်တဲ့ ကမ်းခြေပေါ်က ကျောက်စရစ်ခဲတွေကိုလည်း ဘယ်သူ ခွဲခြားသိရှိနိုင်မလဲ။ မိတ်ဆွေက သူတို့ရဲ့ကလေးကို အိမ်နီးချင်းရဲ့ကလေး လောက် မကောင်းဘူးဆိုတာကို လက်ခံမှာမဟုတ်ဘူး။

တန်ကျွန်ပါဂါနဲ့ ကရက်တာအရောက်ကို ကျွန်တော် စောင့်ကြည့်ခဲ့တယ်။ သူတို့က မဲဆန္ဒနယ်မြေအဟောင်းတွေ၊ ကျွန်တော့်အသိုင်းအဝိုင်းဝင်တွေက လှုပ်ရှားသူတွေကို ကျွန်တော်ကြည့်တယ်။ တချို့က တော်တဲ့ကလေးတွေ ရှိကြတယ်။ တစ်ယောက်က အရှေ မောင်အဲလီဘောက်ဆေးရုံမှာ ယူက်စိအထူးကုဖြစ်နေတယ်။ တချို့က ကိုယ်ပိုင် ကွန်ပိုက်ခန်းတွေ၊ ဒါမှမဟုတ် ကိုယ်ပိုင်ခြံဝန်းနဲ့ နေထိုင်တဲ့ ပညာရှင်တွေဖြစ်ကြတယ်။

ပြီးတော့ သိပ်မတော်တဲ့ကလေးတွေရှိကြတဲ့ လူတွေကတော့ အခန်း ၄ ခန်း၊ ၅ ခန်းရှိတဲ့ HDB (အိမ်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အခွဲ) တိုက်ခန်းရကြတယ်။ သူတို့မကျေမနပ်ဖြစ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ "ကျွန်တော့် အိမ်နီးချင်းရဲ့ကလေးတွေက ပိုပြီးအဆင်ပြေနေတာ ဘယ်လိုကြောင့်လဲ" လို့ သူတို့ မြောကြလို့ပေါ့။

သူတို့ရဲ့ကလေးတွေ အောင်မြင်အောင် မလုပ်နိုင်ကြလို့ပေါ့။ ဒါပါပဲ။ ဘယ်သူမှ သူတို့ရဲ့ကလေးတွေကို ဟန့်တား မထားကြဘူး။

ငယ - ဒီနေ့တက္ကစိုရိုင်ဘာတစ်ယောက်ရဲ့ထက်မြက်တဲ့ကလေးဟာ (ဒီနေ့ကိုမြောတာ၊ အတိတ်မဟုတ်ဘူး) လင်မျိုအွန်း ထိပ်ဆုံးကို တက်သွားသလို၊ အလားတူ အခွင့်အလမ်းရနိုင်သလား။

ဖြေ - အဲဒီကလေး ထက်မြက်ရင် သူကျောင်းမှာရှိနေပြီး အောင်မြင်လိမ့်မယ်။ သူရဲ့အစွမ်းအစတွေကို ဖွံ့ဖြိုးတိုးတက်စေမဲ့ အခွင့်အလမ်းတွေ သူအပြင်းဆန်မခံရဘူး။ နာမည်ကြီးတဲ့ကျောင်းတွေမှာလိုပဲ။ အနီးပတ်ဝန်းကျင်ကကျောင်းတွေမှာ အထောက်အကူပစ္စည်းတွေ အများကြီး ကျွန်တော့်ကို ထည့်ပေးနေကြတယ်။

ကျောင်းအထောက်အကူပစ္စည်းတွေ အဝတူဝဖြစ်နေတာမို့ ခင်ဗျား တွေ့မြင်နိုင်တယ်။ ကွန်ပျူတာတွေနဲ့ အားလုံး အစုံအလင်ရှိတယ်။ ကျောင်းဆုပ်တွေ၊ ဆရာ ဆရာမတွေရှိတယ်။

ငယ - ဒါပေမဲ့ မိသားစုကျောထောက်နောက်ခံရဲ့ကဏ္ဍကရော ဘယ်လိုလဲ၊ တက္ကစိုရိုင်ဘာရဲ့သားက ကျူရှင်အပိုတွေ အားလုံး တက်နိုင်ကောင်း တက်နိုင်လိမ့်မယ်။ ဒါက၊ ဆိုကြပါစို့၊ ဆရာဝန်တစ်ယောက်ရဲ့သားနဲ့ ယှဉ်ပြိုင်တဲ့အခါ သူရဲ့ အခွင့်အလမ်းတွေကို အတားအဆီး အနှောင့်အယှက် မဖြစ်ဘူးလား။

ဖြေ - ဆရာဝန်တွေကို လက်ထပ်တဲ့ ဆရာဝန်တွေရဲ့သားတွေ အများကြီးရှိတယ်။ သူတို့လောက် မထက်မြက်ကြတဲ့ ကြင်ဖော်တွေကို လက်ထပ်ကြတဲ့လူတွေဟာ သူတို့ရဲ့ကလေးတွေ မအောင်မြင်တာကြောင့် ဒေါသဖြစ်နေကြတယ်။

Scanned by CamScanner

ကျွန်တော့်ကလေးတွေကြီးပြင်းပါနေကြလဲ သူတို့ကို ကျွန်တော် ဘာပြောပြခဲ့တယ်ဆိုတာ စင်ဗျားကို ကျွန်တော်
ပြောပြပါရစေ။

"မင်းတို့ ကြိုးစားရေးဆွဲယ်တဲ့အခါ ဓာတ်သားနောက်ခံရော ဘာပြောခဲ့တယ်ဆိုတာကို သတိရကြ၊ အဲဒါမှမဟုတ် သင်
သေသေချာချာ ငဲ့ကွက်ကြ" လို့ ကျွန်တော် ပြောတယ်၊

ဒီလိုနဲ့ သုံးနှစ် သင်ဆုံးမှု ရိုးသင်းသွားတယ်၊

ကျွန်တော့်ရဲ့ဇာတ်ဝင် - အဝယ်ဆုံးပြဿနာ (လိမ္မာနဲ့လုံခဲ့ရဲ့အဝယ်ဆုံးသား) ကအခု NS (အမျိုးသားစစ်လေ့ကျင့်ရေး)ကို
တက်နေပြီး ပညာသင်ဆု အလွယ်တကူရနိုင်တယ်၊ ဒါပေမဲ့ သူ ပညာသင်ဆု မလိုချင်ဘူး၊ သူ IT တက်မယ်လို့
ကြံတယ်၊ ပြီးတော့ ပထမဦးဆုံးဘဲဥကို ရွေးနောက်မှာ သူ အဲဒီနေရာမှာနေပြီး ဖြစ်နိုင်သမျှ များများသင်ပေး
အတွေ့အကြုံယူပြီး အဲဒီနေရာမှာ အလုပ်ကောင်းကောင်းလုပ်မယ်၊ အဲဒီနောက်မြန်လာမယ်၊ ဒါမှမဟုတ် ဒုတိယ
ယူကောင်းယူမယ်၊

ကျွန်တော်က...

"မင်း အဲဒါကို ပညာသင်ဆုနဲ့တောင် လုပ်နိုင်တာပဲ"

လို့ ပြောတယ်၊ သူက...

"ဟင့်အင်း...ဟင့်အင်း...ကျွန်တော့်ဟာနဲ့ကျွန်တော် သွားမယ်"

လို့ ပြောတယ်၊

ဖခင်က သူ့ကို အလုပ်ဆီ မောင်းထုတ်သလား၊ မဟုတ်ဘူး၊ ဖခင်နဲ့မိခင်က သူတို့ကို တစ်ယောက်တည်း ထား
တယ်၊ သူတို့ အလုပ်လုပ်ကြတယ်၊ သူက စာအင်မတန်မရခတ်တယ်၊ သူက တွားသွားသတ္တဝါတွေနဲ့ ဒိုင်နိုဆောရ
စိတ် ဝင်စားတယ်၊ နောက်ဆုံးမှာတော့ IT ကို သူစိတ်ဝင်စားတယ်လို့ ဆုံးဖြတ်တယ်၊ ဒါပါပဲ၊
ပြီးတော့ အာရုံကြောပါရဂူဖြစ်တဲ့ ကျွန်တော့်သမီးက သူတို့အားလုံးကို စမ်းသပ်စစ်ဆေးခဲ့ကြတယ်၊ သူတို့ရဲ့IQ
ဘဝဝ အထက်မှာရှိတယ်၊ ဒါကြောင့် ပိဘတွေ မစိုးရိမ်မပူပန်ရဘူး၊ ဒါဟာ ဘဝရဲ့အဖြစ်မှန်တစ်ခုပဲ၊
ဒါကြောင့် ဘွဲ့ရတဲ့လူက ဘွဲ့ရတဲ့အမျိုးသမီးကို လက်မထပ်ချင်တဲ့အခါ သူ့ကို လူဖိုက်လို့ ကျွန်တော်ပြောတယ်၊
မရတဲ့လူကို ခင်ဗျားလက်ထပ်တယ်၊ ခင်ဗျားပြဿနာတွေ တွေ့တော့မယ်၊ ကလေးတချို့က ထက်ပြက်မယ်၊ ဘ
မထက်ပြက်ဘူး၊ ခင်ဗျား ဝိုးရိမ်မှုပန်ရတော့မယ်၊ ခင်ဗျား သေချာတယ်၊

ဇေး - ကျွန်တော့်အတွက် သိပ်မရှင်းလင်းတာက အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ၊ ဒါတွေ အားလုံး
အစိုးရရဲ့ကလွဲက ဘာလဲ၊

ဇမြ - အစိုးရရဲ့ကလွဲတာတွေအပေါ်တွင်...

Scanned by CamScanner

ဒါကြောင့် ကျွန်တော်တို့ပြုလုပ်ရမှာက သက်သာချောင်ချိရေးပေးဖို့ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဓကာင်းမွန်တဲ့ ပညာရေးနဲ့ ကြီးမားတဲ့ အကျိုးအမြတ်ပေးတယ်။ ခင်ဗျား အဲဒါကို သုံးစွဲပစ်မလား။ အဲဒီအပေါ်မှာ တည်ဆောက်မလားဆိုတာ ဆုံးဖြတ်တယ်။ အဲဒါကို ခင်ဗျား သုံးစွဲပစ်တယ်။ ဒါက ခင်ဗျားရဲ့ကိစ္စပဲ။ ဒီအပေါ်မှာ ခင်ဗျား တည်ဆောက်တယ်။ ခင်ဗျား ခြေစောင့်လက်စောင့် စုဆောင်းထားငွေရရှိတယ်။ သူတို့ကို ကျွန်တော် ဘာပေးသလဲ။ အိမ်တစ်လုံးပေးတယ်။ ခင်ဗျားမှာ လုံလောက်တဲ့ ပိုက်ဆံမရှိဘူးလား။ အိမ်တစ်လုံးဝယ်ဖို့ ခင်ဗျားကိုဖထောက်ပံ့ငွေပေးဖို့ အပိုအလျှံတွေရှိတဲ့အခါ ခင်ဗျားကို အပိုဆုကြေး ရှယ်ယာတွေပေးတယ်။ ခင်ဗျား ဘတ်စ်ကားခ အခမဲ့ လိုရှင်သလား။ ခင်ဗျား ဒုက္ခရောက်နေသလား။ ဒီမှာ ခင်ဗျားကို ကျွန်တော် ဒီပိုက်ဆံ ဒါမှမဟုတ် ရပိုင်ခွင့်တွေပေးမယ်၊ ခင်ဗျား ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်။ ခင်ဗျား အလုပ်လုပ်နိုင်တယ်။ ဒါမှမဟုတ် အဲဒါကို သုံးစွဲနိုင်တယ်။ ထက်ပြက်မှုနည်းတဲ့လူတွေက သူတို့ရဲ့ရှယ်ယာတွေကို ရောင်းပြီး ပိုက်ဆံတွေကို သုံးပစ်ကြတယ်။ သူတို့ထဲကအများစုက အဲဒါကို စုဆောင်းထားကြတယ်။ သူတို့ အရင်းရှင်အသေးစားတွေ ဖြစ်လာကြတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ဥစ္စာပစ္စည်းပိုင်ဆိုင်တဲ့ ဒီမိုကရေစီရှိတယ်။ ခင်ဗျားပိုင်ဆိုင်တဲ့ ပမာဏက ခင်ဗျားရဲ့စွမ်းဆောင်ချက်ပေါ်မှာ မူတည်တယ်။

ဥစ္စာပစ္စည်းပိုင်ဆိုင်တဲ့ ဒီမိုကရေစီကို ကျွန်တော်တို့ဖန်တီးခဲ့ကြတယ်။ ဒါကြောင့် ဝင်ကာပူမှာ ကျွန်တော်တို့ တည်ငြိမ်မှုရတယ်။ ပြည်သူတွေကို ဒီတိုင်းပြည်ကို ခင်ဗျား ကာကွယ်စေချင်တယ်။ သူတို့ကို ခင်ဗျား အရင်းအနှီးတစ်ခုပေးရမယ်။ ဖားအိစ်ပရောဖါတီ၊ ဒါမှမဟုတ် ဟောင်လျောင်၊ ဒါမှမဟုတ် တစ်ယောက်ယောက်အတွက် ဒီတိုင်းပြည်ကို သူတို့ ကာကွယ်မှာ မဟုတ်ဘူး။ ဒီအိမ်ကို ခင်ဗျားပိုင်တယ်။ ခင်ဗျားမိသားစုနဲ့ ခင်ဗျားကိုယ် ခင်ဗျားအတွက် ခင်ဗျားတိုက်ခိုက်မယ်။

ဒါက အလုပ်ဖြစ်တယ်။ ဘာကြောင့်လဲ၊ ကျွန်တော်တို့က လူသားသဘာဝနဲ့ ညီညွတ်နေကြတာကြောင့်ပဲ။ စင်ကာပူသားတွေအားလုံးကို ယေဆွတ်ဘရင်ဂျဲဘုန်းကြီးတွေဖြစ်အောင် ခင်ဗျား လုပ်နိုင်မလား။ ယေဆွတ်ဘရင်ဂျဲဘုန်းကြီးတွေက သူတို့ကိုယ်သူတို့ စတေးကြတယ်။ အဲဒီလိုလူတွေ ရှိကြတယ်။ ဒါပေမဲ့ ဘယ်လောက်များများရှိမလဲ။ ဒီနေ့ အချိန်မှာ ဘုရားကျောင်းမှာ ယေဆွတ်ဘုရင်ဂျဲဘုန်းကြီးတွေ ဘယ်လောက်များများရှိသလဲ။ ကျွန်တော်တို့က လူသားသဘာဝကို သူရှိနေတဲ့အတိုင်း လက်ခံတယ်။ ပြီးတော့မှ အဲဒီအပေါ်မှာ ကျွန်တော်တို့ရဲ့စနစ်ကို အခြေခံတယ်။ ခင်ဗျားရဲ့စနစ်ဟာ လူသားဘဝက အဲဒီလိုရှိတယ်ဆိုတာကို လက်ခံရမယ်။ မက်လုံးတွေ၊ မက်လုံးမဟုတ်တာတွေနဲ့ လူအဖွဲ့အစည်းအတွက် ပြည်သူတွေထဲက အကောင်းဆုံးလူတွေကို ကျွန်တော်တို့ရယူတယ်။ ထိပ်ဆုံးအလွှာက သူတို့ရဲ့ဆုလာဘ်တွေကို များပြားလွန်းစွာ ခင်ဗျားဖယ်ရှားရင် သူတို့ ရွှေ့ပြောင်းအခြေချကြလိမ့်မယ်။

နောက်မှာ ကျွန်ရစ်ခဲ့ကြတဲ့လူတွေနဲ့ အသက်ကြီးတဲ့လူတွေက လူမှုရေးအကျိုးအမြတ်တွေကို ပိုမိုလိုအပ်ပြီး တောင်းဆိုလာတဲ့အခါ ရွေးလာမယ့်နစ်တွေမှာ အခွန်ဘက္ကာဆိုင်ရာ ဖိအားပေးမှုတွေကို အစိုးရရင်ဆိုင်ရလိမ့်မယ်။ တစ်ချိန်တည်းမှာ အခွန်နှုန်းတွေ ကျဆင်းနေတယ်။ အဲဒါကို ဘယ်လိုနိုင်နင်းအောင်လုပ်မလဲ။

ကျွန်တော်တို့ရဲ့ ဘက္ကာရင်္ဂနဲ့ အသုံးစရိတ် ဘယ်လိုကြီးထွားမယ်ဆိုတာ ကျွန်တော် ကြို့တင်မခန့်မှန်းနိုင်ဘူး။ အသက်အရွယ်ကြီးရင့်သူတွေရှိတော့ ကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေက အလွန်ကြီးမားတဲ့ ဘတ်

Scanned by CamScanner

ကျက် ကိစ္စတစ်ခု ဖြစ်လာလိမ့်မယ်။ (ကျန်းမာရေးဝန်ကြီး) ခေါ်ဘွန်ဝမ်က ဒီပြဿနာတွေအတွက် ကြိုးစား
ဆောင်ရင်း သူရဲ့အချိန်အတော်များများကို ကုန်လွန်စေခဲ့တယ်။ အသက်ကြီးရင့်သူတွေရဲ့မြင့်မားတဲ့ ကုန်ကျ
တွေကို သက်သာအောင် သူ ကြိုးစားတယ်။ ကာလကြာရှည်ဖျားနာမှု၊ ဆီးချိုရောဂါ၊ ကိုလက်စထရောလ်
အတွက် ပိုမိုကောင်းမွန်တဲ့ ကုသမှု တွေ လုပ်ပေးတယ်။ ဆေးဝါးတွေ ထပ်မံရရှိဖွတွေရှိမှုကြောင့် အသက်
လာကြလိမ့်မယ်။ စင်ကာပူသားတွေက အကောင်းဆုံးကို လိုချင်ကြတယ် ဘာကြောင့်လဲဆိုတော့ အသက်
တော်တို့ အကောင်းဆုံးဆေးဝါး ဝန်ဆောင်မှုကို ရရှိထားကြလို့ပါ။
စင်ထူးပိုက်ဆံပေးပြီး အကောင်းဆုံးကို ရွေးနိုင်နေတဲ့အခါမှာလိုကပိုင်ဆေးရုံတွေ စင်ထူး ဘာကြောင့်ဟုတ်
ကျွန်တော် သီးသန့်ဆေးရုံတစ်ရုံ တည်ဆောက်မယ်။ ဘယ်သူမှ ဆေးရုံတစ်ရုံတည်ဆောက်ဖို့ ပိုက်ဆံ
ဘာကြောင့်လဲဆိုတော့ အဲဒါက ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်နေတယ်။ အစိုးရပိုက်ဆံ ကျွန်တော်အသုံး
ဆေးရုံတစ်ရုံ ဆောက်မယ်။ ပစ္စည်းကိရိယာတွေ ထည့်ပေးမယ်။ ပြီးတော့...
"ကောင်းပြီ၊ ကျွန်တော်တို့ ဆေးရုံကို ဝန်ထမ်းတွေဖြည့်ပေးမယ်။ နေရာအသုံးပြုမှုအတွက် စင်ထူးကို ကျွန်းမာ
ငှားရမ်းခကောက်ခံမယ်။ စင်ထူးရဲ့ဆေးအမှုထမ်းအဖွဲ့နဲ့ အရာရာတိုင်းအတွက် စင်ထူး တဖြည်းဖြည်း ပေးဆပ်
နိုင်ငံခြားလူနာ၊ ဒေသတွင်းလူနာ၊ ဘယ်သူကိုမဆို စင်ထူး ကုသနိုင်တယ်။ စင်ထူးကြွေးကော်သလောက် အဆင့်
ကောက်ခံနိုင်တယ်။ ပြီးတော့ အသည်းအစားထိုးကုသမှုတွေ၊ လူတွေလိုချင်တဲ့အစားထိုးကုသမှုတွေ စင်ထူးမှာ
တယ်"
လို့ ကျွန်တော်က ပြောတယ်။
စင်ထူး အဲဒါတွေကို SGH (စင်ကာပူ အထွေထွေ ရောဂါကုဆေးရုံ) မှာ စတင်ပြုလုပ်ရင် လူတွေက "သူတို့
နေရာကိုသွားကြပြီး ဒါကို ရကြတယ်။.....ငါကျတော့ ဒါကို မရခဲ့ဘူး" လို့ ပြောကြလိမ့်မယ်။ ဒါက ပြဿနာပဲ

ေမး - ငယ်ရွယ်တဲ့ဝန်ကြီးတွေက အဲဒါကို ဘာကြောင့် မလုပ်ကြတာလဲ။

ေျဖ - ကြီးမားတဲ့ အခက်အခဲတစ်ခု ရှိမှာကြောင့်ဖြစ်တယ်။ အင်္ဂလန်မှာ တိုရီပါတီ (ကွန်ဆာဗေးတစ်) က ပုဂ္ဂလိက
တချို့စတင်ပြုလုပ်ဖို့ကြိုးစားတယ်။ ဒါဟာ အလွှာနစ်လွှာစနစ်နဲ့ အဆုံးသတ်မယ်လို့ပြည်သူတွေက ချက်ခြင်း
ကြတယ်။ အခု တိုရီပါတီက ရွေးကောက်ပွဲကို အနိုင်ရချင်နေကြတာကြောင့် "ကျွန်တော်တို့ အစိုးရထဲကို ရောက်
အမျိုးသား ကျန်းမာရေးဝန်ဆောင်မှုကို ထားမယ်" လို့ ကတိပေးတယ်။ သူတို့ ညပ်နေကြတယ်။

ေမး - စင်ထူး ကြီးကြပ်ရရင် ငယ်ရွယ်တဲ့ဝန်ကြီးတွေမလုပ်ပေမဲ့ စင်ထူးလုပ်မယ့် အရာဝတ္ထုနှစ်ခုကို ဒီအင်တာဗျူ
စင်ထူး ဖော်ပြခဲ့တယ်။ ဒါဟာ စင်ထူးအတွက် စိုးရိမ်မှုပန်စရာ ဖြစ်နေသလား။

ေျဖ - ဟိုတစ်ချိန်တုန်းက ရခဲ့တဲ့ အခြေအနေမျိုးနဲ့ ကျွန်တော် ကြီးကြပ်ရရင် ဟုတ်တယ်။ အခုအချိ အခြေအနေမျိုး
ကျွန်တော့်ကို အဲဒါပြုလုပ်ခွင့် ပြုမလားဆိုတာ ကျွန်တော် ကျိန်းဒသမပြောနိုင်ဘူး။

Scanned by CamScanner

ဧမး - ငယ်ရွယ်တဲ့ဝန်ကြီးတွေဟာ ပိုပြီး မာကြောတယ်၊ ဒါမှမဟုတ် ခက်ခဲတဲ့ အနေအထားတွေ မလုပ်ချင်ကြဘူးလို့ ခံစားချက်တစ်ခု ခင်ဗျားရဲ့ကိုယ်ထဲမှာ ကျွန်တော် ရှာတွေ့မိသလား။

ဖြေ - မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော် အဲဒီလို မထင်ဘူး။ လွှမ်းမိုးနေတဲ့ အပြုအမူ သဘောထားတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို သူတို့ ထည့်သွင်းစဉ်းစားကြရတယ်၊ ဒီမျှော်လင့်ချက်တွေကို ခင်ဗျား ရုတ်တရက် နှိမ့်ချလို့ မရဘူး (ပြင်သစ်သမ္မတနိုင်ငံလား) ဆာကိုဇီကိုကြည့်ပါ၊ ပြင်သစ်တွေမှာ ဘဝပုံစံတစ်မျိုးရှိတယ်။ သူတို့ရဲ့အလုပ်ကို သူတို့ အာမခံရစေချင်တယ်။ ဂလိဘယ်လိုက်ဇေးရှင်းလုပ်နေတာတွေ၊ ဘဏ်တွေ ပြိုကွဲကျနေတာတွေ သူတို့ ဂရုမစိုက်ဘူး၊ ကိစ္စမရှိဘူး၊ ဆာကိုဇီ၊ မင်း ဒါကိုရှင်းရတယ်၊ မင်း ဒါကို မရှင်းရင် ငါတို့ အကြီးအကျယ် ဆန္ဒပြမယ်၊ ကားလမ်းတွေပိတ်မယ်၊ အလုပ်သမားတွေရဲ့အစွမ်းကို ပြရအောင် ရထားလမ်းကို တစ်ရက်လောက် ပိတ်ထား မယ်။
အဲဒါကို ဆာကိုဇီ ထည့်သွင်းစဉ်းစားရတယ်။ အခြေအနေတွေကို ပြောင်းလဲဖို့အတွက် သူ ဘာလုပ်နိုင်တယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ တော်လှန်ပုံကန်မှု ရှိမယ်ဆိုတာလည်း သိတယ်။ ဒါဟာ ပြင်သစ်က အခြေအနေပဲ။ ကျွန်တော် ပြင်သစ် အခြေအနေရှိနေရင် ဘာလုပ်နိုင်သလဲ။
လူအဖွဲ့အစည်းဆိုတာ ငြိမ်မနေဘူး။ ကမ္ဘာကြီးက ငြိမ်မနေဘူး။ ကမ္ဘာ့အဖြစ်အပျက်တွေ စီးဆင်းမှုနဲ့အတူ ခင်ဗျား သွားရမယ်။ ဝင်ကာပူက ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်နေတဲ့ အရာတွေနဲ့ အသေးစားပြယုဒ်တစ်ခုပါ။

ဧမး - အစိုးရဟာ တခြားအောင်မြင်မှုလမ်းကြောင်းတွေ ဖန်တီးနိုင်သလား။

ဖြေ - ကျွန်တော်တို့ ကြိုးစားခဲ့ကြတယ်၊ ကျွန်တော်တို့ အရှုံးတွေလို ကြိုးစားနေကြတယ်။ တောင်တကျောင်းတွေ၊ အနုပညာကျောင်းတွေ၊ အားကစားကျောင်းတွေ လုပ်တယ်။ ခင်ဗျား အသက်မွေးဝမ်းကျောင်းလုပ်နိုင်ပြီး ပိုမိုသာလွန်ကောင်းမွန်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိတယ်။ ဟုတ်တယ်မဟုတ်လား။ ပညာရေးလောက်သာ မဟုတ်ဘူး။ နှန်ယန်သိပ္ပံနဲ့ နည်းပညာတက္ကသိုလ်ကို ကျွန်တော်သွားပြီး အဲဒီနေရာ တစ်ရက်နေတယ်။ အဲဒီမှာ မလေးမလေး တစ်ယောက်ရှိတယ်။ သူမရဲ့ဂရုပ်ဖစ်တွေက အရောင်အသွေး အံ့လင်ဆုံးပဲ။ သူမက အဲဒီမှာရှိတဲ့ တခြားကျောင်းသားတွေထက် သာလွန်ကောင်းမွန်တယ်။ သူမမှာ အဲဒီအရွယ်းအစရှိနေတာကြောင့်ပေါ့။ အရောင်အသွေး၊ ဆက်စပ်မှု၊ ပုံသဏ္ဌာန်တွေရှိတယ်။ မလေးအိမ်တွေကို ခင်ဗျားသွားကြည့်၊ အဲဒါတွေကို တွေ့လိမ့်မယ်။ လှလှပပ ဆင်ထားကြတယ်။ တရုတ်အိမ်တွေကို ခင်ဗျား သွားကြည့်၊ သူတို့တွေကတော့ ကြမ်းကြမ်းတမ်းတမ်းတွေပဲ။ ကန့်လန့်ကာတွေ၊ ကော်အောတွေနဲ့ ပတ်သက်ပြီး သူတို့ ပိုက်ဆံမသုံးကြဘူး။
ဒီမယ် ကျွန်တော့်မှာ ကလေး ၃ ယောက်ရှိတယ်။ မူလတန်းကျောင်းကနေ တက္ကသိုလ်အထိ သူတို့ရဲ့ပင်ကို အရည်အချင်းမှတ်တမ်းက တိတိကျကျကို တစ်ပုံစံတည်းဖြစ်နေတယ်။ အမျိုးအစားကွဲလွဲမှု နည်းနည်းပဲရှိတယ်။ သခ်ာ၊ သိပ္ပံ၊ စာစီစာကုံးအရေးအသားနဲ့ ဘာသာစကားတွေမှာ သူတို့တော်တယ်။ ပုံဆွဲတာနဲ့ တေးဂီတတို့ကြတော့ အတန်းထဲမှာ ဘိတ်ချိုးဖြစ်နေကြတယ်။
ဟုတ်တယ်၊ ယောကျ်ားကလေးတွေက တူဘာ၊ ကလဲရိုနက်နဲ့ ဆက်ဇ်ဖုန်း တီးမှုတ်နည်းကို သင်ကြတယ်။ သူတို့ ထက်မြက်ကြတယ်။ ဂီတနတ်တွေ ဝင်ပူးတို့ဖတ်ပြီး အသံတွေထုတ်ကြတယ်။ ဒါပေမဲ့ အနုပညာတော့ သိပ်မဆန်ဘူး။ တခြားတစ်ဖက်မှာတော့ သဘာဝတေးဂီတပညာရှင် ဖီလစ်ပိုင်တစ်ယောက်ကို ခင်ဗျားကြည့်။ သူက အဲဒါကို နား

Scanned by CamScanner

ထောင်တယ်၊ ဂီတနတ်တွေကိုမကြည့်ဘဲနဲ့ ခင်ဗျားအတွက် သူအသံတွေပြန်ထုတ်ပေးနိုင်တယ်၊ သူက ဝိတ်အပွဲမဲ့ ဂီတအပွဲမ်း ရှိတယ်၊

ဒါကဦးနောက်ခဲ့ဘယ်ဘက်အစိတ်အပိုင်းလဲဆိုတာ ကျွန်တော်မသိဘူး၊ ဒါပေမဲ့ ခင်ဗျားအယ်ဒိုင်မာရောဂါဖြစ်ပြီးလို့ စဉ်းစားဉာဏ်မရှိတော့တဲ့ အခါတောင်မှ၊ ခင်ဗျား စန္ဒရား ပညာရှင်တစ်ယောက်ဖြစ်ပြီး ဘုရားဂုဏ်တော်သီချင်းတွေ တီးခတ်ခဲ့ဘူးရင်၊ စန္ဒရားဆီကို ခင်ဗျားသွားပြီး အဲဒါကို တီးခတ်တယ်၊ အဲဒါဟာ အံ့ဖွယ်ကောင်းတဲ့ အရာတွေထဲက တစ်ခုပဲ၊ တေးဂီတနဲ့သက်ဆိုင်တဲ့ ဦးနောက်အခြမ်းက စကားပြောတဲ့၊ သချာတွက်ချက်တဲ့အခြမ်းနဲ့ ကွဲပြားခြားနားတယ်၊ ဒါက တွားသွားသတ္တဝါတွေရဲ့စိတ်ထဲက မူလအရောဝတ္ထုနဲ့ ပိုတူတယ်၊ အဲဒါ ကျွန်တော့်ဆီမှာ မရှိဘူး၊ ကျွန်တော့်နေ့မှာလည်း မရှိဘူး၊ ဒါကြောင့် အဲဒီဂုဏ်အင်္ဂါက ဘယ်တော့မှ ဖြစ်မလာဘူး၊ အဲဒါကို ကျွန်တော် လက်လွှတ်ထားတယ်၊ ဒါပေမဲ့ ကျွန်တော့်သား လုန်းက တေးဂီတဝါသနာပါတဲ့ ပိန်းကလေးတစ်ယောက်ကို လက်ထပ်တယ်၊ ပြီးတော့ သမီးနဲ့သား နှစ်ယောက်စလုံးက တေးဂီတ ဝါသနာပါကြတယ်၊ သူမက စန္ဒရားနဲ့ ဂွင်တူရိယာ တီးခတ်တယ်၊

ခင်ဗျားကို ကျွန်တော် နောက်ထပ် နမူနာတစ်ခုပေးမယ်၊ ဒါက ကျွန်တော့်အတွက် မမေ့နိုင်တဲ့ သင်ခန်းစာတစ်ခုပါ၊ ဂျပန်ဥယျာဉ်နဲ့တူတဲ့ ရုံးပုတ်တွေ၊ လှပတဲ့သစ်ပင်တွေရှိတဲ့ကားလမ်းအိုင်းပတ်တွေကျွန်တော်လိုချင်တယ်၊ ဒါကြောင့် ဂျပန်ဥယျာဉ်အလှဆင်တဲ့ လွန်စ်ယောက်ကို ကျွန်တော်တို့ ခေါ်ကြတယ်၊ အဲဒါက တစ်စိတ်တစ်ပိုင်းအားဖြင့် ဂျပန်အကူအညီအစီအစဉ်နဲ့ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါနဲ့ သူတို့က ဒီမှာ ၉ လလောက်နေကြပြီး ကျွန်တော်တို့လူတွေကို သင်ကြားပေးကြတယ်၊ အဲဒီနောက် ကားလမ်းအိုင်းပတ်တွေနဲ့ လမ်းထောင့်တွေ အရမ်းလှပနေတာ ခင်ဗျားတွေ့မြင်နိုင်တယ်၊ ပြီးတော့ သူတို့ပြန်သွားကြတယ်၊

ဒါပေမဲ့ အဇိန်အတန်ကြာပြီးနောက်မှာ ဥယျာဉ်ခြံတွေက နဂိုအခြေအနေကို ပြန်ရောက်ကုန်ကြတယ်၊ ဒီတော့ ကျွန်တော်က...

"ဘုရားရေ...ငါတို့လူတွေ လုပ်နိုင်တယ်လို့ ငါထင်နေတာ" လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော်တို့က ဂျပန်အစိုးရကို သူတို့ကို ပြန်ခေါ်လာဖို့ တိုက်တွန်းတယ်၊ အဲဒီလွန်စ်ယောက်က ကျွန်တော့်ကိုပြောပြတယ်၊

"ဂျပန်မှာ ဧာဧစောပိုင်း အသက်အရွယ်ကစပြီး ခင်ဗျားမှာ ဒီအနုပညာ အရည်အချင်း - ပုံစံ၊ ပုံသဏ္ဌာန်၊ အလှအပ အချိုးအစား - ရှိသလားဆိုတာ သူတို့ကြည့်ကြတယ်၊ ခင်ဗျားအလွန်ကောင်းရင် ပန်းချီဆရာ၊ ဒါမှမဟုတ် ပန်းပုဆရာ ဖြစ်လာမယ်၊ ခင်ဗျား သိပ်မကောင်းရင် ပြတင်းပေါက်အလှဆင်သူ၊ ဒါမှမဟုတ် ဖက်ရှင်ဒီဇိုင်းထွင်သူ ဖြစ်လာမယ်၊ တချို့က ဥယျာဉ်ခြံအလှဆင်သူတွေ ဖြစ်လာတယ်၊ ဒါပေမဲ့ ခင်ဗျားမှာ အရည်အချင်းတော့ ရှိရမယ်" လို့ သူတို့ကပြောတယ်၊

သူတို့က ဆက်ပြောတယ်၊

"ခင်ဗျားက သူတို့ကို ဂျောင်းစာ A-level ရလဒ်ပေါ်မူတည်ပြီး အလုပ်ခန့်ထားတာကိုး"

"အို...ကျွန်တော် ပိုက်ဆံတဲ့လုပါလား"

လို့ ကျွန်တော်က ပြောတယ်၊

ဒါနဲ့ ကျွန်တော်တို့ ချက်ချင်းအပြောင်းအလဲလုပ်ရတယ်၊ အခု အစွတာနာကို ခင်ဗျားကြည့်ပါ၊ သစ်ပင်တွေ၊ ပုံသဏ္ဌာန်တွေအားလုံးတိုးတက်လာပြီး ဘာကြောင့်လဲဆိုတော့ သချာနဲ့ သိပ္ပံမှာ A အဆင့်ရှိတဲ့လူတွေ မလုပ်နိုင်ကြတဲ့၊ ခင်ဗျား

Scanned by CamScanner

ဒီချုပ်တွေကို အတူစုထားရင် ဘယ်လိုပုံနဲ့တူမယ်ဆိုတာကို စိတ်ကူးကြည့်နိုင်တဲ့ သူတို့ရဲ့အစွမ်းအစအပေါ် အခြေခံပြီး ကျွန်တော်တို့ရဲ့လူတွေကို ကျွန်တော်တို့ရွေးချယ်နေကြလို့ပေါ့။ ဒါကြောင့် HDB တိုက်ခန်းတွေအားလုံးကို ခင်ဗျားကြည့်ပါ။ အားလုံး တစ်ပုံစံတည်းဖြစ်နေကြတယ်။ ဒါက နောက်ထပ် သင်ခန်းစာတစ်ခုပါ။

ဃး - မိုးရိုးဝီဇဆိုင်ရာ ဩဇာလွှမ်းမိုးမှုက အတိအကျကို ကြိုးမားတဲ့ အစိတ်အပိုင်းတစ်ခုပါဝင်နေသလို လူ့အဖွဲ့အစည်းကို ညှိပေးသူအဖြစ် ပညာရေးကလည်း အသေအချာ ရှိနေသလား။

ဖြ - ဒါတွေအားလုံး ခင်ဗျား ကျွန်တော့်ကို ပြောပြဖို့ မလိုပါဘူး။ ဒါနဲ့ပတ်သက်တဲ့ စာပေတွေအားလုံး ကျွန်တော် ဖတ်တယ်။

ဃး - ဒီအတွက် ကျွန်တော်တို့ သုတေသနလုပ်နေတဲ့အခါတချို့ညွှန်းဆိုကိန်းတွေအရပညာရေးအတွက် စင်ကာပူရဲ့သုံးစွဲမှုက တောင်ကိုးရီးယား၊ ထိုင်ဝမ် စသဖြင့်တို့နဲ့နှိုင်းယှဉ်ရင် နိမ့်ကျနေပုံပေါ်တဲ့အတွက် ကျွန်တော်တို့ အတော်ကလေး အံ့သြမိကြတယ်။

ဖြ - သူတို့က ကျွန်တော်တို့ထက် ပိုကောင်းနေကြလို့လား။ ထိုင်ဝမ်က ကျွန်တော်တို့ထက် ပိုကောင်းနေသလား။

ဃး - ကျွန်တော်တို့ရဲ့ နောက်မျိုးဆက်ထဲမှာ ရင်းနှီးမြှုပ်နှံတဲ့သဘောနဲ့ ပိုပြီး မလုပ်နိုင်ဘူးလား။

ဖြ - ပညာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်အသုံးစရိတ်က နှစ်အတော်ကြာကာလမှာ ပြင့်တက်လာနေခဲ့တယ်။ အများဆုံး တန်ဖိုးကို ရရှိဖို့အတွက် ကျွန်တော်တို့ တတ်နိုင်သမျှ အများအပြား ပြုလုပ်နေကြတယ်။ ဒါကြောင့် ဒီကျဆင်းမှုမှာ ရှပ်ပိုင်းဆိုင်ရာ ကိရိယာတွေအားလုံး၊ စာတ်ခွဲခန်းတွေနဲ့ အရာရာတိုင်း ကျွန်တော်တို့ ရထားကြတယ်။ ဘာတွေလိုနေသလဲ၊ အရည်အချင်းရှိတဲ့ ဆရာဓတ္တုလိုနေတယ်။ ဒါကြောင့် မူလတန်းကျောင်းအဆင့်ကနေ အထက်ကိုသာမကဘဲ၊ မူကြိုကျောင်းအတွက်လည်း အရည်အချင်းရှိတဲ့ဆရာတွေ ပိုမိုငှားရမ်းဖို့ ကျွန်တော်တို့ ဖမျှော်လင့်နေကြတယ်။ မူကြိုကျောင်းဆရာတွေအားလုံးကို မွမ်းမံသင်တန်းအတွက် ကျွန်တော်တို့ ဖလွှတ်နေကြတယ်။ ဒါပေမဲ့ ဒါက အရောင်တင်ဂုဏ်တင်ပါ။ ပြီးတော့ အရောင်တင်ထိုက်ရင် ကျောက်ခဲတစ်လုံးကိုလည်း ခင်ဗျားအရောင်တင်နိုင်လိမ့်မယ်။ (ရယ်မောလျက်) ခင်ဗျားပင်လယ်ကမ်းဖြဆီကို သွားပါ။ ကျွန်တော့်ဇနီးကတော့ ကျောက်စရစ်ခဲတွေကောက်လေ့ရှိတယ်။ နှစ်သက်စရာကောင်းတဲ့ ကျောက်ခဲတစ်လုံးရှိရင် သူမ ကောက်ယူလိမ့်မယ်။ လုံးလုံးဝိုင်းဝိုင်းကလေးတွေ၊ သူမက အဲဒါတွေကို သစ်သားသေတ္တာကလေးထဲမှာ၊ ဒါမှမဟုတ် သစ်သားလင်ဝန်းကလေးထဲမှာထည့်ပြီး အဲဒါတွေကို သဘော ကျနေတယ်။ အန္တရာယ်ကင်းပြီး အလွန် အကုန်အကျသက်သာတဲ့၊ သဘာဝ ချစ်မြတ်နိုးတဲ့ နည်းလမ်းပေါ့။ ဒါပေမဲ့ ကျောက်ခဲအားလုံး အဲဒီလိုမဟုတ်ဘူး။ ဒါဟာ ဘဝပဲ။

Scanned by CamScanner

ငယ - ဒီနေ့စနစ်ဟာ အရောင်တင်ခံနိုင်စွမ်းရှိတဲ့ ကျောက်စရစ်ခဲတွေကို ကောက်ယူနိုင်တယ်လို့ စင်ဂျား ဘယ်နှ
ယုံကြည်စိတ်ချနေမလဲ၊

ငမြ - ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားနေကြတယ်၊ စင်ဂျားမှာ ပိုကောင်းတဲ့ အကြံအစည်ရှိရင် ပညာရေးနဲ့ဆိုင်
ဒါမှမဟုတ် MCYS (အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ လူငယ်နှင့်အားကစား) ကို စင်ဂျားပြောပြလို့
သူတို့က အဲဒါကို ဆွေးနွေးကြလိမ့်မယ်၊ လက်တွေ့ကျရင် အဲဒါကို သူတို့ အကောင်အထည်ဖော်ကြလိမ့်မယ်၊ ကျွန်
တော်တို့ အကောင်းဆုံး ကြိုးစားတယ်၊ အဲဒါကို ကျွန်တော်တို့ မလုပ်ချင်ကြဘူးဆိုတာ မဟုတ်ဘူး၊ ဒါပေမဲ့ စံ
လက်ခံတဲ့ အကန့်အသတ်ရှိတယ်၊

ငမ - ဒါပေမဲ့ တိုးပွားလာပုံအရတောင် အဲဒါက လုပ်ဖို့ ထိုက်ပါသလား၊

ငမြ - ကျွန်တော်တို့ ကြိုးစားနေကြတယ်၊ ဒီမယ် ... မင်းဒါကို (မလေးမွတ်ဆလင် ကိုယ့်အားကိုယ်ကိုးအဖွဲ့) နဲ့ မူဆ
(စင်ကာပူ အစွလာပ်ဘာသာရေးကောင်စီ) တို့ အတော်ကြိုးစားအားထုတ်မှု လုပ်နေကြတယ်၊ သခ္ဂါနဲ့ သိပ္ပံမှာ
တိုးတက်တဲ့ ပြုမူဆောင်ရွက်ချက်ရှိတယ်၊
ဒါပေမဲ့ အိန္ဒိယသားတွေနဲ့ တရုတ်တွေရဲ့ကြားက ကွာဟချက်ကို သူတို့ ဘယ်တော့မှ စေ့နိုင်မှာ မဟုတ်ဘူးလို့
မလေးခေါင်းဆောင်တွေကို ကျွန်တော်ပြောပြတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ တိုးတက်တဲ့အခါတွေးလုပ်ရ
ကလည်း တိုးတက်နေကြတာကြောင့်ပဲပေါ့၊ ဒီတော့ ကွာဟချက်က ရှိနေတယ်၊ သူတို့ တိုးတက်နေကြတယ်၊
ဒါပေမဲ့ အဲဒီကွာဟချက်ကို သူတို့ စေ့မနေကြဘူး၊ ဒါဟာ ဘဝရဲ့အဖြစ်မှန်တစ်ခုပဲ၊ (ဝန်ကြီး) ဆီဒက်က နောက်ဆုံးမှာ
အဲဒါကို လက်ခံလိုက်တယ်၊ သူ အဲဒါကို ဘယ်တော့မှ မယုံခဲ့ဘူး၊ သူဝင်လာတဲ့အခါတုန်းက သူက မလေးကျောင်း
ဆရာများ သမဂ္ဂညွှန်ကြားပို့ချပဲပေါ့၊ ဒါကြောင့် သူ့ကို ကျွန်တော်တို့ခေါ်တယ်၊ သူ့ကို ကျွန်တော် ပညာရေးမှာထားမယ်
အဲဒါကိုကြည့်လုပ်လို့ သူ့ကို ကျွန် တော်ပြောပြတယ်၊ ကျွန်တော်တို့ ငြိတိသျှခေတ်ကာလကို ပြန်သွားပြီး စာမေး
ရလဒ်တွေကို ကြည့်ကြတယ်၊ တစ်ဖက်စောင်းနင်းတွေ ဘယ်မှာလဲ၊ အဲဒါဟာ ကိုလိုနီခေတ်ကတည်းက ရှိခဲ့တယ်၊
ညီမျှတဲ့ လူအဖွဲ့အစည်းတစ်ခုကို ကွန်ပြူတာစ်တွေ ယုံကြည်သလို စင်ဂျား ဖန်တီးနိုင်မယ်လို့ ထင်သလား၊ ခဏကြာ
ပြီးနောက်မှာ အဲဒါကို သူတို့ ယုံကြည်တာ ရပ်တန့်သွားကြတယ်၊ ဒါဟာ ညီမျှတဲ့ လူအဖွဲ့အစည်းတစ်ခု ဖြစ်တယ်လို့
သူတို့ဟန်ဆောင်ကြတယ်၊ ဒါပေမဲ့ လူအဖွဲ့အစည်းတစ်ခုလုံး ပုံမှန်ဆောင်ရွက်မှုမရှိဘူး၊ ဒါကြောင့် တိန်ရောင်ခိန်က
ဒီလိုပြောတယ်၊ တချို့က တခြားလူတွေထက်ပိုပြီး မြန်မြန်ချမ်းသာလိမ့်မယ်တဲ့၊ ကျွန်တဲ့လူတွေက နောက်ပိုင်းမှာ
ချမ်းသာလာကောင်း၊ ချမ်းသာလာနိုင်တယ်၊ ဆက်လုပ်ပြီး ဖွင့်ပေးတယ်၊ ပြီးတော့ ညီမျှတဲ့ လူအဖွဲ့အစည်းကို နက်
နက်နဲနဲ နှလုံးသွင်းနေကြတဲ့ သူရဲ့အစောင့်အို၊ လုပ်ဖော်ကိုင်ဖက်တွေကို လျစ်လျူရှုပစ်တယ်၊

ငမ - မျိုးရိုးဒီဇင်၊ အမွေအနှစ်နဲ့ လူအဖွဲ့အစည်းညီမျှမနေတာနဲ့ပတ်သက်လို့ လက်ရှိကက်ဘိနက်နဲ့ မျှဝေယူနေတဲ့ စင်ဂျာ
အမြင်တွေထဲက တချို့က ဘယ်အတိုင်းအတာအထိ ရှိသလဲ၊

ငမြ - ဒါဟာ သူတို့အားလုံးတဖြည်းဖြည်း လက်ခံလာနေကြတဲ့ လက်တွေ့အမှန်တစ်ခုပဲ၊ သူတို့ကို ကျွန်တော် အသိပေး
ဘူး၊ ဒါက ကျွန်တော့်ရဲ့ အဓိကအထားပါ၊ စင်ဂျား စောင့်ကြည့်နေတယ်၊ သူတို့ စာဖတ်ပြီး စောင့်ကြည့်ကြတယ်၊

Scanned by CamScanner

သူတော်ကောင်းယောင်ဆောင်နေတာတွေ အတော်များများ ရှိတယ်၊ (အမေရိကန်စီးပွားရေးပညာရှင်နှင့် ဟားဒတ်တက္ကသိုလ် ဥက္ကဋ္ဌ) လာရီသမ္မာက မိန်းကလေးတွေဟာ ကောင်းမွန်တဲ့ သဲ့ချာပညာရှင်တွေနဲ့ သိပ္ပံပညာရှင်တွေ မဖြစ်ဘူးလို့ ပြောခဲ့တာကြောင့် ဟားဗတ်က ပြုတ်သွားတယ်၊ ဒါ အမှန်ပဲ၊ တချို့က ဖြစ်တယ်၊ ဒါပေမဲ့ စည်းမျဉ်းဥပဒေသအရကာတော့ သူတို့မဖြစ်ဘူး၊

ပြီးတော့ MRI တစ်ခုနဲ့ ဦးနောက်ကို ဓင်ဂျား လေ့လာကြည့်ရင် အချို့သမီးတွေက အရိုန်အများစုမှာ ဦးနောက်နှစ်ခြမ်းစလုံးကိုအသုံးပြုကြတယ်၊ အဲဒါတွေရဲ့အလုံးအသိစိတ်နဲ့ သက်ဆိုင်တဲ့အပိုင်းကလွှမ်းမိုးနေတယ်၊ ဒါကြောင့် သူတို့က လူတစ်ယောက်ရဲ့အစစ်အမှန်ကြံရွယ်ချက်ကို အဓိပ္ပာယ်ဖော်တဲ့နေရာမှာ ကောင်းတယ်၊ အမျိုးသားတွေက အလွန်ခွဲခြားစိတ်ဖြာတဲ့ ဦးနောက်ရဲ့ဘယ်ဘက်အခြမ်းကို အသုံးပြုကြတယ်၊ ဓင်ဂျား အဲဒါကို ယုံချင်လည်း ယုံမယ်၊ မယုံချင်လည်း မယုံဘူး၊ ဒါပေမဲ့ အချို့သမီးတွေဖြစ်ကြတဲ့ ဒါဝင်တွေ၊ ဒါမှမဟုတ် (ပြိတီသျှစီးပွားရေးပညာရှင်) ဂျွန်မေးနက်ကိန်းတွေ ဘာကြောင့်နည်းပါးနေရတာလဲ၊ ဒါမှမဟုတ် သချာနဲ့သိပ္ပံမှာ အမျိုးသမီးနိုဘယ်လ်ဆုရှင်တွေ ဘာကြောင့်နည်းပါးနေရတာလဲ၊

မေး - မည်မျှတဲ့ ပညာရေး နှစ်ရာပေါင်းများစွာ .....

ဖြေ - ဇီဝဗေဒဆိုင်ရာ ကွဲပြားခြားနားမှု တစ်ခုရှိတယ်၊

DNA ကိုကြည့်ပါ၊ X helix နှစ်ခုက မိန်းကလေးတစ်ယောက် မွေးထုတ်လိမ့်မယ်၊ X helix က Y helix ထက် ပိုပြီးကြီးတယ်၊ X တစ်ခုနဲ့ Y တစ်ခုက ယောကျ်ားလေးတစ်ယောက်ကို မွေးထုတ်လိမ့်မယ်၊ Y helix က ပိုပြီးသေးငယ်တယ်၊ အတွေ့အကြုံအရမိန်းကလေးတွေဟာ သူတို့ရဲ့အဖေတွေနဲ့ ပိုတူတယ်၊ ယောကျ်ားကလေးတွေက သူတို့ရဲ့အမေတွေနဲ့ ပိုတူတယ်၊ ကျွန်တော့်သားတွေကို ကျွန်တော်ကြည့်တယ်၊ သူတို့နှစ်ယောက်စလုံးက ကျွန်တော့်ထက် သူတို့ရဲ့အမေနဲ့ ပိုတူကြတယ်၊ ဒါကို ကျွန်တော်ပြောတာ မဟုတ်ဘူး၊ လူတွေပြောကြတာ၊ ကျွန်ုတော့်သမီးက ကျွန်တော့်လို ရန်လိုတတ်တယ်၊

သီအိုရီတွေ ကျွန်တော်ဖတ်တယ်၊ သီအိုရီတွေကို ကျွန်တော် စိတ်ဝင်စားတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်ကျွန်တော် သီအိုရီထုတ်ချင်လို့ပါ၊ ဒါပေမဲ့ တကယ့်ဘဝမှာ သီအိုရီတွေ သက်သေပြတာကို ကျွန်တော် ကြည့်ရှုတယ်၊ တကယ့်ဘဝမှာ လူတွေအားလုံး ညီတူညီမျှဖြစ်တယ်ဆိုတဲ့ သီအိုရီကို ကျွန်တော် မတွေ့ခဲ့သေးဘူး၊

မေး - လူ့အဖွဲ့အစည်းတစ်ခုမှာ မညီမျှမှုအတိုင်းအတာ ဘယ်လောက်အထိ သည်းခံနိုင်တယ်လို့ထင်သလဲ၊ လူတန်းစားစစ်ပွဲ ပေါ်ထွက်လာမှုနဲ့ ပတ်သက်ပြီး ဓင်ဂျား စိုးရိမ်ပူပန်သလား၊

ဖြေ - ဓင်ဂျားကိုယ်ဓင်ဂျား အစိုးရလုပ်နေတဲ့အနေအထားမှာ ထားကြည့်ပါ၊ ပြီးတော့ ကျွန်တော် နှစ်ဂဝကြာ ကျွန်တော့်ရဲ့လမ်းကို ဖောက်ဖို့ကြိုးစားခဲ့တယ်၊ မအောင်မြင်ခဲ့ဘူး၊ ဓင်ဂျား ကျွန်တော့်ကို နားလည်သဘောပေါက်အောင် မလုပ်ဘူး၊ ကျွန်တော် ဓင်ဂျားကို နားလည်သဘောပေါက်အောင် လုပ်၊ မလုပ်ဆိုတာက ကျွန်တော်နဲ့ အဆက်အစပ်မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ဒါတွေက စစ်မှန်တဲ့ အချက်အလက်တွေ ဖြစ်ကြတာကို ကျွန်တော်သိလို့ပါ၊ ဓင်ဂျား ကျွန်တော့်ကို သဘောထားပြောင်းလဲအောင် လုပ်မှာမဟုတ်ဘူး၊ ပြီးတော့ ဝန်ကြီးတွေက ဓင်ဂျားလိုပဲ လူအားလုံး အညီ

Scanned by CamScanner

အမျှမွေးဖွားလာကြတာကို ယုံကြည်ကြရင် သူတို့အချိန်နဲ့ ပိုက်ဆံအတော်များများ ဖြုန်းတီးကြတော့မယ်၊ တပြိုင်
ဖြည်းနဲ့ သူတို့ကျွန်တော့်အမြင်ဘက်ကို လှည့်လာနေကြတယ်၊

အထူးသီးသန့် ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ခြင်း

လီအိမ့်မှု၊ အထူးလိုအပ်ချက်ရှိသောကလေးများနှင့် အထူးသီးသန့်ပညာရေးပြဿနာသည် သူမိသားစုတွေကြုံနေရ
သော ပြဿနာဖြစ်သည်၊ သူ၏ အကြီးဆုံးမြေး၊ ဝန်ကြီးချုပ် လီရှန်လွန်း၏ ပထမအိမ်ထောင်နှင့်ရသောသားက လီရိုပင်ကြွေး
သည်၊ သူက ယေယေကပင် မိခင် ဆုံးရှုံးခဲ့သည်၊ လီရှန်လွန်းက နောက်ဝိုင်ဒ် ဟိုချင်ကို လက်ထပ်ခဲ့သည်၊ ရီပင်က Asperger
ရောဂါလက္ခဏာရှိပြီး ဘိုဖြူတစ်ယောက်ဖြစ်သည်၊

ေမး - လူအဖွဲ့အစည်းထဲက ပြောင်းလဲနေတဲ့ မျှော်လင့်ချက်တွေကို စင်ဂျား ဇော်ပြခဲ့တယ်၊ အထူးလိုအပ်ချက်ရှိနေတဲ့
ကလေးတွေရှိကြတဲ့ မိဘတွေက အစိုးရအထောက်အပံ့တွေရှိတယ်လို့ ပြောကြတယ်၊ ဒါပေမဲ့ အဲဒါတွေက အကန့်
အသတ်ဖြစ်နေကြတယ်၊ သူတို့ထဲက တချို့က ပုဂ္ဂလိကပိုင်ကဏ္ဍဆီကို သွားရတာနဲ့ အဆုံးသတ်ကြတယ်၊ အဲဒါက
စင်ဂျား စံစားပိတဲ့ နယ်ပယ်တစ်ခုလား၊

ေဖြ - စာဖတ်နိုင်စွမ်း ချို့ယွင်းတဲ့သူတွေအတွက်ကျောင်းတွေ၊ ငါးငွေစိတ်ရောဂါဖြစ်နေတဲ့ကလေးတွေအတွက်ကျောင်းတွေနဲ့
မျက်စိအမြင် ချွတ်ယွင်းနေတဲ့သူတွေအတွက် ကျောင်းတွေ ကျွန်တော်တို့ ဆောက်ပေးခဲ့ကြတယ်၊ ကျွန်တော်တို့
အခြေခံအခွင့်အရေး အရင်ဦးဆုံးရတယ်၊ အခြေခံ အခွင့်အရေးမရှိရင် အဲဒါကို ကျွန်တော်တို့ တတ်နိုင်မှာ မဟုတ်
ဘူး၊

ေမး - ကျွန်တော်တို့ အခြေခံအခွင့်အရေး ရခဲ့ပြီးပြီလို့ လူတွေက အကျိုးအကြောင်းသင့် ပြောကြတယ်၊ ဒါကြောင့် သိပ်
အရေးမကြီးတဲ့ နယ်ပယ်တချို့ထဲကို ကြည့်ရှုဖို့ အချိန်ကျပြီ၊

ေဖြ - ကျောင်းတွေဖွင့်လှစ်ဖို့က ပိုက်ဆံကိစ္စမဟုတ်ဘူး၊ လေ့ကျင့်ထားတဲ့ လူအင်အားကိစ္စဖြစ်တယ်၊ ဒီအလုပ်တွေ
အတွက် အထူးလေ့ကျင့်မှုတွေ ကျွန်တော်တို့ လိုအပ်တယ်၊ စိတ်ရောဂါဖြစ်နေတဲ့၊ ဒါမှမဟုတ် တစ်ခုခုဖြစ်နေတဲ့
ကလေးတွေအတွက် ကျွန်တော်တို့ ကျောင်းဆောက်ပြီး ဖွင့်လှစ်နေတာလောက်သာ မဟုတ်ဘူး၊ နှစ်ပေါင်းများစွာ
လေ့ကျင့်မှုတွေ လိုအပ်တယ်၊ လူတစ်ယောက်တည်း လေ့ကျင့်တာလည်း မဟုတ်ဘူး၊ လူတစ်ဖွဲ့လုံး လေ့ကျင့်ရတယ်၊
စင်ဂျား ဘယ်သူ့ဆီက လေ့လာသင်ယူသလဲ၊ အမေရိကန်၊ ပြင်ပကနေ၊ ဩစတြေးလျတို့ဆီက သင်ယူတယ်၊
ပါလီမန်အဖွဲ့ဝင် ဒင်နစ်ဝူးက ကျွန်တော်နဲ့ ဝန်ကြီးတွေကို တွန်းအားပေးနေတယ်၊ လူမှုဂိုလ်တွေကို လေ့ကျင့်ပြီး
အထောက်အကူလုပ်ငန်းတွေကို လည်ပတ်စေဖို့အတွက် နှစ်ပေါင်း ဘယ်လောက်လိုအပ်သလဲ၊ ကျောင်းတွေကို
ကျွန်တော်တို့ သိမ်းယူရရင်တောင်မှ ဒီမသန်မစွမ်းကလေးကျောင်းတွေကို ဖွင့်လှစ်ရာမှာ အလွန်စိတ်အား တက်
ကြွဖွယ်ပါဝင်မယ့် သူမလိုလူတွေ ကျွန်တော်တို့ ရရှိသင့်တယ်လို့ သူမကို ကျွန်တော် ပြောပြခဲ့တယ်၊ သူတို့တွေက

Scanned by CamScanner

ဒီလုပ်ငန်းစဉ်ကို အလုပ် အကိုင်တစ်ခုအဖြစ် ယူကြမယ့် အရာရှိတွေကို ကြိုးကြပ်ရမယ်။ သူမက စိတ်ထက်သန်နေတာကြောင့် (သူမရဲ့သားက ငါးစိတ်ဖွဲ့ရောဂါဖြစ်နေတယ်) တွန်းအားပေးတယ်။ ကျွန်တော်က လုပ်ဖော်ကိုင်ဘက်တွေကို ဒီအထူးကျောင်းသားတွေက မသန်မစွမ်းကလေးတွေအတွက် ဖြစ်တဲ့အကြောင်း၊ ဝန်ထမ်းအဖွဲ့ကို ကြိုးကြပ်ပြီး တွန်းအားပေးဖို့အတွက် ဘုတ်အဖွဲ့ထဲမှာ ပီဘတွေကို ကျွန်တော်တို့ထည့်ရမယ့် အကြောင်း ပြောပြတယ်။ သူတို့တွေ အမှန်တကယ်ကို စိတ်ဝင်စားကြတယ်။ သူတို့ရဲ့ကလေးတွေအတွက် ပြင်းပြတဲ့ စိတ်ခံစားချက်တွေ ဖြစ်ကြတယ်။ ကျွန်တော့်မှာ ဘိုးဖြူဖြစ်နေတဲ့ ပြေးတစ်ယောက်ရှိတယ်။ သူ့ကို သာမန်ကျောင်းမှာ ပြန်ထားဖို့ ခက်ခဲနေတယ်။

မေး - ခင်ဗျားရဲ့မိသားစုမှာ အပိုအထောက်အပံ့တွေမရှိရင် သူ တက္ကသိုလ်ဘွဲ့ရအဖြစ် အောင်မြင်လိမ့်မယ်လို့ ခင်ဗျားထင်သလား။

ဖြေ - ဟင့်အင်း...သူ အောင်မြင်မှာ မဟုတ်ဘူး။

မေး - သူမအောင်မြင်ဘူးလား။

ဖြေ - သူ အောင်မြင်မှာ မဟုတ်ဘူး။ သူ့ကို ငြိတိသူတွေဖွင့်လှစ်တဲ့ ဒီဇာကော မူကြိုကျောင်းကို ပို့တယ်။ သူရဲ့ရုက်မှုံမှုန့်မြင်မစမ်းဖြစ်နေမှုကို ကျော်လွှားဖို့အတွက် စောစောပိုင်းရက်တွေမှာပဲ သူတို့မှာ ကျွမ်းကျင်မှုရှိတယ်။ သူ့ကို ရေဆုံးအတန်းမှာထားပြီး နွေးထွေးစိတ်နဲ့ ယုံကြည်စိတ်ချစိတ်ဖြစ်အောင် လုပ်ကြတယ်။ ဒါကြောင့် လိုအပ်တဲ့အဆင့်ကို သူရောက်တယ်။ အလယ်တန်းကျောင်းအတွက် သူ့အဖေမဟိုချင်က သူ့ကို အတန်းထဲမှာ ထူးဆန်းတဲ့ကောင်ကလေးတစ်ယောက်အဖြစ် လက်ခံပြီး ကြည့်ရှုစောင့်ရှောက်မယ့် ကျောင်းအုပ်တစ်ယောက်ကို ဂရုတစိုက်ရှာဖွေတယ်။ ကျောင်းအများ အပြားက ဟင့်အင်းလို့ ပြောကြတယ်။ ကျွန်တော်တို့မှာ အထောက်အပံ့တွေမရှိဘူး။ လူကြိုက်မများတဲ့ ကျောင်းတစ်ကျောင်းဖြစ်တဲ့ ရှောင်ပတ္တာကို ကျွန်တော်သွားတယ်။ ကျောင်းအုပ်က ကရုဏာစိတ်ရှိတယ်။ သူ့ကို ကျွန်တော်စကားပြောတယ်။ ပြီးတော့ ဂိုပင် အောင်မြင်လာခဲ့တယ်။ နောက်ဆုံးမှာ A အဆင့်ကို သူအောင်တယ်။ သူအချိန်ပိုယူရတယ်။ နှစ်တွေပိုယူရတယ်။ ဘာကြောင့်လဲဆိုတော့ သူက ချို့တဲ့နေပြီး ကောင်းကောင်းမမြင်လို့ပေါ့။ သူ့မှာတော်ကိအတွက် ခံစားတတ်တဲ့နားရှိတယ်။ တီးဝိုင်းခေါင်းဆောင်တွေနဲ့ တေးရေးဆရာတွေရဲ့ နာမည်တွေအားလုံးကို သူပြောပြတယ်။ သူ ဂန္ဓဝင်တေးဂီတပညာရှင်တစ်ယောက် ဖြစ်နိုင်တယ်။ ကျွန်တော်က သူ့ကို အဲဒါဘာကြောင့် မလုပ်သလဲလို့ မေးတယ်။ သူက ဟင့်အင်း...ဟင့်အင်း...ကျွန်တော် မလုပ်ချင်ဘူးလို့ ပြောတယ်။

မေး - ဒါဆို သူဟာ မိသားစုအထောက်အပံ့တွေကနေ အကျိုးကျေးဇူး ရရှိနိုင်လောက်အောင် ကံကောင်းသလား။

ဖြေ - အထောက်အပံ့တွေတင် မဟုတ်ပါဘူး။ ဂရုစိုက်တာလည်း ပါတယ်။ ပုဂ္ဂိုလ်ရေးဂရုစိုက်မှုတွေပါ။ ဒါက အထောက်အပံ့တွေသာ မဟုတ်ပါဘူး။ ဒါက ဟိုချင်နဲ့ ဖခင်တို့ရဲ့ပုဂ္ဂိုလ်ရေးဂရုစိုက်မှုတွေပါ။ ဟိုချင်က သူ့ကို ကြည့်ရှုစောင့်ရှောက်ပြီး

Scanned by CamScanner

ချိုတဲ့သူအဖြစ် လက်ခံမယ့်အလယ်တန်းကျောင်းကို စေ့စေ့စပ်စပ် လိုက်ရှာဖွေတယ်။ ကျောင်းအများအပြားကသူ့ကို လက်မခံကြဘူး။ သူတို့က ဟင့်အင်းလို့ ပြောကြတယ်။ သူ့ကို ကြည့်ရှုစောင့်ရှောက်ဖို့အတွက် သူတို့မှာ အရာရာ မရှိဘူး။

ဒီကျောင်းက ကျောင်းအုပ်က သူကြိုးစားကြည့်မယ်လို့ပြောတယ်။ ပြီးတော့ အောင်မြင်သွားတယ်။ ကောင်းပြီ၊ ဒီလောက် ကျွန်တော်တို့မှာ ဒီလိုကျောင်းတစ်ကျောင်းရှိတယ်။ ကျွန်တော်တို့ အဲဒါကို ဖြေရှင်းနိုင်မလား။ ဟင့်အင်း၊ ကျွန်တော်တို့ မဖြေရှင်းနိုင်ဘူး။ မိဘတွေက ကလေးသွားနိုင်မဲ့ဘက်ကိုမောင်းနှင်ပြီး အရာရှိတွေကို ကြိုးစားအားတုပ်ခိုင်းနိုင်မှသာ ကျွန်တော်တို့ အဲဒါကို ဖြေရှင်းနိုင်မယ်။ ဒို့မဟုတ်ရင် အရာရှိတွေက အဲဒါကို အလုပ်အကိုင်တစ်ခုအဖြစ်သာ လုပ်ကြလိမ့်မယ်။ ၉ နာရီကနေ ၈ နာရီ၊ ဒါမှမဟုတ် ၅ နာရီအထိလုပ်ပြီး ထွက်သွားကြလိမ့်မယ်။ ဒီတိုင်းပဲ။ အဲဒီလိုဝန်ခံတွေဟာ သူတို့ ဂရုစိုက်နေတဲ့ ချိုတဲ့နေတဲ့ ကလေးတွေကို အစစ်အမှန် ပြုစုပျိုးထောင်မပေးဘူး။

ပေး - ဒါဆိုတစ်နည်းပြောရရင် ကလေးတစ်ယောက်ဟာ ဒီကိစ္စမှာ သူ့ရဲ့အလားအလာကို အများဆုံးဖြစ်အောင် မလုပ်နိုင်ဘူး ဒါကို အစိုးရရဲ့ကျဆုံးမှုထက် မိသားစုကျဆုံးမှုအဖြစ် ခင်ဗျား မြင်သလား။

ဖြေ - နှစ်ခုစလုံးမြင်တယ်။ အထောက်အကူတွေ မပေးတဲ့အတွက် အစိုးရကို ကျဆုံးတယ်လို့မြင်တယ်။ တွန်းအားမပေးတဲ့အတွက် မိသားစုကို ကျဆုံးတယ်လို့ မြင်တယ်။ လုံခြုံဆော်ချက်ဟာ မိသားစုထဲက လာရမယ်။

ပေး - ဒါဆို အတိတ်ကလည်း အစိုးရကျဆုံးမှုရှိတယ်လို့ ခင်ဗျား အသိအမှတ်ပြုသလား။

ဖြေ - အလုပ်လုပ်နိုင်တဲ့လူနဲ့ ကျောင်းတွေ ထောက်ပံ့ပေးတဲ့ နေရာမှာပေါ့။ အဲဒါကို ကျဆုံးမှုလို့ ကျွန်တော် အသိအမှတ်မပြုဘူး။ ကျွန်တော်တို့ အရေးကြီးတာတွေကို အရင်ဦးဆုံး လုပ်ကြရတယ်။

ဘာသာစကားရေစီးကြောင်း ၄ ခုကို အမျိုးသား ဘာသာစကားရေးစီးကြောင်းတစ်ခုဖြစ်အောင် လုပ်ရတာဟာ ကြီးမားတဲ့ပြဿနာတစ်ခုပါ။ နောက်ဆုံးမှာ နန်တာ (တရုတ်ဘာသာစကား နန်ရန်တက္ကသိုလ်) ကို အင်္ဂလိပ်ဘာသာ ပြောင်းဖို့၊ ပြီးတော့ အလယ်တန်းကျောင်းအားလုံးနဲ့ မူလတန်းကျောင်းအားလုံးကို အမျိုးသားပုံစံကျောင်းတွေအဖြစ် ပြောင်းလဲဖို့တွေဟာ ၁၉၈၀ ပြည့်နှစ်တွေအထိ စောင့်ရတယ်။

ဒါဟာ ကျွန်တော်တို့သွားရမယ့်လမ်းဖြစ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ။ အဲဒါတွေက သန္ဓေတည်တဲ့နေရာမှာ အဆိုးနဲ့ကြုံတယ်။ ဒါကို တစ်ညတည်းနဲ့ ခင်ဗျား မလုပ်နိုင်ဘူး။ ခင်ဗျား ကျောင်းတစ်ကျောင်း ဖန်တီးနိုင်တယ်။ ဒါပေမဲ့ အဲဒီလိုလုပ်တော့ ဘာဖြစ်လဲ။ ဒါက အဆောက်အဦးတွေပဲ ရှိသေးတယ်။ ကျောင်းအဆောက်အဦးမဟုတ်ဘူး။ ဒီကျောင်းတွေကို လုပ်ကိုင်ဆောင်ရွက်ဖို့ လူတွေရှိတယ်။ ကျွမ်းကျင်သူတွေ ရှိတယ်။ ဂရုစိုက်မှုတွေရှိတယ်။ ဒီကလေးတွေကို ကူညီမယ့် မြင်းမြိုတိတ်တွေရှိတယ်။ အဲဒါတွေက မိဘတွေဆီက မလာဘူး။ ခင်ဗျားက အထူးကျွမ်းကျင်သူတစ်ယောက်ဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ကလေးတွေက ခင်ဗျားရဲ့တာသံ ခန်းထဲမှာ မရှိဘူး။ ခင်ဗျား စာသင်တာကို အလုပ်အကိုင်တစ်ခုအဖြစ်လုပ်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ကလေးကတော့ သားတွေထဲက တစ်ယောက်ဖြစ်လာရင် ဒါဟာ ကွဲပြားခြားနားလာတယ်။

Scanned by CamScanner

ကြီးထွားပါ၊ တန်းတူဖြစ်အောင် မလုပ်ပါနှင့်

နောက်ဆုံးနှစ်အနည်းငယ်အတွင်းက (မည်သို့ပင်ဖြစ်ဖြစ် တိုးတက်စေခြင်း၏) ကောင်းခြင်းလက္ခဏာကို စင်ကာပူ၌ ရှာဖွေနေကြသည်၊ စီးပွားရေးပညာရှင်များနှင့် လူမှုရေး ဝေဖန်သုံးသပ်သူများက၊ GDP တိုးတက်မှုကို လောင်စာမီး ထိုးပေးသော်လည်း အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များကို မြင့်တက်စေ၍ အောက်ခြေ ၂၀ ရာခိုင်နှုန်း တန်နေသော ဝင်ငွေရလဒ်ဖြစ်စေသည့်အတွက်၊ ပွင့်လင်းသောအရင်းအနှီးနှင့် အလုပ်သမားဈေးကွက်ပေါ်လစီကို မေးခွန်းထုတ်ကြသည်၊

ထို့ကြောင့် ပိုမိုတည်မြဲနိုင်သော ကြီးထွားမှုနှုန်းကို စင်ကာပူ ရည်မှန်းချက်ထား သင့်သလား။

လီက ဤသို့ တုံ့ပြန်သည်၊

"စင်ကျားတို့ နိမ့်ကျတဲ့ ကြီးထွားမှုနဲ့ ညီမျှတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို လိုချင်သလား။ ဒါမှမဟုတ် ကြီးထွားမှုအစိတ်အပိုင်းကိုယူပြီး ပိုမိုနိမ့်ကျတဲ့အလွှာကို ထောက်ပံ့ဖို့ထက် မြင့်မားတဲ့ကြီးထွားမှုနဲ့ မညီမျှတဲ့ လူ့အဖွဲ့အစည်းကို လိုချင်သလား။ ကြီးထွားမှုမရှိရင် အရာရာတိုင်း မှားယွင်းကုန်တယ်၊ ညီမျှတဲ့ အခွင့်အလမ်းတွေဆီ ဦးတည်ပြီး ကျွန်တော်တို့ အလုပ်လုပ်ကြတယ်၊ ဘဝမှာ ညီမျှတဲ့ အခွင့်အလမ်းကလွဲလို့ ညီမျှတဲ့ရလဒ်မရှိဘူး"

ကြီးထွားမှုလိုအပ်ချက်နှင့် ညီမျှမှုလိုအပ်ချက်အား ဟန်ချက်ညီစေနည်းကို အခြားလူ့အဖွဲ့အစည်းများမှ စင်ကာပူသင်ယူနိုင်မည်လား။ ဥပမာအားဖြင့် နော်ဒစ်တိုင်းပြည်များက စီးပွားရေးယှဉ်ပြိုင်မှုရှိသကဲ့သို့ ခိုင်မာသော လူမှုရေးပေါင်းစည်းခြင်းလည်း ရှိကြသည်၊ သို့သော် စင်ကာပူ ၎င်းတို့ကဲ့သို့ ဖြစ်လာနိုင်သည်ဟူသော အယူအဆကို လီက ပယ်ချသည်၊ သို့နော်ဒစ်လူ့အဖွဲ့အစည်းများကို ရှည်လျားတူညီသော သမိုင်းနှင့် ခိုင်မာသော လူမျိုးစု အနောင်အဖွဲ့တို့ဖြင့် စည်းနှောင်ထားကြသည်။ သူတို့က တစ်ဦးအတွက်တစ်ဦး စွန့်လွှတ်ဖို့နှင့် မိသားစုတိုင်း မြင့်မားသော နေထိုင်မှုစံနှုန်းကို ထိန်းထားနိုင်ရန် မြင့်မားသော အခွန်များပေးဆို့ကို ပြင်ဆင်ထားကြသည်၊

"နော်ဒစ်ပြည်သူတွေဟာ မျိုးတူတဲ့ပြည်သူတွေဖြစ်ကြတယ်၊ အရှေ့ဥရောပကို ကော့ကေးဆပ်အထိရောက်အောင် တောင်ဘက်တစ်လျှောက် သူတို့ ကျူးကျော်တိုက်ခိုက်ကြတယ်၊ ရုရှားကို သူတို့ သိမ်းပိုက်တယ်။ ဒါပေမဲ့ ရုရှားတွေက သူတို့ကို ပြန်မောင်းထုတ်တယ်၊ အပြီးသတ်မှာတော့ သူတို့ ရှုံးနိမ့်သွားကြတယ်။ အခု သူတို့ နိုင်ငံ ၃ နိုင်ငံအဖြစ် ကွဲစိတ်သွားကြတယ်၊ နော်ဝေး၊ ဆွီဒင်နဲ့ ဒိန်းမတ်ပေါ့။ ဒါပေမဲ့ သူတို့က ပြည်သူတစ်မျိုးတည်း၊ ဘာသာစကားတစ်မျိုးတည်း၊ ယဉ်ကျေးမှု

Scanned by CamScanner

တစ်မျိုးတည်းဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး နည်းနည်းကလေးပဲ ကွာခြားတယ်။ ဒါပေမဲ့ ပေါင်းစည်းတတ်တဲ့ သဘော ရှိတယ်၊ တယ်။ ဒါပေမဲ့ ဒီနယ်ပယ်ထဲကို သူ ဝင်ရောက်တယ်။ သူက အပြင်းထန်ဆုံး လူသားစွမ်းပကားဟာ ခင်ဗျား ကိုယ်ခင်ဗျား ခင်ဗျားရဲ့ DNA ကို မျှဝေယူတဲ့လူနဲ့ တစ်ထပ်တည်း ပြုလုပ်ဖို့ဖြစ်တယ်လို့ ပြောတယ်။ နယူးဇီလန်မှာ မာအိုရီ လူမျိုးနှစ်စု တစ် ယောက်ကိုတစ်ယောက် တိုက်ခိုက်နေကြတဲ့အခါ တတိယလူမျိုးစုက ဝင်လာပြီး ဘယ်လူမျိုးစုနဲ့ သူတို့ ပိုမိုနီးစပ်သလဲဆိုတာ တွက်ချက်ကြတယ်။ ပြီးတော့ အဲဒီဘက်ကို သူတို့ ထောက်ခံကြတယ်"

လူမှုရေး သွေးစည်းညီညွတ်မှုအတွက် ဤမျိုးဂိုဇအခြေခံကို ဆင်ခြေပေးပြောဆိုရာ၌ သူ၏စာများကို လိုက်ဖွဲ့နွှဲ ကိုးကားခဲ့သော အက်ဒဝပ်ဝေလ်ဆင်က လူမှုရေး ဇီဝဗေဒကို ဦးဆောင်အကြံပြု တင်ပြသူဖြစ်လာသော သိပ္ပံပညာရှင် တစ် ယောက်ဖြစ်သည်။ လူမှုရေး ဇီဝဗေဒက လူမှုရေးပြုမူဆောင်ရွက်မှုများနောက်ကွယ်တွင် ဇီဝဗေဒဆိုင်ရာ အခြေခံတစ်ခု ရှိသည်ဟူသော အယူအဆ စိတ်ကူးတစ်ခုဖြစ်သည်။ ယခုအခါတွင် ဤနယ်ပယ်က ဆင့်ပွားဖြစ်ပေါ်သော ဇီဝဗေဒထဲသို့ ဝေါင်းစုသွားသည်။ အဓိကအယူအဆက တိုရွှာန်နှင့် လူတို့၏ အပြုအမူအပေါ် မျိုးဂိုဇက သြဇာလွှမ်းမိုးသည်ဟု ဆိုခြင်းပင် တည်း။

ထို့ကြောင့် (ဥပမာအားဖြင့်) လူတစ်ဦးတစ်ယောက်သည် သူ၏ မျိုးဂိုဇ အစဉ်အဆက်ကို ရှေ့ဆက်သယ်ဆောင် ရန်အတွက် ကျန်းမာ၍ အစွမ်းအစရှိသော ကလေးငယ်များမွေးထုတ်ရန် ကြင်ဖက်တစ်ယောက်ကို ရွေးချယ်သည်။ အုပ်စု အဆင့်၌မူ လူတစ်ဦးတစ်ယောက်သည် မျိုးဂိုဇအရသူတို့နှင့် အရင်းနှီးဆုံးဆက်နွယ်နေသော အခြားလူများအတွက် စွန့်လွှတ် မှု ပိုမိုပြုလုပ်ခွင့်ရနေကြသည်။ ၎င်းက ဆွေမျိုးသားချင်း ရွေးချယ်ခြင်းဟုခေါ်သော သီအိုရီတစ်ခုဖြစ်သည်။ ရှားပါးသော အရိ ကိုဝမ္ဘားဘွင် လူတစ်ဦးတစ်ယောက်သည် ဘာသာရေးဘုန်းကြီးများ ပြုလုပ်သကဲ့သို့နှင့် "ကောင်းသော လူအဖွဲ့အစည်း" အင်းဆက်ကိုလိုနီဟုခေါ်သော အရာတွင်အလုပ်သမားပုရွက်ဆိတ်များပြုလုပ်သကဲ့သို့ အုပ်စု၏အရေးကိစ္စအတွက် သူကိုယ် သူ မြှုပ်နှံပြီး အိမ်ထောင်သားမွေးမလုပ်ဘဲနေခြင်းဖြင့် သူ၏မျိုးဂိုဇအား လွှဲပြောင်းပေးမည့် သူ၏အခွင့်အရေးကို စွန့်လွှတ်ခဲ့ပုံ ပြင်ဆင်ထားကောင်း ပြင်ဆင်ထားနိုင်သည်။

ထို့ကြောင့် ကွဲပြားခြားနားသော လူမျိုးစုများဖြင့် ၎င်းတို့၏ ပြည်သူများအဖြစ် ဖွဲ့စည်းထားသော အမေရိကန်နှင့် စင်ကာပူကဲ့သို့ လူအဖွဲ့အစည်းများသည် အမျိုးမျိုးသော မျိုးဂိုဇ အမွေအနှစ်ရှိသည့် ကွဲပြားခြားနားသော ပြည်သူများမှ နိုင်ငံ တစ်ခု ဖန်တီးရသည့် ကော်ခဲသောအလုပ်ကို ကြုံတွေ့ကြရသည်ဟု လီ ယုံကြည်သည်။

"ဒါကြောင့် အမေရိကန်ဟာ အမျိုးအစား များပြားလွန်းတာကြောင့် ကျွန်တော်တို့ ဘယ်လိုအောင်မြင်အောင် လုပ် မလဲလို့ သူ (ဝေလ်ဆင်) က ပြောတယ်။ ဒါပေမဲ့ သူတို့က သူတို့ရဲ့သဘာဝစိတ်ကို ဒီအရာအပေါ် အောင်နိုင်အောင် သန့်စင်ကြ ပြီး သူတို့အားလုံး အမေရိကန်တွေ ဖြစ်တယ်ဆိုတဲ့ အယူအဆ သဘောတရားတစ်ခုကို ဖန်တီးကြတယ်လို့ သူကပြောတယ်။ ကျွန်တော်တို့လည်း ဒီလိုလုပ်ဖို့ ပြင်းပြစိတ်ရှိရမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က တူညီတဲ့ မျိုးဂိုဇ အထောက်အပံ့ ကို မျှဝေယူကြရဲ့ပေါ့။

"အမေရိကန် အောင်မြင်နိုင်သလား။ လောလောဆယ်အထိတော့ အောင်မြင်နေတယ်။ အမေရိကန်ပြည်သူ တစ် ယောက်ဖြစ်ရတဲ့ အတွေးစိတ်ကူးအားလုံးထက် တူညီတဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုမျှဝေရတဲ့ အတွေးစိတ်ကူးရှိကြတယ်"

ကွဲပြားခြားနားသော လူမျိုးများမှ ပြည်သူများကို နိုင်ငံတစ်ခုအတွင်းသို့ ထည့်သွင်းဖို့ ကော်ခဲမည်ဟု လီ တွေးမိ သည်။ သို့သော် ကြိုးစားကြည့်ဖို့ အရေးကြီးသည်ဟုလည်း လီထင်သည်။ ပြည်သူများသည် မျှင်းရိသော သူတို့၏ ပတ်ဝန်း

Scanned by CamScanner

ကွင်းအတွက်မဟုတ်ဘဲ သူတို့အတွက်နှင့် မိသားစုများအတွက် အလုပ်ကြိုးစားကြလိမ့်မယ်ဟု သူ ယုံကြည်သည်၊ ဤသို့ဖြင့် ဆင်းရဲစာကျသူက အလုပ်သမားများ၏ ပင်ကိုယ်အရည်အသွေးရွှမ်းပကားနှင့် လုံခြုံဆော်ချက်များကို သူတို့ကိုယ်တိုင်အတွက် နှင့် သူတို့၏ ဆွေမျိုးသားချင်းအတွက် ကောင်းစွာလုပ်ကိုင်၊ ပြုပြင်ဆိုင်နိုင်ရန် လွယ်ကူချောမွေ့အောင် ပြုလုပ်ပေးဖို့ ဖြစ်သည်၊ ပြုပြင်ဆိုင်နိုင်ခြင်းမရှိသော လူများက ရပ်တည်ရှင်သန်ရှိအတွက် အကူအညီရရှိလိမ့်မည်၊ သို့သော် ပေးကမ်းမည့် လူမှုရေး အကျိုးကျေးဇူးပမာဏက အလုပ်မလုပ်ချင်သောလူများကို မည်သည့်အခါမှ မဆွဲဆောင်သင့်ချေ၊

လူမှုရေးသိပ္ပံပညာရှင် ဂေါစတာအက်စပင အင်ဒါဆင်၏စာအုပ်ဖြစ်သော The Three Worlds of Welfare Capitalism ဆဲတွင် စင်ကာပူကဲ့သို့ လူ့အဖွဲ့အစည်းတစ်ခုကို လွတ်လပ်သော သက်သာချောင်ချိရေးနိုင်ငံအဖြစ် ဖော်ပြထားသည်၊ ထို နေရာဒေသတွင် သက်သာချောင်ချိရေး အကျိုးခံစားခွင့်ကို ဝင်ငွေစစ်ဆေးချက်ရလဒ်ဖြင့် ပေးချေပြီး လူမှုရေး အာမခံနှင့် ဝင်ငွေလွှဲပြောင်းပေးမှုက တော်ရုံသင့်ရုံသာရှိသည်၊ ထိုကဲ့သို့သော တိုင်းပြည်များက ဝင်ငွေမညီမျှမှု မြင့်မားသောအဆင့်ဖြင့် အဆုံးသတ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် အစိုးရက ရပ်တည်မှုအနိမ့်ဆုံးအဆင့်ကိုသာ အာမခံပြီး ကျန်ရှိသောအရာများ ကို ကာမိအောင် ပြုလုပ်ဖို့က လူတစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်နေသော ကြောင့် ဖြစ်သည်၊

စင်ကာပူနှင့်မတူသော သြစတြေးလျ၊ အီတလီနှင့် ပြင်သစ်တို့ကဲ့သို့သော တိုင်းပြည်များတွင် ရှေးရိုးလိုက်သော သက်သာချောင်ချိရေး ဝိပံခန့်ခွဲမှုစနစ် ရှိကြသည်၊ ထိုနေရာများတွင် လူမှုရေးအကျိုးကျေးဇူးများက လူတန်းစားနှင့် လူမှုရေး ဂုဏ်ဖြစ်ကို ထိန်းသိမ်းပေးသည်၊ နော်ဝေး၊ ဆွီဒင်နှင့် ဒိန်းမတ်ကဲ့သို့ စကန်ဒီနေဗီယံနိုင်ငံများတွင် ကုန်ကျစရိတ်ကြီးမားသော လူမှုနေ့ဒီမိုကရေစီဆိုင်ရာ သက်သာချောင်ချိရေးစနစ်များ ရှိကြသည်၊ ၎င်းတို့က နေထိုင်မှုအဆင့်အတန်းကို အားလုံးအတွက် မြင့်မားသောအဆင့်နှင့် အညီအမျှပြုလုပ်ရန် ကြံဆောင်ကြသည်၊

စင်ကာပူ၏ ပွင့်လင်းသော စီးပွားရေးနှင့် အနည်းငါးဆုံး သက်သာချောင်ချိရေး ဖေါ်လစီတို့ကြောင့် ဝင်ငွေမညီမျှမှုက ၎င်းလူ့အဖွဲ့အစည်း၏ မလွှဲရှောင်နိုင်သော ကြန်အင်လက္ခဏာတစ်ခု ဖြစ်ပုံပေါ်လိမ့်မည်၊ လူမှုရေး အသုံးစရိတ်ကို မြှင့်တင်ရန် ဖိအားပေးခြင်းကို အစိုးရ ရင်ဆိုင်ရမည်ဖြစ်ပြီး ကာလရှည် အလုပ်လက်မဲ့များ၊ ဝင်ငွေနည်းသူများနှင့် မျိုးတုံသူများကို ဝင်ငွေကြေးထောက်ပံ့ရန် နိုင်ငံသယံဇာတထဲသို့ ထိုးနှစ်ရလိမ့်မည်၊

အသက်အရွယ်ကြီးရင့်နေသော လူ့အဖွဲ့အစည်းနှင့် မျော်မှန်းချက်များ မြင့်တက်လာခြင်းတို့ကြောင့် လူမှုရေး လုံခြုံ ရေးကွန်ယက်ကို ငွေကြေး ဖြည့်စွက်ရမည့် ကုန်ကျစရိတ်က တစ်ဟုန်ထိုး မြင့်တက်လာလိမ့်မည်၊ လူမှုရေးသုံးစွဲခြင်း အစီ အစဉ်များကို ဝင်ငွေကြေးထောက်ပံ့ရန် ၎င်း၏ အရံငွေများကို ထုတ်ယူရသောအခါ လိုငွေပြနေသော ငွေကြေးထောက်ပံ့မှုနှင့် စင်ကာပူနိဂုံးချုပ်သွားမည်လား၊ အဖြေက - "ကျွန်တော့်ဘဝသက်တမ်းမှာ ရှိမှာမဟုတ်တဲ့ဒီပြဿနာတွေအတွက် ကျွန်တော် တင်ကျွေးပြီး မလုပ်ချင်ဘူး"

သို့သော် ဤပြဿနာနှင့် နပန်းလုံးရမည့် ငယ်ရွယ်သော ဝန်ကြီးများကို သူ ဘာအကြံပေးမည်နည်း၊

"အဲဒီအခါကျရင် ကျွန်တော်တို့ရဲ့ စီးပွားရေးက ဘာဖြစ်မလဲ၊ ကျွန်တော်တို့ရဲ့အနာဂတ်အလားအလာက ဘာဖြစ် မလဲ၊ ကာလရှည်အတွက် ကျွန်တော်တို့ ဘာထောက်ပံ့ပြီး ထိန်းသိမ်းထားနိုင်မလဲဆိုတာ သူတို့ ဆုံးဖြတ်ရမယ်၊ အဲဒါတွေကို ကျွန်တော် ကြိုတင်မပြောဘူး၊ ၂၀၀၉ ဝုန်စမ်မှာ ဒီလို စင်ကာပူမှာ ကျွန်တော်တို့ ရှိနေလိမ့်မယ်လို့ ၁၉၆၀ ပြည့်နှစ်က ကျွန်တော် မပြောနိုင်ခဲ့ဘူး၊

"အခွင့်အလမ်းတိုင်းကို ကျွန်တော် ဆုပ်ကိုင်ယူပြီး ဒီကို ရောက်လာခဲ့ကြတယ်၊ နည်းနည်းမြန်လွန်းနေတယ်၊ အသွင်ကူးပြောင်းမှု မြန်ဆန်လွန်းနေတယ်၊ မျက်စိလည်နေတာတွေ များလွန်းနေတယ်၊ လူတိုင်းက အို ... ဒါ လွယ်ပါတယ်၊

Scanned by CamScanner

ငါတို့ အမြဲတမ်း အပေါ်ကို တက်နေကြလိမ့်မယ်။ စက်လှေကားပေါ် တက်နေသလိုပေါ့။ ငါတို့ အလိုအလျောက် အဲဒီနေရာ
ရောက်သွားကြလိမ့်မယ်လို့တွေးထင်နေကြတယ်။ အဲဒါမမှန်ဘူး။ ကျွန်တော်တို့မှာ တစ်ဖူထူးကဲတဲ့ ပတ်ဝန်းကျင်အခြေအ
ရှိတယ်။ ကမ္ဘာက လျင်မြန်စွာ ကျယ်ပြန့်နေတယ်။ အခွင့်အရေး ဆုပ်ကိုင်ယူပါ။ တခြားတိုင်းပြည်တွေရဲ့ ရှေ့ကိုသွားပါ။ ကျွ
တော်တို့ ရှေ့ကိုရောက်လိမ့်မယ်"

စိန်ခေါ်မှုများကို စဉ်းစားသောအခါ မပြောင်းလဲသင့်သော လူမှုရေးပေါ်လစီမှ အခြေခံတန်ဘိုးများက ဘာလဲ၊

လီက ဤကဲ့သို့သော တုံ့ပြန်မှုများဖြင့် လျင်မြန်သည်။ "အခြေခံကျတဲ့ ပြဿနာက ကျွန်တော်တို့ ပြည်သူတွေကို
လုံခြုံဆော်မှုနည်းအောင် မလုပ်သင့်ဘူး။ သူတို့ကို ကျွန်တော်တို့ လုံခြုံဆော်မှုနည်းအောင် လုပ်လိုက်လို့ သူတို့က ရပိုင်ခွင့်တန်
လို ခံစားမိတာနဲ့တစ်ပြိုင်နက် (လူအဖွဲ့အစည်းက ငါ့ကို ကြည့်ရှုစောင့်ရှောက်သင့်တယ်။ ငါမွေးဖွားလာပြီ။ မင်းက အိုးရ
မင်း ငါ့ကို ကြည့်ရှုစောင့်ရှောက်ရမယ်လို့ ခံစားမိတာနဲ့ တစ်ပြိုင်နက်) ကျွန်တော်တို့ ဒုက္ခရောက်ပြီ။

"ခင်ဗျားမွေးဖွားလာတယ်၊အစိုးရက ကောင်းမွန်တဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ကောင်းမွန်တဲ့အိမ်ရာ၊ကောင်းမွန်တဲ့
ပညာရေးအတွက် အခြေအနေတွေ ထောက်ပံ့ပေးရမယ်။ ခင်ဗျားကြီးပမ်းအားထုတ်ရမယ်။ ခင်ဗျားကိုယ်ခင်ဗျား ဘာလုပ်မလဲ
ဆိုတာ ခင်ဗျားအပေါ်မှာ မူတည်တယ်။ လူတိုင်းရဲ့ရလဒ်တွေကို ကျွန်တော်တို့ ညီမျှအောင် လုပ်မပေးနိုင်ဘူး"

✧ ✧ ✧

Scanned by CamScanner

(၆)

လူမျိုး၊ ဘာသာစကား၊ ဘာသာရေးတို့နှင့် စပ်လျဉ်း၍

ယေရှုယသော ကောင်ကလေးတစ်ယောက်အဖြစ် လိကွမ်ယုက သူ့အဖေဘက်မှ အဘိုးအိသချိုင်းကို ဂါရဝပြုရန် အတွက် သူ့အဖေနှင့်အတူ ကွင်မင်ပွဲတော်တိုင်း၌ ဘုကွတ်ဘရောင်ဆီသို့ ဝေးလံစွာ လမ်းလျှောက်သွားသည်။ သူတို့ ဇာတိမြို့တွင် ကန်တုန်တရုတ် အမျိုးသမီးဒိမ်ဖော်နှစ်ယောက်က အဘိုးကွယ်လွန်သော နှစ်ပတ်လည်တိုင်းတွင် ပူဇော်ပသရန် စင်တစ်ခုကို ပြင်ဆင်ထားကြသည်။ လီ၏အဖေက ၎င်းရှေ့တွင် ဆုတောင်းသည်။ သို့သော် ဖခင်က သူ၏သားများကို ပူဇော်ပသကြခြင်းအမှု ပြုလုပ်ကြစေရန် မည်သည့်အခါမှ အတင်းအကြပ် မလုပ်ခဲ့ချေ။ လီ လူကြီးတစ်ယောက် ဖြစ်လာ သောအခါ သူ့ဘိုးဘေးများ၏ ဘာသာရေးကို စွန့်လွှတ်ခဲ့သည်။ သူ၏ကလေး ၃ ယောက်က ယုံကြည်ကိုးကွယ်မှုမရှိဘဲ ကြီးပြင်းခဲ့ကြသည်။

"ခင်ဗျား သူ့ရဲ့သချိုင်းမှာ သွားဆုတောင်းရင် အကြံဉာဏ်ကောင်းတစ်ခု ရရှိလိမ့်မယ်၊ ကမ္ဘာကြီးက ခင်ဗျားအပေါ် ပိုပြီး ကြင်နာလာလိမ့်မယ်ဆိုတာတွေကို ကျွန်တော် လုံးဝ မယုံကြည်ဘူး"

တစ်ညနေတွင် သူ့အဘိုး၏အုတ်ဂူဆီကို သွားဖို့အကြောင်းပြောနေစဉ် သူက ထိုသို့ပြောသည်။

ယခုအချိန်အထိ ဘုရား၊ သို့မဟုတ် ဘာသာတရားစိတ်က လီအတွက် ဆွဲဆောင်မှုအနည်းငယ်သာရှိသည်။ သို့သော် အသက် ၈၆ နှစ်အရွယ်၌ သူက သူကိုယ်တိုင် ခွဲစိတ်ရမှုနှင့် သူချစ်သောလူများ၏ ခွဲစိတ်ရမှုတို့ကို တွေးမြင်ဆင်ခြင်ကြည့်သည်။ သူနှင့် သူ့ဇနီးတို့ နှစ်ဦးစလုံးက တမလွန်ဘဝကို မယုံကြည်ကြကြောင်း သူကပြောသည်။

"ကျွန်တော့်ဇနီးက ခရစ်ယာန်မဟုတ်တာကြောင့် သူမကို ဘာလုပ်ရမလဲဆိုတာနဲ့ အခု ကျွန်တော် ရင်ဆိုင်နေရ တယ်။ သူမကို ကျွန်တော် ချီးကျူးထောပနာပြုစကား၊ ပြောရတယ်၊ ကျွန်တော့်သားတွေလည်း ပြောကြလိမ့်မယ်၊ ကျွန်တော့် မြေးတွေလည်း ပြောကြလိမ့်မယ်"

သူ့ဇနီး၏ ချည့်နဲ့နေသော ကျန်းမာရေးကိုစွန့်ပတ်သက်၍ အတွေးများကို အတောင်းဆိုမခံရဘဲ ထုတ်ဖော်ပြ သောအခါ သူကပြောသည်။ ၂၀၀၉ ခုနှစ်တွင် ဒိမ်ထောင်သက် ၆၂ နှစ်ရှိသော သူ၏ဇနီး ကွာဂုတ်ချူးက လေသင်တုန်းများ ဆက်တိုက်ဖြတ်သဖြင့် အားနည်းနေပြီးနောက်၌ အိပ်ရာထဲ လဲခဲ့သည်။ ၂၀၁၀ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် သူမ ကွယ်လွန်သည်။

Scanned by CamScanner

စိတ်ခံစားချက်အနည်းငယ်ကို လီ ဖော်ထုတ်ပြသည်၊ ကြိတ်၍ ဝမ်းနည်းနေမှုက အရိပ်အယောင်ဖော်ပြနေသည်လည်း သူက ခပ်မဆိပ်ပြောသည်၊

"ကောင်းကင်ဘုံမှာ အဖေ့ကို ကျွန်တော် နောက်တစ်ကြိမ် တွေ့နိုင်မယ့်ပုံမပေါ်ဘူး၊ ကျွန်တော့်ရန်းကို လည်း တွေ့နိုင်မယ့်ပုံ မပေါ်ဘူး၊ ဟုတ်တယ်၊ ခံစားချက်ဆိုင်ရာ အကြောင်းတွေကြောင့် ကျွန်တော်တို့ရဲ့အရိုးပြာတွေကို တစ်ဦးနဲ့တစ်ဦး၊ ကျွန်တော်တို့ ရှိစေချင်တယ်လို့ ကျွန်တော် ဆိုလိုတာပါ၊ ဒီလောက်ပါပဲ"

သို့သော် ဝိုင်ဟာသော ဘာသောရေးယုံကြည်ချက်၏ အစွမ်းကို သူလက်ခံသည်၊ ရင်းနှီးသော သူ့၏သူငယ်ချင်းအစောင့်အိုဝန်ကြီးဟွန်ဆူဆင်နှင့် သူ့ဝိသားဝတို့က ၁၉၈၃ ခုနှစ်တွင် သူ သေဆုံးခါနီး လဲလျောင်းနေစဉ်ကာလတစ်ခုအတွင်း ယုံကြည်မှုမှ အင်အားများ ထုတ်ယူနေကြပုံကို သူ ပြန်လည်ပြောပြသည်၊

"သူ အကြောက်အရွံ့မရှိဘူး၊ ကျွန်တော် သူ့ခုတင်ဘေးမှာရှိနေတယ်၊ ဘုန်းကြီးက သူ့ကို နောက်ဆုံး အာသီသ အခမ်းအနား ပြုလုပ်ပေးတယ်၊ နက်ဖြိုင်းတဲ့ သူ့ရဲ့ယုံကြည်သက်ဝင်မှုက ကလေးဘဝကတည်းက စခဲ့တယ်၊ သူ့မှာ ဒီယုံကြည်သက်ဝင်မှုရှိတာကြောင့် စိတ်ငြိမ်းချမ်းနေတယ်"

သူ၏ကိုယ်ပိုင် စိတ်အာဟာရက ဘာလဲ၊ အဖြေမပေးခင် တံ့ဆိုင်းပြီးနောက် လီက ဘဝ၏ လောကဝံတရားကို နှိုင်းစာ ကိုင်တွယ်ရန်အတွက် အခြား ကာကွယ်ရေးယန္တရားများကို သူ ဖော်ဆောင်ခဲ့ကြောင်းပြောသည်၊

"အကြပ်အတည်း အမျိုးအစားအားလုံးကို ကျွန်တော် ရပ်တည်ခုခံခဲ့တယ်၊ ကျွန်တော့်ကို ပြန်ကန်ထွက်နိုင်အောင် ကူညီတဲ့ တစ်စုံတစ်ရာ ကျွန်တော့်ကိုယ်ထဲမှာ ရှိရမယ်၊ ပြန်ကန်ထွက်ဖို့အတွက် သဘာဝလွန်အင်အားတွေကို ကျွန်းယုံကြည်ဖို့မလိုပါဘူး"

ဟု လီကပြောသည်၊

စင်ကာပူသားများ၏ လူနည်းစုထဲတွင် လီရှိနေသည်၊ စင်ကာပူသားများ၏ ၈၅ ရာခိုင်နှုန်းက ဘာသာတရားတစ်ခုကို ကိုးကွယ်ကြသည်၊ လီအဖို့မူ ဘာသာရေးသည် စိမ်အုပ်ချုပ်ရမည့် လူမှုနိုင်ငံရေးအဖြစ်မှန်လောက် စိတ်လုံခြုံမှုပေးသော အရာမဟုတ်ချေ၊ သူ ဘာသာရေးယုံကြည်မှု မရှိခြင်းက ဘာသာရေးအုပ်စုကို အခြားအုပ်စုတစ်စုထက် မျက်နှာသာပေးသော်လည်း ဟူသော သံသယမှ တာအတွက်ကတည်းက သူ့ကို ကင်းလွတ်စေသောကြောင့် ၎င်းက ကောင်းချီးပေးခြင်းတစ်ခု ဖြစ်သည်၊ အမှန်ပင် စင်ကာပူ၏ အမျိုးအမည်စုံလင်သော လူ့အဖွဲ့အစည်းအား စိမ်အုပ်ချုပ်ခြင်း၏ အခြားအသွင်အပြင်ကို လေ့လာဆေးရာ၌ သူအသုံးပြုသော ထိုလက်ငင်းအကျိုးကြည့် မှန်ဘီလူးဖြင့်ပင် ဘာသာရေးယုံကြည်မှုနှင့် ကျင့်ကြံမှုများကို မြင်သုံးသပ်သည်၊

ကျွန်းနိုင်ငံ၏ တရုတ် ၇၄ ရာခိုင်နှုန်း၊ မလေး ၁၃ ရာခိုင်နှုန်းနှင့် အိန္ဒိယ ၉ ရာခိုင်နှုန်းပါဝင်သော လူမျိုးရေးဆိုင်ရာ ဖွဲ့စည်းမှုကြောင့် ထိုကဲ့သို့ စိမ်အုပ်ချုပ်မှုခြင်းက ကျယ်ကျင်သော ဟန်ချက်ညီအပြုအမူတစ်ခု အပြတမ်း လိုအပ်နေသည်၊ (လူမျိုးရေးဖွဲ့စည်းမှုအချိုးက အိန္ဒိယလူဦးရေ အနည်းငယ်တို့ မြင့်လာခြင်းမှလွဲ၍ အနှစ် ၄၀ ကျော်အတွင်း၌ အမျာအစာ မပြောင်းလဲဘဲ ရှိနေခဲ့သည်၊) ဘာသာရေးဆက်စပ်ခြင်းက ပိုမိုစီးဆင်းမှုရှိကြောင်း သက်သေပြလာပြီး တာအို ဘာသာ လျော့နည်းလာလျက်၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့က အကျိုးအမြတ်ရနေကြသည်၊

၂၀၀၀ ပြည့်နှစ်တွင် လူဦးရေ၏ ၄၂.၅ ရာခိုင်နှုန်းက ဗုဒ္ဓဘာသာဝင်ဖြစ်ကြပြီး ၁၉၈၀ ပြည့်နှစ်တွင် ၂၇ ရာခိုင်နှုန်း ရှိရာမှ တိုးတက်လာခဲ့ခြင်းဖြစ် သည်၊ ခရစ်ယာန်ရာခိုင်နှုန်းကလည်း ထိုအချိန်ကာလအတွင်း၌ ၁၀ ရာခိုင်နှုန်းမှ ၁၄.၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်၊ တာအိဘာသာကမူ ၃၀ ရာခိုင်နှုန်းမှ ၈.၅ ရာခိုင်နှုန်းသို့ ကျဆွားခဲ့သည်၊ အများစုက မလေးလူမျိုး

Quality Publ...

Scanned by CamScanner

ဖြစ်သော မူဆလင်တို့၏ ရာခိုင်နှုန်းက ၁၅ ရာခိုင်နှုန်း၌ မပြောင်းလဲဘဲရှိနေပြီး ဟိန္ဒူတို့က နောက်ထပ် ၄ ရာခိုင်နှုန်း ပါဝင်ကြသည်။ ဤကိန်းဂဏန်းများက ၂၀၀၀ ပြည့်နှစ် လူဦးရေ သန်းခေါင်စာရင်းမှ ထုတ်နှုတ်ယူထားခြင်းဖြစ်ပြီး ပါးစပ်ရာဇဝင်အထောက်အထားများက ဘာသာတရားကိုင်းရှိုင်းမှု ကြီးထွားနေခြင်းကို ထင်ပြင်ချက်ပေးနေသော်လည်း ၎င်းကို အတည်ပြုမည့် တရားဝင်အချက်အလက်များ နည်းပါးနေသည်။ ၂၀၁၀ ပြည့်နှစ် သန်းခေါင်စာရင်း ဇယားက်ယူပြီးစီးသော အချိန်တွင် အပြောင်းအလဲများ ရှင်းရှင်းလင်းလင်းဖြစ်လာမည်ဟု သုတေသီများက မျှော်လင့်နေကြသည်။

အစ၌ စင်ကာပူအတွက် လီ၏အပြင်က လူမျိုးပေါင်းစုံ ကျွမ်းကျင်မှု အဆင့်ဆင့်ဖြင့် စီမံကွပ်ကဲအုပ်ချုပ်ခြင်းဖြစ်သည်။ မလေးနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့မျိုးမဟုတ်ဘဲ လူတိုင်းက သူ၏နေရာကို သူ ညီတူညီမျှ ရရှိမည့်နေရာမျိုးဖြစ်သည်။ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးတို့လည်း ရရှိမည့်နေရာမျိုးဖြစ်သည်။ ၎င်းက စင်ကာပူ လွတ်လပ်လာသောနေ့ဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံသားများအား သူပေးခဲ့သောကတိဖြစ်သည်။ သို့လင့်ကစား ၎င်းကို လူမျိုး၊ ဘာသာစကားနှင့် ဘာသာရေးကို ဆယ်စုနှစ်များစွာကြာ ဆက်လက်ခွဲခြားနေမည့် နက်ရှိုင်းသော ဓလေ့ယွင်းချက် မျဉ်းကြောင်းများအဖြစ် သူမှတ်ယူသည်။ သူ၏ချဉ်းကပ်မှုက ဤခွဲခြားမှုများကို အစိုးရမှ တတ်နိုင်သမျှ အကောင်းဆုံးစီမံအုပ်ချုပ်ဖို့ဖြစ်သည်။ ထိုကွဲပြားခြားနားမှုများကို ချုပ်ထိန်းရန် ရည်ရွယ်သော နိုင်ငံတည်ဥပဒေများကို အကျိုးသက်ရောက်စေရန်အတွက် ပြင်းထန်သော ဆန့်ကျင်မှုကို သူ ဖိနှိပ်ခဲ့သည်။

လွတ်လပ်ရေးရသောအခါ လူမျိုးများအကြားပြောဆိုဆက်ဆံမှုက အကန့်အသတ်ရှိနေပြီး များစွာတို့က သူတို့၏နယ်ပင်အတွင်း၌ နေထိုင်ကြ၍ သူတို့၏ တိုင်းရင်းသား ဘာသာစကားကျောင်းကို တက်ကြကာ အချို့သော အလုပ်အကိုင်များကိုပင် ထိန်းချုပ်ထားကြသည်။ မည်သည့်လူမျိုးမှ အခွင့်သာမှုမရစေရန်ကို အသေအချာပြုလုပ်ရန်အတွက်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတွန်းအားပေးရန်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာနနှင့်ကျောင်းများတွင် PAP အစိုးရက အင်္ဂလိပ်စာကို အဓိက ဘာသာစကားပြုလုပ်သည်။

နောက်ပိုင်း၌ ၎င်းအစိုးရက လူမျိုးရေးနယ်ပယ်ဖွဲ့စည်းခြင်းကို ကာကွယ်ရန်စင်ကာပူသား ၈၀ ရာခိုင်နှုန်းကျော်နေထိုင်သော ပြည်သူ့အိမ်ရာများတွင် လူမျိုးရေးအရခွဲတမ်းချသောစနစ်ကို စတင်ကျင့်သုံးသည်။ ပါလီမန်တွင် လူမျိုးပေါင်းစုံကိုယ်စားပြုခြင်းကို အကာအကွယ်ပေးရန် ရွေးကောက်ပွဲစနစ်ကို အစိုးရက ဆက်လက်ပြောင်းလဲသည်။ ဤပေါ်လစီများက စင်ကာပူသားများ၏ဘဝကို တစ်နေ့ချင်း ပြန်လည်ပုံသွင်းခဲ့သည်။ အချိန်ကြာလာသောအခါ လူမျိုးကွဲပြား ခြားနားသော အိမ်နီးချင်းများနှင့်ဘေးခြင်းယှဉ်နေထိုင်ရခြင်းကို သူတို့ကျင့်သားရလာကြသည်။ အိန္ဒိယ၊ တရုတ်၊ မလေးနှင့်ဥရောပသားများက အထူးယှဉ်တွဲ၍ အလုပ်လုပ်ကြသည်။ သူတို့၏ကလေးများက အတူလက်တွဲ၍ ကျောင်းတက်ကြသည်။ အင်္ဂလိပ်စာအသုံးပြုမှုပိုမိုကျယ်ပြန့်လာသောအခါ သူတို့ တစ်ဦးနှင့်တစ်ဦးလည်း အလွယ်တကူ စကားပြောလာနိုင်ကြသည်။

လူမျိုးများအကြား၌ တိုးမြင့်လာခဲ့သော တစ်စည်းတစ်လုံးတည်းဖြစ်မှုမှ ကျေနပ်နှစ်သက်မှုများကို သူ ရရှိနေစဉ်လီက လူတစ်ယောက်၏ဘဝနှင့် လူတစ်ယောက်၏မိသားစု ရပ်တည်ရှင်သန်မှုတို့ အန္တရာယ်ဖြစ်လာကြသောအခါ ပြည်သူများ လူမျိုးရေး အမြင်မရှိကြောင်း စစ်မှန်သော စိမ်းသပ်ချက်က ထိုအကြပ်အတည်းထဲတွင် ပေါ်ထွက်လာသည်ဟု အမြဲတမ်း ထောက်ခံပြောဆိုသည်။

အမှန်ပင် ၂၀၀၉ ခုနှစ်တွင် မဂ္ဂဇင်းအင်တာဗျူးတစ်ခု၌ စင်ကာပူ၊ နိုင်ငံတစ်နိုင်ငံ မဖြစ်သေးကြောင်း၊ အသွင်ကူးပြောင်းနေဆဲသော လူ့အဖွဲ့အစည်းတစ်ခုသာဖြစ်ကြောင်း သုံးသပ်ချက်ချသည်။ ၁၉၉၆ ခုနှစ်က သူပြောခဲ့သော မှတ်ချက်စကားတစ်ခွန်းကို ပြန်လည်ပဲ့တင်ထပ်ပြောသောအခါ သူက ငတ်မွတ်ခေါင်းပါးမှုဖြစ်လျှင် မလေးအိမ်နီးချင်းတစ်ဦးသည် ၎င်း၏

Scanned by CamScanner

နောက်ဆုံး ဆန့်သီးနံအချို့ကို အခြားအိမ်နီးချင်း၊ သို့မဟုတ် သူ၏မိသားစု၊ သို့မဟုတ် မူဆလင်အပေါင်းအပါများအား မွေ့
ပေးမလားဟု နောက်တစ်ကြိမ် မေးခွန်းထုတ်သည်။ ဤမှတ်ချက်က အင်တာနက်ပေါ်တွင်ပြင်းထန်သော တုံ့ပြန်မှုများ
ဖြစ်ပေါ်စေသည်၊ ၎င်းက လူမျိုးနှင့် နိုင်ငံတည်ဆောက်ခြင်း အကြံအစည်စိတ်ကူးများကို အခြေအတင် ဆွေးနွေးရန် စိတ်အား
ထက်သန်သော၊ ပိုမိုစိတ်ဝင်စားမှုရှိသည့် ပြည်သူများ၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည်။

ကျွန်တော်တို့၏ ဆွေးနွေးပွဲများတွင် လိမ ဘာသာရေး ပြန်လည်ထွန်းကားလာမှုဖြစ်စဉ်ကိုလည်း ခွဲခြားသတ်မှတ်
ပြသည်၊ ၎င်းက လူမျိုးများ ကူးလူးဆက်နွယ်ခြင်း၏ အနာဂတ်အတွက် မရေရာမှုဇာတ်ပြစ်အဖြစ် ၁၉၇၀ ပြည့်နှစ်မှစ၍ ဒေး
ကမ္ဘာလုံးရှိ လူ့အဖွဲ့အစည်းများထဲသို့ စတင်ပျံနှံ့နေသည်။

"ဘာသာရေး ပြန်လည်ထွန်းကားလာမှုဖြစ်စဉ်က မလေးတွေကို သီးခြားရေးစီးကြောင်းတစ်ခုထဲကို ဘယ်လောက်
ဝေးဝေးရွေ့လျားစေမလဲဆိုတာ ကျွန်တော်မသိဘူး" လိမက သူ၏ကိုယ်တွေ့မှတ်တမ်းများမလေးဘာသာပြန်ကို အမှတ်အသ
မြှုပ်သော ၂၀၁၀ ခုနှစ် အင်တာဗျူးတစ်ခုတွင် မလေးဘာသာသတင်းတ ဘာရစ်တာဟာရီရန်တို့ ဖြောပြသည်။

၂၀၀၉ ခုနှစ်၊ ဖြေတွင် စာရေးဆရာများနှင့် အင်တာဗျူးနှစ်ခုခွဲ သူက များစွာ ပိုမိုတုံးတိတိနိုင်နေသည်၊ မူဆလင်
အချို့တို့ အစွလာမ်ဘာသာကို ပိုမိုတင်းကြပ်စွာ လိုက်နာစောင့်ထိန်းလာကြပုံကို သူ ညည်းညူပြသည်။ ဤအပြောင်းအလဲ
မူဆလင်များနှင့် မူဆလင်မဟုတ်သူများအကြား မှလွဲမှုရေး ပြောဆိုဆက်ဆံမှုများကို ချွပ်ထိန်းပြီး အခြားဘာသာဝင် စံကျ
သားများနှင့် သီးခြားခွဲခြားနေသော မူဆလင်များအဖြစ် ရလဒ်ထွက်လာလိမ့်မည်ဟု သူ သတိပေးသည်။

မူဆလင်များနှင့် မူဆလင်မဟုတ်သူများအကြား မျက်နှာဖုံး ဇာပဝါတစ်ခုလား

၁၉၂၀ ပြည့်နှစ်များက စင်ကာပူတွင် ကလေးတစ်ယောက်အဖြစ် လိမ တဲလောကူရောရှိ သူ့အဘိုး၏ တင်းသ
အိမ်အနီးမှ ရွာတစ်ရွာတွင် နေထိုင်သော မလေးကလေးများကို သူ၏ကစားဖော်များထဲသို့ ထည့်သွင်းရေတွက်သည်
ကျောင်းတွင်၊ သူက အတန်းထဲနှင့် ကစားကွင်းထဲ၌ မလေးကောင်ကလေးများနှင့် ရောနှောနေသည်။ ၁၉၅၀ ပြည့်နှစ်မှ
၁၉၆၀ ပြည့်နှစ်များတွင် ငယ်ရွယ်သော နိုင်ငံရေးသမားအဖြစ် သူက သူ၏လူမျိုးပေါင်းစုံဆိုင်ရာ ဘက်အမျော်အမြင်
ကျွမ်းကျင်မှုရှိသော ပုဂ္ဂိုလ်အဆင့်ဆင့် စီမံကွပ်ကဲအုပ်ချုပ်မှုအမြင်ကို မျှဝေယူကြသော အရည်အချင်းရှိသည့် မလေးလူ
များကို PAP အဖွဲ့ထဲသို့ ထည့်သွင်းသည်။ သူတို့က အာမက်အီဘရာဟင်၊ ရာဟင်အီဆတ်၊ အောမန်ဝုတ်တို့ ဖြစ်ကြသည်
မဲဆွယ်ပွဲကာလများတွင် သူတို့ ရက်သတ္တပေါင်းများစွာ အတူနေကြပြီး အကြိမ်ပေါင်းများစွာ အတူစားသောက်ကြ သည်။

ရလဒ်အဖြစ် လိအတွက် သက်သောင့်သက်သာ အများဆုံးဖြစ်သော အစွလာမ်ဘာသာပုံစံက သူ၏ ငယ်သူ
ချင်းများနှင့် သက်တော်ရှည် လုပ်ဖော်ကိုင်ဖက်များ ကျင့်သုံးခဲ့ကြသော၊ သည်းခံစိတ်ရှိသော၊ လျော့ပေါ့သော ပုံစံဖြင့်သည်
မူဆလင်များ ဘာစားရမည်၊ သို့မဟုတ် ဘာသောက်ရမည်နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ရှေ့၌ သူတို့ မည်သို့ပြ
ဆင်ရမည်နှင့် ပတ်သက်၍လည်းကောင်း ၎င်းက မတင်းကြပ်ခဲ့ချေ၊ ၎င်းက အစွလာမ်ဘာသာရေး အခမ်းအနားများအ
သည်းခံမှု ရှိသည်။

"ပိုးမရွာအောင် ကျွန်တော်တို့ ဂရုတ်သိမ်းပြောက်ပြီး ထုတောင်းခဲ့ကြတယ်"
ဟု လိကပြောပြီး ယခုအခါစွန့်ပယ်ထားပြီးဖြင့် သာမလေးဓလေ့ထုံးစံများထဲမှ သူ ရင်းနှီးကျွမ်းဝင်သော တဟုသ
တစ်ခုကို ထုတ်ဖော်ပြသည်။

Scanned by CamScanner

သူ့အဖို့မူ ဤ အစွလာမ်ဘာသာမှကွဲပုံစံက အရေးတကြီးအရာတို့ လူမျိုးပေါင်းစုံရှိသော ဟင်္ဂါနီးကွင်းအပြင်အဆင်
တွင် အကောင်းဆုံး ပေါင်းစပ်နေသည်၊ လွန်ခဲ့သော ရာစုနှစ်များက အာရေဗျ အီရန်နှင့် အိန္ဒိယကဲ့သို့သော ဒေသများမှ မွတ်
သလင်များဖြင့် လာကြသော ကုန်သည်များက အစွလာမ်ဘာသာကို ဤဒေသသို့ သယ်ဆောင်လာကြပြီး ၎င်းနောက်၌
ဒေသတွင်း မလေးပြည်သူများ၏ လိုအပ်ချက်အရ လိုက်လျောညီထွေအောင် ပြုပြင်ခဲ့ကြသည်၊

သို့သော် ထိုအစွလာမ်ပုံစံက ၂၀ ရာစုနှစ်၏ နောက်ဆုံး ဆယ်စုနှစ် ၃ စုတွင် အကြီးအကျယ် ပြောင်းလဲမှုကို တွေ့
ကြုံခံစားခဲ့ရသည်၊ အသွင်ကူးပြောင်းမှုက ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေး အပါအဝင် ရွေတောင့်မျိုးစုံရှိသော အပြုအပြင်
များရှိသည်၊ အီရန်တော်လှန်ရေးက ငယ်ရွယ်သော မူဆလင်ပြည်သူများကို အင်အားရှိစေပြီး ရေနံငွေနှုန်းကို မြင့်တက်စေခဲ့
သည်၊ ဤရေနံချေးနှုန်းက ဆော်ဒီအာရေးဗျ ရန်ပုံငွေထောက်ပံ့သော ဘာသာနာပြုကျောင်းများအတွက် ကုန်ကျစရိတ်ကို
တာဝန်ယူသည်၊ ဤသာသနာပြု စိတ်ထက်သန်မှုက ကမ္ဘာအဝှမ်းရှိ မူဆလင် အသိုင်းအဝိုင်းများအကြားတွင် တပ်များနှင့်
ဘာသာရေးကျောင်းများ ဆောက်လုပ်ခြင်းနှင့် တရားဟောဆရာများ စေလွှတ်ခြင်းတို့ဖြင့် သက်ဆိုးရှည်စွာ ဖြစ်ပေါ်နေသည်၊
တရားဟောဆရာများက မူဆလင်များကို ဘာသာရေးကျင့်ဝတ်များအား ပိုမိုတင်းကြပ်စွာ လိုက်နာကြရန် တိုက်တွန်း နှိုးဆော်
ကြသည်၊

ပိုမိုနက်ရှိုင်းသော ဗိုးရိမ်မှုပန်မှုတစ်ခုက ဤမူဆလင်ဘာသာရေး အလုံးအရင်းဖြင့်တက်လာမှုသည် တစ်ဦးတစ်
ယောက်၏ အမျိုးသားရေး၊ သို့မဟုတ် လူမျိုးရေး အရည်အချင်းလက္ခဏာကို ပိုမိုကွယ်ပြန့်သော ဘာသာရေး အရည်အချင်း
လက္ခဏာ အဓိပ္ပာယ်အသစ်ဆီသို့ ပြောင်းရွေ့စေခိုင်းခြင်းဖြစ်သည်၊ ဝန်ကြီးချုပ် လီရွန်လွန်းက ဤအလားအလာအတွက်
ညွှန်းဆိုချက်အဖြစ်၊ နေရာတိုင်းမှ မူဆလင်များကို အကျိုးသက်ရောက်မှုရှိသော ပြဿနာများ ပိုမိုကြီးမားစွာ ပါဝင်ပတ် သက်မှု
(အထူးသဖြင့် အစွရေး - ပါလက်စတိုင်း ပဋိပက္ခ) ကို ကိုးကားပြသည်၊

စင်ကာပူ မူဆလင်များအဖို့မူ ဘာသာရေး နှင့် အမျိုးသားရေးတို့ ယှဉ်ပြိုင်နေသော ပြဿနာသည်များစွာ ပိုမိုကြီးမား
သော မူဆလင်အများစု နိုင်ငံနှစ်ခုခြံရံနေသော တရုတ်လူမျိုးစုနိုင်ငံအဖြစ် စင်ကာပူ လွတ်လပ်ရေးရကာစအချိန်က သူတို့ နယ်နိမိတ်
လုံးဝနေရသော ပြဿနာဖြစ်သည်၊ ၎င်း၏ အိပ်နီးချင်းတစ်ဦးဦးကို စင်ကာပူတိုက်ခိုက်ရမှုင် သူတို့၏ သဘာဝမှာက အခြင်း
မွားဖွယ်ရာ ဖြစ်လာနိုင်သည်ဟူသော တရားဝင် ဗိုးရိမ်မှုပန်မှုကြောင့် လွတ်လပ်ရေးတောင်းဆိုစဉ်များတွင် မလေးမူဆလင်
မျိုးရိုးမှ ငယ်ရွယ်သော လူများကို လက်နက်ကိုင်တပ်ဖွဲ့များမှ ထုတ်ပယ်မှုများ ဖြစ်ပေါ်လာသည်၊

လက်နက်ကိုင်တပ်ဖွဲ့များတွင် အမျိုးသားရေး တာဝန်ထမ်းဆောင်နေကြသော အခြားလူမျိုးများမှ တန်းတူရည်တူ
ရှိကြသူများနှင့်မတူဘဲ မလေးအမျိုးသားများက ရဲတပ်ဖွဲ့တွင်သာ တာဝန်ထမ်းဆောင်ခွင့်ခဲ့ကြသည်၊ ထိုဝေါလင်းက တစ်စ
တစ်စနှင့် ပြောင်းလဲလာသည်၊ အချိန်ကြာလာသောအခါ တိုးမြင့်လာသော မလေးအရေအတွက်ဦးရေကို လက်နက်ကိုင်
တပ်ဖွဲ့များ၏ အရေးကြီးဝေသာရာထူးများ ခန့်အပ်ကြသည်၊ သို့သော် ၁၉၉၉ ခုနှစ်ကဲ့သို့ အချိန်မနှောင်းဦးကာလဆယ်နှစ်
တိုင်းပြည်၏ အနာဂတ်ကို ဆွေးနွေးသော စင်ကာပူ ၂၁ ဗိုလ်မှူးအစည်းအဝေးပွဲတွင် လီက ထိုကဲ့သို့ ခန့်အပ်မှုများကို အထူး
တလွယ်ဂရုစိုက်ပြီး ဆက်လက်စီစဉ်ရန် ရှင်းရှင်းလင်းလင်းဖော်ပြသည်၊ သိပ္ပံနှင့် နည်းပညာတက္ကသိုလ် ကျောင်းသား တစ်
ဖယောက်ထံမှ ပေးခွန်းကို တုံ့ပြန်ရာတွင်ပြည်သူ့ဗိုလ်မှူးအစည်းအဝေးပွဲတစ်ခုခု၌ သူက အလွန်အရေးကြီးသော ပြဿနာကို ဤသို့
စတင်ဖွင့်ဟဆွေးနွေးသည်၊

"ဥပမာအားဖြင့် အလွန် ဘာသာရေးကိုင်းရှိုင်းပြီး မလေးရားသားက ဘာ

ကြောင်းရာဇဝင်ကို ကျွန်တော်တို့ သိရှိရမယ်၊ ဒီအရာတွေက အစစ်အမှန်တွေ ဖြစ်နေတာကြောင့် ဒါတွေကို ကျွန်တော်တို့
နေတာပါ၊ ဒါကို ကျွန်တော် မစဉ်းစားရင်၊ ပြီးတော့ ဒီနေ့ ဝန်ကြီးချုပ်ဟာ ဒါနဲ့ပတ်သက်ပြီး ဂရုတစိုက် မစဉ်းစားဘူးဆိုရင်
တော်ထင်နေရင် ကျွန်တော်တို့ ဝမ်းနည်းကြေကွဲစရာတစ်ခု ရှိရှိလာနိုင်တယ်"

ပေါ်လစီက မလေးမှုဆလင်အသိုင်းအဝိုင်းထဲတွင် မပြိုမသက်မှုကစ်မြစ်တစ်ခု ဆက်လက်ဖြစ်နေသည်၊ ဤဇာ
ထုတ်ဝေစဉ်အဆိုနှင့်က စင်ကာပူ လက်နက်ကိုင်တပ်ဖွဲ့များတွင် အမြင့်ဆုံးရာထူးရှိသော မလေး - မူဆလင်အရာရှိ
တစ်ယောက်ဦးဦးသောအမျိုးသားကားကွယ်ရေးတပ်ဖွဲ့တစ်ခုတွင် ဗိုလ်မှူးချုပ်ရာထူးကို ရယူထားသည်၊ ဗိုလ်ချုပ်
ထက် ရာထူးတစ်ဆင့်မြင့်သည်၊

အစွန်းရောက် မူဆလင်များ လုပ်ဆောင်နေကြသော အကြမ်းဖက် တရွေ့က သူတို့၏ဌာနချုပ်ကို စင်ကာပူ
ဦးဆုံးအကြိမ် တည်ထောင်သောအခါ ရာစုနှစ် အလှည့်အပြောင်းလည်း ဖြစ်လာသည်၊ ၂၀၀၁ ခုနှစ်တွင် အာဂျင်တီးနား
ဒေသဆိုင်ရာ အကြမ်းဖက်အုပ်စုတစ်စုဖြစ်သော ဂိုမားအစ္စလာမီယာ၏ စင်ကာပူသား အဖွဲ့ဝင်များကို ဖမ်းဆီးပိတ်ဆို့
စင်ကာပူကလပ်စည်းအဖွဲ့ဝင်များက အမေရိကန်ကျောင်း၊ အမေရိကန်ရေတပ် ရေယာဉ်များနှင့် အမေရိကန်ကုမ္ပဏီ
အပါအဝင် တိုင်းပြည်ထဲမှ များစွာသော ပစ်မှတ်များကို ဝုံးခွဲရန် စီစဉ်ခဲ့ကြောင်း အစိုးရက နောက်ပိုင်း၌ တုတ်ခတ်ခဲ့ပုံ
သည်၊

အကြမ်းဖက်သော အစွန်းရောက်များ၏ ဤအုပ်စုကလေးနှင့် အလယ်အလတ်သဘောရှိသော ငြိမ်းချမ်းသော
တိုင်းပြည်ကို သစ္စာရှိသော စင်ကာပူးထဲမှ မူဆလင်အများစုအကြား မကွဲပြားခြားနားမှုကို ဆွဲထုတ်ပြရန် အစိုးရမှာ အကြီးအကျ
ခက်ခဲရသည်၊ သို့သော် အကြမ်းဖက်မှုက အသိုင်းအဝိုင်းပေါ်သို့ ဆက်ထန်သောဝီးဟောင်းထိုးပြနေသော ကြောင့် မူဆလင်များ
အစွန်းရောက်များထက် သဘောထား ပျော့ပျောင်းသော အစွန်းအထင်းအမြီးအစများကို သူတို့ အနိုင် အမာပိုင်ဆိုင်ကြောင်းပြသရန်
ဖိအားပေးခံကြရလေသည်၊

စင်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပြီးနောက်တွင် သူတို့၏ ကျွန်ုပ်ကဲ့လုပ်ဆောင်မှုများ ပိုမိုကြီးကျယ်ပွားသော
စိတ် စိစစ်ခံလာရသည်ကိုလည်း မူဆလင်များ တွေ့ရှိလာကြသည်၊ ဝတ်စားဆင်ယင်ခြင်း၊ ဟာလာအစားအစာ သို့မဟုတ်
ဆန့်ကျင်ဘက်လိင်များနှင့် လက်ဆွဲနှုတ်ဆက်ခြင်းကိစ္စတို့ကို မှုန်လင်းစွာ အခြေခံတင် ဆွေးနွေးကြသည်၊ ဤ အခြေအနေ
ဖြစ်နေစဉ် အင်တာနက်ဘလောဂါနှစ်ယောက်ကို မူဆလင်များအား ဇော်ကားရန် လှုံ့ဆော်မှုဖြင့် ပြစ်ဒဏ်စီရင်ပြီး ထောင်ဒဏ်
ငွေဒဏ် ချမှတ်သည်၊ မလေး - မူဆလင် အသိုင်းအဝိုင်းအဖွဲ့ဝင်များက သူတို့၏ မပုံကြည်သက်ဝင်မှုအတွက် မားမားမတ်မတ်
ရပ်တည်မှုမှ ရုတ်ချည်း နောက်ဆုတ်သွားကြခြင်းမရှိခဲ့ဖူး၊ ၂၁၀၃ ခုနှစ်တွင် စင်ကာပူ အစွန်းအထင်းများ ပညာတတ်နှင့် ဘာသာရေး
များအသင်း၊ သို့မဟုတ် ပါဂတ်စ်က စင်ကာပူမှ မူဆလင် အသိုင်းအဝိုင်း၏ အနေအထားအရ အစွန်းအထင်း ညီညွတ်မှုအား
ညွှန်းဆိုပြောဆိုသော စာရွက်စာတမ်းများဖြင့် အသိုင်းအဝိုင်း၏ ရပ်တည်မှုကို ရှုံ့ချုံ့ချုံ့လင်းလင်း ဖော်ပြသည်၊

စင်ကာပူ မူဆလင်များသည် ယခင်ဆယ်စုနှစ်များက အစွန်းထောက်ခံသော အဝေးအနားပွဲလမ်းများဆီသို့
နောက်ပြန်သွားလိုစိတ် မရှိကြောင်းသူတို့ အလေးအနက် ထားပြသည်၊ အမှုဆောင်ရွက်သော ရွေးဟောင်းပုံစံအတိုင်း
အစွန်းသင်ကြားမှုနှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း သို့သော်ငင်းတို့ကို မသိနားမလည်မှုဖြင့် တစ်ဖို့နက ကျွန်ုပ်ကဲ့လုပ်ဆော
ခဲ့ကြကြောင်း သူတို့က ရှင်းပြကြသည်၊ အစွန်းသင်ကြားမှုအရ လက်ခံနိုင်သော အရာများကို ဆုံးဖြတ်ရန်အတွက် မူဆလင်
များ ကိုယ်တိုင် အကောင်းဆုံးအနေအထားတွင် ရှိကြသည်ဟု သူတို့ကပြောကြသည်။ မူဆလင်မဟုတ် သူများကို ဒေသတွင်း
ကျွန်ုပ်ဝေလများတွင် သူတို့၏ ရွေးချယ်မှုကိုလက်ခံရန် တောင်းဆိုကြသည်၊

Scanned by CamScanner

"တချို့ဘာသာရေးကျင့်စဉ်ဝတ်ပွဲတွေဟာ မူဆလင်နဲ့ မူဆလင်မဟုတ်သူတွေအကြား ပြောဆိုဆက်ဆံရာမှာ အတားအဆီးတွေဖြစ်နေတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ခေါင်းစည်းပဝါစည်းတာ၊ လက်ဆွဲနှုတ်မဆက်တာ၊ ဒါမှမဟုတ် တချို့သော ပွဲလမ်းသဘင်တွေမှာ တစ်ဦးတည်းပါဝင်ခြင်း မပြုတာတွေဟာ တင်းကြပ်ခြင်း၊ အစွန်းရောက်ခြင်း၊ အမြင်ကျဉ်းမြောင်းခြင်း။ တစ်စည်းတစ်လုံးဖြစ်မှုကို မလိုလားခြင်းရလဒ်တွေ ဖြစ်ပေါ်တယ်ဆိုတာကို ကျွန်တော်တို့ လက်မခံနိုင်ဘူး၊ ကွဲပြားခြားနားမှုက သက်တောင့်သက်သာမဖြစ်ဘဲ ရှိကောင်းရှိနိုင်တယ်၊ ဒါပေမဲ့ အဲဒါတွေဟာ အများပေါင်းဝုရှိုးနေကြတဲ့ ကျွန်တော်တို့ ကမ္ဘာရဲ့လက်တွေ့အမှန်တစ်ခုပါ" ဟု သူတို့ကပြောကြသည်။

လိက ပိုမိုကြီးကျယ်သော ဘာသာတရားကိုင်းရှိုင်းမှုနှင့် သီးသန့်နေလိုသော ဆန္ဒအကြား ကွဲပြားခြားနားမှုကို မတွေ့မြင်သဖြင့် ရှင်းရှင်းလင်းလင်း သဘောမတူချေ။ အရေအတွက် တိုးတက်များပြားလာသော စင်ကာပူမူဆလင်များ လိုက်နာချင်ကြသော အစားအသောက်နှင့် အဝတ်အစားအပေါ် ပညတ်ချက်များကို အစွလာမ်၏ သီးသန့်နေလိုသော သဘာဝအထောက်အထားအဖြစ် သူ မှတ်ယူသည်။ ကက်ဘိနက်ထဲမှ အခြားသူများက ထိုကဲ့သို့ ခံစားချက်များကို မျှဝေယုကြလျှင် ၎င်းကို သူတို့ လူသိရှင်ကြား ပြောကြမည်ဟုံ့ မပေါ်ချေ။

ကြီးမားသော ရန်လိုတုံ့ပြန်မှုမရှိဘဲ ၎င်းကို ပြောဆိုနိုင်သူက လီ တစ်ယောက်သာရှိဟန်တူသည်။ ၎င်းက တစ်စိတ်တစ်ပိုင်းအားဖြင့် သူ၏ရပ်တည်မှုကို လေးစားခြင်းကြောင့်ဖြစ်သလို အတိတ်က ဆယ်စုနှစ်တွင် ဤအကြောင်းအရာ ကိစ္စနှင့်ပတ်သက်၍ သူ မပြောင်းမလဲ ရှိနေခဲ့သောကြောင့်လည်းဖြစ်သည်။ သို့သော်လည်း အစွလာမ်နှင့်ပတ်သက်၍ သူ၏အမြင်နှင့် သဘောကွဲလွဲသော ကက်ဘိနက် လုပ်ဖော်ကိုင်ဘက်က မူဆလင်ရေးရာဝန်ကြီး ယာကွတ်အီဘရာဟင် ဖြစ်သည်။ လိက ကျွန်တော်တို့ကိုလည်း များစွာ ထုတ်ဖော်ပြောသည်။ သို့သော် လီတင်ပြပုံက ဤကဲ့သို့ဖြစ်သည်၊ "သူ သဘောမတူဘူး၊ သူ သဘောမတူနိုင်ဘူး"

အမှန်ပင် ယာကွတ်က မူဆလင်တစ်ယောက်ဖြစ်သည်။ လိက မူဆလင်မဟုတ်ဈေး၊ သို့သော် သူတို့က ကွဲပြားခြားနားသော မျိုးဆက်များမှ လူများလည်းဖြစ်ကြသည်။ ဘာသာရေးကျင့်ထုံးဝတ်ကို သည်းခံစိတ်ရှည်သော ချဉ်းကပ်မှု ရှိသည့် တန်းတူရည်တူများအကြားတွင် လီ ကြီးပြင်းခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ယာကွတ်နှင့် အခြားငယ်ရွယ်သော ဝန်ကြီးများက၊ မူဆလင်များအကြားသာမကဘဲ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များအကြား၌လည်း ဘာသာရေးကိုင်းရှိုင်းမှုက အမှန်မြင့်တက်လာစျိန်၌ အရွယ်ရောက်ခဲ့ကြသည်။ အကျိုးသက်ရောက်နေသောအကြောင်းအချက်နှစ်ခုရှိသည်။ ၎င်းက ကမ္ဘာလုံးဆိုင်ရာ အလားအလာ ဩဇာလွှမ်းမိုးမှုနှင့် စင်ကာပူသားများအကြားမှ မြင့်တက်လာသော ပညာရေးအဆင့်တို့ ဖြစ်ကြသည်။

စင်ကာပူသားများက သူတို့ကိုးကွယ်သော ဘာသာရေး၏ ပိုမိုဘာသာတရားကိုင်းရှိုင်းသော ကျင့်စဉ်နှင့် ပိုမိုနက်ရှိုင်းသော နားလည်မှုအတွက် ပြင်းပြသောဆန္ဒရှိကြသည်။ ဤအပြောင်းအလဲက လူ့အဖွဲ့အစည်း၏ လမ်းကြောင်းကို ပြောင်းလဲစေခဲ့သည်။ အမျိုးမျိုးသော ဘာသာရေးမှ ဘာသာတရားကိုင်းရှိုင်းသော လူများက သူတို့၏ ဘုရားဝတ်ပြုသော နေရာများတွင် အချိန် ပိုမိုဖြုန်းလာကြပြီး ထိုနေရာတစ်ဝိုက်၌ လှုပ်ရှားသူများစွာတို့က လည်ပတ်နေကြသည်။

ခရစ်ယာန်ဘာသာ သွတ်သွင်းခြင်းက ပိုမိုခေတ်စားလာပြီး ရလဒ်က မွေးရာပါ ဘာသာအပြင်ဘက်၌ ဘာသာကူးပြောင်းမှုအရေအတွက် တိုးမြင့်လာခြင်းဖြစ်သည်။ ခရစ်ယာန်များက သူတို့၏အသံကို ယခင်ကထက် ပိုမိုရှင်းလင်းစွာ ကြားရစေရန် ပြုလုပ်ကြခြင်းဖြင့် အချို့သော ပြည်သူ့ဝန်ဒ အခြေအတင် ဆွေးနွေးပွဲများတွင် ဘာသာရေးအကြောင်းပါသော အမြင်များက အကြောင်းချက်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။

Scanned by CamScanner

မြင့်တက်နေသော ခရစ်ယာန်ဒီရေလား

၂၀၀၀ ပြည့်နှစ် သန်းခေါင်စာရင်းအရ ဤနေရာ၌ရှိသော နေထိုင်သူ လူဦးရေ၏ ၁၄.၆ ရာခိုင်နှုန်းရှိသော စင်ကာပူ ခရစ်ယာန်လူနည်းစုက သူတို့၏ အရေအတွက်ဖြင့် ရှိသင့်သည်ထက် လွှမ်းမိုးအစည်းအဝေးပေါ်ပိုမိုကြီးမားသော အကျိုးသက်ရောက်မှု ရှိနေဟန်တူသည်၊ တက္ကသိုလ်ဘွဲ့ရ ၃ ယောက်တွင် တစ်ယောက်က ခရစ်ယာန်ဖြစ်သည့်အတိုင်း၎င်းက သူတို့၏ မြင့်မားသော ပညာရေးအရည်အချင်းများနှင့် ဆက်နွယ်နေဟန်တူသည်၊

အတိုက်အခံနိုင်ငံရေးသမား တန်လျုန်ဟောင်က ၁၉၉၀ ပြည့်နှစ်များတွင် အလားအလာပြဿနာတစ်ခုပြုလုပ်ရန် ကြိုးစားခဲ့သည်၊ ထိုစဉ်က အစိုးရနှင့် ကက်ဘိနက်တွင် အကြီးတန်းရာထူးများ၌ ခရစ်ယာန်အပရအတွက် ကြီးထွားနေခြင်းကိုမူ သတိပေးခဲ့သည်၊ အစိုးရက သူ၏အမြင်ကို တရုတ်လွှမ်းကြီးဝါဒီတစ်ယောက်ထံမှ ထွက်ပေါ်လာသော အမြင်အမြွေပစ်ပယ်ပြီး ဘာသာရေးက ဆုံးဖြတ်ချက်ပြုလုပ်ခြင်းအပေါ် သြဇာလွှမ်းမိုးခြင်းကို အစိုးရမည်သည့်အခါမှ ခွင့်မပြုကြောင်း တုံ့ပြန်တိုက်ခိုက်သည်၊

မကြာသေးခင်နှစ်များ၌ ခရစ်ယာန်များက ကက်စိနိုလောင်းကစားခြင်းမှ လိင်တူဆက်ဆံခြင်းအထိ ကျယ်ပြန့်သော ပြဿနာများနှင့် ပတ်သက်၍ ပြည်သူ့ဝါဒအရခြေအတင် ဆွေးနွေးပွဲများတွင် သူတို့၏အသံကိုကြားရအောင် စတင်ပြုလုပ်လာကြသည်၊ ကက်စိနိုလောင်းကစားခြင်းများ စင်ကာပူရှိသင့်သလားနှင့် ပတ်သက်သော အခြေအတင်ဆွေးနွေးပွဲတွင် ခရစ်ယာန်အုပ်စုများက အွန်လိုင်းပေတွာရပ်ဆိုင်းကို စည်းရုံးလှုပ်ဆောင်ကြသည်၊ အလားတူပင် လိင်တူဆက်ဆံခြင်းကိုတားမြစ်ချက်အား ဥပဒေစာများထဲတွင် ဆက်လက်ထားရှိသင့်သလားဆိုသည်နှင့်စပ်၍ အခြေအတင် ဆွေးနွေးပွဲအတွင်း၌လည်း ခရစ်ယာန်အုပ်စုများက တားမြစ်ချက်ဖယ်ရှားခြင်းကို ကန့်ကွက်ကြသည်၊ လူမျိုးနှင့်၊ ဘာသာရေးနှင့် ပတ်သက်၍ လိုနှင့်ပြုလုပ်သည့် စာရေးဆရာများ၏ အင်တာဗျူးနှစ်ခုက ကောင်းစွာတည်ထောင်ထားသော၊ လောကီဆန်သော၊ အိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် အမျိုးသမီးအုပ်စု Aware အား ခရစ်ယာန်အမျိုးသမီးအုပ်စုက သိမ်းပိုက်သဖြင့် ပြည်သူတို့ စိုးရိမ်ပူပန်မှုဖြစ်နေကြစဉ် ဖြစ်ပေါ်ခဲ့သည်၊ အငြင်းပွားမှု၏ ဝဟိုရိုက်မတွင်ရှိနေသော ခရစ်ယာန် အမျိုးသမီးအုပ်စုက လောကီရေးရာအဖွဲ့အစည်းတစ်ခုကို သိမ်းပိုက်ရန် သူတို့ တမင်သက်သက် လှုပ်ရှားခဲ့ကြောင်း ငြင်းဆိုသည်၊ သူတို့၏ ပါဝင်ပတ်သက်မှုက Aware ၏ကျောင်းများအတွက် လိင်ပညာပေးအစီအစဉ်တွင် လိင်တူဆက်ဆံခြင်းကိစ္စအား ၎င်းတို့၏ မြင်တင်ဆောင်ရွက်မှုအပေါ် စိုးရိမ်ပူပန်မှုကြောင့်ဖြစ်သည်ဟု သူတို့က ပြောသည်၊

ဘာသာရေးခေါင်းဆောင်များက ဘာသာရေးကို နိုင်ငံရေးနှင့် ရောမွှေနေသဖြင့် အမျိုးသားရေး စိုးရိမ်ပူပန်မှုကြီးထွားလာသည်၊ ဤအမျိုးသမီးများ စုဝေးသော ဘုရားကျောင်း၌ ဝမ္မဆရာတစ်ဦးက တနင်္ဂနွေ ဘုရားဝတ်ပြုပွဲတွင် လိင်တူဆက်ဆံခြင်းပြဿနာသည် "ဘုရားသခင် ကျွန်တော်တို့အတွက် ရေးဆွဲခဲ့သော စည်းကြောင်းတစ်ကြောင်း ဖြစ်ကြောင်း ကျွန်တော်တို့နိုင်ငံ ဤစည်းကြောင်းအား ကျော်ဖြတ်ခြင်းကို ကျွန်တော်တို့ မလိုချင်ကြောင်း" ပြောဆိုခဲ့ပြီး နောက်၌ ထိုကိစ္စဖြစ်ပေါ်လာသည်၊ တိုအဖြေအနေသို့ ရောက်သောအခါ စင်ကာပူ၏ အကြီးဆုံး ဘာသာရေး အုပ်စုများမှ အမျိုးသားခေါင်းဆောင်များက ကြားဝင်လာကြပြီး ထိုကဲ့သို့သော ကိစ္စများတွင် တရားဟောစင်ကို အသုံးမပြုသင့်ကြောင်း သတိပေးကြသည်၊ ဤလှုပ်ရှားမှုကို အစိုးရက ကြိုဆိုသည်၊ ဒုတိယဝန်ကြီးချုပ် ဝေါင်ကန်ဆင်ကလည်း၊ ထိုကဲ့သို့ ရွှပ်ထွေးလာစေနိုင်သော ဖြစ်ပေါ်တိုးတက်မှုကို အနီးကပ်တော့ကြည့်နေသော အစိုးရ၏ကိုယ်စား၊ စင်ကာပူနိုင်ငံရေးနယ်ပယ်၏ လောကီဆန်သော သဘာဝကို အလေးထားပြသည်၊

Scanned by CamScanner

"ကျွန်တော်တို့ရဲ့ဥပဒေတွေနဲ့ မူဝါဒတွေက ဘာသာရေး အာဏာပိုင်တွေဆီက ဆင်းသက်လာကြတာမဟုတ်ပါဘူး။ ဒါတွေက အမျိုးသားအကျိုးကျေးဇူးနဲ့ အားလုံး ကောင်းစားရေးအတွက် အမှုဆောင်ရွက်ပေးဖို့ လောကီဆန်တဲ့ အစိုးရနဲ့ ပါလီမန်တို့ရဲ့ သုံးသပ်ချက် ဆုံးဖြတ်ချက်တွေကို ထင်ဟပ်ပြနေပါတယ်။ ဒီဥပဒေတွေနဲ့ ပြည်သူ့မူဝါဒတွေဟာ လူမျိုး၊ ဘာသာရေးနဲ့ လူမှုရေးဂုဏ်ဒြပ်ကို အလေးမမူဘဲ အားလုံးနဲ့ အညီအမျှ သက်ဆိုင်ပါတယ်။ ဘယ်အုပ်စုနဲ့ ဘယ်သူသက်ဆိုင်တယ်ဆိုတာကို အလေးမမူဘဲ ဒီစနစ်က အားလုံးအတွက် ညီမျှတဲ့ အပြုအမူနဲ့ အကာအကွယ်ပေးမယ်ဆိုတာ ဒီအရာကယုံကြည်မှုပေးပါတယ်"

ဟု သူကပြောသည်။

သို့သော်လည်း လူ့အဖွဲ့အစည်းထဲနှင့် အစိုးရထဲတွင် ပိုမိုကြီးမားသော ဩဇာလွှမ်းမိုးမှုကို ခရစ်ယာန်များ ရရှိကြွေနေကြသည်ဟူသော ခရစ်ယာန်မဟုတ်သူများ၏ စိုးရိမ်ပူပန်မှုကိုမူ မျှဝေယူသလားဟု အမေးခံရသောအခါ လိက ပိုမိုအကောင်းမြင်နေသည်။ အစိုးရလောကီဆန်ပြီး တစ်ခုတည်းသော ဘာသာရေးလွှမ်းမိုးကြီးစိုးခြင်းမရှိသော ဘာသာရေးပေါင်းစုံ လူ့အဖွဲ့အစည်းအဖြစ် စင်ကာပူဆက်လက်ရှိနေသရွေ့ ခရစ်ယာန်များ အပါအဝင် ဘာသာရေးအုပ်စုတစ်ခုခု၏ ပြည်သူ့မူဝါဒအပေါ် ဩဇာလွှမ်းမိုးနိုင်မည့် စွမ်းဆောင်ချက်မှာ အကန့်အသတ်ဖြစ်နေလိမ့်မည်ဟု သူကပြောသည်။

သို့တိုင်အောင် မြင့်တက်နေသော ဘာသာရေး ကိုင်းရှိုင်းမှုလိုင်းဂယက်ကြောင့် မတုန်လှုပ်ကြသူများက အစိုးရကို မူဝါဒပြုလုပ်ရာတွင် သူတို့ဘက်သို့ပါစေရန် ဩဇာလွှမ်းမိုးခြင်း၊ သို့မဟုတ် ပိုမိုဆိုဝါးစွာ ဖိအားပေးခြင်းပြုလုပ်ဖို့ ဘာသာရေးအုပ်စုများ ရှာကြံကြမည်လားဟု တွေးတောနေကြသည်။ ပါလီမန်ထဲသို့ရောက်ရှိရန် ဘာသာရေးခံစားချက်များကို စီးနင်းလိုက်ပါကြမည့် အင်အားများရှိနေကြမည်လား။ အစိုးရသည် ဘက်မလိုက်သော ခုံသမာဓိလူကြီး ဆက်လက်ဖြစ်နေမည်လား၊ ဤအရာများသည် သူတို့၏ ဘာသာရေးသွေးဆောင်မှု မည်သို့ပင်ရှိစေ သူတို့ အသေအချာစဉ်းစားကြရမည့် မေးခွန်းများဖြစ်ကြသည်။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့်အဖြေ

ကမ္ဘာကြီးပြောင်းလဲသွားပြီ။
ကျွန်တော့်သူငယ်ချင်း ပြောင်းလဲသွားပြီလို့
ကျွန်တော်ခံစားရတယ်။
. . . မှုဆလင်တစ်ယောက်ဖြစ်တဲ့အခါ
လူသိရှင်ကြား မှုဆလင်တစ်ယောက်လို ပြုမူဖို့အတွက်
သူ့အပေါ် ဖိအားတွေရောက်လာတယ်။

Scanned by CamScanner

မေး - လူမျိုးပေါင်းစုံစနစ်အပေါ် ခင်ဗျားရဲ့အမြင်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၅ နှစ်ကျော်မှာ စင်ကာပူ ဖွဲ့ပြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ခဲ့တယ်၊ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့၊ စင်ကာပူလွတ်လပ်ရေးရတဲ့နေ့မှာ စင်ကာပူဟာ မလေးနိုင်ငံသော်လည်းကောင်း၊ တရုတ်နိုင်ငံသော်လည်းကောင်း၊ အိန္ဒိယနိုင်ငံသော်လည်းကောင်း ဖြစ်မှာ မဟုတ်တဲ့အကြောင်းကို ခင်ဗျား ကတိပြုခဲ့တယ်၊ အခု နောက်ကို ပြန်လှည့်ကြည့်တဲ့အခါ လူမျိုးပေါင်းစုံစနစ်ဆီကို သွားနေတဲ့ ဒီလမ်းပေါ်မှာ စင်ကာပူတိုးတက်ခဲ့ပုံကို ခင်ဗျား ဘယ်လိုသုံးသပ်မလဲ၊

ဖြေ - တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောရမယ်၊ ဒါပေမဲ့ မူဆလင်အသိုင်းအဝိုင်းကို ကျွန်တော် မစော်ကားချင်ဘူး၊ မူဆလင်အလုံးရင်းရောက်လာမှု ဖြစ်ပေါ်လာတဲ့အထိ ကျွန်တော်တို့ အလွန်ကောင်းမွန်စွာ တိုးတက်နေကြတယ်လို့ ကျွန်တော်ထင်တယ်၊ ခင်ဗျားကျွန်တော့်ရဲ့လေ့လာသုံးသပ်ချက်ကို တောင်းရင်၊ တခြားအသိုင်းအဝိုင်းတွေက မူဆလင်တွေထက် ပိုမိုလွယ်ကူတဲ့ တစ်စည်းတစ်လုံးတည်းဖြစ်မှု (အိန္ဒိယနဲ့ တရုတ်ကူးလူယှက်နွယ်အိမ်ထောင်ပြုတာတွေ၊ ပိတ်ဆွေဖွဲ့တာတွေ စသဖြင့်ပေါ့) ရှိတယ်၊ ဒါဟာ အာရပ်နိုင်ငံတွေကနေ အလုံးအရင်းရောက်လာတဲ့ ရလဒ်ပါ၊

ဒါကြောင့် ခင်ဗျား မူဆလင်တစ်ယောက်ကို လက်ထပ်ချင်ရင် ခင်ဗျားမူဆလင်ဖြစ်ရမယ်၊ ဒါဟာ မူဆလင်မဟုတ်တဲ့ လူတစ်ယောက်ပြုလုပ်ရမဲ့အလွန်ကြီးမားတဲ့ခြေလှမ်းတစ်လှမ်းပဲ၊ ဘဝပုံစံပြောင်းလဲသွားတာကို ကျွန်တော် ဆိုလိုတာပါ၊ ခင်ဗျား ဗလီကိုသွားရမယ်၊ အာရေ့စကားသင်ရမယ်၊ ခင်ဗျားရဲ့ဆုတောင်းစာတွေ၊ အစားအစာတွေ၊ အရာရာတိုင်း သင်ယူရမယ်၊ ပြီးတော့ ဒါဟာ ကျော်လွှားဖို့ အလွန်ခက်ခဲတဲ့ အတားအဆီးတစ်မျိုးလို့ ကျွန်တော်ထင်တယ်၊

ရာဂျာရက်နမ်ရဲ့စိတ်ကူးယဉ်ဆန်တဲ့ ကတိသစ္စာကို ဆယ်စုနှစ်ပေါင်းများစွာကြာ အောင်မြင်ပြီးမြောက်နိုင်မှာ မဟုတ်ဘူးဆိုတာကို ကျွန်တော် ကောင်းကောင်းသိတဲ့အချိန်မှာ အဲဒါကို ကျွန်တော် ယုံကြည်လက်ခံခဲ့တယ်၊ အဲဒါက ဒီပြန်လည်ရှင်သန်နိုးကြွမှု ရောက်လာတဲ့အထိ တဖြည်းဖြည်းနဲ့ ရေစီးကြောင်းကို စုစည်းနေခဲ့တယ်၊ အစွလာမ်ကလွဲလို့ ဘာသာအားလုံးနဲ့ လူမျိုးအားလုံးကို ကျွန်တော်တို့ တစ်လုံးတစ်စည်းတည်း ဖြစ်အောင်လုပ်နိုင်တယ်ဆိုတာ ဒီနေ့ ကျွန်တော် ပြောရလိမ့်မယ်၊

မေး - စင်ကာပူမှာ မူဆလင်တွေရှိနေတာဟာ လူမျိုးပေါင်းစုံသဟဇာတဖြစ်ဖို့အတွက်အဓိကအနှောင့်အယှက်ဖြစ်တယ်လို့ ခင်ဗျား ပြောနေတာလား၊

ဖြေ - မဟုတ်ဘူး၊ ကျွန်တော် အဲဒါကိုပြောနေတာ မဟုတ်ဘူး၊ မူဆလင်တွေဟာ လူမှုရေးအရဒုက္ခမပေးဘူးလို့ ကျွန်တော် ထင်တယ်၊ ဒါပေမဲ့ သူတို့က ကွဲပြားခြားနားပြီး တသီးတခြားဖြစ်နေကြတယ်၊

ကျွန်တော်နဲ့ အလုပ်လုပ်တဲ့ မျိုးဆက် - အောမန်ဂုတ်၊ ရာဟင်အိရ်ဂက်တို့ရဲ့ခေတ် - မူဆလင်တွေအလုံးအရင်းရောက်မလာခင်က အဲဒီမျိုးဆက်ဟာ ကောင်းကောင်းမွန်မွန် တစ်စည်းတစ်လုံးတည်း ရှိနေကြတယ်၊ ကျွန်တော်တို့ ဘီယာသောက်ကြတယ်၊ ကျွန်တော်တို့မဲ့ဆွယ်သွားကြတယ်၊ ဧရွေးကောက်ပွဲတွေ သွားလုပ်ကြတယ်၊ ကျွန်တော်တို့အတူတူ စားသောက်ကြတယ်၊

အခု သူတို့က ...

Scanned by CamScanner

"ပန်းကန်ပြားတွေ သန့်ရဲ့လား"

လို့ ပြောကြတယ်၊ ကျွန်တော်က ...

"ခင်ဗျားသိပါတယ်၊ ပန်းကန်ဆေးစက် က တစ်ခုပဲရှိတယ်"

လို့ ပြောတယ်၊ ဟာလာလုပ်တာတို့၊ ဟာလာမလုပ်တာတို့ စသဖြင့်ရှိတယ်၊ ကျွန်တော်ဆိုလိုတာက သူတို့ အားလုံး သွေးခွဲကြတယ်၊ သူတို့က ကျွန်တော့်ကို ခင်ဗျားနဲ့ခွဲခြားတယ်၊

"ကျွန်တော်က ယုံကြည်တဲ့သူ၊ ခင်ဗျားက မယုံကြည်တဲ့သူ"

အဲဒီလိုပြောကြတယ်၊ ဒါပါပဲ၊ ကျွန်းမာရေးညီညွတ်မှုကို ဘယ်သူမှ သံသယမဖြစ်ကြဘူး၊ ကျွန်းမာရေး ညီညွတ်မှုနဲ့ ဘာမှ ပတ်သက်စရာမရှိဘူး၊ အဲဒါက ဒါဟာ ခင်ဗျားလုပ်တဲ့ တစ်စုံတစ်ရာမဟုတ်ဘူးဆိုတဲ့ ဘာသာရေးယုံကြည်မှုနဲ့ ပတ်သက်နေတယ်၊

ငယ - ဒါကို တစ်လုံးတစ်စည်းတည်းဖြစ်ဖို့ မူဆလင်တွေ ဘာလုပ်ဖို့လိုအပ်သလဲ၊

ငပြ - အစွလာမ် လိုက်နာစောင့်ထိန်းမှုကို လျှော့ပေးပြီး "အိုကေ ... ငါ မင်းနဲ့ ထမင်းစားမယ်" လို့ ပြောပါ၊

ငယ - ဒါပေမဲ့ ထမင်းအတူတူမစားဘဲ တစ်စည်းတစ်လုံးတည်းဖြစ်အောင် လုပ်ဖို့ တခြားနည်းလမ်းတွေရှိတယ်၊ ဟုတ်တယ် မဟုတ်လား၊

ငပြ - မလေးမဟုတ်တဲ့ လူတစ်ဖယောက်၊ မူဆလင်မဟုတ်တဲ့ လူတစ်ယောက်ရဲ့တံခါးပြန်ဆောင့်ရွက်မှု အကြောင်း ခင်ဗျားကို ကျွန်တော်ပြောနေတာပါ၊

ဝန်ကြီးချုပ်က အနားယူကြတော့မယ့် ပါလီမန်အဖွဲ့ဝင်တွေအားလုံးကို နှုတ်ဆက်ညစာစားပွဲ တည်ခင်းကျွေးမွေးတော့မယ်၊ ဒါကြောင့် အနားယူသွားတဲ့ ပါလီမန်အဖွဲ့ဝင်ဖြစ်တဲ့ အောမန်ဝတ်ကို ဖိတ်ခေါ်ကြတယ်၊ သူ ကျွန်တော့် စားပွဲမှာ ထိုင်တယ်၊ ဒါကြောင့် သူ့ကို အထူးစပါယ်ရှယ် အစားအစာပေးကြတာ ကျွန်တော်တွေ့တယ်၊ ကျွန်တော်က

"အောမန် အထူးအစားအစာတွေ ခင်ဗျားမှာသလား"

လို့ပြောတယ်၊ သူက ...

"ဟင့်အင်း"

လို့ပြောတယ်၊ ဒါကြောင့် အိပ်တွင်းအမှုထမ်းကို ကျွန်တော် ခေါ်လိုက်တယ်၊ ကျွန်တော်က ...

"သူ့ကို ဘာကြောင့်မတူတဲ့ အစားအစာတွေပေးတာလဲ၊ ငါစားတဲ့အစားအစာကို သူ ဘာကြောင့်မစားနိုင်တာလဲ၊ ဝက်သားမပါဘူး"

လို့ ပြောတယ်၊ သူက ...

"ဆရာ ... စည်းကမ်းသတ်မှတ်ချက်က အခု မူဆလင်အားလုံးဟာ မူဆလင်အစားအစာပဲ စားကြတယ်၊ အဲဒီလို မှမဟုတ်ရင် မပျော်ရွှင်စရာတွေ အတော်များများရှိနိုင်တယ်"

လို့ ပြောတယ်၊

Scanned by CamScanner

မေး - သူ့အစားအစာကို သူစားတဲ့အချက်အကြောင့် ခင်ဗျား အစော်ကားခံရသလား။

ဖြေ - မဟုတ်ပါဘူး။ ကမ္ဘာကြီးပြောင်းလဲသွားပြီ၊ ကျွန်တော့်သူငယ်ချင်းပြောင်းလဲသွားပြီလို့သာ ကျွန်တော် ခံစားရတာပါ။ သူဟာ ဆယ်စုနှစ်ပေါင်းများစွာက ငယ်သူငယ်ချင်းဟောင်းပါ။ ၁၉၅၀ ပြည့်နှစ်တွေ၊ ၆၀ ပြည့်နှစ်တွေနဲ့ ၇၀ ပြည့်နှစ်တွေမှာ ကျွန်တော်နဲ့အတူ မဲလျှောက်ဆွယ်ခဲ့တဲ့ အော်မန်ဝုတ်ဟာ အခု ပြောင်းလဲသွားပြီ၊ ဒါဟာ ဘဝရဲ့အဖြစ်မှန်ပါ။ ဒါကို မှားတယ်၊ မှန်တယ်လို့ ကျွန်တော် ပြောမနေပါဘူး။ မှုဆလင်တစ်ယောက်ဖြစ်တဲ့အခါ လူသိရင်ကြား မှုဆလင်တစ်ယောက်လို ပြုမူပို့ဆောင်အတွက် သူ့အပေါ်ဖိအားတွေရောက်လာတယ်လို့သာ ကျွန်တော် ပြောနေတာပါ။

တဲလောကရော အင်္ဂလိပ်ကျောင်းကို ကျွန်တော်သွားတယ်၊ ကျွန်တော့်မှာ မလေးသူငယ်ချင်းတွေ အများကြီးရှိတယ်၊ ပြီးတော့ ရတ်ဇလပ်သိပ္ပံကျောင်းမှာလည်း ရှိတယ်။ တဲလောကရောက ကျွန်တော့်ရဲ့ မလေးသူငယ်ချင်းတချို့က ရတ်ဇလပ်ကို သွားကြတယ်၊ ကျွန်တော်တို့ဟာ ကျောင်းသားဘဝတစ်လျှောက်လုံးမှာ သူငယ်ချင်းတွေဖြစ်ကြတယ်။ နာစီလာမား (ထမင်း) ဒါမှမဟုတ် နာစီဂိုးရင်း (ထမင်းကြော်) ကို အတူတူစားကြတယ်။ ကျောင်းအပြင်ဘက်မှာ ဒါတွေကိုလုပ်ရောင်းတဲ့ အမျိုးသမီးတွေဆီက ကျွန်တော်တို့ ဝယ်စားကြတယ်။

အဲဒီခေတ်ကာလတုန်းက ကျွန်တော်တို့မှာ ကျောင်းထမင်းဆိုင်မရှိဘူး။ ဒါကြောင့် နာစီလာမား နှစ်ပြားဂိုးဝယ်ပြီး စားရတယ်။ ဒါပေမဲ့ အခု ခင်ဗျားကျောင်းကို မလေးတွေ၊ တရုတ်တွေနဲ့ အတူသွားရင် ဟာလာနဲ့ ဟာလာမဟုတ်တဲ့ အိုင်းတွေရှိတယ်။ တက္ကသိုလ်တွေမှာလည်း အဲဒီလိုပဲ။ ပြီးတော့ သူတို့အရောအနှောမဝံ့တော့ဘဲ သီးခြားထိုင်တတ်လာကြတယ်။ ဒါတွေအားလုံးဟာ လူမှုရေးခွဲခြားမှုတစ်ခု ဖြစ်လာတယ်။ အခု ကျွန်တော် မှားတာ၊ မှန်တာတွေ ပြောမနေဘူး။ ဒါဟာ ဘာသာရေးရဲ့တောင်းဆိုချက်ဖြစ်တဲ့အကြောင်း ကျွန်တော် ပြောနေတာပါ။ ဒါဖမဲ့ အကျိုးဆက်တွေကတော့ ကန့်လန့်ဖြတ်ချထားတဲ့မျက်နှာဖုံးဇာပဂါတစ်ခုပါ။ ဒါဟာ အဲဒီလိုပဲဖြစ်ရမယ်လို့ ကျွန်တော် ထင်တယ်။ အစွလာမ်ဟာ သီးသန့်ဖြစ်လာပြီး

မေး - ဒါပေမဲ့ အဲဒါဟာ နိုင်ငံတည်ဆောက်ရေးကို အတားအဆီးဖြစ်သလား။

ဖြေ - SAF (စင်ကာပူ လက်နက်ကိုင်တပ်ဖွဲ့) ဟာ ထမင်း ၂ နပ်ကျွေးရတယ်။ ခင်ဗျား တိုက်ပွဲဝင်တယ်။ ကျည်ဆန်တွေ ခင်ဗျားပတ်ပတ်လည် ပျံသန်းနေတဲ့ ထမင်းစားဆိုန်အတွင်းမှာ ခင်ဗျား သီးသန့်ခွဲခြားနေရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်နိုင်တယ်။ ဒီမယ်... ခင်ဗျား ကျွန်တော့်ကို မေးခွန်းတွေ မေးနေတယ်။ အဖတွေးအခေါ်နဲ့ဆိုင်တဲ့ မေးခွန်းတွေ၊ ဒီစနစ်ကို ကျွန်တော် စိစဉ်လုပ်ကိုင်နေခဲ့တယ်။ ငယ်ရွယ်တဲ့မျိုးဆက်တွေ၊ ဝိုဗိုများပြားတဲ့ ကွဲပြားခြားနားမှုတွေ၊ ဝေလဲထုံးစံတွေ ကိုင်တွယ်ခန့်ကြရပုံကို အခု ကျွန်တော်တွေ့မြင်နေတယ်။ ဒီလိုနဲ့ အစားအစာ စီမံရောင်းချသူတွေ နစ်ယောက်ရှိရတယ်၊ ဟိုဟာနစ်ယောက်၊ ဒီဟာနစ်ယောက် လုပ်နေရတယ်။ ဒါဟာ ဘဝပဲ။

ပြောင်းလွှဲအခြေချမှုတွေကို ကြည့်ပါ။ မလေးတွေ၊ ဒါမှမဟုတ် အင်ဒိုနီးရှားတွေကို ကျွန်တော်တို့ လာခိုင်းလို့မရဘူး။ လာရင်လည်း သူတို့နည်းနည်းကလေးပဲ လာကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ကျွန်တော်တို့ကို အစွလာမ် နိုင်ငံမဟုတ်ဘူးလို့ မြင်ကြလို့ပေါ့။ ပြီးတော့ သူတို့ အထူးအခွင့်အရေးလည်း မရကြဘူး။ ဒီတော့ ကျွန်တော်တို့ အာရုံးတွေကို ရအောင်ကြိုးစားနေကြတယ်။ ဒါပေမဲ့ အာရုံးတွေက ကြီးပွားချမ်းသာနေကြတယ်။ သူတို့ အနည်းငယ်က ဒီလိုလာကြတဲ့ မလေးအမျိုးသမီးတွေကို လက်ထပ်ကြတယ်။ ဒါပေမဲ့ သူတို့ အရုံးနည်းပါးတယ်။

Scanned by CamScanner

ဒီတော့ ရလဒ်အဖြစ် အိန္ဒိယလူဦးရေက မလေးအဆင့်ဆီကို တဖြည်းဖြည်း တက်လာနေတယ်။ ဂု ရာခိုင်နှုန်းက အခု သူတို့ ၉ ရာခိုင်နှုန်းဖြစ်လာတယ်။ မလေးတွေက ၁၄ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းထိရှိတယ်။

ငယ - စင်ကာပူမှာ မလေးတွေရဲ့မွေးဖွားနှုန်း ပိုမိုမြင့်မားတာတောင်မှ နည်းနေတာလား။

ငမြ - ပြောင်းရွှေ့အခြေချမှုက ဒီမြင့်မားတဲ့ မွေးဖွားနှုန်းကို ကျော်လွန်သွားလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အခု အရည်အသွေးမြင့်မားတဲ့ အိန္ဒိယတွေကို ရရှိနေကြလို့ပါ။ သူတို့တွေက အလုပ်သမားတွေဖြစ်ကြတဲ့ တော့် ပိုင်းက အိန္ဒိယလူဟောင်းတွေ မဟုတ်ကြဘူး။ ဒီလူတွေက သူတို့ရဲ့အကောင်းဆုံးတက္ကသိုလ်တွေ၊ သိပ္ပံကျောင်းတွေက အဆင့်မြင့် ပညာတတ်တွေဖြစ်ကြတယ်။ ပြီးတော့ ဒါဟာ ကျွန်တော်တို့ ကြည့်ရှုကိုင်တွယ်ရတဲ့ အထိမခံတဲ့ အရာဖြစ်တယ်။ ပြီးတော့ အဲဒါကို ကျွန်တော်တို့ လုံးဝ ကောင်းမွန်စွာ ကိုင်တွယ်ခဲ့တယ်။

မူဆလင်တွေရဲ့ဘာသာရေး၊ သူတို့ရဲ့အစားအစာ၊ သူတို့ရဲ့ဗလီတက်တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ကျွန်တော်တို့ ဝင်ရောက်မစွက်ဖက်ကြဘူး။ စာသင်ကြားပြသမှု အပါအဝင် ဗလီတွေမှာ သူတို့လှုပ်ရှားမှုတွေ၊ များပြားသထက် အများအပြား လုပ်နေကြတယ်။

ငယ - စင်ကာပူကို မူဆလင်အိမ်နီးချင်းတွေ ဝိုင်းဝန်းတဲ့ အရက်ကလည်း ကြီးမားတဲ့ အကြောင်းချင်းရာတစ်ခု ဖြစ်သလား။

ငမြ - ဒေသတွင်းက မူဆလင်တွေနဲ့ ကျွန်တော်တို့ မူဆလင်တွေရဲ့ဆက်ဆံရေးက သရုပ်မှန်တစ်ခုပါ။ သူတို့ ဆုံတွေ့ကြတယ်၊ ရုပ်မြင်သံကြား ကြည့်ကြတယ်၊ ခေါင်းစည်းအဝတ်စတွေက ကျောင်းတွေမှာ ပြဿနာတစ်ခု ဖြစ်လာတယ်၊ ဘာကြောင့်လဲဆိုတော့ မလေးရှားရဲ့မေတွေကလည်း ခေါင်းစည်းအဝတ်တွေ စည်းနေကြတာကို တွေ့မြင်ကြလို့ပေါ့။ အင်ဒိုနီးရှားတွေကလည်း တဖြည်းဖြည်းနဲ့ ခေါင်းတွေကို ဖုံးအုပ်နေကြတယ်။ အကုန်လုံးတော့ မဟုတ်ဘူး၊ ခေါင်းဆောင်တချို့ကတော့ အဲဒီလိုလုပ်ဖို့ ငြင်းဆန်နေကြတယ်လို့ ကျွန်တော်ထင်တယ်။

ဒါကြောင့် ကျွန်တော်တို့ ခိုင်ခိုင်မာမာ ရပ်တည်ကြရတယ်။

"ဒါဟာ ကျောင်းယူနီဖောင်းမဟုတ်ဘူး၊ မင်စာရေးခုံ ရှေ့ဆုံးအစွန်မှာ ထိုင်ချင်ရင် ခေါင်းစည်းအဝတ်မစည်းနဲ့၊ ဒီယူနီဖောင်းဝတ်ရမယ်။ မင်ခေါင်းစည်းဝတ် စည်းချင်ရင် နောက် ဘက်အစွန်ကိုသွား"

လို့ကျွန်တော်ပြောတယ်။ ကျွန်တော်တို့တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ်။ ဒါပေမဲ့ ပြည်သူတွေနဲ့ ကမ္ဘာတစ်ဝှမ်းက ဧည့်သည်တွေကို ကျွန်တော်တို့ ထွက်ပြကြရတဲ့အခါ ကျွန်တော်တို့ ယူနီဖောင်းနဲ့ရှိနေရမယ်။ ကျွန်တော်တို့က မရဘူးလို့ပြောတယ်။ ခင်ဗျား ဒီအလုပ်လုပ်ချင်ရင် တခြားလူတွေဝတ်တဲ့ဟာကို တိတိကျကျ ဝတ်ရမယ်။ ခင်ဗျား ဒါကိုဝတ်ချင်ရင် အခန်းနောက်ဘက်ကိုသွားပြီး ကွန်ပျူတာမှာ အလုပ်လုပ်ပါ။ မရဘူး၊ ဘယ်တုန်းအခါကမှ မရှိခဲ့ဘူးတဲ့ ပြဿနာကြီးတွေရှိနေတယ်။ ဘာကြောင့်လဲ၊ ကျွန်တော်တို့ အခု ပိုပြီးကောင်းကောင်း သိရှိလာကြတာကြောင့်လို့ သူတို့ကပြောတယ်။ နှစ်ရာပေါင်းများစွာ ကြာကာလမှာ အစွယ်လာမ်ဟာ ရွှက်လေတွေနဲ့ ဒီကိုရောက်လာကြတဲ့ အာရုပ်ကုန်သည်တွေ ယူဆောင်လာတဲ့ အစွယ်လာမ်ဖြစ်ခဲ့တယ်။ ဒီကိုရောက်လာဖို့အတွက် သူတို့ ၃၀၊ ၄၀ လလောက် အချိန်ယူရနိုင်တယ်။ သူတို့ရဲ့ဝေလဲဆုံးစံတွေကိုလည်း နောက်မှာ သူတို့ချန်ထားခဲ့ကြပြီး ဒေသစံတွေနဲ့ ပူးပေါင်းကြတယ်။

Scanned by CamScanner

ဒေါ် - HDB (အဆောက်အဦး) လူမျိုးရေးဆိုင်ရာ ခွဲတမ်းတွေနဲ့ အုပ်စုကိုယ်စားပြု မဲဆန္ဒနယ်မြေတွေလို အစိုးရ စတင်ကျင့်သုံးခဲ့တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်တချို့ရှိတယ်။ တစ်နေ့ကျရင် အဲဒါတွေ ဖျက်သိမ်းရမှာကို ခင်ဗျား ကြိုမြင်နေသလား။

ဖြေ - ရေနံခေတ်ကုန်ဆုံးသွားတဲ့အခါ ၁၀ နှစ်၊ နှစ် ၂၀ အတွင်းမှာ ဘာတွေဖြစ်တော့မယ်ဆိုတာ ခင်ဗျားကို ကျွန်တော် မပြောနိုင်ဘူး။ ဒါပေမဲ့ ကျွန်တော် အဲဒီလိုတော့မထင်ဘူး။

ဒေါ် - အများအားဖြင့် တရုတ်နဲ့ အိန္ဒိယတွေဖြစ်ကြတဲ့ နိုင်ငံခြားသားတွေ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ စုပုံရောက်လာကြပြီး လူမျိုးရေးဖွဲ့စည်းမှု ပြောင်းလဲနေတာကြောင့် အဲဒါက လူ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကျွန်တော်တို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာနဲ့ ပတ်သက်လို့ ခင်ဗျား စဉ်းစားမိသလား။

ဖြေ - ဟုတ်ကဲ့၊ အဲဒါ ရှေ့ကိုသွားတာနဲ့ ပတ်သက်လို့ ကျွန်တော် အတော်စိုးရိမ်မှုပန်မိတယ်။ တရုတ်တွေနဲ့ ပတ်သက်လို့ ကျွန်တော် မစိုးရိမ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ဒေသတွင်းလူဦးရေက အလျင်အမြန် လျော့နည်းနေလို့ပါ။ ဒါကြောင့် ပြောင်းရွှေ့အခြေချတွေက ကာမိရုံလောက်သာ ရှိနေတယ်။ အလုံးအရင်းရောက်လာတာက အရည်အချင်းမြင့်မားတဲ့ အိန္ဒိယသားတွေရဲ့အရေအတွက်ပိုများတယ်။ သူတို့ကို ကျွန်တော်တို့ မပစ်မယ်နိုင်ဘူး။ IT ကျွမ်းကျင်သူတွေ၊ ဘဏ်လုပ်ငန်းကျွမ်းကျင်သူတွေဖြစ်တဲ့ သူတို့ကိုပစ်မယ်တာဟာ မိုက်မဲတယ်။ ပြီးတော့ သူတို့က ထက်မြက်တဲ့ ကလေးတွေမွေးကြတော့မယ်။

သူတို့က ၉ ရာခိုင်နှုန်းလောက် ရှိကောင်းရှိနိုင်တယ်။ သူတို့ ၇ ရာခိုင်နှုန်းရှိခဲ့လေရှိတယ်။ ဒီအလားအလားက ဘယ်လောက်ကြာကြာ တည်တံ့နေမလဲဆိုတာ ကျွန်တော် မဖြေနိုင်ဘူး။ ကျွန်တော် ခံစားမိတာကတော့ ဒီအလားအလာဟာ နှစ်ပေါင်းများစွာ တည်တံ့နေလိမ့်မယ်။ ဘာဖြောင့်လဲဆိုတော့ အိန္ဒိယပြိုဖြတ်တွေဟာ စင်ကာပူကို မီဖို့အတွက် အချိန်ကြာဦးမှာဖြစ်လို့ပဲ။

တရုတ်ပြိုတော်တွေက မီလာလိမ့်မယ်။ နှစ် ၂၀၊ ၃၀ အတွင်းမှာ ကမ်းရိုးတန်းပြိုတော်တွေဟာ စင်ကာပူလို ကောင်းမွန်လာကြလိမ့်မယ်။ အရေအတွက် အတော်များများ ကျဆင်းသွားတာ ခင်ဗျား တွေ့မြင်ကောင်းတွေ့မြင်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တူညီတဲ့ အခွင့်အရေး၊ တူညီတဲ့ဘဝ အရည်အသွေး ခင်ဗျားရနေတဲ့အခါ ဘာဖြောင့် စင်ကာပူကို လာတော့မှာပဲ။ ချက်ချင်းတော့မဟုတ်ဘူး။ ဒါပေမဲ့ ကွဲပြားခြားနားမှုတစ်ခုကို ကျွန်တော်တို့ တွေ့မြင်နိုင်တယ်။ ဆီဘျမ်၊ ဟွန်နန်၊ ဟူဘေ၊ လျှိုနင်နဲ့ ပိုပြီးဆင်းရဲတဲ့ ပြည်နယ်တွေကနေ သူတို့ပိုလာကြတယ်။ ကမ်းရိုးတန်းပြိုကြီးတွေဆီက မလာဘူး။ ဘာကြောင့်လဲဆိုတော့ ကမ်းရိုးတန်းပြိုကြီးတွေက ခင်ဗျားလာတာနဲ့တစ်ပြိုင်နက် ခင်ဗျားမှာ ပိုက်ဆံတွေပိုရနေတဲ့အဖေတွေ၊ အမေတွေ ရှိနေတာကြောင့်ဖြစ်တယ်။ အဲဒီနောက် သူတို့ရဲ့အဆင့်မြင့် ကျောင်းအောင်လက်မှတ်၊ ဒါမှမဟုတ် သူတို့ရဲ့ အပြည်ပြည်ဆိုင်ရာ သိပ္ပံ၊ ဝိဇ္ဇာဘွဲ့ကို ရရှိတဲ့အခါ အမေရိကန်ကို သူတို့ သွားကြတယ်။

ဒါကြောင့် ကျွန်တော် စိုးရိမ်မှုပန်တာက တရုတ်ပြည် တိုးတက်နေတဲ့အခါ တရုတ်တွေ စီးဝင်းလာမှု ဆက်လက်ဖြစ်မနေမှာပဲဖြစ်တယ်။ အိန္ဒိယတွေ စီးဝင်လာမှုကတော့ ဆက်လက်ဖြစ်နေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယမြို့ကြီးတွေမှာ အခွင့်အလမ်းတွေရှိပေမဲ့ သူတို့ စင်ကာပူမှာနေချင်ကြလို့ပဲ။ ဒါကြောင့် သူတို့ ၁၂ ရာခိုင်နှုန်းကို

Scanned by CamScanner

ရောက်နိုင်မယ့် အခြေအနေ ကျွန်တော်တို့မှာရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလေးတွေကို မသက်မသာဖြစ်အောင် လုပ်နေကြတယ်။ ဒါပေမဲ့ ပင်လယ်ကွေ့က မူဆလင်တွေ ရောက်လာဖို့အတွက် ကျွန်တော်တို့ အကောင်းဆုံးပြင်စားနေကြတယ်။ အများကြီးတော့ ရမှာမဟုတ်ဘူး။ နည်းနည်းပဲရမယ်။ သူတို့က ချမ်းသာနေကြလို့ပေါ့။ မလေးရှားရဲ့ အင်ဒိုနီးရှားက နည်းနည်းကလေးပဲ လာကြလိမ့်မယ်။ စင်ကာပူ - မလေးရှား အိမ်ထောင်ဘက်တွေနဲ့ စင်ကာပူ, အင်ဒိုနီးရှား အိမ်ထောင်ဘက်တွေကနေ၊ နည်းနည်း ရတယ်။ ဒါပေမဲ့ ရာခိုင်နှုန်းကတော့ အရမ်းနည်းတယ်၊

ငမေး - ပထဝီနိုင်ငံရေးအရ ခင်ဗျားကြည့်တဲ့အခါ၊ အများကြီး ပိုနည်းတဲ့ မလေးရှားလူဦးရေကို ရရှိတာက ပိုကောင်းသလား ဒါမှမဟုတ် ရှိနေတဲ့ အချိုးအတိုင်းထားတာက ပိုကောင်းသလား။

ဂဖြေ - မဟုတ်ဘူး။ ဒါဟာ ကျွန်တော်တို့ဘဝရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်ဆိုတာနဲ့ ဒေသရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သတိပေးဖို့အတွက် ထူးခြားတဲ့ မလေးလူဦးရေ တစ်ခုကို ကျွန်တော်တို့ ထားချင်တယ်လို့ ပထဝီနိုင်ငံရေးအရ ကျွန်တော် စဉ်းစားတယ်။ မလေးလူဦးရေဟာ ရာခိုင်နှုန်းကို ကျသွားတယ်ဆိုပါစို့။ အဲဒီအခါကျရင် စင်ကာပူသားတွေက "အင် . . . အိုကေလေ၊ သူတို့ကို သုံ့ လိုချင်တာ ၅ ရာခိုင်နှုန်း ငါတို့ပေးမယ်။ သူတို့နဲ့ပတ်သက်ပြီး ငါတို့ ဒုက္ခမခံတော့ဘူး" လို့ပြောမယ်။ ဒါဟာ အရမ်း မှားသွားလိမ့်မယ်။

အခုဖြစ်နေတဲ့ပြဿနာက အဆင့်နိမ့်တဲ့အလုပ်သမားတွေကို ကျွန်တော်တို့ ဆွဲဆောင်ချင်ရင် အဲဒါကို ကျွန်တော်တို့ အချိန်မရွေးဆောင်ရွက်နိုင်တယ်။ ပြီးရင် သူတို့ကို ကျွန်တော်တို့အမြဲတမ်း သယ်ဆောင်သွားကြရတော့မယ်ဆိုတာပဲ။ ဒါကြောင့် PMET (ပညာရှင်များ၊ မန်နေဂျာများ၊ အမှုဆောင်အရာရှိများ၊ အတတ်ပညာရှင်များ) ပညာရေးအဆင့်မြင့် တဲ့လူတွေကို ကျွန်တော်တို့ လိုချင်တယ်။ ဒါပေမဲ့ ကောင်းတဲ့လူတွေ၊ အတော်အသင့်ကောင်းတဲ့ လူတွေကိုတော့ မလေးရှားမှာ ပညာဆုတွေ၊ အကျိုးခံစားခွင့်တွေ ပေးနေကြတယ်။

စင်ကာပူမလေးတစ်ယောက်ကို သူတို့လက်မထပ်ရင် သူတို့ မလာချင်ကြဘူး။ ကျွန်တော်တို့ အင်ဒိုနီးရှားတွေကို ပိုပြီးရကောင်းရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ အင်ဒိုနီးရှားပညာရှင်တွေက ဒီလောက်မြန်မြန် တိုးတက်ချင် တိုးတက်မှာကြောင့်ဖြစ်တယ်။ တိုင်းပြည်က ပိုပြီးကြီးမားတယ်။ ကြီးထွားမှုက ပိုပြီး နေးကွေးတယ်။ ဒါကြောင့် သူတို့ ငုပ်လျှိုးနေတဲ့အလားအလာတွေကို ဖော်ထုတ်ဖို့အခွင့်အလမ်းတွေ သူတို့မှာ ပိုမိုနည်းပါးတယ်။ ဂျာကာတာကလွဲရင် သူတို့ရဲ့မြို့ကြီးတွေက မတောက်လက်ကြဘူး။ ဂျာကာတာတောင် ရေလွှမ်းမိုးမှုတွေ၊ ယာဉ်အသွားအလာ ပိတ်ဆို့ တွေ၊ ပြဿနာတွေ အများကြီးရှိတယ်။ စင်ကာပူမှာ အထောက်အပံ့ပေးနိုင်တဲ့ ဒေသက ပြောင်းရွှေ့အခြေချတွေ့ ကျွန်တော်တို့ ကြိုဆိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ပြဿနာတွေ ထပ်လုပ်မဲ့လူတွေကို ကျွန်တော်တို့ မလိုချင် ဘူး။

Scanned by CamScanner

ဒေး - အစွလာမ်နဲ့ မူဆလင်နဲ့ ပတ်သက်ပြီး အလွန်ပြင်းထန်တဲ့အမြင်တွေကို ခင်ဗျား စွဲကိုင်ထားတယ်၊ ပြီးတော့ ခင်ဗျားရဲ့ အမြင်ထဲမှာ အစွလာမ်ကလွဲပြီး တခြားဘာသာတွေနဲ့ လူမျိုးတွေအားလုံးကို ကျွန်တော်တို့ စုပ်ယူနိုင်တယ်လို့ ပြောတယ်၊

ဇမြ - ဘာကြောင့်လဲဆိုတော့ ခင်ဗျား ဆူပ်တည်းမှုတွေမရှိဘဲ လူမှုရေးအရပြောဆိုဆက်ဆံမှုတွေ မလုပ်နိုင်တာကြောင့်ပို့ပါ။ ခင်ဗျားအိမ်နီးချင်းရဲ့အစားအစာတွေကိုတောင် မစားနိုင်ဘူး။ အဲဒီလိုတွေဖြစ်လာတယ်။ ပြီးတော့ အတိအကျဆိုရလျှင် သွေးနှောလက်ထပ်တာကို အရမ်းတားမြစ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဘာသာကူးပြောင်းတာတွေ စသဖြင့် လုပ်ရတာကြောင့်ပို့ပေါ့။

ဒေး - အစွလာမ်နဲ့ပတ်သက်လို့ ခင်ဗျားရဲ့အမြင်တွေကိုပုံသဏ္ဌာန်သွင်းပေးတဲ့အရေးကြီးတဲ့အပြောင်းအလဲတစ်ခုရှိသလား။ အဲဒါဟာ အမေရိကန်ကို တိုက်ခိုက်တဲ့ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုလား။

ဇမြ - မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒီဖြစ်ပေါ်တိုးတက်မှုကို ရေနံနှင်ငံတွေဖြင့်တက်လာမှုနဲ့ သူတို့ရဲ့အစွလာမ်ပုံစံ၊ အထူးသဖြင့် ဆော်ဒီအစွလာမ်ဖြစ်တဲ့ ဝါဟာဘီအစွလာမ်တင်ပို့မှုနဲ့ ကျွန်တော် ဆက်စပ်တွေ့ဖြင်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ပိုက်ဆံရှိပြီး တစ်ကမ္ဘာလုံးအနှံ့မှာ ဝလီတွေ ဆောက်ကြတာကြောင့်ပို့ပေါ့။
ဒါကြောင့် မောရစ်ရှုဝန်ကြီးချုပ်လာပြီး အဲဒီတုန်းက ဝန်ကြီးချုပ်ဖြစ်နေတဲ့ ဂိုချုပ်တောင်နဲ့ တွေ့ဆုံတဲ့အခါ သူက -
"ခင်ဗျားရဲ့မူဆလင်တွေအကြားမှာ အပြောင်းအလဲရှိသလား"
လို့ မေးတယ်၊ ဂိုချုပ်တောင်က...
"ခင်ဗျား ဘာကြောင့်မေးတာလဲ"
လို့ ပြောတယ်၊ သူက...
"အခု ကျွန်တော့်မူဆလင်တွေက ဒီလောက် လွယ်လွယ်ကူကူ မရောနှောလို့ပါ"
လို့ တုံ့ပြန်ပြောတယ်။ သူတို့အားလုံးက ဝလီတွေကို သွားကြတယ်။ သူတို့မှာ သီးခြားလူမှုရေးနဲ့ ယဉ်ကျေးမှု ဆိုင်ရာ လူပ်ရှားမှုတွေရှိတယ်။ သူတို့ဟာ တခြား မောရစ်ရှသားတွေ၊ တရုတ်တွေ၊ ပြင်သစ်တွေ၊ အာဖရိကန်တွေ စသဖြင့် တို့နဲ့ ကွဲပြားခြားနားလာနေကြတယ်။
ဒီအခါဂိုချုပ်တောင်က ကျွန်တော်တို့လည်း ဒီလိုဖြစ်နေကြတဲ့အကြောင်း ရှင်းပြတယ်။ အဲဒီအချိန်တုန်းကကျောင်းသူတွေအတွက် မျက်နှာကာတဲ့ ဇာပဝါကပြဿနာတစ်ခုဖြစ်နေတယ်။ ကျွန်တော်တို့က မလုပ်နဲ့လို့ပြောတယ်။ လူတိုင်းဟာ အိုးရယူနိုင်ဖောင်း၊ ဒါမှမဟုတ် ကျောင်းယူနိုဖောင်းကို ဝတ်ရမယ်။ ခင်ဗျားခေါင်းဆောင်းပဝါစည်းချင်ရင် အခန်းနောက်ဘက်မှာနေရမယ်။ ကမ္ဘာအဝှမ်းဖြစ်နေတဲ့ ဒီအသွင်အပြင်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နိုးနိုးကြားကြား ရှိနေရမယ်။ ဒါက 9/11 နဲ့ ဘာမှ မပတ်သက်ပါဘူး။ ဒါဟာ ဝါဟာဘီဝါဒနဲ့ ဒီဝါဒကို ရန်ပုံငွေထောက်ပံ့ပေးနေတဲ့ ရေနံပိုက်ဆံဖောင်းပွလာတဲ့ကိစ္စပါ။
ဆော်ဒီတွေက မူဆလင်ကမ္ဘာအနှံ့မှာ ဝလီတွေဆောက်လုပ်နေကြပြီး တရားဟောဆရာတွေကို စေလွှတ်ကြတယ်။ ဒီမှာ ကျွန်တော်တို့ရဲ့ဝလီကို ကျွန်တော်တို့ထောက်ပြီး သူတို့ တရားဟောဆရာတွေကို ကျွန်တော်တို့မလိုဘူး။ ကျွန်တော်တို့ရဲ့ အခြေအနေက ပြင်းထန်မှုနည်းတယ်။ သူတို့ တရားဟောဆရာတွေ စေလွှတ်ရင် ဝါဟာဘီဝါဒကို ဟောပြောကြတယ်။ အဲဒီဝါဒက အလွန် တသီးတခြားဖြစ်နေပြီး အတိတ်က ဂုဏ်ရာစုကို ပြန်ကြည့်တယ်။

Scanned by CamScanner

ကျွန်တော်တို့ Muis (စင်ကာပူအစွလာမ်ဘာသာရေးကောင်စီ) ကို သဘောတူညီမှုယူတယ်။ နိုင်ငံခြားတရားဟာ ဆရာ လက်မခံဘူး။ ဒါဟာ အပြဲတမ်း စိုးရိမ်ပူပန်စရာဖြစ်နေတယ်။ ဒါပေမဲ့ သူတို့ ဘက်တစ်၊ ဒါမှမဟုတ် ဂျီဟာဘာရူးကို သွားနိုင်ပြီး ခက်ထန်တဲ့ အစွလာမ်ကျမ်းတတ်ပုဂ္ဂိုလ်တွေဆီက နိုးကြားတက်ကြွတဲ့ပိန်းခွန်းတွေကို နားထောင်နိုင်တယ်။ တချို့က လေ့လာသင်ကြားဖို့ မဒီနာကို သွားနေကြတုန်းပဲ။ သူတို့ ကျော်ဒန်ကိုသွားရင် သိပ်မဆိုးဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒါက ခေတ်မီကမ္ဘာနဲ့ ပိုပြီး သဟဇာတဖြစ်လို့ပေါ့။ ကျော်ဒန်သားတွေက သူတို့ရဲ့မူဆလင်ကို ခေတ်မီကမ္ဘာရဲ့အစိတ်အပိုင်းဖြစ်ချင်ကြတယ်။

ဆော်ဒီတွေက သူတို့ရဲ့မူဆလင်ကို မူလအစွလာမ်ရဲ့အစိတ်အပိုင်းဖြစ်စေချင်ကြတယ်။ ဒီနည်းလမ်းနဲ့ တော်ဝင်မိသားစုဟာထိပ်ပေါ်မှာရှိနေတယ်။ဆော်ဒီဘုရင်နဲ့ဝါဟာဘီခေါင်းဆောင်တွေကြားမှာ သဘောတူချက်တစ်ခုရှိတယ်၊ ဘုရင်က သူတို့နဲ့ သူတို့လှုပ်ရှားမှုတွေကို ထောက်ခံမယ်၊ သူတို့က သစ္စာရှိမှုကို ထောက်ခံမယ်။ ဒီနေ့အထိ ဒါဟာ အောင်မြင်ခဲ့ဝေမှ သဘောတူညီချက်ပဲ။ ဆော်ဒီမိသားစုက ကြွယ်ဝချမ်းသာမှုကို ထိန်းချုပ်ထားတယ်၊ အခု ဒီပို့ကရေစီကို ကျွန်တော် ကြားတယ်၊ အမျိုးသမီးတွေ ကားမောင်းတာကို ကျွန်တော်တို့ကြားတယ်၊ ခေတ်မီခြင်း၊ ဒွေကြေးစီးဆင်းခြင်း၊ ခရီးသွားလာခြင်းတွေဟာ ပြည်သူတွေကြားမှာ ပုံနှံ့တော့မယ်။ အဲဒါဟာ ကာလရှည်ဖြစ်ပေါ်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ပြည်သူတွေကို သူတို့ပညာသင်ပေးချင်လို့ပေါ့။

ဒါကြောင့် သူတို့မှာ သိပ္ပံနဲ့နည်းပညာဘုရင်အဘဒွလာတက္ကသိုလ်ရှိတယ်။အဲဒီနေရာမှာ တက္ကသိုလ်နယ်မြေအတွက် စည်းမျဉ်းဥပဒေတွေအားလုံးကို ရပ်ဆိုင်းထားတယ်၊ ဒါဟာ အခြေအနေဟောင်းကို ထိန်းသိမ်းရာမှာ ကာလရှည် သဟဇာတဖြစ်တယ်။ဒါပေမဲ့အဓိန်ကြာလာလို့လေ့လာသင်ကြားဖို့နိုင်ငံခြားကိုရောက်နေကြတဲ့ဆော်ဒီကျောင်းသားတွေ ပြန်လာကြတဲ့အခါ သူတို့ လိုက်လျောညီထွေနေကြရတယ်။ နို့မဟုတ်ရင် သူတို့ အလုပ်တွေရမှာမဟုတ်ဘူး၊ တခြား လူ့အဖွဲ့အစည်းတွေက အစွလာမ်မဖြစ်ဘဲ ဘယ်လို ပြုမူဆောင်ရွက်ကြတယ်ဆိုတာ သူတို့ သိကြတယ်၊ ဒါဘယ်လောက် ကြာကြာ ဖြစ်နေပစေ၊ မိုးဆက် တစ်ခု၊ နှစ်ခု၊ ဒါမှမဟုတ် ရာစုနှစ် ကြွယ်ဝချမ်းသာမှု ကုန်သွားတဲ့အဆိုကြာနိုင်တယ်။ ဒီအတောအတွင်းမှာ ဒီဝလီတွေအားလုံးကို ရုန်ပုံငွေ ထောက်ပံ့ပေးနေတာနဲ့ တရားဟောဆရာတွေ ဖြန့်ဝေပေးနေတာ ဆက်လက် ဖြစ်နေလိမ့်မယ်။

ရေနံဈေးနှုန်းတွေကို မြင့်တက်စေတဲ့ ရေနံအကြပ်အတည်းဖြစ်ပြီးနောက် ၁၉၇၃ ခုနှစ်၊ ဒါမှမဟုတ် အဲဒီမတိုင်မီ စောစောကလေးက လစ်ဗျားက မော်ဂိုကိုနဲ့ ဖိလစ်ပိုင်တွေကြားက တောင်ဖိလစ်ပိုင် ရုန်းကန်တိုက်ဖိုက်မှုကို ဖြေရှင်းဖို့အတွက် သူရဲ့လူတွေကို ဖိလစ်ပိုင်ဆီ စေလွှတ်နေခဲ့တယ်။ ရေနံပိုက်ဆံတွေနဲ့ သူက တခြားတိုင်းပြည်တွေကို ဝင်ရောက် စွက်ဖက်နေပြီး သူရဲ့အစွလာမ်မူကွဲပုံစံကို ဖြန့်ကျက်နေတယ်။ ဒါပေမဲ့ ဆော်ဒီက ဝါဟာဘီဝါဒကို တွန်းအားပေးတဲ့အခါ ကျွန်တော်တို့က ကံအားလျော်စွာ ကိုယ်ပိုင်ဝလီတွေဆောက်ပြီး သူတို့ လွှမ်းပိုးမှုကို ကာကွယ်ခဲ့တယ်၊ သူတို့ရဲ့ပိုက်ဆံတွေနဲ့ သူတို့ရဲ့ တရားဟောဆရာတွေကို ကျွန်တော်တို့ မလိုဘူး၊ ကျွန်တော်တို့ရဲ့ အစွလာမ်ပုံစံက မလေးရှားလို အတိတ်ကို မကြည့်ဘူး။

ငယ - မလေးရှားနဲ့ အင်ဒိုနီးရှားမှာ ဖြစ်ပျက်နေတဲ့ အရာတွေနဲ့ ပတ်သက်ပြီး စင်ကျား စိုးရိမ်ပူပန်သလား။

ဖြေ - ဟုတ်ကဲ့၊ ပူပန်တာပေါ့။ ဒါက ကျွန်တော်တို့အပေါ် အကျိုးသက်ရောက်ဖို့ ဖြစ်နေတယ်။ စုန်ဆူဆန်ဆူ သွားလာနေကြတဲ့လူတွေကလွဲလို့ စင်ကာပူသားတွေဟာ သူတို့ရဲ့တိဗီအစီအစဉ်တွေကို ကြည့်နိုင်ကြတယ်။ ကျွန်တော်တို့ရဲ့

Scanned by CamScanner

တီဗီအစီအစဉ်တွေကို သူတို့ကြည့်နိုင်တယ်။ ကောဇေးတစ်ဖက်မှာရှိတဲ့ ဆွေးနွေးသားချင်းတွေကလွဲလို့ ကျွဲမောဘာရား တစ်ပိုက်မှာ အိပ်တွေဆောက်ကြတဲ့၊ ဒါမှမဟုတ် ဝယ်ကြတဲ့ ကျွန်တော်တို့ရဲ့ပင်စင်စားလူတွေဟာ စုန်ချည်ဆန်ချည် သွား လာကြတဲ့အခါ ဆေးဝါးလိုအပ်ချက်နဲ့ ဆေးရုံတက်ဖို့ကိစ္စအတွက် စင်ကာပူကို ပြန်လာကြတယ်။ ဒါကြောင့် ရပ်တည်မှုမရှိတဲ့ အပြုတစေ ဆက်သွယ်မှုရှိနေတယ်။ မလေးတွေက လူဦးရေပိုများတာကြောင့် မလေးတွေရဲ့ဩဇာ အရှိန်အဝါက ကြီးမားလိမ့်မယ်။ ဒါကို ဘဝအဖြစ်မှန်တစ်ခုအဖြစ် ကျွန်တော်တို့ လက်ခံပြီးဖြစ်မယ်လို့ ကျွန်တော် ကိုန်းသေတွက်ထားတဲ့အတိုင်း ဒီရေပြန်ကျသွားတဲ့အချိန်ထိရောက်အောင် အဲဒါကို ကိုင်တွယ်ရမယ်။ ဘာကြောင့်လဲ ဆိုတော့ ခေတ်မီခြင်းကို ခင်ဗျား တားဆီးထားရင် ခေတ်နောက်ကျတဲ့ အသိုင်းအဝိုင်းမှာ ခင်ဗျား နေရလိမ့်မယ်၊ ဒါဟာ ရှောင်လွှဲလို့မရဘူး။

အီရန်တွေက သိပ္ပံနည်းနဲ့ နည်းပညာတွေ လိုချင်တာကြောင့် မူဆလင်လည်းဖြစ်အောင်၊ ခေတ်လည်းမီအောင်ကြိုး စားနေကြတယ်။ ဒါပေမဲ့ အဲဒီနောက်မှာ ပိုမိုလွတ်လပ်မှုနဲ့ အမျိုးသမီး အခွင့်အရေးတွေအတွက် သူတို့ရဲ့လိုအင်ဆန္ဒ ကြောင့် အခု သူတို့ရဲ့နိုင်ငံရေးဖွဲ့စည်းပုံနဲ့ သူတို့ ပြဿနာ တက်နေကြတယ်။ အီရန်ကို ကျွန်တော် မရောက်ဖူးဘူး၊ ဒါပေမဲ့ ဂိုချပ်တောင်ကတော့ ရောက်ခဲ့တယ်။ အဲဒီအမျိုးသမီးတွေက မျက်နှာဖုံး ဇာပဝါသေးသေးကလေးကို သူတို့ စတ်တယ်လို့ ပြောတယ်။ အဲဒါက ဖက်ရှင်အတွက် ပိုများပါတယ်၊

အစွလာမ် ဝတ်စားဆင်ယင်မှုထုံးစံကို သူတို့ အပေါ်ယံရကြောလောက်သာ လိုက်နာနေတာပါ၊ ခေါင်းပြီးခြုံဝတ်စုံကို သူတို့ ဝတ်ကြတယ်၊ ဒါပေမဲ့ အိမ်ကို သူတို့ ပြန်ရောက်ကြတဲ့အခါ ခေါင်းပြီးခြုံဝတ်ရုံကို ချွတ်ပြီး လှပတဲ့ ပါရစ်အဝတ် အစားနဲ့ ရှူးဖိနပ်ကို လိုက်ဖက်သလားလို့ ပြသကြတယ်။ အဲဒါက ဘဝပုံစံနှစ်မျိုးဖြစ်နေတယ်။ တစ်ခုက လူရှေ့သူရှေ့ ဘဝနဲ့ တစ်ခုက ကိုယ်ပိုင်ဘဝပေါ့။ အမျိုးသမီးတွေကို ခင်ဗျား ပညာသင်ပေးရင် (ဆော်ဒီအာရေဗျမှာ သူတို့ အဲဒါကို မလုပ်ကြဘူး) တိုင်းပြည်ကို သူတို့ခေတ်မီစေချင်လာတာကို ခင်ဗျားမတားဆီးနိုင်ဘူး၊ ခင်ဗျားအစွလာမ်အကြောင်းနဲ့ ခေတ်မီ ဖို့အကြောင်း ပြောနိုင်တယ်၊ ဒါပေမဲ့ ခင်ဗျား ဂု ရာစုအုပ်ချုပ်ရေးကို လက်ခံပြီး ခေတ်မီဖို့ မဖြစ်နိုင်ဘူး၊ အယာတိုလာတွေ လုပ်နေကြတာဟာ အဲဒါပဲ။ အဲဒါကို သူတို့ ဘယ်လောက်ထိန်းထားနိုင်ကြမလဲ၊

ပေး - ဒါပေမဲ့ စင်ကာပူဘက်ကို ပြန်လှည့်ကြည့်မယ်၊

ဖြေ - ကျွန်တော် ဒီအတွေးအခေါ်တွေ ဘာကြောင့် ဖြစ်ပေါ်ခဲ့ရတယ်ဆိုတာ ခင်ဗျား သိချင်လိမ့်မယ်။ 9/11 နဲ့ တာမှ မဟတ် သက်ဘူး၊ ဒါက ရှေ့နိုင်ငံစတွေ ကုန်ကျစရိတ်ခံနေတဲ့ ကြီးထွားနေတဲ့ နိုင်ငံတကာ ကွန်ဖရင့် တွေဆီကို ပြန်သွားတယ်။ ကွန်ဖရင့်တွေတက်ဖို့ အခကြေးငွေရကြတဲ့ ကျွန်တော်တို့ရဲ့ မူဆလင်ခေါင်းဆောင်တွေ အားလုံး ဓဆော်ဒီအာရေဗျနဲ့ အီရန်ကို သွားကြတယ်။ သူတို့က ကျွန်ုတော်တို့ရဲ့အစွလာမ်ဟာ စစ်မှန်တယ်လို့ ပြော ကြတယ်။ ခင်ဗျားရဲ့အစွလာမ်က ရောနှောနေလို့ အာနိသင်လျော့နေပြီး အစွလာမ်ဟာ ဒီအရှေ့တောင်အာရှကို ရွှေ့သဘော်တွေနဲ့ လာခဲ့တယ်။ အဲဒီလိုလာတဲ့အခါ မုတ်သုန်ရာသီကြောင့် လများစွာ အချိန်ကြာတယ်။ ဒီတော့ အစွလာမ်ဘာသာဟာ လုံးဝ ကွဲပြားခြားနားတဲ့ပုံစံနဲ့ ဓေငွမ်းဖြစ်ပေါ်လာတယ်၊

Scanned by CamScanner

မေး - စင်ကာပူမှဆလင်ဇတွေဟာ တခြားဘာသာဝင် စင်ကာပူသားတွေကို ဘွေးနှောလက်မထပ်နိုင်ဘူး၊ ဒါပေမဲ့ သူတို့ဟာ တခြားလူမျိုးတွေနဲ့ သဟဇာတညီညွတ်စွာနေထိုင်ပြီး တခြားလူမျိုးတွေလို စင်ကာပူသားဖြစ်ဖို့ မလုပ်နိုင်ဘူးလို့ ဆိုခဲ့ပြီးပြီ၊ ဘာကြောင့်လဲ ရှင်းပြပေးပါဦး။

ဖြေ - ဟင့်အင်း . . . ကျွန်တော် အဲဒါကို မပြောဘူး။ သူတို့ဟာ ငြိမ်းချမ်းကောင်းမွန်တဲ့ နိုင်ငံသားတွေ မဖြစ်နိုင်ဘူးလို့ ကျွန်တော် မပြောပါဘူး။ ကျွန်တော်ပြောနေတာက သူတို့ဟာ ကျွန်တော်တို့အသိုင်းအဝိုင်းရဲ့ ကွဲပြားခြားနားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တော့မယ်ဆိုတာပါ။

ကျွန်တော်တို့ အသိုင်းအဝိုင်းရဲ့ အစိတ်အပိုင်းမဟုတ်တဲ့ အိန္ဒိယအသစ်တွေ၊ တရုတ်အသစ်တွေ ကျွန်တော်တို့ ရင်းနှီးခင်တယ်။ ဒါပေမဲ့ သူတို့ရဲ့ကလေးတွေကတော့ အတိအကျကို ကျွန်တော်တို့ရဲ့ အစိတ်အပိုင်းတွေ ဖြစ်လာကြလိမ့်မယ်။ ဒီရောက်မယ် တုန်လိုကို ဒီမှာဖမူးတဲ့ စင်ကာပူသူတွေနဲ့ ခင်ဗျား ခွဲခြားနိုင်မှာမဟုတ်ဘူး၊ သူမက အသက် ၄ နှစ် ၅ နှစ်အရွယ်မှာ ဒီကို ပြောင်းရွှေ့လာခဲ့တယ်။ သူမက စင်ကာပူမန်ဒရင်စကားနဲ့ စင်ကာပူ အင်္ဂလိပ်စကားကို ပြောတယ်။ သူမက စင်ကာပူရဲ့အစိတ်အပိုင်းဖြစ်နေတယ်။

ကျွန်တော့်အတွက် ပြောစရာအကောင်းဆုံးအဖြစ်အပျက်တွေထဲက တစ်ခုကတော့ 9/11 နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ပါကစ္စတန်နွယ်ဖွား မူဆလင်က ကရာချီကိုသွားပြီး အမေရိကန်ကို တိုက်ခိုက်ဖို့အတွက် တာလီဘန်တွေနဲ့ ပူးပေါင်းတဲ့ကိစ္စပေါ့။ သူ့ကိုပြောက်ပိုင်းမဟာမိတ်တွေက ဖမ်းမိတယ်။ အမေရိကန်တွေက သူ့ကို ကျွန်တော်တို့နဲ့ပြဿနာလားလို့ မေးကြတယ်။ တစ်ချိန်တည်းမှာပဲ ဘာမင်ဂမ်မှာ မွေးဖွားကြီးပြင်းတဲ့ အသက်ရွယ်တူရွှိတဲ့ ပါကစ္စတန်တစ်ယောက်လည်း တာလီဘန်တွေအတွက် တိုက်ခိုက်ဖို့သွားတယ်။

ဒါကြောင့် အိန္ဒိယဟာ ပါကစ္စတန် အကြမ်းဖက်သမားတွေနဲ့ အတောမသတ်နိုင်တဲ့ဒုက္ခတွေ တွေ့နေရတယ်၊ သမ္မတ မူရာရက်က ကက်ရ်ဂိမရာကို ပြေလည်အောင်လုပ်ချင်တယ်။ အစွန်းရောက်မူဆလင်တွေကြောင့် သူ မလုပ်နိုင်ဘူး။ သူတို့မှာ ကက်ရ်ဂိမရာအတွက် အသေခံဖို့ အသင့်ဖြစ်နေတဲ့ ဂျီဟတ်တွေကို အလုံအလောက် မွေးထုတ်ပေးဖို့ တမီးလ် ၅၀၀၀၀ ရှိတယ်၊ ဒါဟာ သူတို့မိသားစုဆီကို ပြန်သွားဖို့အတွက် အသက်ရှင်နေချင်ကြတဲ့ အိန္ဒိယအထူးစစ်သားတွေအတွက် မည်မျှတဲ့ တိုက်ပွဲတစ်ခုဖြစ်နေတယ်။

အိန္ဒိယဟာ အဆင့်မြင့်လေ့ကျင့်ထားပြီး အဆင့်မြင့်ကျွမ်းကျင်တဲ့အထူးစစ်သားတွေကို စေလွှတ်နေကြတယ်၊ ဒါပေမဲ့ နောက်ပိုင်း အိမ်မှာကျန်ခဲ့တဲ့ မိသားစုက သူတို့အဖေ (စစ်သား) အပေါ်မှီခိုအားထားနေကြရတယ်၊ ဒါကြောင့် ခလုတ်စစ်ဝိုလ်တစ်ယောက်ဆုံးရှုံးရင် တစ်မိသားစုလုံး ခံစားရတယ်။ ဒါပေမဲ့ ပါကစ္စတန်တွေရဲ့ဘက်မှာက သူကိုစွဲချော်ကောင်းကင်ဘုံကို သွားရလိမ့်မယ်လို့ ယုံကြည်တယ်။ အဲဒီနေရာမှာ သူ့ကိုစောင့်နေတဲ့ အပျိုစင်နတ်သမီး ၇၂ ယောက်ကို သူ ရတော့မယ်။

မေး - ဒါဖမဲ့ ဒါက ဆေးယော်တဲ့ လူနည်းစုပါ။

ဖြေ - MRT ဘူတာရုံထဲက ပုံးတစ်လုံးဟာ အကြီးအကျယ် ပျက်စီးမှုဖြစ်စေတယ်။ အဲဒီနေရာမှာ သေကြေရုံသာမကဘဲ လန်ဒန်မှာလို မူဆလင်တွေနဲ့ မူဆလင်မဟုတ်သူတွေရဲ့ အသိုင်းအဝိုင်းထဲမှာ တိုးတက်ဖြစ်ပေါ်လာမယ့် သံသယတွေ၊ မသက်မသာဖြစ်မှုတွေ ရှိလာမယ်။ ဘတ်စ်ကားတွေပေါ်မှာတောင် လန်ဒန်သားတွေက မူဆလင်တစ်ယောက်

Scanned by CamScanner

ကိုဝတွေ့ရင် ဝေးရာကို ရှောင်သွားကြတယ်။ အဲဒီလူ ပုံးတစ်လုံးသယ်ဆောင်လာမှာကို သူတို့ စိုးရိမ်မှုပန်နေကြတယ်။ ပုံးကို သူဖောက်ခွဲလိုက်ရင် ခင်ဗျား သေလိမ့်မယ်၊ လူသားတွေဟာ ဒီလိုမျိုးတုံ့ပြန်ကြတယ်။

ဒေး - မူဆလင်တွေနဲ့ မူဆလင်မဟုတ်သူတွေကြားက ဒီမျက်နှာဖုံးဇာတ်ဝါကို ခင်ဗျားပြောတယ်။ ကျွန်တော် သိတဲ့ မူဆလင်အများစုဟာ သူတို့ ခင်ကာပူသား အပြည့်အဝဖြစ်နိုင်တယ်၊ မူဆလင် အပြည့်အဝဖြစ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ နေထိုင်ကြတယ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျားရဲ့နိဂိုင်ငံသားတွေအတွက် ခင်ဗျားစိတ်ကူးထားတဲ့ ခင်ကာပူကို သူတို့ တစ်နည်းနည်းနဲ့ ယုံကြည်ကြတယ်။ အခု မူဆလင်တွေနဲ့ မူဆလင်မဟုတ်သူတွေကြားမှာ မျက်နှာဖုံး ဇာတ်ဝါတစ်ခု ရှိနေတယ်လို့ ခင်ဗျားပြောတာကို ကြားရတဲ့အခါ ခင်ဗျားကို ကျွန်တော် မေးချင်တဲ့မေးခွန်းက - မူဆလင်တွေဟာ သူတို့ကိုယ်သူတို့ လုံခြုံစားနေကြသလား။ သူတို့ကို ခင်များတို့ လက်ခံကြမလား။

ဖြေ - မဟုတ်ဘူး။ ကွဲပြားခြားနားတဲ့ မူဆလင်အမျိုးအစားတွေရှိတယ်။ မူဆလင်ပညာတတ်များအသင်း စတင်ဖြစ်ပေါ်လာတဲ့အခါ Muis ကို သူတို့ ဆန့်ကျင်တယ်။ ကျွန်တော်တို့ရဲ့ PAP မလေးဆေးဆောင်ကို ဆန့်ကျင်တယ်။ သူတို့က အဲဒါကိုဆန့်ကျင်ပြီး ထွက်ပေါ်လာကြတယ်။ မလေးတွေအတွက် သူတို့ပိုပြီးကောင်းအောင်လုပ်နိုင်တယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့် သူတို့ကို ကျွန်တော်တို့ ငွေကြေးထောက်ပံ့မှုပေးကြတယ်။ အဲဒီနောက် သူတို့ Muis၊ ဒါမှမဟုတ် MendaKi ထက်ပိုပြီး မလုပ်နိုင်ကြဘူးဆိုတာ တွေ့လာကြတယ်။ MendaKi နဲ့ Muis က ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနေကြတာကြောင့် သူတို့ ထင်ပြင်ယူဆချက်တွေ တဖြည်းဖြည်းနဲ့ ပြောင်းလဲနေကြပြီ။

အခြေအနေ မျော်လင့်ချက်မရှိဘူးလို့ ကွန်တော်တို့ ပြောနေတာမဟုတ်ဘူး။ အာရပ်ဂီဟတ်တွေရဲ့ သြဇာအရှိန်အဝါ အောက်မှာရှိနေတဲ့ မဖြစ်စလောက်၊ လူအနည်းအကျဉ်းရှိတယ်။ တစ်ယောက်၊ နှစ်ဗယောက်ဟာ ဆက်ဆံရေးတစ်ခုလုံးကို ဖျက်ဆီးနိုင်တယ်။ ပုံးကတော့ တစ်လုံးပဲ။ ဒါပေမဲ့ တန်ပြန်မှုကို ကျွန်တော်တို့ မတားဆီးနိုင်ဘူး။ ပုံးတစ်လုံးရဲ့ နောက်ပိုင်း နေ့ရက်ကို ကျွန်တော်ဆိုလိုနေတာပါ။ အနှိုင်းအချို့ ဒါမှမဟုတ် တန်ဖျန်ပါဂါမှာပဲ ဆိုကြပါစို့။ အဲဒီနေရာမှာ မူဆလင်တွေ အရှုံးနည်းတယ်။ ဒါမှမဟုတ် ရတ်ဖယ်စီတီမှာပဲ ဆိုကြပါဦး။ မူဆလင်တွေ ရှိရင်တောင်မှ ပြီတိန်မှာ သူတို့ဖြစ်ကြသလိုမျိုးနဲ့ မူဆလင်နဲ့ မူဆလင်မဟုတ်သူတွေကြားမှာ အခြေခံအားဖြင့် ဆက်ဆံရေးတွေ ပြောင်းလဲသွားလိမ့်မယ်။

ပြီတိသျှတို့က ယုံကြည်မှုတည်ဆောက်ရေးကောင်စီတွေ ရှိတယ်။ ဒါပေမဲ့ ပြီတိသျှထောက်လှမ်းရေးက သူတို့စောင့်ကြည့်နေတဲ့ ဂျီဟတ်ဖြစ်နိုင်သူတွေ ၂၀၀၀ ရှိတယ်လို့ ပြောတယ်။ ၂၀၀၀ တဲ့။ ဒီ ၂၀၀၀ ကို စောင့်ကြည့်ဖို့ ဒီလောက်များတဲ့ လုံခြုံရေးအရာရှိတွေကို သူတို့ ဘယ်နေရာမှာ သွားရှာမလဲ။ သူတို့ အဲဒါကို အင်တာနက်နဲ့ နည်းပညာဆိုင်ရာ စောင့်ကြည့်မှုတွေနဲ့ လုပ်ကြတယ်။

ကျွန်တော်တို့ ဒီအဆင့်ကို မရောက်ပါဘူး။ ဒါပေမဲ့ အထီးကျန် ဂျီဟတ်တစ်ယောက်ဟာ ပုံးခါးပတ်နဲ့အတူ ဘက်တမ်ကနေ ဖြတ်ဝင်လာနိုင်တယ်။ ကျွန်တော်တို့ ဂရုဝိုက်ရတယ်။ တစ်ယောက်ယောက် အလစ်ဝင်လာပြီး ဖြေဆောက်ဘူတာရုံထဲဝင်လို့ သူ့ကိုယ်သူ ဖောက်ခွဲမယ်ဘူးလို့ ကျွန်တော် အာမခံနိုင်ဘူး။ ပိုပြီးဆိုးရင် ဥမင်လိုက်ခေါင်းထဲဝင်ပြီးလို့တောင် သူ့ကိုယ်သူ ဖောက်ခွဲမစ်နိုင်တယ်။ အဲဒါဆိုရင် အကြီးအကျယ်ခက်ခဲတဲ့ ကယ်ဆယ်ရေးအလုပ်ကို ခင်ဗျား လုပ်ရတော့မယ်။ ဘူတာရုံမှာသာမဟုတ်ဘူး လိုက်ခေါင်းထဲမှာ မီးလောင်နေပြီ။ ဘူတာရုံမှာက မီးသတ်

Scanned by CamScanner

ရေပိုက်ခေါင်းရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ကယ်ဆယ်ရေးအဖွဲ့ဟာ အဲဒီလိုအခြေအနေတွေမှာ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ သင်ယူနေကြတယ်။ ဒါက ပေါ်ပေါ်ပါက်ကောင်း ပေါ်ပေါက်လာနိုင်တဲ့ ကိစ္စပါ။ ဒါပေမဲ့ အဲဒါဖြစ်လာပြီး ရထားထဲမှာ ရေးသည် ၁၀၀၀ ရှိနေရင် သူတို့ကို မီးလောင်ပြာကျအောင် ကျွန်တော်တို့ မထားနိုင်ဘူး။ သူတို့ထဲက အစိတ်အပိုင်းတစ်စုလောက် သာ ဓင်ဗျား ကယ်တင်နိုင်မယ်ဆိုရင်တောင်မှ ဓင်ဗျား အကောင်းဆုံး ကြိုးစား ရမယ်။

ဒါရယ်စရာဟာသမဟုတ်ဘူး၊ ကျွန်တော်တို့အခြေအနေသစ်တစ်ခုနဲ့ ရင်ဆိုင်နေရတယ်၊ ပြိုပြယဉ်ကျေးမှုသမိုင်းမှာ အရင်က တစ်ခါမှမကြုံဖူးတဲ့ အခြေအနေပါ။ တစ်ဖက်လူတွေကို ထိခိုက်ပျက်စီးမှုဖြစ်အောင် သူတို့ကိုယ်သူတို့ ဖျက်ဆီးဖို့ ဆန္ဒရှိနေတဲ့ လူတစ်စုကို ကျွန်တော်တို့ ရင်ဆိုးထားတယ်။ သူတို့တွေ မတိုင်မီက တစ်ဦးတည်းသောသူတွေက တမီးလင်တိုက်ဒါးတွေပေါ့။ ဒါပေမဲ့ သူတို့က အကောင်အထည်မြင်ရတဲ့ အရေးကိစ္စအတွက် တိုက်ခိုက်နေကြတယ်၊ သိရှိလာကာက တမီးလင်တွေအတွက် ကိုယ်ပိုင်နယ်မြေရရှိဖို့အတွက်ပါ။ အခု ဒီဟာက အစွမ်းသတ္တိအတွက် တိုက်ခိုက်နေတာ။ ဘာသာရေးပဋိပက္ခညီချက်ကနေ ကန်ထွက်လာတဲ့ ကွဲပြားခြားနားတဲ့ အရေးကိစ္စအတွက်ပေါ့။

ငွေစောင်းနေတဲ့ သူတို့ရဲ့အမြင်အရ အယူမှားနေတဲ့ အစိုးရနဲ့ ပူးပေါင်းနေတဲ့ ကောင်းမွန်တဲ့ မူဆလင်တစ်ယောက်ဟာ ဆိုးဝါးတဲ့ မူဆလင်ဖြစ်တယ်၊ ဒါပဲ။ ကျွန်တော်တို့ ဒါကို ကွဲပြားခြားနားအောင်မလုပ်ရင် အစိုးရထဲမှာ၊ ဒါမှမဟုတ် အရပ်ဘက် အမှုထမ်းဌာနထဲမှာ၊ ဒါမှမဟုတ် လုံခြုံရေးဌာနခွဲထဲမှာ မလေးတွေကို ကျွန်တော်တို့ ရမှာမဟုတ်ဘူး၊ ကျွန်တော်တို့မှာ လုံးဝကွဲပြားခြားနားတဲ့အုပ်စုတွေ ရှိတာကြောင့် အဲဒါကို ဓင်ဗျားကွဲပြားခြားနားအောင် လုပ်ရမယ်၊ ဒါပေမဲ့ အဆိပ်ရှိတဲ့ အုပ်စုတစ်စုဟာ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း သဟဇာတဖြစ်မှုကို ဖျက်ဆီးနိုင်တယ်၊ လန်ဒန်မှာ သူတို့လုပ်ခဲ့တဲ့အရာကို လေ့လာကြည့်ဖို့အတွက် အဖွဲ့တစ်ဖွဲ့ ကျွန်တော်တို့ စေလွှတ်တယ်။ သူတို့မှာ မည်းလုံးနိုင်ကြတဲ့ မူဆလင်အမျိုးမျိုးရှိကြတယ်၊ သူတို့ရဲ့လွတ်လပ်စွာ စကားပြောနိုင်တဲ့ဥပဒေကြောင့် အာဘော်အာရုံးသန်တဲ့ တရားဟောဆရာအမျိုးမျိုးကို ငြိတိန်ထဲက ဓလိတွေထဲမှာ အလွန်လှုံ့ဆော်တဲ့ တရားဟောပြောပွဲတွေ သူတို့ ပြုလုပ်ခွင့်ပေးခဲ့ကြတယ်၊ အခု အာဘော်အာရုံးသန်တဲ့ တရားဟောဆရာတွေကို သူတို့ ဝိတ်ပင်နေကြပြီ၊ တရားဟော ဆရာတွေက မူဆလင်ရွေးနေအဖွဲ့ကိုခေါ်ပြီး အထက်တရားရုံးတက်တယ်။ လူအခွင့်အရေးနဲ့ လွတ်လပ်စွာ စကားပြောခွင့်နဲ့ ပတ်သက်လို့ အယူခံဝင်ကြတယ်။ နောက်ဆုံးမှာ တရားသူကြီးတွေက သူတို့ကို မောင်းတုတ်နှိုးတွက် အစိုးရကို ခွင့်ပြုခဲ့တယ်၊ ဓလိတွေအတွက် ဆော်ဒီပိုက်ဆံတွေကို ကျွန်တော်တို့လက်ခံခဲ့ရင် ဆော်ဒီတရားဟောဆရာတွေကို ကျွန်တော်တို့ ရလိမ့်မယ်၊ ကံအားလျော်စွာ ကျွန်တော်တို့က ဓလိတည်ဆောက်ရေးရန်ပုံငွေရှိတာကြောင့် အဲဒါကို လက်ဦးမှု ယူလိုက်နိုင်တယ်၊ ဒါကြောင့် သူတို့ရဲ့ပိုက်ဆံတွေကို ကျွန်တော်တို့ မလိုအပ်ဖတ္တဘူး။

ပေး - ဒါပေမဲ့ ဓင်ဗျားရဲ့အမြင်တွေကို ဝေယျာဝတ်ခေါင်းဆောင်မျိုးဆက်ကမှားယွင်းအဓိပ္ပာယ်ကောက်မှာကို ဓင်ဗျားမစိုးရိမ်ဘူးလား။ ဒီခေါင်းဆောင်တွေဟာ ဓင်ဗျားတွေကြုံဖြတ်သန်းခဲ့ရတဲ့ဟာတွေကို တွေကြုံရချင်မှ တွေကြုံရလိမ့်မယ်၊ ဓင်ဗျားက မူဆလင်တွေ၊ မလေးတွေနဲ့ ရင်းနှီးကျွမ်းဝင်တယ်၊ သူတို့ကို ဘယ်လိုကိုင်တွယ်ရမယ်၊ ဘယ်လိုစီမံအုပ်ချုပ်ရမယ်ဆိုတာ ဓင်ဗျားသိကောင်းသိမယ်၊ ဒါပေမဲ့ ဝေယျာဝတ်ခေါင်းဆောင်တွေက စိုးရိမ်ထိတ်လန့်မှုကြောင့် လွန်ကျူးစွာတုံ့ပြန်မှုတွေ လုပ်နိုင်သလား။

Quality Publishing

Scanned by CamScanner

ဖြေ - ဟင့်အင်း...ကျွန်တော် အဲဒီလိုမထင်ဘူး။ ကျွန်တော်ဆိုလိုတာက သူတို့ကျွန်တော်နဲ့အလုပ်လုပ်ခဲ့ကြတယ်၊ ဂိုချုပ်တောင်ကတာဝန်လွှဲပြောင်းမယူခင်ကျွန်တော်နဲ့ ၁၅နှစ်အလုပ်လုပ်ခဲ့ပြီး ကျွန်တော့်ရဲ့အစည်းအဝေးပွဲတွေအားလုံးမှာ မလေးခေါင်းဆောင်တွေအတူ ထိုင်ခဲ့တယ်၊ ရှန်လွန်းက မလေးသူငယ်ချင်းတွေ အများကြီးနဲ့ ရောနှောနေခဲ့ပြီး မလေးစာသင်တယ်၊ သူတို့တွေကို သူနားလည်တယ်၊ ကြီးပြင်းနေတဲ့ ကောင်ကလေးတစ်ယောက်အဖြစ် သူက ကျွန်တော်နဲ့အတူ မဲဆန္ဒနယ်မြေတွေဆီကို လျှောက်သွားခဲ့တယ်၊ သူတို့ရဲ့ခံစားချက်တွေကို သူနားလည်တယ်၊ သူ့ဆီက ဘယ်သူတာဝန်လွှဲပြောင်းယူယူ၊ အဲဒီလူဟာ ပါလီမန်မှာထိုင်ပြီး မဲဆန္ဒရှင်တွေနဲ့ ရောရောနှောနှောနေရင်နားလည်ပြီး ပြုပြင်ကျင့်သုံးလိမ့်မယ်၊

သည်းမခံမှုကို ကျွန်တော် မပြင်ဘူး။ အောင်မြင်ပြီး တိုးတက်ထွန်းကားတဲ့ လူမျိုးပေါင်းစုံ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ဖို့အတွက် ကျွန်တော်တို့မှာရရှိမဲ့ ပထမပါဝင်ပစ္စည်းနဲ့ ပထမဦးဆုံး ကြွန်အင်လက္ခဏာကတော့ သည်းခံခြင်းတရားအလွန်အဆင့်မြင့်မားခြင်းဖြစ်တယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ဘဝပုံစံပဲ၊ ကျွး၊ ခရစ်ယာန်၊ မွတ်ဆလင်၊ ဟာရစီ၊ ဗုဒ္ဓဘာသာ၊ တာအိုစသဖြင့် တို့ရဲ့ဘဝပေါ့။ SAF ကို ကောင်းချီးပေးတဲ့ ကျွန်တော်တို့ရဲ့ဆုတောင်းပွဲကိုကြည့်ပါ၊ ဘာသာအားလုံးပါတယ်၊ ဒါဟာ ခင်ဗျားရဲ့ယုံကြည်ချက်ဖြစ်ပြီး တိုက်ပွဲမှာ ခင်ဗျားကို သက်တောင့်သက်သာဖြစ်အောင်လုပ်ပေးတယ်၊ ခင်ဗျားသေရင် ဒါဟာ ကောင်းမွန်တဲ့ အကြောင်းရင်းကြောင့်ဖြစ်မယ်၊

မေး - စင်ကာပူမွတ်ဆလင်တွေအပေါ် ခင်ဗျားထားရှိတဲ့ ယုံကြည်စိတ်ချမှုအဆင့်ကို ခင်ဗျား ဘယ်လိုတော်ပြမလဲ၊

ဖြေ - အင်္ဂလိပ်စကားပြီးပြောတဲ့လူတွေကို ကျွန်တော်ပြောမယ်၊ ဒါဟာ အတွေ့အကြုံအပေါ်အခြေခံတဲ့၊ လက်တွေ့ကျတဲ့ အကြမ်းဖျဉ်းစည်းမျဉ်းတစ်ခုဖြစ်တယ်၊ သူတို့ အင်္ဂလိပ်စကားပြီးပြောလေ၊ ဒီအရာပေါ်မှာ တိမ်းညွတ်မှု ပိုနည်းလေဖြစ်လာတယ်၊ အခု သူတို့ရဲ့ပထမဘာသာစကားက အင်္ဂလိပ်စာ၊ ဒါကြောင့် သူတို့ အင်တာနက်ကြည့်ရင် အင်္ဂလိပ်စာဖတ်နေကြပြီး မွန်လာန်းအဆင့် ၁၀၀ခွင့်အတွက် ဒီလေ့လာစစ်ဆေးမှုတွေကို ကျွန်တော်တို့လုပ်ကြတယ်၊ ပိုပိုများပြားလာတဲ့ မလေးကလေးတွေဟာ အိမ်မှာ အင်္ဂလိပ်စကား စတင်ပြောနေကြပြီ၊ ဒီအသက်အရွယ်နဲ့ ကလေးတွေ အင်္ဂလိပ်စကားပြောတာနဲ့ တစ်ပြိုင်နက် မိဘတွေ ကောင်းကောင်းပညာတတ်ပြီး သူတို့ရဲ့ကလေးတွေကို ကျွန်တော်တို့ရဲ့အဖွဲ့အစည်းမှာ အောင်မြင်စေချင်တယ်ဆိုတာ ကျွန်တော်တို့ သိကြရတယ်၊ အဲဒီလမ်းအတိုင်း ရွေ့လျားနေကြတယ်၊ ကျွန်တော်တို့အင်္ဂလိပ်ဘက်ကို ပြောင်းခဲ့ကြပြီး သူတို့အတွက် ပိုပိုကူးသန်းပြန့်ပြဲတဲ့ ကမ္ဘာတစ်ခု ဖွင့်လှစ်ပေးခဲ့ကြတယ်၊

မေး - ဒါဆို ခင်ကာပူက မွတ်ဆလင်အသိုင်းအဝိုင်းထဲက ဖွဲ့ဖြိုးတိုးတက်မှုရယ်၊ အသိုင်းအဝိုင်းထဲမှာ အင်္ဂလိပ်စာ ပျံနှံ့ဝင်ရောက်မှုရယ်နဲ့ ဒီအရာတွေအပေါ်ကို အသိုင်းအဝိုင်းထဲက လှုံ့ဆော်မှုရယ်ကို ကြည့်တဲ့အခါ ခင်ဗျားရဲ့အမြင်အရ ကျွန်တော်တို့ရဲ့အနာဂတ်ကို ဘယ်လိုမြင်ရမလဲ၊

ဖြေ - ဒီအုပ်စုဟာ အချိန်ကြာလာတဲ့အခါကြီးထွားလာလိမ့်မယ်၊ ဒါပေမဲ့ ဂျီဟတ်လှုပ်ရှားမှုကိုတော့ ကျွန်တော်တို့ ပျောက်ကွယ်သွားအောင် မလုပ်နိုင်ဘူး။ ဒီလှုပ်ရှားမှုဟာ ဘယ်လောက်ပဲ သေးငယ်၊ သေးငယ်သူတို့ဟာ ကျွန်တော်တို့ ရဲ့လူမျိုးပေါင်းစုံ သဟာဇာတဖြစ်မှုကို ထိခိုက်ဖျက်ဆီးနိုင်တယ်၊

Scanned by CamScanner

ပြဿနာတွေအပေါ် ရဲစ်ယာန်တွေက ပိုပြီး အသံထွက်နေကြတာကို ခင်ဗျား ဘယ်လိုမြင်သလဲ၊

ခြ - ရဲစ်ယာန်၊ သာသနာပြုလုပ်ရှားမှုက ခရုဂဝပြည်နယ်တွေမှာ အစပြုခဲ့ကြပြီး ကျောင်းတွေမှာ စလုပ်ခဲ့ကြတာပဲ၊ ကျွန်တော်တို့မြေးမကလေး ဘာသာကူးပြောင်းခဲ့တယ်၊ ကျွန်တော်တို့မြေးတွေကမကူးပြောင်းကြဘူး၊ သူမကို သူတို့ ဘယ်လို ဘာသာကူးပြောင်းခဲ့ကြသလဲဆိုတာ ကျွန်တော်မသိဘူး၊ သူမက ဟွာချောင်ကို မသွားခင်၊ ရတ်လက်မိန်းကလေး ကျောင်းမှာ ရှိနေခဲ့တယ်၊ အစ သူမက လိုက်လိုက်လဲလဲ ဘာသာတရားကိုင်းရှိုင်းတဲ့လူ ဖြစ်နေတယ်၊ သူမလက်ထဲ ကယ်တိုင် ဆွဲတယ်၊ တနှစ်နှစ်နေနေတိုင်း ဘုရားကျောင်းသွားတယ်၊ သမ္မာကျမ်းစာဖတ်တယ်၊

ဃ - ရဲစ်ယာန်တွေ စည်းရုံးနေကြပြီး ဒီဝန်ရာမှာ ကက်စီနိုလောင်းကစားကို စွင့်ပြုတဲ့ ဆုံးဖြတ်ချက်လို ကိစ္စတွေကို ဆုံး ကျခံနေကြတယ်၊

ငြ - အဲဒီမေးခွန်းသူတို့က လူတွေကို ဖောက်ခွဲပစ်ဖို့ သူတို့ရဲ့ကိုယ်ပေါ်မှာ ဝုံးတွေနဲ့ အပြင်မထွက်ကြဘူး၊ သူတို့အဲဒါကိုလုပ်ကြရင် ကျွန်တော်တို့ ပြဿနာတစ်ဝုန်း ကြဲရပြီ၊ သူတို့ကို ကျွန်တော်တို့ တားဆီးမယ်၊ သာသနာပြုလုပ်ငန်းတွေကိုလည်း တားဆီးမယ်၊ သူတို့ ဥပဒေလိုက်နာနေကြတယ်၊

စ - ကက်ဘီနက်ဝန်ကြီး အရေအတွက်အတော်များများက ရဲစ်ယာန်တွေဖြစ်ကြပြီး ဒါဟာ ပညာရေးနဲ့လည်း ထက်နွယ်နေဟန်တူတယ်ဆိုတဲ့ ဝိုးရိမ်မှုပန်မှုတွေ ရဲစ်ယာန်မဟုတ်သူတွေရဲ့ကြားမှာ ရှိနေတယ်၊ ကောင်းစွာပညာတတ်ကြတဲ့ စင်ကာပူတွေရဲ့မျှားပြားလာတဲ့ အရေအတွက်ဟာ ရဲစ်ယာန်တွေ ဖြစ်နေကြတယ်၊

ဆ - ရဲစ်ယာန်ထဲကို ဒီဘာသာကူးပြောင်းမှုအတွက် ကူးယ်ပြန်တဲ့ ရှင်းလင်းချက်ကတော့ ဝုဒ္ဓဘာသာ၊ တာအိုဇင်ဘာသာနဲ့ ဘိုးဘေးကိုးကွယ်မှုတွေဟာ အနောက်တိုင်းပညာတတ်တွေအတွက် နားလည်သဘောပေါက်တဲ့ ဘာသာရေးတွေ မဟုတ်ဘာကြောင့်ဖြစ်တယ်၊ ဒီအသွင်အပြင်ကို ကိုးဝီးယားမှာ ခင်ဗျားတွေ မြင်နိုင်တယ်၊ အကြောင်း တချို့ကြောင့် ပညာတတ်တဲ့ ကိုးဝီးယားတွေက ဝုဒ္ဓဘာသာ၊ တာအိုဇင်ဘာသာနဲ့ ဘိုးဘေးကိုးကွယ်မှုကို စွန့်လွှတ်ခဲ့ကြတယ်၊ ဒီဟာက အယူသည်းဘာလို့ သူတို့ခံပြတယ်၊ ဒီကမ္ဘာနဲ့ ဒီဝကြာဝဠာကို ဖန်တီးတဲ့ ဘုရားသခင်တစ်နေရာမှာ ရှိတယ်လို့ သူတို့ ယုံကြည်ကြတယ်၊

ဖြစ်ပေါ်တိုးတက်မှုကြောင့် ထိုင်ဝမ်မှာလည်း လူတွေ ဘာသာတရားကိုင်းရှိုင်းလာကြတယ်၊ ဒါဟာ လျင်မြန်တဲ့ စီးပွားရေးနဲ့ လူမှုရေး အပြောင်းအလဲရလဒ်အဖြစ် သာမန်အခြေအနေမဟုတ်တဲ့ဟာလို့ သူတို့ခေါ်ဆိုတဲ့ အရာဖြစ်တယ်၊ ဒါကြောင့် အလွှာအမြန် ပုံပြုံးတိုးတက်နေတဲ့တိုင်းပြည်တွေထဲက ဘာသာရေးလှုပ်ရှားမှုတွေ ဘာဖြစ်ခဲ့သလဲဆိုတာကို လေ့လာကြည့်ရှုဖို့ အမြဲဘာစွဲကျွန်တော်တို့ စေလွှတ်ခဲ့ကြတယ်၊ ကိုးဝီးယား၊ ထိုင်ဝမ်နဲ့ ဟောင်ကောင်နိုင်ငံတွေဆီကို စေလွှတ်တယ်၊ ထိုင်ဝမ်မှာ အသက်တွေ့ကြုံခဲ့ရတာတွေ့လို့မှန်တဲ့ ဘာသာတရားကိုင်းရှိုင်းတယ်၊

Scanned by CamScanner

ခေတ်ပြိုက်ပေးတယ်။ လူတွေရဲ့ဘဝမှာ ဒါတွေဟာ အရေးကြီးတဲ့အဖြစ်အပျက် ၃ ခုပေါ့။ ဗုဒ္ဓဘာသာဝင်တွေအတွက် ကတော့ ရေရှည်မခံလာမရှိဘူး။ အဲဒီနောက် လက်ထပ်ကြတယ်။ တရုတ်တွေအတွက်ကတော့ လက်ဖက်ရည် တိုက်တဲ့ အခမ်းအနားရှိတယ်။ အနောက်တိုင်းပုံစံသွင်းတဲ့ လူ့အဖွဲ့အစည်းမှာတော့ ဒါက တရားဝင်တဲ့ လက်ဆက် ခြင်း မဟုတ်ဘူး။ ခင်ဗျား မှတ်တမ်းရုံးကို သွားတယ်။ အဲဒါက တရားဝင်တဲ့ အခမ်းအနားတစ်ခုပဲ။

ခင်ဗျား ဒီအမျိုးသမီး၊ ဒါမှမဟုတ် ဒီအမျိုးသားကို လက်စံသလား၊ စသဖြင့်ပေါ့။ ဘုရားကျောင်းတွေမှာ မေးတဲ့အခါ ကျတော့ ကန့်ကွက်စရာရှိတဲ့လူ၊ ဘယ်သူဖြစ်ဖြစ်က မတ်တတ်ထရပ်ပြီး ကန့်ကွက်တယ်။ အဲဒီနောက်မှာတော့ ဒီလူကို ချားနားနေတဲ့အခါမှာ၊ ကျွန်းမာနေတဲ့အခါမှာ၊ ဆင်းရဲနေတဲ့အခါမှာ၊ ချမ်းသာနေတဲ့အခါမှာ၊ သေမင်းက ကျွန် တော်တို့ကို မွဲခွာတဲ့အထိ ချစ်မြတ်နိုးနေဖို့အတွက် ကတိသစ္စာပြုရတယ်။ ဒီဟာတွေက သက်သောင့်သက်သာရှိတဲ့ စကားလုံးတွေဖြစ်ပြီး ပြင်းထန်တဲ့ စိတ်ဝိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရှိတယ်။

ခင်ဗျားသေဆုံးရင် ဘုန်းကြီးက ခင်ဗျားကို နောက်ဆုံးအခမ်းအနား လာလုပ်ပေးတယ်။ (ဘင်္ကာရေးဝန်ကြီးဟောင်း) ဟွန် ဆွီ ဆင်က လေးလေးနက်နက် ဘာသာရေးကိုင်းရှိုင်းတဲ့ ကက်သလစ်တစ်ယောက်ပါ။ သူရဲ့ဇနီးကလည်း အဲဒီ လိုပဲ။ ဒါနီးသည်က သူမသေဆုံးရင် သူမရဲ့ခပ္ပန်းနဲ့ တွေ့ဆုံရလိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်နေတယ်။ ဒါက သူမကို ကြီးကျယ်တဲ့ စိတ်သက်သာမှုပေးတယ်။

ကျွန်တော်မှာ အဲဒီလိုယုံကြည်ချက်မရှိဘူး။ ဒီတော့ တခြားအကာအကွယ်ယန္တရားတွေကို ကျွန်တော် ရယူထားရတယ်။ ဘဝဟာ ဒီလိုပဲလို့ ကျွန်တော်ပြောရလိမ့်မယ်။

ကျွန်တော့်အမေ ကွယ်လွန်တော့ သူက ခရစ်ယာန်မဟုတ်ဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာအခမ်းအနားမလုပ်ချင်ဘူး။ ကျွန်တော်တို့ ပိုးရှင်တဲ့ အခမ်းအနားတစ်ခုလုပ်တယ်။ သူမကို ကျွန်တော် ဦးမွှမ်းစကား ပြောတယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေကလည်း ပြောကြတယ်။ ဒါပေမဲ့ အဲဒါက ဓမ္မာဂင်တေးဂီတနဲ့ သီဆိုမှုတွေပါတဲ့ ဘုရားကျောင်းက ပဲ့တင်သံလို သက်သောင့်သက်သာ မရှိဘူး။

တေးဂီတဟာ စိတ်နေစိတ်ထားနဲ့ လိုက်ဖက်ဖို့အတွက် ရာစုနှစ်ပေါင်းစွာ ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ ဂွတ်ရဲ့ဟတ် ဘုရား ကျောင်းက ဟွန် ဆွီ ဆင်ရဲ့အသုဘအခမ်းအနားမှာ ကျွန်တော်ရှိနေတယ်။ ဘုန်းကြီးက မိသားစုကို ပေါင်မုန့်အစိုင်း ကလေးတွေပေးတယ်။ လူတိုင်းက အဲဒါကို ယူကြတယ်။ ကျွန်တော်က ကက်သလစ်မဟုတ်တော့ မယူဘူး။ ဒါနဲ့ ကျွန်တော် နောက်ကို ကျော့ပိုပြီးထိုင်နေတယ်။ တခြားလူတွေ အကုန်လုံးက မုန့်ကိုယူကြတယ်။ ဒါက မိသားစုကို အကြီးအကျယ် သက်သောင့်သက်သာ ဖြစ်စေတယ်။ သူတို့ဒီမိပြန်ကြတဲ့အခါ သူတို့ ငြိမ်းချမ်းနေကြတယ်။ အရှေ့ကျွန်တော့်ဇနီးက ခရစ်ယာန်မဟုတ်တော့ သူမကို ဘာလုပ်ရမလဲဆိုတာနဲ့ ကျွန်ုတော် ရင်ဆိုင်ရတယ်။ သူမကို ကျွန်တော် နောက်ဆုံး ဦးမွှမ်းစကားပြောရတယ်။ ကျွန်တော့်သားတွေကလည်း ပြောတယ်။ ကျွန်တော့်မြေးတွေက လည်း ပြောတယ်။

ကျွန်တော့်ဇနီးကို ကောင်းကင်ဘုံမှာ ဒါမှမဟုတ် တခြားနေရာမှာ ကျွန်တော် နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံရမယ့်ပုံ၊ မပေါ်ဘူး။ ဝိစားချက်ဆိုင်ရာ အကြောင်းရင်းတွေကြောင့် သူမနဲ့ ကျွန်တော်ဟာ ကျွန်တော်တို့ရဲ့အရိုးပြာတွေကို တစ်ဦးနဲ့ တစ်ဦး နီးနီးကပ်ကပ် ရှိနေချင်ကြလိမ့်မယ်။ ဒါလောက်ပါပဲ။

Scanned by CamScanner

ငယ - ဒါဆိုရင် ခင်ဗျားရဲ့စိတ်အာဟာရကို ခင်ဗျား ဘယ်နေရာကရသလဲ၊

ငမြ - ကျွန်တော် မသိဘူး၊ အကြေပ်အတည်းအမျိုးမျိုးအားလုံးကို ကျွန်တော် ကြုံကြုံခဲခဲ့တယ်၊ ကျွန်တော့်ကို ပြန်ကန်တွန်းဖို့ ကူညီတဲ့ တစ်စုံတစ်ရာရှိရမယ်၊ ပြန်ကန်ထွက်ဖို့အတွက် သဘာဝလွန် အရာဝတ္ထုတွေကို ကျွန်တော် ယုံကြည်ဖို့ မလိုပါဘူး၊

ငယ - ခရစ်ယာန်ဘာသာဝင် ဖြစ်နေကြတဲ့ ဝန်ကြီးတွေရဲ့အရေအတွက်...

ငမြ - သူတို့က ရန်လိုတဲ့ ခရစ်ယာန်တွေ မဟုတ်ပါဘူး၊ သူတို့ ဘယ်လိုနေထိုင်ပြီး၊ ဇနထိုင်ခွင့်ပြုရမလဲဆိုတာ သိကြတယ်၊ ခင်ဗျား သမ္မာကျမ်းပေါ်မှာ သစ္စာရှိတယ်၊ ကျမ်းသစ်ပဲဖြစ်ဖြစ်၊ ကျမ်းဟောင်းပဲဖြစ်ဖြစ် ရှိပါစေတော့၊ သစ္စာတော့ တည်ခြင်းကျမ်းကိုန်စာကို သူတို့ ဖတ်ကြတယ်၊ ဇော်ဘြူးလာပုံစံကတော့ လူတစ်ယောက်ရဲ့ဘာသာရေးအရကွဲပြားခြားနားတယ်၊ မဟုတ်ဘူး၊ ကျွန်တော်တို့ ခရစ်ယာန်တွေပြည့်နေတဲ့ ကက်ဘိနက်တစ်ခုရရင် သည်းမခံတဲ့ ကက်ဘိနက်ကိုရတာ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ အဲဒါကို ကျွန်တော် ခွင့်မပြုနိုင်ဘူး၊

ငယ - တခြားဘာသာတွေကလည်း တုံ့ပြန်ကြမှာကို လူအချို့က စိုးရိမ်ပူပန်နေကြတယ်လို့ ကျွန်တော်ထင်တယ်၊

ငမြ - ဗုဒ္ဓဘာသာဝင်တွေက တုံ့ပြန်ခဲ့ကြတယ်၊ သူတို့ တုံ့ပြန်ကြရမယ်၊ သူတို့ရဲ့အုပ်စု လျှော့နည်းသွားမှာကို သူတို့ ကာကွယ်ရမယ်၊ အဲဒါ ပြေလည်သွားမှာပါ၊

ကိုးရီးယားနဲ့ ဂျပန်ကို ကျွန်တော်တို့ လေ့လာခဲ့ကြတယ်၊ ဂျပန်မှာ အကြေပ်အတည်းတစ်ခု ဖြစ်လာတဲ့အခါတိုင်း ဘာသာရေးဂိုဏ်းခွဲသစ်တွေ ဖြစ်ပေါ်လာတယ်၊ ခရစ်ယာန်တွေဖြစ်တာ မဟုတ်ဘူး၊ ရှင်တိုအစ်ဇင်နဲ့ တခြားဂိုဏ်းခွဲတွေကနေ အသစ်တွေထွက်ကြတာပေါ့၊

ကိုရီးယားမှာ သူတို့ ခရစ်ယာန်ကို ဇွဲရှယ်ကြတယ်၊ ထိုင်ဝမ်မှာ ဘုရားကျောင်းတွေ အလျင်အမြန်တိုးပွားနေတယ်၊ ဟောင်ကောင်မှာ ခရစ်ယာန်တွေ ဝိုများလာတယ်၊ ဒါပေမဲ့ စင်ကာပူနဲ့ မလေးရှားမှာလောက် မများဘူး၊

ငယ - အဲဒါဟာ ဒီတိုင်းပြည်ကိုဦးဆောင်မဲ့ လောကီဦးစားပေးတဲ့ ဘာသာပေါင်းစုံ ဝဟိုမက္ကိုင်ကို ထိန်းသိမ်းဖို့အတွက် စိန်ခေါ်မှုဖြစ်လာနေတယ်လို့ ခင်ဗျားမြင်သလား၊

ငမြ - "ဟင့်အင်း...ကျွန်တော်တို့ရဲ့ ပါလီမန်အဖွဲ့ဝင် တစ်ယောက်ယောက်ထဲမှာ ဒီလိုလက္ခဏာတစ်ခုခုကို ကျွန်တော် မတွေ့မြင်ဘူး၊ လူသားကိုယ်အင်္ဂါအစားထိုးကုသခြင်းအက်ဥပဒေ(HOTA)အပေါ် ကျွန်တော်တို့ လွတ်လွတ်လပ်လပ် မဲပေးကြတယ်၊ ခရစ္စတိုပါဒီဆိုဖာက အဲဒါကို ကန့်ကွက်မဲပေးတယ်၊ သူပြင်းပြင်းထန်ထန် ခံစားနေရတယ်၊ ဒါကြောင့် သူ့ကို ကန့်ကွက်မဲပေးခွင့်ပြုလိုက်ကြတယ်၊ သူက ကက်သလစ်တစ်ယောက်ပါ၊ သူ့ဘာသာဓလေ့ဆွယ်တရားဟောနေတယ်လို့ ကျွန်တော်မမြင်ဘူး၊ ဒါပေမဲ့ သူပြင်းပြင်းထန်ထန် ခံစားနေရတယ်၊ ပုပ်ရဟန်းမင်းက HOTA ကို သဘောမတူတာကြောင့် ဒါကို သူ သဘောမတူသင့်ဘူး၊ ပုပ်ရဟန်းမင်းမှားနေတယ်လို့ ကျွန်တော် ယုံကြည်တယ်၊

Scanned by CamScanner

မေး - ၁၉၈၀ပြည့်နှစ်တွေမှာ အစိုးရဟာ ကက်သလစ်ဘုရားကျောင်း ပါဝင်ပတ်သက်မှုကို တန်ပြန်ခဲ့တယ်၊

ဖြေ - ဟုတ်တယ်၊ သူတို့နိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်နေခဲ့ကြတယ်၊ အဲဒါကို ကျွန်တော်တို့ ခွင့်ပြုခဲ့ရင် တခြားဘာသာရေး အုပ်စုတွေကလည်း နိုင်ငံရေးနယ်ပယ်ထဲကို ဝင်လာကြလိမ့်မယ်၊ ဘာသာရေးနဲ့ ခွဲခြားထားတဲ့ နိုင်ငံရေး ပါတီတွေကို ကျွန်တော် ရကြလိမ့်မယ်၊ ကျွန်တော်တို့ အဲဒါကို တားဆီးခဲ့ကြတယ်၊ ကက်သလစ်ဘုရားကျောင်းက အလုပ်မလုပ်တဲ့ အခါ ကက်သလစ်တွေက ဆင်းရဲသူတွေရဲ့ အခြေအနေကို မြှင့်တင်ဖို့အတွက် လက်တင်အမေရိက ကက်သလစ် တွေရဲ့ လူမှုရေးဆောင်ရွက်ချက် လှုပ်ရှားမှုမှာ ပါဝင်လာကြတယ်၊

အဲဒါကို ကျွန်တော် တားဆီးတယ်၊ ပုတ်ရဟန်းမင်း ဒီလိုလာတဲ့အခါ ကျွန်တော်က "ဒီအရာဟာ လက်တင်အမေရိက မှာ အဆင်ပြေကောင်း ပြေနိုင်တယ်၊ ဒါပေမဲ့ ကျွန်တော်က လူမျိုးပေါင်းစုံ ဖြစ်နေတယ်၊ ခင်ဗျား ကက်သလစ်တွေ က ဒါကို စလုပ်တယ်၊ တခြားဘာသာတွေက တုံ့ပြန်ကြလိမ့်မယ်၊ ဘာသာတွေကြားထဲမှာ ကျွန်တော်တို့ ဒုက္ခရောက် ကြလိမ့်မယ်၊ ဘာသာတွေအားလုံးဟာ နိုင်ငံရေးအပြင်ဘက်မှာ နေရမယ်၊ ဒါမှ ကျွန်တော်တို့ သဟာဇာတညီညွတ်နေ ကြလိမ့်မယ်" လို့ ရှင်းပြတယ်၊

မလေးရှားကို ခင်ဗျားကြည့်ပါ၊ ဒီပြဿနာကို သူတို့ဘယ်တော့မှ ဖြေရှင်းနိုင်မှာမဟုတ်ဘူး၊ တွန်ကူအဘူရာမန်နဲ့အတူ သူရဲ့ကားထဲမှာ ကျွန်တော် စီးနင်းလေ့ရှိတယ်၊ သူက ကျွန်တော့်ကို နှန်းတွင်းသူနန်းတွင်းသားတစ်ယောက်လို မြှမူ ဆက်ဆံတယ်၊ မဂ်လာဧည့်ခံပွဲတွေနဲ့ လူမှုရေးအခမ်းအနားပွဲအားလုံးဆီကို သူ့နောက်က ကျွန်တော်လိုက်ရတယ်၊ နေ့ရာတိုင်းမှာ သူတို့ဝန်းလိအာသစ်တွေရှိတယ်၊ ကျွန်တော်က ...

"တွန်ကူ၊ ခင်ဗျားဘာဖြစ်လို့ ဆေးကုခန်းတွေ မဆောက်တာလဲ"

လို့ မေးတယ်၊

"ဟင့်အင်း ... မဆောက်ဘူး"

သူက ပြောတယ်၊

"ကွမ်ယု ... မင်း ဒီဟာတွေ နားမလည်ပါဘူး၊ ဒါက မလေးလူအဖွဲ့အစည်း၊ သူတို့ ဆုတောင်းဖို့ လိုအပ်တယ်၊ မင်း သူတို့ကို မှန်ကန်တဲ့ ဆုတောင်းစာနဲ့ ပိုမိုကောင်းမွန်တဲ့ ဘဝအနည်းအကျဉ်းပေးလိုက်ရင် သူတို့ ပျော်ရွှင်လာလိမ့် မယ်၊ သူတို့ မင်းနဲ့အတူ အလုပ်လုပ်ကြလိမ့်မယ်"

ဒါ အစကဖြစ်တာ၊ စောစောပိုင်းအစကပေါ့၊ ဒါဟာ မူဆလင်အားလုံးကိုဝုစည်းဖို့ နိုင်ငံရေးအကြောင်းအချက်တစ်ခု အဖြစ် အစွလာမ်ကို အသုံးပြုခဲ့တဲ့ စောစောပိုင်းအစပေါ့၊ ဒါမှ မူဆလင်မဟုတ်သူတွေ မူဆလင် လူအဖွဲ့အစည်းအပေါ် အတင်းအပြတ်ထုတ်ပြီး မဲတွေအနိုင်ရရှိတာ မဖြစ်မှာပေါ့၊ မလေးရှားထဲကို ကျွန်တော်တို့ဝင်သွားပြီး PAP အတွက် မဲပေးဖို့အတွက် မလေးတစ်ချို့အပေါ် အနိုင်ရရှိတဲ့အခါ သူက ...

"မင်း ဝေးဝေးနေ၊ PAP ဒီနေရာမှာရှိနေနိုင်တယ်၊ ဒါပေမဲ့ တရုတ်အသိုင်းအဝိုင်းထဲမှာ နေပါ"

လို့ ပြောတယ်၊ ကျွန်တော်က သူ့ကို ...

"ဒါဖြင့်ရင် ကျွန်တော်တို့ ခွဲခြားထားတဲ့ လူအဖွဲ့အစည်းတစ်ခုကို ရတော့မှာပါ"

လို့ပြောတယ်၊ သူက ...

"မဟုတ်ဘူး၊ ဥရောပ အာရှသားတွေ၊ အိန္ဒိယတွေနဲ့ ကြိုးစားကြည့်ပါ၊ ဒါပေမဲ့ မလေးတွေကိုတော့ ဒီအတိုင်းထား ပါ"

Scanned by CamScanner

လို့ပြောတယ်၊ အခု အဲဒါက နက်နက်ရှိုင်းရှိုင်း စွဲမြဲနေပြီ၊ PAS က UMNO ခေါင်းဆောင်တွေနဲ့ ညီညွတ်ရေး ဟား ပြောပွဲတွေ လုပ်တော့မယ်။ ဒါကို ခင်ဗျား မလေးရှားသတင်းစာတွေမှာ ဖတ်နိုင်တယ်၊ အဲဒါက ဒီလိုဖြစ်လာလို့ မလေးရှားမူဆလင်တွေဟာ သူတို့ရဲ့အထူးအခွင့်အရေးတွေကို ဘာကြောင့် စွန့်လွှတ်သင်မှာလဲ၊ အဲဒါကြောင့် ဟင်က ဒီအပေါ်မှာ ပါတီမူဝါဒရှိလို့လား။ PAS က အဲဒါကို သဘောတူမှာ ကျွန်တော်မမြင်ဘူး။

ငယ - ဝန်ကြီးတွေရဲ့ဇတိုမက္ကိုင်ဟာ လုံးလုံးလျားလျား မျော့မျောင်းတဲ့ အမည်ခံခရစ်ယာန်တွေ ဖြစ်နိုင်တယ်လို့ အစုံတင် ခင်ဗျား ဖော်ပြခဲ့တယ်၊ သူတို့ အဲဒီပုံစံအတိုင်း နေကြမယ်ဆိုတာ၊ ဒါမှမဟုတ် အမြဲတမ်း အတွင်းဝန်တွေပဲ ပေါ်လစီလုပ်တဲ့လူတွေက တစ်လမ်းတည်း မလုပ်ချင်ဘူးဆိုတာကို ခင်ဗျား ဘယ်လိုသေချာအောင် လုပ်မလဲ၊

ငဖြ - မဟုတ်ဘူး၊ အဲဒီလိုပြည်သူတွေက အဲဒီလိုလူတွေကို မဲပေးမှာမဟုတ်ဘူး။ ဂုလမြောက်ပွဲတော်ကို ခင်ဗျားဘူး ရောက်မဆင်နွှဲရင် မဲတွေ ရုံးနိုပ်သွားလိမ့်မယ်၊ ဒါက ခင်ဗျားရဲ့အလိုက်အထိုက်ရှိမှုအတွက် ရိုးရှင်းတဲ့ စမ်းသပ်ချက် တစ်ခုပဲ၊ ပြောင်းလဲမှာမဟုတ်တဲ့ တရုတ်တွေရဲ့ဝေလေ့စရိုက်တစ်ခို့ရှိတယ်။ ပြီးတော့ အဆင့်နိမ့်ပညာတတ်ကြတဲ့သူ တွေက ကွမ်ရင်၊ မက်ဇုနဲ့ ကျွန်ုပ်ရှိတဲ့ နတ်ဘုရား၊ နတ်ဘုရားမတွေကိုယုံကြည်နေကြတုန်းပဲ၊ ခင်ဗျားဟာ တင်းကြပ်တဲ့ ခရစ်ယာန်တစ်ယောက်ဖြစ်ရင် နတ်ဘုရားကျောင်းတွေကို ရှောင်ကျဉ်မယ်၊ ဂုလမြောက်ပွဲတော်ကို ရှောင်ကျဉ်မယ်၊ သူတို့က ဒီပါလီမန် အဖွဲ့ဝင်မကောင်းဘူး၊ သူ ငါတို့ထဲကမဟုတ်ဘူးလို့ တုံ့ပြန်ပြောကြမယ်၊ ဒါဆို ခင်ဗျား မဲတွေ ရုံးပြီ၊

ငယ - ဒါဖေပဲ့ ဒါက ၅ နှစ်တိုင်းဖြစ်တာမဟုတ်လား။

ငဖြ - ဟုတ်တယ်၊ ဒသဂျာတာပေါ့၊

ငယ - ဒါပေမဲ့ ကြားကာလမှာ ဆိုကြပါစို့၊ လုပ်ဇော်ကိုင်ဘက်တစ်ဖယောက်ကို ခင်ဗျား စောင့်ကြည့်နေတဲ့အခါ သူလမ်း တစ်လမ်းတည်း ရွေ့လျားနေတယ်လို့ ဆိုကြပါစို့၊

ငဖြ - သူ အဲဒီလမ်းကို ရွေ့လျားရင် ရွေးကောက်ပွဲ ရုံးလိမ့်မယ်၊ အရည်အသွေးစမ်းသပ်ချက်က ပြည်သူတွေကို ခင်ဗျားရဲ့ အတူ ခင်ဗျား ခေါ်ဆောင်သွားနိုင်သလားဆိုတာပဲ၊ ပြည်သူတစ်ရပ်လုံးကို ခင်ဗျား ပြုပြင်မပြောင်းလဲနိုင်ရင် ကျွန် တော်တို့ကြီးမားတဲ့ ဒုက္ခတွေ့ရလိမ့်မယ်၊ ဒါပေမဲ့ ဒါ ဖြစ်ပေါ်လိမ့်မယ်လို့ ကျွန်တော်မမြင်ဘူး။ အောဂုစတင်တန်ဒဲ့ မဲဆန္ဒနယ်မြေကို ကျွန်တော် အလည်အပတ်သွားတယ်၊ အဲဒီမှာ ဖယောင်းတိုင်တွေ အတော်များများနဲ့ ဆုတောင်း စာတွေရှိတဲ့ တွတ်ပြတ်တဲ့ သစ်ပင်တစ်ပင်ရှိတယ်၊ လူတွေက ဂဏန်း ၄ လုံး နံပါတ် (ချဲ) အတွက် ဆုတောင်းနေကြ တယ်၊ ကျွန်တော်က အောဂုစတင်ကို...

"ဒါမိုက်မိုက်မဲမဲ ပွဲလမ်းနေတဲ့ပုံပေါ်တယ်"

လို့ပြောတယ်၊ သူက ခရစ်ယာန်တစ်ယောက်ပါ၊ ဒါပေမဲ့ သူက...

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါက သူတို့ကို သက်သာမှုတွေပေးတယ်၊ ကျွန်တော် ဒါကို ဒီအတိုင်းထားရမယ်"

Scanned by CamScanner

ထွတ်မြတ်တဲ့ ဘုရားကျောင်းတစ်ကျောင်း၊ ဒါမှမဟုတ် တစ်ခုခုကို ခင်ဗျား သွားဖျက်ဆီးတယ်၊ ဒါပေမဲ့ တစ်ယောက်ယောက်က ...

"ဒါဒီနေရာမှာ ဆုတောင်းပြီး ကလေးတစ်ယောက်ရခဲ့တယ်"

လို့ ယုံကြည်နေရင်၊ ခင်ဗျား သူရဲ့ဆန္ဒကို ဆန့်ကျင်ပြီး အဲဒါကို ဖျက်ဆီးတာပဲ၊ အသိုင်းအဝိုင်းတစ်ခုလုံးကို စိတ်ဆင်းရဲအောင် ခင်ဗျားလုပ်တော့မယ်၊

တရုတ်ကွန်မြူနစ်ပါတီက ဘာသာရေးကို ဆန့်ကျင်တယ်၊ ဘာသာရေးကို သူတို့ ဖိနှိပ်တယ်၊ သူတို့ လျှော့ပေးတာနဲ့ တစ်ပြိုင်နက် ဘိုးဘေးကိုးကွယ်မှု ပြန်ရောက်လာတယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါကြောင့် ကုမ္ပဏီမှာ သူတို့အားလုံး ဘိုးဘေးတွေရဲ့သချိုင်းကို သွားကြပြီး သချိုင်းပေါ်မှာရှိတဲ့ မြက်ပင်တွေနဲ့ တခြားအပင်တွေကို ရှင်းလင်းပြတယ်၊ ဒါတွေက နစ်ထောင်ပေါင်းများစွာကြာနေတဲ့ တုံးတမ်းစဉ်လာတွေဖြစ်နေကြတယ်၊ အိန္ဒိယမှာ ခရစ်ယာန်တွေရှိတယ်၊ မီဇိုလိုပြို့ပြယဉ်ကျေးမှုအသစ်ဖြစ်တဲ့ ဘာသာတရားမရှိသူတွေကို ခရစ်ယာန်တွေက ခရစ်ယာန်ဘာသာကို သွတ်သွင်းကြတယ်၊ အိန္ဒိယမှာ ခရစ်ယာန်တွေ ဘယ်လောက်ရှိသလဲ၊ ဟိန္ဒူဘာသာ၊ ဟိန္ဒူနှုတ်ဘုရားတွေရဲ့ခွဲနေတဲ့ အမြစ်တွေကို သူတို့ ဆွဲမနှုတ်နိုင်ကြဘူး။

မေး - စင်ကာပူကက်ဘိနက်ထဲမှာပြဿနာတွေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေရှိတဲ့အခါဥပမာ ကိုယ်ကျင့်တရားကိစ္စတွေ - ကက်စီနိုလောင်းကစားဝိုင်း၊ လိင်တူဆက်ဆံတာ စသဖြင့်တို့နဲ့ ပတ်သက်တဲ့ သူတို့ရဲ့က သဘောထားတွေပေါ်မှာ ဝန်ကြီးတွေရဲ့ဘာသာရေးယုံကြည်ချက်က ဘယ်အတိုင်းအတာအထိ သြဇာလွှမ်းမိုးမှုရှိသလဲ၊ အဲဒီသြဇာလွှမ်းမိုးမှုက အမြဲတမ်း ပေါ်ထွက်လာသလား။

မြ - သူတို့က ခေတ်မီမီ စဉ်းစားကြတဲ့သူတွေပါ။ ဒါဟာ လူ့အဖွဲ့အစည်းရဲ့သရုပ်အမှန်ပဲ၊ ကျွန်တော်တို့ရဲ့စိတ်ဝင်စားမှုထဲမှာ ရှိတဲ့ဟာနဲ့ လူတွေ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို ကျွန်တော်တို့ ဆုံးဖြတ်တယ်၊ လိင်တူဆက်ဆံတာကို နောက်ဆုံးမှာ လက်ခံကြလိမ့်မယ်၊ အဲဒါကို တရုတ်မှာလက်ခံနေပြီ၊ ဒီနေရာမှာ လက်ခံဖို့က အချိန်ပိုင်းပဲလိုတော့တယ်၊ အောက်ခြေကလူတွေကို ခရစ်ယာန်ဘာသာ သွတ်သွင်းဖန်တာ ကျွန်တော်မမြင်ဘူး၊ အောက်ခြေကလူတွေ သွတ်သွင်းခံရပြီး လုံးလုံးလျားလျားဖြစ်သွားရင်တော့ ကျွန်တော်တို့ ကွဲပြားခြားနားတဲ့ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာလိမ့်မယ်၊

မျက်ရည်မကျရသော ဘာသာစကား

စင်ကာပူမှ ဘာသာစကားနှင့် လူမျိုးတို့နှင့်ပတ်သက်သော အကြပ်အတည်းဆုံး ပြဿနာများထဲမှ အချို့ကို လီကွမ်ယု ကိုင်တွယ်ခဲ့ရသည်၊ ၎င်းတို့အထဲ၌ နန်ယန်တက္ကသိုလ်၊ သို့မဟုတ် နန်ဘာအား ပိတ်သိမ်းခြင်းနှင့် ကျောင်းများတွင် ဒုတိယဘာသာစကားကို မသင်မနေရ သင်ယူရခြင်းတို့ ပါဝင်ကြသည်၊ ဂန္ထဝင်မြောက်သော သူ၏ နိဂုံးချုပ် အတွေးအခေါ်မရှိလျှင် လူမကြုံဖူးသော ဤဆောင်ရွက်ချက်များ အကောင်အထည်ပေါ်ကြမည်မဟုတ်ဘဲ ၎င်းတို့က သူ၏သွေးဆောင်မှုစွမ်းအားကို အဆုံးစွန်အထိ စမ်းသပ်ခဲ့သည်၊ စာရေးဆရာများနှင့် သူ၏ အင်တာဗျူးများတွင် သူက ခံရာခံထစ်ဖြစ်သော

Scanned by CamScanner

လိုပြဿနာများအား သူ ဖြေရှင်းပုံနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းမပြောဘဲ ခါတိုင်းကဲ့သို့ပင် ၎င်းတို့သည် ကာလရှည်ကြာ စင်ကာပူကို အကျိုးရရှိစေခဲ့သည့် မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်ကြောင်း အသိပေးသည်။

ငယ - အဲဒီရက်တွေမှာ ဒီအကြောင်းအရာနဲ့ ခင်ဗျား လုံးဝ အာရုံနှစ်နေတယ်ဆိုတာ ကျွန်တော်တို့ထဲက တချို့သတိပြုမိကြတယ်၊ ဘာသာစကားရယ်၊ တရုတ်ဘာသာသင်ကြားမှုရယ်၊ ဒါမှမဟုတ် နှစ်ဘာသာပေါ်လစီကိစ္စတွေပေါ့၊ ဒီပြဿနာနဲ့ ခင်ဗျား ဘယ်လောက် အာရုံစားခဲ့ရသလဲဆိုတာ ကျွန်တော် မေးနိုင်မလား။

ငဖြ - ကျွန်တော့်ရဲ့စိုးရိမ်ပူပန်မှုက၊ ပထမ၊ ခင်ဗျားကိုယ်ခင်ဗျား သိဖို့ပဲ။ ဒါကြောင့် ကျွန်တော်တို့ မိခင်ဘာသာစကားကို အတင်းအကြပ် လုပ်ခဲ့ကြတယ်၊ ဘာကြောင့်လဲဆိုတော့ တရုတ်စာတတ်တဲ့လူနဲ့ အင်္ဂလိပ်စာတတ်တဲ့ လူအကြား ကကွဲပြားခြားနားမှုကို ကျွန်တော်တွေ့မြင်တာကြောင့်ပါ။ အင်္ဂလိပ်စာတတ်တဲ့လူက နိုင်ငံရေးအမြင်မရှိဘူး၊ ဒါကြောင့် ၁၉၅၆ ခုနှစ်က အကြပ်အတည်းကာလအတွင်းမှာ၊ တရုတ်အထက်တန်းကျောင်းမှာ အမိကရုဏ်း အကြီးအကျယ် ဖြစ်နေစဉ်မှာ ရတ်ဖလက် ကောလိပ်ကျောင်းသားတွေက အပြင်ဘက်လမ်းဘေးမှာ ရယ်မောနေကြတယ်၊ လုံးဝ နိုင်ငံရေး ဥပေက္ခာပြုစိတ်နဲ့ မိုက်မဲမှုသာရှိနေတယ်။ လူအဖွဲ့အစည်းထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ စံစားသိမှုမရှိဘူးလို့ ကျွန်တော် ယုံကြည်တယ်။

ငယ - ဒါပေမဲ့ ခင်ဗျားက အင်္ဂလိပ်စာတတ်တဲ့လူပါ။ ခင်ဗျားနဲ့ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း အင်္ဂလိပ်စာတတ်တဲ့လူတွေပါ။

ငဖြ - စင်ကာပူကိုအောင်နိုင်ဖို့အတွက် တရုတ်စာတတ်တဲ့လူတွေအပေါ် ကျွန်တော်တို့ အောင်နိုင်ရမယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ အင်္ဂလိပ်စာတတ်တဲ့လူတွေက လူဦးရေရဲ့ သေးငယ်တဲ့ အပိုင်းအစကလေးပါ။ ဒါကြောင့် လက်ဝဲအုပ်စုဝင်တွေနဲ့ ကျွန်တော်တို့ ဆက်သွယ်ရတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်စာတတ်တဲ့လူတွေကို ကျွန်တော်တို့ လိုချင်လို့ပေါ့။ ဒါကြောင့် ကျွန်တော်တို့ တရုတ်ဖြစ်နေတဲ့အဓိပ္ပာယ် အနှောက်တိုင်းသားပဟုတ်ဘဲ ကျွန်တော်တို့ဟာ ကျွန်တော်တို့ဖြစ်နေတဲ့အဓိပ္ပာယ်ဆုံးရှုံးရင် ကျွန်တော်တို့ရဲ့အသက်ရှင်နေနိုင်စွမ်းကို ကျွန်တော်တို့ ဆုံးရှုံးမယ်ဆိုတာ ကျွန်တော် သံသယမဖြစ်ဘူး။ ဒါကြောင့် ဒါဟာ ကျွန်တော်တို့ရဲ့ပထမဦးဆုံး စွမ်းအားပဲ၊ အမှန်ပဲ စင်ကာပူသားတွေဟာ သူတို့ဖြစ်တည်နေတဲ့ တန်ဖိုးကို မတွေ့ကြဘူး။ ယဉ်ကျေးမှုဆိုတာ ဘာလဲ၊ အင်္ဂလိပ်ဘာသာပြန်ထားတဲ့ တရုတ်ယဉ်ကျေးမှုကို ကျွန်တော် ဖတ်နိုင်တယ်။ အဲဒါက မတူဘူး။ အဲဒါက ခင်ဗျားကို ကိုယ်တိုင် သိစိတ် မပေးဘူး။ ပြီးတော့ နောက်ဆုံးမှာ ကျွန်တော်တို့ သိနားလည်စေတဲ့အရာက လုံးဝ အရေးကြီးတယ်၊ ကွန်ဖြူးရှပ်ရောက်က ကရူးကောက်ဆံပင်ညှပ်ထားတဲ့အချိန်မှာ တရုတ်ကျောင်းတက်ကြတယ်၊ လူတိုင်း ဆံပင်အရှည်ထားနေကြတဲ့အချိန်မှာ သူတို့ ကိန်းဘရစ်ဂ်ကို ခွဲကြတယ်၊ သူတို့ ကရူးကောက်ဆံပင် ထားကြတုန်းပဲ အနှောက်တိုင်းသားတွေနဲ့ လိုက်လျောညီထွေလုပ်ရအောင် သူတို့ အလွှမ်းပိုးမခံကြဘူး။ ကျွန်တော်ဟာ ကျွန်တော်ပဲ၊ ခင်ဗျားဟာ ခင်ဗျားပဲ၊ ခင်ဗျားလိုပဲ ကျွန်တော် သဲ့ရှာနည်းကျကျ စကားပြောတယ်။ ခင်ဗျားကို ကျွန်တော် ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော်ပဲ၊ သူတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု အပြည့်ရှိတယ်ဆိုတာကို ကျွန်တော် ဆိုလိုတာပါ။

Quality Publ...

Scanned by CamScanner

မေး - ပြီးတော့ သူတို့ အင်္ဂလိပ်ကျောင်းကို သွားခဲ့ကြသလား။

ဖြေ - အို...သူတို့ကွဲပြားခြားနား သွားကြလိမ့်မယ်၊ အင်္ဂလိပ်စာတတ်တဲ့ ကျောင်းသားတွေက ဆယ်ပင်အရည်တွေ ထားကြတယ်၊ အဲဒါဟာ သူတို့ပိုင်ဆိုင်တဲ့ကမ္ဘာရဲ့အစိတ်အပိုင်းဖြစ်တယ်လို့ သူတို့ ခံစားပိုကြလိုပေါ့၊ ကျွန်တော့်သားတွေကတော့ သူတို့ဟာ ကွဲပြားခြားနားတဲ့ကမ္ဘာရဲ့အစိတ်အပိုင်းဖြစ်တယ်လို့ ခံစားမိကြတယ်၊ ဒါဟာ တော်လှန်ရေးတရုတ်မိုးဆက်ရဲ့အစိတ်အပိုင်းပေါ့၊ ဒီနေ့တရုတ်မဟုတ်ဘူး၊ ၁၉၅၀ပြည့်နှစ်တွေနဲ့ ၆၀ပြည့်နှစ်တွေက တရုတ်ပါ၊ အဲဒီအချိန်တုန်းက ကြီးမားတဲ့ ရုတ်တရက် အပြောင်းအလဲကြီးတွေ ဖြစ်ပေါ်နေခဲ့တယ်၊

ဒါပေမဲ့ မကြာသေးခင်က နှစ်တွေမှာ ပီဘခတွေက တရုတ်ဟာသင်တာဟာ အချိန်ဖြုန်းတာပဲ၊ တန်ဖိုးမရှိဘူး၊ စသဖြင့် တွေးထင်လာကြတယ်၊ အဲဒီနောက် ရုတ်တရက် တရုတ်က မြင့်တက်လာတယ်၊ ဒီဘာသာစကားကို တတ်ကျွမ်းတဲ့လူတွေ အများကြီး ကျွန်တော်တို့မှာမရှိရင် ကျွန်တော်တို့ရဲ့အခွင့်အလမ်းတွေကို ကျွန်တော်တို့ ဆုံးရှုံးလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ဒီကိုလာတဲ့အခါ သူတို့ရဲ့အင်္ဂလိပ်စကားက သိပ်ကောင်းမှာမဟုတ်ဘူး၊ မလေးစကားကို သူတို့ နည်းနည်းကလေးပဲ တတ်လိမ့်မယ်၊ သူတို့နဲ့ အလုပ်လုပ်ပြီး အင်္ဂလိပ်စကားပြောနိုင်၊ မလေးစကားပြောနိုင်၊ ပြီးတော့ သူတို့ကို ဒေသအတွင်း လှည့်လှည်ခေါ်သွားနိုင်မယ့် စင်ကာပူသားတွေကို သူတို့ လိုအပ်လိမ့်မယ်၊

တရုတ်ပြည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြတဲ့ကျွန်တော်တို့ရဲ့လူတွေအားလုံးက တရုတ်စကားမပြောနိုင်ရင် ထွက်သွားကြရလိမ့်မယ်ဆိုတာကို သိကြတယ်၊ ခင်ဗျား ဘယ်လိုအလုပ်လုပ်မလဲ၊ ဒါကြောင့် (တရုတ်စာကို အဓိကအထူးအလေးပေးတဲ့) အထူးအထေးက်အပုံအစီအင်ကျောင်းမဟုတ်တဲ့ တရုတ်စာကိုဒုတိယဘာသာစကားအဖြစ် သင်ကြားတဲ့အင်္ဂလိပ်ဘာသာစကားသင်တဲ့ကျောင်း (CL 2) က ကျောင်းသားတွေဆီက၊ သူတို့ကို CL 2 အောင်မြင်အောင် အတင်းလုပ်ခဲ့တဲ့အတွက် ကျွန်တော့်ကို ကျေးဇူးတင်တဲ့ အီးမေးလ်စာတွေ အတော်များများ ကျွန်တော်ရတယ်၊ ကျွန်တော့်ကို ကျေးဇူးတင်တယ်လို့ သူတို့ပြောတယ်၊ ဒီပညာရေးအခြေအနေကြောင့် သူတို့ အဓိလိုက်လာကြတယ်၊

ကမ္ဘာအကြီးဆုံး စီးပွားရေးနိုင်ငံဟာ ကျွန်ုတော်တို့ကို အသုံးပြုပြီး ကျွန်ုတော်တို့ကို ကြီးထွားအောင် ကူညီနိုင်တယ်၊ ဒါပေမဲ့ သူတို့နဲ့ဆက်သွယ်ဖို့ ဒီဘာသာစကားကို ကျွန်တော်တို့ လိုအပ်တယ်လို့ ကျွန်တော်ဆိုလိုတာပါ၊ အမေရိကန်၊ ဥရောပနဲ့ အင်္ဂလိပ်စကားပြောတဲ့ ကမ္ဘာနဲ့ ဆက်သွယ်ဖို့ဟာတွက် အင်္ဂလိပ်ဘာသာစကားကို ကျွန်တော်တို့ လိုအပ်တယ်၊ ကျွန်တော်တို့ ဒီလိုပုံစံနဲ့ တိုးတက်တယ်၊ ဒါကို ကျွန်တော်တို့ တတ်မြောက်ပြီး တရုတ်နဲ့ဆက်သွယ်၊ ကြီးထွားဖို့ ကျွန်တော်တို့ ဘာကြောင့် မလုပ်နိုင်ရမှာလဲ၊ နောက်နှစ် ၂၀၊ ၃၀၊ ၄၀ မှာ သူတို့ဟာ အပြန်ဆုံးကြီးထွားနေတဲ့ စီးပွားရေးနိုင်ငံ ဖြစ်တော့မယ်၊ သူတို့ရှိနေတဲ့အဆင့်ကို ကြည့်ပါ၊ အမေရိကန်လူတစ်ဦးချင်း ဝင်ငွေကို မိုဖို့အတွက် သူတို့ နှစ်၆၀၊ ၇၀၊ ၈၀ လောက် အချိန်ယူရလိမ့်မယ်၊

မေး - နောက်ကြောင်းကို ပြန်လှည့်ကြည့်တဲ့အခါ ကျွန်တော်တို့ရဲ့ ဘာသာပေါ်လစီရဲ့ဖြစ်ပေါ်တိုးတက်မှုနဲ့ ပတ်သက်ပြီး ခင်ဗျား စိတ်မကောင်းဖြစ်တာ ရှိသလား။

ဖြေ - မရှိပါဘူး၊ လုံးဝမရှိပါဘူး၊ ကလေးတွေကို အိမ်မှာ အင်္ဂလိပ်စကားပြောနေရာကနေ တရုတ်စာကို ပထမ ဘာသာစကားအဖြစ် သင်ကြားပေးရတာ ခက်ခဲပုံကို ကျွန်တော်သိတယ်၊ ကျွန်တော်တို့ အဲဒီလို လုပ်နေကြတယ်၊ ဘာ

Scanned by CamScanner

ကြောင့်လဲဆိုတာ တရုတ်ကျောင်းဆရာတွေက အင်္ဂလိပ်စာမတက်ဘဲ တရုတ်စာ သင်ကြားနေကြပြီး၊ ကလေးတွေက တရုတ်တွေဖြစ်ကြတော့ အင်္ဂလိပ်စာကို အသုံးပြုဖို့ ငြင်းဆန်နေကြလို့ပါ။ ကျောင်းဆရာတွေက တရုတ်ကျောင်းတွေမှာ ငါလုပ်သလိုမျိုး၊ မင်းကို ငါ တရုတ်လို စကားပြောမယ်။ အဲဒါကို မင်း သင်ယူလို့ စဉ်းစားကြတယ်၊ ကလေးတွေ စိတ်ရှုပ်ထွေးသွားကြတယ်။ သူတို့နားမလည်ကြဘူး။ ဒါကြောင့် အဲဒါကို ကျွန်တော်ပြောင်းလဲခဲ့တယ်၊ ဝိဘာအများအပြားဟာ သူတို့ရဲ့ကလေးတွေကို ဒုတိယဘာသာစကားအဖြစ် တရုတ်စာ မသင်ကြားရအောင် နှိုင်းခြားကို ဝေလွှတ်နေကြတာ ကျွန်တော် တွေ့ရှိခဲ့တယ်။

အဲဒီအခါအခုအမျိုးသားပညာရေးသိပ္ပံဌာနရဲ့တရုတ်ဌာနခွဲခေါင်းဆောင်ဖြစ်တဲ့ဂိုရင်ဆင်ကို ကျွန်တော် တွေ့ဆုံတယ်၊ သူကအရှေ့တိုင်းနဲ့အမေရိကန်လေ့လာသင်ကြားမှုအင်္ဂလန်ကျောင်းမှာ ဘာသာစကားနဲ့ပီအိပ်ဒီဘွဲ့ရခဲ့တယ်။ ဒါပေမဲ့ သူအင်္ဂလိပ်စာသင်ခဲ့ရတယ်။ ဘာသာစကားပီအိပ်ဒီကို သူအောင်ခဲ့တယ်။ ပြီးတော့ တရုတ်တွေရဲ့အကူအညီနဲ့ ကျွန်တော် တရုတ်စာသင်ခဲ့သလိုပုံမျိုးနဲ့ အင်္ဂလိပ်စာကို သူ သင်ယူခဲ့တယ်လို့ ပြောတယ်။ အဘိဓာန်ကို သူကြည့်တယ်၊ ဒီအင်္ဂလိပ်စကားလုံးက ဒီလို၊ ဒီလိုအဓိပ္ပာယ်တွေရှိတယ်ဗျဲ။ သူအင်္ဂလိပ် - အင်္ဂလိပ်အဘိဓာန်ကိုကြည့်ရင်၊ နှစ်ပေါင်းများစွာ အချိန်ယူရပြီး ဘယ်တော့မှ လိုက်မီမှာမဟုတ်ဘူး။ အင်္ဂလိပ် - တရုတ် အဘိဓာန်သူကြည့်ပြီး သင်ယူတယ်၊ ကျွန်တော် တရုတ် - အင်္ဂလိပ် အဘိဓာန်ကြည့်ပြီး တရုတ်စာကို သင်ယူတယ်။ ဒါကြောင့် ကျောင်းတွေမှာ ကျွန်တော် ကြိုးစားကြည့်ဖို့ ဆုံးဖြတ်ပြီး အိမ်မှာ အင်္ဂလိပ်စကားပြောတဲ့ ကလေးတွေကို အင်္ဂလိပ်စာအသုံးပြုပြီး တရုတ်စာ သင်ပေးတယ်။ အဲဒါ အောင်မြင်တယ်။ အဲဒါကို ကျောင်း ၄ ကျောင်းမှာ ကျွန်တော်တို့ စမ်းကြည့်တယ်။ ကျောင်း ၄ ကျောင်းစလုံးက ကလေးတွေရဲ့ဝိဘာတွေဆီက တိုးတက်မှုကို အစီရင်ခံကြတယ်။ ဒါကြောင့် တရုတ်စာတတ်တဲ့ အုပ်စုတွေက ကန့်ကွက်မှုတွေကို ကျွန်တော်တို့ ကျော်လွှားပြီး ဒီအလေ့အကျင့်ကို နောက်ထပ်ကျောင်းများစွာဆီ ဖြန့်ဝေပေးတယ်။

အခုကျောင်းဆရာတွေကနှစ်ဘာသာတတ်ကျွမ်းလာကြတာကြောင့်ဒီအနေအထားပြောင်းလဲသွားပြီ။ ကျောင်းဆရာဖောင်းတွေရဲ့နေရာကို ဝင်ယူကြတဲ့ ငယ်ရွယ်တဲ့ ကျောင်းဆရာတွေက အင်္ဂလိပ်ကို ပထမဘာသာစကားအဖြစ် ပြောနေကြပြီး တရုတ်စာသင်ကြားပေးတဲ့ သူတို့ရဲ့အရည်အချင်းကို မြှင့်တင်ဖို့အတွက် သူတို့ကို တရုတ်စာနဲ့အထူးလေ့ကျင့်ပေးထားတယ်။ ဒါကြောင့် အခု ပြဿနာမရှိတော့ဘူး။ ပြီးတော့ သင်ရိုးညွှန်းတမ်းတွေယူဖို့ကိုလည်း ကျွန်တော်တို့ သင်ယူကြတယ်။ ဒါမှ ခင်ဗျားရဲ့အိမ်အခြေအနေက ခင်ဗျားကိုသင်ယူဖို့ ခွင့်ပြုမယ့်နှုန်းအတိုင်း ခင်ဗျား သင်ယူရတယ်။ အခြေခံ တစ်နှစ်မှာ သင်ရိုးညွှန်းတမ်း ၂၀၀ - ၃၀၀ ခင်ဗျားလုပ်နိုင်ရန် ဆက်လုပ်ပါ။ ခင်ဗျား သင်ရိုးညွှန်းတမ်းတစ်ခုပဲလုပ်နိုင်တယ်၊ အိုကေ...နောက်နှစ်ကျရင်ကျွန်တော်သင်ရိုးညွှန်းတမ်းကို ကျွန်တော်တို့လုပ်ကြမယ်၊ ဒီလိုနဲ့ ပြဿနာကို ဖြေရှင်းလိုက်ကြတယ်။ ဒါပေမဲ့ မသိနားမလည်မှုကြောင့် အဲဒီအခြေအနေကိုရောက်ဖို့ နှစ် ၄၀ ကြာခဲ့တယ်။

ဘာလုပ်မလဲ၊ ဒီနေ့သိနေသလို အဲဒီတုန်းက ကျွန်တော်သိခဲ့ရင် စိတ်နလုံးပူဆွေးမှုတွေ၊ နာကျင်မှုတွေကို ကျွန်တော် အများကြီး ရှောင်ရှားနိုင်ခဲ့လိမ့်မယ်၊ ဒါဟာ ဘဝပဲ၊ အဖြစ်အပျက်တွေပြီးမှ ခင်ဗျား သိနားလည်ပြီး ပညာရှိလာတယ်၊

Scanned by CamScanner

ကြေး - အမှန်တကယ်တော့ အင်္ဂလိပ်စာတတ်တဲ့ မိဘတွေဆီက ဝေဖန်အကြံပေးချက်တွေ အတော်များများရှိတယ်၊ ဒါပေမဲ့ သူတို့ရဲ့ဝေဖန်အကြံပေးချက်များစွာဟာ ဘာသာစကားအပေါ်စိတ်ဝင်စားမှုကင်းမဲ့ချက်အဖြစ် အပစ်ပယ်ခံရတယ်လို့ ကျွန်တော်ထင်တယ်၊ ဒါကြောင့် သူတို့ရဲ့ကလေးတွေကို သင်ယူဖို့အတွက် အားပေးအားမြှောက်ပြုလုပ်ဖို့ လုံ့ဆော် ချက် မရှိတော့ဘူး၊ သူတို့ သင်ယူဖို့လည်း လုံ့ဆော်ချက်မရှိတော့ဘူး၊

မြေ - ဒါဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်ကန်တယ်၊ တက္ကသိုလ်ကို ကျွန်တော်ရောက်ဖို့အတွက် ဒါကို အောင်မြင်ရတဲ့ကိစ္စ ဖြစ်လာရင် ကျွန်တော် သင်ယူဖို့ လုံ့ဆော်ချက်ရှိမှာမဟုတ်ဘူး၊ တက္ကသိုလ်နောက်ပိုင်းမှာ အဲဒါကို ကျွန်တော် မေ့ထားလိုက်မယ်၊ အခု တရုတ်က မြင့်တက်လာပြီ၊ တရုတ်စာကို ကျွန်တော်တတ်မြောက်ရမဲ့ကိစ္စ ဖြစ်လာတယ်၊ ခင်ဗျားရှေ့နေဖြစ်မယ်၊ စာရင်းကိုင်ဖြစ်မယ်၊ ခင်ဗျားရဲ့အတတ်ပညာဘာပဲဖြစ်ဖြစ်၊ ခင်ဗျားတရုတ်စကားလည်းပြောရင် နိုင်ငံပေါင်းစုံကုမ္ပဏီတွေက ခင်ဗျားကို ငှားရမ်းပြီး ပြည်ပနေထိုင်သူ လစာ၊ ပြည်ပနေထိုင်သူ အိမ်ရာနဲ့ ကလေးတွေ အတွက် ပြည်ပနေထိုင်သူပညာရေးကို ပေးတယ်၊ ခင်ဗျား ဝိုက်ဆစ်ဆောင်းတယ်၊ ခင်ဗျား ပြန်လာတယ်၊ ခင်ဗျား ပိုပြီးချမ်းသာလာတဲ့ လူတစ်ယောက် ဖြစ်လာတယ်၊ ခင်ဗျားရဲ့ကိုယ်ရေးမှတ်တမ်း ပိုပြီးကြီးလာတယ်၊ ဒါကြောင့် သူတို့က ဘာသာစကားတတ်ဖို့ကို လေးလေးနက်နက်ထားလာကြတယ်၊ အခု လုံ့ဆော်ချက်ပြဿနာတွေ မရှိတော့ ဘူး၊

ကေး - အင်္ဂလိပ်စာတတ်တဲ့ အသိုင်းအဝိုင်းနဲ့ တရုတ်စာတတ်တဲ့ အသိုင်းအဝိုင်းတွေရဲ့ဘာသာစကားပေါ်လစီအပေါ်ကွဲပြား ခြားနားတဲ့ တုံ့ပြန်မှုတွေနဲ့ ပြုလုပ်ရမယ့် အပြောင်းအလဲတွေကို ခင်ဗျား ဖော်ပြခဲ့တယ်၊ ဒီနေ့အချိန်အခါမှာ ဒီ အုပ်စု နှစ်စုကြား ခွဲခြားမှုက ဘယ်လောက် နက်ရှိုင်းသလဲ၊

မြေ - ငယ်ရွယ်တဲ့ မျိုးဆက်အနေနဲ့ကြည့်ရင် ခွဲခြားမှုက အသေးအဖွဲလောက်ပဲဆိုတာ ကျွန်တော် ပြောရလိမ့်မယ်၊ ဘာ ကြောင့်လဲဆိုတော့ သူတို့အားလုံးက ဒုတိယဘာသာစကားအဖြစ် အင်္ဂလိပ်စကားပြောနေကြသလို တရုတ်စကား ကို ပြောနေကြလို့ပေါ့၊ ကျွန်တော် ဟန်ဖိုင်းမှာရှိနေတယ်၊ စထရိတ်တိုင်းက ကျွန်တော့်ကို သတင်းယူဖို့အတွက် သူတို့ရဲ့ သတင်းစာဆရာမကို ဘေးဂျင်ကနေ လွှတ်လိုက်တယ်၊ သူမရဲ့ကိုယ်ရေးမှတ်တမ်းကို ကျွန်တော် ကြည့် တယ်၊ သူမက တက္ကသိုလ်မှာ တရုတ်စာမသင်ခဲ့ဘူး၊ သူမ လန်ဒန်စီးပွားရေးကျောင်းကို သွားတယ်၊ ကျောင်းမှာ တရုတ်စာကို ဒုတိယဘာသာစကားအဖြစ် သူမ သင်ကြားခဲ့တယ်၊ ဘေးဂျင်မှာ ပထမဦးဆုံး အလုပ်စလုပ်တဲ့အခါ သူမ နိုင်နိုင်နင်းနင်းလုပ်ဖို့ အစက်အခဲဖြစ်နေတယ်လို့ ကျွန်တော်တို့ရဲ့သံအမတ်က ကျွန်တော့်ကိုပြောပြတယ်၊ ၆ လအတွင်းမှာ သူမလိုက်နိုင်လာတယ်၊ ဘာကြောင့်လဲဆိုတော့ တရုတ်စာကို ဒုတိယဘာသာစကားအဖြစ် သူမ ယူခဲ့လို့ပေါ့၊ ဒါကြောင့် ကျွန်တော်က သူမကို ၆ လအတွင်းမှာ မင်း ဘယ်လို အဝိုလိုက်ခဲ့သလဲလို့ မေးတယ်၊ အိမ်မှာ မန်ဒရင်တရုတ်စကားကို သူမပြောတာကြောင့်လို့ သူမကပြောတယ်၊ ဒါကြောင့် အရေးအဖတ်မှာ တရုတ်စာ စာပေးပွဲကို အထက်တန်းအဆင့် သူမမရောက်ခဲ့ပေမဲ့လည်း ဘာသာစကားကျွမ်းကျင်မှုကို သူမရရှိပြီး အလွယ်တကူ ချွတ်ခွင်နိုင်ခဲ့တယ်၊ အခု ၂ နှစ်ကြာပြီးတဲ့နောက်မှာ သူမဟာ အဲဒီနေရာက တရုတ်စကားပြောတဲ့ အသိုင်းအဝိုင်းအစိတ် အဝိုင်းလုံးဝဖြစ်နေပြီ၊

Scanned by CamScanner

အခု ဒါဟာ စီးပွားရေးနဲ့သက်ဆိုင်တဲ့ မရှိမဖြစ်အရာဖြစ်လာပြီ၊ ကြည့်လေ၊ ကျွန်တော်တို့ရဲ့ တိုးတက်ကြီးထွားမှုယန္တရားဘယ်နေရာမှာလဲ၊ အမေရိကန်၊ ဂျပန်၊ ဥရောပ၊ ပြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်စတာတွေအတွက်အင်္ဂါပဲ ဘာသာစကားဖြစ်နေတယ်၊ အခု တိုးတက်ကြီးထွားမှု ဘယ်ကလာသလဲ၊

ကျွန်တော်တို့ အဟောင်းတွေကို စွန့်လွှတ်မှာမဟုတ်ဘူး၊ သူတို့အားလုံးနဲ့ လွတ်လပ်တဲ့ ကုန်သွယ်သဘောတူညီချက်ကို ကျွန်တော်တို့ လိုချင်တယ်၊ ပြီးတော့ ကျွန်တော်တို့ရဲ့စီးပွားရေးနိုင်ငံတွေကို တိုးတက်မှုယန္တရားအသစ်တွေ ကျွန်တော်တို့ ပေါင်းထည့်နေကြတယ်၊ တရုတ်၊ အိန္ဒိယနဲ့ ပင်လယ်ကွေ့နိုင်ငံတွေပေါ့၊ သူတို့နဲ့ ဓနာက်တစ်ကြိမ် ဆက်သွယ်ဖို့ အာရုပ်စာသင်မယ့် လူတချို့ကို ကျွန်တော်တို့ ရရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါကြောင့် ကျွန်တော်တို့ အာရုပ် ရုပ်ကွက်၊ အာရုပ်တွေသုံးတဲ့ ဆေးတံတွေ စသဖြင့် ရှိရမယ်၊ ဒါမှ သူတို့ သက်သောင့်သက်သာဖြစ်ကြလိမ့်မယ်၊ အာရုပ်တွေဟာ စင်ကာပူစကတည်းက ဒီဓနရာမှာရှိနေခဲ့ကြတယ်၊ သူတို့အားလုံး ယိမင်းကလာကြတယ်၊ ဒီမှာ အာရုပ်လမ်းရှိတယ်၊ အဲဒီဓနရာက အာရုပ်တွေကို စိတ်လက်မျော်ရွှင်အောင် ကျွန်တော်တို့ထားသင့်တယ်၊ ဒါဆိုရင် ကျွန်တော်တို့ ဆက်သွယ်ဖိကြလိမ့်မယ်၊ သူတို့က အင်္ဂလိပ်စကားပြောတယ်၊ ဒါပေမဲ့ စင်ကျား အဲဒီဓနရာမှာ စီးပွားရေးအလုပ်လုပ်ရင် စင်ကျားရဲ့အလုပ်သမားတွေကို စင်ကျား ထိန်းချုပ်ရမယ်၊ စင်ကျား အာရုပ်စကား နည်းနည်းပြောရမယ်၊

အိန္ဒိယနဲ့ စီးပွားရေး အလုပ်လုပ်ဖို့အတွက် တမီးလ်စာသင်ကြားတာက သိပ်အသုံးမဝင်ဘူး၊ အဲဒါက တမီးလ်နာဒုမှာပဲပြောတယ်၊ စင်ကျား အိန္ဒိယ ဘာသာစကားသင်ချင်ရင် အဲဒါက ဟိန္ဒူစကားဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိန္ဒိယမြောက်ပိုင်းမှာ စကားပြောတဲ့လူသန်း ၃၀၀၊ ၄၀၀ လောက်ရှိတယ်၊ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းလုပ်တဲ့လူတွေက အားလုံး အင်္ဂလိပ်စကားပြောကြတယ်၊ ဒီတော့ အိုကေတယ်၊ ဒါပေမဲ့ တရုတ်မှာက စင်ကျား တရုတ်စကားမပြောရင် အလုပ်မလည်ပတ်နိုင်ဘူး၊ အဆင့်မြင့်ပညာတတ်တဲ့လူနည်းနည်းပဲ အင်္ဂလိပ်စကား ကောင်းကောင်းပြောတယ်၊ လူတိုင်းက အိုလံပစ်အတွက် အသည်းအသန် သင်နေခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့ စကားလုံးနဲ့ ဝါကျအနည်းငယ်လောက်ပဲ သင်ခဲ့ကြတယ်၊ ဒါလောက်ပါပဲ၊

ငေး - ၁၉၈၀ ပြည့်နှစ်မှာ စင်ကာပူရဲ့တစ်ခုတည်းသော တရုတ်တက္ကသိုလ်ဖြစ်တဲ့ နန်တာကို ဝိတ်လိုက်တာဟာ အဲဒီမျိုးဆက်က တရုတ်စာတတ်တဲ့လူတွေကြားထဲမှာကြာရှည်ဓနတဲ့ ဆုံးရှုံးစိတ်တစ်ခုဖြစ်ကျန်ခဲ့တယ်၊ အဲဒါကို ရှောင်ရှားခဲ့မယ်ဆိုရင် ဖြစ်နိုင်မလား၊ စင်ကာပူမှာ တရုတ်တက္ကသိုလ်တစ်ခုရှိခဲ့ရင် ဒီဓနအချိန်မှာ အဲဒါဟာ အဝေးပြေး လက္ခဏာတစ်ခုဖြစ်ခဲ့မလား၊

ငြေ - ကျွန်တော်တို့မှာ တရုတ်တက္ကသိုလ်ရှိရင် ဘယ်သူတက်မလဲ၊ စင်ကျားသားကို ဘာကျင့်နဲ့ ရှုန်ဟိုင်းကို သူ သွားနိုင်တဲ့ အချိန်မှာ စင်ကာပူ တရုတ်တက္ကသိုလ်ဆီကို စေလွှတ်မလား၊

(ဘင်္ဂလားပင်းရှင်နဲ့ တရုတ်အသိုင်းအဝိုင်းဓလေးဓတောင်) ဝိချိယော်ကို ကျွန်တော်တို့ ကမ်းလှမ်းတယ်၊ တရုတ်ကျောင်းအဓဟာင်းကို ကျွန်တော်တို့ အသစ်လုပ်ဓပေးမယ်၊ စင်ကျားအဲဒါကို ဖြည့်စွက်ပေးလို့ပြောတယ်၊ သူက ပယ်ချတယ်၊ သူမလုပ်နိုင်ဘူးဆိုတာ သိတယ်၊ စင်ကာပူမှာ သူ့သားကို အောင်မြင်ဓချင်တဲ့ မိဘက သူ့သားကို အင်္ဂလိပ်စာတတ်ဓအောင် သင်မဓပေးတဲ့ကျောင်းမှာ မထားချင်ဘူး၊

Scanned by CamScanner

ကမား - တရုတ်ပြည် တိုးတက်လာတယ်ဆိုတော့ နှစ်ဘာသာပေါ်လစီကို ဆက်လက်သန့်စင်ဖို့အတွက် လိုအပ်ချက် ခင်ဗျား တွေ့မြင်သလား၊ ဘာကြောင့်လဲဆိုတော့ မကြာသေးခင်က နှစ်ဘာသာစနစ်အကြောင်းသာ ခင်ဗျားပြောခဲ့ တာမဟုတ်ဘဲ ယဉ်ကျေးမှုနှစ်ခု စနစ်အကြောင်းကိုပါ ပြောခဲ့တာကြောင့်ပို့ပါ။

ဖြေ - မဟုတ်ဘူး၊ မဟုတ်ဘူး။ အဲဒါက သေးငယ်တဲ့လူတစ်စုအတွက်သာ ပြောတာပါ။ ခင်ဗျားလူတိုင်းကို အဲဒီအဆင့်အထိ ရောက်စေချင်နေတယ်၊ မဖြစ်နိုင်ဘူး။ ခင်ဗျား ရူးသွားလိမ့်မယ်၊ လုပ်လို့မရဘူး၊

ကမား - ဒါဆို လူများစုအတွက် နှစ်ဘာသာပေါ်လစီဟာ ဒီနေ့ရှိနေသလို ရှိနေမလား။

ဖြေ - ဟုတ်ကဲ့ ... ရှိနေလိမ့်မယ်။ ဒါပေမဲ့ ပိုမိုနက်နက်ရှိုင်းရှိုင်း သွားနိုင်မဲ့လူ ၁၀၀၊ ၂၀၀ အများဆုံး ၃၀၀ လောက်ကို ကျွန်တော်တို့ကြိုးစားရယူရမယ်။ ပြဿနာက၊ ပိုပြီး နက်နက်ရှိုင်းရှိုင်းသွားနိုင်ကြတဲ့ ထက်ပြက်တဲ့လူတွေက ရှေ့နေ တွေ၊ စာရင်းကိုင်တွေ၊ ဝိသုကာတွေ စသဖြင့် ဖြစ်ချင်နေကြတယ်။ ဘာသာစကားကျမ်းကျင်သူ မဖြစ်ချင်ကြဘူး။ ဒါပေမဲ့ အဲဒီလိုနဲ့ပဲ နောက်ဆုံးမှာ သူတို့ တရုတ်ပြည်ကိုသွားပြီး "လူသိုင်ကာ" လို အဲဒီနေရာမှာ ဝိသုကာပညာရှင်တွေ ဖြစ် နိုင်တယ်။

ကမား - စီးပွားရေးအတွက် မဖြစ်မနေလုပ်ရတဲ့ တရုတ်စာသင်ကြားမှုကို စဉ်းစားတဲ့အခါလူနည်းစုတွေအတွက် နှစ်ဘာသာ ပေါ်လစီကို လွတ်လွတ်လပ်လပ် လုပ်ပေးတာဟာ အသုံးဝင်နိုင်တယ်လို့ ခင်ဗျားထင်ပြီး သူတို့အလိုရှိရင် ကျောင်းမှာ သူတို့ကို တရုတ်စာသင်ခွင့်ပြုပြီး မိခင်ဘာသာစကားကို မသင်ခွင့်ပြုမလား။

ဖြေ - အိမ်မှာ အင်္ဂလိပ်စကားပြောတဲ့ တရုတ်တွေအတွက် အဲဒါက အလွန် ခက်ခဲနေတယ်။ ဝါရင့်ဝန်ကြီး အက်စ်ကျာရာ ကူမာက သူ့ကလေးတွေကို တရုတ်စာသင်ဖို့ စေလွှတ်တယ်။ သူတို့ အောင်မြင်တယ်။ သူတို့က ထက်ပြက်ပြီး ကြိုးစားအားထုတ်ကြတယ်။ မလေးတချို့ကလည်း ကြိုးစားအားထုတ်မှုရှိတာကြောင့် အောင်မြင်ကြတယ်။ ဒါပေမဲ့ သူတို့က အင်္ဂလိပ်၊ မလေး၊ ကိုရန်အာရဗ်နဲ့ တရုတ်လို သင်ချင်ကြတယ်။

ကမား - ဒါပေမဲ့ ခင်ဗျား သူတို့ကိုသူတို့ စိတ်ကြိုက် ဒုတိယဘာသာစကား ရွေးချယ်ခွင့်ပြုရင် ကျွန်တော် သံသယ ဖြစ်တာက ပိုက်ဆံပိုရှိတဲ့ မလေးတွေက တရုတ်စာကို ရွေးချယ်ကောင်း ရွေးချယ်မှာဖြစ်တယ်။

ဖြေ - သူတို့ကလေးတွေရဲ့ပညာရေးဝန်ထုပ်ဝန်ပိုးအတွက် သူတို့ စွန့်စားဖို့ပြင်ဆင်ထားကြရင် ကျွန်တော် ခွင့်မပြုသင့်တဲ့ အကြောင်း မရှိဘူးလို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ အခက်အခဲတွေရှိရင်တော့ အစိုးရကို အပြစ်မတင်ပါနဲ့။ ဒါဟာ ခင်ဗျားရဲ့ရွေးချယ်မှုပဲ။ ဒါဟာ လွယ်ကူတဲ့ ဘာသာစကားမဟုတ်ဘူးဆိုတာ ခင်ဗျား သိသိကြီးနဲ့ လုပ်တာပဲ။

Scanned by CamScanner

ငယ - လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်က အင်္ဂလိပ်စာကို စင်ကာပူရဲ့ရုံးသုံး ဘာသာစကားအဖြစ် ပြုလုပ်ဖို့ စဉ်းစား ဆုံးဖြတ်တဲ့အခါ ကမ္ဘာကြီးဟာ ဒီဘက်လမ်းကို ကွေ့လာလိမ့်မယ်လို့ စဉ်းစားခြေမြင်သလား။

ငဖြ - ဟင့်အင်း....လွန်ခဲ့တဲ့ နှစ် ၄၀ က အင်္ဂလိပ်စာဟာ ကျွန်တော်တို့ကို ဖွဲ့ပြီးပြီး ကမ္ဘာဖြစ်တဲ့ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျနဲ့ နယူးဇီလန်ထဲကို ဝင်ဖို့အတွက် ဝင်ပေါက်ပေးလိမ့်မယ်ဆိုတာကို ကျွန်တော်သိတယ်၊ ဥရောပရဲ့ ကြီးမားတဲ့အစိတ်အပိုင်းထဲကိုလည်း ဝင်ဖို့ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ကုမ္ပဏီတွေက အင်္ဂလိပ်စာကို အသုံးပြုကြမှာကြောင့်ဖြစ်တယ်၊ ပြီးတော့ ဒီကိုလာကြတဲ့ ဂျပန်တွေကလည်း အင်္ဂလိပ်စာကို အသုံးပြုကြလိမ့်မယ်၊ အဲကြောင့် အဲဒါက ကျွန်တော်တို့ကို အကောင်းဆုံး အခွင့်သာချက်ပေးခဲ့တယ်၊ ပြင်သစ်စာနဲ့ ဂရုဏ်ပျောက်ကွယ်သွားမယ်လို့ ကျွန်တော် ကြိုမမြင်ခဲ့သလို၊ အင်တာနက်ကလည်း ကမ္ဘာကို အင်္ဂလိပ်စာနဲ့ လွှမ်းမိုးသွားလိမ့်မယ်လို့ ကြိုမမြင်ခဲ့ဘူး။ ဒါက ကံကောင်းသွားတာပါ။

ကျွန်တော်တို့ ရုရှားစာလုပ်ခဲ့ရင် ဝမ်းနည်းရလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းကြရလိမ့်မယ်၊ ကျွန်တော့်သားကို ရုရှားစာသင်ဖို့ ကျွန်တော်ပြောခဲ့တယ်၊ ရုရှတွေဟာ သခင်္ဂဟမှာ ကောင်းကြတယ်လို့ ကျွန်တော်ပြောခဲ့တယ်၊ စင်္ကာပူးအင်္ဂလိပ်စာယူတယ်၊ တရုတ်စာနဲ့ မလေးစာယူတယ်၊ စင်္ကာပူး အဲဒီလိုလုပ်နိုင်ရင် ရုရှစာလည်း နည်းနည်းသင်ပေါ့၊ ရုရှစာကို O Level ဂုဏ်တူးနဲ့ သူအောင်ပြီးကိန်ဘရစ်ဂ်ကိုမသွားခင် ရုရှကိုသွားတယ်၊ ရုရှလို သူမိန့်ခွန်းပြောနိုင်တယ်၊ ဒါပေမဲ့ ဘာအတွက်လဲ၊ အခု ရုရှခေါင်းဆောင်တွေကို သူစကားပြောတဲ့အခါ နားလည်နိုင်ရုံလောက်ပဲ ရှိတော့တယ်။

ငယ - စင်္ကာပူရဲ့ပူပြင်းမျှစျူယွန်းနာဝ်ဆဲလ် အရေအတွက်ထက် သူမှာရှိတဲ့ အရေအတွက်က ပိုများတယ်။

ငဖြ - ဒါပေမဲ့ ဘာအတွက်လဲ၊ ပိုမိုအသုံးဝင်တဲ့ တခြားအရာဝတ္ထုတွေအတွက် သူ့ရဲ့နျူယွန်ကို သူအသုံးပြုနိုင်တယ်၊ ဒီမယ် ကျွန်တော် ဘာသာစကား ၆ မျိုးသင်ခဲ့တယ်၊ စင်္ကာပူး ဘာသာစကား ၆ ခုကို အမီလိုက်နိုင်မလား။ ကမ္ဘာတစ်ဝှမ်းက စီးပွားရေးသတင်းတွေ၊ အမေရိကန်စတော့ရှယ်ယာဈေးကွက်၊ S& P၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဒွေကြေးလွဲလှယ်နှုန်းစတာတွေကို ကျွန်တော် ဖတ်ရတယ်၊ ဒါတွေအားလုံးက နျူယွန်တွေကို စားပစ်တယ်၊ စီးပွားရေးအလားအလာ၊ စီးပွားဖြစ်အခြေအနေ လေ့လာစစ်းစစ်မှုတွေ၊ အကြပ်အတည်းက စင်္ကာပူး ထွက်နိုင်မလား၊ ဘယ်လောက်မြန်မလဲစတာတွေကို စင်္ကာပူးမှတ်သားရတယ်၊ ဘာသာစကား ၆ မျိုးကို စင်္ကာပူးလိုက်နိုင်မလား။ အဓိပ္ပာယ်မရှိဘူး၊ စင်္ကာပူး ရူးသွားလိမ့်မယ်။

စင်္ကာပူး ပိုင်နိုင်ကျွမ်းကျင်တဲ့ ဘာသာစကားတစ်ခု လိုအပ်တယ်၊ အဲဒီဘာသာစကားနဲ့ စင်္ကာပူး မြန်မြန် အလုပ်လုပ်ရမယ်၊ သတင်းအချက်အလက်တွေ ရယူရမယ်၊ အတွေးတွေ စီထုတ်ရမယ်၊ ကျွန်တော့်အတွက် အဲဒီဘာသာစကားက အင်္ဂလိပ်ပဲ။

ငယ - ဘာသာစကားပေါ်မှာ နိုင်ငံရေး အခြေခံလုပ်ခဲ့ကြတဲ့ လူတွေကို အတိတ်က စင်္ကာပူးကိုင်တွယ်ခဲ့ရတယ်၊ ဒီပြဿနာတွေ ပြီးဆုံးသွားပြီလား။ အခြေကျနေတဲ့ စင်္ကာပူမှာ ဘယ်ဘာသာစကားကို အသုံးပြုသလဲဆိုတဲ့ ဝေးခွန်း

Scanned by CamScanner

စကားဖြစ်နေတယ်။ အင်္ဂလိပ်စာ အပြောတော်း လူမမိုးခင်ကြိုတင်ဝေးနေပါမှမယ်လို့ ဘယ်သူမှ မစဉ်းစိုင်ဘူး။
စင်ကာပူနိုင်ငံသားတွေပါ၊ ကျွန်တော်တို့ နိုင်ငံသားနစ်ခုပေးရင် အခြေအနေကို ပိုဆိုးအောင် လုပ်လိမ့်မယ်၊ ကျွန်တော်တို့က အမေရိကန်ပြည် ထောင်စုလို တိုင်းပြည်ကြီးမဟုတ်ဘူး၊

ေမး - ပိုမိုများပြားတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့ ဝင်ခွင့်ပြုတဲ့အခါ ကျွန်တော်တို့ လူဦးရေရဲ့ လူမျိုးပေါင်းစပ်မှုကို ထိန်းသိမ်းဖို့ ဘယ်လိုခက်ခဲမလဲ၊

ေြ - အခက်အခဲကတော့ မလေး၊ ဒါမှမဟုတ် မူဆလင်တွေရဲ့အရေအတွက်ကို မြှင့်ဖို့အတွက် ညီမျှတဲ့ အရေအတွက်ကို ရှာဖွေဖို့ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကိုလာကြတဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားက မူဆလင်အရေအတွက်က အနည်းနဲ့အများကြားမှာရှိနေတာကြောင့်ဖြစ်တယ်၊ ဓင်ဗျားအလုပ်ကြမ်းသမားတွေကိုခွင့်ပြုလိုက်ရင်ကျွန်တော်တို့ကို လွှမ်းမိုးသွားလိမ့်မယ်၊ ပညာတတ်တဲ့ ပညာရှင်တွေကျပြန်တော့လည်း မလေးရှားနဲ့ အင်ဒိုနီးရှားမှာက သူတို့အတွက် ပြောင်ဆိုင်မှုနည်းပြီး အခွင့်အရေးတွေ ပိုရှိတယ်၊ သူတို့ ဘာကြောင့် ဒီကိုလာကြမလဲ၊

အာရပ်တချို့က ဒီကိုလာပြီး ပင်လယ်ကွေ့မှာ အလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့ရဲ့ မူဆလင်အမျိုးသမီးတွေကို လက်ထပ်ကြတယ်၊ စင်ကာပူကို ဆိုးတဲ့နေရာမဟုတ်ဘူးလို့ သူတို့ ဆုံးဖြတ်ကြတယ်၊ အမျိုးသမီးတွေကို သူတို့ရဲ့ ပညာတတ်တဲ့ ကြင်ဖော်တွေ ပြန်ခေါ်သွားရအောင် ကျွန်တော်တို့ တားဆီးမထားကြဘူး၊ ဒါပေမဲ့ သူတို့ရဲ့အရေအတွက်က နည်းပါးတယ်၊

မလေးခေါင်းဆောင်တွေက အခြေအနေကို သိတယ်၊ ကျွန်တော်က သူတို့ကို မလေးမူဆလင်ပြောင်းရွှေ့အခြေချတွေကို ပိုပြီး ရှာဖွေဖို့ တိုက်တွန်းတယ်၊ ဒီနေရာက နိုင်ငံပေါင်းစုံ ကုမ္ပဏီတွေရဲ့ပြောင်းရွှေ့နေရာချထားမှုကြောင့် စင်ကာပူ ရောက်လာကြတဲ့ မူဆလင် အတတ်ပညာရှင်တချို့ရဲ့ကလေးတွေက ဒီမှာ ကျောင်းတက်နေကြတယ်၊ သူတို့က တာဝန်ချိန်အဆုံးသတ်သွားပြီးနောက်မှာတောင် သူတို့ရဲ့ကလေးတွေကို ဒီမှာထားခဲ့ဖို့ကြံရွယ်ထားကြတယ်၊ သူတို့ကို ကျွန်တော်တို့ ကြိုဆိုတယ်၊ နောက်ထပ်အများကြီး လာကြလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်၊ ဝင်လာနေကြတဲ့ ထက်မြက်တဲ့ အိန္ဒိယသားတွေရဲ့အရေအတွက်ကြောင့် သူတို့ရဲ့ရာခိုင်နှုန်းက တက်လာနေတယ်၊ ဈေးမြေကိုလည်း ဓင်ဗျားကြည့်လေ၊ ပြည်သူသန်းတစ်ထောင်ရှိတယ်၊ ပညာတတ်တဲ့လူတွေက သန်း ၂၀၀ လောက်ရှိတယ်၊ သူတို့ကအင်္ဂလိပ်စာတတ်ကြတယ်၊ ကရစ်ကက်ကစားကြတယ်၊ အားကစားနဲ့တခြားကိစ္စတွေမှာကျွန်တော်တို့ရဲ့ကျမ်းကျင်မှုအမျိုးမျိုးကို သူတို့က ပေါင်းထည့်ပေးကြတယ်၊

ဒီမှာ အိန္ဒိယကျောင်း ၃ ကျောင်းရှိတယ်၊ နောက်ထပ် အများကြီးရှိဦးမလို့ပဲ၊ ဒါပေမဲ့ ကျွန်တော်က တော်ပြီလို့ ပြောတယ်၊ ဓင်ဗျား စင်ကာပူကျောင်းတက်ချင်တက်၊ ဒါမှမဟုတ် အိန္ဒိယကို ပြန်သွားချင်ပြန်သွား၊ ဘာကြောင့်လဲဆိုတော့ အိန္ဒိယကျောင်းမှာဆိုရင် သူတို့ PR တွေ ဖြစ်နေကြပြီး နိုင်ငံ့တာဝန်ထမ်းဆောင်တာတောင်မှ အိန္ဒိယယဉ်ကျေးမှုဘက်ကို သူတို့ ယိမ်းနေခဲ့တာကြောင့် သူတို့ကို အလွယ်တကူ စုတ်ယူလို့ မရဘူး၊

ဒါကြောင့် အမှန်ပဲ၊ ဓင်ဗျား အိန္ဒိယကျောင်းတစ်ကျောင်းမှာ အလယ်တန်းပညာသင်နှစ်တွေ ကုန်လွန်ခဲ့ရင် PR အတွက် ဓင်ဗျား အရည်အချင်းမပြည့်မီတဲ့ အထောက်အကူပြု ဥပဒေတစ်ခု ကျွန်တော်တို့လုပ်ဖို့ စဉ်းစားနေတယ်၊ ဓင်ဗျား အိန္ဒိယကို ပြန်သွားရမယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီကျောင်းတွေဆီက ဖတ်စာအုပ်တွေကအားလုံး အိန္ဒိယကို ဇောင်းပေးတားကြပြီး ပညာဝဟုသုတ အိန္ဒိယဖြစ်နေတယ်၊ စံစားချက်တွေနဲ့ အရာရာတိုင်းကလည်း ဒီလိုပဲ၊ ဒါဟာ ပြဿနာပဲ၊

Scanned by CamScanner

ဒေး - တရုတ်သတင်းစာ လျန်မင်ရိဘိုက စည်းရုံးပြုလုပ်တဲ့ မကြာခဏသးခင်က အဖြစ်အပျက်တစ်ခုမှာ ပြောင်းပြန်အခြေအ
များစွာတို့က စင်ကျားရဲ့ခေါင်းဆောင်မှုနဲ့ စင်ကာပူထဲမှာ သူတို့နေနိုင်ခဲအောင် ပြုလုပ်ပေးတဲ့ အခွင့်အလမ်းကွက်ကွက်
သူတို့ ဘယ်လောက် ကျေးဇူးတင်တဲ့အကြောင်းကို ပြောကြတယ်။ ပြီးတော့ စင်ကျားက စင်ကာပူသားများစွာကတော့
အဲဒီလိုမျိုး မခံစားရဘူးလို့ အဲဒီတုန်းက မှတ်ချက်ချခဲ့တယ်။

ဖြေ - ဒါက ပုံမှန်ပါ။ ရိုးရှင်းတဲ့ အကြောင်းရင်းကတော့ သူတို့တွေဟာ ကွဲပြားခြားနားတဲ့ အခြေခံကလာကြတာ ဖြစ်တယ်။
တရုတ်အခြေခံ၊ ဒါမှမဟုတ် အိန္ဒိယအခြေခံကလာကြတယ်။ သူတို့စင်ကာပူကိုရောက်ကြတဲ့အခါအဲဒါကရုတ်တရက်
အဆင့်မြင့်လာတယ်။ အရှေ့ရောက်နေတဲ့စင်ကာပူသားအတွက်ကတော့ ဒါဟာ အရေအတွက်တိုးပွားလာတာပါပဲ။
ဒါကြောင့် အဲဒါကို သူခံစားလို့မရဘူး။ သူ ကလေးတွေအတွက်ကတော့ ကျွန်တော်တို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ အဖြစ်
အပျက်တွေရဲ့သဘာဝလမ်းကြောင်းတစ်ခုဖြစ်တယ်လို့ သူတို့ ထင်ကြတယ်။ ဒါဟာ ကံမကောင်းလေတော့ အဲဒီလို
မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ အောင်မြင်ပြီးဖြောက်မှုအားလုံး အလျင်အမြန် ပျောက်ကွယ်သွားပြီး ကျွန်တော်တို့
အားကိုးအားထားပြုစရာ ဘာမှမကျန်တော့တဲ့ အခြေအနေတွေကို ကျွန်တော် စဉ်းစားမိတယ်။
(အမျိုးသားသီချင်း) မာဂျူလာစင်ကာပူရာကို ကျွန်တော် သီဆိုတယ်။ ကျွန်တော်တို့ကတိပြုတယ်။ ဒါပေမဲ့ ကျွန်တော်
တို့က နိုင်ငံတစ်နိုင်ငံ မဟုတ်သေးဘူး။ ကျွန်တော်တို့ ကူးပြောင်းတုန်းပဲရှိသေးတယ်။ နောက် နှစ်ပေါင်း ၁၀၀ အတွင်း
မှာ မြစ်ကောင်းဖြစ်စွာနဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ မျှော်လင့်နေကြတယ်။ အမေရိကန်က နှစ် ၂၅၀ ကြာခဲ့ပြီ၊ သူတို့ နိုင်ငံ
တစ်နိုင်ငံ အပြည့်အဝဖြစ်ပြီလို့ ကျွန်တော် မယုံကြည်ဘူး။ ဟုတ်တယ်။ သူတို့ လူမည်းနဲ့ လူဖြူတွေဟာ ဥရောပက
ဒုတိယကမ္ဘာစစ်ကို အတူတူသွားကြတယ်။ ဗီယက်နမ်စစ်ပွဲမှာ သူတို့ အတူတူစစ်တိုက်ကြတယ်။ သူတို့ပြန်လာကြ
တဲ့အခါ လူမည်းတွေက သီးခြားဘဝနဲ့ နေကြတယ်။ အခုတောင်မှ သူတို့ထဲက အများစုဟာ သီးခြားဘဝနဲ့ နေကြ
တယ်။

အလွန်ခက်ခဲတဲ့ အခြေအနေတွေအောက်ကနေ ကျွန်တော်တို့ အောင်မြင်အောင် ကြိုးစားနေကြတယ်။ အစမှာ
အပြင်းအထန် အကျိုးသက်ရောက်ရှိတဲ့ ဆုံးဖြတ်ချက်တွေ ကျွန်တော်တို့လုပ်ပြီး ပြည်သူတွေကို အတူတကွ ရော
မွှေကြတယ်။ အဲဒါကို ကျွန်တော်တို့ မလုပ်ခဲ့ရင် ကွဲပြားခြားနားတဲ့ စင်ကာပူတစ်ခုဖြစ်ပေါ်လာလိမ့်မယ်။
မလေးရားမှာ သူတို့ ကွဲပြားခြားနားတဲ့လမ်းကို လိုက်ကြတယ်။ လူမျိုးစု အသိုင်းအဝိုင်းတွေကို သူတို့ လုံးဝ ခွဲခြား
ထားကြတယ်။ တရုတ်၊ အိန္ဒိယနဲ့ မလေးတွေဟာ စီးပွားရေးဆိုင်ရာ လူမှုအဖွဲ့အစည်းရဲ့ထိပ်ပိုင်းမှာတောင် တန်း
တူရည်တူ ပြောဆိုဆက်ဆံခြင်း မပြုလုပ်ကြဘူး။ သူကို့တွေဟာ သီးသန့်ခွဲခြားထားတဲ့ အသိုင်းအဝိုင်းတွေ ဖြစ်လာ
ကြတယ်။ သူတို့ အမျိုးသားနိုင်ငံဖြစ်သလား၊ မဖြစ်ဘူး။
ကျွန်တော်တို့ အမျိုးသားနိုင်ငံ ဖြစ်သလား။ ကူးပြောင်းနေတယ်။ ကျွန်တော်တို့ ဘယ်တော့ရောက်မလဲ။ ကျွန် တော်
မပြောနိုင်ဘူး။
ခေါင်းဆောင်တစ်ယောက်ဟာ သူ့ရဲ့အောင်မြင်မှုကိုပဲ သူ စိစဉ်ဆောင်ရွက်နိုင်တယ်။ အဲဒါပြီးရင် သူ့နောရာဆက်ခံ
သူတွေရဲ့တာဝန်ပဲ။ စတာလင်သွားတော့ ကရူးရှက်က စတာလင်စနစ်တွေကို ဖျက်သိမ်းတယ်။ ကရူးရှက်သွားတော့
ဘရက်ဇနက်က ကွဲပြားခြားနားတဲ့ အခြေခံဖွဲ့စည်းပုံတစ်ခုကို စတင်ပြုလုပ်တယ်။ ဘရက်ဇနက်က အသက် ၈၀
ကျော်နောင်းပိုင်း ကွယ်လွန်ခါနီးလောက်မှာ အင်ဒရိုပေါ့ကို လွှဲပြောင်းပေးတယ်။ ချယ်ညင်ကို ကွယ်လွန်တဲ့အခါ

Scanned by CamScanner

ဂေါဘာချက်ဝင်လာပြီး ဆိုဗီယက်ယူနီယံကို ဖျက်သိမ်းလိုက်တယ်။ သူတို့က အမျိုးသားနိုင်ငံမဟုတ်ဘူး၊ သူတို့က အင်ပါယာဖြစ်တယ်။

တရုတ်တွေက အမျိုးသားနိုင်ငံလား။ ဟုတ်တယ်။ ဟန်က လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းရှိတယ်။ သူတို့မှာ နှစ် ၅၀၀၀ သမိုင်းရှိတယ်။ ဒါပေမဲ့ ဇင်ဂျန်နဲ့ တီဘက်ကရော ဘယ်လိုလဲ။ သူတို့က အဲဒီဒေသတွေကို ဟန်တွေနဲ့ပေးနေတဲ့ နိုင်ငံတစ်ခု ပြုလုပ်ဖို့ ကြိုးစားနေကြတယ်။ အမျိုးအမည်စုံပါဝင်တဲ့ နိုင်ငံတိုင်း ဒီပြဿနာကို ရင်ဆိုင်ကြရတယ်။ နိုင်ငံဖြစ်ခြင်းဆိုတာ လူတွေပြုလုပ်ထားတဲ့ ဖန်တီးမှုတစ်ခုပါ။ ဒါဟာ ကွဲပြားခြားနားတဲ့ လူမျိုးတွေရဲ့ပြည်သူတွေကို သူတို့ကိုအုပ်ချုပ်တဲ့ တိုင်းပြည်တွေအဖြစ် ခင်ဗျား ဘယ်လိုခွဲခြားသလဲဆိုတဲ့ လူတွေပြုလုပ်တဲ့ ပစ္စည်းတစ်ခုပါ။ မော်ဇ ရှားဟာ အခုရှိနေတဲ့အတိုင်း အပြဲတမ်း တည်ရှိနေမလား။ ကျွန်တော်မသိဘူး။

ငမး - ဝင်ရောက်အခြေချခြင်းရဲ့ ကွဲပြားခြားနားတဲ့ အသွင်အပြင်ဟာ တခြားနိုင်ငံတွေကို ထွက်ခွာသွားခြင်း ဖြစ်တယ်၊ ဒါဟာ ခင်ဗျား ဝန်ကြီးချုပ်ဖြစ်တဲ့အခါက ခင်ဗျားကိုင်တွယ်ရတဲ့ ပြဿနာတစ်ခုဖြစ်သလို ပြဿနာတွေရဲ့ ဇာစ်မြစ် ဆက်လက်ဖြစ်နေတဲ့အသွင်အပြင်လည်းဖြစ်တယ်။ အထူးသဖြင့် ဂလိဘယ်လိုက်ဇေးရှင်း ပိုမိုဖြစ်ပေါ်နေတဲ့ ကမ္ဘာမှာ ဒီဟာ ဖြစ်နေတာကို ခင်ဗျား ဘယ်လိုမြင်သလဲ။

ငဖြ - ဒါဟာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခု ဖြစ်နေတာကြောင့် စီးထွက်တာကို ကျွန်တော်တို့တားဆီးနိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကျောင်းသားတွေ နိုင်ငံခြားကိုသွားကြတဲ့အခါ သူတို့ကို ဘာက စင်ကာပူမှာ အမြစ်တွယ်နေအောင်လုပ်မလဲ။ နိုင်ငံခြားမှာ သူတို့ရနိုင်တဲ့ဟာနဲ့ တူညီတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေပေါ့။ ဒါဆိုရင် သူတို့ ပြန်လာကြလိမ့်မယ်။

သူတို့ကို ဘာက ဟန့်တားမလဲ။ အိမ်တွေ၊ ကားတွေရဲ့ တန်ဘိုးလား။ အမေရိကန်မှာတော့ အိမ်က ဈေးပေါတယ်၊ ကားက ဈေးပေါတယ်။ ဒါပေမဲ့ အကောင်အထည်မမြင်ရတဲ့ အတားအဆီးတွေရှိတယ်။ ခင်ဗျား ဆန်းကြယ်တဲ့ အသိုင်းအဝိုင်းထဲကို မရောက်ဘူး။ ခင်ဗျားကို ဘယ်တော့မှ လက်ခံကြမှာမဟုတ်ဘူး။ ဒါက လူဖြူနိုင်ငံ၊ သမ္မတ ဘရက်အိုဘားမားလုပ်နိုင်ကောင်းလုပ်နိုင်မယ်။ သူက သာမန်ထက်တူးခြားတဲ့ အခြေအနေတွေမှာ သာမန်ထက် ထူးကဲတဲ့ လူတစ်ယောက် ဖြစ်နေတယ်။ ဒါပေမဲ့ လူမှုရေးအရဆိုရင် လူမည်းတွေဟာ ယေဘုယျအားဖြင့် လူဖြူတွေနဲ့ မရောနှောဘူး။ ဒါကို ခင်ဗျား ချိန်ဆရမယ်။

အမေရိကန်ပြည်ထောင်စုက ထက်မြက်တဲ့ ကျွန်တော်တို့ရဲ့ကျောင်းသားတွေကို ဘွဲ့မရခင်ကတည်းက အလုပ်တွေ ကမ်းလှမ်းကြတယ်။ ကျောင်းသားတွေက...

"ဘိုကေ...ငါ ဝင်ကာပူကိုမပြန်ခင် ဒီအတွေ့အကြုံကို ယူလိုက်ဦးမယ်"

လို့ စဉ်းစားကြတယ်။ ကျွန်တော်တို့မှာ စိတ်လှုပ်ရှားစရာကောင်းတဲ့ ငွေကြေးဝင်ဟိုတစ်ခုမရှိရင် သူတို့ ပြန်လာကြမလား၊ ပြန်လာမယ်လို့ ကျွန်တော် မထင်ဘူး။ ကျွန်တော်တို့မှာရှိရင် သူတို့ရဲ့ကုမ္ပဏီတွေက သူတို့ကို ဒီနေရာဆီ ပြန်စေလွှတ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဒီနေရာမှာ ကွန်ယက်လုပ်ရင် ပိုကောင်းမှာကြောင့်ဖြစ်တယ်။ [illegible] ဒီမှာရေးသွက်ရောက်အင်အားစနစ်နဲ့ အလုပ်အကိုင် အခွင့်အလမ်း

Scanned by CamScanner

သင္မွာရွိမွ၊ သံယောဇဉ်ရစ်တွယ်မှ၊ တိုင်းပြည်အမှုထမ်းဆောင်ရာမှာ ရဲဘော်ရဲဘက်စိတ်ရှိမှ၊ ကျောင်းမှာ ရဲဘော်အဖွဲ့အစည်းတွေ ဒီမှာမရှိရင် ပင်ကိုအရည်အချင်းရှိသူတွေ ပြန်လာကြမှာမဟုတ်ဘူး၊ နိုင်ငံခြားမှာ စီးပွားရေးကျဆင်းမှုဖြစ်ရင် တိုင်းပြည်ထဲက ထွက်ခွာမှု ကျဆင်းသွားလိမ့်မယ်၊

မေး - ကျွန်တော်တို့ရဲ့ လူမျိုးပေါင်းစုံစနစ်အပေါ် ပြောင်းလွှဲအခြေခံ လူတွေဆီက ခြိမ်းခြောက်မှုတွေကို ခင်ဗျား တွေ့မြင်သလား၊ ဥပမာအားဖြင့် သူတို့ရဲ့ဇာတ်အတွန်းအစား အယူသည်းမှုကို ယူဆောင်လာကြတဲ့ အိန္ဒိယနိုင်ငံသားတွေ နဲ့ အသားမည်းတဲ့လူတွေကို ရွံရှာကြတဲ့ တရုတ်နိုင်ငံသားတွေဆီက ခြိမ်းခြောက်မှုတွေပေါ့၊

ဖြေ - ကျွန်တော် အဲဒီလိုမထင်ဘူး၊ ဒီမှာနေချင်ကြတဲ့ လူတွေက သူတို့ လူနည်းစုဖြစ်တယ်ဆိုတာ သိကြတယ်၊ ဟိန္ဒူဘာသာစကားက သူတို့ကို ဘယ်ကိုမှရောက်အောင် လုပ်မပေးဘူးဆိုတာ အိန္ဒိယသားတွေ သိကြတယ်၊ သူတို့အင်္ဂလိပ်ဘာတတ်ရတယ်၊ ဟိန္ဒူစကို သူတို့သင်ထားနိုင်တယ်၊ ဒါက ခံစားချက်ဆိုင်ရာအကြောင်းရင်းတွေကြောင့်ပါ၊ သူတို့ အိန္ဒိယကိုပြန်ပြီး စီးပွားရေးလုပ်နိုင်တယ်၊ ကောင်းတယ်၊ ဒါပေမဲ့ ခင်ဗျား အင်္ဂလိပ်စကားနဲ့ အိန္ဒိယမှာ စီးပွားရေးလုပ်နိုင်တယ်၊ သူတို့ရဲ့ကလေးတွေကို ဒီနေရာမှာ ဝင်ဆံ့အောင် သူတို့ အသေအချာလုပ်ရမယ်၊ နို့မဟုတ်ရင် သူတို့အသက်မွေးဝမ်းကျောင်းအလုပ် အောင်မြင်မှာမဟုတ်ဘူး၊

ဇာတ်အတန်းအစားက ကွယ်ပျောက်ဖို့အချိန်ပဲလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ပြောင်းလွှဲအခြေချသူ လူသစ်တွေက ဇာတ်အတန်းအစား အသိစိတ်ရှိနေကြဆဲ ဖြစ်နေတာကြောင့်ပါ၊ ကျောင်းတွေမှာ ကြီးပြင်းနေကြတဲ့ ဒုတိယမျိုးဆက်က အိမ်ထောင်ပြုကြတဲ့အခါ သူတို့မိဘတွေက "မင်းအတွက် အိန္ဒိယကငါတို့ဇနီးတစ်ယောက်ရှာပေးမယ်" လို့ ပြောတာနဲ့ ရင်ဆိုင်ကြရတယ်၊ ဒါပေမဲ့ ဒါက နောက်ဆုံးကျရင် ပျောက်ကွယ်သွားလိမ့်မယ်၊ ဘာကြောင့်လဲ၊ အိန္ဒိယက ဇနီးတစ်ယောက်ဟာ လိုက်ဖက်လျော်ညီဖြစ်မှာမဟုတ်လို့ပေါ့၊ သားက ဒီမှာ အမျိုးသမီးတစ်ယောက်တွေ့ထားနေပြီး သူ ငြင်းဆန်လိမ့်မယ်၊ တရုတ်ဆရာဝန်ဇနီးတွေကို လက်ထပ်ကြတဲ့ အိန္ဒိယဆရာဝန်တွေ အများကြီးရှိတာ ခင်ဗျား တွေ့လိမ့်မယ်၊

တရုတ်တွေဘက်ကတော့ အခက်အခဲပိုနည်းပါးတာကို ကျွန်တော်မြင်တယ်၊ သူတို့မှာ ဇာတ်အတန်းအစား မရှိဘူး၊ သူတို့က ကွဲပြားခြားနားတဲ့ လေသံနဲ့ စကားပြောကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ကလေးတွေက ကျောင်းတက်ကြရတာကြောင့် စင်ကာပူသားတွေလို စကားပြောကြတော့မယ်၊ အမှန်ပဲ၊ သူတို့ရဲ့ဇလသံဟာ ကျွန်တော်တို့ရဲ့ဇလသံလို တိုးတက် လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်၊ တရုတ်စကားကို သူတို့ ပိုပြီး မှန်မှန်ကန်ကန်ပြောကြတယ်၊ ကျွန်တော်တို့က နန်ရန်လေသံနဲ့ ပြောနေကြတယ်၊

မေး - လူအဖွဲ့အစည်း ပေါင်းစည်းမှုကို ဝန်ကျင်ထပ် ခြိမ်းခြောက်နေတဲ့အရာက ကြွယ်ဝချမ်းသာတဲ့ နိုင်ငံခြားသားတွေက ကြွယ်ဝချမ်းသာမှုကို ဝါကြွားပြသတဲ့အခါမှာ ဖြစ်ပေါ်လာတယ်၊ အဲဒီ ကြွားဝါပြသမှုဟာ စင်ကာပူသားတွေ အသားကျနေတဲ့ အကျင့်စရိုက်နဲ့ ဆန့်ကျင်နေတယ်၊

ဖြေ - ကြွယ်ဝချမ်းသာမှုကို ကြွားဝါပြသတာဟာ အများအားဖြင့် အိန္ဒိယအမျိုးသမီးတွေမှာ ဖြစ်တတ်တယ်၊ ခင်ဗျားမှာ ကြွယ်ဝချမ်းသာမှုရှိရင် အဲဒါကို ခင်ဗျား ဝတ်ဆင်ပြချင်တယ်၊ ဒါက ခင်ဗျားရဲ့အလုပ်ပါ၊ အဲဒါကြောင့် ကျွန်တော်တို့

Scanned by CamScanner

မြည်သူတွေ မနာလိုဖြစ်ကြသလား။ အဲဒီလို ဦးဆုပ်မြဿမ္မာတွေကို Tatler လို မဂ္ဂဇင်းတွေမှာ စင်များတွေ မြင်နိုင်ဖို့၊ ဟုတ်တယ်မဟုတ်လား၊ အထက်တန်းစား လူ့အဖွဲ့အစည်း ယဉ်ကျေးမှုတစ်ခုတည်ထောင်တာကို ကျွန်တော် မထောက်ခံဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ဒါကို လွှတ်ထားဖို့ ဆုံးဖြတ်ထားကြတယ်၊ လူ့အဖွဲ့အစည်းကိုင်းမှာ ဒီလို ထိပ်ပိုင်းက ပျောက်တဲ့ ပျောက်ကြားတွေရှိတယ်၊ သူတို့က လူ့အဖွဲ့အစည်းထဲမှာ ဖက်ရှင်ရေးဆိုင်တွေ၊ ပါတီ*ကို တဲ့ လူတွေ ဖြစ်ချင်ကြတယ်၊ သူတို့ကို ထားလိုက်ပါ၊ သူတို့က လူနည်းစုပါ၊ သူတို့ စံမချမှတ်ပါဘူး၊ ဝန်ကြီးတွေ၊ ပါလီမန်အမတ်တွေနဲ့ အမှုဆောင်အရာရှိတွေကသဲ စံချမှတ်ကြတာပါ၊

ဒီတော့ ကမ်းနားပိုင်းက အိမ်တွေနဲ့ F1 တွေကြောင့် သူတို့ ဝင်လာကြလိမ့်မယ်၊ သူတို့ကို ကျွန်တော်တို့ ဆွဲဆောင်နေကြတယ်၊ အွန်ဘင်ဆင်က ခရီးအတော်သွားကြကဲ့ ချမ်းသူသူတွေကို F1 ဆီကို ပိုမိုလာကြအောင် ကြိုးစားနေတယ်၊

တစ်စည်းတစ်လုံးတည်းရှိတဲ့ အပန်းဖြေစခန်းတွေရှိတာကြောင့် ညီလာခံတွေ၊ ပြပွဲကြီးတွေ ကျွန်တော်တို့ ပိုပြီး ရကြလိမ့်မယ်၊ ချမ်းသာတဲ့အိန္ဒိယသားတွေ၊ တရုတ်မြည်သားတွေ လေယာဉ်စီးဝင်လာကြလိမ့်မယ်၊ ပြပွဲကြီးတွေကို ကက်ဆီနိုတွေက ငွေကြေး ထောက်ပံ့နေကြတယ်၊

ဒါကြောင့် ပိုပိုချမ်းသာတဲ့လူတွေကို စင်ဂျား ဒီဇနရာကို လာခိုင်းတော့မယ်၊ ဒါ အဆင်ပြေပါတယ်၊ သူတို့တွေကို စင်ဂျား ရုပ်မြင်သံကြားပေါ်မှာ တွေ့မြင်ရမယ်၊ တကယ့်ဘဝမှာလည်း တွေ့မြင်ရမယ်၊ စင်ဂျားအဲဒါကို လိုချင်သလား၊ ကြိုးစားပါ၊ စင်ဂျားလည်း ရတနာတွေ ဝယ်နိုင်တာပဲ၊ ဒါပေမဲ့ စင်ကာပူသားတွေက သူတို့ရဲ့ကြွယ်ဝချမ်းသာမှုကိုပြသဖို့ ရတနာတွေ တစ်ပုံတစ်ခေါင်းကြီး ဝတ်ချင်ကြလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး၊ ဒါကအရသာမရှိပါဘူး၊

စင်ကာပူသာဖြစ်ရခြင်း

ဗြိတိသျှလက်အောက်ခံနိုင်ငံသားတစ်ယောက်အဖြစ် God Save the Queen သီချင်းကို သီဆိုရင်း လိုက်ပြေးခဲ့ရသည်၊ ဒုတိယကမ္ဘာစစ်တွင် မလာရာ (မလေးရှား)ကို ဂျပန်များ သိမ်းပိုက်ထားစဉ် ကာလအတွင်း၌ ဂျပန်အလံကို အလေးပြုရန် သူ သင်ယူခဲ့ရသည်၊ အရွယ်ရောက်သူ လူတစ်ယောက်အဖြစ် မာလာရာကိုလိုနီဆန့်ကျင်ရေး ရုန်းကန်တိုက်ခိုက်ပွဲတွင် သူ အချက်အချာကျခဲ့သည်၊

စင်ကာပူမှ နေ့ရက်တွင် ကြေးပြင်းနေသောအခါ သူက ရှဲလ်ရေနံကုမ္ပဏီအတွက် သူ့အဖေအလုပ်လုပ်နေသော နေရာဖြစ်သည့် မလေးရှားကျွန်းဆွယ်သို့ ခရီးသွားလေ့ရှိသည်၊ "ခင်ဗျား ကားဖြတ်မောင်းသွားရုံပဲ၊ အကောက်ခွန်ဌာနလည်း မရှိဘူး၊ လူဝင်မှုကြီးကြပ်ရေးဌာနလည်း မရှိဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် မလေးရှားသားတစ်ယောက်အဖြစ် တွေးမိတယ်"

မလေးရှားဖက်ဒရေးရှင်းမှ စင်ကာပူထွက်ခွာလာခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် လီနှင့်အတူ လွတ်လပ်သောနိုင်ငံထူထောင်သူ ဖြစ်လာသည်၊

ဤသို့ လေးလေးနက်နက် စဉ်းစားကြည့်ဖို့ လုံ့ဆော်နေသည်၊ မည်သည့် အခြေအနေ၌ သူ့ကိုယ်သူ စင်ကာပူသား တစ်ယောက်အဖြစ် သူ စဉ်းစားခဲ့သလဲ၊ လီက စကားတုံ့ဆိုင်းနေပြီးနောက် သဘောကျသလိုဖြင့် တုံ့ပြန်ပြောသည်၊

Scanned by CamScanner

"စင်ကာပူလို့ခေါ်တဲ့ ဒီရှိနေတဲ့ဟာကို ကျွန်တော် မတော်တဆ ဝန်တီးခဲ့ပြီး အဲဒါက စင်ကာပူသားရလဲ ထွက်လာ
တယ်"

သို့သော် စင်ကာပူက မတော်တဆအားဖြင့် နိုင်ငံဖြစ်လာလျှင် စင်ကာပူသားဖြစ်ခြင်းက ဖြေမှောင်စိမ်ခြင်းကိုမူ ပြုနိုင်သည်၊ ဒီတော့ မြင်သည့်အတိုင်း လူများက တိုင်းပြည်တစ်ပြည်တွင် နေတိုင်းရန်၊ သို့မဟုတ် ဝိပိအိမ်တွင် အမွှာအလယ်ဖောက်များ ရှိသောအခါ အိပ်ပြန်ရန် ရွေးချယ်ကြသည်၊

စင်ကာပူသားတစ်ယောက်ဖြစ်အောင် ဘာကပြုလုပ်ကြောင်းလဲကို မေးကြည့်ပါ၊ သူက ကျွန်ုပ်ဘဝ ရှင်းရှင်းလင်းလင်း ရှိသည်၊ စင်ကာပူသားသည် လူမျိုး၊ ဘာသာစကားနှင့် ဘာသာရေးကို အလေးမမူဘဲ အခြားလူများကို နိုင်ငံထဲသို့ ဝင်ရန် လက်ခံသည်၊

ငမး - အများနဲ့ဆိုင်တဲ့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဒါမှမဟုတ် ပထဝီအနေအထား ကျွန်တော်တို့မှာမရှိတဲ့ စင်ကာပူမှာ ယေရွယ်တဲ့သမိုင်းကို စဉ်းစားကြည့်တဲ့အခါ စင်ကာပူကို ကူးပြောင်းနေတိုင်တဲ့ နိုင်ငံအဖြစ် ခင်ဗျား တော်ပြခဲ့တယ်၊ စင်ကာပူကို နိုင်ငံတစ်ခုအဖြစ် ခင်ဗျား မစဉ်းစားခင် အဲဒါဟာ ဘာနဲ့တူရမလဲ၊

ငဖြ - ခင်ဗျားရဲ့တိုင်းပြည်အတွက် ခင်ဗျား သေဖို့ပြင်ဆင်နေတဲ့၊ တစ်ယောက်ကိုတစ်ယောက်အတွက် ခင်ဗျား သေဖို့ ပြင်ဆင်နေတဲ့ အတွေ့အသိ၊ ဘယ်သူဘယ်ဝါဆိုတဲ့ ဟုတ်မှန်ခြင်းအသိ ရှိရမယ်၊ တရုတ်တွေကို ကြည့်ပါ၊ သူတို့ အကြိမ်ပေါင်း ဘယ်လောက် ကျူးကျော်တိုက်ခိုက်ခံကြရသလဲ၊ ဒါပေမဲ့ ကျူးကျော်တိုက်ခိုက်သူတွေ ဆုတ်နှဲ့ အားနည်းလာတဲ့အခါ သူတို့ကိုယ်သူတို့ပြန်လည်ဖန်တီးကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တူညီတဲ့ယဉ်ကျေးမှုနဲ့ တူညီတဲ့ ဟန်လှမျိုးတွေဆိုတဲ့ ဒီပေါင်းစည်းမှုရှိနေတာကြောင့် ဖြစ်တယ်၊

ကျွန်တော်တို့က တူညီတဲ့ ဘာသာစကားနဲ့ တူညီတဲ့ ယဉ်ကျေးမှုဖြစ်သလား၊ မဖြစ်ဘူး၊ အနောက်အိန္ဒိယကျွန်းစုတွေ၊ ဒါမှမဟုတ် အာဖရိကန်တိုင်းပြည်တချို့လို နိုင်ငံဖြားဘာသာစကားဖြစ်တဲ့ ဘာသာစကားတစ်ခုကို ကျွန်တော်တို့ ကျင့်သုံးတယ်၊ အဲဒီတိုင်းပြည်တွေက အင်္ဂလိပ်စာကို ကျင့်သုံးကြတယ်၊ ဒါပေမဲ့ သူတို့က တိုင်းပြည်တစ်ပြည် မဟုတ်ကြဘူး၊ ကျွန်တော်တို့ ဘယ်သူဘယ်ဝါဆိုတဲ့ ဟုတ်မှန်ခြင်းအသိအားလုံးကို ကျွန်တော်တို့ ဆုံးရှုံးတယ်၊ ခင်ဗျား ၄၅ နှစ်အတွင်းမှာ နိုင်ငံတစ်နိုင်ငံ မဖန်တီးဘူး၊

ငမး - စင်ကာပူကို နိုင်ငံခြားသားတွေ အလုံးအရင်းဝင်လာတော့၊ ကျွန်တော်တို့ တည်ဆောက်ဖို့ကြိုးစားနေတဲ့ အမျိုးသား အရည်အချင်းလက္ခဏာကို ပိုမိုအားပျော့စေလိမ့်မယ်ဆိုတဲ့ စိုးရိမ်မှုပန်းမှု ရှိသလား၊

ငဖြ - ရှိကောင်းရှိနိုင်တယ်၊ ဒါပေမဲ့ ရွေးချယ်စရာဘာရှိလဲ၊ စင်ကာပူသားတွေကို ကျွန်တော်ပြောပြောနေတယ်၊ အနည်းဆုံး ကလေးနှစ်ယောက် ယူကြပါ၊ ဖြစ်နိုင်ရင် ၃ ယောက်ယူကြပါ၊ သူတို့ မလုပ်ကြဘူး၊ ဘာရွေးရမလဲ၊

ငမး - စင်ကာပူသားဖြစ်ရမှုနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ စိတ်ခံစားချက်တွေ ရှိသလား၊

ငဖြ - ပတ်ကို ကျွန်တော်သွားပြီး အဲဒီနေရာမှာ အခြေချခဲ့ကြတဲ့ စင်ကာပူသားတွေကို တွေ့ဆုံတယ်၊ သူတို့က စင်ကာပူကို နှစ်သက်စွဲလမ်းစွာ မှတ်မိကြတယ်၊ အဂည်းအဝေးကို စည်းရုံးလှုပ်ဆောင်တဲ့လူက သူ့သားရဲ့နိုင်ငံကူးလက်မှတ်ကို

Scanned by CamScanner

အာမခံအခြေခံ သိမ်းဆည်းထားတယ်၊ သားက ပတ်တက္ကသိုလ်က ဘွဲ့ရခဲ့ပြီး ကုမ္ပဏီကြီးတစ်ခုအတွက် ဟာရင်းနှံ့
အခြေခံ အလုပ်လုပ်နေတယ်၊ ကျွန်တော်က...
"ခင်ဗျား ဘာကြောင့် စင်ကာပူနိုင်ငံသား ဆက်လက်ယူထားတာလဲ"
လို့ မေးတယ်၊ သူက...
"အင်း...တိုင်းပြည်တာဝန်ထမ်းဆောင်ဖို့ သူပြန်သွားတယ်၊ ဒီနေရာမှာ စီးပွားရေးကျဆင်းရင် သူ အစားကိုးတန်ခံ
ရဖို့ အသေအချာလုပ်ချင်တယ်"
လို့ပြောတယ်၊
သူပြန်လာပြီး တိုင်းပြည်တာဝန်ထမ်းဆောင်တယ်၊ ဒါပေမဲ့ သူ့မိသားစုက ဟိုနေရာမှာရှိနေတယ်၊ သြစတြေးလျ
အမျိုးသမီးတစ်ယောက်ကို သူလက်ထပ်လို့ သူတို့ အဲဒီနေရာမှာ အလုပ်မရှိခဲ့ရင် သူ့ရဲ့သြစတြေးလျဝန်းကို ဒီကို
ခေါ်လာလိုပ်မယ်၊ ရာသီဥတုပြောင်းလဲလို့ ပတ်ခြောက်ခမ်းလာတယ်ဆိုရင် သူတို့ပြန်လာဖို့ ဆုံးဖြတ်ကောင်း ဆုံးဖြတ်
နိုင်တယ်၊ ကျွန်တော်တို့ ကူးပြောင်းခြင်းကမ္ဘာမှာ ရှိနေကြတယ်၊ ပုံစံဟောင်းမရှိတော့ဘူး၊

မေး - **စင်ကာပူသားဆိုတာ ဘယ်လိုဖွဲ့စည်းတည်ဆောက်သလဲ၊ လူအုပ်ထဲက စင်ကာပူသားတစ်ယောက်ကို ခင်ဗျား
ဘယ်လိုရွေးထုတ်မလဲ၊**

ဖြေ - စရိုက်လက္ခဏာက ဘာကိုဆိုလိုတယ်ဆိုတာနဲ့ ပတ်သက်လို့ ကျယ်ပြန့်တဲ့ အမြင်တစ်ခု ခင်ဗျားကို ကျွန်တော်
ပြောပါရစေ၊ စရိုက်လက္ခဏာက အခြေအနေတွေနဲ့အတူ ပြောင်းလဲတယ်၊ ဒါကြောင့် အင်ပါယာခေတ်ကာလ
အတွင်းက ပြိတိသျှနိုင်ငံသားတွေဖြစ်တဲ့ ဝေးလံ၊ အိုင်ရစ်နဲ့ စကော့တွေအားလုံးဟာ သူတို့ကိုယ် သူတို့ ပြိတိ သူအဖြစ်
သတ်မှတ်ကြတယ်၊ အဲဒီနောက် ပြိတိသျှအင်ပါယာ ဖျက်သိမ်းတဲ့အခါ သူတို့က...
"ငါက အိုင်းရစ်၊ ငါက စကော့၊ ငါသီးသန့်လွတ်တော်လိုချင်တယ်၊ အဘာဒင်ကမ်းလွန်က ရေနံတွေဟာ ငါတို့ပိုင်တယ်"
လို့ ပြောကြတယ်၊
ဒီအခါ လေဘာအစိုးရက သူတို့ကို ဒေသဆိုင်ရာလွှတ်တော်တွေ ဖွင့်ပြုရတယ်၊ ဒါက ခွဲခြားမှုကို ပိုပြီး လေးနက်
စေတယ်၊ ဒါကြောင့် အခုစကော့တလန်အတွက် လွတ်လပ်ရေးကိုထောက်ပံ့တဲ့ ပါတီတွေ သူတို့မှာရှိနေကြပြီး လိုက်
လက္ခဏာ ပြောင်းသွားတယ်၊ မလေးရှားတစ်ယောက်ရဲ့သလားလို့ ခင်ဗျား ကျွန်တော့်ကိုမေးရင် ရှိမယ်လို့ ကျွန်တော်
မထင်ဘူး၊ မလေးရှားမလေးရှိတယ်၊ မလေးရှားတရုတ်ရှိတယ်၊ မလေးရှားအိန္ဒိယရှိတယ်၊
စင်ကာပူမှာ ပြောင်းလဲနေတဲ့ အခြေအနေတွေနဲ့အတူ စင်ကာပူသားတစ်ယောက်ကို ဘာက စရိုက်လက္ခဏာ သတ်
မှတ်သလဲ၊ လူမျိုးပေါင်းစုံစနစ်ကို လက်ခံခြင်းရယ်၊ ကွဲပြားခြားနားတဲ့ လူမျိုးတွေ၊ ဘာသာစကားတွေ၊ ယဉ်ကျေးမှုတွေ
ဘာသာရေးတွေကို သည်းခံခြင်းရယ်၊ ယှဉ်ပြိုင်မှုအတွက် ညီမျှတဲ့ အခြေခံတစ်ခုရယ်ရှိတယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့
အိမ်နီးချင်းအားလုံးထက် ပိုပြီးကောင်းတဲ့ အရာဖြစ်တယ်၊
အင်ဒိုနီးရှားတွေက တရုတ်တွေကို သူတို့ရဲ့နိုင်ငံသားတွေအဖြစ် ဆယ်စုနှစ်များစွာကြာအောင် မစဉ်းစားခဲ့ကြဘူး
တရုတ်တွေဟာ သူတို့ရဲ့နာမည်တွေကို ပရီဘူမိနာမည်တွေအဖြစ် ပြောင်းလဲခဲ့ရတယ်၊ ပြီးတော့ သူတို့ကို လက်
မခံကြသေးဘူး၊ တရုတ်မြန်မာနိုင်ငံသားတွေအဖြစ် ပြောင်းလဲခဲ့ရတယ်၊

Scanned by CamScanner

ခဲ့ ၁၂ ရာခိုင်နှုန်းပဲရတာကို အမှတ်ရပါ။ အင်ဒိုနီးရှားစရိုက်လက္ခဏာတစ်ခုရှိသလား။ ရှိတယ်။သူတို့အားလုံး အခု ဘာဟာဆာအင်ဒိုနီးရှားစကားကိုပြောကြတယ်။တခြားဘာရှိသလဲ။သူတို့ဟာတူညီတဲ့ကာကွယ်ရေးစစ်တပ်ဖြစ်တဲ့ အုပ်ချုပ်ရေးအဖွဲ့တစ်ခုကို ပိုင်ဆိုင်ကြတယ်။ နယူးဂိနီမှာ ခင်ဗျား လူနည်းစုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြားနေရာမှာ လူနည်းစုပဲဖြစ်ဖြစ် ခင်ဗျားဟာ အင်ဒိုနီးရှားရဲ့အစိတ်အပိုင်းဖြစ်ပြီး ခွဲထွက်မသွားနိုင်ဘူး။ ဒါကြောင့်အဲဒါကပြုလုပ်ခြင်း စရိုက်လက္ခဏာတစ်ခုဖြစ်တယ်။

သက်တမ်းကြီးရင့်တဲ့ နိုင်ငံတွေဖြစ်ကြတဲ့ ဂျပန်တို့၊ တရုတ်တို့ကျတော့ သူတို့ကိုယ်သူတို့ တည်ထောင်ကြရတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ရိုးရှင်းတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်က လူမျိုးတစ်ခု၊ ယဉ်ကျေးမှုတစ်ခု၊ ဘာသာရေးတစ်ခု၊ ပြည်သူ တစ်ခုဖြစ်တယ်။ အဲဒီဂုဏ်အင်္ဂါတွေရှိတဲ့တိုင်းပြည်တွေက ဘယ်တိုင်းပြည်တွေလဲ၊ ဒီနေ့ဂျပန်ကိုကျွန်တော်ပြောမယ်။ ကုန်းတွင်း ပိုင်းတရုတ်ကို ပြောမယ်။ ကျဲပြားခြားနားသွားတဲ့ ကမ်းရိုးတန်းတရုတ်ကို မပြောဘူး။ ပြီးတော့ စစ်မတိုင်မီ က ဂျာမနီကိုပြောမယ်။ ဂျာမနီမှာ ဂျာမန်ကလွဲလို့ တခြား ဘယ်သူ့ကိုမှ လက်မခံဘူး။ ဒါပေမဲ့ ဒီနေ့ ဂျာမန်တွေဟာ တူရကီးပြည်သားတွေကို လက်ခံရတယ်။ တူရကီဂျာမန်တွေကို တန်းတူရည်တူမပေါင်းစပ်ပေမဲ့ သူတို့ကို နိုင်ငံ သားပေးကြရတယ်။

ဆွီဒင်ကတော့ ဒုက္ခသည်တွေဖြစ်ကြတဲ့ ဆိုမာလီ၊ သီရိလင်္ကာ၊ တမီးလ်နဲ့ တခြားများစွာတို့ကို လက်ခံရတယ်။ သူတို့ ဆွီဒင်တွေ ဖြစ်လာကြမလား။ အဲဒီလိုဖြစ်ဖို့ မျိုးဆက်ပေါင်းများစွာ ကြာလိမ့်မယ်။ သူတို့ကို ဆွီဒင်တွေအဖြစ် လက်ခံ ကြမလား။ ဥပဒေအရတော့ လက်ခံတယ်။ အလုပ်လက်မဲ့အကျိုးကျေးဇူးဖြစ်တဲ့ သက်သာချောင်ချိရေးထောက်ပံ့မှု ကို သူတို့ ခံစားခွင့်ရှိတယ်။ ဒါပေမဲ့ သူတို့ဟာ အတွင်းပိုင်း အသိုင်းအဝိုင်းရဲ့အပြင်ဘက်မှာရှိတယ်။ ကျွန်တော်တို့ကို တခြားသူတွေနဲ့ ကွဲပြားခြားနားအောင်ပြုလုပ်မဲ့ ကျွန်တော့်ရဲ့စင်ကာပူသား အဓိပ္ပာယ်ဖွင့်ဆိုချက် ကတော့ ကျွန်တော်တို့နဲ့ ပူးပေါင်းတဲ့ မည်သူမဆို ကျွန်တော်တို့ရဲ့အစိတ်အပိုင်းဖြစ်တယ်ဆိုတာပါပဲ။ ဒါဟာ အမေ ရိကန် အယူအဆ သဘောတရားပဲ။ ခင်ဗျားရဲ့နာမည်ကို ခင်ဗျား ထားနိုင်တယ်။ ဘရင်ဇင်ဂက်၊ ဘာကူစကိုနီ၊ ဘာ နာမည်ပဲဖြစ်ဖြစ်ပေါ့။ ခင်ဗျား လာပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းတယ်။ ခင်ဗျား အမေရိကန်ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော် တို့ အရည်အချင်း လိုတယ်။ သူတို့ကို ကျွန်တော်တို့ လက်ခံတယ်။ ဒါဟာ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုနေတဲ့ ဂုဏ် အင်္ဂါဖြစ်ရမယ်။

ကျွန်တော်တို့မှာ ဒီဂုဏ်အင်္ဂါမရှိရင် ကျွန်တော်တို့နဲ့တူတဲ့ လူတွေကိုပဲ ကျွန်တော်တို့ ရကြလိမ့်မယ်။ တရုတ်ပြည် က တရုတ်တွေကလည်း ကျွန်တော်တို့နဲ့တူတယ်။ အိန္ဒိယပြည်က အိန္ဒိယတွေကလည်း ကျွန်တော်တို့နဲ့တူတယ်။ ဟုတ်တယ်မဟုတ်လား။ မလေးရှားက မလေးတွေကတော့ အခု ကျွန်တော်တို့နဲ့ ကွဲပြားခြားနားနေကြပြီ။ အချိန် ကုန်ရင်တော့တရုတ်ပြည်၊ အိန္ဒိယပြည်၊ဒါမှမဟုတ်တခြားနေရာကလူတွေဒီကိုလာကြပြီး သူတို့ပြောင်းလဲကြလိမ့်မယ်။ ဒါဟာ အဓိပ္ပာယ်သတ်မှတ်တဲ့ ဂုဏ်အင်္ဂါပဲ။ အင်္ဂလိပ်စာဟာ ကျွန်တော်တို့ရဲ့အလုပ်လုပ်တဲ့ ဘာသာစကားဖြစ်လိမ့် မယ်။ ခင်ဗျားရဲ့ပိခင်ဘာသာစကားကို ခင်ဗျား သိမ်းထားတယ်။ အဲဒါက ခင်ဗျားရဲ့အင်္ဂလိပ်လောက် ကောင်းချင်မှ ကောင်းလိမ့်မယ်။ ဒါပေမဲ့ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ဒါမှမဟုတ် အင်ဒိုနီးရှား တစ်ခုခုနဲ့ ခင်ဗျား စီးပွားရေး အလုပ် လုပ်ဖို့အတွက်ရင် ပိခင်စကားကို ခင်ဗျား သုံးနိုင်တယ်။

Scanned by CamScanner

...ကုသမှုကို အခွင့်အလမ်း ကုန်းမြေတစ်ခုဖြစ်တယ်လို့ သူတို့ ယုံကြည်ကြတယ်၊ စင်ကာပူကိုလည်း ဝင်ထွေး အဲဒီလို မြင်သလား။

ဇြ - မဖြစ်ဘူး...ဒါက ဒီထက်မကဘူး၊ ဒီဟာက ဆန်းကြယ်မှု ဖြစ်လုနီးပါးဖြစ်နေတယ်၊ စင်ကျား တင်လာတဲ့အခါ သူတို့ အောင် ထူးချွန်တဲ့ အဖွဲ့အစည်းတစ်ခုနဲ့ စင်ကျား ပူးပေါင်းတော့မယ်၊ ဒီအရာကို ဖန်တီးတာဟာ သာမန်ဖွဲ့အစည်း မဟုတ်ဘူး၊ အထူးစပါယ်ရှယ်တစ်ခုတစ်ရာကို စင်ကျား ပူးပေါင်းတော့မယ်၊ ဒါဟာ အလုပ်ကြိုးစားခြင်းအပြင် စိတ်ကူး ကောင်းတဲ့ မှလအသင်းအဖွဲ့တစ်ခုအပြင်၊ ကံကောင်းခြင်းကြောင့် ဖြစ်လာတာ၊ ပြီးတော့ ကျွန်တော်တို့ ဆက်လုပ်နိုင် လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ စင်ကာပူဟာ တူးချွန်မှသာ လုပ်ခြံစိတ်ချရပြီး တည်ငြိမ်နေလိမ့်မယ်၊

ငပး - စင်ကျား ကြီးပြင်းနေစဉ်အခါက ပထမဦးဆုံး ဖြတိသျှလက်ဖောက်ခံနိုင်ငံသား ဖြစ်ခဲ့တယ်၊ အဲဒီနောက် ဂျပန်လက် အောက်ခံနိုင်ငံသားဖြစ်ခဲ့တယ်၊ ပြီးတော့ မာလာရာ (မလေးရှား) တစ်ယောက်ဖြစ်လာတယ်၊ ဘယ်အဆင့်မှာ စင်ကျားကိုယ်စင်ကျား စင်ကာပူသားအဖြစ်တွေ့မြင်သလဲ၊ စင်ကာပူသားဖြစ်ရတာဟာ စင်ကျားအတွက် ဘာအဓိပ္ပာယ်ရှိ သလဲ၊

ဇြ - ကျွန်တော်က စံပုံစံ စင်ကာပူသားတစ်ယောက် မဟုတ်ဘူး၊ စင်ကာပူလို့ခေါ်တဲ့ ဒီရှိနေတဲ့အရာကို ကျွန်တော် မတော်တဆ ဆန်တီးခဲ့တာပါ၊ အဲဒါက စင်ကာပူသားရလဒ် ထွက်လာတယ်၊ ဖြတိသျှလက်အောက်ခံနိုင်ငံသား တစ်ယောက်အဖြစ်၊ ဟုတ်တယ်၊ ကျွန်တော် ကြီးပြင်းခဲ့တယ်၊ ကျွန်တော့်အဖေက စင်ကာပူမှာ ပထမအလုပ်လုပ်တယ်၊ ကျွန်တော့်အဘိုးက ဂျာတားသကြားဘုရင် အိုအောကျွန်ဟမ်ဗိုင်ဆိုင်တဲ့ ဟီအင်မိုသဘော်လိုင်းမှာ သတော်တရားထိန်း တစ်ယောက်ဖြစ်တယ်၊ သူက စင်ကာပူမှာ ကိုယ်စားလှယ် အလှဲခံရသူဖြစ်လာတယ်၊ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်ကနေ သူ ကြီးပွားချမ်းသာလာတယ်၊

ဆီဖာရန်က ကျွန်တော့်အဘွားကို သူလက်ထပ်ပြီး ဒီကိုခေါ်လာတယ်၊ ကျွန် တော့်အဖေက ဆီဖာရန်မှ မွေးဖွားတယ်၊ ကလေးငယ်တစ်ယောက်အဖြစ် သူ့ကို ဒီခေါ်လာတယ်၊ သူ့အဖေကဖြတိသျှလက်အောက်ခံနိုင်ငံသားဖြစ်တာကြောင့် သူက ဖြတိသျှလက်အောက်ခံနိုင်ငံသားအဖြစ် မွေးဖွားလာတယ်၊ အဲဒါကြောင့် အဲဒီတုန်းက ပထမတန်းစားနေရာ ဖြစ်တဲ့ နေရာတွေမှာ ကျွန်တော် ကလေးတစ်ယောက်ဖြစ်နေတဲ့အခါ အိမ်ထဲမှာ ဂျာတား အမှုတမ်းတွေရှိတယ်၊ သုတို့ က မလေးတွေထက် ပိုပြီး အလုပ်ကြိုးစားကြတာကြောင့်ပို့ပေါ့၊ ကျွန်တော့်အဘိုးက ဂျာတားစကားပြောတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် စင်ကာပူသားတစ်ယောက်အဖြစ် ကျွန်တော် စဉ်းစားသလား၊ မစဉ်းစားဘူး၊ အဲဒီနောက် ကျွန်တော့်အဖေက ရှဲရှေနဲ့ကမ္ဘာကြီးအတွက် အလုပ်လုပ်တယ်၊ သူ့ကို ဂျီဟော၊ ဘာတူပဟက်နဲ့ ကွမ်တန်ဆီကို ဝေလွှတ်ကြတယ်၊ ကျောင်းအားရက်အတွင်းမှာ ကျွန်တော် လိုက်သွားလေ့ရှိတယ်၊ စင်ကျားသိပ်ဝါတယ်၊ အဲဒီအချိန်ကာလက အုပ်ချုပ်ရေးက အားလုံး တစ်ခုတည်းပဲရှိတယ်၊ စင်ကျား ကားမောင်းဝင်သွားရုံပဲ၊ အကောက် ခွန်ဌာနမရှိဘူး၊ လူဝင်မှုကြီးကြပ်ရေးဌာနမရှိဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် မလာရာတစ်ယောက်အဖြစ် တွေ့ခဲ့ တယ်၊

Scanned by CamScanner

ဒါပေမဲ့ မလေးရှားထဲက မလေးတွေက တရုတ်နဲ့ အိန္ဒိယတွေကို မဟာရောနဲ့ သက်ဆိုင်တယ်လို့ မထင်ကြဘူး၊ စင်ချားတို့က အိမ်ငှားနေကြတဲ့လူတွေပဲ၊ ဒါကြောင့် ခင်ဗျားကို ဖယ်ရှားပစ်ရန်ဝိုင်တယ်၊ ခင်ဗျားကို ဖယ်ထုတ်ခံရတဲ့အခါစင်ကာပူအရည်အချင်းလက္ခဏာတစ်ခုကိုခင်ဗျားတို့ဖန်တီးရမယ်၊ အဲဒီကအစ်ကိုတွေက သားတွေပါလို့ ခင်ဗျား ကျွန်တော့်ကိုမေးတယ်၊ ဒါတွေက အခြေခံဂုဏ်အင်္ဂါတွေလို့ ကျွန်တော်ခြုံတယ်၊ ဒီဂုဏ်အင်္ဂါတွေမရှိရင် စင်ကာပူရှင်သန် မရပ်တည်နိုင်ဘူး၊ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲရင် ကျွန်တော်တို့ ရှင်သန် မရပ်တည်နိုင်ဘူး။

မေး - ဒါဆိုအစမှာ စင်ကာပူသားဖြစ်ခြင်းဟာ အသိစိတ်ရှိတဲ့ရွေးချယ်မှု မဟုတ်ဘူးဆိုတာ ဒါက ဦးနောက်ကနေ နလုံးသားဆီကို ရွေ့လျားသလဲ၊

ဖြေ - ကျွန်တော့်ကိုယ်ကျွန်တော် ဒီပုံစံအတိုင်း စီစဉ်မေးမြန်းပြီး စိတ်ရောဂါမကုသနိုင်ဘူး၊ ကျွန်တော်သိတာက ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ စင်ကာပူသားအဖြစ် စရိုက်လက္ခဏာသတ်မှတ်ရို့ လိုအပ်တဲ့ ဒီအခြေအနေတွေထဲမှာ ကျွန်တော်တို့ရောက်နေတယ်ဆိုတာပါပဲ၊ မလေးရှားတွေက ကော်ဇောမှာ အကောက်ခွန်ဘာနဲ့ လွတ်မှုကြီးကြီး ရှေးဘာန ထားရှိတဲ့အခါကျွန်တော်တို့စင်ကာပူသားတွေဖြစ်လာကြပြီး ကျွန်တော်တို့လည်း အလားတူလုပ်ခွင့်ရတယ်၊ ခင်ဗျားရဲ့သက်သေခံကတ်ပြားကို ခင်ဗျားပြရတယ်၊ အဲဒီမတိုင်မီတုန်းက ခင်ဗျားခြေတ်သွားရုံပဲ၊ တစ်နည်းအားဖြင့် ဒါကို ကျွန်တော်တို့ ကြိုဆိုတယ်၊ နို့မဟုတ်ရင် မလာရန်ရေသားလမ်းခြေတစ်ခုလုံး မခလား ကျွန်ကျော်နေထိုင်သူတွေနဲ့ ပြည့်သွားလိမ့်မယ်၊ ဒီနေရာက အလုပ်အကိုင်တွေက လစာပိုမြင့်တယ်၊ သမိုင်းက ဒီလို ဖန်တီးလာခဲ့တယ်၊ ဒီဖဲထုပ်ကို ကျွန်တော်တို့ ဝေငှခဲ့ကြတယ်၊ အဲဒါကို ကျွန်တော်တို့ အဝေကောင်းဆုံးလုပ်ရမယ်၊ ကျွန်တော်တို့ သိပ်ဆိုးဆိုးဝါးဝါး မလုပ်ခဲ့ကြဘူး။

✧ ✧ ✧

Scanned by CamScanner

တံခါးဖွင့်ပေါ်လစီသမိုင်း

တံခါးဖွင့်ပေါ်လစီက စင်ကာပူ၏သမိုင်းတွင် အခြေအမြစ်များရှိခဲ့သည်။ ၁၈၁၉ ခုနှစ်တွင် စင်ကာပူကို ဦးတီးသူ ကုန်သွယ်နေရာတစ်ခုအဖြစ် တည်ဆောက်ကတည်းက ပြောင်းရွှေ့အခြေချသူများက တိုင်းပြည် တိုးတက်ကြီးထွားမှုနှင့် ကြွယ်ဝချမ်းသာမှု၏ ကျောရိုးဖြစ်ခဲ့ကြသည်။ ဗြိတိသျှက ရာစုနှစ်တစ်ခုကြာ လွတ်လပ်သော တံခါးဖွင့်ပေါ်လစီကို ထိန်းသိမ်းခဲ့သည်။ တရုတ်၊ အိန္ဒိယနှင့် မလေးကျွန်းစုများမှ အဓိကအားဖြင့် အမျိုးသားအလုပ်သမားများက သတ္တုတွင်းများနှင့် ရာဘာစိုက်ပျိုးရေးခြံများတွင် အလုပ်လုပ်ကြရန်နှင့် ကုလီအလုပ်သမားအဖြစ် အလုပ်လုပ်ကြရန် အုပ်စုလိုက် ပထမဦးဆုံး စုပုံအောတိုက် ရောက်ရှိလာကြသည်။ ၁၉၃၀ ပြည့်နှစ်များ နောက်ပိုင်းတွင် အမျိုးသမီးများ ရောက်လာကြသည်။ ၎င်း နောက် စင်ကာပူသည် မတည်မြဲသော လူအဖွဲ့အစည်းထက် အခြေတည်သော လူအဖွဲ့အစည်းဖြစ်လာသည်။ လူဦးရေက ပြောင်းရွှေ့အခြေချမှုများ ဝင်ရောက်လာခြင်းထက် မွေးဖွားခြင်းများဖြင့် သဘာဝအတိုင်း တဖြည်းဖြည်း စတင်ကြီးထွားလာသည်။

ပထမဦးဆုံး နိုင်ငံသားဖြစ်ခြင်းဥပဒေက ၁၉၅၇ ခုနှစ်တွင် ဖြစ်ပေါ်လာသည်။ စင်ကာပူနိုင်ငံသားဖြစ်ခြင်း ပြဋ္ဌာန်းချက်က စင်ကာပူထဲ၌ မွေးဖွားသူအားလုံးကို အလိုအလျောက် နိုင်ငံသားဖြစ်ခွင့်ပေးသည်။ မလေးဖက်ဒရေးရှင်းတွင် မွေးဖွားကြသူများ၊ ဗြိတိန်နိုင်ငံနှင့် ၎င်း၏ကိုလိုနီများမှ နိုင်ငံသားများသည် အတည်တကျနေထိုင်ခြင်း လိုအပ်ချက်များနှင့် ပြည့်စုံလျှင် နိုင်ငံသားများဖြစ်နိုင်ကြသည်။ အခြားပြောင်းရွှေ့အခြေချလူများမှာလည်း အတည်တကျနေထိုင်ခြင်း လိုအပ်ချက်များနှင့် ပြည့်စုံသည်နှင့်တစ်ပြိုင်နက် နိုင်ငံသားအဖြစ် ခံယူခွင့်ရှိလာသည်။

၁၉၆၅ ခုနှစ်တွင် မလေးရှားမှ စင်ကာပူ ခွဲထွက်ခဲ့သည်။ လွတ်လပ်ရေးရရှိသော ၎င်း၏ ပထမဆယ်စုနှစ်၌ အများအားဖြင့် တည်ငြိမ်သောလူဦးရေးရှိခဲ့ပြီး လွှမ်းမိုးနေသော လူများစုက နိုင်ငံသားများနှင့် အမြဲတမ်းနေထိုင်သူများ ဖြစ်ကြသည်။ ၁၉၇၀ ပြည့်နှစ်ကိန်းဂဏန်းအရလူဦးရေမှာ ၂ သန်းရှိသည်။ နေထိုင်သူမဟုတ်သူ၊ ဆိုလိုသည်က အင်ပလွိုင်မင်ဟတ်စ်၊ သို့မဟုတ် ဝပ်ပါမစ်ဖြင့် ဤနေရာတွင် ရှိနေသူများက ၂.၉ ရာခိုင်နှုန်းသာရှိသည်။

ဆယ်စုနှစ်များစွာကြာလာသောအခါလူဦးရေ၏နေထိုင်သူမဟုတ်သော အစိတ်အပိုင်းက အလျင်မြန်ဆုံးကြီးထွားလာသည်။ ၁၉၇၀ ပြည့်နှစ်တွင်ထိုကဲ့သို့ပြည်သူ ၆၀၉၄၄ ဦးသာရှိသည်။ နောက် ၁၀ နှစ်ကြာသောအခါ စင်ကာပူ၏ စီးပွားရေးမှာ စက်မှုထွန်းကားလာစဉ် ထိုလူဦးရေက ၁၃၁၈၂၀ ဦးဖြစ်လာသည်။ ၎င်းက ဆယ်စုနှစ်တိုင်း ၂ ဆ ဆက်လက် တိုးနေသည်။

၂၀၀၉ ခုနှစ် ရောက်သောအချိန်တွင် စုစုပေါင်းလူဦးရေက ၄.၉၉ သန်းဖြစ်လာသည်။ ၎င်းတို့အထဲမှ ၁.၂၅ သန်း သို့မဟုတ် ၂၅ ရာခိုင်နှုန်းက နေထိုင်သူမဟုတ်သူများဖြစ်ကြသည်။ နောက်ထပ် ၀.၅၃ သန်းက အမြဲတမ်းနေထိုင်သူများ ဖြစ်ကြသည်။ အမြဲတမ်းနေထိုင်သူများနှင့် အတည်တကျမနေထိုင်သူများ စုစုပေါင်းလျှင် နိုင်ငံသားမဟုတ်သူများက စုစုပေါင်းလူဦးရေ၏ ၃၆ ရာခိုင်နှုန်းရှိသည်။

✧ ✧ ✧

Scanned by CamScanner

(၈)
ဘီလူးကြီးများအကြား၀င် ရပ်တည်ခြင်း

၂၀၀၉ ခုနှစ်၊ နိ၀င်ဘာလတွင် ဤအခန်းကို ရေးသားနေစဉ် လီကွမ်ယုက တရုတ်နိုင်ငံသားများအကြား၀င် များစွာ အခြေအတင် အဆွေးနွေးခံရဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်၊ ကြီးထွားနေသော တရုတ်ပြည်၏အင်အားကို မျှတမှုဖြစ်စေရန် အတွက် အာရှတွင် အမေရိကန်ပြည်ထောင်စုရှိနေလျှင် အရှေ့တောင်အာရှအတွက် ပိုမိုကောင်းမွန်သည်ဟူသော လီ၏ နှုံးလုံးသော မှတ်ချက်အပေါ် သူတို့ အလွန်ဒေါသဖြစ်ကြသည်၊

၂၀၁၀ ခုနှစ်၊ ဒေါက်တိုဘာလတွင် အမေရိကန် - အာရှ စီးပွားရေးကောင်စီ၏ ၂၅ ကြိမ်မြောက် နှစ်ပတ်လည် ညစာစားပွဲ၌ ပိန်ခွန်းပြောသောအခါ သူက ဤကဲ့သို့ ပြောခဲ့သည်၊

"တရုတ်ရဲ့အရွယ်အစားကြောင့် ဂျပန်နဲ့ အိန္ဒိယအပါအ၀င် အာရှရဲ့ကျန်ရှိသူတွေအနေနဲ့ နှစ် ၂၀ နဲ့ ၃၀ လောက် အတွင်းမှာ သူ့ကို အရှိန်အ၀ါနဲ့ ရွမ်းအင်မှာ ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျွန်တော်တို့ ဟန်ချက်ထိန်းဖို့အတွက် အမေရိကန်ကို လိုအပ်တယ်"

ဤအရာကို ဟန်ချက်ထိန်းဖို့ထက် ဒေသတွင်းမှ တရုတ်ဩဇာအရှိန်အ၀ါကို တန်ပြန်အရေးယူဆောင်ရွက်ရန် အတွက် အမေရိကန်ကို လီ အလိုရှိနေခြင်းအဖြစ် တရုတ်သတင်းစာများထဲတွင် ဘာသာပြန်ကြသည်၊ တရုတ်ဩဇာအရှိန်အ၀ါကို ဘန်ပြန်ဆန့်ကျင်ရန် အမေရိကန်ပြည်ထောင်စုကို အသုံးပြုမည့် အကြံပြုချက်ကြောင့် တရုတ်သတင်းစာများမှ အယ်ဒီတာ အားဘက်များ တသီတသန်းနှင့် အင်တာနက်မှ ပြင်းထန်သော ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ထွက်လာသည်၊ အချို့က လီကို တရုတ်အားဆန့်ကျင်လွန်းက အနောက်ဘက်သို့ ဘက်လိုက်ခြင်းအတွက် ပြစ်တင်ဝေဖန်ကြသည်၊ အထူးသဖြင့် တရုတ်၏ ဘုံအာက်နေမှုကို သတိထားနေကြသော အနောက်ဘက်မှ အုပ်စုများဘက်သို့ ဘက်လိုက်နေခြင်းအတွက် အပြစ်တင်ကြသည်၊ အချို့က တရုတ်တို့အား အပြင်လူများအဖြစ် လီ ရှုမြင်နေခြင်းကို စိတ်ပျက်ကြပြီး တရုတ်ပြည်မကြီးမှလူများက စံကာမူသားများကို တစ်ပြည်သားချင်းများအဖြစ် ရှုမြင်ကြောင်း အတိုက်အခံပြောကြသည်၊

အာရှတွင် အမေရိကန်ပြည်ထောင်စု ကြီးစိုးနေသော အင်အားဖြင့်ရှိနေလျှင် စင်ကာပူအတွက် ပိုမိုကောင်းမွန်သည်ဟူသော မိုင်ဟာသည့် သူ၏ ယုံကြည်ချက်နှင့်ပတ်သက်၍ လီ မည်သည့်အခါမှ ရေငုံနှုတ်ပိတ်မနေကြောင်းအချက်ကို ဒေါသတကြီး အော်ဟစ်သံများက မှုန်ဝါးဝါးဖြစ်အောင် ပြုလုပ်ခဲ့သည်၊ ပြန်လည်နိုးကြားလာသော တရုတ်ပြည်ကြောင့် အမေရိကန်

Scanned by CamScanner

ပြည်ပောက်ဒုက္ခသည်နေပြည်နှင့် အာရှတွင် ပါဝင်ဆောင်ရွက်ခဲ့ရပုံ မပြစ်မနေ ပို့ပိုပင် အရေးကြီးသည်ဟု ကာလကြာရှည်သူ ကြည့်ခဲ့ခဲ့ခဲ့

Quality Publishing House

Scanned by CamScanner

ဖတ်ရှုပြီး ခွဲခြားစိတ်ဖြာခဲ့လျက်သည်ဟု တစ်ကြိမ်မက်ပြောခဲ့ဖူးသည်။ "သူမှာ ကျွန်မကိုဖတ်ကာ ပြဿနာတွေ ရဲတိုသဖြန့်မှီးခိုင်းကို ထိုးဖောက်ပြီး လူမြင်ကတဲ့ ရှင်းလင်းပြတ်သားစွာ ဖော်ပြနိုင်တဲ့နည်းလမ်းရယ်၊ အဲဒါတွေကို ကိုင်တွယ်တဲ့နည်းလမ်းရယ်ရှိတာပဲ၊ သူ ဘယ်မတတ်မှ မမှားဘူး"

ဆယ်စုနှစ်များစွာကြာ လီအဆက်အသွယ်မြှုပ်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဟောင်း ကစ်ဆင်ဂျာက ဤသို့ ပြောသည်၊

"မစ္စတာလီကွမ်ယုဆီက ကျွန်တော် သိနားလည်ခဲ့ရသလောက် ဘယ်သူ့ဆီကမှ ကျွန်တော် မသိခဲ့ဘူး၊ သူကိုယ်သူ အမေရိကန်ပြည်ထောင်စုရဲ့မရှိမဖြစ်ဂါဝါတစ်ဝတွကစ်ယောက်ဖြစ်အောင် လုပ်ခဲ့တာဟာ အဓိက အားဖြင့် သူကိုယ်စားပြုထားတဲ့ အာဏာကြောင့်မဟုတ်ဘူး၊ သူရဲ့စဉ်းစားတွေးခေါ်မှု အရည်အချင်းကြောင့်ဖြစ်တာပါ"

"နှစ်ဝက ကြာကာလအတွင်းမှာ ပါရှင်တန်ကို လီကွမ်ယုလာတဲ့အခါ ဘယ်နိုင်ငံခြားခေါင်းဆောင်တွေမှ မတွေ့ရတဲ့ လူပုလူဝေးကို သူ တွေ့ရလေ့ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ သူက စယောင်းပန်သူတစ်ယောက်အဖြစ်နဲ့ လာတာ မဟုတ်လို့ပေါ့"

"တူညီတဲ့ ကြီးစားအားထုတ်မှုတွေနဲ့ သူက လုပ်ဖော်ကိုင်ဖက်တစ်ယောက်အဖြစ် လာတယ်၊ သူ့ဆီက ကျွန်တော်တို့ သင်ကြားနာယူနိုင်တယ်၊ သူဟာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကမ္ဘာကြီးရဲ့ သဘာဝအကြောင်း ကျွန်တော်တို့ကို ပြောပြနိုင်တယ်၊ သူရဲ့တွေးခေါ်မှုနယ်ပယ်ထဲကို ကျွန်တော် တိုးဝင်ကြတဲ့အခါ သူလုပ်ပေးတယ်"

လူများစွာဝိုက ပြောင်းလဲနေသော ကမ္ဘာနှင့်ပတ်သက်၍ သူ၏အမြင်ကို တန်ဖိုးထားကြသည်၊ အမှန်တကယ်၌ ပထဝီနိုင်ငံရေးဆိုင်ရာ အတွေးအခေါ်အယူအဆက အလွန်ရိုးရှင်းသည်၊ အရာရာတိုင်းကို စင်ကာပူအတွက် အကောင်းဆုံးဖြစ်စေမည့် မှန်ဘီလူးများဖြင့် သူ စိစစ်ကြည့်ရှုသည်၊ ကမ္ဘာ့ခေါင်းဆောင်များထံမှလည်းကောင်း၊ များပြားလှသော အစည်းအဝေးပွဲများအတွင်းမှလည်းကောင်း သူရရှိခဲ့သော အချက်အလက်တိုင်း၊ သတင်းအသစ်တိုင်း၊ ကွဲပြားခြားနားမှုတိုင်းကို၊ စွမ်းအားကောင်းသော သူ၏ဦးနှောက်ထဲ၌ သိုမှီထားပြီး ၎င်းက သူနိုင်ငံအား မည်သို့အကျိုးသက်ရောက်မည်ကို ထိုမှန်ဘီလူးများဖြင့် ကြည့်ရှုစစ်ဆေးသည်၊

အာရှတွင် မည်ကဲ့သို့သော အင်အားဟန်ချက်ညီမှု အမျိုးအစားက စင်ကာပူကို အများဆုံး အကျိုးဖြစ်ထွန်းစေမည်နည်း၊ လီ၏ သုံးသပ်ချက်က ဤကဲ့သို့ နားလည်လွယ်သည်၊ "မသိရှိရသော မကောင်းဆိုးဝါးထက် သိရှိရသော မကောင်းဆိုးဝါးက ပိုမိုကောင်းမွန်သည်၊ အမေရိကန်က နယ်ပြေလိုချင်သော လိုဘမရှိဘဲ သဘောတရားရေးရာဆိုင်ရာ လိုဘဖြင့်သာ အန္တရာယ်မရှိသော အင်အားကို သက်သေပြခဲ့သည်၊ သူက ဒီဗိုက်ရေစီနှင့် လူအခွင့်အရေးကို ပုံနှိပ်စေချင်သည်၊ ကုန်းမြေကို မလုယူချင်ပေ၊ ဂျပန်က အရှေ့တောင်အာရှထဲကို ကျူးကျော်တိုက်ခိုက်ခဲ့သော အတိတ်သမိုင်းတစ်ခုရှိခဲ့သည်၊

တရုတ်က အရှေ့တောင်အာရှဘုရင့်နိုင်ငံများနှင့် လက်အောက်ခံဆက်သွယ်မှု တည်ထောင်သည့် ၎င်း၏ သမိုင်းကို ထပ်မံပြုလုပ်ချင်မှ ပြုလုပ်ချင်ပေတော့မည်၊ သို့သော် မည်မျှသော ဆက်ဆံရေးအား ပြန်လည်အမှတ်ရနေခြင်းက ၎င်း၏ မြင့်မားမှုသည်ပြိုပ်ချုပ်းလိမ့်မည်ဟု တရုတ်တို့အာမခံနေသော်လည်း မျှော်လင့်ချက်များကို အရောင်ဆိုးကောင်းဆိုးလိမ့်မည်၊ ထို့ကြောင့် အာရှတွင် အမေရိကန်ပြည်ထောင်စု နှက်နှက်ရွံ့ရွံ့ ပါဝင်ပတ်သက်နေခြင်းသည် စင်ကာပူအတွက် ပိုမို ကောင်းမွန်သည်"

တရုတ်ပြည် တိုးတက်လာခြင်းက ပဋိပက္ခကို ဖန်တီးမည်လား၊ အမေရိကန်ပြည်ထောင်စုက လာမည့် ဆယ်စုနှစ်

Scanned by CamScanner

ခေါင်းများပွား၊ ရာဇဝတ်ဝက်အထိ ဖြစ်ကောင်းဖြစ်စွာဖြင့် ဆက်လက်လွှမ်းမိုး ကြီးစိုးနေလျက်၊ အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာ့ရဲတပ်သို့ အင်အားမျိုးစုံဖြင့် ကမ္ဘာပြောင်းလဲမှု တဖြည်းဖြည်း ဖြစ်ပေါ်မည်ဟု လိုယုံကြည်သည်၊ တရုတ်ဘက်သို့ မျိုးစုံ ကမ္ဘာ့အလေးသာလာခြင်းသည်ပြိတ်နိမ့်မှအမေရိကန်ဘက်သို့အလေးသာခြင်းကဲ့သို့ပြိုမ်းချမ်းလိမ့်မည်မဟုတ်ကြောင်း သို့သော် တင်ပြခဲ့ကြပြီး စစ်ပွဲရှိလိမ့်မည်မဟုတ်ကြောင်း သူတွေးဆကြသည်၊

အာရှဒေသမှ အမေရိကန်၏ ဩဇာအရှိန်အဝါလမ်းကြောင်းနှင့် ပတ်သက်၍ လိုက ဤကဲ့သို့မြော်သည်၊

"သူတို့ နောက်ဆုတ်သွားမှာကို ကျွန်တော်မမြင်ဘူး၊ ဒါပေမဲ့ တရုတ်အင်အားကြီးထွားနေဘာကို ကျွန်တော်မြင်တယ်၊ တရုတ်ရဲ့သဘောထားက ဒီလို - ငါတို့မင်းကို မဆန့်ကျင်ဘူး၊ ငါတို့ အမေရိကန်ရှိနေတာကို ကြိုဆိုတယ်ဆိုတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်နေရာကို သူတို့အစားထိုး မဝင်နိုင်သလို ဒီနေရာက တိုင်းပြည်တွေက အမေရိကန်တွေကို ကြိုဆို နေကြတာယ်ဆိုတာ သူတို့ သိနေကြလို့ပဲ၊ ဒါကြောင့် သူတို့စောင့်နေပြီး ပိုမိုသန်စွမ်းအောင် ကြီးထွားနေတယ်၊ ဒီလူးခရေနဲ့ စစ်ရေးအရဆိုရင် နှစ် ၁၀၀ ကြာ နည်းပညာမှာ သူတို့ အဖိုလိုက်နိုင်ချင်မှ လိုက်နိုင်လိမ့်မယ်၊ ဒါပေမဲ့ နှစ်ဦးနှစ်ဖက် မည်မျှအရဆိုရင် အမေရိကန်တွေအပေါ် သူတို့ကြီးမားတဲ့ ဖျက်စီးမှုတွေ လုပ်နိုင်တယ်"

တရုတ်ဩဇာအရှိန်အဝါ မည်သည့်အခါ၌ ကြီးစိုးမလဲဆိုသည်နှင့် ပတ်သက်၍ ထင်မြင်ယူဆချက်တစ်ခု ရှိသလား၊ လိုက ဤကဲ့သို့ တုံ့ပြန်သည်၊

"အနှစ် ၂၀၊ ၃၀ လောက် အမေရိကန်တွေ အင်အားလွှမ်းမိုးကြီးစိုးနေလိမ့်ဦးမယ်လို့ ကျွန်တော် အရဲစွန့် ခန့်မှန်းထားတယ်၊ သူတို့ နောက်ဆုတ်မှာမဟုတ်ဘူး၊ စီးပွားရေးအရဆိုရင် တရုတ်တွေထက် သူတို့ GDP ပိုမိုနိမ့်ကျနိုင်တယ်၊ ဒါပေမဲ့ စစ်ရေးအရဆိုရင် သူတို့က နည်းပညာအရ လွှမ်းမိုးကြီးစိုးနေတဲ့ အင်အားကြီးဖြစ်လိမ့်မယ်၊ ကျွန်တော်တို့ သူတို့နဲ့ အတူရှိနေတယ်၊ နှစ် ၅၀ အတွင်းမှာ (အတွင်းပိုင်း ကမောက်ကမတွေမရှိရင်) တရုတ်ပြည်ဟာ အတော့်ကို အင်အားကြီးလာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

သို့သော် ခြွင်းချက်ကိုလည်း သူ ဤကဲ့သို့ ဆက်ပြောသည်၊

"နှစ် ၅၀ ကနေ ၁၀၀ ကို ကျွန်တော် ကြိုတင်မကြည့်နိုင်ပါဘူး၊ တရုတ်ပြည်နဲ့ အမေရိကန်ပြည်မှာပါ များစွာသော အရာတွေ ဖြစ်ပျက်နိုင်တယ်။ အမေရိကန်ရဲ့ လူဦးရေစာရင်း ဇယားက ပြောင်းလဲလိမ့်မယ်၊ ၂၀၅၀ ပြည့်နှစ်အချိန်ရောက်ရင် လူများစုဆီကနေ တခြားလူမျိုးစုဆိုင်ရာ လူနည်းစုနဲ့ ဟစ္စပန်နစ်တွေကို သူတို့မှာ ရှိကြလိမ့်မယ်၊ ဟစ္စပန်နစ် ယဉ်ကျေးမှုထဲက အမေရိကန်ဖြစ်မလား၊ ဒါမှမဟုတ် အမေရိကန် ယဉ်ကျေးမှုထဲမှာ ပိုပြီးတော့ ဟစ္စပန်နစ်ဖြစ်မလား၊ ဟစ္စပန်နစ်တွေကို မှီးအားရှိသူတွေဖြစ်လာအောင်၊ ကြီးစားအားထုတ်မှုရှိတဲ့ အမေရိကန်တွေဖြစ်အောင် အမေရိကန်တွေ လုပ်နိုင်ကြမလား၊ မလုပ်နိုင်ရင် သူတို့နေးကွေးသွားကောင်း နေးကွေးသွားနိုင်တယ်"

ထိုအတောအတွင်း၌ လျင်မြန်စွာကြီးထွားနေသော တရုတ်နိုင်ငံနှင့်အတူ အမေရိကန်က အသာစီးရနေစဉ် ထိုနှစ် ၂၀၊ ၃၀ အတွင်း၌ လက်နက်ကိုင် တိုက်ပွဲလေးတစ်ခု၊ သို့မဟုတ် ပဋိပက္ခတစ်ခု ဖြစ်ပေါ်မည့် အလားအလာများက မည်သို့ ရှိမည်နည်း၊

လိုက ဤသို့ တုံ့ပြန်သည်၊

"အလွန်နည်းပါတယ်၊ နှစ်ဖက်စလုံးက သူတို့ ဘာမှအကျိုးအမြတ်ရမှာမဟုတ်ဘူးဆိုတာ သိကြတယ်၊

သူပြောတယ်၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ကြီးထွားနေတယ်၊ စီးပွားရေးနစ်နိုင်ငံတစ်သောပဲ၊ မျိုးဆက်သစ်နှုန်း လိမ့်မယ်၊ တရုတ် (တိုင်ပေ) နဲ့ပတ်သက်ပြီး တရုတ်ကို သူတို့ထိပ်တိုက်ရင်ဆိုင်ကြမှာမဟုတ်ဘူး၊ [illegible] ပြိမ်းချမ်းတဲ့ပုံစံနဲ့ ဖြစ်ပေါ်လိမ့်မယ်"

လူမှုရေးတင်းမာမှု ပေါက်ကွဲမှုမရှိဘဲ တရုတ်ပြည်ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ဖို့အလားအလာနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်က ဤသို့ အဖြေထုတ်ပြင်သည်၊ "၁၀ နှစ်လောက်ကတော့ ပြဿနာမရှိပါဘူး။ သူတို့ရဲ့ဆိုးနိုးဖျော်မှုတာ ပြုပြင်ပုံတယ်။ ပေးကို နောက်ကျနေတဲ့ ပြည်နယ်တွေအပါအဝင် နေရာတိုင်းမှာ ဘဝတိုးတက်နေကြတယ်။ နှစ် ၂၀ လောက်လည်း ကြာမြင့်ဖြစ်နိုင်တယ်၊ ပြဿနာမရှိဘူး၊ ၂၅ နှစ်ကြာတဲ့အချိန်မှာ ဖြစ်ပေါ်လာမဲ့ ပြဿနာတွေထဲမှာ လူဦးရေရဲ့ဂုဏ် ကဖန် ဂုဏ် ရာဇိုင်နှုန်းရှိတဲ့ လူတွေရှိလာတဲ့အခါ ဘာဖြစ်လာမလဲ၊ လူအားလုံးမှာ ဆဲလ်ဖုန်းတွေ၊ PDA တွေ၊ လက်တော့တွေရှိလာကြလိမ့်မယ်။ သတင်းနဲ့ အချက်အလက်တွေကို အစိုးရဖိနှိပ်နိုင်မှာမဟုတ်ဘူး။

"သဘောထားကွဲလွဲတဲ့ထင်ပြင်ယူဆချက်တွေအရှိန်ရပလာအောင်တားဆီးဖို့သူတို့ကြိုးစားနေကြတယ်။ ဒါမကြာခဏ ဝက်ဆိုက်တွေကို သူတို့ဖြုတ်ချကြတယ်၊ ဒါပေမဲ့ အဲဒါက (ဟာကျူလီဒက္ကာရီဇာတ်လမ်းထဲက) ဒေါက်ဝင်ရဲမြင်းမောင်းတွေကို သန့်ရှင်းရေးလုပ်တာနဲ့ တူနေတယ်၊ သူတို့ လုံးဝ မအောင်မြင်နိုင်ဘူး၊ ဒါပေမဲ့ သူတို့ ကြိုးစားကြလိမ့်မယ်၊ ပြီးတော့ သူတို့က လိမ္မာပါးနပ်ပြီး လက်ငင်းအကျိုးကို ကြည့်ကြတယ်၊

"နှစ် ၂၀ အတွင်းမှာ အနောက်တိုင်းပညာတတ်တဲ့ အုပ်စုတစ်စုကို သူတို့ကြိုးကြပ်နိုင်းကြလိမ့်မယ်။ သူတို့ရဲ့အလားအလာတွေကို အများဆုံးဖြစ်အောင် လုပ်ရမယ်ဆိုရင် ဘာပြောင်းလဲရမယ်ဆိုတာကို သူတို့ သိကြလိမ့်မယ်"

တရုတ် ဒီမိုကရက်တစ်ဖြစ်လာမည်လား။ "တစ်စိတ်တစ်ပိုင်း ဖြစ်လိမ့်မယ်၊ ဝိမရစ်ပုံစံမျိုးနဲ့ ဖြစ်လိမ့်မယ်၊ မြို့ကလေးတွေ၊ ရွာကလေးတွေကို သူတို့ လွတ်လွတ်လပ်လပ်လုပ်ရှားခွင့်ပြုလိမ့်မယ်။ ကွန်မြူနစ်တွေ၊ ကွန်မြူနစ်မဟုတ်သူတွေ ရပ်တည်နိုင်ကြတယ်၊ ဒါက အဂတိလိုက်စားမှုအပေါ် ဩဇာထိန်းခြင်းတစ်ခုပဲ၊ မြို့ကြီးတွေမှာတော့ ယုံကြည်စိတ်ချရတဲ့ လူတွေကိုယ်စား လှယ်လောင်းဖြစ်အောင် အသေအချာ မြူလုပ်ဖို့အတွက် ရွေးကောက်ပွဲတွေကို သူတို့ ထိန်းချုပ်ကြလိမ့်မယ်၊

မြို့ကြီးတွေက CCP (တရုတ်ကွန်မြူနစ်ပါတီ) အဖွဲ့ဝင်တွေကို ပြည်နယ်ခေါင်းဆောင်တွေအဖြစ် ရွေးချယ်ကြလိမ့်မယ်၊ ပေါလစ်ဗျူရိုက ပြည်နယ်ခေါင်းဆောင်တွေထဲကနေ နောက်ပေါလစ်ဗျူရိုနဲ့ ဗဟိုအမှုဆောင်ကော်မတီကို ရွေးချယ်လိမ့်မယ်၊ ရွေးချယ်ပွဲလုပ်ကိုင်နည်းမှာ သူတို့ပိုမိုမှုင့်လင်းကြမဲ့ အပြုအမူကတော့ ကျွန်တော် ခန့်မှန်းကြည့်တာပါ။ အဆင့်တိုင်းမှာ ပါဝင်စဉ်းမျှင်းကို ထောက်ခံကြမယ့် ကေဒါတွေကို သူတို့ ယုံကြည်စိတ်ချရအောင် အသေအချာ လုပ်ကြလိမ့်မယ်၊ ဒီနည်းလမ်းနဲ့ တခြားနည်းလမ်းများစွာကို သူတို့စဉ်းစားကြမယ်ဆိုတာ ကျွန်တော် ကျိန်းသေပြောရဲတယ်။ ထိန်းချုပ်ထားပြီး စွန့်စားမှုနည်းတဲ့ရလဒ်ကို သူတို့ရလိမ့်မယ်"

ဤအကြီးတန်း ခေါင်းဆောင်များထဲမှ အချို့ကို ပံ့မှန်အခြေခံရှိကြောင်း လီ တွေ့မြင်သည်။ "လက်ရှိခေါင်းဆောင်တွေက လက်ငင်းအကျိုးကြည့်ပြီး အမှန်တကယ် လက်တွေ့ကျတယ်။ ကွန်မြူနစ်ဝနစ်အကြောင်း သိပ်မပြောဘူး၊ ဒါပေမဲ့ ဆင်းရဲတဲ့ပြည်သူတွေကို ကြည့်ရှုတောင့်ရှောက်ဖို့နဲ့ တရားမျှတတဲ့ လူအဖွဲ့အစည်းရရှိဖို့အတွက် ထဲထဲဝင်ဝင်ဆောင်ရွက်မှုရှိပြီး အထူးသဖြင့် ချို့တဲ့တဲ့ ဒေသကလူတွေကို ဂရုစိုက်ကြရမယ်"

တိုင်းပြည်များကြားမှ ဆက်ဆံရေးကို ခွဲခြားစိတ်ဖြာ လေ့လာဖို့ ဖြစ်လာသောအခါ လီ၏အမြင်က ခြောင်ကျသော အငြင်းပွားဖွယ်ရာ အရင်းခံပုံစံမျိုးဖြစ်နေသည်၊ မဟာဗျူဟာဆိုင်ရာနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကိစ္စများအပေါ် ထားရှိသော သူ၏ ကန့်သတ်အမြင်နောက်ကွယ်၌ ငုတ်လျှိုးနေသော အတွေးအခေါ်၊ သို့မဟုတ် အားလုံးနှင့်အကြုံးဝင်သော အကြောင်

Scanned by CamScanner

ရောဂါစံနှုန်းသတ်မှတ်ချက်များဟုလိုက်လျှောက်တော်မူပေးကြသည်။ အဆုံးသတ်၌ကျွန်ုပ်သည်ကမ္ဘာရေးရာ၊ အထူးသဖြင့် အာရှရေးရာနှင့်ပတ်သက်၍ သူ၏ထိုးထွင်းသိမြင်မှုကို ကမ္ဘာ့ခေါင်းဆောင်များ လိုက်လံမေးစမ်းဝန်ရဝသာလူဖြစ်သည်။

သူ၏အဖြာဖြာ အဖြေခံများဆီသို့ ပြန်ရောက်သွားပုံအရ လန့်ဖျပ်စရာကောင်းနေသည်။ လူအဖွဲ့အစည်း၊ နိုင်ငံရေး၊ သို့မဟုတ် အဖွဲ့အစည်း၏ ပထဝီနိုင်ငံရေးသဘောတရားများ၊ သို့မဟုတ် ပြိုင်ဆိုင်နေသော ဩဇာနယ်ပယ် စသည်တို့နှင့် ပတ်သက်သော စကားပြောပွဲကို သူကွေ့ရှောင်သွားသည်။ လိအဖို့မူ အာဏာရှိလိုသော ဆန္ဒသည် လူသားများအတွက် ဦးစိုးနေသော တွန်းအားဖြစ်ပြီး ဤသို့ဖြင့် မိမိ၏နယ်မြေကို ချဲ့ထွင်ရန်အတွက် မိမိ၏နယ်နိမိတ်ကို ကျော်လွန်ရောက်ရှိရန် အပ်ရအသီးသီးကို တွန်းတိုက်နေသည်၊ ၎င်းအပြင် အုပ်စုများသည် မည်သူက သူတို့၏ရန်သူ၊ မည်သူက သူတို့၏မိတ်ဆွေ ဖြစ်သည်ကို မည်ကဲ့သို့ ဆုံးဖြတ်မည်နည်း။ လိအဖို့မူ ထိုကဲ့သို့ တွက်ချက်မှုများက အတွေ့အကြုံစီးပွားနှင့် မျိုးရိုးဗီဇနီးစပ်မှုအဆင့်ဒီဇိုင်းတွင် အမြစ်တွယ်နေသည်။

လီကွမ်ယုအလိုအရ ကမ္ဘာကို သူ သုံးသပ်သောအခါ သူ့အား အင်တာဗျူးနေကြသော သတင်းစာဆရာအုပ်စုထဲမှ အချို့က စိတ်မှုပ်သွားကြသည်။ မျိုးရိုးဗီဇဆိုင်ရာ အသိဉာဏ်ကူးပြောင်းမှုနှင့် ပတ်သက်၍ သူ၏ယုံကြည်ချက်များနှင့် လူ့အခွဲအစည်းနှင့်ပတ်သက်၍ သူ၏ ဒါဝင်အယူအဆအမြင်များကို စောစောပိုင်းက အင်တာဗျူးတစ်ခုတွင် ရှည်လျားစွာ သူ့အသေးစိတ် ရှင်းလင်းပြခဲ့သည်။ ကာလများစွာကြာပြီးနောက် ဤအင်တာဗျူးက လိ၏ ပထဝီနိုင်ငံရေးဆိုင်ရာ အမြင်များနှင့် ပတ်သက်သော စကားပြောပွဲတစ်ခုဖြစ်ရပေမည်။ သို့လင့်ကစား ဤအကြောင်းအရာ၌လည်း မျိုးရိုးဗီဇ၊ လူသားအပြုအမူကို ပုံသွင်းသည်ဟူသော သူ၏ယုံကြည်ချက်များ၊ သူ၏အမြင်များကို တွန်းအားပေးခဲ့ကြောင်း ပေါ်တွက်လာသည်။

ဤအရာက ယုံကြည်ချက်ဗဟိုမဏ္ဍိုင်နှစ်ခုကို လည်ပတ်နေသည်။ ပထမ ဗဟိုမဏ္ဍိုင်က လူပုဂ္ဂိုလ်အသီးသီးကြားနှင့် အုပ်စုများကြားမှ ဆက်ဆံရေးကို မျိုးရိုးဗီဇဆိုင်ရာ အကြောင်းအချက်များက ဆုံးဖြတ်သည်ဟူသော သူ၏ယုံကြည်ချက်ဖြင့်သည်။ လူနှင့် အဖွဲ့အစည်းများသည် မျိုးရိုးဗီဇအရ သူတို့နှင့် အနီးကပ်ဆုံးရှိသော လူများကို ကူညီတတ်ကြသည်။ ဤမျိုးနွယ်ဗီဇဆိုင်ရာ မှန်ဘီလူးများကို အခိုင်အမာနေရာချလျက် လိက အမေရိကန်မှ တရုတ်ဆီသို့ အင်အားပြောင်းရွှေ့ခြင်းသည် ၂၁ ရာစု နှစ်လယ်ပိုင်းနောက်တွင် လူဖြူပြိုတိသျှမ လူဖြူအမေရိကန်ဆီ အင်အားပြောင်းရွှေ့ခြင်းထက် ပြီးကွဲပျက်စီးမှုများ ပိုမိုဖြစ်ပေါ်စေလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်သည်။

သူ၏ အခြားအဓိကယုံကြည်ချက်က အုပ်စုများသည် အာဏာလွှမ်းမိုးကြီးစိုးမှုအတွက် တိုက်ပွဲတွင် ပါဝင်ကြသည်ဟူသော ယုံကြည်မှုမှ ဆင်းသက်လာသည်။ နိုင်ငံနှင့်ပတ်သက်သော လိ၏အမြင်တွင် အင်အားသည် ငုပ်နေသော အကြောင်းအရာဖြစ်သည်၊ နိုင်ငံအသီးသီးသည် ၎င်းပိုင်အခြေခံအင်အားကို အများဆုံးတိုးပွားစေရန်အတွက် သယံဇာတများကို ပိုင်ဆိုင်မှုနှင့် ရှာကြံကြသည်။ ၎င်းသည် မိမိ၏ အကျိုးကျေးဇူးအတွက် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်သည်။ လိ၏ ကမ္ဘာ့အမြင်ထဲမှ ပရဟိတဝါဒသည် အကြောင်းအရာနှစ်ခုအား ခေါင်းအေးအေးဖြင့် စဉ်းစားတွက်ချက်မှုမှ ပေါ်ထွက်လာသည့် ငုပ်တို့က အမြဲအမှတ်စဉ်သည်တိုင်းပြည်တစ်ပြည်၏ဆောင်ရွက်ချက်တစ်ခုကကိုယ်ပိုင်အကျိုးစီးပွားကိုတိုးတက်စေမည်လား သို့မဟုတ် မျိုးဗီဇတူညီသူများကို ဖွံ့ဖြိုးတိုးတက်စေမည်လားဆိုသည်တို့ဖြစ်သည်။ အကျိုးကျေးဇူးတစ်ခုခု တိုးပွားလျှင် တို့ပြည်ရှိသို့ ဆက်သွားလိမ့်မည်။ အကျိုးကျေးဇူးနှစ်ခုအကြားတွင် ပဋိပက္ခရှိနေလျှင် ဆွေမျိုးသားချင်းအကျိုးကျေးဇူးထက် မိမိအကျိုးကျေးဇူးက ကြီးစိုးနေလိမ့်မည်။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"ကျွန်တော်တို့ဝိုင်တဲ့နေရာကို
ကျွန်တော်တို့အတွက်
အကျယ်ပြန့်ဆုံးဖြစ်စေချင်တယ်"

Scanned by CamScanner

မေး - ကမ္ဘာကြီးအပျက်ခတွေနဲ့ ပထဝီနိမိတ်ပေါ်နဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့အမြင်တွေကို ကျွန်တော်တို့ ပေးကြတော့မယ်၊ တိုင်းပြည်ခတွေရဲ့အပြုအမူနဲ့ သူတို့ တစ်ဦးနဲ့တစ်ဦး ပြောဆိုထက်ဆံပုံတွေကို ရှင်းပြဖို့အတွက် ခင်ဗျား မိုမိုအားထား ဖန်ရတဲ့ အဖြေမဲ့ခဲ့ရသည်းမှုတစ်ခုရှိသလား။

ဖြေ - အဲဒါဟာ ရှေးပဝေသဏီ အမျိုနိုကတည်းကပြီး အပြတမ်း တစ်ပုံစံတည်းရှိနေတယ်။ လူမျိုးတစ်မျိုးဟာ နေရာအကွယ်အဝန်း ပိုမိုလိုချင်တယ်။ တခြားလူမျိုးတွေရဲ့နယ်မြေပိုင်နက်ကို သိမ်းပိုက်ချင်ကြတယ်။ သူတို့ တိုက်ခိုက်ကြခဲသည်။ ချဲ့ထွင်ကြတယ်။ အဲဒီနယ်မြေက သူတို့ရဲ့အစိတ်အပိုင်းဖြစ်လာပြီး သူတို့ကွဲပြားခြားနားတဲ့ အစုငယ်တစ်စုဖြစ်လာရင် အာဏာလွှမ်းမိုးကြီးစိုးမှုအတွက် သူတို့ တိုက်ခိုက်ကြတုန်းပဲ။

(လူမှုဇီဝဗေဒပညာရှင်) အက်ဒဝပ်ဝေလ်ဆင်းက လူမျိုးနှစ်မျိုး တိုက်ခိုက်ကြတဲ့အခါတတိယလူမျိုးက သူတို့ရဲ့ DNA ကို အများဆုံး မွေဝေယူထားတဲ့ လူမျိုးနဲ့ မွေးပေါင်းလိမ့်မယ်လို့ ပြောတယ်။ သူက အဲဒါကို သူ့ကိုယ်သူ မှားများဖို့ကြံရွယ်တဲ့ မွေးရာပါ အမွေဆက်ခံရရှိတဲ့ မျိုးဗီဇအဖြစ် ဖော်ပြတယ်။

တရုတ်ပြည်မှာ ရာစုနှစ်များစွာကြာက သူတို့ ကျူးကျော်တိုက်ခိုက်ကြတဲ့အခါ ဟန်လူမျိုးတွေက တခြားလူမျိုးတွေဖြစ်ကြတဲ့ မန်ချူးနဲ့ မွန်ဂိုတွေကို သိမ်းသွင်းပြီး သူတို့အားလုံး ဟန်လူမျိုးတွေဖြစ်လာတာကို ခင်ဗျား တွေ့မြင်ရလိမ့်မယ်။ သူတို့ လူမျိုးရောစပ်သွားအောင်မလုပ်နိုင်တဲ့ လူမျိုးတွေကတော့ ယစ်ပ္ပာလူမျိုးနဲ့ နင်ဇီယာက မူဆလင်တွေပဲ ရှိကြတယ်။ သူတို့ လူမျိုးရောစပ်အောင်မလုပ်နိုင်တဲ့ တခြားအုပ်စုကတော့ တိဘက်တွေပေါ့။ တိဘက်တွေက အောက်ဆီဂျင်နည်းတဲ့ ကုန်းမြင့်ပေါ်မှာ နေထိုင်ကြတယ်။ အဲဒီနေရာကို စေလွှတ်ခံရတဲ့ ဟန်လူမျိုးတွေက ပြန်လာကြရသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အလိုက်အထိုက်နေနိုင်လောက်အောင် အဆုတ်စွမ်းအင် မကောင်းကြဘူး။

လူဖြူတွေကိုကြည့်ပါ။ သူတို့ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ကြတယ်။ ပြီးတော့ အင်ပါယာတွေအတွက် တစ်ယောက်ကိုတစ်ယောက် သူတို့ တိုက်ခိုက်ကြတယ်။ ပထမ ဗြိတိသျှတွေက အိန္ဒိယ၊ အရှေ့တောင်အာရှ၊ အာဖရိကတို့ရဲ့ ကြီးမားတဲ့ နယ်မြေတွေကို သိမ်းပိုက်ကြတယ်။ မြောက်အမေရိကကို ဝင်ရောက်သိမ်းပွဲတယ်။ ဒါပေမဲ့ အဲဒါက အမေရိကန် ကိုလိုနီတွေကြောင့် လက်လွတ်ဆုံးရှုံးသွားတယ်။ ပြီးတော့ ဩစတြေးလျ၊ နယူးဇီလန်နဲ့ တောင်အာဖရိကကိုလည်း သူတို့ သိမ်းပိုက်တယ်။

ဗြိတိသျှတွေက တောင်အာဖရိကမှာ ဘိုအားတွေကို တိုက်ခိုက်ကြပေမဲ့လည်း လူမည်းတွေနဲ့ ဆုံတွေ့လာကြတဲ့အခါ သူတို့ပူးပေါင်းသွားကြတယ်။ သူတို့ DNA ပိုမိုမျှဝေယူကြတယ်လို့ ထင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က လူဖြူတွေဖြစ်ကြပြီး ဘိုအားတွေက ဟော်လန်က လာကြလို့ပေါ့။

ဒါဟာ မလွှဲရှောင်နိုင်တဲ့ လူသားမျိုးနွယ်တွေရဲ့ ဆင့်ပွားဖြစ်ပေါ်မှုတစ်ခု ဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ အခုကမ္ဘာတစ်ခုလုံးက ဆက်နွယ်နေကြပြီး အမေရိကန်နဲ့ ဥရောပမှာ ကြီးကြပ်ကွပ်ကဲနေကြတဲ့ လူဖြူ တွေဟာ တရုတ်နဲ့ (နောက်ပိုင်းကျရင်) အိန္ဒိယတို့ လွှမ်းမိုးကြီးစိုးနေကြမယ့် ကမ္ဘာတစ်ခုကို အခု ရင်ဆိုင်နေကြရလို့ပေါ့။ ဒါကြောင့် သူတို့ ဘယ်လိုကိုက်ညီပြုပြင်ကြမလဲဆိုတာကို ကြည့်ရတာဟာ စိတ်ဝင်စားစရာကောင်းလိမ့်မယ်။ ဗြိတိန်တို့အဖို့ကတော့ အင်အားကို အမေရိကန်တွေဆီ လွှဲပြောင်းပေးရတာဟာ အတော်ကလေးကို ချောမွေ့ပြီး နာကျင်မှုမရှိဘူး။ ဗြိတိသျှက တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး အမေရိကန်က တဖြည်းဖြည်း သိမ်းပိုက်လာခဲ့

Scanned by CamScanner

တယ်၊ ဘာသာစကားတူတယ်၊ မြို့ပြယဉ်ကျေးမှု တူတယ်၊ အမေရိကန်တွေက အင်္ဂလိပ်စကားကို သိမ်းပိုက်သွားကြတယ်၊

တရုတ်တွေ တစ်စ၊ တစ်စနဲ့ ပို၊ ပိုပြီး အမေရိကန်တွေနဲ့ ညီမျှလာတဲ့အခါ ဘယ်လိုဖြစ်လာမယ်ဆိုတာကို ကျွန်တော်တို့ကိုန်းဘေသမပြောနိုင်ဘူး၊ ဒီညီမျှမှုက ရာဝုနှစ်အကုန်မှာဖြစ်လာလိမ့်မယ်၊ နောက်ရာဝုနှစ်ကို ရောက်တဲ့အခိုန်ကျရင် ခင်ဗျား အတူယှဉ်တွဲနေထိုင်ဖို့နဲ့ တစ်ယောက်ကိုတစ်ယောက် ဖျက်ဆီးဖို့ကို တစ်ခုခု သင်ယူရလိမ့်မယ်၊

ေမး - ဒါဆို ခင်ဗျားရဲ့ဒီအမြင်ဟာ လုံးဝကို ဒါဝင်အယူအဆဆန်နေတယ်၊

ဖြေ - ဒါက လုံးဝ ဒါဝင်အယူအဆမဆန်ပါဘူး၊ ဒါက လက်တွေ့သဘြင်မှုအရ ကျွန်တော် လေ့လာသုံးသပ်ထားတာပါ၊ ကျွန်တော် သိအိုရီတစ်ခုခုနဲ့ မလုပ်ပါဘူး၊ အက်ဒ်ဝပ်ဝေလ်ဆင်နဲ့လည်း ကျွန်တော် အစပြုမထားပါဘူး၊ ဝေလ်ဆင်က ကျွန်တော့်ကို အသိဉာဏ်ဆိုင်ရာ အခြေခံနဲ့ နမူနာတစ်ခု ပေးခဲ့ရုံတင်ပါ၊ ကျွန်တော်က ဒါကို လေ့လာသုံးသပ်ခဲ့တာပါ၊

ဒါဟာ လူသား ဆင့်ပွားဖြစ်ပေါ်ပုံရဲ့ မလွှဲရှောင်သာတဲ့ အစိတ်အပိုင်းတစ်ခုပါ၊ အမျိုးသားနိုင်ငံတွေ တည်ထောင်တဲ့အခါ ခင်ဗျားရဲ့မျိုးရိုးမဟုတ်ပေမဲ့အင်အားအစိတ်အပိုင်းအဖြစ် အသုံးပြုနိုင်မယ့် အရင်းအမြစ်တွေ ခင်ဗျားမှာရှိတယ်၊ ဒါကြောင့် ပြိတိသျှဟာ အာဇရိကန်ရိုင်ဇယ်တပ်တွေနဲ့ အိန္ဒိယစစ်တပ်ကို အသုံးပြုပြီး စစ်ပွဲတွေ အများကြီး တိုက်ခဲ့တယ်၊ ပြီးတော့ အာဖဂန်အခြေအနေကလည်း အတူတူပဲ၊ ကွဲပြားခြားနားတဲ့ လူမျိုးတွေဟာ အာဏာလွှမ်းမိုးကြီးစိုးမှုအတွက် တိုက်ခိုက်ကြတယ်၊ ဒါပေမဲ့ ရုရှားတွေနဲ့ ရင်ဆိုင်ကြရတဲ့အခါ သူတို့အားလုံး အတူတကွ ပူးပေါင်းကြပြီး ရုရှားတွေကို အနိုင်ယူကြတယ်၊ အခု သူတို့ နေတိုး (မြောက်အတ္တလန်တိတ်တာဆွယ်အဖွဲ့)နဲ့ ရင်ဆိုင်ကြရတဲ့အခါ သူတို့အတူတကွ ပူးပေါင်းပြီး နေတိုးကို အနိုင်ယူကြလိမ့်မယ်၊

ေမး - ခင်ဗျား ဒီပုံစံအတိုင်း စပြီးစဉ်းစားခဲ့တာ မဟုတ်ဘူးလို့ ခင်ဗျားပြောခဲ့တယ်၊ ဒီကမ္ဘာအမြင်ကို ခင်ဗျား ဘယ်လိုလုပ်ရခဲ့သလဲ၊ ခင်ဗျားကို ဒီလိုသုံးသပ်ဖွက်ရအောင် လုပ်ခဲ့တဲ့ အသေးစိတ် အဖြစ်အပျက်တွေက ဘာလဲ၊

ဖြေ - ကလေးတစ်ယောက်ကနေ ကြီးကောင်ဝင်တဲ့အထိ၊ အဲဒီကနေ ယေဘုယ်တဲ့ ကျောင်းသားတစ်ယောက်၊ ပြီးတော့ ရင့်ကျက်တဲ့ လူကြီးတစ်ယောက်အထိ တစ်စတစ်စ ကြီးပြင်းလာတဲ့ ရလဒ်တစ်ခုပါ၊

ဂျပန်တွေ၊ စင်ကာပူကို ဝင်လာကြတဲ့အခါ ပြိတိသျှတွေလုပ်တဲ့ အရာကို သူတို့ အတိအကျလုပ်ကြတယ်၊ ခွဲခြားပြီး အုပ်ချုပ်ကြတယ်၊ ဒါကြောင့် မလေးတွေကို သူတို့ သိမ်သိမ်မွေ့မွေ့ဆက်ဆံကြတယ်၊ လက်နက်ချခဲ့တဲ့ အိန္ဒိယတွေကို သူတို့ အဖွဲ့ဆဲဆည့်ကြတယ်၊ တရုတ်တွေကိုတော့ သူတို့ တရှိမ်းရှိမ်း ရိုက်နက်ကြတယ်၊ မျိုးနိုးဝီအောဖြင့် တရုတ်တွေက သူတို့နဲ့ အနီးကပ်ဆုံးရှိနေတယ်၊ ဒါပေမဲ့ တရုတ်တွေက သူတို့ကို အတိုက်ခံကြမ်းခြောက်ခဲ့ကြတယ်၊ သူတို့က တရုတ်ကိုအောင်နိုင်ပြီး လွှမ်းမိုးသားချင်ကြကယ်၊ အဲဒါဆိုရင် ကမ္ဘာ့ဒီဘက်အပိုင်းကို အောင်နိုင်ဖို့အတွက် တရုတ်ဇစ်မြစ်တွေကို သူတို့ ရှင်းလိမ့်မယ်၊ သူတို့က ထိုနိုင်တာထက် ပိုပြီး ကိုက်ဖဲ့နေကြတော့ သူတို့ ရှုံးသွားတယ်၊ ဒါပေမဲ့ သူတို့က တရုတ်တွေအပေါ် အထူးတလဲယ်ကို ရက်စက်ကြမ်းကြုတ်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့

Scanned by CamScanner

ဒီဘက်အိုင်းက တရုတ်တွေက သူတို့ကို တိုက်ဖိုက်ဒိုးအတွက် မြေကွင်းက မိုးခွဲပေးတဲ့အစိုးရကို ဝင်ပြောကြလုပ်ခိုင်းခဲ့ကြလို့ပေါ့၊

ဒီတော့ ခင်ဗျားရဲ့သုံးသပ်ချက်အရကို ခင်ဗျား ရောက်လာတယ်၊ သူဘာကြောင့် ငါ့ကို ဖိုက်နက်ခေနရတာလဲ၊ ဘာကြောင့်လဲဆိုတော့ ငါက တရုတ်ဖြစ်နေတာကိုး၊ သူ ဘာကြောင့် မလေးတွေအပေါ် ညှင်းဆဲတိုက်ခိုက်ခဲ့မှုတွေကို ရခဲ့တာလဲ၊ ဒါကြောင့် အဲဒီခရာမှာ ဖိုးဒိုးဒီးတိုင်းရာ ဆက်သွယ်မှုကို တန်ပြောပိုတာက တော်လှန်ရေးသားတယ်၊ အရေးအရာရဲ့ဆရာကြီးဖြစ်ချင်တဲ့ကိုဘဲ၊ ခင်ဗျားရဲ့ကိုယ်ပိုင်တွေးခေါ်မှုကို ခင်ဗျားတွေ့ရမယ်၊ ဒါတွေကို ခင်ဗျား လေ့လာသုံးသပ်နိုင်တယ်၊

မေး - လူအဖွဲ့အစည်းဟာ တိုးတက်ခေတ်မီနေသလို ဂလိုဘယ်ဂိုက်ခရေးရှင်းလည်း ဒီဘာကြောင့် ဒီအတွေးတေးမှုသ်အပြောပေါ်မှာ ပြောပြောချင်းအောင်လုပ်ထားတဲ့ ဩဂတအငြိုနိုအဝါတွေ ဂျိုမယ်ဆိုတာ ခင်ဗျား မယုံဘူး"

ဖြေ - ခင်ဗျားမှာ သမီးရှိသလား။

မေး - ဟုတ်ကဲ့၊

ဖြေ - အာဇရိကန်လူမည်းတစ်ယောက်က ခင်ဗျားရဲ့သမီးကို လက်ထပ်ရမယ်ဆိုပါစေတော့၊ ခင်ဗျား ဘယ်လိုတုံ့ပြန်မလဲ၊ ခင်ဗျား လက်ခုပ်လက်ဝါးတီးပြီး အားပေးမလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့သမီးကို...

"ဒီမယ်...သမီးရယ်၊ ပြန်စဉ်းစားပါဦး"

လို့ ပြောမလား၊ ကျွန်တော်သာဆိုရင်တော့ သူ့ကို...

"မင်းရူးနေပြီ"

လို့ပြောမှာ သေချာတယ်၊

အမှန်ပဲ၊ ကျွေးဆရာဝန်တစ်ယောက်က ကျွန်တော့်သမီးက MGH မှာ အလုပ်လုပ်နေစဉ်အခါက လက်ထပ်ချင်ခဲ့တယ်၊ (သူမက ဟားဗတ်ဆေးတက္ကသိုလ်အတွေတွေ့ဆေးရုံမှာ အလုပ်ကြာအတွေ့ကုသခြင်းရေးကွင်း သင်ကြားခဲ့တယ်၊) ဒါကြောင့် ကျွန်တော့်ဇနီးက "အမေရိကန်ကျွေးတစ်ယောက်ကို ရွေးချယ်တယ်ဆိုတာ မင်းဝေသချာရဲ့လား" လို့ မေးတယ်၊ သူက စဉ်းစားပြီး -

"ဟုတ်တယ်၊ ဒါမှန်တယ်"

လို့ပြောတယ်၊ အဲဒါက နှစ်အနည်းငယ်ပဲ ခံစိုးမယ်၊ ပြီးရင် ရွှေ့ပြောင်းသွားလိုမယ်၊ အဲဒါက တရုတ်ပြည်၊ ဒါမှမဟုတ် တရုတ်(တိုင်ပေ)က ဆရာဝန်တစ်ယောက်ဖြစ်ခဲ့တယ် ဆိုပါစို့၊

ခင်ဗျား တရုတ်ပြည်ကိုသွားရင် ခင်ဗျား စပ်ဆိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး၊ သူတို့က အိုကေ . . . မင်းကို ငါတို့လက်ခံမယ်လို့ ပြောလိမ့်မယ်၊ ဒါပေမဲ့ မလေးရှားမှာ သူတို့ လွတ်လွတ်လပ်လပ် ဆက်လက်တိုက်ခိုက်နိုင်အောင် သူတို့ရဲ့မိသားစုတွေနဲ့ ကလေးတွေကို အဲဒီနေရာပို့ခဲ့ကြတဲ့ မလေးရှားကွန်မြူနစ်ကေဒါတွေကိုပဲ ကြည့်ပါဦး၊ သူတို့ ကွဲပြားခြားနားစွာ ဆက်ဆံခံကြရတယ်၊ သူတို့အားလုံးကို ဟူနန်ပြည်နယ်ပြုတော် ချန်ရှာ မှာထားကြတယ်၊ အထူးသီးသန့်အုပ်စုအဖြစ်နဲ့ သူတို့ဟာ အထူးသီးသန့်ကျောင်းနဲ့အတူ၊ အထူးသီးသန့်အဖွဲ့ကို သွားကြရတယ်၊ သာမန်တရုတ်တွေနဲ့ သူတို့ မရောနောဘူး၊ (မလေးရှားကွန်မြူနစ်ပါတီခေါင်းဆောင်) ပလင်ရဲ့သားကို ကျွန်တော်တွေ့တယ်၊ သူက ထက်မြက်တယ်၊ ကျင်ဟွာတက္ကသိုလ်ကို သူတက်ပြီး မလေးရှားတရုတ်မလေး တစ်ယောက်ကို လက်ထပ်တယ်၊ တရုတ်ပြည်က တရုတ်မတစ်ယောက်ကို သူ လက်မထပ်ဘူး၊

ခင်ဗျား တရုတ်တစ်ယောက်ဖြစ်တယ်၊ ခင်ဗျား ရောနောရလိမ့်မယ်လို့ ထင်တယ်၊ ဒါပေမဲ့ ခင်ဗျား မရောနောရဘူး၊ ခင်ဗျားက ကွဲပြားခြားနားနေပြီ၊ ကျွန်တော်တို့ကွဲပြားခြားနားနေကြပြီ၊ အမေရိကန်နဲ့ ငြိတိသျှတွေလိုပေါ့၊ ဒါမှမဟုတ် ဒီကိစ္စမှာတော့ တောင်အာဖရိကလူဖြူ၊ ဩဇနေတြးလျသား၊ နယူးဇီလန်သားနဲ့ ငြိတိသျှသားတွေလို ဖြစ်နေတယ်၊ တရုတ်(တိုင်ပေ) ပြည်ကြီးသားနဲ့ တရုတ်(တိုင်ပေ)မှာမနေတဲ့ တရုတ်ပြည်ကြီးသားတွေက မျိုးရိုးတူတယ်၊ အမွေအနစ်တူတယ်၊ ဒါပေမဲ့ ကွဲပြားခြားနားတဲ့ ဖော်ထုတ်မှု၊ ကွဲပြားခြားနားတဲ့ ရုပ်တည်ချက်နဲ့ ကွဲပြားခြားနားတဲ့ ကမ္ဘာ့အမြင်ရှိကြတယ်၊ ကျွန်တော်တို့ တရုတ်တွေလား၊ လူမျိုးအရတော့ ဟုတ်တယ်၊ ကျွန်တော်တို့ တရုတ်တွေနဲ့ အတူတူထိုင်ပြီး သူတို့ရဲ့အစိတ်အပိုင်းအဖြစ် အမှန်တကယ် ခံစားရသလား၊ မဖြစ်နိုင်ဘူး၊ ခင်ဗျား တရုတ်စကား ပြောလို့လား၊ မဟုတ်ဘူး၊ ခင်ဗျားရဲ့အဓိက အခြေခံယူဆချက်က ခင်ဗျားရဲ့ဦးနောက်ထဲမှာ ရှိတယ်၊

✧ ✧ ✧

Scanned by CamScanner

(၉)
စင်ကာပူ စိမ်းလန်းစိုပြည်စခြင်း

၁၉၆၈ ခုနှစ်တွင် လေ့လာရန် ဘော့စ်တွန်၌ရှိနေစဉ် တူးခြားမှတစ်ဝကို လီကွမ်ယု သတိပြုမိသည်။ သစ်ရွက်များ၊ ချဉ်ပုတ်များ၊ သစ်ပင်များ၊ သစ်ကိုင်းသစ်ရွက်များအားလုံးက စိမ်းလန်းစိုပြေနေကြသည်။

စင်ကာပူတွင် လမ်းဘေးမှ ချဉ်ပုတ်များက ကားများ၊ လော်ရီများမှ ဒီဇယ်ကြေးများဖြင့် ဖုံးလွှမ်းနေကြသည်။ ဘော့စ်တွန်က စက်မှုထွန်းကားသော မြို့တော်ဖြစ်သည်။ သို့သော် သစ်ပင်များနှင့် သစ်ရွက်များက ၎င်းတို့၏ မြေကျောက်ကဲ့သို့ ဖိတ်စီတ်တောက်နေခြင်းကို ထိန်းသိမ်းထားကြသည်။ ဤအရာက အဘယ်ကြောင့် တိုက်ဘို့ဖြစ်နေသနည်း။

တစ်နေ့တွင် ဘော့စ်တွန်သို့ ကားစီးသွားသောအခါ ဓာတ်ဆီဆိုင်ထဲသို့ ကားများဝင်သွားကြပြီး တစ်စုံတစ်ရာအတွက် တန်းစီနေကြသည်ကို သူ တွေ့မြင်သည်။ အမြဲတမ်း စူးစမ်းတတ်သောလူက "ဘာဖြစ်နေသလဲ" ဟုမေးသည်။

"ကျွန်တော့်ရဲ့ယာဉ်မောင်းက ၆ လတိုင်း ခင်ဗျားရဲ့ကားအိတ်ဇောနဲ့ တခြားညစ်ညမ်းနေတဲ့ အစိတ်အပိုင်းတွေကို အစစ်ဆေးခံရတယ်လို့ ရှင်းပြတယ်။ သူတို့က ခင်ဗျားရဲ့ကားကို စစ်ဆေးပြီးရင် ကားပေါ်မှာ တင်ထားဖို့အတွက် တံဆိပ်ပြားတစ်ခုပေးတယ်။ ဒီတော့ သူတို့မှာ ဒီသစ်ပင်တွေနဲ့ ချဉ်ပုတ်တွေကို ညစ်ညမ်းအောင်လုပ်တဲ့ အိပ်ဇော မရှိတော့ဘူးပေါ့"

စင်ကာပူသို့ သူပြန်လာသောအခါ ထိုစိတ်ကူးအတိုင်း စင်ကာပူ၌မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို မီးခိုးထွက်ရှိမှု စစ်ဆေးရန် သတ်မှတ်ပြဌာန်းသည်။ ယနေ့အထိ ၃ နှစ်မှ ၁၀ နှစ်သက်တမ်းရှိသော ကားများသည် ၂ နှစ်တစ်ကြိမ် အစစ်ဆေးခံကြရပြီး ၁၀ နှစ်ကျော်သောကားများက နှစ်စဉ်အစစ်ဆေးခံကြရသည်။ စင်ကာပူသို့ကုန်ပစ္စည်းများသယ်ဆောင်လာသော မလေးရှားမှ လော်လီကားများက အလွန်ညစ်ပတ်ကြသောကြောင့် စင်ကာပူအစိုးရက ညစ်ပတ်သော မော်တော်ယာဉ်များကို ဒဏ်ကြေးငွေကောက်ခံသည်။

"ဘတ်စ်ကားတွေက မီးခိုးတွေ အများကြီးထုတ်လွှတ်တယ်။ လော်လီကားတွေ၊ အထူးသဖြင့် မလေးရှားက လော်လီကားတွေက ကျွန်တော်တို့ရဲ့ယာဉ်တွေကို ကျွန်တော်တို့ ထိန်းချုပ်ထားပြီးနောက်မှာတောင်မှ အိတ်ဇောမီးခိုးတွေ ဆက်ထွက်နေကြဦးပဲ။ ဒီအခါ မီးခိုးမှုတ်တဲ့ သူတို့ရဲ့ လော်လီကားတွေကို ကျွန်တော် ပိုက်ဆံကောက်တယ်။ ဒါကြောင့် ပဉ္စနှင်းကို သူတို့ထိန်းသိမ်းလာတယ်"

သူက ကျိကဲ့သို့ ဆက်ပြောသည်။

Scanned by CamScanner

"ကျွန်တော်တို့ စက်ရုံတွေရဲ့အခြေအနေက ကျွန်တော့်ကို ညစ်ညမ်းမှုအဆင့် သွန်ပြတယ်၊ ဒီအခါ ကျွန်တော်က ညစ်ညမ်းမှုတိုင်းတာတဲ့ ပီတာတွေ တပ်ဆင်တယ်၊ ဒါကြောင့် ဒီဇယ်လော်လီကားတွေနဲ့ ဘဝဒ်ကားတွေကို ကျွန်တော်တို့ တင်းကြပ်ထားကြတယ်"

စကားဆက်လက်ပြောဆိုပုံအရ လီက စင်ကာပူကို လူတိုင်းအတွက် သန့်ရှင်းစိမ်းစိုသော မြို့တော်နိုင်ငံဖြစ်လိုနှံ့ပတ်သက်၍ ဆုံးဖြတ်ရာတွင် အကြံဉာဏ်သစ်များရှိနေသည်၊ သန့်ရှင်းသောလမ်းများ၊ ကောင်းမွန်သော ရေပေးစနစ်နှင့် လတ်ဆတ်သောလေများကို ရယူဝိုင်ဆိုင်ခွင့်ရှိသူများက လူချမ်းသာများသာ မဟုတ်ကြောင်းကို သူအနိုင်အမာ ယုံကြည်သည်၊ ပတ်ဝန်းကျင်သည် ဆင်းရဲချမ်းသာအားလုံးအတွက် နစ်သက်ဖွယ်ကောင်းရမည်၊ ဆင်းရဲသားများအတွက် ညစ်ပတ်သော ပတ်ဝန်းကျင်သည် ရောဂါဝိုးမှားများ ပေါက်ဖွားသော မြေပြင်ဖြစ်လိမ့်မည်၊ ၎င်းက နိုင်ငံရေးဆိုင်ရာ နာကြည်းမှုများကို မြင်မြဲ စေမည်၊ ဖြေရှင်းချက်က မြို့တော်တစ်ခုလုံးကို သန့်ရှင်းရန်ဖြစ်သည်၊

လူပြည့်ကြပ်နေသော မြို့ပြနေအိမ်များနှင့် သင့်တော်သော မိလ္လာစနစ်မရှိသည့် ကျေးလက်ဒေသများဖြင့် ခွဲခြားပြည့်လွန်နစ်များ အနေအထားအရ လုပ်ငန်းစဉ်က အပြောလွယ်သလောက် အလုပ်ခက်သည်။ ကြီးကျယ်သော ဂျုံစိန်ခေါ်ချက်ကို အခြားဝန်ကြီးများနှင့် အစိုးရအရာရှိများ အလေးအနက်ထားကြဖို့ သေချာလုပ်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို လိုက်ယိတိုင်စိတ်ဝင်စားမှုများ ပြသသည်၊

စိမ်းလန်းစိုပြည်မှ ပြဿနာများအပေါ် သူ၏ စိတ်ဝင်စားမှုများကို ယနေ့အထိ သူ ဆက်လက်သယ်ဆောင်လာပြီး ရာသီဥတုပြောင်းလဲမှု ပြဿနာများကို အလေးထားလျက် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအတင်ဆွေးနွေးပွဲများကို လတ်တလောပုံစံဖြင့် အချိန်နှင့်တစ်ပြေးညီ ထားရှိသည်၊

ကမ္ဘာကြီးမှန်းလာမှန်း ရာသီဥတုအပြောင်းအလဲနှင့် ပတ်သက်၍ လီက ပြီးပြည့်စုံသော သရုပ်မှန်ဝါဒီတစ်ယောက် ဖြစ်သည်၊ ပတ်ဝန်းကျင်အပြောင်းအလဲ သံသယရှိသူများအား ခြွင်းချက်ထားခြင်းကို သူမစ်ပယ်ပြီး ဖန်လုံအိမ်တတ်ငွေ့အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ထုတ်လွှတ်ခြင်းက ကမ္ဘာ့အပူချိန်ကို မြင့်တက်စေပြီး ပတ်ဝန်းကျင်ပြောင်းလဲမှုကို ဖြစ်ပေါ်ရေရလဒ်အဖြစ် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မြစ်များ ခန်းခြောက်လာခြင်း၊ ရေရှာဖွေကြသော လူများ အဝှမ်းအပြားလိုက် ပြောင်းရွှေ့အခြေချခြင်းဖြစ်လာမည်ဟူသော ယေဘုယျသဘောတူညီချက်ကို လက်ခံသည်၊

ဖန်လုံအိမ်တတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် ကိုယ်ကျိုးစီးပွားရှေးရှုကြသော တိုင်းပြည်များ သဘောတူစည်းနှိုင်းကြလိမ့်မည်ဆိုခြင်းကို သူ မယုံကြည်ချေ၊ ဤပြဿနာနှင့် ပတ်သက်၍ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ အကြားမှ အကျဉ်းအကြပ်က ဆက်လက်ရှိနေမည်ဟု သူထင်သည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများက သူတို့၏ ဖန်လုံအိမ် တတ်ငွေ့ထုတ်လွှတ်မှုကို ရပ်ဆိုင်းရန် ဆန့်ကျင်နေကြသည်၊ သို့မဟုတ် သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို သူတို့လျှော့ချရန် လိုအပ်မည် မဟုတ်ချေ၊ ဖွံ့ဖြိုးပြီးတိုင်းပြည်များကလည်း "ရာသီဥတုအကြွေး" ဟု သူတို့ခေါ်ဆိုနေသော အရာကိုပေးဆပ်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သူတို့၏ကြွယ်ဝချမ်းသာမှု သန်းထောင်ပေါင်းများစွာကို လွှဲပေးရန် ဆန့်ကျင်နေကြသည်၊

တိုင်းပြည်များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားမန်စွမ်းပကားဖြင့် ဆက်လက်ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ တတ်နိုင်ထုတ်လွှတ်မှုအဆင့်သည် ထူးထူးခြားခြား အတိုင်းအတာအထိ ကျဆင်းသွားမည်မဟုတ်ကြောင်း၊ ကမ္ဘာကြီးသည် အသစ်ရရှိနိုင်မှု ကျဆင်းနေသော စွမ်းအင်ဇစ်မြစ်နှင့် မြင့်တက်နေသော ပင်လယ်ရေပြင်အမြင့်ဆီသို့ ဒရောသောပါ၊ ဆက်လက်စီးနင်းသွားနေလိမ့်မည်ဖြစ်ကြောင်းကို စင်ကာပူကဲ့သို့သော နိုင်ငံများက မှတ်ယူကြရလေသည်၊ ထက်မြက်သော တိုင်းပြည်များက သူတို့အတွက်ချက်မှကို သူတို့မြှုလုပ်ကြရပြီး ထိုကဲ့သို့ဘေးဒုက္ခဆိုးမှဆိုးကျိုးကို နိုင်နင်းစွာကာကွယ်ရန် အကောင်းဆုံးကြိုးစားကြရလိမ့်မည်၊

Scanned by CamScanner

ဒီအချိန်မှာ ကျွန်မသိပ်ပင်ပန်းနေပြီ။ ဧည့်ကာလသားတွေကို ဝတ္ထုဇာတ်ဆရာများက အတန်းသတ်ခြင်းဖန်သည်။ ဖန်ဝရောင်ခြည် ဖွဖွးစဲကျွင်းသန်းရော်ကုသိုက်ခြင်း၊ မရိုးသားမှု နိဗ္ဗာန်ဝင်ခြင်းတွေအထိ ဇာတ်ကောင်များအတွက် ဘယ်သူ အားပေးသူတွေ ရှိသလဲ ဆိုတာ ရှင်းသွားပါပြီ။ ဒီဇာတ်ကားသည် တွင်းထွက်ရွှေငါးပေါင်းတင်ကားတွေလို ဆင်ခြင်တုံတရားရပါပဲလို့ ပြောရမည်။ ဧည့်ကာလသား ကာကွယ်ထုတ်လွှတ်ရေးကို ဟာသဖြစ်အောင် ဖန်တီးထားသော်လည်း ဇာတ်ကားတစ်ခုအနေနဲ့ ကိုယ်ရဲ့ဘဝကို ပြန်ကြည့်ပြီး ဘာတွေ ပြင်ဆင်ရမလဲ ဆိုတာ ပြန်တွေးစေတဲ့ ဇာတ်ကားတစ်ခုအဖြစ် ကျွန်မ ကောက်ချက်ချခဲ့ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ ဇော်ဂျီက ဘယ်လိုရည်ရွယ်ပြီး ဖန်တီးခဲ့သလဲ ဆိုတာကိုတော့ ကျွန်မ မသိပါ။ ဒါပေမဲ့ ကျွန်မ ခံစားရသလောက်တော့ ဒီဇာတ်ကားဟာ ကျွန်မတို့ ဘဝတွေကို ပြန်လှည့်ကြည့်ဖို့ အကြောင်းပြချက်တွေ ပေးခဲ့တယ်လို့ ဆိုရမှာပါ။

"သူတို့ကို ကျွန်မတော်တို့ ဒီလိုပဲခံစားမယ်။ ဒီပမာ ... ဒီပုံစံအတိုင်း ကိုင်တွယ်အသုံးပြုတဲ့ လူတွေက ဘယ်သူလဲ၊ ကျွန်မတော်တို့ရဲ့ ကာကွယ်ထုတ်လွှတ်ရေးအဖွဲ့ကို ပေးလွှတ်ထိုးကြိတ်ခိုင်းတဲ့ အသက်မွေးဝမ်းစာကွင်း လုပ်ရှားလိုသူတွေ ဘယ်သူတွေလဲ ဆိုတာ ကျွန်မတော်တို့ကို ဝေဖိုးပေးနေတာပဲ။ အဲဒါကို ဝင်ဖျောက်ပြသူ ဘဂျ သန်းခဲ့တာပဲ။ ကျွန်မ ယုံမိ ဝင်ဖျောက်ခြင်း ခံလိုက်ရတာပေါ့" စသည်။

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"ကျွန်တော်နဲ့ သက်သောင့်သက်သာဖြစ်နေတာကို
ကျွန်တော် ဘာကြောင့်လွှင့်ပစ်ရမလဲ။
တစ်ယောက်ယောက် သဘောကျအောင်လုပ်ဖို့
ကျွန်တော် စိတ်မဝင်စားဘူး"

Scanned by CamScanner

ခ - စောစောလိုင်းနှစ်တွေမှာတောင်မှ ငင်ဂျားဟာ စင်ကာပူ ဖွံ့ဖြိုးတိုးတက်မှုကို သန့်ရှင်းစိမ်းလန်းတဲ့ နည်းစနစ်နဲ့ ပြုလုပ်နိုင်အလွန်ဆန်းသစ်အောင် ထောက်ခံခဲ့သူတစ်ယောက်ဖြစ်တယ်၊ ဒီအခန်းအထားကို ခင်ဗျား ဘယ်လိုရလာခဲ့သလဲ၊

ဂြ - ကျွန်တော်တို့ဟာ သေသပ်ကျစ်လစ်တဲ့ ကျွန်းတစ်ကျွန်းပေါ်က မြို့တော်တစ်ခုပါ၊ အရွေးချယ်ခံရတဲ့အိုးရဟာ မြို့တိုသူတွေ ဒီမှာရှိနေတဲ့ကာလို မြို့တော်ရဲ့တည်ဆဲအစိတ်အပိုင်းတွေကို သန့်ရှင်းစိမ်းလန်းအောင်မထားနိုင်ဘဲ ကျွန်တာတွေကို လည်း မြည်တည်(အနာယင်း)အောင် ထားတယ်၊ ပြီးတော့ သူတို့တွေ အနာယင်းလာကြတာပေါ့၊ ကျွေးကျော်တဲ့ ဆံပင်တွေ၊ မလေးရွာတွေ ဖြစ်လာတယ်၊ ရေနုတ်မြောင်းမရှိဘူး၊ မိလ္လာစနစ်မရှိဘူး၊ မြေကြီးပေါ်မှာ ရေတွေ လျှံလာတယ်၊

ကျွန်းတစ်လျှောက်အနှံ့ သန့်ရှင်းတဲ့ လူအဖွဲ့အစည်းတစ်ခု ကျွန်တော်တို့ မဝန်တီးရင် ကျွန်တော်တို့ ပြည်သူ လူတန်းစားနှစ်ခုဖြစ်လာလိမ့်မယ်လို့ ကျွန်တော် အဲဒီတုန်းကလည်း ယုံကြည်တယ်၊ အခုလည်း ယုံကြည်တယ်၊ မင်္ဂလာကွက်သရေရှိတဲ့ ပတ်ဝန်းကျင်နဲ့ အထက်တန်းစား၊ အထက်ပိုင်းအလယ်အလတ်နဲ့ အလယ်အလတ်တန်းစားကတစ်ခု ရယ်၊ ဆင်းရဲတဲ့အခြေအနေရှိတဲ့ အောက်ပိုင်း အလယ်အလတ်တန်းစားနဲ့ အလုပ်သမားလူတန်းစားက တစ်ခုရယ် ဖြစ်လာကြလိမ့်မယ်၊

အဲဒီလို လူအဖွဲ့အစည်းဟာ ကြီးပွားချမ်းသာမှာမဟုတ်ဘူး၊ ကျွန်တော်တို့ နိုင်ငံတာဝန်ထမ်းဆောင်ကြရတော့မယ်၊ ဘယ်ဝိသေးစုကမှ သူတို့ရဲ့ငယ်ရွယ်တဲ့လူတွေကို အိပ်ကြီးတွေရှိတဲ့၊ မြင့်မားတဲ့ မျှော်စင်ကြီးတွေပိုင်ဆိုင်တဲ့ လူတွေ အတွက် သေစေချင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်းတစ်ခုလုံး သန့်ရှင်းစိမ်းစိုပြီး လူတိုင်း အိပ်ခြံမြေပိုင်ဆိုင်ခွင့် အရေးကြီးတယ်၊ ဒါဟာ အခြေခံမူတစ်ခုဖြစ်ပြီး အဲဒီအပေါ်မှာ မူဝါဒတွေအားလုံးကို ကျွန်တော် ရေးဆွဲတယ်၊ ဒါက အလုပ်ဖြစ်တယ်၊

ဒါဟာ ကျွန်တော့်ရဲ့စာရင်းမှာ ထိပ်ဆုံးကရှိတဲ့ ဦးစားပေးကိစ္စတစ်ခုပါ၊ ဘက္ကာရေးနဲ့ ကာကွယ်ရေးပြီးရင် ဒါက ဒီလူအဖွဲ့အစည်းမှာ ညီတူညီမျှဖြစ်တဲ့ အဓိပ္ပာယ်တစ်ခုပါ၊ စင်ကာပူသားအားလုံးကို သန့်ရှင်းစိမ်းစိုတဲ့ စင်ကာပူနိုင်ငံတစ်ခုမပေးနိုင်ဘဲ ဒီအဓိပ္ပာယ်ကို ခင်ဗျားရမှာမဟုတ်ဘူး၊ ဒီနေ့အဆိုန်မှာ ခင်ဗျား အခန်းတစ်ခန်း၊ နှစ်ခန်း၊ သုံးခန်း၊ လေးခန်း၊ ဒါမှမဟုတ် ငါးခန်းရှိတဲ့ တိုက်ခန်းမှာပဲနေနေ၊ သီးသန့် ကွန်ဒိုမီနီယံမှာပဲနေနေ၊ ကိုယ်ပိုင်ခြံဝန်းနဲ့ပဲနေနေ အဲဒါဟာ သန့်ရှင်းနေတယ်၊ ခင်ဗျား ညီတူညီမျှ မနေထိုင်ရဘူး၊ ဒါပေမဲ့ လူတိုင်းအတွက် ပြည်သူ့နေရာတွေကနေ ခင်ဗျားကို သီးသန့်ဖယ်မထားဘူး၊

ဃ - စင်ကာပူဟာ ဒီအဆိုန်အတွင်းမှာ စက်မှုထွန်းကားနေတယ်၊ ဝင်လာနေကြတဲ့ စက်မှုလုပ်ငန်းတချို့က ညစ်ညမ်းစေနကြတယ်၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်ဝန်းကျင်အကြားမှာ ဟန်ချက်ကို ခင်ဗျား ဘယ်လိုထိန်းထားသလဲ၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိစ္စတွေကြောင့် ရပ်ဆိုင်း၊ ဒါမှမဟုတ် ဆိုင်းငံထားရတဲ့ စီမံကိန်းတချို့ရှိသလား၊

ဌ - ညစ်ညမ်းမှုကို လျော့ချ၊ ဒါမှမဟုတ် ဖယ်ရှားပစ်ဖို့ အသုံးပြုနိုင်မဲ့ ညစ်ညမ်းမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေက ဘာတွေလဲဆိုတာ ကျွန်တော်တို့ စဉ်းစားပယ်၊

ကျွန်းရေနံတတုသန့်စင်စက်ရုံကို ဆူပီတိုမိုနဲ့ ကျွန်တော်တို့ စတင်လုပ်ကိုင်တဲ့အခါ သူတို့က ဂျပန်စံနှုန်းတွေကို အသုံးပြုတယ်၊ ကျွန်တော်တို့အကြီးအကျယ်စကားမျှားကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဥရောပမှာ

Scanned by CamScanner

အမြင့်ဆုံးဖြစ်တဲ့ ဂျာမန်စံနှုန်းကို လိုချင်ကြတာကြောင့်ပို့ပါ။ တရုတ်(တိုင်ပေ)က ကာအိုရှန်ကို ကျွန်တော် တွေ့မြင်ခဲ့တယ်။ သူတို့ရဲ့ ရေနံဓာတုစက်ရုံတွေနဲ့ ခပ်လှမ်းလှမ်းက ကာအိုရှန်ဂေါက်ကွင်းမှာ ကျွန်တော် ဂေါက်ကစားခဲ့တယ်။ ကျွန်တော်တို့ ကစားကြတဲ့အခါ ရေနံဓာတုစက်ရုံတွေက အနံ့ကို ကျွန်တော်တို့ ခံစားမိကြတယ်။

ကုန်ကျစရိတ်မြင့်တက်မှာကြောင့် ကျွန်တော်တို့ အပြင်းအထန် အငြင်းအခုံဖြစ်ကြတယ်။ ကျွန်တော်တို့က ဆူဝီတိုပို့ကို ဂျာမန်နည်းလမ်းအတိုင်းပြုလုပ်ဖို့ အတင်းအကြပ်ပြောတယ်။ နို့မဟုတ်ရင် စီမံကိန်းကို ကျွန်တော်တို့ ရပ်ဆန့်မယ်။ လိုအပ်တဲ့ ဂဟိရယာတွေအားလုံး တပ်ဆင်ပြီး ညစ်ညမ်းမှုကို လျော့ချရင် ဝပ်ပါမစ်ကြေးတွေ ပယ်ဖျက်ဖာမည်။ အလုပ်သမားနဲ့ ပတ်သက်တဲ့ ခွင့်ပြုလိုက်လျောချက်အားလုံး သူတို့ကို ကျွန်တော်တို့ပေးမယ်။ အပေးအယူတည့်သွားပြီး သူတို့ ဆက်လုပ်ကြတယ်။ ဒီနေ့အချိန်မှာ ဂျူးရုန်ကောင်တီကလပ်၊ ဒါမှမဟုတ် ရတ်ဖလက်ကောင်တီကလပ်ကနေ ကျွန်တော်တို့စက်ရုံအရုံ မရတော့ဘူး။ ကျွန်တော်တို့ခွင့်ပြုခဲ့မိရင် အစိတ်အပိုင်းအသစ်တွေ ထပ်ထည့်ရတာက ကုန်ကျစရိတ် အများဆုံးဖြစ်လိမ့်မယ်။

ဂျာမန်တွေက အမြင့်ဆုံး စံနှုန်းရှိကြတဲ့ လူတွေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့မြို့တွေအနီးမှာ သန့်စင်စက်ရုံတွေနဲ့ ရေနံဓာတုအလုပ်တွေ ရှိကြတာကြောင့်ဖြစ်တယ်။ အမေရိကန်တွေက အချိန်နဲ့အမျှ စည်းကမ်းဥပဒေတွေ ပိုတင်းကြပ်လာတယ်။ ဒါပေမဲ့ သူတို့က ဟူစတန်လို ကျယ်ဝန်းတဲ့ဒေသတွေရှိတယ်။ အဲဒီနေရာမှာ ဟာရီကိန်းနဲ့ လေပြင်းတွေက ညစ်ညမ်းမှုတွေကို တိုက်ခတ်ပစ်လိမ့်မယ်။ အဲဒီစက်ရုံတွေ ပတ်ပတ်လည်မှာ သူတို့ နေအိမ်တွေ တိုးမြှင့်ဆောက်လုပ်ကြတဲ့အခါ စံနှုန်းတွေကို မြှင့်တင်ခဲ့ကြတယ်။ ကျွန်တော်တို့က သေးငယ်တဲ့ ကျွန်းကလေးပါ။ ကျွန်တော်တို့ ကျွန်းကို ဖျက်ဆီးရင် ဆိုးကျိုးတွေခံရလိမ့်မယ်။

ငမး - စင်ကာပူကို စီမံးလန်းစိုပြည်အောင်ပြုလုပ်မယ့် ခင်ဗျားရဲ့ စတွေးခေါ်စဉ်းစားမှုက နစ်မျှားစွာအတွင်း ပြောင်းလဲခဲ့သလား။

ငမြ - ဟင့်အင်း . . . နယ်ပယ်အားလုံးမှာ ကျွန်တော်တို့အားလုံး ပြောင်းလဲရတယ်။ ကျွန်တော်တို့ ကမ္ဘာ့စံနှုန်းတွေကို အမီလိုက်ရတယ်။ ကျွန်တော်တို့ အိုအေစစ်တစ်ခု ဖြစ်ချင်ရင် ကျွန်တော်တို့ ပထမကမ္ဘာ အခြေအနေတွေကို ဖန်တီးရမယ်။ ပတ်ဝန်းကျင်လောက်သာမဟုတ်ဘူး အထောက်အကူပစ္စည်းတွေ၊ ကျွန်းဟရေးစံနှုန်းတွေ၊ ဝန်ဆောင်မှုတွေ၊ အဆက်အစပ်ရှိမှုတွေ၊ လုံခြုံစိတ်ချရမှုတွေ လိုတယ်။ အချိန်တိုင်းမှာ တည်ရှိနေတဲ့ အမြင့်ဆုံးစံမှတ် ကျောက်တွေကို ကျွန်တော်တို့ အမီလိုက်ရမယ်။

ကျွန်တော်တို့ကို အသီးအနှံမဖြစ်တွန်းတဲ့အသက်မရှိတဲ့ကျွန်းလို့ ခေါ်ကြတယ်။ ဒါပေမဲ့ကျွန်တော်တို့ရဲ့ကျွန်းက လုံခြုံစိတ်ချရတယ်။ ညစ်ညမ်းမှုမရှိဘူး။ ကျွန်တော်တို့ အခြေခံတွေနောက်ကိုလိုက်တယ်။ အခုအခြေခံတွေကို အခိုင်အမာလုပ်ပြီးပြီဆိုတော့ "ကျေနပ်စိတ်ဖြစ်မှု" နောက်ကို ကျွန်တော်တို့ လိုက်မယ်။ စင်ကာပူမြစ်တစ်လျှောက် ဆိပ်ကမ်းသာတစ်ဝိုက်မှာ ကာရာအိုကေခန်းတွေ၊ ဒစ္စကိုရုံတွေ စတာတွေနဲ့ တစ်ညလုံး ဘီယာသောက်မယ်။ ကက်စီနိုတွေနဲ့ ပေါင်းရုထားတဲ့ အပန်းဖြေစခန်းတွေကပြဿနာအသစ်တွေ သယ်ဆောင်လာလိမ့်မယ်။ (ပြည်ထဲရေးဝန်ကြီး) ဇေါင်ကန်ဆင်နဲ့ ရဲဘော်တို့က ဂရုတစိုက် တိုင်ပင်ဆွေးနွေးပြီးနောက်မှာ မူးယစ်ဆေးဝါး၊ ဓာတ်ကြေးခဝါချမှုနဲ့ ပြည်တွင်းဆာလုပ်ငန်းကို ထိန်းချုပ်ထားတယ်ဆိုတာ သူတို့ယုံကြည်တယ်လို့ ပြောကြတယ်။ သူတို့ အာမ.မခံနိုင်တာက လောင်း

Scanned by CamScanner

နှိုက်ပေးကြောင်းလေးတင်ပြသွားပါတယ်။

ဥပမာ ။ ။ (တော်ပြီများတယ်း) နဲ့ပြောတယ်။ ခုလုပ်ပြနေတဲ့အလုပ်တွေက ကားပြင်ပွဲတွေပြုလုပ်ပြီး ကျွန်တော်တို့ဝိုင်းမှာယေ
ဒတွေကိုအဆင်ပြေအောင်ကြိုးစားဆောင်ရွက်ပေးသွားလို့ခုလိုဆင်းရဲလာကြောင်းတဲ့စိတ်ကူးမဟုတ်ဘူးလို့ကျွန်တော်ထင်တယ်။
ဥပမာ ။ ။ အများသောတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဆွဲဆောင်တာတွေရှုတဲ့အခါ ကျွန်ုပ်တော်စိတ်ပြောင်းသွားတယ်။ ကျွန်
တော်တို့ အဆုတ်ဆယ်ယဉ်ကားလမ်း မလုပ်ဘူး၊ လမ်းသားတွေကို ကျွန်တော်တို့ ပြုပြင်ပိုးတော်တယ်။ မိုနာကိုလို
သူတို့ကို ပြုပြင်မှာ ကားဆောင်းပြင်ခွင့်ပြုတယ်။ ဒိုနာကိုက အောင်မြင်တယ်။

၈။ - နိုးကားဆေး ခွဲစိုးထိုးဆေးကုမ္ပဏီ တော်ဝင်းကွင် အခြေအနေ ထည့်သွင်းစဉ်းစားမှုအကြားမှာ ဘာဦးစားပေး
သလဲ။

ဖြေ - ကျွန်တော်တို့ပြုလုပ်တဲ့အမှားတစ်ခုက (တန်ဖြုန်ဘာလဆောက) သန့်စင်ရာနဲ့ကို တန်ဖြုန်ပါဝါဆိပ်ကမ်းအနီးမှာ ငွင်
ပြခဲ့တာကြောင့်ပါ။ ဘွန်တော် အဲဒါကို ဆန့်ကျင်တယ်။ အဲဒေသဲ့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု မလုပ်လောက်ဘူး။ ကျွန်
ကုမ္ပဏီ (ဟန္တသဲ့ တိုယိုတ်ဆိုင်ကုမ္ပဏီ) က ဆိပ်ကမ်းအနီးမှာရှိတဲ့ ဒီဇနရောကို သူတို့ကိုပေးရင် သူတို့ သန့်စင်စက်ရုံ
ဘည့်ဆောက်မယ်လို့ ပြောတယ်။ ဒိုကင်ဆိုက ကျွန်တော်ကို တိုက်တွန်းတယ်။ လုပ်ပါဖို့။ အဲဒါက ကျွန်တော်ရဲ့
ပုံမှီစကားအမှန်တဲ့ သုံးဆယ်ချက်နဲ့ ဆန့်ကျင်နေတယ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုတွေလိုတယ်လို့ သူပြော တယ်။
သူတို့ကို ကြွေးဆိုတယ်ဆိုတာ ဂျပန်တွေကို ကျွန်တော်တို့ အချက်ပြနိုလိုအပ်တယ်။ ဒါကြောင့် ကျွန်တော် သဘော
တူလိုက်တယ်။ နှစ် ဥဝ ဝုဒရုံးစားချပ်နဲ့ပေါ့။ တချပ်သက်တမ်း ကုန်တဲ့အထိ ကျွန်တော်တို့ စောင့်ရမယ်။ သူတို့က
ဘဲဒဲကို (နိုင်ငံခြားငါးဝဲ ရေနံကုမ္ပဏီ) BP ကို လွှဲပြောင်းပေးတယ်။

၉။ - စင်ကာပူရဲ့ ရေနံဆာတုံးတော်မှုလုပ်ငန်းတွေတာ ကာတွန်တွေ အတော်များများ ထုတ်လွှတ်နေကြတာကြောင့် လုပ်
ကန်ဆင်းတစ်ခု ဖြစ်တော့မယ်လို့ လူတချို့က ပြောနေကြတယ်။ အဲဒါတွေက ကာဗွန်ထုတ်လွှတ်မှုနဲ့ ပတ်သက်လို့
ဖောကာဆတောတူညီချက်တွေကို စင်ကာပူ ကျင့်သုံးမှာကို လမ်းပိတ်ဆို့နေကြတယ်။ အဲဒါမှန်တယ်လို့ ခင်ဗျား
ထင်သလား။ ရေနံဆာတုံးလုပ်ငန်းကို စင်ကာပူ ဒွန်လွှတ်ရမလား။

ဖြေ - ကျွန်တော်တို့ဒီ ဂုဏ်ပေါင်း ကာဗွန်ထုတ်လွှတ်မှု ပမာဏက ကမ္ဘာထုတ်လုပ်မှုပမာဏရဲ့ ဝ.၂ ရာခိုင်နှုန်းရှိတယ်။ ကျွန်
တော်တို့ဒဲ့ သန့်စင်စက်ရုံတွေက ကျွန်တော်တို့အတွက် လည်ပတ်နေကြတာ မဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ရေနံ
သန့်စင်စက်ရုံတွေက ဥ ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့အတွက် လည်ပတ်ပေးတာပါ။ ကျန်တာတွေက ဖိုကွန်
အတွက်ပါ။ နိုင်ငံခြားငါးဝဲကုမ္ပဏီတွေက ကျွန်တော်တို့ရဲ့ လုံခြုံစိတ်ချရမှုကြောင့် စင်ကာပူမှာ ရင်းနှီးမြှုပ်နှံကြတယ်။
သူတို့က ကုန်ဈေးတွေကို ဒေသသဲ့ကာ တိုင်းပြည်တွေအားလုံးဆီ ပေးပို့တယ်။ မြောက်ဘက်ဆိုရင် အလာစကာ
အထိရောက်တယ်။ တောင်ဘက်ဆိုရင် နယူးဇီလန်အထိရောက်တယ်။

Scanned by CamScanner

ကမ္ဘာကုလသမဂ္ဂက ရာသီဥတုအပြောင်းအလဲဆိုင်ရာ အစိုးရပေါင်းစုံ အကဲဖြတ်အဖွဲ့ကို ကျွန်တော်တို့ ဒီလိုခေါ်ခဲ့တယ်၊

"ဓာတုငွေ့တို့ ဒီအခြေအနေကိုရောက်သွားပါ၊ တရုတ်က ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ အစွပ်အစွဲခံရတဲ့အခါ ပတ်ဝန်းကျင်ညစ်ညမ်းတဲ့ စက်မှလုပ်ငန်းတွေကို တရုတ်ပြည်ဆီတွန်းပို့ခဲ့တဲ့ အနောက်ဘက်နိုင်ငံတွေအတွက် ဒီကုန်ပစ္စည်းတွေကို သူထုတ်လုပ်နေတယ်လို့ တုံ့ပြန်ခဲ့တယ်"

ဒါပေမဲ့ တရုတ်ကိစ္စမှာ သူတို့က ကျောက်မီးသွေးနဲ့လည်ပတ်တဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို အသုံးပြုကြတယ်၊ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် ဓာတ်ငွေ့ကို အသုံးပြုတယ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အနည်းဆုံးဖြစ်စေဖို့အတွက် ဖြစ်နိုင်သမျှအရာတိုင်း ကျွန်တော်တို့လုပ်တယ်၊ မလေးရှားနဲ့ အင်ဒိုနီးရှားက ကျွန်တော်တို့ရဲ့ဓာတ်ငွေ့ထောက်ပံ့သူတွေ ကန်ထရိုက်စာချုပ်ဖျက်မှာကို ကျွန်တော်တို့ ရိုးရိုးရိုးရိုးပဲ၊ တစ်ခါတစ်ရံမှာ သူတို့က ပိုပိုပြင်းမားတဲ့ ဈေးနှုန်းနဲ့ တခြားတစ်ယောက်ယောက်ကို ရောင်းချချင်တဲ့အခါ ကျွန်တော်တို့ထက် သူတို့ဓာတ်ငွေ့ပိုရဖို့လိုအပ်တဲ့အကြောင်း ပြောကြတယ်၊ ဒါကြောင့် ဓာတ်ငွေ့တွေသိုလှောင်ဖို့ LNG လှောင်ကန်တစ်ခု ကျွန်တော်တို့ တည်ဆောက်နေပြီး ကာတာနဲ့ တခြားနေရာတွေက ဓာတ်ငွေ့တွေရယူနေတယ်၊ ကျွန်တော်တို့ ဓားစားခံအဖြစ်မခံဘူး၊ ကျွန်တော်တို့ရဲ့အနေအထားကို ကျွန်တော်တို့ မပြတ်တမ်း ကိုက်ညီပြင်ဆင်နေရတယ်၊ ဘယ်ဟာမှ ငြိမ်နေဘူး၊

ေမး - ကမ္ဘာကြီးဟာ အပြောင်းအလဲပြုလုပ်ချင်တဲ့ ဆန္ဒမရှိခြင်းရဲ့ရလဒ်တွေကို ကိုက်ညီပြင်ဆင်ရလိမ့်မယ်လို့ ခင်ဗျား ပြောတာဟာ ဘာကို တိတိကျကျ ဆိုလိုတာလဲ၊

ေျြ - တောင်ဘက်မှာ ဩစတြေးလျှံစားခဲ့ရတယ်၊ မြောက်ဘက်က မိုးတွေ ပိုရွာနေတယ်၊ ဒါပေမဲ့ ဒါက တိုးတက်ဖြစ်ထွန်းမှု ပထမအဆင့်ပါ၊ ဒီအလားအလာ ဆက်လက်ဖြစ်နေရင် ကျွန်တော်တို့အတွက် သိပ်မဆိုးဘူးလို့ ကျွန်တော် ထင်တယ်၊ ကျွန်တော်တို့ မိုးပိုမိုရရှိလိမ့်မယ်၊ ဒါပေမဲ့ အဲဒါက လားရာပြောင်းလဲတဲ့ လေစီးကြောင်းတွေနဲ့ အဆုံးသတ်နိုင် တယ်၊ ကျွန်တော်တို့ စင်ကာပူမှ အယ်လ်နီညို ပိုမိုရရှိပြီး မိုးနည်းသွားလိမ့်မယ်၊ ဒါက ဒုက္ခပေးလိမ့်မယ်၊ ကွဲပြားခြားနားတဲ့ ဟောကိန်းတွေအတွက် ကျွန်တော်တို့ပြင်ဆင်ထားရမယ်၊ စင်ကာပူအတွက် ဘာရလဒ်ထွက်ပေါ် လာမလဲဆိုတာ ဘယ်သူမှ ကြိုတင်မပြောနိုင်ဘူး၊ လောလောဆယ် အလားအလာကတော့ ကျွန်တော်တို့ ပိုပြီးငိုစွတ်လာနေတယ်၊ ပိုပြီး မခြောက်သွဲဘူး၊ ဩစတြေးလျှံက တောင်းပိုင်းမှာ ပိုပြီး ခြောက်သွဲလာတယ်၊ မြောက်ပိုင်းမှာ ငိုပြီး ငိုစွတ်လာတယ်၊ သူတို့ တောင်ပိုင်းကို ရေတွေ စုတ်သွင်းကြရတယ်၊ ဒါပေမဲ့ သူတို့မှာ ကျောက်မီးသွေး၊ ဓာတ်ငွေ့နဲ့ ယူရေနီယံတွေ မကုန်နိုင်လောက်အောင် ထွက်ရှိတယ်၊ ပင်လယ်ရေကို သူတို့ ဆားငန်ဓာတ်ထုတ်နိုင်ပြီး ကျွန်တော်တို့လုပ်သလို ရေကို ပြန်လည်သန့်စင်နိုင်ကြတယ်၊

ေမး - လူတွေ၊ ဥပမာ - အယ်လ်ဂေါ မြောဆိုတာကို ခင်ဗျား အပြည့်အဝ သဘောပေါက်လက်ခံသလား၊ သူက ရာသီဥတု အပြောင်းအလဲဟာ ကမ္ဘာကို ပြောင်းလဲခဲ့ပုံအကြောင်း အကျိုးကြောင်းသင့်မြော်ခဲ့တယ်၊ သူတို့တင်ပြတဲ့ သက်သေ

Scanned by CamScanner

မြ - ကျွန်တော်ရဲ့သုံးသပ်ချက်ကတော့ အဓိကရဟာ ပဲတွေ အရုံးခံပြီး လိုအပ်တဲ့အရာကို ပြုလုပ်ဖို့အတွက် ဆန္ဒမရှိဘူး ဆိုတာပါပဲ။ ကွဲပြားခြားနားတဲ့ ကမ္ဘာနဲ့ကိုက်ညီအောင် ကျွန်တော်တို့ ပြုပြင်မွမ်းမံပြုလုပ်ဖို့ပြင်ဆင်ရမယ်။ အမေရိကန်တွေက တရုတ်ကို ကျောက်ဦးသွေးတွေ အသုံးပြုနေတာ ရပ်တန့်စေချင်တယ်။ ဒါမှမဟုတ် သူတို့ရဲ့ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချစေချင်တယ်။ တရုတ်က ...

"ဒီနှစ်တွေအားလုံးကို စုပေါင်းလိုက်ရင် မင်းတို့က ကြီးကျယ်တဲ့ ပတ်ဝန်းကျင်ညစ်ညမ်းသူတွေပါ" လို့ပြောတယ်။ အခု တရုတ်နဲ့ အိန္ဒိယက စေ့စပ်ညှိနှိုင်းကြသူတွေက အမေရိကန်ကို ၁၉၉၀ ပြည့်နှစ် ညစ်ညမ်းမှုစံနှုန်းကနေ ၄၀ ရာခိုင်နှုန်း လျော့ချဖို့ ပြောနေကြတယ်။ ဒါပေမဲ့ အမေရိကန်ကွန်ဂရက်က ဓနလုံအိမ်စာတမ်းဥ. ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်အဆင့်ကနေ ၄ ရာခိုင်နှုန်းပဲ လျော့ချဖို့ ဥပဒေကြမ်းတစ်ခုကို အာဏာပြုခဲ့တယ်။ တရုတ်ကတော့ မလွှမ်းရှားဘူး။ ကမ္ဘာကြီး ပူနွေးလာမှုအတွက် တရုတ်မှာ တာဝန်မရှိဘူး။ အမေရိကန်မှာ တာဝန်ရှိတယ်။

တိုင်းပြည်တိုင်းက တိုးတက်ကြီးထွားဖို့ ကြိုးစားနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ တိုးတက်မကြီးထွားရင် အတွင်းပိုင်းပြဿနာကို သူတို့ရင်ဆိုင်ကြရလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ရဲ့စိတ်ခံစားချက်အရ သုံးသပ်ချက်ကတော့ အကျိုးဆက်တွေနဲ့ ကိုက်ညီပြုပြင်ဖို့ ပြင်ဆင်ထားပါ။ သူတို့ရဲ့ပတ်ဝန်းကျင်က ကမ္ဘာ့ပူနွေးလာမှုရဲ့ဖျက်ဆီးခြင်း အကျိုးသက်ရောက်မှုတွေကို တရုတ်နဲ့အိန္ဒိယတို့ သိရှိလာတဲ့အဆိုန်ကျရင် သူတို့ ပြတ်ပြတ်သားသား စတင် အရေးယူ ဆောင်ရွက်ကြလိမ့်မယ်။

ကျွန်တော်တို့ရဲ့ပြဿနာကတော့ ဝင်ရိုးစွန်းက ရေခဲတိမ်ပိုင်းတွေ အရည်ပျော်ရင်၊ ကြိုတင်တွက်ချက်မှုအရ၊ ပင်လယ်ရေမျက်နှာပြင် တစ်မီတာကျော်ကျော် မြင့်တက်သွားလိမ့်မယ်။

စင်ကာပူအတွက်တာတမံတွေ ဆောက်လုပ်ဖို့အတွက် ဒတ်ချ်တွေကို ကျွန်တော်တို့ လေ့လာခိုင်းတယ်။ ဒါပေမဲ့ အဲဒါက လုပ်ဖို့မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ပင်လယ်တံတိုင်းတစ်ခု တည်ဆောက်ရမယ်လို့ သူတို့ သုံးသပ်ချက်ရတယ်။ ကျွန်တော်တို့ ပင်လယ်တံတိုင်း တည်ဆောက်နိုင်တယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ရဲ့ဆိပ်ကမ်းက ပင်လယ်တံတိုင်းအပြင်ဘက်မှာ ရှိနေလိမ့်မယ်။ အနီးပတ်ဝန်းကျင်က ကျွန်းစုတွေ ဘာဖြစ်ကြမလဲ။ ကျွန်တော်တို့ လျော့နည်းကျသွားတဲ့ ကျွန်းစုရဲ့ဝဟိုတစ်ခုဖြစ်လာလိမ့်မယ်။ အကျိုးဆက်တွေ ရှင်းလင်းပြတ်သားမှုမရှိဘူး။ ပင်လယ်ရေအမြင့်တစ်မီတာတက်လာရင် ကျွန်တော်တို့ ကမ်းခြေအစိတ်အပိုင်းတချို့ဆုံးရှုံးပြီး ရှင်သန်ရပ်တည်နိုင်သေးတယ်။ ဒါပေမဲ့ ဆိုကြပါစို့၊ ၆ မီတာတက်သွားပြီတဲ့။ ဒါဆိုရင်တော့ ပင်လယ်တံတိုင်းမရှိရင် စင်ကာပူရဲ့၅ ပုံ ၁ ပုံဟာ ရေအောက်ရောက်သွားလိမ့်မယ်။

မေး - နောင်ဖြစ်လာမယ့် ဒီကိစ္စကို ခင်ဗျား ဘယ်လိုမြင်သလဲ၊

မြ - ကျွန်တော်ကရာသီဥတုကျွမ်းကျင်သူမဟုတ်ဘူး။ ဒီဖြစ်နိုင်ဖွယ်ရာတွေကို ကျွန်တော် ခန့်မှန်းတွက်ချက်နိုင်ဘူး၊ ကျွမ်းကျင်သူတွေပြောတာကို ကျွန်တော် လက်ခံရမယ်။

Scanned by CamScanner

ကျော် + ဟောပြောသိရှိ

ငယ - ကျွန်တော်တို့ဟာ စံပြအဆင့်မြင့် အပူပိုင်းပြုတော်မြစ်ပြီး ဝလေအားစက်တွေကို ဒီဝလောက် မိုမိုအားထားမြင်း မရှိဘဲ နေနိုင်မလား။

ငပြ - ရာသီဥတုကို ကျွန်တော်တို့ မပြောင်းလဲနိုင်ဘူး။ အမှန်တော့ ပြုပြင်ထိန်းသိမ်းတွေအားလုံးဟာ ကွန်ကရစ်နဲ့လမ်းတွေရဲ့အပေါ် စုပ်ယူထားမှုကြောင့် ပိုပြီး မှလောင်လာကြတယ်၊ ကျွန်တော်တို့မှာ အမြဲတစေတိုက်တော်နေတဲ့ လေပြည်လေညှင်းတွေ အိမ်အတွက် မြေယာတွေရှိရင် ကျွန်တော်တို့ လေအားစက်တွေမရှိဘဲ နေနိုင်ကောင်းနေနိုင်လိမ့်မယ်၊ အားလုံး လေပြည်လေညင်းရနိုင်မှာ မဟုတ်ဘူး။ အိမ်အများအပြားက တခြားအထပ်မြင့် အဆောက်အဦးတွေနဲ့ ဝိတ်ဆိုခံကြရလိမ့်မယ်။

ရုံးတွေမှာ ထုတ်လုပ်မှုမလျော့စေဘဲ လေအေးစက်အသုံးပြုတာ လျော့နိုင်အောင် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ၊ ၁၉၅၀ပြည့်နှစ်တွေက လေကွတ်အင်ရွန်ကုမ္ပဏီမှာ ရှေ့နေအဖြစ် အလုပ်လုပ်စဉ်အခါက ရုံးခန်းတွေမှာ သာလေးစက်တွေရှိကြတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒါတွေက ဈေးကြီးလို့ပါ၊ စာရေးတွေနဲ့ တခြားအလုပ်သမားတွေက ရုံးခန်းဟင်းလင်းပြင်ထဲမှာ ထွက်နေကြရတယ်၊ မွန်းလွဲအပျိုန်တိုင်းမှာ ပန်ကာတွေက အရှိန်ပြည့် လည်နေကြတယ်၊ စာရွက်တွေမလွင့်အောင် စာရွက်ဖိတဲ့အလေးတုံးတွေ သူတို့မှာရှိကြတယ်၊ အစာစားပြီးနောက်နဲ့ မွန်းလွဲပိုင်း အပျိုန်တက်တဲ့အခါ လက်နိပ်စက်ရိုက်တဲ့အမှားတွေ ပိုများလာတယ်၊

ဒါကြောင့် ၁၉၅၅ ခုနှစ်ကစပြီး ကျွန်တော်ကိုယ်ပိုင်ရှေ့နေရုံးရလာတဲ့အခါ တစ်ရုံးလုံးကို ကျွန်တော် လေအေးစက်တပ်တယ်၊ ရုံးကလေးက ဧသေးပါတယ်၊ ဟလာကာလမ်း၊ အမှတ် - ၁၀၊ ပထမထပ်မှာရှိတယ်။ မွန်းလွဲပိုင်းအပျိုန်မှာ ထုတ်လုပ်နိုင်မှု ကျဆင်းမသွားဘူး။

အကောင်းစား ဝေဖာမုန့်ထုတ်လုပ်တဲ့ စက်ရုံတွေနဲ့ အခြား အနစ်စိတ်လုပ်ရတဲ့ အလုပ်တွေမှာ ဆံပင်နဲ့ တခြားအမှုန်အမွှားပစ္စည်းတွေက ထုတ်ကုန်ကို မထိခိုက်စေရအောင် လူအားလုံးက ဝတ်ရုံတွေနဲ့ ပလတ်စတစ်ခေါင်းစွပ်တွေ ဝတ်ကြရတယ်၊ အဲဒီနေရာမှာ လေအေးစက်မရှိရင် သူတို့ အလုပ်လုပ်နိုင်ကြမှာ မဟုတ်ဘူး။

တခြားနည်းလမ်း မရှိဘူး။ ကျွန်တော်တို့မှာ ရွေးချယ်စရာတစ်ခုပဲရှိတယ်။ အဲဒါက ဈေးမကြီးအဆောက်အဦးတွေ ဆောက်လုပ်ဖို့ပဲ။ ကျွန်တော်တို့ ၂ ထပ်၊ ၃ ထပ် အဆောက်အဦးတွေဆီကို ပြန်မသွားနိုင်တော့ဘူး။ ၁၉၆၀ ပြည့်နှစ်တွေမှာ ပြီးစီးခဲ့တဲ့ ဒီအစွတာနာအဆောက်အဦက အရှေ့ပြောက်နဲ့ အနောက်တောင် မုတ်သုန်လေကို မျက်နှာမူနေတယ်၊ နေရောင်ခြည်မရောက်အောင် သူမှာ ရှည်လျားတဲ့ စကြံတွေရှိတယ်။

၁၉၅၀ပြည့်နှစ်တွေမှာ ဘုရင်ခံတွေက ကျွန်တော့်ကို ဖိတ်ခေါ်လေ့ရှိကြတဲ့အခါ အိန္ဒိယပုံစံ ယပ်တွေရှိတယ်၊ အဲဒါတွေက ရှည်လျားတဲ့ တုတ်ချောင်းတစ်ချောင်းနဲ့ အဝတ်စတစ်စပေါ့၊ အဲဒါကို တစ်ယောက်ယောက်က သူ့ရဲ့ခြေထောင်းမှာ ချည်နှောင်ပြီး ရှေ့နောက်ဆွဲရင် စင်ကျားလေရလာတယ်၊ အိန္ဒိယမှာ မူပြင်းတဲ့ နွေရာသီလတွေဆိုရင် မူဆလင်တွေက ပြတင်းပေါက်တွေနဲ့ ဝရံတာတွေမှာ မုန်ကုက်ပေါင်းတွေ လုပ်ထားကြတယ်။ သူတို့က အဲဒီအပေါ်ကို ရေတွေ လောင်းချတယ်၊ လေပူတွေက အဲဒါကို ဖြတ်သန်းတိုက်ခတ်တဲ့အခါ ရေတွေက အခန်းကို အေးမြအောင် လုပ်ပေးတယ်၊

ကျွန်တော်တို့က ပင်လယ်ဘက်ကလွဲလို့ သဘာဝလေပြည်လေညင်းရတဲ့ နေရာမဟုတ်ဘူး။ ရှေးခေတ်က လူတွေ ဘယ်လိုနေခဲ့ကြသလဲ။ မလေးတွေ ဘယ်လိုလုပ်ခဲ့ကြသလဲ၊ သူတို့က ဖွင့်ထားတဲ့ ပြတင်းပေါက်တွေ၊ တံခါးတွေနဲ့

Scanned by CamScanner

ပြောကျင့်ကျင့်သင့်လုပ်သင့်မလုပ်သင့်အပြဿနာတွေ ဆောက်ကြတယ်၊ သက်ငယ်ခေါင်မိုးက အုတ်ကြွပ်ခေါင်မိုး၊ သွပ်ခေါင်မိုးတွေထက်ပိုကောင်းတယ်၊ ခင်ဗျား မှက်နာကြက်မလိုဘူး၊ အဲဒါက အပူခံတယ်၊ ဒါပေမဲ့ လေပြည်လေညင်းမရှိရင် ပြည်နေတဲ့လေကို ခင်ဗျား ခံစားရတယ်၊ အမျိုးသား၊ အမျိုးသမီးနှင်းဝင်းလုံးက လုံချည်တွေဝတ်ကြတယ်၊ ခြေထောက်တွေထဲကို လေဝင်တယ်၊ အမျိုးသားတွေက စွပ်ကျယ်ဝတ်ကြတယ်၊ ဒါမှမဟုတ်ရင် ရင်ဘတ်ဝလာနဲ့ နေကြတယ်၊ ဒါက ကျွန်တော်တို့ရဲ့ရာသီဥတုပဲ၊

မေး - လျှပ်စစ်ကားတွေနဲ့ ကျွန်တော်တို့ရဲ့သယ်ယူပို့ဆောင်ရေးစနစ်ကို လျှပ်စစ်နဲ့လုပ်မယ့် သဘောတရားအသစ်တွေကရော ဘယ်လိုလဲ၊

ဖြေ - အဲဒါ လာလိမ့်မယ်၊ အဲဒါက မျိုးမတူပေါင်းစပ်တဲ့ အရာတွေနဲ့ အစပြုနေပြီ၊ လျှပ်စစ်ကားအတွက် ကုမ္ပဏီတွေ R & D (သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှု) နက်နက်ရှိုင်းရှိုင်း လုပ်နေကြတယ်၊ အဲဒါတွေက ဒီဇယ်၊ ဓာတ်ဆီကားတွေလို အပြန်နှန်းကောင်းတယ်၊ ပြဿနာက - ဘက်ထရီတွေကို ခင်ဗျားပြန်အားသွင်းဖို့မလိုအပ်ခင် ဘယ်လောက်ကြာကြာခံမလဲဆိုတာပဲ၊ ဘတ်စ်ကားတွေက ဓာတ်ငွေ့သုံးနိုင်တယ်၊ ဆလွန်းကားတွေတောင် ဓာတ်ငွေ့သုံးနိုင်တယ်၊ ဒီဝန်းကျယ်မှုတွေကို ကျွန်တော်တို့ လေ့လာရမယ်၊

မေး - နေရောင်ခြည် စွမ်းအင်ကရော ဘယ်လိုလဲ၊ စင်ကာပူလို အပူပိုင်းဒေသ မြို့တော်တစ်ဝုအတွက် အသုံးပြုနိုင်မယ့် အလားအလာကို ခင်ဗျား တွေ့မြင်သလား၊

ဖြေ - ၁၉၉၂ ခုနှစ်ကတည်းကစပြီး ပြင်သစ်ရေနံ ကုမ္ပဏီကြီးဖြစ်တဲ့ တိုတယ်ရဲ့အကြံပေးဘုတ်အဖွဲ့ထဲမှာ ကျွန်တော် ရှိနေခဲ့တယ်၊ ၁၇နှစ်ကြာသူတို့ရဲ့နိုင်ငံယှဉ်ပြိုင်မှုအားကိုတင်ပြတဲ့အခါတိုင်းရေနံ၊ ကျောက်မီးသွေး၊ နျူးကလီးယားတွေက ဒီလို (လက်ကိုမြောက်ပြလျက်) ရှိတယ်၊ လေ၊ နေရောင်ခြည်၊ ဒီရေနဲ့ အသစ်ပြန်လုပ်နိုင်တာတွေက ဒီလို (လက်ကို နိမ့်ပြလျက်) ရှိတယ်၊

ကျွန်တော်က ဆိုလာပြားတွေကို သုတေသနပြုလုပ်ခဲ့ကြတယ်၊ အဆိုပြုချက်တစ်ခုကတစ်နှစ်ပတ်လုံးနေတွက်နေတဲ့ ဆာဟာရသဲကန္တာရထဲမှာ အဲဒါတွေကို သူတို့ထားရင် EU လိုအပ်တဲ့ လျှပ်စစ်တွေကို ထုတ်လုပ်နိုင်မယ်လို့ ဆိုတယ်၊ ဒါပေမဲ့ (ရယ်မောလျက်) အဲဒါ ဘယ်လောက်ကုန်ကျမလဲ၊ ပြီးတော့ သဲမုန်တိုင်းကလည်း လာဦးမယ်၊ ခင်ဗျားရဲ့ဆိုလာပြားတွေကို သဲတွေ ဖုံးလွှမ်းသွားမယ်၊ အဲဒီအခါကျရင် ဘယ်သူက သဲတွေကို မှုတ်ထုတ်မလဲ၊

ဒါပေမဲ့ ကျွန်တော်တို့ရဲ့ခေါင်းဖိုးထိပ်ပေါ်မှာ ဆိုလာပြားတွေရှိရင် မီးချောင်းတွေနဲ့ ရေနွေးအတွက် လျှပ်စစ် ဘက်ထရီရနိုင်တယ်၊ ဖိုးရွှာပြီး တိပ်ထူထပ်နေရင်တော့ အလုံအလောက် ရချင်မှ ရလိမ့်မယ်၊

ဒါပေမဲ့ အဲဒါလာလိမ့်မယ်၊ တရုတ်တွေက ဒီဆိုလာမိုက်ကရိုချစ်တွေကို ကျွန်တော်ထက်ပိုကောင်းပြီး ပိုစျေးသက်သာအောင် လုပ်နေကြတယ်၊ လေရဟတ်တွေကလည်း စွမ်းအင်ပေးတယ်၊

Scanned by CamScanner

ငယ - စင်ကာပူအတွက် နျူးကလီးယားစွမ်းအင်ကရော ဘယ်လိုလဲ၊ အဲဒါ ဖြစ်နိုင်မလား။

ငမြ - လုံးဝလုံခြုံစိတ်ချရတဲ့သေးငယ်တဲ့ နျူးကလီးယားယူနစ်တစ်ခုဖြစ်နိုင်ချေရှိတယ်၊ ဒါကြောင့် သူတို့အစိုးရဟာ အဲဒါက နျူးကလီးယားရေငုပ်သင်္ဘောရဲ့ စွမ်းအင်ယူနစ်နဲ့ တူတယ်၊ ဒါပေမဲ့ ဘယ်နျူးကလီးယားယူနစ်မှ လုံးဝ ပြဿနာမရှာဘူး၊ ကျွန်တော်တို့ အဲဒါကို ရေပေါ်စင်တစ်ခုပေါ်မှာ ထားနိုင်ပြီး ဖြစ်နိုင်သမျှ အသေးဆုံးယူနစ်ကို စမ်းကြည့်နိုင်တယ်၊ အဲဒါအောင်မြင်ရင် အလယ်အလတ်အရွယ်အစားရှိတဲ့ ယူနစ်ဆီကို ကျွန်တော်တို့ သွားနိုင်တယ်၊ အဲဒီအဆင့်ကျရင် နောက်ထပ်သေးငယ်တဲ့အရွယ်အစားယူနစ်တွေကို ထပ်ထည့်နိုင်တယ်၊ ကျွန်တော်တို့ရဲ့ပြဿနာက စက်နဲ့တွေ၊ ရုံးတွေနဲ့ အိမ်တွေ လျှပ်စစ်တတ်မလိုအပ်တဲ့ ညဘက်မှာ စွမ်းအင်တွေကို ဘာလုပ်ပစ်ရမလဲ ဆိုတာပါပဲ၊ ကျွန်တော်တို့ရေအားလျှပ်စစ်တတ်အားပေးစက်ရုံရှိလာတဲ့အခါကျရင်တော့ တတ်အားပိုမိုထုတ်လုပ်မှုအတွက် ရေနွေးငွေ့ပြန်စုပ်ယူနိုင်တယ်။

(ယခင်) ယူဂိုဆလားဗီးယားမှာ စက်ရုံတစ်ရုံ ကျွန်တော်တွေ့တယ်၊ စွမ်းအင်အသုံးချမှု နည်းပါးသွားတဲ့ ညဘက် အချိန်ကျရင် ရေတွေကို သူတို့ပြန်စုပ်ယူကြတယ်၊ နျူးကလီးယားလျှပ်စစ်ကို သူတို့အသုံးပြုပြီး ထိပ်ဆုံးကရေလုံကန်ထဲကို ရေတွေ ပြန်စုပ်သွင်းကြတယ်၊ အဲဒီအခါကျရင် ရေစီးဆင်းပြီး တာဘိုင်ဒိုင်နမိုတွေကိုလည်း လည်ပတ်ဖို့ ရေတွေ အများအပြားရှိလာလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ရေလောင်ကန်နဲ့ မြေပြင်အကြားမှာ အဲဒီလိုမျိုးအပြင်ကွာခြားမှုရှိရမယ်၊ ကျွန်တော်တို့ စွမ်းအင်ဆိုတဲ့နေတယ်။

ငယ - ဒီနေ့ စင်ကာပူကိုကြည့်တဲ့အခါ သူ့ကို နေထိုင်ချင်စရာကောင်းတဲ့၊ တည်တံ့နိုင်တဲ့ ပတ်ဝန်းကျင်မျိုးဖြစ်အောင် ပြုလုပ်ခြင်းနဲ့ သူ့ကို ဂလိုဘယ်လိုက်ဇေးရှင်းမြို့တော်ဖြစ်အောင် ပြုလုပ်ခြင်းအကြား ဖြစ်ပေါ်လာတဲ့ ဟန်ချက်ကို ခင်ဗျားကျေနပ်သလား။

ငမြ - ကြီးမားတဲ့ လူဦးရေကို ကျွန်တော် မလိုချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ လူဦးရေ သိပ်သည်းမှု များပြားခြင်းဟာ ကြပ်တည်းတဲ့နေထိုင်မှုကို ဖြစ်စေမှာကြောင့်ဖြစ်တယ်၊ ကျွန်တော်တို့ ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် ပန်းချီတွေ ဖန်တီးတဲ့နေရာမှာ၊ ဒါမှမဟုတ် ပတ်ဝန်းကျင်စိမ်းလန်းအောင် လုပ်တဲ့နေရာမှာ ကျွန်တော်တို့ ထိုးထွင်းကြံစည်လုပ်ဆောင်မှု ဘယ်လောက်ရှိရှိ၊ ကျွန်တော်တို့ရဲ့လူဦးရေကို၊ ဆိုကြပါစို့၊ ၆.၅ သန်းအထိ မြှင့်တင်ရင် လူဦးရေသိပ်သည်းမှုက မသက်မသာဖြစ်လာလိမ့်မယ်။

ကျွန်တော် ဟောင်ကောင်ကို ရောက်တဲ့အခါတိုင်းက ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိတာတောင်မှ လူတွေ သိပ်သည်းပြည့်ကြပ်နေတာကြောင့် ကျွန်တော် သဘောမကျဘူး၊ ဂွန်ဟိုင်းမြို့ ဟောင်းလည်း ဒီလိုပဲ၊ ၁၉၇၆ ခုနှစ်က သူတို့ရဲ့ အကောင်းဆုံးဧည့်ဂေဟာမှာ ကျွန်တော် တည်းခိုတယ်၊ ကျွန်တော်လမ်းလျှောက်ဖို့ အောက်ကိုဆင်းသွားတဲ့အခါ မြစ်တစ်စင်းစီးဆင်းနေသလို လူတွေ ထုနဲ့ထည့်နဲ့ ရှိနေကြတယ်၊ ခင်ဗျားရှေ့ဆက်သွားနေရတယ်၊ မဟုတ်ရင်တော့ သူတို့ ခင်ဗျားကို တွန်းတိုက်သွားကြလိမ့်မယ်၊ ပြီးတော့ မှောင်လည်း မှောင်တယ်၊ ဈေးဆိုင်တွေ ပေါ်နေတယ်၊ လမ်းမီးတိုင်တွေ မိုန်နေကြတယ်၊

ဟောင်ကောင်မှာ သူတို့ရဲ့အိမ်ထောင်တွေက နေရာကျဉ်းကြပ်လွန်းတာကြောင့် သက်သောင့်သက်သာနေရမယ့် အရိုးအားလုံးနီးပါးကို သူတို့အပြင်မှာ ကုန်လွန်ကြရတယ်၊ ဧည့်ခံဖျော်ဖြေမှုတွေကို သူတို့အပြင်မှာလုပ်ကြတယ်၊ စင်ကာပူ

Scanned by CamScanner

မှာ လူတွေဟာ ကြီးမားတဲ့ TV စကရင်တွေ ရှိကြတယ်၊ အားလုံးက နောက်ထုံးပေါ်မူတည်ခေတ်မြစ်ကြတယ်၊ သက်သောင့်သက်သာရှိတဲ့ သူတို့ရဲ့အိမ်တွေကို သူတို့ အလှဆင်ထားကြတယ်၊ ညဘက် ညဉ့်နက်တဲ့အထိ ပျော်ရွှင်ကြတဲ့ လူအများစုဟာ နိုင်ငံခြားခရီးသည်တွေ ဖြစ်ကြတယ်၊

ကျွန်တော်ကတော့ လူဦးရေသိပ်သည်းမှုနည်းဘက်ကို ပိုကြိုက်တယ်၊ ဒါပေမဲ့ ကျွန်တော်က ကြိုးကြပ်ကွပ်ကဲတဲ့ လူမဟုတ်ဘူး၊ စင်ကာပူအတွက် လိုအပ်တယ်လို့ သူတို့ပုံကြည်တဲ့လမ်းအတိုင်း အရိုးရသွားလိမ့်မယ်၊

ဇေး - ကမ္ဘာကြီး ပုခုန်းလာမှုနဲ့ပတ်သက်တဲ့ စောစောပိုင်းက စင်ဂျားရဲ့မှတ်ချက်တွေဖြစ်တဲ့ ကမ္ဘာကြီးဟာ အဲဒီကိစ္စကို ရင်ဆိုင်ဖြေရှင်းချင်တဲ့စိတ် မရှိဘူးဆိုတဲ့အချက်ကို မြန်လှည့်ကြတဲ့အခါ ကာလရှည်ရလဒ်နဲ့ ပတ်သက်လို့ စင်ဂျား အဆိုးမြင်သလား။

ဖြေ - ဟုတ်ကဲ့၊ ဒါကြောင့် ကျွန်တော်တို့ လိုက်လျောညီထွေဖြစ်အောင် မြန်မြင်လို့ရမှာမဟုတ်ဘူးလို့ ပမ်းလင့်နေတာထက် လိုက်လျောညီထွေဖြစ်အောင် ပြုမြင်ဖို့ မြင်ဆင်ရမယ်လို့ အစမှာကတည်းက ကျွန်တော်ပြောခဲ့တယ်၊ လိုက်လျောညီထွေဖြစ်အောင်ကျွန်တော်တို့ဘယ်လောက်မြန်မြင်ရမယ်ဆိုတာကပုခုန်းမှဘယ်လောက်လွန်ကဲမလဲဆိုတာအပေါ်မှာတည်တယ်၊

ငေး - တစ်ကမ္ဘာလုံးမှာ ကွဲပြားခြားနားတဲ့ စိတ်သဘောထားတစ်ခုရရှိလာပြီး ဒီပြဿနာကိုကိုင်တွယ်ဖို့ ဆုံးဖြတ်ရအောင် ဘာအပြောင်းအလဲလုပ်ဖို့ လိုအပ်သလဲ၊

ဖြေ - အဲဒီမြစ်ဝှမ်းတွေတစ်လျှောက်က လယ်သမား သန်းရာပေါင်းများစွာနဲ့ ပြိုပျိက စီးပွားရေးလုပ်ကိုင်သူတွေ ရေပြတ်လပ်မှုနဲ့ ရင်ဆိုင်နေရတာကို တရုတ်နဲ့ အိန္ဒိယတို့ တွေ့ရှိတဲ့နေ့မှာ ပြဿနာကြီးတွေ ဖြစ်လာလိမ့်မယ်၊ လုံလောက်တဲ့ရေမရှိရင် ဒီလူတွေ ဘယ်ကိုသွားကြမလဲ၊ သူတို့ကိုယ်သူတို့ ဘယ်လိုကျွေးမွေးကြမလဲ၊ သူတို့ရဲ့ဘဝကို ထောက်ပံ့ပေးနိုင်မယ့်နေရာကို သူတို့ ရွှေ့ပြောင်းကြလိမ့်မယ်၊ နိုင်ငံတကာမှာ ကမောက်ကမ ဖြစ်မှုတွေ ဖြစ်လိမ့်မယ်၊

ငေး - စင်ဂျားရဲ့အဆိုးမြင်မှုကို စဉ်းစားကြည့်ရင် လက်တွေ့အမှန်ကျတဲ့၊ အားလုံးနဲ့အကျုံးဝင်တဲ့ သဘောတူညီမှုတစ်ခုကို ကမ္ဘာကြီးရလာလိမ့်မယ်လို့ စင်ဂျား မထင်ဘူးလား။

ဖြေ - ဟာ့အင်း....ကျွန်တော်အဲဒီလိုမထင်ဘူး။ (ကုလသမဂ္ဂရာသီဥတုအပြောင်းအလဲဆိုင်ရာကွန်ဖရင့်) ကိုပင်ဟေဂင်ကို စင်ဂျားကြည့်ပါ၊ တရုတ်တွေက ...

"မင်းတို့ ငါ့ကို ကာဗွန်တုတ်လုပ်မှု လျှော့ချစေချင်ကြတယ်၊ မင်းတို့ ငါ့ကို သန့်ရှင်းရေးနည်းပညာ အလကားပေးပါ၊ မင်းတို့မှာ အဲဒါရှိတယ်၊ မင်းတို့ ငါ့ကို အဲဒါပေးပါ၊ ပြီးတော့ ၁၉၉၀ ပြည့်နှစ်အဆင့်အောက် ၄၀ ရာခိုင်နှုန်း မင်းတို့ လျှော့ချပါ"

လို့ ပြောခဲ့တယ်၊ ဒါပေမဲ့ ကွန်ဂရက်က ၄ ရာခိုင်နှုန်းလျှော့ချမဲ့ ဥပဒေကြမ်းကို အတည်ပြုခဲ့တယ်၊

Scanned by CamScanner

ငယ်း - ဒီကိစ္စမှာ ကမ္ဘာ့ခေါင်းဆောင် လိုအပ်နေသလား။

ငမြ - ဒါဟာ ကမ္ဘာ့ခေါင်းဆောင် လိုအပ်နေတာလို့ ကျွန်တော် မထင်ဘူး၊ ကြီးမားတဲ့တိုင်းပြည်၊ ဒါမှမဟုတ် စင်ကာပူလို သေးငယ်တဲ့တိုင်းပြည်တစ်ပြည်ရဲ့ဘယ်ခေါင်းဆောင်က "အိုကေ...ကမ္ဘာကြီးမှန်းလာမှကို ကယ်တင်ဖို့အတွက် ငါတို့ တိုးတက်ကြီးထွားမှုကို ရွန့်လွှတ်ကြမယ်၊ အနတ်လက္ခဏာတိုးတက်မှုတောင် ယုံကြမယ်" လို့ ပြောနိုင်မလဲ၊ ခင်ဗျားပြောတာကို စင်ကာပူအစိုးရလိုက်နာနိုင်လိမ့်မယ်လို့ကျွန်တော်မထင်ဘူး၊ ခေါင်းဆောင်တိုင်း အစိုးရတိုင်းဟာ သူ့ရဲ့ပြဿနာကို သူ စဉ်းစားနေကြတယ်၊

ငယ်း - ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်တဲ့ ကုလသမဂ္ဂ အခြေခံစွဲစည်းမှုညီလာခံအောက်က Annex I တိုင်းပြည် (ဓာတ်လုံအိမ်စာတ်ငွေ့ထုတ်လွှတ်မှု လျော့ချခြင်းကို တာဝန်ယူသော ကူးပြောင်းမှုဖြစ်စဉ်ထဲမှ စက်မှုထွန်းကားသည့် တိုင်းပြည်) တစ်ပြည်၊ ကျွန်တော်တို့ဖြစ်လာရင် အဲဒါက စင်ကာပူအပေါ် ဘယ်လိုအကျိုးသက်ရောက်မလဲ၊

ငမြ - ဟင့်အင်း....သူတို့ကိုကျွန်တော်ဒီလိုပြောပြမယ်၊ဒီမယ်...ငါတို့လိုက်နာနိုင်မှာမဟုတ်ဘူး၊ဒီတုတ်လွှတ်နေမှုအားလုံးက မင်းတို့အသုံးပြုနေကြတဲ့ထုတ်ကုန်တွေ၊ကမ္ဘာ့လေကြောင်းလိုင်းတွေကစားသုံးနေတဲ့ထုတ်ကုန်တွေဖြစ်နေတယ်လို့ ပြောမယ်၊

ကျွန်တော်တို့က ကုန်သွယ်ရေးနဲ့ ရိကွာထောက်ပံ့ရေးအတွက် အချက်အချာဖြစ်သလို သဘော်နဲ့ လေယာဉ်အတွက် ဆီဖြည့်တဲ့နေရာလည်း ဖြစ်တယ်၊ သူတို့ အဲဒီလိုပြောတာကြောင့် ကျွန်တော်တို့ ဘယ်လိုလုပ် လိုက်နာနိုင်မလဲ၊ ကျွန်တော်တို့ပို့ကုန်ပို့ဘယ်၊ကျွန်တော်တို့စားသုံးဖို့အတွက် ထုတ်ကုန်တွေကျွန်တော်တို့မထုတ်လုပ်ဘူး၊ လေယာဉ်တွေက လောင်စာထည့်ဖြည့်ရတယ်၊ သဘော်တွေက လောင်စာထည့်ဖြည့်ရတယ်၊ ကျွန်တော့်ရဲ့ အချက်အချာကျမှု ဂုဏ်ဒြပ်ကို မဖျက်ဆီးဘဲနဲ့ ကျွန်တော်တို့ ဘယ်လို (ကာဘွန်ထုတ်လွှတ်မှု) လျော့ချနိုင်မလဲ၊ အချက်အချာကျမှု ဂုဏ်ဒြပ်က စင်ကာပူ တည်ရှိနေခြင်းရဲ့အကြောင်းရင်းပါ၊

သူတို့ကို ကျွန်တော်တို့ ဒီလိုပြောမယ်၊

"ဒီမယ်...ဒီစွမ်းအင်ကိုအပြီးသတ်အသုံးပြုတဲ့သူတွေကဘယ်သူတွေလဲ၊ငါ့ရဲ့ကာဘွန်ခြေရာ (ထုတ်လွှတ်မှုပမာဏ) ကို လျော့ချပြီး ငါဘယ်လိုအသက်မွေးဝမ်းကျောင်းပြုနိုင်မလဲ၊ ဒါမဖြစ်နိုင်ဘူး၊ မင်းတို့ ငါ့ကို သေခိုင်းနေတယ်၊ ဒါဖြစ်ရင် ပြည်သူ ၅ သန်းကို တာဝန်ယူမလား" လို့ ပြောမယ်၊

ငယ်း - ဒါပေမဲ့ သွင်းကုန်တင်သွင်းတဲ့ အစိတ်အပိုင်းတွေနဲ့ ပြည်တွင်းထုတ်လုပ်တဲ့ အစိတ်အပိုင်းတွေကို သူတို့ ခွဲခြားနိုင်တဲ့ နည်းလမ်းရှိတယ်၊

ငမြ - ဟုတ်တာပေါ့၊ သူတို့မှာရှိရမယ်၊

Scanned by CamScanner

ခေသမင်ကမြွေတွေနဲ့ မီးလောင်ကျွမ်းမှုတွေ၊ ဒီနှစ်လုံးပေါက်ရည်ကြာတဲ့ပြဿနာကျွန်တော်တို့မှာရှိနေတယ်။ အဲဒါက အမိကအောခြင် အင်ဒိုနီးရှားမှာ တောင်ယာစုတ်ထွင်ရှင်းလင်း မီးရှို့ကာဝန ထွက်ပေါ်လာတဲ့ ရလဒ်ဖြစ်နေတယ်။ ဒီ ပြဿနာကို ကိုင်တွယ်နိုင် ဘာမှမလုပ်နိုင်ဘူးလား။

ခြ - သူတို့ ဆန္ဒရှိတယ်လို့ဦး ကျွဲကာတာပြီးတော့ မြွေတွေအောက်မှာရှိနေပြီး ကျွဲကာတာလေဆိပ် ပိတ်ထားရတယ်၊ သူတို့လုပ်ရှားခြင်းလိမ့်မယ်။ အဲဒီလဲဲ့ ကျွဲကာတာပြီးတွေက် အကျိုးဖြစ်လွန်းသလောက် အဟိုင်းအဟားအထိသာလုပ်ရားလိမ့်မယ်။ ကျမ်းဘီ၊ နီအောလွန်း ဘာလစ်ဒါပန်တို့ကတော့ အိုကေ ... နာခေါင်းအကာအကွယ်စွပ်ပြီး ဆက်လုပ်ကြလေ့။

ဃ - သူတို့ ဒီကိစ္စမှာ တိုးတက်မှု အလွန်နည်းပါးခဲ့တာကို ခင်ဗျား ကိုယ်ရေးကိုယ်တာအရ စိတ်မပျက်ဘူးလား။

ခြ - ဟင့်အင်း ... တောင်ယာစိုက်ပျိုးရေးအတွက် တောခွေကို ရှင်းလင်းပို့မီးရှို့တာတွေကို သူတို့ မရပ်တန့် နိုင်ဘူးဆိုတဲ့ လက်တွေ့အမှန်ကို ကျွန်တော်လက်ခံတယ်။

လမ်းညွှန်ဝန်ကြီး၏ ကာဗွန်အသုံးပြုမှုက ဘာလဲ

ဂိုးရှင်းချီလက်တွေ့ကျသော သူ၏ဘဝပုံစံကြောင့် လီကို ခင်ကမ္ဘာတွင်လူသိကြသည်။ ပြီးတော့ပဂိုးရီယာမှအကောင်းဆုံး အိပ်ခြံဝန်မြဖြစ်သော၊ အောက်ဝိလိမ်း၌ ဆယ်စုနှစ်များစွာကြာ ပြုပြင်မွမ်းမံခြင်းမရှိသော အိမ်တစ်လုံး၌ သူနှင့် သူ့ခွေးတို့နေသိုင်းကြသည်။ တိုင်းတစ်ပါးသို့သွားရန် သူလေယာဉ်ဖြင့် ခရီးသွက်ရသောအခါ၊ အပြောင်းအလဲမရှိသော သိုးမွေးဝတ်စုံကို လဲတ်ဆင်သည်။ ထိုကဲ့သို့ ယေဘုယျသဘောတစ်ခု ခေတ်ဆန်မလားမီ ကာလကြာရှည်ကပင်၊ သူက သိမြင်တတ်မှုအရ၊ ဂေဟစေဒသဘော သိနားလည်သောစားသုံးသူတစ်ယောက်ဖြစ်သည်။ ပေါ့ပေါ့တန်တန်နေသော လူ့အဖွဲ့အစည်းကို မည်သည့် အမြဲ မွက်နာသာမပေးသော သူက၊ ရိုးရှင်းသွေတာခြင်း၊ အရင်းအမြစ်များ အလွန်အကျွံမစားသုံးခြင်း၏တန်ဖိုးကို ယုံကြည်သည်။ ကျွန်အင်တာဗျူးပြုလုပ်သောနေ့က သူဝတ်ထားသောအင်္ကျီကဟောင်းနွမ်းလွန်းလှသဖြင့် ၎င်းကို ချုပ်လုပ်ပေးခဲ့သောလူမှာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သူဝန်ခံသည်။ သူ၏ဘဝပုံစံက ဆင်းရဲနွမ်းပန်းလွန်းလှသောကြောင့်၊ ဝန်ကြီးချုပ်အဖြစ် အမျိုးသားနေ့ လူထုအစည်းအဝေးပွဲအတွက် ရုပ်အင်္ကျီအသစ် နှစ်ဝဉ်ဝတ်ဆင်ခြင်းကို ဖြုန်းတီးခြင်းတစ်ခုအဖြစ် သူ မှတ်ယူသည်။

မေး - ခင်ဗျားရဲ့ကိုယ်ပိုင်ဘဝပုံစံက ဘယ်လိုလဲ၊ ခင်ဗျား ပတ်ဝန်းကျင်ဆိုင်ရာအသိဘယ်လောက်ရှိသလဲ၊ ခင်ဗျားရဲ့ကာဗွန် ထုတ်လွှတ်မှုကို ခင်ဗျား လျှော့ချဖို့ ကြိုးစားသလား။ ခင်ဗျား လေအေးစက်နဲ့ အိပ်စက်သလား။

ခြ - ကျွန်တော် အိပ်တယ်၊ ဒါပေမဲ့ ကျွန်တော် ဘာလုပ်နိုင်မလဲ၊ လေအေးစက်မရှိရင် ကျွန်တော် ကောင်းကောင်းအိပ်နိုင်မှာ မဟုတ်ဘူး။

Scanned by CamScanner

ဒေး - ခင်ဗျား ပစ္စည်းအဟောင်းကို ပြန်လည်အသုံးပြုဖို့ ကြိုးစားသလား။

ဖြေ - ကွဲပြားခြားနားတဲ့ပစ္စည်းတွေအတွက် ကွဲပြားခြားနားတဲ့အမိုက်ပုံစနစ်ကျွန်တော်တို့မှာမရှိဘူး။ ကျွန်တော့်ပြည်သူတွေ နားလည်ရဲမယ်၊ သူတို့အဲဒါကို လုပ်နိုင်မှာမဟုတ်ဘူး။ ပုလင်းတွေ၊ ဘူးတွေ၊ အစားအစာတွေဟာ ကွဲပြားခြားနားတဲ့ အမိုက်ပွန့်စနစ်တွေ၊ အိတ်တွေထဲကို သွားဖို့ကတော့ နောင်တစ်ဆို့နှိပ်မှာ ကျွန်တော်တို့ လုပ်နိုင်ပါလိမ့်မယ်။

ဒေး - ပတ်ဝန်းကျင်ဆိုင်ရာ သိနားလည်မှုရှိခြင်းရဲ့ နောက်အစိတ်အပိုင်းတစ်ခုက အလွန်အကျွံ မစားသုံးခြင်း ဖြစ်တယ်၊ ခင်ဗျားဟာ ကြိုးကျွယ်တဲ့ စားသုံးသူတစ်ယောက် လုံးဝကို မဟုတ်ဘူး။

ဖြေ - မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး။ ကျွန်တော် လျှော့စားတယ်။ ခရီးလျှော့သွားတယ်။ ကျွန်တော် ကားဝယ်တာ မှန်ကန်ရဲ့လားလို့ တွေးမိတယ်။ အကောင်းဆုံး မာစီဒီးဘင့် ဇိပ်ခံအငှားကားနဲ့ ကျွန်တော် ခရီးသွားရင်တောင်မှ ကျွန်တော့်ရဲ့လဲဇယ်ကား နေ့တိုင်းကုန်ကျနေတာထက်၊ ကျွန်တော့်ကုန်ကျစရိတ် သက်သာလိမ့်မယ်။ တစ်ခုရှိတာက ကျွန်တော် ဘယ်အချိန်အိပ်ရာထပြီး ဂုံးကို တစ်ကီလိုမီတာ အသွားအပြန်လုပ်ရမယ်ဆိုတာကိုတော့ မသိဘူး။ ကျွန်တော့် ကားက ၅ နှစ်သက်တမ်းရှိပြီ၊ ကီလိုမီတာ ၂၀၀၀၀ ပဲ သွားရသေးတယ်။

ဒေး - စာတိုပုံတွေထဲမှာ ခင်ဗျားရဲ့အဝတ်အစားတွေ၊ ရုပ်အကျီတွေက နှစ်ပေါင်းအတော်ကြာ၊ ဆယ်စုနှစ် အတော်ကြာ ရှိနေခဲ့ကြပုံပေါ်တယ်။ ခင်ဗျားရဲ့ပစ္စည်းတွေကို ခင်ဗျား လွှင့်မပစ်ဘူးလား။

ဖြေ - ကျွန်တော်နဲ့ သက်သောင့်သက်သာဖြစ်နေတာကို ကျွန်တော် ဘာကြောင့် လွှင့်ပစ်ရမှာလဲ။ တစ်ယောက်ယောက် သဘောကျအောင်လုပ်ဖို့ ကျွန်တော် စိတ်မဝင်စားဘူး။

ကျွန်တော့်ကို ပြစ်မှုဆိုင်ရာဥပဒေ သင်ကြားပေးတဲ့ ကြီးကြပ်ရေးမှူးတစ်ယောက်ရှိတယ်။ သူက တက္ကသိုလ်ကထိက တစ်ယောက်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူ အသက်ကြီးလာတယ်။ ဒါကြောင့် ကြီးကြပ်ကွပ်ကဲတဲ့အလုပ်ပဲ သူလုပ်တော့တယ်။ သူ့အိပ်မှာ မီးခိုးမထွက်တဲ့ မီးဖိုရှိတယ်။ ဘာကြောင့်လဲဆိုတော့ ပထမကမ္ဘာစစ်အတွင်းက သူ့ တတ်ဖွေ့ အဆိပ်သင့်ပြီး အဆုတ်မကောင်းတော့တာကြောင့်ပို့ပေါ့။ သူမှာ မိသားစုကလည်း ကြီးမားတယ်။ သူ့ကုတ်အင်္ကျီရဲ့ တံတောင်ဆစ်တွေနဲ့၊ ဘောင်းဘီဒူးဆွဲခြင်းတွေမှာ သားရေဖာထေးရာတွေရှိတယ်။ ကျောင်းသားတစ်ယောက်က သူ့ကို မေးရဲတဲ့ သတ္တိရှိလို့ မေးတယ်၊

"ဆရာ... အဝတ်အစားမရှိဘူးလား"

သူက ယဉ်ယဉ်ကျေးကျေး လက်ခံတယ်၊ သူက ရယ်မောပြီး...

"ဂိတ်ပေါက်ဝက ဟိုကောလိပ်တံခါးပေါက်အတောင့်က ကောင်းကောင်းဝတ်စားတယ်။ သူက ဦးထုပ်အကောင်းစား ဆောင်းပြီး အမြဲဘမ်း စမတ်ကျနေတယ်၊ လူတစ်ယောက်ယောက် သဘောကျအောင် ငါဝတ်စားဖို့ မလိုပါဘူး" လို့ ပြောတယ်၊

ကျွန်တော်က အဲဒါကို နားထောင်နေတဲ့အခါ...

"ဒါက ဆင်းရဲသားမာနပါ"

Scanned by CamScanner

လို့ ခေါ်ပါသိတယ်၊ အဲဒီမှာ ဒါ အသိမှတ်ပြုခံရတယ်၊ ကားကြီးစီးချင်း၊ အိမ်မဟုတ် နေတက်လုံးပေါ် ဝင်ပိုင်ကို အသိလိုက်ဖို့ ကျွန်တော် ခံစားရတဲ့ခံစားချက်တွေကို မကြာခဏ ပြောင်းလဲနေပြီး လူတွေ သဘောကျအောင် လုပ်သင့်တဲ့အကြောင်းရင်းကို ကျွန်တော် မမြင်ဘူး။

ပြဿနာက ကျွန်တော့်ရဲ့ အတော်ဝီရိ အခုပြည့်နေတယ်၊ ကျွန်တော့်မှာ လုံးဝကောင်းမွန်တဲ့ အခြေအနေရှိတဲ့ တော်စုအသစ်တွေ အများကြီးရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အဲဒါတွေကို တစ်ခါတလေမှ ဝတ်တာ ကြောင့်မို့ပေါ့။ တရားဝင် အခမ်းအနားတွေ၊ ဒါမှမဟုတ် နိုင်ငံခြားကို ကျွန်တော်သွားတဲ့အခါကလွဲလို့ နေတိုင်း ရုံးကို တော်စုတော်သွားဖို့မလိုဘူး၊ အမှန်တော့ ကျွန်တော့်အသက်ရှိကြီးလာလေ ဝတ်စုံနဲ့ လည်စီးဝတ်ဖို့အတွက် အချိန် ပိုပြီးမြန်မြန်ဆုံးလေ ဖြစ်လာတယ်၊ ကြယ်သီးတပ်ထားတဲ့ ဝတ်စုံအပေါ်ပုံးအကျီလောက်ပဲ ကျွန်တော်ဝတ်တယ်၊ အဲဒါက အတော်ခက်နည်းတယ်၊ အဲဒါတွေကို ကျွန်တော် နှစ်ပေါင်းများစွာဝတ်တယ်၊ အဲဒါတွေက အရမ်းသက် သောင့်သက်သာဖြစ်တယ်၊

နေ - အဲဒီပဲမဲ့ အဲဒါ မကောင်းဘူးမဟုတ်လား၊

ဖြေ - မဟုတ်ဘူး၊ အဲဒီလို မထင်ဘူး၊ ဒါကောင်းတယ်လို့ ခင်ဗျားပြောနိုင်တယ်၊ တခြားလူတွေကတော့ ဒီလူ ဘာကြောင့် ဒီလောက်ခရီးတောနေတာလဲလို့ ထင်မယ်၊ TV မှာ ကြည့်ရှုကောင်းရှိဖို့အတွက် သူတို့မှာ လည်စီးအသစ်၊ ရုပ်အင်္ကျီ အသစ်နဲ့ ဝတ်စုံတွေရှိတယ်၊

ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ရဲ့ဝန်ကြီးချုပ်ကို ခင်ဗျားကြည့်ပါ၊ အမျိုးသားနေ့ လူထုအစည်းအဝေးပွဲအတွက် နှစ်တိုင်း ရုပ်အင်္ကျီအသစ် သူဝတ်တယ်၊ ဒီမယ် ... ကျွန်တော့်မှာ တစ်ယောက်ယောက်ကို သဘောကျစေချင်တဲ့ အကြောင်း မရှိဘူး၊

နေ - ခင်ဗျားရဲ့အပေါ်ပုံးအင်္ကျီကို ခင်ဗျား ဘယ်နှနှစ်ဝတ်တယ်ဆိုတာ ကျွန်တော် မေးပါရစေလား၊

ဖြေ - ဒီအင်္ကျီလား၊ ဒါက အရမ်း သက်သောင့်သက်သာရှိတဲ့ အပေါ်ဖုံးအင်္ကျီပါ၊ ကျွန်တော့်ကို ဒီဟာချုပ်ပေးတဲ့ လူက သေပြီ၊

နေ - အဲဒါကို ခင်ဗျား ဘယ်နှနှစ်ဝတ်ခဲ့သလဲ၊

ဖြေ - အဝ ကျွန်တော် မမှတ်မိဘူး၊ ၁၅ နှစ်၊ နှစ် ၂၀ နီးပါးလောက် ရှိနိုင်တယ်၊ ပြီးတော့ ဒါက အရမ်း သက်သောင့်သက်သာ ရှိတာယ်၊

နေ - ခင်ဗျားရဲ့အိမ်ကိုလည်း ခင်ဗျား ဒီလိုမျိုး လုပ်ခဲ့သလား၊ ကျွန်တော်ဆိုလိုတာက၊ ကျွန်တော် အဲဒီအိမ်ကို မရောက် ဖူးပါဘူး၊ ဒါဝမဲ့ အဲဒီဝန်ရာကို ရောက်ဖူးတဲ့လူတွေက ခင်ဗျားအိမ်ကို မြူပြင်မွမ်းမံဖို့နဲ့ အဆင့်မြင့်ဖို့အတွက် သိပ် များများစားစား မလုပ်ဘူးလို့ ပြောကြတယ်၊

ဖြေ - ကျွန်တော်သေရင် အိမ်ကိုဖျက်ပစ်ဖို့ ကက်ဘိနက်ကို ကျွန်တော်ပြောထားတယ်၊

Scanned by CamScanner

ငယ - ဘာကြောင့်လဲ၊

ငမြ - ဘာကြောင့်လဲဆိုတော့ တခြားအိမ်တွေ၊ နေရူးနဲ့ ရိုတ်စပီးယားတို့ရဲ့အိမ်တွေကို ကျွန်တော် တွေ့မြင်ခဲ့တာကြောင့်လို့ ကျွန်တော်ထင်တယ်၊ အဲဒါတွေက ခရာကြာပြီးနောက်မှာ ဖရိဖရဲတွေဖြစ်လာကြတယ်၊ လူတွေ ပင်ပန်းကြီးမှာမြှုပ်လျှောက်ကြရတယ်၊ ကျွန်တော့်အိမ်ကြောင့် အိမ်နီးနားချင်းအိမ်တွေ အထပ်မြင့် မဆောက်နိုင်ဘူး၊ အခု ကျွန်တော့် အိမ်ကိုဖျက်ပြီး စီမံကိန်းစည်းမျဉ်းတွေကို ပြောင်းလဲ ဖြင့်တင်ကြည့်ပါ၊ မြေတန်ဘိုးမြင့်တက်သွားလိမ့်မယ်၊

ငယ - ဒါပေမဲ့ ဒါက စင်ကာပူရဲ့သမိုင်းအစိတ်အပိုင်း မဟုတ်ဘူးလား၊

ငမြ - မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါကိုထိန်းသိမ်းရတဲ့ကုန်ကျစရိတ်က ခင်ဗျားသိသလား၊ ဒါဟာ နစ်တစ်ရာကျော်က ဆောက်လုပ်ထားတဲ့ အိမ်အိုတစ်လုံးပါ၊ အောက်ခြေအုတ်မြစ်မရှိဘူး၊ အဲဒါကို ထိန်းသိမ်းရတဲ့ကုန်ကျစရိတ်ရှိတယ်၊ အောက်ခြေအုတ်မြစ်မရှိတဲ့အတွက် နံရံပေါ်ကို အစိုဓာတ်တက်လာတယ်၊ ဒါကြောင့် အနီးအနားက ပန္နက်တိုင်ရှိ ကိုတဲ့အခါ ကျွန်တော့်နံရံတွေမှာ အက်ရာတွေဖြစ်လာတယ်၊ ဒါပေမဲ့ ကံအားလျော်စွာ အုတ်တိုင်တွေက ခိုင်တယ်၊

ငယ - ဒါဖြင့် ခင်ဗျားရဲ့မှတ်ချက်အရ အဆောက်အဦးဟောင်းတွေ ထိန်းသိမ်းတာကို သိပ်အရေးကြီးတယ်လို့ ခင်ဗျား မထင်ဘူးလား၊ အဲဒါက အမျိုးသားစာကြည့်တိုက်နဲ့ တူတယ်၊ ဝိသုကာလက်ရာ တူးဖြားမှုမရှိဘူး၊ ဒါပေမဲ့ အဲဒါကို ပြုစုလိုက်တဲ့အခါ ဒီဇနန္ဒအခါမှာ လူအတော်များများက အဲဒါ ဆုံးရှုံးသွားရတာကို ဝမ်းနည်းပူဆွေးနေကြတုန်းပဲလို့ ကျွန်တော် ထင်တယ်၊


ငမြ - ဒီအိမ်ထဲမှာနေခဲ့တဲ့ ကျွန်တော့်သမီး၊ ဒါမှမဟုတ် ကျွန်တော့်ဇနီး၊ ဒါမှမဟုတ် ကျွန်တော်၊ ဒါမှမဟုတ် ဒီအိမ်ထဲမှာ ကြီးပြင်းခဲ့တဲ့ ကျွန်တော့်သားတွေက ဒီအိမ် ဆုံးရှုံးသွားရတာကို ဝမ်းနည်းကြေကွဲကြလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး၊ အတိတ်ကို ပြန်သတိရဖို့အတွက် သူတို့မှာ တတ်ပုံအဟောင်းတွေရှိပါတယ်၊

✧ ✧ ✧

Scanned by CamScanner

အပိုင်း [၂]

ငယ်ရွယ်သော စူးစမ်းလိုသူအတွက် ထိုးထွင်းသိမြင်သူများ



Scanned by CamScanner

(၁၀)

သင်၏ သာမန်အဘိုးမဟုတ်ပါ

ဤအရာကို ကျွန်မ လုံးဝ မျှော်လင့်မထားဝချ။ ကျွန်မ လုပ်ဖော်ကိုင်ဘက် ဇော်ဘင်ဂျန်းထဲမှ အားပေးစကားများနှင့် ကျွန်မအဖွဲ့သားများ၏ အာလာပသလ္လာပစကားများ ရှိကြသော်လည်း၊ အစွတန်နာရှိ ရှိရာရက်အခန်းထဲမှ အခြေအနေက တင်းကြပ်နေသည်။ ကျွန်မတို့နှင့် မျက်နှာချင်းဆိုင်ရှိနေသော၊ ကျယ်ပြန့်သော မဟော်ဂနီစားပွဲ၏ အခြားတစ်ဖက်မှ လွတ်နေသော ထိုင်ခုံကား လွန်ခဲ့သောလများအတွင်း ဤစာအုပ်လုပ်ကိုင်ဝန်ထမ်းများနှင့် ကျင်းပသော အလွန်အရေးကြီးသည့် အစည်းအဝေးအခြေဆွေးနွေးပွဲများအစီအစဉ်မှ နောက်ဆုံးဆွေးနွေးပွဲအတွက်၊ မိနစ်အနည်းငယ်အတွင်း၌ လမ်းညွှန်ဝန်ကြီး လီလမ်းလျှောက်ဝင်လာပြီး ၎င်းအပေါ်၌ ထိုင်ချလိုက်မည်ကို မပြတ်တမ်း သတိပေးနေသည်။ ကျွန်မက ထိုထိုင်ခုံနှင့် မျက်နှာခင်းဆိုင်တည့်တည့်၌ ရှိနေသည်။ နောက်ပြီး၊ သူနှစ်သက်သော ရုပ်ရှင်က ဘာဖြစ်သည်ကို စင်ကာပူ၏ဗီသုကာဖခင်နှင့် ကမ္ဘာ့နိုင်ငံခြားဧည့်ဆောင်ကို ကျွန်မ မေးမြန်းတော့မည်။

လီ၏ သတင်းဌာန အတွင်းရေးမှူးမက ကျွန်မ ဂဏ္ဍာမငြိမ်ဖြစ်နေသည်ကို သိသည်။

"ရှင်းရဲ့အဘိုးကို ရှင် စကားပြောချင်တဲ့ပုံစံမျိုးနဲ့ သူ့ကို စကားပြောပါ"

သူမက ပြောသည်။

"လေးလေးစားစားနဲ့ ပြောပါ။ ဒါပေမဲ့ သိပ်အေးတိအေးစက်ဖြစ်ဖို့ မလိုပါဘူး"

ဇော်ဘင်နှင့် ကျွန်မက မလုံမလဲသောအကြည့်ဖြင့် တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။

"ဟဲလို... အဘိုးလို့ ခေါ်ချင်ပြောကြည့်ဖို့ စိတ်ကူးမိသလား"

သူက ပြောသည်။ သူမက သဘောတူလိုက်ရသည်။ ကျွန်မ၏အဘိုးများက ဟင်နရီကစ်ဆင်ဂျာထောက်ခံသော ကိုယ်စတွေမှတ်တမ်းများကို မည်သည့်အခါမှ ရေးကြလိမ့်မည်မဟုတ်ချေ။

ထိုနေ့ မွန်းလွဲပိုင်းမတိုင်မီက ကျွန်မအတွက် လွယ်ကူသောအလုပ်တစ်ခု ရရှိခဲ့သည်။ ဘက်စုံအသုံးဝင်သော သောကြာနေ့ မိန်းကလေးတစ်ယောက်အဖြစ် အစကတည်းက ဤစာအုပ်နောက်ကွယ်မှ အဖွဲ့တွင် ကျွန်မပါဝင်ခဲ့သည်။ ဆရာမများက သူတို့၏အခန်းများအတွက် သူတို့ မည်သည့်အချက်အလက်များ လိုချင်ကြကြောင်းကို ကျွန်မ [illegible] စကင်ဒီနေဗီယံတို့၏ သက်သာ

Scanned by CamScanner

ရှောင်ရှိရခြင်းအကြောင်းနှင့် အမျိုးသားဝင်ငွေတရင်းရယားအကြောင်းတို့ကို ဖတ်ရှုရန်၊ ကျွမ်းကျင်သူများကို ဝန်းတက်ရန်၊ လမ်းလျှောက်အုပ်စုများ စည်းရုံးဖွဲ့စည်းရန်၊ ၎င်းတို့အားလုံးကို မဇရာကွက်နိုင်ငံသား မဟုတ်သူများကပါ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒုစည်းရန်အသွင်ကူးပြောင်းခြင်းတို့ ဖြစ်သည်။ ကျွန်မတို့ကို ကျွန်မတ်အလုပ်ဖြစ်သည်၊ လိမ်းအမျိုးသားဖော်ကွန်းတင်တတ်ပုံ ၂၇ ဘာသာကို ဝေဖွာဖွင့်ဆိုရန်းပင်ပန်းအကြိမ်ကြိမ် အခွန်ကုန်ခဲ့ရသော ရက်သတ္တပတ်အနည်းငယ်ပင်လျှင် ရှိပဲ့သည်။

သို့သော် ဤအရာက လုံးဝ ကွဲပြားခြားနားသော တစ်ဖုတစ်ရောဖြစ်သည်။ အခွဲတွင် အငယ်ဆုံးနှစ်ယောက်ဖြစ်သော ရော်ဘင်နှင့် ကျွန်မကို အကြောင်းရင်းတစ်ခုကြောင့် အခွဲဝင်အဖြစ် မဲ့တည့်ခဲ့ကြောင်း အစောကတည်းက ကျွန်မ သိဘဲ့သည်။ နှစ်ကိန်း ၂ လခန့်ကြာသောအခါမှသာ ဆွေးနွေးပွဲတစ်ခုအတွင်း၌ ဝင်ကြက်စရာကောင်းသော အမှန်တရားက ပေါ်ထွက်လာသည်။ တရေးဆရာ၊ ဆရာမများက လူငယ်အကြောင်း အခန်းတစ်ခန်းကိုမှ ကြိုး ကျွန်မနှင့်ရော်ဘင်က တာဝန်ပဲ ကြိုကြပ်ရသည်။

"မင်းတို့ကိုယ်မင်းတို့ ဆွေးနွေးပွဲမှာ ပါဝင်သူတွေအဖြစ် စဉ်းစားကြမှာ"

ကျွန်မ၏ဆရာက ကျွန်မတို့ကိုပြောပြသည်။

"ငယ်ရွယ်တဲ့ စင်ကာပူသားတွေ မေးချင်တဲ့မေးခွန်း သွားကိုမေးကြမှာ"

၎င်းက လုပ်ဖို့ အလွန်ခက်ခဲသည်။ ကျွန်မတို့ သတင်းဆရာများက နှစ်ယောက်သားရှိပြီး ထင်ပြောယူဆချက်များ ရှိကြသည့် ငယ်ရွယ်သော စင်ကာပူသားများက အလွန်များပြားလှသည်။ ကျွန်မတို့ကိုယ်ကျွန်မတို့ ကြည့်ကြသောအခါ အလားအလာကိုမှီခိုရမှာ မေးမိန်လာဟန်တူသည်။ နိုင်ငံခြားတွင် ပညာသင်ယူခဲ့သူနှစ်ယောက်ကို ငယ်ရွယ်သော စင်ကာပူများအား ကိုယ်စားပြုရန် သူတို့ မည်ကဲ့သို့ မျှော်လင့်ခဲ့ကြသနည်း။

ပထမဦးဆုံး ပြုလုပ်ရမည့်အရာက ကျမ်းကျင်သူများကို တိုင်ပင်ရန်ဖြစ်သည်။ စင်ကာပူ အမျိုးသားတက္ကသိုလ် ဆရာများနှင့် အမျိုးသားလူငယ်ကောင်စီတို့က ပြုလုပ်ကြသော၊ ကျွန်မတို့ စစ်ဆေးကြည့်ရှုကြသည့် ဝေလာသုံးသပ်ချက်များက ကျွန်မတို့အား သာမန်ငယ်ရွယ်သော စင်ကာပူသားများ၏ အကြမ်းဖျင်းပုံစံတစ်ခု ပေးနေသည်။ ထိုပုံစံတို့က - သူတို့ကောင်းစွာ ပညာတတ်ကြသည်။ အခြေခံအားဖြင့် ထုံးတမ်းစဉ်လာလိုက်နိုင်ရန် ရှက်ထိတ်ဆန့်ကြသည်။ သို့သော် မိုးဆက်မောင်းအင် ရှေးရိုးလိုက်ဝါဒမှ သိမ်မွေ့နက်နဲစွာ ဖယ်ရှားနေကြသည်။

သို့သော် ဤလေ့လာသုံးသပ်ချက်များက သူတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် သူတို့အကြောက်ကြမည်ကို ကျွန်မတို့အား ပြောမပြကြချေ။ ထို့ကြောင့် ရော်ဘင်နှင့်ကျွန်မက ဖြစ်နိုင်သမျှ လူများစွာထံမှ မေးခွန်းများကို စတင်စုဆောင်းကြသည်။ ကျွန်မတို့၏ သူငယ်ချင်းများလောက်ကိုသာ ကျွန်မတို့ မမေးကြချေ။ ရာဝင်ကျောင်းတော်နောက်ခံ အမျိုးမျိုးရှိသော ငယ်ရွယ်သည့် စင်ကာပူသားများထံမှ မေးခွန်းများရရှိရန် ကျွန်မတို့ကြိုးဖန်ကြသည်။ အခြေခံအားဖြင့် ကျွန်မတို့ မေးခဲ့သော မေးခွန်းများသည် သို့ဖြစ်သည်။

"ရှင် လမ်းညွှန်ဝန်ကြီးလီကို မေးခွန်းမေးနိုင်မယ်ဆိုရင် ထူးဆန်းတာပဲဖြစ်ဖြစ်၊ အရေးမကြီးတာပဲဖြစ်ဖြစ်၊ အဆက်အစပ်မရှိတာပဲဖြစ်ဖြစ် အဲဒီမေးခွန်းက ဘာဖြစ်မလဲ"

၂ ပတ်ကြာ မေးမြန်းပြီးနောက် မေးခွန်း ၇၀ နီးပါးမျှရှိသော စာရင်းတစ်ခု ကျွန်မတို့ ရလာကြသည်။ ဤမေးခွန်းများကြောင့် လူငယ်များကို စိတ်လှုပ်ရှားစေသော ပြဿနာများကို ကျွန်မတို့ အတော်ကောင်းစွာ ထိုးထွင်းသိမြင်လာကြသည်။ တိုးပြဿနာများက ဖိုမသဘာဝ၊ လိင်၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်၊ နိုင်ငံရေးနှင့် မသန်မစွမ်းဖြစ်ခြင်းတို့ ဖြစ်ကြသည်။

Scanned by CamScanner

သို့သော် အခြားမေးခွန်းများက ကျွန်မတို့ကို တုံ့ဆိုင်းစေသည်။ လုပ်ငန်းစဉ် စောစောပိုင်း၌ စာလုံးပေါင်းနှင့် သဒ္ဒါအမှားအယွင်းမှလွဲ၍ မေးခွန်းများကို လုံးဝတာညီးဖြတ်ခြင်း မပြုလုပ်ရန် ကျွန်မတို့ ဆုံးဖြတ်ခဲ့ကြသည်။ မေးခွန်းများကို ကျွန်မတို့ တင်ပြသောအခါက ၎င်းတို့၊ ရှိကြသည့်ပုံစံအတိုင်း လိုထဲသို့ ကျွန်မတို့ ရောက်စေချင်ကြသည်။ အဓိပ္ပာယ်မရှိလွန်းသော၊ မေးခွန်းများမှလွဲ၍ မေးခွန်းအားလုံး သူ့စီသို့ ရောက်ဖို့ကိုလည်း ကျွန်မတို့ ကတိပေးခဲ့ကြသည်။ "ထူးဆန်းတာပဲဖြစ်ဖြစ်၊ အရေးမကြီးတာပဲဖြစ်ဖြစ်၊ အဆက်အစပ်မရှိတာပဲဖြစ်ဖြစ်" ဟူသောအချက်အား လူများ တုံ့ပြန်ကြပုံကို ကျွန်မ ကိုယ်တိုင် သဘောကျမိသည်။ ပိုမိုပျော်တတ်သော အောက်ပါထင်မြင်ယူဆချက်အချို့နောက်ကွယ်မှ အားပါးတရ အပြုံးများနှင့် မွှက်နှုပ်ပင့်မျိုမှုများကို ကျွန်မစိတ်ထဲ၌ တွေ့ မြင်လုမတတ်ဖြစ်နေသည်။

"ဖုန်းရွေးခဲ့ နက္ခတ်ဗေဒင်ကို ရှင် ယုံကြည်သလား"

"ရှင် အစာမစား၀ီ ရှင့်ရဲ့အစားအစာတွေကို ပြည်းစပ်းခိုင်းသလား"

"ရှင်အချစ်ဆုံးကလေး၊ ဒါမှမဟုတ် မြေးက ဘယ်သူလဲ"

ဤအရာများက ပျော်စရာတစ်ခုအနေဖြင့် အဘိုးကို ကျွန်မမေးမည့်မေးခွန်းမျိုးဖြစ်သည်။ အလွန်စက်ခဲသောအရာကို ကျွန်မ စတင်ပြုလုပ်ရလျှင်... "အချစ်ဆုံးမြေး" မေးခွန်းကို မေးချင်မှမေးမည်။

သို့သော် ၎င်းတို့ကို လိအား မေးမည်လား၊ သူဝင်လာမည်ကို ကျွန်မ ထိုင်စောင့်နေစဉ် သံသယဖြစ်စပြုလာသည်။ ကျွန်မဆက်သွယ်ခဲ့သော ငယ်ရွယ်သည့် စင်ကာပူသား အဇတ်များများ၊ အတူးသဖြင့် အသက် ၂၀ အောက်ရှိသူများက သူတို့တွင် မေးခွန်းများရှိသည်ဟု ပြောကြသည်။ သို့သော် ၎င်းတို့ကို ဖွင့်ဟမပြောချင်ကြချေ။ အပြစ်ဒဏ်တစ်မျိုးမျိုးကို သူတို့ ကြောက်ရွံ့နေကြသည်။ သူတို့ထဲမှအချို့က အဝိုးရဆန့်ကျင်သော စကားပြောမိလျှင်၊ သို့မဟုတ် PAP အား ဝိမဝေးကြလျှင် သူတို့၏ဆွေမျိုးများ ကြုံတွေ့ရသော အရာများကို ထုတ်ဖော်ပြောကြသည်။

ထိုအရာများကြောင့် မဟုတ်ကြသော်လည်း သူတို့၏ စိုးရိမ်ကြောက်ရွံ့မှုက ကျွန်မကို ကူးစက်စပြုနေသည်။ ကျွန်မတွန့်ဆုတ်နေဖို့အတွက် တခြားအကြောင်းရင်းများလည်း ရှိသည်။ ဤစီမံကိန်းကို ကျွန်မ စတင်လုပ်ကိုင်သည့် အဖို့နှုန်းမှာ၌ လိက ကျွန်မကို ညစဉ်အိပ်မရအောင် လုပ်ခဲ့သည်။ ၎င်းက သူ့အကြောင်းကျွန်မများစွာ ဖတ်ရှုလွန်းသဖြင့် သူ့အကြောင်းကျွန်မ စတင်အိပ်မက်မက်လာသောကြောင့် မဟုတ်ချေ၊ စင်ကာပူသားအများစုအတွက်ကဲ့သို့ပင် သူက ကျွန်မအဖို့ ကျော်ကြားသော နိုင်ငံရေးပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသည်။

PAP ကို ရှင်ကြိုက်၊ မကြိုက်အပေါ်မူတည်လျက် သဘောကျစရာကောင်းသော၊ သို့မဟုတ် အတုယူစရာကောင်းသော တစ်စုံတစ်ယောက်မျိုးဖြစ်သည်။ သူ၏ကိုယ်ရေးကိုယ်တာဘဝအကြောင်း ကျွန်မသိလိုစိတ် ပြင်းပြလာသည်။ သို့သော် သူ၏ နိုင်ငံရေးအမြင်တချို့ကြောင့် ပြင်းပြစိတ်ပျောက်သွားသည်။ ဤစာအုပ်အတွက် များစွာသော အဖေးအဖြေ ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ပြီးသောအခါ ယခု သူ၏အတွေးအခေါ်များကို ကျွန်မ အနည်းငယ် သဘောကွဲလွဲလျက် နားလည်သော်လည်း ဤအပြုံရောင် ယူနီဖောင်းအင်္ကျီအောက်တွင် လူသားနှလုံးသားတစ်ခု ခုန်နေသည်ကို ကျွန်မ သိသော်လည်း၊ ကျွန်မ နက်နက်ရှိုင်းရှိုင်း ဝိရောဓိဖြစ်နေသေးသည်။

စောစောပိုင်းအင်တာဗျူးများတွင် လိက စင်ကာပူဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ထုတ်ဖော်ပြောခဲ့သည်။ ခွင့်ပြုနိုင်သော အမှားအရေအတွက်က ကျွန်မတို့အတွက် အနည်းငယ်သာရှိသည်။ ၎င်းကြောင့် ကျွန်မစိတ်ဆင်းရဲမိသည်။ သူရဲကောင်းမှုပြုကာကွယ်ထားသော၊ ရန်သူ အဝိုင်းခံနေရသည့် ရဲတိုက်တစ်ခုကဲ့သို့ အူကြောင်ကြောင်မနိုင်သော တစ်စုံတစ်ရာကို ကျွန်မ တိုက်ခိုက်ဖို့လိုချင်သည်။

Scanned by CamScanner

ကျွန်မချစ်သော စင်ကာပူ၊ ကျွန်မကြိုးပြင်းခဲ့ပြီး ကျွန်မ၏ ကလေးဘဝ အမှတ်ရဖွယ်များ ပုံရိပ်မန်းတားနေမည်ဖြစ်သည့် စင်ကာပူသည် နွေးထွေး၍ ပိတ်ဆို့ဆန်သော နေရာဖြစ်သည်၊ ကျွန်မ သံသယရှိသော စင်ကာပူကို၊ ကျွန်မကို မုန်းလိမ့်မည်ဟု ကျွန်မ မျှော်လင့်ခဲ့သည်၊ သို့သော် ယခုအခါ၌မူ ဤတိုင်းပြည်မှာ ကဲ့ခဲ့ကဲ့ယမ်းလွန်းသဖြင့် ဓာတ်လေးတက် သက်သောင့်သက်သာနေခြင်းကပင်လျှင် ဘေးဒုက္ခဆိုးကို ဆိုလိုဝေနေသည်ဟု ကျွန်မ ဝံ့စားပိုသည်၊

ကျွန်မ စိတ်အနောင့်အယှက်ဖြစ်လွန်းသဖြင့် များနာရီဟန်ဆောင်ပြီး ဤသို့ပြင့် အသံတိတ်၊ ကန့်ကွက်မြင်းကို ဆောင်ပြီးမြောက်သလို၊ ရှေ့ဆက်လုပ်မည့် အင်တာဗျူးအားလုံးကို ကျော်လွှားသွားဖို့ ပေးမွှင့်ရုပ်မိမည်ဟု ယုံကြည်ခဲ့သည့် အခြေအနေသို့ ရောက်ခဲ့သည်၊ စံပုံစံဖြစ်သကဲ့သို့ လက်တွေ့လည်းကျသော လူမျိုးညီတူညီမျှဖြစ်မြင်းက ကျွန်မ၏ ကျွမ်းကျင်အပြည် အခြေခံဖြစ်သည်၊ သိပ္ပံနှင့် မြို့ရိုးစဉ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ကျွန်မ သဘောထားအမြင်ကွဲလွဲမှုရှိသည်ကိုလည်း ကြိုးစားသည်၊

ထို့ကြောင့် လီ၏ လူမျိုးရေးဆိုင်ရာ ဒါဝင်အယူအဆများနှင့် သူ၏လူမျိုးများ အလွှာအဆင့်ဆင့်ခွဲခြားနည်းပုံကို ကျွန်မ အမှန်တကယ် သဘောမတူနိုင်ချေ၊ လူမျိုးအုပ်စုအချို့သည် အခြားသူများထက် လက်ဆောင်အချို့ပြင့် ပိုမိုကောင်းမွန်စေးပေါ်ရကြောင်း၊ သို့မဟုတ် ပိုမိုကြီးမားသော အသိပညာဆိုင်ရာ အစွမ်းအစရှိကြောင်းကို ကျွန်မ ယုံကြည်လက်ခံခြင်းမရှိပေ၊ ဆိုအပြင်များက လုံးဝ သိပ္ပံနည်းကျသည်ဟုလည်း ကျွန်မ ကိုန်းသေမပြောနိုင်ချေ၊ ၎င်းတို့အား တိုင်နားထောင်ခြင်းက ရှုန်းကန်တိုက်ခိုက်ပွဲတစ်ခု ဖြစ်နေသည်၊ စိမ်ကိန်းတစ်ခုလုံး၏ ဖြစ်စဉ်တွင် ၎င်းက ကျွန်မ၏ အဆုတ်ယုတ်ဆုံးအပြုအမူကို အမှတ်အသားပြုခဲ့သည်၊

သို့သော် လီက စင်ကာပူအတွက်၊ သို့မဟုတ် လူမျိုးရေးဆိုင်ရာ ဒဿနများအတွက် စိုးရိမ်ထိတ်လန့်မှုထက် များစွာ ပိုမိုပေါက်ရောက်သည်၊ သူ၏အမြင်များက ၎င်းတို့ကို ကျွန်မ ပြန်လည်တင်ပြခဲ့သည်ထက် ပိုမိုကြီးမှုပြားသော သမိုင်းဆိုင်ရာ အနေအထားကိုလည်း ပိုမိုသိနားလည်မှုရှိသည်၊ ဒီမိုကရေစီနှင့် ပတ်သက်၍ သူ၏အမြင်များဟာက ကျွန်မနှင့် သဘောထားကိုက်ညီသည်၊ သူကြိုးကြပ်ကွပ်ကဲခဲ့သည့် အဖို့နှစ်မှစ၍ စင်ကာပူအကြိုးအကျယ် ပြောင်းလဲခဲ့ကြောင်းနှင့် အထူးတလယ် အခြေအနေများတွင် လတ်တလောအကျဆုံး ဖြစ်ပေါ်တိုးတက်မှုများကို သူမသိရှိတော့ကြောင်းကို သူ သိသည်၊

သူ့ပြောစကားများကို နားထောင်သောအခါ ကြောက်မက်ဖွယ်ကောင်းသော သူ၏အသိစိတ်နှင့် အမျက်အလက်များ အများအပြားဆုပ်ကိုင်ထားမှုတို့ကို ကျွန်မ တစ်ချိန်လုံး သိရှိလာသည်၊ သို့သော် "လူမျိုး" နှင့် "မလုံခြုံမှု" ဖြစ်သော ထိုအကြောင်းအရာနှစ်ခုက သူ၏သဘောတရားတွင်အမှန်တကယ်ကို စွဲမှတ်ထားသောအချက်များဖြစ်ကြဟန်တူသည်၊ အလွန်သဘောကျစရာကောင်းသလို တစ်ချိန်တည်း၌ အလွန်ခေါင်းမာသော ခေါင်းဆောင်တစ်ယောက်နှင့် ကျွန်မ ထိပ်တိုက်ရင်ဆိုင်နေရသည်ဟူသော ခံစားချက်ကို မဖျောက်ဖျက်နိုင်ချေ၊

ပြောင်းရွှေ့အခြေချမှုများနှင့် ပတ်သက်သော အင်တာဗျူးအတွင်း၌ အလှည့်အပြောင်းတစ်ခု ဖြစ်လာသည်၊ ထိုစဉ်က ကျွန်မတို့ စင်ကာပူ စရိုက်လက္ခကာကို ဆွေးနွေးနေကြသည်၊ သူ့အဖို့ စင်ကာပူသား ဖြစ်ခြင်းသည် အသိစိတ်မှ ဝင်ရောက်ခဲ့သည်ဟု သူကပြောသည်၊ ဤနေရာ၌ မွေးဖွားခဲ့ကြသော ကျွန်မတို့အား လုံးက ထိုအသိစိတ် ရှေးချယ်မှုဖြင့် ဖန်ဆိုင်ကြသည်၊ "ဒါ လိုရင်းအချက် လုံးဝမဟုတ်ဘူး" ဟု ကျွန်မတွေးမိသည်၊ ယခင်အင်တာဗျူးများမှ အတွေ့အကြုံက ကျွန်မကို ပင်ပန်းနွမ်းနယ်အောင် လုပ်ထားခဲ့သည်၊ "ကျွန်မတို့ ဒီနေရာမှာ မွေးဖွားဖို့ မဆုံးဖြတ်ကြဘူး၊ ဒါပေမဲ့ အဲဒါကာ ကျွန်မတို့ ဂုဏ်ယူစွာနဲ့၊ ဒါမှမဟုတ် ရှက်ရွံစွာနဲ့ ကျွန်မတို့တပ်ဆင်ချင်တဲ့ တံဆိပ်တစ်ခု ဖြစ်နိုင်တယ်၊ အခုအထိနော်ပြီး ကျွန်မ ဂုဏ်ရှိခြင်းဆီကို တိုးသွားနေပြီ"

Scanned by CamScanner

ထိုနောက်တွင် ကျွန်မနားမလည်သောအရာကို နားလည်လာသည်၊ ကျွန်မ၏ သဘောထားကို ပြောင်းလဲစေခဲ့သော တိကျသော ဖော်ပြချက်ကို ကျွန်မမှတ်မိနေသေးသည်၊ ဧင်ကာမှကို အခွင့်အလမ်းပေးရာဒေသတစ်ခုအဖြစ် ငါပြောင်းသွားသော ကျွန်မတို့အပေါ်မှ တစ်ယောက်က မေးသည်၊

လီက ဘိုသို့ တုံ့ပြန်သည်၊

"ဟင့်အင်း . . . ကျွန်တော် အဲဒါထက်မက ပိုစဉ်းစားမိတယ်၊ အဲဒါထက်သာတယ်၊ ဘီဟာ အရာအားလုံးပြန်ပြီး တယ်၊ ဧင်ဂျားဧင်လာတဲ့အခါက သူမတူအောင်ထူးခြွန်တဲ့ အခွဲအခေြတစ်ခုနဲ့ ပေးပေါင်းနေတယ်၊ ဘီက ဒီအရာကို ခန့်မှန်းမှု သာမန်အဖွဲ့အစည်းမဟုတ်ဘူး၊ အဲဒါက သာမန်အခွဲ၊ စိတ်ကူးယဉ်အခွဲနှင့် အလုပ်ကြိုးစားမှု ပေါင်းစပ်မြင်းအခြေ ခြင်းကြောင့် ဖြစ်လာတာပါ၊ ပြီးတော့ ကျွန်တော်တို့ ဆက်လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ အဲဒါ ထူးခြွန်နေမယ်လို့ ဖြစ်နေတဲ့အတိုင်း လုံလုံခြုံခြုံ ရှိနေနိုင်တယ်"

ကျွန်မတုံ့ဆိုင်းနေမိသည်၊ ၎င်းကိုယခင်က ကျွန်မတွန်းကဲသို့ပျိုးတစ်ခါမတွေ့ဖြစ်ခဲခဲ့ဖူး၊ စင်ကာပူသည်ကမ္ဘာ့ဖြစ်ခဲ့သည်၊ သမိုင်းမှ မတော်တဆ အနှောင်အယှက်တစ်ခုဖြစ်သည်၊ ထိုအချိန်သားပညာရေး သင်ခန်းစာများက ယနေ့ ကျွန်မတို့ ရှိနေသော နေရာသည် ရက်ဖလက် (ကျောင်း) ဆီသို့ ပြန်လည်ဦးတည်နေသော၊ ဝိုင်ဖိုက်သို့ ဆက်စပ်ခြင်းမရှိသော သဘာဝရလဒ်ဖြစ်နေဘိသကဲ့သို့၊ ကျွန်မတို့၏ အတိတ်လမ်းကြောင်းကို ပြန်လည်ပြောပြနေသည်၊ ၎င်းက အဟုတ်တကယ် မမှန်ကန်ဟု ကျွန်မထင်သည်၊ ကျွန်မတို့ ဂျုံနေရာရောက်လာပုံနှင့် ပတ်သက်၍ သဘာဝကျသောအရာ ဘာမှမရှိသေး၊ ဤအခြေအနေသို့ရောက်ရန် အဆင့်အားလုံး၌ မိုးဆက်မှားအကြား ပြုလုပ်ခဲ့ရသော ရွေးချယ်မှုများနှင့် ဖွဲ့ပြုတ်ကံများစွာ ဆယ်စုနှစ်များစွာ အရှိန်ယူခဲ့ရသည်၊ ကျွန်မတို့ လိုက်နိုင်သောလမ်းများ၊ ရွေးချယ်မှုများ အပြုတ်ရှိသည်၊ ကျွန်မတို့ ရပ်ခဲ့သော လမ်းကြောင်းများကြောင့် ဤရလဒ်ကို ကျွန်မတို့ ရခဲ့ကြသည်၊ ၎င်းသည် အကြောင်းအချက်တချို့အရ အမှန်တကယ် ဆန်းကြယ်သော ရလဒ်ဖြစ်သည်၊

စင်ကာပူ လိုက်မည့်လမ်းကြောင်း ဦးတည်ချက်နှင့် ပတ်သက်၍ မလွဲမရှောင်သာဖြစ်ရမည်ဟု သည်အရာ ဘာမှ မရှိချေ၊ နိုင်ငံရေးနှင့်ပတ်သက်သော နောက်ပိုင်း အင်တာဗျူးတစ်ခုတွင် လီက "ဘယ်စနစ်မှ ထာဝရ မတည်မြဲဘူး" ဟု ဆိုခဲ့သည်၊

၎င်းက ထိထိမိမိရှိလှသည်၊ အပြောင်းအလဲ ပြုလုပ်ဖို့အတွက် တံဆိပ်ဖွင့်ထားကြောင်း ထိုလိုနေသည်၊ သမိုင်းတစ်လျှောက် လမ်းကြောင်းတစ်ခုကို ကြီးကြပ်ဆိန်းခကျောင်းသည် အခြေခံမှအား ရုပ်လုံးဖော်ခဲ့သော လူတစ်ယောက်ဖြစ်သည်ကို ကိုယ်တိုင်ထံမှ ၎င်းကိုကြားရခြင်းက စိတ်ခံစားစရာကောင်းနေသည်၊ နိုင်ငံရေးနယ်ပယ်တွင် ကိုယ်ထိလက်ရောက် အလုပ်လုပ်ရန် သတ္တိရှိသော၊ မြှုပ်နှံမှုရှိသော လူတစ်ယောက်အဖြစ် သူ့ကို တွေ့မြင်ရခြင်းကလည်း ကျွန်မကို ကြောက်နှံ့ခဲသော လေးစားစိတ်များ အမှန်တကယ်ဖြစ်ပေါ်အောင် ပြုလုပ်နေသည်၊ အားလုံးကို တူညီသော အခွင့်အလမ်းများရရှေမည့် သူ၏ အကောင်းဆုံးဖျော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ခရစ္ဆာ ခုနှစ် နောက်ပိုင်းအထိန်းကာလက သူ၏ ကိုယ်ပိုင်ဘဝကို သူစွန့်လွှတ်ခဲ့သည်၊ ထိုကဲ့သို့သော သတ္တိနှင့် သံမဏိကဲ့သို့မာကြောသော စိတ်ပိုင်းခြတ်မှတို့ကြောင့် ကျွန်မတို့လုံခြုံစိတ်ချ ကြရကြောင်းကို ကျွန်မတို့ထဲမှ လူအချို့ပြောနိုင်ကြသည်၊

အစွတာနာမှအခြေအနေကိုပြန်ပြောရလျှင် ကျွန်မကိုယ်ကျွန်မစိတ်တည်ငြိမ်အောင် လုပ်သည်၊ ရော်ဘင်က သူ၏ အသံသွင်းရိုက်ဒါစက်ကို စစ်ဆေးသည်၊ ရှိရာရက်အဝန်းဆီသို့ ဦးတည်နေသောတံခါးမှ လှုပ်လှုပ်ရှားရှားအသံများ ကြားရတရက် ထွက်ပေါ်လာပြီး လုံခြုံရေးအရာရှိတစ်ဖွဲ့၏ ခြေသံများကလည်း နောက်မှ လိုက်ပါလာကြသည်၊ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်၊ ကဲ . . . စကြစို့၊

Scanned by CamScanner

လိုက်ပါနှစ်တင်းတင်းဖြည့်နေပြီး သို့သော် ခြင်္သေ့မင်းများက (အနည်းဆုံးကျွန်တော်တို့အားသိသလောက်) အားမနိုင်နေသေး ပြီး သူတို့သည်က မာကြောမြတ်သားသည်။ စားပွဲတစ်ဖက်၌ သူ နေရာယူသောအခါ ကျွန်မတို့အားလုံးကို ကျွန်မ သတိရမိသည်။ ကျွန်မအတိုင်းက အသက် ၈၀ ကျော်နေသော်လည်း အရွက်တက်အဖိုန်များတွင် ဝေးလံစွာ လမ်းသွက်သွက် လျှောက်နေဆဲ။ တစ်ခါတစ်ရံ၌ အလေးမသာကဲ့သို့ ဆန့်အိတ်များကို ထမ်းပိုးတတ်သည်။ လိုက ပိုမိုကြောက်မက်ဖွယ်ကောင်းသောမျိုးဟုတ် ဖြစ်သည့် အတိတ်ကို ပိုင်ဆိုင်နေဟန်တူသည်။ တိုအတိတ်၌ အခက်အခဲများကို သူ မျက်တောင်မခတ်ဘဲ ရင်ဆိုင်ဖို့ကြံ့ခဲ့သည်။

သို့သော် ထိုမျိုးဆက်၏ ရှေးရိုးလိုက်ဝါဒဖြင့် သူ အမြင်ကျဉ်းမြောင်းခြင်း မရှိခဲ့ချေ။ ထိုကိစ္စ၌ ယခုတော့ လူ့အလှည့်. အလည်း၏ ရှေးရိုးလိုက်ဝါဒဖြင့်ပင် သူ အမြင်မကျဉ်းမြောင်းချေ။

"ကျွန်တော်က လစ်ဘရယ်လည်း မဟုတ်ဘူး၊ ကွန်ဆာဗေးတစ်လည်း မဟုတ်ဘူး"

သူက ပြောသည်။

"ကျွန်တော်က လက်တွေ့ကျတဲ့ လက်ငင်းအကျိုးကြည့်သူပါ၊ အမြဲတမ်း အဲဒီလိုဖြစ်ခဲ့တယ်၊ အရောဝတ္ထုတွေကို သူတို့ရှိနေတဲ့အတိုင်း ကျွန်တော် လက်ခံတယ်"

အမှန်ပင် လက်ငင်းအကျိုးကြည့်ဝါဒ အမျိုးအစားက သဘောတရားရေရာ ဘက်လိုက်ခြင်းများကို မကြာခဏ ပယ် ရှာနိုင်သည်။ သို့သော်လည်း လိုက်၏လက်ငင်းအကျိုးဦးစားပေးဝါဒအတိုးတလှယ်တံဆိပ်ကို ပယ်ရွယ်သောစင်ကာပူသားများ ကော်ထုတ်သည့်ပြဿနာများ၌အသုံးမြှောသောအခါရလဒ်များက ထုံးတမ်းစဉ်လာလိုက်ကြသူများနှင့် တိုးတက်မှုလိုလားသူတို့၏ အရောအနှောတစ်ခုဖြစ်နေသည်။

ဥပမာအားဖြင့် အမျိုးသမီးများသည် ဗိခင်များအဖြစ် သူတို့ကို အထူးသတ်မှတ်ပေးထားခဲသော ကွဲပြားခြားနားသည့် ဓိဝေဒဆိုင်ရာ ဒွဲစဉ်းမှုတစ်ခုရှိသည်ဟု သူ ယုံကြည်သည်။

"အမျိုးသမီးတွေဟာ ဗိခင်တွေဖြစ်လာကြတယ်၊ အမျိုးသမီးတွေဟာ သူတို့ရဲ့ကလေးတွေကို ပြုစုပျိုးထောင်ရတဲ့ တာဝန်ရှိကြတယ်၊ အမျိုးသားတွေကဒီတာဝန်ကို တစ်စိတ်တစ်ပိုင်းမျှဝေယူကြလိမ့်မယ်၊ ဒါပေမဲ့ သူတို့ အမျိုးသမီးတွေ မဟုတ် ဘူး၊ သူတို့ကလေးမမွေးကြဘူး"

ဟု သူကပြောသည်။

ဤသို့ဖြင့် လိင်တူဆက်ဆံသောအမျိုးသမီးစုံတွဲကို အကျိုးသက်ရောက်သော ဗိဘများအဖြစ် သူ တွေ့မြင်နိုင်သည်။

သို့သော် လိင်တူဆက်ဆံသော အမျိုးသားစုံတွဲကို သူ တို့သို့မမြင်ချေ။

"ကလေးတစ်ယောက်ကိုကြည့်ရှုစောင့်ရှောက်နေတဲ့အမျိုးသားနှစ်ယောက်ရှိလား၊ ကလေးတစ်ယောက်ကိုကြည့်ရှု စောင့်ရှောက်နေတဲ့ အမျိုးသမီးနှစ်ယောက်ဆိုရင် ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမဲ့ ကျွန်တော် ဒီလောက်ကိုနှိန်းခေသမပြောနိုင် ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒါက သူတို့ရဲ့ကလေး မဟုတ်လို့ပေါ့၊ ခင်ဗျား ဖန်ပြွန်သန္ဓေသား မျိုးပွားမှုပြုလုပ်ပြီး အဲဒါက ခင်ဗျားတို့ကလေးဖြစ်ရင် ကိုယ်ဝန်ဆောင်ခြင်းဖြစ်စဉ်ကြောင့် သဘာဝဗိခင်စိတ် ခင်ဗျား ဝုန်းခြိုးဖြစ်ပေါ်လိမ့်မယ်၊ ဒါပေမဲ့ အမျိုးသားနှစ်ယောက်က ကောင်ကလေး၊ ဒါမှမဟုတ် ကောင်မလေးကို မွေးစားရင် ဘာအဓိပ္ပာယ်ရှိသလဲ"

ဤအရာက ဖခင်အဖြစ်၊ သူ၏ကိုယ်ပိုင်အတွေ့အကြုံမှ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆင်းသက်လာခြင်းဖြစ်သည်။

"ကျွန်တော့်ကလေးတွေအတွက် ကျွန်တော် သေးခံဘောင်းဘီ (diaper) ဘယ်တော့မှ လဲမပေးရဘူး"

Scanned by CamScanner

ဂုဏ်းက သူ့ဘာသာတော်ဝင်ဘဝဆီကို ပြန်းကပ်မှုနှင့် အလွန်အမင်း ပြားနားလျက်ရှိခဲ့သည်။ ဝန်ကြီးဌာန၊ လိုက်နာလုပ်ကိုင်ရမည့် ကာလေးသေးဝတ်လဲလှယ်ရာ၌ အထူးကျွမ်းကျင် သွက်လက်သည်။ သူ၏ကမ္ဘာလေးငယ်များကို သူ မည်သည့်အပါမှ မျိုးစုံနှင့် မတို့ ဝိဝေ့။ ၂၀၁၀ ပြည့်နှစ်က သတင်းအစီရင်ခံစာတစ်စုအရ ဤကျွမ်းကျင်မှုကို အခြားဒေသများလည်း ပြုလုပ်ကြဖို့ သူ တိုက်တွန်းခဲ့သည်။

သေးငိုးအဝတ်လဲသောတာဝန်ကို ဝေဘးဖယ်သားဝေသာလည်း အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ရာထူးတိုးခြင်းတို့တွင် ညီမျှမှုကို ရရှိနိုင်သည်ဟုလဲ ခံစားမိသည်။ အစိုးရက သူတို့ကို နိုင်ငံသားများအဖြစ်ဝန်ညီသော ဂုဏ်ပြုခြင်းခံခဲ့ရသည်ဟု သူကပြောသည်။ စင်ကာပူအမျိုးသမီးများကို လက်ထပ်ကြခဲသော နိုင်ငံခြားသားများက ယခု စင်ကာပူ နိုင်ငံသားများဖြစ်လာနိုင်သည်။

အကြောင်းအရာများက ဤအရာကို ဖော်ထုတ်နေဟန်တူသည်။ ကမ္ဘာ့စီးပွားရေးဂိုရမ်၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဝိုင်ကွာဟချက်ဂေဟာစမ်းသပ်မှုက၊ စင်ကာပူသည် လုပ်ငည်ညီမျှမှုကိစ္စတွင် သာမန်အထက်၌ရှိနေပြီး ခုခု နိုင်ငံထဲတွင် အဟန့်ဖို့ ဝိုးခြောင်းနှင့် မန်နေဂျာနှင့် အထက်တန်းရာထူးများတွင် အမျိုးသမီးများ၏ အဝေးအတွက်လည်း သာမန်အထက်၌ ရှိနေကြောင်း တွေ့ရှိသည်။ လိင်ခြောင့်လုပ်ကွာဟမှုကလည်း ကျဉ်းမြောင်းလာသည်။ အသက် ၂၀ - ၂၉ နှစ်အုပ်စုတွင် အမျိုးသားများထက် အမျိုးသမီးများက ပညာရပ်ဆိုင်ရာနှင့် မန်နေဂျာဆိုင်ရာ အလုပ်များကို ပိုမိုယူထားကြသည်။

သို့ဝေဘ်လည်း လက်တွေ့အမှန်က ဤမနရာမှ လှုံ့ဆော်စည်းရုံးခဲ့သည်။ ကမ္ဘာ့စီးပွားရေးဂိုရမ် လေ့လာစမ်းစစ်မှုက စင်ကာပူကို ဝင်ငွေမြင့်မားဒေသ တိုင်းပြည် (၄၄) ရထဲမှ (၃၃) ရမြောက်အဖြစ် အဆင့်သတ်မှတ်ပြီး အမျိုးသမီးများ နိုင်ငံရေးထဲဝါဝင်မှုနယ်ပယ်၌ အထူးတလွယ်ဆောင်ရွက်ချက် ညံ့ဖျင်းသည်ဟုလည်း သတ်မှတ်သည်။

၂၀၀၈ ခုနှစ်တွင် ဝပ်ဆင်ဝပ်အကြံပေးအဖွဲ့က ပြုလုပ်သော နောက်ထပ် လေ့လာစစ်ဆေးမှုက စင်ကာပူရှိအကြီးတုံးကုမ္ပဏီများ ၁၀၀ ထဲမှ ၇၂ ခုက ၎င်းတို့၏ ဘုတ်အဖွဲ့တွင် အမှုဆောင်မဟုတ်သော အမျိုးသမီးဒါရိုက်တာများ မရှိကြောင်း တွေ့ရှိသည်။ စက်မှုလုပ်ငန်းအားလုံးအနှံ့၌ အမျိုးသားများ၏ ဂုဏ်ပေါင်း ပျမ်းမှုလစဉ်ဝင်ငွေရရှိမှုက အမျိုးသမီးများထက် သာလွန်သည်။ အမျိုးသမီးများမှာ အလုပ်သမား အဖွဲ့လဲတွင် အများနှင့်ဟန်းတူ အလုပ်ကြိုးစားလုပ်ကြရပြီး အိမ်၌လည်း သူတို့၏ တာဝန်ကို ထမ်းဆောင်နေကြရသေးသည်။ သူဝန်ထမ်နိုင်လျှင် နိုင်ငံခြား အိမ်ဖော်တစ်ယောက်ကို ငှားရမ်းကြရသည်။

စိန်ဝဲဝါမှုများက ပန်းလျှိုးကွယ်ရှိ အန္တရာယ်ရှိနေသော စိတ်ပညာဆိုင်ရာနယ်ပယ်ဆီသို့ ရောက်ရှိသည်။ စားသောက်ခြင်းနှင့် တိုင်ဝေသော စိတ်ဝေဂါ (အစာစားလွန်းခြင်း။ အစာမစားခြင်း) အတွက် စင်ကာပူ အဝေထွေထွေရောဂါကု ဆေးရုံ၌ ကုသနေကြသော ဆယ်ကျော်သက်များ၏ အဝေးအတွက်က ၂၀၀၂ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အကြား၌ ၆ ဆ တက်လာသည်။ လေ့လာစစ်ဆေးကြည့်သော စင်ကာပူမိန်းကလေး ၁၀ ယောက်တွင် ၈ ယောက်ကျော်က သူတို့၏မျက်နှာပုံပန်းသဏ္ဌာန်ကို ပြောင်းလဲလိုကြပြီး ၁၀ ယောက်တွင် ၆ ယောက်က သူတို့ကိုယ်အလေးချိန်၊ သို့မဟုတ် သူတို့၏မျက်နှာအသွင်အပြင်တို့နှင့် ပတ်သက်၍ ကိုယ့်ကိုယ်ကိုယ် အဆင်ကြိုးခြင်းပြဿနာများရှိနေကြသည်။ ဓနွာကိုယ် ပုံပန်းသဏ္ဌာန်ပြဿနာများရှိသော ဆယ်ကျော်သက်ရွယ်းအများစုက အသက် ၁၇ နှစ်မှ ၂၅ နှစ်ရှိသော အမျိုးသမီးများဖြစ်ကြသည်။

သို့ဝေဘ် အဝေဗရိကန်ပြည်ထောင်စုနှင့် ဥရောပနစ်ခုစလုံးမှ ညီမျှမှုအတွက် ဥပဒေပြုမှု အလားအလာက လိုအပ်ဝဲရွေးမျိုးမှုအပြေ မဟုတ်ဝေမှု၊ ဥပဒေအသစ်များက လူ့အဖွဲ့အစည်း၏ ရှုံးရှိုးလိုက်သော စိတ်ဒနှင့် ရင်ဆိုင်တိုက်ဖိုပြီး မရည်ရွယ်ဝေသော ထန်ကျင်ဘက် အကျိုးဆက်ရလဒ် ထွက်လိမ့်မည်။

Scanned by CamScanner

"ကျွန်တော်တို့ မိသားစုဆန်ချင်တယ်"

လီက ပြောသည်၊

"အရင်ရန်ပတ်သက်ရသလောက်တော့ ခုနတွေမှာကလေးထိန်းလေဘာတွေလုပ်နေကြပြီး ကလေးတွေကိုမိဝင်စိုက်ပျိုးနေကြတယ်၊ အမျိုးသမီးတွေ အခု အလုပ်လုပ်နေကြပြီဆိုတဲ့ အချက်ကို ကျွန်တော်တို့ ရင်ဆိုင်ဖို့ လို အပ်နေပြီ၊ ခုနကတော့ လုံးဝမယူဘဲ နေကြလိမ့်မယ်"

ကောင်ဒီနေ့ဒီယန် တိုင်းပြည်များတွင်ကဲ့သို့ ထောက်ပံ့ငွေများရှိမည်လားဟု ကျွန်မကမေးသည်၊ ထိုတိုင်းပြည်များက သားသမီးမြင်တွန်းမှုနှုန်း အပြင့်ဆုံးတဲ့ပါဝင်ကြသည်၊ အကုန်အကျများလွန်းလို့မည်ဟု သူက ဖြေပေးသည်၊ နောင်အား အလုပ်နားခွင့်ပေးသော ဖခင်ခွင့်ကဲ့သို့ ပိုမိုသင့်မြတ်မှုရှိသော ဆောင်ရွက်ချက်များကလည်း မည်သို့ ရှိမည်နည်းဟု ကျွန်မကမေးသည်၊

"ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ"

တွဲမြန်မြန်လာသည်၊

"ကျွန်မ ၂၄ နှစ်ရှိပြီ"

"အင်း... ခင်ဗျား အလုပ်ရှင်ဖြစ်လာရင်၊ ရင်ဆိုင်ရမယ့် ပြဿနာတွေကို မတွေးဝံသေးဘူး"

လီက ရယ်လျက်ပြောသည်၊

"ဖခင်ခွင့် ဆိုတာက အမျိုးသား အလုပ်မဆင်းတာကို ဆိုလိုတယ်၊ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းနိုင်တယ်၊ ဒါပေမဲ့ ကုမ္ပဏီအသီးသီးက တွက်ချက်မှုတွေ လုပ်ကြလိမ့်မယ်၊ တောက်တိုမည်ရအလုပ်က ဘယ်လောက်များမလဲ၊ ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ၊ အခွင့် ဘယ်လောက်ဆုံးရှုံးမလဲ၊ ခင်ဗျား ဥပဒေပြဋ္ဌာန်းနိုင်တယ်၊ အဲဒါဆိုရင် ကလေးရှိတဲ့ အိမ်ထောင်သည်အမျိုးသားတွေကို သူတို့ အလုပ်ခန့်ကြတော့မှာမဟုတ်ဘူး၊ ဒါဆိုရင် တန်းပြန်ဂယက်ရိုက်မှုတွေ ခင်ဗျား ကြုံရလိမ့်မယ်၊ ဒီကတော့ သူ့လမ်းကြောင်းသူ ယူရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ဟာ အခြေခံအားဖြင့် ဈေးရိုးလိုက်တဲ့ ပုံအဖွဲ့အစည်းတစ်ခုပါ"

ထိုသို့ဆိုလျှင် မှတ်ဉာဏ်တီးခြင်းကို လူ့အဖွဲ့အစည်း၏တန်ဘိုးများက ချမ်းထိန်းထားကြောင်းကို သူ ယုံကြည်နေ သည်၊ ဆွေးကွမ်းသစ်များ လိုအပ်သည်ဟု လီ ယုံကြည်လျှင်ဖောင်မှ လူ့အဖွဲ့အစည်းကိုယ်တိုင် သဘောတူညီမှုအသစ်တစ်ခုဆီသို့ မရောက်ခဲ့ပါက အပြောင်းအလဲကို အတင်းအဓမ္မပြုလုပ်နေခြင်းမှာ အဓိပ္ပာယ်မရှိဟု ခေါ်၊ တီဟီရန်မှ မိခင်တစ်ယောက်၏နှုန်းကို ဒုတိယကဲ့သို့ ပြောပြသည်၊

"ငယ်ငယ်တဲ့ အမျိုးသမီးတစ်ယောက်ဟာ ကိုယ်ဝန်ရှိလာတယ်၊ သူမ ကိုယ်ဝန်ဖျက်ချဖို့ စိတ်ကူးမိတယ်၊ အဲဒီနောက် အလုပ်ဆရာဆောင်းပေါ်က ကလေးရဲ့လှုပ်ရှားမှုကို သူမတွေ့မြင်ပြီး ကလေးကိုယူဖို့ ဆုံးဖြတ်တယ်၊ ဓလ ကြာတဲ့အခါ သူမရဲ့ အစ်ကိုကို သူမကပြောပြတယ်၊

"နင် ငါတို့မိသားစုကို အရှက်ရအောင်လုပ်တယ်၊ အခု ကိုယ်ဝန်ဖျက်ချ"

လို့ သူမရဲ့အစ်ကိုက ပြောတယ်၊ သူမက တိုက်ခိုက်ပြီး ငြင်းဆန်တယ်၊ သူမရဲ့မိဘတွေက သူမကို အသိအမှတ် မပြုကြ တော့ဘူး၊ ဒါကြောင့် သူမတစ်ယောက်တည်းဖြစ်နေတယ်"

Scanned by CamScanner

"သူမ မနက်ကမှ တွဲခွေခွဲလို့ ပြောသွားလိုက်လို့ ကိုယ်သင်းသားတာ"

ကွန်မော ပေးသည်၊ အိမ်သားတစ်ဦးသား မိတ်မွေးကို ဧင်ကာပူမီးသားရုံးခေါ်သော် များစွာတို့က စာရင်းပေးသည့်သွင်း ကြာရှု၊ ကလေးထောက်ပံ့ကြေးလည်း ဆုံးရှုံးသော်သားလည်း ဘိုးဘေးမှ ပိတ်နှင့် ကလေးမွေးဖွားကို အားတွက် သူတို့ အကျိုးမဝင်ကြမှု အိမ်ရာဘတ်အခွဲတိုက်ခန်းများ ထောက်ပံ့မပေးခြင်းကဲ့သို့ လူမှုရေးပုံရေး စီမံကိန်းတချို့က အိမ်ထောင်ပြုထားသော ပိဘများ သို့မဟုတ် ကွာရှင်းထားသူများဆီတွင်က သီးသန့်ရည်ရွယ်သည်၊

"ဒါက ကိုယ်ရောကိုယ်တာဆိုင်ရာ ဝန်းစွပ်မှုပါ"

လီက ပြော သည်၊

"ကွန်တော် ဆိုလိုတာက ဧင်ကာပူရဲ့ အမျိုးသားရေးအမြင်အရဆိုရင် ကလေးကို ကျွန်တော်တို့ ယူသင့်တယ်လို့ ကွန်တော်ထင်တယ်၊ ဒါပေမဲ့ မိသားစုက တစ်မျိုးစဉ်းစားကောင်း စဉ်းစားမယ်၊ သူမက တစ်မျိုးစဉ်းစားကောင်း စဉ်းစားမယ်၊ ဘာကြောင့်လဲဆိုတော့ သူမမှာ ကလေးပေးရှိနေရင် အိမ်ထောင်ပြုဖို့ ပိုမိုခက်ခဲမှာကြောင့်ဖြစ်တယ်၊ အကျိုးနဲ့အပြစ်တော့ ရှိတယ်၊ ဒါပေမဲ့ လူဦးရေတရင်းဆယားဆိုင်ရာ အပြင်နဲ့ကြည့်ရင် ကလေးတွေအများကြီးရှိတာကို ကျွန်တော်ထောက်ခံတယ်၊ အထူးသဖြင့် ပညာတတ်တဲ့သူတွေနဲ့ရတဲ့ ပညာတတ်တဲ့ အမျိုးသမီးတွေဆီက ကလေးတွေကို ထောက်ခံတယ်၊ ဒါက အတော် ကလေး လက်ဝင်းအကျိုးကြောင့်ပြီး လက်တွေ့ဆန်ကောင်း ဆန်နိုင်တယ်၊ ဒါပေမဲ့ ဒါက ဘဝပုံစံပဲ"

ငင်းက စင်ကာပူ ရဲ့ ဆိုင်ငံရေးသည် လက်တွေ့အမှန်ဖြစ်သည်၊ ပြဿနာက ငင်းကိုလက်ခံပြီး အလားအလာဖြင့် အလုပ်လုပ်ရမည့် ပြဿနာဖြစ်သည်၊ သို့သော် လူဦးရေဆိုင်ရာ တန်ဖိုးများက လူပ်ရှားရမည့် နေရာအကျယ်အဝန်းကို ချုပ် ထိန်းထားသည်၊

"ဒီဟာက အလွန်ရှေးရိုးလိုက်တဲ့ လူအခွဲအစည်းတစ်ခုပါ၊ ကျွန်တော်တို့ အဲဒီလားရာဘက်ရွေ့လျားရင် မျိုးဆက် ဟောင်းက လူများစွာတို့ ဒေါသဖြစ်ကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ...

"ငါ့သမီး ဘာဖြစ်သွားမလဲ၊ မင်း ဒါကို အားပေးနေတယ်"

လို့ ပြောမှာကြောင့်မေ့"

"အလားအလာတွေကို ရှင်းဆိုင်တာ ကျွန်တော် ယုံကြည်တယ်၊ ဒါဟာ အလားအလာတစ်ခုပဲ၊ ဒါကို ကျွန်တော်တို့ ရင်မဆိုင်ရင် နောက်ပိုင်းမှာ ကျွန်တော်တို့ လူမှုရေးပြဿနာတစ်ခု ရရှိလာလိမ့်မယ်၊ ဒါပေမဲ့ ဒါကို ကျွန်တော်တို့ ဘယ်လို ရှင်ဆိုင်ရမလဲဆိုတာက အရေးကြီးတယ်၊ အိမ်ထောင်မရှိတဲ့ အမျိုးသမီးတွေကို အစိုးရထောက်ပံ့ငွေတွေ ပိုရရှိအောင် ကလေး တွေ အများကြီးယူဖို့ အားပေးတဲ့ ဥပဒေသူပုံစံအရဆိုရင် ဒါက တစ်မျိုးပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ယုံကြည်ချက်ကတော့ တိုင်း ရန်က အမှုကိစ္စဟာ အစွန်းရောက်လွန်းနေတဲ့ အမှုကိစ္စဖြစ်နေတယ်"

လူအခွဲအစည်း၏ အမြင်များက သူ၏အမြင်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပုံကြောင့် သူစိတ်ပျက်မိသလားဟု ကွန်မမေးသည်၊ တစ်ခန် လီက လက်တွေ့ကျသောအမြင်ကို ယူပြန်သည်၊ စင်ကာပူ၏ ရှေးရိုးလိုက်ဝါဒသည် ဘဝအဖြစ်မှန် တစ်ခုဖြစ်သည်၊

"ကွန်တော် ဝန်ကြီးချုပ်ဖြစ်ရင် ကြီးစိုးနေတဲ့ ခံစားချက်ဂ. ကို ဆန့်ကျင်ပြီး ကြီးစိုးနေတဲ့ လူမှုရေးတန်ဖိုးတွေကို ဆန့်ကျင် ပြီး အခြေအနေတွေကို အတင်းတွန်းထိုးလုပ်ဖို့ တွံ့ဆိုင်းခဲနေလိမ့်မယ်၊ ခင်ဗျား ပြည်သူရဲ့ ရေစီးကြောင်း ငုပ်နေတဲ့ ခံစားချက်ကို ဆန့်ကျင်နေတယ်၊ ဒီဟာရဲ့ အဓိကအချက်က ဘာလဲ၊ ခင်ဗျားသိသလား၊ ပန္နက်အသစ်ရိုက်ပြီး မလိုအပ်တဲ့ စွန့်စားမှုတွေ လုပ်မလား"

Scanned by CamScanner

စင်ကာပူ နောက်ဆုံး၌ စိတ်ပြောင်းလဲသွားမည်ကိုလည်းကောင်း၊ ဇာတ်သုတနှင့် ထိုဇာတ်မှရရှိခြင်းက အရာဝတ္ထု
များတွေမြင်ပြုလုပ်ပုံ နည်းသစ်များဆီ သူတို့ကို လမ်းညွှန်ပြမည်ကိုလည်းကောင်း သူ ယုံကြည်သည်၊

"များစွာလွန်းတဲ့ အရာတွေဖြစ်ကြသလို အဲဒါက အချိန်ကြာလာရင် ဆင့်ပွားဖြစ်ပေါ်လာလိမ့်မယ်၊ ကျွန်တော့်ရဲ့
ဂုံးသိုင်ရုန်ကျော်မှုဖြစ်စဉ်က တခြားလူတွေနဲ့အတူ ဖြစ်ပေါ်လိမ့်မယ်၊ အဲဒါတွေကို ကျွန်တော် တစ်ညတည်းနဲ့ မပြောင်းလဲ
နိုင်ဘူး၊ သူတို့ရဲ့အတွေ့အကြုံကို ကျွန်တော် စဉ်းစားတယ်၊ မွေးရာပါဘက်လိုက်မှုတွေ ရှိပေမဲ့လည်း သူတို့ရဲ့ဖာသာတော်မှုတွေ
ဒုတိုရဲ့လေ့လာသုံးသပ်မှုတွေက အပြောင်းအလဲ ဖြစ်ပေါ်စေလိမ့်မယ်"

မသန်စွမ်းသောလူများ၏ ပြဿနာများနှင့် သူတို့အား လူ့အဖွဲ့အစည်းထဲ၌ တန်းတူညီတူ ဆက်ဆံရေးတို့နှင့်
ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်သောအရာမှာ ဤဆင့်ပွားဖြစ်စဉ်မျိုးဖြစ်သည်ဟု ကျွန်မထင်သည်၊ လို ပြောပုံ
အရ...

"ကျွန်တော်တို့ အခု လူတွေပြောနေကြတဲ့နေရာမှာ ရှိနေကြပြီ၊ ကျွန်တော်တို့ ပိုပြီးတော့ လုပ်သင့်တယ်၊ အိုကေ
တိုးတက်အောင်လုပ်ကြစို့လို့ ကျွန်တော်ပြောတယ်၊ ခင်ဗျား အဲဒါတွေကို အသုံးဝင်အောင်ပြုလုပ်နိုင်ရင်၊ ဒါမှမဟုတ် သူတို့
ရဲ့ဘဝကို ပိုပြီး ခံသာအောင်လုပ်နိုင်ရင် အဲဒါကို ဘာကြောင့် တားဆီးမှာလဲ၊ သူတို့တတ်နိုင်သလောက် များများ ဘဝကို
မျော်လှင့်စံစားရအောင် ကူညီကြစို့"

ယခုအခါ ဘတ်စ်ကားများနှင့် MRT ရထားဘူတာရုံများကို မသန်မစွမ်းသူများ ပိုမိုအသုံးပြုနိုင်ရန် ပြည့်စုံကုမ်ပိုးမှု
များ ပြုလုပ်နေကြသည်၊ မစွစ်လီကိုယ်တိုင်ကလည်း သူမ၏ ဥပဒေကုမ္ပဏီတွင် မျက်မမြင် တယ်လီဖုန်းအော်ပရေတာ တစ်
ယောက်ကို အလုပ်ခန့်ခဲ့သည်၊

သူ၏သမီး လီဝေလင်က စာဖတ်နိုင်စွမ်းချွတ်ယွင်းသော ရောဂါရှိပြီး သူကိုယ်တိုင်ကလည်း ၎င်းရောဂါ အပျော့စား
တစ်မျိုးကို ခံစားခဲ့ရသည်ဟု လီ ထုတ်ဖော်ပြောသည်၊ ၎င်းကို စောစောစီးစီး ကျော်လွှားရန် သူသင်ယူခဲ့သည်၊ သူ့အသက် ၆၀
နားကပ်လာချိန်၌ သူ့သမီးက စာဖတ်နိုင်စွမ်း ချွတ်ယွင်းခြင်းရောဂါ ပါရဂူတစ်ယောက်ကို ခေါ်ယူ၍ သူ့အား ကြည့်ရှုနိုင်းသော
အခါကျမှသာ ၎င်းကို ရှာဖွေတွေ့ရှိသည်၊ စာလုံးပေါင်းများ ပြဿနာဖြစ်သောအခါနှင့် စာအပြန်ဖတ်သင်တန်းတက် သောအခါ
တွင် ရောဂါက အလိုအလျောက် ပြသလာသည်၊

"ကျွန်တော် မအောင်မြင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာက်လုံးတွေက ကျွန်တော်မှန်ကန်တဲ့ စာလုံး
ပေါင်းရဲ့လားဆိုတာ သေချာအောင် နောက်ကို ပြန်ပြန်သွားနေတာကြောင့်ပဲပေါ့၊ အဲကြောင့် ကျွန်တော် ဝန်းကျင်းသွားတယ်၊
အဲပေမဲ့ ကျွန်တော် စာနှေးနှေးဖတ်တဲ့အတွက် တစ်ကြိမ်ပဲဖတ်ပြီး ခွဲသွားတယ်၊ အဲကြောင့် အကျိုးကျေးဇူးတွေရှိတယ်၊ အရေး
ကြီးတဲ့အရာက စိတ်မပျက်ခြင်းနဲ့ ကျွန်တော် မသန်မစွမ်းဖြစ်နေတယ်လို့ မခံစားခြင်းဖြစ်တယ်"

လီက လူဖြူဖြစ်နေသော သူ့မြေးအကြောင်း ကျွန်မတို့ကို နောက်တစ်ကြိမ် ထပ်ပြောပြသည်၊ သူက စာသင်ကြားမှု
အခက်အခဲကြောင့် အချိန်ပိုယူရသည်၊ သို့သော် NUS မှတက္ကသိုလ်ကို သူတက်ပြီး ဘွဲ့ရရှိခဲ့၍ ယခုအင်္ဂလိပ်စာ သင်ကြားပြသနို့
စိတ်ပြင်းပြနေသည်၊

"သူကို ကျွန်တော်တို့စွန့်လွှတ်ခဲ့ရင် ဒီနေ့ သူမျှော်လင့်ချက်ကင်းမဲ့နေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ အခန်းဝထောင့်
မှာ လွှင့်ပစ်ခံထားရတဲ့ အရာတစ်ခုဖြစ်လိမ့်မယ်"

လီက ပြောသည်၊

Scanned by CamScanner

"ဒါပေမဲ့ ကျွန်တော်တို့အချိန်ယူရမယ်၊ သူတရေးတစော်သင်ယူနိုင်မဲ့၊ ဒီအထူးသီးသန့်ကျောင်းမှာ သူကို ကျွန်ုပ်တို့ ဝိုထားတယ်၊ နောက်ဆုံးမှာတော့၊ ပင်မကျောင်းတစ်ကျောင်းကို သူတက်တယ်"

အင်တာဗျူးနောက်ပိုင်း၌ သူအချစ်ဆုံးမြေးက ဘယ်သူလဲဟု လီကို ကျွန်မတို့ မေးကြသောအခါ သူက ဤသို့ဖြေသည်၊

"သူတို့အားလုံးက အချစ်ဆုံးတွေချည်းပဲ၊ ဒါပေမဲ့ နှစ်သက်စရာအကောင်းဆုံးလူကတော့ မသန်မစွမ်းဖြစ်တဲ့ကြောင့် ကျွန်တော် ပြောရလိမ့်မယ်၊ သူက အလွန်ယဉ်ကျေးပြီး အပြောအဆို အပြုအမူ လိမ္မာတယ်"

အချိန်ပြောင်းလဲပုံအကြောင်း ပြောသည့်အခါတိုင်း ကျွန်မအဘိုးပြောသော၊ မလွဲမရှောင်နိုင်သောသော "ဒီအနုလူးယ်တွေ" ပိန်ခွန်းကို ကျွန်မစောင့်နေသေးသည်၊ ၎င်းနောက်၌ရော်ဘင်ကငယ်ရွယ်သောပြည်သူများအကြားမှ နိုင်ငံရေးပေကျွံပြုမှုအကြောင်း နောက်မေးခွန်းကို ပေးစသောအခါ ကျွန်မ စိတ်မပျက်ပီချေ၊

၂၀၀၈ ခုနှစ်က အမေရိကန် အခြေခံဥပဒေကောက်ပွဲများတွင် သူတို့၏ ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်ခဲ့ကြသော တက္ကသိုလ်မှ သူ၏ သူငယ်ချင်းကျောင်းသားများ နိုင်ငံရေးကိစ္စအတွက် ကျောင်းထုတ်ခံကြရသည်ကို သူ တွေ့မြင်ခဲ့သည်၊ ဒီမိုကရက်များနှင့် ရီပတ်ဘလစ်ကန်များက တိုက်ပွဲတွင် အတူတကွ ပူးပေါင်းကြသည်၊ တက္ကသိုလ်များတွင် နိုင်ငံရေးလှုပ်ရှားမှုကို ခွင့်မပြုခြင်းသည် အိပ်၌ (စင်ကာပူ၌) လည်း ဥပေက္ခာပြုခြင်းကို တိုက်ဖိုက်မည်လား၊

လီ၏အဖြေက ရိုးရှင်းသည်၊ ငယ်ရွယ်သော ပြည်သူများက ယနေ့အခါတွင် ဥပေက္ခာမပြုကြတော့ဟု၊ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်းများထဲတွင် နိုင်ငံရေးလှုပ်ရှားမှုမရှိသောကြောင့်ဖြစ်သည်၊ သူတို့ သက်သောင့်သက်သာပြစ်လွန်းသောကြောင့် ဥပေက္ခာပြုနေကြသည်၊ တက္ကသိုလ်ဝင်းထဲမှ လှုပ်ရှားမှုက သဘောတရားရေးရာ ဟန်ပြခြင်းဖြစ်သည်၊ ၎င်းက စိတ်အဓိကဝါဒ၌ အားကြီးသော်လည်း အတွေ့အကြုံတွင် အားနည်းသောလူငယ်များအကြား၊ မရင့်ကျက်သော အငြင်းအခုံများဖြစ်ကြသည်၊ သူက ဤသို့ပြောသည်၊

"ကျွန်တော် လန်ဒန်စီးပွားရေးကျောင်းက သင်တန်းမှာ ကာလတစ်ခုကြာ တက်ရတယ်၊ အဲဒီနေရာမှာ နိုင်ငံရေးလှုပ်ရှားမှု ရှိတယ်၊ ချောမောလှပတဲ့ ပြိတိသျှကောင်မလေးတွေက ကျွန်တော့်ကို ကွန်ပြူတာစာရွက်စာတမ်းတွေ ကမ်းပေးကြတယ်၊ ပြီးတော့ ကိန်းဘရစ်ဂျ်မှာလည်း သူတို့ အခြေအတင်ဆွေးနွေးတဲ့ အဖွဲ့အစည်းတစ်ခုရှိတယ်၊ ဝန်ကြီးတွေကို သူတို့ဆီကို အခြေအတင်ဆွေးနွေးဖို့ လာခိုင်းတယ်၊ ဒီပြဿနာတွေအားလုံးကို သူတို့ သိရှိတယ်လို့ သူတို့ ကြိုးစားဟန်ဆောင်ကြတယ်၊ ဒါပေမဲ့ အခုအခါ ပြန်စဉ်းစားတဲ့အခါ သူတို့ အမှန်တကယ်ကို ရင့်ကျက်မှုမရှိသေးဘူးလို့ ကျွန်တော်ထင်တယ်၊ သူတို့အသက် ၂၀ ပွန်းပွန်းပဲ ရှိကြသေးတော့ ဘာအတွေ့အကြုံရှိကြမှာလဲ"

"ဘဝမှာ ကြီးမားတဲ့လူအုပ်စုတွေ၊ တွေကြုံရင်ဆိုင်နေရတဲ့အခက်အခဲတွေကို နားလည်ဖို့အတွက် ဘဝအတွေ့အကြုံအတိုင်းအတာတစ်ခု ရှိရမယ်"

သူကပြောသည်၊

"အဲဒါဆိုရင် ခင်ဗျားလှုပ်ရှားသူဖြစ်လာပြီ၊ ရတ်ဖလက်ကောလိပ်မှာ၊ ဒါမှမဟုတ် ကိန်းဘရစ်ဂျ်မှာတုန်းက ကျွန်တော်က လှုပ်ရှားသူမဟုတ်ဘူး၊ ကျွန်တော် နားထောင်တယ်၊ ကြည့်တယ်၊ သင်ယူတယ်၊ ဒါပေမဲ့ အိပ်ပြန်လာပြီး နိုင်ငံရေးထဲဝင်ဆင်နှဲဖို့ အခါ သမင္ဂန် အလုပ်လုပ်ချင်ပြီး အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ တစ်ခုခုပြုလုပ်မယ်လို့ ဆုံးဖြတ်ကြတယ်၊ သူတို့ လေ့နည်းတဲ့ကိစ္စကို ကျွန်တော် ဆိုလိုတာပါ၊ သူတို့ရဲ့ကလေးတွေမှာ အနာဂတ်မရှိဘူး၊ ဒါကြောင့် ကျွန်တော် အကြံအစည်တစ်ခုဖော်ဆောင်ပြီး အဲဒါကို သူငယ်ချင်းတွေနဲ့ ဆွေးနွေးတယ်"

Scanned by CamScanner

တက္ကသိုလ်မှ အခြေအတင်ဆွေးနွေးပွဲများ၏ ပမာဏက သူ၏နိုင်ငံရေး အသက်မွေးဝမ်းကျောင်းအတွက် အကြီးဆုံး
ကုန်ဆောင်မှုခဲ့သည်ဟု လီထင်မှတ်ပြီး အရာရာတိုင်း ဆုံးရှုံးရမည့်အလားအလာကိုလည်း ယနေ့ ယေရှုယဉ်သော စင်ကာပူသား
များ မတွေ့ကြုံရဟု သူ ခံစားမိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပြိုတီသူတို့၏ အထိတ်တလန့်ဖြစ်ရပုံသော နေရာဒေသများ၊
စက်မှုကြီးကြပ်တော်သော ကျပန်သိမ်းပိုက်မှုနှင့် ကွန်မြူနစ်ပုန်ကန်သောင်းကျန်းမှုကို သူ့မိုးဆက်တွေကြုံကျော်ဖြတ်ခဲ့ရသည်၊
ဘုံပါရဂူ ဓနစ်တွင် ခုခံကာကွယ်ဖို့အတွက် သေးငယ်သော တိုင်းပြည်တစ်ခုနှင့် သူတို့ ကျွန်ရစ်ခဲ့ကြသည်။ နိုင်ငံရေးတိုက်ပွဲက
အကြမ်းအတမ်းနှင့် အောင်နိုင်ခြင်း နောက်ခံပန်းချီကားချပ်ရဂျင်သာ ပေါ်ထွက်လာခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင် ဖြစ်ခြင်းကလည်း ထိုကဲ့သို့ပင် တစ်ပုံစံတည်း အတိအကျဖြစ်သည်ဟု သူထင်သည်။ လူး
လုပ်ငန်းရှင်များ စီးပွားရေးအောင်မြင်ခြင်းသည် ဆင်းရဲသားရပ်ကွက်များ၌ သူတို့ အပယ်ခံဖြစ်နေခြင်း၊ နိုပ်စက်ခံရခြင်းတို့
ကြောင့် ဖြစ်သည်ဟု သူမှတ်ယူသည်။ အခြားအတတ်ပညာ လုပ်ငန်းများမြှုပ်လုပ်ခြင်းကို တားဆီးပိတ်ပင်ခံရပြီးနောက်၌ သူတို့
စီးပွားရေးလုပ်ငန်းလုပ်ရန် သင်ယူခဲ့ကြသည်။ စင်ကာပူသားများက ဆန့်ကျင်ဘက်အားဖြင့် ၎င်းကို လွယ်လင့်တကူ ရရှိခဲ့ကြ
သည်။ "သက်သောင့်သက်သာဘဝနဲ့ သက်သောင့်သက်သာ အလုပ်အကိုင်ရှိတဲ့ လူတွေ များလွန်းလှတာ ကျွန်တော်တို့ဆီမှာ
ရှိနေတယ်။ သူတို့ ဘာကြောင့် စွန့်စားကြတော့မလဲ၊ ခင်ဗျားက ငွေအရင်းအနှီး နည်းနည်းပဲရှိတယ်။ ခင်ဗျား အရာရာတိုင်း
ဆုံးပုံးသွားနိုင်တယ်။ ခင်ဗျား အစကနေ ပြန်စခဲ့ရတယ်။ ခင်ဗျားရဲ့ဘဝကို ခင်ဗျား ပြန်စခဲ့ရတယ်"

ထိုကဲ့သို့ အတွေ့အကြုံများနှင့် နှိုင်းယှဉ်သောအခါ ငယ်ရွယ်သော ယနေ့စင်ကာပူသားများ ဘာရခဲ့ကြသနည်း၊
သိမ်များများမရှိဟု သူပြောသည်။ ဘဝက သက်သောင့်သက်သာ ဖြစ်လွန်းနေသည်။ ကျွန်မတို့၏ ကိုယ်ပိုင်အောင်မြင်မှု၏
သားဓာတ်များအဖြစ် ကျွန်မတို့ဖြစ်လာခဲ့ကြသည်။ ကြီးပွားချမ်းသာနေသော စင်ကာပူအတွက် အခြေခံအုတ်မြစ်များ ချခဲ့ကြ
သည်။ ထိုအခြေခံအုတ်မြစ်များက သန့်ရှင်းသပ်ရပ်ခြင်း၊ စိမ်းလန်းစိုပြေခြင်း၊ ငြိမ်ဝပ်ပိပြားခြင်းနှင့် စီးပွားရေးတို့ဖြစ်ကြ သည်။

ယနေ့ခေတ် စင်ကာပူမှ အထမ်းရွေးသည်တစ်ယောက်၊ သို့မဟုတ် အငှားကားမောင်းသူတစ်ယောက်သည် (HDB
တိုက်ခန်းတစ်ခန်း ပုံစံမျိုးဖြင့်) ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုတစ်ခုရှိသည်ဟု လိုက်ပြောသည်။ ထိုဥစ္စာပစ္စည်းသည် ဘက်တမ်သို့
သွားပြီးမမြှုန်းလျှင် သူ့အတွက် အနည်းဆုံး ဒေါ်လာ ၁၅၀၀၀၀ မှ ၂၀၀၀၀၀ အထိ ရရှိစေလိမ့်မည်၊ ၎င်းအပြင် စင်ကာပူက စိတ်
လုပ်ရှားတက်ကြွမှုများ ပြုလုပ်ရန် အခြေခံများကို ကျော်လွန်သွားခဲ့သည်။ ၎င်းက ပေါင်းစုထားသော အပန်းဖြေစခန်းများ၊
တော်မြို့လာဝမ်း (ကားပြိုင်ပွဲ) စသဖြင့်တို့ဖြစ်သည်။ တင်းကြပ်မှု လျော့ပေးနေသော လုပ်ငန်းဆောင်ရွက်ဖျက်အသစ်များ၏
ဩဇာသက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန်အတွက် အစိုးရက တည်ရှိသော အခြေခံ အဆောက်အအုံကို လုံလောက်စွာ
အဆင့်မြှင့်ပေးခဲ့သည်ဟု သူပြောသည်။

"စင်ကာပူမှာ ခင်ဗျား ဘာတွေပြောင်းလဲမလဲ၊ အခြေခံအားဖြင့် စင်ကာပူမှာ ခင်ဗျား ဘာပြောင်းလဲချင်သလဲ၊ သူတို့
လိုချင်တာက ပိုမိုကြီးထွားတိုးတက်မှု၊ ပိုကောင်းတဲ့ အိမ်တွေ၊ ကားတွေ၊ ပိုပြီး ခရီးသွားဖို့ ပိုကောင်းတဲ့ ကျောင်းတွေ၊ ပိုကောင်းတဲ့
ဆေးကလေးဆိန်းကျောင်းတွေ၊ ပိုကောင်းတဲ့ မူကြိုကျောင်းတွေ၊ ဒါတွေဖြစ်ကြတယ်။ ဒါပါပဲ။ အဲဒါတွေက အပိုပစ္စည်းတွေပါ"
လီက မာကြောနေသည်။

"ကျွန်တော်တို့မှာ အဆင်မပြေတဲ့ လူမှုရေး၊ ပညာရေး အခြေအနေတွေရှိရင် ထိုင်းနိုင်ငံမှာ စင်ဗျားတွေ့ဝံ့နရသလို
နိုင်ငံရေးလှုပ်ရှားမှုတွေ တစ်ချိန်လုံး လုပ်နေကြလိမ့်မယ်၊ ဒါမှမဟုတ် အခု မလေးရှားမှာလို၊ ဒါမှမဟုတ် အင်ဒိုနီးရှားလိုပေါ့၊
နိုင်ငံရေးက သူတို့ကို နာကျင်အောင် လုပ်လိုက်တာနဲ့တစ်ပြိုင်နက် နိုင်ငံရေးကို သူတို့ စိတ်ဝင်စားလာကြလိမ့်မယ်၊ ရှုးမိန
ပေါက်တာနဲ့တစ်ပြိုင်နက် သူတို့ ခုန်ဆွခုန်ဆွ လုပ်နေကြလိမ့်မယ်၊ သူတို့ အလုပ်လက်မဲ့ ဖြစ်နေကြရင် နိုင်ငံရေးကို သူတို့
အလွယ်တကူ ပြောင်းလဲကြလိမ့်မယ်၊

Scanned by CamScanner

"မင်းတို့ကို ငါအလုပ်ပြန်ရအောင် လုပ်ပေးမယ်"

လို့ပြောတဲ့ ပါတီကို သူတို့ မယုံကြည်ကြလို့မယ်"

ထို့နောက် လီက ပိုမိုလေးလေးနက်နက် ဖြစ်လာသည်။

"ကောင်းပြီ"

သူက ရော်ဘင်ဘက်သို့ လှည့်ပြီးပြောသည်။

"ဒီနေ့ ခင်ဗျား ပါတီထောင်မယ်။ ခင်ဗျား ဘာတွေပြောပြီး စည်းရုံးမလဲ။ ခင်ဗျားရဲ့ ပါတီမူဝါဒကော ဘယ်မှာလဲ။ ပြည်သူတွေရဲ့ဘဝကို ခင်ဗျား ဘယ်လိုပြောင်းလဲမလဲ"

"ကျွန်တော် ပါတီထောင်တဲ့အကြောင်း မပြောပါဘူး"

ရော်ဘင်က တုံ့ပြန်သည်။

"ခင်ဗျား "နိုင်ငံရေးကို စိတ်ဝင်စားတယ်လို့" ပြောရင်၊ ခင်ဗျားလုပ်ချင်တဲ့ တစ်ဖုံတစ်ရာရှိရမယ်။ ဟုတ်တယ် မဟုတ်လား။ စီးပွားရေး၊ လူမှုရေးပေါ်လစီတွေ၊ ဘာပဲဖြစ်ဖြစ်ပေါ့။ ခင်ဗျား တစ်ခုထောင်ပြီး ၆ လ ရပ်တည်ရှင်သန်နိုင်မလားဆိုတာ ကြည့်ပေါ့"

ထို့နောက် လီက အလုပ်သမားများပါတီ၏ ၂၀၀၆ ခုနှစ်၊ ရွေးကောက်ပွဲထောင်ပုဒ်ဖြစ်သော "သင့်တွင် ရွေးချယ်ခွင့် တစ်ခုရှိသည်" ကို နမူနာပြသည်။ "လိုသီရာချန်က သူ့ရဲ့ဆောင်ပုဒ်ကို စိုက်ထူတယ်။ မဲဆန္ဒရှင်တွေက အဲဒါကို လက်မခံကြဘူး။ ကျွန်တော်တို့ အဲဒါကို တစ်စစီ စုတ်ဖြဲပစ်လိုက်ကြတယ်။ စင်ကာပူအတွက် အစားထိုးရွေးချယ်စရာတွေက ဘာတွေလဲ"

သို့သော် အသေအချာပင်၊ တခြား တစ်စုံတစ်ရာရှိသည်ဟု ကျွန်မထင်သည်။ တက္ကသိုလ်ဝင်းထဲ၌ ရော်ဘင် သိကျမ်းခဲ့သော ကျောင်းသားများက သက်သောင့်သက်သာဖြစ်လွန်းနေသလားဟု ကျွန်မတွေးမိသည်။ ကောင်းမွန်သော အလားအလာများဖြင့် သူတို့ အတော်အသင့် ကြွယ်ဝချမ်းသာကြပြီး အသိဉာဏ်ရှိကြလို့မည်။ ၎င်းက သူတို့ကို နိုင်ငံရေးလှုပ်ရှားမှု တားဆီးထားကြသလား။ ၎င်းအပြင် မေးခွန်းများရှိသော်လည်း ၎င်းတို့ကို ထုတ်ဖော်ပြောရန် ကြောက်ရွံ့နေသော လူငယ်များကို ကျွန်မ အမှတ်ရမိသည်။ ဤအရာက လူများကို နောက်ဆုတ်ခိုင်းမနေဘူးလား။ ၎င်း၏ အစိတ်အပိုင်းသည် သူနိုင်ငံရေးပုံစံ၏ ဓနိတီးမှုမဟုတ်ဘူးလား။

လီက အသေအအချာကို ထိုကဲ့သို့ မထင်ချေ။ ၎င်းက စွဲမြဲနေသော အရာတစ်ခုဖြစ်သည်။ တစ်နည်းနည်းဖြင့် ဆင်းရဲ ဒုက္ခရောက်သော အချိန်တွင် ဤအရာကို ကျော်လွှားနိုင်ကြသည်။

"ဒါဟာ စင်ကာပူရဲ့ ယဉ်ကျေးမှုအစိတ်အပိုင်းပဲ။ အဲဒါက အတူးသဖြင့် တရုတ်တွေနဲ့ဆိုရင် အမျိုးသားတွေ အလွန်ကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတစ်ခုဆီကို ပြန်သွားတယ်။ ဒီမယ်...ပြည်သူ့အသင်းကို ကျွန်တော်တို့ ဘာကြောင့် ဖွဲ့စည်းကြသလဲ၊ ဘာကြောင့်လဲဆိုတော့ အဲဒီကာလအတွင်းက (၁၉၅၀ ပြည့်နှစ်တွေနဲ့ ၁၉၆၀ ပြည့်နှစ်တွေအတွင်းက) ဘယ်သူမှ နိုင်ငံရေးပါတီတဲ့ကို မဝင်ကြတာကြောင့်ပဲပေါ့။ အဲဒါက အန္တရာယ်များလွန်းတယ်။ ကွန်မြူနစ်တွေ အနိုင်ရရင်၊ ခင်ဗျားကို သူတို့ ဆုံးမကြလိမ့်မယ်။ ဒါပေမဲ့ပြည်သူ့အသင်းထဲမှာ ပါဝင်ပြီး လူမှုရေး အလုပ်လုပ်မယ်။ ဖြစ်တယ်။ မလေးရှားမှာ သူတို့လည်း ကျွန်တော်တို့လို အဲဒီပုံစံမျိုးလုပ်ကြတယ်။ မလေးရှားတရုတ်အသင်းက ချမ်းသာတဲ့ အမျိုးသားတွေရဲ့ ကလပ်ဖြစ်တယ်။ ဒါပေမဲ့ အခု လူနည်းစုတွေကပညာရေး၊ အလုပ်အကိုင်၊ ခွင့်ပြုလိုင်စင်စသဖြင့် အရာရာတိုင်းမှာ အခွင့်အရေးမရကြတာကြောင့် အမှန်တကယ် ခက်ခဲတဲ့ နိုင်ငံရေးလို့ သူတို့ ယူနေကြပြီ"

Scanned by CamScanner

သို့ဝေသော် ကြောက်လန့်မှုအခြေအနေက တစ်စိတ်တစ်ပိုင်းအားဖြင့် သူ့ကြောင့်ဖြစ်သည်ဟု သူ မထင်မိသောအကြောင်းမှာ ပေးသည်။

"သွားစမ်းပါ။ ဝင်ထား ကြောက်သလား။ ဝင်ထား ကြောက်လန့်ရင် သာဝကြောင့် ဒီဝေဒနာကျန်ခဲ့တော့ ဝင်ထား တစ်ခုခုဖြစ်တော့မှာပို့လို့လား။ လုံးဝ အဖိုးမာယ်မရှိဘူး"

လီက စိတ်အနောင့်အယှက်ဖြစ်သော အသံဖြင့် ပြောသည်။

"ကျွန်မတို့ကိုယ်တိုင်တော့ ကြောက်ချင်မှ ကြောက်မှာပါ။ ဒါပေမဲ့ ကြောက်နေတဲ့ လူဝယ်တချို့ကို ကျွန်မတို့ တွေ့ခဲ့ကြရတယ်"

ကျွန်မက အလျော့မပေးဘဲ ပြောသည်။

"ဒါကို ကျွန်တော် ရှင်းမပြနိုင်ဘူး။ သူတို့ ကြောက်ရွံ့ကြသလား မကြောက်ရွံ့ကြသလားဆိုတာကို ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော်ဟာ သူတို့ရှင်းထုတ်ပစ်နိုင်တဲ့ တစ်စုတစ်ဝေးကိုဖြစ်တယ်ဆို သူတို့ထင်တာထက် ကျွန်တော့်ကို သူတို့ လေးလေးနက်နက်ထားပြီး ကြောက်လန့်နေကြတာ ပိုကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ ဒါမဲ့မဲ့ ဝင်ထား ဝန်ကြီးချုပ်တစ်ယောက်ဖြစ်ပြီး ဝင်ထား ရှင်းထုတ်ခံရရင် ဝင်ထား ခုက္ခရောက်ဦး"

ငှင်းက သူတို့ပြန်သော စကားဖြစ်သည်။

ပြည်ပသို့ပြောင်းရွှေ့အခြေချနေကြသော စင်ကာပူလူဝယ်များအနေဖြင့် အသွင်အပြင်ကိုယ်ချင်းချင်း သူ အားအားတောင်းတောင်း ကိုင်တွယ်သည်။ နယူးဇီလန်သားများက ပြည်ပကြွေးသို့ ပြောင်းရွှေ့အခြေချကြသည်။ ပြည်ပကြွေးသားများက အမေရိကန်အင်္ဂလန်နှင့် အခြားနေရာများသို့ ပြောင်းရွှေ့အခြေချကြသည်ဟု သူကပြောသည်။ ဂရိုဘယ်လိုက် စေ့ဆော်ခဲ့ဖြစ်နေသော ကမ္ဘာတွင် ငှင်းက ဘဝအဖြစ်မှန်တစ်ခုဖြစ်လေသည်။

"သူတို့ထွက်ခွာကြတာဟာ ကြောက်လန့်မှုကြောင့်ဖြစ်တယ်လို့ ဝင်ထား ယုံနေရင် လုံးဝ အဖိုးမာသိမရှိဘူး။ အဲဒါက တခြားမြက်ခင်းပြင်ထဲက ပိုမိုစိမ်းစိုတဲ့ စားကျက်မြေ့ မြဲမံတောင်မှ အဲဒါ"

တိုသို့ဆိုလျှင် လူဝယ်များအတွက် ဘာကျန်ခဲ့မည်နည်း။ ကျွန်မ အစောင်ကာလ စိတ်မွန်းဆအလွယ်တကူသည်။ ရွေးချယ်ရမှာမရှိသော အငြင်းအခုန်စကားပြောမှုက ပြန်ပေါ်လာသည်။ ကြောက်လန့်မြင်းခံစားရမှုက ပစ်ပယ်ခံရသည်။

နောက်ဆုံး၌ လီက ပြန်လှည့်လာသည်။

"အခုအထိ ကစ်ပြီးနောက်နှစ်တစ်ရာကြာရင် ဝင်ကာပူထိတွဲနိုင်ငံတစ်နိုင်ငံ ဖြိုဖျက်ခံလား။ ကျွန်တော်အသေအချာမစဉ်းစားဘူး။ ကျွန်တော်တို့မှာ ကောင်းတဲ့လူတွေမရှိဘူး။ ဆဲ့ဆဲးနိုင်တဲ့ ရွံမုန်းဖွယ် ကျွမ်းကျင်မှု အဆွဲအငုံပညာတတ်တဲ့ လူတွေကတော့ ပြောင်းရွှေ့အခြေချနိုင်ကြတယ်။ အဲဒါမဲ့ ဒီအညွှန်းအချုပ်းတွေမရှိတဲ့ လူအများစုက ဘာလုပ်ကြမလဲ။ သူတို့ ဝတောင်းကျန်ခဲ့ပါက ဆင်းသက်ခြင်း ကမ္ဘာမှာတွဲ့ အိမ်တော်တွေနဲ့ အလုပ်သမားတွေ ဖြစ်လာကြလိမ့်မယ်။ ဒါ မဖြစ်နိုင်ဘူးလို့ ဝင်ထားပြောလား။ ဝသဝ သစ္စာမျှ ပြန်လည်းစားကြည့်ပါလို့ ကျွန်ဝတော်ပြောမယ်။ ကျွန်တော်တို့ ဘဝတွင် ဝန်စက် ဘယ်မှာရှိကြသလဲ။ ခုတ်ရာ ဝန်စက် ကျွန်တော်တို့ ဘယ်မှာရှိကြသလဲ။ ခုတ်ရာ ဝန်စက်မှာ ကျွန်တော်တို့ ဘာကို ရှင်ဆိုင်ကြရသလဲ။ ဒင်ကာပူ ဒီလိုအခြေအနေ ဖြစ်ခဲ့ဖူးလား။ မောင်းသူမရှိတဲ့ အလိုလို တိုးတက်နေမလား။ အဲဒါကို ဝင်ထားယုံရင် နှားနွဲသဖြစ်မယ်"

Scanned by CamScanner

သူ အစားမစားပဲ သူတို့အစားအစာကို မြည်းစမ်းကြည့်နိုင်းသလား။ ဤမေးခွန်းကြောင့် သူ အားပါးတရ ရယ်မောသည်။

"ဒါကို ကျွန်တော် ဘာအတွက်လို့အပ်မှာလဲ။ ဘယ်သူက ကျွန်တော့်ကို အဆိပ်ခတ်မှာမို့လဲ။ ကျွန်တော် ကေဂီဘီက ကူးပြောင်းသူမဟုတ်ဘူး"

ဖုန်းရွှေနှင့် နက္ခတ်ဗေဒင်ကို သူ ယုံသလား။

"စင်ကာပူသား အတော်များများက ခင်ဗျားယုံတယ်လို့ သံသယဖြစ်ကြတယ်"

ကျွန်မအဖွဲ့ထဲမှ အီဂနာတိရပ်ကပြောသည်။

လီ အမှန်တကယ် ထိတ်လန့်သွားသည်။

"လုံးဝ အဓိပ္ပာယ်မရှိဘူး။ ကျွန်တော်က လက်ငင်းအကျိုးကိုကြည့်တဲ့ လက်တွေ့သမားတစ်ယောက်ပါ။ ဇာတာခွင် အပောကို ကျွန်တော် မယုံဘူး။ ဖုန်းရွှေကို ကျွန်တော် မယုံဘူး။ ဂဏန်းတွေနဲ့ပတ်သက်ပြီး ကျွန်တော် အယူမသည်းဘူး။ ဒါပေမဲ့ ဖုန်းရွှေနဲ့ ဂဏန်းပကောင်းဘူးလို့ တခြားလူတွေ ထင်မှတ်နေကြတဲ့ အိပ်တစ်လုံး ခင်ဗျားမှာရှိရင် ခင်ဗျားပြန်ရောင်းတဲ့အခါ ဒါကို စဉ်းတားရမယ်။ ဒါ လက်တွေ့ကျတဲ့ စဉ်းစားခြင်းပဲ။ ကျွန်တော် အဲဒါကို ဝိတ်ဝင်စားလို့မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် အဲဒီအိမ်ကိုဝယ်ရင်၊ ကျွန်တော် လျော့ရှေးရမှဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအိမ်ကို ကျွန်တော် ပြန်ရောင်းတဲ့အခါ လျော့ရှေးပဲရမှာကြောင့်မို့ပေါ့။ ကျွန်တော် ဖုန်းရွှေနဲ့ ဇာတာခွင်ဟောကိန်းတွေနောက် လိုက်တယ်လို့ ခင်ဗျား ယုံသလား"

သူက မယုံနိုင်ဟန်ဖြင့် ရယ်မောလျက်မေးသည်။

"ခင်ဗျား သိပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့တစ်ဒေါ်လာ ဒဂိုးစေ့ဟာ ဘက် - ၈ ဖက်ရှိပုံအကြောင်း ဇာတ်လမ်းတွေ ရှိတယ်"

အီဂနာတိရပ်က ရှင်းပြသည်။

"အဲဒါက ကောင်းတဲ့ အယူအဆတစ်ခုဖြစ်ပြီး၊ မင်္ဂလာရှိတယ်လို့ ခင်ဗျားထင်ကောင်းထင်လိမ့်မယ်"

"လူတွေဟာ ဒီပုံပြင်တွေကို ပြောကြတယ်။ အဲဒါကို ကျွန်တော် အရေးမလုပ်ပါဘူး"

လီကပြောသည်။

လွတ်လပ်ရေးမတိုင်မီ စင်ကာပူနှင့်ပတ်သက်၍ ဘာကို သူ သတိအရဆုံးလဲ။

"ပြန်ပြူးပြီး ပိုမိုကျယ်ပြန့်တဲ့ နေရာအကျယ်အဝန်းပေါ့"

သူက ပြောသည်။ "ဆီဂလက်ကနေ ရတ်ဖလက်ကျောင်းကို ကျွန်တော် စက်ဘီးစီးသွားလေ့ရှိတယ်။ ပြီးတော့ အဲဒါကို ကရိုလမ်းလို့ ခေါ်လေ့ရှိတယ်။ အခုတော့ အဲဒါက မောင့်ဘက်တန်လမ်းဖြစ်နေပြီ။ အဲဒါက အားလုံး ရှင်းလင်းနေတဲ့ ကုန်းမြေတစ်ခုပေါ့။ ပြီးတော့ ကောလန်မြစ်ကလည်း ပြိတိသျှပင်လယ်ရပ်ခြား လေကြောင်းကော်ပိုရေးရှင်းပိုင် ရေယာဉ်ပျံတွေ ရက်အနည်းငယ်ကြာတိုင်း တစ်ကြိမ်ဆင်းသက်တဲ့နေရာပေါ့။

"ဒါပေမဲ့ အဲဒီတုန်းက တစ်ချိန်တည်းလိုပဲ လူတွေ ပိုမိုနည်းပါးကြတယ်။ ကျွန်တော် ကြီးပြင်းစဉ်အခါက လူတစ်သန်း လောက်ထက် ပိုနည်းတယ်။ ဒါကြောင့် နေရာအကျယ်အဝန်း အတော်များများရှိတယ်။ ကျွန်တော် ပင်လယ်ထဲကို ဆင်းသွားနိုင်တယ်။ ပင်လယ်မည်စည်မဲ့ဘူး။ ပင်လယ်ဘေးမှာ ဆာတေးကောင်းကောင်းရောင်းတဲ့ လူတစ်ယောက်ရှိတယ်။ ဒါကြောင့် ကျွန်တော်နဲ့ သူငယ်ချင်းတွေ ရေသွားကူးကြတယ်။ ပြီးရင် ဆာတေးစားကြတယ်။ ဒါပေမဲ့ ကျွန်တော် အခု ဆာတေးသွားစားရင် ဝိုက်နာလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ငရုတ်ကောင်းပါတဲ့ဟာတွေကို အရင်လို ကျွန်တော် များများမစားနိုင်တော့တာကြောင့်မို့ပေါ့။ ကျွန်တော့်ရဲ့ခန္ဓာကိုယ်အတွင်းပိုင်း အစာချေအဖွဲ့က အဲဒါကို ဆန့်ကျင်ပုန်ကန်ကြလိမ့်မယ်"

Scanned by CamScanner

စက်ဘီးစီးခြင်းက သူ့အတွက် အရေးကြီးသောအရာဖြစ်သည်။ ပန်းတိုးတာတွင် ဆရာဝန်ဘဝကို စက်ဘီးနင်းသူအဖြစ် ညနေတောင်းဒဏ်အိမ်သို့ပြန်နင်းလာခြင်းကြောင့် ယခုလည်း သားလိုဝန်းရိုးနှိပ်တာ ပါးပါးလေးဆိုင်သူ့အတွက် အခါခိုက်ရှင်းရှာပင်မိုးကာအကျိုးကို သူဝတ်ပြီး စာသင်ဖို့နှမဲ ဝိုင်းတက်ခန့သောဆံပင်ကို ပါးတုတ်ပါးသည်။ ခန့တိုင်းသို့ရောက်ခါစတွင် လန်ဒန်မြို့၏ ပြည်သူ့သယ်ယူပို့ဆောင်ရေးစနစ်ကို သူကောင်းကောင်းမသိဖူး သူငယ်ချင်းဆရာဝန်တစ်ယောက်ပြောသော ဆက်စီဝေါင်က သူ့ကို ကိန်းဘရစ်ဂျ်မှ စက်ဘီးများအငှားကြောင်း ပြောပြသောအခါ သူ ဝိတ်ပြောင်းသွားသည်။ "ကျွန်တော်က...

"အင်း...ဒါက ကျွန်တော့်အတွက်ဝန်ရာပါ၊ ကျွန်တော် ပြီးသားသားကလေးက လာတာပါ"

လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော် ဝန်ရာရွှေပြောင်းပြီး ၃ နှစ်ကြာ စက်ဘီးစီးတယ်၊ အဲဒီဝန်ရာက ပိုပြီး စာအုပ်တယ်၊ အဲကြောင့် ခင်ဗျား ရွေးမထွက်ဘူး၊ ကျွန်တော် ကျွန်းမာတယ်၊ ကျွန်တော့်ဦးကလေးကို တွေ့ရဲတန်ဆီကို တောင်ကျန်းအပေါ် ၅ နှိုင်လောက် ကျွန်တော် စက်ဘီးစီးသွားတယ်"

တိုစဉ်က ရည်းစားမှာ ယခု အိမ်ထောင်သက် ၆၀ ကျော်ရှိသည့် သူ့ဇနီး ကွာရတ်ဖြစ်သည်။

ဤအထူးတလွယ် အမှတ်ရမှုဝန်ရာက်ကွယ်တွင် ပေါ်လစ်နှင့် သက်တိုင်းသော အခြားအဖွဲ့အစည်းတစ်ခုဖြစ်သည်။

"စက်ဘီးစီးတဲ့လူတွေအတွက် အထူးသီးသန့်လမ်းကြောင်းတွေကို ကျွန်တော်တို့ အမှန်တကယ် ရည်းစားသဘယ်လို့ကျွန်တော်ထင်တယ်၊ အဲဒါကို အားပေးအားပြုက်လုပ်ကြတယ်၊ အဲဒီဝန်ရာက MRI သူတာရဲ့ဝတ္ထုများ စက်ဘီးဆာဆို ခင်တွေ ခင်ဗျားတို့ တွေ့ရမယ်၊ အဲဒါက လူတိုင်းရဲ့ ကျန်းမာရေးအတွက် ပိုပြီးကောင်းတယ်၊ ပတ်ဝန်းကျင်အတွက်လည်း ပိုပြီးကောင်းတယ်၊ ပြီးတော့ အဲဒါက ကားတွေ၊ တက္ကစီတွေ၊ ဘတ်စ်ကားတွေ ပြည့်ကြပ်နေတဲ့လမ်းတွေ၊ အဲမှာလုပ် ဝန်ရာတွေ ပိုကောင်းတယ်"

ပါဂိုမှ "ဇေလစ်" စနစ်ကို သူထောက်ခံသည်၊ တိုဝန်ရာ၌ ပိုက်ဆံပေးသူက ပြီးတော့အနီရှိ အလိုအလျောက် ငှားရမ်းသောအငှားဆိုင် ၁၄၅၀ ထဲရှိ အငှားဆိုင်တစ်ဆိုင်ထံမှ စက်ဘီးငှားရမ်းနိုင်ပြီး သူဝရောက်လိုသောဝန်ရာမှ နောက်ဆိုင်တစ်ဆိုင်တွင်ငှားကို ပြန်အပ်နိုင်သည်၊ သို့တိုင်ဝအောင် ယခုလမ်းသားများဆက်၏ ကိုယ်တိုင်အားထုတ်မှုနည်းပြီးမြောင်းကြောင့် ကျွန်ဝန်ရာ၌ အစီအစဉ်အလုပ်ဖြစ်မည်လားဆိုသည်ကို သူ သံသယဖြစ်မိသည်၊

"အဲပေမဲ့ ခင်ဗျားသိပါတယ်၊ ခေတ်ပေါ်များဆက်က ဘတ်စ်ကားမှတ်တိုင်ကို သွားစေကြတယ်၊ သူတို့က အမှီအခကားကို လိုချင်ကြတယ်"

လိကပြောသည်၊

"ဝိန်းကလေးတွေက ဒါကိုကြိုက်ကြမှာပဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ သူတို့ဝင်ထွက်ကြပါ့မယ်၊ ယောက်ျားလေးတွေက...

"ဟင့်အင်း...နောက်ပိုင်းကျရင် ကျွန်တော်တိုင်းပြည်တာဝန်ထမ်းဆောင်ရတော့မှာပဲ၊ ခင်ဗျားအားကြောင့် ကျွန်တော့်ကို အခုတိုင်းပြည်တာဝန် ထမ်းဆောင်ခိုင်းနေတာလဲ"

လို့ပြောကြလိမ့်မယ်၊ သက်သောင့်သက်သာဖြစ်ချင်ကြတဲ့ မျိုးဆက်တစ်ခုကို ကျွန်တော်တို့ပြုစုပျော်ရွှင်နေကြတယ်၊ အဲပေမဲ့ စက်ဘီးစီးတာဟာ သူတို့အတွက်ကောင်းတယ်လို့ ကျွန်တော်ထင်တယ်၊ အယ်လိုပဲဖြစ်ဖြစ်၊ သဲဒါက ကျွန်တော့်အတွက် ကောင်းတယ်"

Scanned by CamScanner

ကိုးယ်ရေးကိုးယ်တာစမးပွန်းများနှင့် ပတ်သက်၍ လိမ်ပေးသော အဖြေများက စိတ်ထိခိုက်စရာကောင်းသည်။ သို့သော် ကျွန်မကို အများဆုံးရိုက်ခတ်သောအရာက နိုင်ငံရေးအသက်မွေးဝမ်းစာကျောင်းကဖေါ်ထင်ဟပ်ပြမှုမှင်ခြစ်သည်။ တိုဆယ်စုနှစ်ကာလများအားလုံး၌ စင်ကာပူကို သူ ဂက်ကြီးကိုင်ခဲ့ပြီး ပြင်ဘက်များကို ပုတ်တွင်ရှင်းလင်းကာ ကြီးမားသော ငိုးတွေးဂုဏ်ပြုမှုများနှင့် ဓါးသည်းသော ပဝဖန်ရွက်ချမှုများကို ရင်ဖိခဲ့သည်။ နိုင်ငံရေးသမားအဖြစ် သူပြုမူဆောင်ရွက်ခဲ့မှုကို မည်သို့စံစားခဲ့ရသနည်း။ ပိုမိုပြင်သက်လာသော အဓိက်အတန့်များတွင် သူ သံသယများရှိခဲ့သလား။

အဖြေက ရှင်းသည်။ သံသယများ မရှိခဲ့ချေ။ သူတို့နောင်တများ ဘာလဲ၊ ဘာအတွက် သူခွင့်လွှတ်မှုရှိလို့ လိုအပ်သလဲ ဟူသော မေးခွန်းများကမူ သူ့ဇေါ်ဆို သည့်အတိုင်း ခန့်မှန်းတွက်ချက်ခံသာ ကစားနည်းမေးခွန်းများဖြစ်ကြသည်။ အတိတ်မှ ကျဆုံးမှုများနှင့် အောင်မြင်မှုများကို ကုတ်ခြစ်ဖော်ထုတ်ခြင်းက အဓိပ္ပာယ်မရှိဝရ။ အကောင်းဆုံးကို သူ ပြုလုပ်ခဲ့သည်။ သူ စကားဝါကြေနေစဉ် My Way သီချင်းကို သီဆိုနေသော ဖရန့်စင်နာထရာ၏အသံကို ကျွန်မကြားလိုမိတတ် ဖြစ်မိသည်။

အချို့သောအရာများနှင့် ပတ်သက်၍ သူ ဟားယွင်းခဲ့သည်ဟု သူ ဝန်ခံသည်။ မလေးရှားက ၎င်းတို့ထဲမှ တစ်ခု ဖြစ်သည်။ မလေးရှားက မလေးနိုင်ငံဖြစ်လာပြီး ၎င်းနောက် အစွလာမ်နိုင်ငံဖြစ်လာမည်ကို ထိုစဉ်အခါက သူ မယုံခဲ့ချေ။ ဂုလတန် စော်ဘွားများနှင့် နန်းတွင်းဝင်လေ့ဖေါင်းများကို တွန့်ဂု(ဝန်ကြီးချုပ်) ပြန်လည်ရှင်သန်အောင် လုပ်လိမ့်မည် ဟု သူမျော်လင့်ခဲ့သည်။ သို့သော် မလေးတန်းဝိုးအာဏာကြီးမှုအား တောင်းဆိုမည်ကို သူ မသိခဲ့ချေ။ ခွဲခြားခြင်းက ကြီးမားသော ထိုးနက်ချက်ဖြစ်သည်။

သို့သော် အများများက နောင်တရခြင်းဟု မဆိုလိုချေ။ လိုက ဤသို့ပြောသည်။

"အဖြေအနေမတွေးရရယ်၊ အဲဒီအချိန်က ကျွန်တော့်ရဲ့ သိရှိနားလည်မှုအရရယ်၊ ကျွန်တော့်အပေါ် ဖိအားပေးနေမှုအရရယ်၊ ကျွန်တော် မှန်တယ်လို့ထင်တဲ့အရာကို လုပ်ခဲ့တယ်။ အဲဒါ လုပ်ပြီးသွားပြီ။ ကျွန်တော် ရှေ့ကိုရွေ့လျားတယ်။ ဝင်ရောက်နောက်ကြောင်းပြန်ပြောနေရင် ဒါ အချိန်ဖြုန်းတာပဲ။

"မလေးရှားကို ကျွန်ုတော်သွားတာကို နောင်တရသလား။ မရဘူး။ ဒါဟာ လုပ်သင့်တာပဲ။ အဲဒါ ကျဆုံးခဲ့သလား။ ကျဆုံးတယ်။ မလေးရှား – မလေးတစ်ယောက်အဖြစ် ကျွန်တော်တောင်းဆိုနေပြီး အဲဒါကို မအောင်မြင်ခဲ့တဲ့အတွက် ကျွန်တော် နောင်တရသလား။ မရဘူး။ ဒါတွေအားလုံးဟာ ကြီးထွားခြင်းဖြစ်စဉ်ရဲ့ အစိတ်အပိုင်းဖြစ်ကြတယ်"

ဤအရာကြောင့် ကျွန်မစိတ်အနောင့်အယှက်ဖြစ်မိကြောင်း ဝန်ခံရလိမ့်မည်။ ပျော်စရာကောင်းသော ဤအမှတ်လူမှုများနှင့် ဇာတ်လမ်းများ ပြောပြီးနောက်၌ ရုတ်တရက် ဤလူ၏ နိုင်ငံရေး အနှစ်သာရက ပြန်လည်ပေါ်ထွက်လာသည်။ ခဏတာ၌မှ မှားယွင်းသော ရင်းနှီးစိတ်များ ဖျားယောင်းဆွဲဆောင်ခံရလျက် အဘိုးတစ်ယောက်နှင့် ကျွန်မ အမှန်တကယ် စကားပြောနေသည်ဟု စတင်ထင်မြင်စပြုမတတ်ဖြစ်လာသည်။

သို့သော် လိကို ဉာဏ်ပညာရှိသော အဘိုးတစ်ယောက်အဖြစ် ကျွန်မ မည်သည့်အခါမှ မကြည့်ချေ။ ကျွန်မတို့အကြားမှ ကွာဟချက်က မျိုးဆက်ကွာဟမှုထက် ပိုမိုသာလွန်သည်။ အသိပညာထက် ပိုမိုသာလွန်သည်။ ၎င်းက စိတ်ခံစားချက် ဆန်လွန်းသည်။ ထိုကဲ့သို့ ရည်ရွယ်ချက်တစ်ခုကို စူးစိုက်သော တစ်ဝုံတစ်ယောက်ကို ကျွန်မတစ်ခါမှ မသိကျွမ်းခဲ့ဘူးချေ။

နောက်ကြောင်းပြန်လှည့်ကြည့်ပြီး "ကျွန်တော်မှားတယ်" ဟု ပြောသူများကို ကျွန်မ နားလည်နိုင်သည်။ သို့သော် ဝိမိ၏ ရာဇဝင်သမိုင်းကို အေးစက်ရင်းလင်းသော မျက်လုံးဖြင့် ကြည့်ပြီး "ကျွန်တော် နောင်တမရဘူး" ဟု ပြောခြင်းသော လူတစ်ယောက်၏ မှန်ကန်မှုကို အနည်းငယ်မင် သိနားလည်နိုင်ခြင်းမရှိပေ။ "လူတွေ ကျွန်တော့်ကို ဘယ်လိုထင်သလဲဆိုတာ ကျွန်တော် ဂရုမစိုက်ဘူး" ဟု ပြောခြင်းက ပိုမိုရှင်မင် နားလည်နိုင်စရာ ရှိပေသည်။

Scanned by CamScanner

ညီရွယ်ချက်များနှင့် ကြံရွယ်ချက်များအားလုံးအတွက် လီ အမှန်တကယ်ကို ဂရုမစိုက်ခဲ့မှု၊ ယခုအခါတွင် ရွေး ချယ်လိုနိုင်စရာတို့ရဲ့ ရန်လိုသောပုံစံများက မလိုအပ်တော့ဆွေး သိနားလည်မှုက တိုးတောက်လင်းလက်လာသည်။

"ကျွန်တော် တက်ကြွတဲ့ နိုင်ငံရေးနယ်ပယ်ထဲမှာ မရှိတော့ဘူး၊ ငယ်ရွယ်တဲ့ စင်ကာပူသားတွေ ကျွန်တော့်ကို ဘာဆင်ခြေရှိသလဲဆိုတာ ကျွန်တော်နဲ့ မပတ်သက်ဘူး"

လီကပြောသည်။

"ကျွန်တော် သေသွားပြီး မရှိတော့တဲ့နောက်မှာ သူတို့ ကျွန်တော့်ကို ဘယ်လိုထင်ကြမလဲဆိုတာကို ကျွန်တော့် အကြောင်း စာတမ်းရေးကြမယ့် သုတေသီတွေ ဆုံးဖြတ်ကြလိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါကြောင့် ပြန်လည်သုံးသပ် သုံးသပ်ကြသလို၊ နောက်ပိုင်းမှာ ပူတင်ကို ပြန်လှန်သုံးသပ်ကြသလို၊ အခု မကြာခင်မှာ ယဲလ်ဆင်ကို ပြန်လှန် အကောင်းဆုံး စံအထားခံရပြီး ကွယ်လွန်သွားပြီးနောက်မှာ ကိုန်ဆဲခံရကောင်း စံရနိုင်တယ်ဆိုတာ သိရလောက်အောင် ကျွန်တော် အသက်ရှည်ရှည်နေခဲ့ပြီးပြီ"

ထိုစကားဖြင့် အင်တာဗျူး အဆုံးသတ်သွားသည်၊ သမိုင်းစာအုပ်များက မည်သို့ပင် ပြောစေကာမူ ပိုင်ခြားသိမြင် နဲ့ကံက ရှင်းလင်းသည်၊ မှန်သည်ဟု သူထင်သောအရာနှင့် သူ့အတွက် အလုံအလောက်ကောင်းမွန်သောအရာကို သူ ပြုလုပ်ခဲ့သည်၊

သို့တိုင်အောင် နောင်တရခြင်းက မည်သို့နည်း၊ ကျိုက်သို့သော ပြင်းပြစိတ်အမျိုးအစားကို ကျွန်မ နားမလည်နိုင် ခဲ့၊

နောက် ၂ ရက်ကြာသောအခါ ဖြိတိန်နိုင်ငံမှ ကျွန်မ၏သူငယ်ချင်းတစ်ယောက်က ကျွန်မဆီသို့ အလည်အပတ် လာသည်၊ သူက အမျိုးသားပြတိုက်ကို သွားချင်သည်၊ ထို့ကြောင့် ကျွန်မတို့ ခြေလျင်လျှောက်သွားကြသည်၊ သမိုင်းပြခန်း အသစ်ကို ယခင်က ကျွန်မ မကြည့်ခဲ့ဘူးဆေး၊ ထို့ကြောင့် ကျွန်မတို့ကိုယ်ကျွန်မတို့ အသံလမ်းညွှန်ဖြင့် ဆက်သွယ်ပြီး လှည့် ပတ်ကြည့်ကြသည်၊

လေ့လာရေးခရီးတစ်နေရာ၌ "လီကွမ်ယုအခန်း" အဖြစ်သာ ကျွန်မဖော်ပြနိုင်သောအရာတစ်ခု ရှိနေသည်၊ မဲဆွယ် လှုံးဆွဲက်နေသော၊ နေရာအနှံ့လျှောက်သွားနေသော၊ သို့မဟုတ် အလုပ်ကြိုးစားနေသော လီ၏ အဖြူအမည်း စာတ်ပုံ အကောင်းများက နံရံများပေါ်တွင် ချိတ်ဆွဲလျက်ရှိနေကြသည်၊ နံတန်းများရှေ့တွင် တီဗီတစ်လုံးကို ချိတ်ဆွဲထားပြီး ၎င်းက လီ၏ မိန့်ခွန်းအဝှိများကို ထပ်ကာထပ်ကာ ထုတ်လွှင့်ပြနေသည်၊

ကျွန်မက ခလုတ်နှိပ်လိုက်သောအခါ၎င်းက ထိုမိန့်ခွန်းများကို စတင်ထုတ်လွှင့်ပေးသည်၊ မိန့်ခွန်းများက အင်္ဂလိပ်လို၊ မလေးလိုဖြစ်ကြပြီး၊ အချို့က လူထုအစည်းအဝေးပွဲများမှလည်းကောင်း၊ အချို့က သတင်းစာ ရှင်းလင်းပွဲများနှင့် ပါလီမန်မှ လည်းခကောင်း ဖြစ်ကြသည်၊ တည်ငြိမ်သေချာပြီး ကိုလိုနီလေသံရှိသော အသံက မလေးရှားအကြောင်းနှင့် စင်ကာပူ၏ အနာဂတ်အကြောင်းကို ဟောပြောသည်၊ ဆန္ဒပြသူများကို လက်လျော့ကြရန် တိုက်တွန်းနေသော လီ၏ ဟောကျွင်စကားဖြင့် ပြောနေသောမိန့်ခွန်းတစ်ခုပင်လျှင် ပါရှိသည်၊ အလွယ်ရောက်မှ ဟောကျွင်စကားကို သင်ယူခဲ့ရသော လူတစ်ယောက်အနေဖြင့် သူ၏စကားပြောဟန်က အလွန် သဘောကျစရာကောင်းနေသည်၊ ဟက်လူမျိုးဖြစ်သော ကျွန်မဖိဘများက အိမ်တွင် ဟောကျွင်စကားကို ပြောကြသည်၊ ကျွန်မ ထိုဘာသာစကားဖြင့် မိန့်ခွန်းပြောဖို့ အလွန်ခက်ခဲလိမ့်မည်၊

Scanned by CamScanner

ညီမကြီးဟာ ဘာသာရေးစာသင်ဆရာမဖြစ်ခဲ့ပေမယ့် ကိုယ်ဘာသာဝင်ကျောင်းမှာသာ သင်ကြားပို့ချခဲ့ရတာမို့ ဝင်ငွေအားနည်းပါတယ်။ ဒီတော့ ကျွန်မတို့ ဆေးပြင်ဖြူကို ကျွန်မကြည့်ရှုစီမံခဲ့ရပါတယ်။ သူတော် လမ်းများအပေါ် ဓလေ့တော်သူတို့ အလှူဘဏ်များ လမ်းသမားများ ဆရာတို့ဝိုင်းများ အိမ်ရှင်မများနှင့် လာတော်မူနှုတ်ဆက်သည်။ အင်္ဂလိပ်စာတတ် အလယ်အလတ် လူတန်းစားတစ်ယောက်ဖြစ်သော သူက နိုင်ငံရေးသည်းခြေတင်းတိုက်ပွဲဝင်ခဲ့ပြီး ပြုတ်ထိုးသို့ ရောက်ရှိရန် တရုတ်ကနေ့ ဓလေ့ထုံးစံတို့ကို တစ်နည်းတစ်ပုံပြောင်းခဲ့ပြီး သင်ကြားခဲ့သည်။ သူတို့အိမ်သားများကို သူ နားလည်ခင်ကြောင်းနှင့် သူတို့ ပျိုးထောင်ပုံကြောင့် သူတို့၏အလေးအပြုခံရသော်လည်း သူတို့ကို သူတို့ဘာသာကားရွှင် သူမကြာခဏ သတိပြုမိသည်။ သူကို ဧည့်ဝတ်ကျေပွန်ရန် အမှန်တကယ် အင်အားရှိသော ချမ်းသာသူများကို ရှင်ဆိုင်လာက် သူ သဲလွန်စီးစွပ်ခဲ့သည်။ နိုင်ငံရေးသော ပြောင်းလဲမှုကိုလည်း ခြွင်းခြားတတ်သည်။

"ဒီအခန်းက နှင်းဆီပန်းနဲ့အတူက် အကူအညီရသလား"

ဧည့်ကိုယ်စားလှယ်များပြုပြင်ပြီးသွားခန်းခန်းသော မိုးစရာသို့ ကျွန်မတို့ ထွက်လာကြသောအခါ သူငယ်ချင်းက မေးသည်။

"ရှာမသိတော်သော်လည်း ငါ နားမလည်နိုင်တဲ့ တစ်စုံတစ်ရာကို ငါ သဘောကျနိုင်တယ်ဆိုတာ အခု ငါသိပြီ"

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့် အဖြေ

"မြင်မြင်ခြင်းအချစ်ကို
ကျွန်တော် မယုံဘူး"

Scanned by CamScanner

ဝိဇ္ဇာဆက်ဆံခြင်း – ဝင်းက မျိုးရိုးထဲတွင် ရှိသည်

[illegible]

ဆေး – [illegible]

ချစ် – [illegible]

ဆေး – [illegible]

ချစ် – [illegible]

Scanned by CamScanner

ဒုဆိုကလေးတွေ မွေးစားနေတဲ့ ဂေးစုံတွဲတွေအတွက် အတားအဆီးကို ရှင် ဘယ်လိုမြင်သလဲ၊ ကလေးကို ဘယ်သူ ကြည့်ရှုစောင့်ရှောက်မလဲလို့ ရှင် မြောခဲ့တယ်၊

ခု - သူတို့ကို ဘယ်သူ ပြုစုပျိုးထောင်မလဲ၊ အမျိုးသားနှစ်ယောက်က ကလေးတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်နေတာလား၊ အမျိုးသမီးနှစ်ယောက်က ကလေးကို ကြည့်ရှုစောင့်ရှောက်တာ ဖြစ်နိုင်သေးတယ်၊ ဒါပေမဲ့ ကျွန်တော် သိပ်သေသေချာချာ မပြောနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒါက သူတို့ခဲ့ကလေး မဟုတ်လို့ပေါ့၊ ခင်ဗျား ဖန်ပြန်လာတယ်၊ ဒါပေမဲ့ ကောင်ကလေးတစ်ယောက်၊ ဒါမှမဟုတ် ကောင်မလေးတစ်ယောက်ကို မွေးစားတဲ့ အမျိုးသားနှစ်ယောက်ကတော့ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဒါတွေက အကျိုးသက်ရောက်တဲ့ပြဿနာတွေပါ၊ ကျွန်တော်တို့ ဝံဝံတားဆီးကို ရောက်လာတဲ့အခါ ဖြတ်ကျော်ကြတယ်၊ ကျွန်တော်တို့ အဲဒီဝံတားကို မရောက်သေးပါဘူး၊ ဒီအတွက် လူတွေ အဆင်သင့်မဖြစ်ကြသေးပါဘူး၊ အမှန်ပဲ၊ ဝန်ကြီးတချို့က ဒီအတွက် အဆင်သင့်မဖြစ်ကြဘူး၊ ကျွန်တော်က လက်တွေ့အမြင်ကိုပဲရတယ်၊ ဒါဖြစ်ပျက်နေတယ်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူးလို့ ပြောတယ်၊ ဘာဟာ ဒီလိုပဲ၊ လူတွေ ဒီလို မွေးဖွားကြတယ်၊ ဒါဟာ အသစ်အဆန်းမဟုတ်ဘူး၊ အဲဒါက ရှေးခေတ်ကာလကို ပြန်သွားတယ်၊ ဒါကြောင့် သူ့မျိုးဗီဇဖွဲ့စည်းမှုမှာ တစ်စုံ တစ်ရာရှိတယ်လို့ ကျွန်တော်ထင်တယ်၊

ဃ - **အိမ်ထောင်မရှိတဲ့ အမျိုးသမီးပါလီမန်အမတ်တွေကို စင်ကာပူသားတွေ လက်ခံနိုင်ဖို့အတွက် အချိန်ကြာမယ်၊ ဂေးပါလီမန်အမတ်ကို စင်ကာပူသားတွေ လက်ခံနိုင်လိမ့်မယ်လို့ ရှင်မြင်သလား၊ ဒါက ဥရောပမှာ အတော်အသင့် ကျယ်ပြန့်နေတဲ့ပုံစံနဲ့ ဖြစ်ပေါ်နေပြီ၊**

ငဃ - ကျွန်တော့်သဘောအရတော့ ပါလီမန်အမတ်တစ်ယောက်အဖြစ် သူမရဲ့အလုပ်ကိုသူမလုပ်ရင်၊ ပဲဆန္ဒရှင်တွေကို သူမ ကြည့်ရှုစောင့်ရှောက်ရင်၊ အဓိပ္ပာယ်ရှိတဲ့မိန့်ခွန်းတွေ သူမပြောရင်၊ ကူညီထောက်ပံ့မှုတွေ သူမပြုလုပ်နေရင်၊ သူမရဲ့ကိုယ်ပိုင်ဘဝက သူမရဲ့ဘဝပဲ၊ ဒါပါပဲ။ ပြတိသျှဝန်ကြီးတစ်ယောက် ရှိတယ်၊ သူနာမည်ကိုတော့ ကျွန်တော် မပြောဘူး၊ သူက ကွန်ဆာဗေးတစ်တစ်ယောက်ပါ၊ သူ ရာထူးပြုတ်သွားတယ်၊ ဒါပေမဲ့ သူ ပါတီခေါင်းဆောင်ဖြစ်ဖို့ မျော်လင့်နေပြီး ပိတ်ဆွတချိန်နဲ့ ကျွန်တော်တို့ ညစာစားကြတယ်၊ အောက်စဖို့ဒ်တက္ကသိုလ်မှာ သူရှိနေစဉ်အခါက လိင်တူဆက်ဆံမှုတွေထဲမှာ သူ ပါဝင်ပတ်သက်တာကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောရမယ်လို့ သူတွေးခဲ့တယ်၊ ဒါပေမဲ့ အခု သူ အိမ်ထောင်ပြုပြီး ကလေးတွေရနေတယ်၊ သူ လုံးဝ ပျော်ရွှင်နေတယ်၊ ဒါကြောင့် အဲဒီကိစ္စထဲက သူ ထွက်လာခဲ့တယ်၊ သူ ပါတီခေါင်းဆောင် မဖြစ်ခဲ့ဘူး၊ ဒါက ဗြိတိန်ပါ၊ သူ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောရင်၊ အစီရင်ခံစာတွေ၊ စုံစမ်းစစ်ဆေးတာတွေကနေ သူ့ကို ကာကွယ်လိမ့်မယ်လို့ သူ တွေးထင်ခဲ့တယ်၊ အဲဒါက သူ့ကို အကူအညီမပေးဘူး၊ ဒါပေမဲ့ သူ ငြိမ်နေရင်၊ သူတို့ တူးဖော်ထုတ်လိမ့်မယ်၊ အဲဒါဆိုရင် သူ့အတွက် ပိုဆိုးလိမ့်မယ်၊ ဒါကြောင့်၊ ဒါပါပဲ။ ခင်ဗျားသိပါတယ်၊ စံနှုန်းနာနှစ်ခု ရှိတယ်၊ ယေဘုယျဖြစ်နေတဲ့ ပြည်သူတွေကတစ်ခုပေါ့၊ ခင်ဗျားရဲ့ဝန်ကြီး၊ ဒါမှမဟုတ် ဝန်ကြီးဆွေမြ၊ အဲဒီလို လူတစ်ယောက်ဖြစ်နေတာက နောက်တစ်ခုပေါ့၊ ကျွန်တော်ဆိုလိုတာက (ဗြိတိန်ဝန်ကြီးချုပ်) တက်ဘီသ်ဟာ အိမ်ထောင်မရှိဘူး၊ သူဟာ ဖုံးဖိထားတဲ့ လိင်တူတက်ဆံသူတစ်ယောက်ဖြစ်တယ်လို့ ဘယ်ဝန်ကြီးတွေက ပြောတယ်ဆိုတာကို ကျွန်တော် မပြောသင့်ဘူး၊ ဒါနဲ့

Scanned by CamScanner

အဲဒါက အရမ်းလူသေနမှာကြောက်
လူတစ်ယောက်ဟာ ဘဝရဲ့အကောင်းဆုံးအသက်အရွယ်မှာရှိနေပြီး ၄၀၊ ၅၀ ရောက်လာနေပြီ
မပြုသေးဘူး။ လူဖျိုလူလွတ်ဖြစ်နေတယ်။ ဒေါက်စဖို့ဒ်မှာ သူ အဲဒီပုံစံအတိုင်းရှိနေတယ်။ ဒါကြောင့် သူတို့ပြောကြ
တယ်။ ပုံးမိသားတဲ့လိုင်တူဆက်ဆံသူပေါ့။ ဒါဟာ၊ ကျွန်တော့်ကိုလေးလေးနက်နက်ပြောပြတဲ့၊ အလွန်ဂုဏ်သရေရှိတဲ့
ခံခိုင်းဆောင်တွေရဲ့အတိုက်အစံပြောစကားပါ။ ဒီတော့ ဘာဖြစ်လဲ၊ မကြိုက်နှစ်သက်မှုတွေ ဖြစ်လာတာပေါ့။ သူ
ခံခိုင်းဆောင်မဖြစ်ထိုက်ဘူးပေါ့။ ဒါပေမဲ့ အဲဒါက ၁၉၇၀ ပြည့်နှစ်တွေ တောတောပိုင်းက ဖြစ်တာပါ။

ငယ် - သိပ်ပုံနည်းကျ ကျိုးဝကြောင်းဆင်ခြင်ခြင်း တစ်ခုတည်းနဲ့တင် လိင်တူဆက်ဆံခြင်းနဲ့ ပတ်သက်တဲ့ ဒီအမြင်ကို ရှင်း ရှိ
လာတာလား။

ငြေ - မဟုတ်ဘူး။ လေ့လာသုံးသပ်မှုနဲ့ သမိုင်းဆိုင်ရာအချက်အလက်တွေနဲ့ရတယ်။ ကျွန်တော်ဆိုလိုတာက အော်တိုမန်
အင်ပါယာမှာ သူတို့ အဲဒါတွေ အတော်ရှိတယ်။ ပြီးတော့ တီအီးလောရင့်၊ အာရေဗျမှာ အဖမ်းခံရပြီး သူ့ကို သူတို့
ယောကျ်ားခြင်း ကာမဆက်ဆံကြတဲ့ ဇာတ်လမ်းတစ်ပုဒ်ရှိတယ်။ အော်တိုမန်ဟာ လိင်တူဆက်ဆံမှုမှာ တစ်စိတ်
တစ်ပိုင်း ပါဝင်ခဲ့တယ်။ ဆောင်ကြာမြို့ငတွေမှာလည်း အမျိုးသမီးတွေရှိကြမှာ သေချာတယ်။ ဒီတော့ ဘာဖြစ်လဲ၊
ရှိပါစေတော့၊

ငမ - ဘဝတစ်လျှောက်လုံးမှာ ကြီးပြင်းလာခဲ့ကြတဲ့ ရှင့်ရဲ့အသိဝိတ်ဆွေတွေ၊ ဒါမှမဟုတ် သူငယ်ချင်းတွေကရော ဘယ်
လိုလဲ၊ သူတို့ထဲက တချို့တွေကလည်း ဂေးတွေပဲလား။

ငြေ - အသိဝိတ်ဆွေတွေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် သေသေချာချာ မသိဘူး။ ဒါပေမဲ့ သူငယ်ချင်းတွေကတော့
မဟုတ်ဘူး၊ ကျွန်တော်ဆိုလိုတာက သူတို့အားလုံး အိမ်ထောင်ပြုကြတယ်။ ဒါပေမဲ့ ရှိမှာတော့ ကျိန်းသေတယ်။
ဒီဟာက မကြာသေးခင်ကဖြစ်ခဲ့တာ မဟုတ်ဘူး၊ အဲဒါက သမိုင်းကာလထဲကို ပြန်သွားတယ်။ ပြီးတော့ တစ်ခါတစ်ရံ
မှာ အဲဒီပုံစံအတိုင်း ပြုမူတဲ့ တီရတ္တာန်တွေ ခင်ဗျားတွေ့လိမ့်မယ်။ ဒါကြောင့် အဲဒါက လူသားတွေသာလျှင် ဖြစ်တာ
မဟုတ်ဘူး။ မျိုးရိုး စနစ်မှာ တစ်စုံတစ်ရာရှိတယ်။

ငမ - ဒါဆို ဒီဟာက ရှင့်ရဲ့လက်တွေ့အမြင်နဲ့ လူ့အဖွဲ့အစည်းရဲ့ဓရုးရိုးလိုက်တဲ့အမြင်တို့ လုံးလုံးလျားလျားဆန့်ကျင်ကြတဲ့
အသွင်အပြင်တစ်ခုလား။

ငြေ - ကျွန်တော် ဝန်ကြီးချုပ်မဟုတ်ဘူး။ ကျွန်တော်ဝဋ်မစခင်ကတည်းက ခင်ဗျားကို ကျွန်တော်၊ ဒါပြောခဲ့တယ်။ ကျွန်တော်
ဝန်ကြီးချုပ်ဖြစ်နေရင် ကြီးစိုးနေတဲ့ ခံစားချက်ကို ဆန့်ကျင်ပြီး၊ လူ့အဖွဲ့အစည်းရဲ့ကြီးစိုးနေတဲ့ တန်ဖိုးတွေကို ဆန့်
ကျင်ပြီး ဒါကို တွန်းတိုက်ဖို့အတွက် ကျွန်တော် တုံ့ဆိုင်းနေလိမ့်မယ်။ ပြည်သူတွေရဲ့ဇရုဒ်းကြောင်း ငုပ်လျှိုးနေတဲ့
ခံစားချက်ကို ခင်ဗျားဆန့်ကျင်ပြီး သွားနေတယ်။ ဒီလို ပန္နက်အသစ်စိုက်ပြီး မလိုအပ်တဲ့အန္တရာယ်ကို ဖွန့်စားတာမှာ
ဘာအဓိပ္ပာယ်ရှိသလဲ။ များစွာသောအရာတွေ ဖြစ်ပေါ်ကြသလို ဒါက အချိန်ကြာလာတဲ့အခါ ဆင့်ပွားဖြစ်ပေါ်လာ

Scanned by CamScanner

လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ခရာကြားပြီးနောက်မှာ၊ ကျွန်တော့်ရဲ့ကိုယ်ပိုင်ရင့်ကျက်မှုဖြစ်ရည်တစ်ချို့က တခြားလူတွေနဲ့အတူဖြစ်ပေါ်လာလိမ့်မယ်၊ ခင်ဗျားအသက်ရှင်သန်ရုံသာရှင်သန်ပြီး ဘာကြောင့် ခင်ဗျားရဲ့အတွေး အခေါ်တွေဖြတ်တောက်ပစ်ရတာမျိုး မလုပ်ဘူး၊ ခင်ဗျား ဆက်လက်ရှင်သန်ပြီး လူတွေကို ကြည့်နေတယ်၊ ပြီးတော့ "အို...ဒါက ဘဝပုံစံပဲ" လို့ ပြောတယ်၊

ဃး - ဒါပေမဲ့ ကိုယ်ရေးကိုယ်တာပြောရရင်၊ ဒီစကားပြောပွဲကြောင့် ရှင် စိတ်ဖျက်ပိသလား။

ဖြေ - ဟင့်အင်း... ကျွန်တော် လက်တွေ့သန့်သန့်ကျတဲ့အမြင်ကို ယူတယ်၊

ဃး - ဒါပေမဲ့ ဒီရှုထောင့်ကလက်တွေ့အမြင်ကို ဆန့်ကျင်ကောင်း ဆန့်ကျင်နိုင်ပုံကြောင့် ရှင် စိတ်ဖျက်သလား။

ဖြေ - ဟင့်အင်း...ဒါက ဘဝပဲ၊ အဲဒါတွေကို ကျွန်တော် တစ်ညတည်းနဲ့ မပြောင်းလဲနိုင်ဘူး၊ သူတို့ရဲ့ဝမ်းရောဝါဘက်လိုက်မှု ရှိပေမဲ့ လူအဖွဲ့အစည်း၊ သူတို့ရဲ့ကိုယ်ပိုင်အတွေ့အကြုံ၊ သူတို့ရဲ့ကိုယ်ပိုင်တဖတ်ရွမှု၊ သူတို့ရဲ့ကိုယ်ပိုင် လေ့လာသုံးသပ်မှုတွေက ပြောင်းလဲမှုကို ဖြစ်စေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊

အချစ်နှင့် လက်ငင်းအကျိုးကြည့်သူ

ကဗျာဆရာများနှင့် အတွေးအခေါ်ပညာရှင်များက အချစ်နှင့်ပတ်သက်၍ သိရှိရမည့်အရာအားလုံးကို သိရှိကြသည်၊ သို့သော် လိကဲ့သို့ လက်ငင်းအကျိုးကြည့်သူတစ်ယောက်ကရော မည်သို့နည်း၊ အချစ်ကို သူယုံသလား။ ငယ်ရွယ်သော ငံကာပူသားတစ်ယောက်က ကျွန်မတို့ကိုမေးသည်၊ သူ့ဘဝမှ အချစ်တစ်ခု (အိမ်ထောင်သက် ၆၃ နှစ်ရှိ သူလုံး) အကြောင်း လိခြုံပြီး လက်တွေ့ကျသော အကြံတချို့ပေးနေစဉ် သူ့အသံက နူးညံ့လာသည်၊

ဃး - အချစ်ကို ရှင်ယုံသလား။ ပြီးတော့ မြင်မြင်ချင်းအချစ်ကို ယုံသလား။

ဖြေ - မြင်မြင်ချင်းအချစ်ကို ကျွန်တော်မယုံဘူး၊ အဲဒါဟာ လေးနက်တဲ့အမှားတစ်ခုလို့ကျွန်တော်ထင်တယ်၊ ရုပ်လက္ခဏာနဲ့ ခင်ဗျား ဆွဲဆောင်ခံရရင် အဲဒီအတွက် နောင်တရလိမ့်မယ်၊

ဃး - ဒါပေမဲ့ အချစ်ကိုတော့ ယုံတယ်ပေါ့။

ဖြေ - ဟုတ်ကဲ့၊ ကာလကြာရှည်ကျွန်တော်သိခဲ့တဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်တော် လက်ထပ်ခဲ့တယ်၊ ရက်ရလက်ကောလိပ်မှာ ကျွန်တော်နဲ့အတူ သူမ ကျောင်းသူတစ်ယောက်ဖြစ်စဉ်အခါက သူမကို ကျွန်တော် စိတ်မင်စားဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ငယ်လွန်းနေပြီး ကျောင်းစာထဲကို အာရုံရောက်ဝန်တာကြောင့်မို့ပေါ့၊ ဒါပေမဲ့ သူမက ကျွန်တော့်ကို စိတ်ဝင်စားတဲ့အကြောင်း နောက်ပိုင်းမှာ ကျွန်တော့်ကို ပြောပြတယ်၊ စစ်ကာလအတွင်းမှာ

Scanned by CamScanner

ကျွန်တော် ရုံးလုပ်ငန်းသုံး ကော်ဘူးတွေလုပ်တယ်၊ ရောင်းညှတ်လင်က စာတုဗေဒကျွမ်းကျင်သူပဲ၊ ဒါကြောင့် ထုတ်ကုန်တစ်ခုကို ကျွန်တော်တို့အိမ်မှာလုပ်တယ်၊ ကျွန်တဲ့ထုတ်ကုန်က သူ့အိမ်မှာလုပ်တယ်၊ သူ့ကို ကျွန်တော် သွားတွေ့တာယ်၊ သူမက အဲဒီနေရာမှာ ရှိနေတယ်၊ ကျွန်ုပ်တော် အားမိုန်ရနေတယ်၊ ကျွန်တော် စက်ဘီးစီးနေတယ်၊ ဒါနဲ့ ကျွန်တော်က...

"ဘိုး...သူမက နှစ်သက်စရာကောင်းတဲ့ ပိန်းကလေးပဲ"

လို့ ပြောတာယ်၊ ကျွန်တော်တို့ မိတ်ဆွေဖြစ်လာကြတယ်၊ အဲဒီနောက် မိတ်ဆွေဖြစ်နေတာက တဖြည်းဖြည်း အရေး အနေကိုးတက်လာတယ်၊ ပြဿနာကို ကျွန်တော် ဂရုတစိုက်စဉ်းစားတယ်၊ ကျွန်တော် မှန်ကန်တဲ့အရွေးမှန်မှာပဲ တယ်လို့ ကျွန်တော်ထင်တယ်၊ ပြီးတော့ နှစ်တွေကုန်လွန်လာတာနဲ့အမျှ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ကိုက်ညီပြင်ဆင်လာလိုက်ကြတာ နောက်ဆုံးတော့ အခုအခါမှာ ကျွန်တော်တို့ရဲ့အလေ့အကျင့်တွေတောင်မှတစ်ယောက် တည်း ဖြစ်လာကြတယ်၊ ဒါဟာ ဘဝပဲ၊

အတွေးအကြုံရှိတဲ့ ရင့်ကျက်တစ်ယောက်ဖြစ်တဲ့ အိန္ဒိယသားတစ်ယောက် (သူနာမည်ကို ကျွန်တော်မေ့သွားပြီ) နဲ့ ကျွန်တော်၊ အိမ်ထောင်ရေးကိုဘယ်လိုမြင်တင်ရမလဲဆိုတာနဲ့ပတ်သက်ပြီးဆွေးနွေးကြတယ်၊ အဲဒါဥစ္စာလောက်ကာ ဖြစ်မယ်၊ အဲဒီအမျိုးက ဘွဲ့ရတဲ့အမျိုးသမီးတွေ အိမ်ထောင်မပြုတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပိန့်ခွန်း ပြောတယ်၊ သူက အလွန်နက်နဲတဲ့ တင်ပြချက်တစ်ခုနဲ့ လာတယ်၊

အနောက်တိုင်းမှာ ခင်ဗျားဟာ ခင်ဗျားချစ်တဲ့ အမျိုးသမီးကို လက်ထပ်တယ်၊ အဲဒီနောက် သူမကို ခင်ဗျား မချစ် တော့ဘူးလို့ သူကပြောတယ်၊ အိန္ဒိယမှာ ခင်ဗျားလက်ထပ်တဲ့ အမျိုးသမီးကို ခင်ဗျားချစ်တယ်၊ ခင်ဗျားလက်ထပ်တဲ့ အခါက သူမကို ခင်ဗျားမသိဘူး၊ ဒါပေမဲ့ နှစ်တွေကြာပြီးနောက်မှာ အချစ်တွေ ရှင်သန်ကြီးထွားလာနိုင်တယ်၊ ဒါဟာ နက်နဲတဲ့ တင်ပြချက်တစ်ခုဖြစ်တယ်လို့ ကျွန်တော် တွေးမိတယ်၊ ပြီးတော့ (ဝါရင့်ဝန်ကြီး) ကျောက္ကမာက သူ့ရဲ့အိမ်ထောင်ရေးကို အဲဒီလိုနည်းအတိုင်း ဖြုတ်လုပ်ခဲ့တယ်လို့ ကျွန်တော့်ကို ပြောပြတယ်၊ အဲဒါကို ပိဘတွေက စီစဉ်ပေးခဲ့တယ်၊ အဲဒါက ပေဟ်ရွှင် တဲ့ အိမ်ထောင်ရေးတစ်ခုဖြစ်တယ်၊ သူက ရုပ်ရှင်၊ သူ့ဇနီးက ဆရာဝန်၊ သူတို့ ဇာတာခွင်တွေကို ဂရုတစိုက်ဖလှယ်လာတယ်၊ ပိဿားစုနောက်ကြောင်းရာဇဝင်၊ လူမှုရေးဓနောက်ကြောင်းရာဇဝင်၊ ဌေမကြေးအရေးအနေတွေကို ဂရုတစိုက် လေ့လာကြည့် တယ်၊

ဒါကြောင့်၊ ဟုတ်တယ်၊ အိုကေတယ်၊ အဲဒါက သင့်မြတ်စွာ လိုက်ဖက်နေတယ်၊ ပြီးတော့ ဘိုး...သူမက လှပတဲ့ ပိန်းကလေးပဲ၊ သူမကိုငါလက်ထပ်မယ်လို့ပြောတာထက် အဲဒါက အများကြီးပိုကောင်းတယ်လို့ ကျွန်တော်ထင်တယ်၊ သူမကိုလက်ထပ်မယ်၊ ပြီးရင် ဓနာင်တရမယ်။ အလှအပဆိုတာ အရေအပြားနဲ့ လုပ်ထားတာပါ၊ သူမအပေါ် ခင်ဗျား ရုပ်ပိုင်းဆိုင်ရာအရ ဆွဲဆောင်မံရတယ်၊ တစ်နှစ်၊ နှစ်နှစ်ကြာ ရင်းနှီးကျွမ်းဝင်ပြီးနောက်မှာ၊ ခင်ဗျား "ဘိုး...ငါအကြိုး အကျယ်မှားတာပဲ" လို့ ပြောတယ်၊ (ရယ်မောလျက်) ပြီးတော့ သူမကလည်း အကြိုးအကျယ်မှားခဲ့တယ်လို့ သုံးသပ် ချက်ချလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့ ခွဲခွာကြပြီ။

ပေး - အိမ်ထောင်ပြုတာကို အားပေးအားမြှောက်လုပ်တဲ့အကြောင်း ပြောတဲ့အခါကျွန်မပုဂ္ဂိုလ်ရေးအရဝန်ခံနိုင်မယ်ဆိုရင် ပထမအချက်မှာ ကျွန်မကို အိမ်ထောင်ပြုဖို့ အားပေးအားမြှောက်ပြုတာဟာ ရှင့်ရဲ့ကိုယ်တွေ့မှတ်တမ်းတွေပါ၊

ပြေ - ဒါကောင်းတယ်၊ ဒါကိုကြားရတာ ကျွန်တော် အရမ်းဝမ်းသာတယ်၊ ကျွန်တော်ကိုယ်တော် မှတ်တမ်းရဲ့ အပိုအဓိပ္ပာယ်

Scanned by CamScanner

ဒေါ်ခင်ဆေလက်စ်ခ်မာ ရွှင် လျှို့ဝှက်လက်ဆယ်တာပေါ့။

ကို - ဪ . . . သူမက ခေတ်ပေါ်ကင်းပုံစံရှိတဲ့ မိသားစုနဲ့ ခေတ်ပေါ်ကင်းပုံစံရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။ ကျွန်တော် ကလည်း အဲဒီအတိုင်းပါပဲ။ ကျွန်တော်တို့ တရားမဝင်တဲ့ ပေါင်းသင်းဆက်ဆံမှုကို မလုပ်ခွင့်ကြဘူး။ အဲဒါ မှားယွင်း ပါ့မယ်။ ဒါပေမဲ့ ကျွန်တော်တို့ လက်ဆုံကြတယ်။ ဒါပေမဲ့ သူမက ပညာတော်သင်ဆုနဲ့ ကျောင်းတက်နေတာပါ။ ပြီးတော့ ကျွန်တော့်ဆရာကလည်း ကျွန်တော်ဆိပ်ဆောင်ပြတာကိုကြားရရင် သိပ်ကျေနပ်မှာမဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ အဲဒါကို တိတ်တိတ်ခိုးကလေးထားကြတယ်။ လက်ထပ်လက်ရွပ်ကို သူမက ဆွဲကြိုးနဲ့ ဆွဲထားတယ်။ ကျွန်တော် တတ်နိုင်တာကတော့ နာမည်ကြီးဆိုင်တစ်ဆိုင်က ဝယ်ခဲ့တဲ့ ပလက်တီနံလက်ထပ်လက်ရွပ်တစ်ကွင်းပါ။ ဘာခြစ်စရာ အဲဒါရှိနေသေးတယ်။ လက်ရွပ်ထဲမှာထွင်းထားတဲ့ နေ့ရွဲတွေ၊ ဘာတွေ ရှိနေတုန်းပဲ။ ဒါဟာ ပြုလုပ်ဖို့ မှန်ကန်တဲ့အရာလို့ ကျွန်တော်ထင်တယ်။

ဒါပေမဲ့ ဒီခေတ်အဖို့စိန်မှာ ကွဲန်းမာရေးမြင့်တင်ရေးတုတ်အခွေနဲ့ ပညာရေးဝန်ကြီးဌာနတို့က ဆယ်ကျော်သက်အရွယ် ကောင်ကလေးတွေနဲ့ ကောင်မလေးတွေကို ဆန္ဒမဲယူနေကြဘာ ကျွန်တော် ဖတ်ရတယ်။ အခုဂုရာဒိုင်နှန်းကျော်က လိင်တက်ကြွမှုရှိနေကြပြီ။ ဒါဟာ ကောင်းတဲ့စိတ်ကူးအကြံလို့ ကျွန်တော် မထင်ဘူး။ ကျွန်တော့်ပြေးတွေ အဲဒီလို လုပ်ကြတာကို ကျွန်တော် တွေ့မြင်ရရင် အရမ်းဝမ်းနည်းဝိလိမ့်မယ်။ ကျွန်တော်ဆိုလိုတာက အတန်ကြာရင် ဒါက ရှပ်ထွေးအဆုံးအဆောင်တစ်ခုသာ ဖြစ်လာမှာပါ။ ဒါပါပဲ။ အဲဒါက ကျွန်တော့်အတွက် အဓိပ္ပာယ်မရှိဘူး။

စာအုပ်နှင့် ရုပ်ရှင်အတွက် အချိန်ပေးခြင်း

စင်ကာပူသားများက ရုပ်ရှင်ကြိုက်နှစ်သက်ကြသည်၊ စင်ကာပူသည် ကမ္ဘာပေါ်တွင် ရုပ်ရှင်ကြည့်သူ အမြင့်ဆုံးနှုန်း ရှိသည်၊ လူအသီးသီးက တစ်နှစ်လျှင် ပျမ်းမျှ ၈ ကြိမ်ခန့် ရုပ်ရှင်ရုံသို့သွားကြသည်၊ ၂၀၀၉ ခုနှစ်တွင် စံချိန်တင်သော ရုပ်ရှင် လက်မှတ် ၂၂ သန်းကို ရောင်းချခဲ့ကြသည်၊ ၎င်းက ဆယ်စုနှစ် ၂ စုအတွင်း၌ အမြင့်ဆုံးဖြစ်သည်၊ ထို့ကြောင့် ငယ်ရွယ်သော စင်ကာပူသားများက လေ ရုပ်ရှင်ကြည့်ရှုမှုနှင့်ပတ်သက်၍ စူးစမ်းလိုကြပြီး၊ သူ စာအုပ်ရွေးချယ်ဖတ်ရှုမှုနှင့် ပတ်သက်၍လည်း သိလိုကြသည်၊ သူရွေးချယ်သောစာအုပ်များက သူတို့မမွေးခင် ကာလကြာရှည်က ဂန္ထဝင်စာအုပ်များဖြစ် ကြသည်၊

ေမး - ရှင်နှစ်သက်တဲ့ ရုပ်ရှင်ကားတစ်ကား ရှိသလား။

ဖြေ - ဒီကာလတွေမှာ ကျွန်တော် ရုပ်ရှင်မကြည့်ဘူး၊ ရုပ်ရှင်ရုံကို ကျွန်တော် မသွားဘူး၊ အချိန်မရဘူး၊ ရုပ်ရှင်က အချိန် အတော်ကုန်တယ်၊ ဒါပေမဲ့ ကျွန်တော် ကျောင်းသားတစ်ယောက်ဖြစ်စဉ်အခါက ကြည့်ခဲ့တဲ့ အကောင်းဆုံး ဟာသ ရုပ်ရှင်ကို မှတ်မိတယ်၊ ပြီးတော့ ဒန်နီကေးကို ကျွန်တော်ကြည့်တဲ့အခါက လန်ဒန်မှာရှိနေတယ်၊ ဇာတ်ကားနာမည်ကို ကျွန်တော် မေ့သွားပြီ၊ ဒါပေမဲ့ သူ တကယ်ရယ်စရာကောင်းတယ်၊ သူ သရုပ်ဆောင်နိုင်တယ်၊ သိချင်းဆိုနိုင်တယ်၊ သူ အများကြီး လုပ်နိုင်တယ်၊ ပြီးတော့ လေးနက်တဲ့ရုပ်ရှင် Pygmalion လည်းရှိတယ်၊ နောက်ပိုင်းမှာ ဝါနာ ဘရားသားက ရိုက်ကူးတဲ့ မူကွဲအသစ်မှာ သရုပ်ဆောင်တယ်၊ ဇာတ်ကားနာမည် ဘာလဲ၊ နာမည် ကျွန်တော် မေ့သွားပြီ၊ ဒါပေမဲ့ အဲဒါက ရုပ်ရှင် တွေထဲမှာ အကောင်းဆုံး တေးဂီတာပြူးတစ်ကားပေါ့၊

Scanned by CamScanner

မေး - My Fair Lady ကိုရော ကြိုက်သလား။

ဖြေ - ကြိုက်တယ်။ ဘာကြောင့်လဲဆိုတော့ စကားပြောတွေ အရမ်းဟောင်းတယ်။ အယ်လီးဇဘီးက အလွန်တော်တယ်။ ဘာကြောင့်လဲဆိုတော့ သူမက ပန်းသည်မိန်းကလေးတစ်ယောက်လို စကားပြောနိုင်တယ်။ မင်းသမီး (ဗာရင့်သမီး) တစ်ယောက်လိုလည်း စကားပြောနိုင်တယ်။ အဲဒါတွေက ကျွန်တော့်စိတ်ထဲမှာ ခွဲခြားနေတယ်။ ကျွန်တော်ကြည့်သမျှထဲမှာ အရှည်ဆုံးရှုခင်းကားက အဓမ္မရိကန်မော်ကွန်းဝင်ရုပ်ရှင် Gone With the Wind ပါ။ ဒါပေမဲ့ ကျွန်တော် အဲဒါတွေ မကြည့်တော့ဘူး။ ဒါကြောင့် စာအုပ် ကျွန်တော်ဖတ်တဲ့အခါ ရုပ်ရှင်ဝေဖန်သုံးသပ်ချက်တွေက ကျွန်တော့်အတွက် အဓိပ္ပာယ် မရှိတော့ဘူး။

မေး - ရှင်နှစ်သက်တဲ့ စာရေးဆရာတွေ၊ ဒါမှမဟုတ် အတွေးအခေါ်ရှင်တွေက ဘယ်သူတွေလဲ။ စင်ကာပူသားတွေအားလုံး စတော့ရမယ်လို့ ရှင်ထောက်ခံအကြံပြုမယ့်စာအုပ် ရှိသလား။

ဖြေ - စင်ဂျား ဘစ်တ်ဝင်စားသလဲ။ စင်ဂျား စာပေစိတ်ဝင်စားရင် ကျွန်တော် ရှိတ်စပီးယားဖတ်မယ်။ အဲဒါတွေက ဂန္ထဝင်စာပေတွေလို့ ကျွန်တော်ထင်တယ်။ သံတို့သံရည်တစ်လှည့်စီပါတဲ့ စာကြောင်းငါးကြောင်းပါကဗျာတွေနဲ့ သူ့ကိုယ်သူ စော်ကြဉ်ကာ ဓမ်းနားတယ်။ စင်ဂျား စီးပွားရေးပညာ စိတ်ဝင်စားရင် ကျွန်တော်ဟာရက်ကိုဖတ်မယ်။ သူမှန်တယ် လို့ ကျွန်တော်ထင်တယ်။ စင်ဂျား စီမံကိန်းစီးပွားရေးရှိရင် ကျဆုံးလိမ့်မယ်။ စင်ဂျား နိုင်ငံရေးစိတ်ဝင်စားလား။ အဲဒီလို စာအုပ်မျိုးမရှိဘူး။ စင်ဂျား ဂော်ဂော်ခဲခဲ သင်ယူရလိမ့်မယ်။ ကနေဒီကို စင်ဂျားဖတ်နိုင်တယ်။ Profiles in Courage ရှိတယ်။ ဒါမှမဟုတ် အိုဘားမားနဲ့ သူ့ဘဝအတ်လမ်းကို ဖတ်ပြီး သူ ဘယ်လိုလုပ်ဆောင်တယ်ဆိုတာ ကြည့်ပါ။

မေး - တင်ပြထားတဲ့ စိတ်ဝင်စားဖွယ် မေးခွန်းတစ်ပုဒ်ရှိတယ်။ မေးခွန်းက "ရှားဇလော့ဟုမ်းလို ရှင့်အလုပ်နဲ့ ဆက်စပ်မှုမရှိတဲ့အရာတွေကို ရှင် မဖတ်ဘူး၊ မကြည့်ဘူး၊ နားမထောင်ဘူးလို့ ကျွန်မကြားသိရတယ်" လို့ ပြောတယ်။ အဲဒါ မှန်သလား။

ဖြေ - ပြန်ပြောရရင်တော့ ဟုတ်တယ်။ အဓိပ္ပာယ် ဘယ်ကရမလဲ။ ဒါပေမဲ့ ဘာသာပြန်အသစ်ထွက်လာရင် အပန်းဖြေဖို့အတွက် Don Quixote ကို ကျွန်တော်ဖတ်တယ်။ အဲဒါက ဘာသာပြန်ကောင်းတယ်။ ကျွန်တော် စပိန်မှာတုန်းက အင်္ဂလိပ်လို တစ်အုပ်ရတယ်။ အဲဒါက ကျွန်တော့်အလုပ်နဲ့ မဆက်စပ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို ကွဲပြားခြားနားတဲ့ရာစုနှစ်တစ်ခုဆီ ပြန်ခေါ်သွားတယ်။ ဖတ်ရတာ လုံးဝ စိတ်ဝင်စားဖို့ကောင်းတယ်။

မေး - အဲဒီအထဲမှာ သင်ခန်းစာတွေ ရှင်တွေ့လား။

ဖြေ - စင်ဂျား တကယ်ဆိုလိုတာ ခြစ်ကောင်းခြစ်မယ်။ ဒါပေမဲ့ စိတ်ကူးယဉ်ရန် သူတွေကို တိုက်ခိုက်မနေပါနဲ့။ အဲဒါ အချိန်ကုန်တယ်။ ဒါက ဟာသပြောတာပါ။ စာတ်လမ်းတစ်ပုဒ်ပါ။ ကျွန်တော် စိတ်ကူးယဉ်ရန် သူတွေကို မတိုက်ခိုက်ဘူး။ ကျွန်တော့်မှာ သူသေအောင်ရေးတဲ့ တိုက်ခိုက်ဖို့ ရန်သူတွေရှိတယ်။

Scanned by CamScanner

ယနေ့အချိန်တွင် လီ စင်ကာပူ၌ ကြီးပြင်းနေလျှင် ဟစ်ဟောကနေသော ကောင်လေးတစ်ယောက်နှင့်သော် လည်းကောင်း၊ မည်းနက်ရွာမှောက်ခဲ့ဆေးဆိုးထားသော အိပ်ရုံခန်းအဆိုတော်များနှင့်သော်လည်းကောင်း၊ တစ်ကိုယ်လုံး အနက်တော်ဆင်သေသော ဂေါသစ်တေးဂီတ အဆိုတော်တစ်ယောက်နှင့်သော်လည်းကောင်း သူပတ်သက်မည်လား၊ သို့မဟုတ် သူတို့အဲဒီလူယေအချို့က ပင်မရေစီးကြောင်းနှင့် ကွဲပြားခြားနားသော သူတို့၏ထူးခြားသည့် ဇန်တီးမှုနှင့် အနုပညာနှင့်ဆိုင်သော ဇော်ပြခွက်ကို မည်သည့်အတိုင်းအတာအထိ အစိုးရသည်းခံမည်ကို သိရှိင်ကြသည်၊ လူငယ်များအတွက် လီ၏သတင်းလက်ဆောင်ကလက်တွေ့ကျသည်၊ သာမန်ပြည်သူများကို သင်တို့ အနှောင့်အယှက်မပေးသမျှကာလပတ်လုံး သင်တို့ကြိုက်တာ လုပ်ကြပါ၊ နောက်ပြီး တက်တူးကို ခြွင်းချက်မရှိ ဝေးဝေးရှောင်ကြဉ်ပါ။

မေး - ကျွန်မ အမေးစံရတဲ့ မေးခွန်းတွေထဲက တစ်ခုကတော့ လူငယ်ယဉ်ကျေးမှု အသေးစားတွေနဲ့ ပတ်သက်နေတယ်၊ အဲဒီမေးခွန်းကို မေးတဲ့လူက ဂေါသစ်တေးဂီတ တီးဝိုင်းအဖွဲ့ဝင်တစ်ယောက်ပါ။

ဖြေ - ဘာ။

မေး - ဂေါသစ်တေးဂီတတီးဝိုင်းပါ။

ဖြေ - အဲဒါဘာလဲ။

မေး - အဲဒါက ရှင့်တစ်ကိုယ်လုံး အဝတ်အစားအနက်တွေဝတ်ပြီး အလွန်တရာစိတ်ညှိုးငယ်စရာကောင်းတဲ့ တေးဂီတကို တီးခတ်တဲ့နေရာပေါ့။

ဖြေ - အဲဒါက ဘာကြောင့် ဂေါသစ်ဖြစ်ရတာလဲ။

မေး - အဲဒါက ဂေါစ်လူမျိုးတွေကို ညွှန်းဆိုတာပါ။

ဖြေ - အို...ဟုတ်ပြီ၊ ဂေါစ်၊ အိုကေ...ဒီတော့ ဘာဖြစ်လဲ။

မေး - သူက သူ့ရဲ့အဖွဲ့ကို လူမှုရေးအဖွဲ့တစ်ခုအဖြစ် မှတ်ပုံတင်ဖို့ပြဿနာတွေ့နေတယ်၊ အင်း...သူ့အဖွဲ့မှာ လူဖြယောက်ကျော်ရှိတယ်၊ သင့်တော်တဲ့ စာရွက်စာတမ်းတွေ သူတင်ပြခဲ့တယ်၊ တေးဂီတ အခမ်းအနားတွေ သူကျင်းပတဲ့အခါ ဥပဒေကို လိုက်နာနိုင်အောင် လူမှုအဖွဲ့အစည်းအဖြစ် သူ့ကိုယ်သူ မှတ်ပုံတင်တဲ့နေရာမှာ သူပြဿနာတွေ့နေတယ်၊ သူ့တီးဝိုင်းကို မဂ္ဂဇင်းထဲမှာ ထည့်ပြီး ကြော်ငြာဖို့ကိုလည်း သူကြိုးစားတယ်၊ အဲဒီလို လုပ်တဲ့အခါလည်း သူပြဿနာ

Scanned by CamScanner

တွေ့နေတယ်။ ဘာကြောင့်လဲဆိုတော့ အေးချင်စိတ်ချိုးက ပီးဇောင်းထိုးပြတဲ့ ပုံရိပ်နဲ့ပတ်သက်ပြီး မဇျှော်မကြိုက်ကြလို့ပါ။ ဒါကြောင့် သူ စိုးရိမ်ပူပန်လာတယ်။ ဒီလို အနုပညာပုံစံတွေ၊ ဒါမှမဟုတ် ဖော်ပြချက်ပုံစံတွေကို ကျွန်မတို့ ပိုပြီး ပွင့်လင်းလာမလားပေါ့။

ငဖြ - ဒါက အများပြည်သူရဲ့နှစ်သက်မှုကို မစော်ကားရင် ကျွန်တော် လွတ်ထားပေးမယ်။ ခင်ဗျား အဝတ်အစားအနက်တွေ ဝတ်ပြီး ဂေါတေးဂီတ တီးမှုတ်ချင်တယ်၊ လုပ်ပါ။ ဒါပေမဲ့ အဲဒါက သာမန်ပြည်သူတွေကို စော်ကားနေရင် ကျွန်တော် တုံ့ဆိုင်းနေလိမ့်မယ်လို့ ပြောရလိမ့်မယ်။ ပြည်သူတွေကို ဘာကြောင့် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မလဲ။ ကျွန်တော့်ကို နားလည်မှုမလွဲမှားပါနဲ့။ ကျွန်တော် လစ်ဘရယ်လည်းမဟုတ်ဘူး။ ကွန်ဆာဗေးတစ်လည်းမဟုတ်ဘူး၊ ကျွန်တော်က လက်တွေ့သမား။ လက်ငင်းအကျိုးကြည့်သူပါ။ အမြဲတမ်း အဲဒီလိုဖြစ်ခဲ့တယ်။ အရာဝတ္ထုတွေကို သူဝိုရိုနေ တဲ့အတိုင်း ကျွန်တော် လက်ခံတယ်။ ဒါပဲဗျ။

ငမး - အင်း...နောက်နမူနာတစ်ခုက တက်တူးထိုးတာကို အနုပညာပုံစံတစ်ခုအဖြစ် လက်ခံအောင် ကြိုးစားနေတဲ့ ဒေသတွင်းက တက်တူထိုးတဲ့ အသိုင်းအဝိုင်းပါ။

ငဖြ - ဒါဟာ ကောင်းတဲ့စိတ်ကူးအကြံအစည်တစ်ခုလို့ ကျွန်တော်မထင်ဘူး။ အဲဒါကို ကျွန်တော် အလွန်ပြင်းပြင်းထန်ထန် ဆန့်ကျင်တယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား အဲဒါကိုဖျက်ချင်ရင်၊ ဒါက အလွန်နာကျင်တဲ့ ကိစ္စဖြစ်နေတယ်။ ဒါ အဓိပ္ပာယ်မရှိဘူး။ ခင်ဗျား ဖျက်ပစ်နိုင်မယ့် တစ်စုံတစ်ရာကို ဘာကြောင့် ကပ်မထားတာလဲ။ တစ်စုံတစ်ရာကို အမြဲဖြစ်နေအောင် လုပ်ထားတာမှာ ရှုးသွပ်တာပဲ။ နောက်ပိုင်းမှာ အဲဒီအကြောင်း ခင်ဗျားစဉ်းစားပြီး မှားတယ်လို့ ပြောမယ်။ ပြီးတော့ အဲဒါကို ဖျက်ပစ်ရမယ်။ ဒါကြောင့် အဲဒါကို ကျွန်တော် အားမပေးဘူး။ MICA (သတင်း၊ ဆက်သွယ်ရေးနှင့် အနုပညာဝန်ကြီးဌာန) ကို ကျွန်တော်ဖုန်းဆက်ပြီး "သတင်းစာနယ်ဇင်းတွေကို မမိုက်မဲဖို့ပြောပြပါ။ ပြဿနာတွေ တော်လောက်ပြီ။ နောက်ထပ်ပြဿနာတွေ ဘာကြောင့် ဖန်တီးနေမှာလဲ" လို့ ပြောတယ်။ တက်တူးထိုးတဲ့ အလုပ်လုပ်ကြတဲ့ လူတွေရဲ့အကျိုးအမြတ်ကို ကျွန်တော်မြင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါက စီးပွားရေးပိုဆန်လာတာကြောင့်မို့ပေါ့။

ငမး - ဒါဆို ဒီဟာကို ကြော်ငြာနေတဲ့လူတွေကို ရှင် ဆန့်ကျင်သလား။

ငဖြ - အင်း...အဲဒါက လျှို့ဝှက်တဲ့ လူအဖွဲ့အစည်းကာလတွေကို ပြန်သွားကောင်း ပြန်သွားလိမ့်မယ်။ ကျွန်တော်ဆိုလို တာက နှစ်သက်ဖွယ်ကောင်းတဲ့ ဘယ်အမျိုးသား၊ အမျိုးသမီးမှ၊ တက်တူးမရှိကြဘူး။ ခင်ဗျား နိုင်ငံရေးအကျဉ်းစခန်း တစ်ခုကိုသွားရင်၊ လူတစ်ယောက်အတွက် ဂုဏ်သရေညှိုးမှိန်စရာတစ်ခုလို ခင်ဗျား နံပါတ်တစ်ခု တက်တူးထိုးခံရတယ်။

Scanned by CamScanner

ဇော် - အဲဒီလို ယည်ကားမှုအနေအထားက အသိုင်းနဲ့အမျှ ပြောင်းလဲနေတာကြောင့် အဲဒါ ပြဿနာမရှိဘူး၊ ဖူဉ် ပြောနေတာ အသိဉာဏ်မဟုတ်လား၊

ဖြူ - လူတွေက ဒါကို ကောင်းတဲ့အကြံအစည် စိတ်ကူးတစ်ခုအဖြစ် ထင်မှတ်ကြပြီး သူတို့ရဲ့ ဆေးခန်းသက်တော်ကို တက်ကူးတိုးဖို့ပေါ်လာရင်၊ ဒါဟာ သူတို့ဆိုက်ရှိမယ်၊ ဒါပေမဲ့ ဒီဘာတစ်ယောက်ဟာ အတူးသမားနဲ့ သူ့ဆီးတက်ကူးကို ထားတာကို ပြောမှော်ဂါပိမ့်မယ်လို့ ကျွန်တော်မထင်ဘူး၊ စင်ထူးရောက်တဲ့တဲ့ပြီး ဆင်ဆေးခွဲခန်းဆောက်ဖို့ ဆုံးမှုးဆုံးဂါပိုက်တယ်၊ လူတွေက "ဘာတွေဖြစ်နေတာလဲ၊ (ရယ်မောလျက်) မင်း ဘာတွေတိုးထားတာလဲ၊ ငါ့ကို မထိနဲ့" လို့ ပြောကြတယ်၊ ဒါ ရှုးသွပ်တာပဲ၊

ဖေး - အဲဒါက လူငယ်တွေအကြားမှာ အမှန်တကယ်ကို အရမ်းလူကြိုက်များလာနေတာကြောင့်ပါ၊

ဖြူ - ငယ်ရွယ်တဲ့လူတွေဟာ ဖိုက်ခဲတဲ့အရာတွေကို လုပ်ကြတယ်၊ သက်လတ်ပိုင်းကို သူတို့ရောက်တဲ့အခါ အဲဒီအတွက် ဧနှောင်တရကြတယ်၊ သူတို့ဆီက လေးတွေကိုယ်တိုင် တက်တူးတိုးတော့မယ့်အခါကျရင် "မင်းတို့ ဖူးခန့်ကြသလား" လို့ ခြောက်ကြတယ်၊ (ရယ်မောလျက်) လူတွေက စင်ထူးကို လျှို့ဝှက်အဖွဲ့ဝိုက်သားတစ်ယောက်နဲ့ လူမှုအကြောပိမ့်မယ်၊ စင်ထူးသိပါတယ်၊ ကျွန်ုပ်က ယောကျ်ားတွေဟာ တစ်ကိုယ်ပုံးမှာ လုပ်တဲ့ တက်တူးတွေရှိကြတယ်၊ ဒါကြောင့် အဲဒါက လူ့ဖွဲ့ရေးအရ သဘောကျစရာမကောင်းတဲ့ တစ်စုံတစ်ရာနဲ့ ဆက်နွယ်နေတယ်၊

ဖေး - ဒါက အဓိတ်ကို ထိတ်လန့်စရာကောင်းနေနိုင်တယ်၊ ဒါပေမဲ့ ငယ်ရွယ်တဲ့ စင်ကာပူသားတွေက ယောကျ်ားစိတ် ပြင်းပြတဲ့ တက်တူးတွေကို အစုအဝေးမှာ အထူးတလွယ်ထိုးနေကြတယ်၊ ဒါက လုံးဝကို တစ်မူထူးကဲနေတယ်၊

ဖြူ - အင်း...နှစ်အနည်းငယ်အတိုင်းကာလအတွင်းမှာ သူတို့အဲဒီအတွက် နောင်တရကြလိမ့်မယ်၊ တက်တူးဖျက်တဲ့လူတွေ ပိုက်ဆံအတော်ကြေကြလိမ့်မယ်၊ ဒါက သူတို့ကို ဘဝမှာ ဘယ်လိုအကူအညီပေးနိုင်မလဲ၊ လူတစ်ယောက်က အလုပ် လုပ်ဖို့ဂတတယ်၊ ကျွန်ုတော်က အလုပ်ရှင်၊ သူ့ကို ကျွန်ုတော်ကြည့်ပြီး "အား...ဒီလူ ဦးနောက်တစ်ခုလုံးဖြစ်နေပြီ၊ သူ့ကို ဓမ်းတုတ်ပိုက်" လို့ ပြောလိမ့်မယ်၊ ဟင့်အင်း...ဒီကိစ္စမှာ ဒီလိုစိတ်ရှုပေါက်တာတွေ ကျွန်တော် မလုပ်ဘူး၊ ဒါက ဓဝတ်စားတာ မဟုတ်ဘူး၊ စိတ်ရှုပေါက်တာ၊

ကိုယ်တိုင်လုပ်သော နိုင်ငံခေါင်းဆောင်များ

ဆက်လက်တိုးတက်နေဦးမည့် ပုံရိပ်ရှင်၊ သာမန်ထက်လွန်ကဲသော လူတစ်ယောက်၊ မဖြစ်နိုင်သောအရာများကို ဒေအင်ပြုံးပြုံးပြောက်သော နိုင်ငံခေါင်းဆောင်တစ်ယောက်၊ ဤအရာများက လိုက်မ်ယုံအဝေါ်ရုပ်ပုံဖန်သော ဦးကျွန်မှုများသိမ့် အရိုးအဖြစ်ကြသည်၊ ယနေ့ သူဖြစ်နေသော နိုင်ငံခေါင်းဆောင်ဖြစ်ရန် သူကို ဘာကလှုံ့ဆော်ပြီး သူ ဘယ်လိုနိုင်ငံခေါင်းဆောင် ဖြစ်သည်ဟု သူထင်သနည်း၊ ငယ်ရွယ်သော စင်ကာပူသားများက သိချင်ကြသည်၊ လိစ်အခြေက - ထိုကဲ့သို့ ရည်ရွယ် ချက်မျောင်မှုပျိုးကို သူစိတ်မဝင်စားဟုဆိုသည်၊

Scanned by CamScanner

ငယ - ကမ္ဘာသန့်ရှင်းတစ်ခုနရာရာမှာ၊ ရှင် နိဗ္ဗဒိုဓေခါင်းဓဆောင် ဖြစ်နိုင်ရင်၊ ဘယ်လိုနိုင်ငံခါင်းဓဆောင်မျိုး ရှင်ဖြစ်မလဲ၊ ဘာ ကြောင့်လဲ၊

ငပြ - အဲဒါ ဆန့်ပန်းတွေက်ချက်တဲ့အလုပ်ပါ၊ ကျွန်တော်လုံးဝနိုင်ငံခါင်းဓဆောင်ဖြစ်မှာမဟုတ်ဘူး၊ အခြေအနေတွေက ကျွန် တော့်ကို ဖန်တီးတာပါ၊ ပြီတိသျှတွေ မွဲးနိမ့်မှု၊ စိတ်ဓာတ်လုံးဝ ပြိုလဲကျသွားမှု၊ ဂျပန်တွေ ရက်စက်ကြမ်းကြုတ်မှု၊ ပြန်လည်သိမ်းပိုက်မှု၊ ပြီတိသျှတွေ ဆုတ်ခွာသွားတဲ့အခါကွန်ပြူနစ်တွေနဲ့ ကျွန်တော်တို့အကြားက အာဏာအတွက် ရန်း ကန် တိုက်ခိုက်မှု၊ ဒါဝေွကာ ကျွန်တော့်ကို ဖန်တီးထားတာပါ၊ ကျွန်ဓတော် နိုင်ငံခါင်းဓဆောင်ဖြစ်ချင် တယ်လို့ မထင်ဘူး၊ ဒါ အဝိပ္ပာယ်မရှိဘူး၊ ခင်ဗျား နိုင်ငံခါင်းဓဆောင်ဖြစ်မလာဘူး၊

ငယ - ဒါဆို ရှင် ဘာဖြစ်ချင်သလဲ၊

ငပြ - ကျွန်တော် ရှေ့နေဖြစ်ချင်တယ်၊

ငယ - ရှင် နိုင်ငံရေးနယ်ပယ်ထဲကိုမဝင်ခဲ့ရင် ရှင်ဖြစ်ချင်တာ ဒါပေါ့၊

ငပြ - နိုင်ငံရေးကို ကျွန်တော် မရွေးချယ်ခဲ့ရင် ဒီတိုင်းပြည်ကို ဘယ်သူလည်ပတ်ပြီး ဘာဥပဒေကို ခင်ဗျား အသုံးပြုမလဲ၊ ကျွန်တော်နဲ့ အစုစပ်ဝင် အက်ဒီဘာလာကို ကျွန်ဓတော် အဲဒီလိုပြောခဲ့တယ်၊ ကျွန်တော်က...

"အက်ဒီ... ခင်ဗျား ရွေးကောက်ပွဲမဝင်လို့ ကျွန်တော်တို့ အသုံးမကျတဲ့လူတွေရရင်၊ ခင်ဗျားရဲ့ ရှေ့နေရုံး လည် ပတ်နေလိမ့်မယ်လို့ ခင်ဗျားထင်သလား"

လို့ ပြောတယ်၊ သူက အဲဒါကို သေသေချာချာစဉ်းစားပြီး ကျွန်တော်မှန်တယ်လို့ ပြောတယ်၊ ဒါနဲ့ သူထွက်လာတယ်၊ ဒါပေမဲ့ အခြေအနေတည်ငြိမ်လာတဲ့အခါကျတော့ သူက..

"အင်း...အိုကေ၊ ကျွန်တော် အိမ်အပေါင်ခံထားတာ မဆပ်ဖဓသေးဘူး"

လို့ ပြောတယ်၊ ဒါကြောင့် ကျွန်တော် လစာအစီအစဉ်တွေ စတင်ပြောင်းလဲရတယ်၊ ခင်ဗျားဘဝက စတောင်မဓ သေးဘူး၊

"ငါ နိုင်ငံခါင်းဆောင်ဖြစ်ချင်တယ်"

လို့ပြောတယ်၊ အဓိပ္ပာယ်ရှိဘူး၊ နောက်မေးခွန်းဓမးပါ။

ငယ - ဒါမှမဟုတ်လည်း ဘယ်နိုင်ငံခါင်းဆောင်ကို ရှင် သဘောအကျဆုံးလဲ၊

ငပြ - ဒီဂေါလ်၊ တိန့်ရောင်ဖိန်၊ ချာချီ၊ ဒီဂေါလ်က အလွန်ကြီးမားတဲ့ ဂဲစွမ်းသတ္တိရှိလို့ပါ၊ ကျွန်တော် ဆိုလိုတာက သူ့တိုင်း ပြည် အသိမ်းပိုက်ခံထားရတယ်၊ သူက ကြယ်တစ်ပွင့်ရှိတဲ့ ဗိုလ်ချုပ်ပါ၊ ပြင်သစ်ပြည်ကို သူကိုယ်စားပြုတယ်၊ ဒါပေမဲ့ ပြီတိသျှနဲ့ အမေရိကန်က သူ့ကို ထောက်ပံ့ကြတယ်၊ သူကြံ့ကြံ့ခံရပ်တည်တယ်၊ သူ့ကို ကျွန်တော် စောင့်ကြည့်တယ်၊ ကျွန်ဓတော် ပြင်သစ်စကား နားမလည်ဘူး၊ ဒါပေမဲ့ သူစကားပြောနေတဲ့ ပြင်းပြစိတ်ကို ကျွန်တော် မြင်တယ်၊ ပြီးတော့ သူရဲ့အတ္ထုပ္ပတ္တိကို ကျွန်တော်ဖတ်တယ်၊ ပြီတိသျှနဲ့ အမေရိကန်က မြောက်အာဖရိကကို ပြန်လည်သိမ်းပိုက်တဲ့အခါ

Scanned by CamScanner

အယ်လ်ဂိုရီးယားနဲ့ အယ်လ်ဂိုအာကို သူသွားတယ်။ အဲဒီနေရာမှာကြမ်းပုံးကိုကြည့်ပြီး သစ်ပိုင်ဖျော်ဖြေရေးကိုသူတွေ့တယ်။ သူက...

"ဂိုရောက်...ခင်ဗျားကပြင်သစ်ဝိုင်ဆျော်တစ်ယောက်ပါ။ အပြင်ကအမေရိကန်စစ်သားကခင်ဗျားကို ဘာလို့အကာအကွယ်ပေးနေရသလဲ"

လို့ပြောတယ်။ သူက အလွန်စိတ်ဓာတ်ခိုင်မာတဲ့ လူတစ်ယောက်ဖြစ်တယ်။ ပြောသူနဲ့ အမေရိကန်တွေက ဘီယာကို ဆီတက်ကြတော့မလိုလုပ်တဲ့အခါ သူက...

"ခင်ဗျားတို့ ရပ်နေပါ။ ကျွန်တော် ပါရီကို ဖို့တက်မယ်"

လို့ပြောတယ်။ မဟုတ်ဘူး။ သူက ရဲစွမ်းသတ္တိနဲ့ ကြံ့ရည်ခန့်ရည်ရှိတယ်။ တိန့်ရောင်ဖိန်က ကြီးကျယ်တဲ့လူတစ်ယောက်ပါ။ ဘာကြောင့်လဲဆို တော့ တရုတ်ပြည်ကို ဝါးကျိုးနေတဲ့ တိုင်းပြည်ကနေ သူပြောင်းလဲခဲ့တာကြောင့်မို့ပေါ့။ တရုတ်ကို ဆိုဗီယက်သမ္မဂ္ဂီယက်ပို့ပြီးကွဲကျွေးတော့မယ့်အခြေအနေကနေ ဒီကို နေရာထိကို ပြောင်းလဲခဲ့တယ်။ ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်မယ့်လမ်းဆီ ပို့ပေးခဲ့တယ်။ ချာချီကျတော့၊ တခြားသူဆိုရင် လက်လျော့မှာ၊ ဒါပေမဲ့ သူက...

"ကျွန်တော်တို့ ကမ်းခြေတွေပေါ်မှာ တိုက်ခိုက်မယ်"

လို့ပြောတယ်။

"ကျုပ်တို့ ကမ်းခြေတွေမှာ တိုက်ခိုက်မယ်။ လယ်ကွင်းတွေနဲ့ လမ်းတွေပေါ်မှာ ကျွမ်တို့ တိုက်ခိုက်မယ်။ ကျွမ်တို့ ဘယ်တော့မှ လက်နက်မချဘူး"

လို့ ဇရဒီယိုကနေ ကျွန်တော်ကြားရတယ်။ ခင်ဗျားရဲ့စစ်တပ်တွေ ရှုံးနိမ့်နေပြီး သူတို့ကို သယ်ဆောင်နိုင်တဲ့ သဘော်ကလေးတွေနဲ့ ဒန်ကတ်ကနေ အလျင်အမြန်ဆုတ်ခွာနေကြတဲ့အထိန်မှာ ဒီလိုပြောဖို့တိုတာဟာ ကြီးမားတဲ့စိတ်ဓာတ်အင်အားနဲ့ ဂျာမန်တွေကို အရုံးမပေးတဲ့ သန်ဇွန်လိုအပ်တယ်။ သူမှာ အဲဒါရှိတယ်။ ဒါပေမဲ့ သူတစ်ယောက်တည်းနဲ့ အနိုင်ရနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် အခွင့်အလမ်းကို သူစောင့်တယ်။ နောက်ထုံးမှာ ဂျာမန်တွေက ပုလဲဆိပ်ကမ်းကို တိုက်ခိုက်တယ်။ ဂျပန်တွေက အမေရိကန်ကို စစ်ကြေညာတယ်။ သူက်ကောင်းသွားတယ်။ ဒါပေမဲ့ သူကကြီးကျွယ်တဲ့ လူတစ်ယောက်ပါ။ သူလူတွေဘေးမှာ သူရပ်တည်တယ်။ ဒန်ကတ်က ၁၉၄၀ ပြည့်နှစ်မှာဖြစ်တာပါ။ ပြီးတော့ ဗြိတိန်တိုက်ပွဲကလည်း ၁၉၄၀ ပြည့်နှစ်မှာပေါ့။ သီသီကလေးလွတ်သွားတယ်။ သူတို့ရဲ့စစ်ဗိုင်းယားပိုင်းခလောတွေကြောင့်ပေါ့။ နို့မဟုတ်ရင် ဂျာမန်တွေသာ ဇကောင်းကင်ကို အပိုင်စီးသွားရင် သူတို့ရေလက်ကြားကိုဖြတ်ပြီး ဗြိတိန်ကို သိမ်းပိုက်လိမ့်မယ်။ သူတို့ရဲ့စစ်တပ်၊ ဒန်ကတ်မှာ အနိုင်ကွက်ခံလိုက်ရတယ်။ ချိန်ဘာလိန်လို တခြားခေါင်းဆောင်ဆိုရင် အကန့်အသတ်ကို လက်ခံလိမ့်မယ်။ ဟစ်တလာက သူတို့ကို ကမ္ဘာကြီးရဲ့ အစုရှယ်ယာတစ်ခု ကမ်းလှမ်းတယ်။ မင်းရဲ့အင်ပါယာကို မင်းယူထား။ ငါ ဥရောပမှာ အင်ပါယာဆောက်မယ်ဝေါ့။ ချာချီက...

"မဟုတ်ဘူး။ မင်းက ဖက်ဆစ်၊ မင်းကိုငါ တိုက်မယ်"

လို့ပြောတယ်။ အလွန်ရဲရင့်တဲ့ လူတစ်ယောက်ပါ။

ကျွန်တော်ဆိုလိုတာက ခင်ဗျား အမေရိကန်တွေကိုမေးရင် သူတို့ ရှစ်ခဲ့ကို ပြောကြလိမ့်မယ်။ ဒါပေမဲ့ ရှစ်ခဲ့မှာ အမေရိကန်အင်အားနဲ့ စက်မှုစွမ်းအားရှိတယ်။ ပြီးတော့ (ဥရောပဆိုင်ရာ အထူးသံတမန်) ဟာရီမန်ကို ရှစ်ခဲ့က

Scanned by CamScanner

"ချာချီ . . . အဲဒီလိုတက်ကြွတဲ့ မိန်းခွန်းတွေပြောတယ်၊ ကျွန်တော့်ရဲ့မိန်းခွန်းရေးတဲ့လူတွေ ဘာကြောင့် အဲဒီလိုမျိုး မလုပ်နိုင်ကြတာလဲ"

လို့ ပြောတယ်၊ ဒီတော့ ဟာရီမန်က . . .

"သူက သူ့မိန်းခွန်းကို သူကိုယ်တိုင် ရေးတာ"

လို့ သူ့ကိုပြောပြတယ်၊ ကွဲပြားခြားနားတာကဒါပဲ၊ သူက ဒီဂေါလိလို သူ့အလုပ်ကို သူကိုယ်တိုင်လုပ်တယ်၊ ဒါကြောင့် သူစကားပြောတဲ့အခါ ရင်ထဲက လိုက်လိုက်လဲလဲဖြစ်နေတယ်၊ မိန်းခွန်းကို အရောင်တင်ထားတဲ့ ဇာတ်ညွှန်းရေးဆရာနဲ့ မတူဘူး၊

ငယ် - ရှင်အမှန်တကယ်သဘောကျတဲ့နိုင်ငံခြေခြင်းဆောင်များစွာကို ဖော်ပြခဲ့တယ်၊ သူတို့လိုပုံစံမျိုးနဲ့ စင်ကာပူလူငယ်တွေရဲ့ အမှတ်ရမှုကို ရှင် ခံရလိမ့်မယ်လို့ မျှော်လင့်သလား၊

ငြေ - ဟင့်အင်း . . . ကျွန်တော်မမျှော်လင့်ဘူး၊ ပထမဦးဆုံးကျွန်တော့်ကိုယ်ကျွန်တော် နိုင်ငံခြေခြင်းဆောင်တစ်ယောက်အဖြစ် ကျွန်တော် အတန်းစားမသတ်မှတ်ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် သန့်ရှင်းချထားသူ၊ တစ်သမတ်တည်းရှိသူ၊ စွဲစွဲမြဲမြဲရှိသူအဖြစ် သတ်မှတ်ထားတယ်၊ တစ်ခုခုကို ကျွန်တော် စတင်ပြုလုပ်ရင် အောင်မြင်တဲ့အထိ အဲဒီနောက်ကို ဆက်လိုက်နေတယ်၊ ဒါပါပဲ၊ ကျွန်တော့်ကိုယ်ကျွန်တော် အဲဒီလို သိမြင်ထားတယ်၊ နိုင်ငံခြေခြင်းဆောင်အဖြစ် မသိမြင်ဘူး၊ အဲဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ နိုင်ငံခြေခြင်းဆောင်ဖြစ်တယ်လို့ထင်တဲ့ လူဟာ စိတ်ရောဂါကုဆရာဝန်ပြဖို့လိုတယ်၊

ကိန်းဘရစ်ဂျ်တွင် အိမ်ရာမဲ့ခြင်း

များစွာသော ငယ်ရွယ်သူများအဖို့ သူတို့၏တက္ကသိုလ်ဘဝ ခု နှစ်၊ သို့မဟုတ် ၄ နှစ်ကို မည်သည့်နေရာ၌ ကုန်လွန်ရမလဲဟု ဆုံးဖြတ်ရခြင်းက သူတို့ပြုလုပ်သမျှ ဆုံးဖြတ်ချက်များထဲတွင် အကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်၊ သင်သွားဖို့ ရွေးချယ်သော ကောလိပ်သည် များစွာသော နည်းလမ်းများဖြင့် သင့်ကို အဓိပ္ပာယ်ဖွင့်ဆိုလိမ့်မည်၊ လိအဖို့မူ ၎င်းက ကွဲပြားခြားနားခြင်း မရှိချေ၊

ငယ် - ကိန်းဘရစ်ဂျ်မှာနေခဲ့တဲ့ ကာလတွေထဲက ရှင်အနှစ်သက်ဆုံး အမှတ်ရမှုတွေက ဘာတွေလဲ၊

ငြေ - ပထမ၊ ကျွန်တော် စာသင်ချိန်ကာလတစ်ခု နောက်ကျပြီး ရောက်သွားတယ်၊ ဆရာက . . .

"မင်း စာသင်ချိန်ကာလတစ်ခု နောက်ကျနေပြီ၊ မင်းအတွက် ငါ့မှာ အခန်းတွေမရှိတော့ဘူး"

လို့ ပြောတယ်၊ ဒါကြောင့် ရက်ဖလက်ကောလိပ်မှာ ကျွန်တော် သိကျွမ်းခဲ့တဲ့ ဆယ်စီဝေါင်ဘက်ကို ကျွန်တော် လှည့်လိုက်တယ်၊ ဆရာက . . .

"သူ့အခန်းကို မင်းနဲ့မျှယူဖို့ သူ သဘောတူရင် မင်းကို ငါလက်ခံမယ်"

လို့ ပြောတယ်၊ ဒါကြောင့် ကျွန်တော်က သူ့ကိုကြည့်ပြီး . . .

Scanned by CamScanner

လို့ ပြောတယ်။ သူက အေးလို့ပြောတယ်။ ဒါကြောင့် ကျွန်တော့်အတွက် အခန်းသစ်မတွေ့ခင်အထိ စာသင်ကာလ တစ်ခု၊ နှစ်ခုကြား ခုတင်သေးသေးကလေးကို လှုနှစ်ယောက်မျှ ယူကြရတယ်။

အဲဒါက ကျွန်တော့်ဘဝလမ်းကြောင်းကို ပြောင်းခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ လန်ဒန်မှာဆိုရင် ကျွန်တော် လုံးလျားလျား ရှူးသွားမှာကြောင့်ဖြစ်တယ်။ ဆူညံသံတွေ၊ ယောက်ယက်ခတ်သွားလာမှုတွေ စသဖြင့်ရှိတယ်။ ကျွန်တော်က ဒီမြို့ကြီးကို ရောက်လာတဲ့ ပြုသေးသေးကလေးက ကောင်လေးတစ်ယောက်ပါ။ ဒါပေမဲ့ ကိန်းဘရစ်ဂျ်မှာ စက်ဘီးတွေ နေရာအနံ့ရှိတယ်။ ပြို့က အဲဒီအချိန်တုန်းက ကျောင်းသား ၁၀၀၀၀ ကို စိတ်ချမ်းသာအောင် ထားပေးတယ်။ အဲဒါက အလွန်တည်ငြိမ်အေးချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုပါ။ အဲဒီမှာ ပညာလိုက်စားမှုကို အားပေးအားမြှောက်လုပ်တယ်။ ခင်ဗျား စိတ်လှုပ်ရှားမှုတွေလိုချင်ရင် လန်ဒန်ကို ဆင်းသွားပါ။


ပြီးတော့ နောက်တစ်ခုက နွေရာသီပေါ့။ အဲဒီအချိန်ကျရင် မြစ်ကမ်းဆီကို ခင်ဗျားသွားပြီး နေရောင်ခြည်အောက်မှာ သက်သောင့်သက်သာနေနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြိတိန်မှာ နေရောင်ခြည်နည်းနည်းပဲရတာကြောင့်မို့ပေါ့။ ပြီးတော့ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ရဲ့ဘတ်ပုံကို ခင်ဗျား တွေ့ကောင်းတွေ့နိုင်တယ်။ (စင်ကာပူ တရားသူကြီးချုပ်) ယန်မွန်ဟောင်က ဓာတ်ပုံရိုက်ပေးတယ်။ အဲဒါတွေက ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့ အမှတ်ရမှုတွေပေါ့။ ဒါပေမဲ့ အဲဒါတွေကို ခင်ဗျား ပြန်လည်မတွေ့ကြုံနိုင်တော့ဘူး။ မဖြစ်နိုင်တော့ဘူး။ ၁၉၉၀ ပြည့်နှစ်လောက်မှာ ကျွန်တော်တို့ ပြန်သွားကြတယ်။ ဒါပေမဲ့ အဲဒါက ကွဲပြားခြားနားတဲ့ ကိန်းဘရစ်ဖြစ်နေတယ်။ ပြီးတော့ ကျွန်တော်တို့ကလည်း ကွဲပြားခြားနားတဲ့ လူတွေ ဖြစ်နေကြတယ်။ အဲဒီနေ့က မိုးတွေရွာနေတယ်။ ဒီတော့ ဒီလိုပဲပေါ့။

✧ ✧ ✧

Scanned by CamScanner

အဖိုင်း [၃]

ကိုယ်ပိုင်အဝတ္ထုများ



Scanned by CamScanner

(၁၁)

ခင်ပွန်း၊ ဖခင်၊ အဘိုး၊ သူငယ်ချင်း

၂၀၁၀ပြည့်နှစ်၊ အောက်တိုဘာ ၂၈ရက်နေ့တွင် မစွက်လီကွမ်ယုကွယ်လွန်သောအခါများစွာသော စင်ကာပူသားများ မေးကြသော မေးခွန်းတစ်ခုက သူမသေဆုံးခြင်းသည် သူမ၏ခင်ပွန်းကို ဘာဖြစ်စေသလဲဟုဖြစ်သည်။ သူတို့နှစ်ဖက်ကြား အတူတကွ ရှိနေခဲ့ကြသည်။ သူမက သူ၏ဇနီးအဖြစ်လည်းကောင်း၊ နိုင်ငံရေး လူယုံအဖြစ်လည်းကောင်း၊ ကာလရှည်ကြာ လုပ်ဖော်ဖြစ်ခဲ့သောကြောင့် သူမခွဲခွာသွားခြင်းကို လီ မည်သို့ ခံယူမည်ကို မည်သူမှ ကျိန်းသေမပြောနိုင်ကြချေ။ သူမ မရှိတော့ သူမည်သို့နေထိုင်မည်နည်း။ ၎င်းက သူ့ကို ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ စင်ကာပူ၏ပထမဆုံးနိုင်ငံရေးခေါင်းဆောင်ဖြစ်ခြင်း အရလည်းကောင်း ပြောင်းလဲမည်လား။

ဤမေးခွန်းများက အလကားသက်သက် စူးစမ်းလိုမှုကြောင့်သာ ပေါ်ထွက်လာခြင်းမဟုတ်ချေ။ ကြီးမားသော နိုင်ငံရေး ဩဇာအရှိန်အဝါကို လီ စွဲကိုင်ထားဆဲဖြစ်ပြီး သူ၏အမြင်ကို နိုင်ငံခြားခေါင်းဆောင်များက ကျယ်ပြန့်စွာ ရှာကြံကြသည်။ သူ့ဇနီးကွယ်လွန်ခြင်းကြောင့် သူ၏စိတ်အေးချမ်းသာမှု၊ သို့မဟုတ် သူ၏လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းအစွမ်းအစကို အခြားအလဲ ရလဒ်ထွက်လျှင် ၎င်းက စင်ကာပူနိုင်ငံနှင့် ၎င်း၏ပြည်သူများအတွက် အရေးကြီးသော အကျိုးဆက်ဖြစ်လိမ့်မည်။ လောလောဆယ်၌မူ ၎င်းက ပြောဖို့ စောလွန်းသေးသည်။

သို့သော် အသုဘအခမ်းအနားတွင် သူစကားပြောသောအခါ သူ့ဇနီးနှင့် သူ မည်မျှ ရင်းနှီးကျွမ်းဝင်မှုရှိပုံကို စင်ကာပူသားများ တွေ့ကြရသည်။ သူမ၏နဖူးကို သူ နောက်ဆုံးအကြိမ် လုမ်း၍ အနမ်းပေးလိုက်သောအခါ ကြင်နာခြင်း အပြည့်အမှုကြောင့် လူများစွာတို့ စိတ်ထိခိုက်ပြီး မျက်ရည်ကျကြရသည်။ ၎င်းအားရိုက်ကူးထားသော ဓာတ်ပုံများကို သတင်းစာများပေါ်၌ ပြန်လည်ဖော်ပြကြပြီး ပုံရိပ်များကို ရုပ်မြင်သံကြားပေါ်၌လွှင့်ထုတ်ကြသည်။ ခရာတာအတွင်း လျှို့ဝှက်သော နိုင်ငံရေးသမားတို့အတွင်းဝိုင်းဘဝက လူသိရှင်ကြားဖြစ်လာသည်။ ထိုအနမ်းက လူများစွာတို့ယခင်ကမည်သည့်အခါမှမတွေ့မြင်ခဲ့ဖူးသော လီတို့အခြားတစ်ဖက်အခြမ်းကို မီးမောင်းထိုးပြခဲ့သည်။ ၎င်းက ပိုမိုနူးညံ့သော၊ ပိုမိုသနားဂရုဏာရှိသောအခြမ်း။ ချစ်ခင်ကြင်နာမှုနှင့် ဝမ်းနည်းပူဆွေးမှု ဖြစ်နိုင်စွမ်းသောအခြမ်းနှင့် အချစ်တို့ ဖြစ်ကြသည်။

ဤအခန်းကို ပထမဦးဆုံး စတင်ရေးစဉ်အခါက မစွက်လီ သက်ရှိထင်ရှားရှိနေသေးသည်။ ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် လီနှင့်ကျွန်တော်တို့ ပြုလုပ်ခဲ့ကြသော အင်တာဗျူးတစ်ခုမှ ကျွန်တော်တို့၏ အချက်အလက်များက ဤသို့ထွက်ပေါ်လာသည်။

Scanned by CamScanner

လွန်ကျောက်စားပွဲဝိုင်းကလေးကို ဝိုင်းထိုင်နေကြပြီး ရေနွေးကြမ်းသောက်နေကြသော ကျွန်တော်တို့က လီမိသားစုတစ်စည်း လုံးကြီးပုံနှင့်ပတ်သက်၍ ကျွန်တော်တို့၏ စူးစမ်းလိုမှုကို ထုတ်ဖော်ပြခဲ့ကြသည်၊ ၎င်းက လူများမှာတို့မှတပေါက်ကြသော စူးစမ်းမှုဖြစ်သည်ကို ကျွန်တော်တို့ သိကြသည်၊ လူအများစုက အခြေခံအချက်အလက်များရှိကြသည်၊ သွဲ့နီးနှင့် ကလေးများက မည်သူမှန်းမသိရှာကြသည်၊ မည်သူကို သူတို့ လက်ထပ်ကြသည်၊ သူတို့တွင် ကလေးဘယ်နှစ်ယောက်ရှိသည်၊ သူတို့ ဘာအလုပ်လုပ်သည် စသဖြင့် အချက်အလက်များ ရှိကြသည်၊ သို့သော် ဒီသားစုအဖြစ် သူတို့ မည်ကဲ့သို့ ပြောဆိုဆက်ဆံကြပုံနှင့် ပတ်သက်၍ လူသိရှင်ကြား အလွန်အနည်းအကျဉ်းမျှသာ ပြောကြသည်၊

လီ၏အဖြေများက သူ၏ကိုယ်ရေးကိုယ်တာဘဝထဲသို့ ထိုစဉ်က မကြံစဖူးသော အပြင်တစ်ခု လှစ်ဟပြခဲ့သည်၊ ပေါ်ဆက်တိုက်ဖြတ်ပြီးနောက် မလှမ်းရှားနိုင်၊ စကားပြောနိုင်ဖြစ်နေသည်ဟု ထိုစဉ်က သူ ကျွန်တော်တို့ကို ပြောပြခဲ့သည်၊ သူမ ခဲ့ရာထဲ ဘုံးဘုံးလဲပြီး သတိရလိုက်၊ မရလိုက် ဖြစ်နေသည်၊ သူနာပြုဆရာမများက သူမကို ၂၄ နာရီ ပြုစုခဲ့ကြသည်၊ သို့သော် လီကလည်း သူမဘေးတွင်း မအိပ်ဘဲ စောင့်ကြည့်နေခဲ့သည်၊ အလုပ်ကိုမသွားခင် သူမကို သူ ကြည့်ရှုပြီး ညစဉ် အလုပ်မှ ပြန်လာပြီးနောက်၌ ပထမဦးဆုံး သူပြုလုပ်သောအရာက သူမ၏ခုတင်ဘေးသို့သွားပြီး သူမကို စကားပြောခြင်း ဖြစ်သည်၊ ထိုနေ့တွင် သူဘာဖြစ်ခဲ့ကြောင်း၊ ဘယ်သူနှင့်တွေ့ခဲ့ကြောင်း၊ သူတို့ ဘာဆွေးနွေးခဲ့ကြောင်း သူမကို ပြောပြသည်၊ သတင်းများထဲတွင် ဘာပါကြောင်းကိုလည်း ပြောပြသည်၊ ထို့နောက်တွင် သူမကြိုက်နှစ်သက်သော ကဗျာများပါဝင်သည့် စာပေညွှန်ပေါင်းစာအုပ်ဖြစ်သော Palgrave's Golden Treasury ကို သူ ထုတ်ယူပြီး ကဗျာများကို သူမအား ဖတ်ပြသည်၊ သူ နှစ်ဦးခြားသို့ သွားသောအခါ သူတို့၏ခွေးမ ဟိုချင်စီစဉ်ပေးသော Webcam ပေါ်တွင် သူမကို သူ စကားပြောသည်၊

နေ့လယ်စာစားရန်လည်းကောင်း၊ ညစာစားရန်လည်းကောင်း၊ သူတို့ နေ့စဉ်နီးပါး ပျော်ရွှင်ခံစားခဲ့ကြလေ့ရှိသော လမ်းလျှောက်ခြင်းကို ပြုလုပ်ရန်လည်းကောင်း၊ သွဲ့နီး မလိုက်ပါနိုင်တော့သော ယခုအချိန်တွင် သူဖြည့်စွက်ခဲ့ရသည့် ကွက်လပ်များအကြောင်းကို မစဉ်းစားမိအောင် ကြိုးစားခဲ့သည်ဟု သူပြောသည်၊ ထိုအစား သူ၏အာရုံများကို သူပြောင်းလွှဲခဲ့သည်၊ ဥပမာအားဖြင့် သွဲ့နီး၏ သူနာပြုဆရာမများနှင့် သူရုံးဝန်ထမ်းများကို မန်ဒရင်စကားပြောခြင်းနှင့် ကျွန်တော်တို့နှင့် အတူ ဤစာအုပ်ပြုလုပ်ခြင်းတို့အပေါ် အာရုံစူးစိုက်ခဲ့သည်၊

"စိတ်ကို ညှိနှိုင်းပြုပြင်မှုတွေ လုပ်ရမယ်၊ ကျွန်တော်ကတော့ ပြင်ဆင်ခဲ့တယ်"

သူကပြောသည်၊

"ဒါပေမဲ့ နောက်ဆုံး အဲဒီနေရာမှာ သူ မရှိတော့ရင် နောက်ထပ်ပြင်ဆင်မှုတစ်ခု ရှိလိမ့်မယ်၊ အဲဒီအခါကျရင် ဒီအိမ်ကြီးဟာ ဟာလာဟင်းလင်း ဖြစ်နေလိမ့်မယ်"

ၿငိမ်းက သူ၏သမီး ဒေါက်တာလီဝေလင်၏ဆောင်းပါးများထဲတွင် ကျွန်တော်တို့တွေ့မြင်ရသော ပုံရိပ်တစ်ခုဖြစ်သည်၊ ၎င်းက သူ၏သမီး ဒေါက်တာလီဝေလင်၏ဆောင်းပါးများထဲတွင် ကျွန်တော်တို့တွေ့မြင်ရသော ပုံရိပ်တစ်ခုဖြစ်သည်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုဆောင်းပါးများကို သူမ စတင်ရေးသားကတည်းက လီ၏ဘဝပေါ်မှ ကန့်လန့်ကာကို သူမ ယောင်ယောင်ကလေး ဆွဲတင်ခဲ့သည်၊

"ပေါင်းဖက်ခြင်းက အချိန်ကာလ၏ အထူးတလယ်နေရာများတွင် တိတိကျကျ ညီတူညီမျှ ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်၊ သို့သော် နှစ်ကြာလာသောအခါ အထူးသဖြင့် ကျွန်မအမေ၏ ကျန်းမာရေးက လေသင်တုန်းဖြတ်ပြီးနောက် ပိုမိုဆိုးဝါးလာသောအခါ သူမကို ကြည့်ရှုစောင့်ရှောက်သူက ကျွန်မ၏အဖေဖြစ်သည်" ဟု သူမရေးသည်၊ စံပုံစံ ပီရာနုကန် တရုတ် မိသားစုမှ အကြီးဆုံးသားဖြစ်သောကြောင့် "မကျက်တကျက် ကြက်ဥပြုတ်ကိုပင်လျှင် သူ မခွဲနိုင်ချေ၊ သို့သော် သူမ၏ဆန္ဒ

Scanned by CamScanner

နှစ်ကြီး သူ့ဘဝကို အဓမ္မဘေးတစ်ဖိုက်၌ ရှင်သန်စေခဲ့သည်၊ ကျွန်အရာများအားလုံးကို ပြုလုပ်ရန်အတွက် သူ မည်မျှကြီးမား အားထုတ်ရမည်ကို ကျွန်မသိသည်၊ သူ ကြီးစားအားထုတ်မှု ပြုလုပ်နိုင်ခြင်းကို ကျွန်မ အံ့သြခဲ့မိသည်"

နယူးယောက်တိုင်း သတင်းစာနှင့် ရုပ်ပါးသော အင်တာဗျူးတစ်ခုတွင် ၎င်းက နောက်ဆုံးကြိမ်ပေါ်တွက်လာခဲ့သည်၊ ၎င်းအင်တာဗျူးထဲ၌ လီက အိုမင်းခြင်းအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောခဲ့သည်၊

"နောက်ဆုံးသစ်ရွက် ဘယ်တော့ကြွေကျမလဲ"

သူက ပြောသည်၊

"စွမ်းအင်နဲ့ ခွန်အားတွေ တဖြည်းဖြည်းကျဆင်းနေတာကို ကျွန်တော် ခံစားရတယ်၊ နှစ်စဉ်နှစ်တိုင်းမှာ ဆင်ဆွဲ ဟာ အရင်နှစ်ကလို အဖြေအနေမျိုးမှာ မရှိတော့ဘူးလို့ သိရှိနေတာကို ယေဘုယျအားဖြင့် ကျွန်တော် ထိုးလိုတာပါ၊ ဒါပေမဲ့ ဒါဟာ ဘဝပဲ"

ကက်သလစ်ဘာသာဝင်တစ်ယောက်ဖြစ်သော လောရင်ဖရီမင်ထံမှ တရားထိုင်ခြင်းကို သူ သင်ယူခဲ့ကြောင်း နယူးယောက်တိုင်းအား သူပြောပြသည်၊ တရားထိုင်ရန်အတွက် သူ အသုံးပြုသော တရားစာက မာ - ရာ - နာ - တာ (အို ဘုရား သခင် လာတော်မူပါ) ဟု ဖြစ်သည်၊ တရားထိုင်ခြင်းက သူ့ကို စိတ်တည်ငြိမ်အေးချမ်းမှုတစ်ခုပေးသည်ဟု သူ ပြောသည်၊

"တရားထိုင်တာက ကျွန်တော့်ကို အိပ်မော်အောင် ကူညီတယ်၊ တည်ငြိမ်မှုတစ်ခု ခံစားရတာတယ်၊ တစ်နေ့တာ စိတ်ဖိစီးမှုတွေ ပျောက်သွားတယ်"

ထိုအင်တာဗျူး၌လည်း ဆွစ်ခင်တတ်သော ခင်ပွန်းတစ်ယောက် ပေါ်ထွက်လာသည်၊ မရွက်လိမ်၏ နာမကျန်းခြင်းမှန်း ပတ်သက်၍ သူတွင် ကျိသို့ ပြောစရာရှိနေသည်၊

"ကျွန်တော် မပြီးလဲနိုင်သေးဘူး၊ ဘဝဆက်လက် လည်ပတ်နေရတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် အလုပ်လုပ်နေအောင် ကျွန်တော် ကြိုးစားတယ်၊ ဒါပေမဲ့ ရံဖန်ရံခါ အလုပ်အားနေတဲ့အချိန်မှာ ကျွန်တော့်စိတ်က ကျွန်တော်တို့ အတူတူရှိခဲ့ကြတဲ့ မျော်ရှင်စရာကောင်းတဲ့ ဇနီးရက်တွေဆီကို ပြန်ရောက်သွားတယ်၊

"ကျွန်တော့်သမီးက ဆန်းဒေးတိုင်းမှာ သူမရေးတဲ့ဒီဆောင်းပါးအတွက် တတ်ပုံအဟောင်းတွေ အများကြီးဆုတ်ယူပြီး စင်ကာပူသတင်းစာဦးဝိုင်မှာ လူတစ်ယောက် သိမ်းဆည်းထားတဲ့ ဒစ်ဂျစ်တယ်ကော်ပီတွေဆဲကနေ တတ်ပုံတင်ခဲ့တယ်၊ နှစ်ခါခန့် လောက်ကို ရွေးထုတ်တယ်၊ တတ်ပုံတွေကို ကျွန်တော်ကြည့်တဲ့အခါ ကျွန်တော် ကံကောင်းပုံကို တွေးမိတယ်၊ ကျွန်တော် ၆၅ နှစ်ကြာ မျော်ရှင်မှုတွေရခဲ့တယ်၊

"ကျွန်တော်တို့တစ်ဦးနှိုက်ကျရင်တော့ သွားကြရလိမ့်မယ်၊ ဘယ်သူအရင်သွားမလဲ၊ သူလား၊ ကျွန်တော်လား ဆိုတာကို ကျွန်တော် ကိုယ်နဲ့သေမပြောနိုင်ဘူး၊ ဒါကြောင့် သူမကို ကျွန်တော် စကားပြောတဲ့အခါ ခရစ်ယာန်တွေရဲ့လက်ထပ် ကတိသစ္စာတွေကို ကြည့်နေခဲ့တယ်၊ နာမကျန်းဖြစ်တဲ့အခါ၌ဖြစ်စေ၊ ကျန်းမာနေတဲ့အခါ၌ဖြစ်စေ၊ ပိုမိုကောင်းမွန်ဖို့အတွက်ပဲဖြစ်ပြင်၊ ပိုမို ဆိုးဝါးဖို့အတွက်ပဲဖြစ်ဖြစ်၊ သေမင်းက ကျွန်တော်တို့အား ခွဲခွာခဲ့တဲ့အထိ ချစ်ခင်၊ မြတ်နိုး၊ စွဲလမ်းနေပဲ့မယ်ဝပ်ပါ၊ ကျွန်တော် တတ်နိုင်သမျှ ကာလကြာရှည်တွာ သူမကိုအဖော်ပြုဖို့ ကြိုးစားမယ်လို့ သူမကို ပြောပြတယ်၊ သူမနားလည်တယ်"

ဖခင်တစ်ယောက်အဖြစ် လီက သူ့ကလေးများနှင့် သူတို့၏အောင်မြင်ပြီးပြောက်မှုကို ဂုဏ်ယူသည်၊ ကျွန်တော်တို့၏ အင်တာဗျူးတစ်လျှောက်တွင် သူက သူ၏သား ဝန်ကြီးချုပ်လီရန်ကွန်း တရားဝင်ရှင်ဆိုင်နေရသော

Scanned by CamScanner

ပုံများတင်နှိပ်ပြီးတစ်ခု ဖော်ထုတ်ပြသည်၊ လီရှန်လွန်းတို့ ထူးခြားသော ပြောဟန်ဆိုဟန်ကပင်လျှင် လျှို့ဝှက်ဆန်းကြယ်စွာ သုံးနှုံးဝှေကြောင်းကို ၁၉၉၀ ပြည့်နှစ်က PAP ကွန်ဖရင့်၌ သူ ပြောခဲ့သည်၊

"တစ်နေ့မှာ သူကို ကျွန်တော် ရှပ်မြင်သံကြားကနေ ကြည့်နေတုန်း သူ ကျွန်တော်နဲ့ ဘယ်လောက်တူတယ်ဆိုတာကို ကျွန်တော် သိလာတယ်၊ (ရှပ်အင်္ကျီလက်များကို ခေါက်လျက်) သူဒီလိုမျိုးလုပ်တယ်၊ ကျွန်တော်လုပ်တဲ့ပုံစံအတိုင်းအတိအကျပဲ ကျွန်တော်တို့နှင့် အင်တာဗျူးတွင် သူက ထင်ထင်ရှားရှား ဂုဏ်ယူဝင့်ကြွားစွာဖြင့် အာလဗာမေးခွန်း (၃၁) ခုကို လီရှန်လွန်း အမှတ်ရရှိခဲ့ကြောင်း ပြောသည်၊ (၎င်းတို့က ထူးကဲကောင်းမွန်သော အဖြေများအတွက် ဂုဏ်ထူးပေးသော မေးခွန်းများ ဖြစ်ကြသည်၊) လီရှန်ယန်းကလည်း ကိန်းဘရစ်ဂျ်တွင် ပထမရခဲ့သည်၊ ပဂ္ဂလိကကက္ကာဆီကို သူထွက်ခွာမသွားခဲ့လျှင် သူ အရှေ့ဘက်အစိုးရဌာနခေါင်းဆောင် ခန့်အပ်ခံရနိုင်သည်၊

သူ့မြေးများနှင့် အလားအလာရှိသော လီမင်းဆက်အကြောင်း သူစကားပြောသောအခါ သူ့မျက်လုံးများထဲတွင် အရောင်လက်နေသည်၊ ရှန်လွန်းဇာသိမီး ဇနီးက ၎င်း၏ကမ္ဘာဟောင်းမှ ဆွဲဆောင်မှုများ ဆုံးရှုံးနေသော ဆဲလက်တာဒေသ အကြောင်း ရှပ်ရှင်ဇာတ်လမ်းအတိုတစ်ခု ဖန်တီးခဲ့ပြီး ယခု ကျော်ကြားသော တစ်ရှိ အနုပညာကျောင်းဝင်းထဲ၌ ရှပ်ရှင်ပညာကို ဆည်းပူသင်ကြားနေသည်၊ ဖောက်ပြန်မှားယွင်းသော သူ၏ စစ်တပ်အရာရှိအကြောင်း လူသိရှင်ကြား ဖွင့်ပြောတိုင်ကြား နှုတ်ကြောင့် သတင်းစာထဲပါလာခဲ့သော သူ၏သား ဟွန်ရိုက မာဆာချူဆက် နည်းပညာသိပ္ပံကျောင်း (MIT) တွင် လေ့လာသင်ကြားရန် ပညာသင်ဆုရရှိခဲ့သည်၊ ရှန်ယန်၏သား ရှင်ဝုက အောက်စ်ဖို့ဒ်၌ ကျောင်းသား ၂၄၀ ရှိသော အတွေးအခေါ်၊ နိုင်ငံရေးနှင့် စီးပွားရေးတသင်ခန်းထဲတွင် ပထမရရှိပြီး ကမ္ဘာတက္ကသိုလ်များအခြေအတင်ဆွေးနွေးပွဲချန်ပီယံရရှိခဲ့အကောင်း ဆုံးကားပြောသူအဖြစ် သတ်မှတ်ခံရသည်၊ သို့သော် သူ့မြေးများက သူ့ခြေရာနောက် လိုက်ချင်ကြသည့် လက္ခဏာမပြသခဲ့ ကြောင်း သူကပြောပြီး ဟိန်းနေသောအသံဖြင့် ဤသို့ ထေ့ငေါ့ပြောသည်၊

"သူတို့ ကျွန်တော့်ခြေရာနောက်လိုက်ကြရင် သူတို့ နိုင်ငံရေးထဲဝင်ဖို့ အရည်အချင်းရှိလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်၊ ဒါမှမဟုတ်ရင်တော့ လီနာမည်ကို သူတို့ ဂုဏ်သရေထိခိုက်အောင် လုပ်ကြလိမ့်မယ်"

ထိုစဉ်က ကျွန်တော်တို့ သိမြင်သောအရာမှာ သူ၏ပွင့်လင်းမှုနှင့် အရောတဝင်ထုတ်ဖော်ပြောဆိုမှုတို့ ဖြစ်ကြသည်၊ သို့သော် မစွက်လီသေဆုံးခြင်းက ကျွန်တော်တို့ အင်တာဗျူးကို အတိုင်းအတာအသစ်တစ်ခု ထပ်ထည့်သည်၊ ရုတ်တရက် ဆလိုက်မီးကယခင်ကထက်ပိုမိုတောက်ပစွာဖြင့် လီမိသားစုအပေါ်သို့ ကျရောက်လာသည်၊ လီတို့၏အိမ်ထောင်ဖရုံး၊ သူတို့၏ နိုင်ငံရေးပေါင်းဖော်မှုနှင့် သူတို့၏ ကိုယ်ပိုင်ဘဝတို့က ပြည်သူတို့၏ စိတ်ဝင်စားစရာဖြစ်လာသည်၊ လီရှန်လွန်း၊ လီရှန်ယန်း၊ လီဝေလင်၊ လီဇကျိနှင့် လီရှင်ဝူတို့က ဦးမှမ်းထောပနာပြုသော အပြောအဆိုများဖြင့် သူတို့ မိသားစုအကြောင်း မောအပြောကြသည်၊ ၎င်းတို့ကို မရေတွက်နိုင်သော စာဖတ်သူများအတွက် ပီဒီယာများတွင် ပြန်လည် ထုတ်လုပ်ကြသည်၊

မစွက်လီ လေသင်တုန်းဖြတ်ပြီးနောက်တွင် ရှန်ယန်က ဤကဲ့သို့ ပြောသည်၊

"ပါပါက သူမကိုကူညီပြီး ပြန်လည်နလန်ထဖို့အတွက် အားပေးတယ်၊ စိတ်ရှည်မှု၊ ဈေးခင်မှု၊ ကြင်နာမှု၊ ဇဝနဉာဏ် ရှိမှုတွေ အတိုင်းအဆမရှိတဲ့ ပမာဏနဲ့ အမေ့ကို သူ ဆက်လက်ဂရုစိုက်တယ်၊ ပြောင်းလဲနေတဲ့ အခြေအနေတွေနဲ့ ရုပ်ပိုင်းဆိုင်ရာ အနေအထားကို လိုက်လျောညီထွေလုပ်ဖို့အတွက် သူ့ရဲ့လုပ်ရိုးလုပ်စဉ်တွေကို အဖေက ပြုပြင်တယ်၊ သူ့ရဲ့တည်မြဲတဲ့ အချစ်၊ သစ္စာရှိမှုတွေနဲ့ ဂရုစိုက်မှုတို့က အမေ့အတွက် အကြီးအကျယ် စိတ်သက်သာစရာတစ်ခုဖြစ်ခဲ့သလို ဖန်ဆီနဲ့ ကျွန်တော့် အတွက်လည်း ကျိန်းမာတဲ့အချိန်နဲ့ ဖျားနာတဲ့အချိန်မှာ တစ်သက်တာရည်ကြာတဲ့ ပေါင်းဖော်မှုကို ဘယ်လိုစိမ်လုပ်ဆောင်ရမလဲ ဆိုတာနဲ့ ပတ်သက်လို့ လုံ့ဆော်မှုတစ်ခုလည်း ဖြစ်ခဲ့တယ်၊

Scanned by CamScanner

"ခုစဉ ခုနစ်မှာ ကျွန်တော်တို့ လက်ထပ်ကြတဲ့အခါ ပါပါက ကျွန်မတော်နဲ့ ဖန်တီးကို အိမ်ထောင်ရေးနဲ့ပတ်သက်လို့ အကြံပေးစာတစ်စောင် ရေးခဲ့တယ်။ မာမာနဲ့ သူရဲ့ဆက်ဆံရေးအကြောင်း သူ ဒီလိုခံစားတယ်။

"အကြမ်းအတမ်းဖြစ်တဲ့ အနိုက်အတန့်မှာ ငါတို့ တစ်ယောက်ကိုတစ်ယောက် [illegible] ကြဘူး။ အဲဒီအစား ငါတို့ဘဝရဲ့အဓိကပြဿနာကြီးတွေအားလုံးကို အတူတကွ ရင်ဆိုင်ကြတယ်။ ပိုးဝိုးတိုးပန်းမှန် မျော်လင့်ချက်တွေ၊ နောက်ပိုင်းမှာဖြစ်လာတဲ့ ဝမ်းနည်းကြေကွဲမှုနဲ့ ပျော်ရွှင်ကျေနပ်မှုတွေကို မျှဝေပေးခဲ့ကြတယ်။ အကြမ်းအတမ်းဖြစ်တဲ့ ဒီအနိုက်အတန့်တွေကြောင့် ငါတို့ ပိုမိုရင်ရင်းနှီးနှီး နေခဲ့ကြရမှာပဲကြတယ်။ ဒီနှစ်ကာလတွေနဲ့အတူ ငါတို့ နှစ်ယောက်မျှဝေယူကြတဲ့ အထူးတလဲ့ယ် နောင်ကြိုးဖွဲ့မှုအဖအတွက်တွေလည်း တိုးပြင့်လာခဲ့တယ်"

"ပါပါဟာ ခက်ခဲတဲ့ ဒီနောက်ဆုံးနှစ်တွေမှာ ဒီအချစ်နဲ့ တာဝန်ဝံဝန်ချက်ကို ကျင့်ကြံခဲ့ပုံမှာ မဲ့တယ်"

ဇုကျီက သူမ၏ အမှတ်ရမှုကို ဆက်ပြောသည်၊

"အခု ကျွန်မရဲ့အသိုးက သူ့ရဲ့သစ်သီးကို သူ အဲ့ခွာရတယ်။ အဘွားရဲ့သစ်သီးကိုလည်း အဲ့ခွာရတယ်။ သူရဲ့အတိတ်အစားအိတ်ကို သူ ထုပ်ပိုးရတယ်။ သူ့ရဲ့နိုင်လိုကို သူကိုယ်တိုင်ဖျော်ရတယ်။ ဓာတ်အားအတောအတွင်းမှာ ပတ်ဝန်းကျင်းဆုံးအကြိမ်အဖြစ် ပိုက်ဆံကိုင်တွယ်ရတယ်။ ဒါမှ အိမ်ဖော်တွေကို သူ လခပေးနိုင်လိမ့်မယ်။ ကျွန်မရဲ့အဘွားက ပိုက်ဆံတွေကို တစ်နေ့ရာမှာ သော့ခတ်သိမ်းထားတယ်။ သော့တွေကို လုံးဝဆက်စပ်မှုမရှိတဲ့ တခြားနေရာတွေမှာ ထားတယ်။ ကျွန်မ အဘိုးက အဘွားအတွက် စနစ်တစ်ခု လိုအပ်နေတယ်လို့ ညည်းတွားတယ်။ ဒါပေမဲ့ အဘွားက သူမမှာ စနစ်ရှိတယ်လို့ ခွန်းတုံ့ပြန်တယ်။ [illegible] ပဲ"

သို့သော်လည်း စိတ်ထိခိုက်စရာအကောင်းဆုံး ချိုးကျူးထောပနာစကားက လီကိုယ်တိုင်ထံမှ ထွက်ပေါ်လာသည်၊

"ကျွန်တော့်ဇနီးနဲ့ ကျွန်တော်ဟာ ကျွန်တော်တို့ဘဝရဲ့ ၄ ပုံ ၃ ပုံ ကျော်ကြာကြာ ခုဋ္ဌ၇ ခုနစ်ကတည်းက အတူတူရှိနေခဲ့ကြတာ။ သူမ ကွယ်လွန်သွားတဲ့အတွက် ကျွန်တော့်ရဲ့ဝမ်းနည်းကြေကွဲမှုကို စကားလုံးတွေနဲ့ မဖော်ပြနိုင်ဘူး။ ကျွန်တော်တို့ အတူတူနေခဲ့ရတဲ့ ၆၃ နှစ်ကာလကို ကျွန်တော် တန်ဘိုးထား အမှတ်ရနေလိမ့်မယ်။ သူမရှိရင် ကျွန်တော်ဟာ ကွဲပြားခြားနားတဲ့ဘဝနဲ့ ကွဲပြားခြားနားတဲ့ လူတစ်ယောက်ဖြစ်နေလိမ့်မယ်။ သူက ကျွန်တော်နဲ့ ကျွန်တော်တို့ရဲ့ကလေးတွေအတွက် သူ့ကိုယ်သူ မြှုပ်နှံထားတယ်။ သူ့ကို ကျွန်တော်လိုအပ်တဲ့အခါတိုင်း ကျွန်တော့်အနားမှာ သူအမြဲတမ်း ရှိတယ်။ နွေးထွေးမှုတွေနဲ့ အစိမ္ဘာယ်ရှိမှုတွေပြည့်နေတဲ့ ဘဝတစ်ခုမှာ သူနေထိုင်ခဲ့တယ်။ ကောင်းစွာနေထိုင်ခဲ့ရတဲ့ သူ့ဘဝ ၈၉ နှစ်ထဲမှာ ဖြေသိမ့်မှုတွေကို ကျွန်တော် တွေ့သင့်တယ်။ ဒါပေမဲ့ နောက်ဆုံး ခွဲစွာသွားတဲ့ ဒီအခိုက်အတန့်မှာ ကျွန်တော့်နလုံးသားဟာ ဝမ်းနည်းကြေကွဲမှုတွေနဲ့ လေးလံနေတယ်"

သူ၏ဘဝနှင့် နမ္မနာတို့ဖြင့် လုံ့ဆော်ခံကြရသော စင်ကာပူသား ထောင်ပေါင်းများစွာတို့က မစွက်လိုကို သွားရောက်ဂါရဝပြုကြသည်။ သူနှင့် ပတ်သက်သော သတင်းဆောင်းပါးများက သတင်းကော်လံလက်မ ရာပေါင်းများစွာ ရှည်လျားနေသည်။ အထူးအစီအစဉ်များကိုလည်း လေထဲမှ ထုတ်လွှင့်ကြသည်။ စထရိတ်တိုင်းက သတင်းစာမျက်နှာဖုံးတွင် ကျိတ်အုပ်မှ ကောက်နှုတ်ချက်တစ်ခုကို ဖော်ပြခဲ့သည်၊

ထိုသို့ဆိုလျှင် ကျွန်တော်တို့ဖော်ပြသောအရာက အထူးသီးသန့် ခံစားချက်ဆိုင်ရာ သတင်းဦးမဟုတ်တော့ချေ၊ ၎င်းက လုံးဝ ကွဲပြားခြားနားသော တခြားတစ်စုံတစ်ရာဖြစ်သည်။ သူချစ်သောဇနီး၏ နာမကျန်းဖြစ်မှုကို ကိုင်တွယ်ဖြေသော ခင်ပွန်းတစ်ယောက်၏ စိတ်ထိခိုက်ဖွယ်ကောင်းသည့် လျှပ်တစ်ပြက်ပုံရိုက်တစ်ခုဖြစ်သည်။ သူ့ဇနီး ရှိနေသည်ကို သူ ခံစားနေရဆဲဖြစ်သောအချိန်၊ သူရှိနေသည်ကို သူ့ဇနီး ခံစားနေရဆဲဖြစ်သောအချိန်က ရယူခဲ့သော ပုံရိုက်ဖြစ်သည်၊

Scanned by CamScanner

"ကျွန်တော်ဟာ သူမသတိအပြုမိဆုံး လူတစ်ယောက်ပါ"

သူက ပြောသည်။

"ကျွန်တော့်အသံကို သူကြားရင် အဲဒါ ကျွန်တော်ဆိုတာ သူသိတယ်"

ယခု မစွက်လိုက္ခယ်လွန်သွားခြင်းက ဟာလာဟင်းလင်းဖြစ်နေသောအိမ်ကြီးကို ပိုမိုဟာလာဟင်းလင်းဖြစ်အောင် လုပ်ခဲ့သည်။

"ပိုပြီး အထီးကျန်တော့မှာကို ဆိုလိုနေတယ်"

၂၀၁၀ ပြည့်နှစ်၊ နိဝင်ဘာလက အိမ်မေးလ်အင်တာဗျူးတစ်ခုတွင် လီကပြောသည်၊

"တစ်နေ့တာ အလုပ်ပြီးသွားရင် ကျွန်တော့်ကို ဘယ်သူမှ စကားမပြောကြဘူး"

တိုတိုတောင်းတောင်းပြောဆိုသော ဤစကားအနည်းငယ်မှလွဲ၍ လီက မစွက်လီမရှိသော သူ၏ဘဝအကြောင်းကို ပိုမိုသုံသပ်ဖော်ပြရန် မုန်းတီးသည်။ သူ၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်သော ခန့်မှန်းတွက်ချက်မှုများက အနှံ့အပြားဖြစ်ပေါ်နေသော်လည်း သူ၏ကိုယ်ပိုင်ဘဝက ပြည်သူတို့၏ အသေးစိတ်စိစစ်မှုမှ နောက်တစ်ကြိမ် တပြည်းပြည်း ပျောက်ကွယ်သွားပြန်သည်။ သို့သော် ဆလိုက်မီးနေရာ ပြောင်းရွှေ့ပြီးနောက်တွင် ကာလကြာရှည်စွာ တည်တံ့နေသော ဇာတ်ဆန်သည့် ဂုဏ်ယူမှုနှင့် ချစ်ခင်တွယ်တာမှုတို့၏ ရှည်ကြာသော စိတ်စွဲထင်မှုနှင့်အတူ ဘဝတစ်ခုကျန်ရစ်ခဲ့သည်။ ဤစိတ်စွဲထင်မှုကို ၂၀၁၉ ခုနှစ်တွင် သူနှင့်အတူ၊ ကျွန်တော်တို့ထိုင်ကြသောအခါ ပထမဦးဆုံး တွေ့ကြုံခံစားကြရသည်။

✧ ✧ ✧

Scanned by CamScanner



Q&A

မေးခွန်းနှင့်အဖြေ

စင်ကာပူက ကျွန်တော့်သူငယ်ချင်းတွေအား လုံးနဲ့
နီးစပ်ရာ လုပ်ဖော်ကိုင်ဖက်တွေအား လုံးဟာ
ဘီးတစ်ထိုင်ခုံပေါ်မှာ ရှိချင်လည်း ရှိကြမယ်၊
သွားချင်လည်း သွားကြပြီ။ ဒါမှမဟုတ်
သွားလုသွားခင် ဖြစ်ချင်လည်း ဖြစ်နေကြပြီ။

Scanned by CamScanner

မေး - မပွက်လီ ဘယ်လိုဝန်သလဲဆိုတာရယ်၊ သူနာမကျန်းဖြစ်မှုကို ရင်ဆိုင်ဖို့ ဝင်ထားတာတွေက် ဘယ်လောက်စော်ဝဲသလဲ ဆိုတာရယ်ကို ပေးပြန်းရင်းနဲ့ ကျွန်တော်တို့ အပြန်ပိုက်ကြရအောင်၊

ဖြေ - အင်း...အစကနဦးမှာ အဲဒါ ခက်ခဲတယ်၊ ကာဝရခုနှစ်၊ မေလမှာ နာမကျန်းမှုဖြစ်တော့ အဲဒါက မူးယစ်သောက်ရောက် စရာပေါ့၊ ဘာကြောင့်လဲဆိုတော့ အဲဒီအဖို့နှုန်းက သူ့ဘဝတိုးအကြိမ်လေသင်တုန်းခြင်းတာကြောင့်ဖြစ်ပေါ့၊ ကာဝ ခုနှစ် မှာတုန်းက သူ ပထမအကြိမ် လေသင်တုန်းဖြတ်တာကခန သက်သာလာခဲ့ပြီး သိသိသာသာ အားယုတ်လျော့မှု မရှိခဲ့ဘူး၊ သူ့ကို ကျွန်တော်တို့ ဆေးရုံအပြန်ပို့ကြတယ်၊ အမျိုးသားအာရုံကြော သိပ္ပံဌာန (NNI) ဆေးရုံပေါ့၊ အဲဒီမှာ ဦးနောက်ထဲက သွေးအသစ်ကို တွေ့တယ်၊ ဒီတစ်ကြိမ်မှာတော့ ပိုပိုဆိုးခဲတဲ့ အနေအထားမှာ တွေ့ကြရ တယ်၊ အဲဒါက လှုပ်ရှားမှုကို ထိခိုက်စေတယ်၊ ဒါပေမဲ့ ကာယကုတုံးနဲ့ သူ ပြန်လည်သက်သာလာနိုင်မယ့် မျှော်လင့် ချက် ရှိသေးတယ်၊ သို့သော်လည်း ဘဝအရည်အသွေးက အရင်ကလောက် ကောင်းမွန်မှု ကောင်းတော့မယ်၊ အဲဒီနောက် သူ ကုသမှုခံယူနေတုန်း၊ ပထမနှစ်ပတ်အတွင်းမှာ ရှေ့ဆင့်ဝန်းကဲ့ဆင့် လေသင်တုန်း နှစ်ကြိမ် ထပ်ခြတ် တယ်၊ ဆရာဝန်က မရတော့ဘူးလို့ ပြောတယ်၊ အတွင်းပိုင်းတိုခိုက်ခက်ရာဖြစ်သွားတာကြောင့် ကာယကုတုံးနဲ့ ဘာမှ မလုပ်နိုင်တော့ဘူး၊ ဒါကြောင့် သူ့ကို ကျွန်တော်တို့ အိမ်ပြန်ခေါ်လာကြတယ်၊ တကြည့်ခန်းထဲကို ကျွန်တော် ပြောင်းရွေ့ ရတယ်၊ အဲဒါက ကျွန်တော့်အိမ်ခန်းဘေးမှာရှိတယ်၊ သူ့ကို သူနာပြုဆရာမတွေ ၂၄ နာရီထားပေးရတယ်၊ အတွင်းပိုင်း ထိခိုက်ဒဏ်ရာတွေအားလုံးက ကျွန်တော်မအိပ်နိုင်ဘူးလို့ ဆိုလိုနေတယ်၊ ကျွန်တော် နလုံးတလှပ်လှပ်ခုန်တဲ့ရောဂါ နဲ့ တခြားပြဿနာမျိုးစုံဖြစ်တယ်၊ အဲဒါတွေက နစ်အနည်းငယ်ကြာရှင် ခြစ်လာနိုင်ကောင်းခြစ်လာနိုင်တယ်၊ ဒါပေမဲ့ စိတ်ဖိစီးမှုကြောင့် ပိုပြီး စောစောဖြစ်လာခဲ့တယ်၊

ခကာကြာပြီးရင် ကိုယ့်ကိုယ်ကိုယ် စိတ်ပိုင်းဆိုင်ရာ ပြဿနာမှ လုပ်ရတယ်၊ ကောင်းမွန်တဲ့ ပြုစုစောင့်ရှောက်မှုပေးခဲ့ တာကလွဲလို့ ကျွန်တော် ဘာမှမလုပ်နိုင်ဘူး၊ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် လက်လျော့ထားလိုက်တယ်၊ ကျွန်တော့်ကလေးတွေလည်း ဒီလိုပဲ၊ သူအာရုံတွေ တဖြည်းဖြည်း ပိုပိုယုတ်လျော့လာတယ်၊ အသေးစား သွေး ထွက်မှုတွေ ပိုပြီးဖြစ်လာရလိမ့်မယ်၊ အဝ သူအသိရှိသေးတယ်၊ ဒါပေမဲ့ စကားမပြောနိုင်ဘူး၊ ဒါဟာ ဘဝပဲ၊ မကြာ သေးခင်က ကျွန်တော် စက်ဘီးပေါ်ကပြုတ်ကျတဲ့အခါ ကျွန်တော့်ကိုယ်ကျွန်တော် စဉ်းစားနေမိတယ်၊ ကြမ်းပြင် နဲ့ ကျွန်တော့်ဦးခေါင်းရိုက်ခတ်မိရင် ကျွန်တော် အလားတူအခြေအနေမျိုး ဖြစ်နေလိမ့်မယ်၊ ကျွန်တော်တို့ ဘယ်လို သွားရမယ်ဆိုတာ မရွေးချယ်နိုင်ကြဘူး၊ ဒါဟာ ခက်ခဲတဲ့ သွားရမဲ့လမ်းပါ၊ ဘဝဟာ ဒီလိုပဲ၊ ဒါကြောင့် ကျွန်တော် ပြုပြင်ပြီး မလွှဲမရှောင်နိုင်မှုကို လက်ခံခဲ့တယ်၊ အဲဒါ ဖြစ်ပေါ်လာတဲ့အခါ ခင်ဗျား မျှော်လင့်နေတာတောင်မှ အဲဒါက ထိုးနှက်ချက်ဖြစ်နေသေးတယ်လို့ ဆရာတွေကပြောတယ်၊ ကျွန်တော်တောင့်ပြီးတော့သာ ကြည့်နိုင်တော့တယ်၊ ပြီးတော့ စိတ်ထဲကလည်း ကျွန်တော့်ကိုယ်ကျွန်တော် ပြင်ဆင်ထားမှုတစ်မျိုး လုပ်ထားပါတယ်၊ ဒါက ကျွန်တော့်ရဲ့သေခြင်းတရားကိုလည်း ကျွန်တော့်ကို သတိပေးနေတယ်၊ အတွင်းပိုင်းသွေးယိုမှုဖြစ်ရင် ဒါဟာ မွက်စိတစ်မိုတ်အတွင်းမှာအလျင်အမြန်ပြောင်းလဲသွားနိုင်တယ်၊ ဒါဟာ ဘဝပဲ၊ ကျွန်တော် ဘယ်လိုသွားရမလဲဆိုတာ မရွေးချယ်နိုင်ဘူး၊ ကျွန်တော့်ရဲ့ဘဝကို ကျွန်တော် ဆက်လက်သယ်ဆောင်နေရုံတင်ပါ၊ ဒါပါပဲ၊ ဒီအကြောင်းကို ခင် ဗျား တွေးရင် ကျွန်းမာရေး ကျဆင်းလာလိမ့်မယ်၊ နေ့စဉ် တစ်ရက်ဟာ အပိုဆုတစ်ခုပါ၊ ဒါကြောင့် ဆက်လက်လုပ် ကြစို့၊

Scanned by CamScanner

ေမး - သူ့မတ်ပတ်လည်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူသိသလား၊ သူမှတ်မိနိုင်သလား၊

ေျဖ - သူ အမှတ်မိဆုံးတစ်ယောက်က ကျွန်တော်ပါ၊ ကျွန်တော့်အသံကို သူကြားရင် ကျွန်တော်ဆိုတာကို သူ သိတယ်၊ ဒါဟာ ၆၂ နှစ် အတူတူဝန်ခဲ့ပြီးနောက် ဖြစ်လာတာပါ၊ အဲဒါကြောင့် သူနဲ့ကျွန်တော့်အတွက် ပိုပြီး ဆက်ဝဲလာခဲ့တယ်၊ အပြည့်အဝသိရှိနေတာကြောင့် ကျွန်တော်က "ဒီမယ်...ငါတို့သမီး (ဆေးကုသရှို) ပြဿနာတစ်ခုကြောင့် ပေးရဲ့ ရောက်နေတယ်" လို့ပြောရင် သူ ရုတ်တရက် နိုးနိုးကြားကြားဖြစ်လာပြီး နားထောင်တယ်၊ ဘေးမဲ့ သိရိုက်အဖို့နှာရီက ပိုပြီးနည်းသထက် နည်းလာတယ်၊ သူ ပိုပြီး အိပ်သထက်၊ အိပ်လာတာကြောင့်မို့ပေါ့၊ စွမ်းအင်အဆင့်တွေ ကျဆင်းလာတယ်၊

ေမး - ရလဒ်အဖြစ် ခင်ဗျားရဲ့နေ့စဉ် လုပ်ရိုးလုပ်စဉ်တွေကို ခင်ဗျား ဘယ်လို ညှိယူသလဲ၊

ေျဖ - အင်း...ကျွန်တော် သူနဲ့အတူ နေ့လယ်စာနဲ့ ညစာစားပြီး လမ်းလျှောက်လေ့ရှိတယ်၊ ဒါကြောင့် ကျွန်တော် တန်ပြန် အာရုံရိုက်စရာတစ်ခုယူဖို့ ဆုံးဖြတ်ပြီး အခု မန်ဒရင်စကားပြောကို လေ့ကျင့်နေတယ်၊ ကျွန်တော် လမ်းလျှောက်တဲ့ အခါ ကျွန်တော့်ရဲ့လုံခြုံရေးအရာရှိတွေကို အခု မန်ဒရင်စကားနဲ့ ပိုပြောပြီး ကျွန်တော် တစ်ခါမှမသင်ရသေးတဲ့ စကားလုံးတွေကို ရအောင်လုပ်တယ်၊ စားပွဲတို့၊ ထိုင်ခုံတို့၊ အံဆွဲတို့လို ရိုးရှင်းတဲ့ နေ့စဉ်စကားလုံးတွေပေါ့၊ နိုင်ငံရေး စီးပွားရေးနဲ့လူမှုရေးစကားလုံးနဲ့ စာစုတွေကို ကျွန်တော် သင်ယူလေ့ရှိတယ်၊ သူနာပြုဆရာမတွေကလည်း မန်ဒရင် စကားပြောကြတယ်၊ ကျွန်တော် နေ့လယ်စာ၊ ဒါမှမဟုတ် ညစာစားတဲ့အခါ၊ ကျွန်တော့်ဇနီး အိပ်ပျော်နေရင်၊ သူ တို့ကို မန်ဒရင်စကားနဲ့ ကျွန်တော်ပြောတယ်၊ ရလဒ်အဖြစ် ကျွန်တော့်ရဲ့မန်ဒရင်စကား အကြီးအကျယ် တိုးတက် လာတယ်၊ တရုတ်ခေါင်းဆောင်တွေနဲ့ ကျွန်တော် စကားပြန်မပါဘဲ ဆွေးနွေးပွဲနစ်ခု လုပ်နိုင်ခဲ့တယ်၊ အစည်းအဝေး တစ်ခုက တစ်ဦးတည်းသောအမျိုးသမီးပြည်နယ်ကောင်စီဝင်ဖြစ်တဲ့လွန်ခေါင်နဲ့လုပ်တယ်၊ ကျွန်တစ်ခုကပညာရေး ဒု-ဝန်ကြီး တိုပင်နဲ့လုပ်တယ်၊ အဲဒါက ကျွန်တော့်ကို နောက်ထပ် အာရုံစူးစိုက်စရာ လှုပ်ရှားဆောင်ရွက်မှု တစ်ခု ပေးတယ်၊ နို့မဟုတ်ရင် အဲဒါတွေက ဟာလာဟင်းလင်းဖြစ်နေတဲ့ အချိန်ကာလတွေ ဖြစ်လိမ့်မယ်၊

စိတ်ပညာအရကျွန်တော်ကိုက်ညီပြင်ဆင်မှုတွေလုပ်ရတယ်၊ကျွန်တော်ပြင်ခဲ့တယ်၊ဒါပေမဲ့နောက်ဆုံးသုဒိန္ဒရာမှာ မရှိတဲ့အခါကျရင် နောက်ထပ်ပြင်ဆင်မှုတစ်ခု ရှိလိမ့်မယ်၊ အဲဒီအခါကျရင် ဒီအိမ်ကြီး ဟာလာဟင်းလင်း ဖြစ်သွား လိမ့်မယ်၊ ကံအားလျော်စွာ တခြားအလုပ်ပေါ် ကျွန်တော် အာရုံစူးစိုက်နိုင်တယ်၊ ဒီတော့ ဘဝက ဆက်သွား တယ်၊ ကျွန်တော် ခရီးသွားပြီး ကျွန်တော်လုပ်နေတဲ့ အရာတွေအားလုံးကို လုပ်တယ်၊ ဘဝကို ကျွန်တော် ဆက်လက် လှုပ်ရှားမနေစေဘူးဆိုရင် ကျွန်တော် ကျဆင်းသွားလိမ့်မယ်၊ ထိုင်ပြီး ဂတ္ထဖတ်ဖို့၊ ဂေါက်ကစားဖို့ စဉ်းစားနေတာ မိုက်မဲတာပါ၊ ဆုတ်ယုတ်သွားလိမ့်မယ်၊ နေ့ရက်တိုင်းဟာ စိန်ခေါ်မှုတစ်ခုပဲ၊ နေ့ရက်တိုင်းဟာ ဖြေရှင်းဖို့ ပြဿနာ တွေ ရှိတယ်၊

ေမး - ခင်ဗျားရဲ့ကျန်းမာရေးကရော ဘယ်လိုလဲ၊

ေျဖ - နှလုံးတစ်စ်တုန်လို့ နှလုံးခုန်စက်တပ်ပြီး Plavix သောက်တဲ့နောက်ပိုင်းမှာ အခုကွဲပြားခြားနားတဲ့အန္တရာယ်တစ်ခု ကျွန်တော် တွေ့နေတယ်၊ Plavix က သွေးကျဲတဲ့ဆေးပါ။ ခင်ဗျားလဲကျရင် အတွင်းပိုင်း သွေးထွက်လိမ့် မယ်၊ ဒါက

Scanned by CamScanner

